# ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သလဲ

**တတိယအကြိမ်**
ပြုပြင်တည်းဖြတ်ထုတ်ဝေခြင်း

# ဗိုလ်ချုပ်အောင်ဆန်းကို ဘယ်သူသတ်သလဲ

စာရေးသူ
**ဦးခင်အောင်**

မြန်မာဘာသာပြန်သူ
**ဒေါက်တာတင့်ဝေ**
**ဒေါက်တာအေးကျော်**

ခေတ်ပြိုင် ဂျာနယ်တိုက်မှ ထုတ်ဝေသည်။





© မူပိုင်- ဦးခင်အောင် **ALL RIGHTS RESERVED**

❍ မျက်နှာဖုံး အပြင်အဆင်
ခင်ဦးအောင်နှင့် ထွန်းလှအောင်

❍ ကွန်ပျူတာ
ရန်နိုင်စိုး

❍ မြန်မာဘာသာ (တတိယအကြိမ်)
၂၀၀၄ ပြည့်နှစ်၊ အောက်တိုဘာလ

❍ ထုတ်ဝေသူ
ဒေါ်ခင်မျိုးအေး၊ 'ခေတ်ပြိုင်' ဂျာနယ်။

The New Era Journal
P.O Box (115)
Raminthra P.O
Bangkhen, Bangkok 10220
E-mail : newera@ksc.th.com

Printed in Thailand

❍ စာတည်းဖြတ်သူ
မြဝတီရဲခေါင်

❑ ISBN 974-87617-4-6

၁၉၊ ၅၊ ၄၅

- ပြည်မြန်မာ ရွှေအိမ်တွင်းမှာဖြင့်
  မသတီစရာ ပွေလိမ်တဲ့ အခင်းရယ်ကြောင့်
  (ဗိုလ်ချုပ်ရေ…)
  ရေတိမ်အတွင်းမှာမှ နစ်ရသည်။ ။

- သြော်…အခင်းစစ်လိုက်ပြန်တော့
  အတွင်းတနှစ်မှာ လျော်ကန်တဲ့နည်းတွေနဲ့
  တော်လှန်အပြီးမှာ မြန်ပြည်လွတ်ရန်ဖို့
  ကြံစည်မချွတ်သနော် အားအင်သုံးလို့ရယ်
  ပုန်းလျက်စစ်ချီ…။ ။

- ရိုင်းလိုက်လေ မျိုးမစစ်တဲ့ အခင်းပေထင့်
  ဂိုဏ်းမိုက်တွေ ဆိုးညစ်တဲ့ အချင်းရယ်နဲ့
  မျိုးချစ်တသင်းကိုတော့ သတ်ခဲ့ပြီ…။
  တပ်ဖွဲ့ဇာနည်တွေမှာတော့
  ခြောက်နတ်ရွာသို့ မြန်းကြွပြီတကား…။
  မြတ်တဲ့ သာကီတွေဟာမို့
  နောက်ထပ်လာဖို့ တမ်းတသည်အများ…။ ။

- ဖြစ်ကြောင်းငယ်ညွှန်
  နှစ်ဟောင်းကွယ်လွန်ပေမယ့်
  ဆယ့်ကိုး,ခွန်,လေးခွန်–နှစ်ကိုတော့
  ဖန်ခါခါ ပြန်ကာစစ်ပါလျှင်ဖြင့်
  အမြဲတိုင် သဲဆိုင်နစ်လို့ရယ်
  မေ့ပစ်မသွား…။ ။

မြဝတီရဲခေါင်
(လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)
၁၉၅၉–ခုနှစ်၊ ဇူလိုင်လ

# မာတိကာ


**ဥယျောဇဉ်** . . . . . . . . . . ၁၁
**စာရေးသူ၏နိဒါန်း** . . . . . . . . . . ၁၇
**ဘာသာပြန်သူ၏ အမှာ** . . . . . . . . . . ၂၁
**ဇာတ်လမ်းဝင်ပုဂ္ဂိုလ်များ** . . . . . . . . . . ၂၅
- အာဇာနည်များ . . . . . . . . . . ၂၅
- လူသတ်သမားများ . . . . . . . . . . ၂၆
- ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ . . . . . . . . . . ၂၈
- နိုင်ငံရေးသမားများ . . . . . . . . . . ၃၀
- ကိုလိုနီအာဏာပိုင်များ . . . . . . . . . . ၃၄
- သူတို့ဘယ်သူတွေလဲ . . . . . . . . . . ၃၆
- မြန်မာအမည်များနှင့် ပတ်သက်သော မှတ်ချက် . . . . . . . . . . ၃၇

**အခန်း (၁) ဗိုလ်ချုပ်လုပ်ကြံခံရခြင်း** . . . . . . . . . . ၄၁
**အခန်း (၂) အဓိကခေါင်းဆောင်များ** . . . . . . . . . . ၆၃
**အခန်း (၃) တရားဆိုင်ခြင်း** . . . . . . . . . . ၁၀၇
**အခန်း (၄) လျှို့ဝှက်ဆန်းကြယ်ခြင်း** . . . . . . . . . . ၁၃၁
**အခန်း (၅) အဖြေမရသေးသော မေးခွန်းများ** . . . . . . . . . . ၁၅၃
**အခန်း (၆) အကြမ်းဖက်မှုအမွေ** . . . . . . . . . . ၁၈၁
**အခန်း (၇) ရလဒ်** . . . . . . . . . . ၂၀၅
- ကောလာဟလပေါင်းချွေးခံ . . . . . . . . . . ၂၀၆
- အမြင်ထက်ပိုထူး . . . . . . . . . . ၂၁၄
- သုခဇာတ်ကြောင်းပြန် . . . . . . . . . . ၂၂၂
- စပ်စံထွန်း၏သား . . . . . . . . . . ၂၂၇
- ဦးဘဝင်း၏သား . . . . . . . . . . ၂၂၉
- ကြေးမုံဦးသောင်းထုတ်ဖော်ပြောဆိုပြီ . . . . . . . . . . ၂၃၄
- တက္ကသိုလ်နေဝင်း . . . . . . . . . . ၂၄၀
- စက်ဆုပ်ဖွယ်လူမျိုးရေးလူသတ်မှုလော . . . . . . . . . . ၂၄၆






- အကယ်၍ ယခုအချိန်အထိ ဦးအောင်ဆန်းသာအသက်မသေဘဲရှင်နေခဲ့သော် . . . . . . ၂၅၅
- နိဂုံးချုပ် . . . . . . . . . . ၂၆၃

**စာတွဲ** . . . . . . . . . . ၂၇၃
- လုပ်ကြံမှုနှင့် ရုံးတင်တရားစွဲဆိုမှုတို့နှင့်ပတ်သက်သော ကြေးနန်းစာအချို့ . . . . . . ၂၇၃
- ရည်ညွှန်းချက်များ . . . . . . . . . . ၃၀၃
- မြန်မာစာအုပ်စာတမ်းများ . . . . . . . . . . ၃၀၃
- အင်္ဂလိပ်စာအုပ်စာတမ်းများ . . . . . . . . . . ၃၀၄
- အင်္ဂလိပ်ဘာသာဖြင့် အစိုးရထုတ်ပြန်ခြင်း . . . . . . . . . . ၃၀၆

**မှတ်ချက်များ** . . . . . . . . . . ၃၀၇
- ဇာတ်လမ်းဝင်ပုဂ္ဂိုလ်များ . . . . . . . . . . ၃၀၇
- လူသတ်သမားများနှင့်ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ . . . . . . . . . . ၃၀၇
- အခန်း (၁) ဗိုလ်ချုပ်လုပ်ကြံခံရခြင်း . . . . . . . . . . ၃၀၇
- အခန်း (၂) အဓိကခေါင်းဆောင်များ . . . . . . . . . . ၃၁၁
- အခန်း (၃) တရားဆိုင်ခြင်း . . . . . . . . . . ၃၂၂
- အခန်း (၄) လျှို့ဝှက်ဆန်းကြယ်ခြင်း . . . . . . . . . . ၃၂၅
- အခန်း (၅) အဖြေမရသေးသောမေးခွန်းများ . . . . . . . . . . ၃၃၂
- အခန်း (၆) အကြမ်းဖက်မှုအမွေ . . . . . . . . . . ၃၃၇
- အခန်း (၇) ရလဒ် . . . . . . . . . . ၃၅၁
- စာတွဲ (လုပ်ကြံမှုနှင့် ပတ်သက်သော ကြေးနန်းစာအချို့) . . . . . . . . . . ၃၅၈




ရန်ကုန်မြို့တော်- ၁၉၄၇
ဩစတြေးလျပြည်၊ ကင်ဘာရာမြို့၊ အမျိုးသားတက္ကသိုလ်၊ မြေပုံဆွဲပညာ သုတေသနယူနစ်၊
ပစိဖိတ်-အာရှ လေ့လာမှုဆိုင်ရာဌာနမှ ရေးဆွဲပေးသည်။

# ဥယျောဇဉ်

၁၉၅၁ ခုနှစ်အတွင်းတွင် ပထမဦးဆုံး ဩစတြေးလျသံတမန် ကိုယ်စားလှယ်အဖွဲ့ ရုံးဖွင့်လှစ်ပေးရန် ကျွန်တော် ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။ ထိုအချိန်သည် တိုင်းပြည်ကို ဂျပန်လက်အောက်မှ ပြန်လည်ကယ်တင်ခဲ့ပြီး ဗြိတိသျှတို့ထံမှ ကိုယ်ပိုင်အုပ်ချုပ်ရေး ရယူဆောင်ရွက်ပေးနိုင်ခဲ့သည့် ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးစ တတိုင်းပြည်လုံး တထိတ်တလန့်နှင့် ယူကြုံးမရခံစားနေရသည့် အချိန်လည်းဖြစ်ပေသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ အစိုးရအဖွဲ့ အစည်းအဝေးတွင် ဦးအောင်ဆန်းနှင့်အတူ သူ၏ လုပ်ဖော်ကိုင်ဖက် အကုန်နီးပါးမျှ စက်သေနတ်ပြောင်းဝတွင် အသက်စတေးခံခဲ့ရသည်။ သို့ဖြင့် ရဲဘော်သုံးကျိပ်စစ်ခေါင်းဆောင်နှင့် ပြည်သူများအပေါ် ဆွဲဆောင်မှု ထက်မြက်လှသည့် နိုင်ငံရေးခေါင်းဆောင်ကြီးတဦး ဆုံးရှုံးခဲ့ရသည်။ ထို့အပြင် ဗြိတိသျှ ကိုလိုနီ ကျွန်သပေါက် လက်အောက်ခံဘဝမှ လွတ်လပ်သော နိုင်ငံတော်ဘဝသို့ ကူးပြောင်းနေသည့် စပ်ကူးမတ်ကူးကာလတွင် ရှေ့တန်းအခန်းကဏ္ဍမှ ပါဝင်ခေါင်းဆောင်မှု ပေးနိုင်သည့် အခြားဉာဏ်ပညာ အရှိန်အဝါ ထက်မြက်လှသည့် ခေါင်းဆောင်ခြောက်ဦးပါ ဆုံးရှုံးခဲ့ရပေသည်။

ဦးစောနှင့် အပေါင်းအပါ ငါးဦးတို့အား ခေါင်းဆောင်ကြီးများ လုပ်ကြံမှုအတွက် နောက်ပိုင်းတွင် တရားစီရင်သည့်အခါ အပြစ်ထင်ရှားတွေ့ရှိမှုကြောင့် အပြစ်ဒဏ်ချမှတ်ပေးအပ်ခဲ့ပြီးလည်း အဆိုပါလုပ်ကြံမှုကြီးသည် လျှို့ဝှက်ဆန်းကြယ်မှုအတိဖြင့် ပြွမ်းတီးလျက် ရှိနေပါသေးသည်။ ဦးခင်အောင်၏ စာအုပ်သည် လုပ်ကြံမှုဇာတ်လမ်းအပြည့်အစုံကို ဖော်ထုတ်ပေးရန် နှစ်ပေါင်းများစွာ စိတ်ရှည်ရှည်ဖြင့် ကြိုးပမ်းခဲ့ခြင်းဖြစ်၍ များစွာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှပါသည်။ ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေး နောက်ဆုံးနေ့များအကြောင်း ဦးခင်အောင်မှ ထင်ထင်ရှားရှား မီးမောင်းထိုးပြသည့်အလား မငြိမ်မသက် ရှိလှသည့် အဆိုပါနေ့ရက်များအတွင်း လှုပ်ရှားခဲ့ကြသော အဓိကဇာတ်ကောင်များ၏ ပင်ကိုယ်စရိုက်နှင့် စိတ်ရင်းရည်ရွယ်ချက်များကို အတွင်းကျကျ ဂဃနဏ ဖော်ထုတ်တင်ပြထားသည်။

အကယ်၍သာ ဦးအောင်ဆန်းနှင့် ရောင်းရင်းခြောက်ဦးတို့ မကျဆုံးခဲ့ပါလျှင် နောက်ပိုင်းဖြစ်ပေါ်လာမည့် မြန်မာ့သမိုင်းသည် များစွာ ခြားနားကွဲပြားသွားပေလိမ့်မည်။ စစ်ပြီးစ အချိန်ကဆိုပါလျှင် လွတ်လပ်သည့်နိုင်ငံတော် ပေါ်ပေါက်လာရန် အနေအထားများစွာ ကောင်းမွန်ခဲ့သည်။ ထိုအချိန်က အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံ၏ လူနေမှုအဆင့်အတန်းမှာ မြင့်မားလှသည်။ ဧရာဝတီမြစ်ကြောင်းတလျှောက် မြစ်ဝကျွန်းပေါ်တဝှမ်း ဆန်ရေစပါး သီးနှံများ တိုးတက်စည်ပင်ဝပြောလှသည်။ ထိုမှတပါး ပေါများသည်မဆိုနိုင်သော်ငြားလည်း ရေနံနှင့် မြေအောက်သယံဇာတတို့မှာလည်း အတော်အသင့်ရှိပါ၏။ မြန်မာပြည်သူတို့၏ ပညာရေးအဆင့်အတန်းသည်လည်း ကျန် အာရှတိုက်ဝန်းကျင်တခိုတွင် စာပေတတ်ကျွမ်းမှုနှုန်းထား အမြင့်မားဆုံးစံချိန်များတွင် ပါဝင်ပါ၏။

ဒုတိယကမ္ဘာစစ်တွင် ၎င်း၏အကျိုးဆက်အဖြစ် လူသားအပေါင်း ဒုက္ခသုက္ခ တော်တော်ခံစားခဲ့ကြရသည့်အလျောက် မြန်မာပြည်သည်လည်း ဗြိတိသျှ၊ တရုတ်နှင့် ဂျပန်စစ်တပ်များ စစ်တလင်းခင်းကျင်းရာတွင် မြေစာပင်ဖြစ်ခဲ့ရသည်။ ကိုလိုနီနယ်ချဲ့ခေတ်မှ အစပျိုးခဲ့သော သွေးခွဲအုပ်ချုပ်ရေးစနစ်ကြောင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး လွတ်လပ်ရေးရစအချိန် ပြည်တွင်းစစ်ဖြစ်လာကာ မီးဟုန်းဟုန်းတောက်ပါလေတော့သည်။ သို့ဖြစ်ရသည်မှာ အခြားအခြားသော အရင်းရှင်နယ်ချဲ့စနစ်များကဲ့သို့ပင် ဗြိတိသျှတို့သည်လည်း သွေးခွဲအုပ်ချုပ်ရေး မူဝါဒကို ကျင့်သုံးခဲ့ခြင်းကြောင့် ဖြစ်သည်။ လက်နက်ကိုင်စစ်တပ်များတွင် ဗမာမဟုတ်သော တိုင်းရင်းသားအုပ်စုများကိုသာ အဓိကထား စစ်သင်တန်းပေးပြီး ပါဝင်စေခဲ့ရုံမက ၎င်းစစ်သားများဖြင့် တိုင်းပြည်ကို ထိန်းထားခဲ့သည်။ ဗမာများက မကျေမနပ်ဖြစ်သည်မှာလည်း မဆန်းကြယ်လှပါ။ မြန်မာပြည်မှ ဗြိတိသျှတပ်တို့ ဆုတ်ခွာခါနီးစဲစဲတွင် ဗမာနှင့် ရှမ်း၊ ကရင်၊ ကချင်တို့ သဘောကွဲလွဲမှု ပြင်းထန်လာပါတော့သည်။

အသစ်ပြန်လည်တည်ဆောက်သည့် မြန်မာနိုင်ငံအနေဖြင့် အမျိုးသားခေါင်းဆောင်ကြီးများကို ဆုံးရှုံးခဲ့ရသော်လည်း ၁၉၅၀ ခုနှစ်တွင် ဒီမိုကရေစီဖြင့် ရွေးချယ်တင်မြှောက်သော အစိုးရအား တည်ထောင်နိုင်ခဲ့ပါသည်။ မပြေမလည်ရှိခဲ့သည့် လူမျိုးစုများအတွင်းတွင်လည်း အတတ်နိုင်ဆုံး ပြန်လည်ပေါင်းစည်းရေးကို အားထုတ်နိုင်ခဲ့ပါသည်။ ရှမ်းလူမျိုးစုများနှင့် အထူးသဖြင့် ပူးပေါင်းနိုင်ခဲ့ပြီး ရှမ်းကိုယ်စားလှယ် တော်တော်များများမှာလည်း ပြည်ထောင်စုအစိုးရအတွင်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ခဲ့ကြသည်။ တိုင်းပြည်စီးပွားရေးကို ပြန်လည်မြှင့်တင်ကာ အဘက်ဘက်မှ ပြန်လည်ထူထောင်၍ အာရှတိုက်တဝှမ်း စံချိန်အမြင့်မားဆုံး ဆန်စပါးကို ရောင်းချဖြန့်ဖြူးနိုင်ခဲ့သည်။ တိုင်းပြည်ကိုလည်း ကမ္ဘာလှည့်ခရီးသည်များအတွက် ပြန်လည်လမ်းဖွင့်ပေးခဲ့သည်။ သာမောဖွယ်ရာ တောလက်ကျေးရွာဒေသများ၊ မြန်မာ့ယဉ်ကျေးမှု အချက်အချာဌာနများ၊ ပုဂံမြို့ဟောင်းရှိ သမိုင်း

ဝင်ထင်ရှားသည့် ဘုရားပုထိုး အဆောက်အအုံ...စသည်များအား ကမ္ဘာလှည့်ခရီးသည်များ လေ့လာနိုင်ရန် အစီအစဉ်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

သို့သော် ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် ပြည်သူတို့ ရွေးချယ်တင်မြှောက်ခဲ့သည့် ဒီမိုကရေစီအစိုးရကို ဖြုတ်ချပြီး နိုင်ငံတော်အား စစ်အာဏာရှင်စနစ်ဖြင့် ပြန်လည်တည်ဆောက်လိုက်သည့်အခါတွင်မူ အဆိုပါစွမ်းဆောင်ချက်တို့မှာ ရစရာမရှိအောင် အဘက်ဘက်၌ ပျက်ပြယ်ခဲ့ရသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် လုပ်ကြံမှုအတွင်း နိုင်ငံရေးခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရခြင်းသည် အနာဂတ်ကာလ၌ စစ်တပ်၏ အဓမ္မ အကြမ်းဖက်မှုအောင်မြင်ရေးအတွက် လမ်းခင်းပေးသကဲ့သို့ အရေးပါသော အချက်တချက် ဖြစ်လာသည်မှာ ယုံမှားသံသယဖြစ်ရန် မလိုတော့ချေ။ အခြားအချက်တချက်မှာမူ ပြည်တွင်းစစ်ကို အမှီသဟဲပြု၍ မြန်မာနိုင်ငံ၌ စစ်အာဏာရှင် လူတန်းစားတရပ် ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။ စစ်ဗိုလ်ချုပ်ကြီးတို့ အာဏာယစ်မူးမိပြီဆိုလျှင် ထိုအာဏာကို အလွယ်တကူလက်လွှတ်ပေးရိုး ထုံးစံမရှိပါ။ စစ်ဗိုလ်ချုပ်များသည် အချိန်ကြာမြင့်လာသည်နှင့်အမျှ အခွင့်ထူးခံလူတန်းစားများ ဖြစ်သွားလျက် မိမိတို့ ကိုယ်ကိုလည်း အထက်တန်းလွှာ လူတန်းစားတရပ်အဖြစ် ယုံမှတ်လာကြသော်လည်း စစ်ဗိုလ်ချုပ် တော်တော်များများမှာမူ ပညာအရည်အချင်းအားဖြင့် ညံ့ဖျင်းသူများ ဖြစ်ခြင်းကြောင့် ခေတ်သစ်ကမ္ဘာကြီးတွင် ဝင်ဆံ့နိုင်သည့် အစိုးရအုပ်ချုပ်မှုဆိုင်ရာ ရှုပ်ထွေးနက်နဲ ခက်ခဲမှုများ၏ အတိမ်အနက်ကို ကြိုတင်သိမြင် ဆင်ခြင်နားလည်နိုင်စွမ်းရှိသူများ မဟုတ်ချေ၊ သို့နှင့်ပင် စစ်ဗိုလ်ချုပ်တို့သည် လွယ်ရာလမ်းကို လိုက်ကြတော့သည်။ ၎င်းမှာ တိုင်းပြည်ကို ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်တောက်လိုက်ခြင်းပင် ဖြစ်ပါသည်။ ၎င်းအပြင် ပြည်သူတို့၏ ဒီမိုကရေစီစနစ်တည်ဆောက်ရေးဆန္ဒတို့ကိုလည်း ချေဖျက်လိုက်လေတော့သည်။

သို့သော်ငြားလည်း မြန်မာပြည်သူတို့၏ မွေးရာပါ ရပိုင်ခွင့်များဖြစ်သော လူ့အခွင့်အရေးတို့သည် ထာဝရ ငြင်းပယ်ခံရမည်ကား မဟုတ်ပါချေ။ ဦးအောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်သည် ပြည်တွင်းဒီမိုကရေစီတောင်းဆိုရေး လှုပ်ရှားမှုကြီးကို ခေါင်းဆောင်မှုပေးနေပါသည်။ စာရေးနေချိန်တွင် သူမသည် စစ်အာဏာရှင်တို့၏ အိမ်တွင်းအချုပ် ပြုလုပ်ခြင်းကို ခံနေရငြားလည်း စိတ်ဓာတ်မကျ၊ လူထုတရပ်လုံး တောင့်တနေသည့် အနှောင်အဖွဲ့မှ လွတ်မြောက်ရေး မျှော်မှန်းချက်ကို တိုက်ပွဲဝင်ကာ ရပ်တည်လျက်ပင် ရှိပါသည်။ ပြည်ပရောက် မြန်မာမျိုးချစ်များအပြင် ကမ္ဘာတဝှမ်းလုံးရှိ စစ်အာဏာရှင်စနစ်ကို စက်ဆုပ်၍ လူ့အခွင့်အရေး ချိုးဖောက်သည့် မသမာမှုများကို ရွံမုန်းသော နိုင်







ငံတကာမှ လူမျိုးစုံပုဂ္ဂိုလ်များကပါ ဒေါ်အောင်ဆန်းစုကြည်အား ထောက်ခံအားပေးလျက်ရှိပါသည်။ စာအုပ်ရေးသူ ဦးခင်အောင်သည် မြန်မာပြည်သူတို့၏ လူမှုအခွင့်အရေးအတွက် ဩစတြေးလျပြည်တွင်းမှ တက်တက်ကြွကြွ တိုက်ပွဲဝင်နေသူများတွင် အတက်ကြွဆုံးပုဂ္ဂိုလ်တဦးဖြစ်ပါသည်။ ၎င်းသည် မြန်မာနိုင်ငံ ဒီမိုကရေစီပြန်လည်တည်ဆောက်ရေးကော်မတီ၊ ဩစတြေးလျအဖွဲ့တွင် ၁၉၈၈ မှ ၁၉၉၂ ခုနှစ်အထိ ဥက္ကဋ္ဌတာဝန်နှင့် နိုင်ငံတကာဆိုင်ရာ ကော်မတီ၏ ဒု–ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၁ ခုနှစ်တွင်လည်း ပြည်ပရောက် မြန်မာအစိုးရအဖွဲ့ဖြစ်သော အမျိုးသားညွန့်ပေါင်းအစိုးရ၏ ဩစတြေးလျနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်လည်း ဖြစ်ခဲ့ပါသည်။

ဦးခင်အောင်နှင့် ဇနီး ပက်ထရစ်ရှာတို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် မျိုးရိုးစဉ်ဆက်မှ ပေါက်ဖွားလာကြသူများဖြစ်ကြ၍ ဦးခင်အောင်၏ဖခင်မှာ ကွယ်လွန်သူ ရဲဗိုလ်ချုပ် ဦးထွန်းလှအောင်ဖြစ်လျက် သူ့ဇနီး၏ ဖခင်မှာ လွတ်လပ်ရေးရပြီးခေတ်၊ တရားရုံးချုပ် တရားသူကြီးလည်းဖြစ်ကာ အိန္ဒိယမြို့ပြအုပ်ချုပ်ရေး ပဋိညာဉ်ခံဝန်ထမ်း ICS အဖွဲ့ဝင်တဦးလည်း ဖြစ်ခဲ့သည့် ဦးသောင်းစိန်ဖြစ်ပါသည်။ ဦးခင်အောင်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ရေတပ်မတော်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်ပြီးခေတ်တွင်ပင်လယ်ကူးသင်္ဘောကုမ္ပဏီတခု၌ ထူးချွန်အောင်မြင်စွာ အမှုထမ်းခဲ့သည်။ သူနှင့် သူ့ဇနီးတို့သည် အမေရိကန်နိုင်ငံတွင် (၁၂) နှစ်ကြာ နေထိုင်ခဲ့ကြပြီး ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့၌ ၁၉၈၃ ခုနှစ်မှစ၍ အခြေချ နေထိုင်လာခဲ့ကြသူများ ဖြစ်ပါသည်။

စာရေးသူဦးခင်အောင်မှာ ဦးအောင်ဆန်းလုပ်ကြံမှုကြီးတွင် ပါဝင်ခဲ့သူအချို့နှင့် ပတ်သက်၍လည်းကောင်း၊ ထိုအချိန်က အဖြစ်အပျက် အခြေအနေအရပ်ရပ်တို့နှင့် ပတ်သက်၍လည်းကောင်း ကိုယ်တိုင် အတွေ့အကြုံရှိခဲ့ရုံမက ရှေးဟောင်းသမိုင်း အထောက်အထား စာအုပ်စာတမ်းများကိုလည်း ဗြိတိသျှမော်ကွန်းတိုက်မှ ကိုယ်တိုင် သုတေသနပြုခဲ့သဖြင့်  ခေတ်သစ်မြန်မာ့သမိုင်း၌ အရေးပါလှသော ဖြစ်ပျက်မှုအစဉ်ကို ပြန်ပြောင်းပြောရန် အသင့်တော်ဆုံးပုဂ္ဂိုလ်တဦး ဖြစ်ခဲ့ပါသည်။ သို့ရာတွင် လူမသိသေးဘဲ ကျန်ရစ်နေသည့် အချို့အချို့သော လျှို့ဝှက်ဆန်းကြယ်မှု ကွင်းဆက်များကား ကျန်ရှိကောင်း ကျန်ရှိနေပါဦးမည်။ ဥပမာ ဤမျှကြမ်းကြုတ်လှသော လူသတ်မှုကြီးကို ဦးစောကျူးလွန်ရာ၌ မည်သည့်အကြောင်းအချက်တို့က လှုံ့ဆော်အားပေးတိုက်တွန်းခဲ့ကြသနည်း ဆိုသည်ကို ယခုတိုင် နားလည်ရန်ခက်ခဲလှသည့်အခြေ ရှိနေဆဲပင် ဖြစ်ပါသည်။ သို့ရာတွင် ဤစာအုပ်သည် စစ်ပြီးခေတ်နောက်ပိုင်း မြန်မာနိုင်ငံသမိုင်းကို အတွင်းကျကျ လေ့လာလိုက်

စားလိုသူ သုတေသီပညာရှင်တို့အတွက် တန်ဖိုးမဖြတ်နိုင်အောင် အထောက်အကူပြုပါလိမ့်မည်။

ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော်ရေးသားပြီး စစ်ပြီးခေတ်တွင် ထုတ်ဝေသည့် 'မြန်မာပြည်တွင်းအောင်မြင်မှုကြီး' အမည်ရှိစာအုပ်တွင် စာရေးသူက မြန်မာပြည်နှင့်ပတ်သက်သော သမိုင်းဆိုင်ရာအမှန်တရားများသည် မြန်မာလူမျိုးတို့ ကိုယ်တိုင် ပြန်မပြောပြသမျှ ကာလပတ်လုံး မည်သည့်အခါမျှ ရုပ်လုံးပီပြင်စွာ ပေါ်လွင်လာမည်မဟုတ်ချေဟု ရေးသားခဲ့ပါသည်။ ၎င်းကပင် ဆက်လက်၍ ဒုတိယကမ္ဘာစစ်နှင့် စစ်ကြိုခေတ် မြန်မာ့သမိုင်းကို ထိုခေတ်တွင်ပါဝင်သော မြန်မာတို့ကိုယ်တိုင် မရေးသားရသေးကြောင်း ဝန်ခံခဲ့ပြီး အကြောင်းအရာ ခိုင်ခိုင်လုံလုံကို အတွင်းကျကျသိထားသော ပုဂ္ဂိုလ်တို့က မရေးသားသေးသမျှ မြန်မာပြည်တွင်ဖြစ်ပွားခဲ့သော အကြောင်းရင်းများ၏ အမှန်တရားကို သိရှိနားလည်နိုင်မည်မဟုတ်ချေဟု ရေးသားခဲ့ပါသည်။ ခေတ်တခေတ်၏ အရေးပါလှသည့် အဖြစ်အပျက်များကို နက်ရှိုင်းစွာ သိရှိနားလည်စေရန် ဒေါက်တာဘမော် ရေးသားဖော်ပြသကဲ့သို့ ဦးခင်အောင်၏ စာအုပ်မှာလည်း အဖိုးမဖြတ်နိုင်သော အထောက်အကူတခု ဖြစ်ပေတော့သည်။

**မာလ်ကွန် ဘွတ်ကား***
**ကင်ဘာရာမြို့တော်၊ သြစတြေးလျ**
**နိုဝင်ဘာလ၊ ၁၉၉၂ ခုနှစ်။**

* မစ္စတာ မာလ်ကွန် ဘွတ်ကား (Mr. Malcolm Booker) သည် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့၊ အသက် (၈၂) နှစ်တွင် မိမိနေအိမ် ကင်ဘာရာမြို့၌ ကွယ်လွန်ခဲ့သည်။ သူ့ဇနီး ရောက်ဇာနာ (Roxana) မှာလည်း ထိုနေ့တွင်ပင် ဆေးရုံ၌ ရောဂါဝေဒနာ ကြာရှည်စွာခံစားရပြီး နာရီသာ စော၍သေဆုံးသွားရှာသည်။

သူတို့နှစ်ဦးစလုံးမှာ သံတမန်ဝန်ထမ်းများဖြစ်ကြသည်။ မာလ်ကွန် ဘွတ်ကားသည် ၁၉၅၁ ခုမှ ၁၉၅၃ ခုအထိ မြန်မာပြည်ဆိုင်ရာ သံအမတ်အဖြစ် ခန့်အပ်ခြင်းခံရ၍ ပထမဦးဆုံး သြစတြေးလျသံရုံးကို (၈၈) ကမ်းနားလမ်း (Strand Hotel Annex) တွင် ဖွင့်လှစ်ခဲ့သောကြောင့် ထိုအဆောက်အအုံ၌ ယနေ့တိုင် တည်ရှိလျက်ရှိသည်။ ထိုနောက် အီတလီ၊ ယူဂိုစလားဗီးယား၊ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားပြည်များတွင် သံအမတ်ကြီးတာဝန်ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကင်ဘာရာမြို့သို့ ပြန်လာကြပြီး နိုင်ငံခြားရေးသံတမန်







(၃၅) နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ရာ (မကွယ်လွန်မီ) အနှစ် (၂၀) ကာလအတွင်း "ကင်ဘာရာတိုင်းစ်" သတင်းစာတွင် အပတ်စဉ် သြဇာညောင်းသော ဆောင်းပါးများ ရေးခဲ့သည့်အပြင် "နောက်ဆုံးကက်ဖဲချပ်" ခေါ် စာအုပ်လည်း ရေးသားခဲ့သည်။ မာလ်ကွန်နှင့် ရောက်ဇာနာတို့အား နိုင်ငံခြားရောက် မြန်မာမိတ်ဆွေများစွာတို့က အမြဲချစ်ခင်စွာ သတိရကြလျက်ရှိမည်။ အထူးအားဖြင့် ဒီမိုကရေစီ ပြန်လည်ထူထောင်ရန် ကြိုးပမ်းလျက်ရှိသူများသည် သူတို့နှစ်ဦး ခိုင်မာစွာ အဆက်မပြတ် ထောက်ခံအားပေးခဲ့ကြခြင်းကို ကျေးဇူးတင်သတိရကြမည်ဖြစ်ပါသည်။

❑ ❑ ❑ ❑ ❑

# စာရေးသူ၏ နိဒါန်း

ကျွန်တော့်ဇနီး၏ ကွယ်လွန်လေပြီးသောဖခင်ကြီး တရားသူကြီးဟောင်း ဦးသောင်းစိန်သည် ၎င်းနေထိုင်ရာ မဲလ်ဘုန်းမြို့မှ ကျွန်တော်တို့မိသားစု၏ ကင်ဘာရာအိမ်သို့ ၁၉၈၉ ခု၊ ဇူလိုင်လ သူကွယ်လွန်ချိန်အထိ တနှစ်တခေါက်ခန့် လာရောက်လည်ပတ်လေ့ရှိပါသည်။ အသက်ရှစ်ဆယ်ကျော်ပြီ ဆိုသော်ငြားလည်း ဖျတ်လတ်ကြည်လင် အမှတ်သညာကောင်းသည့် ဦးသောင်းစိန်သည် သူ့ဘဝသက်တမ်းတလျှောက် အမှုထမ်းခဲ့သည့် အတွေ့အကြုံ အထွေထွေကို ပြန်ပြောင်း စားမြုံ့ပြန်တတ်သည်။ ထိုအထဲ၌ ခေတ်သစ် မြန်မာ့သမိုင်းတွင် အရေးပါသည့် အဖြစ်အပျက်များကို ရောင်ပြန်ဟပ်စေသည့် အကြောင်းအရာများစွာတို့လည်း ပါတတ်သည်။ ဦးသောင်းစိန်သည် ယခင်တချိန်က လူတန်းစားအလွှာတခုဖြစ်သော အိန္ဒိယ မြို့ပြအုပ်ချုပ်ရေး ပဋိညာဉ်ခံဝန်ထမ်းအဖွဲ့ဝင် (I.C.S) တဦးဖြစ်သည့်အပြင် တရားရေးဌာန အတွင်းဝန်အဖြစ်လည်းကောင်း၊ အကျဉ်းထောင်များ ဦးစီးချုပ် (ထောင်မင်းကြီး) အဖြစ်လည်းကောင်း၊ ၁၉၄၇ ခုနှစ်တွင် တပြိုင်တည်း တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ဗြိတိသျှတို့ထံမှ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် တရားရုံးချုပ် တရားသူကြီးအဖြစ်လည်းကောင်း၊ နောက်ပိုင်းတွင် နိုင်ငံပိုင် သိမ်းပိုက်ရေးကော်မရှင်နှင့် ရွေးကောက်ပွဲ အယူခံကော်မရှင်အဖွဲ့တို့၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း နိုင်ငံတော်အစိုးရအဖွဲ့က အထူးရွေးချယ်၍ တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။

ဦးသောင်းစိန်၏ အမှတ်တရအတွေ့အကြုံများထဲမှ သူ နှစ်နှစ်ခြိုက်ခြိုက် ပြောပြလေ့ရှိသော အဖြစ်အပျက်တခုမှာမူ ကွယ်လွန်သူ ကျွန်တော့်ဖခင် ဗိုလ်ချုပ် (ရဲတပ်) ဦးထွန်းလှအောင်နှင့် တိုက်ရိုက်ပတ်သက်နေပါသည်။ ထိုအချိန်က ကျွန်တော့်ဖခင်မှာ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေးဌာန အကြီးအကဲ ( Dy. Inspector General ) ဖြစ်သည့်အပြင် အရှိန်အဝါကြီးလှသည့် အင်္ဂလန် ဘုရင့်ရဲတပ်မတော်ကြီး၏ အဖွဲ့ဝင်တဦးအဖြစ်လည်း ၁၉၄၀ ခုနှောင်းပိုင်းတွင် တာဝန်ထမ်းခဲ့ရသူဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ၎င်း၏ဝန်ကြီးအဖွဲ့ဝင်များအား ၁၉၄၇ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခဲ့မှုကြောင့် ဦးစောအား အင်းစိန်အကျဉ်းထောင်တွင် ထိန်းသိမ်းထားချိန်၌ ဒု–ရဲချုပ် ဦးထွန်းလှအောင်နှင့် တရားသူကြီး ဦးသောင်းစိန်တို့အား ဦးစော၏ လုံခြုံရေးအတွက် ပူးတွဲတာဝန်ပေးခဲ့ပါသည်။ ထိုကြောင့်လည်း ၎င်းတို့နှစ်ဦးသည် နေ့စဉ်လိုလို ရန်ကုန်မှ အင်းစိန်ထောင်သို့ ကားဖြင့် အတူသွားလေ့ရှိကြရာ ခရီးတလျှောက်တွင်လည်း ယာယီ 'ပြည်သူ့





စစ်တပ်' ပုံစံဖြင့် ဖွဲ့စည်းထားသော ပြည်သူ့ရဲဘော်အဖွဲ့ဝင်အချို့တို့ စောင့်ကြပ်နေသည့် စစ်ဆေးရေးစခန်းများစွာတို့ကို ဖြတ်သန်းရလေ့ရှိသည်။ ထိုအချိန်က ပြည်သူ့ရဲဘော်အဖွဲ့မှာလည်း ဦးအောင်ဆန်းမရှိသည့်နောက် (အဖြူ၊ အဝါ) နှစ်ဖွဲ့ကွဲနေပြီး မည်သည့်အဖွဲ့က မည်သူ့လက်အောက်၌ သစ္စာခံထားသည်ကို အတိအကျမသိရသေးချေ။ သို့နှင့်ပင် ၁၉၄၇ ခုနှစ်နောက်ပိုင်း၊ တညနေတွင် ၎င်းတို့ကားကို ရပ်တန့်စေရန် စစ်ဆေးရေးစခန်းတခုမှ ခပ်ထန်ထန် အမိန့်ပေးတားဆီးလိုက်ကာ ရောင်စုံပြောက်ကျားစစ်ဝတ်စုံ ဝတ်ဆင်ထားသည့် ရဲဘော်အချို့ ရိုင်ဖယ်သေနတ်ပြောင်းများဖြင့် ချိန်ထားလျက် သူတို့ထံပြေးလာကြသည်။ ထိုအခါ ကျွန်တော့်ဖခင် ဦးထွန်းလှအောင်သည် ကားမောင်းနေရာမှ ရပ်၍ ဆင်းသက်လိုက်ပြီး ၎င်းတို့မည်သူမည်ဝါဖြစ်ကြောင်း ပြောပြလျက် ယင်းသေနတ်ကိုင်လူတစု၏ ခေါင်းဆောင်လက်ထဲမှ သေနတ်ကို ပုတ်ချလိုက်သည်။ ၎င်းနောက် သူတို့ ကြောင်အမ်းအမ်းကြည့်နေဆဲမှာပင် ကားပေါ်ပြန်တက်၍ မောင်းထွက်လာခဲ့သည်။

အဆိုပါအဖြစ်အပျက်များအကြောင်း ပြန်ပြောင်းပြောဆိုသမျှကို ကျွန်တော်ကြားသိရပြီးနောက် ထိုအချက်များ၏ လှုံ့ဆော်မှုကြောင့် ထိုအချိန်က အကင်းမသေသေးသော မြန်မာ့နိုင်ငံရေးဇာတ်လမ်းအဖုံဖုံကို ကျွန်တော် စတင် စိတ်ဝင်စားမိတော့သည်။ တနိုင်ငံလုံး လိုက်နာကျင့်သုံးကြရမည့် ဗြိတိသျှဘုရင့်ဥပဒေနှင့် ခေတ်ပေါ်လက်နက်ကိုင် ဒေသခံများ၏ ဥပဒေမဲ့ဖြစ်နေမှုများ ရောထွေးယှက်တင် လှုပ်ရှားနေမှုကို ကျွန်တော် အထူးသတိပြု လေ့လာမှတ်သားရတော့သည်။ ထိုအခါက အခြေအနေအရ ပြည်တွင်းနိုင်ငံရေးသမားများ၏ ကိုယ်ပိုင်စစ်တပ်များအတွင်း အာဏာကိုအကြောင်းပြု၍ ထွက်ပေါ်လာသော အကျိုးစီးပွား ပဋိပက္ခများ မကြာခဏပေါ်ပေါက်လာလေ့ရှိသည်။ အဆိုပါ အကြောင်းအရာများထဲတွင် ဂဠုန်တပ်အဖြစ် (ဝါးရင်းတုတ်ကိုဗန်းပြလျက်) လျှို့ဝှက်လက်နက်ကိုင်တပ်ဖွဲ့ထားသော နာမည်ဆိုးဖြင့်ကျော်ကြားလှသည့် ဂဠုန်ဦးစောကိုမူ ကျွန်တော် စိတ်အဝင်စားဆုံး ဖြစ်ရပါသည်။

ကျွန်တော်နှင့်အတူ ကျွန်တော်၏ သားငယ်နှစ်ဦးဖြစ်သော ခင်ဦးအောင်နှင့် ထွန်းလှအောင်လေး (ဂျူနီယာ) တို့ကလည်း အဘိုးဖြစ်သူအား အဆိုပါဇာတ်လမ်းများ ပြန်ပြောင်းဆက်လက်ပြောဆိုရန် မကြာခဏ တိုက်တွန်းကြလေ့ရှိသည်။ အမျိုးသား ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ဦးစောနှင့် ၎င်း၏အပေါင်းပါတို့အတွင်း စကားဝှက်နှင့် ရေးသောစာများကို နေရာသတ်မှတ်၍ လျှို့ဝှက်စွာ လဲလှယ်ခဲ့ခြင်းများအကြောင်း ပြောပြသည့်အခါ ကျွန်တော်တို့အားလုံး မိန်းမောတွေဝေသွားမိတော့သည်။ ထိုအကြောင်းအရာများကို တစွန်းတစ ဖော်ပြရသော် 'ခြေဆွံ့နေသည့် မကောင်းဆိုးဝါးကြီး'၊ 'ငှက်ပျောသီးစိမ်းဖြင့် ဧည့်ခံ'၊ 'သံပုရာရည်ကိုကြိုက်တယ်'၊ 'ရေကန်ထဲမှာ ငါးမရှိ'၊ 'အရပ်မြင့်မြင့်

လူကြီး’...စသည်...စသည်ဖြင့်...။ (အရပ်မြင့်မြင့်လူသည် မည်သူနည်းဆိုသည်မှာ ပဟေဠိ) သို့နှင့် ဦးအောင်ဆန်းတို့အား လုပ်ကြံမှုကြီးသည် ဦးစောနှင့် ၎င်း၏ အပေါင်းပါများ လက်ချက်သာမက တရားဥပဒေရှေ့မှောက်သို့ မည်သည့်အခါကမျှ မရောက်လိုက်ရဘဲ လွတ်မြောက်ဆဲ၊ လွတ်မြောက်သွားကြသော အခြားအမှုအခင်းများဆိုင်ရာ အချို့ပုဂ္ဂိုလ်များလည်း ရှိကောင်းရှိလေဦးမည်ဟု ကျွန်တော် သံသယမကင်း ဖြစ်လာမိတော့သည်။ ထို့ကြောင့် ကျွန်တော့်ယောက္ခမကြီး၏ ပြောပြချက်များကို နောင်လာနောက်သားများအတွက် စာဖြင့်မှတ်တမ်းတင်ထားသင့်သည်ဟု ကျွန်တော်ခံစားမိခဲ့သည်။ သို့ဖြစ်သည့်အလျောက် ကျွန်တော်၏ စာတိုစာစမှတ်တမ်းများကို စုစည်း၍ အကြမ်းအားဖြင့် စာတစောင်တဖွဲ့အဖြစ် ရေးသားလိုက်သောအခါ ဦးသောင်းစိန်က သေချာစွာဖတ်ကြည့်ပြီး သဘောတူခဲ့သည်။ ဤတွင် ကျွန်တော်တို့နှစ်ဦး၏ ပြန်ပြောင်းသတိရမှုများကို ကျွန်တော်၏ ထပ်ဆင့်ရှာဖွေ လေ့လာမှတ်သားမှုများနှင့် ပေါင်းစပ်၍ ဖြည်းဖြည်းချင်း တိုးချဲ့ရေးသားခဲ့သည်။ ကျွန်တော်ကိုယ်တိုင်လည်း ထိုသို့ အုန်းအုန်းကျွက်ကျွက် ရုန်းရင်းဆန်ခတ် ဖြစ်ပွားနေချိန်အခါက ထိုလုပ်ကြံမှုကြီး ဖြစ်ပွားခဲ့ရာ အတွင်းဝန်ရုံးနှင့် မျက်နှာချင်းဆိုင် တဘက်ခြမ်းရှိ ရေတပ် (ကမ်းနားဌာနချုပ်) ပြုလုပ်ထားသော စိန့်ပေါလ်ကျောင်းဝင်းအတွင်း၌ လူငယ်ရေတပ်အရာရှိတဦးအဖြစ် တာဝန်ကျနေဆဲဖြစ်သည်။

ထို့ပြင် ကျွန်တော့်အား အကြောင်းအရာများကို ရေးသားရန် လှုံ့ဆော်ပေးခဲ့သည့် အခြားအကြောင်းတရပ်မှာမူ ကျွန်တော်၏ ဦးလေးတော်သူ ဦးရွှေဘော်ဖြစ်သည်။ ၎င်းမှာ အိန္ဒိယမြို့ပြအုပ်ချုပ်ရေး ပဋိညာဉ်ခံဝန်ထမ်း အဖွဲ့ဝင် (I.C.S) တဦးဖြစ်လျက် လွတ်လပ်ရေးမရသေးမီ ယာယီအစိုးရအဖွဲ့၏ အတွင်းဝန်တဦးဖြစ်ပြီး လုပ်ကြံမှုဖြစ်ပွားစဉ်က ဦးအောင်ဆန်း၏ လက်ဝဲဘက်တွင် ကပ်လျက်ထိုင်နေခဲ့ရာမှ အံ့သြဖွယ်ကောင်းလောက်အောင် ကျည်ဆန်က ရှောင်ထွက်သွားခြင်းကြောင့် ဘေးမသီရန်မခဘဲ လွတ်မြောက်ခဲ့ရသူတဦးဖြစ်ပါသည်။ ဦးရွှေဘော်ကိုယ်တိုင် ထိုကြေကွဲဘွယ်ရာ အဖြစ်အပျက်၊ သူ့ မျက်မြင်ကိုယ်တွေ့ဇာတ်ကြောင်းကို ကျွန်တော့်အား ပြန်လည်ပြောပြခဲ့ပါသည်။

ထို့ကြောင့် ဤစာအုပ်သည် လုပ်ကြံမှုကြီးနှင့်ပတ်သက်၍ အဖြေတစုံတရာပေးရန်ထက် ဦးစောနောက်မှာ ဘယ်သူတွေရှိပါလိမ့်ဟူသော အတွေးနှင့်အတူ သို့လောသို့လော မေးခွန်းများသာ ထပ်မံ ပေါ်ပေါက်ကောင်း ပေါ်ပေါက်လာစေပါလိမ့်မည်။ ကျွန်တော်၏ ရည်ရွယ်ချက်မှာမူ ဦးအောင်ဆန်းလုပ်ကြံမှုနှင့်ပတ်သက်၍ လျှို့ဝှက်မှုအချို့ကို ကြိုးစားဖြေရှင်းလျက် ကျွန်တော်တို့နိုင်ငံ၏ ကံကြမ္မာကို ဝမ်းနည်းဖွယ်ရာ ပြောင်းလဲသွားစေခဲ့သည့် ဖြစ်ရပ်ဆိုးကြီးကို အသစ်တဖန်ပြန်လည်၍ အသေးစိတ်လေ့လာရန်ဖြစ်ပါသည်။ ကျွန်တော်နှင့်အတူ မြန်မာပြည်သူအများစုအနေဖြင့် ယခုအချိန်သာ ဦးအောင်ဆန်း







အသက်ရှင်နေခဲ့ပါလျှင် ကျွန်တော်တို့ ယခုခံစားနေကြရသည့် ကံကြမ္မာဆိုးတို့ကို ရှောင်ရှားနိုင်ပေလိမ့်မည်ဟု ခိုင်မြဲစွာယုံကြည်ကြပါ၏။ ဤအကြောင်းတရပ်တည်းနှင့်ပင် အဆိုပါ လုပ်ကြံမှုဇာတ်ကြောင်းကို ခွဲခြမ်းစိတ်ဖြာ လေ့လာသင့်ပေတော့သည်။ ထို့အတူ လွန်ခဲ့သော (၄၅) နှစ်တာကာလက နိုင်ငံ့ဗိသုကာကြီး ကျဆုံးသွားပြီးနောက်ပိုင်း၊ ထိုတခေတ်၏ အမွေအနှစ်အဖြစ် ကျန်ရစ်ခဲ့သည့် နိုင်ငံရေး ရေစီးကြောင်းတလျှောက် ကြီးစိုးခဲ့သည့် လောဘ၊ ဒေါသတို့ဖြင့် ပြွန်းတီးသော အကြမ်းဖက်မှုများ၏ အခြေခံ အရင်းအမြစ်တို့ကိုလည်း လေ့လာသင့်လှပေသည်။

ယင်းအမွေကို အသာတကြည်လက်ခံရန် ငြင်းပယ်တွန်းလှန်ခဲ့သော ပုဂ္ဂိုလ်များနှင့် မပြီးဆုံးသေးသော မြန်မာနိုင်ငံ၏ လွတ်လပ်ရေး၊ ဒီမိုကရေစီအရေးနှင့် သဟဇာတဖြစ်ရေးတို့အတွက် သတ္တိရှိစွာ တိုက်ပွဲဝင်နေသူများအတွက် ဤစာအုပ်ကို ရည်ရွယ်ရေးသားရခြင်းဖြစ်ပါသည်။

**မောင်ခင်အောင်**
**ကင်ဘာရာမြို့တော်၊ ဩစတြေးလျ**
**နိုဝင်ဘာလ၊ ၁၉၉၂ ခုနှစ်။**

❑ ❑ ❑ ❑ ❑

# ဘာသာပြန်သူ၏ အမှာ

"Who Killed Aung San ?" (အောင်ဆန်းကို ဘယ်သူသတ်သလဲ) စာအုပ်ရေးသားပြုစုသူ ဦးခင်အောင်အား လွန်ခဲ့သော (၁၃) နှစ်၊ ၁၉၈၆ ခု၊ စက်တင်ဘာလတွင် မိတ်ဆွေတဦးက မိတ်ဖွဲ့ပေးစဉ် ကင်ဘာရာမြို့တော်၊ မြန်မာအိမ်တခု၌ ပထမဦးဆုံးအကြိမ် တွေ့ဆုံခွင့်ရခဲ့ပါသည်။ ဆောင်းအကုန်၊ နွေအကူးမို့ ရာသီသာမောသည့် ဤလတွင် 'ကင်ဘာရာ' ၌ ပန်းပွဲတော် ကျင်းပမြဲဖြစ်သဖြင့် အရပ်ရပ်မှ လာရောက်လည်ပတ်ကြသော ဧည့်သည်များဖြင့် စည်ကားလေ့ရှိသည်။ ကျွန်တော့်မိတ်ဆွေက ဦးခင်အောင်အား မြန်မာစစ်အာဏာရှင် ဗိုလ်နေဝင်းအစိုးရကို နှစ်ပေါင်းများစွာ တော်လှန်နေသူတဦးအဖြစ်လည်းကောင်း၊ 'The Canberra Times' (ကင်ဘာရာတိုင်းစ်သတင်းစာကြီး) ၏ အယ်ဒီတာထံ ပေးစာများ အခန်းကဏ္ဍတွင် မြန်မာစစ်အစိုးရ၏ လှည့်ကွက်ပြရုပ်များကို ဖော်ထုတ်ပြီး စစ်အာဏာရှင်စနစ်ဆိုးကြီးကို ကလောင်ဖြင့် မှန်မှန်ထိုးနှက်တုံ့ပြန်နေသူတဦးအဖြစ်လည်းကောင်း မိတ်ဆက်ပေးခဲ့ပါသည်။ ဦးခင်အောင်၏ အင်္ဂလိပ်စာပေ နိုင်နင်းကျွမ်းကျင်မှု၊ ဟာသဉာဏ်ကြွယ်ဝမှု၊ အာဝဇ္ဇန်းရွှင်မှုတို့သည် သူ၏ ထက်မြက်သော ဉာဏ်ပညာကို ရောင်ပြန်ဟပ်နေသည်ဟု ကျွန်တော်မှတ်ချက်ချမိသည်။ နောက်နောင် သူနှင့် ရင်းနှီးလာသောအခါ ဗိုလ်ချုပ်နေဝင်း တိုင်းပြည်၏ အချုပ်အခြာအာဏာကို အတင်းအဓမ္မ သိမ်းပိုက်ခဲ့သော ၁၉၆၂–ခုနှစ်ဦးကာလအချိန်မှစ၍ ယနေ့ထက်တိုင် တသမတ်တည်း စစ်အာဏာရှင်စနစ်ကို တော်လှန်နေသူ မျိုးချစ်တဦးအဖြစ် ပို၍ လေးစားလာခဲ့ပါသည်။

ထို့နောက် ၁၉၈၈–ခုနှစ်၊ မြန်မာပြည်တွင်း လူထုအုံကြွမှုကြီးပေါ်ပေါက်လာသောအခါ စစ်အစိုးရ၏ ရက်စက်စွာ နှိပ်ကွပ်သတ်ဖြတ်မှုကြောင့် မြန်မာပြည်သူ အသက်ပေါင်းထောင်နှင့်ချီ၍ ဆုံးရှုံးခဲ့ရသည်။

မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး ဒေါ်အောင်ဆန်းစုကြည်၏ တည်ကြည်ဖြောင့်မတ်သော ခေါင်းဆောင်မှုအောက်တွင် ပြည်သူတို့ တညီတညွတ်တည်း စုစည်း၍ မြန်မာပြည်၏ ဒုတိယလွတ်လပ်ရေးကို တောင်းဆိုခဲ့ကြသည်။ စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား (၆) နှစ်တိုင်တိုင် အိမ်တွင်းအကျဉ်းချထားခဲ့ပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များနှင့် စစ်အစိုးရကို ဆန့်ကျင်သူများအား စနစ်တကျ ချေမှုန်းခဲ့ပါသည်။ ဤသည့်ကာလတွင် ပြည်ပရောက် မြန်မာမျိုးချစ်များကလည်း နိုင်ငံအရပ်ရပ်တွင် စစ်အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ကျင်းပခဲ့ကြသည်။ ဒီမို







ကရေစီကျင့်သုံးသော အစိုးရအသီးသီးအား ချဉ်းကပ်လျက် မြန်မာစစ်အစိုးရကိုယ်တိုင် ဦးစီးကျင်းပပေးခဲ့သော ၁၉၉၀–ခု၊ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား သူတို့ကတိအတိုင်း အာဏာလွှဲပြောင်းပေးရန် ဖိအားပေးရေးအတွက် ကြိုးပမ်းခဲ့ကြသည်မှာ သမိုင်းမှတ်တိုင်တခု ဖြစ်လာသည်။ ဩစတြေးလျရှိ ပြည်တွင်းလှုပ်ရှားခဲ့ကြသည့် မြန်မာမျိုးချစ်များအတွင်း ဦးခင်အောင်မှာ ရှေ့တန်းမှ ပါဝင်ခဲ့ပါသည်။

ဦးခင်အောင်၏ 'အောင်ဆန်းကို ဘယ်သူသတ်သလဲ' အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ပြုစုနေချိန်တွင် ဩစတြေးလျပြည်တွင် အတူတကွ နိုင်ငံရေးလှုပ်ရှားနေကြသည်ဖြစ်၍ ကျွန်တော်နှင့် မကြာခဏ စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ ကျဆုံးသည့်အချိန်က ဦးခင်အောင်၏ ဖခင်မှာ မြန်မာပြည်၏ ဒု–ရဲချုပ်ဖြစ်နေ၍လည်းကောင်း၊ ဦးခင်အောင်ဇနီး၏ ဖခင်မှာလည်း တရားရေးဌာန၏ အတွင်းဝန်တဦးအနေဖြင့် လည်းကောင်း၊ ထောင်များကို ကြီးကြပ်အုပ်ချုပ်ရသည့် ဦးစီးချုပ်အနေဖြင့်လည်းကောင်း ဆောင်ရွက်နေကြရသောကြောင့် ဦးခင်အောင်သည် ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးထံမှ ဦးစောနှင့် အပေါင်းအပါများနှင့် ပတ်သက်သော အကြောင်းအရာများအား အတွင်းကျကျ သတင်းအချက်အလက်များ တိုက်ရိုက်သိရှိခွင့်ရခဲ့သည်။ ထို့ကြောင့် ဦးခင်အောင်၏ ထိုအချိန်က ကိုယ်တွေ့မျက်မြင်အဖြစ်အပျက်များကို နှစ်ပေါင်းများစွာ စနစ်တကျ သုတေသနပြုစုထားသည်များနှင့် ပေါင်းစပ်လိုက်သောအခါ ခိုင်လုံသော သမိုင်းအထောက်အထားတခုအနေဖြင့် ပိုမိုတိကျပြတ်သားလာပါတော့သည်။ ဤနေရာတွင် ဦးခင်အောင်သည် အကြောင်းခြင်းရာ အမှန်ကိုသာ တင်ပြပြီး၊ အကြောင်းအကျိုး ဆက်နွှယ်မှုများကို စာဖတ်ပရိသတ်များကသာ ဆက်လက်၍ စူးစမ်း ဆင်ခြင်တွေးခေါ်နိုင်ရန် ချန်လှပ်ထားခဲ့သည်။ အကြောင်းခြင်းရာ အမှန်အကန် တင်ပြမှု၌ ဦးခင်အောင်သည် အတွင်းစည်းမှ အနီးကပ်လေ့လာခဲ့သူဖြစ်၍ သူ၏ အချက်အလက်များသည် တရားဥပဒေအမြင်တွင် ပီပြင်တိကျလှပါသည်။ သမိုင်းသုတေသီများ ဆက်လက်လေ့လာရန် အခြေခံအုတ်မြစ်ချပေးခဲ့သည်နှင့်လည်း တူပါသည်။

ဦးခင်အောင်၏ စာအုပ်အင်္ဂလိပ်မူရင်းသည် အဆင့်အတန်းမြင့်လှသည်။ သို့သော် မြန်မာပြည်သူအများအတွက် ရည်စူး၍ မြန်မာဘာသာပြန်ရန် လုံးပန်းသောအခါ အခက်အခဲများတွေ့၍ နှောင့်နှေးခဲ့ရသည်။ ကျွန်တော်သည်လည်း မြန်မာစာပေနှင့် ကင်းဝေးနေသည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သည့်အပြင် ယခင်က ဘာသာပြန်ဆိုသည့် အတွေ့အကြုံလည်း မရှိခဲ့ပါချေ။ ဦးခင်အောင်ကို (စီအာဒီဘီ) မြန်မာပြည်ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေး ဦးစီးကော်မတီ (အပြည်ပြည်ဆိုင်ရာနှင့် ဩစတြေးလျ) ၏ နာယကကြီးအဖြစ် လေးစားလျက်၊ သူ၏ အရေးပါလှသော ဤစာအုပ်ကို မြန်မြန်ဆန်ဆန် မြန်မာ

ဘာသာဖြင့် ထုတ်ဝေလိုသောကြောင့် ဘာသာပြန်အဖြစ် တာဝန်ယူမိပါသည်။ ကံကောင်းသည်မှာ မြဝတီဦးရဲခေါင် ဩစတြေးလျသို့ ရောက်ရှိလာသဖြင့် စာတည်းဖြတ်ပေးရန် ဦးရဲခေါင်မှ တာဝန်ယူပြီး၊ အခန်းလိုက် အထူးကြိုးစားတည်းဖြတ်ပေးခြင်းအတွက် ကျေးဇူးတင်ဖွယ်ရာဖြစ်ပါသည်။

အထူးသဖြင့် မမျှော်လင့်ဘဲ ကျွန်တော်၏ လုပ်ငန်းဆိုင်ရာအပိုင်းတွင် တာဝန်ပိလာသည့်အခါများ၌လည်း ကျွန်တော့်ညီ ဒေါက်တာအေးကျော် (အောင်သန့်ကျော်) အား အကူအညီတောင်းပြီး သူနှင့်အတူ အချို့အခန်းများကို ဘာသာပြန်ပါသည်။ အချို့အခန်းများမှာ ဒေါက်တာ အေးကျော်ဘာသာပြန်ဆိုပြီး၊ ကျွန်တော်က တချို့နေရာ၌ ပြင်ဆင်ဖြည့်စွက်လျက် ဦးရဲခေါင်မှ ထပ်မံတည်းဖြတ်ပါသည်။

ဘာသာပြန်ဆိုရာ၌လည်း အင်္ဂလိပ်စာမှ တိုက်ရိုက်ဘာသာပြန်ဆိုမှုကို အရေးထား၍ အများဆုံး အသုံးပြုသော်လည်း အချို့အချက်အလက်များတွင် မြန်မာစာဖတ်ပရိသတ်နှင့် ပိုမိုဆီလျော်စေရန် မြဝတီဦးရဲခေါင်၏ အကြံပြုချက်အရ စာရေးသူ ဦးခင်အောင်၏ သဘောတူညီမှုဖြင့် အနည်းအကျဉ်း ပြုပြင်ရေးသားခဲ့သည်များ ရှိခဲ့သည်။

သို့ဖြစ်၍ ပူးတွဲဘာသာပြန်သူ ဒေါက်တာအေးကျော်နှင့် ကျွမ်းကျင်စွာ စာတည်းဖြတ်သူ မြဝတီဦးရဲခေါင်တို့အား အထူးကျေးဇူးတင်ရှိပါသည်။ ဘာသာပြန်ဆိုရာ၌ အမှားအယွင်းရှိခဲ့ပါလျှင် ကျွန်တော့်တွင်သာ တာဝန်ရှိပါသည်။

**ဒေါက်တာတင့်ဝေ**
**ဆစ်ဒနီမြို့၊ ဩစတြေးလျ**
**(၉၊ ၉၊ ၉၉)**

**ပူးတွဲဘာသာပြန်သူ**
**ဒေါက်တာအေးကျော်**
**ဆစ်ဒနီမြို့၊ ဩစတြေးလျ**

# ဇာတ်လမ်းဝင် ပုဂ္ဂိုလ်များ[၁]

## အာဇာနည်များ

**ဗိုလ်ချုပ်အောင်ဆန်း** (၁) ဗိုလ်တေဇ (၃၂) နှစ်၊ မြန်မာ့အမျိုးသားရေးလှုပ်ရှားမှု၏ ခေါင်းဆောင်ကြီး၊ ဘုရင်ခံအမှုဆောင်ကောင်စီ၏ ဒု–ဥက္ကဋ္ဌ (သို့) တကယ့်လက်တွေ့အားဖြင့် လွတ်လပ်ရေးမရမီ ဝန်ကြီးအဖွဲ့၏ ဝန်ကြီးချုပ်၊ ၎င်းအပြင် ထိုအစိုးရအဖွဲ့၏ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကျည်ဆန် (၁၃) ချက်သင့်သော ဒဏ်ရာဖြင့် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့ရသည်။

**ဒီးဒုတ်ဦးဘချို** (၅၄) နှစ်၊ စာရေးဆရာ၊ သတင်းစာဆရာနှင့် ဒီးဒုတ်ဂျာနယ်၏ အယ်ဒီတာ၊ ပြန်ကြားရေးဝန်ကြီး၊ သူ့အသက်အရွယ်နှင့် ဦးနှောက်ထဲဝင်သွားသော ကျည်ဆန် အပါအဝင် ကျည်ဆန် (၅) ချက်ရရှိသည့်တိုင် နေ့လယ်ပိုင်းအထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အသက်ရှင်လျက် ရှိနေသေးသည်။

**သခင်မြ** (၄၉) နှစ်၊ လူငယ်ခေါင်းဆောင်များကြားတွင် အသက်အရွယ်ကြီးရင့်သော နိုင်ငံခေါင်းဆောင်၊ ဘဏ္ဍာရေးဝန်ကြီး၊ အဆုတ်ကို ထွင်းဖောက်သွားသော သေနတ်ဒဏ်ရာဖြင့် နေရာတွင် ပွဲချင်းပြီးသေဆုံးသည်။

**ဦးအဗ္ဗဒူရာဇတ်** (၄၉) နှစ်၊ မန္တလေးမြို့ မူဆလင်ခေါင်းဆောင်၊ ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး၊ ဒဏ်ရာ (၆) ချက်ရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

**ဦးဘဝင်း** (၄၆) နှစ်၊ ဦးအောင်ဆန်း၏အကို၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီး၊ ကျည်ဆန်ဒဏ်ရာ (၈) ချက်ရရှိပြီး နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

**မန်းဘခိုင်** (၄၃) နှစ်၊ ဟသာ်ၤတမှ ကရင်လူမျိုးတဦးဖြစ်ပြီး ဂျပန်သိမ်းပိုက်ထားစဉ်က ပြန်လည်ခုခံတော်လှန်ရာ၌ ပါဝင်ခဲ့သည်။ စက်မှုလက်မှုဌာနနှင့် အလုပ်သမားဌာနဝန်ကြီး၊ ကျည်ဆန် (၁၅) ချက်ထိမှန်ခဲ့သည်။ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။







**စပ်စံထွန်း** (၄၀) နှစ်၊ ရှမ်းပြည်နယ်မှ မိုင်းပွန်စော်ဘွားကြီး၊ နယ်ခြားဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီး၊ ဦးခေါင်းတွင် ဒဏ်ရာ (၂) ချက်ရရှိပြီး (၂၀) ရက်နေ့ မွန်းတည့်ချိန်တွင် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ သေဆုံးသွားသည်။

**ဦးအုန်းမောင်** (၃၄) နှစ်၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန၊ ဒုတိယအတွင်းဝန် (I.C.S)၊ အစီရင်ခံစာတခုကို လာရောက်တင်သွင်းနေစဉ် လူသတ်သမားများ၏ ကျည်ဆန်များ ထိမှန်သွားခြင်းခံရသည်။ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသည်။

**ကိုထွေး** (၁၈) နှစ်၊ ဦးရာဇတ်၏သက်တော်စောင့်၊ မန္တလေးအနီးရှိ တောင်ပြင် သိပ္ပံရပ်မှ မူဆလင်လူငယ်တဦးဖြစ်သည်။ အစည်းအဝေးခန်းမတွင်းမှ သေနတ်သံများကြားရသဖြင့် အနီးရှိရုံးခန်းမှ ပြေးထွက်လာစဉ် ဆုတ်ခွာပြေးသွားနေသော လူသတ်သမားများ၏ ပစ်ခတ်ခြင်းကိုခံရသည်။ ဒဏ်ရာ (၄) ချက်ရရှိပြီး ဆေးရုံတွင် သေဆုံးသည်။

## လူသတ်သမားများ

**ဦးစော၊** ၁၉၀၀–ပြည့်နှစ်တွင် သာယာဝတီမြို့၌ မွေးဖွားသည်။ လူသတ်သမားများ၏ ခေါင်းဆောင်ဟု အစွပ်စွဲခံရသူ၊ သမ္မာရင့် လက်ျာနိုင်ငံရေးသမားဖြစ်ပြီး ဦးအောင်ဆန်း၏ အဓိကပြိုင်ဘက်ဖြစ်သည်။ သူရိယသတင်းစာကို စတင်ထူထောင်သူနှင့် မျိုးချစ်ပါတီခေါင်းဆောင်ဖြစ်သည်။ ၁၉၄၀–ခုနှစ်၊ စက်တင်ဘာလမှ ၁၉၄၂–ခုနှစ်၊ ဇန်နဝါရီလအထိ နန်းရင်းဝန်၊ ၁၉၄၂–မှ ၁၉၄၆–အထိ ယူဂန္ဒာပြည်တွင် အထိန်းသိမ်းခံခဲ့ရသည်။ ၁၉၄၇–ခုနှစ်၊ ဇန်နဝါရီလတွင်ချုပ်ဆိုသော အောင်ဆန်း–အက်တလီ စာချုပ်ကို အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သူဖြစ်၍ ဦးအောင်ဆန်းနှင့် သူ့အမှုဆောင်ကောင်စီ လုပ်ဖော်ကိုင်ဖက်များအား သတ်ဖြတ်မှုဖြင့် ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်တွင် အဖမ်းခံရလျက်၊ စွဲဆိုထားသည့်အတိုင်း အပြစ်ပေးခံရပြီး၊ ၁၉၄၈–ခုနှစ်၊ မေလ (၈) ရက်နေ့တွင် အင်းစိန်ထောင်၌ ကြိုးပေးခံရသည်။

**မောင်စိုး၊** သေနတ်သမား၊ မင်းလှမြို့မှ ဂဠုန်တပ်ဖွဲ့ဝင်တဦးဖြစ်ပြီး ဦးစော၏ အနီးကပ်နောက်လိုက်ဖြစ်၍ သူ့ခြံအတွင်း၌ စောစီးစွာကပင် နေထိုင်ခဲ့သူဖြစ်သည်။ သေဒဏ်ပေးခံရသည်။ ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့တွင်ပင် အင်းစိန်ထောင်၌ သေဒဏ်အစီရင်ခံရသည်။

**သက်နှင်း၊** သေနတ်သမား၊ ကျိုက်လတ်မြို့မှ ဂဠုန်တပ်ဖွဲ့ဝင်ဟောင်းဖြစ်ပြီး ယင်းမြို့ မျိုးချစ်ပါတီ၏ အတွင်းရေးမှူးဖြစ်သည်။ ဦးစောကို အထူးကြည်ညိုပြီး လုံးဝဥဿုံယုံကြည်ကိုးစားသူဖြစ်သည်။ သေဒဏ်ပေးခံရသည်။ ၁၉၄၈ ခုနှစ် မေလ (၈) ရက်နေ့တွင် ပင် အင်းစိန်ထောင်၌ သေဒဏ်အစီရင်ခံရသည်။

**မောင်စိန်၊** သေနတ်သမား၊ ကြို့ပင်ကောက်မြို့မှဖြစ်၍ စစ်အတွင်းက ဗိုလ်ချုပ်အောင်ဆန်း၏ ဗမာ့တပ်မတော်သားဖြစ်ခဲ့ပြီးနောက် ပြည်သူ့ရဲဘော်အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ သူ့မိဘများမှာ မျိုးချစ်ပါတီကို လိုလားနှစ်သက်သူများဖြစ်၍ သူ့ကို ဦးစော၏ နောက်လိုက်ဖြစ်ရန် သိမ်းသွင်းဆွဲဆောင်ခဲ့ကြသည်။ သေဒဏ်ပေးခံရသည်။ ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် ရန်ကုန်အကျဉ်းထောင်၌ သေဒဏ်အစီရင်ခံရသည်။

**ရန်ကြီးအောင်၊** အသက် (၁၈) နှစ်သာရှိ၏။ အသက်အငယ်ဆုံး သေနတ်သမားဖြစ်သည်။ ဦးစော တဝမ်းကွဲညီ၏သားဖြစ်သည်။ စတုတ္ထမြောက်သေနတ်သမား။ လိုအပ်လာသည့် နောက်ဆုံးအချိန်ကျမှ သူ့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သူ၏ တဖောက်ကန်းအကျင့်ကြောင့် သေနတ်သမားအဖြစ် အံဝင်ခွင်ကျဖြစ်ခဲ့သည်။ သေဒဏ်ပေးခံရသည်။ ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် ရန်ကုန်အကျဉ်းထောင်၌ သေဒဏ်အစီရင်ခံရသည်။

**သုခ၊** လူသတ်သမားများအား အတွင်းဝန်ရုံးသို့ ဂျစ်ကားဖြင့် မောင်းပို့ပေးခဲ့သူဖြစ်သည်။ ရန်ကုန်မြို့ရှိ အစိုးရအထက်တန်းကျောင်းမှ (၉) တန်းအောင်မြင်ခဲ့သည်။ စစ်ပြီးနောက် ကျိုက်လတ်မြို့ဖဆပလအဖွဲ့၏ ငွေထိန်းဖြစ်ပြီး ကုန်သည်တဦးဖြစ်သည်။ သက်နှင်းက သူ့ကို ဦးစောနှင့် မိတ်ဆက်ပေးခဲ့သည့်အပြင် မျိုးချစ်ပါတီတွဲဖက်အတွင်းရေးမှူးအဖြစ် စာရင်းတင်ပေးခဲ့သည်။ ဦးစော၏ ခြံဝင်းသို့ လုပ်ကြံမှုမတိုင်မီ နောက်ဆုံးရောက်ရှိလာသူဖြစ်သည်။ သေဒဏ်ပေးခံရသော်လည်း ကြိုးပေးမည့်နေ့ မတိုင်မီနေ့ ညနေပိုင်းတွင်မှ အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် (၂၀) သို့ လျှော့ချခြင်းခံရသည်။
**ခင်မောင်ရင်၊** ကြံရာပါတဦးဖြစ်၍ ရှေ့ပြေးအဖွဲ့စီးသော ဖို့ဒ်ဆန်ထရပ်ကားကို မောင်းသူဖြစ်သည်။ ဦးစောဇနီးသည်၏ တူတော်သည်။ ဝန်ကြီးအဖွဲ့ အစည်းအဝေးထိုင်နေကြောင်း လျှို့ဝှက်သင်္ကေတဖြင့် သတင်းပေးပြီး လူသတ်သမားများ ထွက်ခွာလာရန် အချက်ပြခဲ့သည်။ သေဒဏ်အပေးခံရသော်လည်း နောက်ပိုင်းတွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် (၂၀) သို့ လျှော့ချခြင်းခံရသည်။

**မောင်နီ၊** ကြံရာပါတဦးဖြစ်၍ ရှေ့ပြေးအဖွဲ့နှင့် လိုက်ပါသွားခဲ့သည်။ လူသတ်သမားများ







ထွက်အပြေးတွင် လွတ်မြောက်နိုင်ရန် အကူအညီပေးရေးအတွက် ခြောက်လုံးပြူးသေနတ်တလက်ဖြင့် အတွင်းဝန်များရုံး အထွက်ဂိတ်ပေါက်မှ စောင့်နေခဲ့ရသည်။ သေဒဏ်အပေးခံရသော်လည်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် အနှစ် (၂၀) သို့ လျှော့ချခြင်းခံရပြီး ယင်းသတင်းကို သုခနှင့်တပြိုင်နက်တည်း အသိပေးခံခဲ့ရသည်။

**မှုန်ကြီး၊** ကြံရာပါတဦးဖြစ်၍ ရှေ့ပြေးအဖွဲ့နှင့် လိုက်ပါသွားခဲ့သည်။ အုတ်ဖိုမြို့အနီးမှ ကျေးရွာသားဖြစ်ပြီး အလုပ်ကြမ်းသမားတဦးဖြစ်သည်။ ဦးစောက သူ့ကို အစေခံတဦးကဲ့သို့ ခိုင်းခဲ့သည်။ ဝန်ကြီးအဖွဲ့စည်းဝေးနေကြောင်း လူသတ်သမားများကို သူက အချက်ပြခဲ့ရသည်။ သေဒဏ်ပေးခံရသည်။ ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့တွင် အင်းစိန်ထောင်၌ သေဒဏ်အစီရင်ခံရသည်။

**ဘညွန့်၊** ကြံရာပါတဦးဖြစ်၍ ရှေ့ပြေးအဖွဲ့တွင် ပါဝင်သည်။ ဦးစော၏လူယုံတော် အဓိကနောက်လိုက်ခေါင်းဆောင်ဖြစ်ပြီး သူတဦးသာ ဦးစော၏အိမ်အတွင်း နေထိုင်ခွင့်ရသည်။ အသိဉာဏ်ရှိ၍ အိုးသည်ကုန်းတရားရုံးတွင် စာရေးဖြစ်ခဲ့သည်။ သခင်နုအားသတ်ရန် တာဝန်အပေးခံရသည်။ ဘုရင့်သက်သေ (ဖော်ကောင်) အဖြစ် ဘက်ပြောင်းထွက်ဆိုရန် သဘောတူခဲ့သူဖြစ်သည်။ ထို့ကြောင့် အခြေအနေအရ သူ့အား အပြစ်မှခွင့်လွှတ်မှု အပေးခံရလျက် အလုပ်ကြမ်းနှင့် ပြင်းထန်သောထောင်ဒဏ် (၁၀) နှစ်နှင့် (၆) လ ချမှတ်ခံခဲ့ရသည်။

## ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ

**တရားသူကြီးမင်း ဦးကျော်မြင့်၊** ၁၈၉၈ ခုနှစ်တွင် မွေးဖွားသည်။ ဝတ်လုံတော်ရမင်းနှင့် တရားလွှတ်တော် တရားသူကြီးမင်း (၁၉၄၆ ခုနှစ်မှစ၍)။ ဦးစောကို စစ်ဆေးစီရင်ချက်ချသော အထူးခုံရုံးတော်၏ဥက္ကဋ္ဌ၊ လွတ်လပ်ရေးရပြီးနောက် တရားလွှတ်တော်ချုပ်၏ တရားသူကြီးမင်းဖြစ်လာသည်။ ထင်ရှားကျော်ကြားသော ညီအကိုလေးဦးဖြစ်သည့် ဗိုလ်မှူးချုပ်တင်ထွဋ် (အကြီးဆုံး)၊ တရားသူကြီးမင်း ဦးမြင့်သိန်း၊ ဒေါက်တာထင်အောင် တို့တွင် ဒုတိယမြောက်ဖြစ်သည်။ ၁၉၈၈ ခုနှစ် မေလတွင် ကွယ်လွန်ခဲ့သည်။

**ဦးအောင်သာကျော်၊** အဆင့်မြင့် စက်ရှင်တရားသူကြီးမင်း၊ ဦးစောကို စစ်ဆေးသော အထူးခုံရုံးတော်၏ အဖွဲ့ဝင်တဦးဖြစ်၍၊ လွတ်လပ်ရေးရပြီးနောက် တရားလွှတ်တော်

တရားသူကြီးမင်းဖြစ်လျက်၊ ထို့နောက် တရားလွှတ်တော်ချုပ် တရားသူကြီးမင်း ဖြစ်လာသည်။

**ဦးစိဘူး၊** အဆင့်မြင့် စက်ရှင်တရားသူကြီးမင်းဖြစ်၍၊ ဦးစောကို စစ်ဆေးသော အထူးခုံရုံးတော်၏ အဖွဲ့ဝင်တဦးဖြစ်၍၊ လွတ်လပ်ရေးရပြီးနောက် တရားလွှတ်တော်၏ တရားသူကြီးမင်းတဦး ဖြစ်လာသည်။

**တရားသူကြီးမင်း ဦးသောင်းစိန်၊** ၁၉၀၆–ခုနှစ်တွင် သံလျင်၌ မွေးဖွားသည်။ အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (ICS)၊ တရားရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့် အကျဉ်းထောင်များဦးစီးချုပ် တာဝန်များကို ၁၉၄၇–ခုနှစ်တွင် တပြိုင်တည်း ထမ်းဆောင်ခဲ့ရသည်။ ၁၉၄၈–ခုနှစ် လွတ်လပ်ရေးရရှိချိန်မှ ၁၉၆၂–ခုနှစ်တွင် အနားယူချိန်အထိ တရားလွှတ်တော်၏ တရားသူကြီးမင်းတဦးဖြစ်၍၊ ၁၉၇၅–ခုနှစ်တွင် ဩစတြေးလျနိုင်ငံသို့ ကူးပြောင်းနေထိုင်ခဲ့သည်။ မဲလ်ဘုန်းမြို့ (Melbourne) တွင် ၁၉၈၉–ခုနှစ်၌ ကွယ်လွန်သွားခဲ့သည်။

**ဗိုလ်ချုပ်ထွန်းလှအောင်၊** ၁၉၀၂–ခုနှစ်တွင် ရန်ကုန်မြို့၌မွေးဖွားခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက် ဘုရင့်ရဲတပ်ဖွဲ့ဝင်နှင့် မှုခင်းစုံစမ်းစစ်ဆေးရေးဌာန၏ ဒု–ရဲချုပ်၊ ဦးစောနှင့်သူ့လူများကို လျင်မြန်စွာ ဖမ်းဆီးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ လေးစားမှုကို ခံခဲ့ရသည်။ တရားသူကြီးမင်း ဦးသောင်းစိန်နှင့် အတူတွဲ၍ ဦးစော၏ လုံခြုံရေးတာဝန်ကို ယူခဲ့ရသည်။ လွတ်လပ်ရေးရပြီးနောက် ရဲချုပ်ဖြစ်လာခဲ့ပြီး၊ ၁၉၄၈–ခုနှစ် လွတ်လပ်ရေးရပြီးနောက် ဩဂုတ်လတွင် ဗိုလ်ချုပ်ရာထူးဖြင့် ဒု–ဦးစီးချုပ်အဆင့်သို့ တိုးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၆၀–ခုနှစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့သည်။

**ကာတစ်၊ ဘင်နစ်, ဆာ ဖရက်ဒရစ် ဟင်နရီ (ဒဲရက်) ကေစီ** (Curtis- Bennett, Sir Frederick Henry (Derek) KC.၊ ၁၉၀၄ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ဘုရင့်ဥပဒေအကြံပေးပုဂ္ဂိုလ်ဖြစ်၍ ရာဇဝတ်မှုခင်းများတွင် အောင်မြင်ကျော်ကြားသော ဗြိတိန်နိုင်ငံသား ရှေ့နေတဦးဖြစ်သည်။ အထူးခုံရုံးတော်တွင် တရားပြိုင်ရာ၌ သူ့ကိုကာကွယ်ခုခံရန် အကြီးတန်းအကြံပေးအဖြစ် ဦးစောက ငှားရမ်းခန့်အပ်ခဲ့သည်။ ၁၉၅၆ ခုနှစ် ဇူလိုင်လ (၂၃) ရက်နေ့တွင် သူနေထိုင်ရာ လန်ဒန်တိုက်ခန်းထဲတွင် သေဆုံးလျက်ရှိသည်ကို တွေ့ရသည်။ ရင်ခွဲစစ်ဆေးသူဆရာဝန်က လွန်ခဲ့သည့် (၄–၅) ရက်ကပင် သူ့အနေဖြင့် သေဆုံးပြီးဖြစ်သည်ဟု ထင်မြင်ချက်ပေးသည်။ သို့ဖြစ်လျှင် သူသေဆုံးရက်သည် နာမည်ဆိုးဖြင့် ကျော်ကြားလျက် သေဒဏ်ကျခံခဲ့ရသော သူ၏အမှုသည် ကျူးလွန်ခဲ့သော ဇူလိုင်လ (၁၉) ရက် အမှု (၉) နှစ်ပြည့်မြောက်သည့် နေ့ရက်ခန့်တွင် ဖြစ်နေပေတော့သည်။







**ဗာတန်နစ် (စ်), ဘင်ဂျမင်ရာဖေးရယ်** (Vertannes,Benjamin Raphael)၊ ယခင်က စစ်တပ်မှ ဗိုလ်ကြီးတဦးဖြစ်၍၊ ထို့နောက် ရန်ကုန်မြို့ရှိ တရားလွှတ်တော်တွင် ရှေ့နေဖြစ် လာပြီး၊ ဦးစောအတွက် ခုခံကာကွယ်ပေးခဲ့သည့် အငယ်တန်း ဥပဒေအကြံပေးဖြစ်ခဲ့သည်။ မူလဇာတိအားဖြင့် မြန်မာနိုင်ငံမှဖြစ်သော်လည်း လွတ်လပ်ရေးရပြီးသည့်အခါ အငြိမ်းစားယူ၍ ဗြိတိန်နိုင်ငံသို့ ရွှေ့ပြောင်းသွားခဲ့သည်။

**ဘတ်စ် (ခ်)၊ မိုက်ကယ် အီး** (Busk, Michael E.)၊ ဒုတိယကမ္ဘာစစ်တွင် 'ချင်းဒစ်' (ex-Chindit) မှ စစ်ပြန်တဦးဖြစ်၍၊ ၁၉၄၀–ခုနှစ်များ၏ နောက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရဲတပ်ဖွဲ့တွင် လက်ထောက်ကော်မရှင်နာမင်းကြီး ဖြစ်လာကာ၊ လက်နက်ကိုင်ပုလိပ်တပ်ဖွဲ့ (Armed Police) အတွက် မြစ်ကြီးနားတွင် ကချင်တိုင်းရင်းသားများဖြင့် တပ်ရင်းတရင်း ဖွဲ့ခဲ့သည်။ ကပ္ပတိန် ဒေးဗစ်ဗီဗီယန်း (Capt, David Vivian) ကို သူက ဖမ်းခဲ့သည်။ (အောက်တွင်ရှု)။

**တွတ်ခ်, ကောလင်း** ( Tooke, Colin)၊ ၁၉၁၃–ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၃၃– ခုနှစ်မှစ၍ မြန်မာ့ပုလိပ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၅–၄၆–ခုနှစ်တို့၌ သာယာဝတီခရိုင် ရဲဝန်ထောက်ဖြစ်၍၊ ဦးစောအမှုကို လျှို့ဝှက်စုံစမ်းထောက်လှမ်းနေခဲ့သူဟု ယုံကြည်ရပြီး၊ ဦးစောနှင့်ပတ်သက်သော သူ့ဖိုင်တွဲများ အခိုးခံခဲ့ရသည်။ ၁၉၄၈–ခုနှစ်တွင် ရုတ်တရက် သေဆုံးသွားခဲ့သည်။

**ခန်း, အိပ် (ချ်)** (Khan,H)၊ စီးပွားရေးသမားတဖြစ်လဲ အငြိမ်းစားကြည်းတပ်ဗိုလ်ကြီး။ ရန်ကုန် အေဒီလမ်းရှိ ဦးစောနေအိမ်နှင့် မျက်နှာချင်းဆိုင်တွင် နေထိုင်သူ၊ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန ဒု–ရဲချုပ်၏ မေတ္တာရပ်ခံချက်အရ ဦးစော၏ ခြံဝင်းအား မျက်ခြည်မပြတ် စောင့်ကြည့်ကူညီခဲ့သည်။ တရားလိုပြသက်သေအမှတ် (၃၉)။

## နိုင်ငံရေးသမားများ

**ဗိုလ်အောင်ကြီး၊** ပေါင်းတည်မြို့၌ ၁၉၁၉–ခုနှစ်တွင်မွေးဖွားသည်။ ၁၉၄၅–ခုနှစ်တွင် ဂျပန်ဆန့်ကျင်ရေးလှုပ်ရှားမှု၌ မြစ်ဝကျွန်းပေါ်နှင့် ဖျာပုံခရိုင်အတွင်း ဗိုလ်နေဝင်း၏ လက်ရုံးအရာရှိတဦးအဖြစ် ပါဝင်လုပ်ကိုင်လာခဲ့သည်။

ထို့နောက်  လွတ်လပ်ရေးရအံ့ဆဲဆဲ တပ်မတော်ကို ပြန်လည်ဖွဲ့စည်းလိုက်သော

အခါ အမှတ်(၄) ဗမာ့သေနတ်ကိုင်တပ်ရင်းတွင် ဗိုလ်နေဝင်းလက်အောက်၌ အမှုထမ်းခဲ့သည်။ ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စည်းရုံးရေးမှူးတဦးဖြစ်သည်။ ၁၉၆၂–ခုနှစ်၌ ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းသည့်အခါ တော်လှန်ရေးကောင်စီဝင်တဦးဖြစ်လာသည်။ ၁၉၆၃–ခုနှစ်တွင် ထုတ်ပယ်ခံရပြီး ၁၉၈၈–ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင် နိုင်ငံရေးလောကသို့ ပြန်ဝင်လာခဲ့သည်။

**ဒေါက်တာဘမော်၊** ခရစ်ယာန်မိသားစုမှ ၁၈၉၇–ခုနှစ်တွင် မွေးဖွားခဲ့သည်။ အာမေနီယန်သွေး တစိတ်တပိုင်းပါသည်ဟုဆိုသည်။ ကိန်းဘရစ်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး၊ ဘော်ဒူးခ် ( Bordeaux) တက္ကသိုလ်မှ ပီအိပ်ချ်ဒီ (Ph.D) ဘွဲ့ရခဲ့သည်။ ရှေးဦးအစ ကျောင်းဆရာဘဝနှင့် ထို့နောက် ဝတ်လုံတော်ရဖြစ်လာသည်။ ဆင်းရဲသား ဝံသာနုပါတီကို ဖွဲ့စည်းခဲ့သည်။ ၁၉၃၆–ခုနှစ်မှ ၁၉၃၉–ခုနှစ်အထိ နန်းရင်းဝန်ဖြစ်သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်တပ်က ဖွဲ့ပေးသော အစိုးရအဖွဲ့၏ အဓိပတိဖြစ်ခဲ့ပြီး၊ ၁၉၄၇–ခုနှစ် လွတ်လပ်ရေးမရမီအချိန်တွင် အထိန်းသိမ်းခံရသည်။ ၁၉၇၇–ခုနှစ် မေလတွင် ကွယ်လွန်သွားခဲ့သည်။

**သခင်ဗစိန်၊** ၁၉၁၀–ခုနှစ်တွင် မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ သခင်ဗသောင်းတို့နှင့်အတူ ကွန်မြူနစ်ဝါဒကို ဦးစွာ လေ့လာခဲ့သော ကျောင်းသားခေါင်းဆောင်တဦးဖြစ်သည်၊ ထို့နောက် ၁၉၃၀–ခုနှစ် တို့ဗမာအစည်းအရုံးကို ရှေးဦးထူထောင်ခဲ့သူများထဲတွင် တဦးအပါအဝင်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရိုးတန်းအင်အားစုများအပေါ် လိုလားခဲ့သူဖြစ်သည်။ ထို့ကြောင့် ဂျပန်ခေတ်၌ သူ့အား မန်ချူးကိုးသို့ မြန်မာနိုင်ငံ၏ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းကို ခံရသည်။ ၁၉၄၇–ခုနှစ်တွင် လန်ဒန်သို့ ဦးအောင်ဆန်းနှင့်အတူ လိုက်ပါသွားခဲ့သည်။ လက်ျာနိုင်ငံရေးသမားဖြစ်သည်။

**ဦးဗဆွေ၊** ထားဝယ်မြို့၌ ၁၉၁၅–ခုနှစ်တွင်မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၀–ခုနှစ်များတွင် ကျောင်းသားခေါင်းဆောင်ဖြစ်ခဲ့သည်။ ၁၉၄၅–ခုနှစ်တွင် ဆိုရှယ်လစ်ပါတီ၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသော်လည်း သခင်မြကို ဦးစားပေးသည့်အနေဖြင့် နုတ်ထွက်ခဲ့သည်။ ထို့ကြောင့် သခင်မြ လုပ်ကြံခံရပြီးနောက်မှ ဆိုရှယ်လစ်ခေါင်းဆောင် ဖြစ်လာပြန်သည်။ (၁၉၅၆–၅၇) ခုနှစ်တွင် ခဏတာ ဝန်ကြီးချုပ်ဖြစ်ခဲ့သေးသည်။ သို့ရာတွင် ၁၉၆၂–ခုနှစ် ဗိုလ်နေဝင်း အာဏာသိမ်းလိုက်သည့်အခါ အဖမ်းခံရပြီး၊ ၁၉၆၆–ခုနှစ်တွင် ပြန်လွတ်လာသည်။ ၁၉၈၇–ခုနှစ်၊ ဒီဇင်ဘာလတွင် ကွယ်လွန်သည်။

**ဗိုလ်ခင်မောင်ကလေး၊** တောင်ငူမြို့၌ ၁၉၁၂–ခုနှစ်တွင် မွေးဖွားသည်၊ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ကြားခဲ့သည်။ ရှေးဦးအစ ကျောင်းဆရာလုပ်ခဲ့ပြီး၊ တပ်မတော်တွင် အရာရှိ







တဦးဖြစ်၍၊ ထို့နောက် ဂျပန်တော်လှန်ရေးအပြီး၊ လွတ်လပ်ရေးမရမီ ဆိုရှယ်လစ်ပါတီကို စတင်ထူထောင်ခဲ့သူ အဖွဲ့ဝင်တဦးဖြစ်ကာ၊ ၁၉၅၀–ခုနှစ်များတွင် ဦးနု၏ အစိုးရအဖွဲ့အတွင်း တာဝန်အများအပြားယူခဲ့သည်။ ထို့ကြောင့် ၁၉၆၂–ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းသည့်အခါ အဖမ်းခံရလျက်၊ ၁၉၆၆–ခုနှစ်တွင် ပြန်လွတ်လာသည်၊ ၁၉၈၅–ခုနှစ်၊ စက်တင်ဘာလတွင် ကွယ်လွန်သည်။

**ဦးကျော်ငြိမ်း၊** ပျဉ်းမနားမြို့၌ ၁၉၁၅–ခုနှစ်တွင် မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့ပြီး၊ ၁၉၃၀–ခုနှစ်များတွင် ကျောင်းသားခေါင်းဆောင်တဦးဖြစ်ခဲ့၍၊ ၁၉၄၆–ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်သေးမီ (ဖဆပလ) အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်အဖြစ်မှ ထုတ်ပယ်ခြင်းခံလိုက်ရသည့် ကွန်မြူနစ်ပါတီမှ သခင်သန်းထွန်း၏ နေရာကို ဆက်ခံခဲ့ရသည်။ ထို့နောက် ဦးနု ဝန်ကြီးချုပ်ဖြစ်ချိန်တွင် ပြည်ထဲရေးနှင့် တရားရေးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ဆိုရှယ်လစ်ပါတီ၏ ဒုတိယအကြီးဆုံးခေါင်းဆောင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ရ၍၊ ၁၉၆၂–ခုနှစ် ဗိုလ်ချုပ်နေဝင်း အာဏာသိမ်းသည့်အခါ၌ အဖမ်းခံခဲ့ရပြီး ၁၉၆၆–ခုနှစ်တွင် ပြန်လွတ်လာသည်။ ၁၉၈၆–ခုနှစ်၊ ဇွန်လတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားခဲ့သည်။

**ဦးနု (ခ) သခင်နု၊** ဝါးခယ်မမြို့၌ ၁၉၀၇–ခုနှစ်တွင် မွေးဖွားသည်၊ ၁၉၃၀–ခုနှစ်များတွင် တို့ဗမာအစည်းအရုံးကို စတင်ထူထောင်ခဲ့သူများထဲတွင် တဦးအပါအဝင်ဖြစ်သည်။ ၁၉၄၇–ခုနှစ်၊ ဇူလိုင်လတွင် ဝန်ကြီးချုပ်အဖြစ် အများသဘောတူ တင်မြှောက်ခြင်းခံရလျက် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကာလများအတွင်း ဆူပူသောင်းကျန်းမှုများ ဖြစ်ပွားနေသည့်ကြားမှ ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့များတွင် သူသာလျှင် ဝန်ကြီးချုပ်အဖြစ် အကြာဆုံးဆောင်ရွက်ခဲ့ရသူဖြစ်သည်။ သို့သော် ၁၉၆၂–ခုနှစ်တွင် ဗိုလ်ချုပ်နေဝင်းက သူ့အား ရာထူးမှဖယ်ရှားခဲ့ပြီး ဖမ်းဆီးထောင်ချခဲ့သည်။ ၁၉၆၆–ခုနှစ်တွင် ပြန်လည်လွတ်လာပြီး ဗိုလ်ချုပ်နေဝင်း စစ်အစိုးရကို ဆန့်ကျင်တော်လှန်ရေးအတွက် စည်းရုံးရန် ပြည်ပသို့ထွက်ခွာခဲ့သည်။ ၁၉၈၀–ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်ပေးရာတွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာပြီး သူ ဝန်ကြီးချုပ်ဘဝက လုပ်လက်စ ပိဋကတ် ဘာသာပြန်လုပ်ငန်းကို ပြန်လုပ်နေဆဲတွင် ၁၉၈၈–ခုနှစ် ဒီမိုကရေစီအရေးတော်ပုံတွင် ပါဝင်ကာ စက်တင်ဘာလ (၉) ရက်နေ့တွင် သူကိုယ်တိုင် ဝန်ကြီးချုပ်အဖြစ်နှင့် ကြားဖြတ်အစိုးရအဖွဲ့ကို ကြေညာခဲ့သည်။ ထို့ကြောင့် အစိုးရက သူ့အား ၁၉၈၉–ခုနှစ် ဒီဇင်ဘာလမှ ၁၉၉၂–ခုနှစ် ဧပြီလအထိ အိမ်တွင်း အကျယ်ချုပ်ချထားခြင်း ခံခဲ့ရသည်။ ထို့နောက် ၁၉၉၅–ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားသည်။

**သခင်ရှုမောင်၊ (ခ) ဗိုလ်နေဝင်း၊** ပြည်မြို့အနီးရှိ ပေါင်းတလည်မြို့၌ ၁၉၁၀–ခုနှစ်တွင်

မွေးဖွားသည်။ ရန်ကုန်မြို့ ဂျပ်ဆင်ကောလိပ်၌ ပညာသင်ကြားခဲ့သော်လည်း ၁၉၃၁–ခုနှစ်တွင် ဘွဲ့မရဘဲ ကျောင်းမှထွက်ခွာခဲ့ရသည်။ စာတိုက်စာရေးမှ ရဲဘော်သုံးကျိပ်ဝင်ဖြစ်လာပြီးနောက် ၁၉၄၃–ခုနှစ်မှ ၁၉၄၅–ခုနှစ်အထိ မြန်မာ့အမျိုးသားတပ်မတော်၏ စစ်ဦးစီးမှူးဖြစ်သည်။ တဖန် ၁၉၄၉–ခုနှစ်မှ ၁၉၇၂–ခုနှစ်အထိ တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆောင်ရွက်ကာ၊ ၁၉၆၂–ခုနှစ်တွင် စစ်တပ်ဖြင့် နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ထို့ကြောင့် ၁၉၆၂–ခုနှစ်မှ ၁၉၇၄–ခုနှစ်အထိ တော်လှန်ရေးကောင်စီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၇၄–ခုနှစ်မှ ၁၉၈၁–ခုနှစ်အထိ ဆိုရှယ်လစ်နိုင်ငံ သမ္မတအဖြစ်လည်းကောင်း၊ ၁၉၆၂–ခုနှစ်မှ ၁၉၈၈–ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြိုင်ဘက်ကင်းဘဲ ဆောင်ရွက်ခဲ့၍၊ ယခုအချိန်တွင် (မဆလ) ပါတီကို ဖျက်သိမ်းလိုက်သော်ငြားလည်း၊ ယနေ့အထိ သူ၏ သြဇာနှင့်အာဏာမှာ စစ်တပ်ထဲတွင် နက်ရှိုင်းစွာ စူးဝင်နေဆဲဟု ယူဆနေခဲ့သော်လည်း သူ၏တန်ခိုးအာဏာ ညှိုးမှိန်လာသည်။ ၂၀၀၂ ခုနှစ်၊ မတ်လတွင် မြေး (၃) ယောက်နှင့် သမက်တို့ နိုင်ငံတော်သစ္စာဖောက်မှုဖြင့် ဖမ်းဆီးခြင်းခံကြရပြီးနောက် သူကိုယ်တိုင်ပင် အကျယ်ချုပ်ခံနေရစဉ် ဒီဇင်ဘာလ (၅) ရက်နေ့တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားသည်။

**သခင်သန်းထွန်း၊** ပျဉ်းမနားမြို့၌ ၁၉၁၅–ခုနှစ်တွင် မွေးဖွားခဲ့သည်။ ကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့၍ ဂျပန်ခေတ် ဒေါက်တာဘမော် အစိုးရအဖွဲ့၌ ဝန်ကြီးရာထူးလက်ခံခဲ့ပြီး၊ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီးဒေါ်ခင်ကြည်၏ အစ်မဖြစ်သူ ဒေါ်ခင်ခင်ကြီးကို လက်ထပ်ယူခဲ့သည်။ ၁၉၄၉–ခုနှစ်အထိ (ဖဆပလ)အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ကွန်မြူနစ်ပါတီ နှစ်ခြမ်း ကွဲသွားပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ (BCP) ၏ ခေါင်းဆောင် ဖြစ်လာပါသည်။ ယင်းပါတီသည် ၁၉၄၈–ခုနှစ် မတ်လတွင် မြေအောက်ပါတီအဖြစ်ဖြင့် ဗဟိုအစိုးရကို လှုပ်ရှားတက်ကြွစွာ ပုန်ကန်ခဲ့သည်။ နောက်ဆုံး ၁၉၆၈ ခုနှစ်တွင် ပဲခူးရိုးမတောထဲ၌ သူ့လူယုံတော် ရဲဘော်မြသိန်း၏ လုပ်ကြံခြင်းခံခဲ့ရသည်။

**ဦးတင်ထွဋ်၊** ၁၈၉၅–ခုနှစ်တွင် မွေးဖွားသည်။ ဒါးလ်ဝစ်ချ် ကောလိပ် (Dulwich College) နှင့် ကိန်းဘရစ်တက္ကသိုလ် ( Cambridge University) တို့တွင် ပညာသင်ကြားခဲ့သည်။ အိန္ဒိယပြည်သူ့ဝန်ထမ်း (ICS) တဦးဖြစ်ပြီး၊ ရန်ကုန်တက္ကသိုလ်၏ ဒု–အဓိပတိ (Vice-Chancellor) ဖြစ်ခဲ့သည်။ ဒိုင်အာခီခေတ်နှင့် (၉၁) ဌာနခေတ်များ၌ ဝန်ကြီးအဖွဲ့ အတော်များများတွင် အတွင်းဝန်ချုပ်အဖြစ် ဆောင်ရွက်ခဲ့ရပြီး၊ ၁၉၄၈–ခုနှစ် လွတ်လပ်ရေးရချိန်







တွင် နိုင်ငံခြားရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။ ၁၉၄၈–ခုနှစ် သြဂုတ်လတွင် ဗိုလ်မှူးချုပ်ရာထူးဖြင့် အရန်တပ်ဖွဲ့များ ဦးစီးရန် ဝန်ကြီးအဖွဲ့မှနုတ်ထွက်ပြီး သူ အုပ်ချုပ်တည်းဖြတ်လျက်ရှိသော (The New Burma Times) သတင်းစာတိုက်ရှေ့တွင် စက်တင်ဘာလအတွင်း လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်။ သူ၏အစ်ကိုမှာ တရားလွှတ်တော်ချုပ်၊ တရားဝန်ကြီးချုပ် ဦးကျော်မြင့်ဖြစ်သည်။

**သခင်ထွန်းအုပ်၊** ၁၉၀၇–ခုနှစ်တွင် မွေးဖွားသည်၊ ရန်ကုန်နှင့် ကိုလံဘိုမြို့တို့တွင် ပညာသင်ကြားခဲ့၍ တို့ဗမာအစည်းအရုံး၏ အခြားစစ်အုပ်စု၏ ခေါင်းဆောင် (သခင် ဗစိန်နှင့် အတူ၊ ဗိုလ်နေဝင်းလည်း ထိုအုပ်စုတွင်ပါဝင်သည်) သူသည် ဟစ်တလာ (Hitler's) ၏ 'မိုင်ကန့်' (Mein Kampf) လမ်းကြောင်းအတိုင်း ရေးသားထားသော ကျွန်ုပ်တို့ စွန့်စားခန်း' (Our Exploits) ကို ရေးသားသူဖြစ်ပြီး၊ ၁၉၄၀–ခုနှစ်တွင် ဂျပန်သို့ လိုက်ပါသွားခဲ့သည်။

၁၉၄၀–ခုနှစ်များနှင့် ၁၉၅၀–ခုနှစ်များတွင် အတိုက်အခံ လက်ျာနိုင်ငံရေးသမားဘဝ၌ ရပ်တည်ရင်း ၁၉၇၀–ခုနှစ် ဇန်နဝါရီလတွင် ကွယ်လွန်သွားခဲ့သည်။

## ကိုလိုနီအာဏာပိုင်များ

**အက်တလီ၊ အားလ်ကလီမင့်၊ အာ၊** (Atlee, Earl Clement R.)

၁၈၈၃ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၁၉၄၅–၅၁ ခုနှစ်တွင် လေဘာပါတီ၏ ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန်သို့ဖိတ်ခေါ်၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၁၃) ရက်နေ့မှစ၍ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုအဆုံးသတ်နိုင်ခဲ့သည်။ ဦးစောအပေါ် ဗြိတိသျှဝန်ကြီးချုပ်၏ အစအဦးအမြင်များမှာ ဂုဏ်ယူဖွယ်မရှိပါ။ မြန်မာ့လွတ်လပ်ရေးနှင့် ယင်းနှင့်ဆက်နွှယ်နေသော ကိစ္စရပ်များနှင့်ပတ်သက်၍ နောက်ပိုင်းတွင် နု–အက်တလီစာချုပ်ကို လန်ဒန်တွင် ၁၉၄၇ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။ အက်တလီသည် ၁၉၆၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

**ဒေါ်မန်စမစ်၊ ဆာ–ရီဂျင်နယ် ဟျူး** ( Dorman-Smith, Sir Reginald Hugh)

၁၈၉၉–ခုနှစ်တွင် မွေးဖွားခဲ့ပြီး (၁၉၃၅–၄၁) ခုနှစ်များတွင် ကွန်ဆာဗေးတစ် (Conservative MP) အမတ်ဖြစ်ခဲ့၍၊ ဗြိတိသျှဝန်ကြီးအဖွဲ့အတော်များများတွင် ဝန်ကြီးအဖွဲ့ဝင်

အဖြစ်လည်းကောင်း၊ (၁၉၄၁–၄၆) ခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ဘုရင်ခံတဦးဖြစ်ကာ ဦးစောနှင့်လည်း များစွာ အကျွမ်းဝင်သူတဦးဖြစ်သည်။ ထိုနောက် ဗြိတိသျှ အမျိုးသားရေး ပြည်သူ့ဝန်ထမ်းသို့ ပြန်မဝင်သော်လည်း ဟန့်ရှိုင်းယားနယ် တာဝန်ယူရသော အဆင့်မြင့်ရဲမှူး (High Sheriff of Hampshire) နှင့် ပြေငြိမ်းရေး တာဝန်ခံ (JP) အလုပ်များ လုပ်ကိုင်ပါသည်။ ၁၉၇၇–ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

**လိတ်ဝိတ်၊ ဆာဂျွန်ဂီးလ်ဘတ်၊** ( Laithwaite, Sir John Gilbert)

၁၈၉၄–ခုနှစ်တွင် မွေးဖွားသည်။ ၁၉၁၉–ခုနှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ နိုင်ငံခြားရေးဌာနသို့ ဝင်ရောက်အမှုထမ်းခဲ့၍ (၁၉၃၉–၄၃) တွင် ဘုရင်ခံ၏ ကိုယ်ရေးအတွင်းဝန်အဖြစ် အမှုထမ်းဆောင်ခဲ့သည်။ (၁၉၄၅–၄၈) ခုနှစ်များတွင် နိုင်ငံခြားရေးဌာန၌ မြန်မာနိုင်ငံဆိုင်ရာ လက်ထောက်အတွင်းဝန် ( Deputy Under Secretary of State) အဖြစ် တာဝန်ယူခဲ့သည်။

**လစ်တိုဝဲလ်၊ (၅) ဆက်မြောက် အားလ်အော့ဖ် (ဝီလီယံ ဖရန့်စစ်ဟဲယား)**

( Listowel, the 5th. Earl of (William Francis Hare)

၁၉၀၇–ခုနှစ်တွင် မွေးဖွားသည်၊ ၁၉၄၇–ခုနှစ် ဧပြီလမှစ၍ နိုင်ငံခြားရေးဌာန၌ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်အဖြစ်လည်းကောင်း၊ (၁၉၄၇–ခု၊ ဩဂုတ်လမှ ၁၉၄၈–ခု၊ ဇန်နဝါရီလအထိ) မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၇–ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

**မောင့်ဘက်တန်၊ ဗစ်ကောင့် မောင့်ဘက်တန် အော့ဖ် ဘားမား**

**(ရေတပ်ဗိုလ်ချုပ် လော့–လူဝစ်–ဖရန်စစ်–အဲလဲဘတ်–ဗစ်တာ–နီကိုလက်စ်)**

(Mountbatten, Viscount Mountbatten of Burma (Rear-Admiral Lord Louis Francis Albert Victor Nicholas)

၁၉၀၀–ပြည့်နှစ်တွင် မွေးဖွားသည်။ (၁၉၄၃–၄၆) နှစ်များတွင် အာရှ၏ မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ်အဖြစ် တာဝန်ယူခဲ့ရသူဖြစ်သည်။ ထို့နောက် (၁၉၄၇၊ မတ်လမှ ဩဂုတ်လအထိ) အိန္ဒိယနိုင်ငံ၏ ဘုရင့်အုပ်ချုပ်ရေးအာဏာပိုင် (Viceroy) အဖြစ်လည်းကောင်း၊ ဘုရင်ခံချုပ် (Governor-General) အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား လေးစားလျက် လွတ်လပ်သော မြန်မာပြည်၏ခေါင်းဆောင်အဖြစ် များစွာ အရေးပေးခဲ့သူဖြစ်သည်။ ၁၉၇၉–ခု၊ ဩဂုတ်လတွင် သတ်ဖြတ်ခြင်းခံရသည်။







**ရန့်၊ ဗိုလ်ချုပ် ဆာ၊ ဟျူးဘတ်** (Rance, Major-General Sir Hubert)

၁၈၉၈–ခုနှစ်တွင် မွေးဖွားသည်။ (၁၉၄၃–၄၅) နှစ်များတွင် ယူကေ အနောက်ပိုင်း စစ်ဦးစီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ပြီး (၁၉၄၅–၄၆) နှစ်များတွင် မြန်မာနိုင်ငံဆိုင်ရာ မြို့ပြရေးရာ ညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ တဖန် ၁၉၄၆–ခု၊ ဩဂုတ်လမှ ၁၉၄၈–ခု၊ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ နောက်ဆုံး ဘုရင်ခံအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ၏ အထူးထူးအထွေထွေ လူမျိုးရေးရော ဝါဒရေးပါ ကွဲပြားနေကြသည့် နိုင်ငံရေးအုပ်စုများ အကြားတွင် ဘက်မလိုက်ဘဲ ဖြောင့်မတ်စွာ တာဝန်ထမ်းဆောင်ခဲ့သူတဦးဖြစ်သည်။ (၁၉၅၀–၅၄) တွင် ထရင့်နင်ဒက်နှင့် တိုဘာကိုးနိုင်ငံ၏ ဘုရင်ခံနှင့် စစ်သေနာပတိချုပ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄–ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

# သူတို့ဘယ်သူတွေလဲ

**ဘင်ဂလေ၊ ဂျွန်စတျူးဝပ်** ( Bingley, John Stewart )

၁၈၉၉–ခုနှစ်တွင် မွေးဖွားခဲ့သည်။ (၁၉၄၆–၄၇) ခုနှစ်များအတွင်း မြန်မာနိုင်ငံတွင် ဗြိတိသျှကောင်စီ ( British Council) ၏ ကိုယ်စားလှယ်အဖြစ် ရန်ကုန်မြို့၌ နေထိုင်ခဲ့သည်။ ဦးစောက အင်းစိန်ထောင်ထဲမှ စာအချို့ သူ့ထံရေးသားပြီး ငွေတောင်းခံခဲ့သည်။ ထောက်လှမ်းရေးလုပ်ငန်းများတွင် သူ ပါဝင်ပတ်သက်နေသည်ဟု သခင်နု၊ ဦးကျော်ငြိမ်းနှင့် အချို့ပုဂ္ဂိုလ်များက အကြီးအကျယ်သံသယဖြစ်ကြသည်။ ၁၉၄၇–ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံမှ အလောသုံးဆယ် ထွက်ခွာသွားခဲ့သည်။ ၁၉၇၉–ခုနှစ်တွင် ဗြိတိန်နိုင်ငံ၊ ဆရေး (Surrey) နယ်တွင် ကွယ်လွန်သွားသည်။

**ဒိန်း၊ ဗိုလ်မှူး ပီတာအားနက် လန့်စ်လော့** ( Daine, Major Peter Ernest Lancelot)

၁၉၂၃–ခုနှစ်တွင် မွေးဖွားခဲ့သည်။ အိန္ဒိယ အချက်ပြဆက်သွယ်ရေးတပ်၌ ၁၉၄၄–မှ စတင်၍ အရာရှိအဆင့်ကို ရရှိခဲ့သည်။ ၁၉၄၇–ခုနှစ်တွင် ဗမာ့စစ်ဦးစီးဌာနချုပ် ထောက်လှမ်းရေးတပ်၌ တာဝန်ထမ်းဆောင်လျက်၊ မင်္ဂလာဒုံ မြောက်ဘက်ရှိ ပင်မ ခဲယမ်းမီးကျောက်တိုက်၏ တပ်မှူးလည်းဖြစ်သည်။ ဦးစောတပည့်များ ထုတ်ယူသွားသော လက်နက်များနှင့် ပတ်သက်၍ သူ့အား ဖမ်းဆီးခြင်းမရှိ။

**မိုး၊ ဗိုလ်မှူး ဂျေ၊ အေ** (Moore, Major J.A)

၁၉၀၈–ခုနှစ်တွင် မွေးဖွားသည်။ အိန္ဒိယတပ်မတော်၏ လက်နက်ကြီးတပ်မှ အရာရှိတဦးဖြစ်ပြီး၊ ဗိုလ်တထောင်ရှိ ပင်မခဲယမ်းမီးကျောက်တိုက်၏ တပ်မှူးဖြစ်ပါလျက် ဦးစော

တပည့်များ ထုတ်ယူသွားသည့် လက်နက်များနှင့်ပတ်သက်၍ သူ့ကို ဖမ်းဆီးခဲ့သော်လည်း ပြစ်ဒဏ်ကျခံရခြင်းမရှိ။

**ဗီဗီယန်း၊ ကပ္ပတိန် ဒေးဗစ်** (Vivian, Captain David)

၁၉၃၂ ခုနှစ်တွင် စတင် အရာရှိဖြစ်လာသည်။ အိန္ဒိယတပ်မတော်မှ မြန်မာလက်နက်ကိုင်ပုလိပ်တပ်ဖွဲ့သို့ လက်နက်အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ရန် လွှဲပြောင်းခြင်းခံရလျက်၊ ဇူလိုင်လ (၂၀) ရက်တွင် အဖမ်းခံရပြီး လက်နက်များ ရောင်းချမှုဖြင့် စွဲချက်တင်ခံရသည်။ ထောင်ဒဏ် (၅) နှစ်နှင့် ရူပီးငါးထောင် ငွေဒဏ် (၂) ခု ပူးတွဲ အပြစ်ပေးခံရသည်။ သို့သော် ၁၉၄၉–ခုနှစ် အင်းစိန်ကို ကရင်လက်နက်ကိုင်သူပုန်တပ်များ သိမ်းပိုက်ရာတွင် လွတ်မြောက်ခဲ့သဖြင့် ကရင့်တော်လှန်ရေးသမားများနှင့် ပူးပေါင်းခဲ့သည်။ ထို့နောက် အလယ်ရိုးမပုတာဆင့် အရှေ့ရိုးမတောတွင်း လက်နက်ကိုင် ကရင်စခန်းများသို့ ရောက်သွားရာမှ ၁၉၅၀–ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနယ်စပ်အနီးရှိ ကော့ကရိတ်နယ်မြေအတွင်း လယ်တဲတခု၌ ကရင့်တော်လှန်ရေးခေါင်းဆောင် စောဘဦးကြီးနှင့်အတူ ခေတ္တစခန်းချနေခိုက် ဗမာ့တပ်မတော်နှင့် တိုက်ပွဲဖြစ်ကာ အသတ်ခံရသည်ဟု မြန်မာအာဏာပိုင်များကယူဆခဲ့သော်ငြားလည်း အမှန်စင်စစ် ထိုနေ့က ထိုနေရာတွင် သူမရှိခဲ့ပါ။ ၁၉၅၀–နှစ်လယ်ခန့်၌ ထိုင်းနိုင်ငံမှတဆင့် ဗြိတိန်နိုင်ငံသို့ ပြန်သွားသည့်အချိန်အထိ သူသည် နှစ်ပေါင်းများစွာ ကရင်တော်လှန်ရေးသမားများနှင့် လွတ်မြောက်နယ်မြေများအတွင်း နေထိုင်ခဲ့သည်။ ထို့နောက် (၁၉၈၀) ခုနှစ်အတွင်း ဝေလနယ်၊ ဆွမ်စီးမြို့တွင် ကွယ်လွန်သွားခဲ့သည်။

**ရန်း၊ ဗိုလ်မှူး စီဟင်နရီ** ( Young, Major C. Henry)

အိန္ဒိယတပ်မတော် လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံတပ်ခွဲ၏ တပ်မှူးတဦးဖြစ်၍ ဦးစောကို လက်နက်ပေးကမ်းခဲ့မှုဖြင့် ၁၉၄၇–ခု၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် အဖမ်းခံရပြီး ထောင်ဒဏ် (၂) နှစ် အပြစ်ပေးခံရသော်လည်း အသနားခံစာတင်သဖြင့် လွှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံမှ ချက်ချင်း ထွက်ခွာသွားခဲ့ပါသည်။

## မြန်မာအမည်များနှင့် ပတ်သက်သော မှတ်ချက်

**ဦးမေအောင်**

ကျွန်တော့်ဘခင်ဘက်မှ အဖိုး ဦးမေအောင် ရေးသားခဲ့သည့် "နည်းဟန်နှင့်ဓလေ့ထုံးစံ" (Manners & Customs) ဆောင်းပါးမှ ကောက်နုတ်ချက်များကို အောက်ပါအတိုင်း ဖော်ပြပါမည်။ ဤဆောင်းပါးသည် လိုက်ဂရိတ်တာ ဗြိတိန်စာအုပ် ထုတ်ဝေရေးကုမ္ပဏီလိမိတက်မှ ၁၉၁၀ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် "မြန်မာနိုင်ငံ၏ ၂၀ ရာစုအမြင်များ" (Twentieth Century Impressions of Burma) ၎င်း၏ "သမိုင်း၊ ပြည်သူ၊ ကုန်သွယ်မှု၊ စက်မှုလက်မှုလုပ်ငန်းများနှင့် သယံဇာတအရင်းအမြစ်များ" ဂျာနယ်တွင် ထည့်သွင်းထားခြင်းဖြစ်သည်။ (စာမျက်နှာ–၇၇ နှင့် ၈၈)။

"မွေးဖွားခြင်းနှင့်ကလေးဘဝ။ အခြားတိုင်းပြည်များမှ ကလေးငယ်များကဲ့သို့ပင် မြန်မာကလေးငယ်များမှာ လူ့လောကအတွင်းသို့ ပျော်ရွှင်မြူးတူးခြင်းများစွာဖြင့် ကြွေးကြော်ဝင်ရောက်လာခဲ့သည်။...

ကလေးမွေးဖွားပြီး (၇) ရက်မြောက်သည့်တိုင် လာရောက်သတင်းမေးမြန်းသူ ဧည့်သည်များအား တနေ့ပတ်လည်လုံး ဧည့်ခံလေ့ရှိသည်။......အဓိကပြောဆိုသည့် အကြောင်းအရာမှာ ကလေးငယ်အကြောင်းဖြစ်သည်။ သူမွေးဖွားလာသည့် ရက်နှင့် လတို့နှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ သူ့အနာဂတ်နှင့်ပတ်သက်၍ ပျော်ရွှင်ဖွယ်ကောင်းသော နိမိတ်ဖတ်မှုများကို ပြုလုပ်ကြသည်။ ဝါဆိုလ (ဇွန်၊ ဇူလိုင်) တွင်မွေးသော ယောက်ျားလေးနှင့် ပြာသိုလ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ) တွင်မွေးသော မိန်းကလေးတို့မှာ လူ့လောက၏ ကောင်းချီးထောပနာအဝဝကို ခံစားရမှာကျိန်းသေသည်။ ဗုဒ္ဓဟူးသားသည် ချမ်းသာမည်၊ သောကြာသား စကားများမည် စသည်စသည်တို့အပြင် အခြားအကြောင်းအရာမျိုးစုံကို ကလေးငယ်တယောက် မွေးဖွားချိန်တွင် မလွဲမသွေပြောကြဆိုကြသည်။ ပုဏ္ဏားကဲ့သို့သော ဆရာတပါးပါး (ကျောင်းဆရာ သို့မဟုတ် ပညာရှိတဦးဦး) ကို ပင့်ဖိတ်ပြီး ကလေးမွေးဖွားလာသည့် နက္ခတ်အချိန်ကို မှတ်သားစေကာ ကလေးငယ်၏ အမည်နာမ ရွေးချယ်ရာ၌ ကူညီညွှန်ပြစေသည်။ မြန်မာလူမျိုးတို့တွင် (ရခိုင်လူမျိုးတို့မှလွဲ၍) မိဘမျိုးရိုးနာမည်အစဉ်ကို ယူရိုးမရှိချေ။ မည်သည့်အရပ်တကာတွင်မဆို နာမည်တို့မှာ တပုံစံတည်းဖြစ်ပြီး မိဘမျိုးရိုးစဉ်ဆက်ကို ပြသရိုးမရှိချေ။ အများစုမှာ နာမည် (၂) မျိုးရှိပြီး တမျိုးမှာ နက္ခတ်အလိုအရ ဇာတာတွင် ထည့်သွင်းသောအမည်နာမဖြစ်၍ အခြားတမျိုးမှာ သင့်သလို ရွေးလိုက်ခြင်းသော်လည်းကောင်း၊ မိဘများ စိတ်ကူးမိသလိုလည်းကောင်း၊ ပြောင်လှောင်ခေါ်ရင်းမှ မွမ်းမံပြင်ဆင်၍သော်လည်းကောင်း မှည့်ခေါ်လိုက်သည့် အမည်နာမဖြစ်သည်။ ပထမနာမည်မျိုးမှာ ရှေးရိုးစဉ်လာအသုံးပြုလာသည့် နာမည်များဖြစ်၍ ယင်းကိုကြည့်ခြင်းဖြင့် ကလေးငယ်မွေးဖွားလာသည့် ရက်သတ္တပတ်အတွင်းမှ နေ့ရက်ကို မှန်ကန်စွာပြောဆိုနိုင်သည်။ မြန်မာအက္ခရာများမှ စကားလုံးများကို ရက်သတ္တပတ် (၇) ရက်မှ (၁) ရက်စီအား အချိုးချပေးထားသည်။ က၊ ခ၊ ဂ၊ ဃ၊ င တို့သည် တနင်္လာနေ့အတွက်။ စ၊ ဆ၊ ဇ၊ ဈ၊ ည တို့သည် အင်္ဂါနေ့အတွက်၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ တို့သည် ကြာသပတေးနေ့အတွက် စသဖြင့်။ သို့ဖြစ်၍ အင်္ဂါနေ့သားသည် မောင်စိန် (သို့မဟုတ်) မောင်ဇော်၊ ကြာသပတေးနေ့ သမီးသည် မဖြူ (သို့မဟုတ်) မမြ စသဖြင့် ဖြစ်လာသည်။ မောင်နှင့်မ စကားလုံးတို့မှာ (Master or Mister and Miss) တို့နှင့် တူညီပြီး ယောက်ျား၊ မိန်းမလိင်ကို ညွှန်ပြသည့်

ယဉ်ကျေးသိမ်မွေ့စွာ အသုံးပြုသော နာမည်ရှေ့စည်းများဖြစ်ကြသည်။ နာမည်ရှေ့စည်းကို ထည့်မတွက်လျှင် နှစ်လုံးတွဲအမည်များဖြစ်သည့် မောင်သာခင်၊ မောင်ဖိုးတက်၊ မောင်ဘရှင်၊ မစန်းမေ၊ မငွေဘွင့်၊ မဖွားမြစ်တို့မှာ အသုံးများပြီး သုံးလုံးတွဲ၊ လေးလုံးတွဲ နာမည်များမှာ ရခိုင်လူမျိုးတို့မှလွဲ၍ အသုံးနည်းသည်။ မြန်မာစာမှာ ဗျည်းတလုံးစီအသံထွက်ပြီး နာမည်၏ စကားလုံးတိုင်းတွင် အဓိပ္ပာယ်ရှိသည်။ သို့သော်လည်း နာမည်ဆိုသည်မှာ အဓိပ္ပာယ်သက်ရောက်စေချင်သလို ယေဘုယျ သို့မဟုတ် လိုအပ်သလို ရည်ညွှန်းမှည့်ခေါ်ထားခြင်းဖြစ်သည်ဟု အချို့စာရေးသူများ ရေးသကဲ့သို့ ယူဆမည်ဆိုလျှင်လည်း မှားယွင်းပါသည်။ သို့သော်လည်း အချို့နေရာများတွင် ထိုကဲ့သို့ မှည့်ခေါ်လေ့ရှိကြပြန်သည်။ ဥပမာအားဖြင့် မောင်ဘချစ် (ဖခင်၏အချစ်) သို့မဟုတ် မဖွားသက် (အဖွား၏အသက်) စသဖြင့်၊ ယခုခေတ်တွင်မူ ကလေးငယ်တဦး၏နာမည်ကို သင့်သလို ကြုံသလိုလည်းကောင်း သို့မဟုတ် လူတဦးတယောက် စိတ်ကူးမိသလိုလည်းကောင်း သို့မဟုတ် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တဦးဦး၏ အမည်နာမကို ယူခြင်းဖြင့်သော်လည်းကောင်း မှည့်ခေါ်ကြသည်။ လူတဦးတယောက်၏ ဘဝနောက်ပိုင်းတွင် မောင် (သို့မဟုတ်) မ ဟူသည့် နာမည်ရှေ့စည်းသည် ပြောင်းသွားသည်ကို ဤနေရာတွင် ဖော်ပြရန်လိုပေသည်။ အကြမ်းဖျင်းအားဖြင့် အသက် (၂၀) နှင့် (၃၅) နှစ်အကြား ယောကျ်ားတဦးကို နာမည်ရှေ့စည်း "ကို" (အကို) ဟု သုံးနှုန်းပြီး အသက် (၃၀) နှစ်အထက် လူတဦးကို "ဦး" (ဦးလေး၊ ဦးကြီး) ဥပမာအားဖြင့် ကိုဘခိုင်၊ ဦးသာလူ စသဖြင့် ခေါ်ဝေါ်ပေလိမ့်မည်။ အလားတူပင် လူလတ်ပိုင်းအမျိုး သမီးတဦးကို "ဒေါ်" (အဒေါ်) တပ်ခေါ်ပေလိမ့်မည်။ ဥပမာအားဖြင့် ဒေါ်စော။ ယင်းတို့မှာ ယဉ်ကျေးသိမ်မွေ့စွာသုံးသော နာမည်ရှေ့စည်းများဖြစ်ပြီး အသက်အရွယ်ကြီးမားသူနှင့် လူနေမှုအဆင့်မြင့်မားသူများ၏ အမည်နာမကို ရည်ညွှန်းရာ၌ သုံးစွဲရန် လုံးဝဉဿုံလိုအပ်ပါသည်။ အလားတူ ရှေ့စည်းများဖြစ်သည့် ဖိုး (အဖိုး) နှင့် ဖွား (အဖွား) တို့ကိုမူ ယခုအခါ မြင်ရခဲပါသည်။ မြန်မာအမျိုးသမီးတဦးသည် လက်ထပ်ထိမ်းမြားပြီးနောက် သူမနာမည်ကို ပြောင်းလဲခြင်းမရှိဘဲ ဘဝတလျှောက်လုံး ကိုယ်ပိုင်နာမည်အဖြစ် ထိန်းသိမ်းထားခြင်းနှင့် အင်္ဂလိပ်အသုံးဖြစ်သည့် မစ္စစ် (Mrs) နှင့် အလားတူ မြန်မာစကားလုံးမရှိခြင်းသည် ထူးခြားချက်တရပ်ဖြစ်သည်။"

မြန်မာနာမည်ရှေ့စည်းများအသုံးကို ပိုမိုပြည့်စုံစေရန် အောက်ပါတို့ကို ထပ်မံဖြည့်စွက်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့အုပ်ချုပ်သူများ သုံးစွဲသည့်အခေါ်ပုံစံ (Master, Mistress) (စစ်အတွင်း မြန်မာနိုင်ငံကို ဝင်ရောက်သိမ်းပိုက်ထားစဉ်က ဂျပန်များပင်လျှင် မာစတာ Master ဟု သူတို့ကို ခေါ်ဝေါ်စေခဲ့သည်) ကို အန်တုသည့်အနေဖြင့် တို့ဗမာအစည်းအရုံးဝင် အမျိုးသား အမျိုးသမီးများအနေဖြင့် သခင်နှင့် သခင်မ (Master and Mistress) ဟူ၍







၁၉၃၀ ခုနှစ်များအတွင်း ကိုယ့်ကိုယ်ကို ခေါ်ဝေါ်သုံးစွဲလာကြသည်။ အစည်းအရုံး၏ နာယကကြီးဖြစ်သူ သခင်ကိုယ်တော်မှိုင်းက သခင်အပြင် ကိုယ်တော်ဟူသည့်အသုံးကို မှူးမတ် (a lord) ဖြစ်သည့်အနေဖြင့် ထပ်တိုးကာ အထူးပြုသုံးစွဲခဲ့သည်။

ဗိုလ်ဟူသည့်အသုံးကို စစ်တပ်အရာရှိများမှာကဲ့သို့ပင် ဗမာ့လွတ်လပ်ရေးတပ်မတော် စတင်ဖွဲ့စည်းစဉ်ကစ၍ အရာရှိခန့်အပ်ခံရသူများ သို့မဟုတ် ခန့်အပ်ခံရသည်ဟု ယူဆသူများက ၎င်းတို့၏ နာမည်ရှေ့စည်းအဖြစ် ထင်ထင်ပေါ်ပေါ် သုံးစွဲလာခဲ့ကြသည်။ ဒု–ဗိုလ်၊ ဗိုလ်ကြီး၊ ဗိုလ်မှူးနှင့် ဗိုလ်ချုပ် ရာထူးအစဉ်အတိုင်းတို့မှာ အမြဲတမ်း လက်နက်ကိုင်တပ်ဖွဲ့ ဦးစီးဌာန (2nd Lieutenant မှ General) အထိ အစဉ်လိုက် အခေါ်အဝေါ်ဖြစ်သည်။ ဘရီဂေ့ဒီယာ (Brigadier) မှာ အကယ်စင်စစ်အားဖြင့် တပ်မင်းကြီး (တပ်မှူး) ကို သတ်မှတ်ထားခြင်းဖြစ်သည်။ သို့သော်လည်း ဗိုလ်ချုပ်ကြီးများ (Generals) အဖြစ် အခေါ်ခံလိုသော စစ်တပ်အရာရှိ အဆင့်ဆင့် အနေဖြင့် ဗြိတိသျှစနစ်မှ အမေရိကန်စနစ်သို့ ပြောင်းလဲပြီး ဗိုလ်မှူးချုပ် (Brigadier General) ရာထူးအဆင့်ကို ပြောင်းလဲခံယူခဲ့ကြခြင်းဖြစ်သည်။

လူထု၏ ကြည်ညိုလေးစားခံရသော ဦးအောင်ဆန်းအတွက်သာ ဗိုလ်ချုပ်ကြီး (Great Supremo) ဆိုသည့် အမည်ခေါင်းစဉ်သည် တချိန်သောအခါက သီးခြားဖြစ်ခဲ့သည်။ သို့သော်လည်း သူ၏သမီးဖြစ်သူ ဒီမိုကရေစီချန်ပီယံအား ဆန့်ကျင်ရာ၌ မည်သို့မျှ ထိခိုက်၍ မရသည့် ဦးအောင်ဆန်းနှင့် ဗိုလ်ချုပ်ကြီးဟူသည့် အမည်နာမတို့အား ဗိုလ်ချုပ်ကြီးများ အများအပြားကို ခုန်ပျံကျော်လွှားဖန်တီးလိုက်ပြီး သာမန်အမည်နာမတရပ်အဖြစ် နဝတ က အထင်အမြင်ရောက်စေခဲ့သည်။ ကိုယ့်လူမျိုးကိုသာသတ်ဖြတ်ပြီး မည်သည့်စစ်ပွဲမှ မဆင်နွှဲဖူးသည့် ဆုတံဆိပ် ဖဲကြိုးများ ရင်အပြည့်ထိုးလျက် စစ်ဗိုလ်အာဏာရှင်များအနေဖြင့် ထူးခြားပြီး အမြင့်ဆုံးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး (Senior General) ရာထူးကြီးကို ဖန်တီးလိုက်ကြပြန်သည်။

ရှမ်းမင်းသား အနွယ်အဝင်များကမူ သူတို့ အမည်ရှေ့တွင် 'စပ်' (ဥပမာအားဖြင့် စပ်ရွှေသိုက်) ဟု သုံးစွဲကြလျက် ပိုးကရင်များက မန်း (ဥပမာ–မန်းဝင်းမောင်) ဟုသုံးစွဲကာ စကောကရင်များက စော (ဥပမာ–စောဟန်တာသာမွေး) ဟု သုံးနှုန်းကြပါသည်။ (ဂျူနိဦးစောကဲ့သို့သော မြန်မာနာမည် စောနှင့် မလွဲမှားရန် လိုပါသည်။) ကချင်အကြီးအကဲများကမူ ဒူးဝါးဟူသော ခေါင်းစည်းကို သုံး ကြသည်။ (ဥပမာအားဖြင့် ဆမားဒေသရှိ ကချင်အကြီးအကဲ ဆမားဒူးဝါး ဆင်ဝါးနောင်)။

❑ ❑ ❑ ❑ ❑

# အခန်း (၁)

# ဗိုလ်ချုပ်လုပ်ကြံခံရခြင်း

**ရန်ကုန်မြို့၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်၊ စနေနေ့**

ယနေ့သည် မြန်မာပြက္ခဒိန်အလိုအရ ဝါခေါင်လ၏နေ့တနေ့ဖြစ်သည်။ ဤလသည် ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ဝါဆိုသင်္ကန်းကပ်လှူမြဲဖြစ်သည့် ဝါတွင်းသုံးလပတ်၏ လတလဖြစ်ပေ၏။ မြန်မာပြည်တွင်း ဆန်ရေစပါး၊ ကောက်ပဲသီးနှံ ပြည့်လျှံတိုးအောင် မုတ်သုံမိုးတို့ သည်းကြီးမည်းကြီး ရွာလေ့ရှိသော လ တလလည်း ဖြစ်ပါသည်။ ဇူလိုင်လ (၁၉) ရက်၊ နံနက် ဝေလီဝေလင်းအချိန်တွင် မုတ်သုံမိုးဆင်၍ လေပြင်းမုန်တိုင်းကျရောက်တော့မည့် အရိပ်အရောင်တို့ ပေါ်စပြုနေပေပြီ။ ထိုအချိန်တွင် နိုင်ငံရေးခေါင်းဆောင်ကြီးတဦးဖြစ်သူ ဦးစော၏ အမှတ် (၄)၊ အေဒီလမ်းရိပ်သာပြင်ပ၌ လူငယ်တသိုက် စုရုံးလျက်ရှိနေသည်။ ဦးစော၏ သပ်ရပ်သောခြံဝင်းသည် ရန်ကုန်မြို့တော်မြောက်ပိုင်း၊ ဆင်ခြေဖုံး အထက်တန်းစား ရပ်ကွက်တခုအတွင်း အေးချမ်းဆိတ်ငြိမ်လှသည့် အင်းယားကန်ကျွန်းဆွယ်တခု အထက်နားတွင် တည်ရှိနေသည်။ ဦးစောကိုယ်တိုင်လည်း စောစောစီးစီး အိပ်ရာမှထလျက် တပည့်ငယ်သားများကို နောက်ဆုံးမှာကြားချက်များ မှာကြားနေပါသည်။ မကြာမီ ဦးစော စေလွှတ်ရာသို့ သွားကြတော့မည့် သူတို့အဖွဲ့သည် မြန်မာပြည်ကြီး၏ ကံကြမ္မာကို ထာဝရပြောင်းလဲသွားစေတော့မည်။ ဦးစော၏တပည့်တပန်းထဲတွင် သူ့ဇနီး၏ တူတော်မောင်အရွယ် ခပ်ငယ်ငယ် ခင်မောင်ရင်လည်းပါသည်။ ခင်မောင်ရင်သည် စစ်အစိမ်းရောင် ဖို့ဒ်ဆန်ထရပ်ကားပေါ်သို့ တက်ပြီး ကားမောင်းရန် ပြင်လိုက်သောအခါတွင် ဦးစော၏ အခြား တပည့်သုံးဦးတို့လည်း ကားပေါ်သို့ ခုန်တက်လိုက်ကြသည်။ သူ့တို့ ထွက်ခွာသွားချိန်မှာ နံနက် (၈) နာရီ (၃၀) မိနစ် ရှိချေပြီ။

၎င်းတို့၏ကား ရန်ကုန်မြို့လယ်ခေါင်သို့ ဦးတည်မောင်းနှင်လာသည်ကိုမူ မည်သူမျှ ဂရုမစိုက်မိလိုက်ကြချေ။ ဒုတိယကမ္ဘာစစ်ကြီး ပြီးစဖြစ်၍ မြို့တော်ကြီးအတွင်း စစ်ပုံပန်းသဏ္ဌာန် ကားကြီးကားငယ် အသွယ်သွယ်တို့ မောင်းနှင်နေကြသည်မှာ မဆန်းကြယ်လှ။ နာရီဝက်ခန့်အကြာတွင် ဖို့ဒ်ဆန်ထရပ်ကားသည် ရန်ကုန်မြို့လယ်ကောင်ရှိ အနီရောင်အုတ်တို့ဖြင့် ဆောက်လုပ်စီခြယ်ထားပြီး ခန့်ထည်လှသော ဝိတိုရိယခေတ် နှစ်ထပ်တိုက်အဆောက်အအုံကြီးဖြစ်သည့် အတွင်းဝန်များရုံးကြီးအနီး ဒါလဟိုဇီလမ်းနှင့် (၄၂) လမ်း





ထောင့်တွင် ရပ်တန့်လိုက်သည်။ ကားထဲတွင် ၎င်းတို့အဖွဲ့ထဲမှ မောင်နီတဦးသာ ကားစောင့်အဖြစ်နေခဲ့လျက် ခင်မောင်ရင်နှင့် အပေါင်းပါနှစ်ဦး (ဘညွန့်နှင့်မှုန်ကြီး) တို့သည် အတွင်းဝန်များရုံး အဆောက်အအုံအတွင်းသို့ ကင်းထောက်ရန် လျှောက်သွားကြသည်။ အဆိုပါနေ့ နံနက်နှောင်းပိုင်းတွင် ဘုရင်ခံ၏ အမှုဆောင်ကောင်စီ အစည်းအဝေး လုပ်ဖြစ်မည်၊ မလုပ်ဖြစ်မည်ကို သူတို့ သိလိုကြသည်။ အစည်းအဝေးလုပ်ဖြစ်သည်ဟု သိလျှင်သိချင်း ခင်မောင်ရင်သည် 'သူရိယ' သတင်းစာပုံနှိပ်တိုက်မှ တယ်လီဖုန်းတခုကို အသုံးပြုလျက် သူ့ဆရာသခင်ထံသို့ စကားဝှက် သတင်းပို့ချက်တခုကို တိုတိုတောင်းတောင်း ပို့လိုက်တော့သည်။ "ပစ္စတင်ကွင်းများ ရရှိပြီးပါပြီ..."။

စကားဝှက်ဖြင့် အတည်ပြုချက်ရရှိပြီးလျှင်ပြီးချင်း အေဒီလမ်းရှိ ဦးစော၏နေအိမ်မှ ဂျစ်ကားတစင်း အရှိန်ပြင်းစွာမောင်းနှင်၍ ထွက်လာခဲ့သည်။ အချိန်မှာ နံနက် (၁၀) နာရီ။ ကားမောင်းသူ သုခ၏နံဘေးတွင် အသက် (၃၀) အတွင်းရှိ အရပ်ရှည်ရှည် မောင်စိုးဆိုသူလည်း လိုက်ပါလာသည်။ ကားနောက်ပိုင်း ကင်းဘတ်စ် အဖုံးကြီးအောက်တွင် ပုန်းလျက်၊ ကွေးလျက် လိုက်ပါလာသူ (၃) ဦးမှာ သေနတ်ကိုင်ထားသူများဖြစ်ကြသော မောင်စိန်၊ သက်နှင်းနှင့် ရန်ကြီးအောင်တို့ဖြစ်ကြသည်။ မောင်စိုး၊ မောင်စိန်နှင့် သက်နှင်းတို့ တဦးချင်းတွင် တော်မီဂန်းသေနတ် တလက်စီရှိကြသည်။ လူပျိုအရွယ် ငယ်ရွယ်သူ ရန်ကြီးအောင်တွင်မူ တချက်ချင်း မောင်းပြန် (Semi-automatic) စတင်းဂန်း သေနတ်တလက် ကိုင်ဆောင်ထားသည်။ ဂျစ်ကားခြေနင်းပြင်ပေါ်တွင် အတွင်းဝန်ရုံး၌ ကြိုတင်စောင့်ဆိုင်းနေသော ဘညွန့်အတွက် တော်မီဂန်းသေနတ်တလက် ပါရှိလာသည်။ ၎င်းတို့အားလုံးသည် တောတွင်းစစ်စိမ်းရောင် စစ်ဝတ်စစ်စားများ ဝတ်ဆင်ထားကြလျက် ပျော့ပျောင်းသည့် တောတွင်းဆောင်း စစ်ဦးထုပ်များ ဆောင်းထားကြသည်။ [၁] ၎င်းတို့၏ စစ်ဝတ်စုံပခုံးပေါ်တွင် မြန်မာနိုင်ငံ၌ စစ်အတွင်းက ရှိရင်းစွဲဖြစ်သော အင်္ဂလိပ်ခေတ် မြို့စောင့်တပ်အမှတ် (၁၂) သေနတ်ကိုင်တပ်ရင်း၏ အမှတ်တံဆိပ်ကို တပ်ဆင်ထားကြသည်။ အနီရောင်နှင့် အဖြူရောင် အလံငယ်နှစ်ခုတို့သည် ကားအရှေ့မှန်၏ ဘယ်ဘက်ထောင့်စွန်းဝယ် လေတိုက်တိုင်း တဖျပ်ဖျပ်ရိုက်ခတ်၍ ပါလာပြီး ၎င်းတို့စီးနင်းလာသည့် ဂျစ်ကားသည် ရန်ကုန်မြို့လယ်ကောင်တူရူသို့ အပြင်းမောင်းနှင်လာတော့သည်။

အဆိုပါအချိန်နှင့် မရှေးမနှောင်းတွင်ပင် ဗိုလ်ချုပ်ဘဝမှ နုတ်ထွက်ထားခါစဖြစ်သော ဦးအောင်ဆန်းသည်လည်း ရန်ကုန် ကန်တော်ကြီးစောင်းရှိ သူနေထိုင်ရာ စိမ်းလန်းစိုပြည်လှသည့် တာဝါလိန်းလမ်းနေအိမ်မှ ကားမောင်းသူ အမှုထမ်းတဦး မောင်းနှင်ပေးသည့်ကားကို စီးနင်းလိုက်ပါလျက် ထွက်ခွာလာခဲ့သည်။ ဗိုလ်ချုပ်မှာ အသက် (၃၂) နှစ်အရွယ်ရှိ မြန်မာ့အမျိုးသားလှုပ်ရှားမှုကြီး၏ ခေါင်းဆောင်နှင့် ဘုရင်ခံ၏ အလုပ်အမှုဆောင်ကောင်စီ ဒု–ဥက္ကဋ္ဌဖြစ်ပြီး အမှန်ဆိုပါလျှင် လွတ်လပ်ရေး အကြိုခေတ် အစိုးရအဖွဲ့

၏ ဝန်ကြီးချုပ်တဦးလည်း ဖြစ်ပါသည်။ ဦးအောင်ဆန်းသည် ဗိုလ်ချုပ်အဆောင်အယောင် စစ်ဝတ်တန်ဆာတို့ကို စွန့်ပယ်ခဲ့ပြီးဖြစ်လျက် ထိုနေ့က လည်ကတုံး အဖြူရောင်ရှပ်အင်္ကျီ၊ တောက်ပြောင်တောင့်တင်း အချိုးကျသည့် ပိုးတိုက်ပုံအင်္ကျီနှင့် ရွှေဝါရောင် ပိုးလုံချည် ...စသည်ဖြင့် အရပ်ဝတ်အရပ်စားများ ဝတ်ဆင်ထားပါသည်။ ဦးအောင်ဆန်း၏ နေအိမ်မှာ ဦးစောနေထိုင်သည့် အေဒီလမ်းအိမ်နှင့်စာလျှင် အတွင်းဝန်များရုံးနှင့် မဝေးလံလှသော အရပ်တွင် ရှိနေသည့်အလျောက် လူသတ်သမားများ မရောက်လာမီအချိန်ကပင် သူက ကြိုတင်၍ အတွင်းဝန်ရုံးသို့ ရောက်ရှိသွားခဲ့ပါသည်။ အခြားကောင်စီဝင်များသည်လည်း လွတ်လပ်ရေးအကြိုခေတ် မြန်မာအစိုးရအဖွဲ့ လုပ်ရိုးလုပ်စဉ် အစည်းအဝေးပွဲတခုကို တက်ရောက်ရန် ရည်မှန်းလျက် အတွင်းဝန်များရုံးသို့ မရှေးမနှောင်း ရောက်ရှိလာကြပါသည်။ မြန်မာနိုင်ငံ အချုပ်အခြာအာဏာပိုင် လွတ်လပ်ခွင့်ရရှိရေးအတွက် ဗြိတိသျှအစိုးရနှင့် စေ့စပ်ဆွေးနွေးခဲ့ပြီး ဖြစ်သည့်အလျောက် ကိုလိုနီအုပ်ချုပ်ရေးစနစ်အောက်မှ အပြီးအပိုင် လွတ်မြောက်ရန်မှာ ခြောက်လမျှပင် မဝေးတော့သော အချိန်အခါလည်း ဖြစ်ပေသည်။

ထိုအချိန်တွင်ပင် ဘညွန့်သည် လက်နက်ကိုင်ဆောင်ထားခြင်း မရှိငြားလည်း သူ လုပ်ကြံရမည့် သားကောင်ကို အတွင်းဝန်များရုံး၊ ပရိဝုဏ်အတွင်း၌ လိုက်လံရှာဖွေလျက် ရှိ၏။ ထိုသူမှာ အခြားသူမဟုတ်ချေ၊ ဦးအောင်ဆန်း၏ ရောင်းရင်းတဦးဖြစ်သူ လွတ်လပ်ရေးမရသေးမီ တိုင်းပြုပြည်ပြုလွှတ်တော် (Constituent Assembly) ၏ ဥက္ကဋ္ဌဖြစ်သူ သခင်နုဖြစ်ပါသည်။ ဘညွန့်သည် ဗဟိုအဆောက်အအုံကြီးအတွင်း အလယ်ကောင်တွင် တည်ရှိသည့် မြင့်မားလှသော ကုန်းသဏ္ဍာန် အမိုးများအောက်မှ ပေါင်းကူးလမ်းမတလျှောက် (high-arched through way) ဖြတ်လျှောက်လျက်ရှိသည်။ သခင်နု၏ ရုံးခန်းသည် လွှတ်တော်အသစ် အဆောက်အအုံ၏ အနောက်ဘက်အဆောင်အတွင်း ပထမဦးဆုံးအခန်းဖြစ်သည်။ အတွင်းဝန်များရုံးအတွင်း လေးမြောင့်သဏ္ဍာန် အဆောက်အအုံများအတွင်းမှ အခန်းတခန်းဖြစ်ချေသည်။ ၎င်းအခန်းအတွင်းသို့ ဘညွန့် တစေ့တစောင်း အကဲခတ်ကြည့်ရှုလိုက်ရာတွင် အခန်းတွင်း၌ ထိုင်နေသူတဦးကို တွေ့လိုက်၍ သူသတ်ရမည့်သူဟု သူထင်လိုက်သည်။ သူဖြတ်လျှောက်သွားပြီး ပြန်လှည့်လာကာ အတွင်းသို့ကပ်လျက် ကြည့်လိုက်ပြန်သည်။ အဆိုပါပုဂ္ဂိုလ်မှာ သခင်နု မဟုတ်ပါချေ။ သို့နှင့် ဘညွန့်လည်း ၎င်းအဆောက်အအုံမှ ထွက်ခွာ၍လာခဲ့၏။ ထရပ်ကားရှိရာသို့ အသော့နှင်၍ လျှောက်လာပြီးလျှင် အနီးအနားရှိ လက်ဖက်ရည်ဆိုင်တခုထဲသို့ ဝင်ထိုင်လိုက်၏။ ထိုစဉ်တွင် အနီးအနား၌ လမ်းသလျှားလျက်ရှိသူ ခင်မောင်ရင်သည် လက်ဖက်ရည်သောက်လျက်ရှိသည့် ဘညွန့်ကိုမြင်ပြီး အနီးသို့ချဉ်းကပ်လာကာ သူတို့ဆရာသခင်ထံသို့ ပေးပို့ပြီးဖြစ်သော စကားဝှက်ကို ပြောပြလိုက်သည်။ "အားလုံးအဆင်ချောမောပြီး အကြံအစည်အတိုင်း ပီပီပြင်ပြင် ဖြစ်လျက်ရှိနေပါပြီ..."။





၎င်းနောက် ခင်မောင်ရင်သည် အနီးအနား မလှမ်းမကမ်း အချက်အချာကျသော နေရာ၌ ရပ်ထားသည့် ဖို့ဒ်ဆန်ထရပ်ကားရှိရာသို့ ဆက်လက်လျှောက်လာသည်။ ထိုအချိန်တွင် ရုတ်တရက်ဆိုသလိုပင် လက်နက်ကိုင်ဆောင်ထားသည့် သူ့ရဲဘော်ရဲဘက်များကို တင်ဆောင်လာသော ဂျစ်ကားကို လှမ်းမြင်လိုက်တော့၏။ သူတို့ရောက်လာကုန်ကြပြီဟု ဘညွန့်သို့ လှမ်း၍အချက်ပြလိုက်သောအခါ ဘညွန့်သည် လက်ဖက်ရည်ပန်းကန်ကို အသာအယာနှိမ့်ချလိုက်၍ သူ၏ဝန်းကျင်သို့ စိုးရိမ်တကြီး လိုက်လံကြည့်ရှုနေမိ၏။ အဆိုပါဂျစ်ကား အတွင်းဝန်များရုံး၏ ဗဟိုမုခ်ဦးဝသို့ ချဉ်းကပ်လာချိန်တွင် အခက်အခဲတခုအဖြစ် ကြုံတွေ့ရသည်မှာ ၎င်းတို့ကားရှေ့တည့်တည့်မှ အခြားထရပ်ကားတစီး မောင်းနှင်၍သွားနေခြင်းပင်ဖြစ်ပါသည်။ ၎င်းတို့ဂျစ်ကားသည် အရှိန်သတ်လိုက်လျက် ထိုထရပ်ကားကြီး အရှေ့မှမောင်းနှင်ထွက်သွားသည်အထိ စောင့်နေခဲ့ကြသည်။ မကြာမီ လမ်းရှင်းသွားချေပြီ။ မည်သူတဦးတယောက်ကမျှ ၎င်းတို့ဂျစ်ကားကိုလည်းကောင်း၊ အတွင်းတွင် လိုက်ပါလာသူများအားလည်းကောင်း ရပ်တန့်ရှာဖွေစစ်ဆေးရန် မကြိုးစားခဲ့ကြပါချေ၊

ဤအချိန်၌ပင် ၎င်းအဆောက်အအုံကြီး၏ အနောက်ဆောင် အပေါ်ထပ်တွင် တည်ရှိသည့် ဦးအောင်ဆန်း၏ ခန်းမဆောင်ကြီးအတွင်းသို့ ဘုရင်ခံ၏ အလုပ်အမှုဆောင်အဖွဲ့ ကောင်စီဝင်များ ဝင်ရောက်နေရာယူ ထိုင်လိုက်ကြပါပြီ။ အခန်းကျယ်ကြီးအတွင်းတွင် စာရေးခုံတန်းရှည်ကြီးများအား 'U' စာလုံး၏ ပြောင်းပြန်အသွင်သဏ္ဍာန်ဖြင့် ခင်းကျင်းထားပြီး အခန်း၏ တောင်ဘက်အပိုင်းတွင် ကောင်စီဝင်တို့အတွက် နေရာသီးသန့်ခင်းကျင်းထားပါသည်။ မကြာမီ အဆိုပါခုံတန်းကြီး၏ ဦးပိုင်းဗဟိုနေရာတွင် ဦးအောင်ဆန်း ထိုင်လိုက်ပြီး ၎င်း၏လုပ်ဖော်ကိုင်ဘက် ဝန်ကြီးများအား နှုတ်ဆက်လိုက်ပါသည်။ ထိုအချိန်က အောင်ဆန်း၏ ဘယ်ဘက်တွင် ကပ်လျက်ထိုင်နေသူမှာ ကျွန်တော်၏ ဦးလေးတော်သူ ဦးရွှေဘော်ပင် ဖြစ်ပါသည်။ ဦးရွှေဘော်မှာ အလုပ်အမှုဆောင်ကောင်စီ၏ အတွင်းရေးမှူးဖြစ်ပြီး ဦးအောင်ဆန်း၏ညာဘက်တွင် ထိုင်နေသူမှာ ဝန်ကြီးအဖွဲ့၏ ဒု–အတွင်းဝန်ဖြစ်သူ ဦးအုန်းမောင် (I.C.S) ဖြစ်ပါသည်။

၎င်းတို့နှင့် ကပ်လျက်ရှိသော ခုံတန်းလျားကြီး၏ ညာဘက်ခြမ်းတွင် ထိုင်နေသူများမှာ ဘဏ္ဍာရေးဌာန ကောင်စီဝင်ဖြစ်သူ ဆိုရှယ်လစ်ခေါင်းဆောင် သခင်မြ၊ မူစလင် ဘာသာဝင် ကျောင်းအုပ်ကြီး၊ နိုင်ငံရေးခေါင်းဆောင်၊ ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနများ၏ ကောင်စီဝင်ဖြစ်သူ ဦးအဗ္ဗဒူရာဇာတ်၊ ဦးအောင်ဆန်း၏ အစ်ကိုတော်သူ စီးပွားရေးနှင့် ထောက်ပံ့ရေးဌာန ကောင်စီဝင် ဦးဘဝင်း၊ သတင်းစာဆရာနှင့် ဒီးဒုတ်မဂ္ဂဇင်းအယ်ဒီတာ၊ ပြန်ကြားရေးဌာန ကောင်စီဝင် ဦးဘချို၊ ကရင်လူမျိုးစုခေါင်းဆောင် တဦးဖြစ်၍ အလုပ်သမားရေးရာဌာနကောင်စီဝင် မန်းဘခိုင်တို့ ဖြစ်ကြပါသည်။

ဦးအောင်ဆန်း၏ ဘယ်ဘက်ခြမ်းတွင် ထိုင်နေသူများမှာ ပြည်သူ့လုပ်ငန်းကောင်

စီဝင် လူငယ်အစည်းအရုံးဥက္ကဋ္ဌ ဦးဗဂျမ်း၊ လူမှုရေးလုပ်ငန်းများ ကောင်စီဝင် ဦးအောင်ဇံဝေ၊ ကောက်ပဲသီးနှံဌာန ကောင်စီဝင် (ဟသ်ာတ) ဦးမြနှင့် နယ်ခြားဒေသများဆိုင်ရာ ကောင်စီဝင်ဖြစ်သူ ရှမ်းပြည်နယ်မှ မိုင်းပွန်စော်ဘွားကြီး စောစံထွန်းတို့ ဖြစ်ကြပါသည်။ မိုင်းပွန်စော်ဘွားကြီးသည် တိုင်းရင်းသားလူနည်းစုများနေထိုင်ရာ နယ်ခြားဒေသများနှင့် ပြည်မကြီးတို့ ပေါင်းစပ်နိုင်ရေး ကြိုးပမ်းမှုတွင် အရေးပါအရာရောက်သော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။

အစည်းအဝေးကို နံနက် (၁၀း၃၀) အချိန်တွင် စတင်ဖွင့်လှစ်လိုက်ရာ အလုပ်အမှုဆောင်အဖွဲ့ဝင် အားလုံးတို့သည် ဦးအောင်ဆန်းရှိရာ ရှေ့တူရူတွင် အခန်းအတွင်းဘက်သို့ မျက်နှာမူလျက် ထိုင်နေကြပါသည်။ သို့ရာတွင် ထိုအချိန်၌ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဌာန ဒု–အတွင်းဝန်ဖြစ်သူ ဦးအုန်းမောင်သည် အခန်းအတွင်းသို့ ဝင်ရောက်လာသဖြင့် အစည်းအဝေးကြီးမှာ အခိုက်အတန့် ရပ်နားသွားရသည်။

၎င်းဝင်ရောက်လာရသည့် ကိစ္စရပ်မှာ ထိုနေ့နံနက်က အထက်မြန်မာနိုင်ငံသို့ ခရီးလွန်နေသူ ဝန်ကြီးစောစံဖိုးသင်၏ကိုယ်စား အရေးပေါ်ကိစ္စတရပ်ကို ရှင်းလင်းတင်ပြရန်လိုသည့်အတွက် တက်ရောက်လာရခြင်းဖြစ်ပါသည်။ ခရီးရောက်မဆိုက်ပင် ဦးအုန်းမောင်သည် ၎င်းတင်ပြဆွေးနွေးရမည့် ကိစ္စရပ်အား ဦးစွာ တင်ပြဆွေးနွေးခွင့်ပြုပါရန် ပန်ကြားလိုက်သည်။ ထိုနေ့တွင် ဦးအုန်းမောင်သည် အမှန်တကယ် တာဝန်ကျနေသူ မဟုတ်သည့်အပြင် သူ့၌ အခြားအရေးကြီးသည့် လုပ်ငန်းများ ဆောင်ရွက်ရန်ရှိသည့်အတွက် ယခုကဲ့သို့ ခွင့်တောင်းရခြင်းဖြစ်ပါသည်ဟု တင်ပြလိုက်ပါသည်။

အခန်းကြီးအတွင်း ရှိသမျှသော တံခါးများကိုလည်း အခန်း၏ မြောက်ဘက်ရှိ ပြည်သူ့လုပ်ငန်းဌာန ကောင်စီဝင်၏ ရုံးခန်းနှင့်ကပ်လျက် မျက်နှာချင်းဆိုင်ရှိ တံခါးပေါက်တခုမှလွဲ၍ အားလုံးပိတ်လိုက်ကြပြီး အတွင်းမှ ချက်များထိုးထားကြသည်။ ၎င်းအခန်းတံခါးဝ၌ မင်းစေသောင်းစိန် စောင့်ကြပ်လျက်ရှိသည်။ သောင်းစိန်မှာ လက်နက် ကိုင်ဆောင်မထားပါ။ သူဝတ်ဆင်ထားသော စစ်စိမ်းရောင်ဘောင်းဘီမှလွဲ၍ ထိုလူငယ်လေးတွင် ဩဇာအာဏာ၏ အရိပ်အယောင်ဟူ၍ အခြား ဘာမျှမရှိပါချေ။

ပြင်ပ လေသာဆောင် လူသွားလမ်း (corridor) တွင်မူ အမှုဆောင်ကောင်စီ၏ လက်ထောက် အတွင်းဝန်ဖြစ်သူ ဦးတင်အုံးသည် မိတ်ဆွေတဦးနှင့် ရပ်တန့်စကားပြောလျက်ရှိ၏။ ရုတ်တရက်ဆိုသလိုပင် ဦးတင်အုံးသည် သေနတ်ပြောင်းဝချင်းရိုက်ခတ်သံ၊ ညိုးညိုးညံ့ညံ့အသံများနှင့် ခြေသံပြင်းပြင်း နင်းတက်လာသံများ ကြားလိုက်ရသဖြင့် လှည့်ကြည့်မိရာတွင် လှေကားပေါ်သို့ အပြေးတက်လာကြသည့် လက်နက်ကိုင် လူ (၄) ယောက်ကို မြင်လိုက်ရတော့၏။ ဦးအောင်ဆန်းရှိရာ အစည်းအဝေးခန်းမကြီးသို့ ၎င်းတို့ အသော့နှင်ပြီး ပြေးလျှောက်သွားကြသည်ကို အတွင်းဝန်များရုံးသို့ မိတ်ဆွေတယောက်နှင့် လိုက်





ပါလာသူ ကုန်သည်တဦးဖြစ်သည့် ဦးထင်ဘော်သည်လည်း တွေ့မြင်လိုက်သည်။ ရှေ့ဆုံးမှ ဦးဆောင်သွားသူမှာ မောင်စိုးဖြစ်သည်။ သူက အရပ်မြင့်မြင့်နှင့် မျက်နှာရှည်ရှည်မို့ သူ့ကို လွယ်လွယ်ကူကူ မှတ်မိနိုင်ပါသည်။ လူပျိုလူရွယ်လေးဖြစ်သည့် ရန်ကြီးအောင်မှာလည်း သူ၏ ပျို့မျစ်နုနယ်သော ရုပ်သွင်ကြောင့် ပေါ်လွင်နေသည်။ အတွင်းဝန်များရုံး အစည်းဝေးခန်းမအနီး၌ နံနက်အစောပိုင်းကပင် လာရောက်စောင့်ဆိုင်းနေသူ မှုန်ကြီးသည် သေနတ်ကိုင်ဆောင်ထားသော သူတို့လူ လူသတ်သမားများအား အစည်းဝေးကြီး စတင်နေပြီဖြစ်ကြောင်း ခေါင်းညိတ်အချက်ပြလိုက်သည်။ တခုတည်းသော ဖွင့်ထားသည့် တံခါးအနီးသို့ မောင်စိုး ချဉ်းကပ် သွားသည့်အခါတွင်မူ မင်းစေလေးမောင်သောင်းစိန်မှာ ကြက်အံ့တသေဖြစ်နေမိတော့၏။ ထို့နောက် သူသည် သတိရပြီး အခန်းအဝင်ဝကို ပိတ်ဆို့တားဆီးရန် ကြိုးစားလိုက်ပါသေး၏။ [၂] သို့သော် မောင်စိုးနှင့် သက်နှင်းတို့က သူတို့၏ တော်မီဂန်းသေနတ်များကို သူ့အား ချိန်ရွယ်လိုက်၏။ ထို့နောက် သူ့ကို ဘေးသို့တွန်းလိုက်ရာ သူလည်း ဒယိမ်းဒယိုင်ဖြစ်သွားစဉ်၌ပင် သေနတ်သမားများ အခန်းတွင်းသို့ တိုးဝင်သွားသဖြင့် မောင်သောင်းစိန်လည်း အနောက်မှ ရဲဝံ့စွာ ပြေးလိုက်သွားပါသေးသည်။ သို့သော် သူဘာမျှ မတတ်နိုင်တော့။ ထိုအချိန်တွင်ပင် သေနတ်သမားများသည် သူတို့သေနတ်များကို အစည်းအဝေးခန်းအတွင်းရှိ ဝန်ကြီးများဘက်သို့ ချိန်ရွယ်ပြီး လှမ်းအော်လိုက်သည်။ “မပြေးနဲ့၊ မထနဲ့...” ထိုအတွင်း အံ့ဩသင့်နေသော ဦးအောင်ဆန်းက မတ်တပ်ရပ်လိုက်သည့်အခါ မောင်စိုးက အမိန့်ပေးလိုက်တော့သည်။

“ပစ်...ပစ်... ပစ်” ဟူသော အမိန့်ပေးသံနှင့်အတူ သေနတ်သံများ ဆူညံသွားပြီး ဗိုလ်ချုပ်ကြီးလည်း ကြမ်းပေါ်သို့ ပုံလဲသွားလျက် သေနတ်ဒဏ်ရာ (၁၃) ချက်ဖြင့် သွေးအိုင်ထဲတွင် လဲလျောင်း ငြိမ်သက်သွားရှာတော့သည်။

ထိုအချိန်၌ မောင်စိုး၊ မောင်စိန်နှင့် သက်နှင်းတို့သည်လည်း ဝန်ကြီးများရှိရာသို့ တော်မီဂန်းသေနတ်များဖြင့် တရစပ်ပစ်ခတ်နေခိုက် ရန်ကြီးအောင်သည်လည်း ဒူးထောက်ချလိုက်လျက် သူ၏ စတင်းဂန်းသေနတ်ဖြင့် လဲလျောင်းကျသွားပြီးသော ပုဂ္ဂိုလ်များနှင့် ခုံအောက်တွင်ဝပ်၍ ပုန်းလျှိုးကွယ်လျှိုး အကာအကွယ်ယူနေသည့် ပုဂ္ဂိုလ်များထံသို့ တရစပ် စတင်းဂန်းဖြင့် ပစ်နေသည်။ ဤသို့ မနားတမ်းစက္ကန့် (၃၀) ခန့် ပစ်ပြီးသောအခါတွင် မောင်စိုးက သူ့လူများအား အပစ်ရပ်၍ ဆုတ်ခွာရန် ထပ်မံအမိန့်ပေးလိုက်တော့၏။

ထိုအချိန်သည် နံနက် (၁၀) နာရီ (၃၇) မိနစ်ဖြစ်၍ ဦးအောင်ဆန်း၏ ကိုယ်ရေးလက်ထောက်ဖြစ်သူ ဗိုလ်ထွန်းလှသည် ဝန်ကြီးအဖွဲ့ အစည်းအဝေးခန်းမထဲတွင် အဆိုပါမြင်ကွင်းသို့ ပထမဦးဆုံး ရောက်လာသည့်ပုဂ္ဂိုလ်ဖြစ်သည်။ အတွင်းဝန်များရုံးအတွင်းရှိ အခြားခြားသော ပုဂ္ဂိုလ်များသည်လည်း မကြာမီ ဖွင့်ထားသော တံခါးပေါက်အတွင်းသို့ အပြေးအလွှားဝင်လာကြ၏။ နံစော်လှသည့် သေနတ်ယမ်းခိုးယမ်းငွေ့ အခိုးအလျှံတို့သည်

ခန်းမကြီးအပြည့် ရှိနေသော်လည်း အဆိုပါ အခိုးအလျှံများအတွင်းမှ အစတေးခံပုဂ္ဂိုလ်များ၏ ခန္ဓာကိုယ်များကို ထင်ထင်ရှားရှားမြင်နေရပါသည်။ စားပွဲကုလားထိုင် အတော်များများမှာ မှောက်ခုံဇောက်ထိုးဖြစ်နေလျက် 'U' စာလုံး ပြောင်းပြန်ပုံ စားပွဲဘေးပတ်လည်တွင် သွေးအိုင်များဖြင့် ညစ်ပေလျက်ရှိချေ၏။ ကျွန်တော်တို့၏ အမျိုးသားခေါင်းဆောင်၊ ဖက်ဆစ်တော်လှန်ရေး သူရဲကောင်း ဗိုလ်ချုပ်ကြီးအောင်ဆန်းမှာမူ အသက်ဆုံးပါးလျက် ကြမ်းပြင်ပေါ်တွင် လဲလျောင်းလျက်ရှိချေပြီ။ သူသေဆုံးချိန်တွင် အသက် (၃၂) နှစ်သာ ရှိသေးသည်။ သခင်မြ၏ အဆုတ်မှာ သေနတ်ကျည်ဆံများ ဖောက်ထွင်းသွားခဲ့သည့် ဒဏ်ကြောင့် ကျေမွလျက်ရှိပြီး သူသည်လည်း စားပွဲခုံကြီးတခုအောက် သွေးအိုင်ထဲတွင် လဲလျောင်းသေဆုံးနေရှာသည်။ ဦးရာဇတ်တွင် သေနတ်ဒဏ်ရာ (၆) ချက်ရရှိလျက်၊ ဦးဘဝင်းတွင် သေနတ်ဒဏ်ရာ (၈) ချက်ရရှိခဲ့ပြီး၊ မန်းဘခိုင်တွင် သေနတ်ဒဏ်ရာ (၁၅) ချက်မျှပင် ရရှိခဲ့သည်။ သူတို့အားလုံး အသက်မရှိကြတော့ပါ။ သူတို့၏ အသက်မဲ့သော ခန္ဓာကိုယ်ကြီးများသည်လည်း ထိုင်ခုံများအရှေ့သို့ ငိုက်စိုက်ကျလျက်ရှိနေကြသည်။

တခုထင်ရှားသည်မှာ ဦးအောင်ဆန်းသည် လူသတ်သမားများ၏ အဓိကပစ်မှတ်ဖြစ်ခဲ့ခြင်းဖြစ်ပါ၏။ ၎င်းကို ပစ်ခတ်ပြီးသည့်အခါ၌ လူသတ်သမားများသည် ၎င်း၏ ညာဘက်အခြမ်းသို့ သေနတ်ပြောင်းဝကို ဝှေ့ရမ်းလျက် ကောင်စီဝင်တဦးချင်းကို ပစ်ခတ်ခဲ့ရာ ကောင်စီဝင်အတော်များများသည် ၎င်းတို့နေထိုင်ရာ ခုံများပေါ်၌ပင် ရုပ်သေးကြိုးပြတ်ကျဆုံးသွားခဲ့ကြရရှာသည်။ ဘယ်ဘက်အခြမ်းတွင် သေနတ်ဒဏ်ရာရရှိသူ တဦးတည်းသောပုဂ္ဂိုလ်မှာမူ သေနတ်သမားများ ပစ်ခတ်နေသောနေရာနှင့် အနီးဆုံးတွင် ထိုင်နေသူ စောစံထွန်းပင် ဖြစ်ပါ၏။ သူသည် သူ့ကုလားထိုင်ပေါ်၌ ထိုင်လျက်အနေအထားနှင့်ပင် ရှိနေသေးသည်။ သူနှင့် တစားပွဲတည်းထိုင်နေသူ အများထဲမှ ဦးရွှေဘော်နှင့် ဦးမြ (ဟင်္သာတ) တို့မှာ ကံအားထောက်မစွာဖြင့် အစည်းအဝေးခန်းမကြီး၏ နံဘေးဘက်၊ တံခါးဝ တခုဆီသို့ ပြေးသွားနိုင်ကြပြီး အသက်ချမ်းသာရာရရှိသွားခဲ့ကြသည်။ ဦးရွှေဘော်က တံခါးကို ဖွင့်နိုင်ခဲ့သော်လည်း ကြမ်းပြင်ပေါ်သို့ မှူးမေ့၍ လဲကျသွားခဲ့သည်။ ဦးအောင်ဇံဝေနှင့် ဦးဗဂျမ်းတို့မှာမူ သေနတ်ပစ်ခတ်စအချိန်က ကုလားထိုင်ပေါ်မှ ပက်လက်လန်ကျ၍ ကြမ်းပေါ်၌ ငြိမ်သက်စွာလဲလျောင်းနေရာမှ ဒဏ်ရာအကြီးအကျယ်မရရှိဘဲ လွတ်မြောက်ထွက်ပြေးသွားနိုင်ခဲ့သည်။ ထိုကြောင့် ဦးဗဂျမ်း၏ ညာဘက်လက်သူကြွယ်လေးတွင် သေနတ်ဒဏ်ရာတခုသာ ရရှိခဲ့ပါသည်။

ဆရာကြီး ဦးရာဇတ်သည် နောက်ဆုံးအသက်ရှူခြင်းအဖြစ် အသက်ငွေ့ငွေ့ကလေးကို ဖြည်းဖြည်း ညင်ညင်သာသာ ရှူသွားနိုင်ခဲ့သည်။ ဆရာကြီး ဦးဘချိုတွင် သေနတ်ဒဏ်ရာ (၅) ချက်ရရှိခဲ့ရာ တချက်မှာ ဦးနှောက်တွင် ဝင်ရောက်သွားခဲ့သည်။ သူနှင့် စောစံထွန်းတို့နှစ်ဦး အသက်ရှင်လျက်ရှိသေးသည်ဖြစ်၍ ဆေးရုံသို့ အမြန်ပို့လိုက်ရသည်။ စော







စံထွန်းတွင် ဦးခေါင်း၌ ဒဏ်ရာ (၂) ချက်ရရှိလျက် ကြမ်းပေါ်တွင် ငုတ်တုတ်ထိုင်နေပြီး ပါးစပ်အတွင်းမှ သွေးများ စီးကျနေကာ ရေငတ်ရှာလွန်း၍ သနားစဖွယ် ရေတောင်းနေရှာသည်။ အစည်းအဝေးကြီးသို့ အစီရင်ခံစာတခု အလျင်စလိုပေးပို့ရန် ရောက်ရှိခဲ့သည့် အတွင်းဝန် ဦးအုန်းမောင်ခမျာမှာလည်း တကိုယ်လုံးတွင် သေနတ်ဒဏ်ရာ ဗရပွဖြင့် ကြမ်းပေါ်၌ လဲကျသွားခဲ့သည်။ သူသည်လည်း တချိန်တည်းတွင်ပင် အသက်ပျောက်နေရှာပါပြီ။

သတင်းစာ သတင်းထောက်တဦးဖြစ်သူ မောင်သန်းသည် သတင်းဌာနရုံးခန်းအတွင်းမှ ဆူဆူညံညံအသံများ ကြားလျှင်ကြားချင်း အပြေးထွက်လာခဲ့ရာ အစည်းအဝေးခန်းမကြီးမှ ဆုတ်ခွာလာခဲ့ကြသော သေနတ်ကိုင်လူသတ်သမားများသည် သူ့ကို တွေ့မြင်သောအခါ ရပ်တန့်ရန် အမိန့်ပေးလိုက်သဖြင့် [၃] မောင်သန်းသည်လည်း မြေပြင်ပေါ်သို့ သူ့ကိုယ်ကို ကမန်းကတန်းလှဲချလိုက်လျက် မော့ကြည့်လိုက်သောအခါ သေနတ်သမားများ ထွက်ပြေးနေသည်ကို တားဆီးရန် အခန်းတခန်းအတွင်းမှ ပြေးထွက်လာသည့် ဦးရာဇတ်၏ ကိုယ်ရံတော် ကိုထွေးကို လှမ်းမြင်လိုက်ရသည်။ ထိုအချိန်တွင် ရန်ကြီးအောင်မှာ ရှေ့မှ ဦးဆောင်နေသည်။ ရန်ကြီးအောင်သည် သတိပေးလှံ့ဆော်ခြင်း အလျဉ်းမပြုတော့ဘဲ သူ၏ စတင်းဂန်းသေနတ်ဖြင့် ဆက်တိုက်ပစ်ထည့်လိုက်သည်။ ကိုယ်ရံတော်လေးမှာ သေနတ်ဒဏ်ရာ (၄) ချက်ရရှိကာ ကြမ်းပြင်ပေါ်သို့ ပုံလဲသွားတော့သည်။ [၄] ရန်ကြီးအောင်ကဲ့သို့ပင် ကိုထွေးမှာလည်း လူပျိုလူရွယ်လေးတဦးပင် ဖြစ်ပါသည်။

ထိုအချိန်၌ပင် "အောင်ပြီ၊ အောင်ပြီ" ဟု ဟစ်ကြွေးလျက် သေနတ်သမားများ အတွင်းဝန်များရုံး အဆောက်အအုံကြီးအတွင်းမှ ပြေးထွက်လာကြသည်။ ထိုနှင့် တချိန်တည်း သုခသည် ဂျစ်ကားကို အတွင်းဝန်များရုံး အတွင်းလှေကားခြေရင်းအနီးထိ မောင်းချလာခဲ့ပြီး ကားစက်ကို နှိုးထားကာ အဆင်သင့်စောင့်ဆိုင်းနေသည်။ သို့နှင့် လူသတ်သမားများအားလုံး ကားပေါ်သို့ ခုန်တက်လိုက်ကြသည်။ ထိုအခါမှ သုခသည်လည်း ကားကို စက်ကုန်မောင်းနှင်၍ ထွက်ခွာသွားရန် ပြင်ဆင်လိုက်သည်။ သို့ရာတွင် အဆောတလျင်စိတ်လိုက်မာန်ပါ ရှူးရှူးဒိုင်းဒိုင်းလုပ်လိုက်သည့်အလျောက် အရေးထဲ ကားအင်ဂျင်စက်က ရုတ်တရက် ရပ်ဆိုင်းသွားသည်။ မောင်စိန်သည် သုခကို ဘေးသို့တွန်းထုတ်လျက် ကားစက်ကို ကြိုးစား၍နှိုးနေဆဲ သုခက ဝိုင်းဝန်း၍ ဂီယာကိုထိုးပေးလိုက်ရာ ပြင်းထန်သော စက်အားအရှိန်အဟုန်ဖြင့် ဆောင့်ထွက်သွားတော့သည်။

အတွင်းဝန်ရုံးမှ စပတ်လမ်းသို့အထွက် ဂိတ်ဝတွင် မောင်နီက စောင့်ဆိုင်းနေသည်။ သူ၏တာဝန်မှာ အကယ်၍ လူသတ်ဂိုဏ်းဝင်တို့ ထွက်ပြေးရာတွင် အနှောင့်အယှက် အဟန့်အတားရှိပါက ၎င်း၏ ခြောက်လုံးပြူးသေနတ်ဖြင့် ဝင်ရောက်ကယ်တင်ပေးရန်ဖြစ်သည်။ သို့ရာတွင် မည်သည့်အန္တရာယ်မှ မကျရောက်ခဲ့ပါချေ။ သို့ ဖြစ်၍ မောင်နီသာလျှင် အမိန့်ကို သွေဖည်လျက် ဂျစ်ကားပေါ်သို့ ခုန်တက်ရန် ကြိုးစားခဲ့ရာ အဆိုပါ ဂျစ်ကားမှာ

တနာရီလျှင် ကီလိုမီတာ (၅၀) ဖြင့် မောင်းနှင်သွားခြင်းကြောင့် မအောင်မြင်လိုက်ပါ။ အဆိုပါ အချင်းအရာများကို သမာဓိပုံနှိပ်တိုက်မှ ဝိရိယကောင်းသည့် အလုပ်သမားတဦး ဖြစ်သူ ဦးစိန်မောင်က အနီးအနားမှ ကြုံတွေ့လိုက်ရသည့်အတိုင်း သူလည်း ချက်ချင်းပင် ဂျစ်ကားနံပါတ်ကို သူ့အင်္ကျီအိတ်ထဲတွင် အခန့်သင့်ရှိနေသည့် ဘဏ်ငွေသွင်းလက်မှတ် စာရွက်အပေါ်၌ ရေးမှတ်ထားလိုက်သည်။

လူသတ်သမားများ စီးနင်းလိုက်ပါလာသော ဂျစ်ကားသည် ဒါလဟိုစီလမ်းအတွင်းသို့ အရှိန်ပြင်းစွာ ချိုးဝင်လိုက်ပြီး အရှေ့ဘက်သို့ ဆက်လက်မောင်းနှင်သွားရာမှ တဖန် စတော့ဂိတ်လမ်းတလျှောက် မြောက်ဘက်တူရူသို့ မောင်းနှင်သွားပြန်ရာ မောင်စိန်သည် သုခမောင်းနေသည်ကို နှေးကွေးလွန်းသည်ဟု စိတ်မရှည်နိုင်တော့သဖြင့် ကားမောင်းတာဝန်ကို လွှဲပြောင်းယူလိုက်ကာ အရှိန်အဟုန်ပြင်းစွာဖြင့် မြောက်ဘက်အရပ်များသို့ တရကြမ်းမောင်းနှင်လာပြီး ကျဉ်းမြောင်းကောက်ကွေ့လှသည့် အေဒီလမ်းကလေးထဲသို့ ချိုးဝင်လိုက်သည်။

ဦးစော၏ အိမ်နီးချင်းဖြစ်သူ ကပ္ပတိန်ခန်းသည် သူ့ခြံအတွင်းမှ ကားမောင်းထွက်လာစဉ် အရှိန်ပြင်းစွာ မောင်းနှင်လာသော ထိုဂျစ်ကားနှင့် ခေါင်းချင်းဆိုင်တိုက်လုနီးပါး ဖြစ်သွား၍ ကားဘရိတ်ကို အတင်းအုပ်လိုက်ရသည်။ ကပ္ပတိန်ခန်းသည် ဒေါသတကြီးဖြင့် သူ့ကို တိုက်လုနီးပါးဖြစ်သွားသော ကားနောက်သို့လိုက်ကြည့်ရာ ၎င်းကားသည် လမ်းတလျှောက်ဆင်းသွားပြီး အင်းယားကန်ကျွန်းဆွယ်ထိပ်ရှိ ဦးစောအိမ်တွင်းသို့ ကွေ့ဝင်သွားသည်ကို တွေ့မြင်လိုက်ရသည်။

သူသည် ပြည်လမ်းပေါ်တွင် သူ့ကားကို ရပ်ထားလိုက်ပြီး ကန်ကိုဖြတ်လျက် ဦးစော၏ ပန်းခြံအတွင်းသို့ လှမ်းကြည့်နေမိသည်။ ဦးစောဟု သူမှတ်မိနေသော ဘောင်းဘီတိုဖြင့် လူတယောက်အနား လူတွေ စုရုံးဝိုင်းရံနေသည်ကို သူတွေ့လိုက်ရသည်။ ထိုအချိန်သည် နံနက် (၁၁) နာရီ ဖြစ်သည်။

ထိုအချိန်က အဖြူရောင် ရှပ်အင်္ကျီ၊ မိုးပြာရောင် ဘောင်းဘီတိုဝတ်ထားသော ဦးစောသည် "ငါကြံလျှင် ခံနိုင်ရိုးလား" ဟန်ဖြင့် အူမြူးနေပုံရသည်။ သူ့လူများကို လိုက်ဖက်ပြီး အလုပ်ကောင်းစွာ အောင်မြင်ချောမောခဲ့သည့်အတွက် ချီးကျူးစကားပြောနေသည်။ သေနတ်သမားများသည် လက်သီးဆုပ်များကို လေထဲဝှေ့ရမ်းလျက် "အောင်ပြီ၊ အောင်ပြီ" ဟု ထပ်မံကြွေးကြော်ကြပြန်သည်။ သူတို့အားလုံး အစားအသောက် ယမကာများနှင့် ပျော်ပွဲခံကြသည်။ ယင်းသို့ သူတို့ ပျော်ပွဲပါတီအရှိန်အဟုန်ကောင်းနေစဉ် ဘညွန့်၊ ခင်မောင်ရင်နှင့် မောင်နီတို့တသိုက် သူတို့၏ ဖို့ဒ်ဆန်ထရပ်ကားဖြင့် ပြန်ရောက်လာကြသည်။ ဦးစောနှင့် ပထမ ပြန်ရောက်လာကြသူများသည် အိမ်ဝရန်တာသို့ ထွက်လာကြပြီး အောင်မြင်မှုအတွက် ပျော်ရွှင်စွာ သူတို့အား နှုတ်ဆက်ကြွေးကြော်နေကြခြင်းကို







ဘညွန့်က ခပ်ဝင့်ဝင့်ဝါဝါ အင်္ဂလိပ်လို "New Calendar" (ပြက္ခဒိန်သစ်) ဟူ၍ အာမေဍိတ် သံဟစ်ကြွေးလိုက်သည်။ (တရားရုံးရောက်မှ သူက ဖြေရှင်းပြသည်မှာ "ခေတ်သစ် ပေါ်ပြီ" လို့ ကြေညာသည့်သဘောဖြစ်ကြောင်း။) သို့သော် သူ့ခေါင်းဆောင်ကြီးက တဖန် အင်္ဂလိပ်ဘာသာနှင့်ပင် "အပစ်ခံရတဲ့အထဲမှာ သခင်နုပါရဲ့လား" လို့ မေးလိုက်ရာ အဖြေကို မစဉ်းစားတတ်အောင်ဖြစ်သွားကာ မြန်မာလိုပင် သခင်နုအား ဘယ်မှာမျှ ရှာမတွေ့သဖြင့် မပါကြောင်း ဘညွန့်က ဝန်ခံလိုက်ပြီး အခြေအနေကို ဆက်စပ်ရှင်းပြသည်။ ဦးစောက ခေါင်းညိတ်ပြီး ရှင်းပြမှုကို လက်ခံလိုက်သည်။ သူသည် သခင်နုနှင့်ပတ်သက်ပြီး စိုးရိမ်တကြီးဖြစ်ပုံမရ။ အောင်ဆန်းကိုဖယ်ရှားရေး အဓိကလုပ်ရပ်မှာ အောင်မြင်ပြီးစီးခဲ့ပြီဖြစ်၍ သူစိတ်မပူတော့ပါ။ မြန်မာမျိုးချစ်ဝါဒီများ၏ အဓိကခေါင်းဆောင် လမ်းရှင်းသွားပြီဖြစ်သဖြင့် ဗြိတိသျှဘုရင်ခံချုပ် ဆာဟူးဘတ်ရန့် (စ်) သည် သူ့အား အချိန်မရွေးခေါ်နိုင်သည်။ ဖုန်းခေါ်သံကို သူစောင့်မျှော်ရပေတော့မည်။ သူ့ကို 'အစိုးရသစ် အမြန်ဖွဲ့ပါတော့' ဟု တောင်းဆိုလာလိမ့်မည်ဟု ယုံကြည်ထားသည်။ ဦးစောသည် ဦးအောင်ဆန်း၏ အဓိကနိုင်ငံရေးပြိုင်ဘက်နှင့် အာဏာလုဘက်ဖြစ်သည်။ သူသည် အထက်သို့ ကောင်းစွာ ပေါက်ရောက်ပြီး အစိုးရဝန်ထမ်းများအတွင်း၌သာမက ဗြိတိသျှစစ်တပ်အတွင်း၌ပင် သူ့လူတွေရှိနေသည်။ ထိုအချိန်က အခြားနိုင်ငံရေးသမားများမှာ အသက်အားဖြင့် ငယ်ရွယ်လွန်းပြီး အတွေ့အကြုံနည်းပါးလှသေးသည်ဟု ဆိုနိုင်သည်။ အသက် (၄၇) နှစ်အရွယ်ရှိ ဦးစောသည် ဤပွဲတွင် ဝါရင့်လက်ဟောင်းတဦးမဟုတ်ပါလော။ သူသည် သူရိယ The Sun သတင်းစာ၏ ပိုင်ရှင်နှင့် အယ်ဒီတာလည်းဖြစ်ပါသည်။ မျိုးချစ်ပါတီ၏ ခေါင်းဆောင်လည်းဖြစ်ရုံသာမက ဂျပန်ခေတ်မတိုင်မီ ၁၉၄၀ မှ ၁၉၄၂ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသေးသည်။

ဦးစောအနေဖြင့် တကယ်တမ်းအားဖြင့် သူတို့ကို ချက်ချင်းထွက်၍ ခရီးဦးကြိုနှုတ်ဆက်ခြင်း မရှိခဲ့ချေ။ ၎င်းအပြင် သူထွက်လာသောအခါ၌လည်း အလွန်အကြူး ဝမ်းသာပျော်ရွှင်နေပုံမရချေဟု သုခက နောက်ပိုင်းတွင် ပြန်လည်ပြောဆိုခဲ့သည်။ အမှန်အားဖြင့် သူသည် လုပ်ကြံသတ်ဖြတ်မှုသတင်းကို ချက်ချင်းပင် သိရှိပြီးဖြစ်သည်ဟု ယူဆရပေမည်။ သို့သော်လည်း ယခုအခါတွင်မူ ယင်းကိစ္စကို ပြီးပြီးသားကိစ္စဟု သတ်မှတ်လိုက်ပုံရပါသည်။ ထိုအချိန်တွင် သူ့အနေဖြင့် တိုင်းပြည်ကို အုပ်ချုပ်ရန် အစိုးရသစ်ဖွဲ့စည်းရေးအတွက် အသေးစိတ်အစီအစဉ်များကို စိတ်ကူးရေးဆွဲနေကောင်းနေပေလိမ့်မည်။ သူ၏ သက်ဆိုင်ရာအခမ်းအနားနှင့် သက်ဆိုင်သော ဝတ်စုံကို ဆာဟူးဘတ်ရန့်နှင့် တွေ့ဆုံရာ၌ ဝတ်ဆင်ရန်အတွက် အိပ်ခန်းထဲတွင် ဖြန့်ထားလျက်ရှိသည်။

သို့ရာတွင် ထိုနေ့က အစိုးရအဖွဲ့သစ် ဖွဲ့စည်းရန် ဆင့်ခေါ်ခံရသူမှာ ဦးစောမဟုတ်ပါချေ။ (၁၉၊ ၇၊ ၄၇) နေ့က သူ့သားကောင်အဖြစ် သတ်မှတ်ထားခဲ့သော သားကောင်

များထဲမှ တဦးဖြစ်ပြီး လုပ်ကြံမှုဖြစ်ပွားစဉ်က အတွင်းရုံးအတွင်းမရှိလိုက်ဘဲ ကံကောင်းထောက်မ၍ လွတ်ထွက်သွားခဲ့သော သခင်နုဖြစ်သည်။ ထိုနေ့က ဦးနုထံသို့ မြန်မာ့အလင်း သတင်းစာ အယ်ဒီတာ ဦးတင်က [၅] အရေးတကြီး ထိတ်လန့်တကြား နံနက် (၁၁) နာရီတွင် လှမ်း၍ဖုန်းဆက်သည်။ ထိုအခါမှ ထိုလုပ်ကြံမှုကြီးအကြောင်း သိရှိရပြီး အတွင်းဝန်များရုံးသို့ သူအပြေးအလွှားသွားရသည်။ ထိုအချိန်တွင် အလောင်းများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရွှေ့ပြီးနေပြီ။ သခင်နုသည် ရန်ကုန်ဆေးရုံကြီးသို့ လိုက်သွားပြီး ယမန်နေ့ကပင် သူတွေ့ခဲ့သော ဦးအောင်ဆန်း၏အလောင်းကို ကြည့်နေရင်း ရင်ထဲ၌ တစ်ဆို့လာလျက် မျက်ရည်များ လည်လာသည်။ လူးဝစ် (စ်) လမ်းရှိ သူ့နေအိမ်သို့ ပြန်ရောက်သည့်အခါ နေ့လယ် (၁) နာရီခန့် ရှိနေပြီ။ ထိုအချိန်က မြန်မာနိုင်ငံ၏ အဓိက နိုင်ငံရေးပါတီဖြစ်သည့် ဖဆပလအဖွဲ့ချုပ်၏ ခေါင်းဆောင်များသည် သူတို့ရုံးနှင့် နီးကပ်စွာ တည်ရှိနေသော ပြည်သူ့ရဲဘော်အဖွဲ့ ဌာနချုပ်တွင် သူ့ကို စောင့်နေကြကြောင်း သူသိရှိရသည်။ ပြည်သူ့ရဲဘော်အဖွဲ့သည် စစ်ပြန်စစ်မှုထမ်းဟောင်းများ၏ အသင်းဖြစ်ပြီး ဦးအောင်ဆန်းကို သစ္စာရှိသော ပြည်သူ့စစ်အဖွဲ့ဖြစ်သည်။

သခင်နု ပြည်သူ့ရဲဘော်အဖွဲ့ ရုံးသို့ ရောက်သောအခါ သခင်တင်က ရှေးဦးစွာ ပြောဆိုသည်။ “ဗိုလ်ချုပ်အောင်ဆန်းနေရာမှာ ဦးစောကိုသာ ခန့်လိုက်ရင်တော့ တပြည်လုံး ဒုက္ခရောက်ကုန်မယ်။ ဗိုလ်ချုပ်နေရာမှာ ခင်ဗျားဝင်နိုင်အောင် ဘုရင်ခံကို ခင်ဗျားသွားတွေ့ရမယ်။ ဒါကို ကျနော်တို့ ဆွေးနွေးပြီးကြပါပြီ” ဟု ဆီးကြိုနှုတ်ဆက် ပြောဆိုလိုက်သည်။ ယခင်က ဘုရင်ခံ၏ အမှုဆောင်ကောင်စီဝင် (၁၁) ဦးရှိသည့်အနက် ယခုအခါ (၅) ဦးသာ ကျန်တော့သည်။ ထိုနေ့နံနက် ပစ်ခတ်မှုမှ ရှင်ကျန်ရစ်သူ ဝန်ကြီး (၃) ဦး ဖြစ်သည့် ဦးဘဂျမ်း၊ ဦးအောင်ဇံဝေနှင့် ဦးမြအပြင် (ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးရာ ဝန်ကြီး) ကောင်စီဝင် စောစံဖိုးသင်နှင့် (ပြည်ထဲရေးနှင့် တရားရေးရာဝန်ကြီး) ကောင်စီဝင် ဦးကျော်ငြိမ်းတို့ဖြစ်ကြသည်။

သခင်နုသည် တုံ့ဆိုင်းမနေချေ။ ဦးအောင်ဆန်းနေရာ၌ သူ့အား အစားထိုးရန်အတွက် အမှုဆောင်ကောင်စီ၏ ဒု–ဥက္ကဋ္ဌနေရာအတွက် သခင်နုအား ထောက်ခံကြောင်း ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင်ကော်မတီက ကန့်ကွက်သူမရှိ ဆုံးဖြတ်အတည်ပြုပေးလိုက်သည်။ ဤတာဝန်ကို သူယူရပါလျှင် လွတ်လပ်ရေးရပြီးနောက် (၆) လအကြာတွင် သူ့ကို နုတ်ထွက်ခွင့်ပေးရမည်ဟူသော ခြွင်းချက်ဖြင့် သခင်နုက သဘောတူလိုက်သည်။

သခင်နုအိမ်ပြန်ရောက်ပြီး မကြာမီ ဘုရင်ခံထံသို့ မသွားရသေးမီ အချိန်အတွင်း ဘုရင်ခံက သူ့ထံဖုန်းဆက်လေသည်။ သခင်နုအား ဘုရင်ခံက ဝန်ကြီးချုပ်ရာထူးကို လက်ခံရန်နှင့် အစိုးရသစ်ဖွဲ့စည်းရန် တရားဝင် ဖိတ်ကြားတာဝန်ပေးခြင်းကို ခံရလေတော့သည်။ ထိုမှတပါး ကျဆုံးသွားသော အာဇာနည်ကြီးများ၏ ဇနီး၊ မုဆိုးမတဦးလျှင် ရူပီးငွေ







(၁၀၀,၀၀၀) စီကိုလည်း ကရုဏာကြေးအဖြစ် ထောက်ပံ့ရန်လည်း ဘုရင်ခံက အကြံပြုသည်။ ဦးအောင်ဆန်းသည် သူ့ဇနီးသည် ဒေါ်ခင်ကြည်ကို လူမမယ် ကလေး (၃) ယောက်နှင့် ထားရစ်ခဲ့သည်။ အောင်ဆန်းဦး [၆] နှင့် အောင်ဆန်းလင်း [၇] သားနှစ်ဦးအပြင် နှစ်နှစ်အရွယ် သမီးငယ် အောင်ဆန်းစုကြည်တို့ ဖြစ်ကြသည်။

နေ့လယ်ပိုင်း အိပ်မက် နောက်တကွက်မှာမူ နံနက်က ပင်ပန်းခဲ့မှုအစုစုတို့ကြောင့် သူတို့သောက်လိုက်ကြသော ယမကာတို့က ဦးစောခြံဝင်းအတွင်းရှိ လက်သပ်မွေးထားသော သူ့လူများအား မြို့တွင်း၌ ဘာတွေဖြစ်ပျက်နေသည်များကို မသိနိုင်လောက်အောင် နေ့ခင်းပိုင်း ဇရက်မင်းစည်းစိမ်နှင့် အသူရာနတ်များဘဝ တခဏရောက်သွားစေပါတော့သည်။ သို့သော် ညနေ (၃) နာရီ မထိုးမီကလေးတွင် အပြင်လမ်းမမှ ဆူဆူညံညံ မော်တော်ကား အင်ဂျင်စက်သံများက သူတို့ကို အသူရာအိပ်မက်မှ လန့်နိုးစေခဲ့သည်။ ပုလိပ်နှင့် စစ်တပ်အရန်တပ်ဖွဲ့များက သူတို့မမျှော်လင့်ဘဲ ရုတ်တရက်ဦးစောအိမ်ကို ဝိုင်းထားလိုက်ကြသည်။ [၈] ထိုအခါ မောင်စိုးသည် ချက်ချင်းပင် သူ့သေနတ်ကို ကောက်ဆွဲလိုက်သော်လည်း သူ့အနားရှိ သူ့လူများက သူ့အား သေနတ်မသုံးရန် တားဆီးထားကြသည်။ တဖန် မှုန်ကြီးကလည်း ထို့အတူ သူ့တော်မီသေနတ်ကို မြှောက်လိုက်သည့်အချိန်တွင် သူ့လက်ကို ပုလိပ်တဦးက [၉] သေနတ်ဖြင့် ပစ်ချလိုက်သည်။ တခြားနောက်လိုက်များမှာမူ ထိုနေ့နံနက်က အတွင်းဝန်များရုံးတွင် သူတို့သုံးခဲ့သော သေနတ်များကို အိမ်နောက်ဘက်ရှိ အင်းယားကန်ထဲသို့ အလျင်စလို ပစ်ချဖျောက်ဖျက်ရန် ကြိုးပမ်းလျက်ရှိနေကြသည်။ ထိုနေရာမှာ ဦးစောက သူတို့မိသားစုအတွက် ရေကန်အစပ်တွင် ဆောက်တည်ပေးထားသော ဘုရားကျောင်းဆောင်လေးအနီး၌ ဖြစ်သည်။

အောင်မြင်မှုသည် တနေ့ပင်မခံလိုက်ဘဲ လူသတ်မှုဖြင့် သူတို့အားလုံး လက်ဆုပ်လက်ကိုင် အဖမ်းခံလိုက်ရသောအခါ အမြင့်ဆုံးနေရာမှ ပြုတ်ကျလာသော သူများကဲ့သို့ ဦးစောလူများစုသည် စိတ်ကယောင်ချောက်ချား ပျက်ပြားနေကြပြီ။ သို့သော်လည်း ဦးစောမှာမူ ရှာမှ ရှားသောသူဟု ဆိုရလောက်အောင် တည်ငြိမ်လှပါသည်။ [၁၀] ထိတ်လန့်အံ့သြဝမ်းနည်းသော အမူအရာဟူ၍ ဘာမျှမရှိ။ သူ၏ အိမ်ကို ပုလိပ်တပ်များ စီးနင်းထားသည့်အချိန်ကာလတလျှောက်လုံး ဦးစော၏ ဟန်ပန်အမူအရာသည် လုံးဝမပျက်ပြား၊ သူ့အား စောင့်ရှောက်ရန်လာသော သူ့လက်အောက်ခံ တပည့်ငယ်သားများနှင့် တွေ့ရသည့် ပုံစံမျိုး၊ ဘာပဲဖြစ်ဖြစ် ကိစ္စအားလုံး ဆိုင်ရာ–နိုင်ရာ သူ့အဆက်အသွယ်များအရ ကွင်းဆက်မိမိ ထိထိရောက်ရောက် ပြီးစီးသွားသည့်အခါ သူ့ဘက်က အလေးသာလိမ့်မည်ဟု ယုံကြည်မှုအပြည့် သူ့၌ ရှိနေပုံရသည်။ သို့သော်လည်း လက်ထဲတွင် ကိုင်ထားသော ဝီစကီခွက်ထဲမှ လက်ကျန်ယမကာကို ဖြည်းညင်းစွာ စုပ်သောက်ရင်း သူ့အရှေ့မှ ပုလိပ်အရာရှိ (Police Superintendent) ကို အရေးမစိုက်သလို အမူရာဖြင့် ရှာဖွေဖမ်း

ဆီးပိုင်ခွင့် ဝရမ်းစာရှိမရှိ မေးလိုက်သည်။ ဤတွင် ပြဿနာတခုဝင်လာသည်မှာ ဝရမ်းစာ မပါခြင်းပင်ဖြစ်၏။ သို့ဖြစ်၍ တရားဥပဒေနှင့် အံချော်ပြီး ဟန်ပုံမပေါ်သဖြင့် သိသိသာသာ စိတ်လှုပ်ရှားနေသော အရာရှိသည် သူ့အထက်အရာရှိထံ ချက်ချင်းတယ်လီဖုန်းဆက်ပြီး သူရှေ့ဆက်လုပ်ကိုင်သွားရမည့် တာဝန်ပိုင်းဆိုင်ရာ နူတ်မိန့်ကို သေချာစွာ ရရှိပြီးသော အခါတွင်မှ ဦးစောက သူတို့အားလုံးကို သူ့အိမ်တွင် ရှာဖွေခွင့်ပြုလိုက်သည်။ ယင်းသို့ ရှာဖွေစဉ်အချိန်ကာလတလျှောက်လုံး ဦးစောသည် ဝီစကီကို အသောက်မပျက် ဖြည်းဖြည်းချင်း ဆက်လက်စုပ်သောက်နေခဲ့သည်။ မြန်မာလူမျိုးဖခင်တဦးက သူ့ကလေးငယ်များအပေါ် ဆက်ဆံသည့်နည်းတူ သူ့လူများ ကြောက်ရွံ့မှုသက်သာသွားစေရန် အရွှတ်အနောက်များဖြင့် မြောက်ပင့်ချော့မော့မှုများ ပြုလုပ်ပြီး ပုလိပ်များပေါ်တွင်လည်း မြန်မာပြည် နန်းရင်းဝန်ဘဝက ဆက်ဆံခဲ့သည့် လေသံအတိုင်း အထက်စီးကို အပိုင်ယူထားလေသည်။

မကြာမီ နံပါတ် (၈) မမ ဆပ်မရှင်းဂန်းတလက်၊ စတင်းဂန်းတလက်နှင့် ကျည်ဆံများကို သူ့အိမ်အတွင်းမှ ပုလိပ်က ရှာဖွေတွေ့ရှိသည့်တိုင် ဦးစောသည် လုံးဝဟန်မပျက်သေးဘဲ သူ့တပည့်များနှင့် ပြက်လုံးထုတ်နေဆဲပင်ဖြစ်ပါ၏။ ထိုလက်နက်နှစ်ခုလုံးသည် ဦးစောပိုင်လိုင်စင်နှင့် သေနတ်များ ဖြစ်သော်ငြားလည်း ထိုလက်နက်နှင့် ကျည်ဆံများကို သက်သေခံပစ္စည်းအဖြစ် သိမ်းလိုက်ကြလေသည်။ ထိုအချိန်အထိ ဦးစောက အပြုံးမပျက်၊ “ကဲ ဘာဆက်လုပ်ဦးမလဲ” ဟု မေးလိုက်သည်။ ထို့ကြောင့် မျက်နှာထားတင်းတင်းနှင့် အရာရှိသည် နောက်ထပ်တယ်လီဖုန်းစကား အမေးအဖြေများ ပြုလုပ်ပြီး ဦးစောဆီလာကာ “ဒီအချိန်ကစပြီး ခင်ဗျားကို ဖမ်းလိုက်ပါပြီ။ ခင်ဗျားကို ကျနော်တို့ လုံခြုံတဲ့နေရာမှာ ထိန်းသိမ်းထားဖို့ အခု ချက်ချင်းခေါ်သွားရပါမယ်” ဟု ပြောလိုက်သည်။ သို့တိုင်အောင် မှားယွင်းသည့်ဘက်၌ ယုံကြည်ချက်ပြင်းထန်လွန်းသူ ဦးစောသည် တုန်လှုပ်ချောက်ချားမှုလုံးဝမရှိသေးဘဲ သူ့နောက်လိုက်များဘက်လှည့်ကာ ဦးစောက “ဟေ့– မင်းတို့အိပ်ရာလိပ်တွေ ထုတ်ကြဟေ့။ စောင်လုံလုံလောက်လောက် ယူလာဖို့လည်း မမေ့ကြနဲ့။ ငါတို့သွားမယ့်နေရာက အာဏာပိုင်တွေက ငါတို့ကို လိုသလောက်ပေးနိုင်ချင်မှ ပေးနိုင်မှာ” ဟု ပြောနေရာက တစုံတခုကို စဉ်းစားဟန်ဖြင့် “အေးလေ…(၃) ရက် ဒါမှ မဟုတ် (၄) ရက်လောက် အဝေးမှာ ငါတို့အားလုံး သွားနေကြရမှာပါ။ ဘာမှ မစိုးရိမ်ကြနဲ့” ဟု သူက ဘာမှ မဖြစ်သလို ထပ်ပြောလိုက်ပြန်သည်။

ဦးစော၏ ဇနီးသည် ဒေါ်သန်းခင်သည် ထိုနေ့က အိမ်တွင်မရှိချေ။ ရန်ကုန်မြောက်ပိုင်း၊ အင်းစိန်ရှိ ပထမအိမ်ထောင်သည်၏ ဦးလေးတော်သူ နေအိမ်သို့ သူမရောက်နေသည်။ ဇူလိုင်လ (၁၉) ရက်နေ့၌ ရဲတပ်ဖွဲ့ဝင်များ ရောက်သွားသောအခါက ဦးစော၏ အိမ်တွင် ခင်မောင်ရင်၏ဇနီးနှင့် မောင်နီ၏ဇနီး အမျိုးသမီးနှစ်ဦးအပါအဝင် အိမ်စေယောကျ်ားလေးတယောက်နှင့် မိန်းမလေးတယောက်တို့သာ ကျန်နေခဲ့သည်။





ကျွန်ုပ်၏ ဖခင်ဖြစ်သူ ဦးထွန်းလှအောင်သည် မှုခင်းထောက်လှမ်းရေးဌာန–ပုလိပ်တပ်ဖွဲ့ကြီး (CID) ၏ ဒု–ပုလိပ်မင်းကြီးဖြစ်ပြီး (ပုလိပ်တပ်ဖွဲ့ကြီးကို ရဲတပ်ဖွဲ့ဟု အမည်မပြောင်းရသေးမီ) ထိုအချိန်က မြန်မာပြည်တွင် ဒုတိယအဆင့်အမြင့်ဆုံး ပုလိပ်အရာရှိကြီးဖြစ်သည်။ ယင်းသို့လျှင် ဖမ်းဆီးထားသူများကို ပုလိပ်ကားများသို့ ခေါ်ဆောင်လာချိန်တွင်မှ ဦးထွန်းလှအောင် ထိုနေရာသို့ရောက်ရှိလာသည်။ [၁၁] လျင်မြန်လှသော ပုလိပ်တပ်ဖွဲ့ကြီး၏ အရေးယူဆောင်ရွက်မှုကို သူအမိန့်ပေးနိုင်ခဲ့ခြင်းသည် ကပ္ပိတန်ခန်း၏ သတင်းပေးမှုအရဖြစ်သည်။ [၁၂] သေနတ်သမားတို့၏ ဂျစ်ကားနှင့်သူ့ကား တိုက်လုနီးပါးဖြစ်ခဲ့ပြီးသည့်နောက်ပိုင်းတွင် ဝင်ဒါမီယာပ့ါ(ခ်) ရှိ ဦးထွန်းလှအောင်အိမ်သို့ ကပ္ပတိန်ခန်းက တောက်လျှောက်သွားခဲ့သည်။ ဦးထွန်းလှအောင်ကို အိမ်တွင် မတွေ့လိုက်သည့်အခါ ခန်းသည် (CID) မှုခင်းထောက်လှမ်းရေးဌာန ပုလိပ်မင်းကြီးရုံးခန်းသို့ နေ့လယ် (၁) နာရီခန့်တွင် လှမ်းဖုန်းဆက်လိုက်သည်။ ဦးထွန်းလှအောင်သည် သိမ်းဆည်းထားသော လက်နက်များကို ဝမ်းနည်းကြေကွဲသော အတွေးများဖြင့် စစ်ဆေးကြည့်ခဲ့သည်။ ဦးစောအိမ်တွင် အခြား ကိုယ်ပိုင်ကိရိယာ တန်ဆာပလာများကိုလည်း တွေ့ရသည်။ အထူးသဖြင့် မကြာသေးမီကမှ ရိုက်နှိပ်ထားဟန်တူသော စာရေးစက္ကူကဒ်များအပြင် ဝန်ကြီးချုပ်ဟူသော ခေါင်းစဉ်နှင့် ဦးစောဟူသော လက်ရေးဆက် တံဆိပ်တုံး စသည်များကိုလည်း ဖမ်းဆီးရမိခဲ့သည်။ (CID) အကြီးအကဲသည် ခြံဝင်းအတွင်းရှိ ကားများကိုလည်း စိတ်ဝင်တစားကြည့်မိပြန်သည်။ ဂျစ်ကားနှစ်စီးရှိပြီး သူသည် အင်ဂျင်စက်များကို နှိုးကြည့်သည်။ ကားတစီးသာလျှင် အမိုးပါပြီး ယင်းကား၏ နံပါတ်ပြားမှာ လတ်လတ်ဆတ်ဆတ် ဆေးသုတ်ထားမှန်း ကြည့်ရုံနှင့်သိနိုင်သည်။ ယင်းကားသည် လွယ်လွယ်ကူကူနှင့် စက်နှိုးသော်လည်း အခြားကားမှာ ရုတ်တရက်စက်မနှိုးပေ။ ထို့ပြင် ဖို့ဒ်ဆန်ထရပ်ကားကို ကားရုံထဲတွင် ရပ်ထားသည်။

ရန်သူပြိုင်ဘက်များကို ဖယ်ရှားပြီး မကိုင်ဒ်ကို အရယူကာ နန်းတက်သည့် အစဉ်အလာကို မြန်မာစကားတွင် ‘သုတ်သင်ရေး’ ဟု သုံးသည်။ ဦးစောသည် ထိုသုတ်သင်ရေးကြိုးပမ်းချက်ကြီးကို အားတက်သရော အကွက်စေ့စေ့ စီစဉ်လုပ်ဆောင်ခဲ့ငြားသော်လည်း အားလုံး ရုတ်တရက် အဆုံးသတ်သွားသည်။ ဘုရင်ခံထံမှ သူ့အိမ်တော်သို့ အစောင့်အရှောက်များနှင့်တကွ တရားဝင်လိုက်ပါလာရန် စေလွှတ်လိုက်သော တမန်အဖွဲ့ကို လက်ခံရမည့်အစား ဦးစောနှင့် သူ့အပေါင်းအပါများသည် ဘလက် မာရီယာ (Black Maria) ဖြင့် ထောင်သို့ ခေါ်ဆောင်သွားခြင်းကို ခံရလေတော့သည်။ ဤနိုင်ငံတော်လုပ်ကြံမှုကြီးတွင် ပူးပေါင်းကြံစည်သူများကို ထိုနေ့နောက်ပိုင်း ထောင်ထဲထည့်ပြီး ထောင်တံခါးပိတ်ချိန်မှာ ညနေ နေဝင်ချိန် ဖြစ်နေလေပြီ။

အတွင်းဝန်များရုံးကြီးအတွင်း ရက်စက်ကြမ်းကြုတ်စွာလုပ်ကြံမှု သတင်းဆိုးကြီး

မှာ မြို့တော်အတွင်း ပျံ့နှံ့သွားပြီး တတိုင်းတပြည်လုံး ပူဆွေးသောက ရောက်ကြရလေသည်။ အတွင်းဝန်များရုံး၌ (၆) ယောက် ပွဲချင်းပြီး သေဆုံး၍ နောက်ထပ် (၃) ဦး ထပ်မံ သေဆုံးခဲ့သည်။ ဦးဘချိုသည် ဒဏ်ရာကြောင့် ထိုနေ့ နေ့လယ်ပိုင်းတွင် သေဆုံးခဲ့ရပြီး စောစံထွန်းသည် နောက်တနေ့တွင် ကွယ်လွန်သွားရှာသည်။ ငယ်ရွယ်သော ကိုယ်ရံတော် ရဲဘော်ကိုထွေးမှာမူ နောက်ရက်အနည်းငယ်အကြာတွင်မှ ကွယ်လွန်သွားရှာသည်။ နိုင်ငံရေးသမား တဦးတယောက်တည်း၏ အာဏာလောဘရမက်ကို ကျေနပ်မှုပေးစေနိုင်ရန်အတွက် ပုဂ္ဂိုလ် (၉) ဦး အသက်ပေးခဲ့ရလေသည်။ ဗြိတိသျှတို့ထံမှ အာဏာလွှဲပြောင်းယူရေး ကြိုးပမ်းနေဆဲကာလ၌ မြန်မာနိုင်ငံ၏ အရည်အချင်းအမြင့်မားဆုံး ခေါင်းဆောင်များမှာ နိုင်ငံတော် အချုပ်အခြာအာဏာရရှိပြီး လွတ်လပ်ရေးမကြေညာနိုင်မီပင် ကျဆုံးသွားခဲ့ရရှာတော့သည်။


❑ ❑ ❑ ❑ ❑



ဗိုလ်ချုပ်အောင်ဆန်း၊ စစ်သေနာပတိ ဗမာ့ကာကွယ်ရေးတပ်မတော်။ (၁၉၄၃၊ ဂျပန်ပြည် 'ဟီရိုဟီတို' ကေရာဇ်ကိုယ်တိုင် 'တက်နေ' ဘွဲ့အပ်နှင်းခဲ့သည်)







၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၇) ရက်နေ့တွင် ခန့်အပ်လိုက်သည့် ဘုရင်ခံ၏ ဝန်ကြီးအဖွဲ့…
ရှေ့တန်း ဝဲမှယာ။ သခင်ဘစိန်၊ ဗိုလ်ချုပ်ကြီးအောင်ဆန်း၊ ဘုရင်ခံ ဗိုလ်ချုပ် ဆာဟျူးဘာတ်ရန့်(စ်)၊ ဦးဘပေ၊ ဦးတင်ထွဋ်။
နောက်တန်း ဝဲမှယာ။ သခင်မြ၊ ဦးအောင်ဇံဝေနှင့် သခင်သိန်းဖေ။



ဦးအောင်ဆန်း



ဒီးဒုတ်ဦးဘချို



သခင်မြ



စဝ်စံထွန်း



ဦးဘဝင်း



ဦးရာဇတ်



မန်းဘခိုင်



အတွင်းဝန်ဦးအုန်းမောင်



ရဲဘော် ကိုထွေး

လုပ်ကြံခံရသူများ။
ဝန်ကြီးအဖွဲ့ဝင် (၇) ဦးနှင့်
အရာရှိ (၂) ဦးမှာ
၁၉၄၇၊ ဇူလိုင်လ (၁၉)
ရက်နေ့တွင်
ပစ်ခတ်သတ်ဖြတ်ခြင်း
ခံခဲ့ကြရရှာသည်။






လုပ်ကြံမှုအပြီး ဘုရင်ခံ၏ ဝန်ကြီးအဖွဲ့နှင့် ညှိသည်များ...
ထိုင်လျက်–ဝဲမှယာ။ ဦးကျော်ညိမ်း၊ ဆာဘဦး၊ လေဒီရန်(စ)၊ သခင်နု၊ ဆာဟျူးဘတ်ရန်(စ်)၊ The Earl of Listowel (မြန်မာပြည်ဆိုင်ရာ အတွင်းဝန်)၊ ဗိုလ်လက်ျာ၊ ဆာဂလ်ဘတ်လိတ်ဝိတ်၊ ဦးတင်ထွဋ်။
အရှေ့တန်းမတ်တပ်ရပ်– ဝဲမှယာ။ အာအီမဂွာရား၊ မန်းဝင်းမောင်၊ ဗိုလ်ဖိုးကွန်း၊ ကိုယ်ရံတော် (၄) ဦး၊ သခင်တင်၊ ဟသ်ာတ ဦးမြ၊ ဗန်းကိုဟော်၊ မစ္စဝိတ်ဖိလ်။
အနောက်တန်း– ဝဲမှယာ။ ဂျေအလ်လေဒင်၊ ပျော်ဘွယ်ဦးမြ၊ ဆာရလ်စတုံးဟန်၊ ဦးဘဂျမ်း၊ စီအက် (ဖ) သီ ပီရတ်(စ) နှင့် ဟယ်ရစ်(စ)



ဗိုလ်ချုပ်တို့
ဇနီးမောင်နှံနှင့်
ရင်ခွင်ပိုက်သမီးလေး
အောင်ဆန်းစုကြည်
၁၉၄၅။



ပင်လုံမြို့၌၊ ဝဲမှယာ။
ဗိုလ်ချုပ်၊
ညောင်ရွှေစောဘွားကြီး စပ်ရွှေသိုက်၊
ဒေါ်ခင်ကြည်နှင့် ဗိုလ်ထွန်းလှ၊
ဖေဖော်ဝါရီလ၊ ၁၉၄၇။





အောက်(စ) ဖို့ဒ်မြို့၌ နာတာလူးပွဲချိန်။ ၁၉၈၃၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်တွင် မိသားစုများနှင့် မိတ်ဆွေများပါ စုရုံးလျက်။ (ဒေါ်အောင်ဆန်းစုကြည် ဘေးတွင် ထိုင်လျက် လက်ဖက်ရည်ခွက်ကို လှမ်းယူနေသူ ဒေါက်တာကျော်ဝင်း၏ မေတ္တာလက်ဆောင်ပုံဖြစ်ပါသည်။)

# အခန်း (၂)
# အဓိကခေါင်းဆောင်များ

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတွင်းဝန်ရုံး၌ သနားညှာတာမှုကင်းမဲ့စွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းခံလိုက်ကြရသူ ပုဂ္ဂိုလ်များမှာ ခေတ်သစ် မြန်မာနိုင်ငံ၏ အထူးချွန်ဆုံး နိုင်ငံ့ခေါင်းဆောင်များ ဖြစ်ကြပေသည်။ ဗြိတိသျှအုပ်စိုးမှု၏ နောက်ဆုံးနှစ်များအတွင်းသို့ မြန်မာနိုင်ငံကို ခေါင်းဆောင်မှုပေးရန် သူတို့အနေဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းခံခဲ့ကြရသော်လည်း လွတ်လပ်ရေးရရှိသည်အထိ အဆုံးတိုင်ဆောင်ရွက်ခွင့်မရရှိသွားခဲ့ကြရှာချေ။ ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ်တွင် မန္တလေးမြို့တော်သို့ ချီတက်လာကြပြီး မြန်မာနိုင်ငံ၏ နောက်ဆုံးမင်းဆက်ကို အဆုံးသတ်ခဲ့ကြသည်။ ဤသို့ဖြင့် ၁၈၂၄–၂၆ ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲမှ စတင်ခဲ့သော သူတို့၏ကျူးကျော်သိမ်းပိုက်မှုကို အဆုံးသတ်နိုင်ခဲ့ကြသည်။ ထိုအချိန်မှစတင်ခဲ့သော ဗြိတိသျှကို ဆန့်ကျင်တွန်းလှန်ရန် ကြိုးပမ်းခဲ့သည့် သားစဉ်မြေးဆက် ရှန်းကန်လှုပ်ရှားမှုတိုက်ပွဲကို ယခုခေတ်သစ် မြန်မာနိုင်ငံခေါင်းဆောင်များက ဆက်လက်ဦးဆောင်မှုပေးခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ဘုရင်သီပေါမင်းကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အိန္ဒိယနိုင်ငံ၊ ရတနာဂီရိသို့ ပို့ထားခဲ့သည်။ သို့သော်လည်း ဘုရင့်တပ်မတော်၊ အသက်ရှင်ကျန်ရစ်နေခဲ့သော မင်းညီမင်းသားအချို့ နန်းတော်အရာရှိများ၊ ကျေးရွာသူကြီးများနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများပင်လျှင် ဗြိတိသျှပိုင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တခုဘဝ ရောက်သွားခဲ့ပြီးဖြစ်သော တချိန်က မြန်မာဘုရင်နိုင်ငံတော်၏ နေရာအနှံ့အပြားတွင် ဓားကို ဆွဲကိုင်၊ သေနတ်ဖြင့် ယှဉ်ပြိုင်၍ အနိုင်မခံတော်လှန်ခဲ့ကြသည်။ ဤအကြောင်းကို ဂျွန်အက် (ဖ်) ကေဒီ (John. F. Cady) က သူ၏ 'ခေတ်သစ်မြန်မာနိုင်ငံသမိုင်း' တွင် ဤသို့ ရေးသားခဲ့သည်။

'၁၈၈၆ ခုနှစ်နှင့် ၁၈၈၇ ခုနှစ်များက တလျှောက်လုံး မြန်မာနိုင်ငံ အထက်မြန်မာပြည်၏ ခရိုင်ဒေသတိုင်းတွင် တော်လှန်ထကြွမှုဖြင့် ဆူပွက်လျက်ရှိခဲ့သည်။ စစ်စခန်းများနှင့် စစ်ယာဉ်တန်းများသည် အတိုက်အခိုက်ခံခဲ့ကြရပြီး ကျေးရွာများမှ ယောကျာ်းတိုင်းလိုလိုက တိုက်ခိုက်ရန် အဆင်သင့်ရှိနေခဲ့ကြသည်။ နိုင်ငံသူနိုင်ငံသားအားလုံးက စစ်အတွင်း ခက်ခဲကျပ်တည်းမှုများကို လက်ခံခဲ့ကြပြီး ပုန်ကန်လှုပ်ရှားမှုများကို ရေငုံနှုတ်







ပိတ်လျက် ပူးပေါင်းကူညီဝန်းရံပေးခဲ့ကြသည်။

မြန်မာတို့အမြင်တွင်ကား ယင်းပုဂ္ဂိုလ်များမှာ ရဲစွမ်းသတ္တိရှိသော မျိုးချစ်သူရဲကောင်းများ ဖြစ်ကြသည်။ ဗြိတိသျှတို့ကမူ ယင်းတော်လှန်ရေးသမားများကို ဓားပြများ၊ လူဆိုးသူခိုးများအဖြစ် သတ်မှတ်ပြီး အကျဉ်းချုံးတရားစီရင်ကာ အပြစ်ပေးခဲ့သည်။ ဗြိတိသျှတို့သိမ်းပိုက်ပြီး တနှစ်အကြာတွင် အလွန်အမင်းကြမ်းတမ်းစွာ အုပ်ချုပ်တတ်သော ဆာချားလ်ကရော့ (စ်သ်) ဝိတ် (Sir Charles Crosthwaite) သည် မြန်မာနိုင်ငံ၏ ဝန်ရှင်တော်မင်းကြီး ဖြစ်လာခဲ့သည့်အလျောက် သူသည် ပုန်ကန်ထကြွမှုများကို အညှာတာကင်းမဲ့စွာ နှိမ်နင်းပစ်ခဲ့သည်။ ထိုသို့ ဓားပြဟု သတ်မှတ်ခြင်းခံရသူများကို အစုလိုက်အပြုံလိုက် ကွပ်မျက်ခဲ့သည်။ လွတ်မြောက်ရေးတိုက်ပွဲဝင်သူများအပေါ် ကရုဏာသက်မိသော ကျေးရွာတိုင်းကို ချက်ချင်းလက်ငင်း မီးလောင်တိုက်သွင်းပစ်လိုက်သည်။ မိန်းမများနှင့် ကလေးငယ်များကိုပင် ချမ်းသာခွင့်မပေးခဲ့ချေ။ စစ်ပွဲတွင် အသတ်ခံရသူများနှင့် ဖမ်းဆီးရမိ၍ ကြိုးပေးခြင်းဖြင့်သော်လည်းကောင်း၊ ခေါင်းဖြတ်ခြင်းဖြင့်သော်လည်းကောင်း ကွပ်မျက်ခံရသူများကို အားလုံးပေါင်းလျှင် ထောင်ပေါင်းများစွာ ရှိပေလိမ့်မည်။ ဦးအောင်ဆန်း၏ မိခင်ဘက်မှ အဘိုးတော်သူ ဗိုလ်မင်းရောင်သည် ဒေသခံတော်လှန်ရေးတပ်များကို ခေါင်းဆောင်ခဲ့သူဖြစ်သည်။ သူသည် ဗြိတိသျှ၏ အဖမ်းအဆီးခံရပြီး ခေါင်းဖြတ်ကွပ်မျက်ခြင်း ခံခဲ့ရလေသည်။

ထိုအခါက ဗြိတိသျှတို့အနေဖြင့် မြန်မာနိုင်ငံ၌ အမြဲတမ်းတပ်များနှင့် စစ်ပုလိပ်စုစုပေါင်း (၆၀,၀၀၀) ကို တပ်စွဲထားစေခဲ့ပြီး မြောက်ပိုင်းဒေသရှိ ပုန်ကန်ထကြွမှုကို (၅) နှစ်တိုင်တိုင် နှိမ်နင်းခဲ့ရလေသည်။ လူအင်အား (၅၀၀) ဖြင့် မန္တလေးသို့ ပထမဆုံး စတင်ချီတက်လာစဉ်က မြန်မာပြည်သူလူထုကို နှိပ်ကွပ်သိမ်းသွင်းရန် ဤသို့သော ခက်ခက်ခဲခဲ အရေးယူဆောင်ရွက်ရမှု ပြုလုပ်ရလိမ့်မည်ဟု ဗြိတိသျှတို့အနေဖြင့် လုံးဝ မတွေးမထင်မိခဲ့ကြချေ။

ဖမ်းဆီးရမိသမျှ တော်လှန်ရေးသမား ခေါင်းဆောင်များအားလုံးကို သုတ်သင်ဖယ်ရှားခဲ့သည့်အတွက် မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်သည် အနှစ် (၂၀) ခန့် ခေတ္တ ငြိမ်ဝပ်သွားခဲ့သည်။ ကိုလိုနီနယ်ချဲ့တို့၏ အသုံးအနှုန်းအရ မြန်မာနိုင်ငံသည် ငြိမ်းချမ်းသွားပြီဟု ဆိုရလင့်ကစား ချင်းတွင်းနှင့် မုံရွာခရိုင်များတွင် ဒေသတွင်းထကြွမှုများ ရှိနေခဲ့ပြီး အင်အားသေးငယ်သော ပြောက်ကျားတပ်ဖွဲ့ကလေးများ၏ ချုံခိုတိုက်ခိုက်မှုများကား နှစ်ပေါင်းများစွာ ရပ်စဲသွားခြင်း မရှိခဲ့ချေ...'ဟူ၏။

ထို့နောက် ၁၉၀၄ ခုနှစ်တွင် ခေတ်ပညာတတ် ရန်ကုန်ကောလိပ် ကျောင်းသားလူငယ်များထဲမှ အမျိုးသားခေါင်းဆောင်များ စတင်ပေါ်ပေါက်လာလေသည်။ ယင်းကျောင်းသားခေါင်းဆောင်များသည် ၁၈၉၇ ခုနှစ်မှ စတင်ပြီး နိုင်ငံရေးအရ နိုးကြားမှုရှိ

သော 'ဗုဒ္ဓဘာသာ' အသင်းအဖွဲ့များ ထူထောင်ခဲ့ကြသူများနှင့်အတူ လက်တွဲဆောင်ရွက်မိကြသည်။ ၁၉၀၆ ခုနှစ်တွင် 'ဗုဒ္ဓဘာသာကလျာဏယုဝ' အသင်း (ဝိုင်အမ်ဘီအေ)[၁] ကို ကောလိပ်ကျောင်းသား (၂၆) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ၎င်းကောလိပ်ကျောင်းသားများထဲတွင် ဦးဘဖေ၊ ဦးလှဖေ၊ ဦးဘဒွန်းနှင့် အမ်အေဘွဲ့ပိုင်ရှင် ဦးမောင်မောင်ကြီးတို့ ပါဝင်ခဲ့သည်။ ၁၉၀၈ ခုနှစ်တွင် ဒေါ်မြမေ၏[၂] 'ဝိတိုရိယဘုရင်မကြီး အမှတ်တရ အမျိုးသမီး အထက်တန်းကျောင်း' တွင် ကျင်းပသော 'ဝိုင်အမ်ဘီအေ' အစည်းအဝေးတခု၌ အင်္ဂလိပ်ခေတ်ပညာတတ် လူငယ်ဝတ်လုံတော်ရများဖြစ်ကြသော ဦးမောင်ခင်[၃] (နောင်တွင် ဆာဘွဲ့ရရှိသူ)၊ ဦးမေအောင်[၄] (၎င်းတို့သည် ကျနော်၏ မိခင်နှင့်ဖခင်ဘက်မှ အဘိုးများ ဖြစ်ကြသည်) ဦးသိမ်းမောင်နှင့် အခြားပုဂ္ဂိုလ်များသည် ပွဲဦးထွက် နုနယ်သေးသော အမျိုးသားရေးလှုပ်ရှားမှုအတွက် အတူလက်တွဲမိကြတော့သည်။ ထို့နောက်ပိုင်း မကြာမီတွင် အစိုးရ၏ အကြီးတန်းဝန်ထမ်းများနှင့် နောက်ထပ် တရားဥပဒေသမား ဝတ်လုံတော်ရအများအပြားသည် အဖွဲ့ဝင်များ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့် ဆယ်စုနှစ်တခုအတွင်းမှာပင် ဝိုင်အမ်ဘီအေသည် နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းအဖြစ် အခြေတကျဖြစ်လာခဲ့ပြီး ပိုမိုခိုင်မာတောင့်တင်းသော စနစ်ကျသည့် ဥပဒေတွင်းလှုပ်ရှားမှုတရပ်ဖြစ်လာရန် မူလရည်ရွယ်ရင်းစွဲရှိသည့်အတိုင်း 'မြန်မာအသင်းများ အထွေထွေကောင်စီ' (ဂျီစီဘီအေ) အဖြစ်သို့ ၁၉၁၇ ခုနှစ်တွင် ပြောင်းလဲဖြစ်ပေါ်သွားခဲ့လေသည်။

ထို့နောက် ၁၉၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ရန်ကုန်ရှိ ကျောင်းသားများက ကိုလိုနီအာဏာပိုင်များကို ပထမဆုံးအကြိမ် ဗြောင်စိန်ခေါ်လိုက်ကြတော့သည်။ ယင်းသို့ ဖြစ်ရသည်မှာ အိန္ဒိယနိုင်ငံ၊ ကာလကတ္တား ယူနီဘာစီတီ လက်အောက်ခံဖြစ်ခဲ့သော ကောလိပ်ကျောင်းနှစ်ကျောင်းကို အစားထိုးပြီး ပထမဆုံး ဌာနေတက္ကသိုလ်တခု မြန်မာနိုင်ငံတွင် ဖွင့်လှစ်မည့် ဥပဒေ အဆိုပြုချက်တရပ်ကို ပါလီမန်၌ တင်သွင်းခြင်းကြောင့်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲနှင့် ပတ်သက်သော လိုအပ်ချက်များ၊ စာသင်ကြားရေးစရိတ်များ၊ ကျောင်းသုံးစာအုပ်ပြဋ္ဌာန်းချက်များ...အစရှိသဖြင့် ၎င်းဥပဒေပါ အဆိုပြုချက် အသေးစိတ်အချက်အလက်တချို့ကို ကျောင်းသားများနှင့် အခြားအမျိုးသားရေးဝါဒီများက လက်မခံနိုင်ကြချေ။ သို့သော်လည်း ဗြိတိသျှ၏ အစိုးရလက်အောက်ခံနှင့် အိန္ဒိယဘုရင်ခံချုပ်၏ လက်ထောက်ဘုရင်ခံဖြစ်သူ ဆာရယ်ဂျီနယ် ကရက်ဒေါက် (Sir Reginald Craddock) က ယင်းတောင်းဆိုချက်များကို လျစ်လျူရှုခဲ့ပြီး ယင်းဥပဒေအဆိုပြုချက်ကို မူရင်းအတိုင်းပင် ရန်ကုန်ယူနီဗာစီတီအက်ဥပဒေအဖြစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်လေသည်။ ထို့ကြောင့် (၄) ရက်အကြာတွင် ရန်ကုန်ရှိ ကျောင်းသား (၆၀၀) အနက် (၅၀၀) က သပိတ်တိုက်ပွဲ ဆင်နွှဲလိုက်သည်။ ထိုသပိတ်နောက်သို့ ရန်ကုန်မြို့တော် အပြင် မန္တလေးနှင့် အခြားမြို့များရှိ အထက်တန်းကျောင်းသားများက





လည်း ထိုသပိတ်ကို ဆင်နွှဲလိုက်ပါလာကြသည်။ ထိုအချိန်က လက်ထောက်ဘုရင်ခံ၏ ခြိမ်းခြောက်မှုများ ရှိနေလင့်ကစား ပြည်သူလူထုတရပ်လုံးက သပိတ်မှောက်ကျောင်းသားများကို အားတက်သရော အကူအညီပေးခဲ့ကြသည်။ သူတို့၏ တောင်းဆိုချက်များ အားလုံးကား မရရှိခဲ့ချေ။ သို့သော်လည်း ၎င်းသပိတ်သည် အဆက်ဖြတ်၍ ငြိမ်းသတ်မရနိုင်တော့သော အနာဂတ်အတွက် အားကောင်းလှသည့် အမျိုးသားရေးစိတ်ဓာတ် မီးတောက်ကို စတင်တောက်လောင်သွားစေခဲ့လေသည်။

အသစ်တဖန် ပြန်လည်မွေးဖွားလာခဲ့ပြီဖြစ်သော မြန်မာ့အမျိုးသားရေးလှုပ်ရှားမှု၏ အုန်းအုန်းကျွက်ကျွက် ပထမနှစ်များအတွင်းတွင်ပင် ရဟန်းတော်များထဲမှ အမျိုးသားခေါင်းဆောင်အဖြစ် စတင်ပေါ်ထွက်လာခဲ့သူကား ဆရာတော် ဦးဥတ္တမပင်ဖြစ်သည်။ သူသည် ရခိုင်အမျိုးသား ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာတော်တပါး ဖြစ်ရုံမျှမက အိန္ဒိယနိုင်ငံနှင့် တိုကျိုတွင် အချိန်အတန်ကြာနေထိုင်ခဲ့ဖူးသော အင်္ဂလိပ်စာတတ်ရဟန်းတပါးဖြစ်ပြီး မြန်မာနိုင်ငံသို့ ၁၉၁၉ ခုနှစ်တွင် ပြန်ရောက်လာခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့်ခရီးစတင်ထွက်ခွာခဲ့ပြီး ဝံသာနုရက္ခိတ– အမျိုးဂုဏ်စောင့်ထိန်းရေး တိုင်းပြည်ချစ်စိတ်အကြောင်း ပြောဟောကာ 'ဝံသာနု' အသင်းများ တတိုင်းပြည်လုံးအနှံ့ ဦးဆောင်စည်းရုံးဖွဲ့စည်းခဲ့ရာ အင်္ဂလိပ်ဘုရင့်အစိုးရက စစ်ပုလိပ်များ အသုံးချ၍ ၎င်းအစုအဖွဲ့များကို လိုက်လံဖြိုခွဲခြင်းဖြင့် ဒေါသတကြီး တုံ့ပြန်ခဲ့သည်။

ထိုအခါက သူ၏ ရဲရဲတောက်မိန့်ခွန်းများကြောင့် ဦးဥတ္တမသည် ၁၉၂၁ ခုနှစ်တွင် အဖမ်းခံရလေတော့သည်။ တိုင်းပြည်ဆူပူအောင် လှုံ့ဆော်မှုဖြင့် ရုံးတင်တရားစွဲခြင်းခံရကာ ဆရာတော် ရဟန်းတော်များထဲမှ ပထမဆုံးထောင်ဒဏ် (၁၈) လ အပြစ်ပေးခြင်းခံခဲ့ရလေသည်။ ဤအပြစ်ဒဏ်ချမှတ်မှု၏ နိုင်ငံရေးနှင့် ဘာသာရေးလှိုင်းဂယက် ရိုက်ခတ်မှုကို တတိုင်းတပြည်လုံး ခံစားကြရလေသည်။ အင်္ဂလိပ်လက်အောက်ခံ မြန်မာနိုင်ငံ၌ တိုင်းပြည်ဆူပူအောင်လှုံ့ဆော်မှုဖြင့် အမျိုးသားရေးဝါဒီတဦး လူသိနတ်ကြား တရားစွဲဆိုခံရခြင်းမှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည့်အပြင် ထင်ရှားသည့် ဗုဒ္ဓဘာသာ သံဃာဆရာတော်တပါးဖြစ်နေခြင်းက မြန်မာပြည်သူများအတွက် အနာပေါ် တုတ်ကျသလို ခံစားစေတော့သည်။ ဤအဖြစ်အပျက်မှာ နိုင်ငံတနိုင်ငံလုံး၏ အမျိုးသားရေးဂုဏ်သိက္ခာကို စိန်ခေါ်လိုက်ခြင်းပင်ဖြစ်လေသည်။ ဤသို့လျှင် ဆရာတော် ဦးဥတ္တမသည် လွတ်လပ်ရေးမရမီ အင်္ဂလိပ်လက်အောက်ခံ ကျွန်ဘဝတလျှောက် စက်တင်ဘာလ (၉) ရက်နေ့တွင် ပျံလွန်တော်မူသည့်တိုင်အောင် ထောင်သွင်းအကျဉ်းချခြင်းကို အကြိမ်များစွာ ထပ်ဖန်တလဲလဲ ခံခဲ့ရလေသည်။

ထို့ကြောင့်လည်း အခြားထင်ရှားသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များသည် ဆရာတော် ဦးဥတ္တမကို အားကျကာ ပါရာဇိကလည်း မကျ၊ သံဃဘေဒကကံလည်း

မထိုက်သော ဤလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လာလေသည်။ ထိုအထဲတွင် ဆရာတော် ဦးဝိစာရမှာလည်း တပါးအပါအဝင်ဖြစ်သည်။ ဆရာတော်သည် ၁၈၈၈ ခုနှစ်တွင် မုံရွာမြို့၌ မွေးဖွားခဲ့ပြီး၊ အသက် (၂၀) အရွယ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ပြီး သံဃာသမဂ္ဂီအဖွဲ့ ဖွဲ့စည်းရေးအတွက် စည်းရုံးဆောင်ရွက်ခဲ့သည်။ ထို့နောက် ဆရာတော်ဦးဉတ္တမ၏ အကူအညီဖြင့် အင်္ဂလိပ်စာကို သင်ယူလျက် ဘာသာရေးနှင့် နိုင်ငံရေးများကို အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာဆည်းပူးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသို့ ပြန်ကြွလာသောအခါ မြို့စွန် တောရွာ ကျေးလက်များတွင် နိုင်ငံရေးတရားပွဲများကို အခွင့်သင့်တိုင်း ကျင်းပဟောပြောခဲ့သည်။ ထို့ကြောင့် ဆရာတော် ဦးဝိစာရသည်လည်း အဖမ်းခံရလိုက်၊ ပြန်လွတ်လာလိုက်၊ ပြန်လည်အဖမ်းခံရလိုက်နှင့် အကျဉ်းထောင်သံသရာထဲ၌သာ တဝဲလည်လည်ဖြစ်နေခဲ့သည်။ ထိုအတွင်း တရားဆိုင်ရာ စောင့်ဆိုင်းနေစဉ် ဆရာတော်သည် ရက်ပေါင်း (၄၀) ကြာ အစာငတ်ခံဆန္ဒပြခဲ့သည့်အလျောက် စိတ်ပိုင်းဆိုင်ရာအရမဟုတ်ဘဲ ရုပ်ပိုင်းဆိုင်ရာအရ အားနည်းနေပြီဖြစ်သော ဆရာတော်သည် တနှစ်နှင့်ကိုးလ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ခြင်းကို ခံရလေသည်။

ထို့ကြောင့် ထောင်အရာရှိများသည် ဆရာတော်အား သင်္ကန်းကို အတင်းချွတ်စေပြီး သာမန်ထောင်ကျတဦး၏ အဝတ်အစားကို ဝတ်ခိုင်းရာ ဆရာတော်က တင်းမာစွာ ငြင်းဆန်ခဲ့ရာ ဆရာတော်အား ဝတ်လစ်စလစ်ဖြင့် တဦးတည်း တိုက်ပိတ်ထားခဲ့သည်။ သို့ဖြင့် ဆရာတော်၏ အစာငတ်ခံဆန္ဒပြခြင်း၊ တဦးတည်းတိုက်ပိတ်ထားခြင်း၊ အတင်းအဓမ္မ နှာခေါင်းထဲသို့ ပိုက်သွင်းပြီး နို့ရည်ထည့်ခြင်း...စသဖြင့် ရက်စက်မှု သံသရာလည်လျက်ရှိသည်။ ထိုမျှသာမက အာဏာပိုင်တို့ အနေဖြင့် ဆရာတော်အား အရူးစာရင်း သွတ်သွင်းကာ နာမည်ဆိုးလှသော ရန်ကုန်တံတားကလေးအရူးထောင်တွင် ထပ်မံချုပ်နှောင်ထားသည်အထိ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ထိုနေရာတွင် (၇) လ နေခဲ့ရပြီး ရန်ကုန်ဇဟိုထောင်ကြီးသို့ ပြန်လည်ပို့ခြင်းခံရပြန်သည်။ ဆရာတော်ကလည်း လုပ်ချင်ရာလုပ် နောက်မဆုတ်ဟူသော ခံယူချက်ဖြင့် ခေါင်းမာစွာ ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ နောက်ထပ်တဖန် အစာအငတ်ခံ ဆန္ဒပြပြီးနောက် ဆရာတော်အား အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၆) နှစ် ချမှတ်အပြစ်ပေးလိုက်ပြန်သည်။ ဦးဝိစာရကလည်း ထပ်မံ အစာငတ်ခံဆန္ဒပြပြန်သည်။ ထိုအခါ ဒကာ၊ ဒကာမများက မကြည့်ရက်တော့သဖြင့် လွတ်ငြိမ်းခွင့် အသနားခံစာတင်ပါသော်လည်း ထိုအချိန်က မြန်မာလူမျိုး ပြည်ထဲရေးဝန်ကြီး ဂျိုးဇက်ဩဂတ်စတပ်(စ်) မောင်ကြီးက ပယ်ချခဲ့သည်။

ထို့ကြောင့် ၁၉၂၉ ခုနှစ်၊ စက်တင်ဘာလ (၁၉) ရက် သူ၏ အစာငတ်ခံ ဆန္ဒပြမှု (၁၆၆) ရက် ပြည့်မြောက်သည့်နေ့တွင် နောက်ဆုံး၌ ဆရာတော် ပျံလွန်တော်မူခဲ့ရလေသည်။ ယနေ့တွင်မူ ရန်ကုန် ကန်တော်မင်ပန်းခြံနှင့် ရွှေတိဂုံဘုရားအနီး အလုံလမ်းထိပ်ရှိ







ထင်ရှားသည့်အဝိုင်းကြီးတခုပေါ်တွင် ထိုခေတ် (ဒို့ဗမာ အစည်းအရုံးဝင်) မြို့...လူကြီးများဖြစ်ကြသော ဦးချန်ထွန်းနှင့် ဦးဘဆွေတို့လက်ထက်၌ အထိမ်းအမှတ် ကျောက်တိုင်ကြီးထိပ်ဝယ် ဆရာတော်၏ ရုပ်တော်မူကြေးရုပ်ကြီးကို အမှတ်တရ ပြုလုပ်ခဲ့ကြလေသည်။ ထိုနေရာသို့ ဦးခိုက်ရာလမ်းသည် ယခင်က 'Tiger Alley' ဟု ခေါ်တွင်ခဲ့သော်လည်း ယခုအခါ ယင်းလမ်းကို ဦးဝိစာရလမ်းဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့လေသည်။ သို့ဖြစ်လေရာ ဆရာတော်ဦးဉတ္တမနှင့် ဦးဝိစာရကိုယ်တော်တို့သည် ကိုလိုနီအစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သည့် အထင်အရှားဆုံး ဆရာတော်များဖြစ်ကြောင်း သမိုင်းက သက်သေခံနေပါသည်။ ၎င်းတို့သည် အမျိုးသားရေးလှုပ်ရှားမှုတွင် ဗုဒ္ဓဘာသာ ရဟန်းတော်များ ဒကာ၊ ဒကာမများနှင့်အတူ ပါဝင်လာမှုကို လမ်းထွင်ပေးခဲ့ကြပြီး ဤအချက်သည်ပင် အမျိုးသားရေးလှုပ်ရှားမှု နောက်ဆုံးအောင်ပွဲဆင်နိုင်ခြင်း၏ အရေးပါလာသည့် အချက်တချက်ဖြစ်လာပေသည်။

ဆရာတော် ဦးဝိစာရ ပျံလွန်တော်မူသော နှစ်တွင်ပင် 'ဂျီစီဘီအေ'၏ အဖွဲ့ဝင်တဦးဖြစ်သူ ဘုန်းကြီးလူထွက် ဦးရာကျော်ဆိုသူသည် 'ဂဠုန်အသင်း'ဟု ခေါ်သော လျှို့ဝှက်အသင်း၏ အသင်းခွဲများကို နယ်များတွင် လိုက်လံတည်ထောင်လျက်ရှိသည်။ ယင်းအသင်းများမှာ ဦးဉတ္တမ၏ ဝံသာနုအသင်းများနှင့် ဆင်တူသော်လည်း သူတို့၏ ဖွဲ့စည်းပုံနှင့် လုပ်ကိုင်ဆောင်ရွက်ပုံများမှာ ၎င်းအသင်းအဖွဲ့များကဲ့သို့ ပြောင်ပြောင်တင်းတင်းမဟုတ်ဘဲ လျှို့ဝှက်မှုရှိလှသည်။ ဂဠုန်သည် ဟိန္ဒူဒဏ္ဍာရီများတွင် အလွန်အားကောင်းသော ငှက်တမျိုးဖြစ်ပြီး သင်္သကရိုက် (သက္ကတ) ဘာသာတွင် ဂရုဠဟု ခေါ်သည်။ ထိုအချိန်က အရင်းရှင်တို့၏ လောဘဇောကြောင့် တနေ့တခြား မြင့်တက်လာသည့် ကုန်ဈေးနှုန်းများနှင့် ကြီးကျယ်ခမ်းနားသော ကိုလိုနီစီးပွားရေးက မည်သည့်အခါမျှ မျက်နှာသာမပေးသော ဆင်းရဲနွမ်းပါးသည့် တောလက်ကျေးရွာများနှင့် နယ်စွန်နယ်ဖျားတို့မှ လူငယ်များနှင့် ကျေးရွာသူ၊ ကျေးရွာသား အများအပြားကို ဤအသင်းများက ဆွဲဆောင်စည်းရုံးနိုင်လေသည်။ ပြည်သူလူထုမှာ စပါးကို ကိုယ်တိုင်ထုတ်လုပ်နေရပါလျက် စားစရာ ဆန်မရှိအောင် ဆင်းရဲတွင်းနက်နေပြီး ထွက်ပေါက်ရှာရန် အလုပ်တခုခုကို လုပ်ရပေတော့မည်။

ထိုအချိန်တွင် ဂျိုးဇက်ဩဂတ်စတပ် (စ်) မောင်ကြီးမှာ 'ဆာ'ဘွဲ့ဖြင့် သူကောင်းအပြုခံရပြီး မကျန်းမာ၍ ဗြိတိန်သို့ ခွင့်ဖြင့် အိမ်ပြန်သွားသော ဆာချား (လ်) (စ်) အင်းနက် (စ်) (Sir Charles Innes) ၏ကိုယ်စား ယာယီဘုရင်ခံအဖြစ် ဆောင်ရွက်ခွင့်ရသော ပထမဆုံး မြန်မာလူမျိုးဖြစ်လာသည်။ ဆာဂျိုးဇက်သည် အများဆုံး ဆိုးဆိုးရွားရွား ထိခိုက်သည့် ဒေသဖြစ်သော ရန်ကုန်မြောက်ပိုင်းရှိ သာယာဝတီခရိုင်သို့သွားပြီး အခြားနေရာများတွင် ပြုလုပ်ခဲ့သကဲ့သို့ 'ဒါဘာ' ပွဲတော်ကို ကျင်းပလေသည်။ ၁၉၃၀ ခုနှစ်၊ ဒီဇင်ဘာလ (၂၁) ရက်နေ့ လူထုနှင့်တွေ့ဆုံပွဲတွင် လယ်သမားကိုယ်စားလှယ်များက ကျေး

လက်ဒေသများတွင် အခွန်ကောက်ခံခြင်းကို ဖျက်သိမ်းပေးရန် (သို့မဟုတ်) တနှစ်ဆိုင်းငံ့ပေးရန် ယာယီဘုရင်ခံအား အသနားခံကြသည်။ သို့သော်လည်း ဆာဂျိုးဇက်က ယင်းတောင်းပန်ချက်ကို ချက်ချင်းပင် ငြင်းပယ်လိုက်လေသည်။ ထို့ကြောင့် နောက်တနေ့တွင် သာယာဝတီ လယ်သမားသူပုန်ထမှု ဖြစ်ပေါ်လာလေတော့သည်။ သူတို့၏ ခေါင်းဆောင်မှာ ယခုအခါ ဆရာစံဟု အများကခေါ်တွင်လာသော မြန်မာသမားတော် ဦးရာကျော်ဖြစ်လေသည်။ သူသည် သုပဏ္ဏက ဂဠုန်ရာဇာ (ထင်ရှားကျော်ကြားသော ဂဠုန်မင်း) ဟူသော ဘွဲ့အမည်ကို ခံယူ၍ သူ့ကိုယ်သူ ဘုရင်အဖြစ် ကြေညာလိုက်လေသည်။ ထို့နောက် သေမထူးနေမထူးဘဝ၌ မကျေမနပ်ဖြစ်နေကြသော လယ်သမားများဖြင့် စစ်တပ်တတပ်ကို ထူထောင်လိုက်သည်။ ဗြိတိသျှကိုလိုနီတပ်မတော်၏ ခေတ်မီလက်နက်များကို လက်ချည်းသက်သက်မျှဖြင့် ရင်ဆိုင်ရန် သူတို့ဆုံးဖြတ်ခဲ့ကြသည်။ သူပုန်တို့၏ လက်နက်တိုက်တွင်ရှိသော လက်နက်မှာ မီးပေါက်သေနတ် အလက် (၃၀) ထက်မပိုဘဲ သံပိုက်ချောင်းများနှင့် ဘိုင်စကယ်လေထိုးတံများဖြင့် ပြုလုပ်ထားသော လက်လုပ်သေနတ်များ အားဖြည့်ထားလေသည်။ ၎င်းအပြင် သူတို့တွင် အဝေးပစ်လက်နက်ဟူ၍ မြား၊ ဒူးလေး၊ လင်းလေး၊ ဂွနှင့် လှံများသာ ရှိလေသည်။ ထို့ကြောင့် အမေရိကန်ပါမောက္ခ လူစီအင်း ဒဘလျူပိုင်း (Professor Lucien W. Pye) က ထိုအကြောင်းနှင့် ပတ်သက်၍ ဤသို့ရေးသားထားခဲ့လေသည်။

'၁၉၃၀ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ဆရာစံသူပုန်ထကြွမှုသည် လူမျိုးခြားအင်္ဂလိပ်မင်းနေရာ၌ မြန်မာလူမျိုးတဦးကို မင်းအဖြစ်တင်ရန် ကြိုးစားသော တော်လှန်ပုန်ကန်မှုများ၏ မြန်မာ့ရိုးရာစဉ်လာ အတွေးအခေါ်နှင့် လုပ်နည်းလုပ်ဟန် နိုင်ငံရေး၊ ဘာသာရေးပုံစံနှင့် ကိုက်ညီလျက်ရှိသည်။ တပွဲတိုး ပဥ္စလက် အတတ်ပညာရှင်များ၊ အင်းနှင့် စမဆေးမင်ကြောင်ထိုးသူများ၊ ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး တပွဲပြန်နှာနှင့် ဆေးရောင်းသူများ၊ အဆောင်များ၊ လက်ဖွဲ့များ အထောက်အပံ့အကူအညီဖြင့် ဓာတ်ရိုက်ဓာတ်ဆင်ဗေဒင်ကိန်းခန်းအလိုအရ ဆရာစံကိုယ်တိုင် တွက်ချက်ဖွဲ့စည်းလိုက်သော ဂဠုန်တပ်က ခေတ်ဟောင်းမြန်မာနိုင်ငံ၏ မင်းခမ်းမင်းနား အဆောင်အယောင်ဖြစ်သော ထီးဖြူ ကနက္ကဒဏ်အောက်ရှိ ရာဇပလ္လင်ပေါ်သို့ ဆရာစံကို တင်မြှောက်ပေးလိုက်လေသည်။ ထိုအချိန်က ဆရာစံသည် မည်သို့သော သမားဂုဏ်ပြနည်းများဖြင့် လူထုအား စည်းရုံးထားသည်မသိ။ ဗြိတိသျှတို့၏ ခေတ်မီသေနတ်လက်နက်များ အားလုံးသည် သူတို့ကို မထိမှန်၊ မဖောက်ထွင်းနိုင်ဟု သူတို့ကိုယ်သူတို့ ထင်နေခဲ့ကြလေသည်။ ယင်းလှုပ်ရှားမှုသည် မသိနားမလည်မှု၊ အယူသည်းမှု၊ စကြာဝဠာ၏ ထူးခြားဆန်းကြယ်သော ပရလောကနှင့် ပဥ္စလက်အတတ်ပညာ နည်းနာနိသယများကို လက်ခံရန် အဆင်သင့်ဖြစ်နေမှုတို့အပေါ်တွင် အခြေစိုက်ကြီးထွားလာခြင်းဖြစ်ပြီး နိုင်ငံရေးရာ အောင်မြင်မှုအတွက် အခြေအမြစ်မရှိ





သော စိတ်လှုပ်ရှားမှုဆိုင်ရာ အမြင်ကျဉ်းမြောင်းသည့် မျှော်မှန်းချက်တို့အပေါ်တွင် အခြေတည်လျက်ရှိသည်...' ဟု ဖော်ပြထား၏။

၁၉၃၀ ခုနှစ်များ အစောပိုင်းက ဖြစ်ပွားခဲ့သော ဖိနှိပ်မှုများကာလအတွင်း မြန်မာ့ကျေးလက်တောရွာများမှ ကျယ်ပြောလှသော လယ်ယာမြေများကို ငွေတိုးချေးစားသူ ချစ်တီးများနှင့် လယ်ပိုင်ရှင်ကြီးများက သိမ်းယူခဲ့ရာ ယင်းတို့လက်မှ ၎င်းတို့ပိုင် လယ်ယာမြေများကို ပြန်လည်ရယူရန် ဆရာစံ၏ ဂဠုန်တပ်အတွင်းရှိ တိုက်ခိုက်သူအများစုက ထကြွခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် ခေတ်ပညာမတတ်သော ရိုးရိုးအအများ ဖြစ်ကောင်းဖြစ်ပေမည်။ သို့သော်လည်း သူတို့၏ နာကြည်းခံစားရမှုများကား အစစ်အမှန်ဖြစ်လေသည်။ သို့ဖြစ်၍ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာထင်အောင်က ဤသို့ထောက်ပြခဲ့သည်။ သာယာဝတီနယ်က လူထုအနေဖြင့် ဤစိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်ဆိုးမှ လွတ်မြောက်ရန် တခုတည်းသောနည်းလမ်းမှာ ဗြိတိသျှ လူမျိုးခြားအစိုးရကို ပုန်ကန်ထကြွရန်သာ ရှိလေသည်။ ထို့အပြင် နယ်ချဲ့သမားစိုးမိုးသူများအောက်တွင် ဆင်းရဲတွင်းနက်နေသည့် အဖြစ်ဆိုး၌ အငတ်ငတ်အပြတ်ပြတ် အသက်ရှင်နေရသည်ထက် စောစောသေရခြင်းက မြတ်သည်မဟုတ်ပါလား။

ရန်ကုန်မြောက်ဘက်မှ ပဲခူးရိုးမတောင်ကြောရှိ အလံလွှင့်ထူရာတောင်ဟု အဓိပ္ပာယ်ရသော 'အလံတောင်'တွင် ဆရာစံသည် သူ၏ စံချိန်ကို ပထမဆုံးအကြိမ်မြှင့်တင်ခဲ့သည်။ ဂဠုန်များကို တိုက်ခိုက်ရန် ဗြိတိသျှ တပ်ရင်းတရပ်လုံးကို စေလွှတ်ခဲ့ရာ ဆရာစံ၏ ဌာနချုပ်ကျသွားခဲ့ပြီး အသေအပျောက်မှာ အလွန်အမင်းများပြားလှသည်။ ထို့နောက် ပုန်ကန်ထကြွမှုသည် ထိုခေတ်မြန်မာနိုင်ငံတွင် ခရိုင် (၄၀) ရှိသည့်အနက် (၁၂) ခရိုင်သို့ ပျံ့နှံ့သွားခဲ့သည်။

သာယာဝတီ ဗဟိုချက်မမှနေ၍ ဟံသာဝတီခရိုင်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ်တလျှောက်၊ မြောက်ဘက်တွင် အထက်မြန်မာပြည်နှင့် ရှမ်းပြည်နယ်အချို့နေရာများသို့ပင် ပျံ့နှံ့သွားခဲ့သည်။ အစိုးရတပ်များကလည်း ရက်ရက်စက်စက် နှိပ်ကွပ်ချေမှုန်းခဲ့သည်။ ရွာများကို ရွာလုံးကျွတ်ပြာကျအောင် မီးရှို့၍ စိုက်ပျိုးခင်းများကို ဖျက်ဆီးကာ ရေတွင်းများကို ဖို့ပစ်သည်။ သံသယရှိသော သူပုန်များကို ခေါင်းဖြတ်သတ်ပြီး လူအများမြင်သာရန် လူမြင်ကွင်းတွင် ပြသထားသည်။ နှလုံးနာဖွယ်အဖြစ်အပျက်တခုမှာ ပြည်မြို့ရှိ လက်ထောက်ကော်မရှင်နာမင်းကြီးရုံးရှေ့တွင် အဖြတ်ခံထားရသော ခေါင်း (၁၅) လုံးကို ပြသထားခြင်းဖြစ်သည်။ ဤသွေးစွန်းသော ပြပွဲများ၏ ဓာတ်ပုံများကို (သာယာဝတီ သူပုန်တောမှ အာဇာနည် ဂဠုန်စော) အမည်ခံ ဦးစောပိုင်ဆိုင်တည်းဖြတ်သော 'သူရိယ' 'The Sun' သတင်းစာတွင် ဖော်ပြခဲ့ပြီး မိတ္တူများကို ဗြိတိသျှလွှတ်တော်သို့ ပေးပို့ခဲ့သည်။[၁]

ယင်း ပုန်ကန်ထကြွမှုကို အပြီးတိုင် ချေမှုန်းပြီးသောအခါ သူပုန် (၁၀,၀၀၀) ကျော်

သေဆုံးခဲ့ပြီး၊ (၉,၀၀၀) မှာ အဖမ်းဆီးခံရကာ ထောင်သွင်းအကျဉ်းချခံခဲ့ကြရသည်။ ဆရာစံကိုယ်တိုင်နှင့် သူ၏အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဘက်နှစ်ဦးဖြစ်သည့် ဆရာဉာဏ်နှင့် ဗန္ဓုကခေါ် ရသေ့တဦးတို့ အပါအဝင် (၁၂၈) ဦးမှာ ကြိုးပေးသတ်ဖြတ်ခြင်းခံခဲ့ကြရသည်။ ၁၉၃၁ ခုနှစ် ဇန်နဝါရီလတွင် ဘုရင်ခံတာဝန်ကို ပြန်လည်ထမ်းဆောင်ခဲ့သူ ဆာချားလ်) အင်းနက်(စ) (Sir Charles Innes) က သူပုန်များကို ရုံးတင်စစ်ဆေးရန် ဖွဲ့စည်းပေးခဲ့သော အထူးခုံရုံးက သေဒဏ်များကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ တရားသူကြီးမင်းကန်းလစ်(ဖ်) (Justice Cunliffe) မှာ ခုံရုံးသဘာပတိဖြစ်ပြီး တရားလွှတ်တော် တရားသူကြီးများအဖြစ် ဆောင်ရွက်နေကြသော မစ္စတာ ဒါဝု(ဒ်) (Dawood) နှင့် ဦးဘဦး (နောင်တွင်ဆာဘွဲ့ရလျက် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် သမ္မတဖြစ်သူ) တို့မှာ အဖွဲ့ဝင်များဖြစ်ကြသည်။ သေဒဏ်အပြစ်ပေးခံရသော ဆရာစံကို ၁၉၃၁ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့တွင် ကြိုးပေးသတ်ခဲ့သည်။ သူက အယူခံခဲ့သော်လည်း ပယ်ချခံခဲ့ရသည်။ ဆရာစံသည် ကြိုးစင်ပေါ်သို့ ဦးခေါင်းကိုမော့လျက် တက်သွားခဲ့သည်။ ထိုအချိန်၌ သူသည် သာယာဝတီထောင်အတွင်း (၃) လရှိခဲ့ပြီဖြစ်သည်။ အစိုးရဘက်တွင်မူ မြို့ပြရဲနှင့် အရာရှိများအပါအဝင် သေဆုံးသူမှာ လူ (၅၀) ထက် မပိုခဲ့ချေ။

ဆူပူသောင်းကျန်းမှုဖြစ်ပွားခဲ့သော ခရိုင်များတွင် အမှုဖွင့်၍ တရားဆိုင်ခြင်းများ ပြုလုပ်ခဲ့သည်။ တရားခံအများစုမှာ ခေတ်ပညာမတတ်သော သာမန်ကျေးတောသူကျေးတောသားများဖြစ်ကြသည့်အလျောက် သူတို့အား ထုချေကာကွယ်ရန် မျိုးချစ်စိတ်ရှိသည့် ရှေ့နေအများအပြားက အခကြေးငွေမယူဘဲ စိတ်အားထက်သန်စွာ လိုက်ပါဆောင်ရွက်ပေးခဲ့ကြသည်။ သာယာဝတီဦးပု၊ ဒေါက်တာဘမော်၊ သခင်မြတို့မှာ လူသိထင်ရှားစွာ ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး မောင်စောမှာလည်း ထို့အတူဖြစ်ခဲ့သည်။ မောင်စောမှာ ထိုအချိန်က လူငယ်ရှေ့နေလေးတဦးသာဖြစ်သည်။ သူသည် သာယာဝတီနယ်သားတဦးဖြစ်ရုံသာမက ဆရာစံကို အလွန်အမင်းချီးကျူးလေးစားသူဖြစ်လေသည်။ တရားဆိုင်ရာတွင် ပါဝင်ခဲ့ရသော သူ၏အခန်းကဏ္ဍနှင့် ဗြိတိသျှနိုင်ငံခြားရေးအတွင်းဝန်ထံပေးပို့သော အိတ်ဖွင့်ပေးစာပုံစံဖြင့် ထုတ်ဝေသော လက်ကမ်းစာစောင်များကြောင့် သူသည် လျင်မြန်စွာနာမည်ကျော်၍ ထင်ပေါ်သူတဦး ဖြစ်လာလေသည်။ ဆရာစံဂဠုန်များ၏ ထွန်းပြောင်မှုကို ဆက်လက်မြှင့်တင်ထားနိုင်ရန်အတွက် အသက်ကြီးလာပြီဖြစ်၍ ဦးစောဖြစ်လာသော မောင်စောသည် ဆရာစံ၏ နိမ့်ကျသွားသော လယ်သမားသူပုန်အဖွဲ့၏ နာမည်ကို ခံယူပြီး ၁၉၃၈ ခုနှစ်တွင် သူ့ကိုယ်ပိုင်တပ်ဖွဲ့ ကို တရားဥပဒေဘောင်ဝင်အောင် ထူထောင်ခဲ့လေသည်။ ယင်းတပ်ဖွဲ့ဝင်များသည် အစိမ်းရောင်ယူနီဖောင်းကို ဝတ်ဆင်ကြပြီး ဦးအောင်ဇေယျခေတ် ထစကအတိုင်း ဝါးရင်းတုတ်များကို ကိုင်ဆောင်ကြသည်။ ဤသို့ဖြင့် ‘ဂဠုန်တပ်’ အသစ်သည် မွေးဖွားလာခဲ့လေသည်။







ထို့နောက်ပိုင်းတွင် အထမမြောက်ခဲ့သော လယ်သမားပုန်ကန်ထကြွမှုကြောင့် စစ်နိုင်သူ ‘ကိုလိုနီ’ အုပ်စိုးသူများသည် မြန်မာပြည်အနှံ့ သူတို့၏ ကလပ်များတွင် ပျော်ရွှင်မြူးတူးနေကြလေသည်။ သူတို့သည် အယူသည်းသော သူပုန်များ၏ ရိုးအမှုနှင့် သိပ္ပံနည်းဖြင့် စစ်ဆေး၍ မရသော သူပုန်တို့၏ ပဉ္စလက်နည်းများစွာကို ရယ်သွမ်းသွေးကြပြီး သူပုန်များအား လွယ်ကူစွာ နှိမ်နင်းနိုင်ခဲ့ခြင်းအပေါ် ပီတိသောမနဿဖြစ်နေကြလေသည်။ သို့သော်လည်း ရန်ကုန်နှင့် အခြားနေရာများရှိ ပညာတတ်လူငယ်များအတွက်ကား ဆရာစံသူပုန်ထမှုသည် ပြောက်ကျားစစ်ဆင်မှုအတတ်ပညာ၏ အဖိုးမဖြတ်နိုင်သော နည်းပရိယာယ်များထုတ်ယူရာ သင်ခန်းစာတရပ်ဖြစ်ခဲ့လေသည်။ ရန်လိုမှုများ အဆုံးသတ်သွားရန်ကား ဝေးလေစွ။ နောက် (၁၀) နှစ်မျှကြာပြီးသည့်နောက် သူတို့အား သာယာမှုကို ပေးခဲ့သော ကမ္ဘာ့အခြေအနေသည် လုံးဝပြောင်းပြန်ဖြစ်သွားလိမ့်မည်ကိုကား သူတို့ကိုယ်သူတို့ ယုံကြည်ချက်အပြည့်ရှိနေကြသော ကိုလိုနီအာဏာပိုင်များအနေဖြင့် ကြိုတင်သိမြင်နိုင်စွမ်း မရှိခဲ့ကြချေ။

လယ်သမား သူပုန်များ အသတ်ခံရပြီးသည့်တိုင် လေးလေးနက်နက် စဉ်းစားတွေးခေါ်ကြသော လူငယ်များသည် ဗြိတိသျှတို့ကို လက်နက်ကိုင်တော်လှန်ရန် မည်သို့စည်းရုံးဆောင်ရွက်ရမည်ကို စတင်ဆွေးနွေးလာကြလေသည်။ ယင်းလူငယ်များသည် ၁၉၂၀ ခုနှစ် ကျောင်းသားသပိတ်ဖြစ်ပေါ်ပြီးနောက် တည်ထောင်ခဲ့သော အမျိုးသားကျောင်းများမှသော်လည်းကောင်း၊ မြန်မာစကားကို သင်ကြားရေး ဘာသာစကားအဖြစ် လက်ခံအသုံးပြုသော အင်္ဂလိပ်–မြန်မာ နှစ်ဘာသာ သင်ကျောင်းဟု ခေါ်သည့် အစိုးရကျောင်းများမှသော်လည်းကောင်း လာကြသူများ ဖြစ်ကြသည်။ ဥရောပစည်းမျဉ်းများအတိုင်း တသွေမတိမ်း ဗိုလ်ဆန်စွာ သင်ကြားလာခဲ့ကြရသော ကျောင်းများမှ ပညာဆည်းပူးလာခဲ့ရသည့်သူများနှင့်စာလျှင်ကား ယင်းလူငယ်အများစုသည် မြန်မာ့သမိုင်း၊ မြန်မာစာပေနှင့် ဗုဒ္ဓဘာသာတို့ကို ပိုင်ပိုင်နိုင်နိုင် ကျေညက်စွာ သိရှိကြလေသည်။

ထိုသို့ ထင်ရှားလာသော ကျောင်းသားတဦးကား ‘ကိုကြီး’ ဟု အခေါ်ခံရသည့် ကိုနုဖြစ်လေသည်။ သူသည် ရန်ကုန်တက္ကသိုလ်မှ ၁၉၂၉ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ထိုစဉ်က သူနှင့် များစွာရင်းနှီးသော သူ၏ လုပ်ဖော်ကိုင်ဘက်တဦးမှာ နောင်တွင် ကမ္ဘာ့ကုလသမဂ္ဂကြီး၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်လာမည့် ဦးသန့်ဖြစ်လေသည်။ သူ၏ ပညာသင်နှစ် (၁၉၃၄–၃၅) ခုနှစ်များအတွင်းတွင် သူ့ထက် (၈) နှစ်ငယ်ပြီး သူ့လိုပင် မျိုးချစ်စိတ်ပြင်းထန်သော ကိုအောင်ဆန်းအား ကိုနု တွေ့ဆုံခဲ့ရလေသည်။

နောက်ထပ် မြန်မာနိုင်ငံ၌ ‘ဒိုင်အာခီ’ နှင့် ‘၉၁ ဌာန’ အုပ်ချုပ်ရေးစနစ် ခေတ်ပြောင်းအချိန်ကာလများအတွင်း ကျောင်းသားများ ပိုမိုများပြားစွာ နိုင်ငံရေးကို ပုံမှန်ဆွေးနွေးရန် တွေ့ဆုံဖြစ်ကြလေတော့သည်။ မကြာမီမှာပင် ရန်ကုန်တက္ကသိုလ်တွင် ကံ့ကော်ပင်

ရိပ်များအောက်၌ အလွတ်သဘော နိုင်ငံရေးဆွေးနွေးလေ့ရှိသည့် အုပ်စုလေးတစု ပေါ်ပေါက်လာခဲ့လေသည်။ ထိုအုပ်စုလေးတွင် ကိုနု၊ ကိုအောင်ဆန်းတို့အပြင် မြန်မာပြည်အလယ်ပိုင်း၊ ပျဉ်းမနားမြို့မှ လူငယ်တဦးဖြစ်သည့် ကိုကျော်ငြိမ်း၊ မာ့က်စ် စာပေများကို ကျယ်ကျယ်ပြန့်ပြန့်လေ့လာဖတ်ရှုထားသော ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သည့် (နောင်သောအခါ ကွန်မြူနစ်ဖြစ်လာမည့်) ကိုသိန်းဖေနှင့် အိန္ဒိယနွယ်ဖွား မူဆလင်ဘာသာဝင် ကိုရာရှစ်တို့လည်း ပါဝင်လေသည်။ ယင်းငါးယောက်စလုံးပင် ၁၉၃၅–၃၆ ခုနှစ် ပညာသင်နှစ်အတွက် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ အလုပ်အမှုအဆောင်ကော်မတီဝင်များအဖြစ် အရွေးချယ်ခံရလေသည်။ ထိုအချိန်၌ ကိုနုက ဥက္ကဋ္ဌနှင့် ကိုရာရှစ်က ဒု–ဥက္ကဋ္ဌဖြစ်လာသည်။ ကိုအောင်ဆန်းသည် မြန်မာနိုင်ငံ၏ အမျိုးသားအထိမ်းအမှတ်တံဆိပ်တခုဖြစ်သော ဒေါင်းငှက်၏ တွန်ကျူးသံကို ယူထားသော အိုးဝေအမည်ရ သမဂ္ဂမဂ္ဂဇင်း၏ အယ်ဒီတာအဖြစ် ခန့်အပ်ခြင်းခံရလေသည်။

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပေါ်ပေါက်ခဲ့သော မြန်မာနိုင်ငံ၏ ဒုတိယကျောင်းသားသပိတ်ကို ဤလူငယ် (၅) ဦးအဖွဲ့က ဦးဆောင်မှုပေးခဲ့ရလေသည်။ ဤတွင် ကိုနုသည် အစိုးရကို ဝေဖန်သော မိန့်ခွန်းများပြောဟောမှုဖြင့် ကျောင်းမှ ယာယီထုတ်ပယ်ခြင်းခံခဲ့ရလေသည်။ ထို့နောက်များမကြာမီပင် ကိုအောင်ဆန်းသည်လည်း အိုးဝေမဂ္ဂဇင်းတွင် ပါရှိသော ဆောင်းပါးတပုဒ်အား ရေးသားသူ ဆောင်းပါးရှင်၏ အမည်ကို (အယ်ဒီတာပီပီ) ထုတ်ဖော်ရန် ငြင်းဆန်သဖြင့် ကျောင်းမှ အထုတ်ခံရပြန်လေသည်။ ငရဲခွေးကြီး လွတ်နေသည် (Hellhound at Large)[၆] ဟု ခေါင်းစဉ်တပ်ထားသော ထိုအင်္ဂလိပ်ဆောင်းပါးက တက္ကသိုလ်အာဏာပိုင်များကို လက်သံပြောင်စွာ ပြက်ရယ်ပြုထားလေသည်။ ထိုအခါ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား (၇၀၀) ကျော်နှင့် ယုဒသန်ကောလိပ် (Judson College) မှ ရာဂဏန်းကျော်သော ကျောင်းသားများသည် ထိုသို့ ရာဇဝတ်သားဆန်ဆန် ကျောင်းထုတ်ခံရသူများအား ပြန်လည်လက်ခံရန် တောင်းဆိုပြီး ကျောင်းသားသပိတ်ကို စတင်လိုက်ရာ ထိုကျောင်းသားသပိတ်သည် မန္တလေးကောလိပ်နှင့် တနိုင်ငံလုံးရှိ အထက်တန်းကျောင်းများသို့ မကြာမီပင် ကူးစက်ပျံ့နှံ့သွားလေတော့သည်။ ဥရောပစည်းမျဉ်းညီ သာသနာပြုကျောင်းများရှိ ကျောင်းသားများမှာ ယေဘုယျအားဖြင့် ဗြိတိသျှကို ထောက်ခံကြသူများဖြစ်သည့်အားလျော်စွာ ၎င်းကျောင်းများသာလျှင် မြန်မာနိုင်ငံတွင် ထိုအချိန်က ဆူပွက်နေပြီဖြစ်သော လူထုလှုပ်ရှားမှုများ၌ မပါဝင်ခဲ့ကြချေ။

နောက်ဆုံးတွင် ကိုနုနှင့် ကိုအောင်ဆန်းတို့ကို တက္ကသိုလ်အာဏာပိုင်များက ပြန်လည်လက်ခံခဲ့ရသော်လည်း ထိပ်တိုက်ရင်ဆိုင်တွေ့မှုကား ပြီးဆုံးမသွားခဲ့ပေ။ တနိုင်ငံလုံးအနှံ့ဖြစ်ပွားခဲ့သော ဤသပိတ်၏ အကျိုးရလဒ်အဖြစ် 'ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ' (ဗကသ) (All Burma Students' Union) ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကိုရာရှစ်က







ပထမဆုံးဥက္ကဋ္ဌနှင့် ကိုအောင်ဆန်းက ဒု–ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ထို့နောက် တက္ကသိုလ်ပရိဝဏ်အတွင်း၌သာ ကျင်လည်နေကြရသော ကျောင်းသားများသည် တက္ကသိုလ်ပြင်ပရှိ အသင်းအဖွဲ့ အစိတ်အပိုင်းများသို့ ခြေဆန့်မိကြတော့သည်။ 'တို့ဗမာအစည်းအရုံး' (Our Burmese Association) ကို ရန်ကုန်တက္ကသိုလ်မှ နည်းပြဆရာတဦးဖြစ်ပြီး အင်္ဂလိပ်ဘာသာကို လွန်စွာ ထူးချွန်လျက်၊ မိမိနာမည်ရှေ့တွင် သခင်တပ်ထားသော မျိုးချစ်တဦးဖြစ်သည့်အပြင် စာရေးဆရာတဦးလည်း ဖြစ်သော သခင်ဗသောင်း၏ ဦးဆောင်မှုဖြင့် စတင်ဖွဲ့စည်းခဲ့လေသည်။ ဟင်ဒီဘာသာတွင်ရှိသော ဆဟစ် (Sahib) ကဲ့သို့ပင် မြန်မာစကားတွင် 'သခင်' ဟူသည်မှာ အရှင်သခင် (Master) ဟု အဓိပ္ပာယ်ရရှိပြီး အင်္ဂလိပ်လူမျိုးတဦးနှင့် စာပေ၊ စကား၊ ရေးသားပြောဆိုရာတွင် မြန်မာတို့အနေဖြင့် မိမိကိုယ်ကို 'သခင်' ဟု သုံးနှုန်းရန်ဖြစ်လေသည်။ သူကိုယ်တိုင်နှင့် အစည်းအရုံးအဖွဲ့ဝင်တိုင်းကို 'သခင်' ဟု ခေါ်ဆိုရေးသားစေခြင်းအားဖြင့် သခင်ဗသောင်းက မြန်မာနိုင်ငံ၏ အရှင်သခင်တို့မှာ ဗြိတိသျှတို့မဟုတ်ဘဲ သူနှင့် ကျန်တိုင်းရင်းသား မြန်မာလူမျိုးများသာ ဖြစ်ကြောင်း ပြသလိုရင်းဖြစ်လေသည်။

များမကြာမီ မြန်မာပြည်အလယ်ပိုင်း ရေနံချောင်း၊ ချောက်...စသော ရေနံမြေများတွင် ၁၉၃၇ ခုနှစ်၌ အလုပ်သမား အရေးအခင်း ဖြစ်ပွားခဲ့ရာ ဤနိုင်ငံလုံးဆိုင်ရာ ကျယ်ပြန့်လှသည့် လှုပ်ရှားမှုအတွက် တို့ဗမာအစည်းအရုံးသည် မိမိအင်အားနှင့် စည်းရုံးလှုပ်ရှားမှုကို ပြသရန် ပထမဆုံး စမ်းသပ်သည့်ပွဲဖြစ်လာခဲ့သည်။ 'တို့ဗမာအစည်းအရုံး' သည် ထိုအရေးအခင်း၌ ပါဝင်ပတ်သက်ခဲ့ပြီး လူငယ်သခင်အများအပြားသည် ထိုသပိတ်သမားများကို အကူအညီပေးရန်အတွက် ရန်ကုန်မြို့မှ အထက်မြန်မာပြည်သို့ ခရီးထွက်ခွာခဲ့ကြသည်။ အလုပ်သမားများကလည်း သူတို့၏ တောင်းဆိုချက်များကို ပိုမို ဖိအားပေးတောင်းဆိုရေးအတွက် ရန်ကုန်မြို့အထိ ခြေလျင်ချီတက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရန်ကုန်မြို့တော်သို့ လူထုချီတက်မှုသည် ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်ခဲ့ပြီး နယ်များကို ခြေလျင်ဖြတ်သန်းလာခဲ့ရာ လယ်သမားများက ကရုဏာတရားရှေ့ထား၍ အလုပ်သမားများကို အစားအသောက်နှင့် နားနေစရာများ ပေးခဲ့ကြခြင်းအားဖြင့် နိုင်ငံတခု၏ အကြီးမားဆုံး လူတန်းစား (၂) ရပ်ဖြစ်သော အလုပ်သမားအင်အားစုနှင့် လယ်သမားအင်အားတို့မှာ ကွင်းဆက်မိသွားကြသည်။ သို့ဖြစ်သည့်အလျောက် ဒီဇင်ဘာလ၊ ပထမအပတ်အတွင်း မြန်မာပြည်အလယ်ပိုင်းရှိ မကွေးမြို့၌ ရေနံမြေမှ ချီတက်လမ်းလျှောက်လာသူများအား ပုလိပ်များက တားဆီးလျက် ခေါင်းဆောင်များကို ဖမ်းဆီးကာ ကျန်သော သူများမှာ လမ်းဘေးရှိ ယာယီစခန်းတခုတွင် ထိန်းသိမ်းခံလိုက်ကြရသည်။ ထိုအခါ အလုပ်သမားများက အစာငတ်ခံဆန္ဒပြကြလျက် အလုပ်သမားခေါင်းဆောင်များကို ဖမ်းဆီးထားသည့်အတွက် ရန်ကုန်မြို့မှ ကျောင်းသားခေါင်းဆောင်များသည် အလုပ်သမားများကို

အင်အားဖြည့်တင်းရန် [၇] အလျင်အမြန် မကွေးသို့ တက်သွားကြသည်။ ၎င်းကျောင်းသား ခေါင်းဆောင်များလည်း အဖမ်းခံကြရပြန်သည်။ ပုလိပ်များ၏ နံပါတ်တုတ်များဖြင့် ရိုက်နှက်မှုကို သတ္တိရှိစွာ ရင်ဆိုင်ကျော်လွှားပြီး အကယ်၍ ဆက်လက်သွားပါက သေနတ်ဖြင့် ပစ်ခတ်မည်ဟူသော ခြိမ်းခြောက်မှုများကိုပင် အန်တုရဲ၍ အလုပ်သမားများသည် ဆက်လက်ချီတက်နိုင်ခဲ့ကြသည်။ ရန်ကုန်မြို့တော်တွင်မူ အတွင်းဝန်များရုံးကို သွားရောက်ဆန္ဒပြကြသည်။ [၈] ထိုအခါ အစိုးရအား တစထက်တစ အန်တုလာသော ဆန္ဒပြမှုများကို ချေမှုန်းပစ်ရန် ပုလိပ်များကို တနေရာမှ တနေရာသို့ ပြောင်းရွှေ့အသုံးချခဲ့ရသည်။

အတွင်းဝန်များရုံးကို ပိတ်ဆို့ဝိုင်းရံထားသော ကျောင်းသားများသည် ဒီဇင်ဘာလ (၂၀) ရက်နေ့ မွန်းလွဲချိန်လောက်တွင် အတွင်းဝန်များရုံးမှ ထွက်ခွာလာခဲ့ကြပြီး သူတို့ခေါင်းဆောင်များ ဟောပြောသည်ကို နားထောင်ရန်အတွက် စပတ်လမ်းနှင့် ဖရေဇာလမ်းတို့ဆုံရာ၌ စုဝေးနေကြသည့် ထိုလူအုပ်ကို မြင်းစီးပုလိပ်များက နံပါတ်တုတ်များဖြင့် [၉] ဝင်ရောက်တိုက်ခိုက်ကြပြီး မြေပြင်ရှိ ပုလိပ်များကလည်း လက်သီးဖြင့် ထိုးသူထိုး၊ ဝါးရင်းတုတ်ဖြင့် ရိုက်သူကရိုက် ဖြစ်ကုန်ကြသည်။ ပထမဆုံး အရိုက်အနှက်ခံကြရသူများမှာ လူအများ၏ ရှေ့ဆုံးမှချီတက်လာကြသူ အမျိုးသမီးကလေးများနှင့် အထက်တန်းကျောင်းသူကျောင်းသားကလေးများ ဖြစ်ကြသည်။ ယုဒသန်ကောလိပ်မှ ကျောင်းသားလူငယ်တဦးဖြစ်သူ ကိုအောင်ကျော်မှာ သတိမေ့အောင် အရိုက်ခံလိုက်ရပြီးနောက် များမကြာမီတွင်ပင် ဆေးရုံ၌ သေဆုံးသွားခဲ့လေသည်။

ဤအင်အားသုံး တိုက်ခိုက်မှုသည် ဦးစော ရှယ်ယာအများဆုံးပိုင်ဆိုင်ထားသည့် သူရိယ (The Sun) သတင်းစာတိုက် အရှေ့တည့်တည့်လောက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည့်အတိုင်း သူ့သတင်းထောက်များနှင့် အခြားသတင်းစာများမှ သတင်းထောက်များကလည်း ကျောင်းသားများ၏ ဆန္ဒပြမှုနှင့် ပုလိပ်အဖွဲ့၏ ရက်ရက်စက်စက်လုပ်ရပ်များကို ဓာတ်ပုံများ ရိုက်ယူထားခဲ့ကြသည်။ ထိုညတွင်ပင် သတင်းစာတိုက်သည် ပုလိပ်အဖွဲ့၏ ဝင်ရောက်စီးနင်းခြင်းကို ခံကြရပြီး ဖလင်များနှင့် အခြားမှတ်တမ်းတင်ပစ္စည်းများ အသိမ်းဆည်းခံခဲ့ကြသည်။ သို့သော်လည်း နောက်ပိုင်းတွင် ဤအဖြစ်အပျက်ကို စစ်ဆေးရန် ဖွဲ့စည်းလိုက်သော 'အထူးစုံစမ်းရေးကော်မတီ' ၏ ရှေ့မှောက်တွင် ယင်းဓာတ်ပုံများကို သက်သေခံပစ္စည်းအဖြစ် အသုံးပြုခဲ့သည်။

ထို့နောက် ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် ပြုလုပ်ခဲ့သော ကိုအောင်ကျော်၏ ဈာပနမှာ သူရဲကောင်းတဦး၏ ဈာပနအဖြစ် ဂုဏ်ပြုခံခဲ့ရပြီး ပြည်သူ (၃) သိန်းကျော် (ဝမ်းနည်းပန်းနည်း) တက်ရောက်ခဲ့ကြသည်။ ထိုအခမ်းအနား၌ သူ့ကို 'နေမျိုးသီဟ ဗိုလ်အောင်ကျော်' ဟု ဗိုလ် (အရာရှိ သို့မဟုတ် ခေါင်းဆောင်) ဘွဲ့အပ်နှင်းလိုက်ပြီး သူသေလုမျောပါး ဒဏ်ရာရခဲ့သော စပတ်လမ်းကို နှစ်ပေါင်းများစွာ ကြာသောအခါတွင် သူ့နာ







မည်တပ်၍ 'ဗိုလ်အောင်ကျော်လမ်း' အဖြစ် ယနေ့တိုင် ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ ၁၉၃၉ ခု၊ ဇန်နဝါရီလ (၈) ရက်နေ့တွင် ရန်ကုန်မြို့တော်သို့ နောက်ဆုံး၌ ရောက်ရှိလာသော ရေနံမြေအလုပ်သမားနှင့် လယ်သမားတပ်ဖွဲ့ကြီး နှစ်ခုမှ ခေါင်းဆောင်များသည် ကြံ့တောသုသာန်ရှိ ဗိုလ်အောင်ကျော်ဂူသို့ ပထမဆုံး သွားရောက်ဂါရဝပြုခဲ့ကြသည်။ ထို့နောက် ချီတက်လာသူများသည် စစ်ကြောင်းအလိုက် ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာကြ၍ သူတို့အားလုံးပေါင်းဆုံရာ 'ဆုံရပ်' သည်ကား ရန်ကုန်မြို့တော်၏ မြောက်ဘက် အဝင်ဂိတ်ဖြစ်ပြီး၊ ယနေ့တွင်မူ ကမာရွတ်ရဲစခန်းတည်ရှိရာ အင်းစိန်နှင့် ပြည်လမ်းတို့ဆုံရာလမ်းဆုံဖြစ်လေသည်။

သပိတ်သမားများနှင့် ဆန္ဒပြသူများ၏ ပထမဆုံးအင်အားစုမှာ လူ (၄,၀၀၀) ကျော်ရှိခဲ့ပြီး သူတို့ကို ကြိုဆိုရန် ရန်ကုန်မြို့တွင်းမှ လူ (၂,၀၀၀) ကျော်ထွက်လာကြကာ သူတို့နှင့် ပူးပေါင်းခဲ့ကြသည်။ လူ (၆,၀၀၀) အင်အားရှိသော ထိုလူထုကြီးသည် [၁၀] စစ်ရေးပြဘင်ခရာတပ်ဖွဲ့က ရှေ့ဆုံးမှနေလျက် ရန်ကုန်မြို့တော်အတွင်းသို့ ဝင်ရောက်လာခဲ့လေသည်။ သူတို့သည် လွန်ခဲ့သည့် (၁၂) ရက်ကမှ ကျဆုံးသွားခဲ့သော ဗိုလ်အောင်ကျော်ကို ဂါရဝပြုကြပြီးနောက် ရန်ကုန်မြို့တွင်းသို့ ဆက်လက်ချီတက်သွားကြပြီး ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းနှင့် တောင်ဘက်စောင်းတန်းအကြား၊ အောက်ပစ္စယံ ဆင်ခြေလျောများတွင် ဆက်လက်ချီတက်သွားကြပြီးနောက် အစည်းအဝေးများ ကျင်းပခဲ့ကြသည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးနှင့် ဦးစော၏ ဂဠုန်တပ်တို့မှ ကိုယ်စားလှယ်များက မိန့်ခွန်းများ ပြောကြားကြသည်။

ရန်ကုန်သို့ အလုပ်သမားနှင့်လယ်သမား အင်အားစုကြီးများ ချီတက်လာမှု၏ နောက်ပိုင်းရလဒ်အဖြစ် လူပေါင်းမြောက်မြားစွာ အဖမ်းခံကြရလေသည်။ မည်မျှလောက် ဖမ်းဆီးခဲ့ကြသနည်းကိုမူ အဖမ်းခံဆန္ဒပြသူများအား နေရာပေးနိုင်ရေးအတွက် ရန်ကုန်နှင့် အင်းစိန်ထောင်ရှိ အကျဉ်းကျ ရာဇဝတ်သားများအား ထောင်ပြောင်း၍ ဖယ်ရှားပစ်ခဲ့ရလေသည်။ သို့သော် ဤလှုပ်ရှားမှုကြီး၏ တိုက်ရိုက်အကျိုးဆက်အဖြစ် များမကြာမီ ဗမာနိုင်ငံလုံးဆိုင်ရာ လယ်သမားအစည်းအရုံးနှင့် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂ ကွန်ဂရက်တို့ကို ဖွဲ့စည်းနိုင်ခဲ့လေသည်။ အမေရိကန်နိုင်ငံသား သမိုင်းပညာရှင် ဖရင့် ထရေဂါ (Frank Trager) က ဤလှုပ်ရှားမှု၏ နောက်ဆုံးရလဒ်ကို အောက်ပါအတိုင်း အကျဉ်းချုပ်ဖော်ပြခဲ့သည်။

'အကျဉ်းချုံးဆိုရလျှင် ယခင် (YMBA) နှင့် (GCBA) အမျိုးသားခေါင်းဆောင်များ မျိုးဆက်က မစွမ်းဆောင်နိုင်ခဲ့သည်များကို သခင်များက အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ အလုပ်သမားနှင့်လယ်သမား အခြေခံလူထုကြီးနှစ်ရပ်ကို တခုတည်းသော ဦးတည်ချက်အရ အတူတကွ လက်တွဲမိစေပြီး စည်းရုံးညီညွတ်သွားစေသည့်

အပြင် ခေါင်းဆောင်မှုကိုပါ သူတို့က ပေးနိုင်ခဲ့သည်။ သူတို့သည် ဤအင်အားစုကြီးနှစ်ရပ်၏ ပြီးပြည့်စုံမှုအတွက် လိုအပ်သော အစိတ်အပိုင်းတရပ်အဖြစ် သူတို့ကိုယ်သူတို့ ခံစားမိခဲ့ကြပြီး ယင်းအင်အားစုကြီးနှစ်ရပ်အတွက် သွက်လက်ချက်ချာသော ပြောရေးဆိုခွင့်ရှိသူများ ဖြစ်လာခဲ့သည်။

ရန်ကုန်မြို့၌ လောလောဆယ် အခိုက်အတန့်အားဖြင့် ဤလှုပ်ရှားမှုသည် အရှိန်သေသွားလင့်ကစား ၎င်း၏ ဗဟိုဆွဲငင်အား ဓာတ်ကြောများသည် ဘုရင့်နန်းမြို့ဟောင်းဖြစ်သော မန္တလေးသို့ ရွှေ့ပြောင်းသွားခဲ့သည်။ သို့ဖြစ်သည့်အလျောက် စာသင်တိုက်အသီးသီး၌ အစုအဝေးဖြင့် ရှိနေကြသော ဗုဒ္ဓဘာသာ ရဟန်းတော် အမြောက်အမြားသည် ဆန္ဒပြမှုများတွင် ပူးပေါင်းပါဝင်လာခဲ့ကြသည်။ အချို့ဆန္ဒပြမှုများတွင် လူ (၄၀,၀၀၀) ခန့် အင်အားရှိပြီး ယင်းသည် ကြီးမားသော အင်အားတရပ်ဖြစ်ခဲ့သည်။ ဤသို့ ဆရာတော် ဦးဥတ္တမနှင့် ဦးဝိစာရတို့ ကျေးဇူးကြောင့် ရဟန်းသံဃာတော်များ ပါဝင်လှုပ်ရှားလာမှုများတွင် ကျယ်ပြန့်သော အတွေးအခေါ်များနှင့် ထိရောက်သော နည်းလမ်းများက တိုင်းရင်းသားပေါင်းစုံ ပါဝင်လာအောင် ဆွဲဆောင်သည့်လက္ခဏာကို အားဖြည့်ရာရောက်သွားပေသည်။

ထို့ကြောင့် ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် သိက္ခာမြင့်မားသော သံဃာတော်အများအပြားနှင့် ဒေသဆိုင်ရာ ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးထားမှုကို ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် မန္တလေးမြို့၌ လူထုစည်းဝေးပွဲများ ကျင်းပခဲ့သည်။ အိမ်တော်ရာဘုရားအပြင်ဘက်၌ လူ (၅၀,၀၀၀) ရှိသော လူထုကြီးသည် မျိုးချစ်ပုဂ္ဂိုလ်တို့၏ မေတ္တာရပ်ခံချက်ကို စုဝေးနားထောင်ခဲ့ကြသည်။ နေ့လယ် (၁) နာရီတွင် ရှေ့ဆုံးမှ သံဃာတော်များက အလံများကို ဝှေ့ရမ်းလျက် လူထုကြီးသည် မြို့လယ်ကောင်သို့ စတင်ရွေ့လျားလာခဲ့ကြသည်။ ထိုအခိုက် ရုတ်ခြည်းဆိုသလိုပင် ဗြိတိသျှဒုတိယကော်မရှင်နာမင်းကြီးကိုယ်တိုင် ကြီးကြပ်လျက်ရှိသော လက်နက်ကိုင်ပုလိပ်များက သူတို့သွားရာလမ်းအား ပိတ်ဆို့ထားသည်ကို တွေ့မြင်ကြရသည်။ ရှေ့ဆုံးမှ ခေါင်းဆောင်လာသော သံဃာတော်များက ဒုတိယကော်မရှင်နာမင်းကြီးကို သူတို့အား ဦးဆောင်ညွှန်ကြားသူ ပဓာနဆရာတော်နှင့် ဆွေးနွေးပါရန် မေတ္တာရပ်ခံကြသည်။ ထိုအချိန်၌ ပဓာနဆရာတော်သည် ချီတက်ရန် စတင်သည့်နေရာ၌ပင် လူအများအပြားပိုမိုပါဝင်လာရန် စည်းရုံးခန့်ခွဲအလုပ်များလျက်ရှိသည်။ ဒုတိယကော်မရှင်နာမင်းကြီးသည် ယင်းမေတ္တာရပ်ခံချက်ကို အလေးတမူ အရေးယူရန် ငြင်းဆန်လိုက်ကာ ပုလိပ်များ၏ နေရာတွင် အမြဲတမ်းစစ်တပ်ဖွဲ့ဝင်များအား အစားထိုးလျက် ဝင်ရောက်နေရာယူထားစေသည်။

များမကြာမီ ဗမာ့ရိုင်ဖယ်တပ်မှ ကချင်တိုင်းရင်းသား စစ်သား (၈) ဦးအနက် (၄) ဦးသည် မတ်တပ်ရပ်လျက်၊ (၄) ဦးသည် မြေပြင်တွင် ဒူးထောက်ထိုင်ကာ အဆင်သင့်





ပစ်မည့် အနေအထားဖြင့် အသင့်ပြင်ထားလိုက်ကြပြီး သူတို့သည် တကယ့်ကျည်ဆန်များ အပြည့်ထည့်ထားသော ရိုင်ဖယ်သေနတ်များအား ဆန္ဒပြသူများ၏ တပ်ဦးသို့ တည့်တည့် ချိန်ရွယ်လိုက်ကြသည်။ မရှေးမနှောင်း၌ပင် အရာရှိတဦးက ရှေ့တိုးလာပြီး ကြွေးကြော်သံများ အော်ဟစ်နေကြသော လူထုကြီးကို သတိပေးလိုက်သည်။ ထို့နောက် စစ်ခရာသံကြားလိုက်ရပြီး စစ်သားများက စတင်ပစ်ခတ်လေတော့သည်။ လေးချက်ပစ်ခတ်ပြီးနောက် လူတန်းကြီး၏ ရှေ့ဆုံးမှ အချို့သံဃာတော်များ မြေပြင်ပေါ်သို့ လဲကျသွားကြသည်။ နောက်ထပ်စစ်သားများက သေနတ်များကို ထပ်မံချိန်ရွယ်ကြသောအခါ လူထုကြီးသည် အနှံ့အပြား အုပ်စုကွဲသွားလျက် အသက်လုပြေးကြတော့သည်။ ဤသို့ ထိန်းမနိုင်သိမ်းမရ ပရမ်းပတာ ဆုတ်ခွာထွက်ပြေးနေကြသော ဆန္ဒပြသူများအကြား ကျည်ဆန်များကလည်း ဆက်တိုက် ထိုးဖောက်ဝင်ရောက်သွားခဲ့သည်။ ရက်စက်ကြမ်းကြုတ်လှသော ထိုလူသတ်ပွဲကြီးပြီးသွားသည့်အခါ၌ကား ဖုန်အလိမ်းလိမ်းထနေသော လမ်းပေါ်တွင် သွေးများအိုင်ထွန်းလျက် သေနေသူများ၊ ဒဏ်ရာရသူများ တုံးလုံးပက်လက်လဲလျက် ရှိနေကြပေတော့သည်။ သံဃာတော် (၇) ပါး အပါအဝင် (၁၇) ဦးသေဆုံးပြီး (၁၃) ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြသည်။

မန္တလေးမြို့၏ တောင်ဘက် (၅) မိုင်အကွာ အမရပူရလမ်းပေါ်တွင်ရှိသော အာဇာနည်ဗိမာန်တွင် နယ်ချဲ့၏ သားကောင် (၁၇) ဦးတို့အား နောက်တပတ်အကြာ ဖေဖော်ဝါရီလ (၁၇) ရက်နေ့၌ အမှတ်တရ မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသောကြောင့် ယင်းအသုဘအခမ်းအနားသို့ မန္တလေးနှင့် ပတ်ပတ်လည်ရှိ နယ်များမှ ထိတ်လန့်တုန်လှုပ်လျက် ဝမ်းနည်းပူဆွေးမှုများ ခံစားနေကြရသော ပြည်သူလူထုထောင်ပေါင်းများစွာ တက်ရောက်လာခဲ့ကြလေသည်။

မန္တလေး၌ စျာပနမကျင်းပမီ တရက်အလိုတွင်ပင် ရန်ကုန်ရှိ ဒေါက်တာဘမော်ကြီးမှူးသော ညွန့်ပေါင်းအစိုးရအဖွဲ့သည် အောက်လွှတ်တော် (House of Representatives) ၌ ဦးပုနှင့်ဦးစောတို့၏ အယုံအကြည်မရှိအဆိုကို ရှုံးနိမ့်သွားခဲ့သည်။

ဆင်းရဲသားဝံသာနု (Nationalist Proletarian) ပါတီ၏ခေါင်းဆောင်နှင့် ဆရာစံဂဠုန်သူပုန်များကို ပထမဆုံး ထင်ရှားစွာ အကာအကွယ်ပေးခဲ့သူ ဒေါက်တာဘမော်သည် မြန်မာနိုင်ငံ၏ (၉၁) ဌာနအုပ်ချုပ်ရေးခေတ်၌ ပထမဆုံး နန်းရင်းဝန်အဖြစ် ၁၉၃၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ရလေသည်။ သို့သော် နောက် (၂) နှစ်အကြာတွင် သူလည်း ကျောင်းသားအရေးတော်ပုံကြောင့် နုတ်ထွက်ပေးခဲ့ရလေသည်။ ထိုအခါ သာယာဝတီမှ ဝါရင့် (ဂျီစီဘီအေ) အဖွဲ့ဝင်ဟောင်းတဦးဖြစ်သူ ဦးပုက ဒေါက်တာဘမော်နေရာကို ဆက်ခံခဲ့သည်။ ဦးပုရာထူးလက်ခံချိန်တွင် မြန်မာနိုင်ငံအပါအဝင် တကမ္ဘာလုံး၌ ဒုက္ခသုက္ခတို့ဖြင့် ပင်လယ်ဝေနေပြီး အနောက်ဘက်တွင်သာမက အရှေ့ဘက်

တွင်ပါ ဖက်ဆစ်နှင့် နာဇီများ တန်ခိုးအာဏာ ကြီးထွားစပြုလာချိန်ဖြစ်သည်။

ဒုတိယကမ္ဘာစစ် ပြက္ခဒိန်များအရ...စက်တင်ဘာလ (၁) ရက်နေ့တွင် ဟစ်တလာက ပိုလန်ကို ကျူးကျော်ဝင်ရောက်သည်။ ထို့နောက် နှစ်ရက်ကြာပြီးနောက် ဗြိတိန်နှင့် ပြင်သစ်တို့က ဂျာမနီအပေါ် စစ်ကြေညာလိုက်သည်။ ဒုတိယကမ္ဘာစစ်ကား ဖြစ်ပွားခဲ့လေပြီ။ ယင်းသို့ဖြစ်ပွားလိုက်ခြင်းသည် လွတ်လပ်ရေးကို ဆာလောင်မွတ်သိပ်နေသော မြန်မာပြည်အတွက်ကား ကြီးမားသော အချိုးအကွေ့၊ အလှည့်အပြောင်းကြီးဖြစ်လေသည်။ ထိုအချိန်တွင် ဦးပုသည် ရန်ကုန်မြို့ရှိ အောက်လွှတ်တော်၌ ဗြိတိန်နိုင်ငံအား မြန်မာနိုင်ငံက ထောက်ခံအားပေးသင့်ကြောင်း ထ၍ ထောက်ခံအဆိုပြုလေသည်။ ခြောက်လကြာပြီးနောက် အောက်လွှတ်တော်က ဆုံးဖြတ်ချက်တရပ်ကို ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်မှာ ဗြိတိန်၏ စစ်မှုရေးရာများကို အကူအညီအထောက်အပံ့ပေးရေးသည် ကိုလိုနီအုပ်စိုးသူများက မြန်မာနိုင်ငံအား ခုနှသဟာယ အတွင်း ‘ဒိုမီနီယန်’ အဆင့်အတန်းပေးမည့် ကတိပေါ်တွင် မူတည်နေသည်ဟု တောင်းဆိုလိုက်သည်။ သို့ရာတွင် ဦးပုက လူကြိုက်များသော တောင်းဆိုချက်ကို အေးတိအေးစက်တုံ့ပြန်ခဲ့ခြင်းသည် ၁၉၄၀ ခုနှစ်၊ စက်တင်ဘာလတွင် သူ့ကို ကျဆုံးခန်းသို့ ရောက်သွားစေပေတော့သည်။

ထိုစစ်ကြိုခေတ်ကာလ လပိုင်းမျှအတွင်း ‘တို့ဗမာအစည်းအရုံး’နှင့် ‘ကျောင်းသားသမဂ္ဂ’များသည် တောင်းဆိုမှုများ ပိုမိုပြုလုပ်လာကြသည်။ သူတို့က ကိုလိုနီအာဏာပိုင်များ၏ ဖိနှိပ်မှုနည်းလမ်းအားလုံးကို ရပ်တန့်ရန် တောင်းဆိုလိုက်သည်။ ၎င်းအပြင် ယခုတည်ရှိနေဆဲဖြစ်သော လွှတ်တော်အမတ် တစိတ်တပိုင်းအား ပြည်သူက ရွေးချယ်ပြီး၊ ကျန်လွှတ်တော်အမတ်တစိတ်တပိုင်းအား ဘုရင်ခံနှင့် အစိုးရက တိုက်ရိုက်ခန့်အပ်သည့် ဥပဒေပြုဖွဲ့စည်းပုံအစား အားလုံးတပြေးညီမဲပေးရွေးချယ်ကြရသည့် တိုင်းပြည်ပြု လွှတ်တော်ကို စတင်ခြင်းဖြင့် ဒီမိုကရေစီကို ပြည့်ပြည့်ဝဝ ချက်ချင်းအကောင်အထည်ဖော်ပေးရန်လည်း သူတို့က တောင်းဆိုလိုက်ကြသည်။ ထိုအချိန်၌ ဦးပု၏ အစိုးရအဖွဲ့တွင် သစ်တောရေးရာဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သော ဦးစောသည် သူကိုယ်တိုင် နန်းရင်းဝန် အသစ်ဖြစ်လာသောအခါ အုပ်စုအမျိုးမျိုးကြားတွင်ရှိနေသော ဝိရောဓိသည် ပိုမိုဆိုးဆိုးရွားရွားဖြစ်လာလေသည်။ ဦးစော၏ အာဏာအရှိန်မြင့်တက်လာခြင်းသည် သူ၏ရည်မှန်းချက်ကြီးမားပြီး လွန်စွာဉာဏ်များသော ကိုယ်ပိုင်သရုပ်သကန်ကို ထပ်ဟပ်လျက်ရှိသည်။ သူသည် ၁၉၃၆ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွင်းက အာဏာမဲ့ နိုင်ငံရေး အဖွဲ့အစည်းများအား မဟာမိတ်ဖွဲ့ခြင်းဖြင့် သူ့နေရာသူ အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း (၃) နှစ်ကြာပြီးနောက် ဦးပုအစိုးရအဖွဲ့တွင် ဝင်ရောက်ပူးပေါင်းပြီး တဖန် ဦးပုဝန်ကြီးချုပ်ဖြစ်လာချိန်တွင်လည်း သူ့ပျော့ညံ့မှုများကြောင့် ဦးပုအား လူကြိုက်နည်းလာပြီဆိုသည်ကို ဦးစောသဘောပေါက်လာလေသည်။ ထို့ကြောင့် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လတွင်







ဦးပုအား အယုံအကြည်မရှိအဆိုကို တင်သွင်းခါနီးတွင် ဦးစောသည် အစိုးရအဖွဲ့မှ နုတ်ထွက်ပြီး ဦးပုကို ဆန့်ကျင်ဆန္ဒမဲပေးခဲ့သည်။ ဤသို့ဖြင့် အစိုးရအာဏာချိန်ခွင်ညှာကို စောင်းသွားစေပြီး ဦးပုအစိုးရအား ပြုတ်ကျသွားစေတော့သည်။

သို့ရာတွင် နန်းရင်းဝန်ဖြစ်လာသော ဦးစောသည် ‘နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲ’ ဆိုသကဲ့သို့ အတိုက်အခံများကို စနစ်တကျဖိနှိပ်သည့် အာဏာရှင်ဆန်သော မူဝါဒများကို ကျင့်သုံးခဲ့သည်။ ဤသို့ သူပြုလုပ်ပိုင်ခွင့်ရသွားခြင်းမှာ ထိုအချိန်က ဗြိတိသျှအာဏာပိုင်များသည် သူတို့၏ ကိုလိုနီအစိုးရများအား (တသွေးတသံတမိန့်) အာဏာအားလုံးနီးပါးမျှ ပေးအပ်ထားသည့် အသစ်ပြဋ္ဌာန်းထားလိုက်သော စစ်အတွင်း ဥပဒေတရပ်ဖြစ်သည့် Defence of Burma Rules (မြန်မာ့စည်းမျဉ်းဥပဒေသများကို ကာကွယ်သည့်ဥပဒေ) ကို သူက အခွင့်ကောင်းယူခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်သည့်အလျောက် ဦးစောသည် တို့ဗမာအစည်းအရုံး၏ လှုပ်ရှားမှုမှန်သမျှ တရားမဝင်ကြောင်း ကြေညာလိုက်ပြီး ထင်ရှားသော သခင်အများအပြားအပါအဝင် သူ၏ နိုင်ငံရေးပြိုင်ဘက်အားလုံးနီးပါးကို ဖမ်းဆီးပြီး တိုင်းပြည်ဆူပူအောင် လှုံ့ဆော်မှုဖြင့် တရားစွဲဆိုခဲ့သည်။ ယင်းတို့ထဲတွင် ဂျပန်နှင့် အဆက်အသွယ်ရှိသည်ဟု သံသယအဝင်ခံရသော ဒေါက်တာဘမော်နှင့် ဒေါက်တာ သိမ်းမောင်တို့အပြင် သခင်နု၊ သခင်စိုးနှင့် သခင်ဗစိန်တို့လည်း ပါဝင်လေသည်။ ထို့ပြင် အောက်ခြေအဆင့်များတွင် သူ့ကို လူကြိုက်များစေမည့် အခြေခံလုပ်ငန်းရပ်များ ချမှတ်ရန် ရည်ရွယ်ပြီး တချိန်တည်းတွင် မြန်မာပြည်အနှံ့သို့ ဦးစောသည် ခရီးထွက်ခဲ့ပြီး သူ့အား ထောက်ခံကြောင်း ပြသသူမှန်သမျှအား စီးပွားရေး၊ နိုင်ငံရေးတို့နှင့် ပတ်သက်သော အခွင့်အရေးအရပ်ရပ်အပြင် အစိုးရအမှုထမ်းဖြစ်ပါလျှင်လည်း ရာထူးများဖြင့် ရက်ရက်ရောရော ဆုချလိုက်လေသည်။

ဘုရင်ခံ ဆာအာချီဘော ကော့ခ်ရိန်း (Sir Archibald Cochrane) ၁၉၄၁ ခုနှစ်တွင် ပြန်သွားပြီး သူ့နေရာကို ဆာရဲလ်ဂျီနယ်ဒေါ်မန်စမစ် (Sir Reginal Dorman-Smith) က ဆက်ခံသောအခါ ဦးစောနှင့် အဆင့်မြင့် ဗြိတိသျှအာဏာပိုင်တို့ ဆက်နွှယ်မှုမှာ ပိုမိုခိုင်မာသွားလေသည်။ ဆာရဲလ်ဂျီနယ်မှာ အသက် (၄၂) နှစ်သာ ရှိသေးပြီး ဦးစောထက် တနှစ်ခန့်သာ ကြီးလေသည်။ မကြာမြင့်မီ သူတို့နှစ်ဦးသည် တကယ့် မိတ်ရင်းဆွေရင်းများဖြစ်သွားကြလေသည်။[၁၁] ထို့ကြောင့် ၁၉၄၁ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော အထွေထွေရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်ခြင်းဖြင့် ဆာရဲလ်ဂျီနယ်က သူ၏ လုပ်ပိုင်ခွင့်အရ ဦးစော၏ သက်တမ်းကို နောက်ထပ် (၅) နှစ် သက်တမ်းတခုသို့ တိုးပေးလိုက်လေသည်။ ထို့နောက် ဦးစောကို ‘ဆာဝင်စတန်ချာချီ’ (Sir Winston Churchill) အပြင် အခြား ဗြိတိသျှခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် လန်ဒန်သို့ ဖိတ်ခေါ်လိုက်လေသည်။ ဦးစော၏ ရည်ရွယ်ချက်မှာ ဒုတိယကမ္ဘာစစ်တွင် ဗြိတိသျှတို့ အောင်ပွဲခံပြီးနောက်

မြန်မာနိုင်ငံကို လုံးဝလွတ်လပ်သည့် နိုင်ငံအဖြစ် ကြေညာပေးရန်အတွက် ဗြိတိသျှအစိုးရအား ဆွဲဆောင်သိမ်းသွင်းရန်ဖြစ်သည်။ သူသည်အာဏာနှင့် ပတ်သက်၍ အရူးအမူးဖြစ်နေပြီး သမိုင်းတွင် သူပါဝင်ခဲ့သည့် အခန်းကဏ္ဍအား မြန်မာနိုင်ငံကို လွတ်မြောက်စေခဲ့သူအဖြစ်တွင်ရစ်စေရန် လိုလားခဲ့ပေသည်။

အနောက်သို့ ခရီးစတင်မထွက်ခွာမီ မိမိကိုယ်ကို ဗုဒ္ဓဘာသာဝင်တဦးဟု ကြေညာထားသော ဦးစောသည် သူများနှင့်မတူ တမူထူးခြားသည့် သူဖြစ်သည့်အတိုင်း တိုက်ဂါးမော့(သ်) လေယာဉ်ပျံ (Tiger Moth aeroplane) ကို စီးသွားရင်း (၃၂၆) ပေ ဉာဏ်တော်အမြင့်ရှိသည့် ရွှေတိဂုံစေတီတော်ကြီးကို လေယာဉ်ပျံအား ဝဲပျံပတ်စေ၍ သူသည် ပူဇော်ကန်တော့သွားသေးသည်။ ဂျူနီယာနန်းရင်းဝန်၏ ထူးဆန်းသော အပြုအမူနှင့် ပတ်သက်၍ ထိုအချိန်က ဗုဒ္ဓဘာသာဝင်အများစု၏ အမြင်တွင် စိတ်ကြီးဝင်မှုနှင့် ရွှေတိဂုံစေတီတော်အား မရိုမသေ မလေးမစား ဗိုလ်ဆန်စွာ ပြုလုပ်သွားသည့် လက္ခဏာအဖြစ် ထင်မြင်ကြပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် စေတီတော်သည် ဗုဒ္ဓ၏ ဆံတော်ရှစ်ဆူနှင့် အခြားဓာတ်တော်မွေတော်များ ကိန်းဝပ်ရာဖြစ်၍ အခြားအနိစ္စသဘောဆောင် ပုဂ္ဂိုလ်များထက် မြင့်မားစွာ တည်ရှိနေရမည်ဖြစ်သောကြောင့်ပေတည်း။

မည်သို့ဆိုစေ ဦးစောသည် ၁၉၄၁ ခုနှစ်၊ အောက်တိုဘာလ စောစောပိုင်းတွင် လန်ဒန်သို့ ထွက်ခွာသွားခဲ့လေသည်။ သူနှင့်အတူ ကာကွယ်ရေးကောင်စီအတွင်းဝန် ဦးတင်ထွဋ်က သူ့အကြံပေးအဖြစ် လိုက်ပါသွားခဲ့သည်။

ဦးတင်ထွဋ်သည် ကိမ်းဗရစ်တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ပြီး ရန်ကုန်တက္ကသိုလ်၏ ဒု–အဓိပတိနှင့် ဂုဏ်သရေမြင့်မားလှသော အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းတဦးလည်း ဖြစ်ပေသည်။ နန်းရင်းဝန်အနေဖြင့် ယခင်က ဥရောပသို့ မရောက်ဖူးချေ။ ဥရောပတတိုက်လုံးကား စစ်မီးတောက်လောင်လျက်ရှိသည်။ သူတို့နှစ်ဦးလုံး အောက်တိုဘာလ (၁၀) ရက်တွင် အင်္ဂလန်သို့ ချောချောမောမောဆိုက်ရောက်သွားကြသည်။ (၁၈) ရက်နေ့တွင် ဆာဝင်စတန်ချာချီက ဝန်ကြီးချုပ်အိမ်တော်တွင် နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံရန် ဦးစောကို ဖိတ်ကြားခဲ့သည်။ မြန်မာနန်းရင်းဝန်အနေဖြင့် ဤပုဂ္ဂိုလ်ကြီးအား မိမိလိုလားချက်ဘက် ယိမ်းယိုင်လာစေရန် စည်းရုံးသိမ်းသွင်းနိုင်စွမ်း မရှိခဲ့ချေ။ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ရှုံးလုဆဲဆဲအခြေအနေမှ နောက်ဆုံးအောင်ပွဲဆင်သည်အထိ ဗြိတိသျှလူမျိုးများသာမက အနောက်တိုင်း ဒီမိုကရေစီခေါင်းဆောင်များနှင့် ဖွဲ့ထားသော မဟာမိတ်အင်အားစုကြီးအတွင်းတွင်ပါ မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ ခေါင်းဆောင်မှုပေးနိုင်ခဲ့သည့်အတွက် ချီးကျူးထောပနာပြုခြင်းခံရသော ဝန်ကြီးချုပ်အနေဖြင့် စစ်ပွဲဆင်နွှဲရေးလုပ်ငန်းများကသာ သူ့ကို ပတ်လည်ဝိုင်းလျက်ရှိသည်။ ဗြိတိသျှအင်ပိုင်ယာ ကိုလိုနီနယ်များကို လွတ်လပ်ရေးပေးရန် ဆန့်ကျင်သော သူ့ရပ်တည်ချက်ကိုလည်း အများကသိပြီးဖြစ်သည်။ သို့ဖြစ်၍







ချာချီနှင့် ဦးစောတို့အကြား နှစ်နာရီကျော်ကြာ ပြောဆိုဆွေးနွေးမှုသည် ယခင်ကအတိုင်း မြန်မာ့နိုင်ငံရေးအနာဂတ်သည် ဗြိတိသျှတို့၏ စစ်ပွဲအောင်နိုင်မှု ရလဒ်အပေါ်၌ တည်မှီနေပြီး ထိုအချိန်ကျမှသာ မြန်မာ့အရေးကို အလေးပေးဖြေရှင်းနိုင်မည်ဟူသော တုံ့ပြန်ချက်သို့သာ အနှစ်ချုပ်ရောက်ရှိသွားခဲ့သည်။ ချာချီ၏ တင်းမာသော သဘောထားနှင့်အတူ သူတွေ့ခဲ့ရသမျှ အခြားဗြိတိသျှခေါင်းဆောင်များ၏ သဘောထားများကလည်း ဦးစောကို ထပ်တူထပ်မျှ စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။

နိုဝင်ဘာလကုန်ပိုင်းတွင် သူသည် အင်္ဂလန်မှ ပြန်လည်ထွက်ခွာသွားသည်ဟုဆိုသည်။ မျှော်လင့်ချက်ကင်းမဲ့လျက် စိတ်စနိုးစနောင့် ဖြစ်နေသော ဦးစောသည် အပြန်ခရီးကို အမေရိကန်နိုင်ငံဘက်မှ ဖြတ်ပြန်ပြီး သမ္မတ ဖရန်ကလင်၊ ဒီ၊ ရူးစဗဲ့ (လ်) (Franklin D. Roosevelt) ကို ဝင်တွေ့သည်။ အမေရိကန်သမ္မတအနေဖြင့် ဗြိတိသျှကိုလိုနီနယ်တခု၏ အရေးအရာများတွင် ဝင်ရောက်စွက်ဖက်ရန် လက်တွန့်နေသည်ကို တွေ့ခဲ့ရသည်။ နောက်ဆုံးခရီးစဉ်အဖြစ် သူတို့နှစ်ဦး ပစိဖိတ်ကိုဖြတ်၍ လေကြောင်းဖြင့် မြန်မာနိုင်ငံဘက်ဦးတည်ပြန်လာခဲ့သည်။ အမေရိကန်နိုင်ငံမှ မထွက်ခွာမီ ဦးစောသည် ဂျပန်ရှိ မြန်မာပညာတော်သင်များ၏ အခြေအနေများကို စုံစမ်းရန် ရည်ရွယ်ချက်ပြ၍ ဂျပန်ကောင်စစ်ဝန်ကိုသွားရောက်တွေ့ဆုံခဲ့သည်။ ပုလဲဆိပ်ကမ်း (Pearl Harbour) ရှိ အမေရိကန် ပစိဖိတ်ရေတပ်ကို ဂျပန်လေယာဉ်တင်သင်္ဘောမှ လေယာဉ်များနှင့် ရေငုပ်သင်္ဘောများက လုံးဝနီးပါးနီးနီး တိုက်ခိုက်ဖျက်ဆီးပြီးသည့် နောက်တရက် ဒီဇင်ဘာလ (၈) ရက်နေ့တွင် သူတို့စီးလာသော လေယာဉ်က ဟာဝိုင်ယီရှိ ဟိုနိုလူလူသို့ ဆိုက်ရောက်သွားခြင်းမှာ ထူးထူးခြားခြားတိုက်ဆိုင်မှုတရပ်ဖြစ်ချေသည်။ သို့ဖြစ်၍ သူတို့လေယာဉ်သည် နောက်ကြောင်းပြန်လှည့်ခဲ့ရသည်။ အမေရိကန်နိုင်ငံနှင့် အတ္တလန်တိတ်ပင်လယ်ကိုဖြတ်ပြီး အရှေ့ဘက်ပျံသန်းလာရင်း ပေါ်တူဂီ လစ်စဘွန်မြို့၌ သူတို့ကြန့်ကြာနေခဲ့ပြန်သည်။ ဦးစောက အခွင့်ကောင်းယူပြီး ထိုနေရာ၌ ဂျပန်ကောင်စစ်ဝန်ကို တွေ့ပြန်သည်။ သူ့ဖာသာ တဦးတည်းသွားရောက်ခဲ့ခြင်းဖြစ်သော်လည်း သူတို့ပြောဆိုသမျှကို တိုကျိုသို့ စကားဝှက်ဖြင့် သတင်းပေးပို့ခြင်းခံရသည်။ ဗြိတိသျှထောက်လှမ်းရေးက ယင်းသတင်းပေးပို့ချက်ကို ကြားဖြတ်ဖမ်းယူပြီး စကားဝှက်များကို ဖော်ထုတ်ခဲ့သည်။ သတင်းပေးပို့ချက်၏ အကျဉ်းချုပ်မှာ ဂျပန်က မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်လျှင် မြန်မာတို့က ဗြိတိသျှကို ထကြွပုန်ကန်ကောင်းပုန်ကန်လိမ့်မည်။ ထိုအချိန်တွင် သူ့အနေဖြင့် ဂျပန်ကို တတ်နိုင်သမျှ အကူအညီပေးမည်ဟူ၍ဖြစ်သည်။ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးက သူတို့နှစ်ဦးကို ဖမ်းရန်ဆုံးဖြတ်လိုက်ပြီး ဟိုင်ဖာမြို့သို့ လေယာဉ်ဆင်းသည်နှင့် ဖမ်းဆီးထိန်းသိမ်းလိုက်သည်။ ဦးစောနှင့် ဦးတင်ထွဋ်ကို ယူဂန်ဒါပြည်သို့ပို့လိုက်ပြီး ဦးစောအနေဖြင့် စစ်အတွင်းကာလတလျှောက်လုံး အထိန်းအသိမ်းခံထားရသည်။

ဦးတင်ထွဋ်ကိုမူ ပြန်လွှတ်ပေးခဲ့ပြီး ၁၉၄၅ ခု မေလတွင် မြန်မာနိုင်ငံမှ ဆုတ်ခွာလျက် အိန္ဒိယနိုင်ငံ ဆင်းမလားမြို့၌ ဖွဲ့စည်းသော ဆာဒေါ်မန်စမစ်၏ စစ်ပြေးအစိုးရအဖွဲ့ကို သွားရောက်ပူးပေါင်းစေသည်။

ဦးစောသည် ဒိုမီနီယန်အဆင့်ကို တောင်းဆိုရန် လန်ဒန်သို့ တခမ်းတနား ထွက်ခွာမသွားမီ လအနည်းငယ်ခန့်ကပင်လျှင် နန်းရင်းဝန် ဦးစော မသိရှိရသေးသော သခင်အောင်ဆန်းသည် သူနှင့် စိတ်သဘောထားတူညီသည့် စစ်သွေးစစ်မာန် စိတ်ထက်သန်သည့် မျိုးချစ်လူငယ်ပုဂ္ဂိုလ်များနှင့်အတူ ဂျပန်ပြည်သို့ သင်္ဘောဖြင့် ထွက်ခွာသွားခဲ့လေသည်။ ထိုအချိန်က သူတို့အနေဖြင့် ကိုလိုနီအာဏာပိုင်များနှင့် စေ့စပ်ဆွေးနွေးခြင်းဖြင့် မျှော်လင့်ချက်များ ပြည့်ဝသွားလိမ့်မည်ဟု မယုံကြည်ကြတော့။ မျိုးချစ်လူငယ် မျိုးဆက်သစ်အနေဖြင့် ဒိုမီနီယန်အဆင့် အပါအဝင် ဗြိတိသျှဘုရင့်အင်ပါယာနှင့် ဆက်သွယ်လုပ်ရှား၊ နိုင်ငံကို ထူထောင်သွားရမည့်အလုပ်မျိုးကို မလိုလားတော့ဘဲ လုံးဝလွတ်လပ်ရေးကို တိုက်ခိုက်ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ လက်နက်ကိုင်ထကြွရေးနည်းလမ်းဖြင့်သာလျှင် သူတို့ရည်မှန်းချက် အထမြောက်နိုင်မည်ဟု သူတို့ယုံကြည်ခဲ့ကြသည်။

ထိုအချိန်က ကိုအောင်ဆန်းသည် အသက် (၂၀) ကျော်ကျော်သာ ရှိသေးသည်။ သို့သော်လည်း နိုင်ငံရေးဝါအားဖြင့် ရင့်ကျက်နေလေပြီ။ တို့ဗမာအစည်းအရုံး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ထမ်းဆောင်ခဲ့ပြီး ဒေါက်တာဘမော်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ကျယ်ပြန့်သော မဟာမိတ်တပ်ပေါင်းစုကြီးဖြစ်သည့် ထွက်ရပ်ဂိုဏ်း (Freedom Bloc) ကို စတင်တည်ထောင်ခဲ့သူတဦးလည်းဖြစ်ပေသည်။ သူတို့သည် အကူအညီရယူရေးအတွက် အနောက်ထက် အရှေ့ကို မျှော်ကြည့်ကြသည်။ ၁၉၄၀ ခုနှစ်ဆန်းတွင် တို့ဗမာအစည်းအရုံးသို့ အိန္ဒိယအမျိုးသားကွန်ဂရက်ပါတီ ရမ်းဂါ(ရ်) (Ramgarh) ညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ လာရောက်လေ့လာရန် ဖိတ်ကြားစာ လက်ခံရရှိပါသည်။ ထိုကဲ့သို့ ဖိတ်ကြားခြင်းကို ဝမ်းသာအားရစွာလက်ခံပြီး အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း ခေါင်းဆောင်လျက် သခင်သန်းထွန်း၊ သခင်ဗဟိန်းနှင့် အခြားအသင်းဝင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မတ်လတွင် အိန္ဒိယပြည်သို့ ၎င်းအစည်းအဝေးတက်ရောက်ရန် သွားကြပါသည်။ ထိုကွန်ဂရက်ညီလာခံတွင် ကြည်ညိုလေးစားအပ်သော မဟာတ္တမဂန္ဒီနှင့် တခြားကျော်ကြားသော ကွန်ဂရက်ခေါင်းဆောင်ကြီးများဖြစ်သည့် ပဏ္ဍစ်ဂျဝါဟာလာ(လ်) နေရူး၊ ဆူဘ(စ်)ချန်ဒရာ ဘို(စ်) စသဖြင့် တွေ့ကြုံစကားပြောခွင့်ရကြပါသည်။ ပဏ္ဍစ်နေရူးဆိုလျှင် သခင်အောင်ဆန်းသည် ကျောင်းသားဘဝကစ၍ ချီးမွမ်းနှစ်သက်ခဲ့သူဖြစ်ပြီး ထိုပုဂ္ဂိုလ်ကြီး အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သမျှ စာပေများကို စိတ်အားထက်သန်စွာ ဖတ်ကြားလေ့လာမှတ်သားခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ကိုအောင်ဆန်းသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ တင်မြှောက်ခြင်းခံရချိန်တွင်







စိတ်ပိုင်းဖြတ်ကာ အဆက်အသွယ်ပင်မရှိခဲ့သော မစ္စတာနေရူးအား ပြည်လုံးကျွတ် မန္တလေးကျောင်းသားညီလာခံကို ၁၉၃၇ ခုနှစ်တွင် စီစဉ်ရာတွင် တက်ရောက်ချီးမြှင့်ရန် သတ္တိရှိစွာဖိတ်ကြားလိုက်သည်။ ပဏ္ဍစ်နေရူးကလည်း မြန်မာကျောင်းသားခေါင်းဆောင် အောင်ဆန်းဆိုသူ၏ ဂုဏ်သိက္ခာအကြောင်းများကို ကြားသိပြီးဖြစ်သဖြင့် ဖိတ်ကြားခြင်းကို လက်ခံပြီး သူကိုယ်တိုင် ညီလာခံတက်ခဲ့သည်။ နေရူးလာရောက်ခြင်းဖြင့် အမျိုးသားအရေးအား အထူးမြှင့်တက်စေခဲ့သည်။ ခေါင်းဆောင် ချန်ဒရာ ဘို(စ်) ဝါဒအရ တခြားတဘက်မှ အကြမ်းဖက်မှုကိုယုံကြည်သူဖြစ်ပြီး မြန်မာပြည်အား လူစိမ်းတယောက်မဟုတ်တော့ပါ။ ပြစ်မှုဥပဒေ ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲဆိုခံရလျက် သူနှင့် တော်လှန်ရေးခေါင်းဆောင် (၁၆) ယောက်တို့အား မန္တလေးထောင်တွင် ၁၉၂၄ ခုမှ ၁၉၂၇ ခုနှစ်အထိ အကျဉ်းချခြင်းခံကြရသည်။

ပဏ္ဍစ်နေရူးသည် မြန်မာလူငယ်ကိုယ်စားလှယ်များအား အထူးညှော်ဝတ်ကျေပွန်စွာ ကြည့်ရှုထားကာ ညီလာခံအပြီးတွင် သူတို့သဘောအရ တခြားနေရာများကိုပါ သွားရောက်ကြည့်ရှုလေ့လာချင်သည့်ဆန္ဒ ရှိကြပါသလားဟု မေးမြန်းရာတွင် သခင်အောင်ဆန်းကပင် အနောက်မြောက်ဒေသခေါ် အက်(ဖ်)ဂန် နယ်စပ်သို့ သွားရောက်လိုကြောင်းကို မေတ္တာရပ်ခံသည်။ ထိုအခါ ခရီးစဉ်လုပ်ပေးခဲ့သည်မှာ ဗုဒ္ဓဂါယာမှ အမြို့မြို့များသို့ ဝင်ရောက်ကြပြီး ဒေလီမြို့တော်မှတဆင့် အိန္ဒိယတိုက်ငယ်ကိုဖြတ်ကျော်ကာ ပတ်လျှားဝါးမြို့ကိုင်ဘာတောင်ကြားကနေ ဘုံဘေမြို့မှ ကာလကတ္တားမြို့သို့ပြန်ကြရန် စီစဉ်ပေးပါသည်။ အနောက်မြောက်ဒေသတွင် သခင်အောင်ဆန်းဆန္ဒအတိုင်း ထူးကဲစွာ "နယ်စပ်ဂန္ဒီ" ဘွဲ့ရ ပထန်–မူဆလင်ခေါင်းဆောင်ကြီး ခန်၊ အက်ဒူ ဂါဖာ၊ ခန် နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုခေါင်းဆောင်ကြီးသည် ဒေသအလိုက် ဗြိတိသျှများကို တော်လှန်ချင်သည့်စိတ် ပြင်းထန်စွာရှိသော်လည်း အကြမ်းမဖက်ရေးသဘောတရား အမြင်ဝါဒကို ခံယူထားသူဖြစ်သည်။

သူမြန်မာပြည်ပြန်ရောက်လာသောအခါတွင် ကိုလိုနီအာဏာပိုင်များက သူ့ကိုဖမ်းဝရမ်းထုတ်ထားကြောင်းကို သူသိရလေသည်။ ထို့ကြောင့် သူသည် တိုင်းပြည်အတွင်းမှ တိတ်တဆိတ်ထွက်ခွာသွားရန် ဆုံးဖြတ်လိုက်၍ သူနှင့်ရင်းနှီးသော မိတ်ဆွေတဦးဖြစ်သည့် သခင်လှမြိုင်[၁၂] နှင့်အတူ တရုတ်ပြည်သို့ ပထမထွက်တော့မည့် တရုတ်–ယိုးဒယားလိုင်း ဟိုင်လီသင်္ဘော (China-Siam Line, Hai Lee) ပေါ်သို့ ရန်ကုန်ဆိပ်ကမ်းမှ ခိုးတက်ကာ လိုက်ပါသွားလေသည်။ သူ့အိတ်ကပ်ထဲရှိ ရူပီး (၂၀၀) အပြင် သူ့တွင် စိတ်ကူးယဉ်အိပ်မက်တခုသာ ပါသွားလေသည်။ သူ့အနေဖြင့် တိုင်းပြည်လွတ်လပ်ရေးအတွက်တိုက်ခိုက်လိုစိတ်ရှိပြီး အခြားစစ်လိုလားသော သခင်များကလည်း 'ရှန်ဟိုင်း' သို့သွားပြီး 'မော်' ကွန်မြူနစ်များနှင့် ဆက်သွယ်မှုရယူရန် သူ့ကို တိုက်တွန်းခဲ့ကြသည်။ သို့သော် သူ့ဘဝမှာ အခြေအနေအရ အလျင်စလိုဖြစ်လျက်ရှိသည်။ ဟသ်ာတခရိုင် ရဲဝန်ထောက်ဖြစ်

သူ ဖေးဗီးယားဆိုသူက အောင်ဆန်းကိုဖမ်းမိလျှင် (၅) ရူပီး ချီးမြှင့်မည်ဟု လူသိရှင်ကြား ဆုငွေထုတ်ထားသည်။ သို့ဖြစ်၍ သူနှင့် ကိုလှမြိုင်တို့က ပထမဆုံးတွေ့သည့် တရုတ်ပြည်သို့ သွားမည့်သင်္ဘောဖြင့် လိုက်ပါသွားခဲ့ရခြင်းဖြစ်သည်။ သူတို့သည် သူတို့ကိုယ်သူတို့ သင်္ဘောကုန်းပတ်ပေါ်မှ လိုက်ပါလာသည့် တရုတ်ခရီးသည် 'တန်လူအင်ရှန်း' နှင့် 'တန်ဆုတောင်' တို့အဖြစ် ရုပ်ဖျက်ခဲ့ကြသည်။

ထိုနေ့ရက်ကား ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ (၈) ရက်ဖြစ်သည်။ သင်္ဘော ဦးတည်ခုတ်မောင်းနေသည်ကား အမွိုင်မြို့သို့ဖြစ်သည်။ 'အမွိုင်' မြို့သည် တရုတ်ကမ်းရိုးတန်းရှိ မြို့တမြို့ဖြစ်ပြီး ဂျပန်တို့က သိမ်းပိုက်ထားကာ ယခုအခါ 'ဇီရာမင်း' ဟု ခေါ်နေကြလေပြီ။ ၁၉၄၀ ခုနှစ် နှစ်လယ်လောက်တွင် မီနာမီမဆူယို [၁၃] နာမည်ခံလျက် ရန်ကုန်သို့ရောက်ရှိလာသော ဗိုလ်မှူးကြီး ကင်ဂျီဆူဇူကီးကို ဗမာ့ထွက်ရပ်ဂိုဏ်းမှ ဒေါက်တာဘမော်၏ ရောင်းရင်းတဦးဖြစ်သူ ဒေါက်တာသိမ်းမောင်က (၆) ပတ်ခန့်အကြာတွင် သွားရောက်တွေ့ဆုံခဲ့သည်။ အမွိုင်တွင် သောင်တင်နေသော မြန်မာမျိုးချစ်လူငယ် (၂) ဦးကို ဂျပန်သို့ သွားနိုင်ရေးအတွက် စီစဉ်ပေးပါရန် သူက ဆူဇူကီးကို အဆိုပြုခဲ့သည်။ ဗိုလ်မှူးကြီးက ချက်ချင်းပင်သဘောတူလိုက်ပြီး ဒေါက်တာသိမ်းမောင်က လူငယ် (၂) ဦး၏ ဓာတ်ပုံများနှင့် မိတ်ဆက်စာတစောင်ကို သူ့ကိုပေးလိုက်သည်။ ဆူဇူကီးသည် သူ၏လက်ထောက်တဦးဖြစ်သူ ဆူဂျီအီမက်ဆူယူနှင့်အတူ ဂျပန်သို့ မကြာမီပင် ပြန်သွားခဲ့သည်။ အခြားလက်ထောက်တဦးဖြစ်သူ မစ်ဇူတာနီအီနာအိုကိုမူ ရန်ကုန်တွင်ထားရစ်ခဲ့သည်။

တိုင်ပေတွင် ခရီးတထောက်နားစဉ် ဖော်မိုဆာ (တိုင်ဝမ်) ရှိ ဂျပန်ဘုရင့်တပ်မတော်မှ အုပ်ချုပ်ရေးအရာရှိတဦးကို ဗိုလ်မှူးကြီးက မြန်မာနှစ်ယောက် စတင်ရှာဖွေရန်နှင့် တိုကျိုတွင် သူ့ထံသို့ စောင့်ကြပ်ခေါ်ဆောင်လာရန် မှာကြားခဲ့သည်။

အမွိုင်တွင် သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ အရှေ့မြောက်ဧရိယာရှိ ကွန်မြူနစ်ပိုင်နယ်မြေ ကုန်းတွင်းပိုင်းသို့ ခရီးသွားလာနိုင်ရန် အကူအညီပေးနိုင်မည့် တဦးတယောက်ကို အဆက်အသွယ်ရရေးအတွက် (၃) လနီးပါးခန့် ရှာဖွေသော်လည်း အချည်းအနှီးသာဖြစ်နေသည်။ သူတို့မှာ ငွေကြေးလည်းကုန် မျှော်လင့်ချက်လည်း ခန်းခြောက်လျက်ရှိသည်။ ထိုအချိန်တွင် ကင်ပေတိုင်မှ ဗိုလ်မှူးကန်ဒါက ကူလန်ဆူကျွန်းမှ နိုင်ငံတကာပိုင်စခန်းတွင်းရှိ တည်းခိုခန်းလေး **(Inn)** တခုတွင် သူတို့ကို ခြေရာခံမိသွားသည်။ သူတို့မှာ အံ့အားတသင့် ဖြစ်သည်နှင့်အမျှ ဒေါက်တာသိမ်းမောင်၏စာကို ဖတ်ရသည်နှင့် စိတ်လက်ပေါ့ပါးသွားကြသည်။ ဂျပန်သို့ ဆက်လက်သွားရန်သာ အကောင်းဆုံးဟူ၍လည်း တွေးတောမိခဲ့ကြသည်။ သူတို့သည် ဂျပန်–ဖိလစ်ပိုင် ကပြားများအဖြစ် အိုမိုဒါမွန်ဂျိနှင့် အီတိုဒါတီအီချီ [၁၄] ဟူသော နာမည်များဖြင့် အထောက်အထားစာရွက်စာတမ်းများကိုင်ဆောင်ကာ နိုဝင်ဘာလ (၈) ရက်နေ့တွင် ဖူကူအိုအာလေဆိပ်သို့ ဆင်းသက်ခဲ့ကြသည်။





တိုကျိုရောက်သည်နှင့် ဗိုလ်မှူးကြီး ဆူဇူကီးက သူတို့ကို လေဆိပ်တွင် လာရောက်ကြိုဆိုခဲ့သည်။ မြန်မာ့အရေးအတွက် ဘုရင့်တပ်မတော်ဦးစီးဌာနချုပ်များက စိတ်မပါတပါ ဖြစ်နေသည့်အတွက် ဆူဇူကီးက သူ့အိတ်မှ ငွေစိုက်ထုတ်၍ သူတို့ကို ကြည့်ရှုထားရသည်။ များမကြာမီ ဗမာလမ်းမကြီး [၁၅] (Burma Road) ပြန်လည်ဖွင့်လှစ်လိုက်ခြင်းက သူတို့၏ စိတ်ပါဝင်စားမှုကို ပြန်လည်နိုးထစေခဲ့သည်။ ကြည်းတပ်နှင့် ရေတပ်ဌာနချုပ် စစ်ဦးစီးမှူးများက လျှို့ဝှက်အဖွဲ့တဖွဲ့ ဖွဲ့စည်းရေးအစီအစဉ်ကို ပူးပေါင်းလုပ်ဆောင်လာပြီး နောက်ဆုံး၌ ၁၉၄၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် မီနာမီကီကန်အဖွဲ့ ဖြစ်ပေါ်လာခဲ့သည်။

မီနာမီကီကန်ကို ဗိုလ်မှူးကြီး ကင်ဂျီဆူဇူကီးက ဦးဆောင်ပြီး ဂျပန်ကြည်းတပ် ရေတပ်အရာရှိများအပြင် အရပ်သားများဖြင့် ရုံးဖွဲ့စည်းထားသည်။ မြန်မာသုံးဦးဖြစ်သည့် အောင်ဆန်း၊ လှမြိုင်နှင့် ကိုဆောင်း [၁၆] ('ကီရီယူ' စက်မှုအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသူ) တို့ကို ဂျပန်ဘုရင့်တပ်မတော်၏ စစ်ဦးစီးဌာနချုပ်များ၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင် ထားရှိလိုက်သည်။ ကီကန်အနေဖြင့် အဆင့် (၃) ဆင့်ပါဝင်သော ဖေဖော်ဝါရီလ စီမံကိန်းဖြင့် သူ့စစ်ဆင်ရေးလုပ်ငန်းရပ်များကို ချက်ချင်းပင် စတင်ခဲ့သည်။ ပထမဆုံးအားဖြင့် မြန်မာမျိုးချစ် (၃၀) ဦးကို ဟိုင်နန် (သို့မဟုတ်) ဖော်မိုဆာတွင် စစ်သင်တန်းပေးရန်အတွက် ခေါ်ထုတ်ရန်၊ ဒုတိယအနေဖြင့် သင်တန်းပြီးသည်နှင့် မြန်မာပြည်တွင်းပြန်ဝင်ပြီး ဗြိတိသျှတို့ကို ဆန့်ကျင်သော လက်နက်ကိုင်ထကြွမှုအတွက် စည်းရုံးလှုပ်ရှားကာ ဗြိတိသျှတို့ကို မောင်းထုတ်ပြီး လွတ်လပ်ရေးရယူနိုင်ရေးအတွက် လက်နက်နှင့်ငွေကြေး အထောက်အပံ့ပေးရန်၊ တတိယအနေဖြင့် မြန်မာမျိုးချစ်များကို လက်ခံနိုင်ရေး၊ ပြည်တွင်းပြန်ဝင်နိုင်ရေးနှင့် ဘန်ကောက်မှနေပြီး နယ်စပ်ကိုဖြတ်ကျော်ကာ လက်နက်များ သယ်ဆောင်ပြီး ဗြိတိသျှဆန့်ကျင်ရေးတပ်ဖွဲ့များကို ထောက်ပံ့နိုင်ရေးအတွက် ယိုးဒယား–မြန်မာနယ်စပ် အချက်အချာကျသော နေရာများတွင် လျှို့ဝှက်အခြေခံစခန်းများ တည်ဆောက်ထားရန်တို့ဖြစ်သည်။

ပထမဦးဆုံးသော စစ်ဆင်ရေးအမိန့်ကို လက်ခံရရှိသူများမှာ အောင်ဆန်းနှင့် ဆူဂျီအီမစ်ဆူယူ (Sugii Mitsuru) တို့ဖြစ်သည်။ ယင်းအမိန့်ကို ဖေဖော်ဝါရီလ (၁၄) ရက်နေ့စွဲတပ်ထားပြီး ကဝါဆာကီဆိပ်ကမ်းမှ နောက်နေ့ထွက်မည့် ဒါအီတိုသင်္ဘောပို့ဆောင်ရေးကုမ္ပဏီပိုင် "ရှန်တင် မာရူး" (Shunten Maru) ဖြင့် လိုက်ပါ၍ ပုသိမ်၊ ရန်ကုန်သို့သွားရန်ဖြစ်သည်။ သူတို့လုပ်ဆောင်ရမည့်တာဝန်မှာ အသစ်စုစည်းထားသူများကို သင်္ဘောဖြင့် ခိုးထုတ်ပြီး သင်တန်းရှိရာနေရာသို့ ပို့ပေးရန်အပြင် ထောက်လှမ်းရေးသတင်းသစ်များ စုဆောင်း ရန်ဖြစ်သည်။ သူတို့ကို သင်္ဘောသား လက်မှတ်တုများ ထုတ်ပေးပြီး ဆူဂျီမှာ သင်္ဘော ငွေစာရင်းကိုင်နှင့် အိုမိုဒါမွန်ဂျီမှာ စာရေးဖြစ်သွားသည်။ အိုမိုဒါအနေဖြင့်

ရုပ်ဖျက်ဝတ်ဆင်ထားရပြီး သွားတုပါ တပ်ဆင်ထားရသည်။

အောင်ဆန်းသည် "ရှန်တင်မာရူး" ပုသိမ်ကပ်သည်နှင့် ကုန်းပေါ်သို့ လွတ်လွတ်ကင်းကင်း အရောက်တက်သွားနိုင်ခဲ့သည်။ အမိမြေပေါ် ပြန်နင်းရသည့်အတွက် သူ့မှာ ဝမ်းသာလျက်ရှိပြီး ရန်ကုန်ရှိ သခင်မြထံ သတင်းပေးပို့ရန် ဆက်လက်ထွက်ခွာခဲ့သည်။ "ရှန်တင်မာရူး"က သူ့ကုန်များဖြစ်သည့်ဆန်ကို ထပ်မံဖြည့်ဆည်း၍တင်ရန် ရန်ကုန်သို့ ရောက်သည့်အချိန်တွင် ရဲဘော် (၄) ဦးကို ရွေးချယ်ပြီးဖြစ်သည်။ သို့သော်လည်း အောင်ဆန်းနှင့်အတူ သူတို့သင်္ဘောပေါ်တက်မည့်ညတွင် သင်္ဘောအလယ် အတက်အဆင်းလှေကားတွင် ပုလိပ်အစောင့်အကြပ်များ တင်းကျပ်စွာချထားသည့်အတွက် ယင်းမှ တက်ရန် မဖြစ်နိုင်သည့်အတွက် သင်္ဘောနောက်ပိုင်းတွင် အချက်ပြရေပေါ်ဘောနှင့် ချည်ထားသော သံကြိုးမှ စွန့်စွန့်စားစားတက်ခဲ့ကြရသည်။ ဤပထမ မျိုးချစ်အသုတ်တွင် ပါဝင်သူများမှာ သခင်လှဖေ၊ အေးမောင်၊ ဘဂျမ်းနှင့် ကိုထွန်းရှိန် ၁၇ တို့ဖြစ်ကြသည်။ အောင်ဆန်း၊ လှမြိုင်တို့နှင့်အတူ သူတို့ကို တိုကျိုမှ ဖော်မိုဆာစခန်းသို့ လေယာဉ်ဖြင့် ပို့ပေးခဲ့ပြီး သူတို့ မြန်မာ (၆) ဦးဖြင့် စစ်သင်တန်းကို စတင်ခဲ့သည်။ ဂျပန်သင်တန်းသား အသစ်အချို့လည်း နောက်ပိုင်းတွင် တက်ရောက်လာခဲ့သည်။

အလားတူ တာဝန်ပေးခံရသူမှာ အီနာအိုမီဇူတာနီ (Inao Mitzutani) ဖြစ်ပြီး သူသည် အိုဆာကာမှ မတ်လ (၂၅) ရက်နေ့တွင် ရန်ကုန်သို့ ထွက်ခွာသော ဆန်တင်သင်္ဘော ဒါအီတိုပို့ဆောင်ရေးကုမ္ပဏီကပင် "ကိုင်ရူးမာရူး" (Kairu Maru) သင်္ဘောဖြင့် လိုက်ပါသွားခဲ့ရသည်။ သူသည် ရှင်မင်နာမည်ဖြင့် သင်္ဘောငွေစာရင်းကိုင်အဖြစ် ဟန်ဆောင်သွားရသည်။ သူသည် လူငယ် (၇) ဦးကို (၃) ဦးတကြိမ်၊ (၂) ဦး နှစ်ကြိမ်တိုင်တိုင် အလည်ထွက်ခွင့်ရပြီး ပြန်လာသော သင်္ဘောသားများနှင့် ရောနှောပြီး သင်္ဘောပေါ် အရောက် တင်ပေးနိုင်ခဲ့သည်။ တလကြာပြီးနောက် သင်္ဘောငွေစာရင်းကိုင် ဆူဂီအီသည် သူတယောက်တည်း နောက်ထပ် (၃)ဦးကို "ကိုဆေးအီမာရူး" (Kosai Maru) သင်္ဘောဖြင့် သယ်ဆောင်လာနိုင်ခဲ့ပြန်သည်။ ဇွန်လတွင် နောက်ဆုံးတခေါက်၌ ရှင်မင်က ထပ်မံပြီး (၁၁) ဦးကို "ကိုရူမာရူး" (Koreyu Maru) သင်္ဘောဖြင့် ထုတ်လာနိုင်ခဲ့ပြန်သည်။ ၎င်း (၁၁) ဦးတွင် နောက်ဆုံး (၆) ဦးမှာ သခင်ဗစိန်၊ သခင်ထွန်းအုပ် အုပ်စုမှဖြစ်ပြီး သခင်ထွန်းအုပ်ကိုယ်တိုင် ခေါင်းဆောင်ထားသည်။ သခင်ထွန်းအုပ်နှင့်အတူ ပါလာသူမှာ အခြားသူ မဟုတ် နောက်ပိုင်း ဗိုလ်နေဝင်းဖြစ်လာမည့် သခင်ရှုမောင်ဖြစ်သည်။ မစ်ဆူတာနီ (ခ) သင်္ဘောငွေစာရင်းကိုင် ရှင်မင်သည် မျိုးချစ်ရဲဘော် (၂၇) ဦးအနက် (၁၈) ဦးကို ပင်လယ်ဖြတ်၍ သယ်ဆောင်လာနိုင်ခဲ့သူဖြစ်သည်။ ယိုးဒယား–မြန်မာနယ်စပ်မှ ဖြတ်ကျော်လာသူ သခင်အောင်သန်းနှင့် သခင်သန်းတင်တို့အပြင် ကိုဆောင်းကိုပါ ထပ်ဆောင်းလိုက်သောအခါ နာမည်ကျော် "ရဲဘော်သုံးကျိပ်" အပြီးသတ်ဖြစ်ပေါ်လာခဲ့သည်။







သခင်အုပ်စု (၂) ခုအကြား မကြာမီပင် မကျေလည်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ၁၈ "ကိုရူမာရူး" သင်္ဘောဖြင့် ရန်ကုန်မှအထွက် စင်ကာပူသွားသည့် ခရီးစဉ်တွင်ပင် သခင်ထွန်းအုပ်၏ သဘောထားကြောင့် ဖြစ်ပွားသည့် မကျေလည်မှုမှာ အစောဆုံးဖြစ်သည်။

အခြားထင်ရှားသည့်တခုမှာ ဗိုလ်ကျော်ဇောပြောပြချက်ဖြစ်ပြီး ဘာတီးလ်လင်နာ၏ ဒေါမာန်ဟုန်တွင် ကိုးကားထားချက်ဖြစ်သည်။

'ကိုအောင်ဆန်းနှင့် ကိုနေဝင်းတို့ 'ဟိုင်နန်' တွင် မကြာခဏ အချင်းများကြသည်။ ကိုအောင်ဆန်းသည် လူရိုးလူဖြောင့် ဖြောင်သမားဖြစ်၍ ကိုနေဝင်းက အလွန်ဉာဏ်များလျက် တွက်ချက်ပြီးမှ လုပ်တတ်သည်။ သို့သော်လည်း ကိုအောင်ဆန်း အဓိက မကြိုက်သည်က ကိုနေဝင်း၏ အကျင့်စရိုက် မကောင်းမှုဖြစ်သည်။ သူသည် လောင်းကစားသမားဖြစ်သည့်အပြင် မိန်းမလည်း အလွန်ရှုပ်ပွေသည်။ ထို့ကြောင့် အကျင့်စာရိတ္တ ကောင်းမွန်မှုကို အထူးအလေးထားသော ကိုအောင်ဆန်းနှင့် ကျန်သော ကျွန်တော်တို့ ရဲဘော်များကလည်း ယင်းအချက်ကို မနှစ်မြို့ကြခြင်းဖြစ်သည်။ သို့သော် အနာဂတ်ကို မျှော်တွေး၍ စည်းလုံးညီညွတ်ရေးအတွက် ကျွန်တော်တို့ တတ်နိုင်သလောက် အညီအညွတ်နေခဲ့ကြပါသည်။'

ထိုမှတပါး အောက်ပါ 'ဘာတီးလ်လင့်တ်နာ' ရေးသားချက်ကိုလည်း သတိမူသင့်ပေသည်။

'ရန်ကုန်တွင် ကိုအောင်ဆန်းသည် သင်္ဘောမှားစီးမိခဲ့ခြင်းသက်သက်ကြောင့် ဂျပန်နှင့် ဆက်သွယ်လိုက်ရခြင်းကား မဟုတ်ချေ။ ဂျပန်တို့၏ လျှို့ဝှက်လုပ်ငန်းများကို သူတို့၏ သူလျှိုများက ရန်ကုန်နှင့် အခြားနေရာများတွင် လုပ်ဆောင်လျက်ရှိခဲ့သည်။ ၁၉၃၀ ခုနှစ်များလောက်ကပင် 'ရှိုဇို–ကိုကူဘူ' (Shozo Kokubu) ဟု ခေါ်သော ဂျပန်ရေတပ်အရာရှိတယောက်သည် သခင်ဗစိန်+သခင်ထွန်းအုပ် အုပ်စုနှင့် ဆက်သွယ်မှုရခဲ့သည်။ ထို့ပြင် ရန်ကုန်ရှိ ဂျပန်သူလျှိုတဦးဖြစ်သော ဒေါက်တာ 'ဆူကာစာ ဆူဇူကီး' စီစဉ်ပေးခဲ့သည့်အတွက် အခြားမျိုးချစ်ပုဂ္ဂိုလ်တဦးဖြစ်သည့် ဒေါက်တာသိမ်းမောင်သည်လည်း ၁၉၄၀ ခုနှစ်တွင် တိုကျိုသို့ အလည်ခရီးသွားခဲ့ဖူးသည်။ ကိုအောင်ဆန်းအပါအဝင် သခင်ကိုယ်တော်မှိုင်း၏ နောက်လိုက်များမှာ ဂျပန်များအပေါ်၌ အကြောင်းကြောင်းကို ထောက်ဆ၍ သံသယရှိကြသည်။ တနည်းအားဖြင့်လည်း မအောင်မြင်သော တရုတ်ပြည်ခရီးစဉ်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းလှုပ်ရှားမှုအတွက် အကူအညီရမည့် နေရာကို ကြိုးစားရှာကြံခြင်းတရပ်ဟု မြင်ရပေမည်။ သို့သော် ယင်းကြိုးပမ်းမှု မအောင်မြင်ဖြစ်သွားသည့်အခါ မြန်မာလူငယ်မျိုးချစ်များအတွက် (သူတို့လိုချင်သည့် လွတ်လပ်ရေးကို နှုတ်ကတိပေးနေသည့်) ဂျပန်သာလျှင် ရွေးချယ်စရာ ရှိသွားပေတော့သည်။'

ဂျပန်တို့အနေဖြင့် ဤအချက်ကို ကောင်းစွာသဘောပေါက်ထားကြသည်။ သို့ဖြစ်

၍ သူတို့သည် သူတို့၏ စစ်သင်တန်းအစီအစဉ်တွင် 'ဝင်ရိုးတန်း' လိုလားသော လက်ျာ အစွန်းရောက်ဝါဒီ သခင်ဗစိန်+သခင်ထွန်းအုပ် အုပ်စုကို ထည့်သွင်း၍ လက်ဝဲသမားများ အား ထိန်းထားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း တို့ဗမာအစည်းအရုံး ကို စတင်တည်ထောင်ခဲ့ရာ၌ ပါဝင်ခဲ့သူ တဦးဖြစ်သော သခင်ဗစိန်သည် သခင်ထွန်းအုပ် နှင့်အတူ ၁၉၃၈ [၁၉] ခုနှစ်ခန့်မှစ၍ ဂျပန်ကို စတင်ဆက်သွယ်ခဲ့သည်။ ဝါရင့်နိုင်ငံရေးသမား များထဲမှ နိုင်ငံခြားသားမိတ်ဆွေများ ချဉ်းကပ်မိတ်ဖွဲ့သူများမှာ သခင်ဗစိန်နှင့် သခင်ထွန်း အုပ်တို့က စခဲ့ကြသည်မဟုတ်။ ဦးစောသာလျှင် ပထမဖြစ်ပါသည်။ သူသည် သတင်းစာ ဆရာတဦးအနေဖြင့် ကိုယ်စားပြုကာ ဂျပန်နိုင်ငံသို့ ၁၉၃၅ ခုနှစ်တွင် အလည်သွားခဲ့သည်။ သူသည် ထိုခရီးမှအပြန်တွင် ရန်ကုန်မြို့တွင် သတင်းစာကြီးတစောင်ဖြစ်သော "သူရိယ" သတင်းစာ၏ အဓိက အစုပိုင်ရှင်ဖြစ်လာခြင်းမှာ တိုက်ဆိုင်မှုတရပ်ဖြစ်ပုံရသည်။ သူက လူမှုပေါင်းသင်းဆက်ဆံရေးအနေဖြင့် ဂျပန်သံအရာရှိများနှင့် အလည်အပတ်လာသူများကို ဖျော်ဖြေဧည့်ခံခဲ့သည်။ ယင်းသို့သော ဧည့်ခံပွဲများကို ဂျပန်နိုင်ငံအကြောင်း ဆောင်းပါးများ အား မှန်မှန်ပုံနှိပ်ဖော်ပြလေ့ရှိသော သူ့သတင်းစာတွင် အပြည့်အစုံသတင်းအဖြစ် ရေးသား ဖော်ပြခဲ့သည်။

နောက်မှ ပေါ်ပေါက်လာသော ဘဝ၏ သရော်ကွက်တရပ်မှာ ဂျပန်တို့နှင့် အထက်ပါ အတိုင်း ဆက်သွယ်ခဲ့သည့် သခင်ဗစိန်အား ဂျပန်တို့ကပင် အကြံပေးမှုကြောင့် ၁၉၄၂ ခုနှစ် အောက်တိုဘာလတွင် နယ်စပ်ကနေပြီး ယိုးဒယားနိုင်ငံဘက်သို့ ဖြတ်ကူးရန် ကြိုးစားရာ ဖမ်းဆီးခံရပြီး အကျဉ်းချခံရခြင်း ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ သခင်ထွန်းအုပ်တို့ နောက်ဆုံးအသုတ် ရောက်ရှိလာပြီးသည့် နောက်တွင်ကား ကိုအောင်ဆန်းတို့ အရင် ဂျပန်သို့ရောက်နှင့်နေသော ကိုဆောင်းအပါ အဝင် စုစုပေါင်း မျိုးချစ်လူငယ် (၃၀) ဦးရှိသွားလေပြီ။ သို့ဖြစ်၍ သူတို့ကို မြန်မာ့သမိုင်း တွင် 'ရဲဘော်သုံးကျိပ်' ဟု ခေါ်ဝေါ်ခဲ့လေသည်။ သူတို့၏ ဂျပန်တပ်မှူးမှာ ဗိုလ်မှူးကြီး 'ကေ အီဂျီ–ဆူဇူကီး' ဖြစ်သည်။ သူသည် ကိုအောင်ဆန်းနှင့် ကိုလှမြိုင်ကို 'အမွိုင်' တွင် ဖမ်း ဆီးခဲ့သူ အရာရှိဖြစ်လေသည်။ ရဲဘော်သုံးကျိပ်ဝင် သခင်ကိုယ်တော်မှိုင်းအုပ်စု၏ တခု တည်းသော ရည်မှန်းချက်ပန်းတိုင်မှာ မြန်မာနိုင်ငံ လွတ်လပ်ရေးဖြစ်သော်လည်း ဗိုလ်မှူး ကြီး ဆူဇူကီးနှင့် ဂျပန်ထောက်လှမ်းရေးတို့ အဖို့ရာ၌ကား အခြားရည်မှန်းချက်များ ရှင်း ရှင်းလင်းလင်းရှိနေလေပြီ။

၁၉၃၈ ခုနှစ်တွင် ဂျပန်တို့သည် တရုတ်ပြည် မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို ကျူး ကျော်ဝင်ရောက်ခဲ့သည်။ သို့ရာတွင် ဂျပန်ဘုရင့်တပ်မတော်၏ တရုတ်ပြည်အတွင်းပိုင်း နှင့် နောက်ဆုံးတွင် အိန္ဒိယပြည်အထိ ထိုးဖောက်မည့် အနောက်ဘက်ချီ စစ်ဆင်ရေး မဟာဗျူဟာကို ချန်ကေရှိတ်ဦးဆောင်သော (တရုတ်ဖြူ) ကူမင်တန်အစိုးရက အစွမ်း







ကုန်ဆန့်ကျင်တွန်းလှန်နေရာ ယင်းကို မဟာမိတ်က ကူညီပံ့ပိုးလျက်ရှိသည်။ ထိုအချိန် ၌ မော်စီတုန်းတို့၏ တရုတ်နီကွန်မြူနစ်များလည်း အပြင်းအထန် တော်လှန်နေခြင်း ကြောင့် ချန်ကေရှိတ် ကူမင်တန်တပ်များ ခြေကုပ်စခန်းတခုဖြစ်သော တရုတ်ပြည် အနောက်တောင်ဘက်ပြည်နယ်တခုဖြစ်သည့် 'ယူနန်' သို့ မဟာမိတ်တို့၏ စစ်ပစ္စည်းတန် ပေါင်းများစွာကို အကျဉ်းအကျပ်များကြားမှ ပေးပို့နေရသည်။ ရန်ကုန်ဆိပ်ကမ်းမှ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းကန္တာရကို ဖြတ်ကျော်လျက် ရှမ်းတောင်တန်းများအထိ၊ ထိုမှဆက်လက်၍ ယူနန်ပြည်နယ်သို့ ဝင်ရောက်သော မြန်မာလမ်းမကြီး (Burma Road) သည် ထိုအချိန်က လွန်စွာ အရေးကြီးပြီး ဂျပန်စစ်ဦးကို တားဆီးနိုင်ရေးအတွက် တခု တည်းသော ထောက်ပံ့ရေးလမ်းကြောင်းဖြစ်သည်။ ထို့ကြောင့် ဂျပန်တို့အနေဖြင့် မြန်မာ ပြည်ကို ဝင်ရောက်သိမ်းပိုက်ပြီး ယင်းဆက်သွယ်ရေးလမ်းကြောင်းကို ဖြတ်တောက်လို သည်။ ထိုသို့ပြုလုပ်နိုင်ရန်အတွက် သူတို့ စစ်ဆင်ရေး အောင်မြင်ချောမောစေခြင်း အလို့ ငှာ ရုပ်ပြကောင်းသော မြန်မာတိုင်းရင်းသား တိုက်ခိုက်ရေးတပ်တတပ် အခိုင်အမာရှိရန် ဂျပန်တို့က လိုအပ်နေခဲ့သည်။ ဤထောက်လှမ်းရေးအစီအစဉ်ကို 'မီနာမီကီကန်' (Minami Kikan) ဟု လျှို့ဝှက်နာမည်ပေးထားခဲ့သည်။ သို့ဖြင့် ဂျပန်ရောက် မြန်မာ လူငယ်များမှာ ဤအစီအစဉ်၏ အဓိကအသက်သွေးကြောကြီးဖြစ်လာခဲ့သည်။

သို့ဖြစ်သည့်အတိုင်း ဒီဇင်ဘာလတွင် ရဲဘော်သုံးကျိပ်မှ (၂၈) ယောက်ကို ဘန် ကောက်သို့ ရွှေ့ပြောင်းလိုက်သည်။ ကိုဆောင်း (သို့မဟုတ်) ဗိုလ်ထိန်ဝင်းကို ယိုးဒယား နိုင်ငံရှိ ဂျပန်ဘုရင့်တပ်မတော်၏ ဝါဒဖြန့်ချိရေးဌာနသို့ တာဝန်ချထားခဲ့သည်။ 'ဟိုင်နန်' တွင် အစပျိုး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ပြီးနောက် စစ်သင်တန်းကို 'ဖော်မိုဆာကျွန်း' သို့ ရွှေ့ပြောင်းခဲ့ရာ မြန်မာလူငယ်တဦးဖြစ်သည့် သခင်သန်းတင်သည် ယင်းနေရာ၌ ငှက် ဖျားရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ထို့နောက် ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဘန် ကောက်၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (Burma Independence Army) ကို တရား ဝင်ဖွဲ့စည်းလိုက်လေသည်။ ဤအကြောင်းနှင့်ပတ်သက်၍ သခင်လှဖေ (ဗိုလ်လက်ျာ) က နောက်ပိုင်းတွင် ဤသို့ ပြန်လည်ပြောပြခဲ့သည်။

"အဲဒီနေ့က သမားတော်ကြီး ဦးလွန်းဖေအိမ်မှာ လူတွေအားလုံးဟာ တအား စိတ် ထက်သန်နေကြတယ်။ လူတိုင်းဆီက လက်မောင်းသွေးကို ဖောက်ယူပြီး သွေးသောက် သစ္စာဆိုကြတယ်။ အဲဒီညမှာ ဂျပန်စစ်သင်တန်းစခန်းက ပြန်လာကြတဲ့ သူတွေအားလုံး စုပြီး စည်းဝေးကြတယ်။ ကိုအောင်ဆန်းက ကျွန်တော်တို့စိတ်ကြိုက် အတိတ်နိမိတ် ကောင်းမယ့် နာမည်တခုစီ ရွေးသင့်တယ်လို့ အကြံပြုတယ်။ ဒီနာမည်က ကျွန်တော်တို့ ကို ဂုဏ်လဲရှိစေမယ်။ ယုံကြည်မှုလဲ ပေးနိုင်မယ်။ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမယ့် အသိစိတ်ဓာတ်လဲ ဝင်စေမယ်။ နောက် ကျွန်တော်တို့ ချီတက်မှုကို ဆက်လက်သယ်

ဆောင်ပေးမယ့် နာမည်မျိုးဖြစ်ရမယ်လို့ သူက ပြောတယ်။ ဒီအကြံအစည်ဟာ ကျွန်တော်တို့ စုပေါင်းစဉ်းစားထားကြတာလဲ မဟုတ်ဘူး။ အရင်ထဲက အကြာကြီး စဉ်းစားထားခဲ့ကြတာလဲ မဟုတ်ဘူး။ ဒါဟာ ကိုအောင်ဆန်းရဲ့ အကြံအစည်ပဲ ဖြစ်တယ်။ ကျွန်တော်တို့ကို အဲဒီလို ချပြတော့ ကျွန်တော်တို့အားလုံး အဲဒီအကြံအစည်ကို သဘောကျသွားကြတယ်။ အဲဒီမှာပဲ ကျွန်တော်တို့ နာမည်တွေ ရွေးကြတယ်။ စမ်းခေါ်ကြည့်ကြတယ်။ သဘောကျကြတယ်။ နာမည်အသစ်နဲ့ ကိုယ့်ကိုယ်ကို နဲနဲတောင် အရပ်မြင့်သွားတယ်လို့ ခံစားကြရတယ်"

ထိုနေ့တွင်ပင် သူတို့အားလုံး၏ နာမည်ရှေ့၌ ဗိုလ်တပ်လိုက်ကြသည်။ ဗိုလ်ဟူသည်မှာ လူအပေါင်း၊ လေးစားခံရမှုနှင့် ဩဇာအာဏာရှိမှုကို ပြဆိုပြီး အရာရှိအဆင့်ရှိသူတိုင်း၏ နာမည်ရှေ့၌ (ဦး၊ မောင်၊ ကို) အစား တွဲသုံးသွားရသည့် ဝေါဟာရတခုဖြစ်ပေသည်။

ဤသို့ဖြင့် ကိုအောင်ဆန်းက (ဗိုလ်တေဇ) ဖြစ်လာသည်။ ကိုလှဖေက (ဗိုလ်လကျ်ာ) နာမည်ခံယူသည်။ သခင်အောင်သန်းက (ဗိုလ်စကြာ) နှင့် ကိုရှုမောင်က (ဗိုလ်နေဝင်း) စသဖြင့် ဖြစ်လာကြသည်။ တခုတည်းသော ခြွင်းချက်မှာ သခင်ထွန်းအုပ်ဖြစ်သည်။ သူက ဂျပန်နာမည်ကို ခံယူလိုက်သည်။ ဤအုပ်စု၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီး ဆူဇူကီးကို 'ဗိုလ်မိုးကြိုး' ဟု နာမည်ပေးလိုက်ကြသည်။ ဂျပန်အရာရှိကြီးများကလည်း မြန်မာနာမည် ရယူချင်သည်။ သို့ဖြင့် ဤဗိုလ်မိုးကြိုးဟူသောနာမည်ကို ကိုအောင်ဆန်းကိုယ်တိုင် ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် မိုးကြိုးတွင်ရှိသော စာအဓိပ္ပာယ်သက်သက်အပြင် ဗိုလ်မှူးကြီးဆူဇူကီးကို ယင်းမြန်မာနာမည်ပေးရာ၌ လိမ္မာပါးနပ်၍ လေးနက်သော အဓိပ္ပာယ်ကိုလည်း ဆောင်ပေသည်။ အဘယ်ကြောင့်ဆိုသော် ...ဗြိတိသျှတို့ အုပ်စိုးစဉ်ကပင် "ထီးရိုးကို မိုးကြိုးပစ်မယ်" ဟူသော တဘောင်စကားသည် ပျံ့နှံ့ထွက်ပေါ်လျက်ရှိသည်။

ဤတဘောင်၏ အဓိပ္ပာယ်မှာ ...ဘုရင့်နန်းစဉ် ကနက္ကဒဏ် 'ထီး' တည်းဟူသော (ဗြိတိသျှ အချုပ်အခြာအာဏာ) သည် 'မိုးကြိုး' တည်းဟူသော ကောင်းကင်မှ ကျလာသည့် လက်နက်ကြောင့် ကျိုးပျက်သော အခြေသို့ ကေန်ဆိုက်ရောက်သွားလိမ့်မည်...ဟု ဆိုလိုသည်။ ဤတွင် ဗိုလ်မိုးကြိုးက ဗိုလ်ချုပ်ကြီး 'မိနာမိ' (ဗိုလ်မှူးကြီး ဆူဇူကီး) ဟူသော ရာထူးအဆင့်နှင့် နာမည်ခံယူကာ ဘီအိုင်အေ စစ်ဌာနချုပ်ကို ကွပ်ကဲလိုက်ကာ ဗိုလ်ချုပ် 'မူရာကာမိ' (ကပ္ပတိန် နိုဒါ) က စစ်ဦးစီးချုပ် အဖြစ်လည်းကောင်း၊ ဗိုလ်ချုပ် 'အိုမိုဒါ' (ကိုအောင်ဆန်း) က အဆင့်မြင့်စစ်ဦးစီးအရာရှိ (မြန်မာများထဲတွင် ရာထူးအကြီးဆုံး အဆင့်အမြင့်ဆုံး) အဖြစ်လည်းကောင်း ခန့်အပ်ခြင်းခံရသည်။ အခြား မြန်မာအရာရှိ (၈) ဦးမှာ ဒု–ဗိုလ်မှူးကြီး ရာထူးမှ ဗိုလ်ကြီးအဆင့်အထိ ရာထူးများဖြင့် စစ်ဦးစီးဌာနချုပ်နှင့် အခြားသီးခြားတာဝန်များတွင် ခန့်အပ်ခံကြရသည်။ ဗိုလ်နေဝင်းအား ခန့်အပ်မှု







မှာ စာရင်း၏ အောက်ခြေတွင်မှ ပါရှိလာသည်။ မြန်မာပြည်တွင်းရှိ ရန်သူတပ်ဖွဲ့များကို ဒုက္ခရောက်စေရန် စီစဉ်ညွှန်ကြား လုပ်ကိုင်သွားရမည့်တပ်မှာ ဒု–ဗိုလ်မှူးကြီးရှုမောင် ရာထူးနာမည်ဖြင့် ဦးစီးကွပ်ကဲရန် တာဝန်ပေးခြင်းခံရသည်။ ဂျပန်အရာရှိကြီးများ၏ လူကဲခတ်မှုကား မဆိုးလှပါ။ သူ့တွင် ရှိသော ပင်ကိုယ်အရည်အသွေးနှင့် ထိုတာဝန်သည် သိသိသာသာပင် သင့်လျော်လှပေသည်...ဟု ဆိုရပေလိမ့်မည်။ [၂၀]

၁၉၄၂ ခုနှစ် စောစောပိုင်းတွင် ဘီအိုင်အေသည် ဂျပန်တပ်မတော်နှင့်အတူ မြန်မာပြည်တွင်းသို့ ဝင်ရောက်ခဲ့သည်။ အစကနဦး (၂၈) ဦးမှလွဲပြီးလျှင် မြန်မာအများအပြားသည် ထိုင်းနိုင်ငံတွင်လည်းကောင်း၊ တကယ့်နယ်စပ်တလျှောက်တွင်လည်းကောင်း ဘီအိုင်အေတပ်ထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ [၂၁] မွေးရပ်မြေပေါ်တွင် ရှေ့သို့ချီတက်ရင်း သူတို့ ဂုဏ်ယူဝင့်ကြွားစွာဖြင့် မြင့်မြင့်မားမား လွှင့်ထူခဲ့သည့်အောင်လံမှာ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်၊ အလယ်မှ ကဒေါင်းဖြစ်သည်။ [၂၂] ထိပ်ဆုံးမှ အဝါရောင်လိုင်းသည် ဘာသာရေးယုံကြည်မှုကို ဖော်ပြသည်။ အလယ်မှ အစိမ်းရောင်မှာ ပေါများကြွယ်ဝသော မြေယာနှင့် ကောက်ပဲသီးနှံအထွက်ကို ပြဆိုသည်။ အောက်ခြေမှ အနီရောင်မှာမူ ကြောက်ရွံ့မှုကင်းသော ရဲစွမ်းသတ္တိကို ဖော်ညွှန်းလျက်ရှိသည်။ အလယ်ဗဟိုတွင် အဖြူရောင်နောက်ခံဖြင့် စက်ဝိုင်းအတွင်းမှ မာန်မာနအပြည့်အဝဖြင့် ဘေးအပေါင်းမှ လွတ်မြောက်စေသော (မောရ ပရိတ်တော်) ကို ကိုယ်စားပြုသည့် မြန်မာ့ ကဒေါင်းကို ပြသထားသည်။ ယင်းသည် နိုင်ငံ၏ ဂုဏ်ကျက်သရေတင့်တယ်မှုနှင့် ထွန်းပြောင်မှုတို့ကို အမှတ်အသားပြုထားခြင်းဖြစ်ပြီး မြန်မာဘုရင်များ လက်ထက်မှစ၍ တို့ဗမာအစည်းအရုံးနှင့် (BIA) ခေတ်အထိ သုံးစွဲလာခဲ့သော အလံဖြစ်၏။ ဘီအိုင်အေ၏ အင်အားမှာ အစတွင် (၂,၃၀၀) သာရှိသော်လည်း မကြာမီ မြန်မာပြည်အလယ်ပိုင်းသို့ ရောက်ရှိသွားသည့်အချိန်၌ အင်အား (၃၀,၀၀၀) သို့ တိုးတက်သွားလေသည်။ ၁၉၄၂ ခုနှစ်၊ မတ်လ (၇) ရက်နေ့တွင် ဂျပန်တို့က ဘီအိုင်အေအကူအညီဖြင့် ရန်ကုန်မြို့ကို ချောမောစွာ သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ဗြိတိသျှတို့သည် ရွှေတောင်၌ ပြင်းထန်စွာ ခုခံ၍ အနောက်ဘက်ရှိ အိန္ဒိယသို့ 'တမူး' လမ်းမှ စည်းကမ်းတကျ ဆုတ်ခွာသွားခဲ့သည်။ ဤအချိန်၌ ကမ္ဘာ့ ဖ ပုံ၊ ၁ ပုံကို စိုးပိုင်ထားသော ဗြိတိသျှ အရှင်သခင်များအား မည်သူမျှ မလှန်နိုင်ဟူသော အတွေးအထင်သည် လွင့်စင်ပျောက်ကွယ်သွားခဲ့သည်။ သို့သော်လည်း တမင်းပြောင်းမှ တမင်းအကြောင်းသိ ဆိုသကဲ့သို့ မြန်မာနိုင်ငံအား ဂျပန်များ သိမ်းပိုက်ရာတွင် ရက်စက်မှုနှင့် ပတ်သက်၍ စံတင်လောက်သော အစစ်အမှန်သရုပ်သကန်များကို မကြာမီ မြန်မာမျိုးချစ်တို့ စိတ်ပျက်ဖွယ်ရာ တွေ့ရှိလာရတော့သည်။ [၂၃] မြို့တော်သို့ ပြန်ဝင်သည့် အချိန်ပိုင်းလောက်ကပင် သူ့အနေဖြင့် ဂျပန်တော်လှန်ရေးအတွက် စည်းရုံးရန် ကြိုးစားခဲ့ကြောင်း၊ စစ်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းက ထုတ်ဖော်ပြောဆိုခဲ့သည်။ အချိန်စောလွန်းသေးသည့်အတွက် ၎င်းအစီ

အစဉ်ကို သူရုပ်သိမ်းလိုက်ရသည်။ ဂျပန်ဘုရင့်တပ်မတော်က ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ပျဉ်းမနားတွင် အခြေချထားသော တပ်ရင်း (၃) ရင်းမျှဖြင့် ၁၉၄၂ ခုနှစ် ဇူလိုင်လမှစ၍ ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ကို ဖွဲ့စည်းခွင့်ပြုခဲ့သည်။ ဘီဒီအေကို ဗိုလ်မှူးကြီး ရာထူးဖြင့် ဗိုလ်အောင်ဆန်းက ကွပ်ကဲခဲ့သည်။ ၁၉၄၃ ခုနှစ် မတ်လတွင် ဒေါက်တာဘမော်၊ သခင်မြနှင့် ဗိုလ်ချုပ်တို့ကို တိုကျိုသို့ ဖိတ်ကြားခဲ့သည်။ ထို့နောက် ဒေါက်တာဘမော်က ဝန်ကြီးချုပ် ဟောဒီကီတိုဂျိုနှင့် ဆွေးနွေးခဲ့ပြီး တိုဂျိုက "မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် လမ်းညွှန်စည်းမျဉ်းများ" ဟု ခေါ်သည့် အထောက်အထားစာတမ်းကို ဒေါက်တာဘမော်သို့ ပေးအပ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကို ဂျပန်ဧကရာဇ်ဘုရင်ကိုယ်တိုင် အဆောင်အယောင်ဘွဲ့တံဆိပ်များ ဆင်မြန်းပေးအပ်ခဲ့ပြီး ဦးအောင်ဆန်းမှာ ဗိုလ်ချုပ် (မေဂျာဂျင်နရယ်) ရာထူးသို့ တိုးမြှင့်ခြင်းခံရကာ တတိယတန်း တက်နေအထိမ်းအမှတ်ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည်။ ဒေါက်တာဘမော်သည် ပြန်ရောက်ရောက်ချင်း "မြန်မာနိုင်ငံ လွတ်လပ်ရေးပြင်ဆင်မှုကော်မတီ" ကို ဖွဲ့စည်းလိုက်သည်။ နောက်ဆုံး၌ ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့တွင် မြန်မာနိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ်လည်းကောင်း၊ ဒေါက်တာဘမော်ကိုလည်း နိုင်ငံတော်အဓိပတိအဖြစ်လည်းကောင်း ကြေညာလိုက်သည်။ ဘီဒီအေကို ဗမာ့အမျိုးသားတပ်မတော် (BNA) အဖြစ် နာမည်ပြောင်းလိုက်ပြီး ကာကွယ်ရေးဝန်ကြီးရာထူး ယူထားသော ဗိုလ်ချုပ်အောင်ဆန်းက ဗိုလ်မှူးနေဝင်း (ဗိုလ်မှူးကြီးရာထူးသို့ လျင်မြန်စွာ တိုးမြှင့်ခံရသည်) ကို ဘီအင်အေ၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ရွေးချယ်ခဲ့သည်။ သို့သော်လည်း ကာကွယ်ရေးဝန်ကြီးဌာနကို ဗြိတိသျှစနစ်အတိုင်း ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့ရာ နောက်တနှစ်အစောပိုင်းတွင် ပြီးစီးသွားသည့်အခါ ဗိုလ်ချုပ်အောင်ဆန်းက ဦးစီးသေနာပတိ ရာထူးကို ပြန်လည်ရယူလိုက်ပြီး ဗိုလ်မှူးကြီးနေဝင်းကို စစ်ရုံးသို့ စစ်ဦးစီးချုပ်အဖြစ် ပြောင်းရွှေ့လိုက်သည်။ လွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းအား ဂျပန် ဧကရာဇ်ဘုရင်က ပထမတန်း မြင့်မြတ်သော ရတနာဘွဲ့တံဆိပ် (First Class Order of the Sacred Treasure) ဖြင့် အပ်နှင်းချီးမြှင့်လိုက်ပြန်သည်။ ထိုအချိန်တွင် စိတ်ကြီးဝင်နေသော ဂျပန်ဘုရင့်တပ်မတော်နှင့် သူတို့၏ ကြောက်မက်ဖွယ် ကင်ပေတိုင် ထောက်လှမ်းရေးယန္တရားတို့အပေါ် မကျေနပ်မှုများ ဆူပွက်လျက်ရှိနေလေပြီ။

အဖြစ်အပျက်များပေါင်းစုံနေသည့် ဤအချိန်ကို ကျွန်တော် ရေးသားနေရာတွင် မိမိအချုပ်အခြာအာဏာကို လုံးဝဥဿုံပြန်လည်ရယူလိုသည့် ဖက်ဆစ်ဆန့်ကျင်ရေး မြန်မာမျိုးချစ်များက ကျူးကျော်သိမ်းပိုက်ထားသည့် ဂျပန်တပ်များကို ပြန်လည်တော်လှန်သည့် လှုပ်ရှားမှုကို စိတ်ဝင်စားဖွယ် အကျဉ်းချုပ်ပြန်လည်တင်ပြလိုပေသည်။







အရေးကြီးသော အမျိုးသားနိုင်ငံရေးပါတီကြီး (၃) ခု ပူးပေါင်းပြီး "ဗမာ့ထွက်ရပ်ဂိုဏ်း" အဖြစ် ၁၉၃၉ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့တွင် ဖြစ်ပေါ်လာခဲ့သည်။ သူ၏ ဦးတည်ရည်မှန်းချက်တရပ်မှာ မြန်မာနိုင်ငံ၏ ကိုယ်ပိုင်ဆုံးဖြတ်နိုင်သည့် အခွင့်အရေးကို ဗြိတိသျှအစိုးရက အသိအမှတ်ပြုပြီးလျှင် လွတ်လပ်ရေးပေးရန်အတွက် တောင်းဆိုရန်ဖြစ်လေသည်။ အလားတူ ရည်မှန်းချက်များထားရှိသော "ဗမာ့အရေးတော်ပုံပါတီ" ဟု ခေါ်သော မြေအောက်အဖွဲ့တဖွဲ့ကို ယင်းက မွေးထုတ်ပေးခဲ့သည်။

အဖွဲ့ဝင်များကို သခင်များ၊ ဆိုရှယ်လစ်များ၊ ကွန်မြူနစ်များကြားမှ ရွေးထုတ်ခဲ့ပြီး ၎င်းအဖွဲ့၏ ထင်ရှားသော ခေါင်းဆောင်များအဖြစ် ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်အောင်ဆန်းနှင့် သခင်သိန်းဖေတို့ ဖြစ်လာခဲ့သည်။ အချို့သောနိုင်ငံရေးသမားများက ဂျပန်အကြောင်း အသားပေးပြောပြသော်လည်း ကွန်မြူနစ်တရုတ်ကိုမူ အများက ပိုမိုလိုလားကြသည်။ သိန်းဖေကမူ ဖက်ဆစ်ဂျပန်နှင့် ပူးပေါင်းရေးကို အပြင်းအထန်ကန့်ကွက်သူဖြစ်သည်။

၁၉၄၂ ခုနှစ် အစောပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ဘုရင့်တပ်များနှင့်အတူ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဦးဆောင်ကာ အမိမြေပေါ်သို့ အောင်မြင်စွာ ဝင်ရောက်လာချိန်တွင် သိန်းဖေက မြေအောက်ဆက်သွယ်ရေးကွန်ရက်ကတဆင့် ဂျပန်ဆန့်ကျင်ရေးစာရွက်များကို ဖြန့်ဝေအလုပ်များနေခဲ့သည်။ ဤတွင် သမိုင်းတွင်မည့် ကံကြမ္မာတရပ်ဖြစ်လာခဲ့သည်။ ဗမာ့အရေးတော်ပုံပါတီက သိန်းဖေကို အိန္ဒိယသို့လွှတ်ရန် အားလုံးသဘောတူလိုက်ကြသည်။ သူတို့သိမ်းသွင်းထားသူ မာ့က်စ်ဝါဒီများ၏ သွေးဆောင်စည်းရုံးမှု စွမ်းရည်ပေါ်တွင် မျှော်လင့်ချက်ထားရှိသည်နှင့်အညီ တဖက်ကလည်း မဟာမိတ်တို့ထံမှ အကူအညီကို ယခင်က မိတ်ဆွေတဦးအနေဖြင့် ရှာဖွေရန် ဆုံးဖြတ်လိုက်ကြခြင်းဖြစ်သည်။

ကူမင်တန်တပ်များ၏ အကူအညီကိုရယူကာ သိန်းဖေက တင်ရွှေနှင့်အတူ ကသာကိုဖြတ်၍ အနောက်မြောက်လမ်းကြောင်းအတိုင်းသွားရန် ကြိုးစားခဲ့သော်လည်း ထိုဒေသတွင် ဂျပန်တို့ရှိနေသည့်အတွက် ပြန်လှည့်လာခဲ့ရသည်။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်လက်ျာတို့က မြန်မာပြည်အလယ်ပိုင်းရှိ ရွှေဘိုတွင် ရှိနေကြပြီး သူတို့နှင့် အံ့သြစရာကောင်းလောက်အောင် မမျှော်လင့်ဘဲ တွေ့ဆုံမိခဲ့ကြသည်။ အံ့အားတသင့်ဖြစ်နေကြသော ယခင်ရောင်းရင်းနှစ်ဦးမှာ ထိုအချိန်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အဆင့်မြင့်အရာရှိများ ဖြစ်နေကြပြီး ဂျပန်အကြံပေးများအနီးတွင် လိုက်ပါရှိနေလင့်ကစား နှောင့်နှေးခြင်းမရှိဘဲ သူတို့နှစ်ဦးကို အကာအကွယ်ပေးလျက် သူတို့ခရီးကို ဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့သည်။ သိန်းဖေနှင့် တင်ရွှေသည် ခြေလျင်ဖြင့်တသွယ် လှေဖြင့်တတန် ရခိုင်ကိုဖြတ်၍ ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဘင်္ဂါလီသို့ ရောက်သွားခဲ့ကြ

သည်။ သူတို့၏လှုပ်ရှားမှုကို အကြီးအကျယ်သံသယဝင်လျက်ရှိသော ဗြိတိသျှအာဏာပိုင်များက သူတို့ကို ချက်ချင်းပင်ဖမ်းဆီးလိုက်ကြသည်။

ဆင်းမလားတွင် ခိုလှုံနေရသော အဝေးရောက်ဗြိတိသျှ မြန်မာအစိုးရအနေဖြင့် မြန်မာ့တော်လှန်ရေးလှုပ်ရှားမှု၏ ရိုးသားမှုကို အချိန်တိုအတွင်း နားလည်လာသည့်အလျောက် သိန်းဖေအနေနှင့် အဝေးရောက်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ခွင့်ရလာသည်။ ၁၉၄၃ ခုနှစ် အစောပိုင်းတွင် သူတို့ကို တရုတ်ပြည်သို့ သွားခွင့်ပြုလိုက်သော်လည်း (၇) လခန့် ကြာပြီးနောက် သူတို့သည် ဒေလီသို့ လက်ချည်းသက်သက်ဖြင့် ပြန်လာခဲ့ကြရသည်။ ကူမင်တန်ရော၊ ကွန်မြူနစ်များကပါ ရုပ်ဝတ္ထုပစ္စည်း အကူအညီ တစုံတရာမပါဘဲ သနားကြင်နာမှု သက်သက်ကိုသာ ပေးခဲ့ကြသည်။

ဗြိတိသျှတို့အနေဖြင့် သဘောထားပြောင်းပြီး သူတို့ဘက်ပါလာကာ လျှို့ဝှက်ယူနစ်တခုဖြစ်သည့် အမှတ် (၁၃၆) တပ်ဖွဲ့အသစ် ဖွဲ့စည်းပေးလိုက်သည့်အတွက် သူတို့ အကြီးအကျယ် ဝမ်းသာပီတိဖြစ်နေကြသည်။ ထိုတပ်ဖွဲ့အနေဖြင့် အရှေ့တောင်အာရှရှိ ရန်သူ့နယ်မြေများကို ထိုးဖောက်ဝင်ရောက်၊ လဲဗီးတပ်များကို ထူထောင်သင်တန်းပေး၊ ပြောက်ကျားစစ်ကို စည်းရုံးပြီး၊ ရှိပြီးဖြစ်သော ဖက်ဆစ်ဆန့်ကျင်ရေး တော်လှန်ရေးလှုပ်ရှားမှုများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။ သို့ဖြစ်၍ တင်ရွှေကို ရေငုပ်သင်္ဘောနှင့် ခေါ်ဆောင်သွားပြီး ရခိုင်ကမ်းခြေတွင် ၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် ချထားပေးခဲ့သည်။ နောက်တနှစ် ဖေဖော်ဝါရီလကျမှ အဖိုးမဖြတ်နိုင်သော သတင်းများနှင့်အတူ သူ့ကို သွားရောက်ခေါ်ယူနိုင်ခဲ့သည်။ သိန်းဖေက အိန္ဒိယတွင် ဆက်နေခဲ့သည်။ သူက မဟာမိတ်ဌာနချုပ်နှင့် မြန်မာ့လွတ်မြောက်ရေးလှုပ်ရှားသူများအကြား ဆက်သွယ်ရေးအရာရှိအနေမျိုးဆောင်ရွက်ပြီး တချိန်တည်းမှာပင် ပြန်ကြားရေးဝန်ကြီးဌာန၏ ဝါဒဖြန့်ချိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေခဲ့သည်။

ထိုအချိန်၌ ၁၉၄၃ ခုနှစ် ဩဂုတ်လ (၁) ရက်နေ့၌ မြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ အဓိပတိ ဒေါက်တာဘမော်က သခင်ခေါင်းဆောင် (၄) ဦးကို အစိုးရအဖွဲ့ဝင်ဝန်ကြီးများအဖြစ် ခန့်အပ်လိုက်သည်။ သခင်မြကို ဒု–ဝန်ကြီးချုပ်၊ သခင်နု–နိုင်ငံခြားရေး၊ သခင်အောင်ဆန်း–ကာကွယ်ရေးနှင့် သခင်သန်းထွန်း–ဆက်သွယ်ရေးတို့ဖြစ်သည်။ ဤခန့်အပ်မှုများမှာ ဂျပန်တို့က နောက်ဆုံးအတည်ပြုရမည်ဖြစ်သော်လည်း ဤကဲ့သို့ ဩဇာတိက္ကမရှိသော ပုဂ္ဂိုလ်များ ကိုယ်စားပြုပါဝင်ခြင်းကို လွယ်လင့်တကူ သဘောတူပြီးဖြစ်ပေသည်။ သူတို့အား ပြန်လည်ဆန့်ကျင်တော်လှန်ရာတွင် ၎င်းတို့ (၄) ဦးစလုံး ခေါင်းဆောင်ပါဝင်မည်ဆိုသည်ကိုကား သူတို့ မသိရှာကြချေ။ သခင်သန်းထွန်းမှာ ထိုလှုပ်ရှားမှု၏ ခေါင်းဆောင်ဖြစ်ခဲ့သည်။ အောင်ဆန်း၏ ရာထူးတာဝန်နှင့် ပတ်သက်ပြီး ဤအခြေအနေကို ဗိုလ်မှူး အိပ်(ချ်)၊ ပီ၊







ဆီးဂရင်း (Major H.P. Seagrim) က အမှတ် (၁၃၆) တပ်ဖွဲ့သို့ (၃) လအကြာတွင် သတင်းပေးပို့ပြီးဖြစ်သည်။

ပထမဆုံးလွတ်လပ်ရေး နှစ်ပတ်လည်နေ့တွင် ဆန့်ကျင်တော်လှန်ရေးခေါင်းဆောင်များ စုံညီစည်းဝေးမိကြသည်။ ဖက်ဆစ်ဂျပန်များကို မလိုလားကြောင်းနှင့် အခွင့်ရသည်နှင့် သူ့လက်အောက်ရှိ လက်နက်ကိုင်တပ်ဖွဲ့များက သူတို့ကို ထကြွဆန့်ကျင်မည်ဖြစ်ကြောင်း အတိအလင်း အောင်ဆန်း၏ ပြောကြားချက်က ထိုနေ့ကို မှတ်မှတ်ရရဖြစ်စေခဲ့သည်။ နိုင်ငံရေးပါတီအားလုံးအနေဖြင့် စုစည်းညီညွတ်စွာ ရပ်တည်ကြပြီး ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် (AFPFL) တည်းဟူသော နာမည်ကို လိုက်လျောညီထွေစွာ ရွေးချယ်ခဲ့ကြသည်။ ပါတီများအနေဖြင့် ဖက်ဆစ်စနစ်ကို ချေမှုန်းရန်နှင့် ပြည်သူ့အစိုးရတရပ် ထူထောင်ရန်အတွက် အဖွဲ့ချုပ်၌ ပါဝင်ခြင်းဖြစ်ကြောင်း အစည်းအဝေးမှ ထုတ်ပြန်လိုက်သော ကြေညာချက်တွင် ပါဝင်လာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အမြဲတမ်းလက်နက်ကိုင်တပ်ဖွဲ့များကို အင်အားရှိသော မဟာမိတ်များအဖြစ် တွက်ထားသော်လည်း ဂျပန်တို့မရောက်နိုင်သည့် မြန်မာပြည်မြောက်ပိုင်း တောင်တန်းများရှိ ကချင်၊ ချင်း၊ နာဂနှင့် လူရှီး လူမျိုးများမှလည်း လဲဗီးတပ်ဖွဲ့များကို ဗြိတိသျှက ထူထောင်ခဲ့သည်။ ကရင်လူမျိုးတို့မှာ လူမျိုးစုပြောက်ကျားများတွင် အဓိကအင်အားစုဖြစ်သည်။ ယိုးဒယားနိုင်ငံနယ်စပ် သံလွင်ခရိုင် ကရင်တောင်တန်းများကို အသက်သွေးကြောနယ်မြေအဖြစ် သတ်မှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် ယင်းနယ်မြေတွင် ဗြိတိသျှကိုလိုလားပြီး အများစုမှာ ခရစ်ယာန်များဖြစ်ကြသော ကရင်များနေထိုင်ကြသောကြောင့်ဖြစ်သည်။ ဗိုလ်မှူး ဆီးဂရင်း အနေဖြင့် ထိုဒေသ၌ နောက်ချန်ကျန်ရစ်နေခဲ့ပြီး လဲဗီးများ စုဆောင်းခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်းဟူသည့် အထူးလုပ်ငန်းရပ်များကို စည်းရုံးဆောင်ရွက်ရန် မိမိစိတ်ဆန္ဒအရ သဘောတူညီခဲ့သည်။ ဗြိတိသျှလူမျိုး (၂) ဦး၊ ကရင်အရာရှိတဦးနှင့် အခြားသစ္စာစောင့်သိသော ဗြိတိသျှအစိုးရဝန်ထမ်းများနှင့် လဲဗီးများ ပါဝင်သည့် အုပ်စုတစုကို သူက ဦးဆောင်မှုပေးပြီး ၁၉၄၃ ခုနှစ် ဖေဖော်ဝါရီလမှ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလအထိ ယင်းတောင်တန်းများတွင် ဆောင်ရွက်လုပ်ကိုင်နေခဲ့သည်။ ဂျပန်ကလည်း သူတို့ကို အမိအရ ရှာဖွေဖျက်ဆီးရမည့် စစ်ဆင်ရေးကိုဆင်နွှဲပြီး နောက်ဆုံးတွင် ဆီးဂရင်းအုပ်စုကို ဖယ်ရှားနိုင်ခဲ့သည်။ ဆီးဂရင်းနှင့်အတူရှိနေသော ဗြိတိသျှအရာရှိများ သတ်ဖြတ်ခံခဲ့ရပြီး လူထုအပေါ်နှိပ်ကွပ်မှုများ ရပ်တန့်သွားစေရန် သူကိုယ်တိုင် လက်နက်ချခဲ့သည်။ ဆီးဂရင်းနှင့် သူ့လူ (၈) ဦးမှာ ရန်ကုန်တွင် နောက်ပိုင်း၌ ကွပ်မျက်ခြင်းခံရသည်။ ဒု–ဗိုလ်မှူးကြီး ဂျေ၊ ခရိုမာတီ–တူးလော့(ခ်) (Lt. Col. J. Cromarty-Tulloch) အပါအဝင် အမှတ် (၁၃၆) တပ်ဖွဲ့ဝင်များကို ကရင်တောင်တန်းများပေါ်သို့ လေထီးဖြင့်ချပေးခဲ့ပြီး နောက်ဆုံး ထိုးစစ်ပြောက်ကျား

လှုပ်ရှားမှုများကို ပြန်လည်အသက်ဝင်စေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အနေအထားကို ဆီးဂရင်းက သတင်းပေးပို့ခဲ့ရာတွင် အထောက်အထားအချက်တချက်မှာ ထူးထူးခြားခြားပေါ်ထွက်လာခဲ့ပြီး ဘက်တာစဗီ၏ စာရွက်စာတမ်းများ (Battersby Papers) တွင် ပါရှိလာခဲ့သည်။ ယင်းအချက်ကို မောရစ် ကောလစ် (Maurice Collis) က သူ၏ "မြန်မာပြည်၌ နောက်ဆုံးနှင့် ပထမဆုံး ၁၉၄၁–၁၉၄၈" ဟူသော စာအုပ်စာမျက်နှာ (၂၀၅) တွင် ကိုးကားဖော်ပြခဲ့သည်။

"၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် ဗိုလ်မှူးဆီးဂရင်းနှင့် ကြိုးမဲ့ကြေးနန်းအဆက် အသွယ်ပြုလုပ်နိုင်ခဲ့သည်။ ဗမာ့ကာကွယ်ရေးတပ်မတော်မှ အောင်ဆန်းက အခြေအနေ ပေါ်ပေါက်သည်နှင့် ဂျပန်ကို သူ့တပ်ဖြင့် ပြန်လည်တွန်းလှန်ရန် စီစဉ်နေကြောင်း ဖော်ပြ သည့် သူ၏ အစောဆုံး သတင်းပေးပို့ချက်တရပ်မှာ မှတ်သားစရာကောင်းလှသည်။"

၁၉၄၅ ခုနှစ်တွင် ဗြိတိသျှတို့ မြန်မာပြည်ထဲ ပြန်လည်ဝင်ရောက်ပြီး ဂျပန်ကို အနိုင်တိုက်ပြီးမှ အောင်ဆန်းက ထိုသို့လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အင်္ဂလိပ်လူမျိုးအများအပြားက မှားယွင်းစွာယုံကြည်နေခဲ့ကြသည်ဟု ဘက်တာစဗီ (အမှတ် ၁၃၆ တပ်ဖွဲ့ အထူးစစ်ဆင်ရေးအမှုဆောင်) က ဖြည့်စွက်ထားပြန်သည်။ "ကျွန်ုပ် ကိုယ်တိုင် မြင်တွေ့ခဲ့ရသော ဗိုလ်မှူးဆီးဂရင်း သတင်းပေးပို့ချက်၏ ခိုင်မာမှုကို ကျွန်ုပ် အာမခံရဲသည်။ ထို့ထက်မစောရင်တောင် အနည်းဆုံး ၁၉၄၃ ခုနှစ်တွင် အောင်ဆန်း အနေဖြင့် ဂျပန်တို့ကို ကယ်တင်ရှင်များအဖြစ် ထင်မှတ်ခဲ့ခြင်းကို နောင်တရခဲ့ပြီး တော်လှန် ရေးအဖွဲ့ဝင်တဦးဖြစ်ခဲ့ပြီး ဖြစ်သည်ဆိုသည်ကို သခင်နု၏စာအုပ် "ဂျပန်လက်အောက် မြန်မာပြည်" တွင် အထောက်အထားအများကြီး တင်ပြခဲ့သည်။

၁၉၄၄ ခု နှစ်ကုန်ခါနီးတွင် အောင်ဆန်းက မဟာမိတ်တပ်ဖွဲ့များနှင့် ဆက်သွယ်မှု ရရှိပြီးဖြစ်သည်။ ယခုအခါ မျိုးချစ်ဗမာ့တပ်မတော် (Patriotic Burmese Forces-PBF) ဖြစ်လာသော ဗမာ့အမျိုးသားတပ်မတော်က ၁၉၄၅ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် ဂျပန်တို့ဘက်သို့ သူတို့၏ သေနတ်ပြောင်းကို ပြန်လည်လှည့်ခဲ့တော့သည်။ "ယင်းစတင် ပေါက်ကွဲမှု၌ ဗိုလ်ချုပ်ကြီး (၂) ဦးအပါအဝင် ဂျပန် (၇၀၀) ခန့်ကို သူတို့သတ်ဖြတ်ခဲ့သည်။ နောက်ပိုင်း စစ်ဆင်ရေးများတွင် ရန်ကုန်သို့ ဦးတည်ချီတက်လာသော ဗြိတိသျှတပ်ကို ပိတ်ဆို့တားဆီးမည့် တပ်ဖွဲ့အတော်များများကို သူတို့က မလှုပ်နိုင်အောင် ပြုလုပ်နိုင်ခဲ့ကြ သည်" ဟူသော မောင့်ဘက်တန်မှတ်စုများကို မောရစ်ကောလစ်က "မြန်မာပြည်၌ နောက်ဆုံးနှင့် ပထမဆုံး" စာအုပ် စာမျက်နှာ (၂၃၆) တွင် ထပ်မံကိုးကားထားပြန်သည်။ အိန္ဒိယရှိ မဟာမိတ်တပ်ဖွဲ့များက အရှေ့ဘက်သို့ ဖိဆင်းလာပြီး မေလအစပိုင်းတွင် ဂျပန်တို့အနေဖြင့် ရန်ကုန်မှ ဆုတ်ခွာပေးလိုက်ရတော့သည်။

ဂျပန်များ ဆုတ်ခွာသွားသောအခါ ဗြိတိသျှတို့ ပြန်ရောက်လာလေသည်။ ထို့အတူ







မြန်မာ့အမျိုးသားရေးလှုပ်ရှားမှုများကလည်း (ဗိုလ်ချုပ်ရာထူးကို ရနေပါလျက်) တပ်မှ ထွက်လိုက်သော ဦးအောင်ဆန်းခေါင်းဆောင်မှုဖြင့် ပြန်လည်အစပြုလာသည်။ လုံးဝလွတ် လပ်ရေးကို တနှစ်အတွင်းဟူသော ကန့်သန့်ချက်အရ ပြတ်ပြတ်သားသား ဖိအားပေး တောင်းဆိုလာသော လူထုစည်းဝေးပွဲများ ရန်ကုန်မြို့တွင် အသစ်တဖန်ကျင်းပကြပြန် သည်။ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့တွင် စစ်အတွင်း နှစ်များ၌ အဝေးရောက်အစိုးရ (ဝါ) ပြည်ပြေးအစိုးရအဖြစ် သွားရောက်နေထိုင်ခဲ့ရသော ဗြိတိသျှဘုရင်ခံ ဆာရယ်ဂျီနယ် ဒေါ် မန်စမစ်သည် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နေ့တွင် ရန်ကုန်သို့ ပြန်လည် ရောက်ရှိလာသည်။ သို့သော် ထိုမတိုင်မီ ဩဂုတ်လ (၁၉) ရက်နေ့တွင် ဂျပန်ခေတ်က မြေအောက်အဖွဲ့အစည်းဘဝမှ မြေပေါ်အဖွဲ့အစည်းအဖြစ်သို့ ဦးအောင်ဆန်းဦးဆောင်ပြီး ပြန်လည်စည်းရုံးလှုပ်ရှားခဲ့သော 'ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး' အဖွဲ့ချုပ် (ဖဆပလ) ၏ မျိုးချစ်ခေါင်းဆောင်များက ရန်ကုန်မြို့ရှိ နေသူရိန်ရုပ်ရှင်ရုံခန်းမကြီးတွင် လူထုစည်းဝေးပွဲကြီးတရပ် ကျင်းပပြီးလျှင် ဓနသဟာယပြင်ပရှိ လုံးဝလွတ်လပ်သော မြန် မာနိုင်ငံအဖြစ်ကို တောင်းဆိုလိုက်ကြသည်။

သို့ရာတွင် စစ်အတွင်းကာလက တော်လှန်ရေးဆင်နွှဲခဲ့သော ယခင်တပ်များမှာ ထိုအချိန်တွင် လက်နက်များရုပ်သိမ်းခြင်းကို ခံခဲ့ကြရသည်။ ၁၉၄၅ ခုနှစ်၊ စက်တင်ဘာ လတွင် သီဟိုဠ်(ယခုသီရိလင်္ကာ) နိုင်ငံ၊ ကန်ဒီမြို့၌ ဗြိတိသျှအစိုးရနှင့် မြန်မာ့မျိုးချစ်ခေါင်း ဆောင်များအကြား ရရှိခဲ့သော သဘောတူညီချက်အရ အချို့တပ်ရင်းအနည်းငယ်သာ စစ် ပွဲအပြီးပြန်လည်ဖွဲ့စည်းခဲ့သော မြန်မာ့တပ်မတော်တွင် ပြန်လည်ပါဝင်ခွင့်ရရှိခဲ့သည်။ လက် နက်များပြန်အပ်ရန် ငြင်းဆန်ခဲ့သူများက ဒီဇင်ဘာလ (၁) ရက်နေ့တွင် ပြည်သူ့ရဲဘော် အဖွဲ့ (People's Volunteer Organisation) ကို ဖွဲ့စည်းခဲ့ကြသည်။ ယင်းအဖွဲ့သည် တကယ်တမ်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းအား သစ္စာစောင့်သိသော ပြည်သူ့စစ်အဖွဲ့ ဖြစ်သည်။

ထို့နောက်ပိုင်းမှစ၍ အဖြစ်အပျက်များသည် လျင်မြန်စွာ ဖြစ်ပျက်ခဲ့သည်။ ဦးစော သည် 'ဆာရယ်ဂျီနယ်' က သူ့ကို ဝန်ကြီးချုပ်အဖြစ် ငါးနှစ်သက်တမ်း အပိုပေးခဲ့သော် ငြားလည်း သက်တမ်းပြည့် မထမ်းဆောင်ခဲ့ရချေ။ ဂျပန်က မြန်မာပြည်ကို စတင်ထိုး ဖောက်ဝင်ရောက်လာချိန်တွင် သူသည် အင်္ဂလန်နိုင်ငံသို့ သွားရောက်လည်ပတ်နေပြီး အဝေးရောက်နန်းရင်းဝန်အဖြစ် နေခဲ့သည်။ အရှေ့အာရှတွင် ဂျပန်တို့၏ အဟုန်ပြင်းစွာ ရှေ့တိုးချီတက်နေမှုကို ကြားကြားချင်း သူသည် (အလွန်ဉာဏ်များသူပီပီ) ပေါ်တူဂီနိုင်ငံ၊ 'လစ္စဘွန်း' ရှိ ဂျပန်သံအမတ်နှင့် ဆက်သွယ်ရန် ကြိုးစားခဲ့သည်။ ထို့ကြောင့် ဗြိတိသျှ တို့က သူ့ကို မယုံကြည်တော့ဘဲ ဖမ်းဆီးလိုက်ပြီး ၁၉၄၂ ခုမှ စစ်ပြီးသည်အထိ ကိုလိုနီ အာဏာပိုင်များက ချုပ်ထားခဲ့သည်။ သို့သော် စစ်ပြီးခေတ် သူမြန်မာပြည်ပြန်ရောက်

သည်နှင့် [၂၄] သူ့မျိုးချစ်ပါတီကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ သူ့ 'ဂဠုန်တပ်' ကိုလည်း သူ၏ ကိုယ်ပျောက်မိတ်ဆွေများ အကူအညီဖြင့် ဆောလျင်စွာ ပြန်လည်တည်ထောင်နိုင်ခဲ့ပြီး ယင်းတို့သည် ရန်ကုန်တွင် အာဏာရရှိရေးအတွက် အဆောတလျင် စတင်လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေကြလေသည်။[၂၅]

သိန်းဖေမြင့်၊ "သူတို့ခေတ်၊ သူတို့အတိတ်၊ သူတို့အရိပ်"၊ တိုင်းလင်းစာပေ၊ ရန်ကုန် ၂၀၀၀ ခုနှစ်၊ စာမျက်နှာ ၂၀၆–၂၀၈။ (ဗိုလ်တထောင်သတင်းစာ၊ ဇူလိုင်လ ၁၉၊ ၁၉၆၆။ "မျိုးချစ်ယောင်ဆောင် ဂဠုန်အတု ဦးစော" ဆောင်းပါးတွင် ဖော်ပြထားသည့် အချက်အလက်များမှာ စိတ်ဝင်စားဖွယ်ရာဖြစ်လျက် လျော်ကန်သည်။)

"စစ်ကြီးအပြီး ဗြိတိသျှအကျဉ်းထောင်မှ မြန်မာပြည်သို့ ပြန်ရောက်သောအခါ ဖဆပလကိုပင် ထောက်ခံတော့မယောင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်ပင် ပူးပေါင်းတော့မယောင် လေသံပစ်သေးသည်။

ဦးစောက သူ့အိမ်သို့ သတင်းစာဆရာများကိုဖိတ်ကြားပြီး သတင်းစာကွန်ဖရင့်ပေး၍ သူ့ကိုယ်ရည်သွေး စစ်အတွင်းအတ္ထုပ္ပတ္တိကို ဇာတ်ဟန်အပြည့်နှင့် ပြောပြပုံကို ပြည်သူ့အာဏာဂျာနယ်၏ အယ်ဒီတာတဦးအနေဖြင့် တက်ရောက်သော သခင်သန်းမြင့်က အောက်ပါအတိုင်း ရေးသားဖော်ပြထားသည်။

သခင်သန်းမြင့်က ဦးစောအား "ဒိုမီနီယံကို လက်ခံသင့်သလား" ဟု မေးလိုက်သောအခါ ဦးစောက "ကျုပ်ဝါဒဟာ ဗမာပြည် ပြန်ရရေးဝါဒပဲ၊ ဒိုမီနီယံကိုလက်ခံပြီး လက်နက်အဖြစ် ဗမာပြည်ကို ပြန်ရအောင်လုပ်ရမယ်။ အိုင်ယာလန်လိုပေါ့" ဟု ဖြေလိုက်လေသည်။

ထိုအချိန်၌ ၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလတွင် ဗြိတိန်၊ လေဘာဝန်ကြီးချုပ်အသစ် 'ကလီးမင့်အက်တလီ' သည် မြန်မာနိုင်ငံ၏ ရှေ့ရေးကို ဆွေးနွေးရန်အတွက် လန်ဒန်သို့ ကြွရောက်စကားပြောပါရန် ဦးအောင်ဆန်းနှင့် ဖဆပလခေါင်းဆောင်များကို ဖိတ်ကြားလိုက်သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် လန်ဒန်သို့အသွား နယူးဒေလီ [၂၆] တွင် ဦးအောင်ဆန်းက "ကျွန်တော်တို့က လုံးဝလွတ်လပ်ရေးကိုပဲ လိုချင်ပါတယ်။ မြန်မာနိုင်ငံအတွက် ဒိုမီနီယန်အဆင့်နဲ့ ပတ်သက်ပြီး ပြောစရာမရှိပါဘူး" ဟု ပြောဆိုခဲ့သည်။ သို့ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရန် ကြိုးပမ်းသည့်အနေဖြင့် ဦးအောင်ဆန်းသည် လန်ဒန်ကိုယ်စားလှယ်အဖွဲ့တွင် သူ့အား ဆန့်ကျင်သော အခြား မြန်မာ့နိုင်ငံရေးခေါင်းဆောင်များကိုလည်း သဘောထားကြီးစွာ ထည့်သွင်းပါဝင်စေခဲ့သည်။ ထိုအခါ စစ်အတွင်းကာလက မြန်မာနိုင်ငံနှင့် ကင်းကွာ၍ ဦးအောင်ဆန်းကို ရှုံးနိမ့်သွားခဲ့သည့် သိက္ခာမဲ့နေပြီဖြစ်သော ဦးစောနှင့် အခြား ဦးအောင်ဆန်း၏ ဆန့်ကျင်ဘက်တဦးဖြစ်သူ သခင်ဗစိန်တို့သည် ပုလင်းနှင့် ဘူးဆို့ကဲ့သို့ မဟာမိတ်များဖြစ်သွားကာ အတိုက်အခံ အင်အားစုဖြစ်လာသည်။ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို





လုံးဝလွတ်လပ်ရေးပေးရန် သဘောတူညီမှု ရရှိသည့်အခါ ဦးစောနှင့် သခင်ဗစိန်တို့ နှစ်ယောက်လုံးက လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြသည်။ သို့သော် သဘောတူညီမှုကား ရခဲ့လေပြီ။ [၂၇] မြန်မာနိုင်ငံသည် ခုနစ်ခုမြောက် သမ္မတနိုင်ငံဖြစ်လာပေတော့မည်။ သူ၏ လန်ဒန်ခရီးစဉ်အတွင်း ဦးအောင်ဆန်း၏ ဗြိတိသျှတို့အပေါ် ထားရှိသော သဘောထားမှာ ပျော့ပျောင်းသွားခဲ့ကြောင်း 'ကလီးမင့်အက်တလီ' ကိုယ်တိုင်က နောက်ပိုင်းတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။ [၂၈]

"သူတို့ (မြန်မာကိုယ်စားလှယ်အဖွဲ့) ဟာ လုံးဝလွတ်လပ်ရေးနဲ့ သမ္မတနိုင်ငံဖြစ်ရေးအတွက် သူတို့ရဲ့စကားလွန်မှုကြောင့် သူတို့နောက်လိုက်တွေရဲ့ သဘောထားအပေါ် ကံမကောင်းလှစွာ လိုက်နာအလေးပေးခဲ့ကြရတယ်။ ဒါပေမယ့် ပြောဆိုဆွေးနွေးမှုတွေ ဆက်လက်ပြုလုပ်နေတာနဲ့အမျှ ကျွန်တော်တို့အပေါ် သူတို့ရဲ့မယုံသင်္ကာဖြစ်မှုတွေ ပျောက်ကွယ်ကုန်တယ်။ ကျွန်တော်ထင်တယ်လေ... တချို့တွေ အထူးသဖြင့် ခိုင်မာပြတ်သားတဲ့ လူတယောက်ဖြစ်တဲ့ သူတို့ရဲ့ ခေါင်းဆောင် ဦးအောင်ဆန်းဟာ ခုနစ်ခုမြောက်ထဲမှာ ဆက်လက်ရှိနေသင့်တယ်ဆိုတာကို သဘောပေါက်စပြုလာပါတယ်"

လန်ဒန်သို့ သွားရောက်ခဲ့သည့် နုနယ်ငယ်ရွယ်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ အဖွဲ့ဝင်တဦးက ဆွေးနွေးနေစဉ်တွင်ပင် သိသိသာသာ ဤသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။ "အမှန်ပြောရရင် ကျွန်တော်တို့တတွေဟာ အတွေ့အကြုံမရင့်ကျက်သေးတဲ့ လူငယ်လေးတစုသာ ဖြစ်ပါတယ်"

မှတ်သားစရာအကောင်းဆုံးသည်ကား 'ကလီးမင့်အက်တလီ' (Clement Atlee) ၏ ဦးစောအပေါ် သုံးသပ်ချက်ဖြစ်သည်။ ကမ္ဘာကျော် စာရေးဆရာနှင့် ပြဇာတ်ဆရာကြီး ဝီလျံရှိတ်စပီးယား (William Shakespeare) ၏ စကားရပ်ကို ပြန်လည်အသုံးချရင်း ကလီးမင့်အက်တလီက ဤသို့ နိဂုံးကမွတ် အဆုံးသတ်ခဲ့သည်။


"လူနည်းစုပါတီရဲ့ ကိုယ်စားလှယ်တဦးဖြစ်တဲ့ ဦးစောက လွဲလို့ သူတို့အားလုံးဟာ နှစ်လိုဖွယ်ရာ ကောင်းလှပါတယ်။ စစ်ကြီးမပြီးခင်က ကျွန်တော် ဦးစောကို တွေ့ခဲ့ဖူးပါတယ်။ သူဟာ' ပြုံးပြုံးကလေးနှင့် မိုက်တဲ့သူ' ဆိုတဲ့ လူစားမျိုးလို့ ကျွန်တော်သူ့ကို အကဲခတ်ပြီး အသိအမှတ်ပြုခဲ့ပါတယ်"

❑ ❑ ❑ ❑ ❑




ဗိုလ်ချုပ်ထွန်းလှအောင်၊ ရဲချုပ်နှင့် ဒု-သေနာပတိချုပ်၊ ဩဂုတ်လ-၁၉၄၈






အတွင်းဝန်ရုံး၊ ဒုတိယကမ္ဘာစစ်မဖြစ်မီ ရိုက်ထားသော ပုံဖြစ်သည်။ စတုရန်းပုံစံ အဆောက်အအုံကြီးတွင် အစိုးရရုံးများမှာ အရှေ့အနောက်၊ တောင်ပိုင်းများတွင် ထားရှိသည်။
အားလပ်နေသော ဗဟိုနေရာမှအစ ခြံဝင်း ပတ်ပတ်လည်တွင် ရိုးစင်ပုံစံဦးယျာဉ်များ လှပစွာ စိုက်ထားသည်။
ဗိုလ်ချုပ်အောင်ဆန်း ရုံးခန်းမှာ (အနောက်ဘက် အပေါ်ထပ်) မှ တည်ရှိပြီး ဘုရင်ခံ၏ ဝန်ကြီးအဖွဲ့အစည်းအဝေးနေရာပါ ပါဝင်ပါသည်။ စက်ဝိုင်းဖြင့် ပြထားသည်။
ပုလိပ်ရုံးမှာ အခြားတဘက်ဖြစ်သော အရှေ့တန်းမှာရှိပြီး ထောက်လှမ်းရေးဌာနမှာ အရှေ့တောင်ထောင့်၌ ရှိပါသည်။ ၁၉၄၆-ခုနှစ်တွင် ဗဟိုနေရာလပ်တွင်
ယာယီအဆောက်အအုံများ ဆောက်လုပ်၍ တိုင်းပြုပြည်ပြုလွှတ်တော်အတွက် စတင်အသုံးပြုခဲ့သည်။



ဤဗိုလ်ချုပ်အောင်ဆန်းရုံးခန်းနှင့် ဝန်ကြီးအဖွဲ့ဝင်များ၏ ၁၉၄၇၊ ဇူလိုင် (၁၉) ရက်နေ့တွင် ထိုင်ပုံအစီအစဉ်မှာ အထူးခုံရုံးတွင် အစိုးရ ပန်းချီဆရာတင်ပြသည့်ပုံကို ထပ်မံပုံကြမ်းဆွဲထားခြင်းဖြစ်ပါသည်။








အင်းစိန်ထောင်အတွင်း အထူးခုံရုံးတွင် ရုံးတင် စစ်ဆေးရာတွင် 'ဂဠုန်' ဦးစော၊ ဝန်ကြီးချုပ်ဟောင်းနှင့် သောင်းကျန်းသော အဖွဲ့၏ ခေါင်းသူကြီးဟု စွပ်စွဲခံရသူ၊ သက်သေခံနေရာတွင် တွေ့ရပုံ။




လုပ်ကြံမှုတွင် လူသတ်သမားဟု စွပ်စွဲခံရသူများ– မောင်စိုး၊ သက်နှင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်နှင့် ကြံရာပါ စွပ်စွဲခံရသူ (အထက်ပုံ) သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုန်ကြီးတို့အား ခုံရုံးဝက်ခြံအတွင်း တွေ့ရပုံ။




အင်းစိန်ထောင်– စီမံရေးဆွဲထားသည့် ပုံကြမ်း (တိုင်းတာအမှတ်အရ မဟုတ်)။
၁၉၄၇– ၄၈ ခုနှစ်၊ ဤနေရာတွင်ဦးစောအား အကျဉ်းချထားခြင်း၊ ရုံးတင်စစ်ဆေးခြင်းနှင့် ကြိုးဒဏ်ပေးခြင်း
ပြုလုပ်ခဲ့ပြီး သူ၏ ခန့်မှန်းရသော သင်္ချိုင်းနေရာဖြစ်သည်။
(ဦးဘစောခင်၊ တူဆောင်မြို့ အရီဇိုနာနယ်၊ USA ၏ မေတ္တာလက်ဆောင်)




Chief, U San Tin
If you can spare a few minutes kindly come over here. Thanks.
Saw.

Dear Chief,
I understand you are in the cell. Why not come over here if you are free.
Saw.

ထောင်မှူး ဦးစံတင်ထံ ဦးစောလက်ရေးဖြင့် ရေးပို့လိုက်သော စာတိုနှစ်စောင်။ (ထောင်ဝန်ကြီး ဦးသောင်းစိန်စုဆောင်းခဲ့သော စာရွက်စာတမ်းများမှ)။

# အခန်း (၃)
# တရားဆိုင်ခြင်း

လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားပြီး လအနည်းငယ်အကြာတွင် ဦးစောနှင့် ကြံရာပါများ တရားမဆိုင်ကြရသေးမီ ထိုစဉ်က ဘုရင်ခံဖြစ်သူ (လွတ်လပ်ရေးရချိန်တွင် နောက်ဆုံး ဘုရင်ခံဖြစ်မည့်) ဆာဟူးဘတ်ရန့်(စ်) (Sir Hubert Rance) အနေဖြင့် ဦးစောတို့အား တရားစီရင်မည့် အထူးခုံရုံးဖွဲ့ရာ၌ မမျှော်လင့်ဘဲ အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသည်။ တရားလွှတ်တော် တရားသူကြီး ဦးကျော်မြင့်အား ခုံရုံးသဘာပတိအဖြစ် ရွေးချယ်ရာတွင် ချောချောမောမော ဖြစ်ခဲ့သည်ဆိုသော်လည်း သမ္မာရင့်ဥပဒေပညာရှင်များထဲမှ အဖွဲ့ဝင်အဖြစ် သင့်တော်မည့်သူ (၂) ဦးအား ဖြည့်စွက်ခန့်အပ်ရာတွင်မူ ရုတ်တရက်ဆိုသလိုပင် အခက်အခဲများ ဖြစ်ပေါ်လာခဲ့သည်။ လျာထားသူ အတော်များများသည် ၎င်းတာဝန်ကို မယူလိုကြချေ။ အချို့က သူတို့မှာ နှလုံးရောဂါရှိသည် စသည်ဖြင့် ဆင်ခြေပေး ရှောင်တိမ်းကြသည်။ အချို့ကမူ ခုံရုံးတွင် တာဝန်မယူနိုင်ကြောင်း ဖြောင့်ဖြောင့်ဆိုကြသည်။ နောက်ဆုံးကျမှ သမ္မာရင့် စက်ရှင်တရားသူကြီးများဖြစ်ကြသော ဦးအောင်သာကျော်နှင့် ဦးစီဘူး (U Si Bu) တို့ နှစ်ယောက်က လက်ခံလိုက်ကြသည်။ သို့ဖြင့် ဆာဟူးဘတ်ရန့်(စ်) သည် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင်မှ (၃) ဦးအဖွဲ့ အထူးခုံရုံးကို တရားဝင် ခန့်အပ် တာဝန်ပေးနိုင်ခဲ့လေသည်။

နောက်လေးရက်အကြာတွင် ပထမဆုံး စစ်ဆေးမှုကို စတင်ပြုလုပ်နိုင်ပြီး တရားလိုဘက်မှ စွပ်စွဲလျှောက်လဲချက်ကို ရှေးဦးစွာ ကြားနာခဲ့သည်။ တဖန် ဘုရင့်သက်သေများကို စတင်စစ်ဆေးခဲ့သည်။ ထို့နောက် ယခင်က ရန်ကုန်တရားလွှတ်တော်၏ ရှေ့နေတဦးဖြစ်ခဲ့ပြီး အင်္ဂလန်တွင် နေထိုင်သော မစ္စတာ ဘင်ဂျမင်ရာဖေးရယ်ဗာတန်နစ် (Mr. Benjamin Raphael Vertannes) ကို ငှားရမ်းနိုင်ရေးအတွက် [၁] ဦးစောအား ခွင့်ပြုခဲ့ရသည့်အတွက် တရားဆိုင်ခြင်းသည် အောက်တိုဘာလ (၁၅) ရက်နေ့အထိ ဆိုင်းငံ့သွားခဲ့သည်။







တရားဆိုင်ခြင်းကို အင်းစိန်ရှိ အထူးခုံရုံးတော်တွင် နောက်ဆုံး စတင်ပြုလုပ်နိုင်သောအခါ ၎င်းတရားဆိုင်ခြင်းသည် ဗြိတိသျှဘုရင်နှင့် ဦးစော (အဖွဲ့ခေါင်းဆောင်အဖြစ် စွပ်စွဲခံရသူ)၊ မောင်စိုး (လူသတ်သမားအဖြစ် စွပ်စွဲခံရသူ)၊ သက်နှင်း (လူသတ်သမားအဖြစ် စွပ်စွဲခံရသူ)၊ မောင်စိန် (ခေါ်) စိန်ကြီး (ခေါ်) လှအောင် (လူသတ်သမားအဖြစ် စွပ်စွဲခံရသူ)၊ ရန်ကြီးအောင် (ခေါ်) လှထွန်း (လူသတ်သမားအဖြစ် စွပ်စွဲခံရသူ)၊ သုခ (အတွင်းဝန်ရုံးသို့ လူသတ်သမားများအား ကားဖြင့် ပို့ဆောင်ပေးခဲ့ရသူ ကားဒရိုင်ဘာအဖြစ် စွပ်စွဲခံရသူ)၊ ခင်မောင်ရင် (ကြံရာပါ ကူညီသူအဖြစ် စွပ်စွဲခံရသူ)၊ မှုန်ကြီး (ခေါ်) မောင်မှုန် (ကြံရာပါ ကူညီသူအဖြစ် စွပ်စွဲခံရသူ) တို့၏ အမှုဖြစ်လာခဲ့သည်။

အာဇာနည် (၉) ဦး ရှိလာခဲ့ပြီး ၎င်းတို့အား သတ်မှုဖြင့် အစွပ်စွဲခံရသူ တရားခံမှာလည်း (၉) ဦး ထွက်ပေါ်လာခဲ့သည်။ တရားခွင်တွင် မတွေ့ရဘဲ သိသိသာသာ ပျောက်ကွယ်နေသူမှာ တဦးတည်းသာဖြစ်ပြီး ၎င်းမှာ ဘညွန့်ဖြစ်သည်။ သေနတ်သမားများ ရောက်မလာမီ အတွင်းဝန်ရုံးသို့ ဖို့ဒ်ဆန်ကားဖြင့် ကင်းထောက်အဖြစ် ရှေ့ပြေးသွားနှင့်ပြီး အခြေအနေလေ့လာသူများထဲတွင် သူလည်းတယောက်အပါအဝင်ဖြစ်သည်။ သို့သော် လုပ်ကြံမှုအဖွဲ့ဝင်အားလုံးကို ဆန့်ကျင်ပြီး ဘညွန့်က အစိုးရသက်သေအဖြစ် ဆောင်ရွက်ရန် သဘောတူလိုက်သောအခါ သူ့လူအများအပြားမှာ ထိတ်လန့်အံ့သြဖြစ်သွားကြပြီး ဦးစောမှာ သူ့ကို များစွာနာကြည်းမုန်းတီးသွားသည်။ သူသည် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် အထက်တန်းကျောင်းတွင် ပညာသင်လာသူဖြစ်၍ ဦးစော၏ သေနတ်သမားများထဲ၌ ပညာအတတ်ဆုံးဖြစ်လေသည်။ [၂] သို့ဖြစ်သည့်အလျောက် ဦးစော၏ ဂျူနီတပ်မှ သေနတ် ခလုတ်နှိပ်ရလျှင် ပျော်နေကြသော အခြားလူရမ်းကားများထက် ဤရာဇဝတ်မှု၏ အမျိုးသားရေးနှင့် သမိုင်းရေးရှုပ်ထွေးမှုများကို သူက ပိုမိုနားလည်သဘောပေါက်သည်ဟု ဆိုရပေလိမ့်မည်။ ထို့အပြင် သူ့အတွက် ဆုလာဘ်ကလည်း ရှိသေးသည်။ ဘုရင့်သက်သေ ဖြစ်သွားသည့်အတွက် သူသည် အပြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရသွားသည် မဟုတ်ပါလော။

ဤအမှုကို တရားဆိုင်စေရာ၌ ပြည်သူလူထုရှေ့မှောက်၌ဖြစ်ပြီး အင်းစိန်အကျဉ်းထောင်အတွင်းရှိ အခန်းတခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ သတ်မှတ်ထားသော ထိုင်ခုံအရေအတွက်မှာ အကန့်အသတ်နှင့် [၃] ဖြစ်သည့်အပြင် နှစ်ဘက်လျှောက်လဲချက်များကိုလည်း ကိုယ်တွေ့မျက်မြင် ကြည့်ရှုနားထောင်ချင်သူများကလည်း များပြားလှသည့်အတွက် တရားခွင်အတွင်း ဝင်ရောက်ရန် ခွင့်ပြုလက်မှတ်များဖြင့် ထိန်းချုပ်ခဲ့ရသည်။ ခွင့်ပြုလက်မှတ်ရရန် ပြည်သူလူထုမှာ အလုအယက် တန်းစီရယူကြရသည်။ ရှေးရိုးစဉ်လာ ဗြိတိသျှ တရားစီရင်ရေးထုံးစံနှင့် မြန်မာ့ရိုးရာပြဇာတ်တခုမှ အကောင်းဆုံး သရုပ်ဆောင်ကွက်များ ထွေးရောယှက်တင်ဖြစ်နေသည့် မြင်ကွင်းကို ရင်သပ်ရှုမောခံစား

ကြရမည် မဟုတ်ပါလော။

ဦးစောသည် တရားခွင်ကို နေ့စဉ်လာရပြီး အေးဆေးတည်ငြိမ်လျက် ရုပ်မပျက်ဘဲ ကိုယ့်ကိုယ်ကို ထိန်းသိမ်းထားနိုင်သည်။ သူသည် ယခင်အခါက နန်းရင်းဝန်ဟောင်း ဖြစ်ခဲ့ဖူးသည်နှင့်အညီ လိုက်လျောညီထွေ အဆင်ပြေလှသည့် မြန်မာ့ရိုးရာ ပိုးထည်များကို ကောင်းစွာ ဝတ်စားဆင်ယင်ထားသည်။[၄] သူ့အား ချောမောသည်ဟုကား ဆို၍မရချေ။ သို့သော်လည်း အထူးသဖြင့် ခန်းမအတွင်း နေရာတော်တော်များများယူထားကြသော အမျိုးသမီးများအတွက်ကား မျက်စိဖြင့်မမြင်နိုင်သော သူ့ထံမှ ဆန်းကြယ်သည့် ဆွဲဆောင်မှု အငွေ့အသက်တစုံတရာကား ထွက်ပေါ်လျက်ရှိသည်။ ထိုအခါက သူ၏ ဝတ်စားဆင်ယင်မှုမှာ လုံးဝပြီးပြည့်စုံသည်ကား မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် မင်းခမ်းမင်းနားများတွင် အမျိုးသားများ ဆင်ယင်လေ့ရှိသော ခေါင်းပေါင်းကို ဝတ်ဆင်ထားခြင်းမရှိ၍ ဖြစ်သည်။ တကယ်တမ်းအားဖြင့် တိုနုံ့နုံ့ညှပ်ထားသော သူ့ဆံပင်သည် သူ့ဇာတိဖြစ်သော အောက်မြန်မာနိုင်ငံ သာယာဝတီခရိုင် ကျေးလက်တောရွာမှ လယ်သမားတဦးနှင့်သာ သူ့ကို တူနေစေလေသည်။

ဦးစောသည် သူနှင့် အလိုတူအလိုပါ ကြံဖော်ကြံဖက်များကို ဖခင်တဦးပုံစံဖြင့် မကြာခဏ လှမ်းကြည့်တတ်သည်။ သူတို့သည် သူ၏ သစ္စာတော်ခံ နောက်လိုက်များနှစ်ပေါင်းများစွာ ဖြစ်ခဲ့ကြသည် မဟုတ်ပါလော။ လုပ်ကြံသတ်ဖြတ်မှုကြီးကို မကျူးလွန်ရသေးခင် သူတို့သည် အချင်းချင်း သစ္စာမဖောက်ပါဟု သစ္စာဆိုကြရသည်။ ထို့နောက် တိုင်းပြည်အပေါ် သစ္စာဖောက်ဖျက်မိခဲ့သည့်အတွက် မိမိတို့ထိုက် မိမိတို့ကံဖြင့် သေကြရခြင်းဖြစ်သည်ဟု သေတမ်းစာရေးပြီး လက်မှတ်ရေးထိုးကြရသည်။ ဘညွန့်သည် အစိုးရ၏ ဖိအားပေးမှုကြောင့် ပထမဆုံး အလျှော့ပေးခဲ့သူဖြစ်သည်။

ထို့ကြောင့် သူသည် အလွန်ရက်ရောသော ဆုကြီးကို ရခဲ့ပေသည်။ သူသိသမျှ ခုံရုံးတော်အား ပြောပြရန် သဘောတူညီခဲ့လျှင် သူ့အသက်အား ချမ်းသာခွင့်ပေးမည်ဖြစ်၍ သူကလည်း သဘောတူညီခဲ့ပေသည်။

လုပ်ကြံသတ်ဖြတ်မှုကြီး မပြုလုပ်မီ ဇူလိုင်လ (၁၈) ရက်ညတွင် ဦးစော၏ အေဒီလမ်းအိမ်တွင် အစည်းအဝေးတခု ပြုလုပ်ခဲ့ကြောင်း [၅] ဘညွန့်က ပထမဆုံး ထုတ်ဖော်ပြောဆိုခဲ့သည်။ အတိုချုပ်ရှင်းပြသည့် ထိုအချိန်အထိ လုပ်ကြံသတ်ဖြတ်မှု အစီအစဉ်နှင့် ပတ်သက်၍ သူဘာမှမသိကြောင်း ပြောဆိုသွားသည်။ သူခရီးရှည်တခုက ပြန်လာပြီး အိပ်မောကျနေချိန် ရုတ်တရက် အနှိုးခံရပြီး သူ့ဆရာ ဦးစောက ချက်ချင်းတွေ့လိုကြောင်း ဆင့်ခေါ်ခံရခြင်းဖြစ်သည်။ ထို့ကြောင့် ည (၉) နာရီလောက်တွင် သူရောက်သွားသည့်အခါ၌ကား ဂျွန်တပ်၏ သေနာပတိအကြီးအကဲရှေ့၌ မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် သုခတို့ ထိုင်နှင့်နေကြပြီးဖြစ်သည်။







သူထိုင်ပြီးမကြာမီ ဦးစောက ထိုလေးယောက်လုံးကို အထူးသဖြင့် ဦးအောင်ဆန်းအား အဓိကပစ်မှတ်ထား၍ ဘုရင်ခံ၏ အမှုဆောင်တဖွဲ့လုံးကို သုတ်သင်ရှင်းလင်းပစ်ရန် တာဝန်ပေးထားကြောင်း အေးဆေးစွာဖြင့် သူ့ကို ပြောပြသည်။ ထိုအခါ ဘညွန့်သည် မယုံကြည်နိုင်လောက်အောင် ကြက်သေသေသွားသည်။ ထို့ပြင် လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ ဦးနုကို သူကိုယ်တိုင်သတ်ရန် တာဝန်အပေးခံရသည့်အခါ၌ကား သူသည် ပိုမိုအံ့အားသင့်သွားခဲ့သည်။ ပက်စက်လှသော ဤစီမံချက်ကို သဘောတူလိုက်ရသည်ထက် သူ့ဆရာကို ပိုမိုလေးစားသည့် အနေဖြင့်သာ သူသည် ခေါင်းညိတ်ခဲ့ရလေသည်။ တကယ်တမ်းတွင်လည်း သူ့ဆရာ၏အမိန့်ကို ပြန်လည်အတွန့်တက်ရန်သော်လည်းကောင်း၊ သူ့ကို ပေးအပ်သည့်တာဝန်ကို ငြင်းဆန်ရန်သော်လည်းကောင်း သူ့တွင် နည်းလမ်းမရှိချေ။

ဦးစော၏အိမ်တွင် ပြုလုပ်ခဲ့သော ဤအံ့သြစရာကောင်းလှသည့် တွေ့ဆုံပွဲမတိုင်မီကပင် ဘညွန့်နှင့် သူ့အဖွဲ့သည် နေရာအနှံ့အပြားမှ လက်နက်နှင့် ကျည်ဆန်များကို စုဆောင်းလာခဲ့ကြသည်။ သူတို့သည် ထိုလက်နက်များနှင့် ကျည်ဆန်များကို အလုံပိတ်သေတ္တာကြီးများထဲတွင် ထည့်သိုပြီး ဦးစောအိမ်နောက်ဘက် အင်းလျားကန်ထဲတွင် တချို့ကို သိုဝှက်ပြီး တချို့ကို ဦးစော၏ ဇာတိမြို့ သာယာဝတီသို့ သယ်ပို့ထားခဲ့ကြသည်။ အင်းလျားကန်၏ 'ကဗင်' ကျွန်းပေါ်တွင်လည်း ဆရာများက သေနတ်ပစ် သင်ခန်းစာများ ပို့ချပေးခဲ့သည်ဟု ဘညွန့်က ထုတ်ဖော်သွားသည်။ ဦးစော၏ အေဒီလမ်းနေအိမ် ခြံဝင်းအတွင်းတွင်လည်း သစ်ပင်များတွင် ပစ်မှတ်များပြုလုပ်၍ သေနတ်ပစ်လေ့ကျင့်ခဲ့ကြသည်။ "ဒါဟာ ဘဏ်ကို အနုကြမ်းစီးဖို့ပဲလို့ ကျနော်တို့ထင်ခဲ့ကြတယ်။ လုပ်ကြံမှုကြီးမတိုင်မီ ညအထိ အစိုးရတဖွဲ့လုံးကို သုတ်သင်ရှင်းလင်းမယ့် အစီအစဉ်ကို ကျနော်တို့ လုံးဝမသိခဲ့ရပါဘူး" ဟု ဘညွန့်က ပြောဆိုခဲ့လေသည်။

ဤကဲ့သို့ ဘညွန့်က သူတို့အနေဖြင့် ဝန်ကြီးအဖွဲ့ဝင်အားလုံးကို သတ်ဖြတ်ရန် ဆိုးယုတ်သောအစီအမံကို ဘာမျှမသိနားမလည်ခဲ့ကြကြောင်း ပြောဆိုခြင်းသည် လှည့်ဖြားယောင်ဆောင်သောစကားဖြစ်သည်။ သူတို့လူတစုသည် ပျာယာခတ်စွာ လှုပ်ရှားတက်ကြွလုပ်ကိုင်နေကြခြင်းကိုပင် အနည်းဆုံး အရိပ်အမြွက်သံသယရှိလာကြပြီး ဘဏ်တိုက်ကိုဝင်စီးမည့်ကိစ္စထက် ပိုမိုရန်လိုသောအကြောင်းကြောင့် ဖြစ်ရမည်ဟု ထင်လာကြရလိမ့်မည်။ ဖော်ကောင်ဘညွန့်က သူ၏ သက်သေခံထွက်ချက်တွင် အမှန်စင်စစ် ဖြစ်ပေါ်ခဲ့သည်ဆိုသည့် အတွေ့အကြုံများ တင်ပြရာတွင် အကြောင်းတခုမှာ သူနှင့် မောင်စိုးတို့သည် ဦးစော၏ အကြံအစည်ထင်မြင်ချက်များ အတွင်းကျကျ သိခဲ့ရသည်။ ဇူလိုင်လ (၁၅) ရက်နေ့တွင် ခေါင်းဆောင်က ထုတ်ဖော်ပြောပြသည်မှာ "မြန်မာပြည်တွင် နိုင်ငံရေး ဆက်လက်ဆောင်ရွက်နိုင်ရန် အတိုက်အခံနိုင်ငံရေးအဖွဲ့များ၏ ခေါင်းဆောင်များကို သတ်ဖြတ်ပစ်ရမည်ဖြစ်၏"။ ထို့ပြင် "အများဆုံး လက်နက်ကိုင် နောက်လိုက်များရှိသော

နိုင်ငံရေးအဖွဲ့သည် နိုင်ငံကို အုပ်စိုးမည်ဖြစ်သည်။"

သူတို့၏ လူအုပ်အထဲတွင် ဝါကြီးသူတယောက်ဖြစ်သည့် ခင်မောင်ရင်ကလည်း ရှေ့ဆောင်လူကြီး၏ အကြံအစည်များကို နားလည်မှုရှိသူတဦးဖြစ်လိမ့်မည်။ သူ၏ ဖြောင့်ချက်တွင် အတိတ်ကာလကဖြစ်ရပ်များကို တင်ပြရာတွင် ဦးစော၏အသက်ကို ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် ရန်ရှာခဲ့သည့်အကြောင်းမှ ဆက်၍ အံ့သြဖွယ်ကောင်းသော ဖြစ်ပုံတစုံ ထုတ်ဖော်ပြောပြခဲ့သည်မှာ ဦးစောက အမိန့်ပေးပြီး လုပ်ခိုင်းသည့် တာဝန်အရ "စစ်ဦးစီးဗိုလ်ချုပ်၏ ပြည်လမ်းနေအိမ် ညပိုင်းညှော့ခံပွဲတွင် ဦးအောင်ဆန်းအား ပစ်ခတ်ရန် စေလွှတ်ခဲ့ရာ ဦးအောင်ဆန်း ကားဖြင့်ရောက်လာသည်ကို မြင်သော်လည်း သူပြန်လာကာ ဦးစောအား ဦးအောင်ဆန်း ထိုပွဲသို့ တက်ရောက်ခြင်းမရှိဟူ၍ လိမ်ပြောလိုက်ကြောင်း။" သူပြောတာ မှန်တယ်လို့ ယုံကြည်ရလျှင် ဦးစော လန်ဒန်မြို့မှ ၁၉၄၇ ခု၊ ဖေဖော်ဝါရီလတွင် ပြန်ရောက်လာပြီး မကြာမီလောက်ကဖြစ်လိမ့်မည်။ ဦးစောသည် သခင်ဗစိန်နှင့်အတူ အောင်ဆန်း–အက်တလီစာချုပ်ကို ငြင်းပယ်ခဲ့ကြပြီး သူတို့နှစ်ဦးက ဒေါက်တာဘမော် အပါအဝင် တခြားခေါင်းဆောင်များပါစုပေါင်း၍ ဖဆပလအား အတိုက်အခံမဟာမိတ်တပ်ဦးဖြစ်မည့် 'လွတ်လပ်ရေး ပထမ မဟာအဖွဲ့' ခေါ် အသင်းဖွဲ့ရန် ရည်ရွယ်ကြိုးစားခဲ့ကြသော်လည်း အောင်မြင်ခြင်းမရှိသည့်အချိန်လည်း ဖြစ်ခဲ့သည်။ ထိုကာလဝယ် ဂဠုန်စစ်သူကြီး၏စိတ်နေ ဘယ်လိုရှိသလဲဆိုတာ စဉ်းစားသာကြည့်ကြပါစို့။

ဘညွန့်သည် ခုံရုံးတော်ရှေ့၌ ထွက်ပေါ်လာခဲ့သော အရေးကြီးဆုံး သက်သေဖြစ်ခဲ့ ရုံမှုမက သူသည် ဦးစောကို ဆန့်ကျင်၍ သက်သေခံခဲ့သည့် တဦးတည်းသော ပုဂ္ဂိုလ်လည်း ဖြစ်ခဲ့လေသည်။ (၁၉) ရက်နေ့တွင် အတွင်းဝန်ရုံး၌ ရက်စက်ယုတ်မာသော လူသတ်မှုကြီးဖြစ်ပွားပြီးနောက် ရန်ကုန်မြို့တွင် လူ (၈၀၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ စီအိုင်ဒီ (မှုခင်းစုံစမ်းထောက်လှမ်းရေးဌာန)၊ အင်းစိန်ပုလိပ်တပ်ဖွဲ့နှင့် ရန်ကုန်မြို့တော် ပုလိပ်တပ်ဖွဲ့တို့က [၆] စစ်ဆေးမေးမြန်းပြီး လူအများစုကို ပြန်လည်လွှတ်ပေးခဲ့သည်။ နောက်ဆုံးတွင်ကား တရားလိုပြ သက်သေ (၁၃၁) ယောက်အနက် (၈၇) ယောက်သည် ဗြိတိသျှဘုရင်ဘက်မှ ထွက်ဆိုပေးခဲ့သည်။ သူတို့ထဲမှ အများအပြားမှာ အတွင်းဝန်ရုံးအတွင်း တကယ် ဝင်ရောက်တိုက်ခိုက်မှုကို သက်သေထွက်ဆိုခဲ့ကြသည်။ ယင်းတို့မှာ စာရေးထင်ပေါ်၊ တံခါးကို စောင့်ကြပ်ပေးခဲ့ရသော မင်းစေလုလင် သောင်းစိန် စသည်တို့ဖြစ်သည်။ ၎င်းအပြင် သတင်းစာဆရာမောင်သန်းသည်လည်း ကိုထွေးသတ်မှုအတွက် သက်သေဖြစ်ခဲ့ပြီး သတိဝီရိယရှိသော သတင်းထောက် ကိုစိန်မောင်ကလည်း လူသတ်သမားများ ထွက်ပြေးလွတ်မြောက်ရာတွင် စီးနင်းသွားသည့် ဂျစ်ကား၏နံပါတ်ကို ရေးမှတ်ထားနိုင်ခဲ့သည်။ ၎င်းတို့အားလုံးက ခုံရုံးတော်ရှေ့တွင် သက်သေထွက်ဆိုခဲ့ကြသည်။ [၇]

ဦးထွန်းလှအောင်ကလည်း ဦးစော၏ အေဒီလမ်းနေအိမ်ကို အသေးစိတ်ရှာဖွေရန်







အမိန့်ပေးခဲ့သည်။ အိမ်နောက်ဖေးတွင် ဦးစောက သူတို့မိသားစုကိုးကွယ်ရန် တည်ထားသော စေတီတော်ရှိသည့် ရေကန်ထဲမှ ဒသမ (၃၀၃) ကျည်ဆန်များ ထည့်ထားသော သေတ္တာရှစ်လုံး၊ တော်မီဂန်း (၄) လက်၊ စတင်းဂန်း (၁) လက်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ လက်နက်ကျွမ်းကျင်သူ ပညာရှင်တဦးက ထိုသို့သိမ်းဆည်းရမိသော လက်နက်ကျည်ဆန်များနှင့် လုပ်ကြံသတ်ဖြတ်ခံရသူများ၏ ကိုယ်ခန္ဓာထဲမှ ရရှိသော ကျည်ဆန်များကို စစ်ဆေးကြည့်ရှုခဲ့ရာ ရေကန်ထဲမှ ရရှိသော သေနတ် (၅၀) လက် အနက် (၄) လက်မှာ ဇူလိုင်လ (၁၉) ရက်နေ့က အတွင်းဝန်ရုံး၌ လူသတ်သမားများ လုပ်ကြံသတ်ဖြတ်ရာတွင် အသုံးပြုခဲ့သော သေနတ်များဖြစ်သည်ဟု ကောက်ချက်ချခဲ့သည်။

ထိုနေ့က သတ္တုဖြင့် ပြုလုပ်ထားသော မော်တော်ကားနံပါတ်ပြားအတု (၂) ခုကိုလည်း တွေ့ရှိခဲ့သည်။ တခုပေါ်တွင် (RC 1814) ဟု ရေးသားထားပြီး လူသတ်သမားများ စီးနင်းသော ဂျစ်ကားနောက်မှ မှတ်သားမိလိုက်သည့် နံပါတ်ဖြစ်နေသည်။ အခြားတခုမှာ (RA 3123) ဖြစ်ပြီး ယင်းကို ဖို့ဒ်ဆန်ထရပ်ကားတွင် အသုံးပြုခဲ့သည်ဟု ယူဆရပေသည်။ ပထမဆုံးနံပါတ်ပြား၏ နောက်ကျောဘက်တွင် အဝါရောင်ဆေးသုတ်ထားပြီး နံပါတ် (RB 4140) ကို ရေးသားထားသည်။ ကျွန်ုပ်၏ဖခင်သည် ဇူလိုင်လ (၁၉) ရက်၊ နေ့လယ်တွင်ပင် ဦးစောနေအိမ်သို့ ရောက်ရှိသွားပြီး ဖို့ဒ်ဆန်ကားနှင့် အခြားဂျစ်ကားနှစ်စီးကို တွေ့ရှိခဲ့သည်။ ဖို့ဒ်ဆန်ကားတွင် (MTLA 183) နံပါတ်ပြားကို တပ်ဆင်ထားပြီး ဆေးပင် မခြောက်သေးသော အမိုးနှင့် ဂျစ်ကားတစီးမှာမူ (GEN 167) နံပါတ်ပြား ရှိနေပေသည်။ (RB 9831) နံပါတ်မှာ အမှန်တကယ်အားဖြင့် စမ်းချောင်းဇလွန်လမ်းမှ ဦးဘအေး ဆိုသူ၏ ဂျစ်ကားနံပါတ်ဖြစ်ကြောင်း ပုလိပ်များက ခြေရာခံဖော်ထုတ်နိုင်ခဲ့သည်။ ဦးစော၏ဇနီးဖြစ်သူ ဒေါ်သန်းခင်၏ တူတော်သူဖြစ်ပြီး သူနှင့်အတူ ဖို့ဒ်ဆန်ကားတွင် အတူလိုက်ပါခဲ့သူ ခင်မောင်ရင်အား ယင်းနံပါတ်ပြားများကို ဆေးသုတ်ရန် တာဝန်ပေးခဲ့ကြောင်း ဘညွန့်က ထုတ်ဖော်ပြောဆိုခဲ့သည်။

ဦးစော၏ အိမ်နောက်ဘက် ရေကန်ထဲတွင် ထပ်မံရှာဖွေကြရာမှ ပိုမိုစိတ်ဝင်စားဖွယ်ကောင်းသော ရှာဖွေတွေ့ရှိမှုကြီးတရပ်ကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပြန်သည်။ ရေကန်အစပ်မှ ဆယ်မီတာခန့်အကွာ၌ လေအလုံပိတ် သံဖြူပုံးများထဲတွင် ထည့်သွင်းထားပြီး ခြောက်သွေ့နေသော လက်နက်များကို တွေ့ရပြန်သည်။ ယင်းလက်နက်များမှာ ဘရင်းဂန်း (၃၇) လက်၊ သေနတ်ပြောင်းအပို (၅၉) ခု၊ ကျည်ဆန်အပြည့်ဖြည့် ဒသမ (၃၈) ခြောက်လုံးပြူး (၈) လက်၊ ကိုလ်တ် ပစ္စတိုတလက်၊ အမေရိကန်လုပ် ကာဘိုင် (၃) လက်၊ တော်မီဂန်း (၅) လက်နှင့် မဂ္ဂဇင်းတောင့် (၆) ခု၊ စတင်းဂန်း (၃) လက်၊ စတင်းဂန်းကျည်ဆန်အတောင့် (၇,၀၀၀) ခန့် ထည့်ထားသော ဂျယ်ရီကန် ဓာတ်ဆီပုံး (၂) ပုံး၊ ဒသမ (၃၀၃) ရိုင်ဖယ် (၃) လက်နှင့် ကျည်ဆန်အတွဲအလိုက် အတောင့် (၇,၀၀၀)၊ ဒသမ

(၃၀၃) ကျည်ဆန်များထည့်ထားသော ကျည်ဆန်ဘူး (၁၅) ဘူး၊ ဒသမ (၃၀၃) ကျည်ဆန် (၅၀၀) တောင့်စီပါရှိသော ပခုံးသိုင်းကျည်ဆန်စလွယ် (၃၀) ခုနှင့် မတ်ခ် (၃၆) ဗြိတိသျှ မီးလ်လက်ပစ်ဗုံး (၇၅) ခုတို့ဖြစ်သည်။

ဦးစော၏ ဂဠုန်တပ်နှင့် ဆက်နွယ်မှုရှိသူတဦးပိုင် ရန်ကုန်ရှိ အခြားအိမ်တအိမ်တွင်လည်း လက်ပစ်ဗုံး (၄၄) လုံး၊ ဖောက်ခွဲမိုင်း (၄၉) ခု၊ ဒသမ (၃၀၃) ကျည်ဆန်အတောင့် (၇၃၀)၊ စတင်းဂန်းကျည်ဆန်အတောင့် (၃,၀၀၀)၊ ကျည်ကာအင်္ကျီကို ဖောက်နိုင်သော ကျည်ဆန်တောင့်များနှင့် အချိန်ထိန်းခလုပ်များပါရှိသော သေတ္တာ (၇) သေတ္တာ၊ လက်ပစ်ဗုံးများအပြင် ဘရင်းဂန်း၊ တော်မီဂန်းနှင့် ကာဘိုင်သေနတ်ကျည်ဆန်မဂ္ဂဇင်းတောင့်များ ပါရှိသော သေတ္တာ (၇) သေတ္တာတို့ကို ပုလိပ်များက ရှာဖွေတွေ့ခဲ့ပြန်သည်။ ဦးစောနှင့် သူ့နောက်လိုက်များတွင် ရန်ကုန်မြို့တွင်း၌ တော်လှန်ရေးတရပ် ဆင်နွှဲရန် စစ်လက်နက်ပစ္စည်း အလုံအလောက်ရှိနေခဲ့လေသည်။ ယင်းတော်လှန်ရေးမှာလည်း ဦးစော၏ စီမံချက်တရပ် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဦးစောနှင့် သူ့လူများသည် မည်သည်ကို ဦးတည်ရည်ရွယ်ခဲ့ပါသနည်း။ ဤအချက်နှင့်ပတ်သက်၍ မည်သူမျှ မသိနိုင်ခဲ့ပေ။ ဘည္ဘွန့်သည်ပင်လျှင် ထိုအတွက် သဲလွန်စများ ထပ်မံပေးနိုင်ခဲ့ခြင်း မရှိချေ။

တရားရုံးတော်၏ ကြားနာမှုများကို ရက်သတ္တပတ်ပေါင်းများစွာ ဆက်လက်ပြုလုပ်နေခဲ့သော်လည်း တနေ့တာ တရားစီရင်မှုကို ကြည့်ရှုလေ့လာနိုင်ရေးအတွက် ခွင့်ပြုလက်မှတ်ရရှိရန် ပြည်သူလူထုမှာ နံနက်တိုင်းတန်းစီနေကြဆဲဖြစ်သည်။ ဦးစောကို ဆန့်ကျင်သော သက်သေများမှာ ပိုမိုများသည်ထက် များလာနေခဲ့သည်။ အရေးကြီးသော သက်သေအများအပြားကို စစ်ဆေးပြီးသည့်အခါ၌ကား လူသတ်ရန် ပူးပေါင်းကြံစည်မှု၊ လူသတ်ရန် အားပေးကူညီမှုနှင့် ဦးစောကိုယ်တိုင် ပါဝင်ပတ်သက်မှုများကို ဆက်စပ်ဖော်ပြသော ဥပဒေစကားရပ် အပြည့်အစုံအရဆိုလျှင် "တူညီသောရည်ရွယ်ချက် အကျိုးစီးပွားအလို့ငှာ လူသတ်ရန် တာဝန်ပေးစေခိုင်းမှု" စသည့် စွဲချက်များဖြင့် သူတို့ (၉) ယောက်လုံးကို တရားစွဲဆိုနိုင်ခဲ့လေသည်။

မည်သို့ဆိုစေ တချိန်က သူ့နောက်လိုက်ဖြစ်ခဲ့သော ဘည္ဘွန့်၏ သက်သေခံချက်နှင့် ပြောင်းလဲသွားသော သဘောထားများသည် ထူးဆန်းလှစွာပင် ဦးစောအား ဟန့်တားရန် စွမ်းနိုင်ခဲ့ပုံမရချေ။ အခြားသော သူ့လူများ၏ ဖြောင့်ချက်များကြောင့်လည်း ဦးစောအနေဖြင့် စိတ်နှလုံးတုန်လှုပ်ခဲ့ပုံမရချေ။ ထိုအစား သူသည် ဥပဒေအကူအညီကို ထပ်မံရယူရန် နိုဝင်ဘာလလယ်တွင် ဆုံးဖြတ်ခဲ့လေသည်။ ထိုကြောင့် အင်္ဂလန်တွင်နေသော သူ့အကိုဖြစ်သူ ဦးမောင်မောင်ကြီး၏ အကူအညီဖြင့် နာမည်ကျော်ကြားသော ဘုရင့်အတိုင်အပင်ခံတဦးဖြစ်သူ ဖရက်ဒရစ် ဟင်နရီကားတစ်ဘင်းနစ် (Frederick Henry Curtis-Bennett) ကို ငှားရမ်းလိုက်သည်။ ဦးစောသည် ချမ်းသာကြွယ်ဝသူတဦးအဖြစ် လူသိများ







ခဲ့သော်လည်း ယခု ဤအမှုနှင့်ပတ်သက်၍ အပိုကုန်ကျစရိတ်များ ကာမိသွားစေရန် ဘဏ်မှ ချေးငွေအမြန်ရရှိရေးအတွက် သူ့မိသားစုပိုင် ရွှေငွေရတနာများကို အပေါင်ပစ္စည်းအဖြစ် အပ်နှံခဲ့ရလေသည်။

ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကားတစ်ဘင်နစ်သည် ဦးစောနှင့် ပထမဆုံးအကြိမ်တွေ့ဆုံရန် အင်းစိန်ထောင်ဂိတ်ဝ ကျားပါးစပ်ရှေ့သို့ ရောက်ရှိလာသောအခါ ကျွန်တော့်ယောက္ခမဖြစ်သူ တရားသူကြီးမင်း ဦးသောင်းစိန်က ထိုနေရာ၌ သူ့အား ဆီးကြိုနှုတ်ဆက်ခဲ့သည်။ ဗြိတိသျှ ဝတ်လုံတော်ရမင်းအား လုပ်ရိုးလုပ်စဉ်အရ သူ့ကိုရှာဖွေရပါမည်ဟု အသိပေးပြောဆိုခဲ့သည်။ ကားတစ်ဘင်နစ်ကလည်း သဘောတူညီခဲ့သည်။ သို့ဖြင့် အပြန်အလှန်အဖြစ် သူ့အမှုသည် ဦးစောနှင့် လွတ်လွတ်လပ်လပ်တွေ့ဆုံခွင့်ပေးခဲ့သည်။ သို့သော်လည်း သူ့ပိုက်ဆံအိတ်ကိုမူ ထောင်ဝန်ထမ်းအား ပေးအပ်ထားခဲ့ရသည်။ ၎င်းပိုက်ဆံအိတ်အား အသေအချာချိပ်ပိတ်၍ ထောင်၏ မီးခံသေတ္တာထဲ၌ သိမ်းဆည်းထားလိုက်ရသည်။ ဤသို့ဖြစ်ပျက်နေစဉ် သူ့ဗြိတိသျှ ဝတ်လုံတော်ရမင်းအား မဖွယ်မရာဆက်ဆံသည်ဟု ဦးစောက ကြားသိပြီးလျှင် ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သည်။ ကားတစ်ဘင်နစ်က တရားခွင်သို့ဝင်ရောက်လာပြီး ဖြစ်ပျက်ခဲ့သည်များကို ရှင်းလင်းပြသည့်အခါကျမှသာလျှင် သူစိတ်ကျေနပ်သွားလေတော့သည်။

ဗြိတိသျှအတိုင်ပင်ခံ၏ ဥပဒေကြောင်းအရ မဟာဗျူဟာမှာ မကြာမီပင် ထင်ရှားလာသည်။ သူ့အမှုသည်တွင် အပြစ်မရှိကြောင်း သက်သေပြရန် သူသည် လူသတ်မှုအတွက် ပူးပေါင်းကြံစည်မှု၊ အားပေးကူညီမှု စသည့်အပြစ်ဆိုရန် စွဲချက်မှန်သမျှကို ဖော်ကောင်ဘည္ဘွန့်အပေါ်သို့ ပြောင်းလွဲပုံချလိုက်လေသည်။ ဘည္ဘွန့်သည်သာလျှင် ဦးအောင်ဆန်းအား လုပ်ကြံသည့် အစီအစဉ်တခုလုံး၏ အဓိကစည်းရုံးလုပ်ဆောင်သူ ဖြစ်သည်ဟု သူက စွပ်စွဲလိုက်သည်။ ဦးစောသည် ဘည္ဘွန့်အစီအစဉ်များကို လုံးဝမသိရှိဘဲ လုပ်ကြံမှုကြီး ဖြစ်ပွားသည့်တိုင်အောင် ယင်းကိစ္စနှင့် ပတ်သက်၍ တလုံးတပါဒမျှ မသိပါဟု ကားတစ်ဘင်းနစ်က ဆက်လက်လျှောက်လဲသည်။ ဗြိတိသျှ ဝတ်လုံတော်ရမင်းက ၁၁၇၀ ခုနှစ်တွင် ကင်တာဘာရီဂိုဏ်းချုပ် ဘုန်းတော်ကြီး သောမက်စ် ဘက်ကက် (Archbishop Thomas Becket) အပေါ်၌ ကျရောက်ခဲ့သော ကံကြမ္မာနှင့် နှိုင်းယှဉ်ခိုင်းနှိုင်းပြသည်။ ထိုစဉ်က ဟင်နရီဘုရင်၏ နောက်လိုက်များက ကံဆိုးလှသော ဘုန်းတော်ကြီးအား သူ့ဘုရား ကျောင်းတော်ကြီးထဲတွင်ပင် သူ့တို့ဘာသာ သတ်ဖြတ်ခဲ့ကြသည်။ ဘုန်းတော်ကြီး ဘက်ကက်အပေါ်၌ ဘုရင်က ဒေါသအမျက်ခြောင်းခြောင်းထွက်ပြလိုက်သည့်အတွက် မင်းလိုလိုက် မင်းကြိုက်ဆောင်သည့်အနေဖြင့် မင်းမြှောင်များက ဘုန်းတော်ကြီးကို သတ်ပစ်လိုက်ကြခြင်းဖြစ်သည်။

ဝတ်လုံတော်ရမင်းက 'လူတိုင်းအား မေတ္တာရပ်ခံမှု' တခုအား ထပ်မံ တင်ပြဆွေး

နွေးပြန်သည်။ နိုင်ငံရေးသမားတယောက်အနေဖြင့် မိမိအား ထောက်ခံသူတိုင်းကို လွတ်လွတ်လပ်လပ်၊ လွယ်လွယ်ကူကူ မိမိနှင့်တွေ့ဆုံခွင့် ပေးထားရသည့်အတွက် ယင်းသို့လာရောက်တွေ့ဆုံသူ လူအုပ်ကြီးထဲမှ တဦးတယောက်က ကျူးလွန်လိုက်သည့် လုပ်ဆောင်မှုများနှင့် ပတ်သက်၍မူ သူ့အနေဖြင့် တာဝန်ယူနိုင်မှုမရှိချေ။ သို့သော် သူ၏ ငြင်းဆိုချက်များကို အထောက်အပံ့ဖြစ်စေရန်အတွက် ဝါရင့်နိုင်ငံရေးသမားဖြစ်ကြသော ဒေါက်တာဘမော်နှင့် သခင်ဗစိန် စသည်တို့ကို တရားခံပြ သက်သေများအဖြစ် ခေါ်ယူလိုက်ပြီး ပြန်လှန်မေးခွန်းများ မေးခဲ့သည်။ လုပ်ကြံသတ်ဖြတ်မှုကြီး ဖြစ်ပွားပြီး (၂) ရက်အကြာတွင် သခင်ဗစိန်ကို ကာကွယ်ထိန်းသိမ်းမှု ပြုလုပ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအခါက သူနှင့် ဒေါက်တာဘမော်တို့ နှစ်ယောက်လုံးသည် ဖဆပလအဖွဲ့ချုပ်ကို ဆန့်ကျင်ရန်အတွက် မဟာမိတ်ဖွဲ့ရန် စည်းရုံးလှုံ့ဆော်နေကြသည့်အလျောက် ဤလုပ်ကြံမှုကြီး၌ သူတို့ ပါဝင်ပတ်သက်နိုင်ခြင်းကြောင့်ဖြစ်သည်။ ဦးစောနှင့် သူတို့၏ ခင်မင်ရင်းနှီးမှုမှာ လူတိုင်းအသိဖြစ်သည်။ သူတို့ဆက်ဆံရေးမေးခွန်းများနှင့် ပတ်သက်၍ ဖြေကြားရာတွင် ဦးစောဖြေသကဲ့သို့ပင် နိုင်ငံရေးသမားများအနေဖြင့် သူတို့သည် သူတို့ကို ထောက်ခံအားပေးသူများ၊ သူတို့နောက်လိုက်များနှင့် လုပ်ဖော်ကိုင်ဘက်နိုင်ငံရေးသမားများကို ပုံမှန်အားဖြင့် တွေ့ဆုံနေကြရသည်ဟု တုံ့ပြန်ဖြေကြားခဲ့ကြသည်။” သို့ရာတွင် ဦးစောနှင့်အခြား ခေါင်းဆောင်နိုင်ငံရေးသမားများအကြား ခိုင်မာသော အဆက်အစပ်ရှိကြသည့် လက္ခဏာကိုမူ မတွေ့မြင်ရပါချေ။

တရားလိုဘက်မှ ကင်တာဘာရီဂိုဏ်းချုပ် ဘုန်းတော်ကြီး အသတ်ခံရမှုနှင့် မြန်မာအစိုးရတဖွဲ့လုံးကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတို့အား ကားတစ်ဘင်းနစ်က ထူးထူးဆန်းဆန်း နှိုင်းယှဉ်ပြမှုကို ရိုးရိုးလေးနှင့် ငြင်းချက်ထုတ်နိုင်ခဲ့ပါသည်။ ဦးစောသည် ဘုရင်တပါးမဟုတ်သည့်အပြင် သူအစွပ်စွဲခံနေရသည့် ရာဇဝတ်မှုကို သူသည် နောက်ကွယ်မှ ကြံစည်ကြိုးကိုင်နေသည့် အရည်အချင်းနှင့် အပြည့်စုံဆုံး ပုဂ္ဂိုလ်လည်း ဖြစ်နေသည်ဟု တရားလိုဘက်က တင်ပြနိုင်ခဲ့လေသည်။ ဘုန်းတော်ကြီး သောမက်စ်ဘက်ကက်ကို သတ်ဖြတ်မှုနှင့် နှိုင်းယှဉ်ရာ၌ သရော်ကွက်ဖြစ်သွားခြင်းမှာ ထိုအမှုကြောင့် ဘုရင်ဟင်နရီအနေဖြင့် အရှက်တကွဲအကျိုးနည်းဖြစ်ရပြီး အသတ်ခံရသူ ဘုန်းတော်ကြီးမှာ သူတော်စင် စာရင်းဝင်သွားခြင်းပင်ဖြစ်သည်။ ကားတစ်ဘင်နစ်အနေဖြင့် ဤအချက်ကို ဂရုမမိခဲ့ပုံမရချေ။

ၚင်းအပြင် ကားတစ်ဘင်နစ်အနေဖြင့် ဘည္ဂွန့်၏ အရေးပါလှသော သက်သေခံချက်ကို တကယ်တမ်းချေဖျက်ရာတွင် မတတ်နိုင်သလောက်ဖြစ်ခဲ့ရသည်။ တရားလိုဘက်က ဦးစော၏အိမ်နီးချင်း (၃၉) ယောက်မြောက် သက်သေ ကပ္ပတိန်ခန်းကို တင်ပြသည့်အခါတွင်ကား ဦးစောအား စွပ်စွဲထားသော အမှုသည် ပိုမိုကျစ်လစ်ခိုင်မာသွားခဲ့သည်။





ကပ္ပတိန်ခန်းသည် ဇူလိုင် (၁၉) ရက်နေ့က လူသတ်သမားများစီးလာသော ဂျစ်ကားနှင့်တိုက်မိလုနီးပါး ဖြစ်ခဲ့သည်ဖြစ်သည်။ (၁၇) ရက်နေ့တွင် ဦးထွန်းလှအောင်က ဦးစောအိမ်ကို အမြဲမပြတ် စောင့်ကြည့်နေရန် အမိန့်ပေးခဲ့ပြီးဖြစ်ကြောင်း ထွက်ပေါ်လာခဲ့သည်။ ဦးစော၏ ဘဝင်ပိုမိုမြင့်တက်လာမှုနှင့် သူ၏ ခြံဝင်းထဲ၌ လက်နက်ပုန်းများ လျှို့ဝှက်သိမ်းဆည်းထားသည်ဟူသော သံသယဖြစ်မှုများက စီအိုင်ဒီ၏ အာရုံကို ဆွဲဆောင်ခဲ့သည်။ ဦးစော၏ နေအိမ်ကို စောင့်ကြည့်ရန် ပထမဆုံး တာဝန်ပေးခံရသူမှာ ရဲတပ်ကြပ် အောင်ကျော်စိန်ဖြစ်ပြီး (၁၈) ရက်နေ့တွင် ကပ္ပတိန်ခန်းက ဆက်လက်တာဝန်ယူခဲ့သည်။ သို့ဖြင့် ကပ္ပတိန်ခန်းက သူ၏ စိတ်ချအယုံကြည်ရဆုံးသူ နှစ်ဦးဖြစ်သည့် သူ့စာရေးဖြစ်သူ လှတင်နှင့် နောက်တယောက်ဖြစ်သော စိုးမြင့်တို့ကို အင်းလျားကန် ကျွန်းဆွယ်ပေါ်ရှိ သံသယရှိစရာကောင်းလှသည့် ရဲတိုက်နှင့်တူသော အေဒီလမ်းခြံဝင်းကြီးကို (၂၄) နာရီ အချိန်ပြည့်စောင့်ကြပ်ကြည့်ရှုရန် အမိန့်ပေးခဲ့သည်။ ကပ္ပတိန်ခန်း၏ လူတယောက်သည် ငါးမျှားသမား ယောင်ဆောင်နေသည့်အတွက် ကန်စပ်တွင် နာရီပေါင်းစွာ ထိုင်နေနိုင်သည့် အကောင်းဆုံးအခွင့်အရေးကို ရရှိခဲ့သည်။

(၁၉) ရက်နေ့ နံနက်တွင်မူ ကပ္ပတိန်ခန်းနှင့် သူ့လူနှစ်ယောက်သည် ထိုခြံဝင်းအားအကောင်းဆုံးအနေအထားမျိုးစုံမှ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြသည်။ နံနက် (၁၀) နာရီတွင် လှတင်က ပြုလုပ်နေကျ ဝတ္တရားအတိုင်း ဦးစောအိမ်ဝင်းအတွင်းမှ ဂျစ်ကားတစီးထွက်သွားကြောင်း ကပ္ပတိန်ခန်းထံ သတင်းပို့လိုက်သည်။ လှတင်သည် သူ၏ မှန်ပြောင်းထဲမှ မိုးကာအင်္ကျီကဲ့သို့သော အပေါ်ရုံဝတ်ဆင်ထားသည့် လူ (၄) ယောက် သို့မဟုတ်(၅) ယောက်ကို ကားထဲတွင် မြင်လိုက်ရသည်။ ဂျစ်ကား၏ နံပါတ်ကို (RC 1814) ဟု မှတ်သားမိလိုက်ရသည်။ လှတင်သည် ဦးစောကိုယ်တိုင် ဂိတ်ပေါက်သို့ထွက်လာပြီး ကားထွက်သွားသည်ကို ကြည့်ရှုလျက်ရှိသည်ကိုလည်း မြင်လိုက်ရသည်။ ထို့နောက် အိမ်ဘက်ပြန်မသွားမီ အဝင်ပေါက်ကို စောင့်နေသူအား တစုံတရာ တီးတိုးကပ်ပြောသွားသည်ကိုလည်း တွေ့လိုက်ရသည်။ တနာရီကြာပြီးနောက် ကပ္ပတိန်ခန်းသည် သူတို့လုပ်ငန်းပြီးစီး၍ ပြန်လာသော ဂျစ်ကားနှင့်ပင် တိုက်မိမလိုဖြစ်ခဲ့ခြင်းဖြစ်သည်။

တရားဆိုင်နေသည့် အချိန်ကာလအတွင်းတွင် ပိုမိုပဟေဠိဆန်သော အခြားအသေးစိတ်အချက်အလက်များ ထွက်ပေါ်လာခဲ့သည်။ လူသတ်သမားတို့၏ ဂျစ်ကားရှေ့မှန်တွင် တပ်ဆင်ထားသော အဖြူနှင့် အနီရောင် ‘လျှပ်ပန်းထည်’ ပိတ်စတို့၏ ထူးခြားမှုနှင့် ပတ်သက်၍ (စီအိုင်ဒီ) အကြီးအကဲ ဦးထွန်းလှအောင်မှာ အမေးခံရသည်။ ထိုအခါ ကျွန်တော်၏ ဖခင်က “အန္တရာယ်ရှိတဲ့ လုပ်ငန်းတခု လုပ်ခါနီး၊ ဒါမှမဟုတ် ခရီးသွားခါနီးဆိုရင် လူတွေဟာ သူတို့နဲ့ သူတို့ရဲ့ မိသားစုတွေအပေါ် အထိအခိုက်ပျက်အစီး မကျရောက်စေဖို့ နတ်တွေကို ကျေနပ်အောင် ပူဇော်ပသရပါတယ်” ဟု ပြန်ဖြေခဲ့သည်။ သို့ဖြစ်သည့်

အတိုင်း လမ်းဘေး၌ ရှိနေသူများအနေဖြင့် ဇူလိုင်လအတွင်း ထိုနေ့က ရန်ကုန်မြို့ထဲတွင် အရှိန်ပြင်းစွာဖြင့် မောင်းနှင်သွားလာနေသော ၎င်းဂျစ်ကားသည် အလွန့်အလွန် အရေးကြီးသော လုပ်ငန်းတာဝန်တခုဖြင့် သွားနေမှန်း သတိထား သဘောပေါက်မိကြပေလိမ့်မည်။

သူ့ဝတ်လုံတော်ရမင်း နောက်နားမှ ကပ်လျက်လိုက်ပါလာပြီး ဒီဇင်ဘာလ (၁၁) ရက်နေ့တွင် ဦးစောက ရှေ့သို့ထွက်၍ ကျမ်းသစ္စာဆိုကာ သက်သေထွက်ဆိုရာတွင်မူ သနားညှာတာမှုရှိသော နတ်များအနေဖြင့် သူ့ဘက်၌ ရှိနေပုံမရချေ။ 'သူ၏ နိုင်ငံရေးသက်တမ်း အနှစ် (၃၀) အတွင်း သူသည် အကြမ်းမဖက်မှုကို အစဉ်သဖြင့် အခိုင်အမာ ယုံကြည်သူဖြစ်ခဲ့သည့်အတွက် ဘညွှန့်နှင့် သူ့အပေါင်းအသင်းများ ဤကဲ့သို့ မိုက်မိုက်ကန်းကန်း ဆင်ကန်းတောတိုးသကဲ့သို့ ကောက်ကျစ်ယုတ်မာလွန်းစွာ ပူးပေါင်းကြံစည် ကျူးလွန်ခဲ့သည့် ပြစ်မှုမျိုးကို သူ့အနေဖြင့် ထောက်ခံခွင့်ပြုပေးစရာအကြောင်းမရှိ' ဟု သူက ထွက်ဆိုသွားသဖြင့် နားထောင်နေသူ ပရိသတ်ကြီး မယုံသင်္ကာ အံ့အားတသင့်ဖြစ်သွားခဲ့သည်။ အကြောင်းသော်ကား ဦးစောတွင် ဂဠုန်တပ်ခေါ် သူ့ကိုယ်ပိုင် 'ပြည်သူ့စစ်' အဖွဲ့ကြီး ရှိနေခဲ့သည်မဟုတ်ပါလော။ သို့ဖြစ်၍ မည်သူမျှ သူ့အပေါ် မြန်မာနိုင်ငံ၏ မဟတ္တမဂန္ဒီကဲ့သို့ ယုံကြည်လေးစားထင်မှတ်မသွားမည်မှာလည်း အလွန်ကျိန်းသေပါသည်။ သို့သော် သူက 'ဇူလိုင်လ (၁၈) ရက် နေ့ခင်းပိုင်းတွင် သူသည် ဗိုက်နာ၍ နေမကောင်းဖြစ်နေခဲ့ကာ နောက်တနေ့လုံးလိုလို အိပ်ရာထဲ လှဲနေခဲ့ရသည်' ဟု ဆက်လက်ထွက်ဆိုသည်။ (၁၉) ရက်နေ့ မွန်းတည့်ပိုင်းလောက်တွင်မှ တစုံတယောက်က သူ့ကို ဤလုပ်ကြံသတ်ဖြတ်မှုသတင်းအား ပြောပြခဲ့ပြီး ထိုအချိန်ကျမှ ဤကြေကွဲဖွယ်ရာ ဖြစ်ရပ်ဆိုးကြီးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ကြားဖူးခဲ့ခြင်းဖြစ်သည်' ဟု သူက ပြောဆိုလိုက်သည်။

သူ၏ အရင်းအနှီးဆုံး နောက်လိုက်များလည်းဖြစ်ပြီး သူနှင့်အတူ ခုခံထုချေနေသူ အခြား (၈) ယောက်မှာ ၎င်းတို့အပေါ် ရုံးတော်က စွဲဆိုသည့် စွဲချက်များအပေါ် စိတ်မပါတပါဖြင့် ပြန်လည်တုံ့ပြန်ခဲ့ကြသည်။ မောင်နီတဦးသာလျှင် ကျမ်းကျိန်ကာ ရှေ့ထွက်သက်သေခံခဲ့သည်။ သူ့တွင် အပြစ်မရှိကြောင်း လျှောက်လဲပြီး ဤလျှို့ဝှက်ကြံစည်မှုနှင့် ပတ်သက်၍ သူဘာမျှမသိခဲ့ရကြောင်း၊ ဇူလိုင်လ ထိုနေ့က ဗို့ဒ်ဆန်ထရပ်ကားပေါ်တွင် သူအနေဖြင့် ခရီးသည်တယောက်ပမာ လိုက်ပါသွားခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဗို့ဒ်ဆန်ထရပ်ကားပေါ်တွင် လိုက်ပါခဲ့သူ နောက်တဦးဖြစ်သည့် မှုန်ကြီးကလည်း တကယ့်သေနတ်သမား သုံးဦးဖြစ်သည့် မောင်စိုး၊ သက်နှင်းနှင့် ရန်ကြီးအောင်တို့ကဲ့သို့ပင် ရိုးရိုးလေး တောင်းပန်ငြင်းဆိုသွားခဲ့သည်။

သို့သော်လည်း ယခုအချိန်အထိ ဦးစောအပေါ် သစ္စာစောင့်သိခဲ့ကြသော သူ့နောက်







လိုက်များသည် မကြာမီမှာပင် လျှော့ပေးစပြုလာသည်။ သူတို့၏ ပြစ်ဒဏ်များ လျှော့ပေါ့သွားစေရန် မျှော်လင့်ချက်ဖြင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ပထမ ထရပ်ကားပေါ်တွင် ပါသွားသူ ဦးစောဇနီးသည်၏ တူတော်သူ ခင်မောင်ရင်က သူသည် ဦးစော၏အိမ်တွင် ၁၉၄၂ ခု၊ ဇွန်လမှစ၍ နေထိုင်ခဲ့ကြောင်းနှင့် အသက်အရွယ်ကွာခြားမှုအရ သူသည် ဦးစော၏ စကားကို နားထောင်ရမှာဖြစ်ကြောင်း သက်သေခံထွက်ဆိုခဲ့သည်။

ခုံရုံးတော်၏ မေးမြန်းမှုများကြားတွင် ခင်မောင်ရင်သည် စိတ်ဓာတ်ပျက်ပြားသွားခဲ့ပြီး နောက်ပိုင်းတွင် ရုံးတော်သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့သော ဦးစောခြံဝင်းအတွင်းမှ သိမ်းဆည်းရမိသည့် လက်နက်များကို သူ့အနေဖြင့် ကောင်းကောင်းသိရှိခဲ့ပါကြောင်း ဝန်ခံလေတော့သည်။ လူသတ်သမားများ စီးနင်းသော ဂျစ်ကားမောင်းသူ သုခနှင့် သေနတ်သမားများဖြစ်ကြသော မောင်စိန်၊ မောင်နီနှင့် မှုန်ကြီးတို့ကလည်း အလားတူဝန်ခံမှုများပြုကြပြီး သူတို့အနေဖြင့် ဦးစောအမိန့်ပေးသမျှကို ဆောင်ရွက်နေကြခြင်းသာဖြစ်၍ လျှော့ပေါ့၍ ပြစ်ဒဏ်ချမှတ်ပါရန် တောင်းပန်လျှောက်ထားကြသည်။ ဘညွှန့် ဝန်ခံသကဲ့သို့ လိုက်လံဝန်ခံကြသူများအနက် ဆယ်ကျော်သက်အရွယ် ရန်ကြီးအောင်သာလျှင် သူ့အား ရဲများက အကြပ်ကိုင်ဖိအားပေးမှုကြောင့်ဟု အကြောင်းပြ၍ သူ့ထွက်ဆိုချက်ကို ပြန်လည်ရုပ်သိမ်းသွားခဲ့သည်။ ဖော်ကောင်ဘညွှန့်ကမူ ဤသို့ လျှို့ဝှက်ကြံစည်မှုတွင် အစွပ်စွဲခံရသူ (၉) ယောက်လုံး ပါဝင်ပတ်သက်ခဲ့ကြောင်း ပြသနိုင်ခဲ့သည်။

ဤရာဇဝတ်မှုများကို အဘယ့်ကြောင့် ကျူးလွန်ရသနည်းဟု ရှာဖွေမေးမြန်းကြည့်သောအခါ ဦးစောမှာ ဦးအောင်ဆန်း၏ နိုင်ငံရေးပြိုင်ဘက်သက်သက်သာမကကြောင်း ပိုမိုထင်ရှားလာသည်။ အတွင်းဝန်ရုံး၌ ဖြစ်ပွားခဲ့သော သတ်ဖြတ်မှုမတိုင်မီ (၁၀) လခန့်အလို ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ဦးစောမှာ အသက်ရန်ရှာခံခဲ့ရသည်။ သူသည် ထိုနေ့က အစိုးရအိမ်တော်သို့ သွားခဲ့သည်။ ကားနောက်ဘက်တွင် သူ့လူနှစ်ယောက်လိုက်ပါလျက် သူသည် အစိုးရအိမ်တော် အဆောက်အအုံမှ နေ့လယ်ပိုင်းတွင် အိမ်ပြန်ရန် ပြန်လည်ထွက်ခွာလာခဲ့သည်။ အေဒီလမ်းအိမ်သို့အပြန် ပြည်လမ်းပေါ်ရှိ မြေနီကုန်းအဝိုင်းသို့အရောက် သူသည် နောက်ဘက်သို့ လှည့်ကြည့်လိုက်သောအခါ သူတို့ကားနောက်မှ ဂျစ်ကားတစီး ကပ်ပါလာသည်ကို သတိထားမိခဲ့သည်။ အဝိုင်းတဘက်ထိပ် ကုန်းကိုတက်ရင်း လမ်းအကွေ့ဖြစ်သည့်အတွက် ဦးစော၏ ကားမောင်းသူက ကားအရှိန်လျှော့ချလိုက်သည်။ ဂျစ်ကားသည် သူတို့ကိုမှီလာပြီး 'ပြည်သူ့ရဲဘော်' ယူနီဖောင်းဝတ် လူလေးဦးနှင့် သေနတ်ပြောင်းတခု သူတို့ဘက်ချိန်ထားသည်ကို ဦးစောက လှမ်းတွေ့လိုက်ရသည်။ သေနတ်ဖြင့် တချက်လှမ်းပစ်လိုက်ပြီး ၎င်းကားသည် အရှိန်ဖြင့် မောင်းပြေးသွားလေသည်။ သေနတ်ကျည်ဆန်သည် ဦးစော၏ ကားပြတင်းမှန် (၂) နှစ်ဘက်စလုံးကို ဖောက်ထွက်သွားသည်။ ကျည်ဆန်က သူ့ကို မမှန်သော်လည်း မှန်ကွဲစများ

က သူ့မျက်လုံးများကို ဆိုးဆိုးဝါးဝါး စူးရှသွားခဲ့လေသည်။ မျက်လုံးတဘက်မှာ အခြေအနေအတော်ဆိုးသဖြင့် ထိုအချင်းဖြစ်ပွားပြီး ဦးစောမှာ ဆေးရုံတွင် [၉] ရက်အတော်ကြာ တက်ရောက်ကုသမှုခံနေခဲ့ရသည်။ ထို့နောက် အိန္ဒိယသို့ ခေတ္တသွားကာ အထူးကုဆရာဝန်တဦးဖြင့် မျက်စိကို စစ်ဆေးစမ်းသပ်မှု ခံယူခဲ့ရသေးသည်။ သို့သော် သူ့အား တိုက်ခိုက်သူများမှာ မည်သူမည်ဝါဖြစ်မှန်း မသိခဲ့ရလင့်ကစား... ထိုနေ့က သူ့အသက်ရန်ရှာမှုနောက်ကွယ်တွင် ဦးအောင်ဆန်းရှိနေသည် [၁၀] ဟု ဦးစောက သံသယကြီးစွာ ဝင်ခဲ့သည်။ ဂျစ်ကားထဲမှ လူများမှာ ပြည်သူ့ရဲဘော်ယူနီဖောင်း ဝတ်ထားကြသည်ကို သူက ရှင်းရှင်းလင်းလင်း သတိထားမိခဲ့သည် မဟုတ်ပါလား။ ဤကဲ့သို့ ဖြစ်ပျက်ခဲ့သော်လည်း ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဗြိတိသျှဝန်ကြီးချုပ် 'ကလီးမင့်အက်တလီ' နှင့် မြန်မာ့လွတ်လပ်ရေးအတွက် တွေ့ဆုံဆွေးနွေးရန် ဦးအောင်ဆန်း လန်ဒန်သို့ သွားရာတွင်မူ သူက လိုက်ပါသွားခဲ့သည်။ သို့သော်လည်း စိတ်ထားကောက်ကျစ်လှသော ဤမြန်မာနိုင်ငံရေးသမားကြီးသည် (၂၇) ရက်နေ့တွင် ဗြိတိသျှတို့နှင့် သဘောတူစာချုပ်ကို လက်မှတ်ထိုးရန် ငြင်းဆန်ခဲ့ခြင်းဖြင့် ဦးအောင်ဆန်းအပေါ် ထားရှိသော သူ၏ အာဃာတတရားကို ပြသခဲ့လေသည်။

တရားရင်ဆိုင်နေရသည့် ကာလတလျှောက်လုံး ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းသည် တရားလိုဘက်မှ သက်သေထင်ရှားနေမှုကို တင်ပြရန် နှောင့်နှေးနေခြင်းနှင့် ပတ်သက်၍ စိုးရိမ်ပူပန်နေပုံရလေသည်။ ထိုကိစ္စနှင့် ပတ်သက်၍ သူသည် ကြိမ်ဖန်များစွာ မှတ်ချက်ပြုခဲ့သည်။ သို့သော်လည်း တရားရေးကျွမ်းကျင်သူများအနေဖြင့် ဤသမိုင်းဝင်တရားဆိုင်မှုအပေါ် လုံးဝတရားမျှတစေရန်၊ ဥပဒေရေးရာအရ ပြည့်စုံကုံလုံမှုရှိစေရန် ပိုမို၍ ဂရုစမ္မထားနေခဲ့ကြသည်။ (စီအိုင်ဒီ) အကြီးအကဲဖြစ်သူ ကျွန်ုပ်၏ဖခင် ဦးထွန်းလှအောင်သည်လည်း ပဉ္စဂံပုံရှိသော အင်းစိန်အကျဉ်းထောင်ကြီးအား (၂၄) နာရီ အချိန်ပြည့် လက်နက်ကိုင်အစောင့်များဖြင့် လုံးဝဝိုင်းရံထားလိုက်လေသည်။ လက်နက်ပြည့်တပ်ဆင်ထားသော ထောက်လှမ်းရေးတပ်က ဂိတ်ပေါက်ဝများကို လူကိုယ်တိုင် စောင့်ကြပ်လျက်ရှိပြီး ဦးစော၏ လှုပ်ရှားမှုတိုင်းကို အမြဲကြည့်ရှုလျက်ရှိသည်။ သူ့ဇနီးသည်နှင့် နေ့စဉ်တွေ့ခွင့်ရရေးအတွက် သူ၏ တောင်းဆိုချက်ကို ပယ်ချခဲ့သည်။ သို့သော်လည်း သူ့အား အစားအသောက်ချက်ပြုတ်ကျွေးရန် (၅) နှစ်သက်တမ်း ကျခံနေရသော ထောင်ကျတယောက်ကို သူနှင့် တခန်းတည်း နေစေခဲ့သည်။ တရားသူကြီးမင်း ဦးသောင်းစိန်က "ကျွန်တော်တို့အနေနဲ့ အခြားထောင်ကျတွေရဲ့ တိုက်ခိုက်ခြင်းကို ခံရမယ့်ဘေးက ဦးစောကို လုံခြုံမှုရှိစေဖို့အပြင် ဦးစောရဲ့လူတွေက ထောင်တွင်းထိုးဖောက်ဝင်ရောက်ပြီး လွတ်မြောက်အောင် ပြုလုပ်သွားမှာ၊ သူတို့ကယ်တင်ဖို့ ကြိုးပမ်းသွားမှာကိုလဲ စိုးရိမ်နေရပါတယ်" ဟု ပြောဆိုခဲ့သည်။







ဤသို့ စိုးရိမ်ကြောက်လန့်နေကြရသည်ကို မမှန်မကန်ဟုဆို၍ မရချေ။ ဦးစောကို ချုပ်နှောင်ထားပြီး ပထမအပတ်အတွင်းမှာပင် လွတ်မြောက်ရန် ကြိုးပမ်းမှုတရပ်ကို ဖော်ထုတ်နိုင်ခဲ့သည်။ ထို့အပြင် အင်းစိန်ထောင်ကို ပတ်လျက် လုံခြုံရေး တင်းတင်းကျပ်ကျပ်ချထားခဲ့သော်လည်း ထောင်အတွင်း၌မူ အလျှံပယ် ပေါပေါများများ ရရှိစားသောက်နေထိုင်ရသည့် ဦးစော၏ ဘဝပုံစံကို အခြားသူများက ဂရုစိုက်မိခဲ့ကြသည်။ ယခင်က နန်းရင်းဝန်ဖြစ်ခဲ့ဖူးသည့် အဆင့်အတန်းကို ပြန်လှန်လေးစားသောအားဖြင့် တခန်းနှင့်တခန်း ဂုံးဝင်ပေါက်များဖြင့် ကူးလူးသွားလာနေနိုင်သော အခန်းလေးခန်းပါရှိသည့် အကျဉ်းခန်းကျယ်ကြီးထဲတွင် ဦးစောကို ထားရှိခဲ့သည်။ သူ့အား ချက်ပြုတ်ပေးရန်နှင့် ခိုင်းစေသမျှကို ပြုလုပ်ပေးရန် အကျဉ်းသားတဦး ပေးထားရာ ထိုသူအား သူက 'ဘတ်တလာ' (Butler) ဟု ခေါ်ပြီး ထိုသူနှင့်အတူ သူသည် ထိုအခန်းကျယ်ကြီးထဲတွင် နေထိုင်ခဲ့ရသည်။ ထောင်အတွင်းရှိ အမှုထမ်းများအား ခေါက်ဆွဲကြော်ကျွေးခြင်းဖြင့် သူ၏ ပေးကမ်းရက်ရောမှုကို ပထမဆုံးအကြိမ်အဖြစ် သူက ပြသခဲ့သည်။ ထိုမျှမက သူ၏ ကျန်းမာရေးအတွက် နံနက် ဝီစကီတပက်၊ ည ဝီစကီတပက် သောက်ခွင့်ပေးရန် တောင်းဆိုခဲ့ပြီး နှစ်ရက်သုံးရက်ကို ဝီစကီတပုလင်းကုန်အောင် သူက သုံးဆောင်ခဲ့သည်။

စကော့ဝီစကီများကို အလွယ်တကူ အဆင်သင့်ရရှိသုံးဆောင်နိုင်စေခြင်း၊ အထူးအခွင့်အရေးနှင့် လွန်စွာအရေးကြီးသော ဤအချုပ်သားအား စောင့်ကြပ်ထိန်းသိမ်းရာ၌ အဘက်ဘက်က လျော့ရဲနေခြင်းတို့က ဝန်ကြီးဦးကျော်ငြိမ်းကို ထိတ်လန့်တကြား ဖြစ်သွားစေခဲ့သည်။ [၁၁] သို့ဖြင့် ဦးကျော်ငြိမ်းက တာဝန်ရှိသူ အကျဉ်းဦးစီးဌာနမင်းကြီး ဗိုလ်မှူးကြီးဘသော်အား ထိုနေရာမှ ဖယ်ရှားလိုက်ပြီး တရားရေးဝန်ကြီးဌာန အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်နေဆဲဖြစ်သော တရားသူကြီးမင်း ဦးသောင်းစိန်ကို ထိုရာထူးအား လွှဲပြောင်းယူစေလေသည်။ အင်းစိန်အကျဉ်းထောင် အဝန်းအဝိုင်းပြင်ပရှိ တိုင်းပြည်၏ ပေါက်ကွဲလုလုအခြေအနေမှာ ပိုမိုဆိုးဝါးလာသည့်အတွက် စိုးရိမ်ပူပန်မှုများက ထောင်တွင်းလုံခြုံရေးကို ပိုမိုတင်းကြပ်စေလေတော့သည်။

သို့သော်လည်း တရားဆိုင်ခြင်းကိုမူ နောက်ဆုံး ဒီဇင်ဘာလ (၃၀) ရက်နေ့အထိ ဆက်လက်ပြုလုပ်ခဲ့သည်။ စုစည်းရရှိထားသော ထင်ရှားသက်သေ အစုလိုက်အပြုံလိုက်ကို ဆန်းစစ်သုံးသပ်ပြီးနောက် အထူးခုံရုံးတော်အနေဖြင့် စကားလုံးရေ (၅၂,၀၀၀) ဖြင့် ရေးသားထားသော စီရင်ချက်ကို ချမှတ်နိုင်ခဲ့တော့သည်။ ထိုနေ့က တရားခွင်ကို ဖွင့်ပေးခဲ့သဖြင့် ဥပဒေပညာရှင်များ၊ သတင်းစာဆရာများ...စသဖြင့် စုရုံးရောက်ရှိလာလျက် ယင်းလူအုပ်ထဲတွင် မြန်မာဝတ်လုံတော်ရမင်းလည်းဖြစ်ပြီး စာရေးဆရာလည်းဖြစ်သော ဒေါက်တာမောင်မောင်လည်း ပါရှိခဲ့ပါသည်။ ဒေါက်တာမောင်မောင်က ဤသို့ မှတ်တမ်းတင်ခဲ့သည်။

'စီရင်ချက်ကိုဖတ်ချိန်မှာ တနာရီကျော်ကြာလေသည်။ ပထမဆုံးတရားဆိုင်သည့် နေ့ကကဲ့သို့ပင် တရားခွင်ခန်းမမှာ လူများဖြင့် ပြည့်ကျပ်လျက်ရှိနေပြန်သည်။ တရားခံများ အားလုံး ရောက်ရှိနေကြသည်။ (၈) ယောက်မှာ တရားခံများအား ထားသော ခြံအတွင်းရှိ ကြပြီး ဦးစောမှာမူ သူ၏ ဥပဒေအကြံပေး ဝတ်လုံတော်ရမင်းဘေးရှိ ကုလားထိုင်တွင် ထိုင်လျက်ရှိသည်။ စီရင်ချက်ကို ဆက်လက်ဖတ်လျက်ရှိပြီး မဆုံးနိုင်သည်နှင့်အမျှ သတင်းထောက်များမှာ ဂနာမငြိမ်ဖြစ်ကာ စိတ်မရှည်နိုင်အောင် ဖြစ်နေကြသည်။ အမှုတွဲ တခုလုံးကို ပြန်လည်အကျဉ်းချုပ်ပြနေသည်ကို နားထောင်နေရသည်မှာ ကျွန်တော့် အတွက် စိတ်ဝင်စားဖွယ်ရာဖြစ်တော့သည်။ ဖတ်နေသော အသံမှာ ပျော့ပျောင်းသည်။ အမှားအယွင်းမရှိ။ ပုဂ္ဂလဓိဋ္ဌာန်မှ လွတ်ကင်းသည်။ အသံမှာ အနီးမှလာသော်လည်း အဝေးမှလာနေသကဲ့သို့ပင်။ တရားခံများသည် ထိုင်လျက်နားထောင်နေကြသည်။ မည်သို့သော ခံစားမျိုးကိုမှ မပြသကြ။ အင်္ဂလိပ်ဘာသာဖြင့် ပြောဆိုနေသဖြင့် သူတို့ အများစုမှာ နားမလည်ကြချေ။ အမှုမှာ နောက်ဆုံးပြီးစီးသွားပြီဖြစ်သဖြင့် သူတို့အားလုံး စိတ်သက်သာရာ ရကောင်းရသွားကြပေလိမ့်မည်။'

သေနတ်သမား (၄) ဦးဖြစ်သော မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မောင်စိန်တို့အား လူသတ်မှုဖြင့်လည်းကောင်း၊ ဦးစော၊ သုခ၊ မောင်နီ၊ မှုန်ကြီးနှင့် ခင်မောင်ရင် တို့မှာ လူသတ်မှုကို အားပေးကူညီမှုဖြင့်လည်းကောင်း အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် သူတို့အားလုံးကို သေဒဏ်အပြစ်ပေးလိုက်လေသည်။

စီရင်ချက်တခုလုံးမှာ အင်္ဂလိပ်လိုဖြစ်သည့်အတွက် ပြောသမျှအားလုံး ဦးစောနား လည်ပါလိမ့်မည်ဆိုခြင်းမှာ သံသယရှိစရာပင်ဖြစ်သည်။ သူ့ပညာရေးမှာ ရှေးခေတ် အခြေခံပညာရေးအဆင့်မျှသာ ရှိ၍ သူ့နောက်လိုက်များမှာ ပို၍ နိမ့်ကျသေးသည်။ သို့သော်လည်း သူတို့အပေါ် ချမှတ်လိုက်သော ပြစ်ဒဏ်၏ ကြီးမားလေးပင်မှုကို တရား သူကြီးမင်း ဦးကျော်မြင့်၏ အသံနေအသံထားအရလည်းကောင်း၊ တရားခွင်ခန်းမ အတွင်းရှိ လူအုပ်ကြီး၏ တုံ့ပြန်မှုအရလည်းကောင်း သူတို့ခံစားမိနိုင်ကြပေလိမ့်မည်။ မိနစ်အနည်းငယ်ကြာပြီးမှ ဦးစောက ထရပ်လိုက်သည်။ တရားသူကြီးက ရုံးတော်၏ အဆုံးအဖြတ်ကို သူနားလည်၊ မလည် မေးမြန်းလိုက်ရာ သူက သူနားလည်ပါကြောင်း လေသံတိုးသော်လည်း ခိုင်မာသည့် လေသံဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ [၁၂]

သူက အသနားခံရန် ကြိုးစားလျှောက်လဲသောအခါတွင်မူ သူ့အသံများမှာ တုန်နေ လေသည်။ အချို့သော ခိုင်မာသည့် သက်သေအထောက်အထားများကို သူတင်ပြခဲ့ပြီး ယင်းတို့ကို လက်ခံသင့်သော်လည်း တရားလိုဘက်မှတင်ပြသော သက်သေအထောက် အထားများကိုသာ ရုံးတော်က လွယ်လွယ်ကူကူ ယုံကြည်ခဲ့ကြောင်း သူက ပြောဆို လိုက်သည်။







ထိုနောက် ဥပဒေအကြံပေး၏ နံဘေးရှိ ကုလားထိုင်တွင်းသို့ သူသည် ထိုင်ချ နစ်ဝင်သွားသည်။ သူ့ကို တရားခွင်မှ ခေါ်ဆောင်သွားခါနီး ရဲအရာရှိတဦးက လက်ထိတ် ခတ်မည်ပြုသောအခါ သူက "ငါ့ကို ဘာလို့လက်ထိတ်ခတ်ရမှာလဲ" ဟု စိတ်တိုစွာ ငေါက် ငန်းလိုက်သည်။ သို့ရာတွင် သူက နံဘေးရှိ တရားသူကြီးမင်း ဦးသောင်းစိန်ကို အကူအ ညီတောင်းသည့်အကြည့်ဖြင့် လှမ်းကြည့်လိုက်သောအခါတွင်ကား သူသည် မာနထောင် လွှားသည့်ပုံထက် စိတ်ရှုပ်ထွေးကာ ဝေခွဲမရသည့်ပုံပေါ်နေလေသည်။ ဤတွင် သူ၏ ယုံ ကြည်မှုပေးအပ်ခြင်းခံရသော တရားသူကြီးမင်းကလည်း ကြားဝင်လိုက်ပြီး တရားခွင် ခန်းမအတွင်းမှ လက်ထိတ်မခတ်ဘဲ စောင့်ကြပ်ခေါ်ယူသွားရန် ဦးစောကို ခွင့်ပြုလိုက် လေသည်။ သို့သော် ဇူလိုင်လ (၁၉) ရက်နေ့ သူ့အား ဖမ်းဆီးစဉ်ကတည်းက ထားခဲ့သော အခန်းကျယ်ကြီးအတွင်းသို့ မဟုတ်တော့ဘဲ သေဒဏ်ကျခံရသူများကိုသာ သီးသန့်ထား ရှိသော ကြိုးတိုက်အကျဉ်းခန်းကလေးသို့ သူ့အား ခေါ်ဆောင်သွားလေတော့သည်။

'သေဒဏ်နှင့် ပတ်သက်၍ အယူခံလွှာတင်သွင်းလိုပါက ယခု စီရင်ချက်ချမှတ်အပြီး (၇) ရက်အတွင်း လျှောက်ထားကြရမည်' ဟု အထူးခုံရုံးတော်က ပြစ်ဒဏ်ကျခံရသူ များအား သတိပေးခဲ့သည်။ ထိုသီတင်းပတ်သည် မြန်မာနိုင်ငံ၏ တရားစီရင်ရေး ခေတ် သစ်ဆီသို့ သူတို့ကို ခေါ်ဆောင်သွားပေတော့မည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံ အနေဖြင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့၌ ဓနသဟာယအဖွဲ့မှ ကင်းလွတ်သည့် လုံးဝလွတ်လပ်သော သမ္မတနိုင်ငံတော် ဖြစ်လာမည်ဖြစ်သောကြောင့်ပေတည်း။ ထိုအချိန် မှစ၍ မြန်မာနိုင်ငံသည် (လန်ဒန်ရှိ 'ပရီဗီကောင်စီ' က မဟုတ်တော့ဘဲ) ရန်ကုန်ရှိ တရား လွှတ်တော်ချုပ်ကသာလျှင် အယူခံလွှာတင်သွင်းမှုကို နောက်ဆုံး အဆုံးအဖြတ်ပေးမည့် တရားရုံးတော်ကြီး ဖြစ်လာပေတော့မည်။ ဗြိတိသျှ ဘုရင်မင်းမြတ်နေရာကို ပြည်ထောင် စုမြန်မာနိုင်ငံတော်အစိုးရက ဝင်ရောက်အစားထိုး ဆောင်ရွက်ပေတော့မည်။ အခြား တနည်းဆိုရလျှင် 'နိုင်ငံတော်နှင့် ဦးစော+သူ့လူများ' ဖြစ်လာပေတော့မည်။

သို့ဖြစ်သည့်အားလျော်စွာ ဦးစောနှင့် အခြားပြစ်ဒဏ်ကျခံရသူများ၏ အယူခံလွှာ ကို တရားလွှတ်တော်သို့ သတ်မှတ်ချက်နှင့်အညီ တင်သွင်းခဲ့သော်ငြားလည်း [၁၃] ယင်းအယူ ခံလွှာတင်သွင်းမှုများမှာ ပယ်ချခြင်းခံခဲ့ရသည်။ 'တရားခံတဦးစီသည် ဤလျှို့ဝှက်ပူးပေါင်း ကြံစည်မှုကြီးတွင် အသက်သွေးကြောပမာ အရေးကြီးသော အစိတ်အပိုင်းတရပ်စီအဖြစ် ပါဝင်ခဲ့ကြသည်' ဟု တရားလွှတ်တော်က ထုတ်ပြန်ကြေညာခဲ့သည်။ ဤစီရင်ချက်ချမှတ် မှုကို ဝင်ရောက်တားဆီးစွက်ဖက်ရန် တရားဥပဒေအကြောင်းအရ မည်သို့သောအကြောင်း အချက်ကိုမျှ မတွေ့ရှိခဲ့ရချေ။ ထိုကြောင့် ပြစ်ဒဏ်ချခံရသူများက တရားလွှတ်တော်ချုပ် သို့ ဆက်လက်အသနားခံလွှာ တင်သွင်းခဲ့ကြပြန်သည်။ လန်ဒန်ရှိ 'ပရီဗီကောင်စီ' က ပြဋ္ဌာန်း ထားခဲ့သော ယခင်စည်းမျဉ်းဥပဒေများမှ လမ်းညွှန်မှုများကိုရယူကာ တရားလွှတ်တော်

ချုပ်က ယင်းအသနားခံလွှာများကို သေချာစွာ စဉ်းစားလျက် နောက်ဆုံးတွင် ပယ်ချလိုက်လေသည်။

သို့ဖြစ်လေရာ ပြစ်ဒဏ်ချခံရသူ (၉) ဦးအတွက် လမ်းတလမ်းသာ ကျန်တော့သည်။ ၎င်းနောက်ဆုံးမျှော်လင့်ချက်မှာ နိုင်ငံတော်သမ္မတထံမှ သက်ညှာထောက်ထား ကရုဏာပွားမှုကို တောင်းခံရန်သာ ဖြစ်လေသည်။ သမ္မတနိုင်ငံတော်သစ်၏ ဂုဏ်ကျက်သရေ မြင့်မားလှသော သမ္မတကြီးမှာ ရှမ်းပြည်နယ်မှ ညောင်ရွှေစော်ဘွား 'စပ်ရွှေသိုက်' ဖြစ်သည်။ ထိုနောက်ဆုံးချိန်တွင်ကျမှ (၃) ဦးသာလျှင် တသက်တကျွန်းထောင်ဒဏ်၊ တနည်းအားဖြင့် အနှစ် (၂၀) ထောင်ဒဏ်သို့ အပြစ်ဒဏ်လျှော့ပေါ့ခြင်း ခံကြရသည်။ ၎င်းတို့မှာ ဂျစ်ကားမောင်းသူ သုခ၊ လူသတ်သမားများ အတွင်းဝန်ရုံးသို့ ရောက်မလာမီ ကြိုတင်ထောက်လှမ်းရသူ ခင်မောင်ရင်နှင့် လူသတ်သမားများ ထွက်ပြေးလွတ်မြောက်ရာလမ်းကို ခြောက်လုံးပြူးတလက်ဖြင့် စောင့်ကြပ်ခဲ့ရသူ မောင်နီတို့ဖြစ်ကြသည်။ ကျန်သောသူအားလုံးမှာ ကြိုးပေးခံရပေတော့မည်။ ဤတွင် ရန်ကြီးအောင်၏ ဖခင်ဖြစ်သူက သူ့သားငယ်၏ အသက်ကို ချမ်းသာပေးစေရန် နောက်ဆုံးနည်းလမ်းအဖြစ် သူ့သားသည် အသက် (၁၆) နှစ်သာရှိသေးကြောင်း သက်သေပြရန် ကြိုးစားခဲ့ပြီး ရုံးတော်အဖွဲ့ဝင်များထံသို့ ရန်ကြီးအောင်၏ ဇာတာကို တင်ပြခဲ့သည်။ တရားဝင်မွေးစာရင်းကား မရှိခဲ့ချေ။ ဆေးဘက်ဆိုင်ရာ စစ်ဆေးသူ ဆရာဝန်တဦးက ရန်ကြီးအောင်၏အသက်မှာ အနည်းဆုံး (၁၇) နှစ်ရှိခဲ့ပြီဟု ဆုံးဖြတ်ခဲ့သည်။

ဤသို့ဖြင့် ခုံရုံးတော်က ရန်ကြီးအောင်၏ မွေးဖွားသည့် ရက်စွဲကို ၁၉၃၀ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့အဖြစ် အတည်ပြုသတ်မှတ်လိုက်တော့သည်။ သို့ဖြစ်၍ သူ့ကို ၁၉၄၈ ခုနှစ်နောက်ပိုင်း ကြိုးပေးစီရင်သည့် အချိန်တွင်မူ သူသည် အသက် (၁၈) နှစ်ပြည့်ပြီးဖြစ်ခဲ့လေပြီ။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ အထူးခုံရုံးတော်က စီရင်ချက်ကို ဖတ်ကြားသည့်အချိန်တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းပေါ်ရှိ ဂျူဗလီခန်းမ၌ နိုင်ငံတော်ဈာပနအဖြစ် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားလုပ်ကြံခြင်းခံရသူများ၏ ရုပ်အလောင်းများမှာ လဲလျောင်းလျက်ရှိနေဆဲပင်။ ဂျူဗလီခန်းမသည် အခိုင်အခံ့ အုတ်တိုက်ဖြစ်ပြီး 'အိုင်ဗီ' တိုင်ကပ်ပင်တို့ဖြင့် စိမ်းလန်းစွာ လွှမ်းခြုံထားကာ အတင့်အတယ် စီခြယ်ထားသဖြင့် ပုံသဏ္ဌာန်မှာ အင်္ဂလိပ်ဆန်လှသည်။ ယင်းကို မူလက ဇာတ်ခန်းမအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တဘက်ထိပ်တွင် ကဇာတ်စင်မြင့်ရှိ၍ မျက်နှာချင်းဆိုင် အခြားတဘက်ထိပ်တွင် ဘေးတဘက်တချက်မှ လှေကားဖြင့် တက်ရသော အပေါ်ထပ်ကြည့်စင်ရှိသည်။ ပွဲကြည့်စင်ခန်းမမှာ ကျယ်ဝန်းပြီး ကျွန်းခင်းကြမ်းပြင်မှာ အရောင်ဖိတ်ဖိတ်တောက်လျက်ရှိသည်။ ပတ်ပတ်လည်ရှိ ပန်းခြံများမှာ ပြပွဲများနှင့် လူထုစည်းဝေးပွဲ







များ ပြုလုပ်သည့်အခါများတွင် နေရာတော်တော်များကို ဖန်တီးကူညီပေးထားခဲ့သည်။

သဘာဝတရား၏ ပြက်ရယ်ပြုမှုတရပ်ပေပဲလားမသိ။ ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များ လုပ်ကြံသတ်ဖြတ်ခြင်း မခံရမီ နှစ်လအလိုတွင်ပင် ဖဆပလ အဖွဲ့ချုပ်ကြီးက တိုင်းပြည်ပြုလွှတ်တော်ခေါ်ယူရေး အကြိုအဖြစ် ဤခန်းမ၌ပင်လျှင် အထွေထွေညီလာခံတရပ် ကျင်းပခဲ့သေးသည်။ ယင်းတိုင်းပြည်ပြုလွှတ်တော်အနေဖြင့် လွတ်လပ်သော မြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းကို ရေးဆွဲပေတော့မည်။ ထို့ကြောင့် မေလ (၁၉) ရက်နေ့တွင် ဦးအောင်ဆန်းကိုယ်တိုင်ပင်လျှင် ထိုညီလာခံဖွင့်လှစ်ပေးခဲ့သည် မဟုတ်ပါလား။

ဦးအောင်ဆန်း၏ ရုပ်အလောင်းကို သူအသတ်ခံရပြီး နောက်တရက်တွင် သူ၏ တာဝါလိန်းနေအိမ်မှ ဂျူဗလီခန်းမသို့ သယ်ဆောင်လာခဲ့သည်။ သူနှင့် အခြားအာဇာနည်ခေါင်းဆောင်ကြီး (၅) ဦးတို့သည် ဂျူဗလီခန်းမ၏ ကဇာတ်စင်မြင့်ပေါ်၌ မှန်ခေါင်းများအတွင်းတွင် လဲလျောင်းလျက်ရှိနေကြသည်။ မိုင်းပွန်စော်ဘွားကြီး 'စပ်စံထွန်း'၏ ရုပ်အလောင်းကိုမူ စောစောကပင် ကားဖြင့်တတန်၊ ရထားဖြင့်တသွယ် ရှမ်းတောင်တန်းများကြားရှိ သူ့နေရပ်ဇာတိမြို့သို့ သယ်ဆောင်သွားခဲ့ပေပြီ။ ဦးအဗ္ဗဒူရာဇတ်နှင့် ကိုထွေးတို့ကိုလည်း မူဆလင်ထုံးတမ်းစဉ်လာအရ မြေမြှုပ်သင်္ဂြိုဟ်ပြီးလေပြီ။

ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများအား ထောင်ပေါင်းများစွာသော ပြည်သူလူထုက နောက်ဆုံးအနေဖြင့် လာရောက်ဂါဝရပြုကြလျက်ရှိရာ စစ်ရဲနှင့် မြို့ပြရဲများ၊ (ကြည်း/ရေ/လေ) တပ်မတော်မှ စစ်သားများ၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့မှ ပြည်သူ့စစ်အဖွဲ့ဝင်များက အလှည့်ကျတာဝန်ယူ စောင့်ကြပ်ပေးလျက်ရှိသည်။ အာဇာနည်ကြီးများ၏ ဦးခေါင်းကို လူအများမြင်သာအောင် ပြသထားရာ သူတို့အသားအရေ၏ သွေးဆုတ်ဖြူရော်နေမှုက သူတို့ရရှိခဲ့သော ဒဏ်ရာများ၏ အမှတ်လက္ခဏာများကို ပြသလျက်ရှိနေပေသည်။ လာရောက်ကြည့်ရှုသူအများစုမှာ မျက်ရည်မဆည်နိုင်လောက်အောင်ဖြစ်ခဲ့ရသည်။

လုံခြုံရေးကိုမူ အထူးတင်းကြပ်ထားရဆဲဖြစ်သည်။ လာရောက်ဂါဝရပြုသူ တသုတ်က ခန်းမအတွင်း တပတ်ပတ်ပြီးသည်နှင့် သူတို့ကို ခေါင်းများရှေ့၌ စီတန်းရပ်စေကာ အမိန့်ပေးလျက် ဦးညွတ်အလေးပြုစေသည်။ ထိုတသုတ်ထွက်သွားပြီးမှ နောက် တသုတ်ကို ဝင်ခွင့်ပြုသည်။

အာဇာနည်တို့၏ ရုပ်အလောင်းများအား ပြည်သူလူထုတရပ်လုံး ဂါရဝပြုရန် ဂျူဗလီဟောတွင် (၉) လကြာ ထားခဲ့ပြီးနောက် ၁၉၄၈ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် ရုပ်အလောင်းများ ပါရှိသည့်ခေါင်းများကို ဂျူဗလီခန်းမမှ ရွှေတိဂုံစေတီတော်၏ မြောက်ဘက် အသစ်ဆောက်လုပ်လိုက်သော အာဇာနည်ဗိမာန်သို့ နောက်ဆုံးခရီးအဖြစ်

သယ်ဆောင်သွားခဲ့သည်။ အမြဲတမ်း တပ်မတော်သားများက ခရီးစဉ်တလျှောက် ထိန်းသိမ်းစောင့်ရှောက်လျက် လိုက်ပါလာသော ဈာပနယာဉ်တန်းသည် ရွှေတိဂုံဘုရားလမ်းအတိုင်း တက်ရောက်လာခဲ့သည်။ အာဇာနည်ကြီးများ၏ မှန်ဘောင်သွင်းဓာတ်ပုံကြီးများကို ချိတ်ဆွဲ၊ ဖုံးအုပ်ထားသော ခေါင်းများကို အမိုးဖွင့်ထရပ်ကားများ၊ ဂျစ်ကားများဖြင့် သယ်ဆောင်လာခဲ့ကြသည်။ ပြည်သူလူထု (၅) သိန်းကျော် လိုက်ပါလာခဲ့သော ယာဉ်တန်းသည် ရွှေတိဂုံစေတီတော်၏ တောင်ဘက်စောင်းတန်းဘက်ဆီသို့ ဖြည်းညင်းစွာ ရွေ့လျားလာခဲ့သည်။ ဦးအောင်ဆန်းအား သူတို့၏ ဗိုလ်ချုပ်ကြီးအဖြစ်လည်းကောင်း၊ အစစ်အမှန်ခေါင်းဆောင်အဖြစ်လည်းကောင်း ချစ်မြတ်နိုးကြသော ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များသည် နံဘေးဝဲယာမှ ခရီးစဉ်တလျှောက်လုံး ချီတက်လိုက်ပါလာခဲ့ကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ဝဲရစ်တဝက်ပတ်ပြီးနောက် ဈာပနယာဉ်တန်းသည် အာဇာနည်ဗိမာန်သစ်ဆီသို့ ဆိုက်ရောက်လာခဲ့သည်။ ကြည်းတပ်မတော်သားများနှင့် ရေတပ်မတော်သားများက ခေါင်းဆောင်များကို ပခုံးများပေါ်တွင် ထမ်းဆောင်လျက် ဗိမာန်သစ်အတွင်းသို့ သယ်ဆောင်သွားခဲ့သည်။ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များအနေဖြင့် သူတို့ခေါင်းဆောင်ကြီးများ၏အမှုကို နောက်ဆုံးထမ်းဆောင်ခြင်းအဖြစ် ခံစားမိလိုက်ကြပေလိမ့်မည်။ ခေါင်းများကို သူ့တို့လက်ပြောင်းယူငင်သွားကြလျက် သတ်မှတ်ထားသော ဂူများအတွင်းသို့ သက်ဆိုင်ရာခေါင်းများကို ဖြည်းညင်းစွာ သွင်းပေးလိုက်ကြပြီး သူတို့သည် ဂူများ၏ ထိပ်နံရံများ၌ သွားရောက်နေရာယူ ရပ်နေကြသည်။ သူတို့၏ ဘွတ်ဖိနပ်များမှ အုတ်နီခဲနှင့် လတ်လတ်ဆတ်ဆတ် ကွန်ကရစ်အစအနများ ပလက်ဖောင်းပေါ်သို့ ကျကျန်ရစ်ခဲ့ကြသည်။ နောက်ဆုံးတွင်ကား အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းများမှာ ထိုနေရာ၌ နားနေနိုင်ကြလေပြီ။

လူအုပ်ကြီးများမှာ တစတစ ပျောက်ကွယ်သွားခဲ့ကြသည်။ ဂူများကို အပြီးသတ်ပိတ်ပြီးနောက် ပန်းရံဆရာများလည်း ရှင်းလင်းသိမ်းဆည်းလျက်ရှိပြီ။ ညအမှောင်ကျလာသည်နှင့်အမျှ တအာအာအော်မြည်တတ်သော ကျီးများသည်ပင်လျှင် သူတို့၏နှုတ်ကို ပိတ်လျက် တိတ်ဆိတ်ငြိမ်သက်သွားကြလေပြီတကား။

❑ ❑ ❑ ❑ ❑



အထက်ပါပုံ။ ဗိုလ်ချုပ်ထွန်းလှအောင်နှင့် ဇနီး ဒေါ်ခင်ခင်၊ (၁၉၃၃)။



ညာဘက်ပုံ။ မဟာသီရိသုဓမ္မ တရားဝန်ကြီး ဦးသောင်းစိန်နှင့် ဇနီးဒေါ်ငွေညွန့်၊ (၁၉၅၃)။





၁၉၆၃၊ ရန်ကုန်မြို့။ ဗြိတိသျှသံအမတ် 'အားလ်မောင့်ဘက်တန်' အတွက် ညှော်ခံပွဲတွင် မောင့်ဘက်တန်က ဒေါ်ခင်ခင်အား သူ့သမီးနှင့် မိတ်ဆက်ပေးနေပုံ။



ဦးခင်အောင်-ဇနီးဒေါ်ခင်ခင်စိန်နှင့်သားများ ခင်ဦးအောင်နှင့် ထွန်းလှအောင်၊ (၁၉၉၆)။

# အခန်း (၄)
# လျှို့ဝှက်ဆန်းကြယ်ခြင်း

ဦးအောင်ဆန်းတို့ လုပ်ကြံခံရစဉ်အချိန်က ဗြိတိသျှ လူငယ်တဦးဖြစ်သူ အန်တိုနီ စတိုနာ (Anthony Stonor) သည် ကလောမြို့တွင် တပ်စွဲထားသော ဝဲလ်ချ် (Welch) ရီဂျင်းမဲင့်တပ်၏ တပ်ရင်း အမှတ် (၂) တွင် တာဝန်ထမ်းဆောင်နေခဲ့သည်။ သူသည် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၁၄) ရက်နေ့တွင်မှ ရန်ကုန်မြို့တော်၌ တာဝန်ကျခဲ့သည်။ ဆူးလေဘုရားလမ်းပေါ်ရှိ အဆောက်အအုံတခု၏ ပထမထပ်တွင် တည်ရှိပြီး အရှေ့အာရှတလွှားတွင် အလျားအရှည်ဆုံး 'အရက်ဘား' ရှိသည်ဟု ဂုဏ်ယူဝင့်ကြွားခြင်းခံရသော အရာရှိများ၏ ကလပ်အတွင်းသို့ သူဝင်ရောက်လာခဲ့သည်။ ယင်းကလပ်သည် ရန်ကုန်မြို့နေ နာမည်ကြီး အိန္ဒိယလူမျိုး ဂီတာအတီးသမား 'ဆီးဒရစ်ဝက် (စ်)' (Cedric West) ခေါင်းဆောင်သည့် အကတီးဝိုင်းရှိသည့်အတွက်လည်း ပို၍ စွဲဆောင်မှုရှိခဲ့သည်။

စတိုနာနှင့် သူ့တပ်ရင်းမှ အရာရှိငယ်တချို့သည် ကလပ်အတွင်း နေရာယူထိုင်ခဲ့ကြပြီး အရက်မှာလိုက်ကြသည်။ သူတို့အရက်ဘားတွင်း ရောက်ပြီး မကြာလှမီ မြန်မာ (၂) ဦး အဝင်တံခါးကို ဝုန်းကနဲ ဆောင့်တွန်းဝင်လာခဲ့ကြသည်။ ထိုနှစ်ယောက်အနက်မှ အသက် (၃၀) ဝန်းကျင်ရှိ ကိုယ်ခန္ဓာတုတ်တုတ်ခိုင်ခိုင်နှင့် တယောက်က "ဦးစောက အောင်ဆန်းကို သတ်တာမဟုတ်ဘူး။ ဒါကို ငါလဲသိတယ်။ မင်းတို့ ဗြိတိသျှတွေလဲသိတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းတို့က အဲဒီလုပ်ကြံမှုရဲ့ နောက်ကွယ်မှာ ရှိနေလို့ပဲ" ဟု စတင်အော်ဟစ်ပြောဆိုပြီး သူနှင့် သူ့အဖော်တို့သည် ဘားနောက်ဘက်ရှိ ဖန်ခွက်များ၊ အရက်ပုလင်းများကို ရိုက်ခွဲဖျက်ဆီးကြတော့သည်။

ထိုနေရာတွင်ရှိနေသော အဆင့်အမြင့်ဆုံးအရာရှိမှာ ဂေါ်ရခါးတပ်မှ ဗိုလ်မှူးကြီး တဦးဖြစ်ပြီး၊ ၎င်းက... "ဘာမှမလုပ်ကြနဲ့၊ သူတို့ကို လွှတ်ထားလိုက်၊ ငါတပ်ထိန်းတွေကို လှမ်းခေါ်လိုက်မယ်" ဟု အံ့အားတသင့်ဖြစ်နေကြသော ကျန်ဗြိတိသျှအရာရှိများကို







အော်ပြောလိုက်သည်။ မြန်မာနှစ်ဦး ဖျက်ဆီးရေးလုပ်ငန်း ဆက်လက်လုပ်ကိုင်နေဆဲမှာပင် စတိုနာနှင့် သူ့သူငယ်ချင်းများက ငြိမ်သက်စွာထိုင်နေခဲ့ကြသည်။ ဂေါ်ရခါးတပ်မှ ဒု–ဗိုလ်အဆင့်ရှိသူ ခပ်ပိန်ပိန်လူငယ်တဦးသည် စားပွဲအသေးတလုံးတွင် သူ့ဘာသာထိုင်နေပြီး ဘီယာတခွက်ကို စုပ်သောက်နေသည်။ တုတ်တုတ်ခိုင်ခိုင် မြန်မာလူငယ်သည် သူ့ဆီလျှောက်သွားပြီး ထိုသူ့လက်ထဲမှ ဘီယာခွက်ကို ရိုက်ချလိုက်သည်။ လူငယ်အရာရှိသည် ခုန်ရပ်လိုက်ပြီး စားပွဲပေါ်မှိုနေသော မြန်မာအား မျက်နှာကို ထိုးချလိုက်ရာ မြန်မာလူငယ်သည် ကြမ်းပြင်ပေါ် ပက်လက်လန်ကျသွားသည်။ စတိုနာသည် သူ့သူငယ်ချင်းများဘက်လှည့်လိုက်ပြီး စိတ်ရှုပ်ထွေးစွာဖြင့်... "အဲဒီလူ ဘယ်သူလဲ?" ဟု မေးလိုက်သည်။ အရာရှိတယောက်က "အဲဒါ သခင်သန်းထွန်းပေါ့။ အောင်ဆန်းရဲ့ ယောက်ဖလေ" ဟု ပြန်ဖြေလိုက်သည်။

ထိုအချိန်မှာပင် တပ်ထိန်းတဦးရောက်ရှိလာပြီး သတိမရတချက်၊ ရတချက် မူးဝေနေသော သခင်သန်းထွန်းကို ဆွဲထူပြီး သူ့သူငယ်ချင်းကိုပါ ဆွဲထုတ်သွားခဲ့သည်။ အရက်ရောင်းသူက ဖန်ခွက်အကွဲအစများကို သိမ်းဆည်းနေစဉ်... ဆီဒရစ်ဝက် (စ်) နှင့် သူ့တီးဝိုင်းက နောက်ဆုံးပေါ်တီးလုံးများကို စတင်တီးခတ်ကြတော့သည်။ သို့ရာတွင် စတိုနာနှင့် သူ့သူငယ်ချင်းများအတွက်ကား သာမောဖွယ်ရာ ညနေခင်းလေးမှာ ပျက်စီးသွားခဲ့လေပြီ။ ထို့နောက် သူတို့သည် ဆန်းကဖေးသို့ အမဲသားကင်စားရန် ကလပ်မှ ထွက်ခွာလာခဲ့ကြလေတော့သည်။

ထိုအချိန်ကာလတွင် ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်မှုနှင့်ပတ်သက်၍ ဗြိတိသျှတို့ ပါဝင်ပတ်သက်နေသည် ' ဆိုသော ကောလာဟလသတင်းသည် ပျံ့နှံ့လျက်ရှိသည်။ သို့ဖြစ်၍ ကြေကွဲဖွယ်အဖြစ်ဆိုးကြီးဖြစ်ပွားပြီး တပတ်မပြည့်မီ၊ ဇူလိုင်လ (၂၅) ရက်နေ့တွင်ပင် သခင်နုအစိုးရက ယင်းကောလဟာလကို ပြတ်ပြတ်သားသား ငြင်းဆန်လိုက်သည့် ကြေညာချက်ကို အောက်ပါအတိုင်းထုတ်ပြန်ခဲ့ရလေသည်။

'ဂုဏ်သရေမြင့်မားလှသော ဦးအောင်ဆန်းနှင့် အခြားအမှုဆောင်ကော်မတီအဖွဲ့ဝင်များအား မကြာသေးမီက သူရဲဘောနည်းစွာ သတ်ဖြတ်ခဲ့မှုတွင် ဗြိတိသျှဘုရင့်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ၏ ဘုရင်ခံတို့ဆက်စပ်နေသည်ဟူသော ကောလဟာလများ ပြည်သူလူထုအတွင်း တချို့နေရာဌာနများ၌ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိပါသည်။ ဤကောလာဟလများသည် လုံးဝအခြေအမြစ်မရှိပါကြောင်းနှင့် ဗြိတိသျှဘုရင့်အစိုးရ၊ ဘုရင်ခံနှင့် မြန်မာအစိုးရတို့အကြား နီးစပ်သော နားလည်မှုများ ရှိနေကြောင်း မြန်မာအစိုးရအနေဖြင့် သိစေအပ်ပါသည်။ နှောင့်နှေးကြန့်ကြာမှုအနည်းဆုံးဖြင့် တရားခံများအား အရေးယူနိုင်ရန် ဗြိတိသျှဘုရင့်အစိုးရ၊ ဘုရင်ခံနှင့် မြန်မာအစိုးရတို့သည် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း' ဟူ၍ ပါရှိ၏။

သို့သော်လည်း ပြည်သူလူထုမှာ စိတ်လှုပ်ရှားနေကြသည်။ နိုင်ငံရေးအခြေအနေမှာလည်း တင်းမာနေသည်။ ဤသည်မှာ အင်းစိန်အကျဉ်းထောင်ကို လုံခြုံရေး ပိုမိုတင်းကြပ်စွာ ချထားရခြင်း၏ အချက်တချက်ဖြစ်သည်။ "လွမ်းတပူဆွေးနေတဲ့နိုင်ငံဟာ ခေါင်းဖြတ်ခံထားရတဲ့ ကြက်လိုပါပဲ" ဟု တရားသူကြီးမင်း ဦးသောင်းစိန်က ပြန်လည်ပြောပြသည်။ ပြည်သူလူထုကို စိတ်လှုပ်ရှားအောင် ရေးတတ်သော အချို့သတင်းစာများကလည်း အခြေအမြစ်မရှိသော စွပ်စွဲချက်များ တင်ပြရေးသားထုတ်ဝေခြင်းဖြင့် အခြေအနေအပေါ် အမြတ်ထုတ်နေကြသည်။ အစိုးရက ကောလာဟလသတင်းများကို ပယ်ဖျောက်ရန် ကြိုးပမ်းပြီး သုံးရက်အကြာ၊ ဇူလိုင်လ (၂၈) ရက်နေ့တွင် The Rangoon Guide Daily သတင်းစာတွင် သတင်းတပုဒ်ပါလာခဲ့သည်။ ယင်းသတင်းကြောင့်ပင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် (Sir Hubert Rance) က လန်ဒန် နိုင်ငံခြားရေးရုံးရှိ မြန်မာနိုင်ငံဆိုင်ရာ အတွင်းဝန် လစ်တိုဝဲ (လ်) (မှူးမတ်ကြီး) (the Earl of Listowel) [၂] ထံ အရေးတကြီး ကြေးနန်းပေးပို့ခဲ့ရသည်။ ယင်းသတင်းမှာ ဤသို့ဖြစ်သည်။

'ပြီးခဲ့သည့် ဇန်နဝါရီလ ၁၉၄၇ ခုနှစ်တွင် ဦးအောင်ဆန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အောင်ဆန်း–အက်တလီစာချုပ် လက်မှတ်ရေးထိုးခဲ့စဉ်က ဦးစောနှင့် သခင်ဗစိန်တို့သည် လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြသည်။ အားလုံးပြန်သွားကြသောအခါ၌လည်း ဦးစောသည် နောက်တွင် ကျန်နေရစ်ခဲ့သည်။ ကျွန်ုပ်တို့ (The Rangoon Guide Daily) အနေဖြင့် ဦးစောကို ငွေ (၅) သိန်း [၃] ထိုအချိန်ကပေးခဲ့သူ မျက်နှာဖြူတယောက်၏ အကူအညီဖြင့် ဖဆပလအဖွဲ့ချုပ်ကို ဖျက်ဆီးရန် အစီအစဉ်ရှိခြင်းကြောင့် ထိုရည်ရွယ်ချက်အရ ဦးစော နောက်ချန်နေခဲ့ခြင်းဖြစ်ကြောင်း တိုင်းပြည်ကို အသိပေးခဲ့ပြီးဖြစ်သည်။ ဦးစော အင်္ဂလန်တွင် ရှိနေစဉ် အချို့ အင်္ဂလိပ်အရင်းရှင်များက [၄] သူ့ကို ငွေကြေးအမြောက်အမြား ထောက်ပံ့ခဲ့ကြောင်း ကျွန်ုပ်တို့ ထပ်မံသိရှိရသည်။ ခုံရုံး စတင်ကြားနာသည်နှင့် ဤလျှို့ဝှက်ချက်များ ပေါ်ထွက်လာတော့မည်ဖြစ်၍ အလွန်စိတ်ဝင်စားစရာကောင်းလှသည်။'

သို့ရာတွင် ယင်းလျှို့ဝှက်ချက်များကား ပေါ်ထွက်လာခြင်းမရှိချေ။ ထိုသို့အခြေအနေ ရှုပ်ထွေးနေစဉ် ဦးစောက ထိုအခြေအနေအပေါ် အမြတ်ထုတ်ရန် ကြိုးစားသည်မှာ ထင်ရှားလာသည်။ ထောင်တွင်းရောက်ပြီး တပတ်အတွင်းမှာ အမှုမစစ်ရသေးမီ အချုပ်သားဘဝ၌ သူသည် ထောင်မှူးကြီး ဦးစံတင့်နှင့် မိတ်ဆွေဖွဲ့နိုင်ခဲ့သည်။ "ခင်ဗျားသာ ကျွန်တော့်ကို ကူညီခဲ့ရင် ခင်ဗျားကို ဆုကြီးလာဘ်ကြီးရအောင် ကျိန်းသေပေါက် ကျွန်တော်လုပ်ပေးနိုင်ပါတယ်" ဟု သူက ဦးစံတင့်ကို ပွင့်ပွင့်လင်းလင်း ပြောဆိုခဲ့သည်။ သို့ရာတွင် သူသည် လူရွေးမှားပြီး ချဉ်းကပ်မိမှန်းကို သူမသိခဲ့ချေ။ ဦးစံတင့်သည် မူဆလင်ဘာသာဝင်တဦးဖြစ်ပြီး ဇူလိုင်လ (၁၉) ရက်နေ့တွင် ဦးအောင်ဆန်းနှင့်အတူ လုပ်ကြံခြင်းခံခဲ့







ရသော ဦးအဗ္ဗဒူရာဇတ်၏ တူဖြစ်နေလေသည်။

ဦးစံတင့်သည် ချက်ချင်းပင် ထိုကိစ္စကို စီအိုင်ဒီအကြီးအကဲ ဦးထွန်းလှအောင်ထံ အစီရင်ခံခဲ့သည်။ နောက်တနေ့တွင် ဦးစံတင့်က ဦးစောနှင့် သွားရောက်တွေ့ဆုံရာ ဦးစောက သူလွတ်မြောက်ရန် အကူအညီပေးမည့် ကတိကိုရလျှင် အလဲအလှယ်အဖြစ် ရူပီးငွေ (၅၀,၀၀၀) ပေးမည်ဖြစ်ကြောင်း ဖြားယောင်းသွေးဆောင်လာသည်။ ထိုအခါ ဦးစံတင့်သည် ညွှန်ကြားချက်များအရ ငွေတန်ဖိုးကို တိုးမြှင့်တောင်းဆိုလိုက်သည်။ ထောင်ပိုင်ကြီး ဦးတင်မောင်အတွက် နောက်ထပ် ရူပီး (၅၀,၀၀၀) နှင့် တရားရေးဝန်ကြီးဌာနအတွင်းဝန်ဖြစ်သူ တရားသူကြီး ဦးသောင်းစိန်အတွက်ပါ ရူပီး (၁၀၀,၀၀၀)ကို ထပ်မံတောင်းဆိုလိုက်ပြန်သည်။ ထိုအခါတွင်မှ ဤကိစ္စ၌ ဗြိတိသျှလူမျိုးများ ပါဝင်ပတ်သက်နေသော လျှို့ဝှက်ဆန်းကြယ်သည့် အဆက်အသွယ်များ ထွက်ပေါ်လာခြင်းဖြစ်သည်။

နောက်တကြိမ် ဦးစောနှင့် တွေ့သောအခါ ထောင်မှူးကြီးက ထိုငွေကို ထပ်မံတောင်းဆိုလိုက်သည်။ ထိုအခါ ဦးစောက သူ့အနေဖြင့် ကပ္ပတိန်ဗီဗီယန်း (Capt. David Vivian) ဆိုသူကို ဆက်သွယ်ရဦးမည်ဖြစ်ကြောင်း နှုတ်ကိုယ်ကြားတီးတိုးကပ်၍ ပြောကြားလေသည်။ ဦးစောမသိသည်မှာ ထိုအချိန်၌ မြန်မာ့ပုလိပ်တပ်ဖွဲ့၏ လက်နက်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဖြစ်သူ ၎င်းဗြိတိသျှအရာရှိမှာ အင်းစိန်ထောင်အတွင်း အခြားအခန်းတခုထဲ၌ ရောက်နေသည့်အချက်ဖြစ်သည်။ ဦးအောင်ဆန်းတို့ လုပ်ကြံခံရပြီး နောက်တရက်တွင် ဦးစောအား လက်နက်များ ထုတ်ပေးမှုဖြင့် ၎င်းအား ဖမ်းဆီးထားခြင်းဖြစ်သည်။

ဖွန်လအတွင်းတွင် ဘရင်းဂန်းအလက် (၆၀) ပျောက်သွားပြီးနောက် ရန်ကုန်ရှိ ပုလိပ်တပ်ဖွဲ့ လက်ထောက် ကော်မရှင်နာမင်းကြီး မိုက်ကယ်ဘတ်စ်ခ် (Michael Busk) က ဝန်ကြီးအဖွဲ့အစည်းအဝေးအမြဲကျင်းပနေကျ အတွင်းဝန်ရုံးကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ပိုမိုချထားရန် အကြံပြုခဲ့သည်။ ထိုအချိန်က ခေတ်သစ်မြန်မာ့သမိုင်းတွင် ဤမျှလောက် ပေါက်ကွဲလုနီးနီးဖြစ်နေသည့်အဆင့်၌ နိုင်ငံရေးပြိုင်ဘက်အချင်းချင်း ပစ်ခတ်မှုအလွယ်တကူဖြစ်ပွားနိုင်လေသည်။ သို့ရာတွင် ပြည်သူလူထုမေတ္တာဖြင့် သူ့မှာ လုံခြုံနေသည်ဟု ပြောကြားပြီး ဦးအောင်ဆန်းကိုယ်တိုင် ယင်းအကြံပြုချက်ကို ပယ်ချခဲ့သည်။

ဘတ်စ်ခ် (Busk) က ဦးစောအိမ်ကို ရှာရန် ဝရမ်းတောင်းဆိုသည့်အခါတွင်လည်း နိုင်ငံရေးအကြောင်းပြချက်များဖြင့် ပယ်ချခံခဲ့ရပြန်လေသည်။ ထိုအချိန်က ဦးစောမှာ အဓိက သံသယရှိခံရသူဖြစ်သည်။ သို့ဖြစ်၍လည်း သူ့အိမ်မှာ တောက်လျှောက်စောင့်ကြည့်ခံနေရခြင်းဖြစ်သည်။ သို့သော်လည်း ဇူလိုင် (၁၉) ရက် လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီးမှ ဦးစော၏ အိမ်ဝင်းမှာ နောက်ဆုံးအရှာခံရပြီး [၅] အချို့လက်နက်များကို ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဆက်လက်စုံစမ်းစစ်ဆေးမှုများမှာ ဖိုက် (ချ်) ရိပ်သာ (Fytche Flats) ကို (၂၀) ရက်နေ့ နေ့လယ်ပိုင်းတွင် ဝင်ရောက်စီးနင်း ရှာဖွေခဲ့ခြင်းဖြစ်သည်။

ငင်းဒေးဗစ်ဗီဗီယန်းဆိုသူသည် ထိုနေရာတွင် နေထိုင်လျက်ရှိပြီး ပထမဦး ရဲများအား ဝင်ရောက်ခွင့်မပေးခဲ့ချေ။ သူက ရှာဖွေဝရမ်းကြည့်ရှုလိုသည်ဟု တောင်းဆိုလာသည်။ ယင်းတောင်းဆိုမှုကို လက်ထောက်ကော်မရှင်နာမင်းကြီးဘတ်စ်ခ်နှင့် လက်ထောက် ရဲဝန်ထောက်ဦးသိန်းအုန်းတို့က ငြင်းဆန်ပြီး တိုက်ခန်းအတွင်း အတင်းဝင်ရောက်ကြရာ စိန်ရွှေငွေရတနာများ စုပုံထားသည့်အပေါ် ခလုတ်တိုက်လဲမလို ဖြစ်ခဲ့ကြသည်။ ပထမဆုံးတွေ့ရှိသည့် လက်နက်မှာ ခြောက်လုံးပြူးတလက်ဖြစ်ပြီး ဗီဗီယန်း၏ ဇနီးလက်ဆွဲ အဝတ်သေတ္တာလေးထဲတွင် ဝှက်ထားခြင်းဖြစ်သည်။ နာရီဝက်ခန့်အကြာတွင် သူ့ဂျစ်ကားတစီးတိုက်စာ လက်နက်များကို ရှာဖွေတွေ့ရှိကြတော့သည်။ ရိုင်ဖယ်သေနတ် (၃) လက်၊ ပစ္စတို (၃) လက်၊ စတင်းဂန်းတလက်၊ လက်ပစ်ဗုံးများ၊ နောက်ထပ် ရိုင်ဖယ်သေနတ်များနှင့် ကျည်ဆန်အမြောက်အမြားတို့ဖြစ်သည်။ အချို့ကျည်ဆန်များကို တိုက်ခန်းကြမ်းပြင်ပေါ်တွင် တွေ့ရသော ဘွတ်ဖိနပ်အရှည်အကြီးကြီးများထဲတွင် သေချာစွာ သိုဝှက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကပ္ပတိန်ဗီဗီယန်းကို ချက်ချင်းပင် ထိန်းသိမ်းလိုက်ကြတော့သည်။ ဤ ဗြိတိသျှကပ္ပတိန်၏ လက်နက်မှောင်ခိုမှုတွင် ထင်ထင်ရှားရှား ပါဝင်ပတ်သက်နေခြင်းမှာ အမှန်တွင်မူ အံ့သြစရာမကောင်းလှချေ။ စစ်ပြီးခေတ် ထိုအချိန်က မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များရှိ အရာရှိအတော်များများမှာ လက်နက်ဝယ်လိုသူ မည်သူ့ကိုမဆို မှောင်ခိုဈေးကွက်ရှာကြံ၍ ရောင်းချခြင်းဖြင့် ပြင်ပတွင် အပိုဝင်ငွေရှာနေခဲ့ကြသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေကို မဖြေရှင်းနိုင်သေးခြင်းနှင့် ကိုယ်ပိုင်ခါးပိုက်ဆောင် လျှို့ဝှက်တပ်ဖွဲ့အများအပြား ရှိနေခြင်းကြောင့် လက်နက်ဖောက်သည်များမှာ လုံးဝပြတ်လပ်မှုမရှိခဲ့ခြင်းဖြစ်သည်။ ငွေကြေးထုထည်ပမာဏ များများစားစား ရှာဖွေပေးရန် အကူအညီတောင်းခံခဲ့ခြင်းဖြင့် ဤကပ္ပတိန်အရာရှိငယ် ဗီဗီယန်းကို ဦးစောအနေဖြင့် ကောင်းကောင်းသိခဲ့ပုံရလေသည်။

ဦးစောက ဤဗြိတိသျှ ကပ္ပတိန်အား ဆက်သွယ်လိုသည့် အံ့အားသင့်စရာ သတင်းအစအနကို ဦးစံတင့်က ဆက်စပ်ပြောဆိုရာတွင် စီအိုင်ဒီအကြီးအကဲ ဦးထွန်းလှအောင်အနေဖြင့် ယင်းကိစ္စကို ထောက်လှမ်းလိုစိတ် ပြင်းပြလာလေသည်။ ထောင်မှူးကြီးအားသတင်းပို့မှုနှိုက်ထုတ်ခိုင်းလိုက်ပြီး သတင်းသယ်ပို့သူအဖြစ် ဆောင်ရွက်စေသည်။ ဦးစံတင့်သည် ဦးစောဆီပြန်သွားပြီး ကပ္ပတိန်ဗီဗီယန်း ဘယ်မှာနေသည်ကို သူသိကြောင်း ပြောလိုက်သည်။ ဦးစောက သူ့ကို သူ့လက်ရေးဖြင့် ရေးထားသော စာတစောင်ပေးရာတွင် သူက ကပ္ပတိန်ဗီဗီယန်းထံ အရောက်ပို့ပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်သည်။ ဦးစောက ကပ္ပတိန်ဗီဗီယန်းထံပေးသော ပထမဆုံးစာမှာ လျှို့ဝှက်သင်္ကေတဖြင့် ရေးထားသည်။

"ခြေဆွံ့နေတဲ့ မကောင်းဆိုးဝါးကြီး၊ ငှက်ပျောသီးစိမ်းနဲ့ ညှော်ခံ၊ သံပုရာရည်မှာ ဒေးဗစ်၏ အချစ်ဆုံး..."







ဦးစံတင့်က ငင်းစာကို ဦးထွန်းလှအောင်ထံ ပေးလိုက်ပြီး ဦးထွန်းလှအောင်က တရားသူကြီးမင်း ဦးသောင်းစိန်ကို ဆက်လက်ပြသည်။

"ကျွန်တော်တို့အားလုံး ဒီစာဟာ အရေးကြီးတယ်လို့ ယူဆပြီး ဝန်ကြီးချုပ် သခင်နုအိမ်ကို အမြန်သွားခဲ့ကြတယ်။ ကျွန်တော်တို့ ဖြစ်သလို သခင်နုလဲ ဇဝေဇဝါဖြစ်နေတယ်။ ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းလဲ ဒီလိုပါပဲ။ ဒီလို စာအပေးအယူလုပ်တာကို အားပေးဖို့ ကျွန်တော်တို့အားလုံး ဆုံးဖြတ်လိုက်ကြတယ်" ဟု ဦးသောင်းစိန်က ပြန်ပြောင်းပြောဆိုခဲ့သည်။

ထိုစကားဝှက်စာတိုလေးကို ဦးစံတင့်က နောက်ပိုင်းတွင် ဗီဗီယန်းရှိရာ ထောင်တွင်း အကျဉ်းခန်းလေးဆီသို့ သွားရောက်ပေးပို့ခဲ့သည်။ သူအနေဖြင့် ဦးစော၏ လျှို့ဝှက်သတင်းသယ်ပို့သူ လူယုံတော်လုံးဝမဟုတ်သော်လည်း ဦးစံတင့်က ထိုကဲ့သို့ဖြစ်သယောင်အယောင်ဆောင်နေလိုက်သည်။ "ကျွန်တော် ဒီလူကြီးလူကောင်းကို မှတ်မိတယ်" ဟူ၍ ကပ္ပတိန်ဗီဗီယန်းက ဦးစောထံ စာပြန်လိုက်သည့်အခါတွင်မူ ငင်းစာမှာ ပိုမို ပဟေဠိဆန်လာလေသည်။ ဦးစောက "ကျွန်တော်ကတော့ ပန်ချာပီ" ဟု ပြန်ရေးသည်။

ထိုစကားဝှက် စာတိုလေးများကို ဖတ်ရင်းဖတ်ရင်း စုံစမ်းထောက်လှမ်းသူများ သဘောပေါက်စပြုလာသည်။ ဦးစောသည် သူတို့နှစ်ယောက်လုံးတက်ရောက်ခဲ့သည့် ဆန်းပြားသောဝတ်စုံ ညှော်ခံပွဲတခုကို ရည်ညွှန်းပြောဆိုနေခြင်းဖြစ်ပြီး သူ့အဆက်အသွယ်ပြုလုပ်နေသူမှာ ဗီဗီယန်းဖြစ်ကြောင်း လုံးဝသေချာအောင် ပြုလုပ်နေခြင်းဖြစ်သည်။ ဤသို့ ပထမအကြိမ် စာများ အလဲအလှယ်ပြုလုပ်ပြီးနောက် ဗီဗီယန်းသည် ကျွန်တော်အစား ကျွန်တော်တို့ ဟူ၍ သူ့ကိုယ်သူ ရုတ်တရက် ချက်ချင်းရည်ညွှန်းပြောဆိုလာသည်။ သြဇာတိက္ကမရှိသူတဦးဖြစ်ဟန်ရှိသူကိုလည်း စတင်ဖော်ပြလာသည်။ "ကျွန်တော်တို့ ဒါတွေအားလုံးကို စီစဉ်နိုင်ပါတယ်။ ခင်ဗျားက အရပ်မြင့်မြင့်နဲ့ လူကြီးလူကောင်းကို ဘာကြောင့် မချဉ်းကပ်တာလဲ"။ ဦးစောနှင့် ဗီဗီယန်းတို့စာများတွင် 'အရပ်မြင့်မြင့်နဲ့ လူကြီးလူကောင်း' ကို ဖော်ပြခဲ့ကြသည်။ အရပ်မြင့်မြင့်နဲ့လူကြီးလူကောင်းကို တိုက်ရိုက်ဆက်သွယ်ရန် ဗီဗီယန်းက ပြန်ကြားလေဟန် ပြန်စာအတုကို ဦးစောထံ ရဲများက ပေးပို့ခဲ့ကြသည်။ ထိုစာ ရရချင်း နာရီပိုင်းအတွင်းမှာပင် ရန်ကုန်ဗြိတိသျှကောင်စီမှ မစ္စတာ ဂျွန်စတျူးဝပ်ဘင်ဂလေ (John Stewart Bingley) ဆိုသူထံသို့ ဦးစောက စာနှစ်စောင်ရေးသားပေးပို့လိုက်လေသည်။

ငင်းနောက် သိပ်မကြာမီပင် ဦးထွန်းလှအောင်သည် နောက်ထပ် ဗြိတိသျှအရာရှိ (၂) ဦးကို လိမ္မာပါးနပ်စွာ ပိပိရိရိ လူမသိအောင် ဖမ်းဆီးလိုက်ပြန်သည်။ ဗိုလ်တထောင် လက်နက်တိုက်မှ ဘရင်းဂန်းအလက် (၂၀၀) နှင့် ပြည်လမ်းပေါ်ရှိ အခြားစစ်လက်နက် ပစ္စည်းသိုလှောင်ရုံမှ ဒသမ (၃၀၃) ကျည်ဆန် အတောင့်တသိန်း စောစောပိုင်းက ခိုးယူ

မှုတွင် ထိုအရာရှိ (၂) ဦး ဆက်နွယ်မှုရှိနေခဲ့သည်။ 'စီအိုင်ဒီ' အနေဖြင့် ဇူလိုင်လလယ်မှစ၍ ယင်းလက်နက်ခိုးယူမှုများကို စုံစမ်းထောက်လှမ်းရာတွင် ပါဝင်ခဲ့သော်လည်း အထက်ပါဖမ်းဆီးမှုပြုရာတွင် သူဆင်ထားသော ထောင်ချောက်အတွင်းသို့ ဝင်မိသူများကိုယ်တိုင် ဤထောင်ချောက်မှာ မည်သူ့လက်ချက်ဖြစ်သည်ကို မည်သူကမျှ မသိခဲ့ကြချေ။ ထိုအရာရှိများထဲမှ တယောက်ဖြစ်သူ အိန္ဒိယကြည်းတပ်၏ မေဂျာ ဂျေအေမိုး (Major J.A Moore) သည် အမှန်စင်စစ်အားဖြင့် ဗိုလ်တထောင်ရှိ ပင်မလက်နက်ပစ္စည်းတိုက်ကို စီမံကွပ်ကဲနေသူ အရာရှိတဦးဖြစ်သည်။ နောက်တယောက်မှာ မေဂျာ စီဟင်နရီယန်း (Major C. Henry Young) ဖြစ်သည်။ သူသည် ရန်ကုန်ရှိ အိန္ဒိယကြည်းတပ်၏ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ အလုပ်ရုံတပ်ခွဲ၏ တပ်မှူးအဖြစ် ထမ်းဆောင်နေသူဖြစ်သည်။

ဗိုလ်ချုပ်တို့ လုပ်ကြံသတ်ဖြတ်ခြင်းမခံရမီ (၄) ရက်အလို ဇူလိုင်လ (၁၅) ရက်နေ့တွင် ဦးအောင်ဆန်းသည် လက်နက်များ ပျောက်ဆုံးနေမှုကို ဘုရင်ခံထံသို့ သူကိုယ်တိုင် သတင်းပေးပို့ခဲ့သည်။ လက်နက်များ ပျောက်ဆုံးချိန်နှင့် ပြန်လည်တွေ့ရှိချိန်အကြား အလွန်အမင်း အချိန်ကွာဟမှုကြီးမားနေမှုနှင့် ပတ်သက်၍ သူ၏ စိုးရိမ်ပူပန်မှုကို အထူးသဖြင့် ထုတ်ဖော်ပြောဆိုခဲ့သည်။ ဇွန်လ (၂၄) ရက်နေ့တွင် ရဲများဟု ယူဆရသော အဖွဲ့တဖွဲ့သည် လက်နက်သိုလှောင်ရုံသို့ ရောက်ရှိလာကြသည်။ ပုံစံတကျ လက်မှတ်များ ရေးထိုးထားလျက် အမှန်အကန်ဖြစ်ပုံရသော စာရွက်စာတမ်းများဖြင့် ထိုအဖွဲ့က လက်နက်များကို ထုတ်ယူသွားခဲ့သည်။ [၆] ထိုအတုအယောင်ရဲအဖွဲ့သည် ရဲတပ်ဖွဲ့၏ ယာဉ်ကို မသုံးဘဲ အမှတ်တံဆိပ်မပါရှိသော ထရပ်ကားတစီးကို အသုံးပြုသွားသည့်အတွက် သံသယဖြစ်ပေါ်စေခဲ့သည်။ သို့သော်လည်း ဇူလိုင်လ (၁၄) ရက်နေ့ကျမှသာ ထိုကိစ္စကို ထိပ်ပိုင်းအာဏာပိုင်များ သိခဲ့ရသည်။ လက်နက်များကား ပျောက်သွားခဲ့လေပြီ။ သို့သော် ယင်းလက်နက်များ မည်သူ့လက်ဝယ်ရှိနေသည်ကိုမူ ရှင်းရှင်းလင်းလင်းမသိရချေ။

သူတို့ကို စစ်ဆေးမေးမြန်းရာတွင် သူနှင့် ဦးစော ဆက်နွယ်မှုရှိနေသည်ကို မေဂျာယန်းက အလွယ်တကူပင် ဝန်ခံခဲ့သည်။ ဂဠုန်တပ်၏ အကြီးအကဲဖြစ်သော ဦးစောနှင့် အင်းလျားကန်ခြားလျက် သူနေထိုင်ခဲ့သည်။ ဦးစောသည် မေဂျာယန်းနှင့် အချိန်အတော်ကြာကြာကြီး နီးနီးကပ်ကပ် ဆက်သွယ်မှုရှိခဲ့သည်။ တချိန်တွင် အေဒီလမ်းရှိ သူ့နေအိမ်၌ ကျင်းပသော ပါတီပွဲသို့ ယင်းဗြိတိသျှအရာရှိ တက်ရောက်ခဲ့ဖူးသည်။ ထိုပါတီပွဲသို့ ဗီဗီယန်းလည်း ရောက်ရှိခဲ့သည်။ ထိုပါတီပွဲ၌ ဦးစောနှင့် ဗြိတိသျှကောင်စီမှ 'ဘင်ဂလေ' ဆိုသူကို မေဂျာယန်းက မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ ထိုသို့တွေ့ဆုံရာတွင် ဘင်ဂလေက ဦးစောကို "ကျွန်တော်တို့ ခင်ဗျားကို အပြည့်အဝကူညီဖို့ ပြင်ဆင်ထားပြီးပါပြီ" ဟု အသံကျယ်ကြီးဖြင့် အာမခံချက်ပေးခဲ့ကြောင်း ယန်းက ပြောဆိုခဲ့သည်။





ဦးထွန်းလှအောင်သည် ဗီဗီယန်းထံ ဦးစောက ပေးပို့သော လျှို့ဝှက်သင်္ကေတဖြင့် ရေးထားသည့် မိတ္တူများကို ဗြိတိသျှမေဂျာအား ပြလိုက်သည်။ မေဂျာယန်းသည် အံ့သြလောက်အောင်ပင် ဤလျှို့ဝှက်ဆန်းကြယ်မှုကို ဖြေရှင်းပြတော့သည်။

ꩻ 'တစ္ဆေက ညတိုင်း ထော့နင်းထော့နင်းဖြစ်နေသည်' – မေဂျာယန်းက သူ့အိမ်မှာ ထော့နင်းထော့နင်းဖြစ်နေသော တစ္ဆေအခြောက်ခံရသည်ဟု နာမည်ကြီးနေကြောင်း ရှင်းပြသည်။

ꩻ 'ငှက်ပျောသီးအစိမ်းနဲ့ ဒည့်ခံ' – ဦးစော၏ ပါတီပွဲတွင် တည်ခင်းဧည့်ခံသော ငှက်ပျောသီး အမျိုးအစားဖြစ်သည့် အစိမ်းရောင် သီးမွှေးငှက်ပျောသီး အရှည်များကို ဆိုလိုခြင်းဖြစ်သည်။

ꩻ 'သံပုရာရည်မှာ ဒေးဗစ်၏ အချစ်ဆုံး' – သည် ဒေးဗစ်မှာ အခြားသူမဟုတ်ဘဲ ဗြိတိသျှမေဂျာ၏ သားအငယ်ဖြစ်သည်။ သူသည် သံပုရာရည်ကို ကြိုက်နှစ်သက်ပြီး ပါတီပွဲများတွင် ယင်းကိုသာ နှစ်နှစ်ခြိုက်ခြိုက် သောက်သုံးသူဖြစ်သည်။

စစ်ဆေးမေးမြန်းမှုကား ပြီးစီးသွားသောအခါ ဦးထွန်းလှအောင်သည် သူ့ရုံးခန်းသို့ ပြန်ပြီး အံ့သြစရာကောင်းလှသော ထုတ်ဖော်တွေ့ရှိမှုများအပေါ် ပြန်လည် စဉ်းစားသုံးသပ်သည်။ စွပ်စွဲထိုက်သော လက်ညှိုးသည် 'ဘင်ဂလေ' ဆီသို့ ထိုးလျက်ရှိနေလေပြီ။ သူသည် မြန်မာအများစုထက် ကိုယ်ခန္ဓာမြင့်မားသည်မှာ သေချာသည်။ ကပ္ပတိန်ဗီဗီယန်း၏ စာတစောင်ထဲတွင် ပါရှိသော "အရပ်ခပ်မြင့်မြင့်နဲ့ လူကြီးလူကောင်း" ဆိုသည်မှာ သူ့ကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ပါသလား။ အခြားအရပ်မြင့်သူများလည်း အများအပြားရှိနေရာ ဦးထွန်းလှအောင်သည် ဤအဆင့်တွင် တိတိကျကျ အတပ်ကောက်ချက်မချနိုင်သေးချေ။

ထိုအချိန်တွင် အင်းစိန်ရှိ အထူးခုံရုံးတွင်လည်း ကြားနာစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ ဘညွန့်က ဘုရင့်သက်သေ ဖော်ကောင်အဖြစ် အချို့ထူးခြားသော ဝန်ခံချက်များကို ဖော်ထုတ်လျက်ရှိသည်။ သူသည် ဦးစော၏ မျိုးချစ်ပါတီဝင်ဖြစ်လာပြီးနောက် လက်နက်များ၊ ခဲယမ်းမီးကျောက်များ စုဆောင်းရန်နှင့် ရန်ပုံငွေရှာရန် တာဝန်သုံးရပ် သူ့ကို အပေးခံခဲ့ရသည်။ ဇွန်လ (၂၄) ရက်နေ့တွင် ဗိုလ်တထောင်ပင်မ စစ်လက်နက်ပစ္စည်းတိုက်မှ ဘရင်းဂန်း အလက် (၂၀၀) ထုတ်ယူသွားသူမှာ သူဖြစ်ကြောင်း ဘညွန့်က ထုတ်ဖော်လိုက်သည်။ ထိုလက်နက်များကို သုံးတန်တင် လော်ရီကားဖြင့် တကြိမ်တည်းတင်ပြီး ဦးစော၏ အေဒီလမ်းနေအိမ်သို့ သူမောင်းပို့ခဲ့ကြောင်း သူက ပြောဆိုလိုက်သည်။ နောက်တကြိမ်တွင်လည်း ပြည်လမ်းပေါ်ရှိ အခြား လက်နက်သိုလှောင်ရုံတခုမှ ဒသမ (၃၀၃) ကျည်ဆံအတောင့် တသိန်းတိတိကို သူသွားရောက်ယူဆောင်ခဲ့ရကြောင်း ဝန်ခံသည်။ ဇူလိုင်လ (၂၀) ရက်နေ့တွင် ဦးစော၏ အိမ်နောက်ဘက်ကန်ထဲမှ တွေ့ရှိရသော အလုံပိတ်သေတ္တာများထဲရှိ ကျည်ဆန်များမှာ ဤထုတ်ယူလာမှု အထောက်

အထားများ ဖြစ်ပေသည်။ ဝန်ခံချက်နှင့် တွေ့ရှိမှုတို့မှာ အံဝင်ခွင်ကျဖြစ်နေပါသည်။

ဦးစောဇနီးသည်၏ တူတော်သူ ခင်မောင်ရင်ကလည်း ဆပ်မရှင်းဂန်းတလက်၊ အမေရိကန် ကာဘိုင်သုံးလက်၊ စတင်းဂန်းတလက်၊ တော်မီဂန်း (၂) လက်၊ လျူဂါပစ္စတို တလက်၊ ခြောက်လုံးပြူး (၂) လက်နှင့် ကျည်ဆန်များ ဝယ်ယူရန် မေဂျာယန်းဆိုသူနှင့် ဆက်သွယ်မှု ပြုလုပ်ခဲ့ကြောင်း နောက်ဆုံးတွင် ဝန်ခံချက်ပေးလေသည်။ မေဂျာမိုး၊ ကပ္ပတိန် ဗီဗီယန်းတို့နှင့် ဦးစော ဆက်သွယ်မှုရှိပုံ လက်နက်နှင့် ခဲယမ်းမီးကျောက်တိုက်များမှ ဘရင်းဂန်းနှင့် ကျည်ဆန်များ မည်သို့မည်ပုံခိုးယူခဲ့ပုံ၊ ယင်းတို့ကို ဂုန္နီတပ်ဖွဲ့ဝင်များရှိသော ခရိုင်အတွင်း ဖြန့်ဝေထားပုံနှင့် ဦးစောအိမ်ဘေးရှိ ရေကန်ထဲတွင် ဝှက်ထားပုံတို့ကို ခင်မောင်ရင်က ပြောပြလေသည်။

ကုက္ကိုင်းလမ်းပေါ်ရှိ သူ (ဦးစော) ပိုင် မြေကွက်ပေါ်တွင် တည်ရှိသော စစ်တပ်သယ်ယူပို့ဆောင်ရေးစခန်း၏ တာဝန်ခံမှာလည်း မေဂျာယန်းဖြစ်ကြောင်း ခင်မောင်ရင်က ထပ်မံထုတ်ဖော်ပြန်သည်။ [၇] ထို့ပြင် မေဂျာလန့်စ် (Major Lance) ဆိုသူထံမှ စပရင်းဖီးလ် ရိုင်ဖယ် (Springfield Rifle) တလက်၊ တော်မီဂန်း (၂) လက်နှင့် ကာဘိုင်တလက်တို့ကို ဦးစောရရှိခဲ့ကြောင်းလည်း သူက ဆက်လက်ထုတ်ဖော်သည်။ ထိုအရာရှိ၏ အမည်အပြည့်အစုံမှာ မေဂျာပီတာ အားနက်စ် လန့်စ်လော့ဒိန်း (Major Peter Ernest Lancelot Daine) ဖြစ်ပြီး၊ သူသည် ကမာရွတ် ရော်ဘာစက်ရုံဘေးရှိ ဘန်ဂလို နှစ်ထပ်အိမ်တွင် နေထိုင်ခဲ့သည်။

ဦးစောသည် ထိုဘန်ဂလိုအိမ်သို့ မကြာခဏ အလည်သွားခဲ့ဖူးသည်။ မေဂျာဒိန်းသည် မြန်မာ့စစ်ဦးစီးဌာနချုပ်၊ ထောက်လှမ်းရေးတပ်တွင် တာဝန်ထမ်းဆောင်နေပြီး ရန်ကုန်မြောက်ဘက်ရှိ မင်္ဂလာဒုံ ပင်မစစ်လက်နက်ပစ္စည်းသိုလှောင်ရုံ၏ တပ်မှူးလည်းဖြစ်သည်။ ဤသို့ဖြင့် မေဂျာယန်းနှင့် မေဂျာဒိန်းတို့သည် ဦးအောင်ဆန်းတို့အား လုပ်ကြံသတ်ဖြတ်မှုတွင် ပစ်ခတ်အသုံးပြုခဲ့သော လက်နက်များကို ဦးစောအား ပေးအပ်ခဲ့ကြောင်း ယုံကြည်လောက်သည့် ခိုင်မာသော အကြောင်းအချက်တို့ကို ရရှိခဲ့သည်ဟု ခုံရုံးတော်က ဖော်ပြနိုင်ခဲ့သည်။ ဗိုလ်တထောင်နှင့် အခြားလက်နက်သိုလှောင်ရုံတို့မှ လက်နက်များ ရယူနိုင်ရေးအတွက် ကပ္ပတိန်ဗီဗီယန်းက ရဲအဖွဲ့၏ စာရွက်စာတမ်းအတုများ ပြုလုပ်ပေးခဲ့သည်။ ဗီဗီယန်းသည် ရန်ကုန် ဖိုက်ချ်ရိပ်သာ (Fytche Flats) တွင် နေထိုင်လျက်ရှိရာ ယင်းတိုက်ခန်းများတွင် အခြား ဗြိတိသျှအရာရှိငယ်များနှင့် ဒေသခံစီးပွားရေးသမားအချို့လည်း နေထိုင်လျက်ရှိကြသည်။ ယင်းစီးပွားရေးသမားများအထဲမှ မာလ်ဟိုထရာ (Malhotra) ဆိုသူသည် ယင်းအရာရှိများနှင့်လည်းကောင်း၊ ဦးစောနှင့်လည်းကောင်း အထူးအကျွမ်းတဝင် ရှိပုံရလေသည်။ အိန္ဒိယအနွယ်ဖြစ်သူ မာလ်ဟိုထရာသည် ဗြိတိသျှကုမ္ပဏီတခုဖြစ်သည့် လီလ် အင် ကုမ္ပဏီ (Leele & Co) တွင် အလုပ်လုပ်လျက်ရှိပြီး





မေဂျာဒိန်းနှင့် အထူးသဖြင့် နီးစပ်မှုရှိသည်။ ဗြိတိသျှငွေရေးကြေးရေး အကျိုးစီးပွားကိုလိုလားသော ဗြိတိသျှအရာရှိငယ်များသည် ဦးစောကို ထောက်ခံကြပြီး ရန်ကုန်ကုန်သည်အသိုင်းအဝိုင်းအချို့နေရာများတွင် ဦးအောင်ဆန်း၏ လက်ဝဲယိမ်းသော အတွေးအခေါ်များကြောင့် စိတ်ကသိကအောက်ဖြစ်လျက်ရှိကြရာ ဦးအောင်ဆန်းအား ဆန့်ကျင်ပြုလုပ်ရန် ဦးစောကို သွေးထိုးပေးခဲ့ပုံရသည်ဟူသော အယူအဆအား ဤအချက်အလက်များက အတည်ပြုပေးသလို ဖြစ်နေလေသည်။

ဦးအောင်ဆန်းအား ဆန့်ကျင်သော မဟာမိတ်အစိတ်အပိုင်းတရပ်အဖြစ် ဖွဲ့စည်းထားသော အခြား လက်ျာနိုင်ငံရေးသမားများလည်း ရှိသေးသည်။ မြန်မာပြည်ကို ဂျပန်သိမ်းယူထားစဉ်က ဂျပန်ရုပ်သေးအစိုးရ၏ နိုင်ငံအဓိပတိဖြစ်ခဲ့သူ ဒေါက်တာဘမော်မှာလည်း ထိုသူများထဲတွင် တယောက်အပါအဝင်ဖြစ်သည်။ လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီးလျှင်ပြီးချင်း ဦးထွန်းလှအောင် လိုက်လံဖမ်းဆီးထားသော သံသယအရှိခံရသူ လူ (၈၀၀) ထဲတွင် သူလည်း ပါလေသည်။ ထို့အတူ အခြားနိုင်ငံရေးသမားဟောင်းတဦးမှာ သခင်ဗစိန်ဖြစ်ပြီး သူသည် သခင်ထွန်းအုပ်နှင့်အတူ ရဲဘော်သုံးကျိပ်၏ နယ်ချဲ့အင်္ဂလိပ်အား ဆန့်ကျင်သော (ဂျာမဏီ၊ အီတလီ၊ ဂျပန်) ဝင်ရိုးတန်း လိုလားသူ (pro-Axis faction) ကို ခေါင်းဆောင်မှုပေးခဲ့သည်။ ၎င်းတို့အုပ်စုသည် ဦးအောင်ဆန်းနှင့် ဗိုလ်လက်ျာတို့ ခေါင်းဆောင်သော 'သခင်ကိုယ်တော်မှိုင်းအုပ်စု' နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သခင်ထွန်းအုပ်သည် သူနှင့်အတူလိုက်ပါမည့် သူ့သြဇာခံ မြန်မာမျိုးချစ်လူငယ် (၁၁) ယောက်ကို ဦးဆောင်၍ နောက်ဆုံးအသုတ်အဖြစ် ဂျပန်သို့ ရောက်ရှိသွားခဲ့သည်။ ယင်းအသုတ်တွင် သခင်ရှုမောင်ခေါ် ဗိုလ်နေဝင်းသည်လည်း ပါလာခဲ့သည်။

အထက်ပါ လက်ျာနိုင်ငံရေးသမားများသည် အတူတကွစုပေါင်းကာ လက်ျာအစွန်းရောက်အုပ်စုအဖြစ် ဖွဲ့စည်းလိုက်ပြီး ယင်းအုပ်စုသည် ဦးစောနှင့်လည်းကောင်း၊ နိုင်ငံခြား စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း နီးကပ်စွာ ဆက်သွယ်မှုရှိခဲ့သည်။ ထို့ကြောင့် သူတို့သည် ဦးအောင်ဆန်း၏ ပြိုင်ဘက်များဖြစ်သည်မှာ သံသယရှိစရာမလိုပေ။ ယင်းနိုင်ငံရေးသမားတဦးစီသည် နိုင်ငံခြားစိုးမိုးမှုမှ လွတ်မြောက်ရေးရရှိရန်နှင့် ဗြိတိသျှအုပ်စိုးမှုနေရာ၌ သူတို့ကိုယ်တိုင် အစားထိုးဝင်ရောက်ရန် တိုင်းပြည်ကို ခေါင်းဆောင်လိုကြသူများဖြစ်ကြသည်။ သို့ရာတွင် သူတို့ကို စစ်ဆေးမေးမြန်းရာ၌လည်း ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်မှုတွင် သူတို့ အဆက်အစပ်ရှိနေသည့် သက်သေခံ အခိုင်အမာ မတွေ့ပေါ်ခဲ့ချေ။ သို့ဖြစ်၍ သူတို့ကို ပြန်လွှတ်ပေးခဲ့ရသည်။

ဦးထွန်းလှအောင်က စေလွှတ်ထားသော ဇူလိုင်လ (၁၉) ရက်နေ့က လူသတ်သမားများ၏ ကားနှင့် ကားတိုက်မှုဖြစ်လုနီးပါးဖြစ်ခဲ့သော ဦးစော၏ အိမ်နီးချင်း ကပ္ပတိန်ခန်း ကြီးကြပ်သည့် အရပ်ဝတ်ရဲထောက်လှမ်းရေးသမားများက သံသယရှိသော ဗြိတိသျှ

အရာရှိများ၏ လှုပ်ရှားမှုများကို အချိန်အတန်ကြာ အနီးကပ်စောင့်ကြပ်ကြည့်ရှုနေခဲ့သည်။ ဦးစောနေအိမ်၏ အခြားတဘက်နှင့် အင်းလျားကန်၏ ကျွန်းဆွယ်ကမ်းစပ်များပေါ်တွင် ငါးများသမားအသွင် ပုံဖျက်ထားကြသော ကပ္ပတိန်ခန်း၏ လူများသည် လုပ်ကြံသတ်ဖြတ်မှုမဖြစ်ပွားမီက ဦးစောခြံအတွင်း လူအဝင်အထွက် လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြပ်ကြည့်ရှုနေခဲ့ကြသည်။ သူတို့သည် ထရပ်ကားများ အဝင်အထွက်နှင့် လေးလံသော ပစ္စည်းများ ခြံအတွင်း ချခဲ့သည်များကို သတိထားမိခဲ့ကြသည်။ သို့သော်လည်း ထိုအချိန်က မည်ကဲ့သို့သော ပစ္စည်းများ သယ်ပိုးနေသည်ကို မည်သူမျှ အတိအကျမသိရှိခဲ့ကြချေ။

ကျွန်တော်၏ ယောက္ခမဖြစ်သူ တရားသူကြီး ဦးသောင်းစိန်က နောက်ပိုင်းတွင် ကျွန်တော့်ကို ဤသို့ ပြန်ပြောပြခဲ့သည်။ "မြန်မာစကားမှာ စိန်ကို စိန်ကပဲ ဖြတ်နိုင်တယ်လို့ ဆိုထားတယ်။ ဦးထွန်းလှအောင်ဟာ တချိန်က ဂဠုန်တပ်ရဲ့ တပ်မှူးကြီးတဦးဖြစ်ခဲ့တဲ့ ဦးစောအတွက်တော့ တရားဥပဒေကို ဆန့်ကျင်ပြီး သူသွားမယ့်လမ်းမှာ အုတ်တံတိုင်းကြီးတခုပါပဲ" ဟုပင်ဖြစ်သည်။

ဦးစောနှင့် သူ့နောက်လိုက်များ မည်မျှဉာဏ်များ၍ မည်ကဲ့သို့ စီစဉ်သည်ဖြစ်စေ ... သူတို့သေသေချာချာမသိသည်မှာ သူတို့အတွက် ဆန့်ကျင်ဘက် (တရားဥပဒေ ဘက်တော်သား) ရန်သူကြီးတယောက် ရှိနေသည့်အချက်ပင်ဖြစ်လေသည်။

ဘုရင်ခံ ဆာဟူးဘတ်ရန့်စ် (Sir Hubert Rance) သည် လန်ဒန်သို့ ကြေးနန်းရိုက်လိုက်သည်။ "အချို့သော အတိုက်အခံ နိုင်ငံရေးသမားတွေက လက်နက်များကို ခိုးယူစုဆောင်းပြီး၊ တစတစ လက်နက်ကိုင်ထကြွမှုလမ်းကြောင်းအတွက် ပြင်ဆင်သွားပြီး၊ အာဏာကို တိုက်ခိုက်ရယူသွားလိမ့်မယ်လို့ ကျွန်တော်မြင်မိပါတယ်" ဟု ဖြစ်၏။

ဦးစောအနေဖြင့် ကပ္ပတိန်ဗီဗီယန်း၊ မေဂျာယန်း၊ မေဂျာဒိန်းနှင့် အခြားစိတ်တူသဘောတူ ဗြိတိသျှအရာရှိများ၏ အကူအညီများကို ရယူနိုင်ခြေလည်းရှိနေလေပြီ။ ပြည်တွင်းစစ်ကို ဖန်တီးနိုင်သည့် လက်နက်အလုံအလောက်လည်း ဦးစောနှင့် သူ့ဂိုဏ်းတွင် ရှိနေလေပြီ။ ဦးစောခြံဝင်းအတွင်း အချိန်နှင့်အမျှ ပြုလုပ်နေသော တိတ်တဆိတ်လှုပ်ရှားမှုများကိုလည်း သေနတ်သမား ခင်မောင်ရင်က တရားရုံးတော်တွင် ဖာတ်ကြောင်းပြန်ပြခဲ့သည်။ မေဂျာယန်း၏အိမ်မှာ မြေပြင်လမ်းမှ သွားလျှင် (၄) မိုင်မျှဝေးသော်လည်း လှေဖြင့် လှော်သွားလျှင် နာရီဝက်ခရီးသာဖြစ်သည်။ သူနှင့် သူ့ရဲဘော်များသည် လှေဖြင့် (၇) ခေါက်၊ (၈) ခေါက်ခန့်သွားခဲ့ပြီး ကန်ကိုဖြတ်၍ လက်နက်များ သယ်ပို့ခဲ့ကြောင်း ခင်မောင်ရင်က ထွက်ဆိုခဲ့သည်။ ကန်၏တဝက်ခန့်လောက်တွင် ရှိသော ကဗင်ကျွန်း (Cabin Island) မှာလည်း ကမ်းနှင့်ဝေး၍ သူတို့ သေနတ်ပစ်လေ့ကျင့်ရာ စခန်းတခုဖြစ်ခဲ့သည်။

စိတ်ကူးယဉ်လျက် မည်သည့်အစီအစဉ်ကို သူတို့ ကြိုတင်ရေးဆွဲခဲ့သည်ဖြစ်စေ၊







ဦးအောင်ဆန်းလုပ်ကြံသတ်ဖြတ်ခံရပြီး နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ယင်းအစီအစဉ်များ ပျက်သုဉ်းခဲ့ရလေတော့သည်။ ဦးစောသည်လည်း နိုင်ငံ့ခေါင်းဆောင်ဖြစ်မလာ။ သူသည် တရားရုံးစရိတ်များပေးရန်နှင့် အကယ်၍ မျှော်လင့်ချက်ရှိခဲ့လျှင် သူလွတ်မြောက်ရေးကို ငွေဖြင့်ဝယ်ယူရန် ချက်ချင်းလက်ငင်း ငွေလိုအပ်နေသော စိတ်ပျက်ဖွယ် အကျဉ်းသားတဦးသာဖြစ်လာခဲ့သည်။ သို့ဖြစ်သည့်အလျောက် မန္တလေးရှိ ချမ်းသာကြွယ်ဝသော မိတ်ဆွေတဦးထံ စာတစောင်ရေးသားခဲ့သည်။ ဦးထွန်းလှအောင်သည် ထိုသူကို ချက်ချင်းဖမ်းဆီးထားလိုက်သည်။ ဦးစောသည် အလားတူမေတ္တာရပ်ခံမှုများကို တပြည်လုံးရှိ သူ့နောက်လိုက်များထံ ပေးပို့ခဲ့သည်။ ထိုသူများကိုလည်း အလားတူ ထိန်းသိမ်းထားလိုက်သည်။

မတတ်သာသည့်အဆုံး ဦးစောသည် သတိထားရှောင်ကြဉ်ရမည်များကိုပင် ဂရုမစိုက်နိုင်တော့ဘဲ 'ဘင်ဂလေ' ထံသို့ ပြောင်ပြောင်တင်းတင်းပင် စာရေးလိုက်တော့သည်။ ထိုစာ၌ သူတို့၏ အချိန်းအချက်နေရာများနှင့် နားလည်ထားမှုများကို အကျဉ်းချုံးဖော်ပြထားပြီး သူသည် ငွေရေးကြေးရေးအကျပ်အတည်း ဖြစ်နေကြောင်းနှင့် ငွေအမြန်လိုကြောင်း ရေးသားထားသည်။ မြန်မာ့ထုံးစံအတိုင်းပင် တဘက်သားကို စိတ်အနှောင့်အယှက်မပေးလိုကြောင်းလည်း ဖြည့်စွက်ရေးသားထားသည်။ သို့ရာတွင် အမြန်အကြောင်းပြန်ရန်ကား သူက တောင်းဆိုထားလေသည်။

ထောင်မှ လွတ်လာခါစ ထောင်ထွက်တဦးပုံစံ ပုံဖျက်ထားသော ပုလိပ်တဦးကို ရန်ကုန်ရှိ 'ဘင်ဂလေ' နေထိုင်ရာ အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ ယင်းစာကို သွားပေးခိုင်းလိုက်သည်။ 'ဘင်ဂလေ' က စာအိတ်ကို ယူလိုက်ပြီး ဖွင့်ဖောက်လိုက်ကာ စာသယ်ဆောင်လာသူအား ယုံကြည်မှုအပြည့် ထားရှိသည့်ပုံစံမျိုးဖြင့် ဘင်ဂလေသည် သူ့ရှေ့တွင်ပင် စာကို ကျယ်ကျယ်လောင်လောင် အသံထွက်ဖတ်လိုက်သည်။ ဘင်ဂလေ့မျက်နှာမှာ စာကိုဖတ်ရင်း အသံတိုးသွားလျက် သွေးများ ချက်ချင်းဆုတ်ယုတ်သွားသည်။ သူသည် စာကို အပိုင်းပိုင်း အစစဖြစ်အောင် ချက်ချင်းဆုတ်ဖြဲလိုက်ပြီး ထိုစာရွက်အစအနများကို လက်ထဲကိုင်ထားရင်း အတွင်းခန်းသို့ အမြန်ဝင်သွားသည်။ ထိုအခိုက် ထောင်ထွက်ဟန်ဆောင်ထားသူ ရဲသားသည် အိမ်သာ ရေဆွဲချလိုက်သံကြားလိုက်ရသည်။ ဘင်ဂလေသည် တံခါးမှ ပြန်ထွက်လာပြီး... "မင်းဒီနေရာက ထွက်သွား၊ ချက်ချင်းထွက်သွား" ဟု သူ့ကို အော်ဟစ်ရင်း မောင်းထုတ်လိုက်သည်။

ကနဦးသိရှိရသော အထောက်အထားများက ဘင်ဂလေနှင့် ဦးစောသည် ဆက်ဆံရေး အလွန်ကောင်းခဲ့ကြောင်း ပြဆိုနေသည်။ ဦးစောသည် ဩဂုတ်လ (၂၂) နှင့် (၂၃) ရက်နေ့အထိ နေ့စွဲများ တပ်ထားသော စာနှစ်စောင် ဘင်ဂလေထံ ရေးခဲ့သည်။ သူသည် ငွေထပ်မံတောင်းဆိုလိုက်ပြီး ကပ္ပတိန်ဗီဗီယန်းဟု ယူဆသူတဦးကိုလည်း 'VV' ဟု စာ

ထဲတွင် ရည်ညွှန်းဖော်ပြခဲ့သည်။ ထိုစာများက သူ့လွတ်မြောက်ရေးမျှော်လင့်ချက်ကို ပြောဆိုခဲ့ရုံသာမက ပြည်တွင်းနှင့်ပြည်ပ နိုင်ငံတကာရှိ ရိုက်ခတ်မှုများဖြစ်သွားစေနိုင်သော ထုတ်ဖော်မှုများ ပြုလုပ်မည့် ခြိမ်းခြောက်မှုများပင်လျှင် ပါရှိလာခဲ့သည်။ ဦးစောက စာသယ်ဆောင်လာသူကို ယုံကြည်စိတ်ချရကြောင်းလည်း ဘင်ဂလေကို အာမခံချက်ပေးထားသည်။

ထို့နောက်ပိုင်း ဘင်ဂလေသည် စာများကို မည်သည့်အခါမျှ ရရှိခြင်းမရှိတော့ချေ။ ပုလိပ်တပ်ဖွဲ့က နောက်ထပ်စာတစောင်ကို ဘင်ဂလေထံသွားပေးဖို့ရန် စာသယ်ဆောင်သူအား အမိန့်ပေးခဲ့စဉ်က ထိုသူသည် ဘင်ဂလေအိမ်သို့အရောက်တွင် သူ့ကို စိတ်တိုဟန်တူနေသော အင်္ဂလိပ်လူမျိုးတဦးက ဘေးသို့တွန်းထုတ်ပစ်ခဲ့သည်။ ဘင်ဂလေသည် သူ့ပစ္စည်းများကို သိမ်းဆည်းပြီး သူ့နေအိမ်မှ ကမ်းနားလမ်းဟိုတယ်သို့ ချက်ချင်းပြောင်းရွှေ့သွားကာ ကမ်းနားဟိုတယ်တွင် တညတာနေပြီးနောက် အစောဆုံးရနိုင်မည့် (ဘီအိုအေစီ) ရေပြင်ဆင်းလေယာဉ်ပျံ (Flying Boat) ဖြင့် မြန်မာပြည်မှ ထွက်ခွာမည်ဖြစ်သည်။ ထိုလေယာဉ်ပျံသည် နောက်နေ့နံနက်တွင် ထွက်ခွာပေတော့မည်။ ဦးထွန်းလှအောင်သည် ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းအား ယင်းကိစ္စအား အလျင်အမြန် အစီရင်ခံလိုက်သည်။ ဦးကျော်ငြိမ်းက ချက်ချင်းပင် ဘုရင်ခံ ဆာဟူးဘတ်ရန့်စ်နှင့် သွားရောက်တွေ့ဆုံသည်။ ဦးကျော်ငြိမ်းက 'ဘင်ဂလေ' ကို ပုလိပ်များက စုံစမ်းစစ်ဆေးနိုင်ရေးအတွက် ချက်ချင်းဖမ်းဆီးရန် တောင်းဆိုလိုက်သည်။ သို့သော်လည်း ဘုရင်ခံက သဘောမတူချေ။ မြန်မာနိုင်ငံ၏ အလွန်ချစ်မြတ်နိုးခြင်းခံရသော ခေါင်းဆောင်များ လုပ်ကြံသတ်ဖြတ်မှုတွင် ဗြိတိသျှတို့ ပါဝင်နေသည်ဟူသော ဖြစ်နိုင်ခြေရှိသည့် သတင်းအစအန ထွက်ပေါ်သွားပါက မြန်မာနိုင်ငံတွင်ရှိနေသော ဥရောပလူမျိုးစုများအပေါ် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုများ၊ လက်စားချေမှုများ ဖြစ်ပေါ်လာနိုင်သည့်အရေးကို ဘုရင်ခံက တွေးတောစိုးရိမ်နေပုံရသည်။ သူက ဦးကျော်ငြိမ်းကို သံသယရှိနေသော ထိုအရာရှိကြီးအား အနည်းဆုံး လောလောဆယ်အားဖြင့် အရေးမယူရန် ပြောဆိုခဲ့သည်။

ထိုကဲ့သို့ ဖြစ်ခဲ့သော်လည်း ဦးထွန်းလှအောင်အနေဖြင့် 'ဘင်ဂလေ' ကို သူ့နေအိမ်မှ မရွှေ့ပြောင်းမီ သွားရောက်တွေ့ဆုံခွင့်ရခဲ့သည်။ တွေ့ဆုံမှုသည် (၅) နာရီခန့် ကြာမြင့်ခဲ့သည်။ စိတ်လှုပ်ရှားနေသော ဘင်ဂလေသည် မည်သည့်အရာကိုမျှ ထုတ်ဖော်ခဲ့ခြင်း မရှိခဲ့ချေ။ ဘင်ဂလေအနေဖြင့် ဦးစော စာများကို တုံ့ပြန်ရန် ကြိုးစားခဲ့ပုံလည်းမရဟု ဦးထွန်းလှအောင်က ကောက်ချက်ချခဲ့သည်။

ရက်အတန်ကြာသောအခါ ကမ်းနားရှိ ရေပြင်ဆင်းလေယာဉ်ပျံ ဆိုက်ကပ်ထားရာ ဆိပ်ခံတံတားပေါ်သို့ လက်ဆွဲအဝတ်သေတ္တာများဆွဲလျက် 'ဘင်ဂလေ' တက်လာသောအခါ ဦးထွန်းလှအောင်သည် သူ့ဆီသို့ အေးဆေးငြိမ်သက်စွာ လျှောက်သွားလိုက်သည်။







သူ့အင်္ကျီအိတ်ထဲတွင် ဦးစောက ဘင်ဂလေထံ နောက်ဆုံးရေးသားထားပြီး မပေးရသေးသည့် စာမိတ္တူတစောင်ပါလာခဲ့သည်။ ဦးထွန်းလှအောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရစဉ်ကပင် တုန်လှုပ်ချောက်ချားနေသော ဘင်ဂလေသည် ရဲအရာရှိကြီးက "ခင်ဗျား... ဒီလက်ရေးကို မှတ်မိပါသလားခင်ဗျာ" ဟူ၍ မေးပြီး စာကိုပြလိုက်သောအခါ မျက်နှာတွင်သွေးမရှိတော့ဘဲ ဖြူဆွတ်သွားလေသည်။

ဦးထွန်းလှအောင်က သူလိုလားသည့်အတိုင်း ဖမ်းဆီးနိုင်ခွင့်အာဏာ ယခု သူ့မှာ ရှိပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ 'ဘင်ဂလေ' သည် ကြောက်လန့်တုန်လှုပ်သွားသည်။

"ကျွန်တော့်မှာ သံတမန်ဆိုင်ရာ အကာအကွယ်ရှိတယ်။ ခင်ဗျား– ကျွန်တော့်ကို ဖမ်းရင်လဲ ကျွန်တော် ဘုရင်ခံဆီ အသနားခံနိုင်သေးတာပဲ" ဟု သူက ပြန်ပြောသည်။

ထိုအခါ ဦးထွန်းလှအောင်က... "ဘုရင်ခံက ဒီကိစ္စမှာ သိပ်အရေးကြီးတယ်လို့ ထင်ရင် ကြိုက်သလို အရေးယူနိုင်တဲ့ အခွင့်အရေး ဦးနုရဲ့ ယာယီအစိုးရကို ပေးထားပြီး ဖြစ်ပါတယ်" ဟု အေးဆေးသိမ်မွေ့စွာ ပြန်ပြောလိုက်သည်။

ဤသို့ 'ဘင်ဂလေ' ကို ထိပ်တိုက်ရင်ဆိုင်တွေ့သည့် ဦးထွန်းလှအောင်၏ ရည်ရွယ်ချက်မှာ ရန်ကုန်ရှိ ဗြိတိသျှကောင်စီ၏ အကြီးအကဲနှင့် (ဦးအောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများအား) လက်တွေ့အကောင်အထည်ဖော် လုပ်ကြံသတ်ဖြတ်ခဲ့သူများအကြားရှိနေသော ကွင်းဆက်ကို သံသယကင်းစွာ ဆက်စပ်ပြရန် ကြိုးစားခြင်းသာ ဖြစ်လေသည်။ နောက်ဆုံး၌ ဦးထွန်းလှအောင်က ဘင်ဂလေကို မြန်မာနိုင်ငံမြေပေါ်သို့ မည်သည့်အခါမျှ ခြေမချတော့ရန် ရည်မွန်ရိုးသားစွာ သတိပေးလိုက်သည်။ ဘင်ဂလေသည် ဘီအိုအေစီ ရေပြင်ဆင်းလေယာဉ်ပျံပေါ်သို့ အလျင်အမြန်တက်သွားပြီးနောက် ယနေ့အထိ မည်သည့်အခါမျှ သူ့အကြောင်းမကြားရတော့ချေ။ ဘင်ဂလေ မြန်မာပြည်မှ ထွက်ခွာသွားခဲ့သည့် ရက်မှာ ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၄) ရက်နေ့ ဖြစ်သည်။ ထို့နောက်ပိုင်း သူ့ကံကြမ္မာနှင့်သူ မည်သည့်အရပ်ဒေသသို့ ရောက်သွားပြီး မည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်များမှာမူ မည်သူမျှမသိနိုင်တော့သော လျှို့ဝှက်ဆန်းကြယ်မှုပင်ဖြစ်နေပေတော့သည်။[၈]

ထိုအချိန်၌ ဦးစောသည် ပြင်ပတွင် ဖြစ်ပျက်နေသည်များကို လုံးဝမသိရှိခဲ့ချေ။ အင်းစိန်ထောင်အတွင်းရှိ သူ့အခန်းလေးနှင့် အနီးရှိ တရားရုံးအခန်းတို့သည်သာ သူ့ကမ္ဘာလေးဖြစ်နေတော့သည်။ ဖမ်းဆီးခံနေရစဉ်ကာလမှာပင် ဦးစော၏ တက်ကြွသော အင်အားတို့မှာ သိသိသာသာဆုတ်ယုတ်လျက်ရှိနေသည်။ လွတ်မြောက်ရန် မျှော်လင့်ချက်မှန်သမျှမှာလည်း လျင်မြန်စွာ ကျဆင်းလျက်ရှိသည်။ သူ့ကို ဒုက္ခပေးသည်မှာ ထောင်ကျနေသည့် အချက်သက်သက်တခုတည်းတော့မဟုတ်ချေ။ သူသည် ယခင်က ထောင်ကျခဲ့ဖူးသည်။ မြန်မာနိုင်ငံကို ဂျပန်ဝင်ရောက်သိမ်းပိုက်ထားစဉ်ကာလတခုလုံး (အင်္ဂလန်မှ မြန်မာနိုင်ငံသို့အပြန်) ယူဂန်ဒါတွင် သူသည် (၄) နှစ်တာ အကျဉ်းကျခံနေခဲ့ရသည်။

ကမ္ဘာစစ်ကြီးပြီးသွားပြီးသည့်နောက်တွင်လည်း တိုင်းပြည်ဆူပူထကြွအောင် လှုံ့ဆော်မှုဖြင့် ထောင်အတွင်း ခေတ္တအနားယူခဲ့ရသေးသည်။ လူသတ်မှုဖြင့် တဦးချင်းစီ၌ အပြစ်ရှိနေသော သူ့မိခင်၏မောင် (၉) ယောက်လုံးကို တရားလွှတ်တော်တရားရုံး၌ အယူခံဝင်ပြီး အားလုံးလွတ်မြောက်ခဲ့သည်ကိုလည်း သူ၏ နိုင်ငံရေးတရားပွဲများတွင် သူက အမြဲဝါကြွားပြောဆိုလေ့ရှိသည်။ ဤသို့သော သူရသတ္တိပြသနိုင်မှုများမှာ ယခုအခါ အတိတ်တွင် ကျန်ရစ်ခဲ့လေပြီ။ ဤတကြိမ်တွင်မူ ဦးစောအနေဖြင့် အပြစ်မှကျေအေးခွင့်လွှတ်ရန်သော်လည်းကောင်း၊ သနားကြင်နာစွာ အပြစ်ကို လျှော့ပေါ့စဉ်းစားရန်သော် လည်းကောင်း မျှော်လင့်နိုင်တော့မည်မဟုတ်တော့ချေ။

ဦးစောသည် ကပ္ပတိန်ဗီဗီယန်းထံ စာထပ်မံရေးပြန်သည်။ ဤတကြိမ်တွင်မူ ပွင့်ပွင့်လင်းလင်းပင်ရေးသည်။ ဤသို့ရေးသားလာခြင်းမှာ နောက်ဆုံး မလုပ်မဖြစ်သည့်အခြေအနေ၊ သို့မဟုတ် မျှော်လင့်ချက်ဆုံးရှုံးနေသည့်အခြေအနေ၊ သို့မဟုတ် နှစ်ရပ်လုံးကြောင့်လည်း ဖြစ်နိုင်ခြေရှိပေသည်။ စာတစောင်တွင် ဦးစောက ဗီဗီယန်းကို သူ့အနေဖြင့် မြန်မာနိုင်ငံပြင်ပတွင် မည်သည့်နေရာတွင် ခိုလှုံနိုင်မည်နည်းဟု မေးမြန်းထားသည်။ ဗီဗီယန်းက အိန္ဒိယကမ်းရိုးတန်းရှိ ပေါ်တူဂီပိုင်နယ်မြေဖြစ်သည့် 'ဂိုအာ' အိန္ဒိယပြည်နယ်တွင် ဖြစ်နိုင်ကြောင်း မသေမချာ မရေရာလှစွာ ပြန်လည်အကြံဉာဏ်ပေးဖြေကြားခဲ့သည်။ ယင်းနေရာသည် သူနှင့် ပူးပေါင်းကြံစည်သူများအတွက် ခိုလှုံရန် သက်ဆိုင်သူများက ရွေးချယ်ထားသည့်နေရာဖြစ်ပါသလား။ မည်သူမျှ အတတ်မသိနိုင်ချေ။ ဗီဗီယန်းသည် မည်သို့သောအနေအထားတွင်မဆို အိန္ဒိယတိုက်ဆွယ်၏ ထိုအစိတ်အပိုင်းကို ကောင်းစွာ သိရှိထားလေသည်။

ဤအချိန်အထိ 'ဘင်ဂလေ' မြန်မာနိုင်ငံမှ ထွက်ခွာသွားသည်ကို ဦးစောက မသိချေ။ ထို့အတွက် ဘင်ဂလေထံမှ မည်သည့်ပြန်စာမျှ မရရှိသောအခါ ဦးစောသည် ထောင်ပြင်ပရှိ အခြားဆက်သွယ်ရမည့်သူများကို ရှာကြံလေသည်။ ဦးစောသည် လျှို့ဝှက်သင်္ကေတဖြင့် နောက်ထပ်စာတစောင်ရေးပြန်သည်။

"အင်းလျားကန်ထဲ ငါးမရှိ"

ထောင်မှူးကြီး ဦးစံတင့်သည် ၎င်းစာကို ရန်ကုန်မြစ်တဘက်ကမ်းရှိ ဒလမြို့လေးမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင် မြန်မာကုလားကပြားတဦးထံ ကိုယ်ထိလက်ရောက်ပေးရန် လက်ခံရရှိခဲ့သည်။ စာပါသတင်းစကားမှာ ထူးဆန်းလှသည်။ ဦးစော၏ အေဒီလမ်း နေအိမ်နှင့်ကပ်လျက်ရှိသော အင်းလျားကန်မှာ ငါးများနှင့် တင်းကြမ်းပြည့်လျက်ရှိသည်။ 'ငါးမျှားရ' ဟူသော ဆိုင်းဘုတ်ကလေးများမှာ နေရာအနှံ့ရှိနေသော်လည်း ဦးစောအိမ်ကို စောင့်ကြပ်ကြည့်ရှုနေသော ကပ္ပတိန်ခန်း၏ လူများကအစ မည်သူကမျှ ယင်းကို အလေးတမူ မလိုက်နာကြချေ။ သို့ဖြစ်လျှင် စာပါသတင်းစကားမှာ မည်သည်ကို ဆိုလို







ပါသနည်း။

ပုံဖျက်ထားသော ရဲအရာရှိတဦးကို ယခုအထိ မသိရှိရဖူးသေးသည့် ဦးစော၏ အပေါင်းပါထံ ယင်းစာတိုလေးကို ပေးပို့ရန် တာဝန်ပေးအပ်လိုက်သည်။ ထိုသူသည် စာကို ဖတ်လိုက်ပြီး ဦးစောလိုသော ခြောက်လုံးပြူးသေနတ်ကို သူ့အနေဖြင့် ရရှိအောင် ရှာဖွေပေးနိုင်လိမ့်မည်မထင်ကြောင်း အနူးအညွတ်တောင်းပန်ပြောကြားရှာသည်။ ဒလမြို့မှ ယင်းလက်ဖက်ရည်ဆိုင်ပိုင်ရှင်ကို စစ်ဆေးမေးမြန်းရန် ဖမ်းဆီးလိုက်သည်။ နောက်ဆုံးတွင် စာပါ လျှို့ဝှက်စကားမှာ အဓိပ္ပာယ်ပေါ်လာသည်။ ဦးစောသည် ဥပဒေပြင်ပမှ ရှာဖွေထားသော လက်နက်များကို အလုံပိတ်သေတ္တာကြီးများတွင် ထည့်ပြီး အင်းလျားကန်ထဲ၌ ဝှက်ထားခဲ့သည်။ ၎င်းတို့ကို အာဏာပိုင်များက ရှာဖွေတွေ့ရှိပြီး သိမ်းဆည်းထားခဲ့ပြီဖြစ်သည်။ ဦးစောအနေဖြင့် အဝှက်ရလွယ်ကူသော ခြောက်လုံးပြူး (သို့) ပစ္စတိုသေနတ်တလက်ကို တနေရာရာမှ ရရှိရန် အရေးတကြီးလိုအပ်နေသည်။

လျှို့ဝှက်သင်္ကေတစာများကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်သော်လည်း ဒလမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင်နှင့် တချိန်တည်းတွင် ဖမ်းဆီးထားသူများထဲမှ အနည်းအကျဉ်းသာ ဖော်ထုတ်နိုင်ခဲ့သည်။ မည်သို့ဆိုစေ ဦးစော၏ အဆက်အသွယ် ကွန်ရက်မှာ လျင်မြန်စွာ ကျဉ်းမြောင်းလာလျက်ရှိသည်။

ကပ္ပတိန်ဗီဗီယန်းသည်ပင်လျှင် ကံကြမ္မာကို အရှုံးပေးစပြုလာလေပြီ။ တနေ့တွင် သူသည် တရားသူကြီး ဦးသောင်းစိန်ကို ချဉ်းကပ်ပြီး သူ့အနေဖြင့် ဖြောင့်ချက်တခုပေးလိုကြောင်း ပြောဆိုခဲ့သည်။ ဦးသောင်းစိန်က သူ့အနေဖြင့် သူပြောသမျှကို စာဖြင့် ရေးသားယူထားနိုင်သော်လည်း ထိုသို့သော စာရွက်စာတမ်းမှာ အတိအကျဆိုရလျှင် တရားမဝင်ကြောင်း အကြံဉာဏ်ပေးပြောဆိုခဲ့သည်။ မည်သို့ဆိုစေ ဗီဗီယန်းက သူဤသို့ဖြစ်ရခြင်းမှာ သူတို့က ကလောမြို့တပ်စခန်းအနီး စစ်သားများ စီးနင်းလာသော ရထားတစင်းကို ၁၉၄၇ ခုနှစ်၊ ဧပြီလအတွင်း မိုင်းဗုံးဖြင့် ဖောက်ခွဲခံရသဖြင့် သူ့ရဲဘော်အတော်များများ အသက်ဆုံးရှုံးရသည့်အကြောင်းကို တရားသူကြီး ဦးသောင်းစိန်အား နောက်ကြောင်းလှန်၍ ဆက်လက်ပြောဆိုပြခဲ့သည်။ ဤသို့သော အကောက်ကြံဖျက်ဆီးမှုနှင့် ပတ်သက်၍ သံသယရှိခံရသူများမှာ 'ပြည်သူ့ရဲဘော်' တပ်ဖွဲ့ဝင်များဖြစ်ကြပြီး ထိုပြည်သူ့ရဲဘော်တပ်ဖွဲ့မှာ တကယ်တမ်းအားဖြင့် ဦးအောင်ဆန်း၏ ကိုယ်ပိုင်ပြည်သူ့စစ်အဖွဲ့ဖြစ်လေသည်။ သေဆုံးသူ၊ ဒဏ်ရာရသူ စစ်သားများမှာ ဝေလ ရဲဂျီးမဲင့်၏ တပ်ရင်း (၂) တပ်ခွဲ (က) မှ ဖြစ်ကြပြီး ဝေလနယ်သားဖြစ်သူ ဗီဗီယန်းအနေဖြင့် ယင်းအဖြစ်အပျက်အတွက် ဗိုလ်ချုပ်အောင်ဆန်းအပေါ်၌ ခါးခါးသီးသီး နာကြည်းခံစားမိသည်ဖြစ်ရာ နောက်ဆုံး အကျိုးဆက်အားဖြင့် သူသည် ဦးအောင်ဆန်း၏ အဓိကပြိုင်ဘက်ကြီးဖြစ်သော ဦးစောနှင့် မဟာမိတ်ဖွဲ့မိခြင်း ဖြစ်လေတော့သည်။

ဗီဗီယန်း၏ စိတ်လှုပ်ရှားဖွယ်ရာ ပြန်ပြောင်းပြောဆိုချက်များတွင် ဦးစောထံမှ ယခင်က သူရရှိခဲ့သော များပြားလှသည့် အခွင့်အရေးပေးမှုများနှင့် နောင်အနာဂတ်တွင် စီးပွားရေးလုပ်ပိုင်ခွင့်၊ ခံစားခွင့်များကိုပါ ပေးလာမည့် ကတိခံဝန်ချက်များကို ဖုံးကွယ်ထားလေသည်။ ဗီဗီယန်းသည် ဦးစော၏ လုပ်ဖော်ကိုင်ဘက်တဦးဖြစ်သူ ထိပ်တင်မောင်ကလေးနှင့် လော်ရီကားသယ်ပူပို့ဆောင်ရေးလုပ်ငန်းတွင် အစုစပ်အဖွဲ့ဝင်တဦးဖြစ်သည့်အလျောက် ယခုကိစ္စ၌ သူပါဝင်နေခြင်းမှာ ဝေလအမျိုးသား မျိုးချစ်စိတ်ထက်သန်မှုထက် ဤစီးပွားဘက်လုပ်ငန်းကသာ ဦးစောနှင့် ဗီဗီယန်းတို့ ဆက်နွယ်မှု၏ အဓိက နှောင်ကြိုးအကြောင်းအချက်ဖြစ်ပေလိမ့်မည်။

ဗြိတိသျှအရာရှိများကို စစ်ဆေးမေးမြန်းမှုများက ဦးအောင်ဆန်းတို့ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ မည်သည့် သက်သေအခိုင်အမာကိုမျှ ထုတ်ဖော်နိုင်ခြင်းမရှိခဲ့ချေ။ မေဂျာမိုး (Major Moore) သည် တရားရုံးတွင် တရားစွဲဆိုခြင်း လုံးဝမခံခဲ့ရဘဲ မေဂျာယန်း (Major Young) မှာမူ ထောင်ဒဏ် (၂) နှစ် အပြစ်ပေးခြင်းခံခဲ့ရသော်လည်း အယူခံတင်ရာတွင် ပြန်လွတ်သွားပြီး မြန်မာပြည်မှ ချက်ချင်းထွက်ခွာသွားခဲ့လေသည်။ ကပ္ပတိန် ဗီဗီယန်းသည်ကား ထောင်ဒဏ် (၅) နှစ်နှင့် ဒဏ်ငွေတရပ်လျှင် ရူပီး (၅,၀၀၀) စီ ဒဏ်ငွေနှစ်ရပ် ချမှတ်ခြင်းခံခဲ့ရသည်။ သို့သော် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကရင်သူပုန်ထမှု ပေါ်ပေါက်ခဲ့ပြီး အင်းစိန်မြို့ကို ကရင်သူပုန်များက စီးနင်းခဲ့စဉ်က ရန်ကုန်မြောက်ဘက်ရှိ နာမည်ဆိုးလှသည့် အင်းစိန်အကျဉ်းထောင်မှ အခြားထောင်ကျများနှင့်အတူ ဗီဗီယန်းလည်း လွတ်မြောက်သွားခဲ့သည်။ ထို့နောက်သူသည် ထောင်ပြေးဘဝဖြင့် အခြားသွားရမည့်နေရာမရှိသည့်အတွက် နောက်ဆုံး၌ ဗီဗီယန်းသည် ကရင်သူပုန်များနှင့် ပေါင်းမိသွားသည်။

၁၉၅၀ ခုနှစ်၊ ဩဂုတ်လတွင် ထိုင်းနယ်စပ်ရှိ ကော့ကရိတ်၌ ကရင်သူပုန် ခေါင်းဆောင် စောဘဦးကြီးနှင့်အတူ ဗီဗီယန်းလည်း အသတ်ခံလိုက်ရသည်ဟု ရန်ကုန်မှ စစ်တပ်အာဏာပိုင်များက ယူဆနေကြဆဲဖြစ်သည်။ သူသည် ကရင်သောင်းကျန်းသူများနှင့် နှစ်အတော်ကြာနေထိုင်ခဲ့ပြီး ၁၉၅၀ ခုနှစ်များအလယ်တွင် ယိုးဒယားမှတဆင့် ဗြိတိန်သို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။ မြေအောက်တွင် နေထိုင်စဉ်ကာလ၌ ဤထူးဆန်းလှသော ဗြိတိသျှကပ္ပတိန်နှင့် နီးနီးကပ်ကပ်ရှိခဲ့ကြသော ကရင်သူပုန်များအနေဖြင့် သူ့အား အမြဲငေးငိုင်ကာ မိတ်ဆွေဖွဲ့ရန်ခက်ခဲသော လူတယောက်အဖြစ်လည်းကောင်း၊ ဦးအောင်ဆန်းတို့ကို လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်သော မည်သည့်အကြောင်းအရာကိုမျှ ပြောဆိုလိုစိတ် အလျှင်းမရှိသူတဦးအဖြစ်လည်းကောင်း မှတ်မိနေကြသည်။[၉]

သို့ဖြစ်လျှင် ဤကိစ္စ၌ ဗြိတိသျှတို့ မည်မျှလောက် နက်နက်နဲနဲ ပါဝင်ပတ်သက်ခဲ့ပါသနည်း။ [၁၀၊ ၁၁၊ ၁၂]ထိုအချိန်က မြန်မာတော်တော်များများ အရိုးခံယုံကြည်ကြသကဲ့သို့ ဦးအောင်ဆန်းအား ဖယ်ရှား၍ သူတို့လက်ဝေကိုခံပြီး သူတို့အား မလှန်မည့်သူတဦးအား







အစားထိုးနိုင်ရန် လန်ဒန် ရှိ အာဏာပိုင်ရပ်ကွက်များမှ [၁၃] စီမံသည့် ပူးပေါင်းကြံစည်မှုတရပ်ဖြစ်ပါသလား။ သို့မဟုတ်ပါက ဗီဗီယန်း၊ ဒိန်း၊ ယန်းနှင့် မိုးတို့လို လူမျိုးများသည် ပုဂ္ဂလိက လက်နက်မှောင်ခိုသမားများနှင့် မိမိတို့ဘာသာ စွန့်စွန့်စားစားလုပ်လိုသူများသာ ဖြစ်ကြပါသလား။ ထို့အပြင် 'ဘင်ဂလေ' ဆိုသူမှာ အတိအကျ မည်သူမည်ဝါဖြစ်ပါသနည်း?။ ဦးစောနှင့် သူ၏ လက်ပါးစေများကို ဖမ်းဆီးခြင်း၊ ရုံးတင်စစ်ဆေးခြင်းများသည် မည်မျှလောက် သေသေသပ်သပ်၊ စနစ်တကျနှင့် ကျွမ်းကျင်လိမ္မာစွာ ဆောင်ရွက်ခဲ့သည်ဖြစ်စေကာမူ ယင်းအမှုကြီးတခုလုံးသည် မျက်စိတဆုံး မြင်နိုင်လောက်ရုံထက် အဆပေါင်းများစွာ ပိုမိုရှုပ်ထွေးပတ်သက်မှုများ ရှိနိုင်ခဲ့ပေလိမ့်မည်။

❑ ❑ ❑ ❑ ❑



ရေတပ်ဗိုလ်လေးခင်အောင်၊ ဗြိတိသျှ အရန်ရေတပ် (၁၉၄၅)။ (၁၉၄၅ မှ ၁၉၅၂၊ ဗြိတိသျှ အရန်ရေတပ်နှင့် ဗမာ့ရေတပ်မတော် (အမြဲတမ်း) အရာရှိ အမှုထမ်းခဲ့သည်။)




၁၉၉၁၊ ဩစတြေးလျပြည်၊ ကင်ဘာရာမြို့တော် 'ရ–လေးလုံး' လူသတ်ပွဲ အရေးတော်ပုံ ဆန္ဒပြရာတွင် ဦးခင်အောင်နှင့်အတူ စောလွင်ဦးတို့အား SLORC သံရုံးရှေ့တွင် တွေ့ရပုံ။







ကင်ဘာရာမြို့တော်၌ ဒီမိုကရေစီလိုလားသူများ ဆန္ဒပြရာတွင် ခင်ဦးအောင်နှင့် ထွန်းလှအောင်တို့ တပ်ဦးမှ ပါဝင်ချီတက်ကြစဉ် (၁၉၉၆)။



အာဇာနည်ခေါင်းဆောင်များ ကျဆုံးပြီး ရက်လည်သောနေ့တွင် ဗမာ့ရေတပ်မတော် 'ရတနာပုံ' ကမ်းနားစခန်း ဌာနချုပ်၌ သံဃာတော် (၉) ပါးအား ဆွမ်းကပ်လှူဒါန်းပြီး အမျှအတန်း ပေးဝေခဲ့ကြသည်။ (ဝတ်ပြုနေသူများအတွင်း ဗိုလ်ခင်အောင်ကို ရှေ့တန်း လက်ဝဲဘက်တွင် တွေ့ရသည်)





၁၉၄၇ ခုနှစ်၊ ဇူလိုင် (၁၁) ရက်နေ့တွင် ကျဆုံးသွားခဲ့သော ပြည်သူ့ ခေါင်းဆောင်ကြီးများ၏ အသုဘပို့ဆောင်သည့် အခမ်းအနား၌ ဗမာ့ရေတပ်မတော် ဂုဏ်ပြုတပ်ဖွဲ့အား စည်သူ ဗိုလ်ကြီး ကျော်သိန်းလွင် ဦးဆောင်လျက် ဂျူဗလီ ခန်းမဆောင်မှ အာဇာနည်ဗိမာန်သို့ တပ်ဦးမှ အနေးချီတက်လာပုံ။

# အခန်း (၅)

# အဖြေမရသေးသော မေးခွန်းများ

ဦးစောနှင့် သူ့နောက်လိုက်များ၏ ရုံးတော်၌ တရားဆိုင်ရမှုသည် ဘက်ပေါင်းစုံက ကြည့်လျှင် တရားမျှတမှုရှိသည်ဟု ဆိုရသော်ငြားလည်း သမာဓိတရားသူကြီးမင်း ဦးသောင်းစိန်သည်ပင်လျှင် အချို့နေရာများတွင် သံသယဝင်မိခဲ့ပါသည်။ ဥပမာပြရပါလျှင် ထုံးတမ်းအစဉ်အလာအရ စီရင်ချက်ကို ခုံရုံးသဘာပတိကသာ ရေးသားပြီး ဖတ်ပြရမြဲဓမ္မတာရှိခဲ့သည်။ ဒီဇင်ဘာလ (၃၀) ရက်နေ့က တရားသူကြီးမင်း ဦးကျော်မြင့်သည် ခုံရုံး၏စီရင်ချက်ကို အမှန်တကယ်ဖတ်ပြခဲ့သော်လည်း ယခုဦးစောကို စစ်ဆေးသည့်အမှုတွင်မူ အထူးခုံရုံး၏ အဖွဲ့ဝင်တဦးမျှသာဖြစ်သည့် ဦးအောင်သာကျော်က ထိုစီရင်ချက်အားရေးသားတင်ပြခဲ့သည်ကို သူသတိထားမိခဲ့သည်။ ဤစီရင်ချက်ချမှုသည် မြန်မာပြည်လွတ်လပ်ရေးရရှိရန် (၅) ရက်အလိုတွင် ဖြစ်ခဲ့သည့်အတွက် လန်ဒန်ရှိ ပရီဗီကောင်စီ (Privy Council) ခေါ် တရားလွှတ်တော်ချုပ်သို့ အသနားခံစာတင်ရန် မဖြစ်နိုင်တော့ပေ။ ထို့ပြင် ဤအမှုနှင့် ပတ်သက်၍ အထူးခုံရုံးအဖွဲ့ဝင်များ ခန့်အပ်ရာတွင်ပင် ကနဦးအခက်အခဲများ ရှိခဲ့သည်။ လာမည့် ဆယ်စုနှစ်ပေါင်းများစွာအတွင်း မြန်မာနိုင်ငံကို ခြောက်လှန့်နေမည့် အငြင်းပွားဖွယ်ရာ ပြဿနာမှာ ဤခုံရုံးဖြစ်လာနိုင်သည်ကို လူအများအပြားက နားလည်သဘောပေါက်ထားကြသည်။ အချို့မှာ လုံးဝဥဿုံ ကြောက်လန့်နေကြသည်။ အကယ်၍ ဦးစောတယောက်တည်းသာမဟုတ်ဘဲ ကျန်ရှိသော အခြားကြံရာပါများက ယခုအချိန်ထိ လွတ်မြောက်နေခဲ့သော် ထိုသူများက ယခုအမှုကိစ္စတခုလုံးကို မည်ကဲ့သို့တုံ့ပြန်မည်ဆိုသည်မှာ မသိနိုင်ချေ။

ရုံးတော်၏ နောက်ဆုံးစီရင်ချက်ထက်ကျော်လွန်ပြီး ကြိုးပမ်းမိသူအချို့မှာ သက်ဆိုးမရှည်ကြပေ။ ရန်ကုန်အနီးရှိ ဟံသာဝတီမှ ခရိုင်ရဲဝန်ထောက်ဟောင်းတဦးဖြစ်သူ







ကောလင်းတု (ခ်) (Colin Tooke) သည် ဤခုံရုံး၏ စစ်ဆေးမှုပြီးသည့်နောက် ဦးစော၏အမှုကို လျှို့ဝှက်စွာ စတင်စုံစမ်းထောက်လှမ်းခဲ့သည်။ တစုံတခု မှားယွင်းနေပြီဟု သူထင်ခဲ့သည်။ တနေ့ သူအိမ်ပြန်ရောက်သောအခါ သူ့ဇမာအိမ်ဖော်က သူ့အယ်လ်ဖေးရှင်း ခွေးကြီးမှာ ခွေးရူးပြန်နေပြီဟု ပြောခဲ့သည်။ သို့ဖြင့် သူ့ခွေးကိုသူ သေနတ်ဖြင့် ပစ်သတ်လိုက်ရပြီး၊ သူ့ခွေးမှာ အနီးရှိ မြစ်ကမ်းဘေးတွင် လဲသေနေလေပြီ။ တု (ခ်) မှာ ယုံကြည်၍ မရနိုင်အောင် ဖြစ်နေသည်။ ထုံးစံအားဖြင့် ခွေးရူးပြန်ရောဂါမှာ အချိန်အတန်ကြာ စတင်ဖြစ်ပွားရမြဲဖြစ်ပြီး ထိုနေ့နံနက်ကပင် သူ့ခွေးမှာ အကောင်းပကတိ ဖြစ်နေသည်မဟုတ်ပါလား။ သို့ဖြစ်၍ တု (ခ်) သည် သူ့ခွေး၏ ခေါင်းကို ဖြတ်ကာ ရန်ကုန်မြို့ရှိ တိရစ္ဆာန်ကုဆရာဝန်ထံ ယူသွားပြီး စစ်ဆေးကြည့်ရာ တိရစ္ဆာန်ကုဆရာဝန်က သူ့ခွေးတွင် ခွေးရူးပြန်ရောဂါမရှိကြောင်း အတည်ပြုခဲ့သည်။ ထို့နောက် သူ့အိမ်ကို ဖောက်ထွင်းခံခဲ့ရပြီး ဗိုလ်ချုပ်ကြီး အောင်ဆန်း လုပ်ကြံခံရမှုနှင့် ပတ်သက်သော သူ၏ စာရွက်စာတမ်း ဖိုင်တွဲများ ပျောက်ဆုံးသွားခဲ့ရပြန်သည်။ ရက်သတ္တပတ်အနည်းငယ်ကြာပြီးနောက် အစာအဆိပ်သင့်ပြီး တု (ခ်) သည် ဆေးရုံတွင် သေဆုံးသွားခဲ့လေတော့သည်။

ဦးစောအမှုနှင့် ဆက်နွယ်လျက် အဆန်းတကြယ်သေဆုံးခဲ့ရသူ နောက်တဦးမှာ ဦးတင်ထွဋ်ဖြစ်သည်။ သူသည် ဦးအောင်ဆန်း၏ လုံးဝယုံကြည်မှုကို ခံရသော တဦးတည်းသော ဗျူရိုကရက်အရာရှိဖြစ်သည်။ အိန္ဒိယ ပဋိညာဉ်ခံ ဝန်ထမ်းအရာရှိကြီးတဦးဖြစ်ခဲ့ပြီး၊ ၁၉၄၀ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ဒု–အဓိပတိအဖြစ် ဆောင်ရွက်ခဲ့ဖူးသည်။ ၁၉၄၁ ခုနှစ်တွင် ဦးစောနှင့်အတူ ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့သို့ လိုက်ပါသွားခဲ့ပြီး လစ်ဘွန်နှင့် ဟိုင်ဖာမြို့များကိုဖြတ်၍ လေကြောင်းခရီးဖြင့် ပြန်လာရာတွင် ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဟိုင်ဖာလေဆိပ်၌ နှစ်ဦးလုံး အဖမ်းခံရသည်။ ထို့နောက် များမကြာမီ ဦးတင်ထွဋ်မှာ ပြန်လည်လွှတ်ပေးခြင်းခံရပြီး အိန္ဒိယနိုင်ငံသို့ စေလွှတ်ကာ မြန်မာစစ်ပြေးအစိုးရအဖွဲ့၏ ပြန်လည်ထူထောင်ရေးဆိုင်ရာ အကြံပေးအရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့တွင် နေထိုင်လျက် ပြည်ပရောက်နေခဲ့သည်။ စစ်ပြီးနောက် ဘုရင်ခံ၏ကောင်စီတွင် ဘဏ္ဍာရေးနှင့် အကောက်ခွန်ဆိုင်ရာ ကောင်စီအဖွဲ့ဝင်ဖြစ်လာခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ညှိနှိုင်းဆွေးနွေးရန် ဦးအောင်ဆန်းနှင့်အတူ လန်ဒန်မြို့သို့ လိုက်ပါသွားခဲ့သည်။ ထိုခရီးစဉ်တွင် ဗြိတိသျှအစိုးရနှင့် သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်ခြင်းဖြင့် ဦးစောသည် ဦးအောင်ဆန်းကို အတိအလင်း ဆန့်ကျင်လာခဲ့သည်။

မြန်မာပြည်လွတ်လပ်ရေးရရှိပြီး ပထမဆုံး အစိုးရအဖွဲ့တွင် ဦးတင်ထွဋ်သည် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ သို့သော် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လတွင် နုတ်ထွက်ခဲ့ပြီး ဗိုလ်မှူးချုပ်ရာထူး[၁] ဖြင့် အရန်လက်နက်ကိုင်တပ်များ၏ စစ်ဦးစီးချုပ်ဖြစ်

လာခဲ့သည်။နိုင်ငံ့ထိပ်တန်းအကြီးတန်းဝန်ထမ်းတဦးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးတဦးအား စစ်တပ်မှ မြင့်မားလှသော ရာထူးတခုသို့ ပေးအပ်ခံရခြင်းမှာ ထူးဆန်းကောင်းထူးဆန်း နေပေလိမ့်မည်။ သို့သော်လည်း သူ၏ အသက်မွေးဝမ်းကျောင်းမှုဘဝသည် စစ်မှုထမ်းဘဝမှ စတင်ခဲ့ခြင်းဖြစ်သည်ကို တော်တော်များများမသိကြချေ။ သူသည် အိန္ဒိယရှိ အင်ဒိုစစ်တက္ကသိုလ်မှဘွဲ့ရခဲ့ပြီး အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းဘဝသို့ဝင်ရောက်ရန်အတွက် စစ်တပ်အရာရှိရာထူးကို စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။ သမ္မတနိုင်ငံတော်သစ်အနေဖြင့် ပြည်တွင်းစစ်မီးတောက်လောင်ပြီး ပျက်စီးလုနီးပါးအခြေအနေသို့ ဆိုက်ရောက်နေချိန်တွင် စစ်မှုထမ်းဟောင်းများကို ရနိုင်သလောက် ပြန်လည်စုစည်း၍ ခိုင်မာသည့် အရံတပ်မတော်ဖွဲ့စည်းရေး လေးလံလှသည့်တာဝန်ကြီးကို သူ့ဖာသာကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ The New Times of Burma သတင်းစာကို စတင်ထူထောင်သူနှင့် ယင်း၏ အယ်ဒီတာဖြစ်လာခဲ့သည်။ သူသည် တရားသူကြီးဦးကျော်မြင့်၏အကိုလည်း တိုက်တိုက်ဆိုင်ဆိုင်ဖြစ်နေခဲ့သည်။ ထို့အပြင် သူ့သတင်းစာတွင် အသုံးပြုရန်အတွက် ဦးစော၏အမှုကို ထိုအချိန်က ဦးတင်ထွဋ်သည် စူးစမ်းလေ့လာနေခဲ့သည်ဟု အများက ယုံကြည်ခဲ့ကြသည်။

၁၉၄၈ ခုနှစ် စက်တင်ဘာလအတွင်း တည၌ ဦးတင်ထွဋ်သည် စပတ်လမ်းရှိ သူ့သတင်းစာတိုက်ရုံးခန်းမှ ကားဖြင့် ထွက်ခွာရာ ပေါက်ကွဲစေနိုင်သော ကိရိယာတခုက သူ့ကားအတွင်း ပေါက်ကွဲသွားသည်။ ဆီဒင်ကားအတွင်းရှိ ကားမောင်းသူနှင့် အစောင့်ဂေါ်ရခါးနှစ်ဦး (တဦးမှာ သူ့ဘေးတွင် ထိုင်နေသည်) မှာ ချက်ချင်းပင် သေဆုံးသွားခဲ့သည်။ ဗိုလ်မှူးချုပ်အနေဖြင့် သေလောက်အောင် ဒဏ်ရာရသွားသည်။ သဘာဝတရားက ပြက်ရယ်ပြုသကဲ့သို့ပင် လွန်ခဲ့သော တနှစ်ခွဲခန့်က ဦးအောင်ဆန်း လုပ်ကြံခံခဲ့ရသော အတွင်းဝန်ရုံးကို လှမ်းမြင်နိုင်သည့်နေရာ၌ ဤရာဇဝတ်မှုဖြစ်ပွားခြင်းဖြစ်သည်။ ထိုအခင်းဖြစ်ပွားသည့်နေရာနှင့် ဓားလွယ်ခုတ် လမ်းတဖက်တွင်ရှိသော စိန့်ပေါလ်ကျောင်းအတွင်းတွင် ရေတပ်စခန်း ယူဘီအက်စ် 'ရတနာပုံ' (U.B.S. "Ratanabon) တည်ရှိသည်။ ထိုညက ကျွန်တော်က တာဝန်ကျအရာရှိတဦးဖြစ်ပြီး ထိုပေါက်ကွဲမှုအသံများ ကြားရခြင်းကို မှတ်မိနေသည်။ အကြီးအကဲ ပ–အရာခံဗိုလ်ဖြစ်သူ ကေ၊ ဒီ–ဂဝိုက်(စ်) (K.De-Goise) လက်အောက်ရှိ ရေတပ်ဦးဆောင်လှုပ်ရှားတပ်ဖွဲ့က ထိုနေရာသို့ အပြေးအလွှားရောက်ရှိသွားပြီး ဂေါ်ရခါး (၂) ဦး လဲသေနေပြီး ဗိုလ်မှူးချုပ်မှာ အသက်ရှင်ရုံသာရှိသည့် သတ်ဖြတ်မှုမြင်ကွင်းကို တွေ့ကြရသည်။ ရေတပ်သားများက သူ့ကို ဂျစ်ကားပေါ်တင်ပြီး သိပ်မဝေးလှသော ရန်ကုန်ဆေးရုံကြီးသို့ တက်သုတ်ရိုက်ပို့ကြသော်လည်း ဆေးရုံကြီးရောက်ပြီး သိပ်မကြာမီမှာပင် ဦးတင်ထွဋ် သေဆုံးသွားလေသည်။ ဟူးတင်ကာ (Hugh Tinker) က သူ၏ ဂန္ထဝင်မြောက်လေ့လာမှုဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် (The Union of Burma) တွင် 'ပြည်ထောင်စု၏ မဏ္ဍိုင်ကြီးတခုကို သေမင်းက ဒုတိယအကြိမ် ဖယ်ရှား







ပစ်ခဲ့ပြန်ပြီဟူ၍လည်းကောင်း၊ ဦးတင်ထွဋ်ကို နိုင်ငံရေး ပြိုင်ဘက်တဦး၏ အငှားကြေးစားသမားများက လုပ်ကြံခဲ့ခြင်းဖြစ်သည်ဟူ၍လည်းကောင်း' ရေးသားခဲ့သည်။ သို့သော်လည်း ထို နိုင်ငံရေးပြိုင်ဘက် မည်သူမည်ဝါဖြစ်သည်ကိုမူ မည်သူကမျှ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ချေ။

ဦးတင်ထွဋ်အသတ်ခံရမှုသည် ဦးအောင်ဆန်းလုပ်ကြံခံရမှုကြီးအား သူက သုတေသနပြုလုပ်နေခြင်းနှင့် ဆက်နွယ်ပတ်သက်နေသလော၊ သို့မဟုတ် လက်နက်ကိုင်တပ်များအတွင်း အားပြိုင်နေခြင်းနှင့် သက်ဆိုင်ပါသလော။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးပြီးချင်းပင် ကွန်မြူနစ်များသည် အစိုးရကို လက်နက်ကိုင် ဆန့်ကျင်ခဲ့ကြသည်။ ကရင်တိုင်းရင်းသား သူပုန်များလည်း လက်နက်ကိုင်ထကြွခဲ့ကြသည်။ ထို့အပြင် အင်အားအသင့်အတင့်သာရှိပြီး သေးငယ်လှသေးသော ဗမာ့တပ်မတော် တပ်ရင်း အများအပြားလည်း ပုန်ကန်ခဲ့ကြသည်။ ထိုအခါက အစိုးရကို ဆက်လက်သစ္စာစောင့်သိသော တပ်ရင်းများအနက် အဓိကအကျဆုံးမှာ ဗိုလ်မှူးချုပ်နေဝင်း ဦးစီးကွပ်ကဲသော အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်ရင်းဖြစ်သည်။ ဤပုန်ကန်မှုများကြောင့် ၁၉၄၈ ခုနှစ် အကုန်ပိုင်းတွင် ပိုမိုစည်းစနစ်ကျသော တပ်များကို တိုးချဲ့ဖွဲ့စည်းခဲ့ရသည်။ ဥပမာအားဖြင့် ဦးတင်ထွဋ် ကွပ်ကဲသော ပြည်ထောင်စုအရန်တပ်ဖွဲ့ (Union Auxiliary Forces) နှင့် ထို့နောက် 'စစ်ဝန်ထမ်း' ဟု ခေါ်သော နယ်ခြားဒေသတပ်ဖွဲ့ (The Territorial Forces, *sitwundan*) တို့ဖြစ်ကြသည်။ ထိုတပ်ဖွဲ့များသည် ခရိုင်နယ်များတွင် ဒေသဆိုင်ရာ တာဝန်များ ယူထားကြရသည်။ စစ်ရေးတွင်သာမက နိုင်ငံရေးတွင်ပါ ဩဇာတိက္ကမကြီးမားမှုကြောင့် ဦးတင်ထွဋ်အနေဖြင့် စစ်ရေးရည်မှန်းချက်တွင်သာ ရပ်တန့်မနေဘဲ နိုင်ငံရေးတွင်ပါ အမြင့်ဆုံး အာဏာရယူလိုချင်ကြသော ဗမာ့တပ်မတော်အတွင်းရှိ အရာရှိများအတွက် အင်အားကောင်းသော ပြိုင်ဘက်တဦးဖြစ်နေခဲ့လေသည်။

၁၉၄၇ ခုနှစ်အတွင်းက မော်လမြိုင်၌ ပြည်ထောင်စုစစ်ရဲတပ်ဖွဲ့ (Union Military Police) တွင် ဒု–ဗိုလ်အဖြစ် တာဝန်ထမ်းဆောင်နေသော တိုင်းရင်းသားကရင်နီလူမျိုး (ကယား) ဖြစ်သည့် စောယိုးရှူး (Saw Yoo Shoo) သည် သူ၏ ဗြိတိသျှအရာရှိဖြစ်သူ ဗိုလ်ကြီး မိုက်ကယ်လီလေး (Captain Michael Lilley) ဇူလိုင်လ (၁၈) ရက်နေ့တွင် သူ့ထံသို့ ရောက်လာပြီး "အောင်ဆန်း မကြာမီ လုပ်ကြံခံရလိမ့်မယ်။ မငြိမ်မသက်ဖြစ်လာခဲ့ရင် မော်လမြိုင်မြို့ကို ထိန်းချုပ်ထားနိုင်ဖို့ အသင့်ပြင်ထားပါ" ဟု ပြောခဲ့သည်ကို ယနေ့ထက်တိုင် မှတ်မိနေသေးသည်။ ဗိုလ်ကြီးလီလေး မည်မျှလောက် ပိုမိုသိထားသည် ဆိုသည်ကို မည်သူမျှ မသိနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် သူသည် များမကြာမီ အချိန်အတွင်း မော်လမြိုင်မြို့တွင် ရုတ်တရက်သေဆုံးသွားခဲ့သောကြောင့်ဖြစ်သည်။

မှန်ကန်မှုရှိသည်ဖြစ်စေ–မရှိသည်ဖြစ်စေ၊ ဤဇာတ်လမ်းအားလုံးနှင့် အခြား အလား

တူ ဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းများသည် ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက် အရင်းအချာများအား လုပ်ကြံသတ်ဖြတ်သည့် ပူးပေါင်းကြံစည်မှုကြီးတွင် ဦးစောအပြင် အခြားသူများ ပိုမိုပါဝင်ပတ်သက်နေကြောင်း လူအများအပြားအား ယုံကြည်မှု ဖြစ်စေပေတော့သည်။ ပြင်းပြသော မနာလိုဝန်တိုမှုကြောင့်ဖြစ်စေ၊ အာဏာရမက် ငမ်းငမ်းတက်သောကြောင့်ဖြစ်စေ၊ သို့မဟုတ် အချို့နေရာဌာနများမှ ပုဂ္ဂိုလ်များက ကျွန်ုပ်တို့၏ ငယ်ရွယ်လှသော အမျိုးသားသူရဲကောင်းကို လွန်မင်းစွာ မယုံကြည်သည့်အတွက်ကြောင့်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ၊ အစစ်အမှန်တကယ်ရှိသော သို့မဟုတ် တွေးထင်မှန်းဆမှုမျှသာဖြစ်သော ထို...ထို...ထို...ထို... ပုဂ္ဂိုလ်များက ဦးအောင်ဆန်းကို ဖယ်ရှားပစ်ချင်ခဲ့ကြပေလိမ့်မည်။ ဦးအောင်ဆန်းသည် လော့ဒ်မောင့်ဘက်တန်၏ အရေးပေးခြင်းကို ခံခဲ့ရသူဖြစ်သည်။ သို့သော်လည်း အငယ်တန်း ဗြိတိသျှအရာရှိများအနေဖြင့် စစ်ပွဲအတွင်း ဦးအောင်ဆန်းက ဂျပန်နှင့် ပူးပေါင်းခဲ့သည်ကို မမေ့နိုင်ကြချေ။ ဗမာ့တပ်မတော်အတွင်းရှိ ရှေးရိုးအစဉ်အလာ အရင်းရှင်အတွေးအခေါ်သမားများ (conservative elements) နှင့် အလွမ်းသင့်သော ရန်ကုန်ရှိ နိုင်ငံခြားသား အရင်းရှင်စီးပွားရေး အုပ်စုများအတွက်ကား ဦးအောင်ဆန်း၏ လက်ဝဲယိမ်းသော နိုင်ငံရေးအတွေးအခေါ်များသည် စိတ်ပျက်စရာဖြစ်နေပေတော့သည်။ ဤအချက်ကို ဗိုလ်ကြီးဗီဗီယန်း၊ ဗိုလ်မှူးယန်းနှင့် ဒိန်းတို့၏ ပါဝင်ပတ်သက်နေမှုများက ရှင်းရှင်းလင်းလင်း ဖော်ညွှန်းပြသလျက်ရှိပေသည်။

မည်သို့ဆိုစေ၊ မြန်မာ့ရဲတပ်ဖွဲ့၏ ရာဇဝတ်မှုခင်း စစ်ဆေးရေးဌာန (Criminal Investigation Department) အနေဖြင့် ဦးစောကလွဲ၍ မည်သူတဦးတယောက်ကိုမျှ လက်ညှိုးထိုး မစွပ်စွဲခဲ့ချေ။ ဇူလိုင်လ (၁၉) ရက်နေ့က အတွင်းဝန်ရုံး၌ ဖြစ်ပွားခဲ့သော လူသတ်မှုကြီးတွင် ဦးစောအနေဖြင့် ရည်ရွယ်ချက်၊ ဦးတည်ချက် ရှိရုံတင်မက ကြိုတင်ကြံစည်၍ ပိရိသေချာသောအစီအစဉ်ဖြင့် နောက်ကွယ်မှ ကြိုးကိုင်ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ သူကိုယ်တိုင် ကာယကံမြောက်သေနတ်ခလုတ်ကို မဆွဲခဲ့သည့်အတွက် သူ့အား 'လူသတ်မှု' ဖြင့် စွဲချက်မတင်နိုင်သော်လည်း 'အားပေးမှု' ဖြင့်ကား စွဲချက်တင်ခဲ့ပေသည်။ ထိုခေတ်က မြန်မာဘာသာဖြင့် ထုတ်ဝေသော စာနယ်ဇင်းနှင့် စာအုပ်စာတမ်းများတွင် ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ပူးပေါင်းကြံစည်မှု အရိပ်အမြွက်မျှကိုသော်လည်းကောင်း တရားရုံးတော်၌ ကြားနာစစ်ဆေးမှုများ ပြုလုပ်ရာတွင် ဥပဒေအကြောင်းအရ ချွတ်ချော်တိမ်းပါးမှုများအား ရည်ညွှန်း၍သော်လည်းကောင်း ဖော်ပြရေးသားခဲ့ခြင်းမရှိခဲ့ချေ။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက် 'နိုင်ငံတော် လုပ်ကြံမှုကြီး' နှစ်ပတ်လည်နေ့တိုင်းကို 'အာဇာနည်နေ့' အဖြစ် အမျိုးသားရုံးပိတ်ရက်သတ်မှတ်ကာ ယနေ့တိုင် နှစ်စဉ်ကျင်းပလေ့ရှိသည်။ ထိုနေ့တနေ့လုံး ကျဆုံးသွားလေပြီးသော ခေါင်းဆောင်ကြီးများအား လွမ်းဆွတ်တသ သတိရလျက် မြန်မာတမျိုးသားလုံးက ဂုဏ်ပြုမှုပြုကြသည်။ အစိုးရသ







တင်းစာများကလည်း အာဇာနည်ကြီးများနှင့်ပတ်သက်၍ အယ်ဒီတာ့အာဘော်များ တလေးတစား အမြဲရေးသားလေ့ရှိသည်။ ကျဆုံးလေပြီးသော အာဇာနည်ကြီးများ၏ စွန့်လွှတ်မှုများကို လက်ရှိအာဏာပိုင်တို့၏ ကြိုးပမ်းအားထုတ်မှုများနှင့် ဆက်စပ်ဖော်ညွှန်းရန် ကြိုးစားကြရင်း အာဇာနည်ကြီးများ၏ အထုပ္ပတ္တိများကိုလည်း ဖော်ပြလေ့ရှိကြသည်။ ဤအစဉ်အလာအတိုင်း ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ထုတ် စစ်အစိုးရပိုင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည့် 'လုပ်သားပြည်သူ့နေ့စဉ်' သတင်းစာတွင် 'မျိုးချစ်စိတ်နှင့် နိုင်ငံချစ်စိတ် ပြုစုပျိုးထောင်ရေး' ဟု ရှေးဆန်ဆန်ခေါင်းစဉ်ဖြင့် ချီးမွမ်းခန်း ဖွင့်ထားသည့် ဆောင်းပါးတစောင်၌ 'ယနေ့အချိန်အခါတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် မျိုးချစ်စိတ်ရှင်သန်နေစေရန် များစွာ လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံရေးမျက်နှာစာနှင့် စီးပွားရေးမျက်နှာစာတွင်ပါ နည်းမျိုးစုံဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အချုပ်အချာအာဏာကို ဖျက်လိုဖျက်ဆီးပြုလုပ်ကာ အထွေထွေမကျေနပ်မှုများကို ပေါက်ဖွားစေသည့် အမျိုးမျိုးသော အင်အားစုများ၏ ရန်လိုသည့် လုပ်ရပ်များကြောင့် ယခုကဲ့သို့ မျိုးချစ်စိတ်ကို ရှေ့တန်းတင်ကာ ထင်ထင်ရှားရှား ပြန်လည်ဖော်ထုတ်နေရခြင်းဖြစ်သည်' ဟူ၍ ရေးသားထားသည်။

မြန်မာနိုင်ငံ ဒီမိုကရေစီအရေးအတွက် ပေါ်ပေါက်လာသော ၁၉၈၈ ခုနှစ်၊ လူထုအုံကြွမှုကြီးကို နှိမ်နင်းခဲ့ရာတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသော လူငယ်လူရွယ် ထောင်ပေါင်းများစွာကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုအား ၁၉၄၇ ခုနှစ်က လုပ်ကြံသတ်ဖြတ်မှုနှင့် ဆက်စပ်လျက် အဆိုပါဆောင်းပါး၌... 'တိုင်းပြည်တွင် ဖြစ်ပွားခဲ့သော မကောင်းမှု အနိဋ္ဌာရုံများမှ ကျွန်ုပ်တို့အနေဖြင့် သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်သည်။ ၁၉၈၈ ခုနှစ်၊ အဖျက်လုပ်ရပ်များမှ တွေ့ကြုံခံစားခဲ့ရသော မင်းမဲ့စရိုက်နှင့် အနိဋ္ဌာရုံများကို သင်ခန်းစာအဖြစ် ကျွန်ုပ်တို့ရယူပြီး ဤကဲ့သို့ နောက်တဖန် ထပ်မံမဖြစ်ပေါ်ရေးအတွက် တားဆီးရလိမ့်မည်" ဟု ဆက်လက်ရေးသားထားလေသည်။

အာဇာနည်ကြီးများအား အမြဲတစေ ဂုဏ်ပြုလေ့ရှိသော်လည်း လူသတ်သမားများမှာ မည်သူများဖြစ်ပြီး ဦးအောင်ဆန်းကို မည်သည့်အတွက် သတ်ဖြတ်သည်ကိုမူ တလုံးတပါဒမျှ ဖော်ပြရိုးထုံးစံမရှိခဲ့ချေ။ ဥပမာအားဖြင့် အထက်ဖော်ပြပါ လုပ်သားပြည်သူ့နေ့စဉ် သတင်းစာပါ ဆောင်းပါး၌ပင်လျှင် လက်သည်တရားခံများကိုသာ ရည်ညွှန်းပြီး အလွန်ဝေဝါးလျက် ဆိုလိုချက် အဓိပ္ပာယ်နှစ်ခွထွက်နေသော စကားလုံးများဖြင့်...

'(၁၉) ဇူလိုင်သည် ပြည်ထောင်စုမြန်မာနိုင်ငံအဖို့ အမှောင်ကျသောနေ့ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နယ်ချဲ့ဝါဒီများက သူတို့၏ ကြေးစားသမားများကို ခိုင်းစေပြီး တိုက်ခိုက်ခဲ့၍ ဖြစ်သည်။ နောက်တနှစ်အကြာတွင် မြန်မာနိုင်ငံသည် လွတ်လပ်ရေးကို တရားဝင်ရရှိခဲ့သော်ငြားလည်း နယ်ချဲ့ဝါဒီများ မျိုးစေ့ချခဲ့သော ကိုယ့်လူမျိုးအချင်းချင်း

သဘောထားမညီညွတ်မှုများသည် ပြဿနာတရပ်အဖြစ် ကြီးမားစွာ ပေါက်ဖွားလာခဲ့ပြီး ယနေ့တိုင် ရှင်သန်နေဆဲဖြစ်သည်။ အကြမ်းဖက်လက်နက်ကိုင် ရောင်စုံသောင်းကျန်းသူပုန်များ တတိုင်းတပြည်လုံး မှိုပေါက်သကဲ့သို့ ပေါက်လာခဲ့ပြီး ဝါးအစည်းပြေသကဲ့သို့ ဖြစ်ကာ ပျက်စီးဆုံးရှုံးမှုများကိုသာ ဖြစ်ပေါ်စေခဲ့သဖြင့် တပ်မတော်က ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည် ' ဟု ဆိုထားပြန်သည်။

တဖန် ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌လည်း လုပ်ကြံမှုကြီးတွင် ဗြိတိသျှတို့ ပါဝင်ပတ်သက်နေပုံကို မီးမောင်းထိုးကာ ရေးသားတင်ပြသော အခန်းဆက်ဆောင်းပါးများ ပါရှိလာပြန်သည်။ ဤသည်မှာ ဗြိတိသျှတို့နှင့် ပတ်သက်၍ ခြွင်းချက်ထားစောင့်ထိန်းခဲ့သောစည်းကို ပထမဆုံး စတင်ဖောက်ဖျက်လိုက်ခြင်းပင်ဖြစ်သည်။ ထိုအချိန်က နယူးယောက်ရှိ ကမ္ဘာ့ကုလသမဂ္ဂကြီး၌ ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များက မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို တင်ပြနေခိုက်ဖြစ်၍ ဗြိတိသျှအစိုးရအား သိက္ခာကျစေရန် ဆောင်ရွက်သည့် ကြိုးပမ်းမှုတရပ်သာ ဖြစ်ပေလိမ့်မည်။ သို့သော်ငြားလည်း ထိုအချိန်က လီလ်နှင့် ကုမ္ပဏီမှ မာလ်ဟိုထရာ (Malhotra of Leele Co.) ကဲ့သို့သော ထင်ထင်ပေါ်ပေါ်မဟုတ်သည့် စီးပွားရေးသမားမျိုးနှင့် ဆက်နွယ်မှုရှိသော ရန်ကုန်မှ ဗီဗီယန်းနှင့် အငယ်တန်းအရာရှိအချို့မှလွဲ၍ ဗြိတိသျှအစိုးရ၏ ထိပ်ပိုင်းအုပ်ချုပ်ရေးဆိုင်ရာ အာဏာပိုင်ပုဂ္ဂိုလ်များထဲမှ ဤအမှုနှင့် ပတ်သက်ဆက်စပ်နေခြင်းကိုမူ ထုတ်ဖော်နိုင်ခြင်းမရှိသေးချေ။

ဤပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေမှုမှာ အများအသိပင်ဖြစ်သည်။ ဤအရာရှိ အချို့နှင့် ဗြိတိသျှစီးပွားရေးသမားများသည် ဗြိတိသျှကောင်စီမှ လျို့ဝှက်ဆန်းကြယ်လှသည့် ဂျေအက်စ် ဘင်ဂလေ (J.S Bingley) ကဲ့သို့သော ပုဂ္ဂိုလ်များနှင့်အတူ ပူးပေါင်းကာ ဦးစောနှင့် သူ၏ လက်ျာဂိုဏ်းဝင်နိုင်ငံရေးသမားအုပ်စုကို တိတ်တဆိတ်ထောက်ပံ့ခဲ့သည် ဟူ၍သာ လက်တွင်းရှိ အထောက်အထားများအရ ဆွဲယူသုံးသပ်ခဲ့ရသည်။ ထိုမှတပါး ဘုရင်ခံကိုယ်တိုင် လန်ဒန်သို့ အကြောင်းကြားသည့် ကြေးနန်းစာထဲ၌ ဤပူးပေါင်းကြံစည်မှုကြီးတွင် ထိပ်ပိုင်း ဗြိတိသျှအရာရှိကြီးများ ပါဝင်ပတ်သက်နေကြောင်း ဖော်ပြမထားသည့်အတွက် မိမိသဘောအရ စိတ်လိုက်မာန်ပါ ဆောင်ရွက်နေကြသော ရန်ကုန်မြို့ရှိ ဗြိတိသျှအရာရှိငယ်များထဲမှ အချို့ပါဝင်ကြောင်း သက်သေပြရုံမှလွဲ၍ အထက်ဖော်ပြပါ ဆောင်းပါးအနေဖြင့် ဗြိတိသျှအဆင့်မြင့်အရာရှိကြီးများကို စွပ်စွဲရန် မတတ်နိုင်ခဲ့ချေ။ ဦးအောင်ဆန်းနှင့် သူ့လူများ လုပ်ကြံသတ်ဖြတ်ခံရစဉ်က ရန်ကုန်ရှိ အစိုးရအိမ်တော်အတွင်း၌သာမက အင်္ဂလန်ပြည်၊ လန်ဒန်မြို့ရှိ နိုင်ငံခြားရေးရုံး အဆင့်မြင့် ဗြိတိသျှအာဏာပိုင်များပါ အခြားသူများနည်းတူ သိသိသာသာ ထိတ်လန့်တုန်လှုပ်သွားခဲ့ကြရလေသည်။[၂]

ဦးစောအနေဖြင့် လန်ဒန်နှင့် အဆက်အသွယ်ရှိကြောင်း ပြသနိုင်သော တခုတည်း





သော အထောက်အထားမှာ ဦးစော၏အမှုကို ခုခံကာကွယ်ရန်အတွက် ရန်ပုံငွေ စုဆောင်းခဲ့သော ဦးစော၏အကိုအရင်း ဦးမောင်မောင်ကြီးဆိုသူဖြစ်သည်။ ဦးစောအနေဖြင့် အင်္ဂလန်ပြည်ရှိ 'ပရီဗီကောင်စီ' ခေါ် 'တရားလွှတ်တော်ချုပ်' သို့ အသနားခံစာ တင်ပိုင်ခွင့်ရရှိသင့်ကြောင်း [၃] ကမ္ဘာကျော် စာစောင်ကြီးတခုဖြစ်သော 'တိုင်းမ်' (The Times) ၏ အယ်ဒီတာထံသို့ သူက ပေးစာများ ရေးသားပေးပို့ခဲ့သည်။ ၎င်းအပြင် အမှုမပြီးဆုံးမီပင် မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအပြောင်းအလဲများ ဖြစ်ပေါ်ခဲ့သည်။ အကယ်၍ ထိုသို့သာ မဖြစ်ခဲ့လျှင် ဦးစောသည် ၎င်းပိုင်ခွင့်နှင့် အကျုံးဝင်မှု ရှိပေလိမ့်မည်။

သို့သော်လည်း ဦးအောင်ဆန်းကို ရှင်းပစ်ရန် ကြံစည်မှုအား လန်ဒန်ရှိ အချို့သော အသိုင်းအဝိုင်းများက ထောက်ခံခဲ့ခြင်း ရှိ–မရှိဟူသောအချက်နှင့် ပတ်သက်၍ ဗြိတိန်ရှိ ပုဂ္ဂိုလ်တချို့ပင် သံသယဝင်ခဲ့ကြသည်။ ဦးအောင်ဆန်းသေလျှင် သူ့နေရာ၌ ဦးစောကို ဝန်ကြီးချုပ်အသစ်အဖြစ် ပြန်လည်အစားထိုးနိုင်ခဲ့သော်လည်း မြန်မာနိုင်ငံကို ဗြိတိသျှတို့ လက်ခုပ်ထဲတွင်ပင် ဆက်လက်ထိန်းထားနိုင်ပေမည်။

လုပ်ကြံမှုကြီး ဖြစ်ပွားပြီး (၂) ရက်အကြာ ၁၉၄၇ ခု၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ဗြိတိသျှအောက်လွှတ်တော်၌ လေဘာအမတ် တွမ်ဒရီဘတ် (ခ်) (Tom Driberg) က 'ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များကို လေးစားရကောင်းမှန်းသိသော လွှတ်တော်၏ ဤဘက်ခြမ်းရှိ အမတ်မင်းများအနေဖြင့် အမှန်တကယ် နက်နက်နဲနဲ ဝမ်းနည်းကြေကွဲမှုကို ဖော်ပြလိုက်ပါသည်။ 'သစ္စာဖောက် အကောက်ကြံရန် လှုံ့ဆော်အားပေးလူမိုက်မွေးကြလျက် ယခုအခါ သက်တောင့်သက်သာ ဖြစ်နေကြကုန်သော ကွန်ဆာဗေးတစ် လူကြီးလူကောင်းများထက် ရန်ကုန်၌ ရက်ရက်စက်စက်ပြုခဲ့ကြသော လူမသမာများအနေဖြင့် ဤလုပ်ကြံမှုကြီး၏ ကိုယ်ကျင့်ပိုင်းဆိုင်ရာ အပြစ်ရှိမှုမှာ နည်းပါးလိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ် စွပ်စွဲပြောကြားလိုက်ပါသည်' [၄] ဟု တင်ပြပြောဆိုလိုက်ရာ ဒရီဘတ် (ခ်) ကို သူ့အတိုက်အခံအချို့က လှောင်ပြောင်အော်ဟစ်ခဲ့ကြသည်။ လေဘာအစိုးရနှင့် ကွန်ဆာဗေးတစ်အတိုက်အခံတို့ ပူးတွဲလျက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပြီး ဤရာဇဝတ်ပြစ်မှုကြီးတွင် ပါတီနှစ်ဘက်လုံးမှ အလိုတူ အလိုပါ လိုက်လျောညီထွေမှု မရှိခဲ့ကြောင်း ငြင်းပယ်ခဲ့ကြသည်။

၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလ (၁၇) ရက်မှ (၂၂) ရက်အတွင်း လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် ပိုမို၍ ရုပ်ထွေးပြီး ပုစ္ဆာဆန်သော ဆောင်းပါးများ အခန်းဆက်ပါရှိလာခဲ့သည်။ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် မိတ္ထီလာချည်မျှင်စက်ရုံ၌ ပြောကြားသော ဗိုလ်ချုပ်မှူးကြီး စောမောင်၏ မိန့်ခွန်းကို အထူးအဆန်းပြု၍ ကိုးကားထားသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အခန်းကဏ္ဍကို ကပ်မြှောင်အသုံးချ၍ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ဦးနေဝင်း၏ အခန်းကဏ္ဍကို ပုံကြီးချဲ့ရန် ရှင်းရှင်းလင်းလင်းရည်ရွယ်ထားသည်။ ရန်ကုန်

ရှိ ကိုလိုနီအာဏာပိုင်များက လန်ဒန်သို့ ပေးပို့သော အချို့ကြေးနန်းစာအဟောင်းများတွင် ပါရှိသည့် ဦးနေဝင်းအား အသားပေးဖော်ပြထားချက်များကို သတင်းစာများတွင် ပြန်လည်ဖော်ပြခဲ့ကြသည်။

'ကာကွယ်ရေးဝန်ကြီး နေရာအတွက် လှဖေ (ဗိုလ်လက်ျာ) နှင့် နေဝင်းအကြား ရှိနေသော အောင်ဆန်း၏ ထောက်ခံချက်ကို ကျွန်ုပ် အစပျိုးဆွေးနွေးလိုက်ပါသည်။ နေဝင်းသည် (ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ပြောင်းလဲဖွဲ့စည်းခဲ့သော) ဗမာ့မျိုးချစ်တပ်မတော် အမှတ် (၄) တပ်ရင်း၏ တပ်ရင်းမှူးအဖြစ်ဆောင်ရွက်ခဲ့ပြီး အစဉ်အလာကောင်းခဲ့သူဖြစ်၍ စစ်တပ်အမြင်မှကြည့်လျှင် သူသည် အလားအလာ ပိုမိုကောင်းမွန်သူတဦးဖြစ်ဟန်ရှိသည်။ သို့သော်လည်း လှဖေကို ရွေးချယ်လျှင် ပိုမိုလူကြိုက်များပေလိမ့်မည်'

၎င်းအပြင် အောက်ပါ ဗြိတိသျှကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်ကြီး တင်ပလာ (Templer) ၏ ပြောကြားချက် အထောက်အထားကိုလည်း လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာတွင် ပုံတူကူး၍ ဖော်ပြခဲ့သည်။

'မြန်မာလူမျိုးတို့၏ မဆုံးနိုင်သော သံသယမှာ အလွန့်အလွန် ငြီးငွေ့စရာဖြစ်လာခဲ့သည်။ သို့သော်လည်း ကျွန်ုပ်တို့အနေဖြင့် ဗိုလ်ချုပ်ကြီး နေဝင်းကို အကူအညီပေးရန်အတွက် တတ်စွမ်းသမျှ ဆောင်ရွက်ပေးရန် အလွန်စိတ်အားထက်သန်လျက်ရှိပါသည်'

ဦးအောင်ဆန်း၏ နာမည်သည် မြန်မာပြည်တွင် ထိုအချိန်အထိ ကိုးကွယ်အပ်သူ သဖွယ်ဖြစ်နေသည်။ လွန်စွာလေးစားရသော ဗိုလ်ချုပ်ကြီးဆိုသည်မှာ တပ်မတော်၏ ဖခင်သာမက နိုင်ငံတော်၏ ဖခင်လည်း ဖြစ်နေခဲ့သည် မဟုတ်ပါလား။ ရဲဘော်သုံးကျိပ်ဝင်တဦးဖြစ်ခဲ့ပြီး ဦးအောင်ဆန်းနှင့် ရဲဘော်ရဲဘက်ဖြစ်လာခြင်းသည် ဦးနေဝင်းအား အမြင့်ဆုံးခေါင်းဆောင်မှုကို နှစ်ပေါင်းများစွာ တောင်းဆိုထားနိုင်ဖို့ ဖြစ်လာခဲ့သည်။ ရဲဘော်သုံးကျိပ်တွင် ဦးအောင်ဆန်းနှင့် ဦးနေဝင်းတို့သည် ဆန့်ကျင်ဘက်အုပ်စု (၂) စုမှ ဖြစ်ကြလျက် ယင်းတို့နှစ်ယောက် မည်သည့်အခါမျှ အစေးမကပ်ခဲ့ကြချေ။ ဤအချက်ကို အစိုးရသတင်းစာများက မည်သည့်အခါမျှ ဖော်ပြခဲ့ခြင်းမရှိခဲ့ချေ။

သို့သော်လည်း ၁၉၈၈ ခုနှစ် မြန်မာပြည်အနှံ့ ဖြစ်ပွားခဲ့သော ဒီမိုကရေစီလှုပ်ရှားမှုတွင် အဓိကခေါင်းဆောင်အဖြစ် ပေါ်ထွက်လာသော ဗိုလ်ချုပ်၏ သမီး ဒေါ်အောင်ဆန်းစုကြည်သည် 'ဦးအောင်ဆန်း၏ အမွေကို သူက ဆက်ခံခဲ့ရပါသည်' ဟူသော ဦးနေဝင်း၏ အဆိုကို လူသိရှင်ကြား စိန်ခေါ်လာခဲ့သည်။ သို့ဖြင့် အာဏာနည်နေ့အပြီး နောက်တရက် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ဦးနေဝင်းသည် ဒေါ်အောင်ဆန်းစုကြည်ကို အိမ်တွင်း၌ အကျယ်ချုပ်ချထားလိုက်လေသည်။[၅] ဒေါ်အောင်ဆန်းစုကြည်က ကျဆုံးလေပြီးသော ဖခင်ဖြစ်သူနှင့် ရဲဘော်ရဲဘက်များကို ဂုဏ်ပြုရန် အာဇာနည်ဗိမာန်သို့ ရန်ကုန်မြို့တွင်းမှဖြတ်၍ လူထုချီတက်ပွဲကို ဦးဆောင်သွားရန် စီစဉ်ခဲ့ပြီး ဦးနေဝင်းစစ်တပ်က





လည်း လမ်းပေါ်ထွက်သူ မည်သူမဆို သေနတ်ဖြင့် ပစ်မည်ဟု ခြိမ်းခြောက်တုံ့ပြန်ခဲ့သဖြင့် ထိုနေ့က လူထုချီတက်ပွဲကို ဖျက်သိမ်းခဲ့ရပြီး လူမြောက်မြားစွာ အဖမ်းခံခဲ့ရသည်။ ထို့နောက် တနှစ်ကျော်ခန့်အကြာတွင် အစိုးရပိုင် သတင်းစာများ၌ ၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလအတွင်း အခန်းဆက်ဆောင်းပါးများ ပါရှိလာသည်။ ယင်းဆောင်းပါးများအနေဖြင့် ဦးအောင်ဆန်း၏ အမွေဆိုသည်ကို ခါထုတ်ပစ်လိုက်ကာ ဦးနေဝင်းအပေါ် လူထုက ကြည်ညိုလေးစားသည်ဟူသော အချက်ဖြင့် အစားထိုးနိုင်ရန် ကြိုးစားကြခြင်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထိုအချိန်တွင် အလွန်အမင်း ထင်ပေါ်ကျော်ကြားလာသော ဒေါ်အောင်ဆန်းစုကြည်က ဦးနေဝင်း၏ အမြင့်ဆုံး အာဏာပိုင်ဆိုင်မှုကို စိန်ခေါ်လျက်ရှိနေပြီမဟုတ်ပါလား။ သို့သော် ထိုမျှဖြင့် မပြီးသေး။ ၁၉၉၁ ခုနှစ်၊ ဇွန်လ (၂၈) ရက်မှ ဇူလိုင်လ (၂) ရက်အထိ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် သက်တမ်းကြာမြင့်လှပြီဖြစ်သော ဦးစော၏ သူရိယ (The Sun) သတင်းစာမှ ဦးအောင်ဆန်းအပေါ် တိုက်ခိုက်ထားသော ဆောင်းပါးအစဉ်လိုက်တခုလုံးကို မူရင်းအတိုင်း ပြန်လည်ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့၏ အမျိုးသားခေါင်းဆောင်ကြီးအပေါ် ဦးစောက စော်ကားတိုက်ခိုက်ပြောဆိုထားမှုများနှင့် ယှဉ်တွဲလျက် ဦးအောင်ဆန်းကို ရယ်သွမ်းသွေးပြီး သရော်ထားသော ကာတွန်းပုံများကိုပင်လျှင် ပြန်လည်ဖော်ပြခဲ့သေးသည်။ ဝန်တိုမှုနှင့် လှောင်ပြောင်မှုများ ပြည့်နှက်နေသော ပုဂ္ဂိုလ်ရေးရာ၊ မူဝါဒရေးရာနှင့် အဖွဲ့အစည်းရေးရာ တဖက်စောင်းနင်း တိုက်ခိုက်မှုများကို ပြသရန် ပြန်လည်ပုံနှိပ်ရသယောင် ဝေဖန်ချက်ရေးသားထားသော်လည်း အဆိုပါဆောင်းပါးများ ပြန်လည်ပေါ်ထွက်လာသည့် အချိန်ကိုမူ မြန်မာစာဖတ်ပရိသတ်က သတိထားမိခဲ့ပါသည်။ ထိုအချိန်က ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် အိမ်တွင်းအကျယ်ချုပ် (၂) နှစ်ကျော်ခန့် ခံခဲ့ရပြီးဖြစ်ပြီး ချက်ကိုစလိုဗက်သမ္မတ ဗားကလက်(ဗ်) ဟာဗယ်(လ်) (Vaclav Havel) က သူမကို နိုဘယ်လ်ငြိမ်းချမ်းရေးဆုအတွက် နာမည်စာရင်း အဆိုပြုပြီးခါစဖြစ်သည်။ တပြိုင်တည်းလိုလိုပင် အစိုးရသတင်းစာ၌ မြန်မာ့တပ်မတော်ထူထောင်ရာတွင် ဦးနေဝင်း၏ အရေးပါသော အခန်းကဏ္ဍကို ထပ်မံအထူးပြု ရေးသားထားသော တပ်မတော်၏ ခေါင်းဆောင်မှုသမိုင်းကြောင်းကို အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြခဲ့သည်။

လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာပါ ယင်းအခန်းဆက်ဆောင်းပါးများသည် အရေးပါလှသော မေးခွန်းများကို ဖြစ်ပေါ်စေခဲ့သည်။ ပူးပေါင်းကြံစည်မှုနှင့် ပတ်သက်သော ယူဆချက်သီအိုရီအများစုသည်လည်း ၎င်းမေးခွန်းများကို ဗဟိုချက်မ ပြုလျက်ရှိပေသည်။ သူကိုယ်တိုင် အမြင့်ဆုံးခေါင်းဆောင်ဖြစ်လာရန်အတွက် ဦးနေဝင်းသည် ဦးအောင်ဆန်းကို စီမံကိန်းချ ဖယ်ရှားခဲ့သလော။ လွန်စွာကောက်ကျစ်ယုတ်မာလှသော ကြံစည်မှုတွင် စစ်တုရင် နယ်ရုပ်ကလေးတခုပမာ ဦးစောသည် ဆင်ထားသည့်အကွက်ထဲ ဝင်မိခဲ့လေသလော။ ပြိုင်ဘက်တဦးအဖြစ် ၎င်းအပြင် သူနှင့် အမြင့်ဆုံးအာဏာအကြား ကြားခံပိတ်

ဆို့နေသူ တဦးတည်းသော ပုဂ္ဂိုလ်အဖြစ် ဦးအောင်ဆန်းအပေါ် ဦးနေဝင်းခံစားမိခဲ့သည်မှာ ထင်ရှားလှသည်။ သူတို့ရဲဘော်သုံးကျိပ်ဝင်များ ဂျပန်နိုင်ငံ၊ တိုကျိုတွင်ရှိကြစဉ်က သူတို့ အချင်းများခဲ့ကြသည်များကို အသက်အရွယ် နုနယ်ငယ်ရွယ်ကြသေးသော အဖွဲ့ထဲမှ ကျန်အဖွဲ့ဝင်အားလုံး ကောင်းစွာသိရှိခဲ့ကြပြီး အထောက်အထားများလည်း ရှိခဲ့ပါသည်။

အတိုချုပ်ဆိုရလျှင် အမြင်သုံးမျိုး ပေါ်ထွက်လာသည်။ ၎င်းတို့မှာ ...

**၁။** တရားဆိုင်မှုသည် တရားမျှတပြီးလျှင် ဦးစောအား အဓိကလက်သည်တရားခံအဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။

**၂။** ဦးစောသည် ဆင်ကွက်ထဲ ဝင်မိခဲ့ပြီး တရားဆိုင်မှု တရပ်လုံးသည် တရားရေးပြယုဂ်သာဖြစ်သည်။

**၃။** ဦးစောသည် အပြစ်လည်း ရှိသည့်အပြင် ဆင်ကွက်ထဲသို့လည်း ဝင်မိခဲ့သည်။

ပထမအမြင်သည် မြန်မာအများစု ကိုယ်တိုင် ယုံကြည်သောအမြင်ဖြစ်ပြီး မြန်မာရဲအာဏာပိုင်များနှင့် စာရေးဆရာများ တင်ပြကြသော တရားဝင်အမြင်တရပ်လည်းဖြစ်သည်။ ဒုတိယအမြင်မှာ ၁၉၄၀ ခုနှစ် နှောင်းပိုင်းကာလက မြန်မာနိုင်ငံတွင် အမှုထမ်းခဲ့ဖူးပြီး ယခုအခါ ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေထိုင်နေကြသော ဗြိတိသျှအရာရှိ အများအပြား စွဲမြဲသောအမြင်ဖြစ်သည်။ တတိယတွေးခေါ်မှုအမြင်မှာမူ အခြေခံအားဖြင့် ပြည်ပရောက် သဘောထားကွဲလွဲသူ မြန်မာများအကြား မကြာမီအချိန်ကမှ ပေါ်ထွက်လာသည့်အမြင်ဖြစ်သည်။

အထူးသဖြင့် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှသော လုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်ပွားပြီး အနှစ် (၄၀) နီးပါးခန့်ဖြစ်သည့် ၁၉၈၆ ခုနှစ်၊ ဧပြီလအတွင်းက ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ထုတ်ဝေသည့် စာစောင်တခုတွင် ပါရှိလာသော ဆောင်းပါးတပုဒ်သည် အထက်ဖော်ပြပါ ဒုတိယအမြင်ကို ထောက်ခံထားသည်။ ယင်းသည် ဒုတိယအမြင်နှင့်ပတ်သက်၍ ရေးသားထားသော အများသိရသည့် တခုတည်းသော ပုံနှိပ်မှတ်တမ်းဖြစ်သည်။ ဆောင်းပါး၏ခေါင်းစဉ်မှာ 'အောင်ဆန်းကို တကယ် ဘယ်သူသတ်သလဲ' ဟူ၍ပင် ဖြစ်ပြီးလျှင် ရေးသားသူအမည်ကို 'ကျွန်ုပ်တို့၏ ရန်ကုန်သတင်းထောက်' ဟု ဖော်ပြထားသည်။ နိဒါန်းကို အောက်ပါ စာပိုဒ်နှစ်ပိုဒ်ဖြင့် အစပြုထားသည်။

'၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာနိုင်ငံ၏ ဝန်ကြီးချုပ် ဦးအောင်ဆန်းကို လျှို့ဝှက်ဆန်းကြယ်စွာ လုပ်ကြံသတ်ဖြတ်ခဲ့မှုသည် ကရင်လွတ်မြောက်ရေး ကြိုးပမ်းမှုတွင် ကြီးမားသော အချိုးအကွေ့တခုကို ဖြစ်စေခဲ့သည်။ (၃၉) နှစ်ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ထိုလူသတ်မှုအား အစစ်အမှန် ကြံစည်ဖန်တီးခဲ့သူများကိုမူ ယနေ့ထက်တိုင် လူသိရှင်ကြား မဖော်ထုတ်နိုင်သေးချေ။ အမှု၏ အချက်အလက်များကိုလည်း ယနေ့ထက်တိုင် မဖြေရှင်းနိုင်သေးချေ'







'အစစ်အမှန် ပူးပေါင်းကြံစည်သူများထံမှ အာရုံလွှဲပြောင်းသွားစေရန် အကွက်ချပြီး ဦးစောကို တရားရုံးတင်ကာ အပြစ်ဒဏ်ချခဲ့ခြင်းမှာ ဆင်ကွက်တခုသာဖြစ်ကြောင်း ခိုင်လုံသော သက်သေအထောက်အထားများရှိနေသည်။ အကယ်၍ ဦးစောသည် အကွက်ဆင်ခံခဲ့ရသည်ဟုဆိုလျှင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးခေါင်းဆောင်များကို မည်သူတို့က တမှန်တကယ် သတ်ခဲ့ကြပါသနည်း။ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဝန်ကြီးချုပ်ဦးနုနှင့် အခြားပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေသည်ဆိုသည့် ကြာရှည်စွာ စွဲမြဲနေသော ကောလာဟလများတွင် အမှန်တရား မည်မျှလောက် ရှိနေပါသနည်း'

ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်း၊ အခြားဆိုရှယ်လစ် အမာခံ ဗိုလ်ခင်မောင်ကလေးတို့အပါအဝင် ဦးနု၊ ဦးနေဝင်းနှင့် အခြားတင်းမာသော သဘောထားရှိသူ မြန်မာများ၏အလိုဆန္ဒကို ဆန့်ကျင်လျက် ကရင်နှင့် အခြားလူနည်းစု တိုင်းရင်းသားများအပေါ်၌ ကြီးမားသော လိုက်လျောမှုများ ပြုလုပ်ရန် ဦးအောင်ဆန်းက စီစဉ်ခဲ့သည့်အချက်ကို စဉ်းစားတွေးတောစရာအဖြစ် ထိုဆောင်းပါး၌ ဆက်လက်ရေးသားထားသည်။ ထို့ပြင် ဇူလိုင်လ (၁၉) ရက်၊ နံနက်ခင်းတွင် ရန်ကုန်မြောက်ဘက်ရှိ ကရင်လူမျိုး အများအပြား နေထိုင်သော အင်းစိန်မြို့၏ ခရိုင်ရဲဝန်ထောက်ဖြစ်သူ တိုင်းရင်းသား ကရင်လူမျိုး စောစိန်မှုံ ဆိုသူသည် ဦးစောအား ဖမ်းဆီးရန် အမိန့်ရရှိခဲ့သဖြင့် 'တကယ့်လုပ်ကြံသတ်ဖြတ်မှုကြီးမဖြစ်ပွားမီ နံနက် (၉) နာရီခန့်တွင် ၎င်းက သွားရောက်ဖမ်းဆီးခဲ့ရသည်' ဟု ရေးသားထားရာ ထိုဖော်ပြချက်မှာ အံ့သြစရာကောင်းလွန်းလှသော အဆိုပြုချက်ဖြစ်နေပေသည်။ 'ထိုအချိန်က ဦးစောသည် တစုံတရာ ထူးထူးခြားခြား လုပ်နေခြင်းမရှိဘဲ သူ့မိသားစုဝင်များနှင့်အတူ နံနက်ခင်းအချိန်လေးကို ဖြုန်းနေခြင်းသာဖြစ်သည်' ဟု စောစိန်မှုံက ပြောဆိုကြောင်း ထိုဆောင်းပါးတွင် ရေးသားထားပြန်သည်။ ထို့နောက် စောစိန်မှုံသည် ညတွင်းချင်းပင် ပဲခူးသို့ ခရိုင်ရဲဝန်ထောက်အဖြစ် ပြောင်းရွှေ့ခြင်းကိုခံခဲ့ရသည်ဟု ဆိုထားပြန်သည်။

ဤတွင် ဦးစောကို ကျွန်တော်၏ ဖခင်ဖြစ်သူ ဦးထွန်းလှအောင်က နေ့လယ်ပိုင်းတွင်ဖမ်းဆီးခဲ့ခြင်းအစား စောစိန်မှုံက ဇူလိုင်လ (၁၉) ရက်၊ နံနက်ခင်းတွင် ဖမ်းဆီးခဲ့သည်ဆိုခြင်းမှာ လုံးဝမှားယွင်းလွဲချော်နေသည်။ အတွင်းဝန်ရုံးမှ ပြန်လာသော လူသတ်သမားများကို ဦးစောက နံနက် (၁၁) နာရီတွင် ကြိုဆိုလက်ခံခဲ့ခြင်းကို သူကိုယ်တိုင် မြင်တွေ့ခဲ့ရပါသည်ဟု တရားရုံးတော်တွင် ထွက်ဆိုခဲ့သော ကပ္ပတိန်ခန်းမှာမူ ဦးစောကို ဖမ်းသည့်အချိန်နှင့် ပတ်သက်၍ မမှားယွင်းနိုင်ပေ။ သူသည် ဦးစောနှင့် ဦးစောအိမ်ကို အချိန်ကြာမြင့်စွာ စောင့်ကြည့်နေခဲ့သူလည်းဖြစ်သည်။ ထိုမှတပါး KNU စာစောင်တွင် ရေးသားသူ၊ အဆိုပါ ဆောင်းပါးရှင်မှလွဲ၍ ထိုနေ့က ဦးစောအိမ်သို့ ရဲများ နံနက်ပိုင်းဝင်ဖမ်းခြင်းကို ဦးစောကိုယ်တိုင်ကဖြစ်စေ၊ အခြားတဦးတယောက်ကဖြစ်စေ မည်သည့်အခါကမျှ ရေးသားပြောဆိုခဲ့ခြင်းမရှိခဲ့ချေ။ ဦးစောအိမ်ကို ရဲများ လာရောက်ဝိုင်းဝန်းထားသည့်အချိန်

မှာ နေ့လယ် (၂) နာရီ ရှိပြီဟု ဖော်ကော်ဘညွန့်ကလည်း အတည်ပြုပြောဆိုခဲ့ပါသည်။

သို့သော်ငြားလည်း ဆောင်းပါးတွင် ပါရှိသည့် အခြားအခြေအမြစ်ရှိသော ရေးသားချက်များအား လေ့လာကြည့်လျှင် ဦးနု (ယခင်က သခင်နု) နှင့် ဗိုလ်ချုပ်ကြီးနေဝင်း အစရှိသည့် သဘောထားတင်းမာသူ မြန်မာများ ပါဝင်ပတ်သက်နေသည်ဟူသော စွပ်စွဲချက်ကိုမူ သတိချပ်သင့်လှပါသည်။ (ဗြိတိသျှ အလိုတော်ရိများ) ဟု စွပ်စွဲခံထားရသော ကရင်လူမျိုးစုများ (စစ်အတွင်း၌ ကရင်အမြောက်အမြား မဟာမိတ်ဘက်မှ ရပ်ခဲ့ကြသည်) နှင့် မြန်မာပြည်မှ ဆုတ်ခွာသွားသော ဗြိတိသျှတို့နောက် ထိုးစစ်ဆင်လိုက်ပါလာခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်ထဲမှ စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်နေကြသေးသော တပ်များအကြား သွေးမြေကျ ခိုက်ရန်ဖြစ်မှုများ အမှန်တကယ် ဖြစ်ပေါ်ခဲ့လေသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးသည့်နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) တောခိုသွားသည့်အချိန်၌ကား ထိုလူမျိုးစုအချင်းချင်းအကြား ဖြစ်ပွားခဲ့သော မသင့်မတင့် ရန်မီးပွားသည် ပြည်တွင်းစစ်အဖြစ်သို့ အရှိန်တိုးမြှင့်သွားခဲ့တော့သည်။ [၆]

ဤသို့ ဆိုပင်ဆိုရငြားသော်လည်း ဦးနုသည် ကရင်လူမျိုးများအပေါ် အသက်ညှာဆုံး ဗမာခေါင်းဆောင်တဦးဖြစ်ပေလိမ့်မည်။ ကရင်သောင်းကျန်းမှု မပေါ်ပေါက်မီ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလတွင် သူသည် ကရင်များ၏ တောင်းဆိုချက်များကို လေ့လာရန် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး ကော်မရှင်တရပ်ကို ခန့်အပ်ခဲ့သည်။ များမကြာမီ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကရင်များနှင့် အစိုးရစစ်တပ်အကြား ပြည်တွင်းစစ်ဖြစ်ပွားနေစဉ် ဦးနုသည် ငြိမ်းချမ်းရေး အဆိုပြုချက်တရပ်ကို ကမ်းလှမ်းခဲ့ပါသေးသည်။ သို့ဖြစ်၍ ကရင်တို့၏ ပုန်ကန်ထကြွမှုကို စစ်တပ်အင်အား သက်သက်ဖြင့်သာ ချေမှုန်းလိုကြသော သဘောထားတင်းမာသူ မြန်မာများက သူ့အား သိက္ခာချသည့်အနေဖြင့် 'ကရင်နု' ဟု 'နာမည်ပြောင်' ပေးခဲ့ကြသည်။

ဤအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်အတန်ကြာမှ ကေအဲင်ယူများက အထင်လွဲမှား မုန်းတီးမှုများ ဖြစ်ခဲ့ကြဟန်တူပါသည်။ ၁၉၆၂ ခု၊ မတ်လတွင် ဗိုလ်ချုပ်ကြီးနေဝင်း အာဏာသိမ်းလိုက်သည့်အခါ သူ့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလအထိ လွှတ်မပေးခဲ့ချေ။ ပိုမို၍ ဖွဲ့စည်းပုံအခြေခံဥပဒေနည်းကျသော အစိုးရစနစ်တရပ် မြန်မာနိုင်ငံတွင် ပြန်လည်အသက်သွင်းရာ၌ အကူအညီပေးရန် ဦးနုအပါအဝင် ယခင်နိုင်ငံ့ခေါင်းဆောင်ဟောင်း (၂၁) ဦးဖြင့် 'အကြံပေးအဖွဲ့' ကို ဉာဏ်နီဉာဏ်နက်များသော စစ်အာဏာရှင်က ဖွဲ့စည်းပေးလိုက်သည်။ ၁၉၆၂ ခုနှစ်တွင် ဦးနေဝင်း သွတ်သွင်းခဲ့သော 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' တည်းဟူသော 'တပါတီအာဏာရှင်စနစ်' အစား ၁၉၆၂ ခုနှစ် မတိုင်မီက ကျင့်သုံးခဲ့သော 'ပါတီစုံ ဒီမိုကရေစီစနစ်' နှင့် 'လွတ်လပ်သော ဈေးကွက်စီးပွားရေး' သို့ ပြန်လည်ဦးတည်လုပ်ကိုင်သွားရန် (၂၁) ဦးအဖွဲ့၏ အများစုက အကြံ







ဉာဏ်ပေးခဲ့သည်။

၁၉၆၉ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် ဦးနေဝင်းက ယင်းအကြံပြုချက်ကို ငြင်းပယ်လိုက်သည်။ ထို့နောက် ဦးနုလည်း စိတ်ပျက်ကာ တိုင်းပြည်မှ ထွက်ခွာသွားခဲ့လေသည်။ သူသည် လန်ဒန်သို့ သွားခဲ့ပြီး ထိုနေရာ၌ပင် ဦးနေဝင်း၏ စစ်အာဏာရှင်စနစ်ကို လက်နက်ကိုင်တော်လှန်ရန် စည်းရုံးလုပ်ဆောင်မည့် သူ့အစီအစဉ်များကို ဩဂုတ်လ (၂၉) ရက်နေ့တွင် ကြေညာခဲ့သည်။ နောက်ဆုံးတွင် ယင်းလွတ်မြောက်ရေးစစ်ပွဲသည် ထိုင်း–မြန်မာနယ်စပ်တလျှောက်ရှိ ပြည်တွင်းမှ ထွက်ပြေးလာရသူများ ခိုလှုံရာစခန်းများမှ စတင်ခဲ့သည်။ ဦးနု၏ လွတ်မြောက်ရေးလှုပ်ရှားမှုမှ ပေါက်ဖွားလာသော စစ်တပ်ကိုလည်း 'ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်' (Patriotic Liberation Army- P.L.A) ဟု အမည်ပေးလိုက်ကြသည်။ ထိုတပ်ကို ဗမာ့တပ်မတော်၌ ထင်ပေါ်ကျော်ကြား လူသိများကြသည့် ဝါရင့်ထိပ်တန်းစစ်ခေါင်းဆောင်များ ဖြစ်ခဲ့ကြသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျ်ာ၊ ဗိုလ်ရန်နိုင်နှင့် ဗိုလ်မှူးအောင်တို့အပြင် လွတ်လပ်ရေးရစအချိန်က ဗမာ့တပ်မတော်၏ စစ်ဆင်ရေး ဦးစီးချုပ်၊ ကရင်အမျိုးသား ဗိုလ်မှူးချုပ် ဟင်ဆန်ကြာဒိုး (Brig. Henson Kya Doe)၊ ဗမာ့လေတပ် ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်တော်မီကလစ်ဖ် (Air Commodore Tommy Clift) တို့က ဦးဆောင်ကြသည်။ ဦးနု၏ လှုပ်ရှားမှုအဖွဲ့သည် ပူးတွဲစစ်ဆင်ရေးအတွက် ထိုင်း–မြန်မာနယ်စပ်တလျှောက် အခြေစိုက်ထားကြသော ကေအဲင်ယူနှင့် မွန်တိုင်းရင်းသားသူပုန်တို့နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။ သို့သော် မကြာလှပါချေ။ မြန်မာနိုင်ငံအနေဖြင့် ပထမဆုံး ရေးဆွဲပြဋ္ဌာန်းခဲ့သော ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ရှမ်းနှင့် ကယားပြည်နယ်တို့ကို ပေးအပ်ထားသော 'ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်' ရှိသည့် ရပိုင်ခွင့်အပေါ်၌ သဘောကွဲလွဲအငြင်းပွားမှုများ ဖြစ်ပေါ်လာတော့သည်။ အကယ်၍ စစ်အာဏာရှင်တို့ကို တွန်းလှန်ပြီးသည်နှင့် တပြိုင်နက် သူတို့အားလည်း ၎င်းရပိုင်ခွင့်ကို ပေးပါမည်ဟူသော ကတိကဝတ်ကို တိုင်းရင်းသား လူနည်းစုများက ယခုတောင်းခံလာကြသည်။

ဤသို့ တိုင်းရင်းသားများ၏ 'ခွဲထွက်လိုက ခွဲထွက်ပိုင်ခွင့်' ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်တားဆီးထားရန်သာ လိုလားနှစ်ခြိုက်သော ဦးနုသည် ၁၉၇၃ ခု၊ ဇူလိုင်လတွင် သူ၏ ခေါင်းဆောင်ရာထူးကို ဗိုလ်လကျ်ာအား လွှဲပြောင်းပေးအပ်ကာ ထိုင်းနိုင်ငံမှ ဝမ်းနည်းစိတ်ပျက်စွာဖြင့် ထွက်ခွာသွားခဲ့လေသည်။ ဗိုလ်လကျ်ာသည် အမြင့်မားဆုံးစွမ်းရည်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တဦးဖြစ်ပြီး ဦးအောင်ဆန်း၏ ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးသော မိတ်ဆွေတဦးလည်းဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် လက်နက်ကိုင်တပ်ဖွဲ့ (၂) ဖွဲ့အကြား နားလည်မှုလွဲရာမှ ဖြစ်ပွားပုံရသော ကေအဲင်ယူတို့က သူ့စခန်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်မှုတွင် ဗိုလ်လကျ်ာကျဆုံးသွားခဲ့သည်။

ပီအယ်လ်အေ တပ်မတော်မှာလည်း ထိုအကျိုးဆက်အဖြစ် အစိတ်စိတ်အမွှာမွှာ ကွဲသွားခဲ့သည်။ ထို့နောက် (၁၀) နှစ်မျှ ကြာသည်အထိ ဗမာ့လက်နက်ကိုင်ဆန့်ကျင်မှုမှာ မရှိခဲ့တော့ချေ။ ထို့နောက်တွင်မှ ရန်ကုန်နှင့် အနယ်နယ်အရပ်ရပ်တွင် ဖြစ်ပွားခဲ့သော စစ်တပ်၏ လူသတ်ကွင်းများမှ ထွက်ပြေးတိမ်းရှောင်လာသော ဒီမိုကရေစီတိုက်ပွဲဝင် ကျောင်းသားထောင်ပေါင်းများစွာ နယ်စပ်သို့ ရောက်ရှိခိုလှုံလာကြပြီး ပီအယ်လ်အေတပ်များ အခြေချသွားသည့်နေရာများ၌ပင် အခြေချကာ ရန်ကုန်စစ်အစိုးရကို လက်နက်ကိုင်တော်လှန်တိုက်ခိုက်ရန် အသစ်တဖန် ကြိုးစားကြပြန်တော့သည်။

ကေအဲင်ယူစာစောင်တွင် အစွပ်စွဲခံရသော မြန်မာခေါင်းဆောင်များထဲမှ တဦးဖြစ်သူ ဗိုလ်ချုပ်ကြီးနေဝင်းမှာမူ ဦးနုနှင့် အခြေခံကစ၍ ခြားနားသော ပုဂ္ဂိုလ်တဦးဖြစ်သည်။ ဦးအောင်ဆန်းလုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရန်ကုန်ဘုရင်ခံရုံးမှ လန်ဒန်သို့ ပထမဆုံး အသေးစိတ်ရေးသားပေးပို့လိုက်သော ကြေးနန်းတွင် သေနတ်သမားများကို ဗိုလ်နေဝင်း၏ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်မှ တပ်ဖွဲ့ဝင်များအဖြစ် ဖော်ပြထားသည်ကို သတိချပ်သင့်သည်။[၇] ထို့နောက်ပိုင်း ဘုရင်ခံရုံးမှ ပေးပို့သော ကြေးနန်းစာများတွင်မူ ပဟေဠိဆန်လှသော ယင်းသတင်းကို ချန်လှပ်ထားခဲ့တော့သည်။ ယင်းသည် မှားယွင်းဖော်ပြမှုပေပဲလား။ သို့မဟုတ် နိုင်ငံရေးရာ ထောက်ထားစရာ အကြောင်းများကြောင့် အာဏာပိုင်များက ကနဦးသတင်းပေးပို့မှုကို ဆက်လက်စုံစမ်းစစ်ဆေးခြင်းမပြုဘဲ ရှောင်ရှားခဲ့ခြင်းပေပဲလား။ ကျွန်ုပ်တို့ မည်သည့်အခါမျှ သိနိုင်ကြတော့မည်မဟုတ်ချေ။ သို့သော်လည်း ဉာဏ်နီဉာဏ်နက်များလှသော အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်၏ တပ်ရင်းမှူးသည် ထိုအချိန်မှစ၍ မြန်မာ့မြင်ကွင်းတွင် ခြောက်လှန့်လျက်ရှိနေပေတော့သည်တကား။

၁၉၁၁ ခုနှစ်တွင် မွေးဖွားခဲ့သည့် တရုတ်–မြန်မာကပြားဖြစ်သူ ငယ်နာမည် ရှုမောင်ခေါ် ဦးနေဝင်းသည် ဦးနုထက် (၄) နှစ်ငယ်ပြီး ဦးအောင်ဆန်းထက် (၅) နှစ်ကြီးသူဖြစ်သည်။ ရဲဘော်သုံးကျိပ်အဖွဲ့ဝင် ဖြစ်ပင်ဖြစ်သော်ငြားသော်လည်း ဦးနေဝင်းသည် ၁၉၄၆ ခုနှစ်၊ နောက်ပိုင်းကျမှသာ ယှဉ်ပြိုင်သူများကို ရက်ရက်စက်စက်ဖယ်ရှားပြီး ထိပ်ပိုင်းနေရာသို့ မရမနေ စတင်တက်လှမ်းလာနိုင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ကွန်မြူနစ်များ၊ ပြည်သူ့ရဲဘော်များ တောခိုသွားပြီး အမှတ် (၁) နှင့် အမှတ် (၃) ဗမာ့လက်နက်ကိုင်တပ်များ ပုန်ကန်ထကြွသည့် အချိန်တွင် ဗိုလ်နေဝင်း၏ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်သည် အစိုးရအတွက် တခုတည်းသော မှီခိုအားထားရာ အဓိကမဏ္ဍိုင်ကြီးဖြစ်လာခဲ့သည်။ သို့သော်လည်း နိုင်ငံတော်ကာကွယ်ရေးကို တပြည်လုံး ဖြန့်ကျက်ထားနိုင်ရန်အတွက် ဦးတင်ထွဋ်၏ ပြည်ထောင်စုအရန်တပ်ဖွဲ့များကဲ့သို့သော တပ်ဖွဲ့အသစ်များကို ထူထောင်ခဲ့ရသည်။

အမျိုးသားညီညွတ်ရေး ခိုင်မာစေရန် ရည်ရွယ်၍ တိုင်းရင်းသား ကရင်အမျိုး







သားတဦးဖြစ်သူ ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်း (Lt. Gen. Smith-Dun) ကိုပင် တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ်အဖြစ် အစိုးရက ခန့်အပ်ခဲ့သည်။ သူ့လက်အောက်တွင်မှ ဒု–ဦးစီးချုပ် (၂) ဦးရှိသည်။ တဦးမှာ ဗိုလ်ချုပ်ဖြစ်လာပြီဖြစ်သော ဦးနေဝင်းနှင့် နောက်တဦးမှာ ရဲဗိုလ်ချုပ်ဖြစ်သူ ကျွန်ုပ်၏ဖခင် ဗိုလ်ချုပ်ထွန်းလှအောင် ဖြစ်သည်။[၈] စစ်တပ်ရာထူးအစဉ်တွင် နံပါတ် (၄) နေရာ၌ ရှိနေသော ဦးတင်ထွဋ်သည် လက်သည်တရားခံ လူသတ်သမားမပေါ်ဘဲ ၁၉၄၈ ခုနှစ် စက်တင်ဘာလ (၈) ရက်နေ့တွင် အသတ်ခံခဲ့ရသည်။ ထို့နောက် လအနည်းငယ်အကြာတွင် ကရင်ပုန်ကန်မှု ပေါ်ပေါက်လာခဲ့သည်။ ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်းအနေဖြင့် အစိုးရအပေါ် ဆက်လက်သစ္စာစောင့်သိနေသော်လည်း သူသည် ရက်အကန့်အသတ်မရှိ ခွင့်ရက်ရှည်ယူခိုင်းခြင်းကို ခံခဲ့ရသည်။ သူ့ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် အနားပေးလိုက်ပြီး အလုပ်မလုပ်သူများ စာရင်းတွင် ထည့်သွင်းခြင်းခံရကာ သူသည် ကချင်ပြည်နယ်အတွင်းတွင် မိမိသဘောနှင့်မိမိ အဝေးသို့သွားရောက်နေထိုင်ခဲ့လေသည်။[၉]

ဦးထွန်းလှအောင်သည် ဆင်း (ဒ်) ဟတ် (စ်) (Sandhurst) ဘုရင့်စစ်ကောလိပ်သို့ ဝင်ခွင့်ရခဲ့သူ ပထမဦးဆုံး မြန်မာအမျိုးသားဖြစ်ပြီး ၁၉၂၂ ခုနှစ်တွင် သင်တန်းပြီးဆုံး၍ ဘွဲ့ရသည်နှင့် ဘုရင်၏ ရာထူးခန့်ထားခြင်းကို ခံခဲ့ရသူဖြစ်သည်။ သူသည် ၁၉၄၈ ခုနှစ်နှောင်းပိုင်းတွင် လန်ဒန်ရှိ မြန်မာသံရုံးသို့ မြန်မာစစ်သံမှူးအဖြစ် စေလွှတ်ခြင်းခံခဲ့ရသည်။ ထိုရာထူးမှာ ယခင်က သူကိုင်တွယ်ခဲ့ရသည့် ရာထူးထက် အဆင့်များစွာနိမ့်သော ရာထူးဖြစ်လေသည်။ ၁၉၅၁ ခုနှစ်တွင် ဗြိတိန်နိုင်ငံ၌ သူ့တာဝန်သက်တမ်းကုန်ဆုံးခဲ့ပြီး သူသည် မိခင်တိုင်းပြည်သို့ ပြန်လာခဲ့သည်။ သို့သော် သူစီးလာသောသင်္ဘော သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ကိုလံဘိုဆိပ်ကမ်း ဆိုက်ကပ်ချိန်တွင် သူ့ကို မြန်မာထောက်လှမ်းရေး အရာရှိများက လာရောက်တွေ့ဆုံပြီး သူကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ပစ်လိုက်ကြသည်။ ဤသည်မှာ ရှင်းလင်းပြ၍ မရနိုင်လောက်သော ထူးဆန်းမှုဖြစ်သည်။ ဤသို့ဖြင့် သူသည် သီဟိုဠ်တွင် ၁၉၅၄ ခုနှစ်အထိ သောင်တင်နေခဲ့ရသည်။ မြန်မာနိုင်ငံ၏ ဗမာ့တပ်မတော်၌ အရင်းခံ အဆင့်အမြင့်ဆုံး စစ်တပ်အရာရှိကြီး (၄) ဦး ရှိသည့်အနက် ၁၉၄၉ ခုနှစ်အရောက်တွင်မူ ဦးနေဝင်းတယောက်သာ ကျန်ခဲ့ပေတော့သည်။

ဦးနေဝင်းသည် ‘မက်ချီယာ ဗယ်လီ’ အယူအဆသမား၊ အာဏာအရူးအမူးသမားဖြစ်သည်မှာ ယခင်ကလည်း မှန်ခဲ့သည်။ ယခုလည်း မှန်နေသေးသည်။ သံသယဖြစ်စရာမရှိ။ နိုင်ငံရေးလောကအတွင်း၌ ဖြစ်စေ၊ စစ်တပ်အတွင်း၌ ဖြစ်စေ၊ သူ့ပြိုင်ဘက်မှန်သမျှကို ၁၉၄၀ ခုနှစ်မှ ယနေ့အထိ ဖယ်ရှားပစ်ခဲ့သည့် သူ့လက်သူ့ခြေများကို မြန်မာအများစု မြင်တွေ့နေရသည်မဟုတ်ပါလား။ ထို့နောက် ပို၍အလှမ်းကျယ်၊ ပို၍ လက်သွက်လာသည်။ ၁၉၄၇ ခုနှစ်၌ အများမြင်ကွင်းမှ ဦးအောင်ဆန်း ပျောက်ကွယ်သွားခဲ့ရသည်ကို ဦးနေဝင်း

အနေဖြင့် စိတ်သက်သာရာရကာ ကျိတ်ပြီး ဝမ်းအသာကြီးသာနေပေလိမ့်မည်ဟု ယူဆလျှင်ကား အကြောင်းကျိုးဆီလျော်သည်ဟု ဆိုရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အမြင့်ဆုံးအာဏာအတွက် သူ့အခိက ယှဉ်ပြိုင်ဘက်ကြီး မရှိတော့၍ဖြစ်သည်။ သို့သော် ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များအား ဦးစောက သတ်ချင်လာအောင် သူ့အနေဖြင့် နောက်ကွယ်က ကြိုးကိုင်၍ အကွက်ဆင်နိုင်လောက်အောင် စွမ်းဆောင်နိုင်ပါမည်လော။ ယင်းသို့ဆိုလျှင် သိပ်ကို လွန်သွားလေမည်လား။ သို့သော်လည်း ယနေ့အခါတွင် ပြည်ပရောက် မြန်မာအချို့က ထိုအတိုင်းပင် ယုံကြည်လျက် ရှိနေကြပေသည်။

၁၉၉၂ ခုနှစ်၊ မေလတွင် အမေရိကန်ပြည်ထောင်စု 'ဖို့လော့ဒ်ဒါဒေး (လ်)' (Fort Lauderdale) ၌ ရိုက်နှိပ်ထုတ်ဝေသော စာအုပ်ငယ်တအုပ်တွင် ယင်းတတိယအမြင်ကို နောက်ဆုံးထုတ်ဖော်ထားသည်။ ဖလော်ရီဒါ (Florida) ၌ အလုပ်လုပ်နေသော မြန်မာဆရာဝန်တဦးဖြစ်သည့် ဒေါက်တာကြင်ဟိုး (ခေါ်) ဒေါက်တာနိုင်ဝင်းက ထိုစာအုပ်ငယ်ကို ရေးသားခြင်းဖြစ်သည်။ ယင်းစာအုပ်မှာ ဗိုလ်လက်ျာ၏ညီငယ် ရဲဘော်မြလှိုင်နှင့် သူတို့စကားပြောဆိုမှုအကြောင်းအချက်တခုအပေါ် အခြေခံ၍ ရေးသားထားခြင်းဖြစ်သည်။ ဦးမြလှိုင်သည် တချိန်က ဗမာ့လက်နက်ကိုင်ပုလိပ်သောင်းကျန်းမှုနှိမ်နင်းရေးတပ်ဖွဲ့ (Burma Armed Police Striking Force) တွင် အမှုထမ်းဆောင်ခဲ့ပြီး နောက်ပိုင်းတွင် ပေဖူးလွှာမဂ္ဂဇင်းကို အယ်ဒီတာချုပ်အဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။ သူသည် ၁၉၈၇ ခုနှစ် ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုသို့ ဆေးကုသမှုခံယူရန် သွားရောက်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု တောင်အတ္တလန်တိတ်ပြည်နယ်များ၏ တောင်ပိုင်းအစွန်ဆုံး ဖလော်ရီဒါရှိ သူ့ကိုယ်ပိုင်ဆေးကုခန်းတွင် ဦးမြလှိုင်နှင့် စတင်တွေ့ဆုံခဲ့ရမှုဖြင့် ဒေါက်တာကြင်ဟိုးက သူ၏စိတ်လှုပ်ရှားဖွယ် ပြန်ပြောင်းပြောပြချက်ကို စတင်ခဲ့သည်။ ထိုနောက်ပိုင်းတွင် သူတို့နှစ်ဦး ပိုမိုရင်းနှီးလာကာ မကြာခဏအပြန်အလှန် လည်ပတ်ကြကာ အတူတကွ စားရင်းသောက်ရင်း ထွေရာလေးပါး ဆွေးနွေးပြောဆိုဖြစ်ကြသည်။ ဒေါက်တာကြင်ဟိုးအနေဖြင့် ၁၉၅၇ ခုနှစ်က ဖတ်မိခဲ့သော လူထုဦးလှ၏ စာအုပ်တအုပ်ထဲမှ ရေးသားထားသည့် ဂဠုန်ဦးစော၏အသက်အား ရန်ရှာရန် ကြိုးစားခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားအာဇာနည်များအား လုပ်ကြံသတ်ဖြတ်ခြင်း စသည့်အကြောင်းခြင်းရာတို့သည် ထိုစဉ်မှပင် ဆရာဝန်၏စိတ်ကို ရှုပ်ထွေးစေလျက် ပုစ္ဆာတပုဒ်အလား အတွေးပွားစေခဲ့ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၀) ရက်၊ သာယာလှပမောသော ဖလော်ရီဒါ၏ ညနေခင်းတချိန်တွင် ဦးမြလှိုင်၏ နေအိမ်၌ ၎င်းတို့နှစ်ဦး ညစာစားသောက်နေချိန်တွင် ၎င်းအကြောင်းအရာတို့အပေါ် စကားစပ်မိသွားကြသည်။ ဆရာဝန်က မေးခွန်းမျိုးစုံကို အားတက်တရော မေးသည်။ သူ့မိတ်ဆွေက နိုင်ငံရေးသမားတဦးဖြစ်သည့် ရန်ကုန်ဘဆွေဟု လူသိများသော သူ၏တွဲဖက်တဦးပါ၊ ပါဝင်ပတ်သက်ခဲ့သည့် အံ့ဩရင်ဖိုစရာ ဇာတ်လမ်းတရပ်ကို ဖော်







ထုတ်ပြောပြလေတော့သည်။

သူနှင့် ရန်ကုန်ဘဆွေတို့နှစ်ဦးမှာ ဦးစော၏အသက်ကို ရန်ရှာသယောင် ကြံစည်နိုင်ရန်အတွက် (၂) လကြာ သင်တန်းပေး လေ့ကျင့်ခံရကြောင်း၊ ထိုသို့ကြံစည်ခြင်းဖြင့် ဦးအောင်ဆန်းကို သွေးထိုးမြှောက်ပင့်ပေးသူအဖြစ် အထင်မှားအမြင်မှားစေရန်ဖြစ်ကြောင်း သူက အတိအလင်းဖွင့်ဟခဲ့သည်။ ဤသို့သော သူရဲဘော်ကြောင်လှသည့်လုပ်ရပ်အား စည်းရုံးစီမံသူများမှာ အခြားသူများမဟုတ်။ ဗိုလ်ချုပ်နေဝင်းနှင့် သူ၏ အနီးကပ်ဆုံးလုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဗိုလ်မှူးချုပ်အောင်ကြီးတို့သာဖြစ်သည်ဟု ဦးမြလှိုင်က ပြောပြခဲ့ပါသည်။

ဒေါက်တာကြင်ဟိုး ပြန်ပြောင်းပြောပြသည့် ဦးမြလှိုင်၏ ပြောဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"တနေ့ ကျွန်တော် စစ်ရုံးမှာ အလုပ်ပြီးလို့ အိမ်ပြန်မယ်အလုပ်မှာ ကျွန်တော့်ဆရာ ဗိုလ်အောင်ကြီးက... "ကိုမြလှိုင် ခင်ဗျားအိမ်မပြန်နဲ့အုံး၊ ကျွန်တော့်အိမ်လိုက်ခဲ့။ အရေးကြီးတဲ့ကိစ္စတခု ဆွေးနွေးစရာရှိတယ်" လို့ ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော် သူနဲ့ လိုက်သွားပါတယ်။ အဲဒီနောက် သူက ကျွန်တော့်ကို မေးတယ်။ "ခင်ဗျားမှာ ငွေဘယ်လောက်ရှိသလဲတဲ့"။ ကျွန်တော်က... "ကျွန်တော့်မှာ ငွေတသိန်း၊ နှစ်သိန်းလောက်တော့ရှိတယ်" လို့ ပြန်ဖြေတော့ သူက..."ကောင်းတယ်၊ ဒါဆို ခင်ဗျားအိမ်အတွက် လုံလောက်တယ်။ ကျွန်တော်တို့မှာ အထူးတာဝန်တခု လုပ်စရာရှိတယ်။ ကျွန်တော့်အိမ်မှာ ခင်ဗျားနေ၊ အားလုံးကိစ္စဝိစ္စပြီးရင် ခင်ဗျား အိမ်ပြန်နိုင်တယ်" လို့ ပြောပြတယ်။ ဒီလိုနဲ့ ဗိုလ်အောင်ကြီးအိမ်မှာ ကျွန်တော် (၂) လလောက် နေခဲ့ရတယ်။ ရန်ကုန်ဘဆွေကတော့ ဗိုလ်နေဝင်းအိမ်မှာနေပြီး သေနတ်တလက်နဲ့ အပစ်လေ့ကျင့်နေရတယ်။ လုံးဝသေချာဖို့ ကျွန်တော်တို့ကို ပိုလေ့ကျင့်ပေးတာပါ။ (တကယ်တမ်းက ရန်ကုန်ဘဆွေက လက်တည့်ပြီးသားပါ)။ ဦးစောရဲ့ လှုပ်ရှားမှုကို ကျွန်တော်တို့ အသေးစိတ်လေ့လာရတယ်။ သူ ရုံးကိုသွားဖို့ အိမ်ကနေ ဘယ်အချိန်ထွက်တယ်။ ဘယ်အချိန်ပြန်ရောက်တယ်...စသဖြင့်ပေါ့။ ဦးစောအသက်ကို ရန်ရှာဖို့လုပ်တဲ့နေ့က သူက သူ့အနက်ရောင်ကားကြီးထဲမှာ ဒရိုင်ဘာဘေးက ထိုင်လိုက်လာတယ်။ ကျွန်တော်တို့ သူ့နောက်က ကပ်လိုက်သွားတယ်။ နေရာကောင်းလဲ ရောက်ရော၊ ကျွန်တော်က သူ့ကားကို ကျော်တက်လိုက်တယ်။ အဲဒီအချိန်မှာ ရန်ကုန်ဘဆွေက သေနတ်ခလုတ်ကို ဆွဲဖြုတ်လိုက်တာပဲ။ ပထမပစ်ချက်က ဦးစော နဖူးကို ရှပ်မှန်သွားတယ်။ ဒါအရေးကြီးဆုံးပစ်ချက်ပဲ။ ရန်ကုန်ဘဆွေက နောက်တချက်ထပ်ပစ်တယ်။ အဲဒါက ဦးစောကို မထိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဦးစောက သူ့ထိုင်ခုံအောက် လျှောချလိုက်လို့ပဲ။ တတိယအချက်ကတော့ မိုးပေါ်ထောင်ပစ်လိုက်တာပါ။ ရန်ကုန်ဘဆွေက ..."ဟေး၊ ကိုမြလှိုင်၊ မောင်းပြေးပေတော့" လို့ အော်ပြောလိုက်တယ်။

ကျွန်တော် ဘယ်လောက်မြန်မြန်မောင်းလိုက်လဲ မသိဘူး။ အိမ်ကို ဘယ်လိုပြန်ရောက်လာမှန်းတောင် မသိတော့ဘူး။ သေနတ်ကတော့ ဗိုလ်နေဝင်းရဲ့ ကိုယ်ပိုင်သေနတ်ပါ။ ရန်ကုန်ဘဆွေနဲ့ ကျွန်တော်တို့လုပ်ကြံတာကို ဦးစောလုံးဝမသိခဲ့ပါဘူး။ ဒါကတော့ ကျွန်တော်တို့ (၄) ယောက်၊ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီး၊ ရန်ကုန်ဘဆွေနဲ့ ကျွန်တော်တို့ပဲ သိတာပါ"။

ဗိုလ်နေဝင်းသည် ဦးအောင်ဆန်းကို မနာလိုဖြစ်နေခဲ့ပြီး အမြဲကြောက်နေခဲ့ရသည်ဟု ဒေါက်တာကြင်ဟိုးက ဖြည့်စွက်သည်။ ထိုအချိန်က အပျော်ကျူး၍ လက်လွတ်စပယ်အသုံးအဖြုန်းကြီးသော ဗိုလ်နေဝင်းကို ဦးအောင်ဆန်းက ဆူပူကြိမ်းမောင်းနေခဲ့ရသည်။ ဗိုလ်နေဝင်းက ဦးစောအသက် မဆုံးရှုံးစေဘဲ ရန်ရှာရုံသက်သက် မြင်းသမားဘဏ် [၁၀] နှင့် ကြံစည်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့က ကားထဲပါသူ သေနတ်သမားနှစ်ယောက်ကိုလည်း ဦးအောင်ဆန်း၏ ကိုယ်ပိုင်တပ်ဖြစ်သည့် ပြည်သူ့ရဲဘော်တပ် (PVO) မှ ယူနီဖောင်းများကို ဝတ်ထားစေခြင်းဖြင့် သူ့အသက်ကို ရန်ရှာမှုနောက်ကွယ်တွင် ဦးအောင်ဆန်းရှိနေသည်ဟု ဦးစောထင်သွားစေရန်ဖြစ်သည်။ သို့မှသာ ဦးစောက ဦးအောင်ဆန်းကို ရန်တုံ့ပြန်လက်စားချေပေလိမ့်မည်။

သေနတ်သမားများ မည်သူမည်ဝါဖြစ်သည်ဟူသော အချက်နှင့် သူတို့၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များမှလွဲ၍ ဤအဖြစ်အပျက်၏ အသေးစိတ်ကို ၁၉၄၀ ခုနှစ်များနောက်ပိုင်းတွင် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီး ဖြစ်လေသည်။ ဦးအောင်ဆန်းအသတ်မခံရမီ (၁၀) လအလို ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် ဦးစောအသက်ကို ရန်ရှာခြင်းနှင့် အခင်းဖြစ်ပွားရာတွင် ပြည်သူ့ရဲဘော်များ ပါဝင်ပတ်သက်နေပုံရခြင်းတို့ကို လုပ်ကြံမှုအတွက် စေ့ဆော်ချက်အဖြစ် တရားဆိုင်နေစဉ်အတွင်းတွင်ပင် ကိုးကားခြင်းခံခဲ့ရလေသည်။ သို့သော် ဦးမြလှိုင်၏ ဇာတ်ကြောင်းပြန်ဖွင့်အန်ခြင်းများသည် ခိုင်လုံမှုမည်မျှရှိသည်ကိုမူ မည်သူမျှ သိနိုင်တော့မည်မဟုတ်ချေ။ ရန်ကုန်ဘဆွေသည် အတန်ကြာကပင် ဦးနှောက်ကင်ဆာရောဂါဖြင့် သေဆုံးသွားခဲ့ပြီး ဦးမြလှိုင်မှာလည်း ဖလော်ရီဒါသို့ သွားရောက်လည်ပတ်ပြီး နှစ်အနည်းငယ်အကြာ ၁၉၉၁ ခုနှစ်အတွင်းတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သောကြောင့်ဖြစ်လေသည်။

သူတို့မကွယ်လွန်မီ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ အာဇာနည်နေ့အထူးထုတ် 'The Burma Review' [၁၁] စာစောင် အမှတ်စဉ် (၆) တွင် မောင်ထူး (ဝိဇ္ဇာ–သိပ္ပံတက္ကသိုလ်) ရေးသားသော 'ဒီမိုကရေစီသို့ နောက်ဆုံးခရီး' ဆောင်းပါးပါရှိလာခဲ့သည်။ ယင်းဆောင်းပါးတွင် ဆောင်းပါးရှင်က ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ရန် ပူးပေါင်းကြံစည်မှုတွင် ဗိုလ်ချုပ်ကြီး နေဝင်းအနေဖြင့် ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ခဲ့ပုံနှင့် ဦးအောင်ဆန်းအပေါ်ထားရှိသော ဦးနေဝင်း၏ သဘောထားတို့နှင့် ပတ်သက်၍ စွပ်စွဲရေးသားထားသည်။





"ဦးနေဝင်းသည် ဗိုလ်မှူးချုပ်အောင်ကြီးနှင့် တိုင်ပင်ပြီးသကာလ အခွင့်အရေးသမားတဦးဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏ အဓိက ပြိုင်ဘက်ကြီးဖြစ်သော ဦးစောကို သေနတ်ဖြင့်ပစ်ရန် သေနတ်သမား (၂) ဦးကို တာဝန်ပေးအပ်ခဲ့သည်။"

ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ရခြင်း၏ ရည်ရွယ်ချက် အသေးစိတ် အတိအကျကို သိရှိခဲ့ကြသူ ဗိုလ်ချုပ်ကြီးဟောင်းများနှင့် စစ်တပ်ခေါင်းဆောင်များ အနည်းငယ်သာရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စစ်တပ်က အာဏာသိမ်းခဲ့ပြီး ဇူလိုင်လ (၁၉) ရက်နေ့တွင် အာဇာနည်ကုန်းသို့ စစ်ဝတ်စုံပြည့်ဖြင့် ချီတက်ကြရန် စစ်တပ်က စီစဉ်ခဲ့သည်။ တပ်မတော် စတင်တည်ထောင်ခဲ့သူ ဦးအောင်ဆန်းသာ အသက်ထင်ရှားရှိခဲ့ပါမူ ယင်းအာဏာသိမ်းမှုကို သဘောတူညီပေလိမ့်မည်ဟု ပြည်သူလူထုကို ပြသရန်ဖြစ်သည်။ တော်လှန်ရေးကောင်စီဝင် (၁၇) ဦးသာ ရှိသည့်အနက် (၁၄) ဦးသည် ထိုချီတက်မှု စီစဉ်ရေးနှင့်ပတ်သက်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။ ဗိုလ်မှူးချုပ်တင်ဖေက ဗိုလ်ချုပ်အောင်ဆန်းသေဆုံးခဲ့ရမှုကို ဝမ်းနည်းတသပြောဆိုခဲ့သည်။ ဗိုလ်ချုပ်နေဝင်းက ထရပ်လိုက်ပြီး ... "ဘာလို့ ဝမ်းနည်းနေရမှာလဲ။ ဗိုလ်ချုပ်အောင်ဆန်းဟာ လူပျော့တယောက်ပဲ။ ဒါ့အပြင် တိုင်းပြည်ရဲ့ပြဿနာတွေအပေါ် သူ့ထက်စာရင် ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ ငါ အများကြီး ပိုသိတယ်" ဟု ခပ်ပြတ်ပြတ်ပြောဆိုလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အာဇာနည်ဗိမာန်သို့ သွားရောက်မည့် မဟာစီမံကိန်းကြီးမှာ ချက်ချင်းပင် ပျောက်ကွယ်သွားခဲ့တော့သည်။

ခေတ်ပြိုင်ဂျာနယ် [၁၂] ထုတ်ဝေသူ ဦးတင်မောင်ဝင်း [၁၃] သည် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ဂျာနယ်တွင် ဒုတိယအကြိမ်ထုတ်ဝေသော ကျွန်ုပ်၏ စာအုပ်အပေါ်တွင် ခြုံငုံရေးသားရာ၌...

"၎င်းအပြင် ဤဤ ထိုထို အနီးသို့သော ခေါင်းဆောင်တို့၏ နောက်လိုက်ဆိုသူအချို့တို့သည် မိမိတို့ဆရာ၏ နိုင်ငံရေးရန်သူဟု ထင်မှတ်သူများအပေါ် မိမိတို့ဘာသာ မိမိတို့အစီအစဉ်ဖြင့် ကြိမ်ဖန်များစွာ ပူးပေါင်းကြံစည်မှု ပြုလာကြသည်။ စာရေးဆရာ ရန်ကုန်ဘဆွေကိုယ်တိုင်က သူနှင့် ဦးမြလှိုင်တို့သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်ရွယ်ချက်၊ ဦးတည်ချက်များအပေါ် အထင်အမြင်မှားစေရန် ခပ်ရှုးရှုး၊ ခပ်ရမ်းရမ်း အမြတ်ထုတ် လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ်ပိုင်း၌ ဘန်ကောက်ရှိ မိတ်ဆွေအဝန်းအဝိုင်းအတွင်းတွင် ဖွင့်ဟဝန်ခံခဲ့ဖူးသည်" ဟု ဖော်ပြခဲ့သည်။

အထက်ပါပြဿနာနှင့်ပတ်သက်၍ ကျွန်တော်၏ ယုံကြည်အားထားသည့် လုပ်ဖော်ကိုင်ဘက်တဦးဖြစ်ခဲ့သူ ဦးတင်မောင်ဝင်း၏ ရန်ကုန်ဘဆွေနှင့်နှင့် တွေ့ဆုံစဉ်က ပြောဆိုချက်များအား ကောက်နုတ်မှတ်သားထားခြင်းများမှာ ဦးမြလှိုင်က အမည်ဖော်ထုတ်ခဲ့သောသူနှင့် ရန်ကုန်ဘဆွေ အတူတွဲ၍ ဂျွန်ဦးစောနှင့် ဗိုလ်ချုပ်အောင်ဆန်းတို့အပေါ် နိုင်ငံရေး

အရ လုပ်ကြံခဲ့ကြပုံများနှင့် ဆက်စပ်နေသည်အလျောက် ဂဠုန်စောအား လုပ်ကြံခဲ့သူများမှာ သူတို့ကိုယ်တိုင် ဖွင့်ဟဝန်ခံချက်အရ ရန်ကုန်ဘဆွေနှင့် ကိုမြလှိုင်တို့နှစ်ဦး ပြန်လည်ထင်ရှားသွားသည့်အတိုင်း ဦးတင်မောင်ဝင်း၏ မှတ်သားချက်များမှာ အရေးပါသော အမြင်သစ်တရပ်ဟု ယူဆနိုင်ပါတော့သည်။ သို့ရာတွင် တရားဥပဒေအမြင်ဖြင့် ဆင်ခြင်သုံးသပ်လိုက်သော် (က) ရန်ကုန်ဘဆွေနှင့် ကိုမြလှိုင်တို့က ဂဠုန်စောအား လုပ်ကြံခြင်းသည် သူတို့၏ ကိုယ်ရေးကိုယ်တာ နာကြည်းမှုနှင့် မကျေနပ်ချက်တစုံတခု ကြောင့်လော။ သို့မဟုတ် (ခ) ကြေးစားလူသတ်သမားများကဲ့သို့ သူတို့လိုလားသော အခ ကြေးငွေ တစုံတရာရရှိခြင်းကြောင့် ယင်းသို့လုပ်လိုက်ကြခြင်းလော။ သို့မဟုတ် (ဂ) တစုံတယောက်သောသူက ခိုင်းစေ၍ ဖြစ်စေ၊ မိမိသဘောအတိုင်းဖြစ်စေ နိုင်ငံရေးအရ လုပ်ကြံကြခြင်းလော။ သို့ရာတွင် ဂဠုန်စောအား ကာယကံမြောက်လုပ်ကြံသူနှစ်ဦးနှင့် ဂဠုန်စောမှာ သေဆုံးသွားကြပြီဖြစ်သည့်အပြင် အဓိကဆရာသမားအနေဖြင့် ညွှန်ကြား ခိုင်းစေသူနှင့် လက်နက်ထုတ်ပေးသူ ဗိုလ်နေဝင်းမှာလည်း ကွယ်လွန်သွားပြီဖြစ်သည်။ တယောက်တော့ ကျန်သေးသည်။ ဒီကိစ္စတွင် ဗိုလ်နေဝင်းနှင့် အနီးကပ်ဆုံး ပူးပေါင်း ကြံစည်ဘက်ဖြစ်သူ ဗိုလ်အောင်ကြီး (၈၄) အသက်ထင်ရှားရှိသေးသည်။ သူ့အနေဖြင့် သူ့ဆရာ ဗိုလ်နေဝင်းနှင့်အတူတွဲ၍ ထိုရာဇဝတ်မှုကို ကျူးလွန်ခဲ့ကြပါသည်ဟု ဖြောင့် ချက်ပေးလျှင် တရားဥပဒေအရ အရေးယူစစ်ဆေး အပြစ်ပေးနိုင်မည်ဖြစ်သည်။ သို့သော် မည်သို့ပင်ဖြစ်စေကာမူ လွန်စွာပဟေဠိဆန်လွန်းသော ဤဖြစ်ရပ်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းနေခြင်းကြောင့် ယင်းကဲ့သို့ ရေးသားထားခြင်းကို ကျွန်တော် မြင်မြင်ခြင်း ဦးတင်မောင်ဝင်းအား အမြန်ဆက်သွယ်မေးမြန်းပါတော့သည်။ ဦးတင်မောင်ဝင်းထံမှ သိရသည်မှာ ထိုအချိန်က သူ့အနေဖြင့် ရန်ကုန်ဘဆွေ၏စကားများသည် သူ့စိတ်ထဲတွင် ဖျောက်ဖျက်၍မရအောင် စွဲထင်ကျန်ရစ်လျက်ရှိသော်လည်း ထိုအချိန်က ယိုးဒယားနိုင်ငံ 'ပရာကျွပ်–ကရီခန်' မြို့အနီး မြန်မာနယ်စပ်အတွင်းရှိ အထူးတပ်ရင်း (၁) "နတ်ရှင်နောင်" စခန်းမှ အခြားရဲဘော် သူ့တပည့်ကျော်များလည်း အနားတွင် ရှိနေကြသည့်ပြင်၊ ရန်ကုန် ဘဆွေ၏ ပြောဆိုချက်များအား ခိုင်မာသောအထောက်အထားဖြစ်စေရန် အသံဖမ်းယူ မည်ကြံသော်လည်း ရန်ကုန်ဘဆွေအနေဖြင့် သူ့အား အထင်လွဲမှားသွားမည်ကို စိုးရိမ် ခြင်းကြောင့် ယင်းသို့ မလုပ်ဖြစ်ခဲ့ပါ။ ထိုမှတပါး ထိုအခါက မြန်မာနိုင်ငံရေး လောက တွင်လည်း ရိုးဖြောင့်ခြင်းမရှိသော လက်နက်ကိုင်နည်းများဖြင့် အာဏာရယူ–မာန်တံခွန် ထူနေကြသည့် ယူနီဖောင်းဝတ် နိုင်ငံရေးသမား အမြောက်အမြားနှင့်လည်း ပတ်သက် နေကြ၍ ထိုလုပ်ဆောင်ချက်များကို အမှန်အတိုင်းဝန်ခံကြမည့်သူများ မရှိသလောက် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ဦးတင်မောင်ဝင်းနှင့် နောက်တခါ တွေ့သည့်အခါတွင်မှ ထပ်မံမေးဦးမည်ဟု ရည်ရွယ်ထားခဲ့သော်လည်း ကျွန်တော့်မိတ်ဆွေကြီးသည် ၁၉၉၉ ခုနှစ်၊







ဒီဇင်ဘာလ (၁) ရက်နေ့တွင် ရုတ်တရက်သေဆုံးသွားခြင်းကြောင့် မမေးလိုက်ရတော့ပါ။

ထိုရက်မတိုင်မီ ကျွန်တော်သည် ၁၉၉၃ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည့် "အောင်ဆန်းကိုဘယ်သူသတ်သလဲ" အမည်ပါ စာအုပ်ကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး တဖန် ဒုတိယအကြိမ် တိုးချဲ့စာတွဲအဖြစ် ၁၉၉၆ ခုနှစ်တွင် ထုတ်ခဲ့သည့်စာအုပ်ကို မြန်မာရှုထောင့်မှ ပြန်လည်ရေးသားတင်ပြသွားနိုင်ရန် မိတ်ကောင်းတစုနှင့် တိုင်ပင်ကြပြီး ၁၉၉၈ ခုနှစ်ကုန်လောက်တွင် လုပ်ငန်းစကြပါသည်။ ထုတ်ဝေသူအနေဖြင့် ဦးတင်မောင်ဝင်းကပင် တာဝန်ယူခဲ့ပါသည်။ ထိုအတွင်း ပြည်ပတော်လှန်ရေးတွင် အချိန်ကြာမြင့်စွာ ကိုတင်မောင်ဝင်းနှင့် လက်တွဲဆောင်ရွက်ခဲ့သော ရဲဘော်ရဲဘက်တဦးဖြစ်ခဲ့ပြီး "ခေတ်ပြိုင်" ဂျာနယ်တွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် လုပ်ကိုင်လာခဲ့သူ မြဝတီရဲခေါင်မှာလည်း ဩစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့သို့ နေထိုင်ရန် ရောက်လာသောကြောင့် သူ၏စေတနာဆန္ဒအလျောက် တန်ဖိုးကြီးသည့် အကူအညီကိုပေးခဲ့ရာ၌ စာမူများအား တည်းဖြတ်သည့်တာဝန်ကို ယူခဲ့ပါသည်။ ယင်းသို့ ထိုလုပ်ငန်းတွင် အလုပ်များနေကြပြီး ၂၀၀၀ ခုနှစ် ဇူလိုင်လကျမှ စာအုပ်ထွက်လာသဖြင့် ထိုအချိန်ရောက်မှ ဦးရဲခေါင်နှင့် ကောင်းမွန်စွာ စကားပြောခွင့်ရပါတော့သည်။

ကျွန်တော်စဉ်းစားမိသည်မှာ ဝန်ကြီးချုပ်ဦးနုသည် ၁၉၆၂ ခုနှစ်တွင် အာဏာအလုခံရပြီးသည့်နောက် ၁၉၆၉ ခုနှစ်မှ ၁၉၇၈ ခုနှစ်အထိ လက်နက်ကိုင်တော်လှန်ရေးနည်းအရ ဦးနု၏ ရဲတံခွန်ထူရာ ယိုးဒယားနိုင်ငံသို့ မြန်မာမျိုးချစ်ပုဂ္ဂိုလ်များ ဝိုင်းဝန်းဖေးမ စည်းရုံး လုပ်ကိုင်ကြသည့်ကာလဝယ် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာ၊ ဗိုလ်ရန်နိုင်၊ ဗိုလ်မှူးအောင်တို့သာမက လေတပ်ဦးစီးချုပ် တီကလစ်၊ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ဝန်ကြီးဟောင်း ဦးသွင်နှင့် "နေးရှင်း" သတင်းစာအယ်ဒီတာချုပ် ဦးလောရုံအပြင် ရန်ကုန်ဘဆွေလည်း အတူတကွပါဝင်ခဲ့ကြောင်း ကြားသိခဲ့ရသည်။ [၁၄] ထိုအချိန်ပိုင်းတွင် ကိုဘဆွေသည် ဦးတင်မောင်ဝင်းကို စကားဝိုင်းတွင် ပြောခဲ့သည့်နည်းတူ သူရောက်ခဲ့သမျှ နေရာတိုင်းတွင် စကားစပ်မိသည့်အခါတိုင်း သူနှင့်ရင်းနှီးသော ရဲဘော်များကိုလည်း အကြောင်းအားလျော်စွာ ပြောပြလေ့ရှိရာ ဦးရဲခေါင်ကို မေးမြန်းရာတွင်လည်း အောက်ပါအတိုင်း သူသိသမျှ စုံလင်စွာ ပြန်လည်ပြောပြခဲ့ပါသည်။

ဗိုလ်နေဝင်းသည် သူ့ဘဝရှေ့ရေးအတွက် ပြဿနာတရပ်ကို စဉ်းစားရာ၌ ကစားသမားပီပီ အမှားအမှန်ကို အဓိကမထားဘဲ အနိုင်အရှုံးကိုသာ အမြဲတမ်း အဓိကထားတတ်သူဖြစ်၍ ဗိုလ်ချုပ်အောင်ဆန်းတပ်မှထွက်ကာ နိုင်ငံရေးနယ်ထဲသို့ ဝင်ရောက်သွားချိန်တွင် သူ၏စဉ်းစားခန်းဝင်ခဲ့သည်မှာ ဂဠုန်ဦးစောသည် တချိန်က နန်းရင်းဝန်ဟောင်းတဦးဖြစ်လျက်၊ သူ့ကို အထင်သေး၍မရ၊ အကယ်၍ သူသည် မတော်တဆ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးအရ ဈေးကစားချက်အားပြိုင်ရာ၌ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ 'တနှစ်

အတွင်း လုံးဝလွတ်လပ်ရေး' ဟု ကြွေးကြော်သံမပေးဘဲ ဗြိတိသျှအစိုးရအား 'ဒိုမီနီယန်' လျှော့ဈေးပေးကာ ဝန်ကြီးချုပ်ဖြစ်သွားခဲ့သော် ဦးတင်ထွဋ်သည် သူ့လူရင်းဖြစ်ရုံသာမက ပညာအရည်အချင်းအားဖြင့်လည်း ဗြိတိသျှပဋိညာဉ်ခံဝန်ထမ်း **(I.C.S)** ဖြစ်သောကြောင့် မျိုးချစ်ပါတီအစိုးရတွင် ဧကန်မုချ ကာကွယ်ရေးဝန်ကြီး ဖြစ်လာလိမ့်မည်။ ထို့ကြောင့် ဗိုလ်နေဝင်းသည် ရှေ့ဆက်မတွေးတော့ဘဲ ရန်ကုန်ဘဆွေနှင့် လွန်စွာရင်းနှီးသော မြင်းခြံသားဗိုလ်ကြီး (ယပက်လက်) လှယွေ့အား သွားခေါ်ခိုင်းလိုက်သည်။ ထို့နောက် (မြဝတီရဲခေါင် ပြန်ပြောင်းပြောပြသည့် ရန်ကုန်ဘဆွေ၏ ပြောဆိုချက်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်။ လုပ်ကြံမှုနေ့ ညနေပိုင်းမှစတင်၍ဖြစ်သည်။)

"ဂဠုန်ဦးစောအား ရှေးဦးစွာ သုတ်သင်ရှင်းလင်းရန်အတွက် သူနှင့် ကိုမြလှိုင်တို့ သည် စပတ်လမ်းတနေရာမှ ဂဠုန်စောအား သူ၏ 'သူရိယ' သတင်းစာတိုက်ရုံးပေါ်မှ ဆင်းလာပြီး ကားပေါ်တက်ချိန်အထိစောင့်၍ သူ့ကားနှင့် မလှမ်းမကမ်းမှ ကပ်လိုက်သွား ကြသည်။ ဂဠုန်ဦးစော အမြဲသွားလေ့ရှိသော အိမ်ပြန်လမ်းများအတိုင်း လိုက်သွားရာမှ အခါအခွင့်ကောင်းမည့် ရန်ကုန်ထောင်ကြီးနှင့် ပြည်လမ်းထိပ်တနေရာတွင် ရန်ကုန်ဘဆွေ သည် ထိုအခွင့်ကောင်းကို လက်မလွှတ်ဘဲ သူက ကိုမြလှိုင်၏ကားကို အရှိန်လျှော့စေ၍ သူ၏လက်တွင်းမှ သေနတ်ဖြင့် ကားဒရိုင်ဘာနှင့်ယှဉ်ထိုင်ပြီး လိုက်ပါလာသော ဂဠုန်စော ၏ နောက်စေ့တည့်တည့်ကိုချိန်ကာ ပထမအချက်ပစ်ထည့်လိုက်သည်။ သို့သော် လွန်စွာ အကင်းပါး၍ အမြဲမပြတ် သတိကပ်နေသော ဂဠုန်စောသည် သူ့ရှေ့ကားမှန်ထဲမှ 'ပြည် သူ့ရဲဘော်' စစ်ဝတ်စုံဝတ်ထားသည့် လူနှစ်ယောက်အနက် ခေါင်းတုံးဆံတောက်နှင့်သူက သူ့အားသေနတ်ဖြင့် ချိန်လိုက်သည်ကို လှမ်းမြင်ရသောအချိန်၌ပင် သေနတ်သံတချက်နှင့် အတူ သူ့နဖူးပူခနဲဖြစ်သွားသည်။ ထိုအချိန်၌ပင် သူသည် ကားဖင်ထိုင်ခုံဘေး ဒရိုင်ဘာ ရှိရာဘက်သို့ သူ့ကိုယ်ကိုလှဲအချ နောက်ထပ်သေနတ်သံ (၂) ချက် ထပ်ထွက်လာသည်။ ဒရိုက်ဘာကလည်း ကားကိုဘရိတ်အုပ်၍ ကားထဲငုံ့နေလိုက်သည်။ ကားမှန်ကွဲစများမှာ သူတို့နှစ်ဦးလုံးကို လွင့်စင်ထိမှန်ကြသည်။

'ကိုရဲခေါင်ရယ်၊ လူတွေရဲ့ကံဆိုတာ မှန်ပဲမှန်သလားတော့ မပြောတတ်ပါဘူး။ ခင်ဗျားလဲ ကျွန်တော့်လက်ကို အသိသားပဲ၊ ကျွန်တော်ပစ်လိုက်တာကတော့ သူ့နောက် စေ့တည့်တည့်ကို ပစ်ထည့်လိုက်တာပါပဲဗျာ။ ဒါပေမယ့် သူက ကားမှန်ထဲမှာ ကျွန်တော့် ကိုမြင်လို့ လှည့်အကြည့်လိုက်မှာ ကျွန်တော်ပစ်လိုက်တဲ့ကျည်ဟာ သူ့နောက်စေ့ကိုမမှန်ဘဲ သူ့နဖူးကို ရှပ်မှန်သွားတာပဲ' ဟု ကြိတ်မနိုင်ခဲမရ ပြောပြပါသည်။

ဤကား လွန်ခဲ့သော ၁၉၇၂ ခုနှစ်ခန့်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်၊ စာရေး ဆရာ ရန်ကုန်ဘဆွေနှင့် မြောင်းမြဘဆွေတို့သည် ယိုးဒယားနိုင်ငံ ကလန်ဒန်မြို့ သြဇာ ခြံကြီးအတွင်း လျှို့ဝှက်ဖွင့်လှစ်ထားသည့် အသံလွှင့်ဌာနသို့ ဥက္ကဋ္ဌကြီး ဦးနုနှင့်တွေ့ဆုံရန်







အလာ၊ အသံလွှင့်ဌာန၌ (၃) ရက်မျှ နေထိုင်သွားကြစဉ်အတွင်း၊ ကျွန်တော့်အား ရန်ကုန် ဘဆွေက စကားစပ်မိ၍ ပြောပြခဲ့ဖူးသော ဖြစ်ကြောင်းကုန်စဉ်၊ ယုံချင်ယုံ မယုံချင်နေ၊ အတွင်းရေးသတင်းကလေးတကွက်ဖြစ်သတည်း။"

ဦးမြလှိုင်နှင့် ရန်ကုန်ဘဆွေတို့ ပြောပြသည့်ဇာတ်ကြောင်းနှစ်မျိုးကို နှိုင်းယှဉ် စူးစမ်းစစ်ဆေးကြည့်ရာတွင် ဗိုလ်မှူးချုပ်အောင်ကြီး၏ သြဇာအရှိန်အဝါကို ခံရပုံရသည့် ဦးမြလှိုင်သည် သူတို့၏ရည်မှန်းချက်တာဝန်မှာ ဦးစောအား မသေအောင်ပွတ်ရှပ်ပစ်ရ မည်ဟု ယုံကြည်ခဲ့ပါသည်။ ရန်ကုန်ဘဆွေမှာတော့ စင်စစ်အားဖြင့် ဗိုလ်နေဝင်း၏ ယုံ ကြည်အားထားခြင်းတည်းဟူသော အကာအကွယ်ကိုရခဲ့ပြီး သူ့သေနတ်ကိုပါ အပ်နှင်းခံ ရသူဖြစ်၍ သူ့အား ဗိုလ်နေဝင်းက နှစ်ဦးချင်းတွေ့ဆုံ၍ အမိန့်ပေးလိုက်သည်မှာ ဦးစောအား သေအောင် ပစ်သတ်ရန်ပင်ဖြစ်သည်။ ထိုအကြောင်းကို ကိုမြလှိုင်ပင်လျှင် သိမည်မဟုတ် ချေ။ ယင်းသို့လျှင် ထိုကိစ္စနှင့်ပတ်သက်၍ သေအောင်ပစ်သည်၊ ချော်ပစ်သည်ဟူသော အနုမာန အယူအဆ အဆိုကြမ်း (၂) မျိုး ပေါ်ထွက်သွားစေကာမူ ထိုသူနှစ်ဦးသည် မိုက်မဲသောပြစ်မှုကြီးတွင် ကာယကံမြောက် အကူအညီပေးခဲ့ရသူများဖြစ်ကြပြီး ဗိုလ်နေဝင်းနှင့် ဗိုလ်အောင်ကြီးတို့သည် သွေးထိုးပေးခဲ့ကြသူ အထက်ဆရာကြီးများဖြစ်ခဲ့ ကြသည်မှာ ထင်ရှားပါ၏။ သူတို့၏အကြံအရ သူတို့၏သားကောင် ဂဠုန်စောမှာကား မသေမီ မျက်စိတလုံး ဆုံးရှုံးရရုံသာမက အသက်ပင် ဆုံးရှုံးရသည့်အခြေအနေသို့ ရောက် ခဲ့ရသည်။ ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍ ယခုအချိန်တွင် ဥပဒေအထက်မှ နေနိုင် သေးသောသူများက ယင်းကိစ္စသည် သူတို့နှင့် လုံးဝမပတ်သက်ကြောင်း မီးသေအောင် မဖြေရှင်းနိုင်သမျှကာလပတ်လုံး ဤမှတ်တမ်းများသည် နောင်သောအခါ ပြည်သူ့မျက်မြင် ရုပ်ရှင်အဖြစ်သို့ ရောက်လာဦးမည်မှာ အလွန်သေချာပါကြောင်း။

ထိုသို့ဆိုလျှင် ဦးအောင်ဆန်းကို မည်သူ အမှန်တကယ်သတ်သနည်း။ ဤမေးခွန်း မှာ အလွန်ကြီးကျယ်သော မေးခွန်းဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ကြံစည်မှုကြီး တခု၏ ဖြစ်နိုင်ခြေရှိသော ကြိုးကိုင်စီမံခဲ့သူ ဉာဏ်ကြီးရှင်တဦးတယောက်၏ သေခါနီး ဖြောင့်ချက်ကလွဲ၍ မည်သည့်အရာက အမှန်တရားကို အကျိုးတရား ထိထိမိမိ ဖော်ထုတ် နိုင်ပါလိမ့်မည်နည်း။ ထို့ကြောင့်လည်း အခြား မည်သူတဦးတယောက်မျှမဟုတ်ဘဲ ဦး စောသာ အပြစ်ရှိကြောင်း ရုံးတော်၏ နိဂုံးကမ္ပတ် အဆုံးသတ်ကောက်ချက်၏ နောက် ပိုင်း၌ ဖြစ်နိုင်ခြေရှိသော ဦးစောအပြင် အခြား ပူးပေါင်းကြံစည်သူများနှင့် ပတ်သက်၍ ခိုင်ခိုင်လုံလုံ ရှာဖွေတွေ့ရှိမှု မရှိခဲ့ချေ။

ဦးမြလှိုင်၏ ဖွင့်ဟဝန်ခံချက်သည် ပဟေဠိဆန်ဆန် စိတ်ဝင်စားဖွယ်ရာ ကောင်း သည့်အပြင် အမှန်တရားအချို့သည်လည်း ပါပေလိမ့်မည်။ လွတ်လပ်သော သက်သေများ မရှိဘဲလျက် အလွတ်သဘောစကားဝိုင်းတခုတွင် လေကြောသင့်သလို ထုတ်ဖော်ပြောဆို

သွားသည့်အကြောင်းအရာ အချက်အလက်တစုံတခုပေါ်တွင် အခြေပြုလျက် သမိုင်းကို ပြန်လည်ပြင်ဆင်၍ ရနိုင်ပါသလော။ အမေရိကန် သမ္မတ ဂျွန်အက်ဖ်ကနေဒီ လုပ်ကြံခံရမှု ၁၅ နှင့် ကမ္ဘာ့သမိုင်းတွင် ယနေ့တိုင် မဖြေရှင်းနိုင်သေးသော အခြားလျှို့ဝှက်ဆန်းကြယ်မှုများကဲ့သို့ပင် အမှန်တရားတခုလုံးကို မည်သည့်အခါမျှ သိနိုင်မည်မဟုတ်တော့ချေ။ သို့ရာတွင် သိထားပြီး အထောက်အထားများနှင့် မိမိတို့ လုံးဝမသိကြရသေးဘဲ လွတ်နေသည့် အချက်အလက်အမြောက်အမြားကို အခြေခံပြီးလျှင် ဦးစောတယောက်ထဲမဟုတ်ဟု ယူဆလျှင်လည်း ရနိုင်ပေသေးသည်။

မည်ကဲ့သို့ပင်ဖြစ်စေ အလွန်လွန်ကျယ်ပြန့်သော သမိုင်းကြောင်း အနေအထားအရ ပိုမိုအရေးကြီးသည်မှာ ဦးစော၏ သေနတ်သမားများက ရန်ကုန်မြို့လယ်ရှိ အတွင်းဝန်များရုံးအထဲသို့ အတင်းဝင်ရောက်ပြီး သွေးအေးအေးနှင့် မြန်မာနိုင်ငံ၏ အလေးစားရဆုံး နိုင်ငံရေးခေါင်းဆောင်ကြီးများအား ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံခဲ့ခြင်းသည် မျိုးဆက် (၂) ဆက်ခန့် (၄၉) နှစ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယနေ့အထိ ရှင်သန်နေဆဲဖြစ်သော အကြမ်းဖက်မှုနှင့် မယုံသင်္ကာဖြစ်မှု အမွေကို ချန်ထားရစ်ခဲ့ခြင်း ဖြစ်ပေတော့သည်တကား။

❑ ❑ ❑ ❑ ❑








၁၉၉၄ ခုနှစ်၊ ဇန်နဝါရီလ။ ကင်ဘာရာမြို့တော်တွင် လွတ်လပ်ရေးနေ့ (၄၆) ကြိမ်မြောက် အခမ်းအနား နဝတ သံရုံးရှေ့တွင် ယှဉ်ပြိုင်ဆင်နွှဲကြစဉ်။
ဝဲမှယာ စောလွင်ဦး၊ ဒေါက်တာအေးကျော်၊ ပီ–တောရို၊ မာလ်ကွန်ဘွတ်ကား၊ ဦးခင်အောင်၊ ဒေါက်တာတင့်ဝေနှင့် ဒေါ်အမာချို။



၁၉၉၂ ခုနှစ်၊ မတ်လ။
ပြည်ထောင်စုမြန်မာပြည်
ညွန့်ပေါင်းအစိုးရဝန်ကြီးချုပ်
ဒေါက်တာစိန်ဝင်း
ဩစတြေးလျပြည်သို့
ခရီးလှည့်လာစဉ်
ဆစ်ဒနီမြို့လေဆိပ်၌
ဒေါက်တာတင့်ဝေ ကြိုဆိုပုံ။




၁၉၉၀ ခုနှစ်၊ နိုဝင်ဘာလ။
ကင်ဘာရာမြို့တော် နဝတ သံရုံးသို့
ဒု-ဗိုလ်မှူးကြီး ရဲထွဋ်
လျှို့ဝှက်စွာလာပြီး စစ်အစိုးရအား
ကရုဏာသက်သူ မြန်မာများနှင့်
တွေ့ဆုံရာတွင် ကန့်ကွက်နေသော
ဒီမိုကရေစီဘက်တော်သားများကို
လာရောက်ပူးပေါင်းအားပေးသည့်
ပါမောက္ခ ဂျိုးဇက်ဆီ(လ်)ပါးစတိုင်း
(Prof. Josef Silverstein,
Rutgers University, N.J,
USA အား
ဒေါက်တာအေးကျော်နှင့်အတူတွေ့ရပုံ။







၁၉၇၁ ခုနှစ်၊ သောင်းရင်းမြစ်တနေရာ။ ဗဟိုစိတ်ဓာတ်စစ်ဆင်ရေးဌာန ပြည်ချစ်လူငယ်တပ်ပေါင်းစု
အသံလွှင့်အဖွဲ့ဝင်များ။ ဝဲမှယာ မြဝတီရဲခေါင်၊ ကိုထွေးမြင့်၊ မခင်မျိုးအေး၊ ကိုတင်မောင်ဝင်းနှင့် ကိုသုဝေ။



၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ။ အမေရိကန် ဖလော်ရီဒါမြို့တွင် မြန်မာပြည်ဆွေးနွေးပွဲကျင်းပစဉ် ကြေးမုံဦးသောင်း
(FDB အတိုင်ပင်ခံအဖွဲ့ဝင်) နှင့် ဦးတင်မောင်ဝင်း (CRDB ဥက္ကဋ္ဌ) တို့ တက်ရောက်ကြစဉ်။ (ဦးတင်မောင်ဝင်း
မိန့်ခွန်းတွင် NCGUB ညွန့်ပေါင်းအစိုးရအား ထောက်ခံကူညီရန် တိုက်တွန်းပါသည်။)

# အခန်း (၆)
# အကြမ်းဖက်မှု အမွေ

မြန်မာအမျိုးသား အမှတ်တံဆိပ်မှ မာန်ဝင့်ထယ်လှသော ဥဒေါင်းကို အတုယူသည့် အလား သူသည် ခပ်မတ်မတ်လျှောက်လာသည်။ သူ့အနားရှိလူများကို လက်ဆွဲလျက် ခွဲခွာကာနီး နှုတ်ဆက်စကားဆိုသည်။ ဖြည်းညင်းစွာ၊ တည်ငြိမ်စွာ၊ အပြုံးတစွန်းတစဖြင့် ဦးစောသည် ကြိုးစင်ပေါ်သို့ တက်သွားလေသည်။ ထိုအချိန်သည် ၁၉၄၈ ခုနှစ်၊ မေလ (၈) ရက်နေ့၊ အရုဏ်တက်ချိန်ဖြစ်သည်။ မြန်မာပြည်လွတ်လပ်ရေးရပြီး၍ (၄) လနှင့် (၄) ရက်ရှိခဲ့ပြီ။ ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များ လုပ်ကြံခံရပြီး (၁၀) လကျော် ကြာမြင့်ခဲ့လေပြီ။ 'သတ်ရဲရင် သေရဲရမယ်'[၁] ဟူသော သူ့လက်သုံးစကားအတိုင်း သတ္တိကိုပြသည့် နောက်ဆုံးလက္ခဏာအဖြစ် ဦးစောသည် သူ့မြင်ကွင်းကို ဖုံးအုပ်မည့် ခေါင်းစွပ်ကို ပြတ်သားစွာ ငြင်းပယ်လိုက်သည်။

သူ့နောက်ဆုံးခရီးကို သက်သေခံရန် စုရုံးလျက်ရှိသူ လူအနည်းငယ်ကို သူသည် ခပ်ရဲရဲပင် တချက် အမြန်လှမ်းကြည့်လိုက်သည်။ ကြိုးပေးသူသည် သူ့လည်ပင်းကို ကြိုးကွင်းစွပ်လိုက်ပြီး ကြိုးကို ဆောင့်ဆွဲလိုက်သည်။ စက္ကန့်ပိုင်းအတွင်းတွင် လူကြမ်းမင်းသား အသက်ထွက်သွားလေသည်။[၂] မောင်စိုး၊ သက်နှင်းနှင့် မှုန်ကြီး[၃] တို့သည် အင်းစိန်ထောင်တွင်ပင် သူတို့ခေါင်းဆောင်နောက် ကြိုးစင်ပေါ်လိုက်သွားကြသည်။ မောင်စိန်နှင့် ရန်ကြီးအောင်တို့သည် ရန်ကုန်တွင် ကြိုးပေးခံခဲ့ရသည်။

တရားစီရင်ရေး ခုံရုံး၏တာဝန်ကား ပြီးစီးခဲ့ပြီ။ တရားဥပဒေသည် တဦးကောင်းစွန့်စားမှု ဝါဒအပေါ် အနိုင်ယူနိုင်ခဲ့ပြီ။ သို့သော်ငြားလည်း ယနေ့ထက်တိုင် တိုင်းပြည်အနေဖြင့် ခံစားနေရဆဲဖြစ်သော မြန်မာ့နိုင်ငံရေး၏ အကြမ်းဖက်မှုအမွေကို ဦးစောနှင့် သူ့လူများက ချန်ထားခဲ့လေသည်။

ဦးအောင်ဆန်း လုပ်ကြံခြင်း မခံရမီကပင် မြန်မာမျိုးချစ်များ၏ စစ်အတွင်း ခေါင်းဆောင်ဖြစ်သော ဒေါက်တာဘမော်က... "သေနတ်ကိုးကွယ်မှုဟာ အစွဲအလမ်းကြီးနေတဲ့ အရာကို ကိုးကွယ်သလို ဖြစ်လာတယ်။ ဂျပန်တွေဆီက မြန်မာတွေ နှစ်ချက်လေ့လာခဲ့ရတယ်။ လူစုလူဝေး အစည်းအရုံးကို အခြေခံတဲ့ ခေါင်းဆောင်မှု နည်းအတတ်ပညာနဲ့ လက်နက်တပ်ဆင်ထားသူများရဲ့ အာဏာနဲ့ တင့်တယ်မှုဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ရွေးချယ်တင်မြှောက်ပွဲတွေက ဆုံးဖြတ်မှာမဟုတ်ဘဲ သေနတ်က ဆုံးဖြတ်မှာဖြစ်တယ်။ မြန်မာ့နိုင်ငံရေးမှာ ခင်ဗျားတို့ လိုအပ်တာက နိုင်မယ့်ဘက်က စမိဖို့နဲ့ သေနတ်တွေ အမြောက်အမြား ရှိဖို့ပဲဖြစ်တယ်" ဟု မှတ်ချက်ချခဲ့ဖူးသည်။

ဒေါက်တာ ဘမော်၏ အကောင်းမမြင်သော ကြိုတင်နိမိတ်ဖတ်မှုသည်[၄] ဦးစောနှင့် တကယ်လက်တွေ့ဖြစ်လာခဲ့သည်။ နန်းစဉ်မကိုင်ဒ့်ကို အရယူနန်းတက်နိုင်ရေးအတွက် ပြိုင်ဘက်ဟူသမျှကို လုံးဝဥဿုံရှင်းလင်းပစ်သည့် သုတ်သင်ရေးကို မြန်မာအာဏာရှူးများ ယနေ့တိုင် ကျင့်သုံးလျက်ရှိသည်။ အမှန်အားဖြင့် ဤအချက်ကို စတင်သဘောပေါက်သူမှာ ဦးအောင်ဆန်းကိုယ်တိုင်ပင်ဖြစ်သည်။ ၁၉၄၆ ခုနှစ်ဦးပိုင်းတွင် သူသည် ထိုအချိန်က ဘုရင်ခံဖြစ်သော ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်နှင့် တွေ့ပြီး သူ၏ အထီးကျန်မှုနှင့် မိတ်ဆွေနည်းပါးမှုတို့နှင့် ပတ်သက်ပြီး နှစ်ကိုယ်ကြားပြောခဲ့သည်။ ထိုအချိန်က ဦးအောင်ဆန်းသည် မျက်ရည်ဝဲလျက်... "အမျိုးသားခေါင်းဆောင် ဆိုသူတွေဟာ ဘယ်လောက်ကြာကြာခံသလဲ၊ ဒီတိုင်းပြည်မှာတော့ သိပ်ကြာကြာမခံပါဘူး။ သူတို့မှာ ရန်သူသိပ်များလွန်းတယ်။ အသက်ရှင်နေဖို့ (၃) နှစ်ဆိုတာ အများဆုံးမျှော်လင့်ရမှာပဲ။ ကျနော့်အတွက်တော့ နောက်ထပ် (၁၈) လထက် ပိုနေရဖို့ တွက်မထားပါဘူး"[၅] ဟု ဆိုခဲ့သည်။

နောက်ထပ် (၁၈) လ ကြာပြီး သူအသက်မဆုံးရှုံးမီ (၆) ရက်အလိုတွင် ဦးအောင်ဆန်းသည် ရန်ကုန်မြို့၌ လူထုစည်းဝေးပွဲကြီးတခုကို မိန့်ခွန်းပြောခဲ့သည်။ ထိုနေ့သည် ဇူလိုင်လ (၁၃) ရက်နေ့ဖြစ်ပြီး လတ်တလောရွေးချယ်ခြင်းခံထားရသော တိုင်းပြည်ပြုလွှတ်တော်၏ တိုးတက်မှု အခြေအနေနှင့် ပတ်သက်ပြီး သူက ပြောဆိုခဲ့သည်။ ထိုစည်းဝေးပွဲကြီး တက်ရောက်သူများသည် သူ့မိန့်ခွန်းကို နှုတ်ဆက်မိန့်ခွန်းအလား ခံစားကြရသည်။ "ခင်ဗျားတို့ကို ကျနော် ကနေ့ပြောခဲ့ချင်တယ်" ဟူသော နိမိတ်ပြနောက်ဆုံးစကားဖြင့် ဦးအောင်ဆန်းက သူ့မိန့်ခွန်းကို အဆုံးသတ်ခဲ့လေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် ဝန်ကြီးအဖွဲ့ တဖွဲ့လုံးနီးပါးကို ရှင်းလင်းပစ်ခြင်းသည် သုတ်သင်ရေး အတွေးအခေါ်၏ ပထမဆုံးနှင့် အရိုင်းအစိုင်းဆုံး ရလဒ်ဖြစ်သည်။ ကံတူအကျိုးပေးဖြစ်မည့် နောက်တဖွဲ့မှာ တပ်မတော်ဖြစ်သည်။ သမိုင်း၏ အရေးပေါ် အခြေအနေများက သခင်တဖြစ်လဲ စစ်သားဖြစ်သူ ဦးနေဝင်းကို ဗြိတိသျှက လေ့ကျင့်သင်ကြားခဲ့သူများဖြစ်ကြပြီး၊ ပညာရည်မြင့်မားလှသော အရာရှိသုံးဦးဖြစ်သည့် ဗိုလ်မှူးချုပ် တင်ထွဋ်၊ ဗိုလ်ချုပ် ထွန်းလှအောင်နှင့် ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်းတို့နှင့်အတူ လုပ်ဖော်ကိုင်ဘက်အဖြစ် နေရာချထားပေးခဲ့သည်။

ဗိုလ်ချုပ်နေဝင်းအနေဖြင့် သူရောက်ရှိနေရသော အခြေအနေတွင် အတော် မအီ

မလည်ခံစားရပေလိမ့်မည်။ သူ့ပြိုင်ဘက်များမှာ မကြာမီပင် အသတ်ခံရသူခံရ၊ ရာထူးမှ ဖယ်ရှားခံရသူခံရ ဖြစ်ကုန်ကြလေသည်။

ကျွန်တော်၏ ဖခင်ဖြစ်သူ ဗိုလ်ချုပ်ထွန်းလှအောင်နှင့် ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်းတို့သာ အကြောင်းပြချက် အခိုင်အလုံမရှိဘဲ ရာထူးမှ ထုတ်ပယ်ခြင်းခံရသည်မဟုတ်ချေ။ ကရင်တိုင်းရင်းသားများနှင့် အခြားနယ်စပ်ဒေသရှိ လူထုကို စိတ်ကျေနပ်စေရန်အတွက် ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်းကို ကာကွယ်ရေးဦးစီးချုပ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ရန် များပါသည်။ ထိုရည်ရွယ်ချက်အတွက်ပင် အခြားကရင်လူမျိုးနှစ်ဦးဖြစ်သည့် ဆင်းဒ်ဟတ်စ်စစ်ကျောင်းဆင်း ဗိုလ်မှူးချုပ် စောကြာဒိုးကို စစ်ဆင်ရေး ဦးစီးချုပ်အဖြစ်လည်းကောင်း၊ ဗိုလ်မှူးကြီး ရှီရှိုးကို လေတပ်ဦးစီးချုပ်အဖြစ်လည်းကောင်း တပ်မတော်ထိပ်တန်း ရာထူးများအတွက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဒု–ဗိုလ်ချုပ်ကြီး စမစ်ဒွန်းနှင့်အတူ သူတို့နှစ်ဦးသည်လည်း ရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) က လက်နက်ကိုင်တော်လှန်ချိန်တွင် တပ်မတော်ထဲမှ ယင်းထိပ်တန်း ကရင် (၃) ဦးမှာ အစိုးရကို ဆက်လက်သစ္စာစောင့်သိဆဲဖြစ်သည်မှာ ယုံမှားသံသယဖြစ်စရာ မရှိပါချေ။ သို့ဖြစ်၍ သူတို့ထုတ်ပယ်ခံရခြင်းသည် လူမျိုးရေးသက်သက်အပေါ်တွင် အခြေခံ၍သော်လည်းကောင်း သို့မဟုတ် သူတို့ကို ရှင်းလင်းပစ်နိုင်ရေးအတွက် ချက်ကောင်းရရှိသွားသူ ပြိုင်ဘက်တဦးကြောင့်သော်လည်းကောင်း ဖြစ်နိုင်ပေသည်။

အားကောင်းသော ပြိုင်ဘက်တိုင်းကို ဖယ်ရှားပစ်ရန် ဦးနေဝင်း စွဲစွဲမြဲမြဲဖြစ်ရခြင်း၏ အစိတ်အပိုင်းတရပ်သည် သူ၏ အားငယ်စိတ်မှ အများဆုံး အခြေခံခြင်း ဖြစ်နိုင်ချေရှိပေသည်။ ဦးနေဝင်း၏ ငယ်နာမည်မှာ ရှုမောင်ဖြစ်သည်။ ကိုရှုမောင်သည် ဂျပ်ဆင်ကောလိပ်မှ ၁၉၃၁ ခုနှစ်တွင် ကျောင်းထွက်ခဲ့ရပြီး ယခင်ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ်ချင်းလမ်း) ရှိ ရန်ကုန်မြို့၊ ဆင်ခြေဖုံးရပ်ကွက် စာတိုက်ခွဲတခုတွင် အငယ်တန်းစာရေးလေးဖြစ်ခဲ့သည်။ သူ၏ အထုပ္ပတ္တိကို ရေးသားသူ ဒေါက်တာ မောင်မောင်က 'မြန်မာပြည်နှင့် ဗိုလ်ချုပ်ကြီးနေဝင်း' (Burma and General Ne Win) စာအုပ်တွင် 'ထိုစာရေးအလုပ်သည် သခင်လူငယ်ကလေးအား စာများ၊ ကြေးနန်းများကို တိတ်တဆိတ်စစ်ဆေးဖတ်ရှုပြီး ပုလိပ်အဖွဲ့၏ လှုပ်ရှားမှုကို သူ့ရဲဘော်ရဲဘက်များအား ကြိုတင်အသိပေးနိုင်ခဲ့သည်။ သူသည် ထောက်လှမ်းရေးအလုပ်တွင် ထက်သန်သည်။ ထိုအလုပ်သည် သတင်းရယူရေး စခန်းကောင်းတခုဖြစ်ခဲ့သည်' ဟု ရေးသားခဲ့သည်။

ထိုအချိန်က သူ၏ ရဲဘော်ရဲဘက်ဟောင်းဖြစ်ခဲ့သူ တဦးတယောက်ကမျှ ဦးနေဝင်းထံမှ တစုံတရာ သတိပေးခံခဲ့ရခြင်းကို ပြန်လည်မှတ်မိခြင်း မရှိကြချေ။ ဦးနေဝင်း မြင်းပြိုင်ကွင်း မကြာခဏသွားခဲ့ခြင်းသည်လည်း သူ၏ နိုင်ငံရေးလှုပ်ရှားမှုကို အကာ





အကွယ် ယူထားမှုတရပ်ဖြစ်ကြောင်း... 'မြင်းပြိုင်ကွင်းသည် လူအများစုဝေးရာ နေရာဖြစ်သည်။ သူသည် မြင်းတစ်ပေးမှုများကိုသာ နားထောင်သည်မဟုတ်၊ အစိုးရဌာန အသီးသီးတွင် လုပ်ကိုင်နေကြသော သူ့အသိမိတ်ဆွေများထံ လှည့်ပတ်သွားလာပြီး နောက်ဆုံးသတင်းများကို မေးမြန်းစုံစမ်းခဲ့သည်' ဟု ဒေါက်တာမောင်မောင်က ဦးနေဝင်း၏ လူငယ်ဘဝကို စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ဆက်လက်ပုံဖော်ထားသည်။

ဦးနေဝင်းအား ထောက်ခံအကာအကွယ်ပေးသူများထဲတွင် တဦးဖြစ်နေခြင်းအတွက် သူမကြာခဏ ထုတ်ပယ်ပစ်ရာတွင် ဒေါက်တာမောင်မောင် ပါရှိမသွားဘဲ ရှင်သန်လွတ်မြောက်နေခြင်းဖြစ်ပေလိမ့်မည်။ ဤသည်ကို ကြိုတင်ခန့်မှန်း၍ ရနိုင်သည်ဟုဆိုနိုင်ပါသည်။ ဒေါက်တာမောင်မောင်သည် ပျော့ညံ့သူတဦးဖြစ်သည်။ သူသည် ဦးနေဝင်းအပေါ် မည်သည့်ခြိမ်းခြောက်မှုမျှ မဖြစ်စေခဲ့။ ၎င်းအပြင် ကပ်ဖားသတ္တဝါဖြစ်ရန်အတွက် သူ၏ ယခင် ပညာတတ်အရည်အချင်းများကို စွန့်လွှတ်ပစ်ရန်လည်း သူက ဝန်မလေးချေ။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လအတွင်း ထိုအချိန်က မြန်မာနိုင်ငံတွင် ဥပဒေအရ ရပ်တည်နိုင်သော တခုတည်းသော နိုင်ငံရေးပါတီကြီးဖြစ်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (မဆလ) ၏ ဥက္ကဋ္ဌနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတအဖြစ်ပင် မည်မည်ရရမဟုတ်သော ဒေါက်တာမောင်မောင်ကိုပင် တင်မြှောက်စေခဲ့ပေသည်။

သို့ရာတွင် ပိုမိုအစွမ်းအစရှိသော အခြားပုဂ္ဂိုလ်များမှာမူ သုတ်သင်ရေးလမ်းစဉ်၏ သားကောင်များ ဖြစ်ခဲ့ကြရသည်။ ဦးအောင်ဆန်း၏ ကျောင်းသားဘဝက အရင်းနှီးဆုံးရောင်းရင်းတဦး ဖြစ်ခဲ့သူဖြစ်ပြီး ဒု–ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးတာဝန်များကို လွှတ်လပ်ရေးပြီးနောက် ထမ်းဆောင်ခဲ့သူ ဗိုလ်လက်ျာသည် သူ့အနေဖြင့် အစိုးရရာထူးအားလုံးမှနုတ်ထွက်ပြီး စီးပွားရေးလောကအတွင်းသို့ ဝင်ရောက်ရန် အကောင်းဆုံးဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။[၆]

ဦးအောင်ဆန်း၏ အခြား အရင်းနှီးဆုံးရောင်းရင်းတဦးမှာ ဗိုလ်ကျော်ဇောဖြစ်သည်။ သူသည် ၁၉၅၀ ခုနှစ်များ အလယ်အထိ တပ်မတော်ထဲတွင် ဆက်လက်ရှိနေခဲ့သည်။ တရုတ်ပြည်ကြီးတွင် ကွန်မြူနစ်တို့အောင်ပွဲခံပြီး တဆက်တည်း ယူနန်ပြည်နယ်မှ မြန်မာပြည်ထဲထွက်ပြေးပြီး ကျူးကျော်လာသူ ကူမင်တန်တပ်များအား ဆန့်ကျင်တွန်းလှန်သော တိုက်ပွဲအများအပြားကို သူသည် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၅၀ ခုနှစ်များ စောစောပိုင်းတွင် ဗိုလ်ကျော်ဇောသည် အလွန်ကျော်ကြားသော တပ်ရင်းမှူးတဦးဖြစ်ခဲ့သည်။ ဦးနေဝင်းကိုယ်တိုင်ကလွဲ၍ ဗမာ့တပ်မတော်ထဲတွင် ဆက်လက်တာဝန်ထမ်းဆောင်နေသူ ရဲဘော်သုံးကျိပ်ဝင်ထဲမှ သူတဦးသာ ကျန်တော့သည်။ အလွန်အမင်း ရိုသေလေးစားခြင်းခံရသော ရဲဘော်သုံးကျိပ်သည် ခေတ်သစ်မြန်မာ့သမိုင်းတွင် ဒဏ္ဍာရီဆန်ဆန် အနေအထားနီးပါးမျိုးသို့ပင် ရောက်ရှိသွားခဲ့သည်။ သူတို့သည်

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်များနှင့် နိုင်ငံ့လက်နက်ကိုင်တပ်များကို စတင်ထူထောင်ခဲ့သူများ မဟုတ်ပါလား။ ထို့ကြောင့် ဘီအိုင်အေ (BIA)၊ ဘီဒီအေ (BDA) နှင့် ဘီအင်န်အေ (BNA) တို့၏ အငယ်တန်းအရာရှိများကို ဦးနေဝင်းအနေဖြင့် စိုးရိမ်ပူပန်စရာ မရှိချေ။ ဗိုလ်ကျော်ဇောသာလျှင် တပ်မတော်တွင် အာဏာအတွက် တဦးတည်းသော သူ၏ ယှဉ်ပြိုင်ဘက်ဖြစ်သည်။

ဘာတီးလ်လင့်တနာ (Bertil Lintner) က 'ဒေါမာန်ဟုန်' (Outrage) တွင် 'အထက်မြန်မာပြည်ရှိ ကွန်မြူနစ်ပါတီ ဗမာပြည်ကို ၁၉၅၆ ခုနှစ်တွင် အောင်မာဃအမည်ဝှက်ဖြင့် အပြုတ်တိုက်စစ်ဆင်ရေးပြုလုပ်ရာတွင် သိမ်းပိုက်မိသော ကွန်မြူနစ်စခန်းတခုမှ လျှို့ဝှက်စာအချို့ကို ရရှိခဲ့သည်။ သက်သေခံအထောက်အထား (သို့မဟုတ်) တိုက်ရိုက်ဆက်သွယ်မှုတစုံတရာကို ပြသခြင်းမရှိဘဲလျက် ဗိုလ်ကျော်ဇောသည် သတင်းပေါက်ကြားမှုဖြင့် အစွပ်စွဲခံရသည်။ ပြည်သူလူထုသည် တုန်လှုပ်ချောက်ချားသွားပြီး မည်သည်ကိုယုံရမည်မသိ ဖြစ်သွားခဲ့သည်။ သို့ရာတွင် ဗိုလ်ကျော်ဇောကို တပ်မတော်မှ ထုတ်ပယ်ခဲ့ပြီး ခေတ္တယာယီထိန်းသိမ်းထားခဲ့သည်။ သူ့စွဲချက်ခိုင်မာစေမည့် အထောက်အထားတိတိကျကျ မပေါ်ပေါက်လာသည့်အတွက် ၁၉၅၇ ခုနှစ်တွင် ဗိုလ်ကျော်ဇောကို ပြန်လည်လွှတ်ပေးခဲ့သည်။ သို့ဖြင့် သူ့ဘဝတိုးတက်မှုလမ်းကြောင်းမှာ ပျက်စီးသွားခဲ့ပြီး သူသည် ရန်ကုန်မြို့၊ စမ်းချောင်းရပ်တွင် တပ်မတော်မှ ပေးသော သင့်တင့်ရုံမျှသာရှိသော ပင်စင်လစာလေးဖြင့် အခြေချနေထိုင်ခဲ့သည်'[၇] ဟု ရေးသားခဲ့သည်။

သောင်းကျန်းမှုကြောင့် တစိတ်တပိုင်းအနေဖြင့် စစ်တပ်သည် အင်အားရရှိလာခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းသည် တပ်မတော်တွင် သူ့ဆုပ်ကိုင်မှုမြဲမြံစေရန် အလုပ်များနေခဲ့သည်။ ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလတွင် အံ့ဩစရာခြေလှမ်းအဖြစ် သူ့ကို ဝန်ကြီးချုပ်တာဝန်ယူရန် ပြည်သူ့လွှတ်တော်က အဆိုပြုလိုက်သည်။ ဦးနုခေါင်းဆောင်သော သန့်ရှင်းဖဆပလနှင့် ဦးဗဆွေ၊ ဦးကျော်ငြိမ်း ဆိုရှယ်လစ်ခေါင်းဆောင်နှစ်ယောက် ဦးဆောင်သော တည်မြဲဖဆပလဟူ၍ ဦးဆောင် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်ကြီးသည် နှစ်ခြမ်းကွဲသွားခဲ့ပြီး အကျိုးဆက်အဖြစ် နိုင်ငံရေးအကျပ်အတည်းကြီး ပေါ်ပေါက်ခဲ့သည်။ ရွေးကောက်ပွဲသစ် ပြီးစီးသည်အထိ အိမ်စောင့်အစိုးရကို ဦးဆောင်ရန် ဗိုလ်ချုပ်ကြီးနေဝင်းကို လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းခဲ့လေသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရ စွမ်းဆောင်မှုများသည် အမှန်တကယ်အားဖြင့် ချီးမွမ်းဖွယ်ဖြစ်သည်။ ရန်ကုန်မြို့တော်သည် သန့်ရှင်းသွားသည်။ ဥပဒေနှင့် တည်ငြိမ်မှုကို ပြန်လည်အစားထိုးနိုင်ခဲ့သည်။ နှစ်ဦးနှစ်ဘက်မျှတသော အခြေခံများဖြင့် သောင်းကျန်းသူအမြောက်အမြား လက်နက်ချခဲ့သည်။ ဤအောင်မြင်မှုသည် အုပ်ချုပ်မှုယန္တရားအတွင်းရှိ အရည်အချင်းပြည့်မီပြီး သွက်လက်ထက်မြက်သော အရပ်သားဝန်







ထမ်းများ၊ အဆင့်မြင့် စစ်တပ်အရာရှိကြီးအချို့နှင့် ဒုတိယကမ္ဘာစစ်မှ စစ်ပြန်ကြီးများအများစုကြောင့်ဖြစ်သည်။ အစိုးရမူဝါဒသည် အရင်းရှင်ဝါဒဖြစ်ပြီး လက်တွေ့ကျသည့်အတွက် မူဝါဒသည် အလုပ်ဖြစ်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် ကတိပြုထားသော ရွေးကောက်ပွဲများကို ကျင်းပခဲ့ပြီး ဗိုလ်ချုပ်ကြီးနေဝင်းသည် ဦးဗဆွေနှင့် ဦးကျော်ငြိမ်းခေါင်းဆောင်သော အုပ်စုဘက် အလေးပေးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အကျပ်အတည်းဖြစ်ခဲ့လင့်ကစား ဦးနုသည် လူထုထောက်ခံမှုကို ဆက်လက်ရရှိခဲ့ပြီး အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ မဲဆန္ဒရှင်များအနေဖြင့် နိုင်ငံရေးတွင် စစ်တပ်ဝင်စွက်မှုကို မနှစ်မြို့ကြောင်း ဦးဗဆွေ၊ ဦးကျော်ငြိမ်း အုပ်စုကို ငြင်းပယ်လိုက်ခြင်းဖြင့် ပြသလိုက်ကြသည်။

သို့သော်လည်း ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် တိုင်းပြည်သည် ကံဆိုးမိုးမှောင်ကျခဲ့လေသည်။ လူကြိုက်များစွာဖြင့် ရွေးချယ်ခံထားရသော ဝန်ကြီးချုပ်၊ ဝန်ကြီးအားလုံး၊ ပြည်ထောင်စုကြီး၏ တိုင်းရင်းသား လူနည်းစုများ၏ ပြည်နယ်ခေါင်းဆောင်များနှင့် ဆန့်ကျင်ဘက် ပြုလာနိုင်သူမှန်သမျှ အဖမ်းခံခဲ့ရလေသည်။ ၁၉၄၇ ခုနှစ်၊ ဒီမိုကရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီးကို ဖျက်သိမ်းလိုက်သည်။ မြန်မာနိုင်ငံ၏ ဖက်ဒရယ်တည်ဆောက်ပုံသည် စစ်တပ်စိုးမိုးသော ဗဟိုအခြေပြုနိုင်ငံတော်ယန္တရားကို လမ်းဖယ်ပေးခဲ့ရလေသည်။ အာဏာသိမ်းရခြင်းအား အလွန်အမင်း ယိုယွင်းပျက်စီးလာသော ပြည်ထောင်စုကြီး၏ အခြေအနေများကြောင့်ဟူ၍ အကြောင်းပြခဲ့သည်။ ရန်ကုန်၏ ထိုကာလကို မှတ်မိသူ ကျွန်တော်အပါအဝင် ပြည်သူပြည်သားများအနေဖြင့် ထိုသို့သော ယိုယွင်းပျက်စီးနေသည့် မည်သည့်အရိပ်လက္ခဏာကိုမျှ ထိုအချိန်က မတွေ့မိခဲ့ပါချေ။ သောင်းကျန်းမှုကို ကောင်းစွာထိန်းထားနိုင်သည်။ စီးပွားရေးမှာ ကောင်းမွန်လျက်ရှိသည်။ ၁၉၆၀ ခုနှစ်၊ ရွေးကောက်ပွဲပြီးနောက် နိုင်ငံရေးရာသီဥတုသည် သိသိသာသာပင် တည်ငြိမ်လျက်ရှိသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်အာဏာသိမ်းမှုသည် သွေးမြေကျမှုမရှိဟု မကြာခဏရေးသားခဲ့သော်လည်း အမှန်စင်စစ်တွင် ထိုသို့မဟုတ်ချေ၊ ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော စပ်ရွှေသိုက်၏ (၁၇) နှစ်အရွယ် သားငယ်ဖြစ်သူ စိုင်းမြီးသည် အာဏာသိမ်းမှု၏ ပထမဆုံး သားကောင်ဖြစ်ခဲ့သည်။ စပ်ရွှေသိုက်သည် ရှမ်းလူမျိုးတို့၏ အဓိကခေါင်းဆောင်တဦးဖြစ်ပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်အရ မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းထားနိုင်မည်ဟု အခိုင်အမာ ယုံကြည်ထောက်ခံသူတဦးဖြစ်သည်။ ထိုအချိန်က ကျွန်တော် နေထိုင်သောအိမ်သည် ကုက္ကိုင်းနှင့် ဟာမစ်တစ်လမ်းဆုံတွင်ရှိသည့် စပ်ရွှေသိုက်၏ ရန်ကုန်အိမ်နှင့် ကိုက်အနည်းငယ်မျှသာ ကွာဝေးသည်။

စပ်ရွှေသိုက်ထံ ကျွန်တော် အကြိမ်များစွာ သွားလည်ဖူးပြီး အိမ်မကြီးနှင့်တွဲလျက်

ဆောက်ထားသော အခန်းတွင် နေထိုင်လျက်ရှိသော သူ၏ အကြီးဆုံးသမီးနှင့် ခင်ပွန်းသည်တို့ထံ မကြာခဏဆိုသကဲ့သို့ သွားလည်လေ့ရှိသည်။ စိုင်းမြီး၏ ညီအကိုများဖြစ်ကြသော စောဆိုင်းညောင်ရွှေ (ယူဂျင်းသိုက်) နှင့် စောဟန်ဖတို့သည် ယခုအခါ ကနေဒါနိုင်ငံ၌ နေထိုင်လျက်ရှိကြသည်။ အာဇာသိမ်းသည့်ညဉ့် ဖြစ်ပျက်ခဲ့သည့်များကို စောဟန်ဖက ကျွန်တော့်အား အောက်ပါအတိုင်း ပြန်ပြောင်းပြောပြခဲ့ပါသည်။

"အဲဒီနေ့ နံနက် (၁) နာရီနဲ့ (၂) နာရီကြားမှာ ရန်ကုန်ကုက္ကိုင်းလမ်း၊ အမှတ် (၇၄) မှာ ရှိတဲ့ (၉) ဧက ကျယ်တဲ့ ကျွန်တော်တို့အိမ်ကို စစ်တပ်က လာဝိုင်းပါတယ်။ ခြံထဲမှာ နေနေတဲ့ အိမ်စေတွေ၊ အလုပ်သမားတွေ၊ မှီခိုနေသူတွေ၊ အစောင့်တွေနဲ့ သူတို့မိသားစုတွေ အားလုံးကို ထိန်းသိမ်းထားလိုက်ပါတယ်။ ဒီနောက် စစ်သားတွေဟာ အိမ်ရှိရာကို ရှေ့တိုးလာကြပါတယ်။ ပေ (၁၀၀) လောက်တောင် မဝေးတော့တဲ့ နေရာလဲ ရောက်ရော၊ အော်တိုမက်တစ်သေနတ်တွေနဲ့ ဘက်ပေါင်းစုံကနေပြီး အိမ်ကို ပရမ်းပတာ ပစ်တော့တာပါပဲ။ (၄၅) မိနစ်လောက် ဆက်တိုက်ပစ်နေခဲ့ပါတယ်။ ဘာကြောင့် သူတို့ စပစ်ပြီး၊ ဘာကြောင့် သူတို့အပစ်ရပ်သွားရသလဲဆိုတာ ဘယ်သူမှ မသိကြပါဘူး။

သေနတ်သံကြားကြားချင်း ကျွန်တော်ရဲ့ အကိုတယောက်ဖြစ်တဲ့ ယူဂျင်း (Eugene– ၂၃ နှစ်) ဟာ သူ့အိပ်ရာပေါ်က လိမ့်ချလိုက်ပြီး သူ့အိပ်ခန်းထဲက တွားသွားပြီး ထွက်ခဲ့ပါတယ်။ အိမ်ရှေ့တံခါးမ အကျယ်ကြီး ပွင့်နေတာကို သူတွေ့လိုက်ရပါတယ်။ ယူဂျင်းရဲ့အိပ်ရာဟာ အိမ်အောက်ထပ်မှာ ပွင့်နေတဲ့ ပြတင်းပေါက်ရှေ့တည့်တည့်မှာ ရှိပါတယ်။ အိပ်ရာထဲက လိမ့်မချဘဲ ထများထိုင်ခဲ့ရင် အခုထိ သူ အသက်ရှင်လျက် ရှိမှာမဟုတ်ပါဘူး။ သူရဲ့ ခြင်ထောင်အဖြူလေးဟာ သေနတ်ကျည်ဆန်ရာတွေနဲ့ မွစာကြဲနေတော့တာပါပဲ" ဟု ပြန်ပြောင်းပြောပြခဲ့ပါတော့သည်။

"ကျွန်တော်ရဲ့ နောက်အကိုတယောက်ဖြစ်တဲ့ စိုင်းမြီး (၁၇) နှစ် ပျောက်နေတာလဲ သိရော၊ ကျွန်တော့်အဖေဟာ အောက်ထပ်ဆင်းသွားပါတယ်။ ပွင့်နေတဲ့ အိမ်ရှေ့တံခါးပေါက်နားမှာ ယူဂျင်းကို သူတွေ့တော့ သူတို့နှစ်ယောက် အိမ်ရှေ့တံခါးကို ပိတ်ပြီးသော့ခတ် ချက်ထိုးထားလိုက်ကြပါတယ်။

မနက်ကျတော့ အဲဒီအိမ်ရှေ့တံခါးဟာ ကျည်ဆန်ရာတွေနဲ့ ပြည့်နေတာပါပဲ။ ကျွန်တော့်အဖေနဲ့ ယူဂျင်းတို့ ဘယ်လို ကျည်ဆန်မမှန်ခဲ့သလဲ ဆိုတာကတော့ အတော်ဆန်းကြယ်ပါတယ်။

အဆောက်အအုံတခုလုံး ပျက်စီးနေတာကို မြင်ရသူတိုင်းက အဲဒီသေနတ်ပစ်ခတ်မှုကြောင့် ကျွန်တော်တို့ မိသားစုတခုလုံးသေနိုင်တယ်လို့ သဘောတူကြပါတယ်။ စစ်မဖြစ်ခင်က ကိုလိုနီခေတ်ပုံစံ အဆောက်အအုံအိမ်ဖြစ်နေတာက ကျွန်တော်တို့အသက်ကို ကယ်ခဲ့တာပါ။ မြေညီထပ်မှာရှိတဲ့ အုတ်နံရံတွေက (၁၈) လက်မလောက် ထူပါတယ်။ အပေါ်







ထပ်ကသာ သစ်သားနဲ့ဆောက်ထားတာပါ။ ပစ်ခဲ့တဲ့ သေနတ်ကျည်ဆန်အများစုဟာ နံရံအထူကြီးတွေကို မဖောက်နိုင်ခဲ့ပါဘူး။ စစ်သားတွေက မြေညီထပ်နံရံထူကြီးတွေနဲ့ အတော် နီးနီးကပ်ပစ်တာမို့ ပစ်တဲ့ထောင့် ကျဉ်းလွန်းပြီး သိပ်အန္တရာယ်မဖြစ်ခဲ့တာပါ။ သူတို့ အပစ်ရပ်တဲ့အခါကျမှ စစ်သားတွေက ကျွန်တော်တို့ ဝင်းထဲနေ့နေတဲ့ လူတယောက်ကို အိမ်ရှေ့တံခါးပေါက်ကို ခေါ်လာပြီး စစ်တပ်က အာဇာသိမ်းလိုက်တဲ့အကြောင်း ရှင်းပြပါတယ်။ သူတို့က အိမ်တံခါးဖွင့်ပေးဖို့ အမိန့်ပေးတော့ ကျွန်တော့်အဖေက ဖွင့်လဲပေးလိုက်ရော သူ့ကို ဖမ်းတော့တာပါပဲ။ ကျွန်တော့်အဖေနဲ့ ယူဂျင်းကို ခြံကိုဖြတ်ပြီး အိမ်ပတ်ပတ်လည် ခြံစည်းရိုးကာထားတဲ့ ပန်းရုံတွေ တနေရာမှာ သူတို့ဝင်ပေါက် လုပ်ထားတဲ့နေရာကို ခေါ်သွားပါတယ်။ အဲဒီမှာ ကျွန်တော့်အဖေကို ကားတစီးနဲ့ ခေါ်သွားတော့တာပါပဲ။ ယူဂျင်းကိုတော့ သူတို့ အစောင့်အကြပ်နဲ့ အိမ်ဘက်ပြန်ခေါ်လာခဲ့ပြီး ကျန်တဲ့သူတွေအားလုံး ထွက်လာခဲ့ဖို့ ပြောပါတယ်။

အိမ်ဘက်အပြန်လမ်းမှာ အရာရှိတယောက်က သူတို့သေနတ်နဲ့ပစ်တာ တယောက်ယောက်ထိသွားတယ်၊ အဲဒါ မင်းညီဖြစ်နိုင်တယ်လို့ ပြောပါတယ်။

စစ်သားတွေက ဒီနောက် အိမ်ကို စရှာတော့တာပါပဲ။ ကံဆိုးချင်တော့ သူတို့ပစ်လိုက်တဲ့ သေနတ်ကျည်ဆန်တခုက လျှပ်စစ်ဖျူ့စ်သေတ္တာကိုမှန်ထားတော့ တအိမ်လုံး မှောင်အတိကျနေပါတယ်။ သူတို့ကို ချောင်းမြောင်းတိုက်ခိုက်မှာကို စိုးရိမ်တော့ အခန်းတခန်း ဝင်တိုင်း၊ ဝင်တိုင်း ယူဂျင်းကို ရှေ့က အရင်ဆုံးဝင်စေပါတယ်။

မကြာခင်ကဘဲ ကျွန်တော့်အဖေ နိုင်ငံတော်သမ္မတအနေနဲ့ ချက်ကိုစလိုဗက်ကီးယား သွားလည်တုန်းက ချက်ကိုစလိုဗက်ကီးယား အစိုးရက လက်ဆောင်ပေးလိုက်တဲ့ အော်တိုမက်တစ် ပစ္စတိုသေနတ် (၂) လက်ကလွဲလို့ သူတို့ဘာမှ မတွေ့ပါဘူး။ အဲဒီသေနတ် (၂) လက်လုံးကို ကျွန်တော့်အဖေရဲ့ ဘီရိုထဲမှာ လုံလုံခြုံခြုံ သော့ခတ်သိမ်းထားတာဖြစ်ပါတယ်။

အဲဒီမနက်နောက်ပိုင်းမှာ သူတို့ ကျွန်တော်တို့ ခြံထဲက ပြန်ထွက်ခါနီးမှာ အရာရှိတယောက်က သူ့လူတွေကို သူတို့ပစ်ထားတဲ့ ကျည်ဆန်အခွံတွေ ပြန်ကောက်ခဲ့ဖို့ အမိန့်ပေးပါတယ်။ ဒါတောင်မှ စစ်သားတွေ တွေ့မသွားတဲ့ ကျည်ဆန် အခွံ (၁၀၀) လောက် အချို့သစ်ပင်တွေ ပန်းရုံတွေအောက်က ကျွန်တော်တို့ ရခဲ့ပါသေးတယ်။

စစ်သားတွေ ထွက်သွားပြီး မနက်လဲလင်းလာရော စိုင်းမြီးကို ကျွန်တော်တို့ လိုက်ရှာကြပါတယ်။ အိမ်ရှေ့ဆင်ဝင်ပေါက်ရဲ့ လက်ဝဲဘက် ပန်းခင်းထဲမှာ စိုင်းမြီးအလောင်းကို တွေ့ကြရပါတယ်။ သူ့ခေါင်းနဲ့ ခြေထောက်မှာ သေနတ်ကျည်ဆန်မှန်ထားပါတယ်။ အဆောင်အယောင်တခုအဖြစ် အသုံးပြုတဲ့ လှံတံတချောင်းကို သူ့ခန္ဓာကိုယ်ဘေးနားမှာ တွေ့ကြရပါတယ်။

မတ်လ (၁) ရက်နေ့ညမှာ စိုင်းမြီးက သူဗိုက်အောင့်နေတယ်လို့ ညည်းနေပါတယ်။ သူကောင်းကောင်း အိပ်မပျော်တော့ တိတ်ဆိတ်နေတဲ့ညမှာ အသံဗလံကြားတာနဲ့ သူ ထွက်ကြည့်တာလို့သာ ကျွန်တော်တို့ ထင်မိပါတော့တယ်။

စိတ်လှုပ်ရှားနေတဲ့ စစ်သားတွေက အကြောက်လွန်သွားပြီး သူ့ကိုလဲပစ်၊ နောက်ဆက်တိုက် ဆက်ပစ်တာလဲ ဖြစ်နိုင်တယ်။ ဒါမှမဟုတ် ကြိုတင်စီမံထားတဲ့ အစီအစဉ်အတိုင်း စစ်သားတွေက စပစ်တာမှာ သူ့ကို မှန်သွားတာလဲ ဖြစ်နိုင်ပါတယ်။ မနက်ခင်းမှာ ရဲတွေ စစ်ဆေးဖို့ ရောက်ရှိလာပါတယ်။ ရဲစခန်းမှာ ဝင်ရောက်နေရာယူထားကြတဲ့ စစ်သားတွေက အဲဒီလို စစ်ဆေးမှုမပြုလုပ်ဖို့ ရဲတွေကို တားမြစ်ခဲ့ပါသေးတယ်။ လူသတ်မှု အဖြစ် အမှုဖွင့်လိုက်ပါတယ်။

သတင်းစာဆရာများ ရောက်လာတော့ ဖြစ်ပျက်ခဲ့တာကို အပြည့်အစုံသတင်းပေးလိုက်ပါတယ်။ ဒါပေမယ့် သတင်းစာဆရာတွေ သူတို့ သတင်းစာတိုက်တွေ ပြန်ရောက်တော့ ဒီအဖြစ်အပျက်သတင်းအမှန်ကို သတင်းစာထဲ မထည့်ဖို့ သူတို့ပိတ်ပင်တားမြစ်ခံကြရပါတယ်။

အဲဒီသတင်းအစား တော်လှန်ရေးကောင်စီက စစ်သားများအနေနဲ့ သူတို့ တာဝန်ထမ်းဆောင်ရာမှာ ခုခံမှုနဲ့ ရင်ဆိုင်ခဲ့ရလို့ မိမိကိုယ်ကို ကာကွယ်တဲ့အနေနဲ့ အခြေအနေအရ ပြန်လည်ပစ်ခတ်ရာမှာ စပ်ရှေသိုက်၏သားငယ် မတော်တဆ သေဆုံးခဲ့ရတယ်လို့ သတင်းထုတ်ပြန်ကြေညာခဲ့ပါတယ်”

‘မြန်မာနိုင်ငံ၏ ရှမ်းလူမျိုး– ပြည်ပရောက် ရှမ်းတဦး၏ မှတ်တမ်းများ’ ဟူသော သူ၏ စာအုပ်တွင် မတရားမှု ကောက်ကျစ်ယုတ်မာမှုတို့ ကြီးစိုးနေခဲ့သည့် ထိုည၏ နာကြည်းဖွယ်အတွေ့အကြုံများကို ခံစားမှုပြင်းပြစွာဖြင့် စောဆိုင်းညောင်ရွှေက ရေးသားထားပြန်သည်။

‘၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့၊ နံနက် (၄) နာရီခန့်တွင် သေနတ်သံများကြောင့် ကျွန်တော် ရုတ်တရက်နိုးလာခဲ့သည်။ သေနတ်သံများသည် ပထမတွင် တိုးတိုးသာဖြစ်သော်လည်း ကျွန်တော် ပိုမိုနိုးလာသည်နှင့်အမျှ တစတစပိုကျယ်လာပါသည်။ သေနတ်ပစ်ခတ်မှုမှာ အိမ်ရှေ့အပြင်ဘက်တည့်တည့်မှ ဖြစ်သည်။ သေနတ်ကျည်ဆန်များသည် ပြတင်းပေါက်မှန်များ၊ ဘောင်များကို ဖောက်ထွင်းဝင်ရောက်လာပြီး နံရံများကို ထိမှန်လွင့်စင်ကျလျက်ရှိပါသည်။ စစ်တပ်တပ်ဖွဲ့တဖွဲ့သည် ညအမှောင်အတွင်းတွင် ကျွန်တော်တို့အိမ်ဘက် တွားသွားတက်လာပြီး အိမ်ကို ဘေးတဘက်တချက်စီမှ ဝိုင်းရံကာ ပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။ အသက် (၁၇) နှစ်သာရှိသေးသော ကျွန်တော်၏ ညီငယ်ဖြစ်သူ စိုင်းမြီးမှာ အသတ်ခံခဲ့ရပါသည်။ သက်ဆိုင်ရာ အာဏာပိုင်များ၏ အဆိုအရမူ တာဝန်ထမ်းဆောင်နေသည့် လက်နက်ကိုင်တပ်ဖွဲ့ကို ခုခံခဲ့သည့်အတွက်ဟု ဆိုပါသည်’





ငင်းအခန်းနှင့် တွဲဘက်ထားသော မှတ်စုများတွင် စောဆိုင်းညောင်ရွှေက သူ့လေ့လာတွေ့ရှိမှုကို ဤကဲ့သို့ အထူးပြု ရေးသားထားပြန်သည်။

စာမျက်နှာ (၂၈)… ‘အရန်စစ်ရဲများ ထူထပ်စွာ စောင့်ကြပ်နေသော ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၏ အိမ်များကိုမူ သေနတ်တချက်မျှ မပစ်ခတ်ခဲ့ခြင်းမှာ ထူးဆန်းလှပါသည်’

အာဏာရှင်စနစ်သည် စစ်တပ်၏ လူသတ်ယန္တရားကို တရစပ်အသုံးချလျက် သူ့လမ်းကြောင်းတွင်ရှိနေသော အပြစ်မဲ့ပြည်သူများကို ရှင်းလင်းတိုက်စားသွားခဲ့သည်။ တချိန်က ပြည်သူများ၏ ချစ်မြတ်နိုးမှုကိုခံရပြီး ဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သော တပ်မတော်သည် အာဏာရှင်တဦး၏ အာဏာတည်မြဲရေးအတွက် သူ့ခါးပိုက်ဆောင် ကိုယ်ပိုင်စစ်တပ်အသွင်သို့ ပြောင်းလဲခြင်း ခံလိုက်ရလေသည်။ စောဆိုင်းညောင်ရွှေက သူ့ညီအသတ်ခံရမှုကို ဖြေမပြေနိုင်စွာ အောက်ပါစကားရပ်များဖြင့် ပြန်လည်သတိတရရှိခဲ့ပြန်ပါသည်။

“ကျွန်တော့်ညီကို ကျွန်တော် စစ်ဆေးကြည့်တော့ ဒဏ်ရာ (၂) ခု တွေ့ရပါတယ်။ ရိုင်ဖယ်ကျည်ဆန်တခုက သူခြေကျင်းဝတ်အတွင်း ဖောက်ဝင်ထားပါတယ်။ သူ့ခေါင်းနောက်ဘက်မှာလည်း သေးငယ်တဲ့ ကျည်ဆံပေါက်ရာတခု ရှိနေပြန်ပါတယ်။ ဒါဟာ သွေးအေးအေးနဲ့ သတ်ထားတာ ထင်ရှားပါတယ်။ စစ်အုပ်စုက သွေးအေးအေးနဲ့ တွက်ချက်သတ်ဖြတ်ခံရတဲ့ လက်နက်မဲ့ လူငယ်လူရွယ် မြန်မာနိုင်ငံသား ထောင်ပေါင်းများစွာထဲမှာ သူဟာ ပထမဆုံးဖြစ်လိမ့်မယ်လို့ ပြောနိုင်ပါတယ်”

သမ္မတဟောင်း ကိုယ်တိုင်ပင်လျှင် ထိုနေ့နံနက်၌ ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရပြီး အင်းစိန်ထောင်ထဲ၌ နိုဝင်ဘာလအတွင်းတွင် ကွယ်လွန်သွားခဲ့လေသည်။ ယင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ ထုတ်ပြန်ကြေညာခြင်း မပြုခဲ့ပေ။ ရှမ်းပြည်နယ်၌ သီပေါစော်ဘွား စောကြာဆိုင် ၈ ကို စစ်တပ်က ခေါ်ဆောင်သွားခဲ့ပြီး သူသည် သူ့မိသားစုထံသို့ မည်သည့်အခါမျှ ပြန်ရောက်မလာတော့ချေ။ ဦးနေဝင်း အာဏာသိမ်းပြီး မကြာမီပင် တောင်ကြီးမြို့ မြောက်ဘက်ရှိ ဗထူးမြို့ တပ်စခန်းတွင် သူ့ကို တရားစီရင်ခြင်းမပြုဘဲ ကွပ်မျက်ပစ်ခဲ့သည်ဟု ယုံကြည်ရလေသည်။

၁၉၅၈ ခုနှစ်များကဲ့သို့ အိမ်စောင့်အစိုးရ သက်တမ်း ခဏတာမျှသာ မဟုတ်ဘဲ အာဏာကို ရေရှည်ကိုင်စွဲရန် ရည်ရွယ်ချက်ဖြင့် စစ်တပ်က အာဏာသိမ်းယူမှန်းသိသာထင်ရှားလာသောအခါ ဇူလိုင်လအတွင်း ရန်ကုန်မြို့တော်၌ ကျောင်းသားဆူပူမှု ပေါ်ပေါက်လာလေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဟု ခေါ်တွင်သော ဦးနေဝင်း၏ မူဝါဒအသစ်ကို ဦးဘငြိမ်း၊ ဦးသိန်းဖေမြင့် (သခင်သိန်းဖေ) အစရှိသည့် အစွန်းရောက်ဝါဒရေးရာသမားများကို ခေါ်၍ ထောက်ခံခိုင်းခဲ့သည်။ ဒီမိုကရေစီသို့ ပြန်သွားရန် ဝေးသွားပုံရသည်နှင့်အမျှ ကျောင်းသားများက သူတို့သဘာဝအရ ကန့်ကွက်ဆန္ဒပြကြလေသည်။ သူတို့၏ ဆန္ဒပြမှုများသည် အကြမ်းဖက်ရက်စက်မှုများနှင့်သာ ရင်ဆိုင်ကြုံတွေ့ရလေသည်။

အာဏာသိမ်းပြီး (၄) လအကြာ ဇူလိုင်လ (၇) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဝင်းကို စစ်တပ်က ဝိုင်းရံလိုက်ပြီး အော်တိုမက်တစ်သေနတ်များ၊ စက်သေနတ်များဖြင့် ပစ်ခတ်ခဲ့လေသည်။ (၁၅) ယောက်သာ သေကြေခဲ့သည်ဟု တရားဝင်ကြေညာခဲ့ရာ ယင်းအရေအတွက်မှာ အဓိပ္ပာယ်ကင်းမဲ့လှပြီး နည်းလွန်းလှသည်။ မျက်မြင်သက်သေများက စစ်တပ်၏ သားကောင်များမှာ ရာကျော်သည်ဟု ဆိုခဲ့ကြသည်။ နောင်သောအခါ နိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာမည့် ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်း၊ ကိုနု၊ ကိုဗဆွေနှင့် အခြားလူငယ်များ ၁၉၃၀ ခုနှစ်များ ပတ်ဝန်းကျင်တွင် စတင်တွေ့ဆုံခဲ့ရာ နေရာဖြစ်ပြီး ခေတ်သစ် မြန်မာ့မျိုးချစ်စိတ်ဓာတ်ပေါက်ဖွားခဲ့ရာ သမိုင်းဝင် တက္ကသိုလ်သမဂ္ဂအဆောက်အအုံကိုပင် စစ်တပ်က နောက်တနေ့တွင် ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲပစ်လိုက်လေသည်။

ဦးနေဝင်းသည် မည်သို့သော ဆန့်ကျင်မှုမျိုးကိုမျှ သည်းမခံခဲ့ချေ။ ၁၉၆၀ ခုနှစ် ရွေးကောက်ပွဲတွင် သူအလေးပေးခဲ့သော ဦးဗဆွေနှင့် ဦးကျော်ငြိမ်းတို့ကိုပင် ဦးနေဝင်းက ဖမ်းဆီးပြီးလေပြီ။ ယခင်က သူ့ဆရာဟောင်းများ ဖြစ်ခဲ့ကြသော သခင်ထွန်းအုပ်နှင့် သခင်ဗစိန်တို့သည်လည်း လူမြင်ကွင်းမှ ပျောက်ကွယ်သွားကြရသည်။ ယင်းတို့သည် ဦးနေဝင်းထက် အဆင့်မြင့်ခဲ့ကြသူများဖြစ်၍ ဘေးဖယ်ခြင်း ခံခဲ့ရလေသည်။

တပ်မတော်အနေဖြင့် ၎င်း၏ မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်ပြီး တနှစ်ခန့်အကြာတွင် အုပ်ချုပ်နေသော စစ်အုပ်စုအတွင်းတွင်ပင် ရာထူးမှ ထုတ်ပယ်ခြင်းများ စတင်ဖြစ်ပေါ်လာလေသည်။ ယခင်က လွတ်လပ်ခဲ့သော သတင်းစာများမှာ ချုပ်ကိုင်ခြင်း ခံလာရသည်။ စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီး စစ်တပ်က ပြောင်းလွဲကိုင်တွယ်လာသည်။ ဦးနေဝင်း၏ ကိုယ်ပိုင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီမှလွဲ၍ ကျန်ပါတီအားလုံးသည် တရားမဝင်ကြောင်း ကြေညာခြင်းခံရသည်။ ယင်းလုပ်ကိုင်ဆောင်ရွက်ချက်များကို သူ့လူများထဲကပင် လူတိုင်း သဘောတူညီခဲ့ကြသည်တော့ မဟုတ်ချေ။ သူ့အရိုက်အရာ ဆက်ခံမည့်သူဟု ယူဆခြင်း ခံရသော ရောင်းရင်းဟောင်းဖြစ်သူ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးသည် ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးကောင်စီမှ  ထုတ်ပယ်ခြင်းခံရပြီး  ထောင်သွင်းအကျဉ်းချခံရလေသည်။ စစ်တပ်က တည်ဆောက်နေသော ခေတ်သစ်မြန်မာနိုင်ငံတော်တွင် လုံးဝအလျှော့ပေး၊ အရှုံးပေးမှသာလျှင် အသက်ရှင်ရပ်တည်နိုင်ပေမည်။ မြန်မာနိုင်ငံတော်ကို ယုံကြည်မှုနှင့် အားလုံးသဘောတူညီမှုအပေါ်တွင် တည်ဆောက်ခြင်းမဟုတ်ဘဲ တဦးတည်း၏ အာဏာရှင် အုပ်ချုပ်မှုအောက်တွင်သာ တည်ဆောက်ခြင်းဖြစ်လေသည်။

၁၉၇၀ ၏ ဆယ်စုနှစ် အလယ်ပိုင်းနှစ်များတွင် ကျောင်းသားဆူပူမှုများက မြန်မာနိုင်ငံကို ကိုင်လှုပ်နေခဲ့သည်။ ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ (၂၅) ရက်နေ့တွင် ကမ္ဘာကျော် မြန်မာနိုင်ငံသား ကမ္ဘာ့ကုလသမဂ္ဂကြီး၏ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် နယူး







ယောက်မြို့တွင် ကွယ်လွန်သွားခဲ့သည်။ သူ့အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ရန်အတွက် မြန်မာနိုင်ငံသို့ လေယာဉ်ပျံဖြင့် သယ်ဆောင်သွားခဲ့သည်။ တကမ္ဘာလုံးက လေးစားကြည်ညိုပြီး ကမ္ဘာကျော်ပုဂ္ဂိုလ်တဦးဖြစ်သည့် 'ဦးသန့်' [၉] အပေါ် ဦးနေဝင်းသည် အလွန်အမင်း မနာလိုဝန်တိုမှုဖြစ်ပြီး သူ့အလောင်းကို ရန်ကုန်မြို့စွန်ရှိ သာမန်သင်္ချိုင်းတခုတွင်သာ မြှုပ်နှံလိုသည်။ သို့သော်လည်း ကျောင်းသားများက အမျိုးသားသူရဲကောင်းတဦးနှင့် ထိုက်တန်သော နိုင်ငံတော်ဈာပန ဖြစ်စေချင်ကြသည်။ ကျောင်းသားများသည် ဦးသန့်အလောင်း ထည့်ထားသည့် ခေါင်းကို လုယူကြပြီး ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းသို့ သယ်ဆောင်သွားခဲ့ကြသည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များကလည်း ထိုလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ကြသည်။ ယင်းလှုပ်ရှားမှုသည် ကြိုတင်တွက်ဆထားသကဲ့သို့ပင် သွေးအေးအေးဖြင့် ချေမှုန်းခြင်းခံရလေသည်။ စစ်သားများက ကျောင်းသားများကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ပြီး ကျောင်းသားရာပေါင်းများစွာမှာ အစုလိုက်အပြုံလိုက် အသတ်ခံခဲ့ရလေသည်။ တရားဝင်ထုတ်ပြန်ကြေညာမှုမှာ သေဆုံးသူ (၉) ဦး၊ ဒဏ်ရာရသူ (၇၄) ဦးနှင့် ဖမ်းဆီးခံရသူ (၁,၈၀၀) ဦးဖြစ်သည်။

ဦးသန့်အရေးအခင်းဖြစ်ပွားပြီး (၂) နှစ်အကြာတွင် တပ်မတော်အတွင်းတွင် ကြီးမားသော ထုတ်ပယ်မှုတခု ထပ်မံဖြစ်ပြန်သည်။ မေမြို့စစ်တက္ကသိုလ် ကျောင်းဆင်းအရာရှိငယ်အချို့က ဦးနေဝင်းကို ရှင်းလင်းပစ်ရန် ကြံစည်ကြိုးစားခဲ့ကြသည်။ ကြည်းတပ်မှ ဗိုလ်ကြီးအုန်းကျော်မြင့် ဦးဆောင်သော အရာရှိငယ်များသည် ပိုမိုလွတ်လပ်၍ ပိုမို ဒီမိုကရေစီကျသော မြန်မာနိုင်ငံတော်ကို တည်ဆောက်ရန် စိတ်ကူးယဉ်ခဲ့ကြသည်။ သို့သော် သူတို့၏အကြံအစည်မှာ ပေါ်ပေါက်သွားခဲ့ပြီး ခေါင်းဆောင်များ အဖမ်းခံခဲ့ကြရသည်။ ဗိုလ်ကြီးအုန်းကျော်မြင့် [၁၀] သည် သေဒဏ်ကျခံရပြီး ကွပ်မျက်ခြင်းခံခဲ့ရသည်။

မအောင်မမြင်ဖြစ်သွားသည့် အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် ပါဝင်ပတ်သက်ခြင်း မရှိသော်ငြားလည်း တပ်မတော်၏ ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးသူရတင်ဦး [၁၁] အနေဖြင့် ယင်းအမှုနှင့် ဆက်နွယ်မှုရှိနေခဲ့သည်။ သူသည် နှစ်ရှည်ထောင်ဒဏ်အပြစ်ပေးခြင်းခံခဲ့ရလေသည်။ ဦးတင်ဦးအပေါ် သစ္စာစောင့်သိသည်ဟု အထင်ခံရသူ တပ်မတော်အရာရှိ (၂၀၀) ခန့် စစ်ဆေးမေးမြန်းခြင်းခံရပြီး ၁၉၇၆ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်နှင့် ကေဒါ (၅၀,၀၀၀) ကျော်အား လက်ရှိ အုပ်ချုပ်နေသော ပါတီမှ ထုတ်ပယ်ကြောင်း ဦးနေဝင်းကိုယ်တိုင် ကြေညာခဲ့လေသည်။ [၁၂] ဦးတင်ဦးသည် မြန်မာနိုင်ငံ၏ စစ်ဦးစီးချုပ်များထဲတွင် လူချစ်လူခင်အများဆုံး ဦးစီးချုပ်တဦးဖြစ်သည့်အတွက် အင်အားကောင်းသော ပြိုင်ဘက်တဦးအဖြစ် သတ်မှတ်ခံရပြီး သူ့နောက်လိုက်ဟု ယူဆခံရသူများနှင့်အတူ ဖယ်ရှားခံရခြင်းဖြစ်လေသည်။

၁၉၈၀ ခုနှစ် စောစောပိုင်းကာလတွင် 'သုတ်သင်ရေး' သည် လက်တွေ့အသုံးချ

ခံရပြန်လေသည်။ ဤတကြိမ်တွင် ပစ်မှတ်သည် နိုင်ငံရေးသမားများလည်းမဟုတ်၊ ဒီမိုကရေစီရေးတိုက်ပွဲဝင် ကျောင်းသားများလည်းမဟုတ်၊ သဘောကွဲလွဲသော စစ်တပ်အရာရှိများလည်းမဟုတ်၊ ဦးနေဝင်းအစိုးရအတွက် အဓိက အထောက်အပံ့ ဒေါက်တိုင်ကြီးဖြစ်သော မြန်မာနိုင်ငံ၏ အင်အားကောင်းလှသည့် စစ်ထောက်လှမ်းရေးတပ်ဖွဲ့ ဖြစ်လေသည်။

ရဲဘော်သုံးကျိပ်နှင့်အတူ ဂျပန်တွင် ရှိနေစဉ်ကာလ၌ ဦးနေဝင်းသည် ကြောက်စရာကောင်းလှသော ဂျပန် စစ်ပုလိပ် ကင်ပေတိုင်၏ ထောက်လှမ်းရေးသင်တန်းအတွက် အထူးရွေးချယ်ခြင်းခံခဲ့ရသည်။ ဂျပန်ခေတ်တွင် ကင်ပေတိုင်တို့လက်ချက် ခံခဲ့ရသူများသည် သူတို့လုပ်ရပ်များကို ယနေ့တိုင် မှတ်မိနေဆဲဖြစ်သည်။ လူတယောက်ကို သူလျှို (spy) ဟု စွပ်စွဲလိုက်ခြင်းမှာ ကင်ပေတိုင်၏ လက်စွဲစကားလုံးဖြစ်သည်။ ဤစကားလုံးသည် သူတို့အနည်းအကျဉ်းသာတတ်သော အင်္ဂလိပ်စာမှ ယူသုံးလိုက်သော ဝေါဟာရဖြစ်သည်။ သူလျှိုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ လက်သည်းခွံခွာခြင်း၊ သွားနှင့်ဆံပင်တို့ကို ဆွဲနုတ်ခြင်းဖြင့် လူတယောက်သည် အများအားဖြင့် သူလျှိုဟု ဝန်ခံမှုပြုလေတော့သည်။

သံသယရှိသူများကိုသာ ဤသို့ ရက်စက်ကြမ်းကြုတ်သည်မဟုတ်။ မြန်မာဗိုလ်လောင်း ကျောင်းသားများ စစ်ရေးပြလေ့ကျင့်ရာတွင်ပင် ထိုသို့ ရက်စက်ကြမ်းကြုတ်တတ်သည်။ ဤနည်းလမ်းများသည် အကျိုးထိရောက်မှုရှိမှန်း အချို့က သဘောပေါက်ပင် ပေါက်ငြားသော်လည်း စစ်ရေးပြလေ့ကျင့်ကွင်းအတွင်း မတရားခြိမ်းခြောက်ပြုမူခံရပြီး ပြည်သူလူထုတရပ်လုံးအပေါ် ဖက်ဆစ်အကြမ်းဖက်ဝါဒ ကျင့်သုံးမှုတို့ကို ပြန်လည်ကြားသိလာရသောအခါ မြန်မာဗိုလ်လောင်း ကျောင်းသားအများစုအနေဖြင့် နောက်ဆုံးတွင် ဂျပန်အား ပြန်လည်ဆန့်ကျင်လေတော့သည်။

စစ်ကြီးပြီးသည်နှင့် မြန်မာ့တပ်မတော်သည် ဂျပန်ကို အခြေခံခဲ့ရမှု အများအပြားအား မြေမြှုပ်သင်္ဂြိုဟ်ပစ်လိုက်တော့သည်။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီး ဗိုလ်လက်ျာသည် ဗြိတိသျှကိုယ်စားလှယ် ဂျေ ဒဗလျူ ဖရီးမင်း (J.W Freeman) နှင့် သဘောတူစာချုပ်တရပ် လက်မှတ်ရေးထိုးလိုက်သည်။ ဤစာချုပ် သဘောတူညီမှုအရ စစ်အသုံးအဆောင်ပစ္စည်းကိရိယာများနှင့် စစ်ရေယာဉ်တစီးကို ဗြိတိသျှတို့က မြန်မာနိုင်ငံအား ပေးရမည်ဖြစ်ပြီး ဗြိတိသျှ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့က မြန်မာနိုင်ငံတွင် အခြေစိုက်အဖွဲ့တဖွဲ့ကို ထူထောင်ကာ မြန်မာ့ကာကွယ်ရေးတပ်ဖွဲ့ အသစ်ပြန်လည်ဖွဲ့စည်းရာတွင် ကူညီသင်တန်းပေးရမည်ဖြစ်သည်။ ထိုသဘောတူညီမှုကို ၁၉၅၄ ခုနှစ်တွင် နောက်ဆုံး၌ ဖျက်သိမ်းခဲ့သော်လည်း ဗြိတိန်နိုင်ငံတွင် သင်တန်းပေးမှုများကိုမူ ထိုနောက်ပိုင်းတွင် အလွတ်သဘောအားဖြင့် ဆက်လက်ဆောင်ရွက်ခဲ့သည်။







ထိုသင်တန်းပေးမှုများတွင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များကို သင်တန်းပေးမှုများလည်း နောက်ပိုင်းတွင် တိုးချဲ့ပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် အရည်အချင်းရှိသည့် လူငယ်လူရွယ်များကို ဗြိတိန်နိုင်ငံသို့ စေလွှတ်၍ လန်ဒန်မြို့တော် ရဲတပ်ဖွဲ့ မှုခင်းစစ်ဆေးရေးဌာန (စကော့တလန်ယဒ်) မှ သာမက ဗြိတိသျှထောက်လှမ်းရေးဌာနမှ (MI. 6) ကပါ သွန်သင်ညွှန်ကြားမှုများ ရယူစေခဲ့သည်။ သင်တန်းအများစုမှာ ရှက်ဖီးလ် ရဲသိပ္ပံ (Sheffield Police Academy) တွင် ပြုလုပ်ခြင်းဖြစ်ပြီး လက်ရွေးစင်အချို့သာလျှင် ပိုမိုအဆင်မြင့်သည့် လျှို့ဝှက်ထောက်လှမ်းရေး သင်တန်းကျောင်းဖြစ်သည့် ရှက်မိဒ် (Shetmead) သို့ သွားရောက်တက်ခွင့်ရရှိကြသည်။

ဤကဲ့သို့ ထောက်လှမ်းရေးအစဉ်အလာဖြင့် ပြည့်စုံသူတဦးမှာ စက်ဘီးလက်ကိုင်ပုံစံ နှုတ်ခမ်းမွေးပိုင်ရှင်ဖြစ်၍ နှုတ်ခမ်းမွေးလွင်ဟု နာမည်ပေးခြင်းခံရသော ဗိုလ်မှူးကြီးလွင်ဖြစ်သည်။ ၁၉၃၀ ပြည့်လွန်နှစ်များတွင် သူသည် သခင်တဦးဖြစ်ခဲ့ကာ မျိုးချစ်ပါတီ ခေါင်းဆောင်ဖြစ်သူ ဦးစောနှင့် အချင်းများခဲ့ဖူးသည်။ ၁၉၆၂ ခုနှစ်၌ ဦးနေဝင်း အာဏာသိမ်းယူချိန်တွင် နှုတ်ခမ်းမွေးဦးလွင်သည် စစ်ထောက်လှမ်းရေးတပ်ဖွဲ့၏ အကြီးအကဲ ဖြစ်နေဆဲပင်။ ထို့နောက် များစွာမကြာမီ သူ့ကို အနားယူခွင့်ပြုခဲ့သည်။ အနားယူခွင့်ပြုခြင်းဆိုသည်မှာ ထုတ်ပယ်လိုက်ခြင်းကို တရားဝင်သုံးနှုန်းသည့် အသုံးအနှုန်းဖြစ်သည်။ သူ့ကို ဆက်ခံသူမှာ 'ဗိုလ်မှူးချုပ်တင်ဦး' ဖြစ်သည်။ လုပ်ငန်းခွင်သုံး မျက်လုံးပြူးမျက်ဆန်ပြူး မျက်မှန်မျိုး တပ်လေ့ရှိသည့်အတွက် ဗိုလ်မှူးချုပ်တင်ဦးကို မျက်မှန်တင်ဦးဟု ခေါ်ကြသည်။

၁၉၅၀ ပြည့်လွန်နှစ်များတွင် ဆိုင်ပန် ပစ္စဖိတ်ကျွန်း၌ သူသည် အမေရိကန် ဗဟိုထောက်လှမ်းရေးဌာန (CIA) ၏ သင်တန်းကို တက်ရောက်ခဲ့သည်။ သူသည် အမှန်တကယ်အားဖြင့် ဦးနေဝင်း၏ မွေးစားသားဖြစ်သည်။ ဦးနေဝင်းသည် သူ့ကို ၁၉၇၂ ခုနှစ်တွင် စစ်ထောက်လှမ်းရေးတပ်ဖွဲ့၏ အကြီးအကဲအဖြစ် ခန့်အပ်လိုက်သည်။ သူ့တာဝန်သည် ဗြိတိသျှအစဉ်အလာကို ဖောက်ထွက်ပြီး စစ်ကြီးပြီးသည့်နောက် ဖျက်သိမ်းခံခဲ့ရသော ကင်ပေတိုင် (သို့မဟုတ်) ဂျာမဏီ၏ သွက်လက်ထက်မြက်လှသည့် ဂတ်စတာပိုတို့၏ လမ်းကြောင်းအတိုင်း ထောက်လှမ်းရေးတပ်ကို လျှို့ဝှက်ရဲတပ် အသွင်ပြောင်းလဲပစ်ရန်ဖြစ်သည်။ ဤသို့လုပ်ဆောင်ခြင်းသည် ဗိုလ်မှူးကြီးလွင် အဓိကထား လုပ်ဆောင်ခဲ့သကဲ့သို့ လိုအပ်သည့် စစ်ထောက်လှမ်းရေးသတင်းများသာ စုဆောင်းရန်မဟုတ်ဘဲ ပြည်သူလူထုတရပ်လုံးကို ထိန်းချုပ်ထားနိုင်မည့် လျှို့ဝှက်ရဲတပ် ဖန်တီးထူထောင်ရန် ရည်ရွယ်လေသည်။ ပိုမိုအရေးကြီးသည့်အချက်မှာ စစ်တပ်အတွင်း အဆင့်တိုင်းတွင် ရှိနေနိုင်သော သဘောထားကွဲလွဲသူတိုင်းကို ရှာဖွေဖော်ထုတ်၍ ဖယ်ရှားခြင်းဖြင့် စစ်တပ်ကို အနီးကပ်စောင့်ကြပ်ကြည့်ရှုထားရန်ဖြစ်သည်။ စစ်တပ်က သူ့ကို ဆန့်ကျင်ကာပြန်သည်နှင့် သူဇာတ်သိမ်းပြီဖြစ်ကြောင်း ဦးနေဝင်းက သိလေသည်။

အကြောင်းတရား တိုက်ဆိုင်မှုတို့ကြောင့်မဟုတ်ဘဲ သူတို့လေ့ကျင့်ပေးလိုက်သူက ဖန်တီးလှုံ့ဆော်သည့်အတွက်ကြောင့် ကင်ပေတိုင် အစဉ်အလာသည် ဤသို့ဤနှယ် တဖန် ပြန်လည်မွေးဖွားလာခဲ့လေသည်။ ဤသို့ဖြင့် စစ်ထောက်လှမ်းရေးတပ်ဖွဲ့သည် မြန်မာနိုင်ငံတွင် ကြောက်လန့်မှု မင်းမူနေစေမည့် နိုင်ငံရေး ရဲအဖွဲ့အစည်းတခု ဖြစ်လာလေသည်။ ဗိုလ်ချုပ်တင်ဦးသည် စစ်ကြောရေးစခန်း အမြောက်အမြားကို အင်းစိန်ထောင်တွင် ကြီးကြပ်တည်ဆောက်ခဲ့ပြီး ဗဟိုထောက်လှမ်းရေးရုံးကို အင်းစိန်ထောင်သို့ ပြောင်းရွှေ့လိုက်သည်။ ထိုစစ်ကြောရေးစခန်းများထဲတွင် နာမည်ပျက်ဖြင့် အကျော်ကြားဆုံးမှာ မင်္ဂလာဒုံလေဆိပ်အနီးရှိ ရေကြည်အိုင်စခန်းဖြစ်သည်။ အထိန်းသိမ်းခံ နိုင်ငံရေးသမားများအား ညှဉ်းပန်းနှိပ်စက်၍ စစ်ဆေးမေးမြန်းရာတွင် ဗိုလ်မှူးချုပ်တင်ဦးကိုယ်တိုင်အားတက်သရော ပါဝင်လေ့ရှိသည်ဟု သတင်းဖြစ်ပေါ်ခဲ့သည်။

သဘောထားကွဲလွဲသူဟု သံသယရှိခံရသူများသည် နံနက်မိုးမလင်းမီ သူတို့နေအိမ်မှ ဖမ်းဆီးခံရလေ့ရှိပြီး မျက်စိများ စည်းနှောင်ခံရကာ ရေကြည်အိုင် သို့မဟုတ် အလားတူ စခန်းများသို့ ခေါ်ဆောင်သွားခံရလေ့ရှိသည်။ မျက်စိကျိန်းလောက်အောင် ထိုးထားသည့် မီးရောင်အောက်တွင် စစ်ဆေးမေးမြန်းမှု ပြုလုပ်သည်။ စီးကရက်ဆေးလိပ်မီးဖြင့် အသားကို ထိုးသည်။ ဂျပန်တို့လက်စွဲ ရေစက်ချ နှိပ်စက်နည်းအပြင် အနောက်တိုင်းပုံစံဖြစ်သော လျှပ်စစ်ကျင်စက် (electric shock) ကိုလည်း အသုံးများသည်။

ဦးနေဝင်း၏အရိုက်အရာဆက်ခံမည့်သူ ဒုတိယအဆင့်ပုဂ္ဂိုလ်ဟု ယူဆခံရသော ဗိုလ်မှူးချုပ်တင်ဦးသည်လည်း သူ့ရှေ့က သွားနှင့်ပြီးသူ ဗိုလ်မှူးချုပ်အောင်ကြီး၏ ကံကြမ္မာမျိုးကို အကြောင်းပြချက် လုံးဝ ကွဲပြားခြားနားစွာဖြင့် ကြုံတွေ့ရလေသည်။ ၁၉၆၀ ခုနှစ်များ စောစောပိုင်းကာလက ထားရှိခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ တင်းမာသော မူဝါဒများဖြင့် ကြည့်မည်ဆိုလျှင် ဗိုလ်မှူးချုပ် အောင်ကြီးသည် ပြုပြင်ပြောင်းလဲရေးသမား လစ်ဘရယ်ဝါဒီဖြစ်သည်။ မိဘမဲ့ ဗိုလ်မှူးချုပ်တင်ဦးသည် သူ့မွေးစားဖခင် ဦးနေဝင်း၏ ယုံကြည်စိတ်ချရသော နောက်လိုက်တယောက်ဖြစ်သော်လည်း စစ်ထောက်လှမ်းရေးတပ်ဖွဲ့ကို တည်ဆောက်ရင်း သူသည် အာဏာ အဆမတန်ကြီးထွားလာသည်။ သူ့လူများသာလျှင် နိုင်ငံခြားသို့ သွားချင်သလို သွားလာနိုင်သည်။ နိုင်ငံခြားထုတ် စာစောင်များကိုလည်း ထောက်လှမ်းရေးကိစ္စအလို့ငှာ ဖတ်ခွင့်ရရှိကြသည်။

ဤသို့ နှိုင်းယှဉ်အနေအထားဖြင့် ထွန်းတောက်လာသော 'နိုင်ငံအတွင်းမှ နိုင်ငံ' ကို သူ၏ တဦးတည်း ပြိုင်ဘက်မရှိ အမြင့်ဆုံး အုပ်စိုးသူအနေအထားအပေါ် အားကောင်းသော ခြိမ်းခြောက်မှုတရပ်အဖြစ် ဦးနေဝင်း ခံစားမိလာသည်။ ၁၉၈၃ ခုနှစ်၊ မေလတွင်မူ ဗိုလ်မှူးချုပ်တင်ဦး အဖယ်ရှားခံရလေတော့သည်။ ထောက်လှမ်းရေးအကြီးအကဲ နောက်တဦးဖြစ်သူ ဗိုလ်မှူးကြီးဘိုနီနှင့်အတူ သူသည် ထုတ်ပယ်ခြင်းခံရပြီး သူကိုယ်တိုင် ဖန်တီး







ခဲ့သော နာမည်ဆိုးလှသည့် ရေကြည်အိုင် ထိန်းသိမ်းရေးစခန်းသို့ စေလွှတ်ခြင်း ခံခဲ့ရလေသည်။ ဗိုလ်မှူးချုပ်တင်ဦး၏ အတော်ဆုံး ထောက်လှမ်းရေးသူလျှို ရာပေါင်းများစွာလည်း အထုတ်ပယ်ခံကြရသည်။ မြန်မာနိုင်ငံ၏ သွက်လက်ထက်မြက်လှသော ထောက်လှမ်းရေး လုပ်ငန်းရပ်များ ယာယီရပ်သွားလောက်အောင်ပင် စစ်ထောက်လှမ်းရေး တပ်ဖွဲ့တခုလုံး အင်အားချိနဲ့သွားခဲ့သည်။

ဤအခြေအနေပေါ်တွင် ပထမဆုံး အခွင့်အရေးယူသွားသူများမှာ မြောက်ကိုးရီးယားများဖြစ်ကြသည်။ မျက်မှန်တင်ဦးကို ထုတ်ပယ်ပြီး (၅) လအကြာ၊ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလတွင် တောင်ကိုးရီးယားမှ အာဏာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ အလည်ရောက်ရှိလာခဲ့သည်။ (၉) ရက်နေ့၌ ထိုကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့တော်ရှိ အာဇာနည်ဗိမာန်သို့ သွားရောက်၍ ကျဆုံးလေပြီးသော မြန်မာ့သူရဲကောင်းများအား ဂါရဝပြုကြသည်။ ထိုတောင်ကိုးရီးယားကိုယ်စားလှယ်များသည် သူတို့၏ သမ္မတ ချွမ်ဒူးဝှမ် (Chun Doo Hwan) နှင့် ဇနီးသည်တို့ ဆိုက်အရောက်အလာကို စောင့်မျှော်နေကြစဉ် နံနက် (၁၀) နာရီ၊ (၅၅) မိနစ်တွင် ပြင်းထန်သော ဗုံးတလုံး ပေါက်ကွဲခဲ့လေသည်။ အာဇာနည်ဗိမာန်၏ ခေါင်းမိုးအလယ်ပိုင်းပေါက်ထွက်သွားပြီး မှိုပွင့်ပုံ မီးခိုးလုံးကြီး အူထွက်လာခဲ့သည်။ ယင်းပေါက်ကွဲမှုအသံကို ရန်ကုန်တမြို့လုံးလိုလို ကြားခဲ့ရပြီး တောင်ကိုးရီးယား လုံခြုံရေးအစောင့် တရာကျော်ခန့်မှာ သွေးများစိုရွှဲလျက် ပြေးလွှားနေသည်ကို မြင်တွေ့ကြရသည်။

(၁၅) ဦး ပွဲချင်းပြီးသေဆုံးခဲ့ပြီး ထိုအထဲတွင် ဝန်ကြီးအဖွဲ့ဝင် (၄) ဦး ပါရှိသွားခဲ့သည်။ ယင်းဝန်ကြီး (၄) ဦးမှာ စီးပွားရေးရာ စီမံကိန်းဝန်ကြီးနှင့် ဒု–ဝန်ကြီးချုပ်ဖြစ်သူ ရှုဆပ်ဂျွန်း (Shu Suk-Joon) ၊ နိုင်ငံခြားရေးဝန်ကြီး လီဘမ်ဆပ် (Lee Bum-Suk) ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ကင်ဒေါင်ဝှီး (Kim Dong-Whie) နှင့် စွမ်းအင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ ဝန်ကြီး ဆူဆန်ချူး (Suh Sang-Chui) တို့ ဖြစ်ကြသည်။ သမ္မတ၏ စီးပွားရေးရာ အတွင်းဝန်ချုပ်လည်း သေဆုံးခဲ့ရသည်။ ဒဏ်ရာရသူ (၁၂) ဦးတွင် ပူးတွဲစစ်ဦးစီးချုပ်များ၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်ကြီး လီကီဗက်နှင့် တောင်ကိုးရီးယား သတင်းထောက် (၅) ဦး ပါဝင်သည်။ သမ္မတနှင့် သူ့ဇနီးအတွက် ရည်ရွယ်၍ ဗုံးထောင်ခဲ့ခြင်းဖြစ်သော်လည်း မိနစ်အနည်းငယ်နောက်ကျပြီးမှ သူတို့ ရောက်ရှိလာသည့်အတွက် အပျက်အစီးများလှသော ဤဗုံးပေါက်ကွဲမှုဒဏ်မှ သူတို့လွတ်မြောက်သွားခဲ့ကြသည်။

မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့များက ဗုံးဖောက်ခွဲသူများအား ချက်ချင်းလိုက်လံရှာဖွေကြသည်။ တပတ်အတွင်းတွင်ပင် မြောက်ကိုးရီးယားသူလျှိုနှစ်ဦးကို အရှင်ဖမ်းမိသော်လည်း တဦးမှာ ပစ်ခတ်ဖမ်းဆီးစဉ်တွင် သေဆုံးသွားခဲ့သည်။ အမှန်တရားပေါ်ပေါက်ခဲ့ပြီး မြန်မာအစိုးရကို နိုင်ငံတကာက ချီးကျူးခဲ့ကြသည်။ သို့ရာတွင် လေ့လာသူအများစု

သတိမမူမိသည့် အဓိကအချက်တရပ်ရှိလေသည်။ ယင်းအချက်မှာ တချိန်က သွက်လက်ထက်မြက်လှသော စစ်ထောက်လှမ်းရေးအဖွဲ့အနေဖြင့် လွန်ခဲ့သည့် (၅) လခန့်ကသာ ဆိုးဆိုးရွားရွား အင်အားချိနဲ့ မသွားခဲ့လျှင် ယခုဗုံးပေါက်ကွဲမှု ပေါ်ပေါက်လာနိုင်စရာအကြောင်းမရှိသည့် အချက်ဖြစ်ပေသည်။

ယခုအခါ ထောင်သွင်းအကျဉ်းကျခံနေရပြီဖြစ်သော ဗိုလ်မှူးချုပ်တင်ဦးကဲ့သို့ ခိုင်မာ၍ အလုပ်ကြိုးစားသော ထောက်လှမ်းရေးမှူးချုပ်အသစ်တဦး ထပ်မံခန့်အပ်ရန် လိုအပ်ကြောင်း ဦးနေဝင်းအနေဖြင့် ရှင်းရှင်းလင်းလင်း သဘောပေါက်မိသည်။ သူရွေးချယ်လိုက်သူမှာ ဗိုလ်မှူးကြီး ခင်ညွန့်ဖြစ်သည်။ ဗိုလ်မှူးကြီးခင်ညွန့်သည် မြန်မာနိုင်ငံ အရှေ့ဘက်ခြမ်းရှိ ကရင်စစ်မျက်နှာစာတွင် တပ်စွဲထားသော အမှတ် (၄၄) ခြေမြန်တပ်မ၏ တပ်မမှူးဖြစ်သည်။ သူ၏ စစ်သက်တမ်းတလျှောက်လုံး သူသည် ရုံးလုပ်ငန်းအရာရှိသာ ဖြစ်ခဲ့သည်။ ဗိုလ်မှူးကြီးခင်ညွန့်အား ရွေးချယ်မှုသည် အသင့်တော်ဆုံး ရွေးချယ်မှုဖြစ်သည်။ အဘယ်ကြောင့်နည်း။ သူသည် ဗမာ့တပ်မတော်တွင် စစ်သားပီပီသသ ဖြစ်ခဲ့သူမဟုတ်ချေ။ တိုက်ပွဲများဖြင့် ပြည့်နှက်နေသော တပ်မတော်တွင် သူသည်တိုက်ပွဲတပွဲမျှ မနွဲခဲ့ဖူးချေ။ သူ့လိုလူမျိုး တပ်မတော်တွင် ရှားပါးလှသည်။ ဤကဲ့သို့ ရာထူးသစ်တွင် ခန့်အပ်ခြင်းကြောင့် သူသည် အလွန်အကျူး ကျေးဇူးတင်ပေလိမ့်မည်။ သို့ဖြစ်၍ သူ့အနေဖြင့် သစ္စာစောင့်သိရှိသေတော့မည်ဆိုသည်မှာ မေးစရာ မလိုတော့ပါချေ။

ဗိုလ်မှူးကြီး ခင်ညွန့်၏ ပထမဆုံး စစ်မြေပြင်မှာ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ တမျိုးသားလုံးက စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သည့်အချိန်ကမှဖြစ်သည်။ မတ်လအတွင်း ကျောင်းသားများ ဆန္ဒပြမှုများက ဇွန်လတွင် မငြိမ်သက်မှုများ ပိုမိုဖြစ်ပွားစေပြီး ဇူလိုင်လတွင်မူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအနေဖြင့် အရေးပေါ် ပါတီညီလာခံ ကျင်းပရလေတော့သည်။ စိတ်ဝင်စားစရာကောင်းသည်မှာ ဦးနေဝင်းက သူ၏ နောက်ဆုံး တရားဝင်ရာထူးဖြစ်သည့် မဆလပါတီ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ကြောင်း ကြေညာလိုက်ခြင်းဖြစ်သည်။ မဆလပါတီဥက္ကဋ္ဌနှင့် ပြည်ထောင်စုကြီး၏ သမ္မတအဖြစ် ခေါင်းဆောင်အသစ်ဖြစ်လာသူမှာ ဦးစိန်လွင်ဖြစ်သည်။

အမှတ် (၄) ဗမာ့ရိုင်ဖယ်တပ်တွင် နှစ်ဦးအတူရှိနေစဉ်ကာလကပင် ဦးစိန်လွင်မှာ ဦးနေဝင်း၏ ယုံကြည်စိတ်ချရသော သစ္စာခံတဦးဖြစ်ခဲ့သည့်အတွက် ယင်းသို့ ခေါင်းဆောင်ပြောင်းလဲလိုက်ခြင်းကို မြန်မာလူထုကြီးက ခပ်ညံ့ညံ့ ပြက်လုံးတခုကဲ့သို့ သဘောထားကြသည်။ ၁၉၅၀ ခုနှစ်၊ ဩဂုတ်လတွင် ကရင်သောင်းကျန်းမှုခေါင်းဆောင် စောဘဦးကြီးကို ခြေရာခံရှာဖွေနိုင်ခဲ့ပြီး သတ်ဖြတ်နိုင်ခဲ့သော မြန်မာစစ်တပ်တပ်ဖွဲ့ကို ခေါင်းဆောင်ခဲ့သူမှာ ဗိုလ်မှူးစိန်လွင်ဖြစ်၍ သူသည် ထို့အတွက် နာမည်ကြီးသွားခဲ့သည်။ ဗိုလ်မှူးကြီးစိန်လွင်ဦးဆောင်သော တပ်ဖွဲ့များသည် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ ၁၉၇၀ ခုနှင့် ၁၉၈၀ ခုအကြား အလယ်ပိုင်းနှစ်များတွင်လည်းကောင်း ရန်ကုန်၌ ကျောင်းသားများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ကြသေးသည်။





'သားသတ်သမား' ဟု နာမည်ရသော ဦးစိန်လွင်မှာ ၁၉၈၈ ခုနှစ်၊ လူထုဆန္ဒပြမှုများကို ဦးစီးနှိပ်ကွပ်ရန် တရားဝင်တာဝန်ပေးခြင်းခံခဲ့ရသည်။ ဤတာဝန်တွင်မူ သိသာမြင်သာစွာ သူ အရေးနိမ့်သွားခဲ့သည်။ ဩဂုတ်လ (၈) ရက်နေ့တွင် တတိုင်းတပြည်လုံးအနှံ့ ပြည်သူသန်းပေါင်းများစွာသည် လမ်းမများပေါ်သို့ ထွက်၍ စစ်အုပ်စိုးမှုရပ်စဲရန် တောင်းဆိုခဲ့ကြသည်။ ပြည်သူလူထုအတွက် (၂၆) နှစ်ကြာ ဖိနှိပ်ခံခဲ့ရမှုသည် လုံလောက်ခဲ့ပြီ။ စထွက်သည်နှင့် စစ်တပ်သည် ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်ခဲ့သည်။ ဆန္ဒပြမှုများအား သေနတ်ဖြင့် ပစ်ခတ်လူစုခွဲရန် ခြေမြန်တပ်မ (၂၂) မှ စစ်သားများကို စေလွှတ်ခဲ့သည်။ ဆန္ဒပြနေသူ လူအုပ်ကြီးများထဲသို့ စစ်တပ်က လက်လွတ်စပယ်ပစ်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူ (၃,၀၀၀) ခန့် သေကြေခဲ့ရသည်။

ဤသည်မှာ မဆလသမိုင်းတွင်ပင် မရှိခဲ့သော သွေးမြေကျမှုဖြစ်သည်။ ယင်းပစ်ခတ်မှုမှာ မတော်တဆ ဖြစ်ပျက်ခဲ့မှုမဟုတ်သည့်အပြင် လက်နက်ဟူ၍ အပ်တချောင်းမျှမရှိသော ဆန္ဒပြသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့်လည်း မဟုတ်ပါချေ။ ဦးစိန်လွင်အနေဖြင့် သူ့ဆရာသမား၏အမိန့်ကို လွယ်လင့်တကူ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းမျှသာ ဖြစ်ပါသည်။ ဦးနေဝင်းသည် ဇူလိုင်လတွင် ရာထူးမှ နုတ်ထွက်ရာ၌ "တနိုင်ငံလုံးက လူထုတွေကိုပြောမယ်။ ဆူဆူပူပူလုပ်လို့ ရှိရင်တော့ စစ်တပ်ဆိုတာ ပစ်ရင်မှန်အောင်ပစ်တယ်" ဟု တပြည်လုံးရှိ လူထုကြီးအား နောက်ဆုံးပိတ် နှုတ်ဆက်အမှာစကားပြောကြားသွားခဲ့သည် မဟုတ်ပါလော။

ထိုသို့ပြောခဲ့သည့်အတိုင်း စစ်တပ်သည် ပစ်ခဲ့လေသည်။ သို့ရာတွင် ယခုတကြိမ်ပစ်ခတ်မှုသည် မည်သို့မျှ မစွမ်းဆောင်နိုင်ခဲ့ချေ။ လူထုကြီးအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သော်ငြားလည်း ရန်ကုန်၊ မန္တလေးနှင့် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်တောင်တန်းရှိ မြစ်ကြီးနားမှ တောင်ပိုင်းအစွန်ရှိ ကော့သောင်မြို့အထိ တပြည်လုံးအနှံ့ မြို့နယ်တိုင်း၊ ကျေးရွာတိုင်းက အတန်းအစား အလွှာမျိုးစုံမှ နိုင်ငံသူ နိုင်ငံသားအားလုံးသည် လမ်းမများပေါ်တွင် ဆက်လက်ချီတက် ဆန္ဒပြဆဲပင်ဖြစ်သည်။ ဦးနေဝင်း၏ ရုပ်ပြသမ္မတအဖြစ် (၁၈) ရက်ကြာ သက်တမ်းသာ တည်မြဲခဲ့ပြီး ဩဂုတ်လ (၁၂) ရက်နေ့တွင် ဦးစိန်လွင် ရာထူးမှ နုတ်ထွက်ပေးလိုက်ရလေသည်။

ဖဲထုပ်ထဲမှ နောက်ထပ် ဂျိုကာတကောင်ကို ရွေးရပြန်လေသည်။ ယခုတကြိမ်အရွေးခံရသူမှာ ဥပဒေပညာရှင် တပိုင်း၊ စာရေးဆရာ တပိုင်းဖြစ်သော ဒေါက်တာမောင်မောင်ဖြစ်သည်။ ကြမ်းကြမ်းတမ်းတမ်း ကိုင်တွယ်မှုမှာ အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီဖြစ်၍ ပိုမိုပျော့ပျောင်းသော လမ်းကြောင်းကို အသုံးချကြည့်ခြင်းဖြစ်သည်။ သို့ရာတွင် ပြည်သူ

လူထုကို ဤသို့အရှုံးလုပ်၍ မရတော့ချေ။ ပြည်သူလူထုအနေဖြင့် မဆလအာဏာပိုင်တို့၏ အကြောကို နောကျေနေလေပြီ။ ကျောင်းသားများ၊ ဗုဒ္ဓဘာသာရဟန်းတော်များ၊ ရှေ့နေများ၊ ကျောင်းဆရာများ၊ ဆရာဝန်များ၊ လယ်သမားကြီးများ၊ စက်ရုံအလုပ်ရုံအလုပ်သမားများနှင့် ဆိုက်ကားသမားအစ သူတောင်းစားအဆုံး ပြည်သူများသည် ပိုမိုများပြားစွာ ဆန္ဒပြမှုများတွင် ပါဝင်လာကြသည်။ ဤမျှ ထုနှင့်ထည်နှင့် အုတ်အော်သောင်းနင်း ဆန္ဒပြမှုမျိုး ကြုံတွေ့ရလျှင် ကမ္ဘာ့မည်သည့်နေရာရှိ မည်သည့်အစိုးရမျိုးမဆို ပြိုကွဲပျက်စီးသွားပြီး ပဋိပက္ခ ဖြေရှင်း၍ရနိုင်သော လိုက်လျောမှုမျိုး ပြုလုပ်ရပေလိမ့်မည်။ သို့သော်လည်း သုတ်သင်ရေး အတွေးအခေါ်ကို အစစ်အမှန် ကိုင်တွယ်ထားသော မြန်မာစစ်တပ်သည် တလက်မမျှ ဆုတ်မပေးခဲ့ချေ။ လိုက်လျောမှုများ ပြုလုပ်မည့်အစား ယင်းတို့၏ လုံးဝဥဿုံ အာဏာဆုပ်ကိုင်ထားမှုအား စောဒကတက်မိသော ပြည်သူလူထုကို တပ်မတော်က အပြစ်ပေးဒဏ်ခတ်လေတော့သည်။

စက်တင်ဘာလ (၁၈) ရက်နေ့တွင် မြန်မာ့တပ်မတော်၏အကြီးအကဲ ဗိုလ်ချုပ်ကြီးစောမောင်၏ အခန်းကဏ္ဍ ရောက်လာသည်။ ဟန်ပြအာဏာသိမ်းပွဲဖြင့် ဒေါက်တာ မောင်မောင်ကို ဖယ်ရှားပစ်လိုက်သည်။ စစ်တပ်များကို ထပ်မံစေလွှတ်ပြန်သည်။ အကောင်းဆုံးဖွဲ့စည်းပုံဖြင့် လှုပ်ရှားရင်း စစ်တပ်သည် ပြည်သူတအုပ်စုပြီးတအုပ်စုကို မြက်ရိတ်သည့်ပမာ ရှင်းချသွားလေသည်။ ပြည်သူလူထုအမြောက်အမြား ထပ်မံသေကျေရပြန်သည်။ လတ်လတ်ဆတ်ဆတ်အသတ်ခံထားရသော လက်နက်မဲ့ မြန်မာအရပ်သား ထောင်ပေါင်းများစွာ၏ အလောင်းများအပေါ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟူသော စစ်အစိုးရတရပ်ကို ထူထောင်လိုက်လေသည်။ (၉) လခန့် ငြိမ်သက်သွားသော်လည်း သာသာယာယာကား မဟုတ်ချေ။

ကန့်ကွက်ဆန္ဒပြမှုများ၏ ထုထည်ပမာဏသာမက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအတိုင်းအတာသည်လည်း ၁၉၈၈ ခုနှစ် အရေးတော်ပုံကို ၁၉၆၂ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် အရေးအခင်းများမှ ကွဲပြားခြားနားစေပေသည်။ ယခင်က ကန့်ကွက်ဆန္ဒပြမှုများကို အနည်းနှင့်အများ ကျောင်းသားများကသာ ပြုလုပ်ခဲ့ကြသည်။ ယခုတကြိမ် လှုပ်ရှားမှုတွင်မူ ပြည်သူလူထုက လေးစားကြည်ညိုသည့် ထင်ရှားသော ခေါင်းဆောင်တချို့ ပါဝင်လာလေသည်။ ယင်းပုဂ္ဂိုလ်များသည် ဦးနေဝင်း၏ အမြင့်ဆုံး အာဏာပိုင်ဆိုင်မှုကို အတိအလင်း စိန်ခေါ်ခဲ့ကြသည်။ ဦးနေဝင်းနေရာတွင် သူ့ရုပ်သေးရုပ်များ ဖြစ်သည့် ဦးစိန်လွင်၊ ဒေါက်တာ မောင်မောင်နှင့် ယခုဗိုလ်ချုပ်ကြီးစောမောင်တို့က အပြောင်းအလဲ မြန်ဆန်စွာ အဆင့်ဆင့် ဆက်ခံခဲ့ကြရသည်။ ဩဂုတ်လ ကန့်ကွက်ဆန္ဒပြမှုတွင် ပထမဆုံး လူသိရှင်ကြား ထုတ်ဖော်ပြောကြားလာသူ မြန်မာနိုင်ငံ၏ နိုင်ငံ့ခေါင်းဆောင်ဟောင်းကြီးမှာ လွန်ခဲ့သည့် (၈) နှစ်က နိုင်ငံရပ်ခြားတွင် ခိုလှုံရာမှ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သူ ဦးနုဖြစ်







သည်။ အသက် (၈၀) ကျော်ပြီဖြစ်သော ယခင်ဝန်ကြီးချုပ်ဟောင်းက ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုသည် တရားမဝင်ဘဲ ယင်း၏ အစိုးရသည်သာလျှင် တရားဝင်တခုတည်းသော အစိုးရဖြစ်သည်ဟု ကြေညာလိုက်လေသည်။

သို့ရာတွင် ‘ဒီမိုကရေစီလှုပ်ရှားမှုကြီးမှနေ၍ လူကြိုက်အများဆုံး ခေါင်းဆောင်အဖြစ် ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ပေါ်ထွက်လာခြင်းသည် ပိုမို အရေးကြီးကောင်း ကြီးပေလိမ့်မည်’[၃၃] ဩဂုတ်လ (၂၆) ရက်နေ့တွင် ရွှေတိဂုံဘုရား၏ အနောက်ဘက်စောင်းတန်းမုခ်ဦးတွင် ပြုလုပ်သော လူထုစည်းဝေးပွဲကြီး၌ သူမ ပထမဆုံးအကြိမ် ပေါ်ထွက်လာသည့်အခါ ပြည်သူလူထု ထောင်သောင်းချီ၍ တက်ရောက်လာခဲ့ကြသည်။ အများစုမှာ ကျော်ကြားလှသော သူမ၏ ဖခင်ဖြစ်သူကြောင့် သူမကို လာရောက်ကြည့်ရှုလိုကြခြင်းဖြစ်သည်။ သို့သော်လည်း မကြောက်မရွံ့ရှိမှု၊ ဦးနေဝင်း၏ လူသတ်ရန် ဝန်မလေးသော စစ်သားများ၏ ခြိမ်းခြောက်မှုမှ မတွန့်မရွံ့မှု စသည့် သူမ၏ ကိုယ်ပိုင်အရည်အချင်း သက်သက်များကသာ သူမကို မကြာမီပင် ထင်ပေါ်ကျော်စောစေခဲ့လေသည်။

သူမ ရှိနေခြင်းကပင် ဦးနေဝင်းအတွက် ခြိမ်းခြောက်မှုတရပ်ဖြစ်နေခဲ့သည်။ ကျဆုံးသွားရှာသော တပ်မတော်၏ ဖခင်ထံမှ အယုံကြည်ရဆုံး ရဲဘော်ရဲဘက်တဦး[၃၄] အနေဖြင့် တပ်မတော်ကို လက်ပြောင်းအမွေဆက်ခံရယူခဲ့ရဟန် ဇာတ်လမ်း၊ လူကြားထဲ ပျံ့နှံ့နေစေရန် ၁၉၆၂ ခုနှစ်ကစ၍ ဦးနေဝင်းက ကြိုးစားခဲ့သည်။ ယခုအခါတွင်မူ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူကိုယ်တိုင်က ဦးနေဝင်းနှင့် သူ၏ တပါတီအာဏာရှင်စနစ်ကို အတိအလင်း စိန်ခေါ်လျက်ရှိနေလေပြီ။

စစ်ထောက်လှမ်းရေး အကြီးအကဲဖြစ်လာသူ ဗိုလ်မှူးကြီးခင်ညွန့်အနေဖြင့် သူမကို တန်ပြန်ချေဖျက်ရန်နှင့် တတိုင်းတပြည်လုံး ပေါ်ပေါက်လျက်ရှိသော လှုပ်ရှားမှုကြီးကို ဖယ်ရှားရှင်းလင်းပစ်ရန် တာဝန်ရှိလာလေသည်။ ဒေါ်အောင်ဆန်းစုကြည်၏ အရင်းနှီးဆုံး နောက်လိုက်တဦးမှာ ယခင်ရေတပ်မတော်မှ ဗိုလ်မှူးဟောင်းတဦးဖြစ်ပြီး ကျွန်တော်၏ မိတ်ဆွေဟောင်းနှင့် ရဲဘော်ဟောင်းတဦးဖြစ်သူ ဦးဘသော် (သို့မဟုတ်) မောင်သော်ကဖြစ်သည်။ ဩဂုတ်လ (၃၁) ရက်နေ့တွင် မောင်သော်ကသည် သူ၏ မိတ်ဆွေဖြစ်သူ ရောဝတီရေတပ်စခန်း တပ်မှူးဗိုလ်မှူးကြီး သန်းညွန့်ထံ ပုဂ္ဂိုလ်ရေးစာတစောင် အောက်ပါအတိုင်း ရေးခဲ့သည်။

“တပ်မတော်အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ရန်သူလိုသဘောထားပြီး လုပ်ကြံသတ်ဖြတ်ဖို့ အစီအစဉ်တွေ လုပ်နေတယ်။ အဲဒီအထဲမှာ ကိုယ်လဲ လူသတ်သမားတို့ရဲ့ ပစ်မှတ်တခု ဖြစ်နေတယ်”

မောင်သော်ကသည် နောက်တနှစ်အကြာတွင် အဖမ်းခံခဲ့ပြီး အလုပ်ကြမ်းနှင့်

အနှစ် (၂၀) ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။ ၁၉၉၁ ခုနှစ်တွင် သူသည် အင်းစိန်ထောင်အတွင်းတွင် သေဆုံးခဲ့လေသည်’[၁၅]

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် အယောင်ဆောင် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် တနိုင်ငံလုံးအနှံ့ ခရီးသွားပြီး လူထုအား တွေ့ဆုံခဲ့သည်။ သူမသွားလေရာတိုင်းတွင် သူမအား သူရဲကောင်းတဦးအဖြစ် ကြိုဆိုခဲ့ကြသည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလ (၅) ရက်နေ့တွင် ရန်ကုန်အနောက်တောင်ပိုင်းတွင်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ဓနုဖြူမြို့ကလေးသို့ သူမရောက်ရှိသွားခဲ့သည်။ သူမနှင့် လူတစု လမ်းတခုအတိုင်း လျှောက်လာခဲ့ရာတွင် စစ်တပ်မှ ဗိုလ်ကြီးမြင့်ဦးသည် သူ့တပ်နှင့်အတူ သူမကို ထိပ်တိုက်ရင်ဆိုင်လာခဲ့သည်။ ၎င်းအရာရှိက သူ့စစ်သားများအား သေနတ်ကို ကျည်ထိုး၍ သူမကိုချိန်ရွယ်ရန် အမိန့်ပေးလိုက်သည်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က သူ့မိတ်ဆွေရောင်းရင်းများအား လမ်းဘေးသို့ဆင်းရန် ပြောလိုက်ပြီး သူမတဦးတည်း သတ္တိရှိစွာ ရှေ့ဆက်တိုးသွားခဲ့သည်။ ကံကောင်းထောက်မစွာပင် ဗိုလ်မှူးတဦး ထိုအချင်းဖြစ်ပွားရာသို့ ရောက်ရှိလာပြီး ဗိုလ်ကြီးမြင့်ဦး ဆက်လက်မလုပ်ဆောင်နိုင်ရန် တားမြစ်ခဲ့သည်။ မည်သို့ပင်ဆိုစေ နဝတ၏ သဘောတူညီမှုအရသာ ဗိုလ်ကြီးမြင့်ဦးက ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။ သူသည် ရာထူးတိုးမြှင့်ခံခဲ့ရသည်။ ဗိုလ်မှူး၏ ကံကြမ္မာကိုမူ မသိရတော့ချေ။

အခြေအနေသည် တင်းမာလာခဲ့သည်။ ဧပြီလစောစောပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပသော နဝတ၏ သတင်းစာ ရှင်းလင်းပွဲတွင် (၇) ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာအတိုင်းဆိုရလျှင် ‘အခြေအမြစ် မရှိသူများ၏ မိုးလုံးပြည့် မုသာဝါဒများ’ နှင့် ပတ်သက်၍ ဗိုလ်ချုပ်ကြီးစောမောင်က ရှင်းလင်းပြခဲ့သည်။ ယင်းသို့သော ကောလာဟလတခုမှာ ဧပြီလ (၂) ရက်နေ့ထုတ် ဘန်ကောက်နေ့စဉ်ထုတ် ‘The Nation’ သတင်းစာတွင် ပါရှိသော သတင်းတပုဒ်ဖြစ်သည်။ ယင်းသတင်းက ‘နောက်ဆုံး ကောလဟလတခုမှာ တနင်္သာရီတိုင်းအတွင်းတွင် အစိုးရ၏ ဦးဆောင်မှုဖြင့် လူ (၃၀) ပါဝင်သော တပ်ဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊ ယင်းတပ်ဖွဲ့ကို ဒုတိယ ဂျူန်ဦးစောအုပ်စုဟု နာမည်ပေးထားပြီး လက်နက်အပြည့်တပ်ဆင်ထားကြောင်းနှင့် ယင်းတပ်ဖွဲ့၏ လုပ်ငန်းတာဝန်မှာ ဒေါ်အောင်ဆန်းစုကြည်ကို လုပ်ကြံသတ်ဖြတ်ရန် ဖြစ်ကြောင်း ဟူ၍ဖြစ်သည်’ ဟု ရေးသားထားသည်။ သူတို့၏ရည်ရွယ်ချက် အထမြောက်အောင်မြင်ပြီးပါက ၎င်းအုပ်စုသည် အချိန်အတန်ကြာ မြေအောက်ဝင်သွားရန်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ၊ ဒေါ်အောင်ဆန်းစုကြည်မှာမူ ပစ်ခတ်ခြင်း မခံခဲ့ရပေ။ သို့သော်လည်း ‘၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ရိပ်သာလမ်းရှိ သူမနေအိမ်ကို စစ်တပ်က ဝိုင်းလိုက်ပြီး သူမကို အကျယ်ချုပ်ချထားလိုက်တော့သည်။’[၁၆]







ဦးနေဝင်းနေထိုင်ရာ အင်းလျားကန်နံဘေး အခြားတဘက်ကမ်း၌ သူမ နေနေရပြီး ထိုနေရာသည် သူမ၏ဖခင်ကို လုပ်ကြံသတ်ဖြတ်ရန် ဂျူန်ဦးစောအုပ်စုက အစီအစဉ်ဆွဲ ဇာတ်တိုက်ခဲ့သည့်နေရာ အနီးတွင်ပင် ဖြစ်လေသည်။ သူမတည်ထောင်ခဲ့သော ပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဒု–ဥက္ကဋ္ဌသည်လည်း ဖမ်းဆီးခံခဲ့ရပြီး ထောင်ဒဏ်နှစ်ရှည်ကျသွားခဲ့သည်။ သူသည် ယခင်ကလည်း ထောင်ဒဏ်ကျခံခဲ့ရဖူးသည်။ ယင်းပုဂ္ဂိုလ်မှာ ၁၉၈၈–၈၉ ဒီမိုကရေစီအရေးတော်ပုံ၏ ရှေ့တန်းမှ ပေါ်ထွက်လာခဲ့သော တပ်မတော်၏ စစ်ဦးစီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးတင်ဦး ဖြစ်လေသည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ထိန်းသိမ်းခံလိုက်ရသော်လည်း သူမ၏ လူကြိုက်များ ရေပန်းစားမှုမှာ ကျဆင်းမသွားခဲ့ပေ။ သူမကို ဘေးဖယ်ထုတ်လိုက်ပြီးနောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလက အာဏာသိမ်းစဉ်က ကတိပေးခဲ့သည့်အတိုင်း အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးရန် စိတ်ချသွားရပြီဟု စစ်တပ်က တွေးထင်ခဲ့လေသည်။ သို့ဖြင့် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇) ရက်နေ့တွင် မြန်မာပြည်သူလူထုသည် ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြရသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၄၈၅) နေရာအနက် (၃၈၉) နေရာကို အံ့သြစရာ ကောင်းလောက်အောင် အနိုင်ရရှိခဲ့လေသည်။ မဆလတဖြစ်လဲ တစည (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ) သည် (၁၁) နေရာမျှသာ အနိုင်ရရှိခဲ့သည်။ ယင်းဆန္ဒမဲသည် ဦးနေဝင်းကို ဆန့်ကျင်ကြောင်းနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံကြောင်း ပြသလိုက်ပေသည်။

ပြည်သူလူထုက မိမိတို့၏အသံကို ထုတ်ဖော်ခဲ့သော်လည်း စစ်တပ်က နာခံရန် ငြင်းဆန်ခဲ့ပြန်လေသည်။ ပြည်သူ့လွှတ်တော်ကို ကျင်းပခြင်းမပြုခဲ့ပေ။ ထိုအစား ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ် (၆၀) ကျော်ကို ဖမ်းဆီးခဲ့ပြီး အများအပြားမှာ အသေးအဖွဲ စွဲချက်များဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းခံခဲ့ကြရသည်။ လွှတ်တော်ကိုယ်စားလှယ် (၁၀) ဦးခန့် ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။ ၎င်းထွက်ပြေးသွားသူများသည် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် အမျိုးသားညွန့်ပေါင်းအစိုးရကို ထူထောင်လိုက်ကြသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခံရသူ တဦးဖြစ်ပြီး ဦးအောင်ဆန်း၏ အကိုတော်သူ ဦးဘဝင်း၏ သားဖြစ်သူ ဒေါက်တာ စိန်ဝင်းက ယင်းအစိုးရအဖွဲ့ကို ဦးဆောင်ခဲ့လေသည်။ ဒီမိုကရေစီနည်းကျစွာ ရွေးချယ်ခြင်းခံရသော အစိုးရတရပ်က ရန်ကုန်မြို့တွင် အုပ်ချုပ်ရမည့်အစား ဦးနေဝင်း၏ လက်ဝေခံသား စစ်ထောက်လှမ်းရေးတပ်ဖွဲ့၏ အကြီးအကဲ ဗိုလ်မှူးကြီး ခင်ညွန့် နှစ်အနည်းငယ်အတွင်း အလျင်အမြန် ဩဇာအာဏာတက်လာသည်ကိုသာ ပြည်သူလူထုက မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ရလေသည်။ ၎င်း၏ သဘောထားတင်းမာသူ အုပ်စုဝင်များသည်လည်း နေရာ ပိုမိုခိုင်ခန့်လာခဲ့ကြသည်။

ဦးစော၏ သေနတ်သမားများ အတွင်းဝန်ရုံးအတွင်း ဝင်ရောက်ပြီး ဦးအောင်ဆန်းနှင့် သူ၏ လုပ်ဖော်ကိုင်ဘက်များကို လုပ်ကြံသတ်ဖြတ်ခဲ့သည်မှာ ယခုအခါ (၅၉) နှစ်ရှိလာခဲ့လေပြီ။ ဦးစောသည် အာဏာအတွက် သူ့ပြိုင်ဘက်များကို ရှင်းလင်းပစ်ခဲ့သည်။ သို့သော်လည်း ထိပ်ဆုံးခေါင်းဆောင်ကား သူကိုယ်တိုင်ဖြစ်မလာနိုင်ခဲ့ချေ။ သူ၏ အမွေမှာမူ ဆက်လက်ရှင်သန်နေဆဲပင်။ ဦးအောင်ဆန်းကို လုပ်ကြံသတ်ဖြတ်မှု ဖြစ်ပွားပြီးသည့်နောက်ပိုင်း သုတ်သင်ရေးနည်းကို ဦးနေဝင်းနှင့် သူ၏ အတွင်းစည်းရှိ နောက်လိုက်များက အောင်အောင်မြင်မြင် ကျင့်သုံးခဲ့လေသည်။ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လအတွင်း ကြမ္မာငင်သည့် ထိုနေ့တွင် အမျိုးသားခေါင်းဆောင်တဦး ကျဆုံးခဲ့ရရုံတင်မက တနိုင်ငံလုံး၏ ရိုးသားမြင့်မြတ်မှုနှင့် လက်တွေ့အသက်ဝင်လှုပ်ရှားနေသော ဒီမိုကရေစီစနစ်အပေါ်တွင် ထားရှိသည့် နိုင်ငံ၏ ဂုဏ်ယူဝင့်ကြွားမှုသည်လည်း အစိတ်စိတ်အမြွှာမြွှာ ပျက်ပြားကျန်ရစ်ခဲ့ရလေသည်။

ဦးနေဝင်းအနေဖြင့် လုပ်ကြံသတ်ဖြတ်မှုကို မစီမံ မကြံစည်ခဲ့လျှင်ပင် သူသည် ဦးစော၏ အစဉ်အလာအတိုင်း ထဲထဲဝင်ဝင် ကျင့်သုံး မင်းလုပ်အုပ်ချုပ်သူတဦးဖြစ်လေသည်။ ဦးအောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်ကမူ အသက် (၃၂) နှစ်အရွယ်တွင် သတ်ဖြတ်ခြင်းခံလိုက်ရ၍ ပြီးဆုံးအောင် မလုပ်ဆောင်သွားနိုင်ခဲ့သော အမျိုးသားသူရဲကောင်း၏အလုပ်ကို ဆက်လက်ဆောင်ကြဉ်းလုပ်ဆောင်ရန် ကြိုးစားခြင်းသာ ဖြစ်လေသည်။ မြန်မာနိုင်ငံအနေဖြင့် ယနေ့အခါသမယတွင် ငြိမ်းချမ်းသော ဒီမိုကရေစီစနစ်ကျသော သာယာဝပြောသော နိုင်ငံတနိုင်ငံအဖြစ် ရပ်တည်နေသင့်ပြီး၊ ယင်းသရုပ်သကန်၏ အမှတ်အသားအဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာအများစုက ရှုမြင်နေကြလေသည်။[၁၇] တနေ့နေ့တချိန်ချိန်၌ လွတ်လပ်သော ဒီမိုကရေစီ မြန်မာနိုင်ငံတော်တွင် ယင်းသို့သော စွမ်းရည်နှင့်ပြည့်စုံသည့် ခေါင်းဆောင်များ ပေါ်ထွက်လာမည်မှာ သေချာလှပါသည်။


ပိုမိုပျော်ရွှင်ဖွယ်ကောင်းသော အနာဂတ်နေ့များသို့ မျှော်မှန်းရင်း ထိုအချိန်တွင် ယင်းခေါင်းဆောင်ကောင်းများကို ထပ်မံလက်လွှတ် အဆုံးရှုံးခံ၍ မဖြစ်တော့ပေ။

❑ ❑ ❑ ❑ ❑





နန်းရင်းဝန်ဦးစောနှင့် အတွင်းဝန်ဦးတင်ထွဋ် ICS တို့ကို လန်ဒန်မြို့တော်တွင် ၁၉၄၁ ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများအတွင်း တွေ့ရပုံ။ ဗြိတိသျှအစိုးရ၏ ဖိတ်ကြားချက်အရ ဝန်ကြီးချုပ် ဝင်စတင်ချာချီနှင့် တခြားခေါင်းဆောင်များနှင့် စကားလက်ဆုံဆွေးနွေးခဲ့ကြသည်။



၁၉၄၈၊ မေလ (၈) ရက်နေ့၊ အင်းစိန်ထောင်တွင်း အရုဏ်တက်ချိန်တွင် ဦးစော ကွပ်မျက်ခံရချိန်နီး ကြိုးစင်ပေါ်တွင် တွေ့ရပုံ

# အခန်း (၇)
# ရလဒ်

'ဗိုလ်ချုပ်နှင့်အတူ အဖိုးတန်ခေါင်းဆောင်ကောင်းများ ကျွန်ုပ်တို့ကြားမှ ပျောက်ကွယ်သွားခဲ့လေပြီ။ သူရဲဘောကြောင်လှသော ရန်သူ၏ သားကောင်ဖြစ်ခဲ့ကြရသည့် ၎င်းတို့အားလုံးမှာ မြစ်ရေပြင်လွှာ၌ ဖြစ်ပေါ်လာသော ရေမြှုပ်ပမာ (သို့မဟုတ်) ရေပန်းပွားများမှ တဖန် ဖြစ်တည်အပ်သော ရေပူပေါင်းများပမာ အလားသဏ္ဌာန်တူလှ၏။ ကျွန်ုပ်တို့ ခံစားရသမျှကား ဥပမာအားဖြင့် နှိုင်းယှဉ်တိုင်းတာ၍ မရနိုင်ကောင်းတည့်။'

**(သခင်နု အသံလွှင့်မိန့်ခွန်း–၂၂ ဇူလိုင်လ၊ ၁၉၄၇)**

မြန်မာနိုင်ငံ၏ ထိပ်တန်းခေါင်းဆောင်များအား ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့၌ သတ်ဖြတ်ခဲ့သည့် ဦးစော၏ ရာဇဝတ်ပြစ်မှုကြောင့် ထို့အတွက် ပြစ်ဒဏ်ကျခံရမှုနှင့် ပတ်သက်၍ 'The Burma Bulletin' ၁ စာစောင်တွင် နှစ်ပေါင်းများစွာအကြာ ကျွန်တော် ဆောင်းပါးသုံးပုဒ်ရေးခဲ့ဖူးသည်။ ထိုဆောင်းပါးများကို "ပြုံးမယ်၊ ပြုံးမယ်– လူကြမ်းဖြစ်တယ်"၊ "တစ္ဆေ၊ ငှက်ပျောသီးနှင့် သံပရာရည်" နှင့် "ကျွန်တော့်အား လက်မှိုင်ချကာ နှုတ်ဆက်ပါ" ဟူ၍ ခေါင်းစဉ်တပ်ခဲ့၏။ ထိုဆောင်းပါးများက ကျွန်တော်အား အံ့ဩစရာ ကောင်းလောက်အောင် တုံ့ပြန်ကူညီမှုများ ရရှိစေခဲ့သဖြင့် ကျွန်တော့်အနေဖြင့် စာအုပ်ပုံစံ ရေးသားရာတွင် အထောက်အကူဖြစ်စေခဲ့ပေသည်။ စာအုပ်ဖြစ်လာသောအခါ၌လည်း စုံစမ်းမေးမြန်းမှုများ ဝေဖန်ချက်များ ရရှိခဲ့ပြန်ပါသည်။ ကျွန်ုပ်တို့ အမိမြေ၏ လွတ်လပ်ရေးမရမီ သွေးဖြင့် ပေးဆပ်ခဲ့ရသော ခေတ်သစ်သမိုင်းကို စိတ်ဝင်စားသူများအတွက် အချို့မှာ ပဟေဠိဆန်ဆန် စိတ်ဝင်စားဖွယ်ကောင်းလှသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် ထပ်မံစုဆောင်းမှုများ၊ ပြန်လည်ရှင်းလင်းချက်များ ချက်ချင်းပြုလုပ်ခဲ့ရပေသည်။





## ကောလာဟလပေါင်းချွေးခံ

ဘန်ကောက်၏ 'The Nation' သတင်းစာတွင် ပါရှိလာသည့် နာမည်ကျော် စာရေးဆရာ မယ်ယာဒူးဗွိုက်စ် (Mair Dubois) ၏ ကျွန်တော့်စာအုပ်အပေါ် ကောက်နုတ်သုံးသပ်ချက်မှာ အသေးစိတ်ကျပြီး အတွေးအခေါ် နက်နဲလှပေသည်။ သို့သော်လည်း သူသည် မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား စာရေးဆရာများ ရေးသားမှုအချို့ပေါ်တွင်သာ သူ၏တွေးခေါ်မှုကို အခြေစိုက်ထားပေသည်။ အထူးသဖြင့် ဦးထွန်းလှအောင် ပါဝင်ခဲ့ရသည့်အခန်းကဏ္ဍနှင့် ပတ်သက်၍ အငြိမ်းစားဗိုလ်မှူးချုပ်ဟောင်း ဦးမောင်မောင်ရေးသားသော "မြန်မာ့အမျိုးသားရေးလှုပ်ရှားမှုများ (၁၉၄၀–၁၉၄၈)" '(Burmese Nationalist Movements (1940-1948)' ကို အစစ်အမှန် အရင်းခံအဖြစ် ကိုးကားထားလေသည်။ မယ်ယာဒူးဗွိုက်စ်က ယင်းစာအုပ်ပါ အောက်ပါစာပိုဒ်များကို ကိုးကားထားသည်။

စာမျက်နှာ (၃၁၇) ..."ဝန်ကြီးအဖွဲ့ခန်းမမှာ ဦးအောင်ဆန်း၏ ကိုယ်ပိုင်အခန်းဖြစ်ပြီး မြန်မာ့ရဲတပ်ဖွဲ့၏ ရာဇဝတ်မှုခင်း စုံစမ်းထောက်လှမ်းရေးဌာန အကြီးအကဲ ဒုတိယရဲဗိုလ်ချုပ် ရုံးခန်း၏အပေါ်တည့်တည့် အထပ်တွင်ရှိသည်။ လုပ်ကြံမှုဖြစ်ပွားချိန်က ဥရောပစစ်အရာရှိ (၂) ဦး၊ ဒုတိယ ရဲဗိုလ်ချုပ် (စီအိုင်ဒီ) အခန်းတွင် ရှိနေကြပြီး ပစ်ခတ်မှုများ ဖြစ်ပွားပြီးပြီးချင်း ၎င်းတို့နှစ်ဦး ဂျစ်ကားတစီးဖြင့် မောင်းထွက်သွားခဲ့ကြသည်ဟု နောက်တရက်နေ့ထုတ် သတင်းစာများက ရေးသားခဲ့ကြသည်။ နောက်ပိုင်းတွင် ၎င်းတို့နှစ်ဦးမှာ မြန်မာ့စစ်ဦးစီးဌာနမှ တောင်ပိုင်းခရိုင်၊ စစ်ဦးစီးမှူး–ဗိုလ်မှူးချုပ်နက်ရှ် (Brig Nash) နှင့် မြန်မာ့စစ်ဦးစီးဌာနချုပ်မှ ထောက်လှမ်းရေးစစ်ဦးစီး ဗိုလ်မှူးချုပ်–ဗိုလ်မှူးချုပ်နိုက် (Brig Knight) တို့ဖြစ်ကြောင်း သိရှိရသည်"

စာမျက်နှာ (၃၂၁)..."အံ့ဩစရာကောင်းသည့်အချက်မှာ စီအိုင်ဒီအကြီးအကဲအနေဖြင့် ဘာဖြစ်နေသည်ကို သိရှိနေပြီး အခင်းဖြစ်ပွားပြီးပြီးချင်း မည်သူ့ကို ဖမ်းဆီးရမည်ကို သိရှိနေသည့်အချက်ဖြစ်သည်။ မှုခင်းစုံစမ်းထောက်လှမ်းရေးဌာန (စီအိုင်ဒီ) အကြီးအကဲ၊ ဒုတိယရဲဗိုလ်ချုပ် ဦးထွန်းလှအောင်အနေဖြင့် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားပြီးမိနစ်ပိုင်းအတွင်းမှာပင် ရဲဗိုလ်ချုပ် (IGP) ကို ဗိုလ်ချုပ်အောင်ဆန်းအခန်းထဲသို့ ခေါ်ဆောင်သွားခဲ့ပြီး နေ့မကုန်မီမှာပင် ရဲတပ်ဖွဲ့တဖွဲ့ကို ဦးဆောင်၍ ဦးစောခြံဝင်းသို့ သွားခဲ့သည်။ (ယင်းတပ်ဖွဲ့မှာ BAPS ခေါ် ပြည်သူ့ရဲဘော် တပ်ဖွဲ့ဝင်များနှင့် ဖွဲ့စည်းထားသော အရန်စစ်တပ်အဖွဲ့ဖြစ်ပြီး စစ်မဖြစ်မီက ဗြိတိသျှ ရဲဂျီးမင့် (တပ်) မှ ဗြိတိသျှအရာရှိများ ဦးဆောင်ပြီး ပန်ဂျပ်နှင့် နယ်စပ်ဒေသများမှ အိန္ဒိယ မူဆလင်များနှင့်သာ ဖွဲ့စည်းထား



သည့် BMP ခေါ် ဗမာစစ်ပုလိပ်အဖွဲ့ကို အစားထိုး ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်သည်"

စာမျက်နှာ (၃၃၉)၊ မှတ်ချက် (၁၂၃) ..."လူသတ်သမားများ အတွင်းဝန်ရုံး အဆောက်အအုံတွင်းမှ ထွက်ခွာသွားပြီး မိနစ်အနည်းငယ်ကြာပြီးနောက် (စီအိုင်ဒီ အကြီးအကဲ၊ ဒုတိယရဲဗိုလ်ချုပ် ဦးထွန်းလှအောင်သည် သူ့အခန်းမှ ရဲဗိုလ်ချုပ်အခန်းသို့ ကူးသွားပြီး အပေါ်ထပ်အခန်းမှ ရုတ်ရုတ်သဲသဲအသံကြားရကြောင်းနှင့် သွားကြည့်ရှုသင့်ကြောင်း ပြောဆို၍ အပေါ်ထပ်တက်သွားခဲ့ရာ အဖြစ်ဆိုးကြီးကို တွေ့မြင်ခဲ့ရခြင်းဖြစ်သည်"

ဤသို့ အထက်တွင် ဆက်စပ်တင်ပြခဲ့သည့် ဖြစ်စဉ်များတွင် ပါရှိခဲ့သော ကျွန်ုပ်ဖခင်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ ရေးသားပြောဆိုမှုများကို ကျွန်တော့်အနေဖြင့် အလေးတမူ ပြန်လည်မတုံ့ပြန်ခဲ့ကြောင်း မယ်ယာဒူးဗိုက် (စ်) က ရေးသားဖော်ပြခဲ့သည်။ ရည်ညွှန်းချက်များမှာ ရန်ကုန်ထုတ် သတင်းစာများမှ သတင်းများအပေါ် အခြေခံထားပုံရလေသည်။ လုပ်ကြံသတ်ဖြတ်မှုဖြစ်ပွားပြီး နောက်တရက်တွင် ပုံနှိပ်ဖော်ပြခဲ့သော ဥရောပ အရာရှိ (၂) ဦး သတင်းကို ရည်ညွှန်းထားကြောင်း ဝန်ခံမှု ပြုထားလေသည်။ ထိုသို့ အုတ်အော်သောင်းတင်းဖြစ်နေသော အချိန်တွင် ကျွန်တော်စုဆောင်းရရှိထားသော သတင်းများမှာ အဖြစ်မှန်များနှင့် လုပ်ကြံသတင်းများ ရောထွေးနေသည်။ လုပ်ကြံသတ်ဖြတ်မှုကို နယ်ချဲ့ဗြိတိသျှတို့က ကြံစည်ခဲ့ခြင်းဖြစ်သည်။ [၂] မြန်မာ့နိုင်ငံရေးသမားများမှာ နယ်ချဲ့ဗြိတိသျှတို့၏ ထင်သလို ခြယ်လှယ်အသုံးချမှုကို ခံခဲ့ရသည်။ ဒေသခံ မြန်မာအမျိုးသားပဋိညာဉ်ခံ ဝန်ထမ်းများမှာ သူတို့၏ (အထက်အရာရှိ+ဆရာသမား) ဗြိတိသျှတို့အပေါ် ယိမ်းယိုင်မှုအတွက် အပြစ်ဆိုဖွယ်ရာဖြစ်သည်...စသည်တို့မှာ လူထုအကြား ထင်ရှားသည့် ယူဆချက်များ ဖြစ်နေခဲ့သည်။ ဤယူဆချက် သုံးချက်အပေါ် ဝေဖန်တိုက်ခိုက်ရာတွင် လက်ျာသမားများထက် လက်ဝဲသမားများက ပိုမိုပြင်းထန်စွာ တိုက်ခိုက်သည်။ ကွန်မြူနစ် နေ့စဉ်သတင်းစာမှ ရေးသားတိုက်ခိုက်မှုမှာ အပြင်းထန်ဆုံးဖြစ်လေသည်။ ယင်းသို့လျှင် အပိုင်အနိုင်ရေးသားပြောဆိုမှုများမှာ လုပ်ကြံသတ်ဖြတ်မှုကြီး ပြီးပြီးချင်းပင် ပိုမိုဆိုးရွားလာပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်လာသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့ နံနက်ခင်း အလယ်ခန့်တွင် ဂျူနီတပ်ဖွဲ့ဝင် လူသတ်သမား (၄) ယောက်သည် ဝန်ကြီးများကောင်စီခန်းမအတွင်းသို့ အတင်းဝင်ရောက်ပြီး အခန်းတွင်းရှိ သူများအား သူတို့ကိုင်ဆောင်လာသော အော်တိုမက်တစ် သေနတ်များဖြင့် စက္ကန့် (၃၀) ခန့်ကြာ ပစ်ခတ်ခဲ့ကြသည်။ သေနတ်ပစ်သံများမှာ အဆောက်အအုံတခု ပြိုကျသွားသကဲ့သို့ လည်းကောင်း၊ လက်ပစ်ဗုံး ဒါဇင်ပေါင်းများစွာ ပေါက်ကွဲသကဲ့သို့လည်းကောင်း၊ ပြောင်းကျယ် အော်တိုမက်တစ်လက်နက်ကြီးများ ပစ်ခတ်သကဲ့သို့ လည်းကောင်း အလားသဏ္ဌာန်တူလှသည်။

ကပ်လျက်အခန်းကား ဗိုလ်ချုပ်၏ ကိုယ်ရေးလက်ထောက် ဗိုလ်ထွန်းလှ၏အခန်း







ဖြစ်ပြီး ထိုအချိန်တွင် ညွှ့်သည်ဖြစ်သူ ဗမာ့စစ်ဦးစီးဌာနချုပ် ဦးစီးဗိုလ်ချုပ် (General Officer Commanding Burma Command) ၏ ကိုယ်ရံတော် (aide-de-camp) ဗိုလ်သန်းဝင်းနှင့် စကားပြောလျက်ရှိသည်။ သေနတ်များ ပစ်ခတ်သည်နှင့် သူတို့ကြမ်းပြင်တွင် ဝပ်နေခဲ့ကြသော်လည်း မကြာခင် ပြန်ထကြပြီး ဗိုလ်ထွန်းလှသည် စည်းဝေးခန်းမကြီးအတွင်းသို့ အပြေးဝင်ရောက်ခဲ့သည်။ သူသည် ပထမဆုံး ရောက်ရှိလာသူဖြစ်သည်။ (အခန်း ၁၊ စာမျက်နှာ ၄၆)။ လက်နက်ကိုင် လူသတ်သမားများ လှေကားပေါ် တက်လာသည်ကို မြင်လိုက်ရသော အစိုးရအမှုဆောင်အဖွဲ့၏ လက်ထောက်အတွင်းရေးမှူးဖြစ်သူ ဦးတင်အုံးသည် ထိုခန်းမသို့ နောက်ထပ်ဝင်ရောက်လာသူဖြစ်သည်။

ထိုနေ့၊ စနေနေ့ နံနက် (၉) နာရီမှ စတင်၍ ဤအဆောက်အအုံအတွင်းတွင်ပင် မြန်မာနိုင်ငံ ရဲဗိုလ်ချုပ် ဦးဘမောင်သည် အဆင့်မြင့် မြို့ပြရဲအရာရှိများ အစည်းအဝေးကို ကြီးကြပ်ပြုလုပ်လျက်ရှိသည်။ ရန်ကုန်မြို့တော် ရဲမင်းကြီး ဦးအောင်ချိန်နှင့် ဒုတိယ ရဲဗိုလ်ချုပ် ဦးထွန်းလှအောင်တို့လည်း ထိုအစည်းအဝေးသို့ တက်ရောက်လျက်ရှိသည်။ [၃] သူတို့သည်လည်း ပေါက်ကွဲမှုများကြောင့် ထိတ်လန့်ချောက်ချားသွားကြသည်။ ယင်းပေါက်ကွဲမှုကို သက်သေထွက်ဆိုရာတွင် ရန်ကုန်မြို့ရဲမင်းကြီးက အုတ်များ ပြိုကျသံကဲ့သို့လည်းကောင်း၊ ကျွန်ုပ်၏ ဖခင်က အုံးအုံးကွက်ကွက်ဆူညံသံများအဖြစ်လည်းကောင်း ထင်မြင်ခဲ့ကြသည်။ သို့ဖြင့် ထိုနေ့အစည်းအဝေးသည် တန့်သွားခဲ့သည်။

ရဲတပ်ဖွဲ့၏ ရုံးခန်းများသည် နှစ်ထပ်အဆောက်အအုံဖြစ်သော အတွင်းဝန်ရုံး၏ အရှေ့ဘက်အဆောင်တွင် တည်ရှိသည်။ အစိုးရရုံးခန်းများမှာမူ အရှေ့၊ အနောက်နှင့် တောင်ဘက်တို့တွင် ဆက်စပ်တည်ရှိနေသော အဆောက်အအုံများအတွင်း နေရာယူထားကြပြီး၊ မြောက်ဘက်တွင် အဆောင်သေးတခုသာရှိသည်။ ယင်းမြောက်ဘက်အဆောင်သည် (ထိုအချိန်က ရေတပ်မှ ယာယီတောင်းယူတပ်စွဲထားသော) စိန့်ပေါလ် (St. Paul's) ကျောင်းကို မျက်နှာမူလျက်ရှိပြီး လေးထောင့်ပုံ၊ အတွင်းဝန်ရုံး အဆောက်အအုံ၏ စတုတ္ထမြောက် မျက်နှာစာဖြစ်လျက်ရှိပေသည်။ အရှေ့ဘက်အဆောင် မြေညီထပ်တွင်ရှိသော မြန်မာနိုင်ငံ ရဲဗိုလ်ချုပ်ရုံးခန်းမှာမူ ဗိုလ်ချုပ်၏အခန်းနှင့် တည့်တည့်ဆန့်ကျင်ဘက်တွင်ရှိသည်။ အနောက်ဘက်အဆောင် ပထမထပ်တွင်ရှိသော ဗိုလ်ချုပ်၏အခန်းသည် ဖြုတ်၍တပ်၍ရသော နံရံအရှင်များရှိပြီး အစိုးရအမှုဆောင်အဖွဲ့ ခန်းမအဖြစ် တိုးချဲ့အသုံးချ၍ရသည်။

အထူးခုံရုံးက သက်သေများကို ကြားနာမှု စတင်လျှင် စတင်ချင်းပင် ဤအမှုကြီး၏ တရားဝင်တိုင်တန်းသူဖြစ်သော ရန်ကုန်မြို့တော် ရဲမင်းကြီး ဦးအောင်ချိန်သည် တရားလိုဘက်မှ ပထမဆုံး စတင်သက်သေခံသူဖြစ်လာသည်။ သူသည် မြန်မာနိုင်ငံ ရဲဗိုလ်ချုပ်ရုံးခန်းမှ အနောက်ဘက်အဆောင်သို့ လမ်းလျှောက်လာခဲ့ပြီး ကောင်စီခန်းမသို့ ရောက်သောအခါ ဗိုလ်ထွန်းလှနှင့် ဦးတင်အုံးတို့ကို ယင်းနေရာတွင် တွေ့ခဲ့ရကြောင်း သူက

သက်သေခံထွက်ဆိုခဲ့သည်။

ဦးထွန်းလှအောင်သည် တရားလိုပြသက်သေအမှတ် (၃၈) ဖြစ်သည်။ သူသည် ဖျတ်လတ်သွက်လက်သူအဖြစ် လူသိများပြား ထင်ပေါ်ကျော်ကြားသူဖြစ်သည်။ သူသည် အနောက်တောင်ဘက်ထွက်ပေါက်မှ စပတ်လမ်းသို့ ကားမောင်းထွက်ခွာပြီး အနောက်ဘက်ပိုင်းသို့သွားကာ တွေ့သမျှလူအပေါင်းကို မေးမြန်းတော့သည်။ မေးမြန်း၍ ခရီးမရောက်သည့်အခါ သူသည် အနောက်မြောက်ဘက်ဂိတ်မှ ပြန်လာခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံတော် ရဲဗိုလ်ချုပ် ဦးဘမောင်အနေဖြင့် ပစ်ခတ်မှုများနှင့် ပတ်သက်၍ သိရှိနှင့်ပြီးဖြစ်နေကာ ဦးထွန်းလှအောင် ပြန်ရောက်ရောက်ချင်း သူက ထိုသတင်းကို ပြောပြလိုက်သည်။ ထို့နောက် သူတို့နှစ်ယောက်လုံး သတ်ဖြတ်မှု အချင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းသွားခဲ့ကြသည်။ ထို့နောက် အတွင်းဝန်ချုပ် (Chief Secretary) ဦးကာစီ၏ ရုံးခန်းသို့ ဆက်လက်သွားကြကာ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကို အသိပေးခဲ့ကြသည်။ ဦးထွန်းလှအောင်အနေဖြင့် ဦးကာစီနှင့် စကားပြောနေဆဲမှာပင် ကပ္ပတိန်ခန်းထံမှ တယ်လီဖုန်းအခေါ်ဝင်လာသည်။ ကပ္ပတိန်ခန်းအား အတွင်းဝန်များရုံးသို့လာရန် ပြောလိုက်သဖြင့် ၎င်းသည် နာရီဝက်အတွင်း ရောက်ရှိလာပြီး စီအိုင်ဒီအကြီးအကဲအား သူကိုယ်တိုင်အစီရင်ခံလေတော့သည်။

ဦးမောင်မောင်က သူ့စာအုပ်ထဲတွင် ဖော်ပြခဲ့သော ဥရောပတိုက်သား စစ်တပ်အရာရှိ (၂) ဦးမှာ မြန်မာ့စစ်ဦးစီးရုံး၊ မြန်မာပြည်တောင်ပိုင်းခရိုင်ဒေသ တပ်မင်းဖြစ်သူ ဗိုလ်မှူးချုပ် 'နက် (ရှ်) နှင့် မြန်မာ့စစ်ဦးစီးဌာနချုပ်ရုံး စစ်ဦးစီး (ထောက်လှမ်းရေး) ဗိုလ်မှူးချုပ်ဖြစ်သူ 'နိုက်' တို့အဖြစ် ထုတ်ဖော်သိရှိခဲ့ရသည်။ သူတို့သည် ပစ်ခတ်မှုများဖြစ်ပြီးပြီးချင်း ဂျစ်ကားတစီးဖြင့် မောင်းထွက်သွားခဲ့ကြသည်။ အာဇာနည်နေ့ ပတ်ဝန်းကျင်လောက်တွင် ထုတ်ဝေသော စစ်အာဏာပိုင်တို့၏ သတင်းစာများက တိုက်တိုက်ဆိုင်ဆိုင် မကြာခဏဆိုသလို စာမျက်နှာ (၃၁၇) တွင် ပါရှိသော ဤအလယ်စာပိုဒ်ကို ကိုးကားဖော်ပြလေ့ရှိသည်။[၅] စာရေးသူက ဤအကြောင်းအရာကို ရည်ညွှန်းဖော်ပြခဲ့သော စာမျက်နှာ (၃၃၉) ရှိ မှတ်စု အမှတ် (၁၂၅) ကို ကိုးကားလျှင်လည်း ဆီလျော်ပေလိမ့်မည်။

("ဗိုလ်မှူးချုပ် နက် (ရှ်) မှာ အစိုးရအိမ်တော်အတွင်းရှိ ဘုရင်ခံ၏ လက်အောက်ခံကိုယ်ပိုင်အတွင်းဝန်အဖွဲ့မှ အတွင်းဝန်ချုပ်ဖြစ်သူ ပီဂျီအီးနက် (ရှ်) (P.G. E Nash) (အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း– ICS) ၏ အကိုတော်သူဖြစ်သည်။ ဇူလိုင်လ (၂၈) ရက်နေ့စွဲဖြင့် ပေးပို့သော ကြေးနန်းအမှတ် (၃၁၃) (Telm.Gvr-SSB, No. 313) စာပိုဒ် (၆) တွင်... ဇူလိုင်လ (၁၈) ရက်နေ့တွင် ကျွန်ုပ်သည် ဖိလစ် (ရှ်) တက်ရောက်နေသော ဆေးရုံသို့ အလည်သွားရောက်ခဲ့ရာ သူ့အနေဖြင့် လက်နက်အများ ပျောက်ဆုံးနေမှုကို သိရှိနေကြောင်း တွေ့ရှိခဲ့ရသည်။ သူက ဦးစော၏ ဘန်ဂလိုကို ညအချိန်တွင် စစ်မြေပြင်သုံး မှန်







ပြောင်းများဖြင့် စောင့်ကြည့်နေခဲ့ရာ ဦးစောသည် လူ (၄၊ ၅) ဦးနှင့်အတူ လှေတစီးဖြင့် အကြိမ်အတော်များများ မသင်္ကာဖွယ်ရာ အင်းလျားကန်အတွင်း သွားလာနေသည်ကို တွေ့ရှိခဲ့ရကြောင်း သတင်းများ ကျွန်ုပ်အား ထပ်မံပြောပြခဲ့သည်။ ဦးစောအနေဖြင့် ကောင်းကောင်းမွန်မွန် အမြဲဝတ်စားဆင်ယင်ထားတတ်ရာ သူ့ဝါသနာအရ မိန်းမမှုပေပဲလားဟု ယူဆခဲ့သည်။ စစ်တပ်အရာရှိများအနေဖြင့် ဦးစောသည် လက်နက်အမြောက်အမြား စုဆောင်းနေခဲ့ကြောင်း ယုံကြည်နေကြသည့်အချက်ကို နက် (ရှ်) က ဟန့် (Lt.Col. Hunt) ကို သတိပေးခဲ့ရသေးသည်။ 'ဟန့်' ဆိုသည်မှာ မြန်မာစစ်ဦးစီးဌာနချုပ်၊ ကာကွယ်ရေးဌာန၊ လုံခြုံရေးအရာရှိ ဒု–ဗိုလ်မှူးကြီးတဦးဖြစ်သည်။ ဤသည်မှာ လုပ်ကြံသတ်ဖြတ်မှုတကယ်မဖြစ်ပွားမီအချိန်ကဖြစ်သည်။ 'ဟန့်'သည် စစ်မဖြစ်မီက ရန်ကုန်တွင် စီးပွားရေးလုပ်ငန်းတခု၌ အလုပ်လုပ်ကိုင်ခဲ့ဖူးသူဖြစ်ပြီး ဦးစော၏စိတ်အထာကို သိရှိခဲ့သူဖြစ်သည်။ ဒုတိယရဲဗိုလ်ချုပ် (စီအိုင်ဒီ) ကလည်း သူ့အား ကန်ကိုဖြတ်၍ ဦးစောအိမ်ကို ထောက်လှမ်းစောင့်ကြည့်ခိုင်းထားခဲ့သည်။ ဦးစော၏အမှုတွင် စီအိုင်ဒီရဲတပ်ဖွဲ့၏ သက်သေထွက်ဆိုချက်ကိုကြည့်ပါ။)"

သတ်ဖြတ်မှုဖြစ်ပွားနေချိန်တွင် အစိုးရအမှုဆောင်အဖွဲ့ခန်းမအောက်တွင် ရှိသောရုံးခန်းတွင် ဆာဟူးဘတ်စ်ရန်နှ်၏ လက်ထောက်အတွင်းဝန်ဖြစ်သူ 'ဆာနစ်လေမိုအာ (Sir Nick Larmour)'[၅] သည် အလုပ်လုပ်နေခဲ့ကြောင်း သိရသည်။ ဤသည်က ကျွန်ုပ်တို့အား 'ဖိလစ်နက် (ရှ်)'[၆] ၏ အခြားထွက်ဆိုချက်တခုကို အာရုံရောက်သွားစေခဲ့သည်။ ယင်းထွက်ဆိုချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ဤမနှစ်မြို့ဖွယ် အဖြစ်အပျက်သတင်း၏ အခြားရှုထောင့်တခုမှာ လုပ်ကြံမှုမဖြစ်ပွားမီ တပတ်အလိုလောက်၌ အစိုးရအမှုဆောင်အဖွဲ့တွင် အစည်းအဝေးရှိနေခိုက် အမှုဆောင်ခန်းမသို့ တက်ရောက်သွားသော လေကားအဝင်တံခါးဝ၌ မြန်မာရဲတပ်ဖွဲ့နှင့် တွဲဖက်၍ တာဝန်ချပေးထားသော ဗြိတိသျှအရာရှိနှစ်ဦးကို တာဝန်ချထားခဲ့ခြင်းပင် ဖြစ်သည်။ ဤသည်မှာ မြန်မာလူမျိုး ရဲတပ်ဖွဲ့ဝင်တို့၏ ဂုဏ်သိက္ခာကို ထိခိုက်စေသဖြင့် ၎င်းအရာရှိများကို ပြန်လည်ရုပ်သိမ်းပေးခဲ့ရသည်။ သို့ဖြစ်လေရာ (၁၉) ရက်နေ့က ၎င်းအရာရှိများသာ တာဝန်ချထားသည့်နေရာတွင် ရှိနေခဲ့သော် မည်သို့ဖြစ်ပျက်နိုင်သည်ကို ခန့်မှန်းတွက်ဆကြည့်၍ရပေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လက်နက်များ ကိုင်ဆောင်ထားကြပြီး မသင်္ကာဖွယ်ရာ လူသတ်သမားများ ဝတ်ဆင်ထားကြသော စစ်တပ်ယူနီဖောင်းအဟောင်းများကြောင့် လွယ်လွယ်နှင့် ကျော်ဖြတ်ခွင့်ပေးလိမ့်မည်မဟုတ်ချေ။"

ဇူလိုင်လ (၁၉) ရက်နေ့၊ ညနေ (၄) နာရီ (၂၅) မိနစ်တွင် 'ဆာဂီးလ်ဘတ်လိတ်ဝိတ်' (Sir Gilbert Laithwaite) ထံသို့ ယာယီဘုရင်ခံ၏ အတွင်းဝန် 'ဆာဒဗလျူဒီ ဖောင်လာ' (R.W.D. Fowler) ပေးပို့သော ကြေးနန်းစာတွင် ပါရှိသည့် အချက်အလက်များနှင့် ဖိလစ်

နက် (ရှ) ပြောဆိုချက်များမှာ ကွဲလွဲဆန့်ကျင်လျက်ရှိသည်။ (စာမျက်နှာ–၂၆၈ စာတွဲ၊ ပူးတွဲ စာမျက်နှာ –၂၃၀)။ ‘ဖောင်လာ’၏ သတင်းပေးပို့ချက်တွင် မတိကျ မမှန်ကန်မှုများ ပြည့်နှက်လျက်ရှိပြီး လူသတ်သမားများ စီးနင်းလာသော ဂျစ်ကားတွင် အမှတ် (၁၂) စစ်တပ်၏ အမှတ်အသားများ ပါရှိသည်ဟု သူက ပြောဆိုခဲ့သည်။ သို့သော်လည်း အစိုးရ အမှုဆောင်အဖွဲ့ခန်းမ၏ တံခါးဝအပြင်ဘက်တွင် တာဝန်ယူစောင့်ကြပ်နေကြသော လက်နက်ကိုင် ပြည်သူ့ရဲဘော်များမှာ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရကြပြီး ၎င်းလူသတ်သမားများကို အမှတ် (၄) ဗမာ့သေနတ်ကိုင်တပ်မှ တပ်ဖွဲ့ဝင်များအဖြစ် သူတို့က မှတ်သားမိလိုက်ကြသည်။ ထိုနေ့က အစိုးရအမှုဆောင်အဖွဲ့ခန်းမ၏ တံခါးပေါက်၌ ရပ်နေခဲ့သော ရုံးလုလင်သောင်းစိန်သည် တောစိမ်းရောင် ဘောင်းဘီရှည် ဝတ်ဆင်ထားခဲ့သည်။ ဦးရာဇတ်၏ ငယ်ရွယ်နုပျိုသော ကိုယ်ရံတော် ကိုထွေးသည် သေနတ်ပစ်ခတ်သံများ ကြားသည်နှင့် ကပ်လျက်အခန်းမှ ပြေးထွက်လာခြင်းကြောင့် သေနတ်ပစ်ခံလိုက်ရခြင်းဖြစ်သည်။ သူသည် စစ်တပ်ပုံစံ ယူနီဖောင်းကို ဝတ်ဆင်ထားပြီး ထိုအချိန်က ပစ္စတိုသေနတ် ကိုင်ထားခဲ့ပုံရသည့်အတွက် ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်များနှင့် အထင်အမှားခံလိုက်ရခြင်းဖြစ်ပေလိမ့်မည်။ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်မှာ ဗိုလ်နေဝင်း၏ တပ်ရင်းဖြစ်သည်။

ကြမ္မာဆိုးဝင်သည့် ထိုနေ့က လုံခြုံရေးလျော့ရဲနေသည်မှာတော့ ငြင်း၍မရချေ။ အခြားရုံးတက်ရက်များနှင့်တူသော်လည်း နေ့တဝက်ရုံးပိတ်ရက်ရသည်ဟု ကျွန်ုပ်တို့ ပြောလေ့ရှိသော စနေနေ့တွင် လုံခြုံရေးမှာလည်း လျော့ရဲနေခြင်းဖြစ်ပေလိမ့်မည်။ သို့သော် အရာရာမှာ သာမန်ပုံမှန်အတိုင်းဖြစ်သည်။ ဘုရင်ခံ၏ အမှုဆောင်အဖွဲ့အစည်းအဝေး ကျင်းပနေချိန်တွင် အမှုဆောင်ခန်းမသို့ တက်ရာ လှေကားရင်းတွင် ဗြိတိသျှ စစ်တပ်မှ အရာရှိများအား တာဝန်ချထားခြင်းမှာလည်း အဓိကအားဖြင့် အဆောင်အယောင်သဘောမျိုးသာ ဖြစ်ပေလိမ့်မည်။ ဗိုလ်ချုပ်၏ ရုံးခန်းသို့ ချဉ်းကပ်ရန် အခြားနည်းလမ်းများ အများအပြား ရှိသေးသည်။ မြန်မာလူမျိုးတို့ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အတွက်ကြောင့် နိုင်ငံခြားသား အစောင့်အကြပ်များကို ဖယ်ရှားစေခဲ့သည်ဆိုသည်မှာ မှန်ကန်ကောင်း မှန်ကန်လိမ့်မည်ဖြစ်သော်ငြားလည်း အတွင်းဝန်ရုံးဝင်းအတွင်း လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ရဲတပ်ဖွဲ့တဖွဲ့ တာဝန်အမြဲချထားခြင်းမှာ ထုံးတမ်းအစဉ်အလာ ဖြစ်သည်ဟု ယုံကြည်ရပေသည်။

သေနတ်သံများ ထွက်ပေါ်လာသည်နှင့် လူသတ်သမားများ၏ ဂျစ်ကားကို ထွက်ပြေးရာတွင် အဆင်သင့်ဖြစ်နေစေရန်အတွက် ကားမောင်းသူက လှေကားခြေရင်းနားသို့ မောင်းရွှေ့ထားသည်ကို ရဲတဦးက ထိုနေရာမှ ဆက်လက်ရွှေ့သွားစေရန် ကားမောင်းသူကို ပြောခဲ့သော်လည်း ကားမောင်းသူက ရွှေ့မပေးခဲ့ဟု သိရှိရသည်။ အချို့အမှုဆောင်







ကောင်စီဝင်များတွင် အထူးအရာရှိများ သက်တော်စောင့်များရှိကြပြီး ဗိုလ်ထွန်းလှနှင့် ကိုထွေးတို့မှာ ထိုအချိန်က အနီးအနားတွင် ရှိနေခဲ့ကြသည်။ ဤသို့သော ကြိုတင်သတိထား လုပ်ဆောင်မှုအချို့ ရှိပင်ရှိငြားသော်လည်း အားလုံးချုပ်ကြည့်လိုက်သောအခါ ကြိုတင်ကာကွယ်မှုမှာ အလွန်အမင်းလိုအပ်နေခဲ့ပြီး ထိုအချိန်က အတွင်းဝန်ရုံးမှာ တကယ်ပင် ‘တံခါးမရှိ–ဓားမရှိ’ အခြေအနေဖြစ်ခဲ့သည်။ အဓိကဝင်ပေါက်ကြီးများမှာ ဟင်းလင်းပွင့်လျက်ရှိပြီး ရုံးချိန်အတွင်းတွင်ပင် မော်တော်ယာဉ်များ၊ လမ်းသွားလမ်းလာများ ဥဒဟိုဖြတ်သန်းသွားလာလျက်ရှိပေသည်။ ဦးစောက ကြိုတင်ထောက်လှမ်းရန် စေလွှတ်ခဲ့သည့် အဖွဲ့နှင့် လူသတ်သမားတို့ စီးနင်းလိုက်ပါသွားသော ဂျစ်ကားတို့ လွယ်လွယ်ကူကူ ဝင်ထွက်သွားလာနိုင်ခဲ့ခြင်းက ဤ တံခါးမရှိ၊ ဓားမရှိ အခြေအနေကို ပြသနေပေသည်။

လုံခြုံရေးအတွက် ကြိုတင်ကာကွယ်မှု လိုအပ်ခြင်း၏ အခြားသိသာထင်ရှားသည့် အချက်မှာ အဓိကခေါင်းဆောင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်က ရန်သူကို အလေးမထားဘဲ သူ့အဖို့ ပြည်သူလူထု၏ မေတ္တာဖြင့် လုံခြုံနေသည်ဟု လွဲမှားစွာ ခံစားမိနေခြင်းဖြစ်သည်။ ဤသည်မှာ ပြည်သူလူထုအများစုကြီးကို ရည်ရွယ်ရင်းဖြစ်သည်။ သူ့အနေဖြင့် ဝင့်ဝါပလွှားမှုကို မနှစ်မြို့သူဖြစ်သည့်အတွက် အလုပ်မှာဖြစ်စေ၊ အိမ်မှာဖြစ်စေ၊ သူသွားလေရာ မည်သည့်နေရာ၌ဖြစ်စေ... သူ့အတွက် အထူးကာကွယ်စောင့်ရှောက်မှု လိုအပ်သည်ဟု သူက မထင်မြင်မိခဲ့ချေ။

သို့သော်လည်း ထိုအချိန်က အန္တရာယ်သည် ထင်ထင်ရှားရှား နီးကပ်လျက်ရှိသည်။ ဗြိတိသျှတို့၏ လက်နက်တိုက်များမှ လက်နက်နှင့် ခဲယမ်းမီးကျောက် အမြောက်အမြား အခိုးခံထားရသည်ကို သူလည်းသိသည်။ ဇူလိုင်လ (၁၅) ရက်နေ့က ယာယီပြည်ထဲရေးဝန်ကြီး (ပျော်ဘွယ်) ဦးမြလိုက်ပါလျက် ဗိုလ်ချုပ်ကိုယ်တိုင် ဘုရင်ခံထံ သွားရောက်ကာ ဘရင်းဂန်းများ၊ အပိုပစ္စည်းများနှင့် ပတ်သက်သော သံသယဖြစ်ဖွယ်ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ရှိထားချက်ကို သတင်းပေးပို့ခဲ့သေးသည်။ ယင်းကိစ္စရပ်မှာ ဇွန်လ (၂၄) ရက်နေ့တွင် ဖြစ်ပွားခဲ့ပြီး တကယ်ပျောက်ဆုံးသွားသည့်အချိန်နှင့် ပျောက်ဆုံးကြောင်း သိရှိချိန်တို့အကြား အချိန်အတန်ကြာ ကွာဟကြာညောင်းသွားခဲ့သည်နှင့်ပတ်သက်၍ သူ၏ စိုးရိမ်သောကကို ဦးအောင်ဆန်းက ‘ဆာဟူးဘတ်စ်ရန်’ ကို ထိုအချိန်က ထုတ်ဖော်ပြောပြခဲ့ပါသည်။ ဤမျှလောက် အလွန်အမင်းအရေးကြီးသောကိစ္စရပ်မှာ ယမန်နေ့ကမှ ထိပ်ပိုင်းခေါင်းဆောင်များ သိရှိခဲ့ရသည်။ (အခန်း ၄၊ စာမျက်နှာ –၁၃၇) သုံးရက်ကြာပြီးနောက် လုပ်ကြံမှုကြီးမဖြစ်ပွားမီ တရက်အလိုတွင် သခင်နုသည် ဆာဟူးဘတ်စ်ရန့်ထံ သွားရောက်၍ စစ်တပ်လက်နက်တိုက်က မည်သူမည်ဝါမှန်းမသိသော သူများကို ခဲယမ်းမီးကျောက် အမြောက်အမြား ထုတ်ပေးခဲ့ကြောင်း ထပ်မံ သတင်းပေးပို့ခဲ့သေးသည်။ ဗိုလ်ချုပ်နှင့် ဘုရင်ခံတို့ တွေ့ဆုံပြီးနောက် ရန်ကုန်မြို့ထုတ်သတင်းစာများက ယင်းသတင်း

ကို မျက်နှာဖုံးသတင်းဖြစ် ဖော်ပြခဲ့ကြသည်။

ဤလက်နက်ခိုးယူသူများအပေါ် မြန်မြန်ဆန်ဆန် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရန် အစီအစဉ်တရပ်ကို ဇူလိုင်လ (၁၉) ရက်တွင် ကျင်းပသည့် အမှုဆောင်ကောင်စီ၏ နောက်ဆုံးအစည်းအဝေး အစီအစဉ်တွင် ဦးအောင်ဆန်းနှင့် သူ့အစိုးရအဖွဲ့က ထည့်သွင်းထားပြီးဖြစ်သည်။ အစည်းအဝေးပြီးသည်နှင့် (၄၈) နာရီအတွင်း ဦးစော၏ အိမ်ကို ဝင်ရောက်စီးနင်းရှာဖွေရန် စီစဉ်ထားသည်ဟုလည်း ယုံကြည်ရလေသည်။

ဤလက်နက်ခိုးယူမှုကို စုံစမ်းစစ်ဆေးရာတွင် မြန်မာ့ရဲတပ်ဖွဲ့၏ မှုခင်းစုံစမ်းစစ်ဆေးရေးဌာန (စီအိုင်ဒီ) သည် ရန်ကုန်မြို့ရဲမင်းကြီးနှင့် ပူးပေါင်းဆက်သွယ်လျက် ဆောင်ရွက်လျက်ရှိသည်။ ဗြိတိသျှတို့၏ မြန်မာ့စစ်ဦးစီးဌာန စစ်ထောက်လှမ်းရေးကလည်း ဤအမှုကို ကိုင်တွယ်လျက်ရှိသည်။ သို့ရာတွင် သူတို့အနေဖြင့် မြန်မာရဲတပ်ဖွဲ့နှင့် မည်မျှလောက် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုမူ မသိရချေ။ ဇူလိုင်လ (၁၇) ရက်နေ့မှစ၍ (စီအိုင်ဒီ) က ဦးစောအိမ်ကို စောင့်ကြည့်ရန် တာဝန်ချထားပေးခဲ့ပြီး ဦးစော၏ အိမ်နီးချင်းဖြစ်သူ ကပ္ပတိန်ခန်းသည် ဤအနီးကပ်စောင့်ကြပ်ကြည့်ရှုရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဦးထွန်းလှအောင်ထံ ကပ္ပတိန်ခန်း၏ နေ့ညမစဲ တဖွဲဖွဲ သတင်းပေးပို့မှုက ဂျူန်တို့၏ စစ်ဆင်ရေးအခြေခံစခန်းကို စီးနင်းရန် စီစဉ်မှုကို ဖြစ်စေခဲ့သည်။ ဂျူန်တို့၏ဌာနချုပ်ကို သူတို့၏ ဗိုလ်ချုပ်၊ လူသတ်သမားအဖွဲ့နှင့်အတူ သိမ်းပိုက်မိပြီးနောက် ဒေါက်တာဘမော်နှင့် သခင်ဗစိန်အစရှိသည့် ဆန့်ကျင်ဘက်+အတိုက်အခံ နိုင်ငံရေးခေါင်းဆောင်များ၏ အိမ်များကိုလည်း ဝင်ရောက်စီးနင်းကြရသည်။ နောက်ရက်သတ္တပတ်များအတွင်း ခန့်မှန်းခြေ လူ (၈၀၀) ခန့် အထိန်းသိမ်းခံကြရသည်။ ဒုတိယ ရဲဗိုလ်ချုပ် (စီအိုင်ဒီ) ဦးထွန်းလှအောင်အနေဖြင့် သူ့အလုပ်ကိုသူ လုပ်ကိုင်ရာတွင် ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်သည်မှာ ထူးဆန်းလှသည် မဟုတ်ပါ။ သူရရှိခဲ့သော အမြဲတမ်းတပ်မတော်၏ လေ့ကျင့်မှု သင်တန်းများအပြင် စစ်တပ်နှင့် မြို့ပြရဲတပ်ဖွဲ့တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ရသည့် ဘဝအတွေ့အကြုံများက သူ၏ ပင်ကိုယ်အရည်အသွေးများကို အကောင်းဆုံးအနေအထားအထိ ထက်မြက်သွားစေရန် သွေးပေးခဲ့ခြင်းကြောင့်ဖြစ်သည်။

မျိုးရိုးစဉ်ဆက်တည်ရှိခဲ့သော မျိုးချစ်စိတ်ကို ဆက်ခံရရှိသော်လည်း နိုင်ငံရေးနှင့် ခပ်ကင်းကင်းနေခဲ့ပြီး၊ သူသည် တရားဝင် အာဏာပိုင်များအပေါ် သစ္စာစောင့်သိရိုသေ၍ သူ၏တာဝန်ကို ထမ်းဆောင်ရာတွင်မူ ဆန္ဒဂတိ၊ ဘယာဂတိ တို့မှလွတ်ကင်းအောင် အမြဲသတိရှိခဲ့သည်။ မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်ရေးနှင့် ဗမာ့တပ်မတော်ထဲတွင် တာဝန်ထမ်းဆောင်ကြသူ မြန်မာများထဲတွင် သူလိုလူ အတော်အများအပြား ရှိပါလိမ့်မည်။ ဗြိတိသျှအစိုးရ လက်အောက်ခံ မင်းမှုထမ်းတို့၏ သဘာဝ၊ သူတို့၏ ဗြိတိသျှတို့အပေါ် ထောက်







ခံယိမ်းယိုင်မှုအတွက် လူငယ်မျိုးချစ်များက သူတို့အပေါ် ပထမတွင် သံသယအမြင်ဖြင့် ကြည့်ရှုနေကြသော်လည်း သူတို့၏ လုပ်ငန်းဆိုင်ရာ အသုံးဝင်မှုကြောင့် လွတ်လပ်ရေးရပြီး အစိုးရများလက်ထက်၌ အများအပြားမှာ လက်ခံခြင်းခံခဲ့ကြရသည်။ ထို့ကြောင့် ဆိုရှယ်လစ်ခေါင်းဆောင် ဦးကျော်ငြိမ်းအပါအဝင် မျိုးချစ်ခေါင်းဆောင်များ၏ ယုံကြည်မှုကို ရရှိခဲ့ကြသူ အရာရှိများအနက် (၂) ဦးမှာ ဦးထွန်းလှအောင်နှင့် ကျွန်တော်၏ ယောက္ခမဖြစ်သူ တရားဝန်ကြီး ဦးသောင်းစိန်တို့ဖြစ်ကြသည်။

## အမြင်ထက်ပိုထူး

ကျွန်တော်၏စာအုပ် အင်္ဂလိပ်ဘာသာဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ်ထုတ်များတွင် အကျဉ်းချုံးတင်ပြခဲ့သော ပုဂ္ဂိုလ်အချို့နှင့် အဖြစ်အပျက်အချို့တို့၏ ဖမ်းစားမှုကို ခံကြရသော စာဖတ်သူများရှိခဲ့ကြသည်။ သူတို့အနေဖြင့် ယင်းတို့နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပြီး သူတို့သိသမျှကိုလည်း မျှဝေလိုကြသည်။ ဂျွန်ဘင်ဂလေ၊ စောစိန်မှုံ၊ စောဘဦးကြီးနှင့် မာလ်ဟိုထရာကဲ့သို့သော ပုဂ္ဂိုလ်များနှင့် ပတ်သက်ဆက်နွယ်၍ဖြစ်သည်။

ဗြိတိသျှကောင်စီ၏ ကိုယ်စားလှယ် 'ဂျွန်စတျူးဝပ်ဘင်ဂလေ' ကို ကျွန်ုပ်စာအုပ်တွင် ထူးခြားဆန်းကြယ်သော အရပ်မြင့်မြင့်နှင့် လူကြီးလူကောင်းဟု ဖော်ပြခဲ့သည်။ (အခန်း–၄၊ စာမျက်နှာ – ၁၃၆ နှင့် စာမျက်နှာ– ၁၄၃)။ ထို့နောက် ထိုအခန်းအဆုံးတွင် 'ဘင်ဂလေ' ပါဝင်ပတ်သက်ဆက်နွယ်နေမှုကို စာရေးဆရာများက ဖြတ်ကနဲသာ ဖော်ပြခဲ့ကြသော်လည်း ဘင်ဂလေသည် ဦးအောင်ဆန်းနှင့် မိတ်ဆွေများကို ဆန့်ကျင်သည့် အင်အားစုများနှင့် ပူးပေါင်းသွားမိပုံရလေသည်။ ထို့ကြောင့်လည်း ဘင်ဂလေနှင့် သူ့လိုလူမျိုးများအတွက် ဦးအောင်ဆန်းသည် ဗြိတိသျှအင်ပါယာအကျိုးစီးပွားကို အန္တရာယ်ပြုမည့်သူများ ဖြစ်နေခဲ့သည်။ ဦးစောကျင်းပပြုလုပ်သည့် ပါတီပွဲတခုတွင် မေဂျာယန်းက 'ဘင်ဂလေ' ကို ဦးစောနှင့် မိတ်ဆက်ပေးခဲ့သည်။ ယန်း၏အဆိုအရ ဂျူန်အကြီးအကဲနှင့် ပထမဆုံး တွေ့ဆုံသောပွဲတွင်ပင် သူတို့အနေဖြင့် ဦးစောကို လုံးဝအကူအညီပေးမည့်အကြောင်း လူတိုင်းကြားနိုင်လောက်အောင် ကျယ်လောင်သောအသံဖြင့် ပြောဆိုခဲ့သည်ဟု ဆိုလေသည်။ 'ဆာဘဦး'[၇] က သူ၏ ကိုယ်ရေးအထုပ္ပတ္တိဖြစ်သော 'ကျွန်ုပ်၏ မြန်မာပြည်' (My Burma) တွင် သူ့အကြောင်း တကြိမ်သာ တိုတိုလေး ရေးသားထားသည်။ သို့သော်လည်း ယင်းမှာ မှတ်သားလောက်အောင် လုံလုံလောက်လောက် ပတ်သက်နေပေသည်။ မြန်မာတို့၏ အမျိုးသားရေးအစီအစဉ်များကို မည်သည့်နည်းနှင့်မဆို ဖျက်ဆီးပစ်မည့် ဗြိတိသျှနယ်ချဲ့ဝါဒီ စင်စစ်တဦးဖြစ်သည့် အဆင့်မြင့် မြို့ပြအုပ်ချုပ်ရေးအရာရှိ

တဦးနှင့် ‘ဘင်ဂလေ’ သည် အပေါင်းအသင်းဖြစ်လျက်ရှိသည်။

သို့ဖြစ်သည့်အတိုင်း ဘင်ဂလေအနေဖြင့် သူတို့၏အစီအမံများဘက်သို့ ယိမ်းယိုင်လိုက်ပါလာမည်ဟု ယူဆရသည့် နိုင်ငံရေးသြဇာတိက္ကမရှိသူ မြန်မာတဦးနှင့် မိတ်ဆွေဖွဲ့လိုပုံ ပေါ်ခဲ့ပါသည်။ ထိုအချက်နှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်အတွင်း အဖြစ်အပျက်တခုကို ဆာဘဦးက ပြန်ပြောင်းရေးသားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

“ကျွန်ုပ်တို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲနေဆဲဖြစ်သည်။ မွန်နှင့်ကရင်တို့ထကြွမှုအပေါ် ယင်းသည် အတော်အတန် သြဇာသက်ရောက်မှုရှိခဲ့ပေသည်။ တနေ့သောအခါ ညနေ (၅) နာရီခွဲတွင် အမည်အားဖြင့် ‘ဒေါ်နယ်ဘားမင်းပက် (ချ်)’ (Donald Burman Petch) ဟု ခေါ်သော အဆင့်မြင့် မြို့ပြအုပ်ချုပ်ရေးအရာရှိတဦးသည် ရွှေတောင်ကြားရှိ ကျွန်ုပ်၏အိမ်တွင် ကျွန်ုပ်အား အချိန်းအချက်မရှိဘဲ လာရောက်တွေ့ဆုံလေသည်။ ကျွန်ုပ်သည် ယခင်က ဤသို့ ထိုသူလာရောက်တွေ့ဆုံလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။ ကျွန်ုပ်သည် ထိုသူအား သိသော်လည်း သူ့ကို မတွေ့မမြင်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့လေပြီ။ တရံရောအခါက သူနှင့်ကျွန်ုပ်သည် မြောင်းမြတွင် အတူရှိနေခဲ့ကြပြီး သူက အရေးပိုင်ဖြစ်၍ ကျွန်ုပ်က စက်ရှင်တရားသူကြီးတဦးဖြစ်သည်။ ၁၉၃၀ ခုနှစ်တွင် ကျွန်ုပ်သည် တရားလွှတ်တော်သို့ ရာထူးတိုးမြှင့်ခြင်းခံရချိန်မှစ၍ သူနှင့် ကျွန်ုပ်တို့ မတွေ့ခဲ့ကြတော့ချေ။ သူလာလည်ချိန်တွင် သူသည်လည်း တနင်္သာရီတိုင်း၏ တိုင်းမင်းကြီး ဖြစ်နေပေပြီ။ သူနှင့် ကျွန်ုပ်သည် ပဋိသန္ဓာရ စကားများ ပြောဆိုကြပြီးနောက် ပက် (ချ်) က “ဘဦး၊ ခင်ဗျားတို့ အခု လွတ်လပ်ရေးရတော့မယ်။ ခင်ဗျားတို့အနေနဲ့ ဖက်ဒရယ်အစိုးရပုံစံဖွဲ့လိမ့်မယ်လို့ ကျွန်တော်နားလည်ထားတယ်။ တနင်္သာရီတိုင်းကို ပြည်နယ်တခုအဖြစ် ကရင်တွေကိုပေးဖို့ ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဘက် လူငယ်မိတ်ဆွေတွေကို ခင်ဗျားဘာလို့ မဆွဲဆောင်တာလဲ။ ဒီအတိုင်းသာဆိုရင် ကရင်နဲ့ ဗမာတွေအကြား အပြင်းအထန် ပြိုင်ဆိုင်မှုတွေ ဖြစ်လာကြလိမ့်မယ်။ ကရင်တွေအနေနဲ့ မော်လမြိုင်ကို သူတို့ရဲ့ အဓိက ဆိပ်ကမ်းလုပ်နိုင်သလို ခင်ဗျားတို့ရဲ့ ရန်ကုန်ကို ခင်ဗျားတို့ရဲ့ အဓိကဆိပ်ကမ်းလုပ်နိုင်တာပဲ မဟုတ်လား။ ဒီလို အပြိုင်အဆိုင်ရှိမှ တိုးတက်မှာပေါ့”ဟု သူကပြောသည်။

ထိုသို့ပြောသည့်အတွက် ကျွန်ုပ်သည် အကြီးအကျယ် ဒေါသူပုန်ထမိသည်။ ထို့ကြောင့် ကျွန်ုပ်က… “ခင်ဗျားက ကလေးကလားစကား ပြောနေတာပဲ။ ဒါမုန့်ဝေတာ မဟုတ်ဘူး။ ခင်ဗျားနားလည်ရမှာက တနင်္သာရီတိုင်းမှာ ကရင်တွေက လူနည်းစုဖြစ်ပြီး ဗမာတွေက လူများစုဆိုတာပဲ။ ဗမာတွေအပြင် မွန်တွေလဲ ရှိသေးတယ်။ ဒီတော့ လူနည်းစုက လူများစုကို အုပ်ချုပ်ဖို့ ခင်ဗျားမမျှော်လင့်နဲ့လေ။ ခင်ဗျားပြောသလိုသာ လုပ်လိုက်ရင် မကြာခင် ပြဿနာတွေ ဖြစ်လာလိမ့်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကရင်တွေကို တိုင်းတခုပေးဖို့ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲမှာ ကျွန်တော်တို့ ထည့်ဆွဲထားပြီးပြီ။ ဒါကြောင့် ဒီကိစ္စ







မှာ ခင်ဗျားတို့ရက်ရောတာထက် ကျွန်တော်တို့က ပိုရက်ရောတယ်ဆိုတာ ခင်ဗျားနားလည်ထားပါ။ နောက်ပြီး ခင်ဗျားတို့ အင်္ဂလန်မှာ စကော့ချ်နဲ့ ဝဲလ်ချ်တွေဟာ နှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်အုပ်ချုပ်ခွင့်တောင်းနေခဲ့တာ ခင်ဗျားတို့ ပေးဖို့ ငြင်းခဲ့တာပဲ မဟုတ်လား။ ခင်ဗျားအကြံပြုတာက ကရင်နဲ့ဗမာအကြား ပြဿနာဖြစ်စေဖို့ပဲ။ ဒါကိုတော့ ကျွန်တော်တို့အနေနဲ့ လက်မခံနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ ခင်ဗျားလို အင်္ဂလိပ်လူမျိုး နည်းနည်းပဲရှိတာ ကျွန်တော်သိတဲ့အတွက် ဝမ်းသာမိပါတယ်။ အခု– ခင်ဗျား သွားတော့မလား။ ကျွန်တော်ညစာစားဖို့ အချိန်ကျော်နေပါပြီ။ ကျွန်တော်လဲ ဆာနေပါပြီ။ ခင်ဗျားအတွက် ဘာမှမရှိတဲ့အတွက် ခင်ဗျားကို ညစာစားဖို့ ဆက်နေဖို့ ကျွန်တော် မပြောတော့ပါဘူး” ဟု ပြောလိုက်ပါသည်။

ထိုအခါ သူသည် ထလိုက်ပြီး… “ထပ်ဆွေးနွေးဖို့ ကျွန်တော်လာပါဦးမယ်” ဟု ပြောရင်း ထွက်ခွာသွားလေသည်။

ရက်အနည်းငယ်ကြာပြီးနောက် ရန်ကုန်ရှိ ဗြိတိသျှကောင်စီ၏ ကိုယ်စားလှယ် ‘ဂျေအက်စ်ဘင်ဂလေ’ နှင့်အတူ သူသည် ထပ်လာပြန်သည်။ သို့သော် ကျွန်ုပ်က သူ့တို့ကို တွေ့ဆုံရန် ငြင်းဆိုလိုက်ရတော့သည်။

နှစ်ပေါင်း (၄၀) နီးပါးခန့် ကျွန်ုပ်နှင့် ဆက်သွယ်မှုပြတ်နေခဲ့သော မိတ်ဆွေတဦးဖြစ်သည့် ဦးဘစောခင်က အမေရိကန်ပြည်ထောင်စု၊ အာရီဇိုးနားပြည်နယ်၊ ‘တူဆင်’ မြို့မှနေ၍ ၁၉၄၉–၅၀ ခုနှစ် များအတွင်းက စိန်မှုံ (အခန်း ၅၊ စာမျက်နှာ –၁၄၅) ကို သူသိရှိခဲ့ကြောင်း စာရေးသား ပြောကြားလာခဲ့သည်။ ၁၉၆၈ ခုနှစ်၏ ဧပြီလအတွင်းက ကရင်အမျိုးသားစာစောင်တွင် ‘အောင်ဆန်းကို အမှန်တကယ်မည်သူသတ်သနည်း’ ဟူသော ဆောင်းပါးကို ရေးသားခဲ့သူ ကျွန်ုပ်တို့၏ သတင်းထောက်သည် စိန်မှုံရှေ့၌ ‘စော’တပ်၍ ကရင်နာမည် ပေးခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ရန်ကုန်မြို့၊ အောက်ကြည့်မြင်တိုင်လမ်းတွင် ကျွန်ုပ်၏ မိတ်ဆွေနှင့် အိမ်နီးချင်းဖြစ်ခဲ့စဉ်က သူ့နာမည်သည် ဦးစိန်မှုံသာ ဖြစ်လေသည်။ ထိုအချိန်က သူသည် အစိုးရအလုပ်လုပ်နေခဲ့ပြီး ရာထူးမှ ချထားခြင်းခံနေခဲ့ရသည်။ ကျွန်ုပ်ထံ စာရေးသားသူ မိတ်ဆွေသည် ဦးစိန်မှုံ ရဲတပ်ဖွဲ့တွင် အမှုထမ်းနေခြင်း ရှိမရှိကိုလည်းကောင်း၊ အကယ်၍ အမှုထမ်းနေဆဲဖြစ်ပါက ၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် သူသည် အင်းစိန်ခရိုင်၏ တာဝန်ခံ ဟုတ်မဟုတ်ကိုလည်းကောင်း မသိရှိရချေ။ သို့သော်လည်း ကျွန်ုပ်၏မိတ်ဆွေက…

“ကျွန်တော်သည် ဦးစိန်မှုံကို သိက္ခာသမာဓိရှိသူတဦး၊ နှုတ်စောင့်စည်းသူတဦးအဖြစ် အထူးမှတ်မိပါသည်။ အကယ်၍ သူ့ရေးသားချက်များသည် တကယ်မဖြစ်ပျက်ခဲ့ပါက ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များ အသတ်အဖြတ်မခံရမီ သူ့အနေဖြင့် ဦးစောကို ဖမ်းဆီးခဲ့လေဟန်ရေးသားထားခြင်းမှာ လုပ်ကြံဇာတ်လမ်းထွင်ခြင်းသာ ဖြစ်

ပါလိမ့်မည်။ ထို့ကြောင့် အဆိုပါရေးသားချက်များ မည်မျှမှန်မည်ကို သူ့အနေနှင့် စဉ်းစား၍ မရနိုင်ပါ။ ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး၏ ရန်ကုန်သတင်းထောက်က ဦးစိန်မှုံကို ကိုယ်တိုင်ကိုယ်ကျ လူချင်းတွေ့ဆုံမေးမြန်းခဲ့ခြင်း ရှိမရှိနှင့် ထိုဆောင်းပါးကို ရေးသားချိန် ၁၉၆၈ ခုနှစ်တွင် ဦးစိန်မှုံသည် အသက်ထင်ရှား ရှိနေ–မနေကို လုံးဝမသိရပါ။ သို့ဖြစ်သည့်အလျောက် 'ရန်ကုန်သတင်းထောက်' အနေဖြင့် ဦးစော၏အမှုတွင် ဦးစိန်မှုံပါဝင်နေခြင်းနှင့် ပတ်သက်၍ တဆင့်ကြားကို သူရေးသားခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်" ဟု ရေးသားခဲ့သည်။

အခြားဖြစ်နိုင်ခြေရှိသော ရှုထောင့်တခုမှာ ကပ္ပတိန်ခန်းက ကျွန်ုပ်၏ဖခင်အားလူကိုယ်တိုင် လာရောက်အစီရင်ခံပြီးသည့်နောက် နိုင်ငံတော်ရဲဗိုလ်ချုပ်၊ အတွင်းဝန်ချုပ်၊ ရန်ကုန်မြို့ရဲမင်းကြီးနှင့် ကျွန်တော်၏ ဖခင်တို့သည် ဦးစောကို ဖမ်းဆီးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဦးစောအိမ်ကို ဝင်ရောက်စီးနင်းရန် ရန်ကုန်မြို့ ရဲမင်းကြီး ဦးအောင်ချိန်ကို တာဝန်ပေးခဲ့သော်လည်း သူ့အနေဖြင့် ဦးစောနေထိုင်ရာ အေဒီလမ်းမှာ အင်းစိန် စီရင်စုအတွင်း ပါရှိနေသည့်အတွက် တုံ့ဆိုင်းနေခဲ့သည်။ သို့ဖြစ်၍ ထိုအချိန်က ဦးစိန်မှုံသည် အင်းစိန်၏ ခရိုင်မှူခင်းဝန်ထောက်ဖြစ်ခဲ့ပါက သူ့ကို လှမ်း၍ အသိပေးအကြောင်းကြားမိပေလိမ့်မည်။ ထို့ကြောင့် ဒု–ရဲချုပ် (စီအိုင်ဒီ) ဖြစ်သော ကျွန်ုပ်၏ ဖခင်အနေဖြင့် နှောင့်နှေးကာ ကြန့်ကြာမှုမဖြစ်စေရန် အကြံပြုခဲ့ပြီး သူကိုယ်တိုင် ထိုတာဝန်ကို ယူခဲ့ခြင်းဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်နားလည်မိပါသည်။ ၁၉၈၆ ခုနှစ် ဧပြီလတွင် ထုတ်ဝေခဲ့သော အထက်ဖော်ပြပါ ကရင်အမျိုးသားစာစောင်တွင်ပါရှိသော ဆောင်းပါးနှင့်ပတ်သက်ပြီး စိတ်ဝင်စားသူ ကရင်သွေးချင်းများရှိကြသည်။ ၁၉၅၀ ခုနှစ် ဩဂုတ်လအတွင်းတွင် "သားသတ်သမားစိန်လွင် ဦးဆောင်သောတပ်ဖွဲ့က ထိုင်း–မြန်မာနယ်စပ် ကော့ကရိတ်အနီးတွင် စောဘဦးကြီး၊ သူ့အပေါင်းပါများနှင့် ကိုယ်ရံတော်များကို ခြေရာခံမိသွားပြီး နောက်ဆုံး၌ ရှင်းလင်းသုတ်သင်ပစ်ရာ၌ ပါဝင်သွားသည်ဟု မှားယွင်းသတ်မှတ်ခြင်းခံရသည့် ဗိုလ်ကြီး ဒေးဗစ်ဗီဗီယန်း၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ထို ကရင်သွေးချင်းများက အတော်လေးဆွေးနွေးပြောဆိုလာကြသည်။ ကျွန်တော့်စာအုပ်အခန်းတခန်းတွင်လည်း ၎င်းအဖြစ်အပျက်နှင့် ပတ်သက်၍ ရေးသားဖော်ပြခဲ့ပြီး ဝရမ်းပြေး ဗြိတိသျှဗိုလ်ကြီးအနေဖြင့် ကရင်ခေါင်းဆောင်၏ အဖွဲ့ထဲတွင် မပါရှိသည့်အတွက် မြန်မာစစ်တပ်က သူ့ကိုသတ်ဖြတ်ခဲ့သည်ဟု ပြောဆိုချက်ကို ငြင်းဆိုခဲ့ပါသည်။ သို့သော်လည်း ကျွန်ုပ်၏ ကရင်မိတ်ဆွေများအနေဖြင့် ဗီဗီယန်းကို သိပ်စိတ်မဝင်စားဘဲ ပဟေဠိဆန်ဆန် ထိုအချိန်၌ စောဘဦးကြီး လုပ်ဆောင်နေခဲ့ခြင်းကိုသာ အထူးစိတ်ဝင်စားကြပါသည်။ အဘယ့်ကြောင့်ဆိုသော် သူသည်သာလျှင် ၁၉၄၆ ခုနှစ် အစောပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး ကေအဲင်ယူ (KNU) ကို ဖွဲ့စည်းခဲ့သူ၊ လွတ်လပ်ရေးရပြီးနောက် တနှစ်အကြာတွင် ကရင့်ပုန်ကန်ထကြွမှုကို ဦးဆောင်ခဲ့သူ







သူတို့၏လေးစားရသော ခေါင်းဆောင်မဟုတ်ပါလား။ ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ ကေအဲင်ဒီအို (KNDO) အနေဖြင့် ကေအဲင်ယူ၏ လက်နက်ကိုင်လက်တံဖြစ်ခဲ့ပြီး ပုန်ကန်ထကြွမှု ဖြစ်ချိန်မှစပြီး အထက်ဖော်ပြပါ ကရင်အမျိုးသားစာစောင်ပါ ဆောင်းပါးထွက်ပေါ်လာသည့်အချိန်ထိဆိုလျှင် (၃၆) နှစ်နီးပါးခန့် ကျော်ဖြတ်ခဲ့ပြီး ယင်းပုန်ကန်မှုမှာ ယနေ့တိုင် အခွန့်ရှည်လျက်ရှိနေပေသည်။ ကေအဲင်ယူ၏ အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်၍ ပိုမိုအသေးစိတ်မြင်သိနိုင်စေရန်အတွက် ကျွန်တော်က သူတို့ကို ဖတ်ရှုလေ့လာနိုင်ရန် စာအုပ်ကောင်းများ ညွှန်ပြခဲ့ပါသည်။ သို့သော်လည်း ပြန်လည်မွမ်းမံပြင်ဆင်တိုးချဲ့ထားသော ကျွန်ုပ်၏စာအုပ် ဒုတိယအကြိမ် (အင်္ဂလိပ်ဘာသာ) ထုတ်ကို ၁၉၉၆ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေပြီးသည်နှင့် ၁၉၉၆ ခုနှစ် အောက်တိုဘာလတွင် ယူနိုက်တက်ကင်းဒမ်း (United Kingdom) ရှိ ဘီဘီစီ (၂) ရုပ်မြင်သံကြားမှ အာဇာနည်နေ့ နှစ် (၅၀) ပြည့်အဖြစ် အထောက်အထားများဖြင့် အထူးအစီအစဉ်တရပ်ပြသပြီးနောက်၌ ယင်းအကြောင်းအရာသည် ထပ်မံပေါ်ပေါက်လာပြန်သည်။ ၁၉၉၆ ခုနှစ် အောက်တိုဘာလအတွင်းတွင် လူတွေ့မေးမြန်းမှုပြုလုပ်ရန်အတွက် ထုတ်လုပ်ရေးမှူးများက ကျွန်တော့်ကို အင်္ဂလန်ပြည်သို့ ဖိတ်ခေါ်ခဲ့သည်။ ထုတ်လုပ်ရေးမှူးများအနေဖြင့် ဝိဝါဒဖြစ်နေသော ကရင်အမျိုးသားစာစောင်ပါ ဆောင်းပါးခေါင်းစဉ်အတိုင်း အစီအစဉ်၏ခေါင်းစဉ်ကို အသုံးပြုလိမ့်မည်ကိုလည်းကောင်း၊ အစွပ်စွဲခံနေရသည့် ဗြိတိသျှတို့ ပါဝင်ပတ်သက်မှုမှာ အဓိကကျောရိုးဖြစ်လိမ့်မည်ကိုလည်းကောင်း ကျွန်တော်တို့အနေဖြင့် ထိုအချိန်က မသိရှိခဲ့ချေ။ ၎င်းရုပ်မြင်သံကြားအစီအစဉ်အနေဖြင့် အချို့သော ကရင်လူမျိုးများ၏ စောဒကတက်မှုကိုလည်းကောင်း၊ ယူကေရှိ ကြည့်ရှုသူအမြောက်အမြား၏ ရှုတ်ချမှုကိုလည်းကောင်း ဖြစ်ပေါ်စေခဲ့သည်။ အနောက်နိုင်ငံများထံမှ ခဲယမ်းမီးကျောက် အထောက်အပံ့ရရှိရေး မျှော်လင့်ချက်ဖြင့် စောဘဦးကြီးက ယင်းခရီးလမ်းကို ကံကိုပုံ၍ အသုံးချခဲ့ခြင်း၊ ယခင်ဝန်ကြီးချုပ်ဟောင်း ဦးနုနှင့် ဗိုလ်ချုပ်ကြီးနေဝင်း အစရှိသည့် တင်းမာသောသဘောထားရှိသူ ဗမာများ ပါဝင်ပတ်သက်နေမှုကို ကရင်အမျိုးသားစာစောင်ပါ ဆောင်းပါးက စွပ်စွဲထားခြင်း၊ မြန်မာနိုင်ငံတောင်တန်းသားများ၏ မိတ်ဆွေများ အစရှိသည့် ဗြိတိသျှအဖွဲ့အစည်းများမှ လျှို့ဝှက်လှုပ်ရှားနေသည့် ပုဂ္ဂိုလ်များ ပါဝင်ပတ်သက်နေသည်ဟု ဘီဘီစီ (၂) အစီအစဉ်က တင်ပြခဲ့ခြင်း စသည်တို့မှာ တခုနှင့်တခု ဆက်စပ်နေပေသည်။ လျှို့ဝှက်လှုပ်ရှားသူများ၏ ပထမဆုံးအစည်းအဝေးကို မြန်မာနိုင်ငံ တောင်တန်းသားများ၏ မိတ်ဆွေများအဖွဲ့[၅] (Friends of the Burma Hill Peoples) ကို ဖွဲ့စည်းသည့်အချိန် ၁၉၄၇ ခုနှစ် ဇူလိုင်လ နိုင်ငံတော်လုပ်ကြံမှုမတိုင်မီ လန်ဒန်မြို့၌ ကျင်းပခဲ့ကြောင်း ၎င်းရုပ်မြင်သံကြားအစီအစဉ်က ပြသခဲ့သော်ငြားလည်း ကေအဲင်ယူမှ အထူးကိုယ်စားလှယ် အိုလီဗာ ဘသန်း အနေဖြင့် ဗြိတိသျှလိုလားသော ကရင်များ၏ အခြေခံလိုလားချက်ကို အကူအညီရရှိရေးအတွက် ရောက်ရှိ

လာပြီးနောက် အစည်းအဝေးကို ဝက်စ်မင်စတာ ပန်းခြံအတွင်း ၁၉၄၈ ခုနှစ် ဇွန်လ (၃၀) ရက်တွင်ကျင်းပခဲ့ပြီး ၎င်းမိတ်ဆွေများ ပေါ်ပေါက်လာခြင်းဖြစ်သည်ဟု ထိုအချိန်အထိ ယုံကြည်နေခဲ့ကြသည်။ မည်သို့ဖြစ်စေ၊ ကရင်သောင်းကျန်းသူတပ်ဖွဲ့များအတွက် နောက်ဆုံးအကောင်အထည်ပေါ်လာသော အကျိုးဖြစ်ထွန်းမှုနှင့် ပတ်သက်၍ မေးစရာမေးခွန်းဖြစ်လာခဲ့သည်။ ကေအဲင်ယူတို့ ၁၉၄၉ မှ ၁၉၆၀ အထိ ဆင်နွှဲသော စစ်ဆင်ရေးတရပ်လုံးကို ပြန်လည်ခြုံငုံသုံးသပ်၍ အဖြေပေးခဲ့သူကား တခြားသူမဟုတ်။ ကေအဲင်ယူဥက္ကဋ္ဌ အဖြစ် စောဘဦးကြီးကို ဆက်ဆံခဲ့သူ စောဟန်တာသာမွှေး (Saw Hunter Tha Hmwe) (၁) စောဟန်တာ ကောကစာ (အုပ်စိုးသူ) ဖြစ်သည်။ သူသည် ၁၉၆၃ ခုနှစ် ရန်ကုန်တွင် ကျင်းပသော ငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ရလဒ်အဖြစ် ဗဟိုအစိုးရထံ လက်နက်ချသွားခဲ့သည်။ မတ်လ (၂၂) ရက်နေ့တွင် ရန်ကုန်မြန်မာ့အသံမှနေ၍ ကရင်လူမျိုးတို့အား သူ့အတွေ့အကြုံများကို ပြန်ပြောင်းပြောပြသွားခဲ့သည်။ အောက်ပါတို့မှာ ဆက်စပ်သော ကောက်နုတ်ချက်များဖြစ်သည်။

"ကေအဲင်ဒီအိုထဲမှာရှိတဲ့ ကျွန်တော်တို့အနေနဲ့ ၁၉၄၉ က ၁၉၅၂ အထိ စစ်အကူအထောက်အပံ့ရရှိဖို့ အနောက်ဘက်ကို မျှော်ကြည့်ခဲ့ကြတယ်။ အဆက်အသွယ် ရရှိနိုင်မယ်လို့ မျှော်လင့်ချက်နဲ့ နယ်စပ်ကိုသွားတဲ့ လမ်းခရီးမှာပဲ စောဘဦးကြီးနဲ့ စောစံကေးတို့ ကျဆုံးခဲ့ရတယ်။ ဒါပေမယ့် ဘာအကူအညီမှမရခဲ့ဘူး။ ၁၉၅၃ ခုက ၁၉၆၀ အထိ အနောက်ကိုကျောခိုင်းပြီး အရှေ့ဘက် (မြန်မာပြည်တွင်းက ကူမင်တန်တပ်ဖွဲ့များ၊ ထို့နောက် တရုတ်နီ နှစ်ခုလုံး မအောင်မြင်ခဲ့) ကို အကူအညီရဖို့ ကျွန်တော်တို့ ကြည့်ကြပြန်တယ်။ အဲဒီသင်ခန်းစာများရရှိပြီး ၁၉၆၀ နောက်ပိုင်းကစပြီး ကိုယ့်ကိုယ်ကိုအားကိုးဖို့ ကိုယ့်လမ်းကိုယ်သွားဖို့ ကျွန်တော်တို့ ဆုံးဖြတ်ခဲ့ကြတယ်။"

ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပါတီများ သက်ဝင်လှုပ်ရှားနိုင်ရေးအတွက် ရန်ပုံငွေထောက်ပံ့ရေးသည် အသက်သွေးကြောသဖွယ်ဖြစ်သည်။ သို့ဖြစ်၍ ချမ်းသာကြွယ်ဝသော တဦးချင်းပုဂ္ဂိုလ်များထံမှလည်းကောင်း၊ စီးပွားရေးလုပ်ငန်းများမှလည်းကောင်း အလှူငွေများကို နိုင်ငံရေးသမားများက လွယ်လင့်တကူလက်ခံကြသည်။ လှူဒါန်းသူများကလည်း အပြန်အလှန်အားဖြင့် ဦးစားပေးမှုကို မျှော်လင့်ကြသည်မှာထင်ရှားသည်။ မြေပိုင်ရှင်များ၊ ကုန်သည်ကြီးများအဖြစ် ချမ်းသာကြွယ်ဝသူများ စာရင်းဝင်နိုင်သူများ မြန်မာများထဲတွင် အလွန်ရှားပါးသည်။ သို့သော်လည်း စီးပွားရေးလုပ်ငန်းကြီးအမျိုးမျိုးလုပ်ကိုင်ပြီး ယင်းစနစ်အတွင်းမှပင် အကျိုးအမြတ်ငွေ မြောက်မြားစွာ စုဆောင်းမိသော တရုတ်များ၊ အိန္ဒိယလူမျိုး အမြောက်အမြားရှိသည်။ တချို့အနေဖြင့် သူတို့စိတ်ကြိုက် နိုင်ငံရေးသမားများ၏ ငွေအိတ်ကို ကူညီဖြည့်ပေးကြသည်မှာ ယုံမှားစရာမရှိချေ။ ဥရောပကုမ္ပဏီကြီးများတွင် အများစုမှာ ဗြိတိသျှတို့ဖြစ်ပြီး သူတို့၏ ကြီးမားကျယ်ပြန့်သော လက်ဝါးကြီးအုပ်မှုနှင့်







ရှည်လျားသောကွန်ရက်ဖြင့် ကိုလိုနီနိုင်ငံတို့၏ စီးပွားရေးကို အပိုင်စီးအုပ်စိုးထားကြသည်။ အစိုးရအဖွဲ့ အတွင်းတွင်လည်း ၎င်းတို့၏အုပ်စုက အာဏာချိန်ခွင်ညှာကို ထိန်းထားကြသည်။ ပြန်လည်သိမ်းပိုက်ပြီး ဒိုမီနီယံအဆင့်ကို လက်မခံဘဲ လုံးဝလွတ်လပ်ရေးကို တောင်းဆိုမှု ထင်ရှားလာသည့်တိုင် သူတို့အနေဖြင့် ဒေသဆိုင်ရာ နိုင်ငံရေးသမားများကို သိမ်းသွင်းစည်းရုံးရန် သူတို့ကိုယ်သူတို့ လိုအပ်သည်ဟု မထင်ကြချေ။ ဂဠုန်ဦးစော၏ နိုင်ငံရေးရည်မှန်းချက်များကား အဆုံးအစမရှိချေ။ သူ့ရည်မှန်းချက် ပြည့်မြောက်စေရန် မည်သို့သော စည်းကမ်းကလနားကိုမျှ ဂရုမစိုက်ခဲ့ချေ။ နိုင်ငံခြားမှ ငွေကြေးအထောက်အပံ့ကို ရှာကြံရယူထိန်းသိမ်းနိုင်သူမှာ သူသာလျှင် ပထမဦးဆုံးသူ ဖြစ်ပေသည်။ သူ၏ နန်းရင်းဝန်ဘဝ ထိပ်ဆုံးရောက်ချိန်တွင် ဗြိတိသျှဘုရင်ခံ ဆာဒေါ်မန်စမစ်၏ အရေးပေးခြင်းခံရသူဖြစ်သည်နှင့်အညီ အစိုးရစိတ်ကြိုက် ရာထူးတခုရရန် ပေးသောလာဘ်ငွေလက်ခံရယူမှုနှင့်ပတ်သက်၍ မေးရာတွင် သူက ဝန်ခံရုံသာမက ငွေ အမြောက်အမြားဖြစ်ကြောင်း တိုးတိုးတိတ်တိတ်ပြောပြီး နောက်တခါမပြုလုပ်တော့ပါဟု ဖြည့်စွက်လျက် ဘုရင်ခံကို အပြောင်အပျက်ပြောကြား ပြောဆိုရဲခဲ့သည်။

ဗ စစ်ပွဲဒဏ်ဖြင့် ပျက်စီးနေရုံသာမက နိုင်ငံရေး၊ လူမှုရေးအရ ရှုပ်ထွေးပွေလီနေသော နိုင်ငံသို့ ဦးစောအနေဖြင့် ပြန်လာရခြင်းဖြစ်သည့်အပြင် ပို၍အရေးကြီးသည်က ဘယ်သူကမှ သူ့ကို အရေးတယူမရှိကြတော့သည့် နိုင်ငံဖြစ်နေခြင်းပင်။ သူ့ပုံစံအတိုင်း သူသွားရာလမ်းတွင် ပိတ်ရပ်နေသူ မည်သူကိုမဆို ဖယ်ရှားပစ်ရန် အစီအမံများချမှတ်နေပြီး အလှူရှင်များနှင့် ငွေကြေးရနိုင်မည့်နေရာများကို အသဲအမဲရှာကြံနေခဲ့သည်။ ဒေသခံ ထောက်ပံ့မည့်သူများ နည်းပါးနေပြီဖြစ်၍ သူ့ရှာကြံမှုနယ်ကို ပိုမိုဖြန့်ကြက်ရတော့သည်။ ၁၉၄၇ ခုနှစ် အစောပိုင်းတွင် သံသယဖြစ်ဖွယ် လှုပ်ရှားမှုများ ဖြစ်လာခဲ့သည်။ အောင်ဆန်း–အက်တလီစာချုပ်ချုပ်ဆိုပြီးနောက် ဗိုလ်ချုပ်နှင့် ကိုယ်စားလှယ်များ တိုင်းပြည်ပြန်လာချိန်တွင် သူက အင်္ဂလန်တွင် ခေတ္တ နောက်ချန်နေရစ်ခဲ့သည်။ ထိုအချိန်တွင် ဦးဆောင်နိုင်ငံရေးပါတီကို ဆန့်ကျင်တိုက်ခိုက်ရာ၌ အသုံးပြုရန်အတွက် ငွေကြေးအများအပြားကို အမည်မဖော်လိုသည့် အလှူရှင်တဦးက သူ့ကိုပေးခဲ့ကြောင်းနှင့် အင်္ဂလိပ်အရင်းရှင်များထံမှလည်း အလားတူ ငွေကြေးအရေအတွက်ကို သူရရှိခဲ့ကြောင်း သတင်းထွက်လာခဲ့သည်။ (ရှု–Rangoon Guide Daily သတင်းပေးပို့မှု စာ–၅၀) မြန်မာအကြီးတန်းအရာရှိအဆင့်က ၎င်းသံသယရှိနေပုံရသည်သာမက ဗြိတိသျှကာကွယ်ရေးဌာန လုံခြုံရေးအရာရှိက ဗမာစစ်ဌာနချုပ် (Defence Security Office-Burma Command) ၏ ၁၉၄၇ ခုနှစ် ဩဂုတ်လ (၂၀) ရက် သတင်းပေးပို့မှုတွင် ကျွန်တော်၏ဖခင်ဖြစ်သူ ဒီအိုင်ဂျီ–စီအိုင်ဒီ (DIG-CID) နှင့် အချိန်ကြာမြင့်စွာ စကားပြောဆိုမှုတွင် သူ့အနေဖြင့် ဘုရင့်အစိုးရနှင့် ယေဘုယျအားဖြင့် ဗြိတိသျှတို့အပေါ် ယင်းသံသယဝင်နေမှုများမှ

ပပျောက်စေနိုင်ခဲ့သော်လည်း ဥရောပ စီးပွားရေးလုပ်ငန်းတခု သို့မဟုတ် လူပုဂ္ဂိုလ်တဦး တယောက်က ဖဆပလကို ဆန့်ကျင်ရန်အတွက် ဦးစောကို တချိန်ချိန်တွင် ငွေကြေး ထောက်ပံ့ရန် ကမ်းလှမ်းခဲ့သည်ဟူသော တိတ်တခိုးသံသယကိုကား ဒီအိုင်ဂျီ–စီအိုင်ဒီ အနေဖြင့် စွဲမြဲနေဆဲဖြစ်သည်ဟု ဒီအက်စ်အိုမှာ ခံစားကျန်နေရစ်ပေသည် (ရှု– မှတ်ချက်များ အခန်း ၄ အမှတ်စဉ် ၄)။ ၎င်းအပြင် အောက်တွင် သုခပြောပြချက်အရဆိုလျှင် လုပ်ကြံမှုကြီးမတိုင်မီ ဤနှစ်နောက်ပိုင်းတွင် ရန်ကုန်ရှိ ကုန်သွယ်မှုဘဏ်ကို အနုကြမ်းစီးရန် သူ့အနေဖြင့် စီစဉ်ပြီးဖြစ်သည်ဟု ဆိုလေသည်။ မည်သို့သောအကြံအစည်မျိုး နန်းရင်းဝန်ဟောင်းအနေဖြင့် ပါးနပ်လိမ္မာစွာ ဆွဲနေသည်ဖြစ်စေ အချို့သော ဗြိတိသျှ အရာရှိများထံမှ လက်နက်နှင့် ခဲယမ်းမီးကျောက် အရေအတွက် မြောက်မြားစွာ ဝယ်ယူနေခဲ့ရသည့်တန်ဖိုးကို ကာမိစေရန် သူ့မှာ ငွေကြေးရှိနေခဲ့ရပေမည်။

သို့သော်ငြားလည်း ဦးစောအား လူသိမခံဘဲ နိုင်ငံရေးနှင့်ဆက်နွယ်၍ လက်ဆောင်ပဏ္ဏာများ အစုလိုက်အပြုံလိုက် ပေးသည့် စွပ်စွဲချက်နှင့်ပတ်သက်၍ကား ရှင်းလင်းတိကျသော အထောက်အထားတစုံတရာ ထွက်ပေါ်လာခြင်းမရှိချေ။ ဗြိတိသျှအရာရှိများနှင့်တွဲလျက် ဦးစော၏နေအိမ်၌ တွေ့မြင်ရသော ကုန်သွယ်မှုလုပ်ငန်းလုပ်ကိုင်နေသူ တဦးတည်းသော ပုဂ္ဂိုလ်မှာ လီ (လ်) နှင့် ကုမ္ပဏီမှ မာလ်ဟိုထရာ (Malhotra of Leele & Co) (အခန်း ၄၊ စာမျက်နှာ ၁၂၅ နှင့် အခန်း ၅ စာမျက်နှာ ၁၄၀) ဆိုသူ တယောက်သာရှိပေသည်။ သူ့အကြောင်း အနည်းငယ်သိရသမျှမှာ သူသည် ဒေးဗစ်ဗီဗီယန်း နေထိုင်သော ဖိုက်(ချ) လမ်း (Fytche Road) ရှိ နေအိမ်၌ နေထိုင်လျက်ရှိသော အိန္ဒိယလူမျိုး (အမည်အရ ပန်ချာပီဟိန္ဒူ) စီးပွားရေးသမားတဦးဖြစ်သည်။ 'မာလ်ဟိုထရာ' အနေဖြင့် ဗြိတိသျှကုန်သွယ်ရေးလုပ်ငန်းအချို့ကို ရှေ့တန်းတင်ဗန်းပြသူတဦး ဖြစ်ပုံရပြီး ဦးစောနှင့် ဆက်သွယ်မှုပြုရာ၌ သူ့ကို အသုံးချခဲ့ခြင်းဖြစ်ပေလိမ့်မည်။ 'မာလ်ဟိုထရာ' အနေဖြင့်လည်း သူသည် စီးပွားရေးသမားဖြစ်သည့်အလျောက် နောင်တွင် အရေးပါအရာရောက်လာမည့် နိုင်ငံရေးသမားများနှင့် ရင်းနှီးမှုရှိစေရန် ထိုအခွင့်အရေးကို လိုလားကောင်း လိုလားခဲ့ပေလိမ့်မည်။ 'မာလ်ဟိုထရာ' နှင့် သူ့ဇနီးသည်တို့သည် ရန်ကုန်မြို့တွင် ဆက်လက်နေထိုင်ခဲ့ပြီး နောင်နှစ်ပေါင်းများစွာ ကြာရှိသည်အထိ လူမှုရေးပွဲများ၌ သူတို့ကို တွေ့မြင်နေခဲ့ရလေသည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးရပြီးသည့်နောက် 'မစ္စမာဟိုလ်ထရာ' အား မြန်မာအမျိုးသမီးများ၏ 'မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း' တွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည်ကို အမြဲတစေ မြင်တွေ့နေရခြင်းဖြစ်ပေသည်။







## သုခ၏ ဇာတ်ကြောင်းပြန်

ဦးစော၏ နောက်လိုက်များအနက် ကြိုးဒဏ်လွတ်ခွင့်ရပြီး ထောင်ဒဏ်သာ ကျခံရသူများ မည်သို့မည်ပုံ ဆက်လက်ဖြစ်ပျက်သည်များနှင့်ပတ်သက်၍ စောဒနာမှုများ ပြုစရာရှိလာပြန်ပါသည်။ သူတို့ထဲမှ တစုံတယောက်က အမှုနှင့်ပတ်သက်ပြီး ပိုမိုမှတ်သားလောက်ဖွယ် အသေးစိတ်အချက်အလက်များ ထပ်မံဖွင့်ဟမှုများ ရှိခဲ့သည့်အနက် မန္တလေးမှ နာမည်ကျော်ထုတ်ဝေသူနှင့် သတင်းစာဆရာဖြစ်သူ လူထုဦးလှသည် ၁၉၅၃ ခုမှ ၁၉၅၆ နှစ်ကုန်အထိ သုံးနှစ်ကျော် နိုင်ငံရေးမှုများဖြင့် ထောင်ကျခဲ့စဉ်က ထောင်ကျဘက်များ၏ ပြန်လည်ပြောပြချက်များမှ စိတ်ဝင်စားဖွယ် ဖြစ်ရပ်အမှုများကို ပြန်လည်ရေးသား မှတ်တမ်းတင်ထားသည့် စာအုပ် (၉) အုပ်ရှိခဲ့ရာ (၂) အုပ်တွင် ခင်မောင်ရင်၊ သုခနှင့်မောင်နီတို့၏ ပြန်လည်ပြောပြချက်များ ပါရှိခဲ့ပေသည်။ ၎င်းတို့မှာ နိုင်ငံတော်လုပ်ကြံမှုကြောင့် ပြစ်ဒဏ်ကျခံရသူများနှင့် ပတ်သက်၍ တခုတည်းသော ညွှန်ပြစရာ စာအုပ်စာတမ်းသာ ဖြစ်ပါတော့သည်။ တချိန်တွင် လူထုဦးလှသည် ရန်ကုန်ထောင်၌ (နောင်တွင်ဖျက်လိုက်သည်၊ ယခုမရှိတော့) ရှိစဉ် ခင်မောင်ရင်၊ သုခတို့နှင့် အဆောင် (၅) တွင် တခန်းတည်းကျခဲ့သည်။ မောင်နီမှာ တခြားအခန်းတွင်ဖြစ်သည်။ ထိုစဉ်က သုခတဦးတည်းသာ သူ့ဇာတ်ကြောင်းကို ပြန်လှန်ပြောပြခဲ့သည်။ ဦးလှက သူ၏ 'ထောင်နဲ့လူသား' တွင် ၎င်းဇာတ်ကြောင်းပြန်ကို မှတ်တမ်းတင်ကာ ထုတ်ဝေခဲ့ပါသည်။ ၎င်းဇာတ်ကြောင်းပြန်တွင် သုခ၏မိဘများ အထက်မြန်မာပြည်မှ အောက်မြန်မာပြည်သို့ ရွှေ့ပြောင်းလာသည်မှစတင်ပြီး အသေးစိတ်ဖော်ပြခဲ့ရာ နိုင်ငံတော်လုပ်ကြံမှုနှင့် ပတ်သက်သော အစိတ်အပိုင်းကိုသာ ယခုကိုးကားဖော်ပြသွားပါမည်။

မြန်မာနိုင်ငံတွင် မြို့ပြအုပ်ချုပ်ရေး ၁၉၄၅ ခုနှစ် အောက်တိုဘာလ၌ ပြန်လည်စတင်ချိန်တွင် သုခသည် ဧရာဝတီတိုင်းအတွင်းရှိ ကျိုက်လတ်မြို့သို့ ပြောင်းရွှေ့လာခဲ့သည်။ ထိုစဉ်က သူသည် ဖဆပလ သို့ ဝင်ရောက်ခဲ့ပြီး ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ သူသည် ရန်ကုန်ကိုဗဟိုပြုပြီး ကုန်သည်လုပ်ငန်းမျိုးစုံ ကြိုးစားခဲ့သော်လည်း ပြောရလောက်အောင် အောင်မြင်မှုမရခဲ့ချေ။ ထိုသို့ ရန်ကုန်မြို့တော်သို့သွားသည့် ခရီးအချို့တွင် ကျိုက်လတ်မှ အသိမိတ်ဆွေတဦးဖြစ်သူ သက်နှင်းက သူနှင့်လိုက်ပါခဲ့သည်။ သက်နှင်းသည် ဦးစောကို အထူးကြည်ညိုသူဖြစ်ပြီး မျိုးချစ်ပါတီနှင့် ဂဠုန်တပ်တို့၏ ဝါရင့်အဖွဲ့ဝင်တဦးလည်းဖြစ်သည်။ ထို့ကြောင့် သူသည် သူ၏ခေါင်းဆောင်ထံ 'သူရိယ' သတင်းစာတိုက်ရုံးခန်းသို့လည်းကောင်း၊ အေဒီလမ်းနေအိမ်သို့လည်းကောင်း သွားရောက်လည်ပတ်လေ့

ရှိသည်။ သို့ဖြစ်လေရာ သက်နှင်းက သုခကို သူနဲ့အတူလိုက်ခဲ့ရန် ခေါ်သွားပြီး ဦးစောနှင့် မိတ်ဖွဲ့ပေးခဲ့သည်။ နောက်ဆုံး၌ သက်နှင်း၏ ထောက်ခံမှုဖြင့် ဦးစောက သုခကို သူ၏ လူယုံစာရင်းသွင်းလိုက်ပြီး နိုင်ငံရေးလုပ်ရာ၌ ငွေကြေးသည် ပဓာနမလိုအပ်ချက်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ "ငါတို့အနေနဲ့ နာရီဝက်အတွင်း သိန်း (၅၀) လောက် အသားတင် ကျိမ်းသေပေါက်ရနိုင်မယ့် လုပ်ငန်းကြီးမျိုးတွေ လုပ်ရလိမ့်မယ်။ ကုန်သွယ်မှုဘဏ်ကို ခေတ်အမီဆုံးနည်းနဲ့ ပိပိရိရိ ငါတို့အနုကြမ်းစီးရမယ်။ ဒါဟာ ကျိမ်းသေပေါက်ပဲ။ သံသယ လုံးဝမဖြစ်နဲ့။ ဒါဟာ ဗြိတိသျှတွေကို မောင်းထုတ်နိုင်မယ့် နည်းလမ်းတခုပဲ။ ဒါဟာ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းရပ်ကြီးကို ရိုက်ချိုးပစ်လိုက်တာနဲ့ အတူတူပဲ" စသည်စသည်ဖြင့်...။

သုခ ကျိုက်လတ်မြို့ပြန်သွားပြီး မကြာမီပင် ဦးစောက သူ့ကိုခေါ်ကြောင်း သက်နှင်းက သတင်းပို့လာသည်။ သူတို့နှစ်ယောက်လုံး ပြန်သွားကြပြီး သူတို့ရောက်သည်နှင့် (ဇွန်လ ၉ ရက်ခန့်) အင်းလျားကန်ထဲရှိ ကျွန်းကလေးတခုပေါ်တွင် ကြိုတင်လေ့ကျင့်မှုဟု ပြောရမည့် လေ့ကျင့်ခန်းတခုကို သူတို့ပါဝင်ပြုလုပ်ကြရသည်။ လေ့နှစ်စီးအပြည့် လက်နက်အပြည့်အစုံတပ်ဆင်ထားသူများ ပါဝင်ဆင်နွှဲခဲ့ကြပြီး ထိုကျွန်းပေါ်၌ ဦးစောက အနုကြမ်းစီးရမည့် အသေးစိတ်အစီအစဉ်များကို အချို့သူများအား သင်ကြားပို့ချနေချိန်၌ အချို့သူများက သစ်ပင်များကြားတွင် မည်သို့မည်ပုံ ချဉ်းကပ်ရမည်ကို လက်တွေ့သင်ကြားကြရသည်။ ဦးစောက ကုန်သွယ်မှုဘဏ်တွင် ငွေ (၄-၅) သောင်းဖြင့် ငွေစာရင်းဖွင့်လိုက်ပြီး နေ့စဉ် ငွေကြေးအနည်းငယ်ကို အထုတ်အသွင်းပြုလုပ်သည်။ သူ့လူများက သူနှင့်အတူ အလှည့်ကျလိုက်ပါပြီး ဘဏ်နှင့်ကျွမ်းဝင်မှုဖြစ်အောင် ပြုလုပ်ကြရသည်။ ကြိုတင်လေ့ကျင့်မှုပြုလုပ်ပြီး နောက်တနေ့နံနက်တွင် သုခက ဦးစောနှင့် လိုက်ပါသွားခဲ့သည်။

တပတ်ကြာပြီးနောက် တခုသော နေ့လယ်ခင်းတွင် ဦးစောက သုခအပါအဝင် လက်ရွေးစင် (၁၄-၁၅) ယောက်ခန့်ကို ဆင့်ခေါ်လိုက်ပြီး ပန်းခြံအတွင်းရှိ အဆောက်အအုံလေးထဲတွင် စုရုံးစေကာ မိမိတို့သွားရောက်ရမည့်နေရာနှင့် ထမ်းဆောင်ရမည့် တာဝန်တို့ကို ဘဏ်စီးနင်းမှုပုံစံအတိုင်း လှုပ်ရှားမှုတခုချင်းအပေါ် အသေးစိတ်ရှင်းလင်းပြောပြလျက် တဦးချင်းကို တာဝန်များ ခွဲဝေပေးလိုက်သည်။ စီးနင်းမှုကို နံနက် (၁၁) နာရီနှင့် နေ့လယ် (၁) နာရီအကြား ပြုလုပ်ရမှာဖြစ်သည်။ ထိုအချိန်အတွင်းတွင် ဗဟိုဘဏ်မှ ထုတ်ယူလာခဲ့ပြီး နေ့စဉ်ပြန်ပို့ရသော ကျောက်မျက်ရတနာ အစရှိသည့် အဖိုးတန်ပစ္စည်းများ ကုန်သွယ်မှုဘဏ်၏ မီးခံသေတ္တာများအတွင်း၌ ရှိနေဆဲဖြစ်သည်။ မန်နေဂျာနှင့် ငွေကိုင်ချုပ်ကို အမိအရဖမ်းဆီးခြင်းမှ စစ်ဆင်မှုကို စတင်ခဲ့ပြီး ခန်းမကြီးအတွင်း စာရေးစာချီ (၅၀) ခန့်ကို ချုပ်ထားခြင်း၊ အပေါ်နှစ်ထပ်ရှိသူများ မလှုပ်ရှားနိုင်အောင် ကန့်သတ်ထားခြင်း၊ အဝင်ပေါက်ဝကြီး၌ လက်နက်ကိုင်အစောင့်ကိုဖမ်း၍ အတွင်းသို့သွင်းပြီး သူ့နေရာတွင် ပုလိပ်ဆပ်အင်စပက်တော် ယူနီဖောင်းဝတ် အနုကြမ်းစီးသူတဦးနှင့် အစားထိုး







ထားခြင်း စသည်စသည်များအပေါ်တွင် သူ့ညွှန်ကြားမှုများက ခိုင်မာထားလေသည်။ လုယက်၍ရသည်များကို အိတ်များထဲ ထည့်ပြီးသည်နှင့် ဝစီတချက်မှုတ်လိုက်မည်ဖြစ်ပြီး သူတို့အနေဖြင့် ရှေ့ပေါက်မှ အမြန်ထွက်ပြီး ရပ်ထားသော လော်ရီကားပေါ်သို့ အနုကြမ်းစီးရသည့် ပစ္စည်းများနှင့်အတူ တက်ကြရမှာဖြစ်သည်။ တချိန်တည်းမှာပင် တချို့က ဘားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ဂျစ်ကားသို့ သွားကြရမှာဖြစ်သည်။ လော်ရီကားက ရှေ့ကထွက်ပြီး နောက်ယောင်ခံလိုက်လာသူများရှိပါက ထိုသူများအား ဟန့်တားပိတ်ဆို့ရန် ဂျစ်ကားက နောက်မှလိုက်ရန်ဖြစ်သည်။ အနုကြမ်းစီးမှုတရပ်လုံးကို (၁၅) မိနစ်အတွင်း ပြီးစီးရမည်ဖြစ်သည်။ ထို့နေ့တွင် သူတို့အနေဖြင့် စစ်တပ်ယူနီဖောင်းများကို ဝတ်ဆင်ထားကြရမည်ဖြစ်ပြီး အော်တိုမက်တစ်သေနတ်များ ကိုင်ဆောင်ထားကြရမည်ဖြစ်၍ ထိုအချိန်၌ မိုးရွာနေမည်ဖြစ်သည့်အတွက် မိုးကာအင်္ကျီ များ မဖြစ်မနေ ဝတ်ဆင်ထားရပေဦးမည်။

အစစအရာရာ စိတ်အားတက်ကြွစွာ အဆင်သင့်ဖြစ်လျက်ရှိနေပေပြီ။ သူတို့အနေဖြင့် အသင့်အနေအထားပြင်ထားကြရပြီး ထိုနေ့က မိုးရွာမည်ဟု မျှော်လင့်ထားကြသော်လည်း (၆) ရက်သာ ကုန်သွားသည်။ မိုးကမရွာခဲ့ချေ။ ထိုအခါမှ စိတ်တင်းထားမှုများ ဖြေလျှော့လိုက်ပြီး သူတို့အားလုံး နားနားနေနေ နေလိုက်ကြသည်။ ထိုအတွင်း မြန်မာ ဧည့်သည်များရော နိုင်ငံခြားသား ဧည့်သည်များကိုပါ ဦးစောက သူ့အိမ်၌ ဧည့်ခံနေခဲ့သည်ကို သူတို့သတိပြုမိကြသည်။ ၎င်းအပြင် အိမ်ဂိတ်ဝရှိ အစောင့်များမှာလည်း ရိုင်ဖယ်သေနတ်နှင့် ဖြစ်နေပေပြီ။

ဇွန်လ (၂၆) ရက်တွင် ဘရင်းဂန်းအလက် (၂၀၀)၊ ပြောင်းပို (၂၀၀) နှင့် မဂ္ဂဇင်းကျည်ဆန်အတောင့် (၈၀၀) တင်ဆောင်လာသော လော်ရီကားတစီး အိမ်သို့ရောက်လာသည်။ ထို့နောက်ပိုင်းတွင် ၎င်းသေနတ်များနှင့် အပိုပစ္စည်းများကို ဆီထိုး၍ ဆီစိမ်အဝတ်များရစ်ပတ်လျက် စည်အလွတ်များတွင် ထည့်သွင်းသိမ်းဆည်းကာ ရေကန်အတွင်း သတ်မှတ်ထားသော နေရာများတွင် မြှုပ်ထားလိုက်ကြသည်။ ထင်းရှူးသေတ္တာများတွင် ထည့်သွင်းထားသည်များကိုမူ သိမ်းဆည်းပေးမည့် မိတ်ဆွေများရှိရာနေရာများသို့ ပို့ဆောင်ပေးခဲ့ကြသည်။ သေနတ်များရပြီး နောက်ပိုင်းတွင် သူတို့ခေါင်းဆောင်၏ မျက်နှာအနေအထားမှာ ပိုမိုပြီး ခိုင်မာပြတ်သားသည့်ပုံ ပေါ်လာသည်ကို သုခ သတိထားမိခဲ့သည်။ ထိုအချိန်၌ပင် ဦးစောက သူ၏ အစီအစဉ်အတိုင်း သူတို့အား သစ္စာဆိုခိုင်းသည်၊ ထို့နောက် သူက သူ့လူများကို သုံးယောက်တတွဲ လေးယောက်တတွဲ ခေါ်လိုက်သည်။ သူတို့အနေဖြင့် မကြာမီ ကြီးမားလှသော ရာဇဝတ်မှုခင်းကို ကျူးလွန်ရတော့မည် ဖြစ်သည့်အတွက် သူတို့ထဲက တယောက်ယောက် သစ္စာဖောက်ခဲ့လျှင် ကျန်လူများအားလုံး ယင်းအကျိုးဆက်ကို ခံစားကြရမည်ဖြစ်ကြောင်း ဦးစောက သတိပေးပြောပြခဲ့သည်။ သို့ဖြစ်သည့်အတွက် သူတို့အနေဖြင့် လုပ်ငန်းမစမီ သေတမ်းစာကို လက်မှတ်ထိုးထားဖို့လိုကြောင်း

ကတိတောင်းသည်။ ထို့ကြောင့် သူတို့အားလုံးက သဘောတူလိုက်ပြီးနောက် သူတို့အားလုံးကို ဘုရားစင်ရှေ့ခေါ်သွားပြီး သစ္စာဆိုကာ သစ္စာရေသောက်ကြရသည်။ ထို့နောက် သေတမ်းစာရေးကြရကာ အသီးသီးလက်မှတ်ထိုးပြီး ယင်းသေတမ်းစာများကို သူက သိမ်းယူထားလိုက်သည်။

ထို့နောက်ပိုင်းတွင် ဦးစောကို ညဘက်ပိုင်း ကားဖြင့် မကြာခဏထွက်ထွက်သွားသည်ကို မြင်တွေ့ကြရသည်။ ဘယ်သွားသည်မသိ၊ တချို့ခရီးများတွင် သူ့လူယုံတော်တယောက်ယောက်ကို ခေါ်သွားလေ့ရှိပြီး တချို့ခရီးများကိုမူ သူတယောက်တည်းသာ သွားတတ်သည်။ ယင်းခရီးများမှာ မင်္ဂလာဒုံဘက်သို့ဟူ၍ ယူဆရသည်။ ထို့နောက်ပိုင်းတွင် တော်မီ၊ စတင်း၊ ဘရင်းနှင့် ခြောက်လုံးပြူးသေနတ်များအတွက် ကျည်ဆန်တောင့်တသိန်းသုံးသောင်းကျော်ကို လော်ရီကားကြီး (၂) စီးဖြင့် (ဇူလိုင် ၁၂ ရက်) နေ့တွင် ယူဆောင်ရောက်ရှိလာခဲ့သည်။ ယင်းကျည်ဆန်တောင့်များကို ကျပ်ငွေ သုံးသိန်းငါးသောင်းသာပေးရပြီး အလွန်စျေးသက်သက်သာသာနှင့် ဝယ်ယူရရှိခဲ့တာဖြစ်ကြောင်း အပြင် မကြာမီ ကျပ်တသိန်းခွဲပေးပြီး နောက်ထပ်ကျည်ဆန်တောင့်တသန်း တသုတ်ရရှိနိုင်စရာရှိသေးကြောင်း သူ့လူများကို သူကိုယ်တိုင် ထုတ်ဖော်ပြောပြခဲ့သည်။ နောင်အခါမှသိရသည်မှာ ဗြိတိသျှစစ်တပ်အနေဖြင့် ယင်းကျည်ဆန်တောင့်များကို ဖျက်ဆီးပစ်ရန်ဖြစ်သော်လည်း တကယ်မဖျက်ဆီးဘဲ အဖျက်စာရင်းပြကာ နီးစပ်ရာလူများနှင့်ဆက်သွယ်၍ ခိုးထုတ်ရောင်းချခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ဦးစောအနေဖြင့် အလွန်ချိုသာသော စျေးနှုန်းဖြင့် ယင်းတို့ကို ရရှိခဲ့ခြင်းဖြစ်သည်။ ထိုမျှမကသေး သုံး၍ရသေးသော နှစ်လုံးပြူးများ အပါအဝင် သေနတ်ဟောင်း အလက် (၁,၅၀၀) ရရှိအောင် စီစဉ်နေဆဲဖြစ်ကြောင်းကိုလည်း သူက ပြောသေးသည်။ သို့ဖြစ်၍ ရောက်နေသော ယင်းကျည်ဆန်များကို ပန်းခြံအတွင်းနှင့် အနီးဝန်းကျင်တွင် သူတို့တတွေ အလျင်အမြန် သိုဝှက်သင့်တာ သိုဝှက်ပြီး အပြင်သို့ ဖြန့်ဖြူးသင့်တာ ဖြန့်ဖြူးလိုက်ကြသည်။

ရက်အနည်းငယ်ကြာပြီး တညနေတွင် သုခသည် ထုံးစံအတိုင်း ရေကန်ထဲ၌ ရေချိုးပြီး အဝတ်အစားလဲကာ အိမ်ရှေ့ဘက်သို့ လမ်းလျှောက်ရန်ထွက်လာရာ ဦးစောနှင့် လူသုံးယောက် ကုလားထိုင်များတွင်ထိုင်ရင်း တစုံတခု ဆွေးနွေးနေကြသည်ကို တွေ့လိုက်ရသည်။ ထိုအခါ ဦးစောက 'အင်း...ကိုသုခ ခင်ဗျားရောက်လာတာအတော်ပဲ' ဟု ပြောပြောဆိုဆို ကုလားထိုင်အလွတ်တလုံးကို ညွှန်ပြခြင်းကြောင့် ထိုကုလားထိုင်အလွတ်တလုံးတွင် ဝင်ထိုင်လိုက်သည်။ ဦးစောက "ကျွန်တော့်မှာ အခု အရေးကြီးတဲ့ကိစ္စတခုရှိတယ်။ အဲဒါက အရင်ဟာထက်ပိုပြီး အရေးကြီးတယ်။ အဲဒီကိစ္စမှာ ခင်ဗျားက ကားမောင်းပေးရမယ်။ ခင်ဗျားဘယ်လိုလဲ၊ အဲဒါကို လုပ်နိုင်မလား" ဟု ဆက်မေးလိုက်သည်။ သူ အမိန့်ပေးတာ နာခံရမည့်အနေအထားမှာ ရှိနေခြင်းနှင့် ကားမောင်းနိုင်သူမှာ သူအပါအဝင်







သုံးဦးသာရှိသည့်အတွက် သုခက သူလုပ်ပါမည်ဟု ပြန်ဖြေလိုက်သည်။ ထို့နောက်တွင်မူ ဦးစောသည် ကျန်လူများနှင့် ဆက်လက်ဆွေးနွေးနေကြသည်။ ထိုလုပ်ငန်းမှာ သက်ဆိုင်သူ နာမည်တစုံတရာကို ထုတ်ဖော်ပြောဆိုခြင်း မရှိကြသော်လည်း တိုက်ခိုက်ပစ်ခတ်မှုများနှင့် ပတ်သက်သည့် နားစွန်နားဖျား သူကြားရသော စကားလုံးများအရ သူတို့အနေဖြင့် များမကြာမီ တစုံတခုသောနေရာတွင် သက်စွန့်ကြိုးပမ်း လုပ်ကြံသတ်ဖြတ်မှုတခုကို စီစဉ်နေကြကြောင်း သူ ရှင်းရှင်းလင်းလင်း သိလိုက်ရသည်။ ထို့နောက်တွင်မူ သူတို့ လူစုခွဲလိုက်ကြသည်။

ဖော်ကောင်ဘညွှန့် သက်သေခံချက်က သုခပြောပြသည့် နောက်ဆုံးအပိုင်းနှင့် ပတ်သက်၍ သံသယဖြစ်စေသည်။ အထက်က အတိုင်းဆိုလျှင် သုခမှာ ထိုင်ရုံမျှ ဝင်ထိုင်လိုက်ပြီး သိပ်မကြာမီ အစည်းအဝေးပြီးစီးသွားပုံပေါ်ပါသည်။ ဘညွှန့်က ထွက်ဆိုရာတွင် သူ့ဆရာက သူ့ကိုခေါ်ချိန်တွင် သူက အိပ်ပျော်နေခဲ့သည်။ (ရှု–စာမျက်နှာ ၁၀၉ နှင့် ၁၁၃)။ ည (၉) နာရီခန့် သူကိုယ်တိုင် ရောက်ရှိသွားချိန်တွင် မောင်စိုး၊ သက်နှင်း၊ မောင်စိန်နှင့် သုခတို့မှာ ဦးစောနှင့် အတူရှိနေခဲ့သည်။ သုခရောက်သွားချိန်တွင် ပထမ (၃) ဦးသည် သုခနှင့် ဘညွှန့်တို့ ရောက်မလာကြသေးမီကပင် သူတို့ခေါင်းဆောင်နှင့် ဆွေးနွေးနှင့်ကြပြီး နောက်ထပ်နာရီအတော်ကြာ ဆက်လက်ဆွေးနွေးနေဆဲ ပထမ သုခရောက်လာပြီး၊ ထို့နောက်တွင်မှ ဘညွှန့် ရောက်လာဟန်တူသည်။ ထိုအချိန်အတွင်း သုခက နားထောင်နေခဲ့သည်။ ဦးစော၏ နောက်လိုက်များထဲတွင် အယုံကြည်ရဆုံးနှင့် အခိုင်မာဆုံး တပည့်များဖြစ်လျက် လူသတ်ရန် တာဝန်အပေးခံရသူ (မောင်စိုး၊ သက်နှင်း၊ မောင်စိန်) ထို (၃) ယောက်နှင့် ဘညွှန့်တို့အနေဖြင့် လုပ်ကြံမှုမတိုင်မီညအထိ ၎င်းတို့လုပ်ဆောင်ရမည့်တာဝန်ကို မသိရှိခဲ့ကြခြင်းမှာ နားလည်ရန်ခက်လှသည်။

သုခက ဆက်လက်ပြောဆိုရာတွင် ထိုမျှလောက် အရေးပါလှသောနေ့က သူ့အနေဖြင့် သေနတ်သမားများ မှုခင်းဖြစ်ပွားရာ နေရာသို့ သွားရာတွင် စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်ကို မောင်းရသည့်သူသာဖြစ်ကြောင်း တစိုက်မတ်မတ်ပြောဆိုခဲ့သည်။ ခင်မောင်ရင်နှင့်အဖွဲ့က 'ဖို့ဒ်ဆန်' ထရပ်ကားဖြင့် သူသွားရမည့်နေရာကိုပင် စောစီးစွာ ထွက်ခွာသွားခဲ့သည်ကို သူမသိရှိခဲ့သည်သာမက မောင်စိန်၏ လမ်းညွှန်မှုဖြင့် အတွင်းဝန်ရုံးသို့ သူက မောင်းသွားခဲ့ရခြင်းဖြစ်သည်။ အတွင်းဝန်ရုံးတွင် ကားအင်ဂျင်စက်ကို နှိုးထားရန် သူ့အား မောင်စိန်က အမိန့်ပေးခဲ့သော်လည်း သေနတ်သံကြားရသည့်အချိန်တွင် ကားအင်ဂျင်စက်က ရတ်တရက်ရပ်သွားခဲ့သည်။ ကားအင်ဂျင်စက်ကို ထပ်ခါထပ်ခါ သူကြိုးစားနှိုးသော်လည်း သေနတ်သမားများ လှေကားမှ ပြေးဆင်းလာသည်ကို သူမြင်ရသည့်တိုင် ကားစက်ကို နှိုး၍မရသေးပေ။ ထိုဂျစ်ကားကို ပုံမှန်ကိုင်တွယ်နေသူမှာ မောင်စိန်ဖြစ်၍ သူနှိုးလိုက်မှ ကားကနှိုးသွားသည်။ သုခက အပြန်လမ်း

တဝက်လောက်ထိ မောင်းလာခဲ့သည်။ သူ့ကို မောင်းတာနှေးလွန်းသည်ဟု အပြစ်ပြော ခံရပြီး မောင်စိန်က သူ့လက်မှ ပြောင်းယူ၍ ဆက်လက်မောင်းလာခဲ့သည်။

သူ့ပြောပြချက်များတွင် အခြားစိတ်ဝင်စားစရာကောင်းသည့်တချက်မှာ တရား မဆိုင်ရသေးခင် သူ့ကို တိုက်ပိတ်ခံထားရချိန်၌ ရန်ကြီးအောင်က ဤကိစ္စကို မောင်စိုးနှင့် အခြားသူများ အစီအစဉ်ဆွဲနေသည်မှာ ကြာပြီဖြစ်ကြောင်း၊ သူ့ကို နှစ်ကိုယ်ကြား ပြော ခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် ဦးစော၏လူများ စိတ်သဘောထား ပြောင်းလဲစပြု လာပြီး မောင်စိုးနှင့် သက်နှင်းတို့က သူတို့အနေဖြင့် အရည်အချင်းရှိပြီး ဂုဏ်သရေ မြင့်မားသော ပုဂ္ဂိုလ်ကြီးတဦးနှင့် အမှုတတွဲထဲရှိနေခြင်းကြောင့် သူတို့ဘက်က အားသာ စေရန် ဦးစောက စွမ်းဆောင်နိုင်ရည်ရှိသည့်အတွက်ကြောင့် မလိုအပ်ဘဲ စိတ်ပူပန်မှုမဖြစ် ကြရန် သူတို့၏ရဲဘော်များကို ဖျောင်းဖျခဲ့ကြသော်လည်း သူတို့ ရဲဘော်များအား စိတ် ဓာတ်မကျအောင် မလုပ်နိုင်ကြချေ။ သုခမှာ ဝမ်းနည်းကြေကွဲလျက်ရှိပြီး သူ့အနေဖြင့် ဦးစောအိမ်သို့ နောက်ကျမှ ရောက်လာရသူဖြစ်၍ ဂဠုန်ခေါင်းဆောင်ကြီးနှင့် ရက် (၄၀) သာ အတူနေခဲ့ရလျက် စက်ရုပ်သဖွယ် အစေခံလို အသုံးချခံရကာ ဓားစာခံအလုပ်ခံရ ခြင်းနှင့် ဤသို့သော နာမည်ဆိုးလှသည့် ရာဇဝတ်မှုတွင် ပါဝင်ပတ်သက်ခဲ့ရခြင်းတို့အတွက် အကြီးအကျယ် နောင်တရမိကြောင်း ဦးလှကို ပြောဆိုခဲ့သည်။

သုခမှာ လူထုဦးလှ၏ နောက်စာအုပ်တအုပ်တွင် ထပ်မံပါရှိသော်လည်း ဒီတခါ တွင်မူ ခပ်တိုတိုလေးသာပါခဲ့သည်။ ယင်းစာအုပ်မှာ “စစ်၊ အချစ်နှင့်ထောင်” (၁၉၇၃ ခုနှစ်တွင် The Victim အပြစ်မဲ့ခံရသူအမည်ဖြင့် အင်္ဂလိပ်လိုဘာသာပြန်ခံရသည်) အမည် ရှိ ဝတ္ထုဖြစ်သည်။ ယင်းဝတ္ထုမှာ ဓားပြမှုဖြင့် ထောင်တသက်ကျပြီး ရန်ကုန်ထောင် တွင် ထိုအချိန်က (၉) နှစ်ကျခံပြီးဖြစ်သူ မောင်သက် (ခ) ထွန်းမြင့်အကြောင်းဖြစ်သည်။ သူက (၁၉၅၇ ခုလောက်တွင်) ဘီကလပ်(စ်) အဆင့်ဖြင့် ထောင်ကျသွားပြီးနောက် အပ်ချုပ်ဌာန၌ စာရေးအဖြစ် တာဝန်အချခံထားရသူ သုခကို တွေ့ခဲ့ရသည်။ ထိုအခါ ထိုဌာနတွင်ပင် အလုပ်လုပ်နေရသူ မောင်သက်က သုခကို အစိုးရ အဖွဲ့ဝင်ဝန်ကြီးများအား လုပ်ကြံသတ်ဖြတ်မှုဖြင့် ထောင်တသက်ကျခံနေရသူအဖြစ် သိရှိခဲ့သည်။ သုခအနေဖြင့် သူ့အပေါ် အကြိမ်အတော်များများ ညှာတာစွာ ဆက်ဆံခဲ့သည်ဟု သူကပြောပြခဲ့သည်။

ထို့နောက်ပိုင်းတွင် သုခမှာ ဇာတ်မြုပ်သွားခဲ့သည်။

## စပ်စံထွန်း၏သား

၁၉၄၇ ခုနှစ်၊ ဇူလိုင်လတွင် အာဇာနည်အဖြစ် ကျဆုံးခဲ့ရသူ ခေါင်းဆောင်ကြီးများ ၏ မျိုးဆက်များထဲတွင် ယခုအခါ၌ အထင်ရှားဆုံးဖြစ်နေသူမှာ ဗိုလ်ချုပ်ကိုယ်တိုင်၏







သမီးဖြစ်ပြီး ထိုအချိန်က ကလေးမျှသာဖြစ်ခဲ့သူ ဒေါ်အောင်ဆန်းစုကြည်ဖြစ်သည်။ ကျွန်တော် ၏ ရေးသားမှုကို ဖတ်ပြီးနောက် အခြား ကလေးငယ်တဦးကလည်း သူမှတ်မိသမျှ ကျွန်တော်အား ပြောပြခဲ့သည်။

သူသည် ‘စပ်စံထွန်း’ ၏သား ‘စပ်ဆေးဟုန်’ ဖြစ်၍ သူ့ဖခင်ဖြစ်သူ မိုင်းပွန်စော် ဘွားကြီး ဇူလိုင်လ (၁၉) ရက်နေ့က အသတ်ခံရသည့် တုန်လှုပ်ဖွယ်သတင်းကို ကြားရ ချိန်က သူသည် သူ၏ ညီငယ်တဦး၊ ညီမ (၂) ဦးတို့နှင့်အတူ တောင်ကြီးမြို့တွင်ရှိသော ယောကျ်ားလေးနှင့် မိန်းကလေးများ ရောနှောပညာသင်ကြားရသည့် ‘စိန့်အင်း(န်)ကွန် ဗင့်’ ကျောင်းတွင် ပညာဆည်းပူးလျက်ရှိပြီး အသက်အားဖြင့် (၁၂) နှစ်သာ ရှိသေးသည်။ သူ့မိခင်နှင့် အခြားညီမတဦးမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပြီး၊ ယောကျ်ားလေးများမှာ (လေတပ် ဗိုလ်မှူးချုပ်) ‘တော်မီကလစ် (ဖ်)’ ၏ မိခင်အိမ်၌ နေထိုင်လျက်ရှိကြသည်။ စိတ်ပူပန်လှုပ် ရှားလျက်နေကြသော မိဘမဲ့ကလေး (၄) ယောက်သည် ရန်ကုန်မြို့သို့ ရထားဖြင့် စီးနင်း လိုက်ပါခဲ့ကြသော်လည်း ‘မုတ်သုန်’ မိုးကြီး သည်းထန်စွာရွာသွန်းမှုကြောင့် ရထားလမ်း များ ရေလွှမ်းကာ သာစည်လမ်းဆုံတွင် တပတ်လုံးလုံး သူတို့ သောင်တင်နေခဲ့ကြသည်။

ရန်ကုန်မြို့တော်တွင်မူ နောင်တွင် လွတ်လပ်သော သမ္မတမြန်မာနိုင်ငံတော်၏ ပထမ ဆုံး နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသည့် မိုးမိတ်စော်ဘွား စပ်ခွန်ချိုက သူတို့ကို ကောင်း စွာစောင့်ရှောက်ထားခဲ့ရသည်။ ဂျူဗလီဟောတွင် နိုင်ငံတော်ဈာပနအဖြစ် ရှိနေဆဲဖြစ်သော အာဇာနည်ကြီးများ၏ ရုပ်ကလာပ်ရှိရာသို့ သူတို့အား ခေါ်ဆောင်သွားသောအခါတွင် ‘စပ်ဆေးဟုန်’ သည် မှန်ခေါင်းထဲတွင် လဲလျောင်းနေသော သူ့ဖခင်၏ ကိုယ်ခန္ဓာကို မင်း ညီမင်းသားအဆင့်နှင့် လိုက်ဖက်သော နန်းသုံးအဆင်အယင်များနှင့် အထူးပြင်ဆင်ထား သည်ကို သတိထားမိခဲ့သည်။

စပ်စံထွန်း၏ ရုပ်ခန္ဓာကို သူ့မြို့တော်ဖြစ်သည့် မိုင်းပွန်မြို့သို့ ရထားဖြင့် သယ်ဆောင် ရာတွင် ရွှေညောင်မြို့မှတဆင့် ကျန် (၄၄) မိုင် ခရီးစဉ်ကို မော်တော်ယာဉ်ဖြင့် အပြီးသတ် သယ်ဆောင်ခဲ့ရသည်။ ရိုးရာဓလေ့ထုံးတမ်းများအရ အခမ်းအနားကျင်းပခဲ့ကြပြီး နောက် ဆုံးနေ့ မီးသင်္ဂြိုဟ်ရာသို့ အခြားပြည်နယ်များမှ စော်ဘွားများ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များနှင့် လူထောင်ပေါင်းများစွာ တက်ရောက်လာခဲ့ကြသည်။ စပ်ဆေးဟုန်သည် သားအကြီးဆုံး ဖြစ်သည်နှင့်အညီ ဈာပန နံ့သာ ထင်းစင်ကို မီးရှို့ပေးခဲ့ရသည်။ သူ့ဖခင်၏ ကိုယ်ခန္ဓာ သည် အလွန်လျင်မြင်စွာ မီးလောင်ပြာကျသွားခဲ့သည်ကို သူမှတ်မိခဲ့သည်။ ပြာများကို စုစည်း၍ ဂူသွင်းထားခဲ့သည်။ နှစ်ပေါင်းများစွာ ကြာပြီးနောက် ထိုကြမ္မာငင်သည့်နေ့က သေဆုံးသွားပြီးသူများနှင့် အသက်ငင်နေသူများကို ဆေးရုံကြီးသို့ ယူဆောင်သွားရာ ရန်ကုန်အထွေထွေ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ကျနေသူ ဆရာဝန်တဦးက စပ်စံထွန်း သည် ခဏတဖြုတ်မျှ သတိပြန်လည်လာတိုင်း... “တခြားလူတွေကို ဂရုစိုက်ပါ။ သူတို့က

ကျွန်တော့်ထက် ပိုထိခိုက်တယ်" ဟု ညည်းတွားကြောင်း စပ်ဆေးဟုန်ကို ပြန်ပြောင်းပြောဆိုခဲ့သည်။ မိုင်းပွန်စော်ဘွားကြီးသည် နောက်တရက်တွင် ကွယ်လွန်သွားခဲ့လေသည်။

စပ်ဆေးဟုန်သည် ယခုအခါ သူ၏ ဇနီးသည်နှင့်တကွ သမီးသုံးယောက်၊ သားတယောက်နှင့်အတူ သြစတြေးလျနိုင်ငံ၊ ဆစ်ဒနီမြို့တွင် နေထိုင်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်၊ အောက်တိုဘာလ၌ ကင်ဘာရာမြို့ရှိ သြစတြေးလျ အမျိုးသားတက္ကသိုလ် (Australian National University) တွင် ကျင်းပသော အရှေ့တောင်အာရှနယ်စပ်ဒေသများနှင့် ပတ်သက်သော ဆွေးနွေးပွဲတခုသို့ "ရှမ်းလူမျိုးများ ၁၉၄၇–၆၇" စာတမ်းတစောင်ကို သူ တင်သွင်းခဲ့သည်။ ယင်းစာတန်းတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် ပေးထားသော ကတိကို တည်လေ့ရှိသည့်ခေါင်းဆောင်မျိုးဖြစ်၍ ရှမ်းတို့က သူ့အပေါ် ယုံကြည်မှုအပြည့်အဝထားရှိခဲ့သည်။ တိုင်းပြုပြည်ပြုလွှတ်တော်က ၎င်း၏ လုပ်ငန်းရပ်များကို အပြီးမသတ်နိုင်မီမှာပင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ထိပ်ပိုင်း အမျိုးသားခေါင်းဆောင်ကြီးများ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ကံမကောင်း အကြောင်းမလှစွာ လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည်။ ယင်းသို့ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့ရမှုသည် နောင်နှစ်ပေါင်းများစွာ အကြာတွင် ရှမ်းလူမျိုးများအပေါ်၌ ကျရောက်လာမည့် ကံကြမ္မာ အမျိုးမျိုးတို့အတွက် အကြီးမားဆုံးနှင့် တခုတည်းသော အခြေခံအကြောင်းအချက် ဖြစ်ပေလိမ့်မည်" ဟူ၍ သူက တင်ပြခဲ့သည်။

## ဦးဘဝင်း၏သား

လေးစားရသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ သားတဦးဖြစ်ပြီး သူ့ဖခင်ဖြစ်သူနှင့် သူကိုယ်တိုင် ပတ်သက်နေသော မှတ်တမ်းမှတ်ရာများမှတဆင့် ကျွန်တော်ထံသို့ အချို့သော အကြောင်းအရာများကို ဝေမျှပေးပို့ကူညီခဲ့သူမှာ ဦးဘဝင်း၏သား၊ ဒေါ်အောင်ဆန်းစုကြည်၏ အကိုတဝမ်းကွဲတော်သူ ဒေါက်တာစိန်ဝင်းဖြစ်သည်။

သူက (ဒေါ်အောင်ဆန်းစုကြည်ပြောခဲ့ဖူးသည့်အတိုင်း) သူ့ဘဝအတွေ့အကြုံကို စတင်ပြောခဲ့သည်။ "ကျွန်တော့်ဖခင် သေဆုံးစဉ်က ကျွန်တော်သည် ငယ်လွန်းလှ၍ မမှတ်မိခဲ့ပါ" ဟု ဆိုသည်။ မှန်ပါသည်။ ထိုဆိုးရွားလှသော အဖြစ်အပျက် ဖြစ်ပွားစဉ်က သူသည် အသက် တနှစ်နှင့်ခြောက်လအရွယ်မျှသာ ရှိသေးသည်။ ဒေါ်အောင်ဆန်းစုကြည်ကလည်း အလားတူပင် "အောင်ဆန်း" ဟူသော ပုဂ္ဂိုလ်ရေးအထုပ္ပတ္တိစာအုပ်၏ အချီးနိဒါန်းကို ဤသနားစဖွယ်စကားလုံးများဖြင့် အစပျိုးထားခဲ့သည်။ သြစတြေးလျနိုင်ငံ၊ ကွင်း (စ) လန်တက္ကသိုလ် (Queensland University) က ၁၉၈၄ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'အာရှခေါင်းဆောင်များ' စာစဉ်တွင် ဤရေးသားမှု ပါရှိခဲ့ခြင်းဖြစ်သည်။ မိတ်ဆက်







အခန်းဖြစ်သည့် 'အစဦးလွှမ်းမိုးမှုများ' ၌ 'သူ့ဖခင်သည် အသက် (၁၃) နှစ်တွင် အင်္ဂလိပ်စာသင်ချင်လွန်းလှ၍ သူ့ဇာတိနတ်မောက်မြို့မှ ၎င်းဘာသာရပ်သင်ကြားရာ မြန်မာပြည်အလယ်ပိုင်းရှိ ရေနံချောင်းမြို့ အမျိုးသားကျောင်းသို့ ထွက်ခွာသွားခဲ့ကြောင်း ပြန်ပြောင်းရေးသားထားခဲ့သည်။ ထိုကျောင်း၌ ဦးအောင်ဆန်းသည် ကျောင်းဆရာတဦးဖြစ်သော သူ့အကို ဦးဘဝင်း၏ စောင့်ရှောက်မှုကို ရရှိပြီး သူ့အကိုက စည်းကမ်းတင်းကြပ်မှုနှင့် ကိုယ်ပိုင်တွေးခေါ်မှုတို့ကို အညီအမျှပေါင်းစပ်ကာ သူ့ပညာရေးနှင့် ကျန်းမာရေးကို ကြီးကြပ်ပေးခဲ့သည့်အတွက် ကံကောင်းခဲ့ကြောင်း သူမက ရေးသားထားသည်။

လေးနှစ်အကြာတွင် ညီအစ်ကို (၂) ဦး ကွဲကွာခဲ့ရသည်။ အကိုဖြစ်သူက သူ၏ ကျောင်းဆရာလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေစဉ်မှာပင် ညီဖြစ်သူက အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်ခွင့် ရရှိခဲ့သည့်အတွက် ရန်ကုန်တက္ကသိုလ်၌ ပညာဆည်းပူးရန် သူ့လမ်းသူ ဆက်လျှောက်ခဲ့လေသည်။ ဦးအောင်ဆန်းသည် အမျိုးသားရေးလှုပ်ရှားမှုများနှင့် ပြည့်နှက်နေသော (၁၅) နှစ်တာကာလကို ကျော်ဖြတ်ခဲ့ပြီး အမျိုးသားသူရဲကောင်းတဦးအဆင့်ကို ရရှိခဲ့လေသည်။

၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ (၂၆) ရက်နေ့တွင် အသစ်ရောက်ရှိလာသော (ယာယီ) ဘုရင်ခံ ဗြိတိသျှဗိုလ်ချုပ် 'ဆာဟူးဘတ်ရန့်စ်' က အဖွဲ့ဝင် (၉) ဦးပါရှိသော အမှုဆောင်ကောင်စီကို ဖွဲ့စည်းခဲ့ရာ (ဖဆပလ) အဖွဲ့ချုပ်မှ ဦးအောင်ဆန်းအပါအဝင် (၆) ဦးပါဝင်ကာ ဦးအောင်ဆန်းကို ဒု–သဘာပတိအဖြစ် ခန့်အပ်ခဲ့သည်။ နောက်တနှစ်၊ ဧပြီလတွင် တိုင်းပြည်ပြုလွှတ်တော်အတွက် ရွေးကောက်ပွဲများကျင်းပခဲ့ရာ သူသည် စစ်ပြီးခေတ် နှစ်များတွင် တပ်မတော်မှထွက်၍ အရပ်သားဘဝဖြင့် နိုင်ငံရေးသို့ ဝင်ရောက်ခဲ့ပြီး (ရေနံချောင်းမြို့နယ်၊ ဖဆပလ အဖွဲ့ခွဲ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခြင်းခံခဲ့ရသော) ဦးဘဝင်းမှာလည်း မကွေးမြို့နယ်၊ အနောက်မြောက် လွှတ်တော်အမတ်လောင်းတနေရာတွင် ဝင်ရောက်အရွေးခံခဲ့ရပေသည်။

၁၉၄၇ ခုနှစ်၊ ဇူလိုင် (၂၂) ရက်နေ့တွင် လွန်ခဲ့သော သုံးရက်က လုပ်ကြံသတ်ဖြတ်ခြင်းခံရသော ခေါင်းဆောင်များအတွက် အမှတ်တရ ဝမ်းနည်းစကားကို အသံလွှင့်ပြောကြားရာတွင် ဦးနုက ဒေါက်တာစိန်ဝင်း၏ ဖခင်ဖြစ်သူအား ဘုရင်ခံ၏ အမှုဆောင်ကောင်စီ၌ ခန့်အပ်ခြင်း အကြောင်းထုတ်ဖော်ပြောဆိုခဲ့သည်။ "ဦးဘဝင်းသည် ကျွန်တော်နှင့် ကောလိပ်၌ အတူတူ တက်ရောက်ခဲ့သူတဦးဖြစ်ပါသည်။ သူသည် နိုင်ငံရေးနယ်ထဲသို့ နောက်ကျမှ ဝင်ရောက်လာခဲ့သူတဦးဖြစ်သော်လည်း သူ၏ ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေးများနှင့် အကျင့်မပျက်မှုက သူယခုထမ်းဆောင်နေသော နေရာနှင့် ထိုက်တန်သူဖြစ်ခြင်းကြောင့် အမှုဆောင်ကောင်စီစာရင်းတွင် သူ့အားထည့်သွင်းရန် ကျွန်တော်စိတ်ကူးရခဲ့ပြီး ဗိုလ်ချုပ်နှင့် မေမြို့၌တွေ့ကြစဉ်က ကျွန်တော်ကိုယ်တိုင် အကြံပြုခဲ့ခြင်းဖြစ်သည်" ဟု ဦးနု

က ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုသို့ဖြင့် ဦးဘဝင်းသည် ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဆိုင်ရာ ကောင်စီဝင်ဖြစ်လာခဲ့ပြီး သူ့၌ (ဇနီးသည်နှင့် ကလေး (၆) ယောက် (ယောကျာ်းလေး (၄) ယောက်၊ မိန်းကလေး (၂) ယောက်) ရှိသည့်အနက် ကိုစိန်ဝင်းမှာ (၅) ယောက်မြောက် ကလေးဖြစ်သည်။ သူတို့သည် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လဆန်းပိုင်း ဦးဘဝင်း မသေဆုံးမီ (၁၄) ရက်မှာပင် ရေနံချောင်းမှ ရန်ကုန်မြို့တော်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ထိုအချိန်က ယခုဒေါ်အောင်ဆန်းစုကြည်နေထိုင်ရာ နံပါတ် (၅၄) နှင့် မျက်နှာချင်းဆိုင် လမ်းတဘက်ခြမ်းရှိ တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၁) နေအိမ်ကြီး၌ သူတို့အား နေရာချထားခြင်းခံခဲ့ရသည်။ အိမ်အသစ်သို့ ရောက်ရှိလာရာတွင် ကိုစိန်ဝင်း မှတ်မိသမျှမှာ တစုံတယောက်က သူ့နားလာ၍ "ဒီအိမ်ဟာ မင်းတို့နေရမယ့် အိမ်ပဲ" ဟု သူ့ကို ပြောဆိုခြင်းပင်ဖြစ်သည်။

ထိုအချိန်က ဦးအောင်ဆန်းတို့ မိသားစုမှာ ကန်တော်ကြီးအနီး၊ တာဝါလိမ်းရှိ အစိုးရအိမ်တွင် နေထိုင်လျက်ရှိရာ တက္ကသိုလ်ရိပ်သာလမ်းနှင့် အတန်ငယ်ဝေးသော်လည်း မိသားစု (၂) စုသည် မကြာခဏ တွေ့ဆုံကြပြီး ကလေးငယ်မောင်နှမတစုတို့ အတူတူကစားကြကာ ပျော်ရွှင်လာခဲ့ကြသည်။ သို့သော် ယင်းသို့ သူတို့မောင်နှမတစု ပျော်ရွှင်မှုသည် ရှေ့လာမည့် (၁၄) ရက် (၁၉၊ ၇၊ ၄၇) မတိုင်မီ ယာယီသဘောမျှ ပျော်ရွှင်နေကြရသည့် 'ဘဝအိပ်မက်' တခုမျှသာ ဖြစ်နေရှာသည်ကိုမူ သူတို့မသိကြချေ။

ထို့နောက် ဝမ်းနည်းဖွယ်အဖြစ်အပျက် ဖြစ်လာခဲ့သည်။ ဇူလိုင်လ (၁၉) ရက်နေ့က ကောင်စီခန်းမအတွင်း အစည်းအဝေး၌ ဦးဘဝင်းသည် သူ့ညီ၏ ညာဘက်တန်းတွင် ကောင်စီဝင် ဦးအဗ္ဗဒူရာဇတ်နှင့် ဒီးဒုတ်ဦးဘချို တို့အကြား ထိုင်နေခဲ့ပြီး သေနတ်ကျည်ဆန် (၈) ချက်ထိမှန်ကာ ပွဲချင်းပြီး သေဆုံးသွားခဲ့ရသည်။ ထိုအချိန်က သူ့အသက်မှာ (၄၆) နှစ်မျှသာ ဖြစ်လေသည်။

ထို့နောက်တွင်မူ ဦးဘဝင်း၏ ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ရင်ခွဲရုံမှ 'ဂျူဗလီဟော' သို့ နိုင်ငံတော်ဈာပနအဖြစ် ထားရှိရန် သယ်ဆောင်သွားခဲ့ကြသည်။ ဦးဘဝင်း၏ မိသားစုသည်လည်း သူ၏ ကျန်ရစ်သော ရုပ်အလောင်းကို ရှိခိုးကန်တော့ရန် မကြာခဏဆိုသကဲ့သို့ ဂျူဗလီဟောသို့ သွားခဲ့ကြသည်။ သို့သော် ဒေါက်တာစိန်ဝင်းအနေဖြင့် ယင်းသို့ သွားခဲ့ကြခြင်းကိုလည်းကောင်း၊ နိုင်ငံတော်ဈာပနအခမ်းအနားများကိုလည်းကောင်း၊ အာဇာနည်ဗိမာန်၌ ဂူသွင်းမြှုပ်နှံခြင်းကိုလည်းကောင်း မှတ်မိခြင်းမရှိတော့ချေ။ သူပြန်လည်စဉ်းစားသတိရနေသေးသည်မှာ အထူးပြုလုပ်သော အခမ်းအနားများတွင် သူ့ဖခင်လဲလျောင်းရာ အာဇာနည်ဗိမာန်သို့ သူတို့မိသားစုသွားရောက်၍ ပန်းခွေချခဲ့ရသည့် အချိန်များကိုသာ ဖြစ်လေသည်။ ထို့နောက် ဒေါက်တာစိန်ဝင်းသည် ပညာရပ်ဆိုင်ရာ ဆည်းပူးလေ့လာမှုများ ဆက်လက်ပြုလုပ်ခဲ့ပြီး 'ဟမ်းဘတ်' တက္ကသိုလ်မှ





သင်္ချာပညာရပ်တွင် ဒေါက်တာဘွဲ့ကို ရရှိခဲ့လေသည်။ သူသည် 'သီရိလင်္ကာ' နှင့် 'နိုင်ရီဘီ' တို့တွင်ရှိသော 'ကိုလံဘို' တက္ကသိုလ်နှင့် 'နိုင်ရီဘီ' တက္ကသိုလ်တို့အပြင် နောင်တွင် ရန်ကုန်၌ သင်ကြားရေးတာဝန်များ ယူခဲ့သည်။ သူသည် သူ့ဖခင်နှင့်အလားတူစွာ စိတ်တည်ငြိမ်အေးဆေးပြီး ပညာပို့ချသင်ကြားရေး၌ မွေ့လျော်မှုရရှိကာ နိုင်ငံရေးနယ်ထဲသို့ ဝင်ရာ၌လည်း နောက်ကျခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နှမဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖွဲ့စည်းလိုက်သောအခါ၌ သူသည် မိုးခြိမ်းသောအခါ မိုးကြိုးပါတတ်သကဲ့သို့ အဖွဲ့ဝင်တဦးအဖြစ် ဝင်ရောက်ခဲ့ရသည်။ သို့သော်လည်း စစ်အာဏာပိုင်များက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဖျက်သိမ်းခဲ့လျှင် ကူညီဝိုင်းရံ အထောက်အခံအဖြစ် ရည်ရွယ်ကာ ဖွဲ့စည်းခဲ့သော အသစ်ပါတီ အဖွဲ့တခုဖြစ်သည့် 'အမျိုးသားဒီမိုကရေစီပါတီ' ကို ဦးဆောင်ရန် သူ့ကို ရွေးချယ်ခဲ့သည်။ သို့ဖြစ်သည့်အလျောက် ၁၉၉၀ ခုနှစ်၊ မေလရွေးကောက်ပွဲတွင် ဦးစိန်ဝင်းသည် ပဲခူးတိုင်း မဲဆန္ဒနယ်မှ လွယ်လွယ်ကူကူ အနိုင်ရရှိခဲ့လေသည်။ ထိုနည်းတူပင် တိုင်းပြည်ကို အုပ်ချုပ်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုလည်း ပြည်သူလူထုက မဲဆန္ဒ အပြတ်အသတ်ပေးကာ ရွေးချယ်ခဲ့သော်လည်း စစ်တပ်က ဂုဏ်သိက္ခာကင်းမဲ့စွာ တိုင်းပြည်ကို တရားမဝင် ဆက်လက်အုပ်ချုပ်နေခဲ့လေသည်။ သူတို့သည် နိုင်ငံရေးအရ ဖမ်းဆီးမှုများ၊ ထိန်းသိမ်းမှုများ၊ အထူးသဖြင့် အသစ်ရွေးချယ်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များကို တရားမဝင်ပြန်လည်ရုပ်သိမ်းမှုများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်ပါတီများအပေါ် နည်းမျိုးစုံဖြင့် (မဆလနှင့်တစည တို့၏ကိုယ်စား) ပြုလုပ်သွားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ နောက်ဆုံးတွင် လျှို့ဝှက်တွေ့ဆုံကြပြီး အရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ် အစုတစုကို ယာယီအစိုးရတရပ် ဖွဲ့စည်းရန် ညွှန်ကြားခဲ့သည်။ ဒေါက်တာစိန်ဝင်းနှင့် လုပ်ဖော်ကိုင်ဘက် (၇) ဦးသည် ထိုင်းနယ်စပ်တွင်ရှိသော မြန်မာနိုင်ငံ ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့၏ နယ်မြေဖြစ်သော 'လွတ်မြောက်နယ်မြေ' သို့ ထွက်ပြေးလာနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ဒီမိုကရက်တစ် မဟာမိတ်အဖွဲ့၏ ကူညီမှုကိုလည်း အပြည့်အဝရရှိခဲ့ခြင်းကြောင့် ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် မာနယ်ပလော၌ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခြင်းခံရသော ဒေါက်တာစိန်ဝင်းက ကြားဖြတ်အစိုးရတရပ်ကို 'ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ' အဖြစ် ကြေညာခဲ့လေသည်။ ထို့နောက် အခြေအနေအရပ်ရပ်ကြောင့် ဒေါက်တာစိန်ဝင်းနှင့် သူ၏ ဝန်ကြီးအဖွဲ့ဝင်အချို့သည် ထိုင်းနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းသွားရောက်ကာ သူတို့၏ ဌာနချုပ်ကို ဝါရှင်တန်ဒီစီတွင် ဖွင့် လှစ်ခဲ့ရသည်။

ဒေါက်တာစိန်ဝင်းသည် မလွှဲမရှောင်သာလက်ထပ်ပြီး တနှစ်သာရှိသေးလျက် သား

သမီးကိုယ်ဝန်ကို လွယ်ထားရပြီဖြစ်သော ဇနီးသည် စီစီသွယ်ကို နောက်ကွယ်တွင် ချန်ထားခဲ့ရသည်။ ဒေါက်တာ စိန်ဝင်း၏ အကိုဖြစ်သူ ဦးအေးဝင်းနှင့် အခြားဝမ်းကွဲမောင်နှမများသည်လည်း မြန်မာနိုင်ငံ လွတ်မြောက်ရေးတိုက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်အား ဝန်းရံထားကြသည့်အတွက် ကြိုတင်ခန့်မှန်းထားသည့်အတိုင်း စစ်အာဏာရှင်တို့၏ အပြစ်ပေးအရေးယူမှုကို ခံကြရလေသည်။ ဦးအေးဝင်းသည် ၁၉၉၆ ခုနှစ်တွင် အဖမ်းခံရစဉ်က ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လက်ထောက်အဖြစ် ဆောင်ရွက်လျက်ရှိပြီး ထိုအချိန်မှစကာ အင်းစိန်ထောင်တွင် နှစ်ရှည်ထောင်ဒဏ်ခံရရှာသည်။ သူသည် နှလုံးရောဂါခံစားရသည်။ သူအဖမ်းခံရသည်နှင့် ဗိုလ်ချုပ်၏ အကိုတဦးဖြစ်သူ ဦးအောင်သန်း၏သားဖြစ်သူ 'ဦးချိုအောင်သန်း' ကလည်း ဘမျိုးဘိုးတူ ချက်ချင်းပင် သူ့နေရာသို့ အစားထိုးဝင်ရောက်လာခဲ့သည်။ စစ်တပ်က ၁၉၉၇ ခုနှစ်၊ နှစ်လယ်တွင် သူနှင့် သူ့ညီမငယ် မမသန်းတို့ကို ဖမ်းဆီးခဲ့ပြန်ပြီး မမသန်း၏ ခင်ပွန်း ဦးမြင့်ဆွေကိုပါ အဆစ်ခေါ်သွားခဲ့သည်။ ထို့နောက် သူတို့ကို မတရား သင်း အက်ဥပဒေအရ ထောင်ဒဏ် (၃) နှစ်စီနှင့် နောက်ထပ် အရေးပေါ် အက်ဥပဒေအရ ထောက်ဒဏ် (၇) နှစ်စီ ချမှတ်ခဲ့ပြန်ရာ သူတို့အားလုံး အင်းစိန်ထောင်တွင် ယင်းထောင် ဒဏ်များကို ခံကြရရှာသည်။

ဝမ်းသာစရာ မှတ်ချက်တခုကို ဖြည့်စွက်နိုင်ပါပြီ။ ဒေါက်တာစိန်ဝင်းသည် သူ့ဇနီးနှင့် သမီးတို့နှင့် ၂၀၀၀ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် အော်စလို (Oslo) မြို့၌ ပြန်လည် ပေါင်းစည်းနိုင်ခဲ့ပါပြီ။ ဇနီးနှင့် သမီးဖြစ်သူတို့သည် စစ်တပ်အုပ်စိုးနေသော မြန်မာနိုင်ငံမှ ယင်းနှစ်ဆန်းတွင် နောက်ဆုံး၌ အောင်မြင်စွာ ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး ထိုင်းနိုင်ငံမှ တဆင့် နော်ဝေနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ၁၉၉၀ ခုနှစ် အောက်တိုဘာလ (၂၅) ရက်နေ့တွင် ရန်ကုန်မြို့မှ စထွက်လာကတည်းက ဒေါက်တာစိန်ဝင်းအနေဖြင့် (၁၀) နှစ်ကျော်ကျော် သူတို့နှင့် တွေ့ရခြင်းမရှိခဲ့ပါ။ သမီးငယ်ဖြစ်သူမှာ (၉) နှစ်ခွဲပင် ရှိနေပါပြီ။

နောက်ဆုံး၌ သူတို့ခရီးစဉ်မှာ ၂၀၀၁ ခုနှစ် ဩဂုတ်လ (၄) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ သူတို့နေအိမ်တွင် ပြန်လည်ရောက်ရှိခြင်းဖြင့် ပျော်ရွှင်စွာ အပြီးသတ်နိုင်ခဲ့ပါသည်။

၎င်းအပြင် ဦးအေးဝင်း၊ ဦးချိုအောင်သန်း၊ မမသန်းနှင့် သူ့ခင်ပွန်းတို့ ထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော် လေ့လာသိရှိရပါကြောင်း။







## ကြေးမုံဦးသောင်း ထုတ်ဖော်ပြောဆိုပြီ

ယခုအခါ အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါတွင် နေထိုင်လျက်ရှိသော နာမည်ကြီးသတင်းစာဆရာနှင့် စာရေးဆရာတဦးဖြစ်သူ 'ကြေးမုံ' (The Mirror) ဦးသောင်းသည် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့တွင် မြန်မာဘာသာဖြင့် (ခေတ်ပြိုင်မှ) ထုတ်ဝေသော 'မြန်မာ့အလင်း' [၁၀] သတင်းစာ၌ ထူးခြားလှသော ဆောင်းပါးတပုဒ် ရေးသားခဲ့သည်။ ယင်းဆောင်းပါးသည် ဗိုလ်ချုပ်နှင့် သူ့လုပ်ဖော်ကိုင်ဘက်များ ကျဆုံးခဲ့ရသည့် (၅၁) နှစ်မြောက် အချိန်အခါသမယနှင့် တိုက်ဆိုင်နေလေသည်။ ယင်းဆောင်းပါး၏ ခေါင်းစဉ်မှာ 'ဦးအောင်ဆန်းအား လုပ်ကြံမှုကြီး၊ မေဂျာနေဝင်း ကြံရာပါလော' ဖြစ်လေသည်။

မေ့မရနိုင်တဲ့ ၁၉၄၇ ခု၊ ဇူလိုင်လ (၁၉) ရက်နေ့က အသက် (၂၀) သာရှိသေးပြီး 'ဗမာ့ခေတ်' သတင်းစာ၏ သတင်းထောက်တဦးဖြစ်သူ (အောင်ဗလ) ဦးသောင်းသည် သွေးချောက်ချားဖွယ်ဖြစ်ရပ်အချို့ကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့ရသည်။ ထိုအချိန်က သူ၏ သယ်ယူပို့ဆောင်ရေးယာဉ်မှာ စက်ဘီးသာဖြစ်ပြီး ယင်းစက်ဘီးကို နေပူမိုးရွာမရှောင် မြို့တပတ်နင်းကာ သတင်းစုဆောင်းရသည်။ ထိုနေ့ နံနက်စောစောပိုင်းတွင် သူသည် အတွင်းဝန်ရုံးသို့ ရောက်ရှိခဲ့ပြီး ဗိုလ်ချုပ်၏ အတွင်းရေးဝန် ဗိုလ်ထွန်းလှနှင့် စကားပြောဆိုခဲ့ကာ ပန်းဆိုးတန်းရှိ 'သတင်းစာဆရာများအသင်း' တိုက်သို့ ရောက်ခါစ၌ပင် တယ်လီဖုန်းကိုင်သူတဦးက…"အတွင်းဝန်ရုံးမှာ ပစ်ကုန်ပြီတဲ့ဟေ့" ဟု အော်သဖြင့် သတင်းထောက်အားလုံး အတွင်းဝန်ရုံးသို့ ပြေးကြသည်။ သူရောက်ချိန်တွင် ပထမဆုံး မီးသတ်ကားက ဦးအောင်ဆန်းကို သယ်သွားသည်။ ထို့နောက် ဒဏ်ရာပြင်းထန်စွာ ရရှိပြီး မသေသေးသော မိုင်းပွန်စော်ဘွားကြီးကို လူနာတင်ထမ်းစင်ဖြင့် ဒုတိယကားပေါ် တင်နေသည်။ ထိုအခါ သူသည် ရင်းနှီးစွာပေါင်းထားသော မီးသတ်ဗိုလ်၏ အကူနှင့် ယင်းကားပေါ်၌ လိုက်ပါခွင့်ရခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့သွားရာ တမိုင်မျှ ခရီးတလျှောက်လုံး နာကျင်သဖြင့် ညည်းညူလူးလွန့်နေသော စော်ဘွားကြီးကို သူနာပြုက ဒဏ်ရာရသော ရင်ဘတ်ကို နှိပ်ရင်းထိန်းထားရာမှ ဦးသောင်းကို အကူအညီတောင်းသဖြင့် ခြေသလုံးများကို နှိပ်ကာ ခြေရင်းက ထိန်းပေးထားရသည်။ စော်ဘွားကြီး၏ ရှမ်းဘောင်းဘီအဝါမှာမူ နီရဲနေပြီး သူ့လက်တွင်ပါ သွေးတို့ဖြင့် စိုရွှဲနေတော့သည်။ ဆေးရုံသို့ ရောက်သောအခါ ခွဲစိတ်ခန်း၌ ဦးအောင်ဆန်း၏အသက်ကို ကယ်နိုင်နိုးနှင့် ဆရာဝန်ကြီး ဦးဘသန်းက ချက်ချင်းခွဲစိတ်နေကြောင်း သူသိရသည်။ ထို့နောက် အတန်ငယ်ကြာသောအခါ သူသည် ဦးအောင်ဆန်း သေနတ်ကျည်ဆန် (၁၃) ချက်ဖြင့် ချက်ချင်းသေဆုံးခဲ့ကြောင်း ဒေါက်တာဘသန်းကိုယ်တိုင် မှတ်ချက်ရေးသားထားသည်ကို ဖတ်လိုက်ရသည်။

လုပ်ကြံမှုကြီး၏ ရှုပ်ထွေးမှုအတွင်း၌ ဦးသောင်းသည် စွဲစွဲမြဲမြဲ သုတေသနပြုခဲ့သည်။ ဤအမှုတွင် ဦးစောအပြင် အခြားကြံရာပါများ ရှိရဦးမည်ဟု သူခိုင်မာစွာ ယုံကြည်ခဲ့သည်။ သို့ရာတွင် သူစုံစမ်းရှာဖွေရာ လမ်းကြောင်းတိုင်းသည် တရားဥပဒေအမြင်တွင် မပီပြင်သော ဆက်ရန်မရှိတော့သည့် လမ်းပိတ်နှင့် အဆုံးသတ်ခဲ့သဖြင့် အဖြေမရရှိခဲ့ချေ။

ဦးသောင်းသည် ထိုအချိန်က သူ့အတွေးအခေါ်နှင့် သူ့အတွေ့အကြုံများအရ ဗိုလ်နေဝင်းအနေဖြင့် ကြံရာပါတဦးဖြစ်ရမည်ဟု စွဲမြဲစွာ ယုံကြည်ခဲ့သော်လည်း ကမ္ဘာကျော် တရားဝင်စုံထောက်ကြီးများကဲ့သို့ သူ့အနေဖြင့် စိတ်လိုက်မာန်ပါ သတ္တိရှိရှိ စုံစမ်းထောက်လှမ်းမှုများ မပြုလုပ်နိုင်ခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ဦးနေဝင်းသည် ကြွက်တောထဲမှ ကြောင်တကောင်ကဲ့သို့ သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်တဦးဖြစ်နေပြီး၊ ပြည်တွင်းစစ်ကို အကြောင်းပြု၍ တိုတောင်းလှသော လအနည်းငယ်အတွင်း ထိပ်ပိုင်းရာထူးများသို့ လျင်မြန်စွာ တိုးတက်သွားခဲ့သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဦးသောင်းက သူ၏ ရှုထောင့်မှနေ၍ သူကြားသိသမျှ သူ၏ယိုးစွပ်ချက်များကို အောက်ပါအတိုင်း ဆက်လက်ရေးသားခဲ့သည်။

"ရာဇဝတ်မှု မှန်သမျှ (motive) ရည်ရွယ်ချက်၊ ဦးတည်ချက်သည် အဓိကဖြစ်ပါ၏။ သို့ဖြစ်လေရာ ဦးအောင်ဆန်းကို ဖယ်ရှားလိုသော သူ၏ ရန်သူများစာရင်းကို ကြည့်ရပါမည်။

သူမသေမီ တလခန့်က တညနေတွင် ဘုရင်ခံ ဒေါ်မန်စမစ်ထံသို့ ဦးအောင်ဆန်း ပေါက်လာပြီး...."ကျနော့်မှာ ရန်သူများလှတယ်" ဟု ညည်းသည်။ "မင်းက လူထုချစ်တဲ့ ဟီးရိုးပါကွာ" ဟု ဘုရင်ခံက နှစ်သိမ့်သောအခါ "သမိုင်းမှာ သူရဲကောင်းတွေဟာ သုံးလေးနှစ်ပဲ နေကြရပါတယ်။ ကျနော့်အဖို့ နောက် (၁၈) လလောက်နေရရင် ကံကောင်းပဲ" ဟု မျက်ရည်လည်ရွဲဖြင့် ပြောသွားသည်ဟု ဘုရင်ခံက သူ၏ စာအုပ်တွင် မှတ်တမ်းတင်ခဲ့သည်။ ထိုအချိန်က မည်သူတွေသည် ဦးအောင်ဆန်းကို မလိုလားကြသနည်း။ သခင်စိုး၊ သခင်သန်းထွန်း ကွန်မြူနစ်များက မကြိုက်ကြပါ။ ထိုအချိန်တွင် နစ်တို့က သူပုန်ထရန် ပြင်ဆင်နေကြစေကာမူ (ချောင်းမြောင်းသတ်ဖြတ်မှု) လူသတ်ဝါဒကို ခိုင်မာစွာ ပယ်ထားသူများဖြစ်သဖြင့် နစ်အုပ်စုကို မည်သူကမှ သံသယမရှိပါ။

သို့သော် အတိုက်အခံ ဦးစောနှင့် သခင်ဗစိန်တို့က ဦးအောင်ဆန်းအပေါ် မလိုလားကြသည်မှာ ထင်ရှားသည်။ ဘိလပ်သို့သွားကာ လွတ်လပ်ရေးတောင်းစဉ်က အောင်ဆန်း–အက်တလီစာချုပ်ကို သူတို့လက်မှတ်မထိုးဘဲ သပိတ်မှောက်ခဲ့ကြသည်။

အထူးသဖြင့် ဦးအောင်ဆန်းကို မလိုလားဆုံးသူတို့မှာ မြန်မာနိုင်ငံနှင့် စီးပွားဖြစ်ခဲ့ဖူးကြသော အင်္ဂလိပ်အရင်းရှင်တစုဖြစ်သည်။ သူတို့တွင် 'အထူးစိတ်ဝင်စားသူများအဖွဲ့' ဟု လျှို့ဝှက်အဖွဲ့တခု ရှိသည်။ ထိုအဖွဲ့ကို သီပေါခေတ်က စတင်ဖွဲ့စည်းထားသည်။ အထက်





မြန်မာပြည်ကို သိမ်းပိုက်ရန် လည်ဆယ်ဝါဒဖြန့်လျက် လက်ပါးစေ စစ်ဗိုလ်ကြီးများကို လှုံ့ဆော်ကာ တိုက်ခိုက်စေခဲ့သူများဖြစ်သည်။ သို့ဖြစ်လေရာ လွတ်လပ်ရေးရလုလုချိန်တွင် ဦးအောင်ဆန်းက ဆိုရှယ်လစ်ဆန်သော မိန့်ခွန်းများကို ပေးခဲ့ရုံမျှမက လွတ်လပ်ရေးရပြီးလျှင် စီးပွားရေးလုပ်ငန်းကြီးများကို 'နိုင်ငံပိုင်' ပြုမည်ဟု 'ဆိုရှယ်လစ်ဗီလာ' စီးပွားရေး စီမံကိန်းကို ရေးသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အင်္ဂလိပ် လျှို့ဝှက်အဖွဲ့က သူတို့၏ ရန်သူကို ဖယ်ရှားရန် စနစ်တကျ အကွက်ချလျက် လုပ်ကြံကြခြင်းဖြစ်ပေသည်။

သို့ဖြစ်လေရာ ယင်းအဖွဲ့က အဆင့်မြင့်သော အင်္ဂလိပ် စစ်ဗိုလ်ကြီးများကိုလည်း ဝယ်ယူထားသည်။ စစ်ဗိုလ်ကြီးအချို့သည် အင်္ဂလိပ်ကုန်သည်ဘဝမှ စစ်ဝတ်စုံ ဝတ်လာသူများ ဖြစ်သည်။ သူတို့တွင် အာဏာလည်း ရှိသည်။ ငွေကိုလည်း လိုသလောက်ရနိုင်သည်။

ထို့ကြောင့် သူတို့က အာဏာရူး ဦးစောကို ဆက်သွယ်ကာ လက်နက်နှင့် ငွေပေးပြီး လုပ်ကြံရန် တိုက်တွန်းသည်။ "ဦးအောင်ဆန်းမရှိသည်နှင့် သင့်အား ဘုရင်ခံက ဖိတ်ခေါ်၍ နန်းရင်းဝန်ရာထူးကို ပေးရစေမည်" ဟု မစားရဝခမန်း ကတိပြုကြရသည်။

ထို့ကြောင့်လည်း လုပ်ကြံမှုဖြစ်စဉ်က အင်္ဂလိပ်စစ်ဗိုလ်ချုပ်တဦးနှင့် လုံခြုံရေး ထိပ်သီး အရာရှိကြီးများ အတွင်းဝန်ရုံးတွင် ရှိကြခြင်းဖြစ်သည်။ ဤအချက်ကို အင်္ဂလိပ်အရာရှိကြီးတချို့ တင်ကြိုသိကြသည်။ သို့ဖြစ်သည့်အလျောက် ဦးစောကို ဖမ်းသည်နှင့် အင်္ဂလိပ် အရာရှိကြီးများ အိန္ဒိယသို့ ထွက်ပြေးကြသည်။

ခက်သည်မှာ ဘိလပ်မှ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံတွင် ဆူပူမှုကို မလိုလား။ ဘုရင်ခံကလည်း ဦးအောင်ဆန်းနှင့် ဖဆပလအဖွဲ့ကို ကျေနပ်သည်မှာ အမှန်ဖြစ်သည်။

ဤတွင် 'အထူးစိတ်ဝင်စားသူများအဖွဲ့' ၏ ဦးတည်ချက်ဖြစ်သော အောင်ဆန်း ဖယ်ရှားရေး စီမံကိန်းမှာ လူရွေးမှန်ခြင်းကြောင့် အောင်မြင်သွားသော်လည်း ဦးစောကို အာဏာအပ်ရေးကိစ္စမှာ အောင်မြင်မှုမရ။ ဘိလပ်အစိုးရနှင့် ဘုရင်ခံက ဒီမိုကရေစီ ယုံကြည်သူများပီသစွာ ဖဆပလအဖွဲ့ကြီးကို ဆက်လက်အာဏာအပ်မည်ဟု ဦးနုကို နန်းတင်ကြသည်။

လုပ်ကြံပြီးနောက် ရှောင်ရှားခြင်းမပြုဘဲ နေအိမ်၌ပင် စိတ်ချလက်ချ တစုတဝေး ဝမ်းမြောက်ဝမ်းသာ အောင်ပွဲခံနေသော ဦးစောသည် ဘုရင်ခံ၏ ဖိတ်စာကို စောင့်နေစဉ် မြန်မာပုလိပ်များ၏ ဖမ်းဆီးခြင်းကို ခံရသည်။

ဘာကြောင့် ဦးနေဝင်းအား ကြံရာပါ တဦးဖြစ်နိုင်သည်ဟု ယူဆရခြင်းမှာ ဦးနေဝင်း၏ ဦးတည်ချက်အရ ယိုးစွပ်လိုက်ရခြင်းဖြစ်၍ ထိုအချိန်က ဗိုလ်နေဝင်းသည် များစွာ စိတ်ဆင်းရဲနေသည်။ အာဏာရာထူးရမက်ကြီးမားလှသော ဒု–ဗိုလ်မှူးကြီးနေဝင်းသည် မိမိ၏ စစ်ဝတ်စုံကို ဝတ်ရတိုင်း စိတ်မချမ်းမသာ အမြဲဖြစ်ကာ ဆဲရေးလေ့ရှိသည်။ ဖက်

ဆစ်တော်လှန်ရေးကာလ တပ်မတော်သေနာပတိရာထူးမှ ဆင်းပေးရကာ အသစ်ဖွဲ့လိုက်သော တပ်မတော်တွင် ဗိုလ်မှူးရာထူးဖြင့် အဆင့်လျှောကျလုပ်ကိုင်နေရခြင်းကို သူမကျေမနပ်ဖြစ်နေသည်။

စစ်ဦးစီးချုပ် ဗိုလ်ချုပ်သောမတ်စ်၊ ဒု–ဦးစီးချုပ် ဗိုလ်မှူးကြီး စမစ်ဒွန်းတို့လက်အောက်တွင် မြောက်ပိုင်းတိုင်းမှူးအဖြစ် ဗိုလ်မှူးရာထူးနှင့် နေရသည်။ ဖက်ဆစ်တော်လှန်ရေးကာလ၌ သူ့အောက်ရာထူးငယ်သော တောင်ပိုင်းတိုင်းမှူး စောကြာဒိုးက ယခုဗိုလ်မှူးချုပ်ဖြစ်သဖြင့် သူ့ထက် အဆင့်မြင့်နေပြန်သည်။

လွတ်လပ်ရေး ပြင်ဆင်ချိန်က ကရင်အရာရှိများသည် သူတို့၏ လုပ်သက်နှင့် ပညာအရည်အသွေးအရ ထိုက်တန်သော ရာထူးများကို ရခဲ့သည်ဟု စမစ်ဒွန်းက သူ၏ မှတ်တမ်းတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း လွတ်လပ်ရေးရစက စစ်မှုထမ်းသက် (၁၅) နှစ်မှ (၂၀) အထိ ရှိကြသော ကရင်စစ်ဗိုလ်အများစုသည် တပ်မတော်တွင် လွှမ်းမိုးနေသည်။ ဗိုလ်မှူးကြီး စောဒိုနီအပြင် ကရင်အမျိုးသား ဒု–ဗိုလ်မှူးကြီး (၈) ဦးရှိနေသေးသည်။ ထို့ကြောင့် မေဂျာရာထူးသာ ရရှိသော ဗိုလ်နေဝင်းအဖို့ ရာထူးတက်ရန် ဝေးလှသဖြင့် ဆတ်ဆတ်ခါနာနေသည်။

ထို့ပြင် မေဂျာရာထူးမှာ သိမ်ငယ်လှရုံမက သူ့၏အထက်တွင် သူ့ထက်စစ်ဝါရင့်သောသူများ ခံနေသဖြင့် စစ်တပ်မှထွက်ကာ သခင်ဗစိန်၏ 'တို့ဗမာအစည်းအရုံး' တွင်ဝင်လျက် နိုင်ငံရေးလုပ်ရန် တိုက်တွန်းကြကြောင်းနှင့် မဆလခေတ် သမ္မတ ဆရာမောင်မောင်ရေးသော ဗိုလ်နေဝင်းအကြောင်း စာအုပ်တွင် ပါရှိသည်။

ဦးအောင်ဆန်းသည် ရဲဘော်သုံးကျိပ်ဝင်ဘဝဖြင့် ဂျပန်ခေတ်၌ အတူနေခဲ့စဉ် ကာလကပင် ဗိုလ်နေဝင်း၏ စရိုက်ကို ကောင်းစွာသိသည်။ သို့ဖြစ်လေရာ ဦးအောင်ဆန်းအစိုးရတည်ရှိနေသမျှ ကာလပတ်လုံး မေဂျာနေဝင်းအဖို့ ရာထူးတိုးတက်ရန်၊ ထိပ်သီးရာထူးရရှိရန် မဖြစ်နိုင်တော့ပြီ...ဟု သူတွေးထားဟန်တူသည်။ သို့ဖြစ်သည့်အတိုင်း ဗိုလ်နေဝင်းကလည်း သူ့ဘဝတက်လမ်း၌ ခလုတ်တံသင်း လမ်းမရှင်းဘဲ တားဆီးနေသော ဦးအောင်ဆန်းကို ဖယ်ရှားလိုသည်မှာ မုချဖြစ်သည်။ ထို့ကြောင့် ဦးစောက တိုက်ရိုက်ဆက်သည်ဖြစ်စေ၊ သခင်ဗစိန်မှတဆင့် ဆက်သည်ဖြစ်စေ၊ အင်္ဂလိပ်အရာရှိကြီးများက တိုက်ရိုက်ဆက်သည်ဖြစ်စေ၊ ဗိုလ်နေဝင်းအား ဦးစော၏ အစိုးရသစ်တွင် ထိပ်ပိုင်းရာထူးရစေမည်ဟု ကတိပေးသဖြင့် ထိုနေ့က လုပ်ကြံအုပ်စုများနှင့် ပူးပေါင်းကူညီခဲ့လေသလောဟု တွေးတောစရာဖြစ်လာပါသည်။

သက်သေထုတ်ပါဦးအံ့။ ထိုနေ့မတိုင်မီ ဦးအောင်ဆန်းကို လုပ်ကြံလိမ့်မည်ဟူသော သတင်းအရ အထူးအစောင့်အကြပ်များ တင်ကြိုချထားပါသည်။ လုပ်ကြံမှုမဖြစ်မီသုံးပတ်ခန့်မှ စတင်ကာ လက်နက်ကို လျှို့ဝှက်ကိုင်ဆောင်ထားသော အရပ်ဝတ် အရပ်







စားနှင့် စစ်သားများကို ဦးအောင်ဆန်း၏ ရုံးခန်းတခိုနှင့် အတွင်းဝန်ရုံးတွင် သတင်းထောက်များ တွေ့ကြရပါသည်။ ထိုရဲဘော်များမှာ တပ်ရင်း (၄) မှ ရဲဘော်များဖြစ်သည်။ ဗိုလ်လွင်က လုံခြုံရေးကို တာဝန်ယူသည်ဟု သိခဲ့ကြပါ၏။

လုပ်ကြံမှုကြီးဖြစ်သောနေ့က ထိုရဲဘော်များကို မတွေ့ရပါ။ ထို့ကြောင့် ဤကိစ္စ၌ အတွင်းလူက တံခါးဖွင့်ပေးသော လုပ်ကြံမှုကြီးဖြစ်သည်မှာ သေချာပါကြောင်း" ဟူ၏။

၎င်းအပြင် ရှိပါသေးသည်။

ကျွန်တော်တို့ နိုင်ငံရပ်ခြား၌ ရရှိခံစားနေရသည့် လွတ်လပ်သော ပတ်ဝန်းကျင်အတွင်း၌ ကြေးမုံဦးသောင်းက သူ၏ကြွယ်ဝသော ပြောဆိုမှု ရေးသားမှုအသုံးအနှုန်းများဖြင့် ဗိုလ်ချုပ်နေဝင်းနှင့် သူ့ငယ်သားများ၏ ရမ်းကားမှုကြောင့် အမိမြေပေါ် ကျရောက်ခဲ့သည့် ဝမ်းနည်းဖွယ်အဖြစ်ဆိုးများကို မကြာခဏညည်းတွားခဲ့ပါသည်။

သူက ကျွန်ုပ်တို့၏ (၂၀) ရာစု အမျိုးသားခေါင်းဆောင်အနေဖြင့် အမျိုးသားရေးလုပ်ငန်းရပ်များ အားသွန်ခွန်စိုက်လုပ်ဆောင်နေစဉ် ဆင်ခြင်တုံမဲ့ ရည်မှန်းချက်ကြီးလွန်းပြီးလက်စားချေတတ်သော နန်းရင်းဝန်ဟောင်း၏ ယန္တရားဆင်လုပ်ရပ်များကြောင့် လမ်းခုလပ်တွင် ကြေကွဲဖွယ်ကျဆုံးခဲ့ရသည့်အကြောင်းလည်း မကြာခဏပြောဆိုလေ့ရှိပါသည်။ ထိုသို့သော စက်ကြိုးယန္တရားတပ်ဆင်မှုတွင် အပေါင်းပါ အလိုတူအလိုပါများလည်း ပါရှိမှာသေချာလှပြီး ထိုအထဲတွင် နေဝင်းလည်း ထွက်ပေါ်လာခဲ့သည်။ ဦးစော၏ကြံစည်မှုတွင် နေဝင်း ပါဝင်ပတ်သက်မှုကို ဦးသောင်းက တိတိလင်းလင်း လူသိရှင်ကြားဖော်ထုတ်ခဲ့သည်။ ဗုဒ္ဓဟူးနေ့တိုင်း ဝါရှင်တန်ဒီစီမှ ထုတ်လွှင့်သော 'လွတ်လပ်သောအာရှအသံ' မြန်မာပိုင်းအစီအစဉ်၏ ၂၀၀၀ ခုနှစ် အောက်တိုဘာလနှင့် စက်တင်ဘာလထုတ်လွှင့်ချက် (အမှတ် ၁၁၂ နှင့် ၁၁၃) တို့တွင် သူ၏ ပြောကြားချက်များတွင် နေဝင်းပါဝင်ပတ်သက်မှုအချို့အစိတ်အပိုင်းများကို ထုတ်ဖော်ခဲ့သည်။ ယင်းတို့မှ သက်ဆိုင်သည်များကို အောက်တွင် ကောက်နုတ်ဖော်ပြပါမည်။

"ဦးအောင်ဆန်း၏ လုံခြုံရေးကိုကာကွယ်ရန် တာဝန်ပေးထားသော အထူးအစောင့်နှစ်ဦးသည် အမြဲတစေ ဦးအောင်ဆန်း၏ လက်တကမ်းတွင်ရှိပါလျက် အခင်းဖြစ်ပွားသောဇူလိုင်လ (၁၉) ရက်နေ့ နံနက်က မရှိကြဘဲ ပျောက်ကွယ်နေကြသည်မှာ ဗိုလ်မှူးနေဝင်း၏အစီအစဉ်ဟု မုချယုံကြည်ရလေသည်။

ထိုအစောင့်တို့မှာ ဗိုလ်နေဝင်း၏ လူများဖြစ်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကို လျှို့ဝှက်သက်တော်စောင့်များအဖြစ် တာဝန်ပေးလိုပါသည်။ စိတ်ချရသော ရဲဘော်များပေးပါဟု ဦးကျော်ငြိမ်းက ဗိုလ်နေဝင်းထံမှ တောင်းရာမှရရှိခဲ့သည်။

ဗိုလ်မှူးနေဝင်းပေးသော သက်တော်စောင့် (၂) ဦးဖြစ်သူ ရဲဘော် ဘတုပ်နှင့် ရဲဘော်ရဲမြင့်တို့သည် သေနတ်ပစ်လက်ဖြောင့်ကြသည်။ ခြောက်လုံးပြူးနှင့် ပစ္စတို (လ်) (၁၀)

ချက်ပစ်လျှင် (၈) ချက်တို့သည် ပစ်မှတ်တို့၏ဗဟိုသို့ ထိမှန်အောင် ပစ်နိုင်သူများဖြစ်သည်။ ဗိုလ်နေဝင်း၏ ရာသက်ပန်လူယုံတော်၏ ဖျာပုံပြောက်ကျားတပ်မှ ပြောက်ကျားဗိုလ်၏ လက်စွဲများဖြစ်ကြသည်။

ထိုနေ့ ရှောင်နေကြသော သက်တော်စောင့် (၂) ဦးသည်လည်း ပျောက်သွားသည်။ ရက်အနည်းငယ်ကြာမှ အလောင်းတွေ့ကြရသည်။ အလံနီသူပုန်တို့က သတ်သည်ဟု အမှုပိတ်လိုက်သည်။

ဖဆပလ ခေါင်းဆောင်သစ်ဖြစ်လာသူ အတွင်းဝန်ဟောင်း ဦးတင်ထွဋ်သည် ဗိုလ်မှူးချုပ်ရာထူးနှင့် စစ်မှုထမ်းစဉ်က လုပ်ကြံမှုကြီးတွင် ဦးစော၏ အပေါင်းပါမည်သူနည်းဟု သဲလွန်စများ ရှာဖွေခဲ့လေသည်။ ‘နယူးတိုင်း’ အယ်ဒီတာချုပ်လည်းဖြစ်သူ ဦးတင်ထွဋ်က ဦးစောနှင့် ကြံရာပါများအကြောင်းကို သူ၏သတင်းစာ၌ ဖွင့်လှစ်ရေးသားလိုသည်ဟု အကြောင်းပြကာ သတင်းထောက်ချုပ်အား သတင်းအစအနများကို လိုက်လံစုံစမ်းရန် ညွှန်ကြားခဲ့လေသည်။ မကြာပါပေ။ ယင်းသို့ အမှုဟောင်းကို ပြန်ဖော်ရန် အားထုတ်သဖြင့် ဦးတင်ထွဋ်ပါ လုပ်ကြံခံရကာ အသက်ပေးသွားရရှာသည်။ ဖျာပုံမှ ပြောက်ကျားဗိုလ်၏ လက်ချက်ဖြစ်သည်ဟု သိကြသော်လည်း အမှုကို မည်သူမှ မဖော်ဝံ့။

ဂဠုန်ဦးစောနှင့် ကြံရာပါပုဂ္ဂိုလ်မှာ ဗိုလ်မှူးနေဝင်းဖြစ်သည်ဟု သဲလွန်စရှာလိုသူတို့သည် ဦးတင်ထွဋ်နှင့် ဦးထွန်းလှအောင်တို့၏ ကံကြမ္မာကို မြင်တွေ့ကြသဖြင့် အမှုကြီး၏ သဲလွန်စကို မလိုက်ဝံ့တော့ဘဲ ယနေ့တိုင် အဖြေမရသည့် မေးခွန်းများအဖြစ် နှုတ်ပိတ်နေကြရလေတော့သည်။”

ယနေ့ထက်တိုင် ဦးတင်ထွဋ် သတ်ဖြတ်မှု ကြံစည်ကြိုးပမ်းသူများ မည်သူမည်ဝါဟု မည်သူကမျှ လူသိရှင်ကြားစွပ်စွဲခဲ့ခြင်းမရှိချေ။ မှန်းဆပြောဆိုမှုများနှင့် ကောလာဟလများရှိခဲ့သည်မှန်သော်လည်း အထက်ဖော်ပြပါ အဖြစ်အပျက်များတွင် ဖျာပုံ ပြောက်ကျားဗိုလ်ကို လက်ထောက်အကူအဖြစ် နှစ်ကြိမ်တိုင်ဖော်ပြခဲ့သည်မှာ ထူးဆန်းနေပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့ဝန်ကြီးအဖွဲ့ကို ရှင်းလင်းရာ၌ ဂဠုန်ဦးစောနှင့် မဟာမိတ်ပြုလုပ်ခဲ့သူမှာ စစ်အာဏာရှင်သာဖြစ်ကြောင်း ဦးသောင်းက ဆက်လက်၍ အသေးစိတ် ပြောဆို သက်သေပြခဲ့ပြန်သည်။

“ဦးအောင်ဆန်းကို သတ်ရုံမျှနှင့် ဝန်ကြီးချုပ်မဖြစ်နိုင်သည်ကို ဦးစောက ကောင်းစွာ နားလည်သိရှိသည်။ လွတ်လပ်ရေးရချိန်၌ ရှင်ဘုရင်ဖြစ်ရန်မှာ စစ်တပ်ကို လိုအပ်သည်ဟု ဦးစောက သိရှိသည်။ ဦးစောအနေနှင့် ဦးအောင်ဆန်းကိုလုပ်ကြံရန် ဘိလပ်အစိုးရထံ စကားဆိုရန်နှင့် မြန်မာပြည်၌ တပ်စွဲထားသော အင်္ဂလိပ်တပ်များ၏အကူကို မရနိုင်စေကာမူ ဦးစောအဖို့ ဘုရင်ခံနှင့် ဖဆပလအုပ်ချုပ်မှု လက်အောက်ခံ မြန်မာ







စစ်တပ်၏ သဘောတူညီချက် ထောက်ခံချက် ခိုင်မာစွာရရှိလေမှသာ ဦးအောင်ဆန်းနှင့် ဖဆပလဝန်ကြီးများကို သတ်ဖြတ်ပြီးချိန်၌ အာဏာရနိုင်မည်ဖြစ်သည်ကို မုချသိရမည်ဖြစ်သည်။ ရှင်ဘုရင်ဖြစ်ချင်သူ သို့မဟုတ် နိုင်ငံ၏အုပ်ချုပ်မှုအာဏာကို ရရှိလိုသူအဖို့ ကျောထောက်နောက်ခံစစ်တပ် လိုအပ်သည်ကို ကောင်းစွာသိရှိရပေမည်။

ထိုအချိန်က ပြည်သူ့ရဲဘော်အဖွဲ့များတွင်လည်းကောင်း၊ ဗကပ အလံဖြူကွန်မြူနစ်တို့၏ လက်တွင်လည်းကောင်း လက်နက်ပုန်း ထောင်သောင်းရှိနေသည်။ သူတို့သည် ဖဆပလအစိုးရအား လက်နက်စွဲကိုင်၍ သူပုန်ထရန်ပြင်ဆင်နေကြသည်။ အလံနီတို့ကမူ ရခိုင်ဘက်တွင် လက်နက်စွဲကိုင်ကာ သူပုန်ထနေကြပြီဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ဘရင်းဂန်းသေနတ် သုံးလေးရာ၊ ကျည်ဆန်မျိုးစုံ တသန်းခန့်သာရှိပြီး တပည့်တပန်း သုံးလေးဆယ်နှင့် အာဏာသိမ်းရန်ကြံစည်ခြင်းသည် ရယ်ဖွယ်ရာဖြစ်နေသည်။ လက်ရွေးစင်တပည့်များကိုစေလွှတ်ပြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို လုပ်ကြံသူ ဦးစောသည် ကြီးမားခိုင်ခန့်သော စစ်တပ်၏ ကျောထောက်နောက်ခံရှိမှသာ ကြီးမားသည့် အစီအစဉ်ကို ရဲတင်းစွာရေးဆွဲ၍ ရဲတင်းစွာ လုပ်ဆောင်ဝံ့မည်မှာသေချာသည်။ ဦးစောသည် စစ်တပ်၏ အားပေးထောက်ခံမှုရယူပြီးမှသာ ယခုကဲ့သို့သောအကြံကို ကြံစည်ဝံ့မည်ဖြစ်သည်။”

## တက္ကသိုလ်နေဝင်း “ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးဇူလိုင်”

(ဆောင်းပါးနှင့် ထင်မြင်ချက်များ)

‘တက္ကသိုလ်နေဝင်း’ သည် ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်စိတ်ချသည့် ကိုယ်ရေးလက်ထောက်ဗိုလ်ထွန်းလှ၏ ကလောင်အမည်ဖြစ်ပါသည်။ ဗိုလ်ထွန်းလှအနေဖြင့် လက်ရှိ စစ်အစိုးရ၏ စာအုပ်စာတမ်း စာနယ်ဇင်းဌာန၏ မျက်နှာဖုံးပါမကျန် ခွင့်ပြုခြင်းအရ ၁၉၉၅ ခုနှစ်တွင် သူ လစဉ်ရေးခဲ့သည့် ‘နွယ်နီ’ မဂ္ဂဇင်းမှ ဆောင်းပါးများကို စုပေါင်းပြီး ‘အမှတ်တရ ဗိုလ်ချုပ်အောင်ဆန်း’ ခေါ် စာအုပ်တအုပ် ထုတ်ခဲ့သည်။ ထို့နောက် သူက ဆက်လက်၍ ‘စတိုင်သစ်’ မဂ္ဂဇင်းတွင် ရေးခဲ့သော ဆောင်းပါးများကို စုဆောင်းကာ ၁၉၉၇ ခုနှစ်တွင် ‘ပြည်ထောင်စုဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း’ အမည်ဖြင့် ဒုတိယစာအုပ်ကို ထုတ်ခဲ့ပြန်ပါသည်။ ထိုစာအုပ်တွင် ပူဆွေးသောကဖြစ်ပေါ်ရသည့် ‘ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးဇူလိုင်’ ဆိုသည့် ဆောင်းပါး (စာမျက်နှာ ၇၂) မှ အောက်ပါကောက်နုတ်ချက်များကို ဖော်ပြလိုက်ရပါသည်။ စာရေးသူ၏ အမှာစာတွင် ရေးသားထားသည့်အတိုင်း ဤနောက်ဆုံးစာအုပ်ကို ဗိုလ်ချုပ်ကြီး၏ (၈၂) နှစ်မြောက် မွေးနေ့နှင့် ပင်လုံစာချုပ် နှစ် (၅၀) ပြည့် အထိမ်းအမှတ်များအဖြစ် ဂုဏ်ပြုထုတ်ဝေလိုက်ခြင်းဖြစ်သည်။

“၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းတွင် ‘ဘီ၊ အို၊ ဒီ’ (BOD) လက်နက်ခဲယမ်းသိုလှောင်ရေးတပ်မှ မောင်းပြန်လက်နက်များနှင့် ခဲယမ်း ကျည်ဆန်အမြောက်အမြား မသမာသူတစု ထုတ်ယူသွားကြကြောင်းကို ရဲဌာနချုပ်က သတင်းရသဖြင့် ပြည်ထဲရေးဝန်ကြီးမှတဆင့် အစိုးရအဖွဲ့ထံ အစီရင်ခံခဲ့ပါသည်။

ထိုအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဦးကျော်ညိမ်းသည် နိုင်ငံခြားခရီးထွက်နေ၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြက ခေတ္တပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူနေသည်။ သို့ဖြစ်၍ ပျော်ဘွယ်ဦးမြက တာဝန်အရ ထိုဝန်ကြီးဌာန တိုက်ရိုက်ကွပ်ကဲသော သောင်းကျန်းမှုနှိမ်နင်းရေးတပ်မှ (နောင်တွင်ပြည်ထောင်စုစစ်ရဲတပ်) တပ်စိတ်တစိတ်ကို ဗိုလ်ချုပ်၏ ရုံးခန်းပြင်ဘက်တွင် လုံခြုံရေးတာဝန်ချထားလိုက်သည်။ ဦးမြက ဤကဲ့သို့ လုံခြုံရေးအစီအစဉ်ကို ဗိုလ်ချုပ်အား အသိမပေးခဲ့သည့်အပြင် စာရေးသူအားလည်း မပြောရန် မေတ္တာရပ်ခံခဲ့သည်။

သို့သော် တနေ့တွင် အတွင်းဝန်များရုံးရှိ ဗိုလ်ချုပ်အောင်ဆန်းရုံးသို့ ဗိုလ်ချုပ်နှင့် အတူလာစဉ် အစောင့်ချထားသည့် ရဲဘော် သုံးလေးဦးကို ဗိုလ်ချုပ်လှမ်းမြင်သွားရာ စာရေးသူအား သူ့ရုံးခန်းရှေ့မှာ ရှိနေသည့် လက်နက်ကိုင်ရဲဘော်များ ဘာလုပ်နေကြတာလဲဆိုတာ မေးပါတော့သည်။ ပြည်ထဲရေးဝန်ကြီးက လိုအပ်တယ်ယူဆ၍ လုံခြုံရေးအတွက် အစောင့်ချထားကြောင်း ပြောပြသည့်အခါတွင် ဗိုလ်ချုပ်က ‘မလိုပါဘူးကွာ၊ ငါ့ကို ဘယ်သူကမှလည်း လုပ်ကြံမှာမဟုတ်ဘူး၊ ငါကလည်း မစိုးရိမ်ဘူး။ ငါ့ရုံးခန်းရှေ့မှာ လက်နက်ကိုင် ရဲဘော်တွေ ချထားတာကို ငါမမြင်ချင်ဘူး’ ဆိုပြီး ဦးမြအား ချက်ချင်းပြန်ရုပ်သိမ်းခိုင်းရန် အမိန့်ပေးလိုက်ပါတော့သည်။ ဝန်ကြီး ဦးမြသည် အလွန်စိတ်မကောင်းပုံရသော်လည်း အမိန့်ကို နာခံလိုက်ရပါသည်။ ထိုနေ့ညနေဘက် ရုံးမှအိမ်သို့အပြန်တွင် စာရေးသူအား မေးပြန်ပါသည်။ ‘အိမ်မှာရှိနေတဲ့ ရဲဘော်တွေမှာ လက်နက်ရှိသလားလို့။’ သူတို့က ပြည်သူ့ရဲဘော်တွေဖြစ်၍ လက်နက်မရှိကြောင်း ပြန်အဖြေပေးရာတွင် ဗိုလ်ချုပ်က သူကိုယ်တိုင်တော့ သေရမှာလည်း မကြောက်၊ ဘယ်သူကမှလည်း သူ့ကို လုပ်ကြံမယ် မထင်သော်လည်း ‘အိမ်မှာရှိတဲ့ ကလေးတွေအတွက်တော့ ငါစိုးရိမ်သလိုဖြစ်မိတယ်’။ ထို့ကြောင့် အိမ်ကရဲဘော်တွေကို ‘သင့်တော်မယ့်လက်နက် နည်းနည်းပါးပါး ပေးထားပါ။’ ဗိုလ်ထွန်းလှသည် အမိန့်အရ ဗိုလ်ချုပ်အိမ်တွင်နေသော ရဲဘော်များအား တော်မီဂန်းတလက်၊ စတင်းဂန်းတလက်၊ ခြောက်လုံးပြူးနှစ်လက်နှင့် ကျည်ဆန်များ ပါပေးရန် အစီအစဉ်လုပ်ခဲ့သည်။”

အထက်ပါကောက်နုတ်ချက်များ ဖော်ပြထားသော ဆောင်းပါးတွင် စာရေးသူအနေဖြင့် အဓိပ္ပာယ်ပါသည့် နောက်အချက်တခု ရေးသားဖော်ပြထားသေးသည်။

“အမှန်တော့ ယင်းကြံမှာငင်သည့် ဝန်ကြီးအစည်းအဝေးသည် ဇူလိုင် (၁၉) ရက်







စနေနေ့တွင် ကျင်းပရန်မဟုတ်ဘဲ၊ ဇူလိုင်လ (၁၆) ရက် ဗုဒ္ဓဟူးနေ့တွင် လုပ်ရမည်ဖြစ်သည်။ ၁၉၄၆ ခု စက်တင်ဘာလ (၂၆) ရက်နေ့က ဗိုလ်ချုပ်အစိုးရအဖွဲ့ အာဏာကို လက်ခံရယူပြီးအချိန်မှစ၍ ဝန်ကြီးအဖွဲ့အစည်းအဝေးကို အပတ်စဉ် စနေနေ့ နံနက် (၁၀) နာရီ ကျင်းပနေကျဖြစ်သည်။ ထိုအချိန်က ဂဠုန်ဦးစောသည် ဘုရင်ခံက တိုက်ရိုက်ခန့်အပ်ထားသော ဝန်ကြီးတဦးဖြစ်နေရာ သူလည်း အပတ်စဉ် စနေနေ့တိုင်းကျင်းပသော အစည်းအဝေးသို့ တက်ရသည်။ သို့သော်လည်း ‘အောင်ဆန်း–အက်တလီစာချုပ်’ ကို ဦးစောနှင့် သခင်ဗစိန် သဘောမတူဘဲ ကန့်ကွက်သဖြင့် မြန်မာပြည်ပြန်ရောက်သောအခါ အစိုးရအဖွဲ့ဝင်မှ နုတ်ထွက်ရသည်။”

ဗြိတိန်နိုင်ငံမှ ပြန်လာပြီးနောက် ဗိုလ်ချုပ်သည် အပတ်စဉ်ဝန်ကြီးအဖွဲ့အစည်းအဝေးကို စနေနေ့မလုပ်တော့ဘဲ ဗုဒ္ဓဟူးနေ့ ကျင်းပရန် ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

ယင်းအကြောင်းကို ဂဠုန်ဦးစောကမသိ။

သို့သော် ဇူလိုင်လ (၁၆) ရက်တွင် တိုင်းပြည်ပြုလွှတ်တော်၏ ဆပ်ကော်မတီတခုဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးကော်မတီ အစည်းအဝေးကျင်းပရန် ကြိုတင်သတ်မှတ်ထားပြီး ဖြစ်နေသည်။ ထိုအခါ ဗိုလ်ချုပ်က ဝန်ကြီးအဖွဲ့ကို လာမည့် စနေနေ့သို့ ပြောင်းရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

တက္ကသိုလ်နေဝင်း၏ ဆောင်းပါးပထမပိုင်းတွင် ပါသည့်အကြောင်းများကို အထူးအားဖြင့် မြန်မာခေါင်းဆောင်ကြီးများအတွက် လုံခြုံရေးအစီအစဉ်ရှိမရှိကိစ္စအပေါ် ပြန်လည်စေ့စေ့ တွေးဆကြည့်ပါက အထင်အမြင်သဘောထားအမျိုးမျိုး ပေါ်ပေါက်လာလေ့ရှိပါသည်။ မြန်မာရဲအဖွဲ့နှင့် တွဲထားသည့် ဗြိတိသျှအကြပ်တပ်သား နှစ်ဦးအား အစိုးရအဖွဲ့အစည်းအဝေးကျင်းပချိန်တိုင်းတွင် ခန်းမသို့ အတက်လှေကားထစ်တနေရာတွင် တာဝန်ချထားလေ့ရှိသူများကို လုပ်ကြံမှုမဖြစ်မီ တပတ်အလိုတွင် ရုပ်သိမ်းလိုက်ခြင်းသည် မလုပ်သင့်သည့် ကိစ္စဖြစ်သည်ဟူ၍ ဗြိတိသျှတို့က ယေဘုယျအားဖြင့် ယူဆကြသည်။ ဤကဲ့သို့ ရုပ်သိမ်းလိုက်ရသည်မှာ မြန်မာတို့၏ မေတ္တာရပ်ခံခြင်းကြောင့်ဖြစ်၍ လေးနက်သော အမှားဖြစ်ကြောင်း ထင်ရှားခဲ့သည်ဟု ယုံကြည်ကြသည်။ အဘယ်ကြောင့်ဆိုသော် ဗြိတိသျှ အစောင့်စစ်သားများသည် လူသတ်သမားများက အမှတ် (၁၂) ကြည်းတပ်ဝတ်စုံဟောင်းများ ဝတ်ဆင်ထားခြင်းကို ချက်ချင်းသတိထားမိကြမည်ဖြစ်သောကြောင့် နှောင့်နှေးမှုမရှိဘဲ တုံ့ပြန်နိုင်ခဲ့ကြမည်ဖြစ်သည်။ ထိုကဲ့သို့ သတိမထားမိသည့်တိုင် အလေ့အကျင့် စည်းကမ်းနာထားသူ မည်သူမဆို အစောင့်တာဝန်နေရာမှာ ရှိနေခဲ့ကြလျှင် ထိုစစ်ဝတ်စုံ မပြည့်မစုံ အညိုရောင်ကင်းဘတ်ဖိနပ်များဝတ်လျက် လက်နက်စုံ ကိုင်တွယ်ကာ လှေကားအတင်းတက်လာသူ လူတစုမှာ တစုံတရာမှားယွင်းနေကြောင်း အလွယ်တကူ မြင်တွေ့နိုင်ကြလိမ့်မည်သာဖြစ်၏။ အံ့သြစရာကောင်းသည်မှာ ထိုဗြိတိသျှအစောင့်စစ်

သားများနေရာတွင် မြန်မာများအား လူစားထိုးကာကွယ်စောင့်ရှောက်ရန် တရားဝင်စီစဉ်ထားခြင်းမရှိသည့် အကြောင်းပင်ဖြစ်ပါသည်။ ပြည်တွင်းလုံခြုံရေးအပါအဝင် မြန်မာခေါင်းဆောင်ကြီးများအား အထူးကာကွယ်စောင့်ရှောက်ပေးရန် တာဝန်မှာ ပြည်ထဲရေးဝန်ကြီးဌာန၏ ဝတ္တရားဖြစ်ပြီး ၎င်းလက်အောက် အုပ်ချုပ်လျက်ရှိသည့် အရပ်သား ရဲနှင့်လက်နက်ကိုင်ရဲတပ်များကို အသုံးပြုရန်ဖြစ်သည်။ ဝန်ကြီး ဦးကျော်ညိမ်းအနေဖြင့် စိုးရိမ်ပူပန်မှုရှိပုံရပါသည်။ ကြေးမုံဦးသောင်းကိုယ်တိုင် သိခဲ့ရသည်မှာ ဦးကျော်ညိမ်းက ဗိုလ်မှူးနေဝင်းကို ဗိုလ်ချုပ်အား လျှို့ဝှက်စွာ စောင့်ရှောက်ပေးရန် ယုံကြည်စိတ်ချရမည့် စစ်သားများ အလိုရှိ၍ တာဝန်ချထားရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။ လုပ်ကြံမှုကြီးမဖြစ်မီ သုံးပတ်လောက်ကပင် **BOD** မှ လက်နက်များ ခိုးထုတ်ပြီးချိန်နှင့် ဦးကျော်ညိမ်း နိုင်ငံခြားမသွားမီအချိန်ဟုခန့်မှန်းသည်) သတင်းထောက်များ သတိထားမိကြခဲ့သည်မှာ ဗိုလ်ချုပ်ရုံး ပတ်ဝန်းကျင်နှင့် အတွင်းဝန်များရုံး အခြားနေရာများတွင် အရပ်သားအဝတ်အစားဝတ်ဆင်ထားကာ လက်နက်ဝှက်ကိုင်ထားသည့် စစ်သားများ အစောင့်ချထားခြင်းဖြစ်ပါသည်။ ထိုတပ်ဆွယ်အား ဗိုလ်မှူးကြီးလွင် (နုတ်ခမ်းမွေး) က ကွပ်ကဲခဲ့သည်။ ပြည်ထဲရေးဝန်ကြီးကပင် အပိုဖြည့်စွက်၍ ဗိုလ်နေဝင်းအား သေနတ်ပစ်လက်ဖြောင့်သည့် လူနှစ်ယောက်ကို ဗိုလ်ချုပ်အား အဆက်မပြတ်အစောင့် တာဝန်ပေးရန်ပြော၍ ထိုလူများ ပို့ထားခဲ့ပါသည်။

ဤကဲ့သို့ ဖြစ်စေကာမူ လုပ်ကြံမှုဖြစ်ပေါ်လာသည့်အချိန်တွင် ထိုအစောင့်များမှာ ပျောက်ခြင်းမလှ ပျောက်လျက်ရှိကြလေပြီ။ !

လက်ရှိအချိန်ကာလကျမှ ဗိုလ်ထွန်းလှက ရေးသားထားသည်မှာ (ဗိုလ်နေဝင်းနှင့်ကြည်းတပ်ပါဝင်ပတ်သက်နေမှုကို ချန်လှပ်ထားခဲ့ခြင်းကို အခြေအနေအရ နားလည်သဘောပေါက်နိုင်ပါသည်) ဦးကျော်ညိမ်း မရှိသည့်အချိန်တွင် သူ့ ဝန်ကြီးတာဝန်များကို ခေတ္တထမ်းဆောင်နေသည့် ပျော်ဘွယ်ဦးမြကို စိုးရိမ်မကင်းဘဲ လက်နက်ကိုင် ရဲတပ်စိတ်တစိတ်ကို ဗိုလ်ချုပ်ရုံးအနီးအနားတွင် အစောင့်တာဝန်ချထားပါသည်။ ထိုတပ်သားများကို ဗိုလ်ချုပ်မြင်သည်နှင့် ချက်ချင်းရုပ်သိမ်းလိုက်ရပါတော့သည်။ ဗိုလ်ချုပ်အနေဖြင့် တိုင်းသူပြည်သားများ၏ မေတ္တာရိပ်မြံအောက်တွင် လုံခြုံလျက်ရှိသည်ဟု စိတ်ချယုံကြည်သည့်အလျောက် ဤကဲ့သို့သော အထူးအကာအကွယ် အစောင့်အရှောက်များကို လက်မခံငြင်းပယ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ သို့သော်လည်း ဗိုလ်ချုပ်သည် သူ့အိမ်သားများအတွက် ဘေးရန်ကိုမူ စိုးရိမ်မိပုံရပါသည်။ အခြေအနေမှာ အလွန်အမင်းရှုပ်ထွေးခဲ့သည့်အတွက် ထိုကာလကို ဖြတ်ကျော်လွန်ကာ အသက်ထင်ရှားကျန်ရှိသော ဉာဏ်အမြော်အမြင်ရှိသူ လူနည်းစုမှာလည်း အချိန်နှင့်အမျှ ပိုမိုနည်းပါးလာသည့်အလျောက် အချိန်မလွန်မီ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုကြရန် အချိန်တန်ပါပြီ။







မြန်မာပြည်စစ်ဌာနချုပ်အနေဖြင့် ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ယူရန်မလိုတော့ဘဲ မြန်မာအစိုးရကသာ မိမိတို့အရေး မိမိတို့တာဝန် ယူရန်ဖြစ်သည်ဟု ဗြိတိသျှတို့က တဘက်တွင် ယူဆရပ်တည်လာပါသည်။ မည်သို့ပင်ဆိုစေ မြန်မာပြည်သည် သူတို့၏ ကိုလိုနီလက်အောက်ခံ နိုင်ငံဘဝတွင် ရှိဆဲဖြစ်သေးသည်။ စစ်ဦးစီး ဗိုလ်ချုပ်ကြီး ဘရစ် **(General Briggs)** သည် ဘုရင့်တပ်ရင်း (၅) နှင့် သံချပ်ကာ ယာဉ် (၅) စီးကို ရန်ကုန်မြို့တွင်းသို့ ဘုရင်ခံနှင့် ဗြိတိသျှမိသားစုများအပြင် တခြား ဗြိတိသျှနှင့်ပတ်သက်သည့် လုံခြုံမှုကို ရှေးရှုလျက် ပြောင်းရွှေ့စခန်းချခဲ့သည်။

ကြည်းနှင့်ရဲ အစောင့်တပ်သားများမှာ အခင်းဖြစ်ပွားရာနေရာတွင် ရှိမနေခဲ့ကြပါ။ ထိုအခိုက်အတန့်တွင် တစုံတရာ အရေးယူ ဆောင်ရွက်နိုင်သူ ရှိမရှိ စဉ်းစားတွေးတောကြည့်ကြပါစို့။ စကြံလမ်းတလျှောက်တွင် အရပ်သားအရာရှိတချို့ ရှိနေခဲ့ကြသည်။ ဦးအုန်းခင်နှင့် ဦးမောင်မောင်တို့သည် လူသတ်သမားများ တက်လာသည်ကိုပင် မြင်လိုက်ကြရပါသည်။ ဦးတင်အုန်းက သူ့ရုံးခန်းမှ မြင်လိုက်သည်။ ကုန်သည် ဦးထင်ဘော်ကတော့ ရုံးကိစ္စနှင့်ရောက်နေစဉ် လူဆိုးများနှင့် မျက်နှာချင်းဆိုင်တွေ့လိုက်သည်။ ဗိုလ်ထွန်းလှနှင့် ဧည့်သည်ဗိုလ်သန်းဝင်းတို့သည် ဝန်ကြီးအဖွဲ့ အစည်းအဝေး ကျင်းပလျက်ရှိသော အခန်းတခန်းတွင်ရှိနေကြသည် (ဗိုလ်သန်းဝင်း လာရောက်ခြင်းအကြောင်းနှင့် ပစ်ခံပြီးချိန်တွင် သူဘာလုပ်ခဲ့သည်ကို မည်သူမျှ ဖော်ထုတ်ခဲ့ခြင်းမတွေ့ရပါ။) ရုံးလုလင် မောင်သောင်းစိန်သည် (ဘုရင်ခံ၏ ခေတ္တအတွင်းဝန်၏ ၁၉/၇ ညနေပိုင်း လန်ဒန် မြို့သို့ပို့လိုက်သောကြေးနန်းသတင်းတွင် ပြည်သူ့ရဲဘော်အစောင့်ဟု အထင်မှားခံခဲ့ရသူ) ခန်းမတံခါးဝတွင် စောင့်နေပြီး တခြားလုလင်တယောက်နှင့် စကားပြောလျက်ရှိစဉ် လူသတ်သမားများ ရောက်လာကြကာ သူ့အား တွန်းဖယ်လိုက်ကြသည်။ ထိုနောက် ဝန်ကြီး အဗ္ဗဒူရာဇတ်၏ အပါးတော်မြဲလူငယ် ကိုထွေးသည် အခြားရုံးခန်းတခန်းမှ ပြေးထွက်လာရာ ပစ်ခတ်ပြီးပြန်ထွက်လာသော လူဆိုးတသိုက်နှင့် မျက်နှာချင်းဆိုင်တွေ့ဆုံ၍ ရန်ကြီးအောင်၏ ပစ်သတ်ခြင်းကို ခံလိုက်ရသည်။ စီးပွားရေး နေ့စဉ်သတင်းစာ သတင်းထောက် ကိုသန်းက ထိုပစ်ခတ်မှု မျက်မြင်သက်သေခံဖြစ်ခဲ့သည်။ ကိုထွေးမှာလည်း ပြည်သူ့ရဲဘော်အဖြစ် အထင်မှားခံခဲ့ရခြင်းဖြစ်သည်။ ထိုသို့သော ပြည်သူ့ရဲဘော်တယောက်က ထိုလူသတ်သမားများအား ဗိုလ်နေဝင်း၏ ဗမာ့သေနတ်ကိုင်တပ်ရင်း (၄) မှ စစ်သားများဖြစ်သည်ဟု ပြောပြခဲ့သည်။ (ထိုအကြောင်းကို အထက်ပါ ခေတ္တအတွင်းဝန်၏ ကြေးနန်းတွင်လည်း ထည့်သွင်းထားသည်။) ထိုစွပ်စွဲချက်နှင့်ပတ်သက်၍ နောက်ထပ်မကြားရတော့ပါ။ အတွင်းဝန်ရုံးတွင် ယာဉ်သွားယာဉ်လာအတွက် တဦးတည်း တာဝန်ကျနေသည့် ရဲသား မောင်ထွေးသည် စစ်ဝတ်စုံဝတ်သူ လူငါးယောက် ဂျစ်ကားနှင့် ဝင်လာသည်ကို ပထမဆုံးတွေ့ရသူဖြစ်သည်။ များမကြာမီ ကားမောင်းသူ သုခက သူ့ယာဉ်ကို ထွက်ပြေးရန်တွင်

အဆင်သင့်ဖြစ်စေရန် လှေကားထစ်အောက်အနီးသို့ ပြင်ဆင်ရွှေ့ပြောင်းနေစဉ် ရဲသားမောင်ထွေးက ထိုနေရာတွင် မရပ်ရန် အမိန့်ပေးနေသည့်အချိန်တွင်ပင် သေနတ်သံများပေါ်ထွက်လာကာ သေနတ်သမားတယောက် ပြေးဆင်းလာသည့်အတွက် ရဲသားလည်း အလျင်အမြန်ထွက်သွားခဲ့ပါသည်။ ရဲသားမောင်ထွေးအနေဖြင့် ယာဉ်များရပ်ရာနေရာတွင် တွေ့ခဲ့သည့် အခြားတယောက်မှာ ဗိုလ်မှူးကြီး ကျော်ဝင်းနှင့် လိုက်ပါလာသူ ကာကွယ်ရေးဌာနမှ ရုံးလုလင်မောင်အုန်းဆိုသူဖြစ်နေပါသည်။ ရုံးတော်တွင် မောင်ထွေးနှင့် မောင်အုန်းနှစ်ယောက်စလုံးက သုခဖြစ်ကြောင်း သက်သေခံခဲ့ကြ ပါသည်။ အထက်ပါပုဂ္ဂိုလ်များသည် ဘေးမှပွဲကြည့်ပရိသတ်များသဖွယ်သာဖြစ်ကြပြီး တရားစစ်ဆေးရာတွင် သက်သေအထောက်အထားအတွက်သာ အသုံးချနိုင်သူများဖြစ်သည်။ သို့သော် ထိုအချိန်က အတွင်းဝန်များရုံးအတွင်း အပစ်အခတ် ဖြစ်ပေါ်ရာတွင် တိုက်ခိုက်ခြင်းကို တားဆီးဟန့်တားနိုင်သူ သို့မဟုတ် ထွက်ပြေးရာတွင် တားဆီးနိုင်သူများရှိခဲ့လျှင် မဆိုင်းမတွ အရေးယူဆောင်ရွက်ရန် မည်သူမျှပေါ်ထွက်လာခြင်းမရှိခဲ့ပါ။

ဗိုလ်နေဝင်းသည် တပ်ရင်း (၄) အရာရှိအချို့နှင့်အတူ တပ်စိုက်ရာ ပျဉ်းမနားမြို့မှ ထရပ်ကားနှင့် ကသောကမျော ရန်ကုန်မြို့သို့ ဆင်းလာပြီး နောက်တနေ့ (၂၀/၇) နံနက်တွင် ရောက်လာကြောင်းသိရသည်။ အစိုးရအဖွဲ့၏ ဆွေးနွေးတိုင်ပင်မှုများ သူတို့ပါဝင်ကြသော်ငြားလည်း တပ်မတော်နှင့် ရဲတပ်များအား အထူးတပ်လှန့်သတိပေးချက်အမိန့်ကို သူတို့အနေဖြင့် အရေးတယူထုတ်ပြန်ခဲ့ခြင်း မရှိခဲ့ပါ။ ကျွန်တော်ကိုယ်တိုင်က ရေတပ်တွင် ရှိနေသည့်အချိန်ဖြစ်ပြီး ယနေ့တိုင် မရှင်းလင်းသည့်ကိစ္စတခုမှာ HMS 'ရတနာပုံ' ဟု ခေါ်သည့် မြန်မာပြည် ဘုရင့်ရေတပ် (ဆန္ဒအရ အရန်ရေတပ်) Burma R.N.V.R ကမ်းခြေစခန်းဌာနချုပ်သည် အတွင်းဝန်များရုံး မြောက်ဘက်တွင်တည်ရှိပြီး (former St. Paul's English High School) ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) တလမ်းသာခြားသော်လည်း တပ်လှန့်သတိပေးခြင်းနှင့် လမ်းများပေါ်တွင် ကင်းလှည့်တာဝန်များကို မပေးခဲ့သည့်အချက်ဖြစ်ပါသည်။ (နောက်မှ တပ်စခန်းရှေ့တွင်သာ နေဝင်းမီးငြိမ်းညမထွက်ရအမိန့်ထုတ်ကာ ထိန်းချုပ်ထားပါသည်)။ ဘီဘီစီမြန်မာပိုင်းအသံလွှင့်ဌာနမှ လုပ်ကြံမှုကြီး နှစ် (၅၀) ပြည့် အထိမ်းအမှတ် အသံလွှင့်ရာတွင် ဗိုလ်မှူးကျော်ဇော (ရေတပ်) နှင့် တွေ့ဆုံမေးမြန်းသည့်အခန်းတွင် ပြောပြသည်မှာ ဗိုလ်ကျော်ဇောသည် ထိုနေ့က 'ရတနာပုံ' စခန်းတွင် အဆင့်မြင့်ဗိုလ်အနေဖြင့် တာဝန်ကျနေခဲ့ရာ အတွင်းဝန်များရုံးဘက်မှ သေနတ်ပစ်သံများ ကြားကြားခြင်း ဖရေဇာလမ်း (ယခု အနော်ရထာလမ်း) ရှိ အဓိကအဝင်ဝသို့ အမြန်သွားခဲ့ပါသည်။ လမ်းပေါ်တွင် လူများမှာ စိတ်လှုပ်ရှားလျက်ရှိကာ ဇဝေဇဝါဖြစ်နေကြသည်ကို တွေ့မြင်ရပြီး သူတို့ခမျာများ ကြားသိရသည်မှာလည်း အစိုးရခေါင်းဆောင်များအား လုပ်ကြံရန် အားထုတ်ခဲ့ကြောင်းနှင့် လုပ်ကြံသူများမှာ နိုင်ငံရေး







ဆန့်ကျင်ဘက်များ ဖြစ်ကောင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း ကောလာဟလသတင်းများသာဖြစ်ပါသည်။ ဗိုလ်မှူးကျော်ဇောအနေဖြင့် နာရီဝက်ကြာမှ ဗိုလ်ချုပ် အသက်ဆုံးရှုံးသွားကြောင်းကို သိရပါသည်။ ကျွန်တော်လည်း ထိုရေဒီယိုအမေးအဖြေတွင် ပါဝင်ခဲ့ပြီး ထိုနေ့က အခြေအနေကို ပြောခဲ့ပါသေးသည်။

အပတ်စဉ်ဝန်ကြီးအဖွဲ့ အစည်းအဝေးကျင်းပလျက်ရှိသည့်နေ့ကို ဂဠုန်ဦးစောကောင်စီမှ ထွက်ရခြင်းကြောင့် မသိနိုင်ကြောင်း သံသယဖြစ်သည့်အထင်အမြင်နှင့် ပတ်သက်၍ သူကောင်စီမှ ထွက်သွားရသည်မှာ လပေါင်းကြာလာပြီဖြစ်သော်လည်း နောက်ဆုံးပြုလုပ်သည့် အစည်းအဝေးသည် သူတက်နေကျနေ့တွင်ပင် အမှန်တကယ်ကျင်းပဖြစ်ခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း ဦးစောသည် ထိုနေ့ထိုအချိန်တွင် အစည်းအဝေးကျင်းပလျက်ရှိမရှိ သေချာအောင် ပြုလုပ်ခဲ့ပါသေးသည်။

ရှေ့ပြေးကင်းထောက်အုပ်စုက အစည်းအဝေးကျင်းပနေပြီဟု အတည်ပြုသည့်အချိန်ကျမှ သူက လူသတ်သမားများအား စေလွှတ်လိုက်ခြင်းဖြစ်ပါသည်။ နောက်အချက်တခုမှာ ထိုနေ့တွင် ကောင်စီ၏ အစည်းအဝေးအစီအစဉ်၌ ဦးစော၏နေအိမ်ကို ဝင်ရောက်စီးနင်းကာ ပတ်ဝန်းကျင်မှာရှိသည့် ရေကန်အတွင်း သောင်တူးရှာဖွေရန် အဆိုပြုချက်ရှိကြောင်းနှင့် ဤကဲ့သို့ အရေးယူရန်မှာ နှစ်ရက်အတောအတွင်းမှာပင်ဖြစ်ကြောင်း ဦးစော၏ ထောက်လှမ်းရေးက သိရှိခဲ့သည့်အတွက် လုပ်ကြံမှုအရှိန်မြင့်သွားခြင်းဖြစ်နိုင်ပါသည်။

## စက်ဆုပ်ဖွယ် လူမျိုးရေး လူသတ်မှုလော

ကင်ဘာရာရှိ ဩစတြေးလျ အမျိုးသားတက္ကသိုလ်မှ ဒေါက်တာဂေဟာန် ဝိဂျေယီဝါဒေနေ (Dr. Gehan Wijeyewardene, Ph.D) က ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် ထိုင်း–ယူနန်စီမံချက် သတင်းစာစဉ် အမှတ် (၂၃)၊ စာမျက်နှာ (၂၃–၂၄) တွင် ကျွန်ုပ်စာအုပ်အပေါ် ခြုံငုံသုံးသပ်ရင်း အောက်ပါမေးခွန်းကို မေးထားသည်။

"ကျွန်ုပ်တို့ခေတ်ရှိ မြန်မာခေါင်းဆောင်မှုနှင့် ပတ်သက်၍ မေးခွန်းများမေးရန် အချက်အလက်တခု ဖြစ်ပေါ်လာပြီး အောင်ဆန်းပြယုဂ်သည် လိုအပ်ချက်တခုဖြစ်နေသည်။ သို့သော်လည်း သူသည် အမှားကင်းပါရဲ့လား။ အိန္ဒိယနိုင်ငံအမျိုးသားကွန်ဂရက်အစည်းအဝေးမှ အပြန်တွင် သူ့ကို ဖမ်းဆီးရန် အင်္ဂလိပ်တို့က အမိန့်ထုတ်ထားခဲ့သည့် အထောက်အထားများရှိသည်။ ယင်းဖမ်းဆီးအမိန့်ထုတ်လိုက်ခြင်းက သူ့ကို အမွိုင်သို့ လွတ်မြောက်အောင် ထွက်ခွာသွားစေခဲ့သည်။ ယင်းအမိန့်မှာ နိုင်ငံရေးပြစ်မှုအတွက် မဟုတ်ဘဲ အထူးအားဖြင့် စက်ဆုပ်ဖွယ် လူမျိုးရေး လူသတ်မှုအတွက် ဖြစ်လေသည်။"

သူ (ဗိုလ်ချုပ်အောင်ဆန်း) သည် အမှားကင်းပါရဲ့လား? ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတယောက်ကို ယင်းမေးခွန်းအား တဦးချင်းမေးပါက တုံ့ပြန်မည့် အဖြေမှာ မလွဲမသွေပင်... "ကျုပ်က ဘုရားလောင်းမှ မဟုတ်တာ" ဟု ဖြေပေလိမ့်မည်။ ဦးအောင်ဆန်းကိုယ်တိုင်လည်း ထိုသို့ဖြေပေလိမ့်မည်။ ကျွန်ုပ်တို့အတွက် ယင်းသို့ သဘာဝကျကျဖော်ပြမှုမှာ ကျွန်ုပ်တို့ တဦးချင်းသည် အနိစ္စသဘောဆောင် ပုဂ္ဂိုလ်များဖြစ်ကြပြီး လုံးဝအပြစ်ကင်းစင်၍ အမှားလုံးဝမရှိသော အဆင့်မြင့်ပုဂ္ဂိုလ်အနေ အထားရရှိရန်မှာ ကာလအနန္တ ဝေးကွာလွန်းလှပေသည်ဟု ရိုးသားစွာ ပြောဆိုလိုပါ ကြောင်း။ (သူ့မိတ်ဆွေ အချိန်မတိုင်မီ သေဆုံးရပြီးသည့်နောက်) ဦးနုက ဗုဒ္ဓဒဿနအမြင်မှ အကြောင်းနှင့် အကျိုးသဘောအရ ဤသို့ထောက်ပြခဲ့သည်။ "ဗိုလ်ချုပ်အောင်ဆန်းဟာ အမြင့်မားဆုံးဂုဏ်သိမ်နဲ့ ဩဇာအရှိန်ကို လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်ပါဘူး။ သူ့ရဲ့ စွန့်လွှတ်မှု၊ တည်ကြည်မှု၊ ရိုးသားမှု၊ စွဲမြဲမှု၊ မျိုးချစ်စိတ်နဲ့ ရဲစွမ်းသတ္တိရှိမှုတွေကို ရင်းနှီးမြှုပ်နှံပြီး ရယူခဲ့ရတာပါ။ သူရဲ့ ဘဝတလျှောက်လုံး ဒီလို သူမတူတဲ့ အရည်အချင်းတွေကို သူက တသမတ်တည်း မယိမ်းမယိုင် တောက်လျှောက်ပြခဲ့လို့ ပြည်သူလူထုက သူတို့ရဲ့ မေတ္တာနဲ့ ယုံကြည်ချက်ကို ပြန်လည်တုံ့ပြန်ခဲ့တာဖြစ်ပါတယ်"။

ဦးအောင်ဆန်း၌ သူ့အမှားများ ရှိကောင်းရှိပေမည်။ သို့သော်လည်း မြန်မာပြည်သူလူထုက သူ့အား သူ၏ ကိုယ်ကျင့်သိက္ခာများအရ မေတ္တာရှိခဲ့၊ ယုံကြည်ခဲ့ပြီး ထိုမေတ္တာနှင့် ထိုယုံကြည်မှုသည် မကျိုးမပေါက်ခဲ့ချေ။ 'အိုလီဗာကိုးလ်စ်မစ်' က... "ကျွန်ုပ်တို့သည် လူလူချင်းဆက်ဆံကြရာ၌ သူ၏ အားနည်းချက်များကို နူးနူးညံ့ညံ့ကိုင်တွယ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် အကောင်းဆုံးအရာများ၌ အလွန်နီးကပ်စွာ အချို့ချို့သော အမှားအယွင်းများ မှီတွယ်လျက်ရှိမြဲဖြစ်သည်။ သို့ဖြစ်၍ သူ၏ကောင်းကွက်များအား သိမ်းကျုံး၍ မထိခိုက်သွားစေဘဲ ထိုအမှားအယွင်း အဖျင်းအသိမ်များကို ခွဲခြားပေါင်းသင်လျက် ပယ်နုတ်ပစ်ရပေမည်"[၁၁] ဟု ဆိုခဲ့သည် မဟုတ်ပါလား။

သို့သော်လည်း မေးခွန်းကား ကျန်ရှိနေတုန်းပင်။ အောင်ဆန်း၏ အားနည်းချက်များက သူ့ကို အထူးအားဖြင့် စက်ဆုပ်ဖွယ်ကောင်းလှသည့် လူမျိုးရေးအခြေခံ လူလူချင်း သတ်ဖြတ်မှုကို ကျူးလွန်စေခဲ့ဖူးသလော။

၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် ဗြိတိန်နှင့် ပြင်သစ်တို့က ဂျာမနီအပေါ် စစ်ကြေညာပြီး (၆) ရက်အကြာတွင် တိုက်တိုက်ဆိုင်ဆိုင်ပင် ဂဠုန်စော မွေးရာမြေဖြစ်သော သာယာဝတီတွင် ကျင်းပကြသည့် တို့ဗမာအစည်းအရုံး ညီလာခံကြီးက ဆုံးဖြတ်ခဲ့သော မူဝါဒ ကြေညာချက်ကို အသေးစိတ်ထုတ်ပြန်ခဲ့သည်။ ယင်းတွင် အခြေခံအချက်ကြီး (၉) ချက် ပါရှိခဲ့သည်။ အနှစ်သာရအားဖြင့် မြန်မာတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိလိုလျှင် အချို့သော တောင်းဆိုချက်များကို လိုက်လျောရမည်ဖြစ်ပြီး ပြင်ဆင်မှု







များ ပြီးသည်နှင့် တပြိုင်နက် လွတ်လပ်ရေးကိုပေးရန် တောင်းဆိုထားလေသည်။ ဗြိတိသျှအစိုးရအနေဖြင့် ယင်းကမ်းလှမ်းချက်ကို မသိကျိုးကျွန်ပြုခဲ့သော်လည်း လွတ်လပ်ရေး ရရှိရန် ကမ္ဘာ့အခြေအနေအရ အကျပ်အတည်းကို အခွင့်အရေးယူ အသုံးချရန် အမျိုးသားရေးနိုးကြားလာက နိုင်ငံရေးနှင့် အနုပညာပေါင်းစပ်၍ ပြည်သူလူထုကို ဆွဲဆောင်သွားနိုင်ခဲ့သည်။ သူတို့၏ ဆုံးဖြတ်ချက်များကို လူထုထံ သယ်ဆောင်သွားသော နိုင်ငံရေးခေါင်းဆောင်တို့၏ လှုံ့ဆော်မီးထိုးပေးမှုများကြောင့် ၎င်း၏အတွေးအခေါ်သည် လူထုအတွင်း၌ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ ထို့ကြောင့်လည်း ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလတွင် နိုင်ငံရေးအဖွဲ့အစည်းကြီး နှစ်ဖွဲ့ဖြစ်သော ဒေါက်တာဘမော်၏ 'ဆင်းရဲသားဝံသာနအဖွဲ့' နှင့် တို့ဗမာအစည်းအရုံးတို့သည် အခြားအဖွဲ့အစည်းများကိုပါ စည်းရုံးလျက် အမျိုးသားညီညွတ်ရေးတပ်ဦးဖြစ်သည့် 'ဗမာ့ထွက်ရပ်ဂိုဏ်း' ကို (ထို အချိန်တွင် ပါလီမန်၌ အာဏာမဲ့ အတိုက်အခံဘဝ ရောက်နေပြီဖြစ်သော) ဒေါက်တာ ဘမော်က ဥက္ကဋ္ဌအဖြစ်နှင့် (အမတ်မဟုတ်သော) သခင်အောင်ဆန်းက အထွေထွေအတွင်းရေးမှူးအဖြစ် ဖွဲ့စည်းခဲ့သည်။ သခင်အောင်ဆန်းနှင့် မြေအောက်တော်လှန်ရေးသမားများဖြင့် ဖွဲ့စည်းထားသော 'ဗမာ့အရေးတော်ပုံပါတီ' မှ မိတ်ဆွေ သူငယ်ချင်း အစုအဖွဲ့ကလေးတခုသည် အလွန်တက်ကြွသူများ ဖြစ်နေကြသည်။

ထို့နောက် ၁၉၄၀ ခုနှစ်၊ မတ်လတွင် သခင်အောင်ဆန်းသည် 'အိန္ဒိယအမျိုးသားကွန်ဂရက်' ၏ 'ရမ်ဂတ်' အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ သူပြန်လာအချိန်တွင် မဟာမိတ်များအတွက် ဥရောပ၌ ဆင်နွှဲနေသောစစ်သည် အခြေအနေ လျင်မြန်စွာ ဆုတ်ယုတ်ဆိုးရွားလျက်ရှိပြီး မြန်မာနိုင်ငံ၏ ဘုရင်ခံအနေဖြင့်လည်း ဗြိတိသျှတို့၏ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ အမိန့်များကို မလိုက်နာရန် စည်းရုံးလှုံ့ဆော်မှုများနှင့် (အကယ်၍ လွတ်လပ်ရေးပေးရန် ကတိမပြုပါက စစ်ကို တားဆီးနှောင့်ယှက်ရန်) အမျိုးသားရေးနှင့် လွတ်လပ်ရေး အုပ်စုများ၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်နေရလေသည်။ ထို့ကြောင့် ဗြိတိသျှတို့အနေဖြင့် မြန်မာနိုင်ငံအား အုပ်ချုပ်ထားသော ဥပဒေများအား ကာကွယ်သည့်အနေဖြင့် သဘောထားကွဲလွဲသူများကို ဖိနှိပ်မှုများ ပြုလာသည်။ အထင်ရှားဆုံး သခင်များနှင့် အခြားနိုင်ငံရေးသမားများကို လိုက်လံဖမ်းဆီးပြီး သွေးထိုးလှုံ့ဆော်မှုဖြင့် ရုံးတင်တရားစွဲကာ ထောင်များအတွင်းသို့ ပစ်သွင်းခဲ့သည်။ ဤအချိန်မှာ ပါလီမန်တွင် ဂဠုန်စောနန်းရင်းဝန်ဖြစ်နေချိန်ဖြစ်သည်။ အများအပြားမှာ (၁၂) လထိ ထောင်ချခံရသော်လည်း ထို့ထက်ပို၍ပင် ထိန်းသိမ်းထားမှုကို ခံရသူများ ရှိသေးသည်။ သခင်နုနှင့် ဒေါက်တာဘမော်တို့သည် ဇူလိုင် (၄) ရက်နှင့် (၁၀) ရက်နေ့တို့တွင် အသီးသီးအဖမ်းခံခဲ့ကြရသည်။

ထိုအချိန်ကာလတွင် သာယာဝတီမြို့မှ သိပ်မဝေးသော ဇေရာဝတီတိုင်းအတွင်းရှိ ဇလွန်မြို့တွင် လူထုအစည်းအဝေးတခု၌ သခင်အောင်ဆန်းက စကားပြောဆိုခဲ့သည်။ သူ

၏ အဓိကရန်သူဖြစ်သူအား ပြန်လည်တုံ့ပြန်သည့်အနေဖြင့် ဘုရင်ခံဖြစ်သူ 'ဆာ–အာချီ ဘောလ်ကော့ကရိန်း' အား သူပြောနေကျ ပွင့်ပွင့်လင်းလင်း ဒဲ့ဒိုးပုံစံဖြင့် စိန်ခေါ်ခဲ့ခြင်း ကြောင့် ဟသ်ာတခရိုင် ရဲဝန်က သူ့အား ဖမ်းဝရမ်းထုတ်လိုက်သည်။ ထိုအချိန်က ဥရောပ ကပြား အရာရှိများ ပြုနေကျအတိုင်း သူ့အား ဖမ်းမိလျှင် ဆုငွေ (၅) ကျပ် ပေးမည်ဟု ဆုတော်ငွေကိုပါ ထည့်သွင်းထားပြီး သူ့အား သိက္ခာချထားလေသည်။ ထိုအချိန်မှစ၍ သခင်အောင်ဆန်းသည် မြေအောက်သို့ ပုန်းလျှိုးသွားခဲ့သည်။ ဩဂုတ်လ (၈) ရက်နေ့တွင် အဖော်ဖြစ်သူ သခင်လှမြိုင်နှင့်အတူ သူသည် တိုင်းပြည်အတွင်းမှ တိတ်တဆိတ်ထွက်ခွာ သွားခဲ့ရာ သူ့တွင် ရူးပီးငွေ (၂၀၀) နှင့် အတွက်အချက်ကောင်း တခုသာ ပါသွားခဲ့သည်။ နောက်ဆုံးတွင် သူသည် 'ဗိုလ်တေဇ' (ခေါ်) ဗိုလ်မှူးချုပ် 'အိုမိုဒါ' (ခေါ်) ဗိုလ်ချုပ် အောင်ဆန်းအဖြစ် တပ်မတော်တခုကို ဦးဆောင်လျက် ပြန်လည်ထွက်ပေါ်လာခဲ့သည်။

ဒုတိယကမ္ဘာစစ် ပွဲဦးထွက်မှစ၍ သခင်အောင်ဆန်း ထွက်ခွာသွားသည့်အချိန်အထိ အထက်က ဖော်ပြခဲ့သည့် ကာလတလျှောက်လုံးတွင် မျိုးချစ်လူငယ်သခင်များ၊ ကျောင်း သားများနှင့် အချို့နိုင်ငံရေးသမားများသည် သူတို့၏ အယူအဆ၊ ဝါဒရေးရာနှင့် စိတ်ဝမ်းကွဲ ပြားမှုများကို ဘေးဖယ်ထား၍ 'ဗြိတိသျှနယ်ချဲ့စနစ်ကို' ဖြိုချနိုင်ရန် ရုန်းကန်ကြိုးစားကြရာ တွင် ညီညွတ်ရေးတပ်ဦးတရပ်ကို ခိုင်မာစွာ ဖွဲ့စည်းနိုင်ခဲ့ကြသည်။ သခင်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် သတ္တိရှိစွာဖြင့် တိုင်းရင်းသားအချင်းချင်း လူမျိုးရေးခွဲခြားမှု လုံးဝကင်းရှင်း သော အမျိုးသားရေးလှုပ်ရှားမှုများတွင် ဦးဆောင်မှု အခန်းကဏ္ဍကို ယူခဲ့သည်။ ဦးအောင် ဆန်း အိန္ဒိယမှ ပြန်လာပြီးသည်မှ တရုတ်ပြည်သို့ထွက်ခွာသွားသည်အထိ (၄) လခန့်ကာလ ကို အထူးရည်ညွှန်းရသော်လည်း သူ့အနေဖြင့် အကြောင်းကိစ္စတခုကြောင့် တစုံတယောက် ကို သတ်ဖြတ်ခဲ့သည့် အထောက်အထား၊ သို့မဟုတ် သတင်းအစအန လုံးဝမရှိခဲ့ချေ။ ထို အချိန်က အစိုးရမှတ်တမ်းများကလည်း သူ့အား ဥပဒေကြောင်းအရ တိုင်းပြည်ဆူပူလှုပ်ရှား မှုများ ဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်ချက်ဖြစ်သော နိုင်ငံရေးလှုံ့ဆော်မှုများနှင့် 'စစ်ဆန့် ကျင်ရေး' ဝါဒဖြန့်မှုများကြောင့်သာ သူ့ကို ဖမ်းလိုခြင်းဖြစ်ကြောင်း ပြဆိုလျက်ရှိသည်။

သခင်အောင်ဆန်းသည် စစ်မဖြစ်မီ တရံရောအခါက ရက်စက်စွာ ရာဇဝတ်မှု တစုံ တခုကို ကျူးလွန်ခဲ့ဖူးသည်ဟူသော စွပ်စွဲချက်နှင့် ပတ်သက်၍ ခိုင်လုံသော အထောက် အထား လုံးဝမရှိချေ။ သို့ဖြစ်လျှင် ယင်းစွပ်စွဲချက်သည် မည်သို့မည်ပုံ စတင် ပေါ်ပေါက် လာပါသနည်း။ မည်သူ့လက်ချက်နည်း။ မြန်မာနိုင်ငံဆိုင်ရာ တရားရုံးမှ မှတ်တမ်းများကို သုတေသနပြုသူတဦးတယောက်၏ လွဲမှားစွာ ကောက်ချက်ဆွဲခြင်းမှ တဆင့်နားလည်မှု လွဲလာခြင်း ဖြစ်လိမ့်မည်ဟု ယူဆရပေသည်။ သခင်အောင်ဆန်းသည် ဤသို့သော လူ သတ်မှုကျူးလွန်ခဲ့သည်ဟု စွပ်စွဲပြောဆိုချက်များနှင့် ပတ်သက်၍ ၁၉၄၅ ခု၊ နိုဝင်ဘာလ ရက်စွဲဖြင့် ဗြိတိသျှတို့၏ မြန်မာအစိုးရက ပေးပို့သော ကြေးနန်းများကို ထိုသူက တွေ့မိ





ကောင်း တွေ့မိပေလိမ့်မည်။ ယင်းသတင်းများသည် စွပ်စွဲထားသော ရာဇဝတ်မှု၏ ဖြစ် ပွားနှစ်ကို မှားယွင်းစွာဖြင့် ၁၉၃၂ ခုနှစ်ဟု ရေးသားပေးပို့ထားခဲ့ပြီး ယင်းရက်စွဲကို နောက် ပိုင်းတွင် ပြန်လည်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မေးခွန်းများ ထပ်မံပေါ်ပေါက်လာပြန်သည်။ လူမျိုးရေးအရ လူသတ်မှုတခုကို ရည်ညွှန်းဖော်ပြမှုသည် အချိန်ကာလ လွဲမှားစွာ ဖော်ပြမိခဲ့လျှင် ယင်းသည် တကယ်ဖြစ် ပျက်ခဲ့သော်လည်း နောက်ပိုင်းကာလတွင် ဖြစ်ပျက်ခဲ့ခြင်းလော။ ထိုသို့ဆိုလျှင် ယင်းအမှု သည် လူမျိုးရေးအရလော၊ သို့မဟုတ် ထိုပြစ်မှုသည် လူသတ်မှုလော။ အဖြေကို ရှာရန် ကြိုးစားမည်ဆိုလျှင် ၁၉၄၆ ခုနှစ်၊ အဦးပိုင်းကာလကို ပြန်သွားရပေလိမ့်မည်။ ထိုနှစ် ဖေ ဖော်ဝါရီလ (၂၈) ရက်နေ့တွင် ကျင်းပသော ဥပဒေပြုကောင်စီ၏ ပထမဆုံးအစည်းအဝေး တွင် သခင်ထွန်းအုပ်ကထ၍ မြန်မာ့လွတ်လပ်ရေးတပ်မတော် (BIA) ၏ အဓိက တပ်ဖွဲ့ များ တနင်္သာရီမှ ဗမာပြည်မြောက်ပိုင်းသို့ ချီတက်ကြစဉ် သထုံအနီး၌ ဗြိတိသျှဘက်တော် သား မူဆလင်ရွာသူကြီးတဦးကို သခင်အောင်ဆန်းက သတ်ခဲ့ကြောင်း စွပ်စွဲလေသည်။ သခင်အောင်ဆန်းသည် ထိုအချိန်က ဗိုလ်မှူးချုပ်ရာထူးနှင့် အကြီးတန်း စစ်ဦးစီးအရာရှိ ရာထူးများကို ကိုင်စွဲထားသည်။ သူ့အထက်တွင် ဂျပန်အရာရှိ (၂) ဦးသာ ရှိတော့သည်။ ထို့ကြောင့် သခင်အောင်ဆန်းကို ဖမ်း၍ ရုံးတင်စစ်ဆေးသင့်သည်ဟု သခင်ထွန်းအုပ်က အဆိုပြုသည်။ လူသတ်မှုအား သူသည် မျက်မြင်သက်သေဖြစ်၍ တရားဆိုင်ရာတွင် သူ့ အနေဖြင့် သက်သေခံရန် လိုလားလျက်ရှိသည်ဟု ဆိုသည်။

အစိုးရအနေဖြင့် ဤအဖြစ်အပျက်နှင့် ပတ်သက်၍ စောစီးစွာကပင် ရဲတို့ထံမှ အတွင်းရေးအစီရင်ခံစာကို ရရှိထားပြီးဖြစ်သည်။ သို့သော်လည်း ကောင်စီဝင် သခင်ထွန်း အုပ်၏ အဆိုပြုချက်မှာ ပထမဆုံး လူသိရှင်ကြား ထုတ်ပြန်ပြောကြားချက်ဖြစ်သည်။ ထို စဉ်က ဘုရင်ခံဖြစ်သူ 'ဆာရဲဂျီနယ်လ် ဒေါ်မန်စမစ်' သည် ယင်းစွပ်စွဲချက်များကို အသေ ကိုင်ကာ ဦးအောင်ဆန်းအား သိက္ခာညှိုးမှိန်စေရန် အသုံးချလိုသဖြင့် အရအမိ ဆွဲကိုင်ခဲ့ သည်။ [၃၂] 'ဒေါ်မန်စမစ်' က လန်ဒန်ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားရေး အတွင်းဝန်ထံသို့ ကြေးနန်းရိုက်၍ ဦးအောင်ဆန်းကို ဖမ်းရန် ခွင့်ပြုမိန့်တောင်းခံခဲ့သည်။ သို့သော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်၍ ဗြိတိသျှအစိုးရက ချက်ချင်းဖမ်းခွင့်မပြုခဲ့ချေ။ သို့နှင့် မတ်လ (၂၇) ရက်နေ့တွင် ရန်ကုန်ရှိ အစိုးရအိမ်တော်၌ 'ဆာရဲဂျီနယ်'ထံ မည်ကဲ့ သို့ ဆောင်ရွက်သင့်ကြောင်း အစီရင်ခံစာတင်ပြရန် အစည်းအဝေးတရပ် ကျင်းပခဲ့ကြရာ ထိပ်တန်းစစ်တပ်နှင့် ရဲတပ်ဖွဲ့အရာရှိကြီးများ၊ အုပ်ချုပ်ရေးအရာရှိများက ဦးအောင်ဆန်း ကို ထိန်းသိမ်းခဲ့လျှင် ပုန်ကန်ထကြွမှု ဖြစ်လိမ့်မည်ဟု ကြိုတင်ခန့်မှန်းကြသည်။ မြို့ပြ အရာရှိများကမူ ယင်းသို့ အရေးယူဆောင်ရွက်လိုက်လျှင် တကယ့်ကို လူထုပေါက်ကွဲမှု ဖြစ်စေလိမ့်မည်ဟု ခံစားမိခဲ့ကြသည်။ ထို့နောက် လော့ဒ်မောင့်ဘက်တန်က ထိုကိစ္စကို

ကြားဖြတ်တားဆီးခဲ့သည်။ 'လော့ဒ်မောင့်ဘက်တန်' က နိုင်ငံခြားရေး အတွင်းဝန်ထံ လျှို့ဝှက်သင်္ကေတဖြင့် စာ (၂၇/၃) ရေးသားပေးပို့ခဲ့သည်။ ၎င်းစာတွင်...

"စစ်ရေးဆိုင်ရာ ဘုရင်ခံချုပ်အဖြစ် ထမ်းဆောင်ခဲ့သည့်အတွက် ယခုအခါ မြန်မာပြည်နှင့် ပတ်သက်၍ ကျွန်ုပ်တွင် တာဝန်မရှိသော်လည်း ကျွန်ုပ်အနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်အရေးနှင့် ပတ်သက်၍ အထူးစိတ်ဝင်စားမှု ရှိနေဆဲဖြစ်ပါသည်။ အောင်ဆန်းကို ဖမ်းရန် အဆိုပြုချက်နှင့် ပတ်သက်၍ ကျွန်ုပ်အနေဖြင့် အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်မိပါသည်။ ထွန်းအုပ်က ရည်ညွှန်းခဲ့သော အမှုသည် သင်က ကျွန်ုပ်ထံ ဖော်ပြခဲ့သော အမှုဖြစ်ခဲ့လျှင် ယင်းအမှုသည် လူသတ်မှုဟုတ်–မဟုတ် စဉ်းစားဆုံးဖြတ်ပေးရမည့် ကိစ္စဖြစ်လာပါသည်။ အငြင်းပွားဖွယ်ရာ အဖြစ်အပျက်သည် ယခုအခါ (၄) နှစ်တာ ကြာခဲ့ပြီဖြစ်သည်။ အကယ်၍ ဝိရောဓိဖြစ်နေသော အမြင်သဘောထားများ ရှိနေမည်ဆိုလျှင် ဤကဲ့သို့သောဖြစ်ရပ်မျိုးကို မေ့ပျောက်ပစ်ရန်သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးမူဝါဒဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွေးမိပါသည်။ ဦးအောင်ဆန်း၏ တခါတရံ စိတ်လိုက်မာန်ပါ လုပ်ဆောင်မှုများသည် စိတ်အနှောင့်အယှက်ဖြစ်စရာကောင်းသော်လည်း သူသည် ကျွန်ုပ်အနီး၌ ပွင့်လင်းစွာ ပြောဆိုဆက်ဆံနေခြင်းမှာ လောင်းကစားပွဲတခု၌ ပါဝင်ကစားနေခြင်း မဟုတ်ဟု ထင်မြင်မိပါသည်။ ငယ်ရွယ်နုပျိုသော သူ့အသက်အရွယ်အရ သူသည် နောင် နှစ်ပေါင်းများစွာ ခေါင်းဆောင်တဦးဖြစ်နေရန် အကြောင်းရှိပါသည်။ ကျွန်ုပ်၏ သဘောထားအမြင်ပေးရလျှင် သူနှင့် သူ့မိတ်ဆွေများကို ကျွန်ုပ်တို့ထင်မြင်သည့် မြန်မာနိုင်ငံအဖို့ စစ်မှန်ကောင်းမွန်သော အနာဂတ်တည်ရှိမည့် လမ်းကြောင်းကို အာရုံစိုက်၍ ပြသပေးခြင်းသာလျှင် ပိုမိုကောင်းမွန်လိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။ ယခုလောလောဆယ်တွင် ဦးအောင်ဆန်းကို ဖမ်းဆီးလိုက်ခြင်းသည် ဗြိတိသျှအင်ပါယာအတွင်း မြန်မာနိုင်ငံ၏ အနာဂတ်ဆက်ဆံရေးကို အကြီးကျယ်ဆုံး ဆုတ်ယုတ်ပျက်ပြားမှု ဖြစ်ပေါ်စေလိမ့်မည်ဟု ယူဆကြောင်း ကျွန်ုပ်တရားဝင်ပြောလိုပါသည်" ဟူ၏။

အသက်ဆုံးရှုံးသွားခဲ့သော သူကြီး၏ဇနီးဖြစ်သူ ဒေါ်အမာသည် ဧပြီလတွင် ဘုရင်ခံ၏ စစ်ရေးဆိုင်ရာ အတွင်းဝန်ထံသို့ အသနားခံစာ တင်သွင်းခဲ့သည်။ ထိုစာမှာ ဧပြီလ (၈) ရက် နေ့စွဲတပ်ထားပြီး ထိုအချိန်က ၎င်းစာကို ပြည်သူလူထုအား အသိပေးခြင်း မရှိခဲ့ချေ။ သူကြီး၏အမည်မှာ 'အဗ္ဗဒူရာရှစ်' ဖြစ်ပြီး သထုံခရိုင်၊ ပေါင်မြို့နယ်အတွင်းရှိ သဲဖြူကုန်းရွာ၏ သူကြီးဖြစ်လေသည်။ သူမ၏ တင်ပြချက်မှာ ဤသို့ဖြစ်သည်။

"သူမ၏ ယောက်ျားသည် သဲဖြူကုန်းရွာ၏ သူကြီးဖြစ်သူ ဖခင်ဦးရာရှစ်ကွယ်လွန်ပြီးနောက် လွန်ခဲ့သော (၂၅) နှစ်ခန့်က ထိုရွာ၏ သူကြီးဖြစ်လာခဲ့သည်။ သဲဖြူကုန်းရွာ၏ သူကြီးအဖြစ် ဆောင်ရွက်နေစဉ်ကာလတွင် သူသည် ဗြိတိသျှအစိုးရအပေါ် အလွန်တရာ သစ္စာစောင့်သိသူဖြစ်၍ အထက်အာဏာပိုင်များ၏ စိတ်တိုင်းကျ သူ့တာဝန်များကို







ထမ်းဆောင်ခဲ့သည်ဖြစ်ရာ ဤသည်နှင့်ပတ်သက်၍ မော်လမြိုင်မှ ဒု–အရေးပိုင်မင်း 'ဦးဘစန်း' က သက်သေခံနိုင်ပါသည်။ ထို့အပြင် သခင်လှုပ်ရှားမှုများက ဗြိတိသျှတို့၏ အုပ်ချုပ်ရေးကို နည်းမျိုးစုံဖြင့် ဒုက္ခပေးလာသည့်အခါ၌ မေတ္တာရပ်ခံလျှောက်ထားသူ၏ ခင်ပွန်းသည် ဆူပူထကြွမှု မှန်သမျှကို သူ့အရေးပိုင်သည့်အတွင်းမှ နေ့ရောညပါ နှိမ်နင်းထိန်းချုပ်၍ မီးသေအောင်လုပ်ခဲ့ပါသည်။ ယင်းအချက်ကို ယခု ဗိုလ်ချုပ်အောင်ဆန်းဖြစ်လာသော သခင်အောင်ဆန်းသည် ဗြိတိသျှတို့ကို ပြန်လည်တိုက်ခိုက်ရန် ဂျပန်သို့ မသွားမီကပင် ကောင်းစွာ သိရှိလိမ့်မည်ထင်ပါသည်။"

သူမက သခင်အောင်ဆန်းနှင့် သူ့အပေါင်းပါများက သူမယောကျ်ားကို ၁၉၄၂ ခုနှစ်တွင် ဖမ်းဆီးခဲ့ပုံများအား ဆက်လက်ဖော်ပြခဲ့သည်။

"ဂျပန်တို့ မုတ္တမဘက်မှ ချီတက်လာသည်နှင့် ဗြိတိသျှတို့လည်း သထုံခရိုင်မှ ဆုတ်ခွာသွားခဲ့ရာ များမကြာမီမှာပင် ယင်းသို့ ဖမ်းဆီးမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ သူမယောကျ်ားကို ကြိုးနှင့်တုပ်ပြီး နွားလှည်းဖြင့် သထုံမြို့သို့ ယူဆောင်သွားကာ အစာရေစာ မပေးဘဲ ရှစ်ရက်ခန့် ချုပ်နှောင်ခဲ့သည်" ဟု သူမက ပြောဆိုခဲ့သည်။ ထို့နောက် သူ့ကို ဘောလုံးကစားကွင်းသို့ ခေါ်ဆောင်သွားကာ ဂိုးတိုင်တွင် ကားစင်တင်၍ လူထောင်ပေါင်းများစွာရှေ့တွင် လှံစွပ်ဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။ သူမက ..."ဗြိတိသျှတရားဥပဒေသည် ဆင်းရဲနှင့် ချမ်းသာအကြား ခွဲခြားမှု မရှိသည်ဖြစ်၍ သခင်အောင်ဆန်းကို ဥပဒေအရ အရေးယူဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည်" ဟု ဆက်လက်တိုင်တည်ထားသည်။ **အသနားခံလျှောက်ထားသူ၊ ကွန်ဂျီမို့ (ဒ်) ကာကာ၊ ပေါင်မြို့မှတဆင့်** ဟု လိပ်တပ်ကာ '**မမ**' ဟူ၍ မြန်မာလို လက်မှတ်ရေးထိုးထားသည်။

ဗိုလ်ချုပ်အောင်ဆန်းကလည်း ဧပြီလ (၁၂) ရက်နေ့ထုတ် သတင်းစုံဂျာနယ်တွင် ဆောင်းပါးတပုဒ်ရေးကာ သူ့ရပ်တည်ချက်ကို သူ့ဘာသာသူ ရှင်းပြခဲ့သည်။ ယင်းဆောင်းပါးမှာ မြန်မာလို ရေးထားခြင်းဖြစ်ပြီး အင်္ဂလိပ်လို ဘာသာပြန်ချက်မှာ 'ဟံသာဝတီ' တွင် ပါရှိခဲ့သည်။ တဖန် သခင်ထွန်းအုပ်က ဥပဒေပြုကောင်စီအစည်းအဝေးတွင် သူ့ကို စွပ်စွဲချက်များနှင့် ပတ်သက်၍ ပြန်လည်ချေပထားသည်မှာ အောက်ပါအတိုင်းဖြစ်သည်။

"'လူသတ်မှု' ဟူ၍ အမည်တပ်ထားသော အမှုတွင် ၎င်းရွာမှ ရွာသူကြီးကို ရွာသူရွာသားများစွဲဆိုသော ပြစ်မှုကျူးလွန်မှုများအတွက် သေဒဏ်အပြစ်ပေးခဲ့ရခြင်းဖြစ်သည်။ ကျွန်ုပ်အနေဖြင့် ရွာသူကြီး၏ နာမည်ကိုလည်းကောင်း၊ ရွာကိုလည်းကောင်း သူ ကျူးလွန်ခဲ့သည်ဆိုသော ပြစ်မှုများ၏ သဘောသဘာဝ အတိအကျကိုလည်းကောင်း အပြည့်အစုံ မှတ်မိနိုင်ခြင်းမရှိပါ။ ထိုရွာသူကြီးမှာ ကျွန်ုပ်တို့ရှုမြင်သုံးသပ်ချက်အရ ကောက်ကျစ်ယုတ်မာသူတဦးဖြစ်ပြီး ရွာသူရွာသားများအပေါ် မတရားဆက်ဆံခဲ့သူ၊ လွန်စွာမောက်မာရိုင်းစိုင်းသူဖြစ်၍ သထုံခရိုင်သို့ ပထမဆုံးရောက်ရှိလာသော ကျွန်ုပ်တို့ ဗမာ့လွတ်လပ်ရေး

တပ်မတော်က မလွှဲမရှောင်သာ ထိန်းသိမ်းထားခဲ့သည်ကိုသာ ကျွန်ုပ်မှတ်မိပါသည်။

ထိုအချိန်က ကျွန်ုပ်နှင့် နောက်တယောက် (ကျွန်ုပ်အား ယခုအခါ စွပ်စွဲနေသူ) [သခင်ထွန်းအုပ်] တို့ မြောက်ပိုင်းမှ ဆင်းလာကာ ဘီအိုင်အေအတွက် တပ်သားသစ်များ စုဆောင်းရန်နှင့် ကြားဖြတ်အမျိုးသားအစိုးရအတွက် အုပ်ချုပ်ရေး ဝန်ထမ်းများ ရရှိရန် ထိုနယ်မြေတွင် ရောက်ရှိနေခဲ့ပါသည်။ သထုံမြို့တွင် 'ငြိမ်းချမ်းမှုထိန်းသိမ်းရေး' ကော်မတီကို ကျွန်ုပ်က ဖွဲ့စည်းပေးခဲ့ပြီး ထိုအချိန်၌ ထိုခရိုင်အတွင်း ပြစ်မှုများ ကျူးလွန်ထားသည့်အတွက် ဖမ်းဆီးခံထားရသူ (၄–၅) ဦးရှိကြောင်း သိရှိခဲ့ရသည်။ ကျွန်ုပ် ထပ်မံသိရှိရသည်မှာ ကျေးရွာသူ/သားများ စိုးရိမ်ကြောင့်ကြဖြစ်နေရသည့် လွန်စွာ အထောက်အထား သက်သေသက်ကန်ခိုင်လုံသော အမှုတခုရှိနေခြင်းနှင့် ယင်းမှာ သူတို့သထုံအပိုင် (သဲဖြူကုန်း) ရွာ၏ သူကြီးကိုယ်တိုင်ဖြစ်နေခြင်း ဖြစ်ပါသည်။ သူကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အပြစ်ပေးမည်ဆိုလျှင် သေဒဏ်ထက် နိမ့်ပြီးပေး၍ မဖြစ်ကြောင်း ကျွန်ုပ်အား အစီရင်ခံကြပါသည်။ "ဒီလိုဆိုလျှင် သူ့ကို သတ်ရတော့မှာပေါ့" ဟု ကျွန်ုပ်ပြောဆိုပြီး အစွပ်စွဲခံရသူအား ကျွန်ုပ်စီရင်ခဲ့ခြင်းဖြစ်သည်" ဟု ဖော်ပြထား၏။

ထို့နောက် ဦးအောင်ဆန်းနှင့် ဒေါ်မန်စမစ်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ 'ဆာရဲဂိုနယ်လ်' က ယင်းဆွေးနွေးချက်များကို ၁၉၄၆ ခုနှစ်၊ မေလ (၂၅) ရက်နေ့တွင် ကြေးနန်းဖြင့် အတွင်းဝန်ထံ အစီရင်ခံ တင်ပြခဲ့သည်။

သက်ဆိုင်သော ကြေးနန်းအမှတ် (၆) ၏ တစိတ်တပိုင်းကို အောက်တွင် ကိုးကား ဖော်ပြပါသည်။

"သူ (အောင်ဆန်း) က သူသည် ကျေးရွာတရွာသို့အရောက်တွင် ကျေးရွာသူကြီးသည် ကျေးရွာသူ/သားများအပေါ် မည်သို့မည်ပုံ မောက်မာရိုင်းစိုင်းစွာ ဖိနှိပ်ဆက်ဆံလာခဲ့ခြင်းနှင့် ပတ်သက်သော ဆိုးဆိုးရွားရွား သတင်းများကို ကြားသိခဲ့ရသည်ဟု ပြောဆိုခဲ့ပါသည်။ ထိုအချိန်သည် စစ်ဖြစ်နေသည့် နယ်မြေသဘာဝတရားဥပဒေနှင့် အုပ်ချုပ်ရခက်ခဲသည့် ကာလဖြစ်သည်။ တတိုင်းတပြည်လုံး လုံးဝတရားဥပဒေမဲ့နေသည့် အခြေအနေဖြစ်နေသည်။ တရားရုံးများလည်းမရှိ၊ တရားသူကြီးများလည်း မရှိချေ။ အမှုသွားအမှုလာကို သေချာစွာ စဉ်းစားပြီးနောက် စူးရှထက်မြက် အာဏာစက်နှင့်တူသည့်အရာကို ပြန်လည် အစားထိုးလျက် ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်မှုကိုသတိမူ၍ ထိုလူအား သေဒဏ်ပေးရမည်ဟု သူဆုံးဖြတ်ချက်ချခဲ့သည်။ ဤသည်မှာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်၍ ကိုယ်တိုင်တာဝန်ယူလျက် အမိန့်ချမှတ် အသေသတ်ခဲ့ခြင်းဖြစ်သည်" ဟု ဖော်ပြထားသည်။

၁၉၄၅ ခုနှစ် အကုန်လောက် ခပ်စောစောပိုင်းကပင် မြန်မာ့စစ်ဦးစီးဌာန စစ်ဦးစီးချုပ်က အရှေ့တောင်အာရှ မဟာမိတ်တပ်ပေါင်းစု ဗိုလ်ချုပ်ကြီး လော့ဒ်လူးဝစ်မောင့်ဘက်တန်ထံသို့ ယင်းအမှုတွဲကို တင်ပြခဲ့ရာ မောင့်ဘက်တန်က သူ့မှတ်ချက်များနှင့်အတူ





ပြန်လည်ပေးပို့ခဲ့သည်။ မှတ်ချက်တခုတွင် "ကျွန်ုပ်အထင်ပြောရလျှင် တကယ်အဖြစ်အပျက်တည်ရှိနေသည့် မငြိမ်မသက်အခြေအနေများတွင် အာဏာကိုသုံး၍ အကျဉ်းရုံး တရားစီရင်မှုကသာ တည်ငြိမ်အောင် အုပ်ချုပ်နိုင်မည်ဟု မျှော်လင့်ရန်သာ ရှိပေသည်။ ထို့ပြင် လူသိများသော ပြစ်မှုဟောင်းများအတွက် အပြစ်ရှိသူတို့က ပြန်လည်ပေးဆပ်ကြရပေလိမ့်မည်" ဟူ၏။ ၃၃

ထိုသူကြီးအား သတ်ခဲ့ခြင်း၏ အပေါ်ယံဦးတည်ချက်၊ ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး သုံးမျိုးသုံးထွေ ဖြစ်လျက်ရှိသည်။ ပထမအနေဖြင့် ရွာသူကြီးက ၎င်း၏ ကျေးရွာသူ/သားများအပေါ် မတော်မတရား ပြုမူဆောင်ရွက်ချက်များသည် ရပ်ရွာတည်ငြိမ်မှုဆောင်ရွက်ရာတွင် သေဒဏ်အပြစ်ပေးမှုနှင့် ထိုက်တန်ခဲ့သည်ဟူသောအချက်၊ ဒုတိယအနေဖြင့် ကျေးရွာအပိုင်တွင် သခင်လှုပ်ရှားမှုများကို နှိမ်နင်း၍ ဗြိတိသျှတို့၏ အကျိုးစီးပွားကို စိတ်ရောကိုယ်ပါ မျက်နှာလိုအားရ ဆောင်ရွက်ခဲ့သည်ဟူသောအချက်၊ တတိယအနေဖြင့် သူ့ကို သေဒဏ်ပေးခံရခြင်းသည် သူ၌ရှိသော ပြစ်မှုဟောင်းများအတွက် အကြွေးဆပ်ရခြင်းဖြစ်သည်ဟူသော အချက်ပါတည်း။ ရရှိသော သတင်းများအပေါ် အခြေခံ၍ ကျွန်ုပ်အနေဖြင့် ကောက်ချက်ဆွဲရမည်ဆိုလျှင် ယင်းသုံးမျိုးလုံး သူ့အခန်းကဏ္ဍနှင့်သူ ပါဝင်ခဲ့သည်ဟူ၍ ဖြစ်ပါသည်။

ထိုမှတပါး မျက်မြင်သက်သေတဦးက (သခင်ထွန်းအုပ်မဟုတ်) ကျွန်တော်အား ပြန်ပြောပြခဲ့သည်များကို ကျွန်တော်ကိုယ်တိုင် မှတ်မိနေပါသည်။ ထိုသူပြောပြချက်မှာ ဤသို့ဖြစ်ပါ၏။

အဖွဲ့ဒုရာဇဝတ်၏ ပြစ်မှုနှင့် ပြစ်ဒဏ်ကို သထုံမြို့နေလူထုအား ထိုစီရင်မှုမတိုင်မီ နေ့ပေါင်းများစွာကပင် ကြိုတင်အသိပေးထားခဲ့ပြီး စီရင်သည့်နေ့တွင်လည်း လာရောက်ကြည့်ရှုကြရန် ဖိတ်ကြားထားခဲ့သည်။ ထိုနေ့က အကျဉ်းသားကို ဘောလုံးကွင်းဂိုးတိုင်တွင် ကြိုးဖြင့် တုပ်ချည်ထားသည်ကို မျက်မြင်သက်သေက မြင်ခဲ့ပါသည်။ အကျဉ်းသားရှေ့တွင် (ဘီအိုင်အေ) ရဲဘော်များ တန်းစီနေကြပါသည်။ အရာရှိ ယူနီဖောင်း ဝတ်ဆင်ထားသူ လူတယောက်က လှံစွပ်ဖြင့် ပထမဆုံးအချက်ကို စထိုးပါသည်။ သုံးသည့်လက်နက်မှာ လှံစွပ်ဖြစ်ပြီး ရိုင်ဖယ်သေနတ်၏ ပြောင်းတွင်တပ်ဆင်ထားလျက် အသေထိုးချက်မှာ ကောက်ရိုးအိတ်ကို လေ့ကျင့်ရာတွင် ထိုးသကဲ့သို့ဖြစ်သည်။ ထိုအရာရှိသည် အနီးဆုံးရှိ ရဲဘော်အား အလားတူထိုးရန် အမိန့်ပေးလိုက်ပုံရပါသည်။ ထိုရဲဘော်သည် အမိန့်အား ချက်ချင်းလိုက်နာပြီး အကျဉ်းသားအား လှံစွပ်ဖြင့် ထပ်ခါထပ်ခါ ထိုးပါတော့သည်။

ပူပြင်းခြောက်သွေ့လျက်ရှိသော မြေကြီးအပေါ်တွင် သွေးများ အိုင်ထွန်းလျက် ရှိပါသည်။ လူအုပ်ကြီး ကွဲသွားပြီးနောက် အလောင်းကောင်ကို ထိုနေရာမှ ဖယ်ရှားပစ်လိုက်တော့သည်။ ထို့ကြောင့် သစ်သားဂိုးတိုင်အပေါ်တွင်သာ လှံစွပ်ထိုးထားချက်များ ကျန်ရှိ

နေခဲ့သည်။ များမကြာမီ ထိုကွင်းထဲတွင်ပင် ဘောလုံးကန်ကစားလျက်ရှိနေကြလေသည်။

## အကယ်၍ ယခုအချိန်အထိ ဦးအောင်ဆန်းသာ အသက်မသေဘဲ ရှင်နေခဲ့သော်

ကျွန်တော့်အနေဖြင့် တွေးမြင်ယူဆချက်ဟု ဆိုရမည်ဖြစ်သော နိမိတ်ပြမေးခွန်းတခုကို နောက်ဆုံးအထိ ချန်ထားရစ်ခဲ့ပါသည်။

အကယ်၍ ဦးအောင်ဆန်းသာ အသတ်မခံရလျှင် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေးလမ်းကြောင်းသည် မည်သို့ ပြောင်းလွဲသွားနိုင်ပါသနည်း...?။

မြန်မာနိုင်ငံ လွတ်လပ်ရေးရလုရဆဲကာလနှင့် ပတ်သက်၍ ရေးသားချက်များတွင် ဤမေးခွန်းအပေါ် ထင်မြင်ယူဆချက်များကို တိုင်းရင်းသားနှင့် နိုင်ငံခြားသား လေ့လာသုံးသပ်သူများက တင်ပြခဲ့ကြပါသည်။ အားလုံးနီးပါး သဘောတူကြသည်မှာ သူသည် ကောင်းမွန်သော ကြီးကျယ်မြင့်မြတ်သည့် လူသားတဦးဖြစ်သည် ဟူ၍တည်း ...

အထူးသဖြင့် မြန်မာနိုင်ငံသားများအတွက်မှာမူ သူသည် ဤရာစုနှစ်အတွင်း သူတို့၏ သူရဲကောင်းပေတည်း။

အထုပ္ပတ္တိရေးသူများက ပြည်သူလူထုတရပ်လုံးက ချစ်ခင်လေးစားသည့် ဤထူးခြားဆန်းပြားသည့် လူပုဂ္ဂိုလ်ထူးတဦး၏ ဘဝကို သူတို့၏ ပညာရပ်ဆိုင်ရာ ရေးသားမှုများတွင် တင်ပြခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ခိုင်နိုင်းပုံဆောင်ဖွယ်ဖြစ်သော မျိုးချစ်စိတ်ဓာတ်၊ သူရသတ္တိ၊ လုံ့လဥဿဟ၊ နောက်လိုက်လူထုအပေါ် ဆွဲဆောင်နိုင်မှုအစရှိသည့် ချီးမွမ်းစရာ မွန်မြတ်လှသည့် အရည်အချင်းများသည် ပြည်သူလူထုအားသူ့အပေါ် ချစ်ခင်မြတ်နိုးစေပြီး ကျန်ကမ္ဘာတခုလုံးကပါ စံနမူနာထားကာ လေးစားခဲ့ရပေသည်။ သူသာ ဆက်လက်အသက်ရှင်နေခဲ့သော် အချိန်နှင့်အရွယ်အရ ယင်းအရည်အချင်းများသည် စမ်းသပ်စစ်ဆေးခံရပြီးဖြစ်ပေလိမ့်မည်။ သူကတိပေး ကြိုးပမ်းအားထုတ်ခဲ့သည့် (တနှစ်အတွင်း) နောက်ဆုံးပန်းတိုင်ကို သူ့အသက်ဖြင့် ရင်း၍ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် ရောက်ရှိသွားစေခဲ့ပေသည်။ ထို့ပြင်တဝ သမ္မတနိုင်ငံသစ်၏ ထွန်းသစ်တောက်ပသော အနာဂတ်ဖြစ်တည်ရေးသည်လည်း သူသာ အသက်မသေ ရှိနေခဲ့ပါမူ သူဆောင်ကြဉ်းရမည့် ကြီးမားကျယ်ပြောလှသော လုပ်ငန်းတာဝန်ကြီး ဖြစ်ပေလိမ့်မည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးသားရေးနှင့်ပတ်သက်၍ လှုပ်ရှားခဲ့သော တက္ကသိုလ်ကျောင်းသားဘဝနှင့် ထို့နောက် တို့ဗမာအစည်းအရုံးဝင်အဖြစ် မာ့က်ခ်ဝါဒနှင့်အစပျိုးခဲ့သော နိုင်ငံရေးတို့ကို ထားဘိဦး၊ ဤမေးခွန်းအတွက် ဆက်စပ်မှုစတင်ရာနေရာသည် ၁၉၄၅ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့၌ မဟာမိတ်တပ်ပေါင်းစု သေနာပတိချုပ်







'လော့ဒ်လူးဝစ်မောင့်ဘက်တန်' [၁၄] နှင့် သူ့စစ်ဦးစီးမှူးများက တဘက်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူ့ကိုယ်စားလှယ်အဖွဲ့က တဘက်၊ ထို (၂) ဘက်ကြားတွင်ဖြစ်ပေါ်လာသော ညှိနှိုင်းတိုင်ပင်မှုများသည် 'ကန်ဒီ' မြို့၌ ပြုလုပ်ခဲ့သော နောက်ဆုံးဆွေးနွေးပွဲဖြစ်ပေလိမ့်မည်။ ထိုအချိန်က 'ဗမာ့မျိုးချစ်တပ်မတော်' ဟု ခေါ်တွင်ခဲ့သော မြန်မာ့အမျိုးသားတပ်မတော်ကို အလျင်အမြန်ဖျက်သိမ်းရန် သဘောတူညီခဲ့ကြပြီး [၁၅] ဗြိတိသျှတပ်မတော်၏ အမြဲတမ်းတပ်ရင်းများတွင် ပူးပေါင်းပါဝင်လျက် ပြန်လည်စာရင်းသွင်း ဝင်ရောက်ခဲ့ကြရခြင်းဖြစ်ခဲ့ပေသည်။ တွေ့ဆုံဆွေးနွေးမှုမှာ နွေးထွေးလှိုက်လှဲမှုရှိပြီး သူတို့ခွဲခွာသည့်အခါ၌... "ချာချီလိုဖြစ်ချင်သလား၊ ဝယ်လင်တန်လို ဖြစ်ချင်သလား၊ ခင်ဗျားဆုံးဖြတ်ရလိမ့်မယ်။ ခင်ဗျားအနေနဲ့ တချိန်တည်း၊ တပြိုင်တည်းမှာ စစ်သားတယောက်ရော၊ နိုင်ငံရေးခေါင်းဆောင်တယောက်ရော မဖြစ်နိုင်ဘူး" ဟု မောင့်ဘက်တန်က ဗိုလ်ချုပ်အောင်ဆန်းကို အကြံပေးခဲ့သည်။ သူက ဗိုလ်ချုပ်အောင်ဆန်းကို စာတိုလေးတစောင်ပါ ပေးခဲ့သေးသည်။

ထိုလ၏အကုန်လောက်တွင် ဗိုလ်ချုပ်က (ဤသည်မှာ ၎င်းအသုံးအနှုန်းကို တရားဝင် နောက်ဆုံးသုံးခဲ့ခြင်း ဖြစ်ပေလိမ့်မည်) မဟာမိတ်တပ်ပေါင်းစု၏ သေနာပတိချုပ်ပေးခဲ့သည့် စာတိုလေးကို အကြောင်းပြန်ခဲ့သည်။ ၎င်းစာထဲတွင် အသစ်ပြန်လည်ဖွဲ့စည်းသော တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်မှူးချုပ် ရာထူးကိုလည်းကောင်း၊ မြန်မာဘက်မှ ဒုတိယစစ်ဆေးရေး အရာရှိချုပ် ရာထူးကိုလည်းကောင်း ခန့်အပ်ရန် ကမ်းလှမ်းထားခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်းက ဤသို့ အကြောင်းပြန်ခဲ့သည်။

"ဗမာ့တပ်မတော်သစ်တွင် ကျွန်ုပ်အား ခန့်အပ်ရန် အသင်၏ကမ်းလှမ်းချက်ကို (ဖဆပလ) အဖွဲ့ချုပ်နှင့် မျိုးချစ်ဗမာ့တပ်မတော်အတွင်းရှိ ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဘက်များ ရှေ့မှောက်တွင် ကျွန်ုပ်ချပြခဲ့ပါသည်။ ဤကိစ္စနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက်တရပ်ကို အပြီးအပြတ် မှတ်တမ်းတင်နိုင်ရေးအတွက် လုပ်ဆောင်စရာအချို့ ကျန်ရှိနေသေးသော်လည်း ယခု အကျွန်ုပ်ပြောနိုင်သည်မှာ စစ်တပ်မှ အကျွန်ုပ် အနားယူတော့မည်ဆိုခြင်းပင်ဖြစ်ပါသည်။ စစ်တပ်၌ ဆက်လက်တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်တော့သည့်အတွက် ကျွန်ုပ်အလွန်တရာ အားတုံ့အားနာ စိတ်မကောင်းဖြစ်မိသော်လည်း ဤသည်မှာ အများစု ဆုံးဖြတ်ချက်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ကျွန်ုပ်လိုက်နာလုပ်ကိုင်ရပေမည်" ဟူ၍ဖြစ်၏။ ထို့နောက် တပ်မတော်သစ်တွင် မြန်မာတို့ဘက်မှ ထိပ်တန်းရာထူးနေရာအတွက် ဗိုလ်လက်ျာကို ထောက်ခံအမည်ပေးခဲ့သည်။ ဗိုလ်နေဝင်းကို မဟုတ်ခဲ့ချေ။ တချိန်တည်း၌ပင် ဗိုလ်လက်ျာ၏ လုပ်ဖော်ကိုင်ဘက်နေရာကို ယူရန်အတွက် အမြဲတမ်း ဗမာ့တပ်မတော်မှ အဆင့်အမြင့်ဆုံး ကရင်အရာရှိဖြစ်သည့် ဗိုလ်မှူးကြီး ကြာဒိုးကို ခန့်အပ်ရန် စဉ်းစားပေးစေလိုကြောင်း မေတ္တာရပ်ခံခဲ့လေသည်။ ယခုလတ်တလော ပြီးစီးခဲ့သော အရှေ့တောင်အာရှစစ်ပွဲအတွင်း ကျွန်ုပ်တို့အတွက် အသင်ဆောင်ရွက်ပေးခဲ့သည်များကိုလည်း မြန်မာ

နိုင်ငံပြည်သူလူထုကိုယ်စား ရိုးသားစွာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကို သူက ဖော်ပြခဲ့သည်။ ထို့နောက် နှစ်နိုင်ငံ ကောင်းမွန်သော ဆက်ဆံရေးအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် မျှော်လင့်မှုကိုဖော်ပြလျက် သူက 'လော့ဒ်မောင့်ဘက်တန်' ကို ဂျပန် ဆာမူရိုင်းဓားမြှောင်တလက် လက်ဆောင်ပေးခဲ့လေသည်။

ဤအချိန်မှစ၍ ဦးအောင်ဆန်းသည် ဗြိတိသျှပုံစံ great coat ဗိုလ်ချုပ်ကြီးစစ်ဝတ်စုံကို အပြီးချွတ်ပစ်လိုက်သည်။ သည့်မတိုင်မီကလည်း ဂျပန်ဗိုလ်ချုပ် စစ်ဝတ်စုံကို ချွတ်ပစ်ခဲ့ပြီးလေပြီ။ ထို့နောက်တွင်မူ မြန်မာအမျိုးသား အမျိုးသမီးများ ယနေ့ထက်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ဝတ်ဆင်လေ့ရှိသော အမျိုးသားဝတ်စုံဖြင့် သူသည် နေသားတကျ ပြန်ဖြစ်သွားသည်။ စိတ်မာန်အပြည့်ဖြင့် မိမိအမျိုးကိုသာ ချစ်တတ်သော လူငယ်နိုင်ငံရေးသမားတဦးအဖြစ်မှ တပ်မတော်၏ ဗိုလ်ချုပ်ကြီးတဦးအဖြစ်သို့လည်းကောင်း၊ ယင်းမှတဆင့် လိမ္မာပါးနပ်၍ အမြော်အမြင်ကြီးမားသော နိုင်ငံရေးသမားတဦးအဖြစ်နှင့် နောက်ဆုံးတွင် နိုင်ငံ့ခေါင်းဆောင် ပီပီသသအဖြစ်သို့လည်းကောင်း ဆင့်ကဲဆင့်ကဲ ကူးသန်းပြောင်းလဲဖြစ်ပေါ်မှုသည် အစပြုခဲ့လေပြီ။ သို့ရာတွင် ထိုအချိန်မှစ၍ သူ့ဘဝအဆုံးပိုင်းသို့ ရေတွက်မည်ဆိုလျှင် (၆၆၂) ရက်သာ ကျန်ပါတော့သည်။ အချိန်သည် တစတစ ကုန်ဆုံးလျက်ရှိသည်။ သို့သော်လည်း သူ့အတွက် လုပ်ဆောင်စရာ အများအပြား ကျန်ရှိနေသေးသည်တကား။

ဗိုလ်ချုပ်က သူစစ်တပ်မှ အနားယူတော့မည်ဟု လော့ဒ်မောင့်ဘက်တန်အား အကြောင်းကြားမှုမပြုမီ တလခန့်အလိုတွင် ဂျပန်ခေတ်က လျှို့ဝှက်ဖွဲ့စည်းလာခဲ့ရသော ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ကြီးကို ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ်အဖြစ် ဦးအောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် ပြင်ဆင်တိုးချဲ့၍ တရားဝင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် ကွန်မြူနစ်ပါတီထက်ပို၍ အင်အားအကောင်းဆုံး အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ထိုစဉ်က (ဖဆပလ) အဖွဲ့ချုပ်တွင် ကွန်မြူနစ်ပါတီနှင့် လူငယ်အစည်းအရုံးအပြင် အဓိက ပါဝင်ဖွဲ့စည်းထားသည်မှာ 'ဆိုရှယ်လစ်ပါတီ' ဖြစ်ပြီး ၎င်းသည် ဗိုလ်ချုပ်အောင်ဆန်းလက်ထက် ကွန်မြူနစ်ပါတီကို (ဖဆပလ) ထဲမှ ထုတ်ပယ်လိုက်ပြီးသည့်နောက် အဓိကအစိတ်အပိုင်းအဖြစ် မိမိကိုယ်ကို မကြာမီ တည်ဆောက်လာနိုင်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းမရှိသည့်နောက် ဆိုရှယ်လစ်ဝါဒကို အဖွဲ့ချုပ်၏ သဘောတရားအဖြစ် ချမှတ်ခဲ့ကြသည်။

နိုင်ငံရေးအခြေအနေမှာ အရှိန်အဟုန်ကောင်းလာခဲ့ပြီး ၁၉၄၆ ခုနှစ်အနေဖြင့် လူထုအစည်းအဝေးများ၊ ဆန္ဒပြပွဲများအပြင် လွတ်လပ်ရေးကို ထောက်ခံသော ပုလိပ်သပိတ်၊ ထောင်သပိတ်နှင့် အလုပ်သမားသပိတ် တိုက်ပွဲများဖြင့် ပြည့်နှက်လျက်ရှိသည်။ ကျေးလက်တောရွာများတွင် အလံနီကွန်မြူနစ်ပါတီလက်ချက်ကြောင့် ဥပဒေမဲ့မှုများ





ပျံ့နှံ့လျက်ရှိသည်။ နှစ်လယ်ပိုင်းတွင် 'ဘုရင်ခံ ဆာရဲဂျီနယ် ဒေါ်မန်စမစ်' ပြန်သွားရပြီး ၎င်းနေရာကို ဗိုလ်ချုပ်'ဆာဟူးဘတ်ရန့်စ်' က ဆက်ခံခဲ့သည်။ စေ့စပ်ဆွေးနွေးခြင်းအားဖြင့် 'အောင် ဆန်း–အက်တလီ' စာချုပ်ကို အောင်အောင်မြင်မြင် အဆုံးသတ်လိုက်ပြီးနောက် ၁၉၄၆ ခုနှစ်မှ ၁၉၄၇ ခုနှစ်သို့ ကူးပြောင်းသွားခဲ့သည်။ တနှစ်အတွင်း လွတ်လပ်ရေးရရမည်ဆိုသည့် ရည်မှန်းချက်ပန်းတိုင်ကိုလည်း သူ၏ ပြင်းပြင်းထန်ထန် ကြိုးစားအားထုတ်မှုအရ လှမ်းမြင်တွေ့နေရပေပြီ။ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ ရှာကြံနေသည်ကား စီးပွားရေး တိုးတက်မှုများ ရရှိစေမည့် လွတ်လပ်ရေးဖြစ်သည်။ သူတို့အနေဖြင့် ကိုလိုနီစီးပွားရေးပုံစံ လက်ဝေခံဘဝကို အဆုံးသတ်စေလိုပြီး ယင်းကို တရားဥပဒေအရ နိုင်ငံပိုင်ပြုလုပ်ခြင်း၊ ပြည်သူပိုင် သမဝါယမ၊ ပုဂ္ဂလိက ပုံစံများဖြင့် အပြိုင်အဆိုင် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဦးစားပေးဆောင်ရွက်လျက် အချုပ်အခြာအာဏာ (၃) ရပ်ကိုလည်း ပါတီစုံ ဆိုရှယ်လစ်စနစ်သစ်တရပ်ဖြင့်သာ အစားထိုးလုပ်ကိုင်လိုကြခြင်းဖြစ်သည်။

ထို့ကြောင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ စောစောပိုင်းတွင် ဦးအောင်ဆန်းသည် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ ရှမ်း၊ ကချင်၊ ချင်း (ကရင်ဘက်မှ လေ့လာသူ–၄– ဦး) တို့နှင့် ကျင်းပပြုလုပ်သော ညီလာခံတရပ်သို့ တက်ရောက်ခဲ့သည်။ ထိုအခါက သူသည် (ဖဆပလ) အဖွဲ့ချုပ်ကို ကိုယ်စားပြုသွားခြင်းဖြစ်ပြီး သူနှင့်အတူ ဦးတင်ထွဋ်၊ ဗိုလ်ခင်မောင်ကလေးတို့ လိုက်ပါသွားခဲ့သည်။ ဗိုလ်ချုပ်၏ ရိုးသားပွင့်လင်းမှု၊ လူမျိုးကြီးစိတ်မရှိမှု၊ သတ္တိရှိမှု၊ စွဲမြဲစွာ ကြိုးစားမှု၊ အမြော်အမြင်ကြီးမားမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု စသည့် ဂုဏ်သတင်း ကျော်စောမှုသည် သူ့အရင် ရှေ့ပြေးရောက်နှင့်လျက်ရှိကာ သူ့ကို ထိုနေရာ၌ ပေါင်းစည်းညီညွတ်ရေး၏ အဓိကမဏ္ဍိုင်အဖြစ် ရှုမြင်ခြင်းကို ခံခဲ့ရသည်။ သုံးရက်အကြာ ဆွေးနွေးညှိနှိုင်းကြပြီးနောက် သူသည် တိုင်းရင်းသားကိုယ်စားလှယ်များ၏ ယုံကြည်မှုကို ရရှိခဲ့ကာ တိုင်းရင်းသားကိုယ်စားလှယ်များက အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြလေသည်။ ထို့နောက် ပင်လုံစာချုပ်ကြီးကို အပြီးသတ် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။

ထိုမှတပါး ရန်ကုန်တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့ကျင်းပပြုလုပ်ခဲ့သော မြန်မာပြည် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း၏ နှစ်ပတ်လည် အစည်းအဝေးသို့ ဗိုလ်ချုပ်က ဘုရင်ခံ၏ 'အမှုဆောင်ကောင်စီ' ဒု–သဘာပတိအဖြစ် တက်ရောက်ခဲ့ပြီး ထိုအစည်းအဝေး၌ သဘာပတိမိန့်ခွန်းကို တုံ့ပြန်ပြောကြားစဉ်က လွတ်လပ်ရေးရပြီးလျှင် ...မကြာမီပါတီစုံ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း ထုတ်ဖော်ပြောဆိုသွားသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

"မြန်မာပြည်၌ အရေးကြီးသော စက်မှုလုပ်ငန်း အရပ်ရပ်ကို ပြည်သူပိုင်လုပ်ရန် ကျွန်ုပ်တို့ ကြံရွယ်ထားကြောင်း၊ ထိုသို့ပြုလုပ်မှသာ ပြည်သူလူထုတရပ်လုံး လူ့ဘဝ၏

လိုအင်ဆန္ဒဟူသမျှ ပြည့်စုံကြ၍ ပျော်ရွှင်စွာ နေနိုင်သော အဆင့်အတန်းကို ရရှိမည်ဟု ကျွန်ုပ်တို့ စွဲမြဲစွာ ယုံကြည်ကြကြောင်း”၊ “ထိုမှတပါး လက်ဝါးကြီးအုပ် အရင်းရှင်ဝါဒသည် အခါခပ်သိမ်း လိုလားအပ်သည်ဟု ကျွန်ုပ်မထင်ကြောင်း၊ အခြေအနေနှင့် အချိန်ကာလအားလျော်စွာ ကျွန်ုပ်တို့နိုင်ငံအနေဖြင့် ရှေ့သို့တလှမ်းမတက်နိုင်မီ အချိန်အတွင်း၌သာ ထိုအရင်းရှင်စနစ်ကို ထိန်းချုပ်လျက် ဝင်ရောက်လုပ်ကိုင်သွားရမည်ဖြစ်ကြောင်း” စသည်ဖြင့် ပြောဆိုသွားလေသည်။

ထို့နောက် ဧပြီလအတွင်းကျင်းပသော ‘တိုင်းပြည်ပြုလွှတ်တော်’ သို့ပါတီစုံရွေးကောက်ပွဲများ၌ (ဖဆပလ) အဖွဲ့ချုပ်က လုံးဝနီးပါး အနိုင်ရရှိခဲ့ပါသည်။ ထိုအချိန်၌ အဖွဲ့ချုပ်အနေဖြင့် နိုင်ငံအတွက် လုပ်စရာတာဝန်များ ပြည့်နှက်လျက်ရှိသည်။ အဓိက ‘ပရိုဂျက်’ လုပ်ငန်းကြီးများအား ဆုံးဖြတ်နိုင်ရေးအတွက် ကော်မတီများတွင် ပါဝင်တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင်များ ရွေးချယ်ကြရသည်။ ထိုနှင့် တချိန်တည်း မေလ၊ တတိယပတ်အတွင်းတွင် အဖွဲ့ချုပ်က ‘ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ’ (မူကြမ်း) ရေးဆွဲရန် ကော်မတီတရပ်ကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ‘တိုင်းပြည်ပြုလွှတ်တော်’ အနေဖြင့် ဇွန်လ (၁၀) ရက်မှစ၍ အစည်းအဝေးများ စတင်ကျင်းပသည့်အခါ ဆက်လက်ကိုးကား အသုံးချသွားနိုင်ရေးအတွက် ယင်းကော်မတီက ဥပဒေ (မူကြမ်း) ကို အချိန်မီ အပြီးသတ်ရေးဆွဲပေးခဲ့သည်။ ယင်းတင်ပြခဲ့သော ဥပဒေ (မူကြမ်း) သည် ဒီမိုကရေစီနှင့် ဆိုရှယ်လစ်ဝါဒကို မရမနေတည်ဆောက်မည့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ပုံဖော်ထားလေသည်။ ခြောက်ရက်ကြာပြီးနောက် ဦးအောင်ဆန်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ပတ်သက်သည့် အခြေခံလမ်းညွှန်ပြဋ္ဌာန်းချက် (၇) ရပ်ကို ချမှတ်ရန် အဆိုတရပ်တင်သွင်းခဲ့သည်။ ယင်းအဆိုကို အချေအတင်ဆွေးနွေးကြပြီးနောက် ဦးအောင်ဆန်း၏ ရှင်းလင်းချက်များကို နားလည်သွားသည့်အခါ၌ ကျေနပ်စွာ ထောက်ခံလိုက်ကြသည်။[၁၅]

ဦးအောင်ဆန်းသည် နေရာအနှံ့ရောက်နေသည်။ သူသည် အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲသည့် ကော်မတီကိုလည်း ဝင်ရောက်ကြီးကြပ်ပေးသည်။ တချိန်တည်းမှာပင် နိုင်ငံတော် ပြန်လည်တည်ဆောက်ရေး စီမံကိန်းရေးဆွဲရာ၌လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ဇွန်လ (၆) ရက်နေ့တွင် ‘ဆိုရန်တိုဗီလာ’ (Sorrento Villa) ၌ သူသည် အမျိုးသားညီလာခံတရပ်ကိုလည်း ဦးဆောင်ကျင်းပသေးသည်။ အဖွင့်မိန့်ခွန်း၌ အိတ်သွန်ဖာမှောက် သူ ပြောခဲ့သည့်အတိုင်း ယင်းညီလာခံက အခြေအနေ၏ တောင်းဆိုချက်အရ လုပ်ကိုင်ရာ၌ လွယ်ကူချောမော၍ လက်တွေ့အကျိုးရှိပြီး ပြုပြင်ပြောင်းလဲရာ၌ ရည်မှန်းချက် မကြီးမားလွန်းသော အစီအစဉ်များကိုသာ စိတ်ကူးမယဉ်၊ ရှေ့လောမကြီးဘဲ ရေးဆွဲသွားရန်ဖြစ်သည်။ ထို၌ သမဝါယမလုပ်ငန်းများကို အားပေးထားပြီး ပြည်သူလူထု၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှုကို အလေးအနက်ထားသည့် လိုအပ်ချက်များနှင့် အဆိုပြုချက်များကို သူက အကြံပြုတင်ပြခဲ့သည်။







အချိန်သည် သူ့အဖို့ မျက်စိတမှိတ် လျှပ်တပြက်အတွင်း လျင်မြန်စွာ ကုန်လွန်လျက်ရှိရာ ထိုအချိန်တွင် သူ့အတွက် အလုပ်လုပ်ချိန်မှာ (၆) ရက်သာ ကျန်တော့သည်။

ဇူလိုင်လ (၁၃) ရက်တွင် မြို့တော်ခန်းမ၌ သူ့ဘဝတလျှောက် ပြည်သူလူထုနှင့် နောက်ဆုံးတွေ့ဆုံခဲ့ရသည့် လူထုစည်းဝေးပွဲ၌ သူက တိုင်းပြည်ပြုလွှတ်တော်၏ လုပ်ငန်းရပ်များ တိုးတက်မှုအခြေအနေကို တင်ပြပြီး တိုင်းပြည်၏ အနာဂတ်အရေးအပေါ် သူ့တွေးခေါ်ယူဆထားချက်များကို ရှင်းလင်းပြောကြားခဲ့ရာ ယင်းမိန့်ခွန်းကို နောင်သောအခါ ဖြစ်ပေါ်လာမည့် အတိတ်နိမိတ်ပြ မိန့်ခွန်းဟုပင် ယူဆလက်ခံခဲ့ကြသည်။

“လွတ်လပ်ရေးကို မကြာမီရတော့မယ်။ သို့သော်လဲ ပဒေသာပင်ဟာ မြေက ပေါက်လာမှာ မဟုတ်ပါဘူး။ လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင်မြေက မပေါက်နိုင်ဘူးဆိုတာကို ခင်ဗျားတို့စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုလို့ရှိရင် ဟုတ်လား... စိတ်ကူးက ဘယ်လိုစိတ်ကူးကြသလဲဆိုရင် ပဒေသာပင်ကြီး ချက်ချင်း နေ့ချင်း၊ ညချင်း ပေါက်လာကြတော့မယ်ဆိုရင်...ဟုတ်လား... ကျွန်တော်တို့အလုပ်လုပ်မှ ဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်။ အနှစ် (၂၀) လောက် ကျွန်တော်တို့ စကားခပ်ရိုင်းရိုင်းပြောရရင် စကားခပ်ရိုင်းရိုင်းပြောရတယ်ဆိုတာ စကားခပ်ရိုင်းရိုင်းပြောမှ လူတွေက မှတ်မိတယ်။ စကားခပ်ရိုင်းရိုင်းဆိုရင်...ဟုတ်လား...အတော့်ကို ပြဲအောင်ကြိုးစားနိုင်မှ၊ လုပ်နိုင်မှ အဲဒါ အတော့်ကို ကုန်းလုပ်နိုင်မှ၊ ရုန်းလုပ်နိုင်မှ အနှစ် (၂၀) လောက် ရှိတဲ့အခါမှာ တော်ကာကျမယ်”

ဇူလိုင်လ (၁၃) ရက်နေ့က ပြုလုပ်သော ယင်းလူထုစည်းဝေးပွဲတွင် သဘာပတိအဖြစ် တိုင်းပြည်ပြုလွှတ်တော်၏ ဥက္ကဋ္ဌဖြစ်သူ (ဦးအောင်ဆန်းကိုယ်တိုင်က ယုံကြည်အားထားလေးစားသူ) သခင်နုကဆောင်ရွက်ခဲ့သည်။ သခင်နုသည် ဗြိတိန်နိုင်ငံသို့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားခဲ့ပြီး ယင်းလူထုအစည်းဝေးပွဲမတိုင်မီ တရက်ကပင်ပြန်ရောက်လာခဲ့သည်။ ကိုကြီးနုက ဦးအောင်ဆန်း၏အရိုက်အရာကို ဆက်ခံရခြင်းမှာ သင့်လျော်သည်။ မသေဘဲကျန်၍ အမွေခံဘဝရောက်နေသူတို့၏ သဘောတူညီချက်အရ ဦးအောင်ဆန်း၏ ကြိုးပမ်းအားထုတ်မှုများနှင့် စွမ်းဆောင်နိုင်မှုများကို အမွေဆက်ခံရရှိခဲ့သည်။

လွတ်လပ်ရေးမတိုင်မီပင် အမျိုးသားစီမံကိန်းဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်လေရာ ၁၉၄၈ ခုနှစ်၊ ဧပြီလတွင် ဆိုရင်တိုဗီလာ ညီလာခံ၏ ရလဒ်အဖြစ် စီးပွားဖွံ့ဖြိုးတိုးတက်ရေး (၂) နှစ်စီမံကိန်း၏ အခြေခံစည်းမျဉ်းများကို ထုတ်ပြန်ကြေညာနိုင်ခဲ့သည်။ ပါလီမန် ဒီမိုကရေစီစနစ်အတွင်းမှ ‘ဆိုရှယ်ဒီမိုကရက်တစ်’ လူမှုဖူလုံရေး နိုင်ငံတနိုင်ငံတည်ဆောက်ရာတွင် နိုင်ငံတော်စီမံကိန်းဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရှုမြင်သုံးသပ်ကြပြီး ‘နိုင်ငံပိုင်’ ပြုလုပ်ခြင်းများ မကြာမီဖြစ်ပေါ်လာခဲ့သည်။ သို့သော်ငြားလည်း ခံစားချက်ပြင်းထန်ခြင်း၊ ရှေ့နောက်အစီအစဉ်မှားယွင်းခြင်း၊ လောကြီးခြင်းနှင့်

ဘက်လိုက်မှုရှိခြင်းတို့က နိုင်ငံပိုင်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို တိမ်းစောင်းထိခိုက်စေခဲ့သည်သာမက ၁၉၄၈ ခုနှစ်မှစ၍ (၁၀) နှစ်တာကာလအတွင်း အတွေးအခေါ် အယူအဆ ကွဲပြားခြားနားသော ပြည်နယ်အုပ်စုများနှင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအပေါ် ဦးနုက (သူသည် 'သခင်' ဟူသော ရှေ့စည်းကို ၁၉၅၂ ခုနှစ်တွင် ဖြုတ်ပစ်ခဲ့သည်) ပြည်ထောင်စုသမ္မတနိုင်ငံ ဝန်ကြီးချုပ်အနေဖြင့် ဦးဆောင်ဦးရွက်ပြုခဲ့ကာ၊ ယင်းကာလအတွင်း သူနှင့် လုပ်ဖော်ကိုင်ဘက်များ ချမှတ်လုပ်ဆောင်ခဲ့သော စီမံကိန်းဝင် အချို့လုပ်ရပ်များကို ဟန့်တားနှောင့်နှေးစေခဲ့သည်။ ဦးနုအနေဖြင့် သူဝန်ကြီးချုပ်ဖြစ်စ (ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ မွန်၊ ကရင်များ သူပုန်ထလာသည့် ကြားမှ) တိုင်းပြည်ပြန်လည်တည်ဆောက်ရေးတွင် စွမ်းဆောင်အောင်မြင်မှုအချို့ ရရှိခဲ့သကဲ့သို့ …သူ၏ ကိုယ်ပိုင်လစ်ဘရယ်ဝါဒ၊ ဒဿနအမြင်နှင့် ဗုဒ္ဓဝါဒတို့ ရောထွေးပြွန်းတီးထားအပ်သော ဆိုရှယ်လစ်အတွေးအခေါ်တို့က မဇ္ဈိမပဋိပဒါနည်းဖြင့် ဦးဆောင်လမ်းပြချက်အရ ဘာသာရေး၊ နိုင်ငံခြားဆက်ဆံရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဆောင်ရွက်ရာတွင်လည်း စွမ်းဆောင်အောင်မြင်မှုအချို့ ရရှိခဲ့ပါသည်။ ယင်းအတွက် သမိုင်းတွင် ဦးနုကို အသိအမှတ်ပြုကာ မော်ကွန်းတင်ရပေသည်။

ဤနေရာ၌ 'ဦးအောင်ဆန်းသာ ခေါင်းဆောင်၍ သူ၏ ဆိုရှယ်လစ်အတွေးအခေါ် သဘောတရားများကို အကောင်အထည်ဖော်ခွင့်ရခဲ့မည်ဆိုလျှင် ဦးအောင်ဆန်းလမ်းစဉ်သည် ပိုမိုကောင်းမွန်သော ရလဒ်များကို ရလိမ့်မည်' ဆိုခြင်းမှာလည်း ခန့်မှန်းယူဆချက်သာဖြစ်ပြီး အငြင်းပွားဖွယ်ရာ ဖြစ်ပေသည်။ [၁၆] 'အစိုးရဆိုရှယ်လစ်စနစ်' ကို အကောင်အထည်ဖော်ရန် စီမံကိန်းကို အပျက်မခံဘဲ အာဏာကို သုံး၍ စွမ်းအားကုန် ကြိုးပမ်းအားထုတ်မှုက 'လူမှုဖူလုံရေးနိုင်ငံ' တည်ဆောက်ရာ၌ 'ဒီမိုကရက်တစ်' အစိုးရတရပ် စွမ်းနိုင်သည့် အတိုင်းအဆထက် ကျော်လွန်သွားကာ ကွန်မြူနစ်ဆန်နေပါလိမ့်မည်။

မည်သို့ဆိုစေ၊ အကယ်၍ ဦးအောင်ဆန်းသာ အသက်ထင်ရှားရှိ၍၊ သူ့ကတိအတိုင်း ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် ရယူနိုင်ခဲ့သော လွတ်လပ်ရေးရရှိသည်အထိ တိုင်းပြည်ကို ခေါင်းဆောင်နိုင်ခဲ့သော် တိုင်းပြည်အနေဖြင့် အစကောင်းခဲ့မည်မှာ သံသယရှိဖွယ်မဟုတ်ချေ။

လွတ်လပ်ရေးရရှိသည့် အချိန်မှစ၍ တောက်လောင်ခဲ့ပြီး ယနေ့ထက်တိုင် လောင်မြိုက်ဆဲဖြစ်သော တိုင်းပြည်၏ အနာဂတ်ကို မှေးမှိန်သွားအောင် ခြိမ်းခြောက်နေခဲ့သော ပြည်တွင်းစစ်မီးသည်လည်း သူ၏အရှိန်အဝါနှင့် သြဇာများကြောင့် ငြိမ်းသတ်ပြီး ဖြစ်ပေလိမ့်မည်။ တရားသေမဟုတ်ဘဲ အခြေအနေအရ ဆိုရှယ်လစ်ဝါဒကို ချိန်ချိန်ဆဆ အသုံးချရာ၌ပင် ဦးအောင်ဆန်း၏ (စိတ်ကူးယဉ် ဆိုရှယ်လစ် စာအုပ်ကြီးသမားများ ဖြစ်ကြသည့်) အစွန်းရောက်ဝန်ကြီးအချို့၏ စိတ်အားထက်သန်မှုကို မျှတစေပြီး၊ ထို့နောက် တဖန်







ဖြစ်ပေါ်လာပြန်သော 'နိုင်ငံပိုင်' လုပ်ရပ်များကိုလည်း ပုံစံသစ်ဖြစ်စေခဲ့ပေလိမ့်မည်။ သို့ဖြစ်လေရာ 'ပါလီမန်ဒီမိုကရေစီ' ၏ ပထမ (၁၄) နှစ်တာကာလ [၁၇] သည် ဦးအောင်ဆန်း၏ လမ်းညွှန်ပြသမှု ကင်းမဲ့ခဲ့ပြီး ဒေသပေါင်းများစွာ မကြာခဏ ဆူပူထကြွမှုများကြောင့် (မီးပုံထဲမှာ ရေလိုက်ရှာသကဲ့သို့) ရှိရာ ယင်းတို့က တိုင်းတပါးသား ဝင်ရောက်သိမ်းပိုက်အုပ်စိုးသည်ထက် အကျိုးတရားပိုမိုဆိုးရွားသည့် ဖက်ဆစ်စစ်အာဏာရှင်စနစ် မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာအောင် ဦးနုအစိုးရ အာဏာလုခံလိုက်ရသည့်အခြေသို့ ကံဆိုးမိုးမှောင်ကျစွာ ဦးတည်သွားစေခဲ့လေသည်။ အကယ်၍ ဦးအောင်ဆန်းသာ ထိုအချိန်၌ နိုင်ငံတော်အား ပဲ့ကိုင်သွားသူ ဖြစ်နေဦးမည်ဆိုလျှင် ယင်းအခြေအနေများ မည်သည့်အခါ မျှ ပေါ်ပေါက်လာစရာ အကြောင်းမရှိချေ။

ဦးအောင်ဆန်းကို အမွေဆက်ခံသူအဖြစ်၊ တိုင်းပြည်မပျက်ခင် အချိန်မီ ကယ်တင်ရလေဟန် လုပ်ကြံလည်ဆယ်စကားလုံးကြွယ်ခဲ့သော ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့ပြီးနောက် အင်အားချည့်နဲ့၍ စွမ်းရည်မထက်မြက်တော့သော 'ပါလီမန်ဒီမိုကရေစီစနစ်' ကို ဖျက်သိမ်းပစ်ရန် ကြေညာခဲ့ပြီးနောက် ညီညွတ်ရေးကို တိုးမြှင့်ရန်နှင့် စီးပွားရေးလျင်မြန်စွာတိုးတက်စေရန် အာဏာရှင်စနစ်ကသာ မြန်မာနိုင်ငံအဖို့ အသင့်လျော်ဆုံးဖြစ်သည်ဟု သူက တွေးထင်ခဲ့သည်။ သူ၏ 'မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ' တည်းဟူသော တပါတီဆိုရှယ်လစ်စနစ်အား ဖန်တီးတည်ဆောက်ရခြင်း၏ မူလဘူတနှင့် ရည်ရွယ်ချက်ကို ဤသို့ ထုတ်ပြန်ကြေညာခဲ့သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီသည် တိုင်းပြည်အား ချောက်ထဲကျကာနီး အခြေအနေမှ လက်မတင်လေး ကယ်တင်ခဲ့ပြီးနောက် ယခုအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် နိုင်ငံသူ နိုင်ငံသားတို့၏ လူနေမှုဘဝနှင့် စီးပွားရေးဘဝကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်"

ထို့နောက် ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၄) ရက်နေ့တွင် တော်လှန်ရေးကောင်စီက ချမှတ်ပြဋ္ဌာန်းခဲ့သော ပါတီဖွဲ့စည်းပုံ စည်းမျဉ်းအပိုဒ် (၁၈) တွင် ထူးခြားသော နောက်ဆုံးပေါ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို အကောင်အထည်ဖော်၍ ကမ္ဘာကျော် ဆိုရှယ်လစ်စီးပွားရေးကို တည်ဆောက်သွားမည်ဟု အတိအလင်းဖော်ပြထားသည်။

ဤသည်မှာ ယူနီဖောင်းဝတ် ဆိုရှယ်လစ်များအဖို့ နိဂုံး၏ နိဒါန်းဖြစ်ပေတော့သည်။ ဤသို့ဖြင့် ပြည်သူလူထုအား ဤစနစ်ကြီး၏ ဝမ်းနူတ်ဆေးခါးကြီးကို အတင်းမျိုချစေပြီး တိုင်းပြည်မှာလည်း အရှက်တကွဲ အကျိုးနည်း ချောက်ထဲ ထိုးကျသွားခဲ့လေသည်။ ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် သူတို့လက်ထက် ရွှေတွင်း၊ ငွေတွင်းများ တွေ့နေပြီ…ဆိုသည့်ကြားမှ နိုင်ငံခြားအရန်ငွေ လုံးဝပြတ်တောက်နေပြီး နိုင်ငံခြားကြွေးမြီ အမေရိကန်ဒေါ်လာ သန်း (၄,၄) ထောင် တင်နေပြီဖြစ်သော ဦးနေဝင်းအစိုးရမှာလည်း

မျက်နှာအောက်ချ အဖတ်ဆယ်မရတော့ဘဲ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဘဝ လျှောကျသွားလျက် ဒေဝါလီခံ၊ သူတောင်းစားနိုင်ငံ [၁၈] အဆင့်အတန်းသတ်မှတ်ပေးပါရန် ရိုကျိုးစွာလျှောက်ထားမှုကို ကမ္ဘာ့ကုလသမဂ္ဂကြီးက ထောက်ထားညှာတာ သနားကြင်နာစွာဖြင့် အောက်တိုဘာလ (၂၉) ရက်နေ့တွင် အတည်ပြုသတ်မှတ်ပေးခဲ့သည်။

သို့ဖြစ်လေရာ ပထမဦးစွာ 'ပါလီမန် ဒီမိုကရေစီစနစ်' အောက်တွင်လည်းကောင်း၊ ထို့နောက် (ဖက်ဆစ်) 'စစ်အာဏာရှင်စနစ်' အောက်တွင်လည်းကောင်း၊ နှစ်ပေါင်း (၄၀) နီးပါး ဆိုရှယ်လစ်စနစ်ကို စမ်းသပ်ခဲ့ပြီးနောက် ယင်းစမ်းသပ်မှုနှစ်ခုလုံး မအောင်မြင်ခဲ့သည်မှာ ရှင်းနေပါပြီ။ ထိုနှစ်ခုအနက် ဦးနေဝင်းလက်ထက် စစ်အုပ်စု၏ လုပ်ဆောင်ချက်မှတ်တမ်းများမှာမူ သိက္ခာအကျဆုံး၊ ရှက်စရာအကောင်းဆုံး၊ သင်ခန်းစာအဖြစ်ဆုံး ဖြစ်ပေသည်။

လက်ရှိ (နအဖ) ခေါင်းဆောင်များမှာ တရံရောအခါက အဖေကြီးပြုသမျှ နုလာခဲ့ရသည့် ဦးနေဝင်း၏ သားများသာဖြစ်သည့်အလျောက် အာဏာရှင်နည်းလမ်းများဖြင့် ဆက်လက်ကျင့်သုံးလျက်ရှိသည်။ စစ်တပ်အရင်းရှင်ဝါဒမှာကား အထက်လွှာလူတန်းစားကို လူထုတရပ်လုံးအပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်ရာ၌ ပိုမိုအင်အားကြီးမား ဆိုးရွားသွားစေပေတော့သည်။

## နိဂုံးချုပ်

"အတော်ဆုံးသူများမှာ သူတို့ကံကြမ္မာကို မြဲအောင် မတတ်နိုင်ကြ။ သူတော်ပေါင်း၊ နကြွေကောင်း၍ သူယုတ်မာ သက်ဆိုးရှည်သည်။"[၂၀]

ကျွန်တော့်မိခင်မြေ၏ ပြီးခဲ့သည့် ထောင်စုနှစ်အဆုံးသတ်ရာစုနှစ်မှာ ညီညီမျှမျှ နှစ်ပိုင်းအကန့်ကဲ့သို့ ဖြစ်ခဲ့သည်။ နေ့အလင်းရောင်နှင့် ညအမှောင် ကွဲပြားသကဲ့သို့ ပထမပိုင်းမှာ တောက်ပပြီး ဒုတိယပိုင်းမှာ အမိုက်မှောင်ဖုံးလွှမ်းခံခဲ့ရသည်။ ကိုလိုနီနယ်ချဲ့၏ သွေးစုပ်ခြယ်လှယ် မှုအောက်မှ မိမိဖာသာ လွတ်မြောက်အောင် မဆုတ်မနစ် ချီတက်ခဲ့ရာ မျှော်လင့်ချက်ရောင်ခြည်သန်းခဲ့ပြီ။ ကျိန်းသေပေါက် လွတ်လပ်ရေးကို မြင်တွေ့နေရသည့်အချိန်တွင်မှ လမ်းပြရှေ့ဆောင်လင်းရောင်သည် ရုတ်တရက်ငြိမ်းသတ်ခံခဲ့ရသည်။ နေ့အလင်းရောင်ကိုဆောင်သော နေမင်း ဝင်ရောက်ကွယ်ပျောက် (နေဝင်) သည့်အလားသဏ္ဍာန်ကဲ့သို့ပင် ကံကြမ္မာက ဗိုလ်ချုပ်အောင်ဆန်း (သူတော်ကောင်း) စောစောစီးစီး ဇီဝိန်ချုပ်စေခဲ့သည်။ မြန်မာလူထုကြီးက သူ့ကို ရာစုနှစ်၏ အမျိုးသားသူရဲကောင်းအဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။

အမှန်တကယ်တွင်လည်း သူသည် အတော်ဆုံးပုဂ္ဂိုလ်တဦးဖြစ်သည်နှင့်အညီ







ကျွန်ုပ်တို့၏သမိုင်းတွင် သူသည် ထိုအတိုင်း မတိမ်ကော မပျောက်မပျက် ဆက်လက်တည်ရှိသွားမည်သာဖြစ်သည်။ တဆက်တည်းမှာပင် မပြီးဆုံးနိုင်သည့် အမိုက်မှောင်ညများအတွင်းတွင် ကြမ္မာဆိုးက ဝင်ရောက်လာခဲ့သည်။ ရဲဘော်သုံးကျိပ်အထဲတွင် အဖျင်းဆုံးဖြစ်သူ မိမိကိုယ်ကို ဗိုလ်နေဝင်း (သူယုတ်မာ) ဟု ဂုဏ်ရောင်လွှမ်းခြုံထားသူက ရည်မှန်းချက်ကြီးမားသည့် နိုင်ငံရေးသမားများနှင့် ခေတ္တယာယီမျှ ပစားပေးမှုခံကြရသည့် စစ်တပ်အရာရှိ နောက်လိုက်တို့၏ အားပေးထောက်ခံမှုဖြင့် သူ၏ သုတ်သင်ရေးခြေလှမ်းကို ခတ်မြန်မြန်လှမ်းခဲ့သည်။ ဤသည်မှာ ၁၉၆၂ ခု မတ်လအစပိုင်း သူက အလုံးစုံအာဏာကို သိမ်းပိုက်ရန် ဆုံးဖြတ်လိုက်သည့်အချိန်မှစတင်ခဲ့သည်။ စစ်အာဏာရှင်စနစ်ကို ထူထောင်လိုက်ပြီး သူ့ကိုယ်သူ နန်းပလ္လင်ပေါ်တင်လိုက်ကာ အကြိမ်ပေါင်းများစွာ ရုပ်သေးဆရာကဲ့သို့ ပြုမူခဲ့ရာ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ (၅) ရက်နေ့ အသက် (၉၂) နှစ်တွင် နောက်ဆုံးဇီဝိန်ချုပ်သွားသည့်တိုင်အောင် ဖြစ်လေသည်။ သူအသေနောက်ကျသည်မှာ အမှန်၊ သူ့သက်တမ်းတလျှောက် အနှစ် (၄၀) မျှ အတွင်းစိတ်ယုတ်ဖြင့် ရက်ရက်စက်စက် ခြယ်လှယ်အုပ်ချုပ်မှုဒဏ်ကို လူထုက စိတ်ပျက်ဝမ်းနည်းဖွယ်ခံစားခဲ့ရသည်မှာ ထို့ထက်ပိုမိုကြာညောင်းသည်ဟု ထင်မှတ်ခဲ့ရသည်။

ကျွန်တော့်စာအုပ်၏ နိဂုံးချုပ်ကဏ္ဍ ယခုအပိုင်းကို ဗိုလ်နေဝင်း (ခ) ရှုမောင်[၂၁] ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာဖတ်သူအားတင်ပြရန် ရည်ရွယ်ရင်းမရှိပါ။ သို့သော်လည်း သူ၏ နောက်ဆုံးနှစ်များအတွင်း ကျဆုံးခန်းတွင် သူ၏ ကိုယ်ပိုင်ဆန်းပြားမှုများကို အကျဉ်းချုပ်အစဉ်လိုက်တင်ပြလိုရင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သူနှင့်အတူ လုပ်ကြံခံရသောရောင်းရင်းများတို့၏ ခေါင်းဆောင်မှုကို တိုင်းပြည်မှ ဖယ်ရှားပစ်ရာတွင် သူသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည့်အတွက် ဖြစ်ပျက်မှု အစဉ်မြင်ကွင်းများအတွင်း သူ့ကဏ္ဍကို ထပ်မံအထူးပြုရန် သင်တော်သည်ဟု ယူဆရပါသည်။ ဦးစောကဲ့သို့မဟုတ်ဘဲ သူနှင့်သူ့အခိုင်းခံတို့မှာ သူတို့ကျခံသင့်သည့် ကြိုးစင်နှင့် ယနေ့ခေတ် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးတို့ကို လွတ်မြောက်သွားခဲ့ကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌရာထူးမှ နောက်ဆုံးနုတ်ထွက်သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ (၂၃) ရက်နေ့တိုင်အောင် သူ၏ (၂၅) နှစ်တာ အာဏာရှင်စိုးမိုးမှုကာလအတွင်း ပထမဆုံးမှ နောက်ဆုံးအထိ သူသည် မည်သို့သော ပြိုင်ဆိုင်မှုနှင့် ဆန့်ကျင်မှုကိုမျှ လက်သင့် မခံခဲ့ချေ။ သူ အာဏာရယူပြီး မကြာမီပင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက အနည်းငယ်မျှ ဆန့်ကျင်မှုပြုရာတွင် သူ၏ အမိန့်အာဏာကို သူက ကြေညာပြခဲ့သည်။ သူ၏ လက်မရွံ့သေနတ်သမား ဗိုလ်မှူးကြီးစိန်လွင်က သူ၏အမိန့် (တပ်မတော်ကိုထိလာရင် ဓားဓားချင်း၊ လှံလှံချင်းရင်ဆိုင်မယ်) အတိုင်း လက်နက်မဲ့ကျောင်းသားလူငယ်များကို ရာနှင့်ချီ၍ သတ်ဖြတ်ပစ်ခဲ့သည်။ အမှန်မှာမူ သူ့ကိုထိလာလျှင် တုံ့ပြန်လက်စားချေရန်

ဆိုလိုရင်းဖြစ်သည်။ သူနုတ်ထွက်ခါနီးတိုင်အောင် အားကိုးရာမဲ့ တိုင်းသူပြည်သားများကို တပ်ဆိုတာ ပစ်ရင် မှန်အောင်ပစ်တယ်ဟူ၍ ကြိမ်းဝါးသွားခဲ့သေးသည်။ နောက် (၂) လအတွင်းတွင် သတ်မတော် (လူမျိုးတုံးအောင်သတ်ဖြတ်သောယန္တရား) အဖြစ် သူ ပြောင်းလဲခဲ့သော တပ်မတော်သည် မိမိတို့ သွေးရင်းသားရင်း ပြည်သူများကို ထောင်နှင့်ချီ၍ မညှာမတာသတ်ဖြတ်ပစ်ပြီး သူ့ဆိုလိုချက်ကို ချက်ချင်းအတည်ပြုပေးခဲ့သည်။ အာဏာရှင် က သူ၏ မဆလဥက္ကဋ္ဌရာထူးနှင့် ဗိုလ်ချုပ်ကြီးစန်းယု နုတ်ထွက်ပေးထားသော သမ္မတရာ ထူးတို့ကို သူ၏အရင်းနှီးဆုံးခြံပေါက်များဖြစ်သည့် ပထမဦးစွာ စိန်လွင် (၂၀ ရက်သက် တမ်း) နှင့် ထို့နောက် ဒေါက်တာမောင်မောင် (၃၀ ရက်သက်တမ်း) တို့ထံ မသိမြဲ မသိဘာ သာဖြင့် လက်လွှဲပေးခဲ့သည်။ နိုင်ငံသားများက အံ့ကြွလာရာတွင် နေဝင်းကိုယ်တိုင် တပ်မ တော်၏ ထိပ်ပိုင်းဗိုလ်ချုပ်များနှင့် အရာရှိများကို ဆင့်ခေါ်ပြီး အမြင့်ဆုံးရာထူးရှင် ဗိုလ် ချုပ်ကြီး စောမောင်ကို စက်တင်ဘာ (၁၈) ရက်တွင် အာဏာသိမ်းခိုင်းပြီး နိုင်ငံတော်အေး ချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားရေးကောင်စီကို ဖွဲ့စည်းစေခဲ့သည်ဟု ယုံကြည်ရသည်။

ထို့နောက် ၁၉၈၉ ခုနှစ် မတ်လ တပ်မတော်နေ့ ညစာစားပွဲတွင်မှ နေဝင်းက ပထမ ဆုံး လူရောင်ထွက်ပြခဲ့သည်။ သူက စစ်ဝတ်စုံအပြည့်ဝတ်ထားခဲ့သည်။ ဂျကာတာတွင် သူ့မိတ်ဆွေသမ္မတ မိုဟာမက်ဆိုဟာတိုထံ ခေတ္တအလည်သွားတွေ့သည့် ၁၉၉၇ ခုနှစ် စက် တင်ဘာအထိ သူ့ကို ထပ်မံမမြင်မတွေ့ခဲ့ရချေ။[၂၂] ထို့နောက် ပုံမှန်ဆေးစစ်ဆေးမှုခံယူရန် အကြောင်းပြချက်ဖြင့် စင်ကာပူသို့ သွားရောက်ခဲ့သေးသည်။ သူ၏ နောက်ဆုံး နိုင်ငံခြားခရီး ဖြစ်မည့် ထိုခရီး၏ သတင်းဓာတ်ပုံတွင် သူသည် အတော်အားနည်းချည့်နဲ့ပုံပေါ်နေသည်။

ပညာဉာဏ်နည်းပြီး လောဘသက္ကာယကြီးသူဖြစ်သည်နှင့်အညီ ဆင်ခြင်တုံတရား မဲ့စွာဖြင့် နေဝင်းသည် အယူသည်းအလေ့အကျင့်များနှင့် လုံးထွေးနေခဲ့သည်။ အသက် (၉၀) မှ (၉၉) နှစ်အတွင်းကာလကို ဝင်ရောက်တော့မည်ဖြစ်၍ သူ့အနေဖြင့် သူ့သက်တမ်းကို အမြင့်ဆုံး (၉၉) နှစ်အထိ ဆွဲဆန့်ချင်ပုံရပေသည်။ သူ၏ ကံကောင်းသောဂဏန်းဖြစ်သည့် (၉) ဂဏန်းကိုတည်၍ ဂဏန်းနက္ခတ္တဗေဒင်ပညာဖြင့် အကာအကွယ်အတားအဆီး ပြုလုပ် ခဲ့ပြန်သည်။ ၂၀၀၁ ခုနှစ် မတ်လ (၂၁) ရက်နေ့တွင် ခမ်းနားကြီးကျယ်လှသော ကြယ် (၅) ပွင့် အဆင့်အတန်း ဆီဒိုးနားဟိုတယ်ကြီး **(Sedona Hotel)** တွင် ကုသိုလ်အဖို့ဘာဂ ရရှိရန်အတွက် ဆရာတော်ကြီးများကို ဗုဒ္ဓဘာသာထုံးစံအရ ဆွမ်းကျွေးကပ်လှူခဲ့သည်။ သိက္ခာရင့် ဆရာတော်ကြီး (၉၉) ပါးကို ပင့်ဆောင်ခဲ့ပြီး ဆွေမျိုးများနှင့် မဆလခေတ် တပည့်တပန်းများအပါအဝင် ဧည့်သည်တော် (၅၀၄) ယောက်ကို ဖိတ်ခေါ်ခဲ့သည်။ သာမန် ဧည့်သည်တော်များက သူ့ကို လွန်လွန်ကဲကဲ အလေးအမြတ်ပြုသည်ကို ဗီဒီယိုမှတ်တမ်းတွင် မြင်ရသည်မှာ နှလုံးနာအော့အံချင်စဖွယ်ကောင်းလှသည်။ သူ့နှလုံးရောဂါအတွက် စင်ကာပူမှ ဆရာဝန်အဖွဲ့ စက်တင်ဘာလတွင် လာရောက်ခဲ့ကြပြီး သူ့ကိုယ်တွင်







နှလုံးအထောက်အကူပြုစက် တပ်ဆင်ပေးခဲ့သည်ဟု ကောလာဟလဖြစ်ခဲ့သော်လည်း ဆွမ်းကျွေးအခမ်းအနားတွင် သူသည် ကျန်းမာနေပုံရလေသည်။

၂၀၀၁ ခုနှစ် ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ပြုလုပ်သော ခင်စန္ဒာဝင်း၏ လက်ထပ် မင်္ဂလာ (၂၆) နှစ်မြောက်အခမ်းအနားတွင် သူ့ကို တဖန်တွေ့ရပြန်သည်။ ထိုပွဲ၏ အလျှံပယ် ကျွေးမွေးဧည့်ခံမှုနှင့် ပျော်ရွှင်မြူးတူးကခုန်မှုများက ပြည်သူလူထု၏ ခံစားရမှုအဝဝကို ပြက်ရယ်ပြုသကဲ့သို့ ဖြစ်ခဲ့သည်။ ဤသို့သော လွန်ကျူးမှုများက နှလုံးနာဖွယ်ကောင်းလှ သော အာဏာရှင်အုပ်စုများကို ကျဆုံးစေခဲ့သကဲ့သို့ နေဝင်း၏ ကြာမြင့်လှသော တဦး တည်းစစ်အာဏာရှင် အုပ်စိုးမှုသည်လည်း နောက်ဆုံးတွင် ၂၀၀၃ ခုနှစ် မတ်လ (၇) ရက်နေ့၌ ပိတ်ဆို့ခံခဲ့ရပြီး သူ့မိသားစုသည်လည်း အလားတူကျဆုံးသွားခဲ့လေသည်။ သူ၏ အချစ်ဆုံးသမီး ခင်စန္ဒာဝင်း၏ယောကျ်ား အေးဇော်ဝင်းနှင့် သူတို့၏ သားသုံးဦးဖြစ်သူ အေးနေဝင်း၊ ကျော်နေဝင်း၊ ဇွဲနေဝင်းတို့မှာ မအောင်မြင်သော အာဏာသိမ်းရန် ကြံစည်မှု ဖြင့် ဖမ်းဆီးခံခဲ့ကြရသည်။ ထိုအမှုတွင် ခင်စန္ဒာဝင်းလည်း အတွင်းကျကျပါဝင်ပတ်သက်ခဲ့ သည်ဟု ဆိုသော်လည်း အစွပ်စွဲခံရသော ယောကျ်ား (၄) ဦးကို ထောင်ထဲသွင်းခဲ့ပြီး စန္ဒာ နှင့် သူမ၏အဖေမှာ အိမ်တွင်းအကျယ်ချုပ် ချခံကြရသည်။

နိုင်ငံတော်အာဏာကိုသိမ်းရန် ပူးပေါင်းကြံစည်မှုဖြင့် တရားစွဲခံရသူ (၄) ဦးကို (၉) လကြာ နိုင်ငံတော်ပုန်ကန်မှုဖြင့် တရားစီရင်ခဲ့ပြီး သေဒဏ်အပြစ်ပေးခဲ့သည်။ သူတို့ကို စီရင်မည့်ရက်ကို မသတ်မှတ်သေးသော်လည်း သူတို့မှာ သေဒဏ်ကျခံရန် ထောင်တွင်း တနေရာတွင် ရှိနေဆဲဖြစ်သည်။ ထို့နောက် အာဏာရှင်အိုကြီးမှာ သေဆုံးသွားခဲ့သည်။ ထုံးစံအတိုင်း တိုင်းပြည်ကို အုပ်စိုးနေသော ဗိုလ်ချုပ်အုပ်စုသည် ဘာမျှမလုပ်ရန် ဆုံးဖြတ်ခဲ့ ကြသည်။ အဘယ်ကြောင့်ဆိုသော တဦးချင်းသော်လည်းကောင်း၊ အုပ်စုလိုက်သော်လည်း ကောင်း မည်သို့သော် အရေးယူဆောင်ရွက်မှုကို ပြုလုပ်ရမည်ကို သူတို့မသိကြ၍ ဖြစ်လေ သည်။ တိုင်းပြည်တခုလုံး၏ ကျဆင်းနေသော ကံကြမ္မာမှာ စစ်ဖိနပ်အောက်တွင် ဤသို့ သော မသေချာမရေရာရှုပ်ထွေးပွေလီသော စီမံဆောင်ရွက်မှုအပေါ် မှီတည်လျက်ရှိပြီး အာဏာထက်လှသော ဖခင်တဦးနှင့် အလားတူလှသည့် ကျေးဇူးရှင်ကြီးကိုယ်တိုင်၏ အသုဘအခမ်းအနား အစီအစဉ်အတိုင်း အကျိုးသက်ရောက်လျက်ရှိသည်။

အစိုးရက တရားဝင်ထုတ်ပြန်ကြေညာမှုမပြုလုပ်သည့်အပြင် အစိုးရပိုင်သတင်းစာ တွင် နာရေးကြော်ငြာထည့်ခွင့်ရရန် သုံးရက်ကြန့်ကြာခဲ့သည်။ မူရင်းရေးသားချက်မှာ ဖြတ်တောက်တည်းဖြတ်ခံခဲ့ရပြီး လိုရင်းအချက်များ ဆုံးရှုံးသွားခဲ့သည်။

ခေါင်းစဉ်မှာ တုံးတိ ဦးနေဝင်းဟူ၍ဖြစ်သည်။ အောက်တွင် အသက် (၉၃) နှစ် (၁၉၁၁ ခု၊ မေလ ၂၄ ရက်နေ့ဖွား)၊ နေရပ် အမှတ် (၁၉) မေခလမ်း မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေါ်ခင်မေသန်း (ကွယ်လွန်) ၏ခင်ပွန်း။ ထို့နောက်တွင် သူ၏ သားသမီး

များဖြစ်သည်ဟုဆိုသော လူပုဂ္ဂိုလ် (၉) ဦး၏ အမည်များ (၃ ဦးမှာ ကွယ်လွန်ပြီး) ကျန် အချက်အလက်များမှာ သူသည် ၂၀၀၂ ခုနှစ် ဒီဇင်ဘာ (၅) ရက်၊ နံနက် (၇) နာရီ (၃၀) မိနစ်တွင် သေဆုံးခဲ့ပြီး ကွယ်လွန်သူ၏ဆန္ဒအရ သူ့ရုပ်အလောင်းကို ရေဝေးသုသာန်၌ နေ့လယ် (၁) နာရီ (၃၀) မိနစ်တွင် မီးသင်္ဂြိုဟ်ခဲ့ကြောင်းဖြစ်သည်။ လိုက်ပါပို့ဆောင်သူများ၊ သူမကျန်းမမာစဉ်နှင့် ကျေးဇူးရှင်ဖခင်၏ အသုဘအစီအစဉ်တွင် ကူညီမှုပေးခဲ့ကြသူများကို ကျေးဇူးတင်ကြောင်း ဖော်ပြလျက် အဆုံးသတ်ထားသည်။

မူရင်းရေးသားချက်မှာ မိသားစုထဲမှ တဦးဦးက ရေးသားခဲ့ပုံရပြီး စန္ဒာဖြစ်ပုံရလေသည်။ နောက်ဆုံး ပုံနှိပ်ဖော်ပြရာတွင် သူမ၏မိခင်ကို တဦးတည်းသောဇနီးအဖြစ် အထင်အရှားပြုလုပ်ထားသည်။[၂၃] သားသမီးများတွင် ဦးသိန်း (ကွယ်လွန်) ဆိုသူ၏ မိခင်မည်သူဖြစ်ကြောင်း မပြထား။ ငွေစိုးနှင့်အေးအောင် (ကွယ်လွန်) တို့မှာ ပထမ တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်တင်နှင့် ရရှိသောသားများ၊ ဒုတိယဇနီး ဒေါ်ခင်မေသန်းနှင့် အတူပါလာသော ပထမအိမ်ထောင် ဒေါက်တာတောင်ကြီးနှင့်ရသော သမီးသုံးယောက် ဒေါက်တာလှဲ့လှဲ့ဝင်း (ကွယ်လွန်)၊ သီတာဝင်း၊ ဒေါက်တာသော်တာဝင်း၊ ဒေါ်ခင်မေသန်းက သူနှင့်မွေးသော ဒေါက်တာစန္ဒာ၊ ဒေါက်တာကြေးမုံဝင်းနှင့် ဖြိုးဝေဝင်း၊ တကယ်တွင်မူ သူနှင့်အကြောင်းပါသော ဇနီး (၅) ဦးရှိသည်ဟု ဆိုနိုင်သည်။ နေဝင်း သွတ်သွင်းခဲ့သော စစ်တပ်အုပ်စိုးမှု၏ အမှတ်လက္ခဏာဖြစ်သည့် ညှံ့ဖျင်း သောလုပ်ရပ်၏ အပျက်အစီး အစိတ်အပိုင်းတရပ်ဖြစ်သည့် ဤတခုတည်းသော ရှင်းလင်းရခက်သည့် နာရေးကြော်ငြာကို စစ်ဆေးအတည်ပြုပေးသူမှာ စစ်အုပ်စုပင်ဖြစ်၍ သူတို့ကိုသာ အပြစ်တင်ရမည်ဖြစ်သည်။

သို့နှင့်ပင် သူ့ပြာများမှာ အခမ်းအနားကင်းမဲ့လျက် အနီးအနားရှိ မြစ်အတွင်းသို့ ပစ်ချခံခဲ့ရသည်ဟု ယုံကြည်ရပေသည်။ သို့ဖြင့် သူ့ပြာများမှာ ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသော အမှိုက်သရိုက်ဖြစ်သွားတော့သည်။

အာဏာရှင်မှာ နောက်ဆုံး ကျဆုံးပျောက်ကွယ်သွားခဲ့ပြီ။ သန်းရွှေ၊ မောင်အေး၊ ခင်ညွန့် သုံးဦးအုပ်စု (ရုပ်ဆိုးများ) မှာ သူတို့၏ အဖေကြီး ကျဆုံးခန်းကို လင်းတများကဲ့သို့ ချောင်းမြောင်းနေခဲ့ကြပြီး သူတို့မှာ အကြွင်းမဲ့အာဏာရှင်များအဖြစ် မြင့်မြင့်မားမား ရပ်တည်လျက်ရှိကြသည်။ သူတို့ခေါင်းဆောင်ကြီး မဟုတ်မတရား ရှုးတူးတူးလုပ်သမျှ ခံခဲ့ကြရသော စက်ရုပ်သဏ္ဌာန်စစ်တပ်မှာ ယခုတော့ သူ့လက်မှ လွတ်ခဲ့လေပြီ။ မြန်မာနိုင်ငံ အပေါ် နှစ်ပေါင်းများစွာ အလေးတမူပြုခဲ့ကြသူများအနေဖြင့် အာဏာရှင်သေဆုံးမှုက ဒီမိုကရေစီကို အသက်ပြန်သွင်းနိုင်မည်ဟု အကောင်းမြင်မှုဖြင့် စိတ်မရှည်နိုင်စွာ ထင်မြင်ခဲ့ကြသည်။

နိုင်ငံအနေဖြင့် စိတ်မချမ်းမြေ့ဖွယ် နှစ်ပေါင်းရှည်ကြာနွံနစ်ကမ္ဘာ အိပ်မက်ဆိုးသံသရာမှ ထွက်လုဆဲဆဲတွင် နေဝင်းကို မှန်မှန်ကန်ကန် သိက္ခာချ ဆန့်ကျင်ဖို့ လိုအပ်ပေသည်။







ဆုံးရှုံးခဲ့သမျှ ပြန်လည်အစားထိုးနိုင်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဆက်လက်ဖော်ဆောင်ရမည့် အခွင့်အလမ်းကား နောက်ဆုံးရောက်ရှိလာခဲ့ပါပြီ။ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို ကျိန်းသေပေါက် အာမခံချက်ပေးနိုင်သည့် စစ်မှန်သည့် ဒီမိုကရေစီသို့ ဆက်လက်ချီတက်ရမည်ဖြစ်သည်။ နိုင်ငံတကာက မြင့်မြင့်မားမား ဂုဏ်ပြုခံထားရသည့် ကမ္ဘာ့အဆင့်မီပုဂ္ဂိုလ်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူက စိတ်ဓာတ်ရေးရာအရ အားပေးမှုပြုထားသည့် လူထုအကြိုက် ရွေးချယ်ခံထားရသည့် အစိုးရတရပ်ကလည်း အစဉ်သင့်ရှိနှင့်ပြီးဖြစ်သည်။ သေနတ်ပြောင်းနဲ့ အာဏာကိုင်ထားသူများက ဘာလုပ်ခဲ့ကြပါသလဲ။ လူမှန်စိတ်မှန်သူများနဲ့ တကယ့်ကို ပြောင်းပြန်ပါပဲ။ သူတို့၏ သေဆုံးသွားခဲ့ပြီဖြစ်တဲ့ ခေါင်းဆောင်ကြီးရဲ့ခြေရာကို ဆက်နင်းပြီး သူတို့အာဏာကို ဆန့်ကျင်သူမှန်သမျှကို ရှင်းလင်းဖယ်ရှားစတေးပစ်ဖို့ သူတို့ ဆုံးဖြတ်ခဲ့ကြသည်။ အခွင့်အရေးကောင်းကြီးကား ဆုံးရှုံးခဲ့လေပြီ။[၂၄]

ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ သူ့ဆရာ အာဏာရှင် မင်းဆိုးကွယ်ပျောက်သွားသည့်အချိန်ကစ၍ သူ့ကိုယ်သူ သရဖူယူဆောင်းပြီး ဘုရင့်အရာ ဘိသိတ်ခံလိုက်တော့သည်။[၂၅] အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် သူတို့၏ လက်ထောက်အကူများပါဝင်သော အဓိက အတိုက်အခံပါတီအဖွဲ့ဝင်များကို နိုဘယ်လ်ဆုရှင်နှင့် အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒု–ဥက္ကဋ္ဌ သူရဦးတင်ဦးတို့က ဦးဆောင်လျက် အထက်မြန်မာပြည်သို့ စည်းရုံးရေးခရီးစဉ်အဖြစ် မော်တော်ကားတန်းဖြင့် သွားကြသည်။ ဤခရီးစဉ်မှာ နအဖ၏ တရားဝင်ခွင့်ပြုချက် အပြည့်အစုံရရှိပြီးဖြစ်သည်။ သို့သော်လည်း သူတို့သွားလေရာနေရာတိုင်းမှ လူတိုင်းက အဖွဲ့ချုပ်ကို မေတ္တာလွှမ်းခြုံလျက် ထောက်ခံမှုအပြည့် တောက်လျှောက်ပေးခဲ့ကြသည့်အတွက် နအဖမှာ သိသိသာသာ စိတ်အနှောင့်အယှက်ဖြစ်ခဲ့သည်။

၂၀၀၃ ခုနှစ် မေ (၃၀) ရက် ည (၈) နာရီ မှောင်စပျိုးချိန် နောက်တနေရာရောက်ရန် နောက်ကျနေချိန်တွင် မော်တော်ကားတန်းမှာ ကျီရွာနှင့် ဒီပဲယင်းမြို့အကြား (၂) နေရာတွင် ခြုံခိုတိုက်ခိုက်ခံခဲ့ကြရသည်။ တိုက်ခိုက်ခဲ့သူများမှာ အင်အား (၅,၀၀၀) ကျော် (နအဖက နောင်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်ပေးသော အရေအတွက်ဖြစ်ပြီး သူတို့အဆိုအရ အဖွဲ့ချုပ်ကို ကန့်ကွက်ဆန္ဒပြသူများ) ရှိပြီး နအဖဖွဲ့စည်းပေးထားသော ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသားများက အမာခံပါဝင်ပြီး ထောင်များမှ စုစည်းလာသော ရာဇဝတ်သားများ၊ အမြဲတမ်းစစ်သားများနှင့် ယူနီဖောင်းဝတ်မထားသော ပြည်သူ့ရဲများပါ ပါဝင်သည်။ နအဖက အဓိကစီမံချက်ချပြီး လက်နက်ကိုင်စစ်အရာရှိများ ကွပ်ကဲသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အခစားလှုံ့ဆော်ရေးသမားများက ကြိုတင်ကြံစည်ပြီး အသေအကျေ ခြုံခိုတိုက်ခိုက်ခြင်းဖြစ်သည်မှာ သံသယဖြစ်စရာမရှိချေ။ ဆန္ဒပြသူများဆိုသူ အများ

စုမှာ သံချောင်းများ၊ သံချွန်များ၊ ဝါးချွန်များ၊ ဓားများနှင့် အခြားသေစေနိုင်လောက်သော လက်နက်များ ကိုင်ဆောင်ထားပြီး အကြမ်းမဖက်ရေးလမ်းစဉ်ကို လုံးဝဥဿုံစွဲကိုင်ထားကြပြီး လုံးဝလက်နက်မရှိသော ပြန်လည်ခုခံခြင်းမရှိသော အဖွဲ့ချုပ်အဖွဲ့ဝင် ယောကျ်ားမိန်းမ အားလုံးတို့ကို ရက်စက်ရိုင်းစိုင်းစွာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အများအပြားမှာ ရက်ရက်စက်စက် အသတ်ခံရသူခံရ၊ ဒဏ်ရာရသူရကြသည့်အပြင် ယာဉ်များ၊ ပိုင်ဆိုင်မှုပစ္စည်းများမှာ အဖျက်စီးခံရ အလုအယက် ခံကြရသည်။ ကံကောင်းထောက်မစွာဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့မှာ ဒဏ်ရာအနာတရရခဲ့ပြီး ထောင်တွင်းအပို့ခံခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ပထမ ထိန်းသိမ်းထားခဲ့ပြီး စက်တင်ဘာလတွင် ရန်ကုန်သို့ ပြန်ခေါ်ခဲ့ကာ အိမ်တွင်းအကျဉ်းချထားခဲ့သည်။ ဦးတင်ဦးကိုလည်း ထောင်တွင်းအတန်ကြာထားခဲ့ပြီး နောင်တွင် အိမ်တွင်းအကျယ်ချုပ်ပြန်ထားခဲ့သည်။ ရှက်စရာကောင်းလှပြီး အညှာအတာကင်းမဲ့လှသည့် ဤအချင်းဖြစ်ပွားမှုသည် မြန်မာ့သမိုင်းတွင် "ဒီပဲယင်းသတ်ဖြတ်မှုကြီး" ဟု မှတ်တမ်းဝင်ခဲ့သည့်အပြင် နေဝင်းလွန်ခေတ် သုံးဦးအုပ်စု၏ သေနတ်တွင် ပထမဆုံး သွေးအေးအေးဖြင့် အစုလိုက်အပြုံလိုက် လူသတ်မှုအဖြစ် အဦးဆုံးအမှတ်အသား ရရှိသွားစေခဲ့သည်။[၂၆]

ထို့နောက် တနှစ်အတွင်း ဩဂုတ်လ (၂၅) ရက်နေ့တွင် ဝန်ကြီးအဖွဲ့ အပြောင်းအလဲလုပ်ရာတွင် နအဖဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် ကြံ့ဖွံ့ဥက္ကဋ္ဌဖြစ်သူ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားထောက်လှမ်းရေးတပ်ဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အသစ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား သူ၏ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းပေးရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း ဗိုလ်ခင်ညွန့်အနေဖြင့် သူ၏ နအဖအတွင်းရေးမှူး (၁) ရာထူးကို စွန့်လွှတ်ပေးလိုက်ရသည်။ သူ့ကိုဆက်ခံသူ ဒု–ဗိုလ်ချုပ်ကြီးစိုးဝင်းမှာ အတွင်းရေးမှူး (၂) ရာထူးမှ မြင့်တက်လာသူဖြစ်ပြီး ကြံ့ဖွံ့အသင်း၏ အလွန်တက်ကြွသော အလုပ်အမှုဆောင်တဦးဖြစ်သည့်အပြင် သက်သေသက္ကာယမရှိသော်လည်း ဒီပဲယင်းလူသတ်မှုကြီးကို စီမံခဲ့သူဟုဆိုသည်။ စိုးဝင်း၊ ဗိုလ်ချုပ်ကြီး သူရရွှေမန်း (ပူးတွဲစစ်ဦးစီးချုပ်၊ ကာကွယ်ရေးဌာန) နှင့် ဗိုလ်ချုပ်ကျော်ဝင်း (စစ်ထောက်လှမ်းရေး ဒု–အကြီးအကဲ) တို့မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဘက်သားများဖြစ်ကြသည်။

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ ၂၀၀၄ ခုနှစ် အောက်တိုဘာလ (၁၉) ရက်နေ့တွင် ရာထူးမှ အထုတ်အပယ်ခံခဲ့ရသည်။ တရားဝင်အားဖြင့် စစ်အုပ်စုအမိန့်မနာခံမှု၊ အကျင့်ပျက်လာဘ်စားမှုနှင့် သူ့တာဝန်များကို ကျေပွန်အောင် မထမ်းဆောင်နိုင်မှု စသည့် ပုန်ကန်မှုစွဲချက်များဖြင့် သူ့ကို အငြိမ်းစားယူခွင့်ပြုလိုက်ခြင်းဖြစ်သည်။ အိမ်တွင်းချုပ်ထားခဲ့ပြီး ၂၀၀၅ ခုနှစ် ဇူလိုင် (၂၂) ရက်တွင် အထူးတရားရုံးဖြင့်စစ်ဆေးကာ အပြစ်ရှိသည်ဟု တွေ့ရှိသဖြင့် သူသည် ဆိုင်းငံ့ထောင်ဒဏ် (၄၄) နှစ်ရရှိခဲ့သည်။ အစောပိုင်းတွင်





သူနှင့်ဆက်သွယ်မှုရှိသူ ထောက်လှမ်းရေးအရာရှိ (၃၈) ဦးတို့မှာ ထောင်ဒဏ် အနှစ် (၂၀) မှ အနှစ် (၁၀၀) ကျော်အထိ ကျခံပြီးဖြစ်သည်။ နေဝင်း၏ သစ္စာတော်ခံမှာ (အစွမ်းထက်လှသော သူ့အဖွဲ့အစည်းကျောထောက်နောက်ခံဖြင့်) ကြောက်ခမန်းလိလိ အာဏာတက်လာသည့်အတွက် သူနှင့်သူ၏ နောက်လိုက်များဖြင့် ဖွဲ့စည်းထားသော အဆိပ်အတောက်အဆောက်အအုံတခုလုံးကို ဖယ်ရှားပစ်ခဲ့ခြင်းဖြစ်သည်။ ထိုနောက် (၂) ယောက်သာ ကျန်ခဲ့တော့သည်။[၂၇]

ကျွန်တော်၏ယခင်စာအုပ်တွင် ရည်ညွှန်းရေးသားခဲ့သော အတ္တသမားနေဝင်းက သူ့ရာထူးတည်မြဲရေးအတွက် သူ့လမ်းကြောင်းတလျှောက် တွေ့သမျှ အစစ်အမှန်ဖြစ်စေ၊ သူထင်မြင်သည်ဖြစ်စေ သူ့ကို ပြိုင်သူမှန်သမျှ ဖယ်ရှားပစ်သည့် သုတ်သင်ရေးလမ်းစဉ်သည် အစွမ်းထက်လှသည့်အတွက် ပိုမိုငြိမ်းချမ်းလုံခြုံရာ တိုင်းပြည်များသို့ ဦးနှောက်ယိုစီးမှုဖြစ်ပြီး တိုင်းပြည်တွင် တီထွင်ကြံဆနိုင်သူ အတတ်ပညာရှင်များ ကင်းမဲ့သွားစေခဲ့သည်။ အဆင့်နိမ့်သည့်အပြင် မကြာခဏပြုတ်တောင်းပြတ်တောင်းဖြစ်နေသော ပညာရေးစနစ်ကလည်း တိုင်းပြည်အတွက် ပိုမိုနစ်နာဆုတ်ယုတ်စေလေသည်။ ထို့အပြင် မပြည့်စုံသော နိုင်ငံရေးစမ်းသပ်မှုများကလည်း စီးပွားရေးကို ဆက်လက်ဖျက်စီးခဲ့ရာ နိုင်ငံ၏ငွေကြေးမှာ တန်ဖိုးမဲ့သည်အထိ ရောက်သွားခဲ့ပြီး တရားမဝင်သောအစိုးရမှာ ဒေဝါလီခံရလေသည်။ စစ်တပ်တွင် အမြင့်ဆုံးရာထူးများကို ဖက်တွယ်ထားသူ မူလဘူတ လက်ရွေးစင်များသာ ယနေ့အချိန်တွင် မထိမခိုက် ဆက်လက်ရပ်တည်နိုင်ကြသော်လည်း တိုင်းပြည်၏ အများစုလူထုကြီး၏ နောင်ရေးမှာ လုံးဝမျှော်လင့်ချက်ကင်းမဲ့လျက်ရှိသည်။ အနည်းငယ်ဟူသော အကောင်းမြင်ကို ကြိုတင်မှန်းဆနိုင်သော်လည်း အောက်တွင်ဖော်ပြထားသော အရည်အချင်းပြည့် ဆရာဝန်တယောက်၏ စိတ်ပိုင်းဆိုင်ရာ သုံးသပ်ချက်က စိတ်ဝင်စားစရာကောင်းသလောက် ကျောချမ်းဖွယ်လည်း ကောင်းလှသည်။

ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်တဦးဖြစ်သူ ဆစ်ဒနီမြို့(ဩစတြေးလျ) မှ စိတ်ရောဂါအထူးကုဆရာဝန် ဒေါက်တာတင့်ဝေက "သက်ဦးဆံပိုင် အာဏာရှင်စနစ်အောက်က လူမှုဘဝအခြေအနေများ၊ စိတ်ပိုင်းဆိုင်ရာ ရှုထောင့်အမြင်တရပ်" ခေါင်းစဉ်ဖြင့် စိတ်ပိုင်းဆိုင်ရာ ပိုင်းခြားဝေဖန်ဆန်းစစ်မှု စာတမ်းတစောင်ကို ရေးသားခဲ့ရာ ဩစတြေးလျနှင့် နယူးဇီလန် စိတ်ပိုင်းဆိုင်ရာ ကုသမှုအသင်းကြီးက ထုတ်ဝေသည့် ၂၀၀၃ ခုနှစ် နှစ်ပတ်လည်ဂျာနယ်၏ ဒုတိယထုတ်စာစောင်တွင် ပုံနှိပ်ဖော်ပြခြင်းခံရသည်။

သူက ယင်းစာတမ်းတွင် ဗိုလ်ချုပ်နေဝင်း ၁၉၆၂ ခုနှစ် အာဏာရပြီး နိုင်ငံအစိုးရ ပါဝင်စီမံသည့် အကြမ်းဖက်မှု (State Terrorism) ကို မြန်မာနိုင်ငံတွင် သွတ်သွင်းခံရပြီး ဖြစ်ပေါ်လာသည့် ရေရှည်ကွင်းဆက် ဖြစ်ပေါ်မှုများကို အဓိကထား ရည်ညွှန်းကိုးကားပြီး အာဏာရှင်အုပ်စုတစုအောက်တွင် နေထိုင်ရသည့် အကျိုးဆက်များကို ဆွေးနွေးတင်ပြ

ထားသည်။ ၎င်းစာတမ်း၏ အဓိကတင်ပြမှုများကို အောက်တွင် ကိုးကားဖော်ပြလိုက်ပါသည်။

"ထိုအချိန်မှစ၍ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင် အပါအဝင် လူ့အခွင့်အရေးအုပ်စုများက မြန်မာအစိုးရအား အတိုက်အခံအင်အားစုများအပေါ် စနစ်တကျအရေးယူဖမ်းဆီးနှိပ်ကွပ်မှုများအတွက် စွဲချက်များတင်လျက်ရှိသည်။ အဆိုပါ စွဲချက်များအထဲတွင် အာဏာရှင်စနစ်အား စွဲစွဲမြဲမြဲ အန်တုနေသည့် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား အဖန်တလဲလဲ ဖမ်းဆီးထိန်းသိမ်းထားမှုနှင့် သူမ၏ ထောက်ခံသူများအား နိုင်ငံအစိုးရကိုယ်တိုင် အားပေးထောက်ပံ့မှုဖြင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်နေမှုများ ပါဝင်ပါသည်။"

ဒေါက်တာတင့်ဝေက ဆက်လက်၍ ရော်ဘင်နှင့် ပို့စ် (Robins and Post) တို့အား ကိုးကားကာ ၎င်းတို့၏ ၁၉၉၇ ခုနှစ်ထုတ် "နိုင်ငံရေး ယုံမှားလွန်ဝေဒနာ၊ မုန်းတီးနာကြည်းမှု၏ အခြေခံ" အမည်ရှိ စာအုပ်မှ အောက်ပါအချက်များကို တင်ပြခဲ့သည်။

"အာဏာရှင်များဖြစ်သူ ပိုပေါ့ (Pol Pot)၊ အီဒီအာမင် (Idi Amin) နှင့် ဂျိုးဆက်စတာလင် (Josef Stalin) တို့ကို လေ့လာမှုတခုပြုရာတွင် ပိုပေါ့၏ ကမ္ဘောဒီးယားနိုင်ငံသည် တနည်းတဖုံအားဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် နှိုင်းယှဉ်နိုင်သည့်အချက်များရှိကြောင်း ဝေဖန်မှုပြုခဲ့သည်။ စာရေးသူများအနေဖြင့် အာဏာရှင်များအားလုံးတွင် ယေဘုယျ တူညီမှုများရှိကြောင်း တွေ့ရှိခဲ့သည်။ ယင်းတို့မှာ... အာဏာနှင့်ပတ်သက်၍ ယုံမှားလွန်စိတ်ဝေဒနာ ခံစားရမှု၊ လူမျိုးခြားများအား နာကြည်းရှောင်ကြဉ်မှု၊ တိုင်းရင်းသား လူနည်းစုများအပေါ် မလိုမုန်းတီးမှုနှင့် မိမိအမျိုးအနွယ်ကို အထူးစင်ကြယ်သန့်စင်စေလိုမှု စသည်တို့ဖြစ်သည်။ အာဏာရှင်ခေါင်းဆောင်၏ နိုင်ငံရေးစီမံအမိန့်ပေးမှုများကို သူ၏ လက်ထောက်များက စိတ်အားထက်သန်စွာ အကောင်အထည်ဖော်တတ်ကြသည်။ ရော်ဘင်နှင့် ပို့စ်တို့၏ လေ့လာတွေ့ရှိချက်များအထဲတွင် ယုံမှားလွန်ဝေဒနာ (Paranoid) ရှိသူများ စုပေါင်းဖွဲ့စည်းထားသည့် ခေါင်းဆောင်မှုသည်လည်း "ပါရာနွိုက်" ခေါင်းဆောင်တဦးတည်းကဲ့သို့ပင် ရက်စက်ကြမ်းကြုတ်၍ ပျက်စီးစေနိုင်သည်သာဖြစ်ကြောင်း ပါဝင်ခဲ့သည်။

ကျွန်တော်၏ တတိယအကြိမ်ထုတ် စာအုပ်နိဂုံးချုပ်အဖြစ် နိုင်ငံခြားနယ်ချဲ့အင်အားကြီး (၂) ဦးကို အောင်မြင်ခဲ့သူ ကျွန်တော်တို့၏ (၂၀) ရာစု အမျိုးသားသူရဲကောင်း ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာမြင့်မားလှသည့် သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်အတွက်သာ နောက်ဆုံးအပိတ်စကား နေရာသီးသန့် ထားခဲ့ချင်ပါသည်။ နိုင်ငံခြားမှ ကျူးကျော်သူများထက် ပိုမိုဆိုးဝါးလှသည့် ၁၉၆၂ ခုမှစခဲ့သော မိမိမြေပေါ်တွင်ပင် ပေါက်ဖွားခဲ့သည့် အဆက်ဆက်သော စစ်အာဏာရှင်တို့၏ မကောင်းဆိုးဝါးအင်အားများကို ဖယ်ရှားပစ်ပြီး







(၂၁) ရာစု ယခုအချိန်ပိုင်းတွင် နိုင်ငံ၏လွတ်လပ်ရေးနှင့် ဂုဏ်သိက္ခာကို ပြန်အစားထိုးနိုင်ရန် သူမ၏ခေါင်းဆောင်မှုကို သူမအား နေရာမှန် ပေးအပ်ခြင်းခံရလျှင် အောင်မြင်မည်ဖြစ်သည်။ တချိန်တည်းတွင် အရှည်အကြာခံစားရသော မြန်မာနိုင်ငံသားများနှင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆိတ်သုန်းခံရပြီး ပြန်လည်တောင်းတနေကြသော အခြားအခြားသောလူပုဂ္ဂိုလ်အားလုံး သူမ၏ အောက်ပါစကားပြောကြားချက်များတွင် စိတ်အားတက်စရာမျှော်လင့်ချက်များကို တွေ့မြင်ရပေလိမ့်မည်။

ဗုဒ္ဓဝါဒတရားသဘောသည် ဓမ္မကိုယ်ကျင့်တရားကောင်းမွန်မှုအပေါ်တွင် အခြေခံသည်။ အကာအကွယ်မဲ့ ပြည်သူအပေါ်တွင် မပြောင်းမလဲပြင်းထန်သော စည်းမျဉ်းများချမှတ်နိုင်သည့် အင်အားအပေါ်၌ မတည်ချေ။ စနစ်တခု၏ မှန်ကန်မှုကို အင်အားအနည်းဆုံးသူများအား အတိအကျကာကွယ်ပေးနိုင်သည့် ပမာဏဖြင့် အစစ်အမှန် တိုင်းတာနိုင်သည်။

တရားမျှတမှုမရှိသောနေရာတွင် လုံခြုံစိတ်ချရသော ငြိမ်းချမ်းမှု မရှိနိုင်ချေ။ အာဏာရှင်စိုးမိုးမှုနှင့် ဖိနှိပ်မှုကို ဆန့်ကျင်၍ တွန်းလှန်မှုကို နောက်ဆုံးအားကိုးရာအဖြစ်လူသားအနေဖြင့် အတွင်းအကျပ်ပြုလုပ်ခွင့်မရနိုင်လျှင် လူ့အခွင့်အရေးများကို ဥပဒေစိုးမိုးမှုဖြင့် ကာကွယ်ရမည်ဟူ၍ နိုင်ငံတကာလူ့အခွင့်အရေးကြေညာချက်စာတန်းက အသိအမှတ်ပြုထားသည်။ ထိုတရားမျှတသော ဥပဒေများသည် လူ့အခွင့်အရေးများကို ကိုင်စွဲထားသည့် ငြိမ်းချမ်းရေးအတွက် လိုအပ်သော အုပ်မြစ်ဖြစ်သည်။ အတိုက်အခံအားလုံးကို နှုတ်ဆိတ်စေခြင်းကို ငြိမ်းချမ်းရေးဟူ ၍လည်းကောင်း သူတို့၏အာဏာ အာမခံချက်ရှိခြင်းကို လုံခြုံရေးဟူ၍လည်းကောင်း အဓိပ္ပာယ်ကောက်ယူထားသည့် အသိဉာဏ်မဲ့သူများကသာ လူသားများ၏ လုံခြုံစိတ်ချရမှုကို ငြင်းပယ်ကြသည်။[၂၉]

❑ ❑ ❑ ❑ ❑

**စာတွဲ**

# လုပ်ကြံမှုနှင့် ရုံးတင်တရားစွဲဆိုမှုတို့နှင့် ပတ်သက်သော ကြေးနန်းစာအချို့

(Selected telegrams Concerning the Assassination and Trial)

**ဆာဟူးဘတ်ရန့်မှ လော့ပက်သစ်လောရင့်ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၅၀၄**
(Sir Hubert Rance to Lord Pethick-Lawrence. Telegram, IOR: M/4/2504)
**ချက်ချင်းအဖြစ်ဆုံး။ ရန်ကုန်၊ ၁၉၄၆၊ စက်တင်ဘာလ (၂၁) ရက်၊ (၂၃:၀၀)နာရီ**
**လက်ခံရရှိ၊ စက်တင်ဘာလ (၂၁) ရက်၊ (၂၂:၅၀) နာရီ**
**နံပါတ် (၁၂၁)၊ ဘုရင်ခံထံမှ ကိုယ်ပိုင်ကြေးနန်း။ ။**

(၁) အစိုးရအိမ်တော်မှ ထွက်ခွာပြီး မကြာမီ ယနေ့ နေ့လယ်ပိုင်းတွင် ဦးစော (ထပ်မံ ဦးစော) ၏အသက်ကို ရန်ရှာမှုဖြစ်ပေါ်ခဲ့ပါသည်။ ဦးစောက ရဲအရာရှိကို ဤသို့ပြောဆိုသည်မှာ မိမိအစိုးရအိမ်တော်မှ ပြန်သွားပြီး သူသည် သူ့ သတင်းစာတိုက် (သူရိယ) သို့ သွားပြီးနောက် သူ့ဌာနချုပ်သို့သွား၍ အစည်းအဝေး ပြုလုပ်ပါသည်။ (၁၆း၃၀) နာရီတွင် အိမ်သို့ပြန်ရာ၌ သူ့နောက်ကားထဲမှ သူ့လူနှစ်ယောက် လိုက်ပါလာကြပါသည်။ အစိုးရအိမ်တော်မှ မိုင်ဝက်ခန့်တွင်ရှိသော ပြည်လမ်းပေါ်ရှိ မြေနီကုန်းအဝိုင်းသို့အရောက်တွင် သူသည် သူ့နောက်မှ ကားလိုက်ပါလာခြင်းရှိမရှိ လှည့်ကြည့်ရာ၊ ထိုအချိန်တွင် ဂျစ်ကားတစီးကို သတိထားမိပြီး အဝိုင်း၏ တဘက်သို့ အကွေ့အတက်တွင် သူ့ကားသည် အရှိန်လျော့သွားရာ၊ ထိုအချိန်၌ ပြန်လှည့်ကြည့်ပြန်ရာ သူ့ကားနှင့်ယှဉ်လျက် ဂျစ်ကားကို တွေ့မိပါသည်။ ၎င်းဂျစ်ကားထဲတွင် ပြည်သူ့ရဲဘော် (ထပ်မံ–ပြည်သူ့ရဲဘော်) ယူနီဖောင်းဝတ် (၄) ယောက်နှင့် သေနတ်ပြောင်းတခု သူ့ကားဘက်ချိန်ထားသည်ကို တွေ့ရပြီး၊ သေနတ်တချက် လှမ်းပစ်လိုက်၍၊ သူ့ကား ပြတင်းပေါက်နှစ်ခုလုံး ဖောက်ထွက်သွားပါသည်။ ထို့နောက် ၎င်းဂျစ်ကားမောင်းထွက်ပြေးသွားပြီး၊ သူ့ကားကို ရပ်ပစ်လိုက်ရာ၊ ဦးစောကို သေနတ်ကျည်ဆန်မမှန်သော်လည်း သူ့မျက်လုံးတဝိုက် မှန်ကွဲစများဖြင့် ကွဲရှသွားပြီး၊ မျက်လုံးတလုံးမှာ စိုးရိမ်ရသော အခြေအနေမှာ ရှိပါသည်။ ထိုအချိန်တွင် အနားမှ ဖြတ်သွားသော ဥရောပလူမျိုး (၂) ဦးက သူ့ကို ဆေးရုံသို့ လိုက်ပို့လိုက်ကြပါသည်။ ဦးစော၏ အတွင်းရေးမှူးက ၎င်းအဖြစ်အပျက်ကို ယေဘုယျအားဖြင့် မှန်ကန်ကြောင်း အတည်ပြုပြောဆိုပါသည်။ သူနှင့် လိုက်ပါလာခဲ့သော မျိုးချစ်ပါတီဝင်များအား စစ်ဆေးမေးမြန်းရာတွင် ရဲအရာရှိများ မျှော်လင့်သကဲ့သို့ ပါတီချင်းတိုက်ပွဲ၏အစဟု ထွက်ဆိုကြ





ပါသည်။ လွန်ခဲ့သည့်နှစ်ရက်က ဦးစောက သူ့သတင်းစာမှနေ၍ ဖဆပလအဖွဲ့ချုပ်ကို ပြင်းပြင်းထန်ထန်စိန်ခေါ်ခဲ့ပါသည်။ ဆက်လက်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိရာ သင့်ထံ အဆက်မပြတ် သတင်းပေးပို့နေပါမည်။

၂။ ယူဂန်ဒါတွင် ရှိသော ဂျာမန်လူမျိုး၊ ဦးစော၏ မယားဆိုသူကိစ္စနှင့် ပတ်သက်၍ ဦးစော၏ ဇနီးသည်က သူနှင့် ကွာရှင်းလိုစိတ် ပြင်းပြနေကြောင်းလည်း စီအိုင်ဒီက အစီရင်ခံပါသည်။

၃။ ဦးအောင်ဆန်း၊ ဦးပေါ်ထွန်း၊ ဒေါက်တာဘမော်၊ ဦးစောနှင့် ဦးဗစိန်တို့ကို ကျနော်ယနေ့တွေ့ဆုံခဲ့ပါသည်။ ဦးအောင်ဆန်းက သူ့အမှုဆောင်အဖွဲ့ကို အစီရင်ခံရမည်ဖြစ်၍ မနက်ဖြန်၊ သို့မဟုတ် တနင်္ဂနွေနေ့ နေ့လယ်ခင်း၊ သို့မဟုတ် တနင်္လာနေ့ နံနက်တွင် သူ့ကို ကျွန်တော်ထပ်မံတွေ့ပါမည်။ [၁]

၄။ သပိတ်အနေအထားအရ အားရစရာမကောင်း (ထပ်မံ–မကောင်း) ပါ။

အစည်းအဝေးပြီး အစည်းအဝေးနှင့် ယင်းအစည်းအဝေးများတွင် အစီရင်ခံစာများသာ တနေ့လုံးကြားနာနေရပါသည်။ မနက်ဖြန် တနင်္ဂနွေနေ့၊ နေ့လယ်တွင် စီအယ်လ်အေ (CLA) ကော်မီတီ၏ လက်ရှိ အဖွဲ့ဝင်မဟုတ်တော့သော အဖွဲ့ဝင် (၃) ဦးကို ကျွန်တော် တွေ့ပါသည်။ ထိုသူများထဲတွင် အရာထမ်း၊ အမှုထမ်းပေါင်းစုံအဖွဲ့ချုပ်၏ ဥက္ကဋ္ဌလည်း ပါရှိပါမည်။

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ(လ်) (Earl of Listowel) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၄**
**ချက်ချင်း အဖြစ်ဆုံး။ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်၊ (၁၂း၀၀) နာရီ**
**လက်ခံရရှိ။ ဇူလိုင်လ (၁၉) ရက်၊ (၀၈း၄၀)နာရီ**
**နံပါတ် ၂၈၁၊ ဘုရင်ခံထံမှ ကိုယ်ပိုင်ကြေးနန်း–**

ယနေ့နံနက် (၁၀) နာရီခွဲတွင် စတင်းဂန်းသေနတ်ကိုင် ဗမာသုံးဦးက အမှုဆောင်အဖွဲ့ကို အစည်းအဝေးထိုင်နေစဉ် တိုက်ခိုက်မှုပြုလုပ်ကြရာတွင် ထိခိုက်သေဆုံးသူများ...

သေဆုံး– ဦးရာဇတ်၊ ဦးဘချို၊ သခင်မြ၊ ဦးဘဝင်း၊ မန်းဘခိုင်

ဒဏ်ရာရသူများ–ဦးအောင်ဆန်း(ရင်ဘတ်ပေါက်ထွက်ဒဏ်ရာရ)၊ မိုင်းပွန်စော်ဘွား၊

ထပ်မံ၍ အပြည့်အစုံ အစီအရင်ခံပါမည်။ [၂]

**အာဒဗလျူဒီဖောင်လာ (R.W.D. Fowler) (ဘုရင်ခံ၏ ခေတ္တအတွင်းဝန်) ထံမှ ဆာဂီဘတ်လိတ်ဝိတ် (Sir Gilbert Laithwaite) ထံသို့**
**ကြေးနန်းစာ– အိုင်အိုအာ– အမ်/၄/၂၇၁၄**
**ချက်ချင်းအဖြစ်ဆုံး။ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်၊ (၁၆း၂၅) နာရီ**

**လက်ခံရရှိ။ ဇူလိုင်လ (၁၉) ရက်၊ (၁၅း၄၅) နာရီ**
**နံပါတ်–၂၈၂။ ဖောင်လာမှ လိတ်ဝိတ်ထံသို့၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်းစာ ၂၈၁၊**

၁။ အသေးစိတ်အချက်အလက်များကို ကျွန်တော် ယခုပေးနိုင်ပါပြီ။ အမှုဆောင်အဖွဲ့ အစည်းအဝေးပြုလုပ်နေစဉ်၊ ယနေ့ နံနက် (၁၀) နာရီခွဲတွင် အမှတ် (၁၂) စစ်တပ်အမှတ်အသားများပါရှိသော ဂျစ်ကားတစီးသည် အဝင်တံခါးမကြီး၌ ထိုးရပ်လာခဲ့သည်။ ဂျစ်ကားထဲတွင် လူတယောက်ကျန်ရစ်ခဲ့သည်။ စတင်းဂန်းသေနတ်များနှင့် ရိုင်ဖယ်သေနတ် (၂) လက်ကိုင်ဆောင်ထားကြသော လူ (၅) ယောက်သည် အမှုဆောင်အဖွဲ့ အစည်းအဝေးခန်းမသို့ လှေကားမှ တက်သွားကြသည်။ ခန်းမတံခါးဝအပြင်ဘက်၌ စောင့်ကြပ်နေသောလက်နက်ကိုင် ပြည်သူ့ရဲဘော်တဦးက သူတို့ကို တားဆီးရန် ကြိုးစားစဉ် သေနတ်ဖြင့် အပစ်ခံလိုက်ရသည်။ သူက လက်နက်ကိုင်ဆောင်လာသူများကို အမှတ် (၄) ဗမာ့ရိုင်ဖယ်တပ်ဖွဲ့ဝင်များ ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ သူသည် ဆိုးဆိုးရွားရွား ဒဏ်ရာရရှိခဲ့သည့်အတွက် အသေးစိတ်အချက်အလက်များ မပေးနိုင်ခဲ့ပါ။ စတင်းဂန်းသေနတ်ကိုင်လူသုံးယောက်သည် အမှုဆောင်အဖွဲ့ခန်းမအတွင်းသို့ ဝင်ရောက်ကြပြီး အထဲရှိသူများအားသူတို့သေနတ်များဖြင့် တရကြမ်း မွှေ့ရမ်းပစ်ခတ်ခဲ့ကြသည်။

၂။ အောက်ပါထိခိုက်သေဆုံးသူများအား အတည်ပြုနိုင်ပါပြီ။ သေဆုံးသူ ဦးအောင်ဆန်း၊ ဦးဘဝင်း၊ ဦးအဗ္ဗဒူရာဇတ်၊ မန်းဘခိုင်၊ သခင်မြနှင့် ဦးအုန်းမောင် (အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် ရှိနေခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဌာန– ဒုတိယအတွင်းဝန်)၊ ဒဏ်ရာရသူ– ဒီးဒုတ်ဦးဘချို (စိုးရိမ်ရသော အခြေအနေတွင် ရှိသည်)၊ မိုင်းပွန်စော်ဘွား (အခြေအနေကောင်းသည်) နှင့် ကိုထွေး (ဦးအဗ္ဗဒူရာဇတ်၏ သက်တော်စောင့်)။

၃။ ပျော်ဘွယ်ဦးမြ၊ ဦးဘဂျမ်း၊ ဦးအောင်ဇံဝေနှင့် ဦးရွှေဘော် (အမှုဆောင်အဖွဲ့၏ အတွင်းဝန်) တို့မှာ ထိခိုက်မှုမရှိ။ စောစံဖိုးသင်သည် ခရီးထွက်နေပြီး သခင်နုသည် အစည်းအဝေးတွင် ရှိမနေခဲ့။

၄။ ထိခိုက်သေဆုံးသူများအား နှောင့်နှေးခြင်းမရှိဘဲ ဆေးရုံကြီးသို့ ပို့ခဲ့သည်။ ရဲတပ်ဖွဲ့အနေဖြင့် အခြေအနေကို သွက်လက်ထက်မြက်စွာ ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ပုံရပါသည်။

၅။ ယခုအဖြစ်အပျက်သည် အထွေထွေအုံကြွမှုကြီး၏ အစိတ်အပိုင်းတရပ်ဖြစ်မဖြစ် ပြသ သည့် အရိပ်အယောင်တစုံတရာ မရှိသေးပါ။ အလံနီကွန်မြူနစ်များက ဤတိုက်ခိုက်မှု အစီအစဉ်ကို သိနေခဲ့သည့် အရိပ်အယောင်များရှိသည်။ လက်ရှိအစိုးရက သူတို့အပေါ် ပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်ရန် စဉ်းစားလိမ့်မည်ကို အခြားအတိုက်အခံပါတီများက ကြောက်လန့်နေကြောင်း ယုံကြည်ရသည်။ ဤသည်က အတိုက်အခံပါတီအားလုံးက ယခုတိုက်ခိုက်မှုအစီအစဉ်ကို ထိန်ချန်လျှို့ဝှက်ထားခဲ့ပုံရကြောင်း







ပြဆိုလျက်ရှိ သော်လည်း အထောက်အထားမရှိပါ။

၆။ ဘုရင်ခံအနေဖြင့် ဗိုလ်ချုပ် ဘရစ် (ဂ်)၊ ဗိုလ်ချုပ်သောမတ် (စ်)၊ ရဲတပ်ဖွဲ့ စစ်ဆေးရေး အရာရှိချုပ်အပြင် ပြည်တွင်းလုံခြုံရေးနှင့် ပတ်သက်သော အခြားပုဂ္ဂိုလ်များနှင့် ယနေ့နံနက် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဗမာ့စစ်ဌာနချုပ်အနေဖြင့် နောင်ဖြစ်လာမည့်ပြဿနာများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

၇။ ဘုရင်ခံအနေဖြင့် လောလောဆယ်တွင် သခင်နု၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြတို့နှင့် တိုင်ပင်ညှိနှိုင်းလျက်ရှိသည်။ အမှုဆောင်အဖွဲ့သစ်ဖွဲ့စည်းရေး အဆိုပြုချက်သတင်းများနှင့်အတူ နောက်ထပ်ကြေးနန်းစာကို ယင်းတိုင်ပင်ညှိနှိုင်းမှု ပြီးပြီးချင်း ထပ်မံပေးပို့ပါမည်။

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်)ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၄**
**ချက်ချင်းအဖြစ်ဆုံး။ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်၊ (၁၀း၁၅) နာရီ**
**လက်ခံရရှိ။ ဇူလိုင် (၂၀) ရက်၊ (၀၈း၀၀) နာရီ**
**နံပါတ် ၂၈၇၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊**
**ကျွန်ုပ်ပေးပို့သော ကြေးနန်းစာ အမှတ် (၂၈၁) နှင့်**
**ဆက်တိုက်ပေးပို့သော ကြေးနန်းစာများ။**

ဦးစောအပေါ်တွင် သံသယဖြစ်မှု ဗဟိုပြုလျက်ရှိသည်။ ယမန်နေ့ နံနက် (၁၁) နာရီထိုးပြီးပြီးချင်း စွပ်ကျယ်အင်္ကျီများ ဝတ်ထားသော လူ (၅) ဦးလိုက်ပါလာလျက် ဂျစ်ကားတစီး ဦးစောနေအိမ်သို့ ရောက်ရှိလာခဲ့သည်။ ယမန်နေ့ နေ့လယ်ပိုင်းတွင် ဦးစော၏အိမ်ကိုရဲများက ဝင်ရောက်စီးနင်းခဲ့ပြီး ဦးစောနှင့် လူ (၁၀) ဦးအား ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိန်းသိမ်းခဲ့သည်။ ရိုင်ဖယ် (၁၈) လက်နှင့် စတင်းဂန်းတလက် တွေ့ရှိခဲ့သည်။ ခြံဝင်းအတွင်းရှိ ဂျစ်ကားတွင် နောက်ဘက်၌ နံပါတ်ပြားမရှိပါ။ နံနက်ခင်းတွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သူများ အသုံးပြုသော ဂျစ်ကားတွင်လည်း နောက်ဘက်၌ နံပါတ်ပြားမရှိဟု ယုံကြည်ရပါသည်။

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ–အမ်/၄/၂၇၁၅**
**ချက်ချင်းအဖြစ်ဆုံး။ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်၊ (၁၆း၂၅) နာရီ**
**လက်ခံရရှိ။ ဇူလိုင်လ (၂၁) ရက်၊ (၁၅း၀၀) နာရီ**
**နံပါတ် ၂၉၄၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊**

၁။ မြန်မာသတင်းစာအချို့က ဗြိတိသျှဆန့်ကျင်သည့် လမ်းကြောင်းကို ယနေ့တွင် တိတိကျကျချမှတ်လာခဲ့သည်။ မြန်မာနိုင်ငံကို ဘုရင့်အင်ပိုင်ယာအတွင်းတွင် ဆက်လက် ထိန်းသိမ်းထားရှိလိုသော ဘုရင့်အစိုးရ၏ မူဝါဒနှင့် လိုက်လျောညီထွေဖြစ်မည့် အစိုးရတရပ် ဖွဲ့စည်းနိုင်ရေးအတွက် ဗြိတိသျှတို့က အတိုက်အခံကို လက်နက်များ ထုတ်ပေးခဲ့ပြီး အမှုဆောင်အဖွဲ့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကောလဟလများ ပျံ့နှံ့လျက်ရှိသည်။ ကျွန်ုပ်အနေဖြင့် လွန်ခဲ့သည့် (၁၀) ရက်အတွင်း ဦးစောနှင့် ဒေါက်တာဘမော်တို့ကို တွေ့ဆုံခဲ့ပြီး အကယ်၍ ဖဆပလ ကျသွားခဲ့လျှင် အစိုးရဖွဲ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် ပြောကြားခဲ့ကြောင်း သတင်းရေးသားပေးပို့မှုများလည်း ပျံ့နှံ့လျက်ရှိသည်။ ကျွန်ုပ်သည် သခင်နုနှင့် ယခုပင်တွေ့ခဲ့ပြီး ၎င်းကောလာဟလများ၏ လုံးဝမှားယွင်းမှုနှင့် အကယ်၍ ယနေ့လက်ရှိ သတင်းစာတို့၏မူကို ဆက်လက်လွှတ်ပေးထားပါက ဖြစ်ပေါ်လာမည့် ကြောက်မက်ဖွယ်ဆိုးကျိုးများနှင့် ပတ်သက်၍ အထူးပြုပြောဆိုခဲ့သည်။ အကယ်၍ ဖြစ်နိုင်လျှင် ယနေ့ပင် သတင်းစာရှင်းလင်းပွဲတရပ် ခေါ်ယူကျင်းပရန်နှင့် အစိုးရအနေဖြင့် ရေဒီယိုမှ အသံလွှင့်ထုတ်ကြေညာပေးရန် ဦးနုကို ကျွန်ုပ်ပြောဆိုခဲ့သည်။ ဦးနုက သဘောတူခဲ့ပါသည်။

၂။ ဘရင်းဂန်းသေနတ်များနှင့် ခဲယမ်းမီးကျောက် အမြောက်အမြား ပျောက်ဆုံးမှုသည် အကြီးအကျယ်စိတ်လှုပ်ရှားဖွယ်ဖြစ်ခဲ့သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ၎င်းအပြင် ဗြိတိသျှအရာရှိများ ပါဝင်ပတ်သက်နေပုံရသော်လည်း ယခုထိတိုင် တိတိကျကျ အထောက်အထား မရှိသေးပါ။ ဤအမှုကို စစ်ဆေးရန် အထူးခုံရုံးဖွဲ့ရန် ဦးနုကလိုလားပြီး ဤသို့ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု အေးဆေးငြိမ်သက်သွားလိမ့်မည်ဟု သူက တွေးပါသည်။ စစ်တပ်၏ စိုးရိမ်မှုဘောင်အတွင်းမှ ကျွန်ုပ်အနေဖြင့် ယင်းသို့သော ခုံရုံး၏ ဥပဒေရှုထောင့်များနှင့် ပတ်သက်၍ မသေချာ မရေရာလှပါ။ သို့ဖြစ်၍ သင်၏အကြံပေးမှုကို လိုလားလျက်ရှိပါသည်။ ဂျီအိုစီနှင့် တိုင်ပင်ဆွေးနွေးရန် မက်ဂွိုင်ယာကို ကျွန်ုပ်စေလွှတ်လိုက်ပါသည်။

**အတွင်းရေး၊ ဝန်ကြီးချုပ်ရုံးခန်း၊ ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်**

ဤသို့ဆုံးဖြတ်လိုက်သည်။

(က) ဂုဏ်ကျက်သရေနှင့် ပြည့်စုံလှသော ဦးအောင်ဆန်းနှင့် သူ၏ လုပ်ဖော်ကိုင်ဘက်အချို့ကို သူရဲဘောနည်းလှစွာ သတ်ဖြတ်ခဲ့မှုတွင် ဘုရင့်အစိုးရနှင့် မြန်မာနိုင်ငံ၏ ဘုရင်ခံတို့ တစုံတရာအရေးယူဆောင်ရွက်ရန် လိုအပ်သည်နှင့် ပတ်သက်၍ သံသယများ ကင်းဝေးသွားစေရန် အောက်ဖော်ပြပါ သတင်းကြေညာချက်ကို မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် ချက်ချင်းထုတ်ပြန်ပေးရန်နှင့် ...







(ခ) အစိုးရအနေဖြင့် ဤသတင်းထုတ်ပြန်ကြေညာချက်ကို အသုံးပြုလျက်ရှိပြီး လူထုအတွင်း ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စွာ သိရှိစေရန်အတွက် ဆောင်ရွက်ရန် တိုင်းမင်းကြီးများနှင့် အရေးပိုင်မင်းများအားလုံးအား ကြိုးမဲ့ကြေးနန်းဖြင့် အသိပေးရန်။

**သတင်းထုတ်ပြန်ကြေညာချက်**

"ဂုဏ်ကျက်သရေမြင့်မားလှသော ဦးအောင်ဆန်းနှင့် အခြား အမှုဆောင်ကောင်စီအဖွဲ့ဝင်များအား မကြာသေးမီက သူရဲဘောနည်းစွာ သတ်ဖြတ်ခဲ့မှုတွင် ဗြိတိသျှဘုရင့်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ၏ ဘုရင်ခံတို့ ဆက်စပ်နေသည်ဟူသော ကောလာဟလများ ပြည်သူလူထုအတွင်း အချို့နေရာဌာနများ၌ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိပါသည်။ ဤကောလာဟလများသည် လုံးဝအခြေအမြစ်မရှိပါကြောင်းနှင့် ဗြိတိသျှ ဘုရင့်အစိုးရ၊ ဘုရင်ခံနှင့် မြန်မာအစိုးရတို့အကြား နီးစပ်သော နားလည်မှုများ ရှိနေကြောင်း မြန်မာအစိုးရအနေဖြင့် သိစေအပ်ပါသည်။ နှောင့်နှေးကြန့်ကြာမှုအနည်းဆုံးဖြင့် တရားခံများအား အရေးယူနိုင်ရန် ဗြိတိသျှဘုရင့်အစိုးရ၊ ဘုရင်ခံနှင့် မြန်မာအစိုးရတို့သည် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း"

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ–အမ်/၄/၂၇၁၅**

**ချက်ချင်းအဖြစ်ဆုံး။** ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်၊ ၁၂း၁၅ နာရီ
**လျှို့ဝှက်။** လက်ခံရရှိ၊ ဇူလိုင်လ (၂၈) ရက်၊ (၁၄း၃၀) နာရီ
**နံပါတ် ၃၁၃၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊**

၁။ သင်၏ ၁၆၈၉၊ ဇူလိုင်လ (၂၆) ရက် အဖြစ်အပျက်များကို အစဉ်အတိုင်း သိရှိစေရန်နှင့် အကယ်၍ အရေးတကြီးပြဿနာ မြန်မာနိုင်ငံတွင် ပေါ်ပေါက်လာပါက စစ်တပ်အနေဖြင့် တာဝန်အချိုးကြီးကြီးမားမားကို မလွဲမသွေ လက်ခံရယူလိမ့်မည်ဖြစ်ကြောင်းကို ဝမ်းနည်းစွာဖြင့် ပြသနိုင်ရန် အောက်ပါအတိုင်း ကျွန်ုပ် ကြိုးစားတင်ပြထားပါသည်။

၁။ ကာကွယ်ရေးဌာန၊ မြန်မာနိုင်ငံအစိုးရအဖွဲ့နှင့် မြို့ပြရဲတပ်ဖွဲ့တို့ တက်ရောက်သော အပတ်စဉ်ပြုလုပ်သည့် ပြည်တွင်းလုံခြုံရေးရာ အစည်းအဝေးများ၌ အချိန်အတော်ကြာကပင် မြို့ပြအရာရှိများက လက်နက်သိုလှောင်ရုံများမှ လက်နက်များ ခိုးထုတ်မှုဖြစ်ပွားခဲ့ကြောင်း အစရှိသဖြင့် စွပ်စွဲမှုများ ပြုလုပ်ခဲ့သည်။ ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်မည်ဖြစ်ကြောင်း အာမခံချက်ပေးခဲ့ကြသည်။

၂။ ဇူလိုင်လ (၁၅) ရက်နေ့တွင် ဦးအောင်ဆန်းနှင့် ယာယီပြည်ထဲရေးဝန်ကြီးဖြစ်သူ ပျော် ဘွယ်ဦးမြတို့ ကျွန်ုပ်နှင့်လာရောက်တွေ့ဆုံပြီး ပင်မလက်နက်တိုက် (Base Ord-

nance Depot) မှ ဘရင်းဂန်း သေနတ် အလက် (၂၀၀) ကို မည်သူမည်ဝါမှန်း မသိရသူ တို့လက်ထဲသို့ သီတင်းပတ်အတော်ကြာကြာကပင် လွှဲပြောင်းပေးခဲ့ကြောင်း လေ့လာသိရှိရသည်ဟု ပြောဆိုခဲ့ကြသည်။ (တကယ်ဖြစ်ပျက်ခဲ့သည့် ရက်စွဲအတိအကျမှာ ဇွန်လ (၂၄) ရက်ဖြစ်သည်)။ ဤလက်နက်ပျောက်ဆုံးမှု၊ ပျောက်ဆုံးချိန်နှင့် ပြန်လည်တွေ့ရှိချိန်အကြား အချိန် အလွန်အမင်းကွာဟနေသည့်အတွက် ယင်းလက်နက်များ နိုင်ငံအတွင်း ယခုအချိန်တွင် ဖြန့်ဝေထားပြီးလောက် ဖြစ်နိုင်ခြေရှိသည့်အတွက် ဦးအောင်ဆန်း အလွန်အမင်း စိုးရိမ်လျက်ရှိသည်မှာ သဘာဝကျပေသည်။ ပြည်ထဲရေးဝန်ကြီးက အစိုးရအနေဖြင့် မြန်မြန်ဆန်ဆန် လုပ်ဆောင်ရမည်ဖြစ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးရလိမ့်မည်ဟု ကျွန်ုပ်အား ပြောခဲ့သည်။ စုံစမ်းစစ်ဆေးမှုမပြုလုပ်နိုင်မီ အတိုက်အခံခေါင်းဆောင်အားလုံးနှင့် သူတို့၏ လက်ထောက်များကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း သူ့ပြောကြားချက်မှ ကျွန်ုပ် နားလည်လိုက်ပါသည်။

၃။ ထိုနေ့မှာပင် ဂျီအိုစီ (GOC) ကို ကျွန်ုပ်တွေ့ခဲ့ရာ ဘီအိုဒီ (BOD) အနေဖြင့် ယင်းကိစ္စကို ယုံကြည်စိတ်ချစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သူက ကျွန်ုပ်ကို အသိပေးပါသည်။ မြို့ပြရဲများအနေဖြင့်သာ ဘရင်းဂန်းအလက် (၅၀၀) ထုတ်ခွင့်ရရှိခဲ့ပြီး ယင်းထုတ်ယူခွင့်မှ အချိန်အတန်ကြာ လက်နက်များကို ထုတ်ယူနေခဲ့ပါသည်။ ဇွန်လ (၂၄) ရက်နေ့တွင် ရဲများဟု ယုံကြည်ရသော အဖွဲ့တဖွဲ့ ဘီအိုဒီသို့ရောက်ရှိလာပြီး လက်မှတ်အပြည့်အစုံထိုးထားသော အမှန်အကန် အထောက်အထား စာရွက်စာတမ်းအပြည့်အစုံဖြင့် ဘရင်းဂန်းသေနတ်ကျည်ဆံ မဂ္ဂဇင်းများကို ထုတ်ယူသွားခဲ့သည်။ စုံစမ်းရေးခုံရုံး၏ တွေ့ရှိချက်ကို ကျွန်ုပ်အနေဖြင့် မတွေ့ရသေးသော်လည်း ရဲများကိုထုတ်ယူခွင့်ပြုခဲ့သော ဘရင်းဂန်းသေနတ်အရေအတွက်မှာ အလက် (၅၀၀) မဟုတ်ဘဲ အလက် (၁၀၀) သာဖြစ်ကြောင်း ယုံကြည်ပါသည်။ လွန်ခဲ့သည့် (၂) ရက်၊ (၃) ရက်ခန့်က ကျွန်ုပ်ရှေ့တွင်ပင် ပြည်ထဲရေးဝန်ကြီးက ယခင်က ဘရင်းဂန်းသေနတ်များကို ထုတ်ပေးခဲ့သည်မှာ (၁၀) လက်ထက်မပိုခဲ့ (ထပ်မံ–မပိုခဲ့) ကြောင်း၊ ထုတ်ပေးခွင့် မှန်ကန်ကြောင်းကိုလည်း တယ်လီဖုန်းဖြင့် ဆက်သွယ်၍ အတည်ပြုလေ့ရှိကြောင်း၊ သို့သော် ယခုတကြိမ်တွင်မူ ထိုသို့ မပြုလုပ်ခဲ့ (ထပ်မံ–မပြုလုပ်ခဲ့) ကြောင်း၊ ရဲကားများ၏ နံပါတ်များကိုလည်း ဘီအိုဒီက အမြဲမှတ်သားထားကြောင်း၊ သို့သော် ယခုအမှုတွင်မူ ထိုသို့ မပြုလုပ်ခဲ့ (ထပ်မံ–မပြုလုပ်ခဲ့) ကြောင်း၊ ရဲကားများမှာ အလွယ်တကူပင် သိသာလွယ်သော်လည်း ရဲဟန်ဆောင်အဖွဲ့အနေဖြင့် မည်သည့်အမှတ်အသားမှ မပါသော ထရပ်ကားကို အသုံးပြုသွားခဲ့ကြောင်း ဂျီအိုစီကို ပြောကြားခဲ့ပါသည်။ စုံစမ်းရေးခုံရုံးနှင့် မတွေ့ရသေးမီ ပြည်ထဲရေးဝန်ကြီး၏ မှတ်ချက်များ မည်မျှ မှန်ကန်သည်ကို ကျွန်ုပ်အနေဖြင့် အတည်မပြုနိုင် (ထပ်မံ– မပြုနိုင်) သေးပါ။

၄။ ပင်မခဲယမ်းမီးကျောက်တိုက်၏ တာဝန်ခံအရာရှိဖြစ်သူဖြစ်ပြီး ပင်မလက်နက်တိုက်နှင့် ဆက်နွယ်လျက်ရှိသူ မေဂျာမိုး (Major Moore) မှာ စုံစမ်းစစ်ဆေးမှုများအရ သံသယ အရှိခံနေရကြောင်း ဂျီအိုစီက ဇူလိုင်လ (၁၅) ရက်နေ့တွင် စကားပြောနေစဉ် ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ မေဂျာမိုးသည် စစ်အတွင်းကလည်း အိုင်အေအိုစီ (IAOC) ၏ အရာခံဗိုလ်ဘဝတွင်ပင် အိန္ဒိယ၌ လက်နက်မှုတွင် ပတ်သက်ခဲ့ဖူးကြောင်း ယုံကြည်ရပါသည်။ ၎င်းအပြင် စစ်မဖြစ်မီ မြန်မာနိုင်ငံ၌ အိုင်အေအိုစီ၏ အင်စီအို (NCO) ဘဝ၌လည်း သူသည် မြို့ပြရဲ၏ သံသယရှိခံရသော စာရင်းတွင် မှတ်သားခံခဲ့ရကြောင်း ယုံကြည်ရပါသည်။ ဦးစောက အရက်မူးမူးဖြင့် ရေကန်ထဲတွင် မြှုပ်ထားသည့် လက်နက်အတော်များများ သူ့တွင်ရှိကြောင်း၊ သူ့ကို (မေဂျာမိုးကို) ပြောခဲ့ကြောင်း မေဂျာမိုးက ထွက်ဆိုခဲ့သည်ဟု ဂျီအိုစီက ကျွန်ုပ်ကို ပြောပြပါသည်။ လက်နက်ပျောက်ဆုံးမှုကို စတင်စုံစမ်းစစ်ဆေးနေသည်ကို သူ သိသည့်အတွက် သူ့အပေါ် သံသယမဝင်စေရန် မေဂျာမိုးက ယင်းသို့ထွက်ဆိုခဲ့ခြင်းဖြစ်လိမ့်မည်ဟု သူထင်ကြောင်း ဂျီအိုစီက ကျွန်ုပ်ကို ပြောပြပါသေးသည်။ ဦးစောအနေဖြင့် ထိုသို့ ထုတ်ဖော်ပြောဆိုခြင်းမှာ မဖြစ်နိုင်ကြောင်း ဂျီအိုစီက တွေးခဲ့ပါသေးသည်။ ယခု အချိန်၌ ကျွန်ုပ်အနေဖြင့် မေဂျာမိုး၏ ထွက်ဆိုချက်အပြည့်အစုံကိုလည်းကောင်း၊ ယင်းထွက်ဆိုချက်မှာ စာရေးသားထွက်ဆိုမှု ဖြစ်မဖြစ်ကိုလည်းကောင်း မသိသေးပါ (အောက်ရှိ အပိုဒ် ၁၁– ကို ကြည့်ပါ)။ ယင်းထွက်ဆိုချက်မှာ နှုတ်ဖြင့် ထွက်ဆိုချက်သက်သက်သာ ဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည်။

၅။ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်နှင့်ပတ်သက်၍ ဦးအောင်ဆန်းနှင့် သခင်နုကို ဇူလိုင်လ (၁၀) ရက်နေ့တွင် ကျွန်ုပ်တွေ့ခဲ့ပါသည်။ ဘရင်းဂန်းသေနတ်များ ပျောက်ဆုံးမှုအကြောင်းဆွေးနွေးရင်း စကားစပ်မိ၍ ဦးစောက သေနတ်များကို ရေကန်ထဲတွင် ဝှက်ထားကြောင်း ကောလာဟလဖြစ်နေပြီး ယင်းရေကန်ကို ပိုက်စိပ်တိုက် ရှာသင့်ကြောင်း ကျွန်ုပ်က ဦးအောင်ဆန်းကို အကြံပြုပြောဆိုခဲ့ပါသည်။

၆။ ဆေးရုံတက်နေသော ဖိလစ်နက် (ရှ်) (Philip Nash) ထံ ဇူလိုင်လ (၁၈) ရက်နေ့တွင် ကျွန်ုပ်သွားရောက်ခဲ့ရာ လက်နက်များပျောက်ဆုံးမှုကို သူသိရှိနေကြောင်း ကျွန်ုပ်သိခဲ့ရပါ သည်။ ဗြိတိသျှအရာရှိများ (နောင်တွင် ဒီအက်စ်အို (DSO) ဖြစ်သူ ဟန့် (Hunt) ဖြစ်မှန်း သိရသည်) က ညအချိန်တွင် ဦးစော၏ ဘန်ဂလိုအိမ်ကို စစ်မြေပြင်သုံး မှန်ပြောင်းများဖြင့် စောင့်ကြည့်နေခဲ့ရာ၊ ဦးစောကို လူ (၄–၅) ယောက်နှင့်အတူ လေ့တစီးအတွင်း မကြာခဏဆိုသကဲ့သို့ မသင်္ကာဖွယ်အခြေအနေများတွင် တွေ့ရှိခဲ့ရကြောင်း နက်(ရှ်) က ကျွန်ုပ်ကို ထပ်မံသတင်းပေးခဲ့ပြန်ပါသည်။ ဦးစောမှာ အစဉ်သဖြင့် ဝတ်ကောင်းစားလှနှင့် ဖြစ်သဖြင့် ထိုသို့စောင့်ကြည့်နေသူများက မိန်းမမှုပင်ဖြစ်မည်ဟု ထင်ခဲ့ကြပါသည်။

၇။ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့၏ ထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍

ထိုနေ့နောက်ပိုင်းတွင် သခင်နုကို ကျွန်ုပ်ထပ်မံတွေ့ခဲ့ပါသည်။ ဦးစော၏ အိမ်ဘေးရှိ ရေကန်ကို ပိုက်စိပ်တိုက်ရှာရန် သခင်နုကို ကျွန်ုပ်တိုက်တွန်းခဲ့ပြီး၊ ညပိုင်းစောင့်ကြည့်သူများ၏ သတင်းပေးပို့မှုကို သူ့အား ကျွန်ုပ်ပြောပြခဲ့ပါသည်။ ဘီအိုဒီနှင့် မိုင်များစွာဝေးပြီး မင်္ဂလာဒုံမြောက်ဘက်ရှိ ပင်မခဲယမ်းမီးကျောက်တိုက် (AOD) မှ ခဲယမ်းမီးကျောက် အမြောက်အမြား ဇူလိုင် လ (၁၂) ရက်က ပျောက်ဆုံးခဲ့ကြောင်း သခင်နုက ကျွန်ုပ်ကို ပြောပြပါသည်။ ဘီအိုဒီတွင် လုပ်ဆောင်ခဲ့သကဲ့သို့ပင် ပြုလုပ်ခဲ့ပုံရပြီး ယင်းလိမ်လည်မှုမှာလည်း အောင်မြင်သွားခဲ့ပြန်ပါသည်။ ယင်းခိုးယူမှုဖြစ်ပွားပြီး တနာရီခန့်အကြာတွင် ယင်းသိုလှောင်ရုံသို့ ဦးစောရောက်ရှိလာခဲ့ပြီး လက်ဖက်ရည်ပင် သောက်သွားခဲ့သည်ဟု ယုံကြည်ရကြောင်း သခင်နုက စိတ်လှုပ်ရှားဖွယ်သတင်းကို ပြောပြခဲ့ပါသည်။ ယင်းခိုးယူမှုကို ဇူလိုင်လ (၁၈) ရက်နေ့ နေ့လယ်ပိုင်းတွင် ဗိုလ်မှူးချုပ် နက် (ရှ်) က ကျွန်ုပ်ကို အတည်ပြုပေးခဲ့ပါသည်။

၈။ ဇူလိုင်လ (၁၉) ရက်နေ့မှာ လုပ်ကြံမှုဖြစ်ပွားသည့်နေ့ဖြစ်သည်။ ကြမ္မာငင်သည့် ထိုနေ့က ကျွန်ုပ်အနေဖြင့် အစည်းအဝေး အများအပြားထိုင်ခဲ့ရရာ တခုသော အစည်းအဝေးတွင် နောက်ရက်ဖြစ်သည့် ဇူလိုင်လ (၂၀) ရက်တွင် ကြိုတင်ကာကွယ်သည့်အနေဖြင့် လူ (၂,၀၀၀) ခန့်ကို ထိန်းသိမ်းရန် စီစဉ်ထားကြောင်း အိုင်ဂျီပီ (IGP) က ကျွန်ုပ်ကို ပြောပြခဲ့သည်။ အမှုဆောင်ကောင်စီ အစည်းအဝေးရှိနေကြောင်း လူအများသိနေသည့်အတွက် လုပ်ကြံသတ်ဖြတ်ရန် ဇူလိုင်လ (၁၉) ရက်ကိုပင် ကြိုတင်သတ်မှတ်ခဲ့ခြင်း ဖြစ်နိုင်သည့်အပြင်၊ အကြံပြုထားသည့် ရှာဖွေဖမ်းဆီးမည့် သတင်းပေါက်ကြားသွားသည့်အတွက် လုပ်ကြံသူများအနေဖြင့် ချက်ချင်းလက်ငင်းလုပ်ဆောင်လိုက်ရခြင်းလည်း ဖြစ်နိုင်ပါသည်။

၉။ လုပ်ကြံသတ်ဖြတ်သူများ၏ စိတ်ထဲ တွေးထင်ထားကြသည်များကိုမူ နားလည်ရန် ခက်ခဲပါသည်။ အတိုက်အခံဘက်မှ အချို့အင်အားစုများက လက်နက်များကို ခိုးယူစုဆောင်းပြီး လက်နက်ကိုင် လူထုအုံကြွမှုကို တစတစ ပြင်ဆင်သွားခြင်းဖြင့် အာဏာကို တိုက်ခိုက်ရယူရန် စီစဉ်ခြင်းဖြစ်လိမ့်မည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။ လက်နက်အနည်းငယ်ကို ခိုးထုတ်ရာ၌ လိမ်လည်မှုကို မစစ်ဆေးမိဘဲ အောင်မြင်ခဲ့သည့်အတွက် လက်နက်အမြောက်အမြား (ဘီအိုဒီနှင့် ဘီအေဒီက သိုလှောင်ထားသည်နှင့် ယှဉ်လျှင် အနည်းငယ်မျှသာ) ကို ခိုးထုတ်လျှင်လည်း သိုလှောင်ရုံရှိ အရာရှိများနှင့် မိတ်ဆွေဖွဲ့နိုင်ခဲ့လျှင် မစစ်ဆေးမိဘဲ လွတ်မြောက်နိုင်သည်ဟု အတင့်ရဲလာပုံရပါသည်။ ဗြိတိသျှ ဘုရင့်တပ်မတော်အနေဖြင့် မြန်မာပြည်တွင် အင်အားအတော်အသင့်ရှိနေခဲ့ရာ ယခုအချိန်တွင် အတိုက်အခံအနေဖြင့် အာဏာသိမ်းရန် ကြိုးစားလိမ့်မည်ဟု ကျွန်ုပ်မယုံကြည်ပါ။ ဘုရင့်တပ်မတော် ထွက်ခွာသွားပြီး လအနည်းငယ်ကြာသည်အထိ သင့်တော်သည့် အချိန်တိုင်အောင် စောင့်ဆိုင်းခြင်းသည်သာ ကျိုးကြောင်းဆီလျော်သည့် အစီအစဉ်ဖြစ်ပေလိမ့်မည်။ ဖဆပလခေါင်း







ဆောင်များကို လုပ်ကြံခြင်းဖြင့် စစ်အစိုးရတရပ် ဖွဲ့စည်းရလိမ့်မည်ဟု အတိုက်အခံက မျှော်လင့်တောင့်တခဲ့ပုံရပြီး ခေါင်းဆောင်များ ဆုံးရှုံးခဲ့မှုက အချိန်ကြာလာသည်နှင့်အမျှ ဖဆပလအတွင်း အကြီးအကျယ်ကွဲပြလိမ့်မည်ဟု တွေးထင်ခဲ့ပုံရပါသည်။ ရှင်းရှင်းလင်းလင်း စဉ်းစားရေးဆွဲထားသော အနာဂတ်အစီအစဉ်မရှိဘဲလျက် မင်းမဲ့အခြေအနေတရပ်၏ အကြိုနိဒါန်းအဖြစ် မိမိ၏ပုဂ္ဂိုလ်ရေးရန်သူများကို ပထမဦးဆုံး လက်သည်တရားခံများက စီစဉ်လုပ်ကြံသတ်ဖြတ်မှု ဖြစ်နိုင်ချေကို ကျွန်ုပ်တို့ သတိမမူမမြင်၍ မဖြစ်ပါ။

၁၀။ အပတ်စဉ်ပြုလုပ်နေကျဖြစ်သော ပြည်တွင်းလုံခြုံရေးရာ အစည်းအဝေးတွင် နယ်ဘက်ဆိုင်ရာနှင့် ကာကွယ်ရေးဌာနများအကြားတွင် စိတ်ခံစားမှု တစုံတရာ အတိုင်းအတာအထိ ဖြစ်ပေါ်နေကြောင်း ကျွန်ုပ်အား အစီရင်ခံကြသည်။ လက်နက်ခိုးယူမှုနှင့် လုပ်ကြံမှုတို့ကြောင့် စစ်တပ်အနေဖြင့် အရေးယူဆောင်ရွက်ခဲ့မှုများကို နယ်ဘက်ဆိုင်ရာအနေဖြင့် မသိရှိခဲ့ရသည့်အတွက် နယ်ဘက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် စောဒကတက်လျက်ရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဂျီအိုစီ၊ ဘီဂျီအက် (စ်) (BGS)၊ ပြည်ထဲရေးဝန်ကြီးနှင့် ကာကွယ်ရေးဆိုင်ရာ ကောင်ဆယ်လာတို့အကြား အစည်းအဝေးတရပ်ကို ကျွန်ုပ်ရုံးခန်းတွင် နောက်တရက်၌ စီစဉ်ခဲ့ပြီး စစ်တပ်မှ ဆက်သွယ်ရေးအရာရှိတဦးကို အစိုးရထံသို့ နေ့စဉ်စေလွှတ်ပေးရန် စီစဉ်ခဲ့သည်။

၁၁။ လုပ်ကြံမှုဖြစ်ပြီးနောက် နိုင်ငံအနှံ့အပြား ကြောက်လန့်မှုများ မင်းမူလျက်ရှိသည်။ လက်နက်တိုက်များမှ လက်နက်များ အများအပြားအခိုးခံခဲ့ရမှုအပေါ် ကောလာဟလများနှင့် ထင်ကြေးပေးမှုများ ထပ်ဆောင်း၍ ဖြစ်ပေါ်လာသည့် အသိတရားအပေါ် အခြေခံပြီး ဗြိတိသျှဆန့်ကျင်ရေးလှုံ့ဆော်မှုများ ပေါ်ပေါက်လာသည်။ ယင်းလှုံ့ဆော်မှုမှာ ရက်အတန်ကြာ အမှန်ပင် တည်ရှိနေခဲ့သည်။ ဦးနုနှင့် အခြားပုဂ္ဂိုလ်များ၏ စွမ်းဆောင်မှုကြောင့် ယင်းတင်းမာမှုမှာ လွန်ခဲ့သည့် နှစ်ရက်သုံးရက်အတွင်း တိတိပပ ယုတ်လျော့သွားခဲ့သည်။ ဇွန်လ (၂၆) ရက်နေ့တွင် စစ်ဆေးရေးအရာရှိတဦးအား ကနဦးထွက်ဆိုခဲ့ပြီး ဇူလိုင်လ (၅) ရက်နေ့တွင် စာအားဖြင့် ဒီပီအမ် ဗမာ့စစ်ဦးစီးဌာနသို့ ထပ်မံရေးသားပေးခဲ့သော မိုး၏ ထွက်ဆိုချက်မူပွားတစောင်ကို ဂျီအိုစီနှင့် ဘီဂျီအက် (စ်) ဖြစ်သူ ဗိုလ်မှူးချုပ်ဂျူ (ခ်) (Duke) တို့က ဇူလိုင်လ (၂၅) ရက်နေ့ နံနက်ခင်းတွင် ကျွန်ုပ်ထံ လာရောက်ပြီး ပြသခဲ့ကြသည်။ နောက်ထပ်ပေးပို့သော ကြေးနန်းစာတွင် ထပ်မံ၍ သင့်ထံ ပြုလုပ်ခဲ့သော ၎င်းထွက်ဆိုချက်ကို ဂျူ (ခ်) က အမှတ်မဲ့မေ့လျော့ကာ စီအိုင်ဒီအား ပြသခဲ့ခြင်းမရှိပါ။ (ထပ်မံ– မရှိပါ)။ ဖီးလ်မာရှယ်မောင့်ဂိုမာရီ၏ အလည်ခရီးစဉ်အတွက် ဂျီအိုစီနှင့် ဘီဂျီအက် (စ်) (ဂျူ(ခ်) တို့ စင်္ကာပူသို့ရောက်ရှိနေစဉ် ယင်းထွက်ဆိုချက်ကို ရရှိခဲ့ခြင်းဖြစ်သည်။ ပြန်ရောက်လာပြီးနောက် ဂျူ (ခ်) သည် ဂျီအိုစီအား ပြပြီးနောက် ၎င်းထွက်ဆိုချက်စာကို သိမ်းဆည်းထားလိုက်သည်။ ပထမ ဘီအိုဒီနှင့် ထို့နောက် ဘီအေဒီ၌ ဖြစ်ပွားခဲ့သော

လက်နက်ခိုးထုတ်မှုများကို ဖော်ထုတ်တွေ့ရှိပြီးသည့်တိုင် ၎င်းထွက်ဆိုချက်စာနှင့် စာအတွင်းပါ အကြောင်းအရာများ၏ အလွန်အမင်း အရေးပါမှုကို ဂျူ့(ခ်) အနေဖြင့် အမှတ်ရခြင်းမရှိချေ။ လုပ်ကြံမှုကြီးဖြစ်ပွားပြီးမှသာ ဂျူ့(ခ်) သည် အမှတ်ရမိလာပြီး တင်းမာမှုများ လျော့နည်းလာသည်နှင့် ယင်းကိစ္စကို အစီရင်ခံရန် ဆုံးဖြတ်ခဲ့သည်။ ဂျူ့(ခ်) အနေဖြင့် ကိစ္စတရပ်လုံးအပေါ်တွင် အလွန်ပွင့်လင်းပြီး အပြစ်တင်မှုမှန်သမျှကို ခံယူခဲ့သည်။ ဇူလိုင်လ (၈) ရက်နေ့တွင် မိုး၏ ထွက်ဆိုချက်ကို သူပထမတွေ့ရှိသည်နှင့် အရေးယူမှုပြုပြီးဖြစ်ပြီး နယ်ဘက်ဆိုင်ရာ အာဏာပိုင်များကိုလည်း အသိပေးပြီး ဖြစ်မည်ဟု သံသယမရှိ စဉ်းစားမိခဲ့ပြီး ယင်းကဲ့သို့ ဖြစ်မဖြစ်ကိုမူ ကံအကြောင်း မကောင်းလှစွာ အတည်ပြုခဲ့ခြင်းမရှိဟု လျော့ပေါ့၍ ဆိုရပေလိမ့်မည်။

၁၂။ စီအိုင်ဒီ၏ စစ်ဆေးမှုမှ မိုး၏ ထွက်ဆိုချက်ရှိနေခဲ့မှုသည် ကျိန်းသေနီးပါး ပေါ်ပေါက်ပေမည်။ ယင်းသတင်းသာ ပြည်သူလူထုသိရှိခဲ့လျှင် ဗြိတိသျှဆန့်ကျင်ရေးအတွက် ခံစားချက်သည် အစိုးရိမ်ရဆုံး အဆင့်သို့ ရောက်ရှိသွားပေမည်။ ယမန်နေ့ညနေခင်းတွင် ကျွန်ုပ်သည် သခင်နု၊ ပျော်ဘွယ်ဦးမြ၊ ဂျီအိုစီနှင့် ဘီဂျီအက် (စ်) တို့ကို ကျွန်ုပ်ထံ ခေါ်လိုက်ပြီး အကြောင်းမကောင်းသည့် ယင်းကိစ္စကို ပြန်လည်ပြောပြခဲ့သည်။ မြန်မာဝန်ကြီးများအနေဖြင့် ယင်းကိစ္စကို တလေးတမူပြုကြပြီး ယင်းသတင်း ပြည်သူလူထုသိသည်နှင့် ဖြစ်ပေါ်လာမည့် အန္တရာယ်နှင့် သတင်းဌာနများကလည်း ယင်းသို့သိခဲ့လျှင် လုပ်ကြံမှုကြီးကို ပြောင်းလဲနိုင်လိမ့်မည်ဟု ကျယ်ကျယ်လောင်လောင် တောင်းဆိုရေးသားလာမည့်အရေးကိုလည်း ဝန်ခံပြောဆိုကြသည်။ ယင်းသတင်းမပေါက်ကြားရေးမှာ အထူးခက်ခဲကြောင်း သူတို့နားလည်သဘောပေါက်ကြပြီး သူတို့တတ်နိုင်သမျှ ကူညီရန်ကိုလည်း ကတိပြုကြသည်။

၁၃။ အထက်ဖော်ပြပါ အဖြစ်အပျက်များကို သုံးသပ်ပြီးလျှင် ဝန်ကြီးချုပ်၏ ဖြေရှင်းချက်ကို ကျွန်ုပ်ထက် အရေးကောင်းသူတဦးကသာ ပိုမိုတတ်နိုင်လိမ့်မည်ဟု ကျွန်ုပ်ဝန်ခံရပေမည်။ အစိုးရအနေဖြင့် ပြစ်မှုနှင့် ပတ်သက်သည့် သတင်းအနည်းအကျဉ်းကိုသာ ထုတ်ပေးလျက်ရှိသည်။ သို့သော်လည်း လက်နက်ခိုးထုတ်မှုနှင့် လုပ်ကြံမှုကြီး၏ အဓိကလက်သည်မှာ တဦးတည်းပင်ဖြစ်မည်ဟု သူတို့သံသယကင်းစွာ အခိုင်အမာ တွေ့ရှိပြီးဖြစ်ပြီဟု ကျွန်ုပ်နားလည်မိသည် (ဦးစောဟု ယူဆရသည်)။ သူ့အနေဖြင့် အဓိကလက်သည်နှင့် အခြားကြံရာပါများ ဆက်နွှယ်မှုကို တွေ့ရှိဖော်ထုတ်ရန်နှင့် လျှို့ဝှက်ပူးပေါင်းကြံစည်မှုကြီး တခုလုံးကို အစအဆုံးဖော်ထုတ်ရန် ကြိုးစားလျက်ရှိကြသည်။ ဝန်ကြီးချုပ်အနေဖြင့် လူအများ သိပြီးဖြစ်သည့်အတွက် လက်နက်ခိုးထုတ်မှုကို ကိုးကားနိုင်သည်။ သို့သော်လည်း အတိအကျအရေအတွက်ထက် လက်နက်နှင့် ခဲယမ်းမီးကျောက် အမြောက်အမြားဟုသာ ပြောသင့်သည်ဟု အကြံပြုထားပါသည်။ မိုးနှင့်ပတ်သက်၍







ထပ်မံပြောဆိုမှု၊ ထပ်မံကိုးကားမှု မပြုသင့်ပါ။ စစ်တပ်အနေဖြင့် စုံစမ်းစစ်ဆေးရေး ခုံရုံးများကို ချက်ချင်းစတင်ခဲ့သော်လည်း အချို့သက်သေများကို အလွယ်တကူ မရရှိနိုင်သေးသည့်အတွက် အချိန်ယူရပေလိမ့်မည်။ ဤသည်မှာ တနိုင်ငံလုံးကို ချက်ချင်းသော်လည်းကောင်း၊ မကြာမမြင့်မီတွင်လည်းကောင်း မင်းမဲ့အနေအထားရောက်ရှိသွားစေရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုဖြစ်သည်မှာ ယုံမှား သံသယဖြစ်စရာမရှိပါချေ။

၁၄။ ဆက်လက်ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်၍ ကျွန်ုပ်အစီရင်ခံနေပါမည်။ "ကြမ္မာဆိုးသည် တဦးတည်း လာခဲ့သည်"[၃] ဟူသော ဒရိုင်ဒင် (Dryden) ၏ အဆိုကို ကျွန်ုပ်သဘောတူမိပါသည်။

ဤကြေးနန်းစာပြီးနောက် နောက်ထပ် ကြေးနန်းစာတစောင်ကို (၁၇း၂၅) နာရီတွင် ပေးပို့ခဲ့သည်။

**နံပါတ်– ၃၁၉၊ ဘုရင်ခံထံမှ ကိုယ်ပိုင်ကြေးနန်း၊ ဇူလိုင် (၂၈)၊ ကျွန်ုပ်၏ ကြေးနန်းစာအမှတ် (၃၁၃) မှ စာပိုဒ် (၃)၊**

ဘီအိုဒီမှ ထုတ်သွားခဲ့သော လက်နက်အရေအတွက် အတိအကျကို အတည်ပြု၍ ရရှိပြီးဖြစ်၍ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အလက်တိုင်းတွင် ပြောင်းအပိုတခုစီ ပါရှိသော ဘရင်းဂန်းအလက် (၂၀၀)

(ခ) ပြောင်းအပို (၂၀၀)

(ဂ) ဘရင်းဂန်း မဂ္ဂဇင်း ကျည်ကပ် (၈၀၀)

ယင်းလက်နက်များကို ဇွန်လ (၂၄) ရက်နေ့တွင် ထုတ်သွားခဲ့သည်။ ဇူလိုင်လ (၁၂) ရက်နေ့တွင် အေအာဒီ (ARD) မှ ခဲယမ်းမီးကျောက်များ ထုတ်သွားခဲ့သည်။

**ဆာဟူးဘတ်ရန့် ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၅**

**ချက်ချင်းအဖြစ်ဆုံး။** ရန်ကုန်၊ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်၊ (၁၂၅၅) နာရီ

**လက်ခံရရှိ။** ဇူလိုင်လ (၂၈) ရက်။

နံပါတ် ၃၁၄၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊
ရှေ့ကချက်ချင်းပေးပို့ခဲ့သော ကြေးနန်းစာ၊

၁။ ဗမာ့စစ်ဦးစီးဌာန၌ ထွက်ဆိုခဲ့သော မိုး (Moore) ထွက်ဆိုချက်၏ အကြောင်းအရာမှာ ဤသို့ဖြစ်သည်။

အစပြု၊

၂။ ရည်ညွှန်းချက် အမှတ် အမ်/၄၇၊ ခဲယမ်းမီးကျောက် သိုလှောင်ရုံ (မြန်မာ)

မင်္ဂလာဒုံ ပီအို ၅/၇/၄၇ မှ ဒီပီအမ်၊ စစ်ဦးစီး (ဌာနချုပ်) သို့၊ အကြောင်းအရာ–လုံခြုံရေး၊ ရည်ညွှန်းချက်–ဒု–ဗိုလ်မှူးကြီး ဒေါ့ဆန် (Dobson) နှင့် ဗိုလ်မှူးမိုး (Moore) တို့ ပြောဆိုမှု

၃။ ယခုနှစ် ဇွန်လစောစောပိုင်းတွင် ကျွန်တော်သည် ဗမာ့စစ်ဦးစီး (ဌာနချုပ်) 'X' ဌာနခွဲ မှ ဗိုလ်ကြီး (ယခု ဗိုလ်မှူး) ဒိန်း (Daine) နှင့် မိတ်ဆွေဖြစ်ခဲ့သည်။ မိမိတို့နှစ်ဦးလုံး စိတ်ဝင်စားသည့် ဒုံးကျည်လက်နက်များအကြောင်း ဆွေးနွေးရန် ကျွန်တော်က သူ့ကို နေ့လယ် လက်ဖက်ရည်သောက် ဖိတ်ခေါ်ခဲ့သည်။

၄။ နေ့လယ်စာစားပြီး ကျွန်တော်တို့၏ စကားလမ်းကြောင်းသည် မြန်မာနိုင်ငံ၏ အဓိကရ ပုဂ္ဂိုလ်များအကြောင်းသို့ ရောက်ရှိသွားပြီး ဒိန်းက ကျွန်တော့်ကို ဦးစောနှင့် တွေ့ချင်စိတ် ရှိမရှိ မေးခဲ့သည်။ ကျွန်တော်က တွေ့ချင်ကြောင်း ပြန်ပြောခဲ့သည်။ မကြာမီ တခုသော ညနေခင်းတွင် ဒိန်းနှင့် ဦးစောတို့က ချိန်းဆိုမှုကို လက်ခံခဲ့ပြီး ခဲယမ်းမီးကျောက် သိုလှောင်ရုံမှ ဗိုလ်ကြီး ရှီနွိုင်း (Shenoi) နှင့် ဗိုလ်ဟတ်ချ်ဆေး (Hujsey) တို့နှင့်လည်းကောင်း၊ အာအေအက်ဖ် (RAF) ဖောက်ခွဲရေးပစ္စည်းဌာနမှ လေယာဉ်ဗိုလ်ကြီးများဖြစ်ကြသော အက်ဒ်ဝပ် (Edwards) နှင့် ဘရိတန် (Britten) တို့နှင့်လည်းကောင်း သူတို့ကို မိတ်ဆက်ပေးခဲ့သည်။

၅။ တနာရီခန့်ကြာပြီးနောက် ဒိန်းနှင့် ဦးစောတို့ပြန်သွားကြသည်။ မပြန်မီ ဦးစောက သူ့အိမ်သို့ အချိန်မရွေးလာရောက်၍ အရက်သောက်နိုင်ကြောင်း အရာရှိအားလုံးကို ဖိတ်ကြားခဲ့သည်။ ၎င်းအပြင် လာမည့်စနေနေ့တွင် သူ့ဇနီးသည်နှင့်တွေ့ဆုံရင်း နေ့လယ် လက်ဖက်ရည်သောက်ကြွပါရန် ကျွန်တော်နှင့် ကျွန်တော့်ဇနီးသည်အား ထပ်မံဖိတ်ကြားသွားခဲ့သည်။

၆။ ကျွန်တော့်ဇနီးသည် အတန်ငယ်နေမကောင်းသည့်အတွက် (၁၁) နှစ်အရွယ် သမီးငယ်ကိုခေါ်၍ လက်ဖက်ရည်ပွဲ ချိန်းဆိုထားသည့်အတိုင်း ကျွန်တော်သွားခဲ့သည်။ နေ့လယ် လက်ဖက်ရည်ပွဲပြီးသည်နှင့် ရန်ကုန်မြို့တွင် ဘောလုံးပွဲတပွဲသို့ သွားရန်ရှိသည်နှင့် ကျွန်တော်ထွက်လာခဲ့သည်။ ယင်းဘောလုံးပွဲပြီးလျှင် သူ့ထံပြန်လာပြီး အရက်သောက်ရန် သူက ထပ်မံဖိတ်ပြန်သည်။

၇။ နေဝင်ချိန်လောက်တွင် ကျွန်တော်ပြန်သွားခဲ့သည်။ (က) ခြံဂိတ်ဝနှင့် ဘန်ဂလိုတဝိုက် ချထားသော လက်နက်ကိုင်အစောင့်များ၊ (ခ) ဦးစော၏ အိပ်ခန်းအတွင်းရှိ လက်နက်ငယ်များအတွက် ကျည်ဆန်များ၊ လက်ပစ်ဗုံးများနှင့် ပတ်သက်၍ ကျနော်၏ မေးမြန်းမှုအပေါ် စကားပြောဆိုနေရင်း ဦးစောက ဤသို့ပြန်လည်ပြောဆိုခဲ့သည်။

(က) လက်နက်ကိုင်အစောင့်များနှင့် လက်နက်များ (သူ့အခန်းအတွင်း အစရှိသဖြင့်) သည် သူ့လုံခြုံရေးအတွက် မရှိမဖြစ် လိုအပ်သည်။ (ခ) ရန်ကုန်မြို့အခြေစိုက်တပ်များက အရည်အတွက် အနည်းငယ်ကို အချိန်မရွေး သူ့ကို ထောက်ပံ့နေခဲ့သည်။ (ဂ) အရာရှိဟု







ယူဆရ သူ လူတဦးထံမှ လော်ရီကား (၅) စီးစာ လက်နက်များ မကြာခင်တွင်ပင် သူ့အား လာရောက်ပေးပို့လိမ့်မည်ဟု သူမျှော်လင့်နေသည်။ ထိုသူ၏ ဗိုလ်မှူးဖြစ်သူ ဆေးရုံ (သို့မဟုတ်) ဆေးခွင့်မှ ပြန်လာသည့်အခါ ၎င်းလက်နက်များကို လာရောက်ပေးပို့မည် ဖြစ်သည်။ (ဃ) အင်းစိန်တွင် နေထိုင်နေသော အင်္ဂလိပ်–မြန်မာကပြား အမြတ်ခွန် အရာရှိတဦးထံမှ ခြောက်လုံးပြူးသေနတ် အမြောက်အမြားကိုလည်း သူစောင့်မျှော်လျက်ရှိသည်။ (င) လက်နက်များနှင့် ကျည်ဆံများ သူပိုမိုလိုအပ်လျက်ရှိသည်။ ယခင်က လုပ်နေကျအတိုင်း ယင်းတို့ကို လေလုံသေတ္တာကြီးများတွင်ထည့်ပြီး သူ့ဘန်ဂလိုမှ နှစ်ဖာလုံခန့်ဝေးသော ဝိတိုရိယ ရေကန်ထဲတွင် နေရာခွဲ၍ မြှုပ်ထားမည်ဖြစ်သည်။ မြင်သာသည့် အရာဝတ္ထုနှစ်ခုကို မြှုပ်ထားသည့်နေရာများ သိရှိနိုင်ရန် အမှတ်အသားအဖြစ် ပြုလုပ်ထားမည်ဖြစ်သည်။

၈။ ဖိုက်ချ် (Fytche) လမ်းတွင် နေထိုင်သော လီလ်နှင့် ကုမ္ပဏီ (Leele &Co.) မှ မစ္စတာ မာလ်ဟိုထရာ (Malhotra) ရောက်ရှိလာသည့်အတွက် စကားပြောဆိုနေမှု ပြတ်သွားခဲ့ပြီးနောက် ကျွန်တော်အိမ်ပြန်လာခဲ့သည်။ ကျွန်တော်မထွက်ခွာခင် ဦးစောနှင့် သူ့ဇနီးအား နောက် (၂) ရက်၊ (၃) ရက်လောက်တွင် လက်ဖက်ရည်သောက်ကြွရန် ကျွန်တော်က ဖိတ်ခဲ့သည်။ ကျွန်တော်ဖိတ်ခေါ်သည့်အတိုင်း သူတို့လာခဲ့ကြသော်လည်း ထွေထွေရာရာသာ စကားပြောဖြစ်ခဲ့ကြသည်။

၉။ ဇွန်လ၊ ဒုတိယအပတ်အတွင်း တခုသော ညနေခင်းတွင် ဗိုလ်အက်ဒ်ဝပ်၊ ဗိုလ်ဘရိတန်တို့နှင့်အတူ ရန်ကုန်မြို့မှ ပြန်လာရင်း၊ ကျွန်တော်တို့သည် ဦးစော၏ အရက်သောက်ဝင်ရန် ဖိတ်မန္တက ပြုထားသည့်အတိုင်း သူ့အိမ်သို့ ဝင်ခဲ့ကြသည်။ ခြံဂိတ်ဝမှ အစောင့်များ၏ အသေအချာ စစ်ဆေးမှုများအပေါ် အက်ဒဝပ်က မှတ်ချက်ချရင်း၊ လက်နက်များနှင့် ကျည်ဆန်များအကြောင်း ထပ်မံ၍ စကားလမ်းကြောင်း ပွင့်ခဲ့သည်။ အရက်တော်တော်များများသောက်ဖြစ်ကြပြီး စကားအတော်ကြာပြောဖြစ်ခဲ့ရာ၊ မေးသည်များကို ပြန်ဖြေရင်းသော်လည်းကောင်း၊ သူ့ဘာသာသူပြောရင်းသော်လည်းကောင်း ဦးစောက အောက်ပါတို့ကို ပြောပြခဲ့သည်။

(က) လော်ရီကား (၃) စီးတိုက်စာ လက်နက်များ ကတိပြုထားခြင်းနှင့် အင်းစိန်မှ လက်နက်များ အကောင်အထည်ဖော်လာခြင်းမရှိချေ။

(ခ) လော်ရီကား (၃) စီးတိုက်စာ လက်နက်များ ကတိပြုခဲ့သူ ပုဂ္ဂိုလ်များနှင့် လအတန်ကြာ ငွေအနည်းငယ်မျှဖြင့် ဆက်ဆံခဲ့ခြင်းဖြစ်ပြီး၊ ထိုပုဂ္ဂိုလ်မှာ ဘီအိုဒီမှ အရာရှိတဦးဖြစ်သည်ဟု သူထင်ခဲ့သည်။

(ဂ) သူသိမ်းဆည်းထားသော ကျည်ဆန်တောင့်များ၊ အက်စ်အေဘော (SA ball) နှင့် ကျွန်တော်တို့အား နမူနာပြခဲ့သော ဒဿမ (၄၅၅) လက်မခြောက်လုံးပြူး၏ အမ်ကေ

(ဖ) ကျည်ဆန် (Mk jacketed) များမှာ ဘီအိုဒီမှ ရရှိခဲ့ခြင်းဖြစ်သည်။ (မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ပြီးနောက်ပိုင်း ၎င်းခဲယမ်းမီးကျောက်များမှာ မြန်မာနိုင်ငံတွင် မရှိတော့ဘဲ အိုအာဒီ (ORD) ကလည်း ထိန်းသိမ်းထားခြင်းမရှိတော့ကြောင်း ဦးစောကိုထောက်ပြခဲ့သော်လည်း ဦးစောက သူ့အနေဖြင့် ၎င်းဌာနကသာ ရရှိခဲ့ကြောင်း သူ့ပြောဆိုချက်ကို ထပ်မံ အတည်ပြုပြောဆိုခဲ့သည်)။

(ဃ) သူ့ဂျစ်ကားဖြင့်သွားပြီး ချိန်းဆိုထားသည့်နေရာမှ ယူမြဲဖြစ်သော်လည်း တစ်ခါနှစ်ခါ တွင်မူ ဓာတ်ဆီပုံးထဲတွင်ထည့်၍ ယင်းခဲယမ်းမီးကျောက်များကို သူ့ထံယူလာခဲ့ပြီး ယင်းပုံးများကို ချက်ချင်းရေကန်ထဲ၌ ထည့်ထားခဲ့သည်။

၁၀။ ၎င်းတို့စကားပြောဆိုမှုမှာ ဒိန်းရောက်ရှိလာ၍ ပြတ်သွားခဲ့သည်။ ဒိန်းသည် အပြာ နုရောင်လုံချည်၊ အဖြူရောင်ရှပ်အင်္ကျီနှင့် ရွှေရောင်လက်ထိုးခြေနင်း ချက်ပလီ (chapplie) ကို ဝတ်ဆင်ထားပြီး သူနှင့်အတူ မာလ်ဟိုထရာ ပါလာခဲ့သည်။ ဒိန်းသာ အိမ်ထဲဝင်လာခဲ့ ပြီး မာလ်ဟိုထရာမှာမူ အပြင်ဘက်ဂျစ်ကားထဲ၌ ကျန်နေခဲ့သည်။ သူတို့ ကြာမြင့်စွာ မနေ ပါ။ သူတို့ပြန်သွားသည်နှင့် ဦးစောက ဖိတ်ခေါ်သည်နှင့် နမ်ဆင်းပျော်ပွဲစားရုံ (Nam Sing restaurant) သို့ သူ့ဧည့်သည်တော်များအဖြစ် လိုက်ပါသွားခဲ့ပြီး ညစာအဖြစ် တရုတ်အစားအစာ စားသောက်ကြကာ ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြပါသည်။

၁၁။ ဤထွက်ဆိုချက်များကို ကျွန်ုပ်တဦးတည်းကိုသာ ပထမဆုံးပြောဆိုခဲ့ခြင်းဖြစ်၍ သက်သေမရှိပါ။ နောက်တကြိမ်ထွက်ဆိုရာတွင်မူ အခန်းထဲတွင် အက်ဒဝပ်နှင့် ဘရိတန်တို့နှစ်ဦး ရှိနေကြသော်လည်း ကျွန်တော်တို့ ပြောဆိုနေမှုကို သူတို့ မည်မျှကြားသည်ကိုမူ ကျွန်တော် အတိအကျ မပြောနိုင်ပါ။ အက်ဒဝပ်ထံမှ ထွက်ဆိုချက်ကို ဖိတ်ခေါ်ထားပါသည်။ ဘရိတန်မှာမူ မြန်မာပြည်မှ ပြန်ထွက်သွားခဲ့ပါပြီ။

၁၂။ လုံခြုံရေးနှင့် တိုက်ရိုက်သက်ဆိုင်နေပြီး သက်သေမပြနိုင်သော သတင်းများ မိမိလက်ဝယ်ရှိနေမှုကို သတိပြုမိသည့်အလျောက် တပ်မထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီး စမတ် (Smart) ကို ယင်းသတင်းများအား မိမိဘာသာပေးအပ်ခဲ့ပါသည်။ မိမိအနေဖြင့် သက်သေသော်လည်း မပြနိုင်၊ ယင်းသတင်းများကို ကျမ်းကျိန်၍လည်း မပေးနိုင်ကြောင်း အထူးပြု ပြောဆိုခဲ့ပါသည်။ (လက်မှတ်၊ ဗိုလ်မှူးဂျေ အေ မိုး) အိုင်အေအိုစီ (IAOC) ဗိုလ်မှူး၊ အိုစီခဲယမ်းမီးကျောက် သိုလှောင်ရုံ (မြန်မာ) ဆုံး။ ၆

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ အမ်/၄/၂၇၁၄**
**အရေးကြီး။** ရန်ကုန်၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၂၈) ရက်၊ (၁၇း၂၅) နာရီ။
**လက်ခံရရှိ။** ဇူလိုင်လ (၂၈) ရက်၊ (၂၁း၀၀) နာရီ။





**နံပါတ် ၃၁၈၊ ဘုရင်ခံထံမှ ကိုယ်ပိုင်ကြေးနန်း။**

၁။ ယနေ့နံနက်တွင် ဦးတင်ထွဋ်နှင့် ဦးကျော်ငြိမ်းတို့ကို ကျွန်တော်တွေ့ပါသည်။ ဦးကျော်ငြိမ်းမှာ ယူဂိုစလားဗီးယားနိုင်ငံသို့ အလည်ခရီးသွားခဲ့သည့်ဖြစ်၍ ၎င်းတိုင်းပြည်သည် အနီးကပ်ထိန်းချုပ်ခံထားရသော ကွန်မြူနစ်နိုင်ငံ တနိုင်ငံဖြစ်သည်ဟု သူနားလည်ခဲ့သည်။ ကမ္ဘာ့ဒီမိုကရေစီအပေါ် အများလက်ခံထားသည့် စိတ်ဓာတ်အရဆိုလျှင် ၎င်းနိုင်ငံသည် ဒီမိုကရေစီနိုင်ငံ ပုံစံဖြစ်မဖြစ် မေးစရာပင်မလိုပါဟု သူထင်ပါသည်။

၂။ စကားပြောဆိုရင်း မြန်မာနိုင်ငံတွင် ဖြစ်ပျက်ခဲ့သော ကြေကွဲဖွယ်အဖြစ်ဆိုးဆီသို့ အလိုအလျောက် ရောက်ရှိသွားခဲ့သည်။ ဦးစောအနေဖြင့် ငွေကြေးအထောက်အပံ့ ရရှိခဲ့သည်။ သူ့အမြင်အရ ဥရောပစီးပွားရေးလုပ်ငန်းများက အကူအညီပေးခဲ့ပုံရသည်ဟု ဦးကျော် ငြိမ်းက ပြောလိုက်သောအခါ ကျွန်တော့်အနေဖြင့် ကြောက်လန့်တုန်လှုပ်မိသည်။ ပြည်ထဲရေးဝန်ကြီးကဲ့သို့သော တာဝန်ရှိ ရာထူးယူထားသူတဦးအနေဖြင့် ယင်းကဲ့သို့ စွပ်စွဲမှုပြုခြင်းအတွက် အံ့ဩမိသည့်အပြင် စိတ်လည်းပျက်မိသည်ဟု ကျွန်တော်က ဦးကျော် ငြိမ်းကို ပြောလိုက်ပါသည်။ လုပ်ကြံမှုအတွက် ကျွန်တော်သည် ထိတ်လန့်တုန်လှုပ်မိခဲ့သည်။ သို့သော်လည်း ယခုစွပ်စွဲမှုမျိုးကို သက်သေပြနိုင်ခဲ့မည်ဆိုလျှင် ပိုမိုထိတ်လန့်တုန်လှုပ်မိမည်ဖြစ်ကြောင်း ကျွန်တော်က ဖြည့်စွက်ပြောခဲ့သည်။ ယင်းနှင့်ဆက်စပ်၍ ဇူလိုင်လ (၂၈) ရက်ထုတ် 'Guide Daily' သတင်းစာမှ ကောက်နုတ်ချက်ကို ကျွန်တော် ကိုးကားလိုက်ပါသည်။

"ဦးအောင်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ပြီးခဲ့သည့် ဇန်နဝါရီလတွင် အောင်ဆန်း–အက်တလီစာချုပ် လက်မှတ်ရေးထိုးရာတွင် ဦးစောနှင့် သခင်ဗစိန်တို့ က လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ကြသည်။ အခြားသူများ ပြန်သွားကြသော်လည်း ဦးစောသည် နေကျန်ရစ်ခဲ့သည်။ ကျွန်ုပ်တို့ (The Guide Daily) အနေဖြင့် ဦးစောသည် လူဖြူတို့၏ အကူအညီဖြင့် ဖဆပလကို ဖျက်ဆီးရန် စီစဉ်လို၍ တမင်နောက်ချန်နေရစ်ခဲ့ကြောင်း တိုင်းပြည်ကို အသိပေးခဲ့ပြီးဖြစ်သည်။ လူဖြူတို့က ယခုတကြိမ်တွင် ဦးစောကို ငွေ (၅) သိန်းပေးခဲ့သည်။

၃။ ဦးစောအင်္ဂလန်တွင်ရှိနေစဉ် သူ့ကို ငွေကြေးအမြောက်အမြား ထောက်ပံ့ပေးခဲ့သူများမှာ အင်္ဂလိပ်အရင်းရှင်ကြီးတချို့ဖြစ်ကြောင်း ကျွန်ုပ်တို့ ထပ်မံသိရှိရသည်။ ရုံးတင်တရားစွဲဆိုမှုစတင်သည်နှင့် ၎င်းလျှို့ဝှက်ချက်များ ပေါ်ပေါက်လာမည်ဖြစ်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်"

၄။ ယနေ့နေ့စွဲနှင့် ကျွန်ုပ်၏ ကြေးနန်း (၃၁၃) သည်လည်း ဆက်စပ်လျက်ရှိပါသည်။ ရာဇဝတ်မှု၏ တရားခံနှင့် ပတ်သက်၍ ကျွန်တော်တို့ ယခုတိုင် ရှင်းရှင်းလင်းလင်း မဖြစ်သေးပါ။ (ထပ်မံ– မဖြစ်သေးပါ)။

**ဆာဟူးဘတ်စ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ–အမ်/၄/၂၇၁၄**
**အရေးကြီးလျှို့ဝှက်။ ရန်ကုန်မြို့၊ ဇူလိုင်လ (၂၈) ရက်၊ (၁၈း၃၅) နာရီ**
**လက်ခံရရှိ။ ဇူလိုင်လ (၂၈) ရက်၊ (၂၁း၀၀) နာရီ**
**နံပါတ်– ၃၂၀၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊**

အောက်ဖော်ပြပါ ကြေးနန်းကို 132 Portland Street, London W 1- မောင်ကြီးထံမှ ကျွန်တော်လက်ခံရရှိခဲ့သည်။

စ။ ကျွန်ုပ်ပေးပို့သော ကြေးနန်းများသည် မည်သည့်အကြောင်းကြောင့်မသိရဘဲ ဦးစော၏ မိသားစုထံသို့လည်းကောင်း၊ သူ့မိတ်ဆွေများထံသို့လည်းကောင်း ရောက်ရှိခြင်း မရှိပါ။ ယခုသတင်းစကားကို ဘုရင်ခံမင်းအနေဖြင့် သူ့ထံပို့ဆောင်ပေးပါက အကိုဖြစ်သူ ကျွန်ုပ်သည် အလွန်အထူးဝမ်းမြောက်ဝမ်းသာဖြစ်ပါမည်။ သတင်းစကားမှာ ဤသို့ဖြစ်သည်။ လက်ရှိအခြေအနေမှနေ၍ အပြင်းအထန် ပြန်လည်တုံ့ပြန်မှုများ ဖြစ်နိုင်ခြေရှိသည့်အတွက် ပါလီမန်မှ မင့်မိတ်ဆွေများက ငါ့ကို ဒီဘက်မှနေ၍ မင်းအတွက် အကာအကွယ်ပေးရန် ပြင်ဆင်မှုများ ပြုလုပ်ရန် အကြံပေးကြသည်။ ဤသို့မြင်သည့်အတိုင်း မင်း၏ လုံခြုံရေးကို အလွန်စိုးရိမ်ပူပန်မိသည့်အတွက် ဘုရင့်ရှေ့နေရရှိရေးနှင့် မင့်အတွက် ခုခံကာကွယ်ရေးအတွက် လိုအပ်သောပြင်ဆင်မှုများ ပြုလုပ်ရေးအတွက် ချက်ချင်းလိုအပ်သည့် ပေါင် (၃၀၀) ကို ဘဏ်အား ကြေးနန်းဖြင့် လွှဲပေးရန်အတွက် မင်းက ညွှန်ကြားပေးပါရန် ငါ အနူးအညွတ်တောင်းပန်လိုက်ပါသည်။ ဘဏ်သို့ညွှန်ကြားချက်ပို့လိုက်ရန်နှင့် ဘုရင်ခံမင်းမှတဆင့် ငါ့ထံ အကြောင်းပြန်ပါရန်၊ သတင်းစကားအဆုံး။

ဘုရင်ခံမင်းအား ဤကြေးနန်းကို မြန်မာအစိုးရအဖွဲ့ဝင်များထံ လွှဲပြောင်းမပေးရန် တောင်းပန်အပ်ပါသည်။ ဆုံး။

ဤသတင်းစကားစာကို ဦးစောထံ သင့်လျော်သော လမ်းကြောင်းဖြင့် ပေးပို့နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီး တဦးတည်းထံ (တဦးတည်းထံ) ကျွန်တော် ပို့လိုက်ပါသည်။ မောင်ကြီး၏ နောက်ဆုံးစာပိုဒ်ပါ တောင်းပန်ချက်ကို အထင်အရှားပင် ကျွန်တော် လက်မခံနိုင်ပါ။

ဤမောင်ကြီးပင် ဟန်တင်ထံလိပ်မူ၍ ပေးပို့သော ကြေးနန်းစာတွင် ဟန်တင် အနေဖြင့် ဦးစော၏ဇနီးထံမှ ပေါင် (၃၀၀) မရရှိပါက သူရိယသတင်းစာ၏ အုပ်ချုပ်ရေးမှူးများထံ ချဉ်းကပ်ရန် အကြံပြုရေးသားထားကြောင်း မြန်မာပြည်တောင်ပိုင်း နေရာမှ လတ်တလောရရှိသော အိုင်အက်စ်အက်စ် (ISS) သတင်းပေးပို့မှုတွင် ကျွန်တော် သတိထားမိခဲ့သည်။ ဦးစောအနေဖြင့် ခုခံကာကွယ်ရေးအတွက် ပဏာမပြင်ဆင်မှုများပြုလုပ်ရန် ငွေလိုအပ်ကြောင်း သူက ပြောခဲ့သည်။







၁၉၄၆ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် မောင်ကြီးက ဦးစောထံ ရေးသားခဲ့သော စိတ်ဝင်စားစရာကောင်းလှသည့် စာမိတ္တူကို စာတိုက်မှ ကျွန်တော် ပေးပို့လိုက်ပါသည်။

**နံပါတ် ၃၂၁၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း**
**ဇူလိုင်လ (၂၉) ရက်၊ (၁၂း၅၀) နာရီ**

ယနေ့အထိ ပြန်လည်သိမ်းဆည်းရမိသော ဘရင်းဂန်းအရေအတွက်မှာ စုစုပေါင်း (၁၄၉) လက်ဖြစ်သည်။ ဦးစောအိမ်နှင့် ရန်ကုန်ဧရိယာမှ အလက် (၈၀)၊ ပြည်မှ (၁၂) လက်နှင့် သာယာဝတီမှ (၅၇) လက်ဖြစ်သည်။ ဤအရေအတွက် စာရင်းဇယားကို လူထုကို ထုတ်ပြန်ခြင်းမရှိပါ။ သို့သော်လည်း ရန်ကုန်မြို့ရှိ စစ်တပ်သိုလှောင်ရုံမှ လိမ်မှာပါးနပ်စွာ အယောင်ဆောင်ထုတ်သွားခဲ့သော လက်နက်များမှာ မကြာမီက ရရှိသော သတင်းများ အရ အများစုကို ပြန်လည်သိမ်းဆည်းရမိပြီဖြစ်ကြောင်း ဝန်ကြီးချုပ်အနေဖြင့် ပြော၍ရပြီဟု ကျွန်တော်အကြံပြုထားသည်။ စစ်တပ်အာဏာပိုင်များ၏ ပူးပေါင်းကူညီမှုဖြင့် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများကို ဤခိုးယူမှုနှင့်ပတ်သက်ပြီး လောလောဆယ် အပြင်းအထန် ဆောင်ရွက်လျက်ရှိပါသည်။

အခြေအနေမှာ ငြိမ်သက်လျက်ရှိပါသည်။ တစုံတရာထူးခြားချက် သတင်းပေးပို့မှုမရှိပါ။ လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများမှ ရရှိသော ပိုမိုပြည့်စုံသည့် တွေ့ရှိချက်ရလဒ်များကို ညွှန်ပြသည့် နောက်ထပ်ကြေညာချက်များကို အသေးစိတ်ဖော်ပြသင့်မသင့် အစိုးရအနေဖြင့် စဉ်းစားလျက်ရှိပါသည်။ ကျွန်ုပ်၏ ကြေးနန်းစာ ၃၁၅၊ ၂၈/၇ ကို ရည်ညွှန်းပါသည်။ ဝန်ကြီးချုပ်၏ ကြေညာချက်အတွက် သင့်ထံ ကျွန်ုပ် အချိန်မီပို့နိုင်သည်ဟု ပြောနိုင်ရန်အတွက် အလျင်အမြန်ဆောင်ရွက်၍ ရမရ သခင်နုကို ကျွန်တော် မေးထားပါသည်။

**ဦးစောထံမှ ဆာဟူးဘတ်ရန့်ထံသို့**
**အိုင်အိုအာ– အမ်/၄/၂၇၂၁ အင်းစိန် ဗဟိုအကျဉ်းထောင် ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ (၂၉) ရက်**

မြန်မာအစိုးရ၏ ရဲဌာနမှ အရာရှိများသည် အာဏာရပါတီ၏ ပြင်းထန်စွာ ဖိအားပေးမှုကြောင့် ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံးအတွင်း မကြာခင်က ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုနှင် ဆက်နွယ်၍ ကျွန်တော်တို့ အတိုက်အခံအဖွဲ့ဝင်များကို နည်းလမ်းရှိသမျှဖြင့် ခုံရုံးတင်စစ်ဆေးရန် သူတို့၏ ရှိသမျှ အချိန်နှင့် စွမ်းအားတို့ကို အာရုံစိုက် လုပ်ဆောင်နေကြသည်ဟု ကျွန်တော်ထင်ပါသည်။ အဖမ်းခံအချုပ်ပုဂ္ဂိုလ်များကို သူတို့ ထွက်ဆိုစေချင်သလို ထွက်စေရန်အတွက် ပြုလုပ်နေကျ နည်းလမ်းများအတိုင်း နည်းမျိုးစုံသုံးနှိပ်စက်၍ ရဲများက အတင်းဖိအားပေးလုပ်ဆောင်နေသည်ဟု ကျွန်တော်နားလည်ပါသည်။ ဤသို့ ကျွန်တော်နားလည်ခြင်းမှာ အကြောင်းမဲ့မဟုတ်ပါဟု ကျွန်တော်ဆိုရပါမည်။ အဘယ်

ကြောင့်ဆိုသော် ကျွန်တော်တို့ကို ထောင်ထဲခေါ်လာပြီး ရက်များမကြာမီပင် အချို့ရဲအရာရှိများ ရောက်ရှိလာပြီး အဖမ်းခံပုဂ္ဂိုလ်အချို့ကို စတင်စစ်ဆေးပါသည်။ ထိုသို့ အချို့ကို စစ်ဆေးပြီးနောက် ကျန်ပုဂ္ဂိုလ်များကို ဆက်လက်စစ်ဆေးခြင်းမပြုတော့ပါ။ ထိုပုဂ္ဂိုလ်များကို ထောင်မှထုတ်သွားပြီး ရဲများအလိုရှိသကဲ့သို့ အတင်းအကြပ်ထွက်ဆိုစေမည်ကို ကျွန်တော် စိုးရိမ်ပူပန်ကြောက်လန့်နေမိပါသည်။ အမှုတမှုကို ဘက်မလိုက်သော တရားရုံး (သို့မဟုတ်) ခုံရုံးတခုက စစ်ဆေးမည်ဆိုသည်မှာ အလွန်ကောင်းလှသော်လည်း တချိန်တည်းမှာပင် ၎င်းတရားရုံး (သို့မဟုတ်) ခုံရုံးသည် ရဲများကတင်ပြသော သက်သေများအတိုင်းသာ စစ်ဆေးသွားမည်သာဖြစ်သည်။ တရားသူကြီးတဦးတယောက် (သို့မဟုတ်) တရားသူကြီးများက ရဲများက ဖန်တီးထားတင်ပြလာသော သက်သေအမှားများကို အသေအချာသိလျက်နှင့်ပင် ရုံးတော်အနေဖြင့် တခြားနည်းလမ်းမရှိ၍ ယင်းသက်သေများကို လက်ခံခဲ့ရသည့် သာဓကအမှုများ အများအပြား အတိတ်က ရှိခဲ့ဖူးပါသည်။ ကျွန်တော်တို့ကို နည်းလမ်းစုံသုံး၍ ချေမှုန်းရန် အာဏာရပါတီအဖွဲ့ဝင်တဦး (သို့မဟုတ်) အဖွဲ့ဝင်များက တိုက်ရိုက်ဖိအားပေးမှုအောက်တွင် ရဲအရာရှိများ အထင်အရှား ရောက်ရှိနေသည့် ယခုအဆင့်သည် စောသေးသော်လည်း အလွန်အရေးကြီးသော အဆင့်ဖြစ်ကြောင်း ဘုရင်ခံမင်းထံ ကျွန်တော် ထောက်ပြတင်ပြလိုရင်းဖြစ်ပါသည်။

ဤအမှုတွင်းသို့ စစ်ဆေးရန် ရည်ရွယ်ချက်ဖြင့် အထူးရဲအရာရှိများအား ဤတိုင်းပြည်သို့ စေလွှတ်ပေးရန် ဘုရင့်အစိုးရအား ချဉ်းကပ်ပေးပါရန် ဘုရင်ခံမင်းအား ကျွန်တော် ရိုးသားစွာ တောင်းပန်လိုပါသည်။ တရားနည်းလမ်းအတိုင်း မျှမျှတတဖြစ်စေရန်အတွက် ဖြစ်နိုင်ပါက အသင်၏ ထောက်ခံချက်နှင့်အတူ ကျွန်တော်၏ ရိုးသားစွာ တောင်းဆိုမှုကို ဘုရင့်အစိုးရထံမှောက် သို့ ဘုရင်ခံမင်းက ဆက်လက်တင်ပြလိမ့်မည်ဟု ကျွန်တော် မျှော်လင့်ယုံကြည်လျက်ရှိပါသည်။ ၅

**ဝန်ကြီးများကောင်စီ၊ ပထမအထူးအစည်းအဝေး၊ မှတ်တမ်း၊ အိုင်အိုအာ–အမ်/၄/၂၅၅၅**

**တက်ရောက်သူများ၊ သခင်နု (သဘာပတိ)၊ ဦးမြ (ပျော်ဘွယ်)၊ ဦးအောင်ဇံဝေ၊ ဦးဘဂျမ်း၊ သခင်လွန်းဘော်၊ ဦးမြ (ဟင်္သာတ)၊ သခင်တင်၊ ဗိုလ်လကျ်ာ၊ ဦးဝင်း၊ ဗိုလ်ဖိုးကွန်း၊ ဦးဖေခင်၊**

**နံပါတ် ၃၃၇၊ ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**

**ရန်ကုန်မြို့၊ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂) ရက်၊ (၁၁း၄၅) နာရီ**

၂ (ခ) ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင်များကို ဖယ်ရှားပြီးသည်နှင့် ဘုရင်ခံက သူ့ကို အခေါ်လွှတ်၍ အစိုးရဖွဲ့ခိုင်းလိမ့်မည်မှာ ကျိန်းသေကြောင်း ဦးစောက သူ့လူများကို ပြောခဲ့သည်။ ဤသို့ပြောခြင်းမှာ မယုံနိုင်စရာဖြစ်သည်။ ဤသတင်းသာ မှန်ခဲ့ပါက ဦးစော







အနေဖြင့် ဤရာဇဝတ်မှုအတွက် ကွန်မြူနစ်ပါတီများမှ တယောက်မဟုတ်၊ တယောက်ယောက်အပေါ် သံသယဝင်လိမ့်မည်ဟု ဦးစောက တွေးဆခဲ့သည်ဟု ကျွန်တော်ပြောရမည်ဖြစ်ပါသည်။

**အရှေ့တောင်အာရှမြေပြင်တပ်များ (South East Asia Land Forces) မှ စစ်ရုံးသို့။**

**ကြေးနန်းစာ။ အိုင်အိုအာ– အယ်လ်/ဒဗလျူအက်စ်/၁၊ ၆၆၉**

**ချက်ချင်း။ စကၤာပူ၊ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၆) ရက်၊ (၁၂း၃၀) နာရီ**

**၁၂၈၀၄/ထောက်လှမ်းရေး–ဩဂုတ်လ(၃)ရက်အထိ**

**မြန်မာပြည် ပြန်လည်အစပြု။**

၁။ စေ့စပ်မှုများ အခြေတည်လာပြီး အခြေအနေငြိမ်သက်၊ အောက်ဖော်ပြပါ ဖြစ်နိုင်ခြေ များကိုမူ စဉ်းစားရန်။

(က) ဗြိတိသျှဆန့်ကျင်ရေး အုံကြွပေါက်ကွဲမှု။

(ခ) အစိုးရအား အင်အားချည့်နဲ့ရန် ဗမာပြည်ကွန်မြူနစ်ပါတီ (BCP) မှ ကြိုးပမ်းအားထုတ်မှုများ။

(ဂ) အစိုးရကို ဖြုတ်ချရန် အတိုက်အခံပါတီများမှ ကြိုးပမ်းအားထုတ်မှုများ။

(ဃ) ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဖဆပလအဖွဲ့ချုပ်တို့ ညွန့်ပေါင်းဖွဲ့မှု။

(က) ၏ အန္တရာယ် လျော့နည်းသွားသော်လည်း ဗြိတိသျှ ဆန့်ကျင်ရေး ဝါဒဖြန့်မှုဆက် လက်ဖြစ်ပေါ်လျက်ရှိသည်။ ဆိုးဆိုးဝါးဝါးတခုခု ဖြစ်ပျက်ပါက အလွန်အမင်းတင်းမာမှုနှင့် အန္တရာယ်ဖြစ်ပေါ်လာနိုင်သည်။ ဤလုပ်ကြံသတ်ဖြတ်မှုတွင် ဗြိတိသျှတို့ပါဝင်ပတ်သက်နေသည်ဟု အများထင်မြင်ယုံကြည်နေမှု (သို့မဟုတ်) ဗြိတိသျှတို့၏ ကောင်းစွာ ယုံကြည်သက်ဝင်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် သံသယရှိနေမှု (သို့မဟုတ်) လူမျိုးရေးပြဿနာ အဖြစ်အပျက်တို့မှာ နမူနာများဖြစ်သည်။ (ခ) သည် ဖြစ်နိုင်ခြေရှိသည်။ (ဂ) ကို လောလောဆယ် လျှော့တွက်၍ရသော်လည်း လုံးဝဖယ်ထား၍ မရ။ ဗမာပြည်ကွန်မြူနစ်ပါတီအနေဖြင့် အာချောင်လွန်းသည့်အတွက် (ဃ) သည် ဖြစ်နိုင်ခြေမရှိပါ။ ဖဆပလအနေဖြင့်သာ လွတ်လပ်ရေးရရှိသည်အထိ အစိုးရကို စုစည်းထိန်းသိမ်းထားရန် ကျန်ရှိနေလိမ့်မည်ဖြစ် ပြီး အတိုက်အခံများ တိုးတက်လာရန်သာ အများဆုံးဖြစ်နိုင်ပါသည်။

၂။ ဗမာ့တပ်မတော်။ ဂေါ်ရခါးတပ်ဖွဲ့ဝင်အနည်းငယ်မှလွဲ၍ တပ်မတော်အနေဖြင့် မြန်မာ အစိုးရအပေါ် ဆက်လက်သစ္စာစောင့်သိပြီး ထောက်ခံရန် ဖြစ်နိုင်သည်။ နိုင်ငံရေးအရ အကျိုးစီးပွားမတူသော အမြင်အရ ချင်း၊ ကချင်နှင့် ကရင်တို့မှာမူ မြေမသေ၊ တုတ်မကျိုး အနေအထားဖြစ်နေသည်။ ဗမာ့တပ်မတော်အနေဖြင့် ဗြိတိသျှအကျိုးစီးပွား (သို့မဟုတ်) ၎င်းအကျိုးစီးပွားတို့ကို ထောက်ခံရန် တာဝန်ယူမှုအတွက် သစ္စာစောင့်သိလိုစိတ်မရှိဟု

ယူဆရမည်ဖြစ်သည်။ ဗမာ့တပ်မတော်က ထားရှိနိုင်ခြေရှိသော သဘောထားအပေါ် ကျယ်ကျယ်ပြန့်ပြန့် ယေဘုယျကြည့်ခြင်းက (ခ) (ဂ) (ဃ) တို့တွင် သူ့အနေဖြင့် တည်ငြိမ်အောင် ထိန်းသိမ်းရမည့်သူဖြစ်နိုင်ခြေရှိကြောင်း ညွှန်ပြလျက်ရှိသည်။ (က) တွင်မူ သူ၏ တည်ငြိမ်အောင် ထိန်းသိမ်းမည့် တန်ဖိုးသည် လက်ရှိအစိုးရအနေဖြင့် ဗြိတိသျှဆန့်ကျင်ရေး စိတ်ခံစားမှုအပေါ် မည်မျှ အတိုင်းအတာအထိ မျှဝေခံယူမည် (သို့မဟုတ်) ဆန့်ကျင်မည် (သို့မဟုတ်) ထိန်းသိမ်းကန့်သတ်လိုစိတ်ရှိမည်အပေါ် မူတည်နေသည်။

(၃) နိဂုံး။ သခင်နုအနေဖြင့် နိုင်ငံခေါင်းဆောင်အဖြစ် ဦးအောင်ဆန်းထက်သာသော်လည်း သူ့၌ လူထုကို ဆွဲဆောင်နိုင်မှုမရှိချေ။ အသစ်ရွေးချယ်လိုက်သော ဝန်ကြီးဌာနအပေါ်၌ ပြည်သူလူထုက မတုန်မလှုပ်ဖြစ်နေမှု ထပ်ဆောင်းလိုက်သောအခါ ရလဒ်အားဖြင့် အစိုးရသည် ဘက်ပေါင်းစုံမှ အတိုက်အခံများ ရှိနေလေသည်။

၄။ အထက်ဖော်ပြပါ ဆက်သွယ်မှုကို မပို့လွှတ်မီ ဇူလိုင်လ (၃၀) ရက် နေ့စွဲဖြင့် ဆာဟူး ဘတ်က အားလ်အော့ဖ်လစ်တိုဝဲလ်ထံ အကြံပြုပေးပို့ခဲ့သော အတွင်းရေးသတင်းစကားကို သတိထားကြည့်လျှင် စိတ်ဝင်စားဖွယ်ဖြစ်သည်။ ၎င်းသတင်းမှာ ဆာဟူးဘတ်သည် ရာ့ဖ်စတုံးဟမ် (Ralph Stoneham) နှင့် ထိုနေ့နံနက်က စကားပြောမိရာ ဤတိုင်းပြည်တွင် လူချစ်လူခင်အများဆုံး ဥရောပတိုက်သားဟု သူက အမည်တပ်ထားသော စတုံးဟမ်က လုပ်ကြံမှုဖြစ်ပြီးနောက် သူ့မြန်မာမိတ်ဆွေများက သူ့အပေါ် စိတ်ခံစားမှု သိသိသာသာ ပြောင်းသွားခဲ့ကြောင်း ဆာဟူးဘတ်ကို ပြန်ပြောပြခဲ့သည်ဟူ၍ ဖြစ်သည်။

**ဗိုလ်ချုပ်ကြီး ဆာနီးလ်ရစ်ချီ (General Sir Neil Ritchie) က ဖီးလ်မာရှယ်မောင့်ဂိုမာရီ (Field Marshall Montgomery) ထံသို့**

**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၅**

**ချက်ချင်းအဖြစ်ဆုံး။ စင်္ကာပူ၊ ဩဂုတ်လ (၇) ရက်၊ (၂း၄၇) နာရီ**

**ထိပ်တန်းလျှို့ဝှက်။ ၁၀၁၁/အမ်အေဂျကင် (Jakin)၊ ရစ်ချီထံမှ စီအိုင်ဂျီ (CIGS) အတွက် ကိုယ်ပိုင်ကြေးနန်း အကြောင်းအရာမှာ မြန်မာပြည်နှင့်သက်ဆိုင်သော ထပ်မံအသေးစိတ်များ (စာပိုဒ် ၃၊ ၄၊ နှင့် ၅ ကိုသာ အောက်တွင် ကိုးကားထားသည်)**

၃။ ဘုရင်ခံနှင့် စကားပြော၊ ယင်းဇူလိုင်လ (၁၅) ရက်နေ့တွင် မိုး (Moore) က ဤထွက် ဆိုချက်ကို ပြုလုပ်ခဲ့ကြောင်း အသိပေးခဲ့ပြီး နယ်ဘက်ဆိုင်ရာနှင့် စစ်ဘက်ဆိုင်ရာလမ်း ကြောင်းများအတိုင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေခဲ့ပြီဟု ယူဆသည့်အတွက် ယင်းထွက် ဆိုချက်အကျဉ်းကို ဘုရင်ခံအား ကျွန်ုပ်က ပေးခဲ့သည်။ ဘုရင်ခံက ဦးအောင်ဆန်းနှင့် သခင်နုတို့ကို ဦးစောသည် လက်နက်များကို သူ့အိမ်ဘေးရှိ ကန်ထဲတွင် ဝှက်ထားကြောင်း ပြောပြခဲ့သည်။







၄။ ဇူလိုင်လ (၂၀) ရက်နေ့တွင် ဝန်ကြီးများအပေါ် လျှို့ဝှက်ကြံစည်မည့်ကိစ္စအား စီအိုင်ဒီက ဦးအောင်ဆန်းကို အသိပေးခဲ့သည်ဟု နားလည်ပါသည်။ သို့ဖြစ်၍ လုပ်ကြံမှုခံရချိန်တွင် ဦးစောအပါအဝင် အများအပြားဖမ်းဆီးရန် ဦးအောင်ဆန်းသည် သူ့ဝန်ကြီးများနှင့် တိုင်ပင်နေခြင်းဖြစ်သည်။ လုပ်ကြံရာတွင် အသုံးပြုသော လက်နက်များမှာ * အေအိုယူ (AOU) မှ ရရှိသော လက်နက်များနှင့် အမျိုးအစားကွဲလွဲနေခြင်းကို မှတ်သားရန် အရေးကြီးပါသည်။

* (အမှား– အေအိုဒီ ? )

၅။ လုပ်ကြံသတ်ဖြတ်မှုဖြစ်သည့် ရက်စွဲအမှန်မှာ ဇူလိုင်လ (၁၉) ရက်ဖြစ်သည်။ ဂရင်းဝုဒ် (Greenwood) ထဲမှ ၎င်းအမှားရက်စွဲကို ကျွန်တော်ရခဲ့ခြင်းဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော်လည်း ကျွန်တော် (ရစ်ချီ) (Ritchie) သည် ခရီးသွားနေစဉ်ဖြစ်ပြီး သင့်ထံမှ သင်၏ အချက်ပြမိတ္တူ ကျွန်တော့်တွင် မရှိသည့်အတွက် အမှားအမှန် မစစ်ဆေးနိုင်ခဲ့ပါ။

**ဆာရဲဂျီနယ် ဒေါ်မန်စမစ်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ(လ်) ထံသို့**

**အိုင်အိုအာ– အယ်လ်/ပီအို/၉/၇**

**ပုဂ္ဂိုလ်ရေးနှင့်အတွင်းရေးလျှို့ဝှက်။ စတိုဒမ်ပတ်,လစ်,ဟမ်ရှိုင်းယား။ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၁၀) ရက်**

ဦးအောင်ဆန်းနှင့် သူ့လုပ်ဖော်ကိုင်ဘက်များကို လုပ်ကြံသတ်ဖြတ်မှုအတွက် ရုံးတင်စစ်ဆေးမှုကို ဦးစောအနေဖြင့် ရင်ဆိုင်ရမည်ကို ကျွန်တော်မြင်မိပါသည်။ ဦးစောကို စွဲနိုင်သည့် မည်ကဲ့သို့သော သက်သေရှိနေသည်ကိုလည်းကောင်း၊ ဤယုတ်မာလှသည့် ရာဇဝတ်ပြစ်မှုတွင် သူသည် အပြစ်မဲ့သလား၊ အပြစ်ရှိသလားကိုလည်းကောင်း ကျွန်တော် အမှန်တကယ်မသိပါ။ သူအသက်ရှင်ရေးအတွက် ကြိုးစားရာတွင် သူသည် အစဉ်သဖြင့် ကောင်းမွန်သော မျိုးချစ်တဦးအဖြစ်ကိုလည်းကောင်း၊ ဦးအောင်ဆန်း၊ ဖဆပလတို့နှင့်မတူ ကွဲပြားစွာ ဒီမိုကရက်ကောင်းတဦးအဖြစ်ကိုလည်းကောင်း ပြသနိုင်ရန်အတွက် ဦးစောအနေဖြင့် အတိတ်သမိုင်းအတော်များများကို ဖော်ပြလိုစိတ်ရှိနိုင်ခြေကို ကျွန်တော်မှန်းဆမြင်မိပါသည်။ ကျွန်တော့်ကို သူ့သက်သေတဦးအဖြစ် ဆင့်ခေါ်လိုစိတ်ရှိမည်ကိုလည်း ကျွန်တော်စဉ်းစား၍ ရပါသည်။

ကျွန်တော့်အနေဖြင့် ဤရုံးတင်တရားစွဲမှုတွင် တနေရာက ပါဝင်ရမည်ဆိုလျှင် ကျွန်တော်တဦးတည်းအတွက်သာမက ဘုရင့်အစိုးရအတွက်ပါ စိတ်အနှောင့်အယှက်ဖြစ်ရမှုထက် အနည်းငယ် ပိုပါလိမ့်မည်။ သို့သော်လည်း ဤသို့ဖြစ်ရလင့်ကစား ကျွန်တော့်ကို ဆင့်ခေါ်မည်ဆိုပါက ကျွန်တော့်အနေဖြင့် ကူညီရန် ကြိုးစားသင့်သည်ဟုခံစားမိပါသည်။[၆] ဦးစောကို ကျွန်တော်ကောင်းစွာ သိသည့်အတွက် သူ့အပေါ်၌ ကျွန်တော်မြင်ချင်ရာ မြင်

ခြင်း မဟုတ်ပါ။ သူသည် ပုဂ္ဂိုလ်ရေးအရ မိတ်ဆွေကောင်းတဦးသာမက ကောင်းမွန်သော အကြံဉာဏ်များ ပေးနိုင်သူတဦးအဖြစ်လည်း ကျွန်တော်အမြဲတစေတွေ့ကြုံမိပါသည်။ ၁၉၄၁ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ခွာသွားပြီးနောက် သူ့အနေဖြင့် ဆိုးဆိုးဝါးဝါး ခြေလှမ်းမှားများ ပြုလုပ်ခဲ့မိသော်လည်း ကျူးကျော်မှုကို ရင်ဆိုင်ရန်အတွက် မြန်မာနိုင်ငံအား ပုံစံတစုံတရာရရှိအောင် ပြုလုပ်သည့် ကျွန်တော့်ကြိုးပမ်းမှုများတွင် သူသည် အကူအညီ အကြီးအကျယ်ပေးခဲ့ပါသည်။ သူ့အတွက် အကြီးအကျယ်လိုအပ်နေသော ယခုလို အချိန်မျိုးတွင် သူ့အတွက် စကားပြောဆိုပေးရန် စိတ်ဆန္ဒမရှိဖို့အတွက် စဉ်းစားရန် ကျွန်တော့်မှာ တွန့်ဆုတ်နေမိပါသည်[၆]။

ဦးအောင်ဆန်းအား လုပ်ကြံသတ်ဖြတ်မှုသည် ကျွန်တော့်အတွက် ပဟေဠိသဖွယ်ဖြစ်နေပါသည်။ ဦးစောနှင့် ဦးဘရင်ကို ကျွန်တော်နောက်ဆုံးတွေ့ရှိချိန်က သူတို့သည် ဖဆပလ၏ ဖက်ဆစ်ဆန်ဆန်ပြုလုပ်မှုများနှင့် မြန်မာနိုင်ငံအတွက် မှန်ကန်သည့် ဒီမိုကရေစီပုံသဏ္ဌာန်ပေါ်ထွန်းရေးအတွက် လိုအပ်မှုအကြောင်း အတော်ပြောဆိုခဲ့ကြသည်။ သူ့မော်တော်ကားထဲတွင် သူ့အား သတ်ဖြတ်ရန် ကြိုးစားသူများမှာ ဖဆပလဖြစ်သည်ဟု ဦးစောက ယုံကြည်ပြီး ကြောက်လန့်နေသူတဦးဖြစ်သည်။ သို့သော်လည်း ဖဆပလကမူ နိုင်ငံရေးအမြတ်ရရန်အတွက် လုပ်ကြံသတ်ဖြတ်မှုကို နည်းလမ်းတခုအဖြစ် သုံးလိမ့်မည်မဟုတ်ကြောင်း၊ ပြင်းပြင်းထန်ထန်ပြောဆိုခဲ့ကြပါသည်။ ဦးစောသည် ရည်မှန်းချက်ကြီးသူဖြစ်သည်။ စစ်မဖြစ်မီကာလက ဦးစော၏ ပြိုင်ဘက်တဦးနှစ်ဦး ရုတ်တရက် ဆိုသကဲ့သို့ သေသွားကြရသည်ဟု ကောလာဟလ ဖြစ်ပေါ်ခဲ့မှန်းသိပါသည်။ သို့သော်လည်း လူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန်အတွက် စည်းရုံးစီရင်လုပ်ဆောင်ခြင်းမှာ ဦးစော၏ အကျင့်စရိုက်နှင့် မကိုက်ညီဟု ကျွန်တော်ထင်ပါသည်။

အကယ်၍ တရားရုံးက ဆင့်ခေါ်ပါက သွားရောက်၍ သက်သေခံရန်မှာ ကျွန်တော့်တာဝန်ဖြစ်သည်ဟု ကျွန်တော်နှင့် သဘောတူညီမှု ရှိမရှိ သင့်ထံမှ သိရှိလိုပါသည်။

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၄**
**ချက်ချင်းအဖြစ်ဆုံး။ ရန်ကုန်မြို့ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်၊ ၁၀း ၁၅ နာရီ။**
**လျှို့ဝှက်။ လက်ခံရရှိ၊ ဩဂုတ်လ (၂၅) ရက်၊ ၁၀း ၅၀ နာရီ။**
**နံပါတ် ၄၀၈၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊**

ဩဂုတ်လ (၂၃) ရက်၊ စနေနေ့ ည (၉) နာရီတွင် ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းသည် ကျွန်တော့်အား အရေးတကြီးလာရောက်တွေ့ဆုံပြီး ဦးစောက လာဘ်ပေး၍ သူ့အတွက် စာပေးစာယူပြုလုပ်ခိုင်းထားသော ထောင်အရာရှိတဦးက ၎င်းစာများကို





အာဏာပိုင်များအား ပြသလျက်ရှိရာ (ဦးစောမသိဟု ယူဆရပါသည်) အာဏာပိုင်များထံ လွှဲအပ်ခဲ့သော အင်းစိန်ထောင်ထဲတွင် ဦးစောရေးသားခဲ့သည့် စာနှစ်စောင်၏ မိတ္တူများကို ကျွန်တော့်အား ပေးပါသည်။

၂။ ၎င်းစာများတွင် (၂၂) နှင့် (၂၃) ရက်နေ့စွဲများ တပ်ထားပြီး ဗြိတိသျှကောင်စီမှ ဘင်ဂလေ (Bingley) ထံ လိပ်မူထားပါသည်။ ၎င်းစာများတွင် ဘင်ဂလေ၏ အကူအညီကို တောင်းခံထားပြီး လျှို့ဝှက်သင်္ကေတများဟု ယူဆရသော ထူးဆန်းသည့် စကားစုများကိုလည်း အသုံးပြုထားသည်။ ၎င်းစာများတွင် "(VV)" ဟု လူတဦးကို ရည်ညွှန်းထားပြီး ၎င်းမှာ ဗီဗီယန်း (Vivian) ဖြစ်ပါသည်။ စာထဲတွင် လွတ်မြောက်ရေးအတွက် မျှော်လင့်ချက်များကိုသာမက ပြည်တွင်းသာမက နိုင်ငံတကာဆိုင်ရာ ရိုက်ခတ်တုန်ခါမှုများ ဖြစ်စေနိုင်သည့် ထုတ်ဖော်မှုများ ပြုလုပ်ရန်ကိုလည်း ခြိမ်းခြောက်ရေးသားထားသည်။ စာပေးစာယူပြုလုပ်သူကိုလည်း ယုံကြည်စိတ်ချရကြောင်း ဘင်ဂလေကို အာမခံရေးသားထားသည်။

၃။ ဘင်ဂလေအနေဖြင့် ယင်းစာများကို လက်ခံရရှိခြင်းမရှိပါ။ စာပေးစာယူပြုလုပ်သူကို ယင်းစာများမှ စာတစောင်ကို ယူသွားခွင့်ပြုလိုက်သော်လည်း သူဘင်ဂလေအိမ်ရောက်ရှိချိန်တွင် နောက်တနေ့ ယူကေ (UK) သို့ မထွက်ခွာမီ ဘီအိုအေစီ (BOAC) တည်းခိုခန်း၌ တညတာ နေထိုင်ရန်သွားတော့မည့် ဘင်ဂလေက တွန်းထိုးဘေးဖယ်ပစ်ခဲ့သည်။

ရဲများ၏ အမြင်တွင် ယင်းစာများက ဘင်ဂလေကို "အရပ်မြင့်မြင့်နဲ့ လူကြီး" နှင့် ဆက်စပ်ပေးထားသည်ဟု ယူဆကြသည်။ ဗီဗီယန်းထံရေးသော စာတစောင်အပါအဝင် အခြားစာများတွင်လည်း ဦးစောက ထောင်ထဲမှ ယင်းရည်ညွှန်းချက်ကို ရေးသားခဲ့သည်။ ဤအရာအားလုံးမှာ စိတ်အနှောင့်အယှက် အကြီးအကျယ်ဖြစ်စရာများဖြစ်သည်ဟု သင် တွေးထင်ကြည့်နိုင်ပါသည်။ ဘင်ဂလေကို လျှို့လျှို့ဝှက်ဝှက်လုပ်မည့်သူဟု ကျွန်တော် မထင်နိုင်ပါ။ ဦးစောနှင့် ဆက်ဆံခဲ့ရာတွင် သူ့ဘက်မှ ရိုးသားအပြစ်ကင်းမည်မှန်သော်လည်း ထောင်ထဲမှ ဦးစောရေးသားခဲ့သော ယခုစာများက ယင်းဆက်ဆံမှုများကို အဆိုးဝါးဆုံး လွဲမှားစွာ အဓိပ္ပာယ်ပြန်ဆိုစရာဖြစ်လိမ့်မည်မှာ ထင်ရှားနေပေသည်။

၆။ ကျွန်တော့်အတွက် ဆောင်ရွက်ရန် တခုသာရှိပါသည်။ ၎င်းမှာ ဘင်ဂလေကို မထွက်ခွာရန် တားဆီးထားပြီး စစ်ဆေးမေးမြန်းရန် ဖြစ်ပါသည်။ သို့ဖြစ်၍ မိုးအတော်ချုပ်မှ ဘီအိုအေစီတည်းခိုခန်းတွင် ဘင်ဂလေကို ကျွန်တော် ဆက်သွယ်၍ရပါသည်။ သူ့အား မထွက်ခွာသေးရန် ကျွန်တော်ကပြောလိုက်ပြီး ဘီအိုအေစီကိုလည်း သူ့လေယာဉ်လက်မှတ်အား ခဏရပ်ဆိုင်းထားရန် မေတ္တာရပ်ခံထားပါသည်။

၇။ ယမန်နေ့၊ တနင်္ဂနွေနေ့က မက်ဂွိုင်းယား (McGuire) က ဒီအိုင်ဂျီ စီအိုင်ဒီ (DIG-CID) ဦးထွန်းလှအောင်ကို ဘင်ဂလေအိမ်သို့ ခေါ်သွားခဲ့ပြီး သူ့ကို ဘင်ဂလေအား မေးမြန်းရန် ထားပစ်ခဲ့သည်။



၈။ ယမန်နေ့ညနေက မက်ဂွိုင်းယားက ဦးထွန်းလှအောင်နှင့် တွေ့ရန် သွားခဲ့ရာ ဦးထွန်းလှအောင်နှင့် ဦးကျော်ငြိမ်းတို့အမှုကိစ္စဆွေးနွေးနေကြသည်ကို တွေ့ခဲ့ကြောင်း၊ မက်ဂွိုင်းယားက ကျွန်တော့်ကို အသိပေးပါသည်။ ဘင်ဂလေကို (၅) နာရီကြာ မေးမြန်းခဲ့သော်လည်း ရလဒ်မှာ စိတ်ကျေနပ်စရာမကောင်းကြောင်း (ထပ်မံ–မကောင်းကြောင်း)၊ သက်သေပြရန် ခက်ခဲသော်လည်း ဘင်ဂလေအနေဖြင့် ဦးစောထံ စာရေးသားရန် ကြိုးစားမည်ဟု ဦးထွန်းလှအောင်က မထင်ကြောင်း မက်ဂွိုင်းယားကို ပြောပြခဲ့ပါသည်။

၉။ ဦးကျော်ငြိမ်းက သူ့အနေဖြင့် ယခုကိစ္စတခုလုံးကို ဝန်ကြီးအဖွဲ့ရှေ့မှောက်သို့ သူတင် ပြရတော့မည်ဖြစ်ကြောင်း မက်ဂွိုင်းယားကို ပြောပြခဲ့သည်။ ယနေ့ပင် ယင်းကိစ္စကို ဦးကျော်ငြိမ်းက ပြုလုပ်မည်ဖြစ်ပြီး သခင်နုနှင့်အတူ ကျွန်တော့်အား ယနေ့ညနေတွင် သွားရောက်တွေ့ဆုံရန် ကြိုးစားမည်ဖြစ်ကြောင်း မက်ဂွိုင်းယားကို ထပ်မံပြောဆိုခဲ့ပါသည်။

၁၀။ ယခုလောလောဆယ်တွင် ဤကိစ္စအားလုံးကို အတတ်နိုင်ဆုံး လူအနည်းဆုံးသာ အသိပေးထားပါသည်။ သို့သော်လည်း ထုံးစံအတိုင်း မည်သည့်သတင်းပေါက်ကြားပြီး၊ မည်သို့လွဲမှားစွာ အဓိပ္ပာယ်ပြန်ဆိုကြမည်ကို ကျွန်တော် အလွန်အမင်းစိုးရိမ်လျက်ရှိပါသည်။

၁၁။ ဘင်ဂလေကို ယနေ့နံနက် ကျွန်တော်တွေ့ပါမည်။ ယခုညနေတွင် ဦးကျော်ငြိမ်း၊ သခင်နုတို့နှင့် စကားပြောဆိုပြီးနောက် ယခုကိစ္စရပ်ကို ပိုမိုရှင်းလင်းစွာ သုံးသပ်နိုင်ရန် အတွက် အသေးစိတ်အချက်အလက်များ ပိုမိုရရှိလိမ့်မည်ဟု ကျွန်တော်မျှော်လင့်ပါသည်။

၁၂။ ဘင်ဂလေနေရာဆက်ခံသူ ဂျင်ကင် (Jenkins) က ဗြိတိသျှကောင်စီသို့ သတိထား ရေးသားထားသော ကြေးနန်းစာတစောင် ပေးပို့ခဲ့ပါသည်။

**ဆာဟူးဘတ်ရန့်ထံမှ အားလ်အော့ဖ်လစ်တိုဝဲ (လ်) ထံသို့**

**ကြေးနန်းစာ၊ အိုင်အိုအာ– အမ်/၄/၂၇၁၄**

**ချက်ချင်းအဖြစ်ဆုံး။** **ရန်ကုန်မြို့၊ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂၇) ရက်၊ (၀၉း၃၀) နာရီ**

**လျှို့ဝှက် ။** **လက်ခံရရှိ၊ ဩဂုတ်လ (၂၇) ရက်၊ (၀၀း၄၅) နာရီနံပါတ် ၄၁၉၊ ဘုရင်ခံ၏ ကိုယ်ပိုင်ကြေးနန်း၊ ကျွန်ုပ်၏ ကြေးနန်းစာများ ၄၀၈၊ ၄၁၀နှင့် ၄၁၂၊ ဘင်ဂလေ**

ကျွန်တော် ယနေ့နံနက်ခင်းတွင် သခင်နုနှင့် ဦးကျော်ငြိမ်းကို တွေ့ပါသည်။ အခြားကိစ္စရပ်များကြားတွင် ဘင်ဂလေကိစ္စကို ကျွန်တော်တို့ ဆွေးနွေးကြပါသည်။

၂။ ဝန်ကြီးများအနေဖြင့် ဘင်ဂလေကို အလွန်အမင်း သင်္ကာမကင်းဖြစ်နေသည်မှာ သံသယဖြစ်စရာမရှိပါ။ ယင်းသင်္ကာမကင်းဖြစ်နေမှုများ ရှင်းလင်းသွားသည့်တိုင် ဘင်ဂလေ အနေဖြင့် ဤနေရာတွင် ဆက်လက်နေရန် လိုအပ်ပုံရပါသည်။ ယနေ့ ဦးကျော်ငြိမ်း ထုတ်ဖော်ပြောပြသော အချက်များနှင့် ယခုကြေးနန်းမတိုင်မီ ကြေးနန်းစာများတွင် ကျွန်တော် အစီ ရင် မခံခဲ့သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။







၃။ ဦးစောက အကြီးအကျယ်လာဘ်ထိုးထားသော သူ့ထောင်၏ ထောင်ပိုင်ကြီးသည် အပြင်ဘက်ရှိ မိတ်ဆွေများကို၊ ဘုရင်ခံကို (ထောင်၏) ရရှိသမျှ သတင်းများ အစီရင်ခံလျက်ရှိပြီး ဦးစောရေးသမျှ သတင်းစကား၊ စာမှန်သမျှကို ပေးအပ်လျက်ရှိပါသည်။

၄။ ထောင်ထဲရောက်ခါစ စောစောပိုင်းရက်များတွင် သူနှင့် တထောင်ထဲရှိနေသော အတူ စွပ်စွဲခံရသူများအား ဆက်သွယ်၍ သူ့ဘက်တွင် ဘုရင်ခံဟောင်းသုံးဦးနှင့် အင်္ဂလန်ရှိ ဝန်ကြီးဟောင်း အများအပြားရှိနေသည့်အတွက် စိုးရိမ်စရာမရှိကြောင်း ပြောဆိုခဲ့သည်။ နောက်ပိုင်းတွင် ဩဇာတိက္ကမ အလွန်ရှိပြီး သူတို့အပေါ် ဒုက္ခမရောက်အောင် ကြည့်ရှုမည့် မြန်မာပြည်ရှိ အရပ်မြင့်မြင့်နှင့် မိတ်ဆွေအကြောင်း ဦးစောက ဖော်ပြလာခဲ့သည်။ သူ၏ စာတစောင်တွင် ဗီဗီယန်းအား ၎င်းအရပ်မြင့်မြင့်မိတ်ဆွေအကြောင်း ဖော်ပြခဲ့သည်။ ဗီဗီယန်းက ၎င်း၏ပြန်စာတွင် လောလောဆယ်၌ ယင်းအရပ်မြင့်မြင့်နှင့် မိတ်ဆွေအား အမှုထဲ ဆွဲမသွင်းရန် (ထပ်မံ– မသွင်းရန်) အကြံပေးခဲ့သည်ဟု ဆိုပါသည်။

၅။ ရက်များကုန်လွန်လာသည်နှင့်အမျှ ဦးစောသည် စိတ်ပူပန်လာပြီး အရပ်မြင့်မြင့်နှင့် မိတ်ဆွေနှင့်ပတ်သက်၍ ထောင်အပြင်ဘက်ရှိ မိတ်ဆွေတဦးအား အကြံဉာဏ်ပေးရန် တောင်းခံခဲ့သည်။ အရပ်မြင့်မြင့်နှင့် မိတ်ဆွေ မည်သူမည်ဝါဖြစ်သည်နှင့် ပတ်သက်၍ ရှုပ်ထွေးမှုဖြစ်လာသော အစိုးရအနေဖြင့် ပါဝင်ပတ်သက်လာရတော့သည်။ ဦးစော၏ မိတ်ဆွေက ရေးသားပုံရပြီး အရပ်ခပ်မြင့်မြင့်နှင့် မိတ်ဆွေအား ချက်ချင်းဆက်သွယ်ရန် အကြံပြုထားသော စာတစောင်ကို ဦးစောလက်ဝယ်သို့ ပို့ခဲ့သည်။ ထိုလှည့်စားမှုသည် အောင်မြင်ခဲ့သည်။ ဩဂုတ်လ (၂၅) ရက်၊ ကျွန်ုပ်၏ ကြေးနန်းစာ (၄၀၈) တွင် ရည်ညွှန်းခဲ့သော ဘင်ဂလေထံပေးပို့ခဲ့သော စာနှစ်စောင်ကို ဦးစောက ရေးသားခဲ့တော့သည်။

၆။ ဘင်ဂလေထံ ရေးသားခဲ့သော ဒုတိယစာတွင် ပါရှိခဲ့ပြီး ဝန်ကြီးများ စိတ်ထဲတွင် အလွန်အမင်း သင်္ကာမကင်းဖြစ်စေခဲ့သော စာတပိုဒ်မှာ ‘အကြံပေးသည့်အတိုင်း အလွန်စိုးရိမ်စရာကောင်းသော စွန့်စားမှုတရပ် ကျွန်ုပ်ပြုလုပ်ခဲ့သည်’ ဟူ၍ ဖြစ်သည်။

၇။ ဝန်ကြီးနှစ်ဦးနှင့် ကျွန်တော်ပြောဆိုမှုမှ ထွက်ပေါ်လာသောအခြားအချက်များမှာ...

(က) ဗြိတိသျှကောင်စီ (British Council) သည် အချို့ထောက်လှမ်းရေး အဖွဲ့အစည်းများ အတွက် အရေခြုံထားခြင်းဖြစ်သည်ဟု သခင်နုက ယုံကြည်နေသည်။ ဤအတွေးအခေါ် ကို ဖယ်ရှားရန် ကျွန်တော်အစွမ်းကုန်ပြုလုပ်ခဲ့သော်လည်း ဘင်ဂလေကိစ္စ မရှင်းလင်းမခြင်း ယင်းသင်္ကာမကင်းဖြစ်မှု ဆက်လက်ရှိနေမည်ဟု ကျွန်တော်ထင်ပါသည်။

(ခ) ဘင်ဂလေ မြန်မာနိုင်ငံမှ သိသိသာသာ ရုတ်တရက်ထွက်ခွာသွားမှုအတွက် သခင်နုက သင်္ကာမကင်းဖြစ်ခဲ့သည်။ ဤနေရာတွင် ဇူလိုင်လအတွင်းက လိတ်ဝိတ်က ကျွန်တော့်ထံ ပေးပို့ခဲ့သော စာတစောင်ကို တင်ပြနိုင်ပါသည်။ ဗြိတိသျှကောင်စီ အစည်းအဝေးတခု တက်ရန်အတွက် ဘင်ဂလေအနေဖြင့် စက်တင်ဘာလတွင် အင်္ဂလန်၌

ရှိနေရန် လိုအပ်ကြောင်း ယင်းစာက ဖော်ပြထားပါသည်။

(ဂ) ဦးစောက သူ့အရပ်မြင့်မြင့်နှင့် မိတ်ဆွေအကြောင်းဖော်ပြခဲ့ရာတွင် ထောင်ပိုင်ကြီးက "သူဟာ ဘုရင်ခံမဟုတ်ဘူးလို့ ကျွန်တော်မျှော်လင့်ပါတယ်" ဟု ပြန်ပြောခဲ့ကြောင်း ဦးကျော်ငြိမ်းက ပြောပြပါသည်။ ထိုအခါ ဦးစောက "ဘုရင်ခံက အသုံးမကျပါဘူး။ သူ့ကို ဦးအောင်ဆန်းနဲ့သခင်နုတို့က ငွေ (၁၂) သိန်းနဲ့ ဝယ်ထားပြီးသား ဖြစ်နေပြီ" ဟု ပြန်ဖြေခဲ့သည်။

၈။ ဘင်ဂလေသည် အခြေအနေအရပ်ရပ်၏ သားကောင်တကောင်ဖြစ်သော်လည်း အချိန် ကသာ ယင်းကို ပြသပါလိမ့်မည်ဟု ကျွန်တော်ထင်ပါသည်။

**ဗိုလ်ချုပ်ကြီး ဆာနီးလ်ရစ်ချီထံမှ ဆာဟင်နရီ မက်ဂီး (Sir Henry MacGeagh) ထံသို့**
**ကြေးနန်းစာ၊ အိုင်အိုအာ – အမ်/၄/၂၇၁၅**
**ချက်ချင်းအဖြစ်ဆုံး။ စက်ဘာပူ၊ ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်၊ (၁၉း၂၀)နာရီ**
**ထိပ်တန်းလျှို့ဝှက် နံပါတ် ၁၈၉၂၇/အေဂျီ–၃၊**
**ရစ်ချီထံမှ ဂျေအေဂျီ (JAG) ထံသို့ကိုယ်ပိုင်ကြေးနန်း။**

ကျွန်ုပ်၏ ဩဂုတ်လ (၂၅) ရက်၊ ကြေးနန်းအမှတ် ၁၈၇၇၈ အေဂျီ–၃ နှင့် ဩဂုတ်လ (၂၉) ရက်၊ ကြေးနန်းအမှတ် ၁၈၉၂၇ အေဂျီ–၃ တို့ကို ဆက်လက်လျက် သင့်အား အခြေအနေတခုလုံးသိရှိနေစေရန် ၂၂၆ (AOD)မြန်မာနှင့် (AAD)[၅] မြန်မာတို့မှ လက်နက်များ ခိုးယူမှုနှင့် မကြာခင်ကဖြစ်ပွားခဲ့သော လုပ်ကြံသတ်ဖြတ်မှုကို နယ်ဘက်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများနှင့်ပတ်သက်၍ ကျွန်ုပ်သိသမျှ အခြေအနေကို အကျဉ်းရုံးတင်ပြပါသည်။

၁။ ဗြိတိသျှ စုံစမ်းရေးစစ်ခုံရုံးက လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ခိုးယူမှုကို စစ် ဆေး၍ ပြီးစီးသွားပြီး ယင်းကို သင့်ထံ အရာရှိတဦးက လက်ထိလက်ရောက် ပေးအပ်ခဲ့သည်။ (ဩဂုတ်လ (၂၆) ရက်၊ ဂျီအိပ်ချ်ကျူ၏ အချက်ပြ (GHQ Signal) ၁၈၈၀၂ အေဂျီ–၃ ကိုကြည့်)။ ယင်းစုံစမ်းစစ်ဆေးမှုများ၏ ရလဒ်များကို ရေးသားပြီး ကျွန်ုပ်၏ ဩဂုတ်လ (၂၅) ရက်ကြေးနန်းအမှတ် ၁၀၅၁၁ အေဂျီ– ၃ တွင် ပေးပြီးဖြစ်သည်။

၂။ လုပ်ကြံသတ်ဖြတ်မှုကို နယ်ဘက်စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်၍ အောက်ပါ အရာ ရှိများ ပါဝင်ပတ်သက်နေပုံရပါသည်။

(က) ရန်ကုန်ရဲသို့ လွှဲပြောင်းပေးခဲ့သော အိန္ဒိယစစ်တပ်မှ ဗိုလ်ကြီးဗီဗီယန်းကို နယ်ဘက် ရဲများက ဖမ်းဆီးခဲ့သည်။ သူသည် ကျိန်းသေနီးပါး ဦးစောနှင့် ပတ်သက်ခဲ့ပြီး လက်နက်များနှင့် ခဲယမ်းမီးကျောက်များ ခိုးယူရန် အပေးအယူလုပ်ခဲ့ပုံရသည်။

(ခ) အိုင်အီးအမ်အီး (IEME) မှ ဗိုလ်မှူးယန်း (Young) ကို နယ်ဘက်ရဲမှ ဖမ်းဆီးခဲ့သည် (ဩဂုတ်လ ၂၄ ရက်နေ့တွင်)။ ဦးစောကို လက်နက်များ ရောင်းချသည်ဟု







သံသယ ရှိခံရသည်။ အသေးစိတ်အချက်အလက်ပါရှိသော ကျွန်ုပ်၏ ဩဂုတ်လ (၂၉) ရက်ပေးပို့သော ၁၈၉၂၆ အေဂျီ–၃ ကိုကြည့်။

(ဂ) ခဲယမ်းမီးကျောက်များ ခိုးထုတ်ချိန်က ဆေးရုံ၌ရှိနေသော ဗိုလ်မှူးမိုး၊ အိုစီ၊ အေအေဒီသည် ဦးစောနှင့် ခင်မင်သူတဦးဖြစ်သည်ဟု သိရသည်။ သူသည် ဦးစောကို သူ့အိမ်တွင် အနည်းဆုံး တကြိမ် လက်ခံတွေ့ခဲ့သည်။ နယ်ဘက်ရဲများက သူ့အမှုကို စုံစမ်းစစ်ဆေးနေတုန်းဖြစ်ပြီး ယခုအချိန်အထိ သူ့ကို ဖမ်းဆီးသည့် သတင်းပေးပို့မှု ကျွန်တော့်ထံ မရောက်ရှိသေးပါ။

(ဃ) ဗိုလ်မှူးဒိန်း (Daine)၊ လျှို့ဝှက်သင်္ကေတ (Cipher) အရာရှိ၊ ဗမာ့စစ်ဦးစီးဌာနချုပ်၊ သူသည် အပျော်ထမ်း လက်နက်စုဆောင်းသူတဦးဖြစ်ပြီး သူ့လက်ဝယ်၌သာ သာမန် မဟုတ်သော လက်နက်အရေအတွက် ရှိနေသည်ဖြစ်၍ သူ့ကိုလည်း သံသယအဝင် ခံနေရသည်။ ဦးစောနှင့် မိုးတို့အကြား ဖြစ်နိုင်ခြေရှိသော အဆက်အစပ်ဖြစ်နေခြင်း အတွက်လည်း သံသယအဖြစ်ခံနေရသည်။ သူ့အားဖမ်းမထားပါ။

၃။ အထက်ပါအမှုများကို နယ်ဘက်ရဲများက စစ်ဆေးလျက်ရှိသည်။ ယခုထိ သတင်းများမှာ နည်းပါးသေးသည်။ စစ်ဘက်သို့ ရဲဘက်မှ ပေးပို့သော နောက်ထပ်သတင်းများကို သင့်အား ဆက်လက်ပေးပို့ အသိပေးနေပါမည်။

**နှုတ်ဆက်ခြင်း**

မြန်မာပြည်မှထွက်ခွာရန် (၂) ရက်အလိုတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမျှော်ခဲ့သည့် နောက်ဆုံးဗြိတိသျှ၏ ဘုရင်ခံဆာဟူးဘတ်ရန့် (Sir Hubert Rance) က အောက်တွင်ဖော်ပြထားသည့်အတိုင်း ဧည့်သည်မှတ်တမ်းစာအုပ်တွင် နှုတ်ဆက်မှာတမ်း ရေးသွားခဲ့သည်။

ရွှေတိဂုံဘုရား၊ ရန်ကုန်မြို့ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၂) ရက်။

"စေတီတော်၏ လှပတင့်တယ်မှုမှာ စကြ္ဝဠာ မြတ်နိုးစရာပေတည်း။ ဤငြိမ်းချမ်းသည့်ဝန်းကျင်ကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်ပါစေဟု ကျွန်ုပ်မျှော်လင့်ချင်ပါ၏။ ယနေ့အမှတ်သညာသည် ကျွန်ုပ်စိတ်အာရုံတွင် အမြဲတည်နေပေလိမ့်မည်။ ကျွန်ုပ်အား အထူးအခွင့်အရေးအဖြစ် အထက်ပစ္စယံတွင် လမ်းလျှောက်ခွင့် ဂေါပကလူကြီးများက ကြင်နာမှုဖြင့် ပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါသည်။ ဤသည်မှာ မြန်မာနိုင်ငံသို့ နောက်ဆုံး ကျွန်ုပ်၏မှာကြားချက်ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် ဂရိတ်ဗြိတိန်နိုင်ငံတို့အကြား ငြိမ်းချမ်းမှုနှင့် ချစ်ကြည်ရင်းနှီးမှု အစဉ်အမြဲထိန်းသိမ်းနိုင်ပါစေ။ လာမည့်နှစ်များအတွင်း ကျွန်ုပ်၏ အကူအညီလိုအပ်ခဲ့ပါလျှင် ဤနိုင်ငံရှိ မိတ်ဆွေများက ကျွန်ုပ်အား မပျက်မကွက် အသိပေးကြလိမ့်မည်ဟု ကျွန်ုပ်မျှော်

လင့်မိပါ၏။”[၈]

**ဗြိတိသျှသံအမတ်မှ အမ်အီးဒန်နင် (M.E.DENNING Esq.) နိုင်ငံခြားရေးဌာန လန်ဒန် ပေးစာ, ၁၁၆၉/၁၂/၄၈**
**ဗြိတိသျှသံရုံး၊ ရန်ကုန် ၁၉၄၈ ခုနှစ် မေလ (၈) ရက်**
**အတွင်းရေး**
**ကျွန်ုပ်၏ ချစ်လှစွာသော ဒန်နင်**

ဦးစော၏အမှုတွင် ထူးခြားသော ဖြစ်ပေါ်မှု မနေ့က ဖြစ်ခဲ့သည်။ အတွင်းရေးပြောဆိုရာတွင် ရတ်တရက် ပြောချလိုက်သည်။ ဒီလုပ်ကြံမှုကြီးမှာ ဗြိတိသျှတွေရဲ့ ပူးပေါင်းကြံစည်မှုရှိတယ်လို့ ကျွန်တော်တို့ တကယ်ယုံကြည်နေတယ်။ ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်က ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမ္မတကြီးထံ ဦးစောအား သနားညှာတာမှုပေးရန် လောလောဆယ်မေတ္တာရပ်ခံမှုက ဗြိတိသျှတို့ တနည်းမဟုတ်တနည်း ပါဝင်ပတ်သက်နေတယ်ဆိုသည့် သံသယကို အတော်ကြီး အားကောင်းစေခဲ့သည်။ ဘင်ဂလေနှင့် ဦးစော အဆက်အဆန်ရှိခြင်း၊ ဦးစော၏ ဇနီးသည်က ဘုရင်ခံ၏ အတွင်းဝန်နှင့် ထိစပ်မှုရရန် ကြိုးပမ်းမှု စသည့် သာဓကများ၏ နှိုးဆွမှုကလည်း အဦးအစ ရှိနေခဲ့သည်။

၂။ ယခုအမှုမှာ ဗြိတိသျှတို့အပေါ် သံသယရှိနေတဲ့ အခြေခံအချက်တွေက အားမကောင်းလှတဲ့အတွက် ဒေါ်မန်စမစ်ရဲ့ မေတ္တာရပ်ခံမှုက အကြီးအကျယ် ထိခိုက်စေမှာမဟုတ်ပါ။ “ဗြိတိသျှတွေ ပါဝင်ပတ်သက်မှု သက်သေသက္ခာယ ကျွန်တော်ရခဲ့ရင်တော့ ကျွန်တော့်ရာထူးကို အသုံးပြုပြီး တရားဝင်လူထုကို အသိပေးဖို့ ကျွန်တော် ဝန်လေးမှာမဟုတ်ပါဘူး” လို့ သူပြောပေမယ့် ဒီလိုနဲ့ လူတယောက်က အံ့သြစရာကောင်းလှတဲ့ စွပ်စွဲချက်တွေကို တကယ်ယုံကြည်လိမ့်မယ်လို့ ကျွန်တော် မယုံကြည်ပါဘူး။ သူတကယ်ကို ဆိုလိုရင်းမရှိဘူးဆိုရင် သူဘာကြောင့် ဒီလိုပြောရတယ်ဆိုတာ နားလည်ဖို့ခက်ပါတယ်။ ဖြစ်နိုင်ချေတွေကတော့ ရာထူးတိုးပေးတဲ့ကိစ္စမှာ ဆာဒေါ်မန်စမစ်အပေါ်မှာ သူ့ရဲ့ ပုဂ္ဂိုလ်ရေးအာဃာတရှိမှု၊ မြန်မာနိုင်ငံရဲ့ အရေးကိစ္စမှာ ဘုရင်ခံဟောင်းတယောက်က ဝင်ရောက်စွက်ဖက်ပုံရမှုအပေါ်မှာ သူရဲ့ နှလုံးမသာ မှု (ဆာဟူးဘတ်ရန့်ရဲ့ ထုတ်ပြန်ကြေညာချက်အပေါ်မှာ သူ စိတ်အနှောင့်အယှက်ဖြစ်ရမှုကို သူက ဖော်ပြခဲ့သေးသည်) နှင့် ယနေ့မနက်က ဦးစောအပေါ် ချမှတ်ခဲ့သော သေဒဏ်ပြစ်ချက်အပေါ် မှန်ကန်ကြောင်း စိတ်မသက်မသာနဲ့ ပြသချင်မှုတို့ ဖြစ်ပါလိမ့်မည်။ ဒီဟာက အများကြီး ဖြစ်နိုင်ပုံရတာကတော့…။ စစ်မဖြစ်ခင်က သူက ဦးစောရဲ့ နောက်လိုက်တယောက်လို့ နားလည်ပေမယ့် ဦးစောကို ကြိုးစင်အရောက်ပို့ပေးတာမှာ အဓိကအခန်းက သူပါဝင်ခဲ့တာ သံသယရှိစရာမလိုပါဘူး။ ဒါလဲ လုပ်ထုံးလုပ်နည်းများအရ ကွင်းစဘာရီစည်းမျဉ်းတွေနဲ့ လုံးဝလိုက်လျောညီထွေမှု မရှိခဲ့ပါဘူး။







၃။ ဒီကိစ္စကို အသေအချာ စဉ်းစားပြီးတဲ့အခါ ဒီအဖြစ်အပျက်ကို လျစ်လျူရှုဖို့နဲ့ ဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနတွေကို မဖော် ပြဖို့က အကောင်းဆုံးဖြစ်မယ်လို့ ကျွန်တော်ဆုံးဖြတ်လိုက်ပါတယ်။ ဒီအဆင့်မှာ ကျွန်တော်တို့ဘက်က မလိုအပ်တဲ့ ထိခိုက်လွယ်မှုနဲ့ စိတ်ဝင် စားမှုတွေက အခြေအနေတွေကို ပိုဆိုးဝါးသွားစေပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ပူးပေါင်းဆောင်ရွက်လိုဆဲရှိပုံရတဲ့…အနေနဲ့ ဝန်ကြီးအဖွဲ့က သူထုတ်ဖော်ပြောခဲ့တာသိရင် ဒုက္ခရောက်မှာဖြစ်ပါတယ်။

၄။ ဒီလုပ်ကြံသတ်ဖြတ်မှုတွေရဲ့ နောက်ကွယ်မှာ ဗြိတိသျှတွေရှိနေတယ်ဆိုတဲ့ ပြောဆိုချက်တွေက တကယ်တော့ ကွန်မြူနစ်တွေလုပ်နေကျ ဝါဒဖြန့်မှုတခုပါပဲ။ လုပ်ကြံသတ်ဖြတ်မှုတွေ ပြီးပြီးချင်း သူ့ကိုခေါ်ပြီး ဝန်ကြီးအဖွဲ့ ဖွဲ့ခိုင်းတာကို ကြည့်ပြီး သခင်နုအနေနဲ့ ဒီသံသယ တွေကို ထောက်ခံနိုင်တယ်လို့ ကျွန်တော်မထင်ပါဘူး။ ဦးနုရဲ့ လက်ရှိနိုင်ငံရေးအတွင်းဝန် ဦးအုန်အနေနဲ့ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက လွှတ်တော်ခန်းမအတွင်း ရှိနေချိန်မှာ လွှတ်တော်အတွင်းမှာ မစ္စတာ တွန်ဒရီဘင် (Mr. Tom Driberg) ဆိုးဝါးလှတဲ့ သွယ်ဝိုက်ပြောဆိုချက်တွေက ဖဆပလအဖွဲ့ချုပ် အဝန်းအဝိုင်းအတွင်းမှာ ရှိနေနိုင်တဲ့ သံသယတွေကို ပိုမိုအားကောင်းသွားစေခဲ့ပါတယ်။ ဒီအဖြစ်အပျက်ကို မကြာခင်က မြန်မာ့အလင်းသတင်းစာမှာ ဆာဒေါ်မန်စမစ်ရဲ့ သနားညှာတာမှုပေးပို့ မေတ္တာရပ်ခံချက်ကို ရည်ညွှန်းပြီး ပြန်လည်ဖော်ပြသွားခဲ့ပါတယ်။ သတင်းစာပါ အကျဉ်းချုပ်ရဲ့ သက်ဆိုင်တဲ့ ကောက်နုတ်ချက်တွေကို ထည့်ပေးလိုက်ပါတယ်။[၉]

**အမ်အီးဒန်နင်း,အီးအက်စ်ကျူ၊ စီအမ်ဂျီ၊ အိုဘီအီး နိုင်ငံခြားရေးရုံး၊ လန်ဒန်၊**
**အက်စ်ဒဗလျူ–တစ်**

❑ ❑ ❑ ❑ ❑

# ရည်ညွှန်းချက်များ

## မြန်မာစာအုပ်စာတမ်းများ


ဗိုလ်မှူးချုပ်ကျော်ဇော — "အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ" လင်းထင်ဖြန့်ချိရေး ရန်ကုန်မြို့ ၁၉၆၁။

ဗိုလ်မှူး ဘသောင်း (မောင်သုတ) — "ဗမာတော်လှန်ရေးသမိုင်း" ရန်ကုန်၊ ၁၉၇၂။

ခင်မောင်ညို — "အညတြစစ်သည်တဦး၏ မှတ်တမ်း" ရန်ကုန်၊ ၁၉၆၉။

ကြေးမုံ ဦးသောင်း — "ဦးနေဝင်းနှင့်လက်မရွံ့အာဏာသားများ"၊ Rego Park,NY USA ၁၉၉၀။
"ဗိုလ်နေဝင်း၏ စစ်ဓားပြလမ်းစဉ်" လွတ်မြောက်နယ်မြေ မာနယ်ပလော၊ ၁၉၆၄။
"ဗိုလ်နေဝင်း ဇာတ်လမ်းရှုပ်သမျှ" (ကိုယ်တိုင်ထုတ်) Tamarac, Florida,USA ၂၀၀၁။
"ဦးနေဝင်း၏ ပြာတဆုပ်"၊ (ကိုယ်တိုင်ထုတ်) Tamarac, Florida, USA ၂၀၀၄။

ကြင်ဟိုး/နိုင်ဝင်း (ဒေါက်တာ) — "ဗိုလ်ချုပ်အောင်ဆန်းနှင့်မြန်မာ့အာဇာနည်များလုပ်ကြံမှုကြီး အတွင်းရေးများ" ကိုယ်တိုင်ထုတ် Fort Lauderdale, Florida ၁၉၉၂။

မောင်ပြည်သူ — "စီအာဒီဘီ (သို့မဟုတ်) ပြည်ပြေးတကျော့ပြန်" ပြန်ကြားရေး ဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၉၀။

မြဒေါင်းညို — "ရဲဘော်သုံးကျိပ်" ရန်ကုန်၊ ၁၉၉၄။

ရွှေကလောင် — "ခေတ်အလိုက်သတင်းစာများ လေ့လာသုံးသပ်ကြည့်ရာဝယ်" ပထမတွဲ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၉၂။

လူထုဦးလှ — "ထောင်နဲ့လူသား" လူထုပုံနှိပ်တိုက် (ကိုယ်တိုင်ထုတ်) မန္တလေး၊ ၁၉၅၇ ခုနှစ်။
"စစ်၊ အချစ်နဲ့ထောင်"

ဦးတင်မောင်ဝင်း — "နိုင်ငံရေးသမားနှင့်နိုင်ငံရေး" စီစဉ်ထုတ်ဝေသူ ဒေါ်ခင်မျိုးအေး 'ခေတ်ပြိုင်' ဂျာနယ်၊ ဘန်ကောက်၊ ၂၀၀၀ ခုနှစ်။

အောင်သန်း — "အောင်သန်း၏အောင်ဆန်း" ပုဂံပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၆၅။

သိန်းဖေမြင့် — "သူတို့ခေတ်၊ သူတို့အတိတ်၊ သူတို့အရိပ်" တိုင်းလင်းစာပေ၊ ရန်ကုန်၊ ၂၀၀၀ ခုနှစ်။ စာမျက်နှာ ၂၀၆–၂၀၈။
"မျိုးချစ်ယောင်ဆောင် ဂျွန်အတု ဦးစော" ဆောင်းပါး၊ ဗိုလ်တထောင်သတင်းစာ၊ ၁၉၆၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်။

တက္ကသိုလ်နေဝင်း (ဗိုလ်ထွန်းလှ) — "အောင်ဆန်းဦးတို့ အဖေ" ခရေဖူးစာစဉ်၊ ရန်ကုန်၊ ၁၉၆၇ ခုနှစ်။
"ပြည်ထောင်စုဖိသုကာ ဗိုလ်ချုပ်အောင်ဆန်း" စီစဉ်သူ တင်ရှိန်။ ဦးမြသန်း အသိုင်းအဝိုင်းစာပေ၊ ရန်ကုန်မြို့မှထုတ်ဝေ၊ ၁၉၉၇ ခုနှစ် မေလ။

"တပ်မတော်သမိုင်း" — (၁၉၄၅–၄၈)၊ တတိယတွဲ၊ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်း တိုက်မှူးရုံး၊ ရန်ကုန်၊ ၁၉၉၅။

"တပ်မတော်ရွှေရတု" — ပြန်ကြားရေးဝန်ကြီးဌာန၊ ရန်ကုန်၊ ၁၉၉၅။






## အင်္ဂလိပ်စာအုပ်စာတမ်းများ


**Aung San.** *Burma's Challenge*, Rangoon: Tathetta Sarpay Taik, 1968.

**Aung San Suu Kyi.** *Burma and India: Some Aspects of Intellectual life under Colonialism.* New Delhi Indian Institute of Advanced Study & Allied Publishers, 1990.
*Aung San of Burma.* Edingburgh: Kiscadale, 1991.
*Freedom from Fear.* London: Penguin Books, 1991.
*Letters from Burma.* First published by Mainichi Shinbunsha as *Biruma kara no tegami*, 1996. Published in English in Penguin Books,1997.

**Aung Moe Htet (Editor)** To Stand and be Counted-The Suppression of Burma's Members of Parliament. The All Burma Student's Democratic Front, Bangkok, 1998. Edited by Aung Moe Htet.

**Aung Saw Oo.** *Reflections on Aung San Suu Kyi.* Chiang Mai, Thailand, 1991.

**Allen, Louis** *Burma: the Longest War 1941-45.* First published in Great Britain by G.M. Dent, 1984. Phoenix Press, 2000.

**Cady John F.A.** *History of Modern Burma.* Ithaca and London: Cornell University Press, fifth printing 1978.

**Collis, Maurice**. *Last and first in Burma (1941-1948).* London: Faber & Faber,1956.

**Dun, Gen Smith.** *Memoirs of the Four-Foot Colonel.* Ithaca, New York, Cornell University Southeast Asia Programme, Data Paper no. 113,1980.

**Feaver, George.** *The Webbs in Asia-1911-12 Diary.* (Macmillan, 1992) Introduced and edited by Prof. George Feaver, Professor of Political Science, University of British Columbia, Canada.

**Furnivall, John S.** *The Fashioning of the Leviathan - The Beginnings of British Rule in Burma*. The Australian National University, Canberra, Australia 1991. From *The Journal of the Burma Research Society* vol.29, no. 1, April 1939, pp. 3-137. Edited by. Prof. Gehan Wijeyewardene.

**Gravers, Mikael.** *Nationalism as Political Paranoia in Burma: An Essay on the Historical Practice of Power.* Nordic Institute of Asian Studies Reports no. 11, Denmark, 1993.

**Hall, D.G.E.** *Burma.* Hutchison House, London, 1950. Editor Sir Reginald Coupland.

**Herbert, Patricia M. (Compiler)** *Burma.* (World Biographical Service # 320) Clio Press Ltd., Oxford England & ABC-CLIO Santa Barbara USA, 1991.

**Hla, Ludu U.** *The Victim.* Kyipwayay Press, Mandalay, 1976. Translated by Than Tun & Kathleen Forbes. Original title "War, Love & Prison" in Burmese self-published.

**Htin Aung.** *History of Burma from the earliest times to March 1824, the beginning of the English conquest.* London: Longmans Green, 1925.

**Izumiya, Tatsuro.** *The Minami Organ.* Translated by Prof. Tun Aung Chain, Rangoon Arts and Science University, 1985. First Published in Japan as *Sono na wa Minami Kikan,* Tokyo 1967.

**Kyaw Min.** *The Burma We Love.* Calcutta. India Book House, 1945.

**Lintner, Bertil.** *Outrage: Burma's Struggle for Democracy.* London: White Lotus, 1990.
*Aung San Suu Kyi and Burma's Unfinished Renaissance.* Bangkok. White Lotus, 1991.
*Burma in Revolt-Opium Insurgency since 1948.* Bangkok. White Lotus1994.

**Maung Maung, (ex- Brig)** *From Sangha to Laity: Nationalist Movements of Burma 1920-1940.* New Delhi. Manohar (for the Australian National University), 1980.
*Burmese Nationalist Movements 1940-1948. Edinburgh:* Kiscadale, 1989.

**Maung Maung,Dr.** *A Trial in Burma; The Assassination of Aung San.* The Hague: Martinus Nijhoff, 1962.
*Burma's Constitution.* The Hague: Martinus Nijhoff, 1959 (ed).
*Aung San of Burma.* The Hague: Martinus Nifhoff (for Yale University Southeast Asia Studies), 1962.
*Burma and General Ne Win.* Bombay. Asia Publishing House, 1969.

**Maung Maung Gyi.** *Burmese Political Value: the Socio-Political Roots of Authoritarianism.* New York. Praeger,1983.

**Maung Maung Pye.** *Burma in Crucible.* Rangoon. Khittaya Publishing House, 1952.

**McEnery, John.** *Epilogue in Burma: 1945-48: The Military Dimensions of British Withdrawal.* Bangkok. White Lotus (reprint) 2000.

**Mitzutani, Inao.** *A Bunch of Bananas-with memoirs of Col. Kodomatsu Masakazu.* Edited & published by The Historical Section (Shigakka), College of Liberal Arts, Kagoshima University, Kagoshima, Japan, 1984.

**Morrison, Ian.** *Grandfather Longlegs - The Life and Gallant Death of Major H.P. Seagrim, GC, DSO, MBE.* Faber & Faber Ltd, London 1946.

**Mya Sein,Daw.** *The Administration of Burma.* Kuala Lumpur, Singapore, London: Oxford University Press, 1973.

**Nu, U.** *U Nu-Saturday's Son.* New Haven & London, Yale University Press, 1975. Translated by U Law Yone. Edited by Dr. Kyaw Win.

**Pye, Lucian W.** *Politics, Personality and Nation Building: Burma's Search for Identity.* New Haven, Connecticut: Yale University Press1962.

**Sargent, Inge.** *Twilight over Burma - My Life as a Shan Princess.*University of Hawaii Press 1994.

**Selth, Andrew.** *Death of a Hero: The U Thant Disturbances in Burma. December 1974,* Australia-Asia Paper #49 (Centre for the Study of Australia-Asia Relations, Griffith University, Brisbane,1989).
*Burma's Armed Forces: Power without Glory.* East Bridge, Norwalk, CT 06850 USA, 2002.

**Silverstein, Josef.** *The Political Legacy of Aung San.* Ithaca: New York. Southeast Asia Programme Data Paper no. 86, 1982.
*Burma: Military Rule and the Politics of Stagnation.* Ithaca/London. Cornell University Press, 1977.







**Thaung, Kyemon U.** *A.Journalist, A General and an Army in Burma.* Bangkok. White Lotus, 1995.

**Thein Pe Myint.** *Selected Short Stories of Thein Pe Myint.* Cornell University, Ithaca, New York, 1973. Translated by Patricia M. Milne, with introduction and commentaries.

**Tinker, Hugh.** *The Union of Burma: A Study of the First Years of Independence.* London. Oxford University Press,1957.
*Burma: The Struggle for Independence 1944-48 (in two Volumes),* London: Her Majesty's Stationery Office, 1984.

**Tint Way, Dr.** *Trauma and the Cross-Cultural Self: A Burmese Case Study.* A psychoanalytic paper published in “The Self in Conversation Volume II” Journal of the Australian & New Zealand Association of Psychotherapy, 2003.

**Trager, Frank N.** *Burma: From Kingdom to Republic.* London: Pall Mall, 1966.

**Tucker, Shelby.** *Burma: The Curse of Independence.* Pluto Press, London Sterling VA, USA., 2001.

**Tzang Yawnghwe, Chao.** *The Shan of Burma: Memoirs of a Shan Exile.* Singapore. Institute of Southeast Asian Studies, 1987.

**Win Naing Oo.** *Cries from Burma - A Report on Conditions for Political Prisoners in Burma's Infamous Insein Prison.* Bangkok. All Burma Student's Democratic Front, 1996.

**Ziegler, Phillip.** *Mountbatten.* Originally published: New York: Knof 1985.

## အင်္ဂလိပ်ဘာသာဖြင့် အစိုးရ ထုတ်ပြန်ခြင်း

Is Trust Vindicated, The Chronicle of a Trust, Striving and Triumph, Director of Information, Government of the Union Of Burma, 1960.

The Conspiracy of Treasonous Minions within the Myanmar Naing-gan and Traitorous Cohorts Abroad, Ministry of Information, Government of Myanmar, Rangoon, 1989.

“Political Situation of Myanmar & it's Role in the Region” by Lt. Col Hla Min, Office of Strateqic Studies, Ministry of Defence, 21st Edn.Nov. 1999.

❑❑❑❑❑

# မှတ်ချက်များ

## ဇာတ်လမ်းဝင်ပုဂ္ဂိုလ်များ။

## လူသတ်သမားများနှင့် ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ။

၁။ အာဇာနည်ပုဂ္ဂိုလ်များ၊ လူသတ်သမားများနှင့် ဥပဒေဆိုင်ရာပုဂ္ဂိုလ်များ စာရင်းတွင်ပါရှိသော အမည်နာမများသည် မြန်မာ့နည်းလမ်းအရ ရာထူး အဆင့်အတန်း ဝါစဉ်အလိုက်နှင့် အရေးပါမှုများအပေါ်တွင် မူတည်ပြီး စီစဉ်ထားခြင်းဖြစ်သည်။

# အခန်း (၁) ဗိုလ်ချုပ်လုပ်ကြံခံရခြင်း

[၁] လူထုဦးလှ– "ထောင်နဲ့လူသား" –လူထုစာပုံနှိပ်တိုက်၊ မန္တလေး ၁၉၅၇။ ၎င်းစာရေးသူမှာ နာမည်ကျော်ထုတ်ဝေသူနှင့် သတင်းစာဆရာတဦးဖြစ်ပြီး ၁၉၅၃ ခုနှစ်မှ ၁၉၅၆ နှစ်ကုန်အထိ နိုင်ငံရေးမှုများဖြင့် ရန်ကုန်ထောင်တွင်း ထောင်ကျခဲ့သည်။ ထောင်တွင်းသုံးနှစ်ကျော်ကာလအတွင်း ထောင်ကျဘက်များကို မေးမြန်းပြီး စိတ်ဝင်စားဖွယ် အမှုများကို ရေးမှတ်ထားခဲ့သည်။ ထို့နောက် ၎င်းတို့ကို စာအုပ် (၉) အုပ်ဖြင့် ထုတ်ဝေခဲ့သည်။ တချိန်တွင် လူထုဦးလှသည် အဆောင် (၅) တွင် ခင်မောင်ရင်၊ သုခတို့နှင့် တခန်းထဲကျခဲ့သည်။ မောင်နီမှာ တခြားခန်းတွင်ဖြစ်သည်။ ၎င်းတို့မှာ နိုင်ငံတော်လုပ်ကြံမှုတွင် ပါဝင်ပတ်သက်ခဲ့သူများဖြစ်ကြသည်။ သုခဇာတ်ကြောင်းပြန်ခဲ့သည်များမှ သက်ဆိုင်ရာကောက်နုတ်ချက်များကို ဤမှတ်ချက်များတွင် ဖော်ပြပါမည်။

စာမျက်နှာ ၁၀၀–၁၀၂။ ကြမ္မာငင်သည့်နေ့ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက် နံနက်စောစောပိုင်းတွင် ဦးစောက သူစိတ်ကြိုက် ရွေးချယ်ထားသူများကို သတ်မှတ်ထားသည့်လုပ်ငန်း အကောင်အထည်ဖော်ရန်အတွက် ထွက်ခွာရန် အဆင်သင့်ပြင်ဖို့ ဆင့်ခေါ်လိုက်သည်။ ဘဏ်အနုကြမ်းစီးရန် လေ့ကျင့်ထားသူများအတွက် စစ်တပ်ယူနီဖောင်းများကို ကိုယ်နှင့်တိုင်းပြီး ပြင်ထားပြီးဖြစ်သည့်အတွက် အခြားသူများက ယင်းတို့ကို ဦးစောအခန်းတွင်းမှ အဝတ်ပုံကြီးမှလည်းကောင်း၊ ဦးထုပ်များကို ကားဂိုဒေါင်ထဲမှလည်းကောင်း သွားရောက်ယူပေးရသည်။ သို့သော် သူတို့အတွက် စစ်တပ်သုံး ဘွတ်ဖိနပ်များမရှိသည့်အတွက် သူတို့အနေဖြင့် သူတို့ကိုယ်ပိုင် ရာဘာအောက်ခံ အညိုရောင်ကင်းဘတ်ရှူးများ







ကိုသာ ဝတ်ခဲ့ကြရသည်။ မိုးဖွဲဖွဲရွာနေသည့်အတွက် သုခလှေကားမှအဆင်း ခြေချော်ကျသွားသည်။ သူ့တင်ပါးနာသွားမည့်အစား သူ့လက်ကျိုးသွားရင် ကောင်းမှာဟု သူဆုတောင်းမိသည်။ ဒါမှ သူ့အနေဖြင့် ဂျစ်ကားကို မောင်းရမှာမဟုတ်တော့ဟု သူက ဦးလှကို ပြောပြခဲ့သည်။

[၂] 'The Burman' - (၁၉၄၇–ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်) အထူးမှုခင်း

တရားရုံး၊ တရားလိုပြသက်သေများကို စစ်ဆေးခြင်း– ရုံးလုလင်သောင်းစိန်က ၁၉၄၇–ခုနှစ်၊ ဇူလိုင်လ(၁၉) ရက်တွင် အမှုဆောင်ကောင်စီခန်းမတံခါးဝ၌ သူသည် တာဝန်ကျခဲ့ပြီး နံနက်(၁၀)နာရီမှစ၍ သူ့ခွေးခြေထိုင်ခုံပေါ်တွင် ထိုင်နေခဲ့ကြောင်း၊ စကြံနလမ်းတွင် လမ်းသလားနေသော ဟောင်းနွမ်းနေသည့် အဝတ်အစား ဝတ်ထားသော လူတယောက် (မှုန်ကြီး) ကို သူသတိထားမိကြောင်း၊ ယူနီဖောင်းဝတ်လူ (၄) ဦးရောက်လာပြီး၊ တံခါးရှိရာသို့ ဦးတည်သွားရာတွင် အခွင့်မရှိဘဲ အတင်းဝင်ခွင့်မရှိကြောင်းကို ထိုသူများကို သူကပြောခဲ့ကြောင်း၊ ဦးရာဇတ်၏ အိန္ဒိယလူမျိုး ရုံးလုလင်ကလည်းထိုအချိန်က အနားတွင်ရှိနေ၍ အထဲမဝင်ရန် ထိုသူများကို ပြောခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

[၃] 'The Burman' (အထက်ပါသတင်းစာ) တရားလိုပြသက်သေ ကိုသန်းက ဦးရာဇတ်၏ ကိုယ်ရေးလက်ထောက်အခန်းတွင်းမှ ကိုယ်ရံတော် ကိုထွေး ပြေးထွက်လာသည်ကို သူမြင်တွေ့ခဲ့ကြောင်းနှင့် ရန်ကြီးအောင်က သူ့ကို သေနတ်ဖြင့် ပစ်ချခဲ့ကြောင်း၊ သက်သေထွက်ဆိုခဲ့သည်။ ထို့နောက် ရန်ကြီးအောင်က ကိုသန်းကို သေနတ်ဖြင့် ချိန်လိုက်ရာ သူက သတင်းထောက်တဦးဖြစ်ကြောင်း အော်ပြောလိုက်သဖြင့် သူ့ကို မပစ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

[၄] 'The Burman' (အထက်ပါသတင်းစာ) တရားလိုပြသက်သေ ဦးဖိုးစိန် (စီအိုင်ဒီမှ) CID က အုတ်နံရံများ ပြိုကျသံကြားရသည့်အချိန်တွင် သူသည် အတွင်းဝန်များရုံးအတွင်းရှိ သူ့ရုံးခန်းတွင်ရှိနေကြောင်း သက်သေထွက်ဆိုခဲ့သည်။ စုံစမ်းရန် အနောက်ဘက်အဆောင်သို့ သူထွက်လာခဲ့သည်၊ လက်ထောက်ရဲမင်းကြီး ACP မစ္စတာ ဘတ်စ် (Busk) ထိုနေရာသို့ ရောက်နှင့်နေပြီး ဦးဖိုးစိန်က လက်ထောက်ရဲမင်းကြီး၏ ကြိုးမဲ့ကြေးနန်းကားမှတဆင့် ရန်ကုန်မြို့အတွင်းရှိ ရဲစခန်းအားလုံးသို့ ရေဒီယိုစက်ဖြင့် သတင်းပေးပို့ခဲ့သည်။ သူသည် အခင်းဖြစ်ပွားရာသို့ ဆက်လက်ထွက်သွားခဲ့ရာ ကိုထွေးကို ဒဏ်ရာပြင်းထန်စွာရရှိလျက် ကြမ်းပြင်ပေါ်တွင်လဲနေသည်ကို တွေ့ရသည်။ ကိုထွေးမှာ စကားအနည်းငယ်ပြောနိုင်သေးရာ 'ကျွန်တော့်ကို ဘာအကြောင်းမှမရှိဘဲ ပစ်ခတ်သွားခဲ့ကြတယ်' ဟု သူ့ကိုပြောခဲ့သည်။ ဦးဖိုးစိန်သည် ဗိုလ်ချုပ်၏အခန်းသို့ ထပ်မံသွားခဲ့ရာ စကြံနလမ်းထိတိုင်အောင် သွေးများစီးဆင်းနေသည်ကို တွေ့ခဲ့ရသည်။

[၅] ဦးနု၏ "ဦးနု–တာတေစနေသား" (Saturday's Son) – (ယေးတက္ကသိုလ်

ပုံနှိပ်တိုက်၊ နယူးဟေဗင်နှင့် လန်ဒန် ၁၉၇၅) စာမျက်နှာ ၁၃၃၊ 'သခင်နုဟာ ဘိလပ်ရဲ့ အအေးဒဏ်ကိုမခံနိုင်ဘူး၊ ဘိလပ်မှာ တကြိမ်ဖျားတယ်၊ ဇူလိုင်လလယ်လောက် ရန်ကုန် ပြန်ရောက်တဲ့အခါမှာလည်း ထပ်ဖျားနေသေးတယ်၊ အဲဒါကြောင့် ဇူလိုင်လ (၁၈) ရက် ညဘက်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ သခင်နုအိမ်ကို ရောက်လာတယ်။ ဗိုလ်ချုပ်အောင် ဆန်းကို အလုပ်အမှုဆောင်အဖွဲ့ရဲ့ ဒုတိယနာယကအဖြစ်က ဝန်ကြီးချုပ်အဖြစ်သို့ ပြောင်း ဖို့အတွက် ဗြိတိသျှအစိုးရတို့က စီစဉ်နေတဲ့အကြောင်း၊ ဝန်ကြီးချုပ် အက်တလီ မှာလိုက် တဲ့အတိုင်း သခင်နုက ဗိုလ်ချုပ်အောင်ဆန်းကို ပြောပြတယ်။ တနာရီလောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်း ထပြန်သွားတယ်။ ဗုဒ္ဓတရားတော်အလိုအရပြောမယ်ဆိုရင် သူတို့ နှစ်ယောက်ရဲ့ရေစက်ဟာ ဒီဘဝမှာ ဒီမျှပဲပါတယ်။ နောက်တနေ့မနက် (၁၁) နာရီ လောက်ရှိတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဝန်ကြီးတချို့ ကျဆုံးသွားတဲ့အကြောင်းကို မြန်မာ့အလင်း ဦးတင်က တယ်လီဖုန်းနဲ့ လှမ်းပြီးပြောတာ သခင်နုကြားလိုက်ရတယ်။ သခင်နုလဲ အတွင်းဝန်များရုံးကို ချက်ချင်းလိုက်သွားတယ်။ ဆေးရုံကြီးကို အလောင်းတွေ ယူသွားပြီဆိုတာနဲ့ ဆေးရုံကြီးကို သခင်နုလိုက်ပြန်တယ်။ ဗိုလ်ချုပ်အလောင်းကိုကြည့် ရင်း မနေ့ညကပဲ စကားပြောနေကြသေးတာကို ပြေးမြင်ပြီး သခင်နုဟာ ရှိုက်ကြီးတငင် ငိုနေတယ်'

[6] မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည် (၁၆.၄.၁၂–၂၇.၁၂.၈၈)။ ဗိုလ်ချုပ်အောင်ဆန်း၏ ဇနီး၊ မြောင်းမြတွင် မွေးဖွား၊ ဦးဖိုးညွှင်း ဒေါ်ဖွားစုတို့၏ သားသမီး (၁၀) ဦးအနက် (၈) ယောက်မြောက်။ ကျောင်းပြီးနောက် ဆရာဖြစ်သင်နှင့် သူနာပြုဆရာမသင်တန်းများ အောင်မြင်ပြီး ကျောင်းဆရာအဖြစ် ခေတ္တမျှလုပ်ကိုင်ပြီး သူနာပြုဆရာမအဖြစ် ဆက်လက် လုပ်ကိုင်ခဲ့သည်။ ဂျပန်ဝင်သိမ်းပိုက်ပြီး အစောပိုင်းကာလတွင် မြို့တော်တွင် ပထမဆုံး ဆေးရုံထူထောင်ရာ၌ ပါဝင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း လူနာအဖြစ်တက်ရောက်စဉ် သူနာပြုအကြီးအကဲဖြစ်သူ ဒေါ်ခင်ကြည်ကို ဗိုလ်ချုပ်အား ကြည့်ရှုစောင့်ရှောက်ရန် ကံတရား၏ တိုက်ဆိုင်မှုဟုဆိုရမည်လားမသိ တာဝန်ပေးအပ်ခြင်းခံရသည်။ သိပ်မကြာမီ ၁၉၄၂ ခုနှစ် စက်တင်ဘာလ (၆) ရက်နေ့တွင် သူတို့ လက်ထပ်ခဲ့ကြသည်။ (၅) နှစ်ကြာ ပျော်ပျော်ရွှင်ရွှင်ပေါင်းသင်းခဲ့ပြီး သူမအနေဖြင့် ခင်ပွန်းသည်ကို ဆုံးရှုံးခဲ့ရလေသည်။ ဗိုလ်ချုပ်၏ မဲဆန္ဒနယ် ရန်ကုန်မြို့လမ်းမတော်၏ အမတ်နေရာကို သူမအား ဆွဲဆောင်ယူ စေခဲ့သည်။ သူမသည် လူမှုဖူလုံရေးဌာန ညွှန်ကြားရေးမှူးတာဝန်ယူရန်အတွက် အမတ် အဖြစ်မှ နုတ်ထွက်ခဲ့သည်။ နောက်တွင် ပြည်ထောင်စု လူမှုဖူလုံရေးကောင်စီကို ဦးဆောင် ခဲ့သည်။ ၁၉၆၀ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့သို့ သံအမတ်အဖြစ် ခန့်အပ်ခံခဲ့ရပြီး (၇) နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လာပြီး အနားယူခဲ့သည်။ အင်းယားကန်ဘောင်ဘေးတက္ကသိုလ်ရိပ်သာလမ်း သူမနေအိမ်တွင်







သူမ၏ဘဝမှာ ပျော်ရွှင်အေးငြိမ်းလှသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ (၂၇) ရက်နေ့တွင် သူမ၏အသက် (၇၇) နှစ်အတွင်း သူမကွယ်လွန်ခဲ့သည်။

[7] အေးရှားဝိ(ခ်) (Asia Week)၊ ၁၉၉၃ ခုနှစ်၊ မတ်လ (၃) ရက်၊ ဆောင်းပါး၏ အဆုံးပိုင်း၊ ကမ္ဘာပေါ်ရှိ အကြီးဆုံးအာဃာတ၊ "သူ (နေဝင်း) ၏ ဗိုလ်ချုပ်အောင်ဆန်းပေါ် ထားရှိသော မုန်းတီးမှုသည် မြန်မာ့လွတ်လပ်ရေးသူရဲကောင်း၏ (သက်ရှိထင်ရှား ရှိနေသော) သားသမီး (၂) ဦးတို့အပေါ်ထိ ဆက်လက်ရှိနေသေးပါသလား၊ ဒေါ်အောင် ဆန်းစုကြည် ဘယ်မှာရှိနေသည်ကို ကျွန်တော်တို့အားလုံး သိကြပါသည်။ ဗိုလ်ချုပ်အောင် ဆန်းတွင် အောင်ဆန်းဦးဟုခေါ်သော သားတဦးရှိပါသေးသည်။ သူသည် လေကြောင်း ဆိုင်ရာ အင်ဂျင်နီယာတဦးဖြစ်ပြီး အမေရိကန်ပြည်ထောင်စု၌ နေထိုင်လျက်ရှိသည်။ အောက်ပါအဖြစ်အပျက်မှာ အင်္ဂလန်တွင် လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ကျောင်း သားလေးတဦးမျှသာဖြစ်သော အောင်ဆန်းဦးသို့ ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်သည် ဝုဒ်စတော့ (Woodstock) တို့ခေတ်ဖြစ်သည်။ ဆံရှည်လူငယ်သည် လန်ဒန်ရှိ မြန်မာသံရုံး ၌ ရှိနေစဉ် ဦးနေဝင်းက ထိုနေရာသို့ ရောက်သွားခဲ့သည်။ စစ်သံမှူးက ထိုလူငယ်သည် မည်သူဖြစ်ကြောင်း ဦးနေဝင်းကို အသိပေးလိုက်သည်။ ဦးနေဝင်းသည် ဒေါသအိုး ပေါက်ကွဲထွက်ပြီး 'ဒီခွေးမသား' ကို သံရုံးဝင်းထဲက အခုချက်ချင်း ကန်ထုတ်ပစ်လိုက်ဟု အမိန့်ပေးခဲ့သည်။ စစ်သံမှူး ရဲထွန်းအား အနီးကပ်ဆုံးလေယာဉ်ပျံဖြင့် ရန်ကုန်ပြန်ပို့ လိုက်သည်။"

[8] အသက် (၇) နှစ်သာရှိသေးသော အောင်ဆန်းလင်းသည် ရန်ကုန်မြို့၊ တာဝါ လိန်းလမ်း နေအိမ်ခြံဝင်းအတွင်း ရွှံ့နှစ်များပါသော ရေအိုင်တွင် ရေနစ်ပြီးသေဆုံးခဲ့သည်။

[9] ဝင်ရောက်စီးနင်းသောအဖွဲ့ကို ရဲဝန်ထောက် (Police Superintendent) အက် (စ်) ဒီ ဂျပ် (S.D.. Jupp) ကဦးဆောင်ခဲ့သည်။ ၁၉၂၈ ခုနှစ်၊ ဒီဇင်ဘာလတွင် မစ္စတာဂျပ် ကို ဗမာပြည်ရဲတပ်ဖွဲ့သို့ ခန့်အပ်ခဲ့သည်။

[10] The Burman (၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၂၃) ရက်၊ တရားလိုပြ သက်သေဖြစ်သူ ဗမာ့လက်နက်ကိုင် တိုက်ခိုက်ရေးရဲတပ်ဖွဲ့မှ ခေါင်းဆောင် ရဲတပ်ကြပ် (Head Constable) မင်းနိုင်သည် ဝင်ရောက်စီးနင်းသည့်အဖွဲ့တွင် ပါဝင်ခဲ့ပြီး သူ့ကို သေနတ်နှင့်ချိန်ရွယ်ပြီး ပစ်ရန် ပြုမူခဲ့သည့်အတွက် သူ၏ အပစ်ခံရသူမှာ မှုန်ကြီးဖြစ် ကြောင်း ရုံးတော်တွင် အတည်ပြုပြောဆိုခဲ့သည်။

၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့ထုတ် 'မြန်မာ့အလင်း' သတင်းစာတွင် လုပ်ကြံမှုကြီး စတင်စစ်ဆေးသည့် ယခင်နေ့အကြောင်း ဆောင်းပါး၌ ရေးသားထား သည်မှာမူ လူသတ်သမား၊ ကြံရာပါသူ အစွပ်စွဲခံရသူ တရားခံ (၇) ဦးအား လက်နက် ကိုင်ပုလိပ်များက လက်ထိတ်ခတ်စောင့်ရှောက်ထားကာ ရုံးခန်းတွင်းသို့ ဝင်လာချိန်တွင်

မှန်ကြီးအား "လက်ျာဘက် လက်တပိုင်းပြတ်နေသူ" ဟု ဖော်ပြထားပါသည်။

[၁၁] ၁၉၈၉ ခုနှစ်တွင် ကျွန်တော်သည် အိပ်ချ်အေစတိုနာ (H.A. Stonor) နှင့် စာရေးသားဆက်သွယ်ခဲ့ရာ ၁၉၉၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်တွင် ဘီဘီစီ (၂) ရုပ်မြင်သံကြားအစီအစဉ်က နိုင်ငံတော်လုပ်ကြံမှု အထောက်အထားရုပ်ရှင်ကို ပြသပြီးနောက် ဗြိတိန်မြန်မာအသင်း၏ ကိုယ်ပိုင်ကွန်ပျူတာ ကွန်ယက်နေရာတွင် သူတင်ပြခဲ့သော အချက်ကိုပင် သူက ထပ်မံအထူးပြုရေးပါသည်။ ဘယ်လိုပဲဖြစ်ဖြစ် အားလုံးထဲမှာ ပုံမှန်မဟုတ်ဘဲ ထူးခြားနေတာက ဦးစောကိုယ်တိုင်ရဲ့ လှုပ်ရှားမှုတွေပဲ။ နန်းရင်းဝန်ဟောင်းတယောက်အနေနဲ့ ဦးစောမှာ နိုင်ငံရေးရည်မှန်းချက်တွေ ရှိနေသေးတာ သံသယဝင်စရာ မလိုပါဘူး။ ဒါပေမယ့် အဲဒီအချိန်မှာ သူ့ရဲ့အပြုအမူတွေကတော့ အာဏာရဖို့ မဟာစီမံကိန်းကြီး ချက်ချင်းကြံစည်နေတဲ့ လူတယောက်ပုံမျိုးတော့ မပေါ်ပါဘူး။ တကယ်တမ်းက ဦးစောအနေနဲ့ လုံးဝဘာမှမလုပ်ခဲ့ဘဲ အဖမ်းခံရတဲ့အထိ သူ့အိမ်ထဲထိုင်နေခဲ့တာပဲ။ မစ္စတာ အိပ်ချ်အေစတိုနာသည် လုပ်ကြံမှုဖြစ်စဉ်က မြန်မာပြည်အတွင်း အခြေစိုက်ထားသော ဝဲလ်ချ်ရဲဂျီမင့်မှ အငယ်တန်းအရာရှိဖြစ်သည်။ သူသည် နောက်ပိုင်းတွင် လန်ဒန်ရှိ "မြန်မာတောင်တန်းသားများ၏ မိတ်ဆွေများအဖွဲ့" ကို ဝင်ရောက်ခဲ့သည်။

[၁၂] လူထုဦးလှ၊ 'ထောင်နဲ့လူသား' (သုခဇာတ်ကြောင်းပြန်) စာမျက်နှာ ၁၀၇။

ဦးစော၏ ခြံဝင်းအတွင်းတွင် ကျန်းမာကြံ့ခိုင်သော ယောက်ျားဦးရေ (၃၀) ကျော် နေထိုင်လျက်ရှိပြီး သူတို့အားလုံးကို ၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် အင်းစိန်ထောင်သို့ ခေါ်ဆောင်သွားခဲ့သည်။

[၁၃] အထူးခုံရုံး၏ စီရင်ဆုံးဖြတ်ချက် (၁၉၄၇ ခုနှစ် တရားဆိုင်ခြင်းအမှတ်–၁) မှ တရားရုံးရေးသားချက်။ "ယခုအခါ ဦးစောနှင့် အလွန်များပြားသော သူ့အိမ်သားစု အဖွဲ့ဝင်များကို ရာဇဝတ်မှုဖြစ်ပြီး နာရီပိုင်းအတွင်း ဖမ်းဆီးနိုင်ခြင်းမှာ မစ္စတာခန်း (တရားလိုပြသက်သေ–၃၉) က အတွင်းဝန်ချုပ်နှင့် သူ့ရုံးခန်းတွင် စည်းဝေးနေသော ဦးထွန်းလှအောင် (တရားလိုပြသက်သေ–၃၈) ထံ သူကိုယ်တိုင် သွားရောက်ပေးပို့သည့် သတင်းကြောင့်ဖြစ်သည်။"

## အခန်း (၂) အဓိကခေါင်းဆောင်များ

[၁] ဝက် (ဘ)၊ ဆစ်နီနှင့် ဘိရက်တရစ်(စ)– (Webb,Sidney & Beatrice) "၁၉၁၁–၁၂ ခရီးသွားနေ့စဉ်မှတ်တမ်း" (The 1911-12 Travel Diary) မိတ်ဆက်၍







တည်းဖြတ်သူ ပါမောက္ခ ဂျော့၊ ဖီဘာ (Prof. George Feaver), Macmillan, 1922,p.193

"ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အား စတင်ဖွဲ့စည်းခဲ့သည့် အဓိကအကြောင်းများမှာ အမေရိကန်ဘက်တစ်(စ) သာသနာပြုအဖွဲ့ (American Baptist Mission) ၏ အားကြိုးမာန်တက်နည်းများဖြင့် ခရစ်ယာန်ဘာသာသို့ သွတ်သွင်းနေခြင်းများကို ခုံခံရန်ဖြစ်သည်။ နိုင်ငံအနှံ့အပြားတွင် အသင်းဝင် (၄,၀၀၀) ရှိသည့် များပြားသော အသင်းခွဲများရှိပြီး မှန်မှန်တိုးတက်လျက်ရှိသည်။ သူတို့မှာ စာကြည့်ခန်းများဖွင့်ကာ စာကြည့်တိုက်များ စတင်ခါစဖြစ်လျက် မြန်မာစာကို အမွှမ်းထားသည်။ လစဉ်ဂျာနယ်ကိုလည်း ထုတ်ဝေသည်။ ဤအသင်းသည် မြန်မာ့အလေ့အထ ဓလေ့ထုံးစံများကို ထိန်းသိမ်းထားပြီး မြန်မာ့အယူအဆများကို ယေဘုယျအားဖြင့် ဖော်ပြရန်အတွက်များကို လုပ်ကိုင်လာနိုင်မည့် အသင်းသို့ တိုးတက်နိုင်ဖွယ်ရှိသည်။"

[၂] ဒေါ်မြမေ (ခ) မစ္စစ် အမ်၊ အမ် လှအောင် MBE ( ၁၈၅၃–၁၉၄၃) သည် ရန်ကုန်မြို့တွင် ဗစ်တိုးရီးယားဘုရင်မအထိမ်းအမှတ် ဗုဒ္ဓဘာသာမိန်းကလေးကျောင်းနှင့် ဗုဒ္ဓဘာသာ ယောက်ျားလေးကျောင်းတို့ကို စတင်တည်ထောင်ခဲ့ရာ ယင်းတို့ကို နောင်တွင် ဗစ်တိုးရီးယားဘုရင်မ အထိမ်းအမှတ် မိန်းကလေးကျောင်းအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ဒလနှင့် မော်လမြိုင်တို့မှ စစ်ကဲကြီး (စစ်တပ်ဖွဲ့တဖွဲ့၏ ဒု–တပ်မှူး) မောင်ထော်လေး၏ အငယ်ဆုံးသမီးနှင့် စစ်ကဲကြီး မောင်ခိုင်၏ တူမဖြစ်သည်။ သူမ၏ခင်ပွန်းဖြစ်သူ ဦးလှအောင်မှာ အိန္ဒိယဘဏ္ဍာတိုက်များကို ထိန်းချုပ်ကွပ်ကဲသူ ( Controller of Indian Treasuries) မင်းကြီးဖြစ်၍ သူတို့သည် ကာလကတ္တား (Calcutta)၊ မဒရပ်စ်၊ ဘုံဘေ၊ ပန်ဂျပ် စသည့်နေရာများတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြသည်။ မိမိတိုင်းပြည် ပြန်ရောက်လာသောအခါ သူမသည် တက်ကြွ၍ ဩဇာတိက္ကမရှိသော ပညာဖြန့်ဝေသူနှင့် လူမှုရေးလုပ်ငန်းလုပ်ဆောင်သူ ဖြစ်လာခဲ့သည်။ အစိုးရက သူမ၏ ပြည်သူလူထုအတွက် လုပ်ဆောင်မှုများအား အသိအမှတ်ပြုသည့်အနေဖြင့် (ဗြိတိသျှအင်ပိုင်ယာ၏ အဖွဲ့ဝင်) အမ်ဘီအီး (MBE) ဘွဲ့ဖြင့် ချီးမြှင့်ခဲ့သည်။ ကျွန်ုပ်၏ အဘိုးဖြစ်သူ ဦးမေအောင်သည် ဦးလှအောင်၏တူတော်ပြီး ဦးလှအောင်က သူ့အားပညာ သင်ကြားပေးခဲ့ကာ ကြီးပြင်းအောင် စောင့်ရှောက်ပေးခဲ့သည်။

[၃] တရားသူကြီး ဆာ၊ မောင်ခင် (KCIE, FA, LlB., ဘား–အက်–လော (၁၈၇၂–၁၉၂၄)။ သူကွယ်လွန်ချိန်တွင် သတင်းစာထဲတွင် နိုက်ဘွဲ့ (Knight) ဖြင့် သူကောင်းပြုခံရသူအဖြစ် သူ့ပုံကိုဖော်ပြခဲ့ပြီး ယင်းပုံအောက်တွင် ဗဟိုတရားရုံး၏ ပထမဆုံး မြန်မာတရားသူကြီးမင်း၊ ဘုရင်ခံအမှုဆောင်ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးအစရှိသဖြင့် ဖြစ်သည့်အားလျော်စွာ အရာရာတွင် ပထမစွဲသူဟု အမွှန်းတင်ဖော်ပြခဲ့သည်။ စစ်ကဲကြီးမောင်ထော်လေး၏မြေးဖြစ်သူ ဒေါ်သန်းမေ (လေဒီခင်) ကို လက်ထပ်

ခဲ့သည်။ သားသမီးများမှာ ဦးမျိုးခင်နှင့် ခင်ခင်ဖြေစ်သည်။

[၄] တရားသူကြီးဦးမေအောင် (MA, LlM., ဘား–အက်–လော) (၁၈၈၀–၁၉၂၆)၊ ဗဟိုတရားရုံး၏ တရားသူကြီးမင်း၊ ဘုရင်ခံအမှုဆောင်ကောင်စီ၊ ပြည်ထဲရေးဝန်ကြီး ဆာ–မောင်ခင်နေရာကိုဆက်ခံခဲ့သည်။ ဝိုင်အမ်ဘီအေ (YMBA) ၏ ဥက္ကဋ္ဌ (၁၉၁၉)၊ ဥပဒေပညာရပ်ဆိုင်ရာပါမောက္ခနှင့် ရန်ကုန်တက္ကသိုလ်၏ ပညာရှင်အဖွဲ့ဝင်၊ ဗုဒ္ဓဘာသာ ထုံးတမ်းဥပဒေနှင့်ပတ်သက်၍ ထိပ်တန်းပညာရှင်၊ စစ်ကဲကြီး မောင်ထော်လေး၏ နောက် ထပ်မြေးတဦးဖြစ်သူ ဒေါ်သိန်းမြကို လက်ထပ်ခဲ့သည်။ သားသမီးများမှာ သတိုးအောင်၊ ထွန်းလှအောင်နှင့် မမြစိန်တို့ဖြစ်သည်။ နောင်တွင် ယာယီဘုရင်ခံဖြစ်လာသူ ဆာဂျေအေ မောင်ကြီးက ၎င်း၏ ပြည်ထဲရေးဝန်ကြီးအရိုက်အရာကို ဆက်ခံခဲ့သည်။

[၅] မောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း) "သံဃာမှ သာမန်လူသို့" မြန်မာနိုင်ငံ၏ အမျိုးသားရေးလှုပ်ရှားမှုများ ၁၉၂၀–၁၉၄၀၊ ၁၉၈၀ ပုံနှိပ်၊ စာမျက်နှာ ၂၅၈ မှတ်ချက် (၁၆)။ "အင်္ဂလိပ်–မြန်မာကပြား ခရိုင်ရဲဝန်ထောက် ဇေဗီးယား (Xavier) အနေဖြင့် လူခေါင်း များကို တရားဝင်ဓာတ်ပုံရိုက်နိုင်ရေးအတွက်သာ စားပွဲပေါ်တင်ခဲ့ခြင်းအတွက် အပြစ် ပြောစရာဖြစ်ခဲ့သည်။ မည်သို့ဆိုစေ လူအုပ်ကြီးစုမိလာပြီး သတင်းစာသမားများကလည်း ဓာတ်ပုံများရိုက်နိုင်ခဲ့ကြသည်။" (နောက်ဆက်တွဲဖြစ်ပေါ်လာသော လူထု၏ အလန့်တ ကြားကန့်ကွက်အော်ဟစ်မှုများကြောင့် ပြည်မြို့ရှိ စစ်တပ်အနေဖြင့် နောက်ပိုင်းတွင် ထုတ်ပြန်ခဲ့ရသော အဖြစ်အပျက် အကြောင်းအရာမှ ကောက်နုတ်ချက်)

[၆] ထိုဆောင်းပါးမှာ နောင်သောအခါ 'အိုးဝေ' သတင်းစာပိုင်ရှင်နှင့် အယ်ဒီတာ ဖြစ်လာမည့် ဦးညိုမြ၏လက်ရာဖြစ်ပါသည်။

[၇] အဖမ်းအဆီးခံရသူများတွင် နောင်တချိန်တွင် ဝန်ကြီးများဖြစ်လာမည့် ကိုဗဆွေ နှင့် ကိုဗဟိန်း ကျောင်းသားခေါင်းဆောင်များဖြစ်ကြပါသည်။

[၈] တက္ကသိုလ်မှ ကိုလှရွှေ၊ ဂျပ်ဆင်ကောလိပ်မှ ကိုအောင်ကျော်နှင့် (မြို့မ)သန်းတို့ ဦးဆောင်သော ကျောင်းသားအများအပြားက နန်းရင်းဝန် ဒေါက်တာဘမော်ဦးဆောင် သည့် အတွင်းဝန်များရုံးသို့ သွားရောက်ဆန္ဒပြကြပါသည်။

[၉] မည်သူကပေါက်လိုက်သည်မသိ၊ 'သူရိယ'တိုက်ရှေ့ ဗာဒံပင်အောက်မှ မြင်းစီး ပုလိပ် ဂေါ်ရာဆာဂျင်တဦး ဘိလပ်ရည်ပုလင်းမှန်ပြီး မြင်းပေါ်မှအကျ၊ မြင်းစီးပုလိပ်များ က စုဝေးနေကြသော လူများအား နံပါတ်တုတ်များနှင့် ရိုက်ကြပါတော့သည်။

[၁၀] ထိုအခါ ပထမကမ္ဘာစစ်(၁၉၁၄–၁၉၁၈) ပြန် သခင်ဘိုးလှကြီး ဦးဆောင်ထား သည့် လူ (၆,၀၀၀) အင်အားရှိသည့် လူထုချီတက်ကြပါသည်။

[၁၁] 'အောင်ဆန်းကို ဘယ်သူတကယ်သတ်သလဲ' သမိုင်းအထောက်အထား ရုပ်မြင် သံကြား မှတ်တမ်းရုပ်ရှင်နှင့်ပတ်သက်၍ ဗြိတိသျှအသံလွှင့်ကော်ပိုရေးရှင်း (၂) တီဗွီ BBC







(2) TV ၊ ဘာမင်ဟန်မြို့ (Birmingham) ရှိ အာရှအစီအစဉ်ဌာနမှ ထုတ်လုပ်သူများက ပတ်သက်သူ ပုဂ္ဂိုလ်အတော်များများကို တွေ့ဆုံမေးမြန်းခဲ့သည်။ ကျွန်တော်ကိုပါ ဖိတ်ခေါ်၍ ၁၉၉၆ နှစ်ကုန်ပိုင်းတွင် အင်္ဂလန်ပြည်သို့ သွားရောက်ခဲ့ပါသည်။ နိုင်ငံတော် လုပ်ကြံမှု နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ဂရိတ် ဗြိတိန် (Great Britain) ၏ ထုတ်လွှင့်မှု၌ ကောက်နုတ်ချက်အတိုများကို ရွေးချယ် ပြသခဲ့သည်။ ရွေးနုတ်ထားသော ကိုးကားချက်များကို ဤမှတ်ချက်များအောက်တွင် ဖော်ပြသွားပါမည်။

လူတွေ့မေးမြန်းခံရသူ 'အဲရစ်၊ ဘက်တာစဘီ' (ဘုရင်ခံ၏ ကိုယ်ရံတော်–၁၉၄၂၊ Eric Battersby, ADC) က... "သူ (ဒေါ်မန်စမစ်၊ Dorman- Smith) ကတော့ သူ့ကို ဖျော်ဖြေတဲ့ လူတွေနဲ့ ရွှင်မြူးစေနိုင်တဲ့ လူရှိသမျှနဲ့ အထက်စီးဆက်ဆံနိုင်တဲ့ သူတိုင်းကို နှစ်သက်တယ်။ အထက်ကလူတွေကိုတော့ သူမကြိုက်ဘူး။ သူ့ကို ဧည့်ခံ စသဖြင့် လုပ်နိုင် တဲ့ အောက်ခံလူတွေကိုတော့ သဘောကျတယ်။ ကျွန်တော်ပြောချင်တာက တခြားလူများ တွေကို ဘယ်လိုလူမျိုးလဲဆိုတာ ခန့်မှန်းကြည့်တဲ့နေရာမှာ ကျွန်တော့်အထင်အရ သူဟာ အကြိမ်များစွာ လုံးလုံးမှားယွင်းခဲ့တယ်။

ဦးစောနန်းရင်းဝန်ဖြစ်စဉ်က ဘုရင်ခံက နိုင်ငံကို သူကတဆင့် အုပ်ချုပ်ခဲ့တယ်။

ဒေါ်မန်စမစ်ရဲ့ သတ္တဝါမဟုတ်ရင် သူလက်မခံနိုင်ဘူး။ ဦးစောက သူ့သတ္တဝါဖြစ် တယ်။ သူသဘောကျတဲ့လူဖြစ်ခဲ့တယ်" ဟု ပြောဆိုခဲ့သည်။

[၁၂] နောင်တွင် ဗိုလ်ရန်အောင်ဟု ထင်ရှားလာသူဖြစ်သည်။ ၁၉၄၈ ခုကွန်မြူနစ် (CPB) ပုန်ကန်မှုတွင်ပါဝင်သွားပြီး၊ ၁၉၉၇ ခုနှစ်တွင် (CPB) ပါတီကပင် ကွပ်မျက်လိုက် သည်။

[၁၃] ဗိုလ်မှူးကြီး ဆူဇူကီး (ခ) မီနာမီ မဆူယို (ခ) ဗိုလ်မိုးကြိုး (ဘီအိုင်အေ ဗိုလ်ချုပ်ကြီး မီနာမီ)။ သတ္တိရှိသော တရုတ်ပြည် စစ်ဆင်ရေး စစ်ပြန်၊ သူ အထူးစိတ်ဝင်စားသည်မှာ အရှေ့တောင်အာရှဖြစ်ပြီး ဗမာလမ်းမကြီး ပြန်လည်ဖွင့်လှစ်သည်နှင့် မဟာဗျူဟာ အရ အရေးပါလာသော မြန်မာနိုင်ငံအပေါ်နှင့် ဥရောပတွင် စစ်ပွဲမှာ မရှောင်မလွှဲသာဖြစ် လာသည့်အချိန်တွင် ဂျပန်ဘုရင့်တပ်မတော်၏ မဟာစီမံကိန်းများတွင် အာရုံစူးစိုက်လာ ခဲ့သည်။ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်တို့အနေဖြင့် ပိုမိုပြီး လွယ်လွယ်ဝင်နိုင်ဖို့ လိုသကဲ့သို့ အာရှတိုက်သားချင်း မဟာမိတ်ပြုနိုင်သည့် အပြောင်းအလဲ အခွင့်အရေးပေးခြင်းဖြင့် တရုတ်ကွန်မြူနစ်များဘက်သို့ သူတို့၏ လက်ဝဲယိမ်းနေမှု ကို တန်ပြန်နိုင်ဖို့ လိုအပ်သည်။ ထိုသို့ပြုလုပ်နိုင်ရန် မြန်မာမျိုးချစ်များအကြားတွင် ဗြိတိသျှဆန့်ကျင်ရေးအင်အားစုများ အားကောင်းကောင်းနှင့် ရှိနေမှဖြစ်ပေမည်။

ဤသို့ဖြင့် ဗိုလ်မှူးကြီး ဆူဇူကီးသည် ၁၉၃၉ ခုနှစ် စောစောကပင် စစ်ဦးစီးဌာနမှ လုပ်ငန်းတရပ် အကောင်အထည်ဖော်ရန် တာဝန်အပေးခံရသည်။ သူ့အနေဖြင့် (၆)

လတာကာလအတွင်း မြန်မာနိုင်ငံအခြေအနေကို လေ့လာရန်နှင့် အဆက်အသွယ်များ တည်ဆောက်နိုင်ရေးအတွက် စူးစမ်းရှာဖွေရန်ဖြစ်သည်။ ယိုမီယူရီသတင်းစာ၏ သတင်းထောက် မိနာမိမဆူယိုအဖြစ် ဗိုလ်မှူးကြီးသည် ၁၉၄၀ ခုနှစ် မေလတွင် ရန်ကုန်သို့ ရောက်လာခဲ့သည်။ ဦးစောက သူနှင့်တွေ့ဆုံရန် အစပျိုးခဲ့ပြီး ဂျပန်က စစ်အကူအညီ ထုနှင့်ထည်နှင့် ပေးနိုင်မည်လားဟုမေးခဲ့သည်။ ဆူဇူကီးက သူ့မှာ သတင်းထောက် တယောက်သာဖြစ်ပါသည်ဟူ၍ အကြောင်းပြကာ ရှောင်ထွက်ခဲ့ရသည်။ ထို့နောက် ဂျပန်–မြန်မာ ချစ်ကြည်ရေးအသင်းဖွဲ့သည့်အခါ ဆူဇူကီးက အတွင်းရေးမှူးဖြစ်လာပြီး ထင်ရှားသော မြန်မာလူမျိုးတဦးဖြစ်သည့် ဒေါက်တာသိမ်းမောင်က ဖြစ်မြောက်ရေး အကျိုးဆောင်ဖြစ်လာသည်။ ဗိုလ်မှူးကြီးအနေဖြင့် သူ့ကို ပိုမိုသိရှိရင်းနှီးလာပြီး သူတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကူညီနိုင်သည့် သူ့အရည်အချင်းကိုလည်း မြန်မာဖြစ်သူအား အထင်တကြီးဖြစ်လာစေခဲ့သည်။ ဆူဇူကီးအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ လျှို့ဝှက်အဆက်အသွယ်များအကြောင်း လေ့လာနိုင်လာခဲ့ပြီး ဘုန်းတော်ကြီး ဦးနာဂါအိဖြင့် မြန်မာအဓိက ရုပ္ပဂ္ဂိုလ်များနှင့် ဆက်သွယ်မှုများ ပိုမိုတိုးချဲ့နိုင်ခဲ့သည်။

[၁၄] အီဇူမိယာ တက်ဆူရို– မိနာမိအော်ဂန် စာမျက်နှာ (၂၃)။

"ဂျပန်နာမည်များကို ဗိုလ်မှူးကြီး ဆူဇူကီးက စဉ်းစားပေးခဲ့ခြင်းဖြစ်သည်။ မြန်မာဟူသော စကားလုံးစုအတွက် ရေးရသော ပထမဆုံးသော ဂျပန်စကားလုံးကို နှစ်ပိုင်းခွဲလိုက်ပြီး လူနှစ်ယောက်အတွက် မိသားစုနာမည်များအဖြစ် အသုံးပြုလိုက်သည်။ အောင်ဆန်းအတွက် အိုမိုဒါနှင့် လှမြိုင်အတွက် အီတိုဒါဖြစ်သည်။ သူတို့၏ ကိုယ်ပိုင်နာမည်များကို ဒေါက်တာသိမ်းမောင်၏အမည်မှ ရယူခဲ့သည်။ သိမ်းမှာ တေအီချိ၊ မောင်မှာ မွန်ဂျိ။ ဤသို့ဖြင့် မျိုးချစ်မြန်မာနှစ်ဦးအတွက် ဂျပန်နာမည်များဖြစ်သော အိုမိုဒါမွန်ဂျိနှင့် အီတိုဒါတေအီချိတို့မှာ မွေးဖွားလာခဲ့သည်။

[၁၅] အင်နာအို မိဇူတာနိ (Inao Mitzutani) (ဂျပန်ထောက်လှမ်းရေး ၁၉၄၀) က 'ရန်ကုန်နှင့် ယူနန် ဆက်သွယ်ထားသော ဗမာလမ်းမကြီးကို ဖြတ်တောက်ရန်မှာ မိနာမိကီကန် (Minami Kikan) ၏ အခန်းကဏ္ဍဖြစ်သည်။ ယင်းသို့လုပ်ရန်မှာ မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုကို ထောက်ခံရန်ဖြစ်သည်။ 'အိန္ဒိယရှိ ဗြိတိသျှကိုမောင်းထုတ်ရန် ကျွန်ုပ်တို့ မြန်မာပြည်တွင် ရှိနေခဲ့သည်။ မြန်မာလွတ်လပ်ရေးကို ပေးရန်မဟုတ်ပါ။ မြန်မာနိုင်ငံတွင် လုံခြုံသော ခြေကုပ်စခန်းမရှိဘဲ ကျွန်ုပ်တို့စစ်တပ်အနေဖြင့် အိန္ဒိယသို့ရောက်ရှိရန် မဖြစ်နိုင်ပါ' ဟု ပြောဆိုခဲ့သည်။ မစ္စတာ မိဇူတာနိသည် ယင်းအသံလွှင့်ထုတ်မှုမတိုင်မီ ၁၉၉၇–ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

[၁၆] ကိုဆောင်း (ခ) ဗိုလ်ထိန်ဝင်း။ ဤရဲဘော်သုံးကျိပ်ဝင်အကြောင်း နိုင်ငံခြားသားစာရေးဆရာများက ဤသို့ ဖော်ပြခဲ့ကြသည်။ သူသည် အခွင့်ကောင်းအခါကောင်းတွင်





ဂျပန်၌ ကျောင်းသားတယောက်အဖြစ် ရောက်ရှိနေခဲ့ခြင်းသာဖြစ်ပြီး စစ်သင်တန်းမဆင်းရသော်လည်း အရေးကြီးအလုပ်တာဝန်များ ဆောင်ရွက်ရသည်။ သူသည် လူငယ်တဦးအနေဖြင့် မျိုးချစ်စိတ်ရှိပြီး ဂျပန်ကို ဖြစ်နိုင်ချေရှိသော မဟာမိတ်အဖြစ် အလေးထားခဲ့သည်။ ဂျပန်သို့သွားရောက်ပညာသင်ရန် လိုလားခဲ့ပြီး ၁၉၃၈ ခုနှစ်တွင်မှ ဒေါက်တာသိမ်းမောင်က ထိုသို့ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ သူသည် ကြက်ပေါင်းစေးလုပ်ငန်းတွင် အဓိက စိတ်ဝင်စားမှုရှိသော်လည်း ထူးခြားလှစွာ သတင်းစာလုပ်ငန်း၊ ပုံနှိပ်လုပ်ငန်း၊ သတင်းစာအတတ်ပညာနှင့်ကြော်ငြာလုပ်ငန်းသင်တန်းများကို တက်ရောက်ခဲ့သည်။ ထို့နောက် သူသည် တိုကျိုစက်မှု အတတ်ပညာသင်ကျောင်းကို တက်ရောက်ခဲ့ပြီး ပုံနှိပ်လုပ်ငန်းကို ဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၄၁ ခုနှစ် ဇန်နဝါရီလ စောစောပိုင်းတွင် သူသည် ဗိုလ်မှူးကြီး ဆူဇူကီး၊ အောင်ဆန်း၊ လှမြိုင်တို့နှင့် ဆက်သွယ်မိသည်။ မတ်လတွင် ရေကြောင်းမှ သူ့ကို ဘန်ကောက်သို့ပို့လိုက်ပြီး ချင်းမိုင်တွင် (၆) လခန့် ထောက်လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်စေသည်။ သူသည် ရေကြောင်းမှပင် ဂျပန်သို့ ပြန်လာခဲ့သည်။ သူအပြန်ခရီးတွင် အပိုတာဝန်တခုယူခဲ့ရသည်။ ယင်းမှာ ဖော်မိုဆာသို့ အခြားရဲဘော်များနှင့် ပူးပေါင်းနိုင်ရေးအတွက် သွားရောက်ရန် ကုန်းလမ်းဖြင့် ဘန်ကောက်သို့ရောက်ရှိလာသော သခင်သန်းတင်ကို အတူစောင့်ရှောက်ခေါ်ဆောင်လာခဲ့ရခြင်းဖြစ်သည်။ သူသည် သန်းတင်ကို ဖော်မိုဆာတွင်ထားခဲ့ရာ သန်းတင်သည် ငှက်ဖျားရောဂါဖြင့် ယင်းနေရာတွင် သေဆုံးခဲ့သည်။ သူက ဂျပန်သို့ နိုင်ငံရေး တာဝန်များဖြင့် ဆက်လက်ထွက်ခွာသွားခဲ့သည်။ သူသည် ဖော်မိုဆာသို့ပြန်လာပြီး စစ်သင်တန်းတွင် ပါဝင်ခဲ့သည်။ သူတို့အများစုမှာ ဘန်ကောက်တွင် ပြန်လည်စုံရုံးမိကြသော်လည်း ဗိုလ်ထိန်ဝင်းအနေဖြင့် အမိမြေအတွင်းသို့ ဘီအိုင်အေ၏ ထိုးဖောက်ဝင်ရောက်မှုတွင် ပါဝင်နိုင်ခြင်းမရှိခဲ့ချေ။ အဘယ်ကြောင့်ဆိုသော် ယိုးဒယားရှိ ဂျပန်ဘုရင့်တပ်မတော်၏ ဝါဒဖြန့်ဖြူးရေးဌာနက သူ့ကိုလိုအပ်နေသောကြောင့်ဖြစ်သည်။ ပြည်တွင်းရှိ လူထုထံ သူက ရေဒီယိုအသံလွှင့်မှုများ ပြုလုပ်ခဲ့ပြီး လေယာဉ်မှ ကြဲချစာများကိုလည်း သူက ရေးပေးခဲ့ရသည်။ ဗြိတိသျှတို့ မန္တလေးကို သိမ်းပိုက်ပြီးနောက် မေလတွင်မှ သူသည် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

[၁၇] ကိုထွန်းရှိန် (၁၉၁၈–၁၉၈၉)။ ကျောင်းသားဘဝက သူ့ကို သံမဏိထွန်းရှိန်ဟု လူသိများသည်။ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ၏ အတွင်းရေးမှူးဖြစ်ခဲ့သည်။ ဗြိတိသျှတပ်တို့အဆုတ်တွင် ဘီအိုင်အေ (BIA) နှင့် တိုက်ပွဲများဖြစ်ရာ၌ ရွှေတောင်တိုက်ပွဲတွင် ရဲဘော်သုံးကျိပ်တို့အကြား နာမည်ကြီးလာပြီး ဗိုလ်ရန်နိုင်အဖြစ် ကျော်ကြားလာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဒေါက်တာဘမော်သည် နိုင်ငံတော် အဓိပတိ အရှင်မင်းကြီးအဖြစ် မြင့်တက်သွားရာ ဗိုလ်ရန်နိုင်ကို သူ့၏ စစ်ဖက်လက်ထောက်နှင့်

အပါးတော်မြဲအဖြစ် ရွေးချယ်ခဲ့သည်။ ဗိုလ်ရန်နိုင်က ဒေါက်တာဘမော်၏သမီးဖြစ်သူ တင်ဇာ (Tinza) နှင့် နောက်ဆုံးတွင် လက်ထပ်ခဲ့သည်။ ၁၉၇၀ ခုနှစ်တွင် သူသည် ထိုင်းနိုင်ငံ၌ ဖွဲ့စည်းခဲ့သော ဦးနု၏ နေဝင်းဆန့်ကျင်ရေးတပ်ဖွဲ့များတွင် ပူးပေါင်းပါဝင်ခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်အရ မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်သည်။

[၁၈] အီနာအိုမိဇူတာနီ–"ငှက်ပျောသီးတတွဲ" (သမိုင်း၌ာန–ရီဂတ်ကာ–လစ်ဘရယ် အနုပညာကောလိပ်၊ ကာဂိုရှီမာတက္ကသိုလ်၊ ကိုရီမိုတို၊ ကာဂိုရှီမာ၊ ဂျပန်၊ ၁၉၄၈ ခုနှစ်) စာမျက်နှာ ၃၆။

"နံနက်ခင်းတခုမှာ သခင်စံလှိုင်နှင့် အခြား (၄) ယောက်တို့ဟာ သင်္ဘောငွေစာရင်းကိုင်အခန်းကိုရောက်လာပြီး သခင်ထွန်းအုပ်က နိုင်ငံရေးသမားဘဝခံယူထားသူအနေနဲ့ ကြည့်ပြီး သူ့ကို ခေါင်းဆောင်အဖြစ် သတ်မှတ်ရမယ်လို့ တောင်းဆိုနေကြောင်းနှင့် ဒီတောင်းဆိုချက်ကို သူတို့လက်မခံနိုင်ကြောင်း ပြောလာပါတယ်။ ဒါကြောင့် ရဲဘော်တွေ အားလုံးကို သင်္ဘောငွေစာရင်းကိုင်အခန်းကို ခေါ်လိုက်ပါတယ်။ သင်္ဘောငွေထိန်း ရှင်မင် (မစ်ဇူတာနီ) က "ဂျပန်ကိုမရောက်မချင်း ဘယ်လိုအခြေအနေမျိုးမှာမှ နိုင်ငံရေးလှုပ်ရှားမှုကို သင်္ဘောပေါ်မှာ ခွင့်မပြုဘူး။ ဒီစည်းကမ်းကို ချိုးဖောက်တဲ့သူ ဘယ်သူဖြစ်ဖြစ် ဒီနေရာကနေပြီး ကိုယ့်နိုင်ငံကို ရေကူးပြန်ရမယ်" လို့ သူတို့ကို သတိပေးပြောဆိုလိုက်ပါတယ်။ ယင်းအဖြစ်အပျက်မှာ ရန်ကုန်မှ စင်ကာပူအသွား ပင်လယ်ပြင်မှာ 'ကိုရူမာရူ' သင်္ဘောပေါ်တွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ဤ (၁၁) ယောက် နောက်ဆုံးအသုတ်ခိုးထုတ်ရာတွင် သခင်စံလှိုင်နှင့် (၄) ယောက်မှာ သခင်ကိုယ်တော်မှိုင်းအုပ်စုမှဖြစ်ပြီး သခင်ထွန်းအုပ်၊ ရှုမောင် (နေဝင်း) နှင့် (၄) ယောက်မှာ ဗစိန်–ထွန်းအုပ် အုပ်စုမှဖြစ်ကြသည်။"

[၁၉] မြန်မာ–ဂျပန်ဆက်သွယ်မှုမှာ မြန်မာပြည်တဝှမ်း နေထိုင်လျက်ရှိသော ဂျပန်လူမျိုးအချို့မှတဆင့် ဆောင်ရွက်ခဲ့ရသည်။ မစ်ဇူတာနီက သူ့စာအုပ် (ငှက်ပျောသီးတတွဲ) စာမျက်နှာ (၁၃) တွင် ၎င်းအရေအတွက်မှာ (၃၀၀) ခန့်ရှိသည်ဟု ရေးခဲ့သည်။ ၎င်းတို့မှာ သွားဆရာဝန်များ၊ ဓာတ်ပုံဆရာများ၊ အနှိပ်သည်များ၊ ကုန်သည်များနှင့် စီးပွားရေးလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းတို့မှ စီးပွားရေးကိုယ်စားလှယ်များဖြစ်ကြသည်။ ဆရာဝန်များ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတပါး၊ ဆံသဆရာများ (တဦးမှာ မန္တလေးတွင် အကောင်းဆုံး ဆံသဆိုင်တဆိုင်ဖွင့်လှစ်ထားပြီး ကျွန်တော့်မိသားစုမှ ယောကျ်ားဖြစ်သူများ ယင်းဆိုင်တွင် ဆံပင်ညှပ်ကြသည်) နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ဆောင်သူများကိုလည်း ချန်ထား၍မရပေ။ ထင်ရှားသော ဆရာဝန်တဦးမှာ ဒေါက်တာဘမော်နှင့် အခြား နိုင်ငံရေးသမားများ အမြဲတမ်းကုသမှု ခံယူနေကျ ဆရာဝန် ဖြစ်သူ







ဒေါက်တာဆူကာဆာဆူဇူကီးဖြစ်သည်။

၁၉၃၈ ခုနှစ်မှစ၍ နေထိုင်လာခဲ့သူ ဘုန်းတော်ကြီး ဦးနာဂါအိသည် သခင်ခေါင်းဆောင်ပိုင်းနှင့် မီနာမီကီကန်အကြား ကူးသန်းဆက်သွယ်ပေးရာ၌ အထူးသဖြင့် အားသွန်ခွန်စိုက်ရှိလှသည်။ အငြိမ်းစားရေတပ်ဗိုလ်ကြီးဖြစ်ခဲ့သူ သွားဆရာဝန် ကိုကူဘူရှိဇိုက သခင်အောင်သန်း (ဗိုလ်စကြာ) ၏ ဖခင်ဖြစ်သူ ဦးမြသာမှတဆင့် ဗစိန်–ထွန်းအုပ် သခင်များနှင့်လည်းကောင်း၊ အခြားသွားဆရာဝန်တယောက်ဖြစ်သူ ကာမိုရှီတာက သူ့လူနာဖြစ်သူ သခင်ကိုယ်တော်မှိုင်းအုပ်စုမှ ဒု–ခေါင်းဆောင်ဖြစ်သူ သခင်မြနှင့်လည်းကောင်း အနီးကပ်ဆက်သွယ်မှုများ ရှိခဲ့ကြသည်။ သွားဆရာဝန်တဦးဖြစ်သူ အိုတာက ဗန်းမော်မှ ဒေါ်သီနှင့် အကြောင်းပါခဲ့ပြီး နောင်တွင် ဒေါ်သီက ဂျပန်မှနေ၍ အသံလွှင့်ဝါဒဖြန့်ခဲ့သည်။ ကုန်တိုက်စတိုး စီးပွားရေးလုပ်ငန်းရှင်နှင့် ပရိဘောဂကုန်သည် မစ္စတာ ဟာတာနာကာက လည်း ဦးမြသာနှင့် မိတ်ဆွေဖြစ်ခဲ့သည်။ ဂျပန်ကုန်သွယ်မှုဗဟို၏ အကြီးအကဲ မစ္စတာ အိုဘာအနေဖြင့် အမြဲထောက်လှမ်းစောင့်ကြပ်ကြည့်ရှုရသည့် လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သံရုံးမှ ကောင်စစ်ဝန်ဖြစ်သူ မစ္စတာ ဟွမ္မာ နှင့် စစ်တပ်အရာရှိဖြစ်သူတို့သည်လည်း ပါဝင်ပတ်သက်နေခဲ့သည်။ အထက်တွင် နာမည်ဖော်ပြခဲ့သူ အရပ်သားအတော်များများတို့သည် ဘုရင့်တပ်မတော်နှင့် ပြန်လည်လိုက်ပါလာခဲ့ပြီး ဂျပန်စစ်အုပ်ချုပ်ရေးတွင် ကူညီခဲ့ကြသည်။ (ရင်းနှီးဆဲ အကူအညီပေးဆဲဖြစ်သော မန္တလေးမှ ဆံသဆရာကြီးပါ အပါအဝင်ဖြစ်သည်)။

[၂၀] ဦးအောင်ခင်–"နေဝင်း၊ နိုင်ငံရေးရုပ်ပုံလွှာ"၊ အပိုင်း (၁)။ ဧရာဝတီ စာစောင် ပါဆောင်းပါး၊ ချင်းမိုင်၊ ဩဂုတ်လ ၂၀၀၀ ခုနှစ်၊ အတွဲ (၈) အမှတ် (၈) စာမျက်နှာ (၂၂)။ "နေဝင်းသည် မွေးရာပါဖျက်ဆီးရေးသမားဖြစ်သည်။ အလွန်ငယ်လှသော ကလေးဘဝကပင် အကြမ်းဖက်မှုနှင့် ဖျက်ဆီးရေးတို့တွင် သူ့အစွမ်းအစကို ပြသခဲ့သည်။ ပေါက်ခေါင်းရွာတွင် သူတက်နေသော မူလတန်းကျောင်းကို မီးရှို့ဖျက်ဆီးရန် ကြိုးစားခဲ့ဖူးသည်ဟုဆိုသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် ဆက်လက်ပညာမသင်လိုသောကြောင့်ဟူ၏။

ဂန္ထဝင်မြောက်ရဲဘော်သုံးကျိပ်တို့ ၁၉၄၁ ခုနှစ်တွင် ဂျပန်အောက်၌ စစ်ပညာဆည်းပူးနေရသော ဟိုင်နန်ကျွန်းပေါ်၌ သူ၏ အဖျက်သဘာဝက ပေါ်လွင်လာပြန်သည်။ နေဝင်းပြုလုပ်ရသော စွမ်းရည်စစ်ဆေးမှုက သူ့တွင် အဖျက်အမှောင့်လုပ်ငန်း (Sabotage)၊ ဖျက်လိုဖျက်ဆီး အနှောင့်အယှက်ပေးရန် သွေးဆောင်နိုင်စွမ်း (Subversion) နှင့် အခက်အခဲတွေ့က တပတ်ရိုက်ရှောင်တိမ်းနိုင်မှု (Subterfuge) တို့တွင် နဂိုမူလအရည်အချင်းရှိနေခြင်းကို ပြသလျက်ရှိသည်။"

[၂၁] အီနာအိုမစ်ဇူတာနီ–'ငှက်ပျောသီးတတွဲ' စာမျက်နှာ ၅၆–၅၉။

"ကျွန်တော့်ကို ဘီအိုင်အေ စစ်သားစုဆောင်းရေးအရာရှိအဖြစ် တာဝန်ပေးပါတယ်။ ချင်းမိုင်အနီးတဝိုက်က ရွာတွေက လျှောက်တဲ့သူအများစုက မြန်မာအနည်းငယ်ကလွဲလို့ ရှမ်းတွေ၊ မြို့တွေ၊ ကရင်တွေဖြစ်ပါတယ်"။ "စစ်သားအသစ် (၂၃၀) လောက်စာရင်းရပြီးတော့ ဘန်ကောက်မှာရှိတဲ့ ကီကန်ဌာနချုပ်ကို ရထားနဲ့ ပို့လိုက်ပါတယ်။ သူတို့တွေက ထိုင်းလို ဒါမှမဟုတ် ရှမ်းလိုပြောကြပါတယ်။ မြန်မာလို လုံးဝမပြောကြဘူး။" "ထိုင်းမြောက်ပိုင်းဘက် ရက်အတော်ကြာ ခရီးသွားပြီး စုဆောင်းတော့ ရှမ်းနဲ့မြို့(၃၀၀) ကျော် စုဆောင်းမိတယ်။ သူတို့ကို 'ဖစ်ဆနျူလွတ်' ကတဆင့် 'ရဟင်' ကို ပို့လိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ဇန်နဝါရီလ (၁၁) ရက်ကပဲ မြန်မာဌာနချုပ်က ရဟင်ကို ပြောင်းသွားလို့ပါပဲ။" အီဇူမိယာတတ်ဆူယို၊ မီနာမီအော်ဂန် (ရန်ကုန် တက္ကသိုလ်–၁၉၈၁) စာမျက်နှာ ၉၈ နှင့် ၉၉။ ဗိုလ်မှူးကြီး ဆူဇူကီးက နံပါတ် (၁၅) တပ်မတော်ရဲ့ခွင့်ပြုချက်နဲ့ ဗြိတိသျှတွေလည်ပတ်နေတဲ့ ဘော်နီယိုကုမ္ပဏီကနေပြီး ထောက်ပံ့ရေးပစ္စည်းတွေတောင်းလိုက်ပြီး ဒီဇင်ဘာလ (၁၇) ရက်မှာ အပြီးရွှေ့လိုက်ပါတယ်။ (ဘန်ကောက်တွင် ဘီအိုင်အေဌာနချုပ်တည်ဆောက်ရန်)။ ဘန်ကောက်မှာ အခြေချနေတဲ့ မြန်မာတွေရှိပေမယ့် သိပ်မများပါဘူး၊ သူတို့ထဲက ဘီအိုင်အေစုဆောင်းမှုကို တုံ့ပြန်မှု အတော်အားကောင်းပါတယ်။ ချက်ချင်းပဲ စစ်သားသစ် (၂၀၀) ရပါတယ်။ ဘီအိုင်အေထဲဝင်တဲ့ ဂျပန်က စုစုပေါင်း (၇၄) ယောက်ရှိပါတယ်။ မူလအရင်းခံအရာရှိတွေ၊ အင်စီအိုတွေ၊ မီနာမီအော်ဂန်ရဲ့ အရပ်သားပုဂ္ဂိုလ်တွေ၊ စစ်ဖြစ်တာနဲ့ ချက်ချင်းတွဲဖက်ခံရတဲ့ အရပ်သားပုဂ္ဂိုလ်တွေ ဖြစ်ပါတယ်။ ဘီအိုင်အေတပ်ထဲ အလိုအလျောက်ဝင်လာကြသူများဟာ ကျောက်မျက်ရတနာနဲ့ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း၊ ကြံစိုက်ရေးလုပ်ငန်းနဲ့ ရေထွက်လုပ်ငန်းအစရှိတဲ့ စက်မှုလုပ်ငန်း အလုပ်သမားတွေဖြစ်တယ်လို့ မြန်မာစာရေးဆရာတွေက ဖော်ပြရေးသားကြပါတယ်။

[၂၂] ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် လွတ်လပ်သော မြန်မာနိုင်ငံမှကြေညာရာတွင် နိုင်ငံတော်အလံအဖြစ် ပုံစံတမျိုးထွင်ထားသော ကဒေါင်းကို အလယ်ထားသည့် ဝါ၊ စိမ်း၊ နီ၊ (၃) ရောင်ခြယ်အလံကို အသိအမှတ်ပြုခဲ့ပါသည်။

[၂၃] ဘီဘီစီ (၂) တီဗွီ၊ (အထက်ပါအစီအစဉ်) အောင်ဆန်းစုကြည်– "လူအများကထင်ကြတာက ဂျပန်လူမျိုးတွေဟာ အာရှတိုက်သားအချင်းချင်းဖြစ်ကြတာကြောင့် လွတ်လပ်ရေးပေးပြီး ကိုယ့်နိုင်ငံကိုယ် အုပ်ချုပ်နိုင်ကြမယ်။ ဒါပေမယ့် တကယ်ဖြစ်ပေါ်လာတာကတော့ ဂျပန်စစ်အုပ်ချုပ်မှုဟာ ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုထက် အများကြီးပိုမိုဆိုးဝါးတာကို တွေ့မြင်ကြရပါတယ်"

[၂၄] မောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း)၊ မြန်မာအမျိုးသားရေးလှုပ်ရှားမှုများ





၁၉၄၀–၁၉၄၈ (ကစ်ကာဒေးလ် ပုံနှိပ်ထုတ်ဝေမှု၊ စကော့ တလန် ၁၉၈၉) စာမျက်နှာ ၈၆–၈၇ "သူတို့စစ်ဌာနတိုင်းများမှ အကျဉ်းရုံးဖယ်ရှားခံကြရသော ဟိုင်နန်အုပ်စု (ရဲဘော်သုံးကျိပ်ဝင်များ) က ဗိုလ်လက်ျာထံ ထိုကမှတဆင့် ဗိုလ်ချုပ်အောင်ဆန်းထံ သွားခဲ့ကြပြီး ဗိုလ်နေဝင်းနှင့် သူ့လက်ရွေးစင်အရာရှိများ လက်ထဲတွင် စစ်တပ်ကြီးတခုလုံးထား၍ ဖြစ်လာမည့်ဘေးအန္တရာယ်အတွက် သတိပေးပြောဆိုခဲ့ကြသည်။ အောင်ဆန်းကိုယ်နှိုက်ကလည်း တိုင်းပြည်၏ တခုတည်းသော စုစည်းထားပြီး၊ လေ့ကျင့်ထားပြီး ပုဂ္ဂိုလ်များ၏ အစုအဖွဲ့ (တပ်မတော်) ကို ဝေမျှပေးရမည့်အတွေးအခေါ်ကို နှစ်ခြိုက်လှသည်မဟုတ်ချေ။ ထိုကြောင့် သူ့အနေဖြင့် စစ်ဆင်ရေးရာများအတွက် ကာကွယ်ရေးဦးစီးချုပ်ကိုမထားဘဲ စစ်ဝန်ကြီးအောက်တွင်သာ စစ်ဦးစီးချုပ်ကို တိုက်ရိုက်ခန့်ထားသည့် ဗြိတိသျှစစ်ရုံးစနစ်ကို ချမှတ်ခဲ့သည်။ စစ်ဝန်ကြီးဌာနကို အလွန်လျင်မြန်စွာ ပြန်လည်ဖွဲ့စည်းခဲ့ပြီး မတ်လတွင် ဗိုလ်နေဝင်းကို ရန်ကုန်စစ်ရုံးသို့ စစ်ဦးစီးချုပ်အဖြစ် ရွှေ့လိုက်ပြီး အထွေထွေစစ်ဦးစီးဌာနကို ကြီးကြပ်စေခဲ့သည်။ အောင်ဆန်းအနေဖြင့် စည်းကမ်းစနစ်ကျစေရေးအတွက် ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆက်လက်ရှိနေခဲ့ပြီး အမိန့်ပေးချုပ်ကိုင်ထားသည့် ဗြိတိသျှနည်းလမ်းများအတိုင်း လုံးဝချမှတ်ဆောင်ရွက်ခဲ့သည်။"

[၂၅] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ လူတွေ့မေးမြန်းခံရသူ အဲရစ်ဘက်တာစဘီ (Eric Battersby) ဘုရင်ခံ၏ ကိုယ်ရံတော် (အေဒီစီ ၁၉၄၂) က 'ဦးအောင်ဆန်း၏ အစွန်းရောက်အယူအဆများ စွန့်လွှတ်သွားစေရန် ဦးစောက လွှမ်းမိုးလုပ်ဆောင်နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်နှင့် (ဆာဒေါ်မန်စမစ်က) ကျွန်ုပ်အား (ဦးစောကိုပြန်ခေါ်လာရန်) စေလွှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါဟာ သက်သက်မဲ့ရူးတာပါ၊ ဒါဟာ လွယ်လွယ်လေး ဘယ်ဖြစ်နိုင်မလဲ။ ဦးစောဟာ မြန်မာနိုင်ငံမှာ ဩဇာအာဏာ မရှိတော့ပါဘူး၊ ဦးအောင်ဆန်းကသာ ချုပ်ကိုင်ထားတာပါ' ဟု ဖြေကြားပြောဆိုခဲ့သည်။

[၂၆] ဘက်တာစဘီ၏ ပြောဆိုချက်များမှ အထက်ပါအကြောင်းကိုသာ BBC မှ ထုတ်လုပ်သူက တင်ဆက်ထားပုံမှာ နားလည်ရန်ခက်ခဲသည်။ ဘုရင်ခံ၏ ရည်မှန်းချက်မှာ ဦးစောက ဦးအောင်ဆန်း၏ အယူအဆများကို လွှမ်းမိုးနိုင်ရန်မဟုတ်ဘဲ၊ ဗြိတိသျှနိုင်ငံခြားရေးဝန် သဘောတူပြီးသော၊ ဗိုလ်ချုပ်အား အထူးအားဖြင့် ဖဆပလကို ယေဘုယျအားဖြင့် ရည်ရွယ်လျက် နိုင်ငံရေးဆန့်ကျင်ဘက်များ၏ အင်အားဖြည့်ဆည်းရန်ဖြစ်ပါသည်။ ၎င်းရည်ရွယ်ချက်ကို ရရန်အတွက် ဘက်တာစဘီကိုပင် တိုကျိုမြို့မှ ဒေါက်တာဘမော်နှင့် ဒေါက်တာ သိမ်းမောင်တို့ကိုလည်း အခေါ်လွှတ်သေးသည်။ နောက်ဆုံးဖြစ်ပေါ်လာသည်မှာ ဦးစောက ဒေါက်တာဘမော်နှင့် သခင်ဗစိန်တို့နှင့် ပူးပေါင်းကာ ဖဆပလအဖွဲ့ချုပ်အား ၁၉၄၇ ခုနှစ် ဧပြီလ (၉) ရက် အထွေထွေရွေးကောက်ပွဲတွင် အတိုက်အခံအနေဖြင့် ဆန့်ကျင်ရန် နိုင်ငံရေးမဟာမိတ်ဖွဲ့ကြသည်။

သို့ရာတွင် ဖဆပလအဖွဲ့ချုပ်သည် ယှဉ်ပြိုင်သူတိုင်းကို လွှမ်းမိုးပြီး မဲအရေအတွက် ရာခိုင်နှုန်း (၉၅.၃) ရာခိုင်နှုန်းဖြင့် အပြတ်အသတ်အနိုင်ရခဲ့သည်။ မစ္စတာ ဘတ်တာစဘီသည် ယင်းအစီ အစဉ်ထုတ်လွှင့်မှုမတိုင်မီ ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။

[၂၃] ဗြိတိသျှနန်းရင်းဝန်နှင့် တွေ့ဆုံဆွေးနွေးရန် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ အသွားတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ(၃) ရက်နေ့၌ နယူးဒေလီ (New Delhi) တွင် အာရှတိုက်တွင်းဆက်ဆံရေး ညီလာခံကော်မတီက ပြုလုပ်သည့် ညစာစားပွဲ ခံပွဲတွင် မိန့်ခွန်းပြောကြားခဲ့သည်။ ထို့နောက် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ၎င်းမိန့်ခွန်းကို အခြေခံ၍ မေးခွန်းများမေးကြသည်။ "ခင်ဗျားအနေနဲ့ အကြမ်းဖက်တဲ့နည်းနဲ့ ဒါမှမဟုတ် အကြမ်းမဖက်တဲ့နည်းနဲ့ ဒါမှမဟုတ် အဲဒီနည်းလမ်းနှစ်ခုလုံးနဲ့ တိုက်ပွဲဝင်သွားဖို့ စဉ်းစားထားပါသလား" ဟုမေးရာတွင် "ကျွန်ုပ်တို့အနေနဲ့ ဘယ်နည်းလမ်းကိုမှ ကန့်သတ်မထားပါဘူး" ဟု သူကဖြေကြားသွားခဲ့သည်။ သူ၏ မျှော်လင့်ချက်နှင့် ပတ်သက်၍ မေးသောမေးခွန်းကိုမူ "ကျွန်ုပ်တို့ဟာ အကောင်းဆုံးကို မျှော်လင့်ထားပြီး အဆိုးဆုံးအတွက်လဲ ပြင်ဆင်ထားပါတယ်" ဟု ခတ်ပြတ်ပြတ်ဖြေကြားသွားသည်။

[၂၄] မစ္စတာ ဘက်တာစဘီက ဘီဘီစီ (၂) တီဗွီကပြုလုပ်သော (အထက်ပါမှတ်စုအချက် (၁၆) တွင် ဖော်ပြခဲ့သော) တခုတည်းသော တွေ့ဆုံမေးမြန်းခန်းတွင်ပင် ပြောကြားခဲ့သော မှတ်ချက်များကို ဆက်စပ်၍ မှတ်သားရန်မှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ ဘီဘီစီ၏အသံလွှင့်သူက 'ဦးအောင်ဆန်းအနေဖြင့် သူတို့ကိုယ်စားလှယ်အဖွဲ့ တောင်းဆိုသည်များ မရရှိခဲ့လျှင် လက်နက်ကိုင်ပုန်ကန်ထကြွရန် ပြင်ဆင်ထားခဲ့သည့်အတွက် (ဗြိတိသျှ ဘုရင့်အစိုးရအနေဖြင့် အသာတကြည် တနှစ်အတွင်း လွတ်လပ်ရေးပေးရန် အာမခံလိုက်သည့်အတွက်) အံ့အားတသင့် ဖြစ်သွားခဲ့ပုံရပါသည်' ဟု ပြောကြားခဲ့သည်။ ယင်းမှတ်ချက်အပေါ် မစ္စတာ ဘက်တာစဘီက "ကျွန်ုပ်၏ မြန်မာမိတ်ဆွေတဦးက အဲဒီအစီအစဉ်ရဲ့ အစကတော့ ဗြိတိသျှအရာရှိတွေနဲ့ သူတို့ဇနီးတွေကို များနိုင်သလောက်များများ သတ်ပစ်ဖို့ပဲလို့ ပြောခဲ့ပါတယ်။ အဲဒီမိတ်ဆွေက အူလိုက်သည်းလိုက်ရယ်ပြီး "ငါကတော့ မင်းနဲ့နန်စီ (Nancy) ကို သတ်ရမှာဖြစ်တယ်' ဟု ကျွန်ုပ်ကိုပြောတယ်။ ကျွန်ုပ်လဲ နည်းနည်းတော့ လန့်သွားတယ်။ သူက အဲဒီလိုပြောတာကို နောက်ပြောင်ပြောတာလို့ ယူဆပုံရတော့ ကျွန်ုပ်လဲ ဒါ နောက်ပြောင်ကျီစယ်မှုအဖြစ် သတ်မှတ်ဖို့ စဉ်းစားလိုက်ပါတယ်။ ဒါပေမယ့် အရင်ကလို သူ့အပေါ် ခံစားလို့မရတော့ပါဘူး" ဟုဆက်လက်ပြောဆိုခဲ့ပါသည်။

[၂၅] ဒေါက်တာ အက်(ဖ်) အင်၊ ထရေဂါ (Dr. F.N. Trager) ၏ ပါမောက္ခ ဒီ၊ ဂျီ အီး၊ ဟော်(လ်) (Prof.D.G.E. Hall's) စာအုပ် 'အရှေ့တောင်အာရှရာဇဝင်' အပေါ်တွင် ဝေဖန်ထားသည့်ဆောင်းပါး Guardian,Rangoon Vol.3,No.6, ဧပြီလ ၁၉၅၆ ခု၊







စာမျက်နှာ (၂၇) ရည်ညွှန်း၍ "ဟော(လ်) ဆက်လက်ယုံကြည်နေသည်မှာ အောင်ဆန်းကိုယ်တိုင်က မြန်မာပြည်အား ဗြိတိသျှ ဓနသဟာယ နိုင်ငံများအတွင်း နေနိုင်ရန် ကြိုးပမ်းလုပ်ကိုင်လိုသည့် တိကျခိုင်မာသော စိတ်ဓာတ်ရှိကြောင်းဖြစ်သည်။ အောင်ဆန်းကွယ်လွန်သွားလေပြီ၊ ဤအကြောင်းအရာများနှင့်ပတ်သက်၍ စာရွက်စာတမ်းများလည်း မရှိ။ ကျွန်တော်တဦးတည်း တွေးဆမိတာကတော့ ထူးချွန်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းကပင်လျှင် ဤကဲ့သို့ တချိန်ချိန်က လုပ်ကိုင်လိုသည်ရှိခဲ့သော်ငြားလည်း သူ့အစည်းအရုံးနှင့် နိုင်ငံကိုပါ သူ့ဩဇာညောင်းအောင် ဆောင်ရွက်သွားနိုင်ခဲ့မည်မဟုတ်ပါ။ အနောက်ကေရာဇ်နိုင်ငံများ ဝမ်းနည်းစွာ နားလည်မှုမရှိခဲ့ကြသည့်အပြင် မတရားဆက်ဆံခဲ့ကြသည့် ပြုကျင့်မှုများမှာ မြန်မာပြည်အား အမျိုးမျိုးအဟန့်အတားများကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မှစတင်၍ ကျော်လွှားနိုင်ခဲ့သည့် အကြောင်းတခုတည်းသာမဟုတ်ဘဲ အဓိကအကြောင်းဖြစ်သည့် မျိုးချစ်စိတ်ဓာတ်သာလျှင်ဖြစ်ပါသည်။"

# အခန်း (၃) တရားဆိုင်ခြင်း

[၁] လူထုဦးလှ– "ထောင်နဲ့လူသား" (သုခဇာတ်ကြောင်းပြန်) စာမျက်နှာ ၁၉၀–၁၁၁။ အထူးခုံရုံး၌ တရားဆိုင်မှု စသည်နှင့် သဘာပတိတရားသူကြီးက ဦးစောကို ခုခံထုချေသူများအတွက် ဥပဒေအကြောင်းအရ ကိုယ်စားပြုသူ အမည်စာရင်းကို တင်သွင်းရန် တောင်းဆိုရာတွင် သူ့အနေဖြင့် ဘုရင့်အတိုင်ပင်ခံတဦးနှင့် အင်္ဂလန်မှ ဝတ်လုံတော်ရတဦးကို ငှားရမ်းထားပါကြောင်းနှင့် အခြားသူများအတွက် မြန်မာနိုင်ငံမှ ရှေ့နေများကို ခန့်အပ်သွားမည်ဖြစ်ပါကြောင်း သူ့အကြံအစည်ကို ပြောပြလေသည်။ သူတို့၏ အရှင်သခင်ကို အတိအလင်း သစ္စာစောင့်သိဆဲဖြစ်သော မောင်စိုးနှင့် သက်နှင်းတို့မှလွဲ၍ ကျန်လူသူ့နောက်လိုက်အားလုံးမှာ ခွဲခြားမှုကို ခံစားမိကြပြီး စိတ်မကောင်းဖြစ်လျက်ရှိကြသည်။ ဤသည်ကပင် သူတို့နှင့် သူတို့၏ ဆရာသမားဟောင်းတို့အကြား ဆက်ဆံရေးကို ပိုမိုပျက်ပြားသွားစေလေသည်။ နောက်ဆုံး၌ မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်နှင့် မှုန်ကြီးတို့ကို သာယာဝတီမှ ရှေ့နေဦးစံဝင်းနှင့် ကြို့ပင်ကောက်မှ ရှေ့နေ ဦးသိန်းကျော်တို့က ကိုယ်စားပြုကြပြီး မောင်စိန်၊ သုခ၊ ခင်မောင်ရင်နှင့် မောင်နီတို့ ကမူ သူတို့ကိုကာကွယ်ရန် ရှေ့နေမလိုကြောင်း တင်သွင်းခဲ့ကြသည်။

[၂] လူထုဦးလှ၊ (အထက်ပါစာအုပ်) စာမျက်နှာ ၁၀၇–၁၀၈။ ဘညွှန့်မှာ ဖော်ကောင်အဖြစ် တရားဝင်အသိအမှတ်ပြုခံရသော်လည်း တကယ်တမ်းအားဖြင့် ဝန်ခံချက်အပြည့်အစုံကိုပေးသူမှာ ခင်မောင်ရင်ဖြစ်သည်။ ဘညွှန့်အနေဖြင့် အိုးသည်ကုန်းမြို့ဘုရားရုံးများတွင် ယခင်က စာရေးလုပ်ခဲ့ဖူး၍ တရားရေးရာကိစ္စရပ်များတွင် အတွေ့အကြုံ

အတော်အတန်ရှိသည်။

[၃] 'မြန်မာ့အလင်း' ( ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်)၊ ညွှန့်သည်များ အတွက် ထိုင်ခုံ (၁၀၀) သတ်မှတ်ထားသည်။ ဒေါ်သန်းခင် (ဦးစော၏ဇနီး)၊ သမီးဖြစ်သူ မေသန်းစော (ဘေဘီစော) နှင့် ယောက္ခမဖြစ်သူ ဦးလူကလေးတို့ကို ညွှန့်သည်များ နေရာတွင် တွေ့ရသည်။ အမှတ် (၁၂) စစ်တပ်မှ ဗိုလ်မှူးတဦးကိုလည်း ထိုနေရာတွင် မှတ်စု လိုက်မှတ်နေသည်ကို တွေ့ရသည်။

[၄] 'The Burman' (၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ (၁၆) ရက်နှင့် (၁၇) ရက်)၊ အဓိကတရားခံဦးစောသည် အပြာစင်းလုံချည်နှင့် ပိုးတိုက်ပုံတို့ဖြင့် သပ်ရပ်စွာ ဝတ်စားဆင်ယင်ထားပြီး အစိမ်းရောင်မျက်မှန်ကို တပ်ဆင်ထားကာ လက်တွင်လည်း အပြာရောင်မျက်မှန်တလက်ကို ကိုင်ထားသည်။

[၅]ကိုးကားချက်များမှာ အထူးခုံရုံးတော်စီရင်ချက် (၁၉၄၇၊ ဒီဇင်ဘာလ (၃၀) ရက်) မှ ဘညွန့်နှင့် ခင်မောင်ရင်တို့၏ သက်သေခံထွက်ချက်များမှ ကောက်ယူဖော်ပြထားခြင်းဖြစ်ပါသည်။

[၆]အထူးခုံရုံးတော်တွင် တရားလိုဘက် သက်သေ ဒု–ရဲချုပ် ဦးထွန်းလှအောင်အား ပြန်လည်စစ်ဆေးခြင်းပြုရာ အဖြေပေးခဲ့ သည်များ၌ နိုင်ငံတော်လုပ်ကြံမှု ကိစ္စတရပ်အား ရဲအဖွဲ့ဌာန (၃) ခုက ကိုင်တွယ်ခဲ့ရာ နောက်ဆုံးတွင် ရန်ကုန်မြို့တော် ရဲဌာနသို့ လွှဲပြောင်းလိုက်ပါသည်။ ပြောင်းလဲခြင်းမပြုမီ ဦးထွန်းလှအောင်က ထိုအမှုနှင့် ပတ်သက်သည့် ရဲချုပ်၏ လူသတ်သမားတယောက်စီ ဖမ်းဆီးပြစ်ဒဏ် စီရင်ခံရန်အတွက် ဆုငွေ ရူပီး (၁၀,၀၀၀) ပေးမည့် ကြေညာစာမူကြမ်းကို မြင်ခဲ့ကြောင်းကိုလည်း ပြောပြခဲ့သည်။

[၇]ထင်ရှားသော သမားတော် ဒေါက်တာဘသန်းသည် အထူးခုံရုံးတော်သို့လာရောက်ကာ ရဲမှုခင်းဆိုင်ရာခွဲစိတ်မှုဆရာဝန် (Police Surgeon) အနေဖြင့် ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်လိုက်သော လုပ်ကြံမှုတွင် သေကျေဒဏ်ရာရသူများအား စစ်ဆေးခဲ့ပြီး သေဆုံးသူများအား ဖြတ်တောက်ခွဲစိတ်မှုပြုခဲ့သည့် အသေးစိတ်အချက်အလက်များ ဖော်ပြထားသော ဆေးပညာနှင့် သက်ဆိုင်သည့်အကြောင်းအရာများကို အစီရင်ခံခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကာလတွင် ဒေါက်တာဘသန်းသည် (ဗိုလ်မှူးကြီး အောင်ခင်နှင့်အတူ) မြန်မာလူမျိုးထဲတွင် FRCS ခေါ် Fellow of Royal College of Surgeons ဘွဲ့ထူးကို ရခဲ့သူဖြစ်ပါသည်။ ၁၉၆၂ ခုနှစ်တွင် ဗိုလ်နေဝင်းက ပြည်ထောင်စုအစိုးရကို သိမ်းဆည်းပြီးအချိန်တွင် ဒေါက်တာဘသန်း၏သမီးအကြီး ဒေါ်ခင်မေသန်း (Katie) နှင့် ထိမ်းမြားလက်ထပ်လိုက်သည်။

[၈]အထူးခုံရုံး၌ ရှေ့နေချုပ်က ပြန်လှန်မေးခွန်းထုတ်ရာတွင် နိုင်ငံရေးသမား (၂) ဦးလုံးက သူတို့အနေဖြင့်လည်း ညွှန့်သည်များ အတွက် 'အိမ်တံခါးကို အမြဲဖွင့်ထား







သကဲ့သို့ အနေအထားရှိသည်" ဟု ပြောရပါမည်ဟု ပြန်ဖြေခဲ့ကြသည်။ ဦးစောအနေဖြင့် နိုင်ငံရေး ပြိုင်ဖက်များပေါ်တွင် အကြမ်းဖက်ခြင်း၊ သတ်ဖြတ်ခြင်း ပြုလုပ်မည်ဟု ယုံကြည်ရလောက်သည့် အကြောင်းအချက်တစုံတရာ စဉ်းစား၍ မရခဲ့ချေ။ သခင်ဗစိန်က သူသည် ဦးစောထံ သုံးလေးကြိမ်ခန့် အလည်သွားဖူးပြီး နောက်ဆုံးတကြိမ်မှာ လုပ်ကြံမှုမဖြစ်ပွားမီတပတ်က ဖြစ်သည်ဟုဆိုသည်။ ခြံဝင်းအတွင်း လူအမြောက်အမြား နေနေသည်ကို သတိထားမိခဲ့သည်။ အဝင်တံခါးမကြီးတွင် ဂိတ်စောင့်တဦးချထားသည့်အတွက် ဦးစောအသက်ကို ရန်ရှာပြီးသည့်နောက် ဤကဲ့သို့ အစောင့်ချထားခြင်းဖြစ်သည်ဟု နားလည်ခဲ့သည်။

[၉] ဦးနု၏ တာတေစနေသား '(Saturday's Son) – (ယေးလ်တက္ကသိုလ် ပုံနှိပ်တိုက်၊ နယူးဟေဗင်နှင့် လန်ဒန် ၁၉၇၅) စာမျက်နှာ ၁၁၉၊' "တနေ့မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့အိမ် အပေါ်ထပ်မှာ အလုပ်အမှုဆောင်အစည်းအဝေးတခု ကျင်းပတယ်။ တနာရီလောက်ကြာတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းရဲ့ကိုယ်ရံတော် ဗိုလ်ထွန်းလှ အစည်းအဝေးခန်းထဲကိုဝင်လာပြီး ဦးစောသေနတ်ပစ်ခံရတယ်လို့ အမှုဆောင်လူကြီးတွေကို အကြောင်းကြားတယ်။ သခင်နုဟာ သူ့အနားမှာရှိတဲ့ ဦးကျော်ငြိမ်းဘက်ကိုလှည့်ပြီး "ဟော့– ကျော်ငြိမ်း၊ ဘယ်သူပစ်တယ်ထင်သလဲ" လို့မေးတယ်။ ဦးကျော်ငြိမ်းက သူမသိဘူးလို့ဖြေတယ်။ နောက်တနေ့ ညဘက်ကျတော့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဦးစောဆီကို သတင်းသွားမေးရအောင် သခင်နုကိုလာခေါ်တယ်၊ သခင်နုဟာ အဝတ်အစားလဲပြီး အပြင်ထွက်ခါနီးမှာ "ဗိုလ်ချုပ်ရေ ဦးစောကို ဘယ်သူပစ်တယ်ထင်သလဲ၊ ငါကတော့ ကွန်မြူနစ်တွေပစ်တယ်ထင်တယ်" လို့ ပြောတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက သူမသိဘူးလို့ပြောတယ်။ ဦးစောရဲ့ မျက်နှာတွေကို အဝတ်နဲ့ပတ်ထားတဲ့အတွက် ဗိုလ်ချုပ်နဲ့သခင်နုတို့ လာတယ်ဆိုတာကိုသာ သူသိရတယ်။ ဗိုလ်ချုပ်တို့ကို မမြင်ရဘူး။"

[၁၀] ဦးသောင်း၏ ' သတင်းစာသမားတဦး၊ ဗိုလ်ချုပ်ကြီးတဦးနှင့် မြန်မာပြည်တွင်းရှိ တပ်မတော်တခု' (ကြာဖြူပုံနှိပ်တိုက်၊ ဘန်ကောက်–၁၉၉၅) စာမျက်နှာ(၁၁)၊ 'သူ့ရုံးမှ အပြန် လမ်းတွင် ကားအတွင်းစီးလာနေသော ဦးစောကို လက်ဖြောင့် သေနတ်သမားတဦးက လှမ်းပစ်လိုက်သည်။ သို့ရာတွင် ကျည်ဆန်သည် သူ့ကိုမမှန်ဘဲ ကားလေကာမှန်ကို သွားထိမှန်သည်။ မှန်ကွဲစတခုသည် ဦးစော၏မျက်စိကိုလာထိခဲ့သည်။ 'The Burma Times' ၏ အယ်ဒီတာကို လူတွေ့မေးမြန်းခွင့် ဦးစောကပေးခဲ့ရာ၊ ကျွန်တော့်အား သူ့ရုပ်ပုံကို ဓာတ်ပုံရိုက်ရန် တာဝန်ပေးအပ်ခဲ့သည်။ သူ့မျက်စိကို ပတ်တီးစည်းထားသည့်အတွက် သူ့အား ဓာတ်ပုံမရိုက်ရန် ဦးစောက ကျွန်တော့်ကို တောင်းပန်ခဲ့သည်။ သို့ဖြစ်၍ ကျွန်တော်သည် အယ်ဒီတာက လူတွေ့မေးမြန်းမှု ပြုလုပ်ရာတွင် မှတ်စုရေးမှတ်ရာ၌ အကူအညီပေးခဲ့သည်။ 'ဗုဒ္ဓဘာသာဝင်ကောင်းတဦးအနေနဲ့ ကျွန်တော့်ရန်သူတွေကို ကျွန်တော်

အမြဲခွင့်လွှတ်မှုပြုပါတယ်၊ ဒါပေမယ့် ကျွန်တော့်မျက်လုံး ဒဏ်ရာရတော့ မခံမရပ်နိုင်အောင် စူးရှနာကျင်ပါတယ်၊ ကျွန်တော် သူတို့ကို ခွင့်မလွှတ်နိုင်တော့ပါဘူး၊ နာကျင်လွန်းအားကြီးလို့ ကျွန်တော် မခံနိုင်တော့ပါဘူး' ဟု ဦးစောကပြောခဲ့သည်။

[၁၁] ပြည်ထဲရေးနှင့် တရားရေးဝန်ကြီးဖြစ်သူ ဦးကျော်ညိမ်းက ပိုမိုတင်းကျပ်သောအစီအမံများ ပြုလုပ်လိုသည်။ ထောင်ဝန်ထမ်းများ၏ အကျင့်သိက္ခာကို သူက သံသယဝင်လျက်ရှိသည်။ တချို့အနေဖြင့် ဦးစော၏ လှည့်ကွက်ထဲဝင်သွားနိုင်သည် မဟုတ်ပါလား။ လုံခြုံရေးကို ပိုမိုတင်းကျပ်ရန်နှင့် အထူးသဖြင့် ညဖက်တွင် ပိုမိုချထားရန် သူက တွန်းအားပေးခဲ့သည်။ အရေးကြီးအကျဉ်းကျသမားများ၏ အခန်းများကို စောင့်ကြည့်နေသူ ထောင်ကြပ်အရေအတွက်ကို တဆတိုးစေရန် ဖဆပလအဖွဲ့ချုပ်မှ သူ့လူယုံ (၄) ယောက်ကိုပါ တာဝန်ချထားပေးခဲ့သည်။ ထိုအဖွဲ့ထဲတွင် ထိပ်တန်းပါတီဝင်တဦးဖြစ်ပြီး သူ့ယောက်ဖဖြစ်သူ သခင်ပန်းမြိုင်ကိုပါ ဦးကျော်ငြိမ်းက လိုက်ပါသွားစေခဲ့သည်။

[၁၂] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ တင်ဆက်သူဦးစောနှင့် သူ့လူ (၈) ယောက် တရားရုံးတင်သည့်အချိန်တွင် 'ဒေါ်မန်စမစ်က သူ့မိတ်ဆွေကို တရားခံဘက်မှ သက်သေခံရန် ကမ်းလှမ်းခဲ့သော်လည်း ဗြိတိသျှအစိုးရက အဟန့်အတားလုပ်ခဲ့သည်" ဦးစောအား သေစားသေစေ အစီရင်ပေးသည့်အချိန်မှာလည်း ဒေါ်မန်စမစ်က ထပ်မံဝင်စွက်ခြင်းပြုသည်မှာ 'သူ့မိတ်ဆွေအတွက် ကရုဏာရှေ့ထားရန်' ဖြစ်ပါသည်။

[၁၃] ဝတ်လုံတော်ရ မစ္စတာ အက်(ဖ်)၊ ဂျေ၊ စလစ်ဗါရီ ဟဗေါ(ဂ်) (Mr.F.J. Salisbury-Havock) က ဦးစော၏ အယူခံဝင်ခြင်းများကို ကိုင်တွယ်ဆောင်ရွက်ခဲ့သည်။

# အခန်း (၄) လျှို့ဝှက်ဆန်းကြယ်ခြင်း

[၁] ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ဘီဘီစီ (၂) တီဗွီ၏ အထူးအစီအစဉ် အပေါ်တွင် လူအများက စိတ်ပျက်စရာကောင်းသော ရလဒ်အဖြစ်မြင်ခဲ့ကြပြီး ဘီဘီစီ၏ အာဏာပိုင်များသို့ တရားဝင်ကန့်ကွက်ခဲ့ကြသည်။ ၎င်းတီဗွီအစီအစဉ်သည် မှားယွင်းမှုများ၊ လိုက်လျောညီထွေမှု မရှိခြင်းများနှင့် လိုရာဆွဲ မှတ်ချက်ချခြင်းများတို့ စုပေါင်းစပ်ပေါင်းထားခြင်းဖြစ်ပြီး အထောက်အခံ၊ အထောက်အထားမရှိကြောင်း တင်ပြကန့်ကွက်ခဲ့ကြသည်။ ယင်းအစီအစဉ်ကို မပြသမီ ဘီဘီစီ (၂) အနေဖြင့် ဤရုပ်ရှင်က ဗြိတိသျှတို့၏ အပြစ်ရှိမှုကို ဖော်ထုတ်မည်ဖြစ်ကြောင်း ကြိုတင်ကြေညာခဲ့ပြီး၊ ဗြိတိသျှအဆောက်အအုံအတွင်းမှ အရိပ်အယောင်သာမြင်ရသော လူပုဂ္ဂိုလ်များပါဝင်ပတ်သက်နေသည်ဟူသော ယူဆချက်အပေါ်တွင် ထုတ်လုပ်ရေးမှူးများက ဤအထောက်အထားရုပ်ရှင်ကို အခြေတည်







ထားသော်လည်း အတိအကျအခိုင်အမာ သက်သေမပြနိုင်ခဲ့ချေ။ မြန်မာနိုင်ငံ၏ အမျိုးသားသူရဲကောင်းကို သတ်ဖြတ်ခဲ့သူမှာ ဗြိတိသျှတို့ဖြစ်သည်ဟူသော စွပ်စွဲချက်မှာ မြန်မာ စစ်အာဏာပိုင်တို့လက်ထဲ ရောက်ရှိသွားခဲ့ပြီး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးတို့အတွက် သူမတူအောင်စွမ်းဆောင်နေသူ ဦးအောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိသျှလူမျိုးတဦးအား လက်ထပ်ခဲ့သည့်အပေါ် လက်လွတ်စပယ် တိုက်ခိုက်လျက်ရှိကြသည်။ ဗြိတိန်–မြန်မာအသင်း၌ ထုတ်လုပ်ရေးမှူးနှင့် အချေအတင်ငြင်းခုံခဲ့ကြပြီး၊ ကွန်ပျူတာအင်တာနက်ကွန်ရက်၌ အခန်းဖွင့်လှစ်ကာ ဆက်လက်ဖြစ်ပေါ်လျက်ရှိသော အငြင်းပွားမှုအပေါ် သုတေသနပြုရန် အချက်အလက်များ ဖိတ်ခေါ်တောင်းခံခဲ့ရာ အများက တုံ့ပြန်ခဲ့ ကြပါသည်။

[၂] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်) ၊ တွေ့ဆုံမေးမြန်းခန်း၌ ဖော်ပြခဲ့သော လော့လစ်တိုဝဲ၏ ဗိုလ်ချုပ်အောင်ဆန်းအပေါ်အမြင်– "ဦးအောင်ဆန်းကို အစားထိုး၍ မရပါ။ မြန်မာပြည်သူလူထုကို ကိုယ်စားပြုနိုင်တဲ့ ခေါင်းဆောင်အဖြစ်နဲ့ ဦးအောင်ဆန်းရဲ့ နေရာကို ကနေ့အထိ ဘယ်သူမှ မယူနိုင်သေးပါဘူး"။ လော့လစ်တိုဝဲသည် ယင်းအစီအစဉ် မထုတ်လွှင့်မီ ၁၉၉၇ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

[၃] မည်သည့် ငွေကြေးဟု အတိအကျ မဆိုခဲ့ပါ။ သတင်းစာက ဆိုလိုသည်မှာ 'ရူပီး' ငွေဟု ယူဆရပါမည်။

[၄] လန်ဒန်ရှိ ပြည်သူလူထုမှတ်တမ်းဌာန၌ မကြာမီက သုတေသနပြုလုပ်ခဲ့ရာတွင် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက်စွဲဖြင့် ဗမာ့စစ်ဌာနချုပ် အစီရင်ခံစာ၊ PRO WO (စစ်ရုံး) ဖိုင်အမှတ်– ၂၀၈/၄၉၄၁ တွင်ပါရှိသော မြန်မာနိုင်ငံ၏အခြေအနေအပေါ် ကြားဖြတ်အစီရင်ခံစာကို တွေ့ရှိခဲ့သည်။ ယင်းတွင်ပါရှိသော စာပိုဒ် (၁၈) ၌ 'ဒီအက် (စ်) အို (ကာကွယ်ရေးဌာန လုံခြုံရေးအရာရှိ) နှင့် အချိန်ကြာမြင့်စွာ စကားပြောဆိုရာတွင် ဒီအိုင်ဂျီ–စီအိုင်ဒီ (ဦးထွန်းလှအောင်) က ဘုရင့်အစိုးရ သို့မဟုတ် ယေဘုယျအားဖြင့် ဗြိတိသျှတို့အပေါ် သံသယဖြစ်မှုများကို ဖယ်ရှားပစ်ခဲ့သော်လည်း၊ ဒီအိုင်ဂျီ– စီအိုင်ဒီအနေဖြင့် ဥရောပစီးပွားရေးလုပ်ငန်းတခု သို့မဟုတ် လူပုဂ္ဂိုလ်တဦးတယောက်က ဖဆပလအဖွဲ့ချုပ်ကို ဆန့်ကျင်နေသော ဦးစောကို တချိန်ချိန်တွင် ငွေကြေးထောက်ပံ့ရန် ကမ်းလှမ်းခဲ့သည်ဟူသော သံသယဖြစ်မှု စွဲမြဲနေဆဲဖြစ်ကြောင်း ဒီအက်စ်အိုမှာ ခံစားကျန်နေရစ်ပေသည်။

[၅] 'ရန်ကုန် နေ့စဉ်' သတင်းစာ၊ ၁၉၄၇ ခုနှစ် ဇူလိုင်လ (၂၄) ရက်။

'သံမဏိ' အမည်ခံ ပင်တိုင်ဆောင်းပါးရှင်က 'လူအရိုးများတွေ့၊ အပုပ်နံ့ရ' ဟူသော ထိတ်လန့်ဖွယ်ခေါင်းစဉ်ဖြင့် သတင်းပေးပို့မှုများကို ကိုးကားရေးသားထားသည်။ ဗြိတိန်မှ စကော့တလန်ယဒ်စုံထောက်အဖွဲ့က ဦးစော၏ ခြံဝင်းကို ရှာဖွေရန် မစ္စတာ ဂျပ်(ဖ်) Mr.Juff ဆိုသူကို စေလွှတ်အကူအညီပေးလိုက်သည်။ ထိုသူက သတ္တုရှာဖွေကိရိယာကို

အသုံးပြုရှာဖွေခဲ့ရာ လူသားအရိုးအပိုင်းအစများကို တွေ့ရှိတူးဖော်နိုင်ခဲ့သည်။ စကော့တလန်ယဒ်မှ ပုဂ္ဂိုလ်အနေဖြင့် ဆက်လက်ရှာဖွေလျက်ရှိရာ ခြံအတွင်းမြှုပ်နှံထားသော အလောင်းကောင်များ၏ အရိုးများကို ပိုမိုတူးဖော်တွေ့ရှိနိုင်လိမ့်မည်ဟု ယုံကြည်လျက်ရှိသည်။

[၆] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ အသံလွှင့်သူက ‘၁၉၄၇ ခုနှစ်၊ ဇွန်လ (၂၄) ရက်နေ့တွင် မြန်မာနိုင်ငံ၌ စစ်တပ်၏ လက်နက်ခဲယမ်းမီးကျောက်တိုက်မှ ဘရင်းဂန်း အလက် (၂၀၀) အခိုးခံရပါတယ်။ ထိုအချိန်ပတ်ဝန်းကျင်၌ ဗိုလ်မှူးဟူးတွိုင် (Hugh Toye) သည် ဦးစောထံ အလည်အပတ်သွားရောက်ခဲ့ပြီး ဦးစောအနေဖြင့် ဦးအောင်ဆန်း၏ တန်ခိုးအာဏာအပေါ် စိတ်ဆူပွက်လှုပ်ရှားလျက်ရှိကြောင်း တွေ့ရှိခဲ့ပါတယ်’ ဟု ပြောဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းခံရသူ ဗိုလ်မှူးတွိုင်မှ ‘ ပရိယာယ်မရှိဘဲ လူမှုရေးအရ ပုံပျက်ပန်းပျက်ဖြင့် ဦးအောင်ဆန်းသည် အထက်ရောက်နေခြင်းဖြစ်သည်ဟု ဦးစောက တွေးမြင်ခဲ့ပြီး သူကိုယ်တိုင်နှင့် သူက ကွဲပြားခြားနားထားလိုက်သည်။ သူသည် အာဏာကို တကယ်လိုချင်သည်မှန်သော်လည်း တရားနည်းလမ်းတကျ ရနိုင်သည့်အခါကျမှသာ လိုချင်ခြင်းဖြစ်သည်ဟု ကျွန်တော်ထင်မြင်ခဲ့ပါသည်။’

[၇] ကိုးကားချက်များမှာ ရန်ကုန်မြို့ အထူးတရားရုံး၊ အင်းစိန်မြို့တွင် ရုံးထိုင်ရာဝယ် ၁၉၄၇ နံပါတ် (၁) တရားဆိုင်ရာ စီရင်ချက်မှ ကောက်နုတ်ချက်များဖြစ်သည်။

[၈] (၈) ဘီဘီစီ (၂) တီဗွီ ၁၉၉၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်။ မစ္စတာဘင်ဂလေ (Bingley) သည် ၁၉၇၉ ခုနှစ်တွင် ဆာရီ (Surrey) တွင် ကွယ်လွန်ခဲ့သည်။ ပြည်သူလူထုမှတ်တမ်းရုံးရှိ ဗြိတိသျှကောင်စီ၏ ဖိုင်တွဲများမှ ပြည်သူလူထုကြည့်ရှုနိုင်သော မှတ်တမ်းများတွင် နိုင်ငံတော်လုပ်ကြံမှုနှင့် ဆက်စပ်သော သူ့သတင်းပေးပို့မှုများမရှိဘဲ ဖြစ်နေကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ဘင်ဂလေသည် ရန်ကုန်မြို့ဘုရင့်နောင်ရိပ်သာ လမ်းတွင် နေထိုင်သွားခဲ့သည်။ ထိုအိမ်ကို နောက်ပိုင်းတွင် ဦးကျော်ညိမ်းက ဝယ်ယူခဲ့သည်ဟု ယုံကြည်ရသည်။ မစ္စတာ ဘင်ဂလေ၏ ကိုယ်ကာယမှာ ထူးထူးခြားခြား အရပ်ရှည်ခြင်းမရှိချေ။ သို့သော်လည်း မျက်နှာရှည်ရှည်နှင့် ပိန်ပိန်ပါးပါးဖြစ်သည်။

[၉] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)။ တင်ဆက်သူ– “ဗိုလ်ကြီးဒေးဗစ်ဗီဗီယန် (Capt.David Vivian) သည် ကရင့်လှုပ်ရှားမှုတွင်လည်းကောင်း၊ ဦးစော၏ ပူးပေါင်းကြံစည်မှုတွင်လည်းကောင်း ပါဝင်ပတ်သက်နေသူ နောက်တဦးဖြစ်သည်။ ၁၉၅၄ ခုနှစ်တိုင်အောင် ကရင်များနှင့်အတူ တိုက်ခိုက်ခဲ့သော နေ့ရက်ဟူသော သူ၏ နေ့စဉ်မှတ်တမ်းနှင့် ဂျွန်မော်ဂင် (John Morgan) ဟူသောနာမည်ဖြင့် အထောက်အထားတုများအသုံးပြုကာ ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှ ဗြိတိန်သို့ သူပြန်လာခဲ့ခြင်းကို (ဘီဘီစီ) မှ သုတေသနပြုသူများက ရှာဖွေတွေ့ရှိခဲ့သည်။ ဗိုလ်ကြီးဗီဗီယန်နှင့် ပတ်သက်သော





နိုင်ငံခြားရေးရုံးမှ ဖိုင်တွဲများမှာ အဖျက်အဆီးခံရပုံရသည်။ ဘန်ကောက်ရှိ ဗြိတိသျှသံရုံးက သူသည် မြန်မာနိုင်ငံတွင် ထောင်ကျခံရမှုမှ ရှောင်ပြေးလာခဲ့ကြောင်းသိရှိခဲ့သည်” ဟူသော အချက်ကို အညွှန်းဇယားတခုက ပြသခဲ့သည်။ စောစောပိုင်းက မြန်မာနိုင်ငံတွင် ထောင်ကျခဲ့စဉ်က “ဗြိတိန်က တစုံတယောက်က ကျွန်တော့်ကို ဖယ်ရှားချင်နေတယ်။ စကားပြောခွင့်လဲ မပေးခဲ့ဘူး။ အချက်အလက်တွေကို ကျွန်တော်ပြောလိုက်ရရင် အထူးသဖြင့် ဗြိတိသျှတွေနဲ့ မြန်မာတွေအကြား အကြီးအကျယ် ဆူပွက်ကုန်လိမ့်မယ်” ဟု သူက ဗြိတိသျှအာဏာပိုင်များကို ပြောဆိုခဲ့သည်။ လူးဝစ်အ(လ်)လင် (Louis Allen) က “ဗိုလ်ကြီးဗီဗီယန်၏ ထွက်ပြေးလွတ်မြောက်မှု” မြန်မာ့လွတ်လပ်ရေးအတွက် အောက်ခြေမှတ်ချက်တခု (ဧကရာဇ်နှင့် ဓနသဟာယ သမိုင်းဂျာနယ် ၁၉၉၁ ခုနှစ် ဇန်နဝါရီလ) တွင် ၎င်းအဖြစ်အပျက်ကို ပိုမိုတိကျစွာ တင်ပြခဲ့သည်။

“နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးမှ ပြန်ကြားချက်က ဗီဗီယန်အမှုတွင်ရှိသော ဖိုင်တွဲများကို ဖျက်ဆီးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ဖိုင်စာရင်းမှတ်တမ်းမှာ ကျန်ရှိနေသည့်အတွက် ၁၉၅၆ ခုနှစ် ဖိုင်စာရင်းက–

(၁) ၁၉၅၆ ခုနှစ် ဧပြီလအတွင်း သို့မဟုတ် မတိုင်မီ ဘန်ကောက်ရှိ သံရုံးအနေဖြင့် ဗီဗီယန်ကို ယူကေသို့ အတင်းပြန်ပို့ခြင်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုတခု လက်ခံရရှိခဲ့သည်။

(၂) ရန်ကုန်ရှိ သံရုံးက “ဗီဗီယန်အနေဖြင့် မြန်မာနိုင်ငံတွင် ထောင်ကျရက်သက်တမ်းကျန်ရှိသေးသည်၊ သို့သော်လည်း မြန်မာနိုင်ငံသည် ပြန်လည်လွှဲအပ်ပေးရေး စာချုပ်ကို ထိုင်းနိုင်ငံ (ထိုအချိန်က ယိုးဒယားနိုင်ငံ) နှင့် ချုပ်ဆိုထားခြင်းမရှိ” ဟု အစီရင်ခံခဲ့သည်။

(၃) ဗိုလ်ကြီးဗီဗီယန်အနေဖြင့် ဘန်ကောက်မှ အလှမ်းကွာသောနေရာတွင် ရှိနေပုံရသည်။ ၁၉၅၆ ခုနှစ် ဧပြီလကုန်တွင် သူ့ကိုပြန်ပို့ရမည့် အာဏာပိုင်များက ဘန်ကောက်ရှိသံရုံးမှတဆင့် သူ့အတွက် ရေကြောင်းခရီးမရနိုင်သည့်အတွက် လေကြောင်းခရီးကို ကြိုတင်စီစဉ်ထားကြသည်။ သူက နောက်နှစ်ပတ်အကြာမှ ဘန်ကောက်သို့ ရောက်ရှိလာခဲ့သည်။

(၄) ၁၉၅၆ ခုနှစ် မေလ (၃၁) ရက်တွင် လန်ဒန်သို့ ဗိုလ်ကြီးဗီဗီယန် ရောက်ရှိလာသည်။ အမျိုးသားအကူအညီပေးရေးဘုတ်အဖွဲ့ကို ကောင်စစ်ဝန်ဌာနက သူ့အနေဖြင့် ရောက်သည်နှင့် အကူအညီလိုမည်ဖြစ်ကြောင်း ကြိုတင်သတိပေးထားခဲ့သည်။ သို့သော်လည်း သူက ၎င်းဘုတ်အဖွဲ့ကို ချဉ်းကပ်ခဲ့ပုံမရချေ။

[၁၀] ‘လန်ဒန်မြို့ ထိပ်သီးနေရာများမှ ပူးပေါင်းကြံစည်မှု’ ကိစ္စနှင့် စပ်လျဉ်း၍ အထက်ပါ (၁) အချက်ကို ရည်ညွှန်းလျက် ဗြိတိန်–မြန်မာအသင်း၌ ဆွေးနွေးဝေဖန်ခဲ့ကြသူများနှင့်

ကွန်ပျူတာကွန်ရက် အခန်းဖွင့်ရာဝယ် ထည့်ဝင်ရေးသားခဲ့သူများအနက် အောက်ပါပုဂ္ဂိုလ်များ၏ အယူအဆများမှာ...

၁။ မစ္စတာ ဂျွန်မက်အင်နရီ (John McEnery) (ယခင် ဦးစီးအရာရှိ မြန်မာပြည်စစ်အုပ်ချုပ်မှုဌာနချုပ်) "အဲဒီအစီအစဉ်ကတော့ မတိကျတဲ့ အချက်တွေနဲ့ ဆန်ခါပေါက်ဖြစ်နေတယ်"။

၂။ မစ္စတာ ရှယ်လ်ဘီတပ်ကား (Shelby Tucker) – "အင်းစိန်ထောင်အတွင်း တကယ်တမ်း သေနတ်ပစ်ခဲ့တဲ့ လူနှစ်ယောက်ပြောကြတာကတော့ သူတို့ကို ငှားရမ်းသူက ဦးကျော်ငြိမ်းဖြစ်တယ်။ ဦးစောမဟုတ်ဘူး" (ဖဆပလ အတွင်းရေး လျှို့ဝှက်ကြံစည်မှုရလဒ်) ။

၃။ ဆာနစ်လာမော (Sir Nick Larmour, GCMG) – "ဒီလမ် (မ်) ကင် (Lemkin ထုတ်လုပ်သူ) ရုပ်ရှင်ဟာ ကျုပ်သိသလောက်တော့ အခြေခံအကြောင်းရင်း လုံးဝမခိုင်လုံဘဲ အထောက်အထား သက်သေသံသယမရှိတဲ့ ဇာစ်မြစ်ပေါ်မှာ မူတည်ပြီး အစီအစဉ်တမျိုးတင်ပြကာ အောင်ဆန်းလုပ်ကြံမှုမှာ မှုန်ဝါးတဲ့ သဏ္ဌာန်ရှိတဲ့ ဗြိတိသျှတွေ ပါဝင်ကြတယ်ဆိုတာ ဖြစ်ချင်ဖြစ်လိမ့်မယ်လို့ တင်ပြတာ ဘီဘီစီရဲ့ ပထမအကြိမ်ဖြစ်တယ်" နှင့်

၄။ မစ္စတာ အိတ် (ချ်) အေစတုံးနာ (H.A Stonor) – "ကျနော်က ဒီအဖွဲ့ (မြန်မာပြည်တောင်တန်းသားများ၏ မိတ်ဆွေ FBHP) ရဲ့ အသင်းသားအနေနဲ့ ပြောရမှာက ၁၉၄၈ ခုနှစ်ကျမှ တကယ်လှုပ်ရှားလာတာဖြစ်တယ်။ 'မိတ်ဆွေ' တွေ စတင်ဖွဲ့စည်းလာတာက ဗြိတိသျှ စစ်မှုထမ်းဟောင်းတွေ စကားလက်ဆုံပြောကြဖို့သာ ဖြစ်တယ်။ ဒီအစီအစဉ် (ဘီဘီစီ) က မြန်မာပြည် ဘုရင်ခံဟောင်း ဆာဒေါ်မန်စမစ်ဟာ FBHP ရဲ့ အရေးပါဆုံးပုဂ္ဂိုလ်ဖြစ်ခဲ့တယ်ဆိုတာ လုံးဝမမှန်ဘူး။ အဓိကလှုပ်ရှားသူကတော့ ဗိုလ်မှူးကြီး ကရိုမတီတလ်လောက် (Col. Cromarty-Tulloch) ဖြစ်တယ်။ နောက်သူ (စတုံးနာ) က ကိုးကားပြီး ရေးသားလိုက်တာက ဆာရဲဂျီနယ်အနေနဲ့ စောဘဦးကြီး (ကေအဲင်ယူ–ခေါင်းဆောင်) သေဆုံးပြီးနောက် 'တိုင်း' သတင်းစာ (Times, London) သို့ ရေးစာတွင် – 'မြန်မာပြည်၌ အဓိကကြေကွဲဖွယ်ရာ တရပ်ကတော့ ခေါင်းဆောင်ဖြစ်နိုင်စွမ်းရှိကြတဲ့ လူအများ အမြန်အဆန် ဆုံးရှုံးခဲ့ရခြင်းဖြစ်တယ်။ အောင်ဆန်း၊ ဦးစော၊ စောဘဦးကြီး၊ ဦးတင်ထွဋ်တို့ အားလုံးပျောက်ကွယ်သွားကုန်ကြပြီ' ဟု ရေးသားလိုက်ခြင်းဖြစ်သည်။

[၁၁] ဘီဘီစီ (၂) တီဗွီအထောက်အထားရုပ်ရှင်ကို ၁၉၉၇ ခုနှစ် ဇူလိုင်လ (၁၉) ရက်နေ့တွင် ပြသခဲ့ရာ ယင်း၏အဓိကရည်ရွယ်ချက်မှာ ဗိုလ်အောင်ဆန်းကို လုပ်ကြံရာတွင် နောက်ကွယ်မှ ဗြိတိသျှပုဂ္ဂိုလ်အချို့ ပါဝင်ပတ်သက်နေသည်ကို ဖော်ထုတ်ရန်ဖြစ်သော်လည်း ယင်းမှာ မြန်မာစစ်အာဏာရှင်တို့လက်တွင် တလွဲအသုံးချခံရကာ သူ၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကို ပရမ်းပတာ ထိုးနှက်တိုက်ခိုက်ဖို့ဖြစ်လာသည်။ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး၏ အာဆီယံ (၄) နိုင်ငံ ခရီးစဉ်အတွင်း သူက မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပျက်နေသော အခြေအနေနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုရာတွင် စစ်အစိုးရက ၎င်းတို့၏ အင်ဒိုနီးရှားသံရုံးမှတဆင့် ရရှိသည့် အခွင့်အရေးကို အသုံးချကာ ၎င်းအထောက်အထားရုပ်ရှင်ကို ပြန်လည်ကိုးကားခဲ့သည်။ ဂျာကာတာပို့စ် သတင်းစာတွင် ၎င်းတို့ရေးသားသောစာကို ဖော်ပြခဲ့သည်။ ၎င်းတို့က ဂါဒီးယန်းသတင်းစာတွင် အစီအစဉ်တင်ဆက်သူ ဖါဂယ်ကင်း (Fergal Keane) က တီဗွီရုပ်ရှင်၏အကြောင်း ရေးသားသော ဆောင်းပါးကို ရည်ညွှန်းပြီး ဒေါ်အောင်ဆန်းစုကြည်ကို ဖြောင်တိုက်ခိုက်ခဲ့သည်။ ကျွန်ုပ်တို့ သူရဲကောင်း၏ သမီးဖြစ်သူက အင်္ဂလိပ်လူမျိုးကို လက်ထပ်ခဲ့ရာ သူမ အာဏာရရှိရေးအတွက် ဖွတ်အတင်း ပူးပေါင်းကြံစည်နေကြသော အင်အားစုများရှိနေသည်မှာ သေချာသည်ဟု သူတို့က ထောက်ပြခဲ့သည်။ သူမမှာ ကျွန်ုပ်တို့နှင့် တူပင်တူငြားသော်လည်း သူမ၏ အသည်းနှလုံးနှင့် စိတ်ထားမှာ တကယ့်ကို ဗြိတိသျှဖြစ်နေပေပြီ။ ဤသည်မှာ ကျွန်ုပ်တို့၏ နောက်ဖေးပေါက်မှနေ၍ ကိုလိုနီစနစ် သွတ်သွင်းရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ယုံကြည်သည် စသဖြင့် စွပ်စွဲခဲ့သည်။

နောက်တခုမှာ 'သံရုံးမှအမြင်' ဟူ၍ အော်တဝါ ကနေဒါပြည်သံရုံးမှ အလားတူစာတစောင်ကို ဘီဘီစီ အထောက်အထားရုပ်ရှင်နှင့်သာပတ်သက်၍ အသေးစိတ်ရေးသားခဲ့သည်။ နိုင်ငံကို စုစည်းနိုင်စွမ်းရှိသော ကျွန်ုပ်တို့၏ အစစ်အမှန် အမျိုးသားခေါင်းဆောင်ကို အင်အားသုံးဖယ်ရှားခဲ့ပြီး လွတ်လပ်ရေးမပေးရသေးမီ ၎င်းတို့၏ နိုင်ငံရေးမဟာမိတ်ကို ချက်ချင်းအစားထိုးခဲ့ရန် ကိုလိုနီနယ်ချဲ့အစိုးရက စွက်ဖက်ကြိုးပမ်းခဲ့ခြင်းကို မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းတလျှောက်လုံး ပညာရှင်အများက သံသယဝင်ခဲ့ကြသည်။ ဤသည်မှာ ပိုမိုခိုင်မာသည့် အထောက်အထားများ (စာရွက်စာတမ်းများ၏အဆင့်ကို ထိခိုက်လွယ်သည်ဟု သတ်မှတ်ထား) ကို ဗြိတိသျှတို့၏ ယုံကြည်စိတ်ချရသည့်နေရာမှ ပထမဆုံးထွက်လာခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း သေဆုံးခြင်းနှင့် ကရင်နစ်စတန် သဘောတရား (Karenistan concept) ကို ထောက်ခံအားပေးဖြစ်မြောက်ရန် ကြိုးစားသူ ဗြိတိသျှသွေးထိုးသူများ အစရှိသဖြင့် "မြန်မာတောင်တန်းသားများ၏ မိတ်ဆွေများ" ကို ဘီဘီစီက လျှို့ဝှက်ပုဂ္ဂိုလ်များဟု မီးမောင်းထိုးပြခဲ့ပြီး ဤသို့သူတို့အကြောင်းတင်ပြခဲ့သည်။ "အကယ်၍သာ အောင်ဆန်းကိုသတ်ရာ၌ အထောက်အထားများက ညွှန်ပြသကဲ့သို့ သူတို့သာ ပါဝင်ပတ်သက်ခဲ့ပါက မြန်မာနိုင်ငံသမိုင်းတွင် အထိခိုက်ဆုံးတခုတည်းသော လုပ်ဆောင်မှုအတွက် သူတို့မှာ တာဝန်ရှိပေသည်။ နိဂုံးတွင်မူ ယနေ့ကာလ ဗြိတိသျှမိတ်ဆွေများနှင့် ၁၉၄၇ ခုနှစ်မှစ၍ တိုင်းရင်းသားလူမျိုးများအကြား မယုံသင်္ကာမျိုးစေ့ကို ချပေးခဲ့သည်ဟု စွပ်စွဲခံရသော မြန်မာနိုင်ငံတောင်တန်းသားများ၏ မိတ်ဆွေများတို့အကြား နှိုင်းယှဉ်ပြခဲ့သည်။ အထက်ပါအမြင်

ကို ဘစောခင်က ကရင်အမျိုးသားသမဂ္ဂစာစောင်တွင် ပြန်လည် တုံ့ပြန်ရေးသားခဲ့ပြီး ၎င်းကို ဆန်ဖရန်စစ္စကိုတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ မြန်မာနိုင်ငံ တောင်တန်းသားများ၏ မိတ်ဆွေများအဖွဲ့ ရှိခဲ့ခြင်းနှင့် ကေအင်ယူကို ကူညီရန် ကြိုးစားခဲ့သော်လည်း ကေအင်ယူ အနေဖြင့် ကြီးကြီးမားမား အထောက်အပံ့မရခဲ့ခြင်းမှာ ငြင်း၍မရပါ။ ၎င်းအဖွဲ့နှင့် အောင်ဆန်း လုပ်ကြံခံရခြင်းတို့အကြား ဆက်သွယ်မှုမှာလည်း ထို့အတူဖြစ်ပါသည်။ ၎င်းအဖွဲ့အနေဖြင့် ၁၉၄၇ ခုနှစ် ပြစ်မှုနှင့် အနည်းငယ်မျှသာ ဆက်နွယ်မှု ရှိကောင်းရှိပေမည် သို့မဟုတ် လုံးဝမရှိလည်း ဖြစ်ပေလိမ့်မည်။ အနည်းငယ်မျှသော ခြွင်းချက်များမှ လွဲ၍ လောလောဆယ်အားဖြင့် တခြားတမျိုးတဖုံ သက်သေမပြနိုင်ပါက ဗြိတိသျှတို့ အနေဖြင့် ဤလုပ်ကြံမှု၌ ပါဝင်ပတ်သက်မှုမှာ စွန့်စားလိုသူများအဖြစ်သာ သတ်မှတ်ဖို့ ကောင်းပါသည်။ အဆင့်မြင့်အာဏာပိုင်များကလည်း မသိကျိုးကျွန်ပြုကောင်းပြု မည်ဖြစ်သော်လည်း အမှန်တကယ် သနားကြင်နာသော စိုးရိမ်ပူပန်သော ကိုလိုနီများ ထက် လောဘရမက်ကြီးမားသူများသာ ဖြစ်ပေလိမ့်မည်။ အော်တဝါသံရုံးကို 'Nemesis' နာမည်ဖြင့် ဗြိတိန်–မြန်မာ Website တွင် ပြန်လည်ရေးသားမှုသည်လည်း သက် ဆိုင်မှုရှိသည်။ ၎င်း၏ မှတ်ချက်အချို့ကို ကိုးကားရလျှင် "ကရင်လွတ်မြောက်ရေး လှုပ်ရှားမှုကို ဤလုပ်ကြံမှုနှင့် ဆက်သွယ်ပြရာ၌ သေးနုပ်လှသည့် 'ကရင်နစ်စတန်' Karenistan အသုံးအနှုန်းကို အသုံးပြုခြင်းမှာ ခပ်ကြောင်ကြောင် စိတ်ကူးစိတ်သန်း အဆန်းထွင်ခြင်းသာဖြစ်ပါသည်။" "ကျွန်တော်တွေ့ဖူးသမျှ ဗြိတိသျှနှင့် အမေရိကန် အထောက်အထားမှတ်တမ်းများတွင် မည်သို့သော ကရင်ပတ်သက်မှု တစွန်းတစကိုမှ မတွေ့ရချေ။"

[၂] ဦးအောင်သန်း–'အောင်သန်း၏အောင်ဆန်း' (ပုဂံပုံနှိပ်တိုက်၊ ရန်ကုန် ၁၉၆၅ ခုနှစ်) စာရေးသူမှာ ဗိုလ်ချုပ်အောင်ဆန်း၏ အကိုဖြစ်ပြီး ဗြိတိသျှတို့ ပါဝင်ပတ်သက်မှု နှင့် ပတ်သက်သည့် သူ့အမြင်မှာ ရှင်းရှင်းတည့်တည့်ဖြစ်လှသည်။ စာမျက်နှာ (၂၅၂)။ "ဗြိတိသျှကိုလိုနီနယ်ချဲ့များအနေဖြင့် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရန် ရှောင်လွှဲ၍ မရမှန်းသိပြီးသည့်နောက် တဖက်က လွတ်လပ်ရေးပေးရန် သဘောတူပြီး တဖက်က သူတို့သြဇာလွှမ်းမိုးနိုင်မည့်အစိုးရမျိုး သို့မဟုတ် သူတို့အကျိုးဖြစ်မည့် ရုပ်သေးအစိုးရ မျိုး အလိုရှိမည်မှာ သဘာဝကျပါသည်။ တောင်တန်းဒေသများ ချန်လှပ်ထားနိုင်ရေး အတွက် နည်းမျိုးစုံသုံးခဲ့ခြင်းကို အထက်တွင်ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

တိုးတက်သော နိုင်ငံရေးအမြင်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းကို ကိုလိုနီနယ်ချဲ့တို့က လိုလားနှစ်ခြိုက်ခြင်း ရှိပုံမရပါ။ အကယ်၍ ဗိုလ်ချုပ်သာ ဆက်လက်ရှိနေပါက အရင်း ရှင်နယ်ချဲ့တို့အနေဖြင့် လွတ်လပ်စ မြန်မာနိုင်ငံတွင် သူတို့၏ သွေးစုပ်သည့်နည်းလမ်းများ







ကို ဆက်လက်၍ ကျင့်သုံး၍မရမှန်း သူတို့ကောင်းကောင်းနားလည်ထားကြသည်။ သို့ဖြစ် ၍ အရင်းရှင်နယ်ချဲ့တို့၏ အဓိကတာဝန်မှာ ဗိုလ်ချုပ်ကို ဖယ်ရှားရန်ဖြစ်သည်။ ကိုလိုနီနယ်ချဲ့တို့မှာ အယောင်ဆောင်လှည့်စားရာ၌ လိမ္မာပါးနပ်ပြီး ကောက်ကျစ်လွန်း ရာ သူတို့ကိုယ်တိုင် ဗိုလ်ချုပ်ကို မဖယ်ရှားဘဲ မြန်မာနိုင်ငံတွင်းမှ သူတို့အလိုကျလုပ် မည့် သစ္စာဖောက်နိုင်ငံသားတဦးကို သူတို့ရှာဖွေခဲ့ကြသည်။ သို့ဖြစ်သည့် အားလျော် စွာ သူတို့သည် နန်းရင်းဝန်ဟောင်း ဦးစောကို တွေ့သွားခဲ့ကြသည်။"

[၃] အထက်တွင်ဖော်ပြခဲ့သော ဘီဘီစီ (၂) တီဗွီမှတ်တမ်းရုပ်ရှင်က အလေး ထားတင်ပြခဲ့သော မေးခွန်းကို နောက်ကျမှ စိတ်ဝင်စားမှုပြပြီး ၂၀၀၀ ခုနှစ် ဇူလိုင် စောစောပိုင်းတွင် ကွန်ပျူတာကွန်ရက်ပေါ်တွင် 'စိန်ဗေဒါ' အမည်ဖြင့် "ဗိုလ်ချုပ် အောင်ဆန်းကို ဘယ်သူတကယ်သတ်သလဲ" ဟူသော မေးခွန်းကို တင်လာခဲ့ သည်။ ကိုဘန်ထွန်းက အောက်ပါအတိုင်း ချက်ချင်းအဖြေပေးခဲ့သည်။ မကြာမီကမှ ဒီနိုင်ငံကို ဝင် လာတဲ့လူကြီးတွေဆီက ကြားရတာက သူတို့ပြောတဲ့အတိုင်းဆိုရင် အောင်ဆန်းစုကြည် နဲ့ ရှုမောင် (နေဝင်း) ရဲ့ သမီးတယောက် စကားအချီအချ ပြောကြရင်း နေဝင်းသမီး က ဒေါသဖြစ်ပြီး ဂဠုန်ဦးစောကို မရှင်းဂန်းတွေပေးလိုက်တာ ငါ့အဖေလို့ အော် ပြောလိုက်တယ်။ ရှုမောင်က ဗိုလ်ချုပ်အောင်ဆန်းကို ရှင်းပစ်ချင်တယ်။ ဘာကြောင့်လဲ ဆိုတော့ ပျဉ်းမနားက မိန်းမတယောက်ကို ရှုမောင်က မုဒိန်းကျင့်တာ အောင်ဆန်းက သိသွားတော့ ရှုမောင်ကို သတ်ပစ်ချင်ခဲ့သည်။ နေဝင်းကို လက်သည်တရားခံအဖြစ် ပုံနှိပ်ဖော်ပြရန် မသင့်သော စကားလုံးများဖြင့် စွပ်စွဲသော အခြားတုံ့ပြန်မှုများလည်း ရှိပါသေးသည်။

# အခန်း (၅) အဖြေမရသေးသော မေးခွန်းများ

[၁] အိန္ဒိယနိုင်ငံ အင်းဒေါစစ်တက္ကသိုလ် (Indore Military Academy) ကျောင်း ဆင်းများဖြစ်ကြပြီး အမြဲတမ်းတပ်မတော်တွင် ဒု–ဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရသော အခြားမြန်မာများမှာ အာသာခင်မောင်၊ ဘဖူးနှင့် မောင်အေးတို့ဖြစ်ကြသည်။ ကမ္ဘာစစ် (၂) ခုအတွင်းတွင် အခြားဆင့်များမှ ရာထူးတိုးမြှင့်ခြင်းခံရသူများတွင် ဒု– ဗိုလ် အီးခင်မောင်၊ ဗိုလ်ဘဂျမ်း (Sappers & Miners) နှင့် အခြားသူများပါဝင် ကြသည်။ ဒု–ကမ္ဘာစစ်တွင် ဗိုလ်မှူးအောင်သင်းသည် အမှုထမ်းထူးချွန်ဆု (Distinguished Service Order) ချီးမြှင့် ခြင်းခံရပြီး ဗိုလ်မှူးချုပ်အဆင့်သို့ပင် တိုးမြှင့်သွားခဲ့သည်။ ဗြိတိသျှလက်နက်ကိုင် တပ်ဖွဲ့များတွင် တက်ကြွစွာ အမှုထမ်းခဲ့ကြသော အရာရှိအဆင့်ပေးအပ်ခြင်းခံရသော တိုင်းရင်းသား ကရင်၊ ကချင်၊ ရှမ်းနှင့် ချင်းလူမျိုးများစွာရှိကြသည်။ ယင်းအရာရှိ

အများစုကို တပ်မတော်သမိုင်းတွင် မှတ်တမ်းတင် အသိအမှတ်ပြုရန် လိုအပ်နေသေးသည်။ ယခုလောလောဆယ်တွင် စစ်အာဏာရှင်အုပ်စုက စိတ်ဓာတ်ကျဉ်းမြောင်းစွာဖြင့် မှတ်တမ်းပြုထားသည်။

၂ ၁၉၄၈ ခုနှစ် စက်တင်ဘာလ (၁၇) ရက်ည (၉) နာရီခွဲခန့်တွင် တပ်မင်းကြီးတင်ထွဋ်အပေါ် လုပ်ကြံဖို့ ကြိုးစားတဲ့ ဝမ်းနည်းစရာ အဖြစ်အပျက်သည် နောက်တရက်၌ မြန်မာသတင်းစာသုံးစောင်တွင်သာ အနည်းငယ်ဖော်ပြခြင်းခံခဲ့ရသည်။ ည (၉) နာရီကျော်လျှင် လူအများ အပြင်မထွက်ရ တားမြစ်ထားသည့် စစ်အုပ်ချုပ်ရေးအမိန့်ကြောင့် အဓိကဖြစ်လိမ့်မည်။ ဗမာ့ခေတ်သတင်းစာအပါအဝင် အခြားနေ့စဉ်ထုတ် သတင်းစာများအနေဖြင့် ထိုသတင်းကို မရရှိခဲ့ကြချေ။ ဦးသောင်း (ကြေးမုံ) သည် ဗမာ့ခေတ်သတင်းထောက်အနေဖြင့် တာဝန်အပေးခံရပြီး သူ၏ နံနက်စောစောမှ မိုးချုပ်သည်အထိ စူးစမ်းထောက်လှမ်းသည့် ကြိုးပမ်းမှုများက သတင်းအပြည့်အစုံ ထုတ်လုပ်နိုင်ခဲ့ပြီး စက်တင်ဘာလ (၁၉) ရက်နေ့ထုတ် သတင်းစာတွင် သတင်းဆောင်းပါးအနေဖြင့် ထင်ထင်ရှားရှား ပေါ်ထွက်လာခဲ့သည်။ ၎င်းဆောင်းပါးမှာ အကောင်းဆုံး ဖြစ်ခဲ့ပြီး ယခင်သတင်းများကို အသေးစိတ်ထပ်မံဖော်ထုတ်နိုင်ခဲ့သည့် ယင်းဆောင်းပါး၏ ကောက်နုတ်ချက်များကို အောက်တွင် ဖော်ပြလိုက်ပါသည်။

ကြေးမုံဦးသောင်း၏ "ဗမာ့ခေတ်မှကြေးမုံသို့" (ဒုတိယအကြိမ်ထုတ် ဖလော်ရီဒါ အမေရိကန်ပြည်ထောင်စု ၂၀၀၃ ခုနှစ် မြန်မာလို) စာမျက်နှာ ၆၁–၆၈။

"...ဖြစ်ပွားပုံမှာ တပ်မင်းကြီး ဦးတင်ထွဋ်သည် နယူးတိုင်းအော့ဖ်ဘားမားသတင်းစာတိုက်မှအပြန် စက်တင်ဘာ (၁၇) ရက်နေ့ည (၉) နာရီခွဲအချိန်တွင် လူသတ်သမားတဦးက လက်ပစ်ဗုံးဖြင့် ပစ်ခတ်လုပ်ကြံသွားကြောင်း။

လက်ပစ်ဗုံးသည် ကားရှေ့ခန်းတွင်းသို့ ဝင်ထိုင်နေသူ ဦးတင်ထွဋ်၏ ခြေရင်းတွင်ကျကာ ပေါက်ကွဲရာ ဦးတင်ထွဋ်၏ နဖူး၊ ဘယ်ဘက်မေး၊ ဘယ်ဘက်ပေါင်၊ ဘယ်ဘက်ဒူး၊ ဘယ်ဘက်ခြေမျက်စိ၊ ဘယ်ဘက်ခြေဖျား၊ ဘယ်ဘက်လက်ဖျားထိပ်၊ ပေါင်းဒဏ်ရာပေါင်း (၈) ခုရကာ လဲသွားကြောင်း။

ဦးတင်ထွဋ်နှင့်ယှဉ်ကာ ညာဘက်မှထိုင်သူ ဗမာကိုယ်ရံတော် (ထိုစဉ် အမည်ကို စုံစမ်း၍မရခဲ့။) နှင့် ကားမောင်းသူ မောင်အောင်ဖေတို့တွင် ဒဏ်ရာအနည်းငယ်သာရပြီး ကားနောက်မှလိုက်သူ ဂေါ်ရခါးကိုယ်ရံတော် သီဘဟာဒူးနှင့် ပီဘဟာဒူးတို့မှာ ဒဏ်ရာပြင်းထန်စွာရကြကြောင်း၊ ပေါက်ကွဲပြီးနောက် နယူးတိုင်းအော့ဖ်ဘားမားသတင်းစာ လက်ထောက်အယ်ဒီတာနှင့် တိုက်သားများထွက်လာပြီး ဦးတင်ထွဋ် ကို ဆေးရုံသို့ စီစဉ်ပို့ပေးခဲ့ကြကြောင်း၊ ဂေါ်ရခါးနှစ်ဦးကို မီးသတ်သူနာပြုကားဖြင့် ဆေးရုံသို့သယ်ရကြောင်း၊ ဒေါက်တာဘသန်းချက်ချင်းလိုလို ရောက်လာသော်လည်း ဦးတင်ထွဋ်သည် သတိလစ်သွား





ပြီး ဦးဘသန်းအား မမှတ်မိတော့ကြောင်း။ (၁၈) ရက်နေ့ နံနက်တွင် ဝန်ကြီးချုပ် သခင်နု၊ နိုင်ငံခြားရေးဝန်ကြီး ဦးကျော်ငြိမ်း၊ တရားရေးဌာနဝန်ကြီး ဦးဘဂျမ်းနှင့် အခြားခေါင်းဆောင်များ လာကြည့်ကြကြောင်း။ ဦးတင်ထွဋ်၏ ဝေဒနာကို အိန္ဒိယမှ ဆရာဝန်ကြီးတဦးပင့်ပြီး ကုလိုသေးကြောင်းနှင့် ဝန်ကြီးချုပ် သခင်နုက ဆန္ဒရှိသဖြင့် ဆရာဝန်များ၏ ခွင့်ပြုချက်အရ ဝန်ကြီးချုပ်သည် အိန္ဒိယသံအမတ်ကြီး ဒေါက်တာရော့ဖ် (Dr.Rauf) ထံ အကူအညီတောင်းကြောင်း။

သံအမတ်ကြီး ဆေးရုံသို့ရောက်လာပြီး ဆွေးနွေးကြရာ ဆရာဝန်ကြီး ဒေါက်တာဘန်သန်း၊ ဒေါက်တာနန်ဒီ (Dr.Nandi) နှင့် ဒေါက်တာ ဟာရီဟာရာ (Dr.Hariharan) တို့က မျှော်လင့်ချက်မရှိတော့ဟု ယူဆကြောင်းနှင့် ပြောပြကြကြောင်း။

ဦးသောင်းသည် ဆေးရုံ၌ ဆက်လက်နေခဲ့ပြီး ည (၇) နာရီကျော်ချိန်တွင် ဦးတင်ထွဋ်၏သမီး မခင်ညွန့်ရင် ချုံးပွဲချငိုကြွေးပြီး အခန်းထဲမှ ထွက်လာသည်ကို တွေ့ခဲ့ရသည်။ ဦးတင်ထွဋ်ကား ည (၇) နာရီ (၃၅) မိနစ်တွင် ကွယ်လွန်သွားရှာခဲ့လေသည်။

၃ 'စာတွဲ'တွင်ရှု၊ ရန်ကုန်မြို့ရှိ ကိုလိုနီအာဏာပိုင်များမှ လန်ဒန်မြို့သို့ပို့သည့် သီးခြားရွေးချယ်ထားသော ကြေးနန်းစာများ။

၄ ဦးစော၏ ညီအကိုတော်သူ မောင်မောင်ကြီးက 'The Times' သတင်းစာကို စာရေးသားရာတွင် သူ့နာမည်ကို M.M.Jee ဟု သုံးခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လတွင် ရေးသောစာ၌ "ခင်ဗျား ဦးစောကို တရားရုံတင်စစ်ဆေးရာ၌ မြန်မာနိုင်ငံ၏ တရားရေးအုပ်ချုပ်မှုနှင့်ပတ်သက်၍ အရေးကြီးသော မေးခွန်း (၂) ရပ် ပေါ်ပေါက်လာပါသည်။ တခုမှာ တရားရုံးတင်စစ်ဆေးခြင်းနှင့် သေဒဏ်ချမှတ်ခြင်းမှာ ဥပဒေကြောင်းအရ မှန်ကန်မှုရှိသလား။ နောက်တခုမှာ သူ့အမှုမပြီးစီးသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြောင်းအလဲမဖြစ်ပါက သူ့အနေဖြင့် အင်္ဂလန်၏ ပရီဗီကောင်စီ (မင်းတိုင်ပင်အဖွဲ့) သို့ အသနားခံလျှောက်ထားခွင့်ရှိရာ ထိုအခွင့်အရေးဆုံးရှုံးခြင်းမှာ မှန်ကန်ပါရဲ့လား ဖြစ်ပါသည်။

ဦးစောကိုယ်တိုင်က ထွက်ဆိုရာ၌ (က) သူ့ကို ပထမအကျဉ်းချပြီး လပေါင်းအတော်ကြာမှ တရားစွဲဆိုခဲ့သည်။ (ခ) သူ့ကို အထူးခုံရုံးက တရားစီရင်ခဲ့ရာ တရားလွှတ်တော်ချုပ် ရှိနေလျက် အထူးခုံရုံးခန့်အပ်ခြင်းသည် အပြိုင်တရားရုံးဖြစ်၍ တရားမျှတခြင်းမရှိ။ တရားလွှတ်တော်ချုပ်ကသာလျှင် ဤသို့သောအမှုမျိုးကို စီရင်နိုင်သည့်အာဏာရှိသည်။ (ဂ) သူသည် ပရီဗီကောင်စီသို့ အသနားခံစာတင်သွင်းခွင့် ဆုံးရှုံးခဲ့သည်၊ လိပ်စာတပ်ထားသည် အမှတ် ၁၃၂၊ ဂရိတ်ပေ့(သ်)လန်း လမ်း (လန်ဒန်) ဒဗလျူ၀မ်း။

၅ ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ လူတွေ့မေးမြန်းခံရသူ စတာလိန်ဆီးဂရေ့ (ဗ်) (Sterling Seagrave) (သတင်းစာဆရာဟူ၍ သရုပ်ဖော်ခဲ့သူသည် ဒေါက်တာ ဂေါ်ဒင်အက်စ်ဆီးဂရေ့(ဗ်) ၏ သားဖြစ်သည်) – ဗိုလ်စကြာ (သခင်အောင်

သန်း–ရဲဘော်သုံးကျိပ်) ၁၉၆၉ ခုနှစ်တွင် ဘန်ကောက်၌ သေဆုံးသည်) က ကျွန်တော့်ကို ပြောပြခဲ့တာက လန်ဒန်မြို့တွင် အလွန်အရှိန်အဝါကြီးတဲ့ လူတစုရှိတယ်။ စစ်အတွင်းက အဲဒီလူများက ထောက်လှမ်းရေးနဲ့ ပတ်သက်ခဲ့ကြပြီး မြန်မာပြည်နဲ့ သံတမန်အရေး၊ စစ်ဆင်ရေးနဲ့ လျှို့ဝှက်ထောက်လှမ်းရေး (Secret Service) များတွင် ပါဝင်ခဲ့ကြသူများဖြစ်တယ်။ ထိုအချိန်ကတည်းက သူတို့အချို့ဟာ အထက်မှူးမတ်လွှတ်တော် (House of Lords) သို့ ရာထူးမြင့်တက်သွားကြတယ်။ တချို့ကတော့ ဗြိတိသျှအစိုးရ အထက်ပိုင်းများတွင် အလွန်သြဇာတိက္ကမရှိလာကြတယ်။ ဒါပေမယ့် သူတို့ဟာ ရှေးရိုးစွဲမူဝါဒ (Conservative) အစိုးရမှ ကျန်ရစ်ခဲ့တဲ့လူများသာဖြစ်ပြီး ယခုအလုပ်သမား (Labour) အစိုးရနဲ့ဆိုတော့ သူတို့အနေနဲ့ ဗြိတိသျှမူဝါဒအပေါ် သြဇာအရှိန်အဝါ တိုက်ရိုက်ပြုလုပ်ခြင်း မရှိနိုင်ကြတော့ဘူးပေ့ါ။ ဒါကြောင့်မို့ သူတို့က ကွယ်ရာကနေ သွယ်ဝိုက်တဲ့နည်းသုံးကြပြီး အောင်ဆန်းအပေါ် လက်စားချေချင်တဲ့ စိတ်အစွဲအလမ်းကြီးနဲ့ အောင်ဆန်းရဲ့ မြန်မာပြည်လွတ်လပ်ရေး အောင်ပွဲခံခြင်းကို တားဆီးကြတာဖြစ်တယ်။

[၆] (၆) နှစ်နီးပါး နေအိမ်တွင် ဖမ်းဆီးခံရခြင်းမှ ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ(၁၀) ရက်နေ့တွင် လွှတ်လိုက်သည်။

[၇] ဘာတီး (လ်) လင့် (တ) နာ (Bertil Lintner) ၏ 'တော်လှန်နေတဲ့ ဗမာပြည်– ၁၉၄၈ ခုနှစ်မှ ဘိန်းပုန်ကန်မှု' (အနောက်ဘက်မှ မြင်ကွင်း စာပုံနှိပ်တိုက် USA နှင့် ကြာဖြူ၊ ဘန်ကောက်၊ ၁၉၉၄) စာအုပ်၊ စာမျက်နှာ (၈၄–၈၈) ၌ ပြတ်သားသော ဇာတ်လမ်းစုံတွင် ရေးသားထားသည့်အကြောင်းများမှာ– လွတ်လပ်ရေးရပြီး နှစ်လအကြာတွင် ကရင် ကေအင်ယူ (Karen National Union) ရဲ့ လျှို့ဝှက်သံတမန်တယောက် (အော်လီဗာ ဘသန်း) ကို လန်ဒန်သို့ စေလွှတ်ကာ သူတို့ရဲ့အမှုကို အင်္ဂလိပ်လိုလားတဲ့ ကရင်များထောက်ခံသူများအား တင်ပြအသနားခံရန် လာရောက်ခြင်းကို ဝိုင်းဝန်းဖေးမရန် စုရုံးခဲ့တဲ့ စွန့်စားလိုသူ ဗြိတိသျှလူနည်းစုတစု ရှိကြောင်း၊ ၁၉၄၈ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ဒု–ဗိုလ်မှူးကြီး ဖရင့် (က)၊ အိုဝင် (Frank Owen) ရဲ့ နေအိမ်သို့ အစည်းအဝေးခေါ်ရာ လူ (၄၀) ခန့် ပေါ်လာကြသည်။ သူတို့ 'မြန်မာပြည်တောင်တန်းသားများ၏ မိတ်ဆွေအသင်း' (FBHP) ကို ဖွဲ့စည်းခဲ့ကြပြီး ထိုသံတမန်မှာ လက်နက်များပေးမည့် ကတိရကာ ပြန်သွားသည်။ အသင်းသားဖြစ်သူ ကျော်ကြားမှုရှိသော စစ်မှုထမ်းဟောင်း ဗိုလ်မှူးကြီးဂျွန် ကရိုမဟီ တလ်လောက် (Col. John Cromarty-Tulloch) Force 136– ၁၃၆–တပ်ဖွဲ့) အနေဖြင့် ကရင်သူပုန်များအတွက် လက်နက်နှင့် ကျည်များကို သင်္ဘောဖြင့်ပို့ရန် ကြိုးစားသည်များမှာ မအောင်မြင်ခဲ့ကြောင်း၊ စောစောပိုင်းက အင်္ဂလိပ်ကပြားများ အပါအဝင် ဗြိတိသျှ စစ်မှုထမ်းဟောင်း ပုဂ္ဂိုလ်အနည်းငယ်တို့သည် ကရင်များကို စစ်မြေပြင်တွင် အကူအညီပေးသည်ဟု သိရပါသည်။







[၈] 'စာတွဲ' တွင်ရှု၊ ကြေးနန်းစာ အိုင်အိုအာ– အမ်/၄/၂၇၁၄၊ ဇူလိုင်လ (၁၉) ရက်၊ နံပါတ်(၂၈၂)။

[၉] ဟူးတင်ကာ (Hugh Tinker) ပြည်ထောင်စုမြန်မာနိုင်ငံ၊ လွတ်လပ်ရေးရပြီး အစဦးနှစ်များကို လေ့လာခြင်း၊ (လန်ဒန် အောက်စ်ဖို့ဒ်တက္ကသိုလ်ပုံနှိပ်တိုက်–၁၉၅၇) စာမျက်နှာ (၃၇) အောက်ခြေမှတ်ချက်က ၁၉၄၈ ခုနှစ်၊ သြဂုတ်လ (၁၄) ရက်ထုတ်၊ 'The Nation' သတင်းစာအား ရည်ညွှန်းချက်ကို ဖော်ပြသည်။

[၁၀] ဗိုလ်ချုပ်ကြီး စမစ်ဒွန်း၏ 'လေးပေဗိုလ်မှူးကြီး၏ မှတ်မိသမျှ' စာအုပ် (အီသာကာ၊ နယူးယောက်၊ ကော်နယ်တက္ကသိုလ်၊ အရှေ့တောင်အာရှအစီအစဉ်၊ အချက်အလက် စာတမ်းအမှတ် (၁၃–၁၉၈၀– စာမျက်နှာ (၅၃) ' ခွင့်ရက်ရှည်၊ လစာပြည့် အစရှိသည့် ကမ်းလှမ်းမှုရှိခဲ့သည်။ သို့သော်လည်း ဒွန်းအနေဖြင့် ယင်းကမ်းလှမ်းမှုကို မယူခဲ့ဘဲ နုတ်ထွက်ခဲ့သည်။ ထို့နောက်သူသည် ကရင်နှင့်ဗမာနည်းသော ကချင်ပြည်နယ်၊ မြစ်ကြီးနားသို့ မိမိဘာသာ သွားရောက်နေထိုင်ခဲ့သည်။

[၁၁] ဦးနေဝင်းသည် လောင်းကစားထုံသူတဦးဖြစ်ပြီး ရန်ကုန် မြင်းပြိုင်ကွင်းသို့ မကြာခဏသွားသူဖြစ်သည်။

[၁၂] အမေရိကန်ပြည်ထောင်စု၊ နယူးယောက် မက်ဟန်တန် (Manhattan) ရှိ ပြည်ပရောက်မြန်မာများက ဦးစွာထုတ်ဝေခဲ့သော အပတ်စဉ်သတင်းစာစောင်။

[၁၃] ဦးတင်မောင်ဝင်း၊ ဘန်ကောက်မြို့တွင် ထုတ်ဝေသော 'ခေတ်ပြိုင်' (The New Era Journal) ဂျာနယ်။ ဇနီးဖြစ်သူ ဒေါ်ခင်မျိုးအေးက ဆက်လက်ထုတ်ဝေလျက်ရှိပါသည်။ အယ်ဒီတာချုပ်မှာ ကြေးမုံ ဦးသောင်းဖြစ်သည်။

[၁၄] မြန်မာပြည်ပြန်လည်တည်ဆောက်ရေး ဦးစီးကော်မတီ (CRDB) ကို ၁၉၈၇ ခုနှစ်က စတင်တည်ထောင်ဖွဲ့စည်းခဲ့သူဖြစ်ပြီး ထိုအချိန်မှ ၁၉၉၇ ခုနှစ်အထိ ၎င်းအဖွဲ့ကြီး၏ အပြည်ပြည်ဆိုင်ရာ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် ထိုင်းနိုင်ငံ ဥက္ကဋ္ဌ တာဝန်နှင့် အခြားဦးဆောင်အသင်းအဖွဲ့ကြီးများတွင် ထိပ်တန်းမှ ဝတ္တရားများ အချိန်ပြည့်လုပ်ကိုင်နေစဉ် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကွယ်လွန်သွားပါသည်။ ဦးတင်မောင်ဝင်းမှာ စစ်အာဏာရှင်အုပ်စုကို ဆန့်ကျင်ပုန်ကန်နေသော ထိုင်းနိုင်ငံရှိ ဦးနုနှင့် ပူးပေါင်းရန်အတွက် မြန်မာနိုင်ငံမှ ၁၉၆၉ ခုနှစ်တွင် ထွက်ခွာလာစဉ် လမ်းခရီးတွင် ကွယ်လွန်သွားခဲ့သော တချိန်က ဝန်ကြီးနှင့် သံအမတ်ကြီးတဦးဖြစ်ခဲ့သူ ဦးဝင်း၏သားဖြစ်သည်။

[၁၅] အမိမြေကို ဖက်ဆစ်စစ်အာဏာရှင်စနစ်မှ လွတ်မြောက်ရေးအတွက် လူအုပ်ကြီးများဖြင့် တောင်းဆိုမှုကို အရည်အချင်းရှိပြီး သတ္တိနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များက မိမိတို့စိတ်ဆန္ဒဖြင့် အလေးတမူဂရုထားကာ ကြိုးပမ်းခဲ့ကြသည်။ ထင်ရှားသောပုဂ္ဂိုလ်

များမှာ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ချုပ်လက်ျာ၊ ဗိုလ်ချုပ်ရန်နိုင်နှင့် ဗိုလ်မှူးအောင်၊ ဗိုလ်မှူးချုပ်ကြာဒိုး၊ ဦးသွင်၊ အက်ဒဝပ်လောရုံ၊ ရန်ကျင်စိန်၊ (ဦးဝင်းနှင့် ဗိုလ်စကြာတို့မှာ အစဦးပိုင်းတွင်ပင် ကွယ်လွန်ခဲ့သည်) နှင့် နောက် အသက်အရွယ်ပိုင်းတွင် ဇာလီမော်၊ တင်မောင်ဝင်း၊ ရဲကျော်သူ၊ မောင်အောင်နှင့် အခြားခေါင်းဆောင်များ၏ သားများ၊ သူတို့၏ဇနီးများ မိသားစုအဖွဲ့ဝင်များက ကောင်းစွာအားပေးကူညီခဲ့ကြသည်။ နေဝင်း၏ အဆင့်ဆင့်သော စစ်အစိုးရများသည် ၁၉၆၂ ခုနှစ် အာဏာသိမ်းပြီးချိန်မှစ၍ နိုင်ငံရေးအရနှင့် လူမျိုးရေးအရ ထကြွမှုမျိုးစုံတို့၏ လက်နက်ကိုင်တော်လှန်မှုများကို ရင်ဆိုင်ခဲ့ရသည်။

[၁၆] လီဟာဗေးအော့စ်ဝဲ (Lee Harvey Oswald) တဦးတည်းသာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟူသော အမြင် ( ၁၉၆၄ ခုနှစ်၊ စက်တင်ဘာလတွင် တရားသူကြီးချုပ် အားလ်ဝါရင်း၏ ကော်မရှင် (Earl Warren's Commission) ၏ တွေ့ရှိချက်များက ယင်းအချက်ကို ထောက်ခံခဲ့သော်လည်း) ကို သို့မဟုတ် ၁၉၆၃ ခုနှစ်တွင် သမ္မတ ကနေဒီ (President Kennedy) ကို လုပ်ကြံသတ်ဖြတ်မှုတွင် သူပါဝင်ပတ်သက်နေသည် ဟူသောအချက်ကိုပင် အမေရိကန်ပြည်သူလူထုက အကြီးအကျယ်သံသယရှိနေမှုက ဆွဲဆောင်ခဲ့သည့်အတွက် အမေရိကန်အစိုးရသည် လုပ်ကြံသတ်ဖြတ်မှုမှတ်တမ်းများ ပြန်လည်စိစစ်သုံးသပ်ရေးအဖွဲ့ကို ယင်းကိစ္စအား ပြန်လည်စစ်ဆေးရန် တာဝန်ပေးအပ်ခဲ့သည်။ ထိုအချိန်က လျှို့ဝှက်အဖြစ် ကြေညာခံထားရသော အထောက်အထား စာရွက် (၆) သောင်းအား ပြည်သူလူထုအားအသိပေးခဲ့ပြီး၊ ယင်းတို့ကို အသေအချာပြန်လည် အသေးစိတ်ကြည့်ရှုခဲ့သည်။ ဒေါ်လာ (၈) သန်းကုန်ကျခဲ့ပြီး (၆) နှစ်ကြာ အသေးစိတ်လုပ်ဆောင်မှုများပြုလုပ်ပြီးနောက် လုပ်ကြံသတ်ဖြတ်မှုမှတ်တမ်းများ ပြန်လည်စိစစ်သုံးသပ်ရေးအဖွဲ့သည် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့တွင် စာမျက်နှာ (၂၉၀) ပါရှိသော အစီရင်ခံစာတစောင် ထုတ်ဝေခဲ့သည်။ နိဂုံးချုပ်– သမ္မတ ကနေဒီအား လုပ်ကြံသတ်ဖြတ်ခဲ့သူမှာ အော့စ်ဝဲလ် တဦးတည်းသာဖြစ်သည်။ မည်သို့ဆိုစေ ပူးပေါင်းကြံစည်မှုအဖြစ် ယူဆသူများကိုမူ ယုံကြည်လာအောင် မပြုလုပ်နိုင်သေးချေ။

## အခန်း (၆) အကြမ်းဖက်မှုအမွေ

[၁] ဦးစော ဦးလေး (၉) ယောက်။ နိုင်ငံရေးဆောင်ရွက်ချိန်များတွင် ဂဠုန်ဦးစောက ကြွားဝါလေ့ရှိသည်မှာ သူ့မိခင်ဘက်မှ ဦးလေးတော်သူ (၉) ယောက်မှာ တဦးစီ လူသတ်မှု ကျူးလွန်ခဲ့ကြကြောင်း တရားစီရင်ခြင်းခံခဲ့ကြရသော်လည်း အယူခံဝင်လိုက်







ကြတိုင်း လွတ်သွားကြကြောင်း၊ သို့သော် ဦးစောက လူသတ်မှုပြုခဲ့သော တရားခံဦးလေးများက လူသား ဘယ်နှစ်ယောက် သတ်ဖြတ်ခဲ့သည်ကို အတိအကျမပြောခဲ့သော်လည်း အနည်းဆုံးတဦးက တယောက်သာထားလျှင် သူတို့၏ တူတော်သူက ရက်စက်စွာ သတ်ဖြတ်စေခဲ့သည့် လူ (၉) ဦးနှင့် ညီမျှမည်သာဖြစ်သည်။

[၂] မေသန်းစော။ လူယုတ်မာများ၏ ခိုလှုံရာဘယ်မှာရှိသလဲ? ဆိုသည့် အမေးနှင့်အဖြေကို ပေးခဲ့သူမှာ (၁၈) ရာစုတွင် ကျော်ကြားခဲ့သည့် အင်္ဂလိပ်စာရေးဆရာ Samuel Johnson (၁၇၀၉–၁၇၈၄) အဆိုအရ ထိုလူစားများ၏ ခိုလှုံရာသည် မျိုးချစ်စိတ်ရှိသူ မှတ်ယူထားသူများအနေနှင့်ဖြစ်၏။ ထိုလူစားမျိုးအသွင်သည် ဂဠုန်ဦးစောကဲ့သို့ နိုင်ငံရေးသမားနှင့် တိုက်ဆိုင်နေ၏။ သို့သော် သူသည် ဗုဒ္ဓဘာသာ–မြန်မာဖြစ်ခြင်းကြောင့် ဗုဒ္ဓတရားမြတ်၏ အနှစ်အရသာဖြစ်သော လောဘ၊ မုန်းတီးမှု၊ ယုံမှားလွန်ခြင်းများသည် ဒုက္ခအရင်းအမြစ်ဖြစ်သည်ဆိုသော တရားတော်ကို လျစ်လျူရှုထားပုံရသည်။

ကျွန်တော့်ယောက္ခမဖြစ်သူ ဦးသောင်းစိန်ရှိစဉ်က ဦးစောအကြောင်းများ မကြာခဏလက်ဆုံပြောကြရာဝယ် ဦးစောသည် မကောင်းမှုများကျူးလွန်ပြီး သေစားသေစေအမိန့်မှလွတ်ရန် မျှော်လင့်ချက်မရှိသည့်အချိန်မှာပင် နောင်တရခဲ့ပုံမရသည်ကို စဉ်းစားမိကြပါသည်။ ကျွန်တော်က ထင်ကြေးပေးခဲ့ဖူးသည်မှာ သူ၏ယုံကြည်ချစ်ခင်သူတဦးဦးအား စာဖြင့် မိမိ၏စိတ်ကူးအယူအဆများကို ရေးသားထားခဲ့ခြင်းရှိနိုင်၍ ထိုအတွင်းရေးစာများကို ခြေရာကောက်နိုင်ရန် အကြောင်းရှိမည်။ ကျွန်တော့်ယောက္ခမကြီးကလဲ ထိုသူများသည် ဦးစော၏ဇနီးနှင့် ငယ်ရွယ်သူတဦးတည်းသော သမီးတို့ဖြစ်နိုင်ကြောင်းကို စဉ်းစားမိသည်။ သို့ဖြစ်စေကာမူ နှစ်ပေါင်းများစွာ ကျော်လွန်ခဲ့ပြီးမှ စာရေးဆရာ 'ချစ်ကြည်ရေး' ကြည်ညွန့်၏ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလထုတ် "သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး" စာအုပ်တွင် ဖော်ပြထားသည်မှာ သူသိရှိလာခဲ့သည့်အတိုင်း ဂဠုန်ဦးစောသည် သူ့သမီးမေသန်းစော (ခေါ်) ဘေဘီစောထံသို့ အောက်ပါနောက်ဆုံးပေးစာမှတ်တမ်းကို ထားရစ်ခဲ့သည်။ ဤကောက်နုတ်ချက်များမကြာမီကပင် (၅၆) နှစ်မြောက်စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် ဩစတြေးလျ၊ ဆစ်ဒနီမြို့ကျင်းပရေးကော်မတီက ထုတ်ဝေသည့် 'သမိုင်းဝင်စာကဗျာအလင်္ကာ' တွင် ပြန်လည်ပုံနှိပ်ထားပါသည်။

"ဒေါသနှင့် အာဃာတတရားသည် ကောင်းကျိုးကိုမပေးဘဲ ဆိုးကျိုးကိုသာပေးသည်။ သူသည် ဒေါသမီးကိုရင်ဝယ်ပိုက်ပြီး အာဃာတတရား ကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။

အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရား

ကိုလည်း ဖျောက်ဖျက်ပစ်နိုင်မည်ဆိုပါလျှင် ယခုလို အသက်ငယ်ငယ်နှင့် ဘဝကို တိုတို ပိုင်းရမည်မဟုတ်ချေ။ သူမြတ်နိုးသော ဇနီး၊ သူချစ်သောသမီးတို့နှင့်လည်း အိုအောင် မင်းအောင် နေထိုင်ရပြီး တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်မည်ဖြစ်သည်။

ယခုမူကား လွန်ခဲ့လေပြီ။ ပြီးခဲ့လေပြီ။ သို့တစေလည်း ဖခင်ဖြစ်သူ၏ အမှားမျိုးကို သမီးဖြစ်သူ မကြုံတွေ့ရလေအောင် ဖခင်၏ ဘဝသင်ခန်းစာကိုယူ၍ ဒေါ်သမီး ရင်ဝယ် မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ။ မည်သူ့အပေါ်မှ ရန်ငြိုးဖွဲ့ရန်ငြိုးမထားဘဲ အာဃာတ တရားကို ဖျောက်ဖျက်ပစ်ပါလေ–ချစ်သမီး” ဟူ၍ ဖော်ပြပါရှိသည်ဟူ၍ သိရသည်။

ဘဝသက်တမ်း၏လမ်းကြောင်းအတိုင်း အချိန်အတန်အရွယ်ရောက်သည့်အခါ တွင် မေသန်းစောသည် အိမ်ထောင်ပြုခဲ့ပြီး ငယ်ရွယ်စဉ်မှာပင် ကွယ်လွန်သွားသည်။

[၃] တင်မောင်ဝင်း၊ ‘နိုင်ငံရေးသမားနှင့်နိုင်ငံရေး’ ထုတ်ဝေသူ ဒေါ်ခင်မျိုးအေး၊ ခေတ်ပြိုင်ဂျာနယ်၊ ဘန်ကောက် ၂၀၀၁ ခုနှစ် စာမျက်နှာ ၃၀၂။ “ကျွန်တော့်ကိုဖမ်းပြီး စစ်ထောက်လှမ်းရေးက ၁၉၆၅ ခုနှစ် ဇွန်လ (၅) ရက်က စတင်စစ်ဆေးပြီးသည့်နောက် ပိုင်း ၁၉၆၅ ခုနှစ် ဇွန်လ (၁၄) ရက်က ၁၉၆၈ ခုနှစ် ဖေဖော်ဝါရီလ (၂၇) ရက်အထိ အင်းစိန်ထောင်ထဲမှာ ထောင်ချထားခဲ့သည်။

ကြိုးမိန့်ကျသော ရာဇဝတ်သားများအား ကြိုးမိန့်မပေးမီ ယခင်က အသုံးပြုခဲ့သည့် ကြိုးတိုက်ထဲတွင် ကျွန်တော့်ကို တယောက်ထဲ ချုပ်ထားခဲ့သည်။ ဗြိတိသျှ ထောင်ဥပဒေ များက ပြစ်ဒဏ်ကျ အကျဉ်းသားတယောက်ကို ကြိုးတိုက်ထဲတွင် (၂၁) ရက်ထက် ကျော်ပြီး ထိုကဲ့သို့ ချုပ်ခွင့်မရှိဟု ပြဋ္ဌာန်းထားသော်ငြားလည်း လူမှုအခွင့်အရေးများနှင့် တရားဥပဒေကို ၁၉၆၂ မတ်လ (၂) ရက်နေ့ကစပြီး ချိုးဖောက်ချင်တိုင်းချိုးဖောက်လျက် သူတို့လိုအပ်သည့်အခါတိုင်း အမိန့်နှင့်ထုတ်ပြန်ကြေညာချက်များကို ထုတ်ချင်သလို ထုတ်၍ လုပ်ချင်သလိုလုပ်နေကြသည့် လက်ရှိစစ်အာဏာပိုင်များက ကျွန်တော့်ကို အခန်း နံပါတ် (၁၅) ၌ ပထမအကြိမ်မှာပဲ (၉) လကျော် တိုက်ပိတ်ထားခဲ့သည်။ ၎င်းအခန်းမှာ (၁၀) ပေ၊ (၈) ပေခန့်သာကျယ်ပြီး သစ်သားကြမ်းခင်းသက်သက်ဖြစ်ပါသည်။ ထို့ပြင် နာမည်တွေ၊ ရက်စွဲတွေနှင့် နိုင်ငံရေးကြွေးကြော်သံတွေကိုလည်း နံရံမှာရေးခြစ်ထား သည်ကို တွေ့ရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအား လုပ်ကြံသတ် ဖြတ်ခဲ့သည့်အမှုကြောင့် သေဒဏ်အပြစ်ပေးခံရသော ဦးစောနှင့်ကြံရာပါများအား သေ စားသေစေအမိန့်ကို ချမှတ်စေခဲ့သည်။ ကျွန်တော့်ကို ချုပ်ထားရာနေရာမှာ ၎င်းရာ ဇဝတ်သားများ ပြစ်ဒဏ်ကို စောင့်ဆိုင်းနေခဲ့ကြရသည့် ကြိုးတိုက်ဖြစ်ကြောင်း နောက်မှ ကျွန်တော်သိရရုံမက ကျွန်ပ်အခန်းနံပါတ် (၁၅) တွင်လည်း တရားခံမှူးကြီး နေသွားခဲ့ သည့်အလျောက် “သတ်ရဲရင် သေရဲရမည်–၁၉၄၇” ဟူ၍ နံရံတွင် ကမ္ပည်းထိုးထားခဲ့သူမှာ သူဖြစ်ကြောင်း သိရပါသည်။ ဤသည်မှာ ဂဠုန်ဦးစော၏ ဆောင်ပုဒ်ဖြစ်သည်။ သူသည်







သူ၏ခေါင်းဆောင်ကို နောက်ဆုံးအထိ လေးစားသွားပုံရသည်။”

[၄] အထက်ပါစာအုပ်။ စာမျက်နှာ ၄၂၆–၄၂၉။ ၁၉၇၀ ခုနှစ်တွင် ဗိုလ်ရန်နိုင်၏ တောင်ပိုင်းတိုင်းဖြစ်သော ထိုင်းနိုင်ငံ စန်ကာရာစခန်း (Sangkara Camp) ၌ မြဝတီရဲခေါင် က စာရေးသူ၊ ကိုတင်မောင်ဝင်းနှင့် ရဲကျော်သူတို့ကို အလွန်ထူးသော အကြောင်းအရာ (ယခုအထိ လူအများ မသိရှိသေး) ဖြစ်သည့် ထိုအချိန် ဂျပန်ခေတ်က နိုင်ငံ၌ နံပါတ် (၁) ဖြစ်နေသော အဓိပတိ ဒေါက်တာဘမော်ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ဖူးသည့်အ ကြောင်းအရာများကို ပြောပြခဲ့သည်။ ထိုအကြောင်းအရာမှာ ထပ်မံဖော်ပြရန်သင့်ပေ သည်။ ထိုအချိန်က နိုင်ငံတော်အဓိပတိအရှင်မင်းကြီး၏အိမ်၌ တာဝန်ချထားသော ဗိုလ်ရန်နိုင် ဦးစီးသည့် အဓိပတိ ကိုယ်ရံတော်ကင်းတပ်၏ တပ်ဖွဲ့ဝင် (၁၁၇) ဦးတွင် ကိုရဲ ခေါင်သည် တဦးအပါအဝင်ဖြစ်သည်။ တပ်ဖွဲ့ဝင် ရဲဘော်များအနေဖြင့် အထွေထွေနိုင်ငံ ရေးအခြေအနေကို အနည်းငယ်မျှသာ သိရှိကြပြီး စစ်တပ်ထုံးစံအတိုင်း ဗိုလ်ချုပ်အောင် ဆန်း တဦးတည်းကိုသာ ယုံကြည်ကိုးစားကြသည်။ ၎င်းအပြင် ဒေါက်တာဘမော်မှာ ဂျပန်အလိုတော်ရိတဦးဖြစ်သည်ဟု ထင်မြင်ပြီး တပ်မတော်သား ရဲဘော်များက မကြည်ညို ကြရုံမက သူ့အား အချောင်သမား နိုင်ငံရေးစားဖားသစ္စာဖောက်ဟု တွေးဆကြသည်။ ထို့အပြင် သူ၏သမက်ဖြစ်သူ ဗိုလ်ရန်နိုင်နှင့်ပတ်သက်၍လည်း အားလုံးက နှလုံးမသာ မယာဖြစ်နေကြသည်။ အဓိပတိကို အနီးကပ်စောင့်ကြည့်ရန် ဗိုလ်ရန်နိုင်အား အဓိပတိ ကိုယ်ရံတော်ဗိုလ်မှူးအဖြစ် တာဝန်ချထားခြင်းဖြစ်သည်ဟု သူတို့နားလည်ကြသော်လည်း သူ့သမီး တင်ဇာမော်အား လက်ထပ်လိုက်ခြင်းဖြင့် ဒေါက်တာဘမော် ဘက်ပါသွားပြီဟု အားလုံးကထင်နေကြသည်။ နိုင်ငံတော်အဓိပတိလုပ်ကြံမှုကြီးကို ထိုနေ့ညပိုင်း မဟာ မိတ်တို့က လေကြောင်းမှ ဗုံးကြဲသည့်အချိန်နှင့် တိုက်ဆိုင်နေသဖြင့် မှောင်မဲနေသော တညသ၌ လေကြောင်းရန် ဥဩများ အော်မြည်လာသည်။ ဒေါက်တာဘမော်နှင့် မိသားစု လည်း ပန်းခြံအတွင်း တိုက်နောက်ဘက်ရှိ ဗုံးခိုကျင်းအတွင်းသို့ မိသားစုအားလုံး ကသုတ်ကရက်ပြေးဝင်ကြသည်။ ထိုနေရာမှာ ကင်းတပ်၏ နယ်နိမိတ်ထဲ၌ရှိသည်။ ထိုအချိန်တွင် ဦးကျော်မြင့်လေး (အာရှလူငယ်အသင်း အတွင်းရေးမှူး၊ နောင်သောအခါ ဖဆပလဝန်ကြီးဖြစ်လာမည့်သူ) နှင့် ဂျပန်နဂါး နက်အဖွဲ့ဝင် (၂) ဦးတို့သည် ကင်းတပ်ဖွဲ့ ခေါင်းဆောင် ကိုရဲခေါင်နှင့် လာရောက်တွေ့ဆုံတိုင်ပင်ဆွေးနွေးကြပြီး နဂါးနက်တို့က ဒေါက်တာဘမော်အနေဖြင့် အင်္ဂလိပ်အလိုတော်ရိဖြစ်၍ သူ့ကိုစိတ်မချရ၊ သူ့အား လှေနံ နှစ်ဖက် နင်းထားသူဟု မြင်ကြသည်။ ထို့ကြောင့် သူ့ကိုဖယ်ရှားပြီး သူ၏ နိုင်ငံခေါင်းဆောင် နေရာကို ပြည်သူတရပ်လုံးနှင့် တပ်မတော်တခုလုံးက ကြည်ညိုသော ဗိုလ်ချုပ်အောင်ဆန်း အားလွှဲအပ်ရန် သူတို့က လိုလားကြသည်။ ၎င်းအမြင်မှာ ကင်းတပ်ဖွဲ့ဝင်များအတွက် လက်ခံနိုင်ဖွယ်ရှိသည်။ ယခုည သူတို့ဒေါက်တာဘမော်အား လွယ်ကူစွာ ဖမ်းဆီးခေါ်

ဆောင်သွားရေးမှာ ကင်းတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းကူညီမှုလိုအပ်သည်။ အခွင့်အခါကောင်းက ဆိုက်ရောက်လာပေပြီ။ လေကြောင်းရန် အချက်ပေးဥသြဆွဲထားချိန်၌ လက်နက်အပြည့်အစုံ သိုင်းခြံဝှာပ်ဆင်ထားသော ကိုရဲခေါင်၊ ဦးကျော်မြင့်လေးနှင့် ဂျပန်နဂါးနက် (၂) ဦးတို့မှာ ဗုံးခိုကျင်းရှိရာသို့ ဖြတ်လမ်းမှ အလျင်အမြန်သွား ကြသည်။ လေကြောင်းရန်အားလုံး ကင်းရှင်းကြောင်း အချက်ပေးသံ မကြားရသေးသည့်အတွက် ဒေါက်တာဘမော်တို့အားလုံး ဗုံးခိုကျင်းထဲတွင်ပင် ရှိလိမ့်မည်ဟု သူတို့ တွေးထင်ခဲ့ကြသည်။ သို့သော်လည်း ဒေါက်တာဘမော်တို့ မိသားစုမှာ လေကြောင်းရန် အချက်ပေးအေးဆေးကြောင်း ဥသြမဆွဲမီ ဗုံးခိုကျင်းမှ အိမ်သို့ပြန်သွားကြပြီဖြစ်၍ သူတို့စိတ်ပျက်မိကြသည်။ သူတို့က အိမ်အတွင်း အတင်းဝင်ရောက်ပြီး တိုက်ခိုက်ရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ချေ။ တယ်လီဖုန်းလိုင်းများကို ဖြတ်တောက်ထားသည်ဟု ဦးကျော်မြင့်လေးက ထင်ခဲ့သော်လည်း လိုင်းများကိုသာ ဖြတ်လိုက်ပုံရ၍ ဒေါက်တာဘမော်က ကင်ပေတိုင်ကို လှမ်းခေါ်နိုင်ခဲ့သည်။ မကြာမီ ကင်ပေတိုင်တို့ ညတွင်းချင်း စစ်ကား (၂) စီးဖြင့် ရောက်ရှိလာပြီး ကျော်မြင့်လေးနှင့် နဂါးနက် (၂) ဦး ကို ဖမ်းဆီးခေါ်ဆောင်သွားလျက် နောက်တရက်တွင် ကိုရဲခေါင်နှင့် ကင်းတပ်ဖွဲ့ လူပေါင်း (၁၅) ယောက် ဦးဝိစာရလမ်း၊ စစ်ဝန်ကြီးရုံးချုပ်၌ ဖမ်းဆီးထိန်းသိမ်းထားခြင်းကို ခံခဲ့ကြရသည်။

ဒေါက်တာဘမော်၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည့် "Breakthrough in Burma: Memoirs of a Revolution, 1939-1946" ၊ (နယူးဟေဘင်၊ ရေ(လ်) တက္ကသိုလ်စာပုံနှိပ်တိုက်၊ ၁၉၆၈။ စာမျက်နှာ ၂၁၆ နှင့် ၂၅၃) တွင် မြွက်ဟခဲ့သည်မှာ ဘီအိုင်အေစစ်တပ်အနေဖြင့် သူ့အားလုပ်ကြံရန် ကြံစည်ခြင်းများ ဖွင့်လှစ်ခဲ့သည်ဟု ဆိုထားသည်။ သို့သော်လည်း ၎င်းစာအုပ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြခြင်းမရှိပါ။ ဤအကြောင်းနှင့်ပတ်သက်၍ ဂျပန်ခေတ် မြန်မာအစိုးရ ပြန်ကြားရေးဝန်ကြီး ဗန္ဓုလဦးစိန်၏ "ကျွန်ုပ်တို့ အတွင်းရေး (ဒုတိယတွဲ) မှာလည်း ပါကြောင်းသိရသည်။ နိုင်ငံခြားစာရေးဆရာများတွင်မူကား ဤဖြစ်ရပ်အပေါ် စုံစုံလင်လင်ရေးခဲ့သူမှာ လူဝစ် (စ) အယ်လင် (Louis Allen) ဖြစ်သည်။ သူ့စာအုပ် "Burma: The Longest War 1941-45", Phoenix Press 2000၊ စာမျက်နှာ (၅၆၈) – (၅၇၃) တွင် ကိုးကားရေးသားထားသည့်အတိုချုပ်မှာ ဂျပန့်တပ်မတော်နှင့် တွဲထားသည့် အရပ်သားပါမောက္ခ အစာအိ၊ တိုကုအိချိ (Prof. Asai Tokuichi) ခေါင်းဆောင်သည့် လုပ်ကြံမှုလူတစုတွင် ၎င်း၏ရှိုးဝကုန်သွယ်ရေးအဖွဲ့ (Showa Trading Association) မှ မိတ်ဆွေတဦးနှင့် နောက် ဂျပန်တယောက်အပြင် ဦးကျော်မြင့်နှင့် မြန်မာတယောက်ပါဝင်ကာ ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ (၁၆) ရက်ညပိုင်းတွင် ဒေါက်တာဘမော်နေအိမ်သို့ သွားခဲ့ကြသည်။ တပ်မတော်သားအစောင့်များနှင့်တွေ့သည့်အခါ ဦးကျော်မြင့်အား ပြောခိုင်းသည်မှာ ဦးဘမော်သည် ဗြိတိသျှသူလျှိုဖြစ်၍







သူ့အားသတ်ရန် လာခဲ့ကြခြင်းဖြစ်ကြောင်း။ ဒီအကြောင်းကို ဗိုလ်ချုပ်အောင်ဆန်းသိသောကြောင့် လတ်တလောလိုက်လာလိမ့်မည်။ ပထမဆုံးကတော့ သူတို့အား လက်နက်များအပ်ရန်ဖြစ်ကြောင်း။ ထိုစကားများကို လက်ခံပုံရသည့် အစောင့်တပ်များက ရိုင်ဖယ် (၁၀) လက် ကမ်းလိုက်သည်။ ထိုအခါ လေဘေးဥသြသံပေါ်လာ၍ ဦးဘမော်ထွက်လာပြီး ဗုံးခိုကျင်းထဲဝင်သွားသော်လည်း အိမ်ထဲသို့ ပြန်သွားခဲ့သည်။ တဖန်ဂျပန်ဆက်သွယ်ရေးအရာရှိ ဗိုလ်မှူးကြီး ဟိရအိုက (Col. Hiraoka) အား သတိပေးလိုက်၍ ရောက်လာပြီး စစ်ရဲတပ်များလည်း ရောက်လာကြသည်။ အစာအိနှင့် လူတစုအား စစ်ဆေးကာ အင်းစိန်–ဂျပန် စစ်တပ်ထောင်သို့ ဖမ်းဆီးသွားသည်။ ထိုစာရေးဆရာရေးခဲ့သည့်စာအုပ်တွင် ဖော်ပြထားသည့် စိတ်ဝင်စားစရာကောင်းသည့် အချက်များတွင်ပါသည်မှာ လုပ်ကြံမှုမစမီညတွင်ပင် အစာအိ၏ ရှိုးဝမိတ်ဆွေသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တွေ့ရန်သွားခဲ့ကြောင်း။ နောက်စောစောပိုင်းက အစာအိအား စင်ကာပူတွင် သခင်ဗစိန်နှင့်ထွန်းအုပ်တို့က ဒေါက်တာဘမော်ကို မလိုလားသည့်စကားများ နားသွင်းခဲ့ကြသည်ဟု ဖော်ပြခဲ့သည်။

[၅] ဦးအောင်ဆန်းက ၁၉၄၆ ခုနှစ် အစောပိုင်းက ဒေါ်မန်စမစ်အပေါ် ယုံကြည်မှုပေးအပ်ခဲ့ခြင်း (စာမျက်နှာ ၁၈၂ သို့) သည် ဝိဝါဒဖြစ်ချင်စရာဖြစ်၍ ယင်းကို အသိတရားရှိရှိ ကွဲကွဲပြားပြား မလွဲမှားအောင် ရှင်းလင်းပြသရန် မဖြစ်နိုင်ခဲ့ချေ။ သူသည် မိမိသဘာဝက အလိုအလျောက်ပြောလိုက်သည့်အတိုင်း မိမိခံစားမိသလို ပြောခဲ့ခြင်းဖြစ်ပုံရပါသည်။ ယေဘုယျအားဖြင့် အမျိုးသားခေါင်းဆောင်များ၏ ကံကြမ္မာနှင့် အထူးဝိသေသအားဖြင့် မြန်မာ့သမိုင်းတွင် ထင်ရှားသူများ၏ ကံကြမ္မာကို သူသိရှိထားသည့်အပေါ် အခြေခံပြောခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ထိုခေါင်းဆောင်အများစုမှာ သစ္စာဖောက်ခံရ၍ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကွယ်လွန်သွားကြရသည်မဟုတ်ပါလား။ '(၁၈) လ' ဟူ၍ သူ ရည်ညွှန်းပြောဆိုသွားခြင်းသည် ရှင်းလင်းပြသ၍ မရနိုင်သော အရာဖြစ်ပေတော့သည်။ သို့သော်လည်း သူသည် ၁၉၄၇ ခုနှစ်၊ နှစ်လယ်တွင် လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်မှာ သဘာဝတရား၏ ပြက်ရယ်ပြုမှုဖြစ်ပေတော့သည်။ အခြားတဘက်တွင်ကား သူသည် ဟိတ်ဟန်လုပ်ရန်၊ ဂုဏ်ထုတ်ရန်နှင့် မိမိကိုယ်ကို အကာအကွယ်ပြုရန် လိုလားသူမဟုတ်ဘဲ ပြည်သူလူထု၏ ချစ်ခြင်းမေတ္တာရိပ်မြုံတွင် လုံခြုံနေသည်ဟု ယုံကြည်ခံစားနေခဲ့သူ ဖြစ်ပေသည်။

[၆] ဘာတီးလင့်(တ)နာ (Bertil Lintner) ၏ 'ရောဝတီစာစောင်' (သြဂုတ်လ ၂၀၀၀) စာအုပ်ဝေဖန်ခန်းတွင် ဒေါက်တာမောင်မောင်ရေး '၁၉၈၈ ခု မြန်မာပြည် ပုန်ကန်ထကြွမှု' စာအုပ် (ပုံစံ ၄၉၊ ရေး(လ်) အရှေ့တောင်အာရှလေ့လာရေး၊ နယူးဟေဘင်၊ ကွန်နက်တီကယ် U.S.A) အပေါ် ဖြောင့်မတ်စွာ သရုပ်ဖော်ထားသည်မှာ–

"မျက်မှောက်ခေတ်၌ အာရှတိုက်တွင် ရက်စက်ကြမ်းကြုတ်စွာ အစုလိုက်အပြုံလိုက်

သတ်ဖြတ်မှုအကြီးအကြယ် အဆိုးဆုံးများတွင် ပါဝင်သည့်ဖြစ်ရပ်ကို ထုံးဖြူသုတ်ပေးခြင်းသာဖြစ်သည်။...မြန်မာပြည်၏ အိုစာရောက်နေသည့် အာဏာရှင်အား မျက်စိမှိတ်သုတိသြဘာစာ ရွတ်ခြင်း။...မရိုးမသားမြှောက်ပင့်သည့် ပညာရှင်။"

အဆုံးသတ်ရာတွင် သူ့အပြောက–"သူ့အနေနဲ့ အာရှအကြင်နာမဲ့ အာဏာရှင်များကို ကျေနပ်ကြစေရန် လုပ်ဆောင်ဆဲပြုရာတွင် သူကိုယ်တိုင်က အထုအထည် လူသတ်သမားများတို့၏ ကာကွယ်ခုခံသူဖြစ်လာခဲ့သည်။

ပိုမိုအံ့အားသင့်ဖွယ်ကောင်းပုံကတော့ ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းဖြစ်သည့် ရေး(လ်) တက္ကသိုလ်အရှေ့တောင်အာရှလေ့လာရေး အစီအစဉ်အနေနဲ့ တည်ကြည်လေးနက်စွာ မှတ်ချက်ချခြင်း သို့မဟုတ် ကန့်ကွက်ခြင်းကင်းမဲ့စွာ ဒီစာအုပ်ကို ရွေးချယ်ပုံနှိပ်ခြင်းဖြစ်သည်။

[၇] စာတိုက်စာရေးဘဝ၊ တပ်တွင်း အစောပိုင်းကာလများတွင် လောင်းကြေးငွေလိုက်လံချေးငှားနေသည်ကို မကြာခဏတွေ့ရသည်။ သူ့ကို ထိုသို့ ပြန်ပေးလေ့မရှိဘဲ ချေးငှားတတ်သည်ကို သတိထားမိပြီး ထိုအကြောင်း မှတ်ချက်ပြုသူမှာ ညောင်ရွှေမဟာဒေသဝီဖြစ်သည်။ သူမက သူ့ကို တခါတရံ ငွေစကြေးစ ပေးလေ့ရှိသည်။ သူ့အလောင်းအစား အစွဲနှင့်ပတ်သက်၍ ပြောပြသူ နောက်တဦးမှာ သူ့မိတ်ဆွေ ဗိုလ်စကြာ (ရဲဘော်သုံးကျိပ်) ဖြစ်၍ ဗိုလ်နေဝင်းသည် မြင်းပြိုင်ပွဲနီးလျှင် သူ့အိမ်လာပြီး ငွေချေးငှားခြင်းဖြင့် သူစိတ်ပျက်ခဲ့ရကြောင်း ပြောပြသည်။ သူ့ဆီက တစုံတရာမရမချင်း နေဝင်းသည် ပြန်လေ့မရှိချေ။ ထိုဗိုလ်ချုပ်က အာဏာထက်လာသည့်အခါနှိုက်ကား မြန်မာနိုင်ငံအတွင်း လောင်းကစားမှုအားလုံးကို ပိတ်ပင်ခဲ့သည်မှာကား သရော်ကွက်တကွက်ဖြစ်ခဲ့သည်။ တရားဝင်မြင်းပြိုင်လောင်းကစားသည် အဓိကနေရာ ကျိုက္ကဆံနှင့် အခြားနေရာများကို ကျိမ်းသေပေါက်ဖယ်ရှားပြီးနောက် သူ့အနေနှင့်မူ သူ့မွေးရာပါအစွဲကို အင်္ဂလန်အက်စ်ကော့၌ ဆက်လက်လုပ်ဆောင်ခဲ့သည်ဟု ယုံကြည်ရသည်။ ဗြိတိန်ရှိ သူ့မိတ်ဆွေများ အကူအညီဖြင့် အက်စကော့တွင် သူ့မြင်းဇောင်းများ တည်ဆောက်ထားခဲ့သည်။ ရန်ကုန်တွင်မူ သူ့အစ်ကို သခင်လှထွန်း၊ သူ့ညီငယ် သိန်းညွန့်နှင့် သူ့ဇနီး ဒေါ်တင်တင်တို့က လောင်းကစားအိမ်ကြီး (၃) နေရာတွင် တည်ထောင်ထားပြီး ဥပဒေအပြင်ဘက်မှ အဆီးအတားမရှိ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။

[၈] ဗိုလ်လက်ျာအား ရည်ညွှန်း၍ ၁၉၆၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ဦးနု၏ ပါလီမန်ဒီမိုကရေစီပါတီ (PDP) တွင် ဒု–ဥက္ကဋ္ဌအနေဖြင့် ဝင်ရောက်ပြီး၊ ပြည်ချစ်လွတ်မြောက်ရေးတပ်မတော်၏ စစ်ကောင်စီ သဘာပတိ ဗိုလ်ချုပ်ကြီးတာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၈ ခုနှစ်တွင် ကရင်သူပုန်များလက်ချက်ဖြင့် သေဆုံးသည်။

[၉] ဗိုလ်မှူးချုပ်ကျော်ဇော (ခ) သခင်ရွှေ။ သာယာဝတီခရိုင် သုံးဆယ်မြို့ ဆိုင်းစုရွာတွင် ၁၉၁၉ ခုနှစ်တွင် မွေးဖွား။ ၁၉၄၁ ခုနှစ် ဧပြီလတွင် ရန်ကုန်မှထွက်ခွာသော ဂျပန်ကုန်သည်သင်္ဘောဖြင့် ခေါ်ထုတ်သွားခဲ့သော ဒုတိယအသုတ် မျိုးချစ် (၇) ဦးတွင် သူပါဝင်သည်။ ဟိုင်နန်ကျွန်း ဂျပန်စစ်သင်တန်းကို တက်ရောက်ခဲ့သည့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်တဦးဖြစ်သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်က အမိမြေအတွင်း အောင်မြင်စွာ ချီတက်လာသည့်အခါ အတူလိုက်ပါလာခဲ့သည်။ အမြဲတမ်းတပ်မတော်နှင့်ရှိနေခဲ့ပြီး ၁၉၅၀ မှ အစောပိုင်းနှစ်များအတွင်း အောင်မြင်စွာဆင်နွှဲခဲ့သော ကေအန်ယူသောင်းကျန်းသူများနှင့် တရုတ်ဖြူကျူးကျော်သူများအား တော်လှန်တိုက်ပွဲများတွင် ဗိုလ်မှူးချုပ်အဖြစ် ထင်ရှားကျော်ကြားခဲ့သည်။ တပ်မတော်၏ အထူးချွန်ဆုံးအဆင့်မြင့် စစ်မြေပြင်အရာရှိဖြစ်ပြီး ကြာရှည်စွာလက်တွဲခဲ့သော ရောင်းရင်းအပေါ်၌ နေဝင်းက အမြင်မကြည်မလင်ဖြစ်လာခဲ့သည်။ သူ၏ လက်သုံး သုတ်သင်ရေးလမ်းစဉ်ကို အသုံးချပြီး ကွန်မြူနစ်ပါတီ ဗမာပြည်သို့ သတင်းများ ပေါက်ကြားသည်ဟု ပထမစွပ်စွဲလျက် တရားဝင်ရာထူးချကာ ၁၉၅၇ ခုနှစ် ဖွန်လတွင် ထုတ်ပယ်ပစ်ခဲ့သည်။ ဗိုလ်ကျော်ဇောသည် သူ့မိသားစုနှင့် ရန်ကုန်မြို့ စမ်းချောင်းတွင် အတန်ကြာနေထိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ် နှစ်လည်တွင် ဗိုလ်ကျော်ဇောသည် ဗမာ–တရုတ်နယ်စပ် ပန်ဆန်းရှိ ကွန်မြူနစ်ပါတီ ဗမာပြည်အခြေစိုက်စခန်းသို့ ထွက်သွားခဲ့ပြီး ကွန်မြူနစ်များနှင့် ပူးပေါင်းခဲ့သည်။ ၁၉၈၉ ခုနှစ် ဧပြီလအတွင်း အခြား စီပီဘီခေါင်းဆောင်များနှင့်အတူ သူလည်း တရုတ်ပြည်သို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ သူသည် ယခုအခါ ကူမင်းတွင် နေထိုင်လျက်ရှိသည်။ ဘီဘီစီ (၂) ရုပ်မြင်သံကြားက သူ့ကို တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းရာတွင် ဗြိတိသျှအစိုးရက အာဇာနည်ကြီးများကို သတ်ဖြတ်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သူက တည့်တည့်ကြီး ထုတ်ဖော်ပြောဆိုခဲ့သည်။ သူ့အပြောက "အောင်ဆန်းကို အမှန်တကယ်သတ်သူက ဗြိတိသျှအစိုးရပဲ။ ဒါဟာ သူတို့ရဲ့ ဆက်ကွက်ပဲ။" ဟု ဖြစ်သည်။

[၁၀] ချောင်ဇန်ညောင်ရွှေ(Chao Tzang Yawnqhwe) (အခြားအမည် ယူဂျင်းသိုက်)။ ၁၉၃၉–၂၀၀၄။ ဇူလိုင် (၂၄) ရက်တွင် သေဆုံး။ သူမတိုင်မီ သူ့အမေ စဝ်ဟန်ခန့် ညောင်ရွှေဒေဝီ (ကွယ်လွန်ပြီး သူ စဝ်ရွှေသိုက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဆုံးသမ္မတ ၁၉၄၈–၅၂ ၏ ကြင်ယာတော်) သည် ၂၀၀၃ ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့တွင် ကနေဒါနိုင်ငံ ဗန်ကူးဗားမြို့၌ အသက် (၈၆) နှစ်တွင် ကွယ်လွန်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် နေဝင်းအာဏာသိမ်းရာတွင် စဝ်ရွှေသိုက်မှာ ထိန်းသိမ်းချုပ်နှောင်ခံရသည်။ ထိုနှစ် နိုဝင်ဘာလတွင် သူသေဆုံးသွားပြီဖြစ်ကြောင်း သူ့မိသားစုကို အသိပေးခဲ့သည်။

[၁၁] ၁၉၇၆ ခုနှစ်လယ်တွင် တရုတ်–မြန်မာနယ်စပ်တွင်ရှိသော ပန်ဆိုင်းရှိ ကွန်မြူနစ်ပါတီ (ဗမာပြည်) (CPB) အခြေစိုက်နေရာသို့ ဗိုလ်မှူးချုပ်ကျော်ဇောသည် သွားရောက်ခဲ့ပြီး ကွန်မြူနစ်များနှင့် ပူးပေါင်းခဲ့သည်။ ၁၉၈၉ ခုနှစ်၊ ဧပြီလတွင် သူသည် အခြား စီပီဘီ

ခေါင်းဆောင်များနှင့်အတူ တရုတ်နိုင်ငံသို့ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ သူသည် ယခုအခါ ကူမင်းတွင် နေထိုင်လျက်ရှိပါသည်။ ဘီဘီစီ (၂) တီဗွီက ၁၉၉၆ ခုနှစ်တွင် သူ့ကို တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ သူက ဗြိတိသျှအစိုးရက လုပ်ကြံသတ်ဖြတ်မှုကို အကွက်ချစီမံခဲ့ခြင်းဖြစ်သည်ဟု တပ်အပ်ပြောဆိုခဲ့သည်။

[၁၂] အောင်ကြီး (အငြိမ်းစားဗိုလ်မှူးချုပ်)။ နေဝင်း၏ ညာလက်ရုံး။ ၁၉၆၃ ခုနှစ် ဖေဖော်ဝါရီလတွင် တော်လှန်ရေးကောင်စီမှ နောက်ဆုံးနုတ်ထွက်ခဲ့ရသည်။ သို့သော်လည်း သူ့သခင်အပေါ်၌ သူက ဆက်လက်သစ္စာရှိနေခဲ့သည်။ နှစ်များစွာကြာပြီးနောက် ယူ၏ယခင် လုပ်ဖော်ကိုက်ဖက် စစ်တပ်အရာရှိများနှင့် ကောင်စီဝင်များထံ ၁၉၈၈ ခုနှစ် မေလ (၉) ရက် ရန်ကုန်ဟု ရက်စွဲတပ်ထားသော စာရှည်ကြီးတစောင်ကို သူက ရေးခဲ့သည်။ ထိုစာမှာ မြန်မာလိုရေးထားခြင်းဖြစ်ပြီး ကျွန်တော့်လက်ထဲ ရောက်လာသောအခါ ကျွန်တော်က အင်္ဂလိပ်ဘာသာပြန်ဆို၍ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီရှိ စီအာဒီဘီ နိုင်ငံတကာဆိုင်ရာ ဌာနချုပ်သို့ ဆက်လက်ဖြန့်ဝေနိုင်ရန် စီစဉ်ပေးပို့ခဲ့သည်။ အောင်ကြီး၏ စာတနေရာတွင် ၁၉၆၂ ခုနှစ် ဇူလိုင်လအတွင်းက တက္ကသိုလ်ကျောင်းသားများကို ရက်ရက်စက်စက်သတ်ဖြတ်မှုအကြောင်း သူက ပြောပြထားသည်။ အာဏာထိပ်ခေါင်ချုပ်၏ လက်ထောက်ဖြစ်ခဲ့သူတဦးက လူသတ်ကွင်းများအနီး ရှိနေခဲ့ပြီး သူ့အဖော်ပြချက်များမှာ အံ့စရာကောင်းလောက်အောင် ထူးခြားလှသည်။ "ကျောင်းသားအရေးအခင်း ပေါ်ပေါက်လာသည့်အခါ လုံခြုံရေးကောင်စီအောက်တွင် အရေးအခင်းကော်မတီတရပ်ကို ဖွဲ့စည်းလိုက်ပြီး အသံလွှင့်ရုံ (မြန်မာ့အသံ) တွင် အခြေစိုက်ထားခဲ့သည်။ ယင်းကော်မတီကို ဗိုလ်မှူးကြီးကျော်ဇော ပြည်ထဲရေးဝန်ကြီးက ဦးဆောင်ပြီး အခြားဝန်ကြီးများ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်မှ ဗိုလ်စိန်လွင် (သားသတ်သမား) အပါအဝင် စစ်တပ်နှင့် အရပ်ဖက်ရဲအရာရှိ အများအပြားပါဝင်သည်။ ထိုကော် မတီတွင် မည်သည့်နေရာက သူပါဝင်သည်ကို အောင်ကြီးက မဖော်ပြသော်လည်း ၁၉၆၂ ခုနှစ် ဇူလိုင်လ (၇) ရက် သေခင်းဖြစ်ပွားသည့် နေ့လည် ကျောင်းသားများလှုပ်ဆော်မှုများ စတင်သည့်အခါ သူ့အနေဖြင့် မြန်မာ့အသံတွင် ရှိမနေကြောင်းနှင့် ပစ်ခတ်သည့်အကြောင်း ကြား သိတဲ့အခါကျမှ ထိုနေရာသို့ သွားခဲ့ကြောင်း သူက ပြောဆိုခဲ့သည်။ ထိခိုက်နစ်နာအောင် ရည်ရွယ်လုပ်ဆောင်ခဲ့သော သမိုင်းဝင်ကျောင်းသားသမဂ္ဂအဆောက်အအုံအား ဒိုင်းမိုက်ဖြင့် ဖြိုခွဲမှုတွင် သူ့ကိုယ်တိုင် ပစ်မိန့်ပေးခဲ့ကြောင်း နေဝင်းဖော်ပြချက်ကို နောက်ပိုင်းတွင် ကြားသိခဲ့ရကြောင်း၊ သို့ရာတွင် သမဂ္ဂအဆောက်အအုံဖြိုချမှု၏ တာဝန်သည် သူ့အပေါ် ကျရောက်လာခဲ့ကြောင်း သူက အခိုင်အမာ ပြောဆိုခဲ့သည်။ အကယ်၍ နေဝင်းအမိန့်မပေးခဲ့လျှင် အပြစ်ပြောခံရမည့်သူမှာ သူသာလျှင်ဖြစ်သည်ဟု ယူဆခဲ့သည်ကို သူက မည်သည့်အခါမျှ မငြင်းခဲ့ကြောင်း အောင်ကြီးက ဆိုခဲ့သည်။





[၁၃] ကိုးကား– စပ်ကြာဆိုင် ( Sao Kya Seng) အင်ဂျီဆာဂျင့် (Inge Sargent) ၏ 'မြန်မာပြည်ပေါ်က ဆည်းဆာအလင်းရောင်– ကျွန်ုပ်၏ ရှမ်းမင်းသမီးဘဝ' (ဟာဝိုင်ယီ တက္ကသိုလ်–၁၉၉၄) တွင်ရှု။ စာအုပ်နောက်ကျောဖုံးတွင် စာရေးသူ (သီပေါနယ်၏ မဟာဒေဝီ) က ကံကြမ္မာဆိုး၏ ဖျက်ဆီးခြင်းခံရသော ပျော်ရွှင်မှုကြီးတရပ်၊ မြန်မာနိုင်ငံ၏ အလေးစားခံရဆုံးသော တိုင်းရင်းသား ခေါင်းဆောင်တဦးအား တွန်းလှန်ဖြိုချမှုနှင့် ရက်စက်လှသော စစ်တပ်ယန္တရားအားဆန့်ကျင်သော အမျိုးသမီးတဦး၏ သံမဏိစိတ်ဓာတ်နှင့် သူရသတ္တိတို့ကို ဇာတ်ကြောင်းပြန် ရေးသားထားသည်ဟု အတိုချုပ်ကောက်ချက်ချ ဖော်ပြထားသည်၊ ထိုအတိုင်းပင်ဖြစ်ခဲ့သည်။ ကျွန်ုပ်၏ဖခင်နှင့် စပ်ကြာဆိုင်တို့မှာ မိတ်ဆွေရင်းများဖြစ်ကြသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီ နှစ်အတန်ကြာက မန္တလေးမှ မိတ္ထီလာသို့ မော်တော်ကားဖြင့် ခရီးသွားရာတွင် စပ်ကြာဆိုင်နှင့်အတူသွားခဲ့ရာမှ သူ့ကို သိရှိခဲ့ခြင်းဖြစ်သည်။

[၁၄] ကိုးကား– ဦးသန့်၊ အင်ဒရူးဆဲ့ (Andrew Selth) ၊ 'သူရဲကောင်းတဦး သေဆုံးခြင်း၊ မြန်မာပြည်မှ ဦးသန့်အရေးအခင်း' ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ (ဘရစ်ဘိန်း၊ ဂရစ်ဖစ်တက္ကသိုလ်–ဩစတြေးလျ၊ အာရှစာတမ်းများအမှတ် (၄၉) ၁၉၈၉) တွင်ရှု။

[၁၅] ဝန်ကြီးချုပ် သခင်နု၊ ဗိုလ်ချုပ်၏ လုပ်ဖော်ကိုင်ဖက်နှင့် သူ့နေရာဆက်ခံသူက ၁၉၄၇ ခုနှစ် ဇူလိုင်လ (၂၉) ရက်နေ့တွင် တိုင်းပြုပြည်ပြုလွှတ်တော်၌ အခြားအရာများအပြင် ဝမ်းနည်းချီးမွမ်းစကား ဤသို့ပြောဆိုခဲ့သည်။

"......ကျွန်တော်တို့ရဲ့ နှစ်ပေါင်း ၂၀၀၀ သမိုင်းမှာ အလွန်ထင်ရှားတဲ့ ခေါင်းဆောင် တဦးရဲ့လက်အောက်မှာ နိုင်ငံတော်ရဲ့ စည်းရုံးညီညွတ်မှုဟာ (၄) ကြိမ်ပဲ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ စစ်ဖြစ်နေတဲ့ ဘုရင့်နိုင်ငံတွေနဲ့ ရန်စောင်နေတဲ့ ကျေးရွာတွေကြောင့် အမြဲတမ်း အစိတ်စိတ် အမြွှာမြွှာဖြစ်နေခဲ့တာပါ။ အနော်ရထာ၊ ဘုရင့်နောင်၊ ဆင်ဖြူရှင်နဲ့ အလောင်းဘုရားတို့ဟာ ကျွန်တော်တို့သမိုင်းရဲ့ အစောပိုင်းကာလတွေမှာ တိုင်းပြည်ကို ပြန်လည်စုစည်းနိုင်ခဲ့တဲ့ ကြီးကျယ်တဲ့ဘုရင်တွေ၊ ခေါင်းဆောင်တွေ ဖြစ်ကြပါတယ်။ ကျွန်တော်တို့အချိန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ကို ပြန်လည်စုစည်းနိုင်ခဲ့ပြီး လွတ်လပ်တဲ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်ခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးသည် အသေအချာသတ်မှတ်ထားသော နယ်ခြားမြေခြားစည်းများအတွင်း ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သည့် နောက်ဆုံးအဆင့်များတွင် အချုပ်အခြာအာဏာကို မကြေညာမီ မရှိမဖြစ်လိုအပ်သည်။ ယင်းအနေအထားကို (၅) ဦးမြောက် ထင်ရှားသော သမိုင်းဝင်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းက ရယူနိုင်ခဲ့သည်။

[၁၆] ဗိုလ်ကြီးအုန်းကျော်မြင့်သည် ဗိုလ်ချုပ်ကြီးနေဝင်းနှင့် အခြားနိုင်ငံတော်

ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သူ အဓိကတရားခံအဖြစ် အစွပ်စွဲခံရသည်။ ၁၉၇၇ ခုနှစ် ဇူလိုင်လ (၂၇) ရက်တွင် အင်းစိန်ထောင်၌ သူ့ကို ကြိုးပေးကွပ်မျက်ခဲ့သည်။ အုန်းကျော်မြင့်သည် ထိုအချိန်က ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဖြစ်သူ ဗိုလ်ချုပ်ကြီးကျော်ထင်၏ ကိုယ်ရေးအရာရှိဖြစ်သည်။ ယင်းကြံစည်မှုတွင် ပါဝင်ပတ်သက်သည်ဟု သံသယအဝင်ခံရသော စစ်တပ်မှ အငယ်တန်းအရာရှိ တဒါဇင်ခန့်မှာ ဖမ်းဆီးခံရပြီး ထောင်ချခံရသူခံရ၊ အငြိမ်းစားအပေးခံရသူခံရ ဖြစ်သွားကြသည်။

[၁၇] စိန်လွင် (အငြိမ်းစားဗိုလ်မှူးချုပ်) "သားသတ်သမား" ဟု အမုန်းခံရသူ။ သူ၏ သခင် အာဏာရှင်နေဝင်းနှင့် နီးစပ်သူဖြစ်ပြီး ဘဝတလျှောက်လုံး ယုံကြည်စိတ်ချရသူ တဦးအနေဖြင့် ဂုဏ်ပြုချီးမြှင့်ခံရသော စွယ်စုံရပုဂ္ဂိုလ်တဦးအဖြစ် သစ္စာရှိစွာ အမှုတော်ထမ်းခဲ့သည်။ ၁၉၄၃ ခုနှစ်မှစ၍ တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး မျိုးချစ်ဗမာ့တပ်မတော်မှ ဗမာ့တပ်မတော်အသစ်တွင် အရာရှိဖြစ်ရန် လျှောက်ထားခဲ့သည်။ သို့သော်လည်း အရာရှိ ရွေးချယ်ရေးအဖွဲ့က သူ့ကို မရွေးချယ်ခဲ့ချေ။ စိန်လွင်က ရဲဘော်အဖြစ် စာရင်းသွင်းခဲ့ပြီး အမှတ် (၄) ဗျူးရစ်ဖ် (4th Bur:f) တပ်ရင်းမှူးဖြစ်သူ ဗိုလ်မှူးနေဝင်း၏ ကိုယ်ပိုင်အမှုထမ်းအဖြစ် ထမ်းဆောင်ခဲ့သည်ဟု ယုံကြည်ရသည်။ ထို့နောက် အရာရှိဖြစ်လာခဲ့သည်။ ၁၉၅၁ ခုနှစ် ဩဂုတ်လတွင် ပထမဆုံးနာမည်ကြီးဖို့ဖြစ်လာခဲ့သည်။ ထိုစဉ်က ဒု–ဗိုလ်မှူးကြီး အေးမောင်၏ ကွပ်ကဲမှုအောက်တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့အနီး ကေအင်ဒီအိုစခန်းကို ဝိုင်းရာတွင် သူပါဝင်ခဲ့ပြီး တိုက်ပွဲအတွင်း ကရင်ခေါင်းဆောင် စောဘဦးကြီးကို အသေရမိသည်။ ထို့နောက် အဖေကြီး၏ သစ္စာတော်ခံ နောက်လိုက်နှင့် လူသတ်သမားအဖြစ် ၁၉၆၂ ခုနှစ် ဇူလိုင်လတွင် တက္ကသိုလ်ကျောင်းသား ရာပေါင်းများစွာကို အသေပစ်ချခဲ့သော တပ်စုများကို သူ ကွပ်ကဲခဲ့သည်။ သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အအုံကိုလည်း ဖောက်ခွဲဖြိုချခဲ့သည်။ သူ့အနေဖြင့် သွေးလွှမ်းမှုအမျိုးမျိုးအတွက် တာဝန်ရှိခဲ့ပြီး ဦးသန့်ဈာပန ရုပ်ပျက်ဆင်းပျက်ဖြစ်ရမှုနှင့် ရှစ်လေးလုံး ရက်စက်မှုများက သူ့အတွက် နာမည်အပျက်ရဆုံးများဖြစ်ခဲ့သည်။ နေဝင်းက သူ့ကို သူ၏ယုတ်မာရက်စက်သော လုပ်ဆောင်မှုများအတွက် ကောင်းစွာချီးမြှင့်ခဲ့သည်။ ၂၀၀၂ ခုနှစ် မတ်လတွင် သူ့ဆရာသခင် အိမ်အကျယ်ချုပ်သဖွယ်ခံရပြီးနောက် မကြာမီပင် သူလည်း တရားမဝင်ရရှိနေသော ခံစားခွင့်များ၊ ဩဇာအာဏာများ ဆုံးရှုံးခဲ့ပြီး မဖြစ်စလောက်သော စစ်တပ်ပင်စင်လစာလေးဖြင့် ဆင်းရဲနွမ်းပါးစွာ ရှင်သန်နေခဲ့ရသည်။ သူ၏ အစာအိမ်ရောဂါအတွက် စင်ကာပူတွင် ကုသမှုခံယူပြီးအပြန် ၂၀၀၃ ခုနှစ် ဧပြီလ (၉) ရက်နေ့တွင် ရန်ကုန်မြို့၌ သေဆုံးခဲ့သည်။

[၁၈] ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်ချုပ်အောင်ဆန်းလက်အောက်ရှိ ဘီအိုင်အေတပ်သို့ ဗိုလ်ချုပ်ကြီးဟောင်း သူရ တင်ဦး ယခု NLD ဒုတိယ ဥက္ကဋ္ဌ ဝင်ရောက်ခဲ့စဉ်က အသက် (၁၆) နှစ်သာရှိသေးသည့် လူငယ်တဦးဖြစ်သည်။ လွတ်လပ်ရေးမရမီ ဗမာ့တပ်မတော်ကို







ပြန်လည်ဖွဲ့စည်းသည့်အခါ သူသည် အရာရှိအဆင့်ဖြစ်လာခဲ့သည်။ ကျူးကျော်လာသော ကူမင်တန်တရုတ်ဖြူတပ် Kuomintang တို့ကို ပြန်လည်တိုက်ခိုက်ရာ၌ သူသည် နာမည်ကျော်တပ်ရင်းမှူးတဦးဖြစ်ခဲ့သည်။ သူသည် သူရဘွဲ့ နှစ်ထပ်ကွမ်းရရှိခဲ့သည်။ တပ်မတော်ဦးစီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးအဖြစ် ၁၉၇၄ ခုနှစ်တွင် တိုးမြင့်သွားခဲ့သည်။ ဗိုလ်ကြီးအုန်းကျော်မြင့်၏ ဗိုလ်ချုပ်နေဝင်းနှင့် အပေါင်းပါတချို့အား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုတွင် ပတ်သက်သည်ဟူသော စွဲချက်ဖြင့် ၎င်း၏မြင့်မားသော ရာထူးကြီးများမှ သူ့ကို ၁၉၇၆ ခုနှစ်တွင် ထုတ်ပယ်ပစ်ခဲ့သည်။ သတင်းထိမ်ချန်မှုဖြင့် ထောင် (၇) နှစ်ကျခံရပြီး ပင်စင်လည်းမရ လုပ်သက်ဆု ဆုကြေး ခံစားခွင့်များလည်း မပေးတော့ချေ။ သို့သော် သူသည် သူ၏ကြိုးစားမှုဖြင့် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖွဲ့စည်းသည့်အခါ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့၏ ခေါင်းဆောင်ပိုင်းမှနေ၍ ပါဝင်ပူးပေါင်းခဲ့သည်။ အောင်ဆန်းစုကြည်က အထွေထွေအတွင်းရေးမှူး ပထမတွင် သူက ဒုတိယဥက္ကဋ္ဌ ဖြစ်သည်။ ထို့နောက် ဥက္ကဋ္ဌ ဖြစ်လာသည်။ ၁၉၈၉ ခုနှစ် ဇူလိုင်လတွင် အထွေထွေရွေးကောက်ပွဲအတွက် စည်းရုံးနေစဉ် သူနှင့် အောင်ဆန်းစုကြည်တို့ နှစ်ဦးလုံးကို အိမ်တွင်းအကျယ်ချုပ်ချထားခြင်းခံခဲ့ရသည်။ ထို့နောက် စစ်ခုံရုံးက သူ့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့ပြီး ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် နောက်ထပ် (၇) နှစ် ထပ်မံတိုးမြှင့်ခဲ့သည်။

[၁၉] ဦးအောင်ခင်–"နေဝင်း၊ နိုင်ငံရေးရုပ်ပုံလွှာ"၊ အပိုင်း (၂) ရောဝတီစာစောင်ပါ ဆောင်းပါး၊ ချင်းမိုင် အတွဲ (၈) အမှတ် (၉)၊ စက်တင်ဘာလ ၂၀၀၀ ခုနှစ်၊ စာမျက်နှာ (၂၈)။ "နေဝင်းဟာ သူရဲ့ လုံးဝဥဿုံဖြစ်တဲ့အာဏာကို ဘယ်လိုတန်ဖိုးကိုပဲ ပေးရပေးရ ပေးပြီး လွန်ခဲ့တဲ့ အနှစ် (၄၀) ကျော်အတွင်း အာဏာကို လုယူထိန်းသိမ်းခဲ့တယ်။ သူ့ရဲ့ ပြိုင်ဖက်တွေကို ထုတ်ပစ်ခဲ့တယ်။ သူရဲ့ မိတ်ဆွေတွေ၊ ရဲဘော်ရဲဘက် နောက်လိုက်တွေအပေါ်မှာလဲ သစ္စာဖောက်ခဲ့တယ်။

၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ မဆလရဲ့ တတိယအကြိမ် ညီလာခံကျင်းပစဉ်က လျှို့ဝှက်မဲပေးတဲ့အခါ ပါတီခေါင်းဆောင်အစဉ်လိုက်မှာ သူဟာ နံပါတ် (၄) နေရာကို အဆင့်ကျသွားခဲ့တယ်။ သို့သော်လဲ သူတို့ဟာ သူ့အပေါ်မှာ ဆိုရှယ်လစ်ဒီမိုကရေစီကို ရိုးသားစွာ ယုံကြည်သူရယ်လို့ နားမလည်မှုလွဲခဲ့တာဖြစ်ပြီး သူ့ကိုလျှော့တွက်ခဲ့ကြတာဖြစ်တယ်။ အဲဒီအခါ သူဟာ ပါတီနိုင်ငံရေးကို စိတ်ဝင်စားပုံမပြပေမဲ့ ထောက်လှမ်းရေးတပ်ရဲ့ အကူအညီကိုရယူပြီး ပါတီသန့်စင်ရေးအကြောင်းပြချက်နဲ့ ပါတီဝင် (၅၄,၀၀၀) ကို ထုတ်ပစ်လိုက်တယ်။ အဲဒီအချိန်က အစိုးရအလုပ်မှာ ပါတီဝင်ဖြစ်ရေးဟာ မရှိမဖြစ်လိုအပ်နေပါတယ်။ အဲဒီနောက် သူ့ဆန္ဒအတိုင်းဟာ အရာရာကို ချုပ်ကိုင်လာပါတယ်။ သို့သော်လဲ ပါတီသန့်စင်ရေးဟာ နေဝင်းအပေါ် ကြီးကြီးမားမားတန်ပြန်ရိုက်

ခတ်မှုဖြစ်ခဲ့ပါတယ်။ ၁၉၇၈ ခုနှစ်မှာ ပါတီက ထုတ်ပယ်ခံရတဲ့ မန်းငွေအောင် ခေါင်းဆောင်တဲ့အဖွဲ့ဟာ နေဝင်းကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ သူတို့က သူ့အတွင်းစည်းထဲက လူတွေကိုပါ ဖယ်ရှားပစ်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါပေမယ့် အဲဒီကြံစည်မှုဟာ အကောင်အထည် မဖော်ရသေးခင်မှာဘဲ ပေါ်ပေါက်သွားပြီး ကြံစည်သူများအားလုံး သေဒဏ်အပြစ်ပေးခံကြရတယ်။ သို့သော်လဲ သူတို့ကို မစီရင်မီ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် (၁၉၈၀ ခုနှစ်) က မန်းငွေအောင်ကို အသက်ချမ်းသာရာ ရစေခဲ့ပါတယ်။ မန်းငွေအောင်ဟာ ထောင်ကထွက်လာပြီး (၂) နှစ်အကြာ ကေအင်ယူက ရန်ကုန်ကိုတိုက်ခိုက်ရာမှာ ဦးဆောင်ခဲ့ပြန်တယ်။ သို့သော်လဲ သူနဲ့အပေါင်းပါများကို လျင်မြန်စွာ ဖမ်းမိခဲ့ပြန်ပါတယ်။"

[၂၀] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ ဒေါ်အောင်ဆန်းစုကြည်– "ကျမ ဖေဖေကို မြန်မာပြည်ရဲ့မျှော်လင့်ချက်အဖြစ် လူတွေကပြန်ကြည့်နေတာဟာ ကျမ ဒီမိုကရေစီလှုပ်ရှားမှုကြီးထဲ ပါဝင်လာရခြင်းရဲ့ အကြောင်းအရင်းဖြစ်ပါတယ်။ အဲဒီတော့ ကျမမှာ ကူညီဖို့တာဝန်ရှိနေတယ်လို့ ခံစားမိပါတယ်"။

[၂၁] အေးရှားဝိခ် (Asia Week)၊ ၁၉၉၃ ခုနှစ် မတ်လ (၃) ရက်၊ ဆောင်းပါး၏ ပထမပိုင်း– ကမ္ဘာမြေပေါ်ရှိ အကြီးမားဆုံးအာဃာတ (အထက်တွင် နောက်ဆုံးပိုင်းကို ကိုးကားပြီး အခန်း (၁) နံပါတ်စဉ်–၆) "နောင်တွင် ရဲဘော်သုံးကျိပ်" ဟု ကျော်ကြားလာမည့်သူများ ဂျပန်၏လက်အောက်၌ စစ်သင်တန်းသင်ယူနေစဉ်ကပင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသူရဲကောင်းဖြစ်လာမည့် ဗိုလ်ချုပ်အောင်ဆန်းအပေါ် နေဝင်းက မည်မျှ မုန်းတီးကြောင်း မြန်မာတိုင်းသိရှိကြသည်။

သူ၏ပြောပြ၍ပင်မသင့်သော လူမှုရေးအကျင့်ပျက်မှုများအတွက် လူအများရှေ့တွင် သူ့ကို အရှက်ကွဲစေသောကြောင့် နေဝင်းက သူ့ထက်အသက် (၃) နှစ် ငယ်သော်လည်း ပညာအလွန်ထူးချွန်ပြီး များစွာရိုးသားသော လူငယ်ခေါင်းဆောင်အား မုန်းတီးခဲ့သည်။ ဦးနေဝင်းသည် ၎င်းအဖြစ်အပျက်များအပြင် ဗိုလ်ချုပ်အောင်ဆန်းက သူ့အား အခြားကျူးလွန်မှုများအတွက် အဆင့်ချခဲ့ခြင်းများကိုလည်း မည်သည့်အခါမျှ မမေ့ပျောက်ခဲ့ချေ။

တခါသော် ဗိုလ်ချုပ်အောင်ဆန်းက နေဝင်းကို စိတ်ပျက်လွန်းသည့်အတွက် ဒုတိယကမ္ဘာစစ်၏ မုန်တိုင်းဆန်သောနှစ်များအတွင်း ဂျပန်မှ အမိမြေသို့အပြန် ရေလမ်းခရီးတွင် ၎င်းမတကောင်ကြောင့် တလှေလုံးမပုပ်ခင် နေဝင်းကို ဖယ်ရှားပစ်ရန်ထိ သူချိန်ဆတွေးတောစိတ်၌ မောခဲ့ရကြောင်းကို ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်အား ပြောပြပြီး တာဝန်ပေးခဲ့သေးသည်ဟု အဆိုရှိပါသည်။

[၂၂] ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လူ့အခွင့်အရေးကော်မရှင် အထူးကိုယ်စားလှယ် ယိုဇိုယိုကာတာ (Yozo Yokata) က ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ





(၁၇) ရက်တွင် (၄၉) ကြိမ်မြောက်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာ အီး/စီအင် ၄/ ၁၉၉၃/၃၇ ၊ စာမျက်နှာ ၁၉ (က)–မောင်သော်က (ခ) ဦးဘသော်၊ အသက် (၆၅) နှစ် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်) သည် ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်တွင် ဖမ်းဆီးခြင်းခံခဲ့ရသည်။ အရေးပေါ်ပြဋ္ဌာန်းမှု အက်ဥပဒေ၏ ပုဒ်မ ၅ (က) နှင့် ၅ (ခ) အရ ၁၉၈၉ ခုနှစ်၊ အောက်တိုဘာလတွင် သူ့ကို အလုပ်ကြမ်းနှင့် ထောင်ဒဏ်နှစ်(၂၀) အပြစ်ဒဏ်ချမှတ်ခဲ့သည်။ သူသည် နောက်ကျော အာရုံကြောမကြီး ရောဂါတခုဖြစ်သည့် လည်ပင်းခိုင်ရောဂါကို ပြင်းပြင်းထန်ထန် (severe Spondylitis) ခံစားရလျက်ရှိရာ ၁၉၉၀ ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် အင်းစိန်ထောင်ထဲ၌ အစာတော်ခံဆန္ဒပြနေစဉ် အကြီးအကျယ်အရိုက်ခံခဲ့ရသည်။ ထို့ကြောင့် သူ၏ ညာဘက်တခြမ်း သေသွားခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဖွန်လ (၉) ရက်တွင် ကွယ်လွန်ခဲ့သည်။

[၂၃] ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိသျှလူမျိုးဖြစ်သူ မိုက်ကယ်အဲရစ် ( Michael Aris) ကို ၁၉၇၂ ခုနှစ်တွင် လက်ထပ်ခဲ့သည်။ ဒေါက်တာ မိုက်ကယ် ဗီလန်ကုတ် အဲရစ်သည် တိဗက်နှင့် ဟိမဝန္တာလေ့လာမှုနှင့် ပတ်သက်သော အောက်စ်ဖို့ဒ် (Oxford) တက္ကသိုလ်၏ သုတေသနပညာရှင်ဖြစ်သည်။ အောက်စ်ဖို့ဒ်တက္ကသိုလ် စိန့်အန်ထော်နီကောလိပ်၏ ကျောင်းအုပ်အဖြစ် ၁၉၉၈ ခုနှစ်တွင် ထမ်းဆောင်နေစဉ် ကင်ဆာရောဂါဖိစီးမှုခံခဲ့ရသည်။ ရန်ကုန်တွင်ရှိ သူ့ဇနီးသည်အား နောက်ဆုံးနှုတ်ဆက်ရန် မြန်မာစစ်အုပ်စုအား ပြည်ဝင်ခွင့်ဗီဇာပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ သို့သော်လည်း စစ်ဗိုလ်ချုပ်များက ကရုဏာတရား ခေါင်းပါးစွာဖြင့် ဗီဇာပေးရန် ငြင်းဆန်ခဲ့သည်။ ဒေါက်တာအဲရစ်သည် ၁၉၉၉ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့ သူ၏ (၅၃) နှစ်မြောက်မွေးနေ့တွင် လန်ဒန်ရှိ ချာချီဆေးရုံတွင် ကွယ်လွန်ခဲ့သည်။ စစ်အစိုးရသည် သူတို့၏သားနှစ်ဦးဖြစ်သည့် အဲလစ်ဇန္ဒား မြင့်ဆန်းအောင်နှင့် ကင် (မ်) ထိန်လင်းတို့၏ နိုင်ငံကူးလက်မှတ်တို့ကို နှစ်အတော်ကြာကပင် ဖျက်သိမ်းခဲ့သည်။ သူတို့ကို သူ့မိခင်ထံလည်ပတ်ရန် တခါတရံမှသာ ခွင့်ပြုခဲ့သည်။

[၂၄] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ မှတ်တမ်းရုပ်ရှင်သည် ဗိုလ်ချုပ်၏ တဦးတည်းသောသမီးဖြစ်သူ၏ စူးရှနာကြည်းဖွယ်ပြောဆိုမှုဖြစ်သည့် "ကျမ ဖေဖေသာ အသက်ထင်ရှားရှိနေခဲ့မယ်ဆိုရင် ဒီမိုကရေစီဟာ အသက်ဝင် လှုပ်ရှားနေခဲ့ မှာဖြစ်ပြီး တည်တံ့နေခဲ့မှာဖြစ်တယ်။ သူ့ကို ဆုံးရှုံးခဲ့ရတာဟာ ပျော်ရွှင်ဖွယ်ရာ ဒီမိုကရေစီ မြန်မာနိုင်ငံတော်ကို တည်ဆောက်ဖို့ အခွင့်အရေးကို ကျမတို့ဆုံးရှုံးခဲ့ရတာ ဖြစ်ပါတယ်။ ဒါပေမယ့်လဲ ဒုတိယအခွင့်အရေးတွေဟာ အမြဲလာတတ်စမြဲမို့ ကျမတို့ တတ်နိုင်တုံး အဲဒီအခွင့်အရေးတွေကို အရအမိ ဖမ်းကိုင်ရမှာဖြစ်ပါတယ်" ဟူသော စကားရပ်များဖြင့် အဆုံးသတ်ထားလေသည်။

# အခန်း (၇) ရလဒ်

[၁] တည်းဖြတ်၊ ဖြန့်ဝေသူ ဒေါက်တာကျော်ဝင်း။ အောရင့်ကို့ (စ်) ကောလိပ် (Orange Coast College)၊ ကယ်လီဖိုးနီးယား (California, USA) ပါမောက္ခတာဝန်မှ အနားယူပြီး အမေရိကမှာပင် နေထိုင်ပါသည်။ ၁၉၈၇ ခုနှစ်တွင် စီအာဒီဘီ အပြည်ပြည်ဆိုင်ရာ (CRDB International) ပထမ ဥက္ကဋ္ဌဖြစ်ခဲ့ပြီး ဤတာဝန်ကို ဦးတင်မောင်ဝင်းက ဆက်လက်ထမ်းဆောင်သည်။ ၁၉၉၇ ခုနှစ်မှာ ဒေါက်တာကျော်ဝင်းက တဖန် ဥက္ကဋ္ဌဖြစ်ပြန်ကာ ၂၀၀၃ ခုနှစ်ဆန်းတွင် ဦးဘီလာ်အမ်၊ ရာရှစ် (Bilal M. Raschid) က ထိုတာဝန်ကို ယူပါသည်။ (ဘီလာလ်ရာရှစ်မှာ ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်း စသည့် လေးစားအပ်သော မျိုးချစ်ခေါင်းဆောင်ကြီးများတွင် ပါဝင်ခဲ့သူ ဦးအမ်၊အေ၊ရာရှစ် (M.A.Raschid) ၏ သားဖြစ်သည်။

[၂] ဘီဘီစီ (၂) တီဗွီ ၁၉၉၇ ခု၊ ဇူလိုင်လ (၁၉) ရက် (အထက်ပါအစီအစဉ်)၊ အသံလွှင့်သူက "ဦးစောနဲ့ခင်မင်ရင်းနှီးတဲ့ ဗြိတိသျှအရာရှိတွေကို ရဲက စတင်စုံစမ်းစစ်ဆေးပါတယ်။ လုပ်ကြံမှုဖြစ်ပွားနေစဉ် ဗြိတိသျှထောက်လှမ်းရေးအရာရှိတဦးက ဦးစောကို တကယ်ပဲ တယ်လီဖုန်းဆက်ပြောခဲ့ပါတယ်" ဟုပြောပြီးနောက်တွင် အောက်ပါဗိုလ်မှူးဟူးတွိုင် (စစ်ထောက်လှမ်းရေး–၁၉၄၇) နှင့် တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်ကို ဆက်လက်လွှင့်ထုတ်ပေးခဲ့သည်။ 'တယ်လီဖုန်း ရေဒီယိုလိုင်းက တခုခုချွတ်ချော်သွားတာကြောင့် (၁၁) နာရီမှာ စားရိပ်သာထဲရောက်နေတဲ့သူတွေအားလုံး ကျွန်တော်တို့ပြောတာအားလုံး ရေဒီယိုကတဆင့် ကြားကုန်ကြပါတယ်။ နောက် နာရီဝက်လဲကြာရော သူတို့တတွေ လုပ်ကြံမှုဖြစ်တာ သိကုန်ကြတော့ ဦးစောကို သံသယဝင်ကြပါတယ်။ သံသယအဝင်ခံရတာ နောက်တယောက်ရှိပါသေးတယ်။ အဲဒါ ကျွန်တော်ဖြစ်ပါတယ်။ ဒါပေမယ့် ကံကောင်းထောက်မစွာ အဲဒီ သံသယက ပျောက်ကွယ်သွားခဲ့ပါတယ်။

[၃] ဦးထွန်းလှအောင်၊ တရားလိုပြသက်သေအမှတ်(၃၈)၊ အထူးခုံရုံးရှေ့၌ ကျမ်းကျိန်ထွက်ဆိုခြင်း။

[၄] ၁၉၉၅ ခုနှစ်၊ မတ်လတွင်ထုတ်ဝေသော တပ်မတော်သမိုင်း၊ တတိယတွဲ၊ စာမျက်နှာ (၁၅၁–၁၅၂) က အတည်ပြုချက်မရှိသော သတင်းစာ သတင်းပေါ်တွင် အခြေခံထားသည့်သူ့အမြင်ကို ရေးသားထားသည့် ဗိုလ်မှူးချုပ်မောင်မောင်၏စာအုပ်၊ စာမျက်နှာ (၃၁၇) နှင့် (၃၃၉) ကိုလည်း ကောက်နှုတ်ကိုးကားထားသည်။

[၅] ဘီဘီစီ (၂) တီဗွီ ရုပ်ရှင် (၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်) ၎င်းတီဗွီရုပ်ရှင်အတွက် ဆာ၊ နီကိုလပ် (နစ်) လမော (Sir Nicholas (Nick) Larmour) (မြန်မာပဋိညာဉ်





ခံဝန်ထမ်း–၁၉၄၇) နှင့် တွေ့ဆုံမေးမြန်းခဲ့ရာမှ သူနှင့် သူ့လုပ်ဖော်ကိုင်ဘက်များ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် အတွင်းဝန်များရုံး၌ရှိနေကြောင်း ပြောကြားချက်ကို ကောက်နုတ်ဖော်ပြထားသည်။ "ကောင်စီခန်းမနဲ့ အတော်နီးတဲ့ ရုံးခန်းထဲမှာ ကျွန်တော်တို့ တခုခုစားသောက်နေကြတုန်း၊ အော်တိုမက်တစ် သေနတ်သံ နှစ်ချက်သုံးချက်ကို ကျွန်တော်တို့ ရုတ်တရက်ကြားလိုက်ရပါတယ်" သူသည် ကောင်စီခန်းမသို့သွားရောက်ခဲ့ရာ ဤသို့မြင်ခဲ့ရသည်။ "နေရာတကာမှာ သွေးတွေချည့်ပဲ၊ အတော့်ကိုများတယ်၊ ဒီလိုသွေးမျိုး ကျွန်တော် တခါမှမတွေ့ဖူးဘူး။ ဘာဖြစ်လို့လဲဆိုတော့ အနီးကပ်ပြီး သေနတ်တွေနဲ့ ပစ်ခဲ့တာမဟုတ်လား။ သေနတ်ဒဏ်ကြောင့် စားပွဲတွင်းက ပစ္စည်းတွေနဲ့ စားပွဲအစိတ်အပိုင်းတွေလဲ တစစီကျိုးပဲ့ပျက်စီးနေကြတယ်။ သွေးအိုင်တွေထဲမှာ ကန်ကျောက်လွင့်ထွက်သွားတဲ့ ဖိနပ်တွေရှိနေကြပါတယ်"။ အဆင့်မြင့် ဗြိတိသျှအရာရှိအများအပြားသည် အတွင်းဝန်များရုံးအတွင်းတွင် သူတို့ရုံးခန်းများရှိနေကြသည်။

[၆] ဟူးတင်ကာ၏ 'မြန်မာနိုင်ငံ၊ လွတ်လပ်ရေးကြိုးပမ်းမှု ၁၉၄၄–၄၈' စာမျက်နှာ (၈၇၂)။

[၇] ဆာ၊ ဘဦးသည် ထိုအချိန်က တရားလွှတ်တော်၏ တရားသူကြီးနှင့် ဖွဲ့စည်းပုံဥပဒေအဖွဲ့တွင် အရေးပါသောအဖွဲ့ဝင်တဦးဖြစ်သည်။ ၁၉၅၂–၅၇ တွင် နိုင်ငံတော်သမ္မတဖြစ်သည်။

မောင်မောင် (ဗိုလ်မှူးချုပ်ဟောင်း) "သံဃာမှသာမန်လူသို့" မြန်မာနိုင်ငံ၏ အမျိုးသားရေးလှုပ်ရှားမှုများ ၁၉၈၀ ပုံနှိပ်၊ စာမျက်နှာ (၂၆၀)၊ မှတ်ချက် (၂၀)။ တရားရုံးချုပ်တွင် ခေတ္တတရားသူကြီးတာဝန်ယူထားသော ဦးဘဦးသည် အထူးတရားခုံရုံးတွင် ပါဝင်ပြီး ဆရာစံကို စစ်ဆေးခဲ့သည်။ ဦးဘဦးအား စာရေးသူက သရုပ်ဖော်ထားသည်မှာ 'ဘခင်နယ်ပိုင်ဝန်ထောက်သည် ဦးဥတ္တမအား ပထမပြစ်ဒဏ် စီရင်ချက်ချခဲ့သူဖြစ်သည်။'

[၈] ဖရန့်၊ အင်၊ ထရေဂါ (Frank N.Trager) မြန်မာနိုင်ငံ "ဘုရင့်နိုင်ငံမှ သမ္မတနိုင်ငံသို့" (Burma: From Kingdom to Republic) (လန်ဒန် ပေါ(လ်) မော(လ်) ပုံနှိပ်တိုက် ၁၉၆၆ ခုနှစ်) စာမျက်နှာ ၁၀၅။ "ဒုတိယကမ္ဘာစစ်အတွင်းက အမှတ် (၁၃၆) ဗြိတိသျှတပ်ဖွဲ့၏ တပ်ဖွဲ့ဝင်ဟောင်းများပါဝင်သော ကရင်များကို အထောက်အပံ့ပေးရေးကြံစည်မှုတရပ်ကို ၁၉၄၈ ခုနှစ် စက်တင်ဘာလတွင် ဖော်ထုတ်ခဲ့သည်။" ဟူးတင်ကာ (Hugh Tinker) "ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးပထမနှစ်များကို လေ့လာမှု" (လန်ဒန် အောက်(စ်)ဖို့ဒ်တက္ကသိုလ် စာပုံနှိပ်တိုက် ၁၉၅၇ ခုနှစ် စာမျက်နှာ ၃၇)။ "ကာလကတ္တားရှိ ဒု–ဗိုလ်မှူးကြီး ဂျေ၊စီ၊တူးလော့(ခ်)(J.C. Tulloch-M.C.) အမ်၊စီ၊ နှင့် ရန်ကုန်ရှိ ဒေလီမေး(လ်)သတင်းစာမှ အလက်ဇန္ဒား ကင်းဘဲ(လ်) (Alexander Campbell) (နှစ်ဦးလုံးမှာ ၁၃၆ တပ်ဖွဲ့မှ ဖြစ်ခဲ့ကြသည်) တို့၏ လှုပ်ရှားမှုများကို မြန်မာအစိုးရက ရှာဖွေတွေ့ရှိခဲ့ပြီး ကင်းဘဲ(လ်)ကို ရန်ကုန်မှ ထုတ်ပစ်ခြင်းခံရသည်။" နောက်အမှုတခုမှာ Seventh-Day Adventist

ခရစ်ယာန်ဘုန်းကြီးတဦးဖြစ်သူ ဂျေ၊ ဒဗလျူ၊ ဘော်(လ်)ဒဝင် (J.W. Baldwin) ၏ အမှုဖြစ်သည်။ လွတ်လပ်ရေးမရသေးမီ ဗြိတိသျှတို့က သူ့ကို မြန်မာနိုင်ငံမှ ပြည်နှင်ဒဏ်ခတ်ခံရသည်။ သူသည် လန်ဒန်တွင် "မြန်မာနိုင်ငံ တောင်တန်းသားများ၏ မိတ်ဆွေများအဖွဲ့" အစည်းအဝေးများကို သွားရောက်တက်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် ကေအင်ယူသို့ သွားရောက်ပူးပေါင်းခဲ့သည်။ ၁၉၅၁ ခုနှစ်အထိ သူတို့နှင့်အတူနေထိုင်ခဲ့ပြီး အဖျားရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ သူ့သချိုင်းအုတ်ဂူပေါ်တွင် "ဤနေရာတွင် ကရင်လူမျိုးများကို ချစ်ခင်မြတ်နိုးသူတဦး လဲလျောင်းနေ သည်" ဟူသော စာတမ်းရေးထိုးထားသည်။

[၉] မောရစ်၊ ကောလစ် (Maurice Collis) "မြန်မာပြည်၌ နောက်ဆုံးနှင့် ပထမဆုံး" (၁၉၄၁–၁၉၄၈) ဖေဘာနှင့် ဖေဘာလီမိတက်၊ လန်ဒန်) စာမျက်နှာ ၂၅/ ၂၆။

[၁၀] မူရင်း မြန်မာ့အလင်းသတင်းစာကို ၁၉၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စတင်တည်ထောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်နေ့တွင် စစ်အုပ်စုက ပြည်သူပိုင်သိမ်းခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇွန်လ (၁၅) ရက်မှစ၍ ဘန်ကောက်တွင် ခေတ်ပြိုင်ဂျာနယ်စာပုံနှိပ်တိုက်မှ ပြန်လည်ရိုက်နှိပ်ထုတ်ဝေခဲ့သည်။

[၁၁] အိုလီဗာ ဂိုးလ်စမစ် (Oliver Goldsmith) ၏ 'သဘောကောင်း ယောကျ်ားတဦး'

[၁၂] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ တင်ဆက်သူ – အောင်ဆန်းကို ဖမ်းဆီးခြင်းမပြုနိုင်မီ ဝန်ကြီးချုပ် ကလီးမင့်၊ အက်တလီ (Clement Altee) က ဘုရင်ခံကို ပြန်ခေါ်လိုက်သည်။ လူတွေ့မေးမြန်းခံရသူ အဲရစ်၊ ဘက်တာစဘီ– "ဆာဒေါ်မန်စမစ် ကတော့ နောင်တမရသေးဘဲ နောက်မှ မိတ်ဆွေတဦးစီ စာရေးလိုက်တာက– ကျုပ်တို့က အောင်ဆန်းရဲ့ သူ့လောက်အရေးမပါတဲ့ လုပ်ဖော်ကိုင်ဘက်တွေကို ဆွဲကြိုးချပြီးသားပဲ။ ဒါကြောင့် သူက ဘယ်အကြောင်းကြောင့် ဂျူရီရှေ့မှာ အခွင့်အလမ်း မယူနိုင်သလဲဆိုတာ ကျုပ်နားမလည်နိုင်ဘူး။ သူ့ကို သေစားသေစေ စီရင်ချက်ချရင် ကျုပ်တို့က သနားကရုဏာပေးဖို့ သေချာမှာပေ့ါ။ ဒါပေမယ့် အဲဒီလို အခြေအနေပေါ်မှသာ အရေးယူနိုင်မှာ"။

[၁၃] ဟူးတင်ကာ (Hugh Tinker) အယ်ဒီတာ "မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှု" လန်ဒန်၊ ဘုရင်မကြီး၏ စာရေးကိရိယာ ရုံးခန်း၊ ၁၉၈၃–၈၄ အတွဲ (၁) စာမျက်နှာ ၅၄၃၊ အချက် ၅၆၃။

[၁၄] ဘီဘီစီ (၂) တီဗွီ (အထက်ပါအစီအစဉ်)၊ အောင်ဆန်းစုကြည်– "မောင့်ဘက်တန် (Mountbatten) က နားလည်မှုရှိတာက ကျမဖခင်ဟာ မြန်မာပြည်မှာ အသိအမှတ်ပြုရမယ့် အင်အားဖြစ်ကြောင်းနဲ့ သူက လက်ခံခဲ့တာကလဲ အမှန်အတိုင်း မဟာမိတ်တွေကို ဗမာ့တပ်မတော်က ထူးကဲစွာ အကူအညီပေးနိုင်ကြောင်းကို ယုံကြည်တယ်ဆိုတာ ကျမထင်ပါတယ်"။

[၁၅] ဒု–ဗိုလ်မှူးကြီးလှမင်း၊ "မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေနှင့် ဒေသအတွင်း







သူ့အခန်းကဏ္ဍ" (ကာကွယ်ရေးဝန်ကြီးဌာန၊ ၂၁ ကြိမ်မြောက်ထုတ်ဝေခြင်း၊ ၁၉၉၉) စာမျက်နှာ ၃၆။

"...ဗိုလ်ချုပ်အောင်ဆန်းစိတ်ကူးခဲ့သည်မှာ ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံ၏ လိုအပ်ချက်များနှင့်အညီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ပြန်လည်ပြင်ဆင်ရန်ဖြစ်သည်။ ကံအကြောင်းမကောင်းလှစွာ ဤသည်မှာ ဖြစ်ပေါ်မလာခဲ့တော့ချေ။ အဘယ်ကြောင့်ဆိုသော် မကြာသေးခင်ကပင် ဗြိတိသျှသတင်းဌာနများသို့ ထုတ်ပြန်ပေးခဲ့သော အလွန်အထူးအရေးကြီးသော အထောက်အထားများအရ ဗြိတိန်အခြေစိုက် "မြန်မာနိုင်ငံ တောင်တန်းသားများ၏ မိတ်ဆွေများ" အဖွဲ့က လွတ်လပ်ရေးမရမီ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးအဖွဲ့ကို လုပ်ကြံသတ်ဖြတ်မှုနှင့် ၁၉၄၇–၄၈ ခုနှစ် ပတ်ဝန်းကျင်များတွင် ကရင်သောင်းကျန်းမှုများ ဖြစ်ပွားအောင် စီမံညွှန်ကြားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် ဗြိတိန်၏ ကိုလိုနီနယ်ချဲ့ "ကွန်ဆာဗေးတစ်" အစိုးရနှင့် တိကျသော အဆက်အ သွယ်များရှိနေခဲ့သည်။

[၁၆] ဒေါ်အောင်ဆန်းစုကြည်၏ 'အောင်ဆန်း' (ကွင်းစ်လန်းတက္ကသိုလ်–ဩစတြေလျ၊ ၁၉၈၄) စာမျက်နှာ–(၃၃) 'သူပွင့်ပွင့်လင်းလင်းဝန်ခံခဲ့သကဲ့သို့ သူသည် မမှားမယွင်းနိုင်သောသူ မဟုတ်ပါ။ သို့သော် သူ၏စိတ်မှာ အစဉ်အမြဲ ကျယ်ပြန့်လျက်ရှိသော စိတ်ဖြစ်ကာ အစဉ်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်သော စွမ်းအားရှိနေသည်။

[၁၇] တရားဥပဒေ စိုးမိုးမှုနှင့် လုံခြုံမှုတို့ကို အစားထိုးနိုင်ရန်နှင့် ဒီမိုကရေစီရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းလျက် အစိုးရတရပ်ကို ဦးဆောင်နိုင်ရန်အတွက် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာ လတွင် မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်က ဗိုလ်ချုပ်ကြီးနေဝင်းကို နာမည်စာရင်းတင် အဆိုပြုခဲ့သည်။ နေဝင်းအား ကန့်သတ်ထားသော တာဝန်သက်တမ်းမှာ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလအထိဖြစ်သည်။

[၁၈] ညစာစားပွဲတခု၌ လူဝင်စားမှုအကြောင်း ပြောကြားမှုတခုကို တဆင့်ခံ ပြန်လည်ကြားသိရပြီး ယင်းမှာ ရှင်မြူးဖွယ်ဟု ထင်ရသော်လည်း အရေးကြီးသည့် ပုံပြင်တပုဒ်ဖြစ်သည့်အတွက် ထပ်ခါထပ်ခါပြောခြင်းဖြင့် ပိုမိုကောင်းမွန်လာပါလိမ့်မည်။ သူ၏အုပ်စိုးမှုစောစောပိုင်းတွင် အာဏာရှင်နေဝင်းသည် ထိုင်းမင်းသမီးတပါးကို နိုင်ငံတော်ညစာစားပွဲတရပ်ဖြင့် တည်ခင်းဧည့်ခံသည်။ မင်းသမီးက သူမသည် ၁၇၆၇ ခုနှစ်က မြန်မာတို့ အယုဒ္ဓယမြို့တော်ကို သိမ်းပိုက်စဉ်က သူ့အကိုနှင့်အတူ ကွပ်မျက်ခြင်း ခံခဲ့ကြရသော မင်းသမီး ပြန်လည်ဝင်စားခဲ့ခြင်းဖြစ်သည်ဟု နေဝင်းကို ပြောပြသည်။ အကယ်၍ နောက်ဘဝများတွင် အချိန်ကြာရှည်စွာ ကွဲကွာခဲ့ရသော သူ့အကိုနှင့် ပြန်လည် ဆုံဆည်းရန် မျှော်လင့်ခဲ့ပြီး သူတို့နှစ်ဦးပူးပေါင်း၍ မြန်မာနိုင်ငံကို ဖျက်ဆီးလက်စားချေ ရန် သူမမသေမီ ကျိန်ဆိုခဲ့

ကြောင်း သူမက ပြောပြပြန်ပါသည်။ နေဝင်းက သူမဘက် အနည်းငယ်ယိမ်းလိုက်ပြီး သူမနားနားကပ်ကာ တိုးတိုးလေးပြောပါသည်။ "ငါက မင့်အကိုပဲ။ ကြည့်လေ။ ငါ မြန်မာပြည်ကို ဘာလုပ်ထားသလဲ။ အေး...ဒါအစပဲရှိသေး တယ်" ဟူ၏။

[၁၉] ဒေါက်တာတင့်ဝေ BA, MBBS (Rgn), MRACMA, MM (Psychotherapy) (Sydney), FRANZCP သည် Westmead ဆေးရုံတွင် စိတ်ရောဂါ အထူးကုဆရာဝန် (Staff Specialist Psychiatrist) တယောက်ဖြစ်ပြီး၊ ပြင်ပကိုယ်ပိုင်ဆေးကုခန်းတွင် စိတ်ဝေဒနာ ခွဲခြမ်းစိတ်ဖြာကုထုံးဖြင့် ကုသသူ ဆရာဝန် (Psychotherapist) တယောက်ဖြစ်သည် ။ ၎င်းစိတ်ပါဝင်စားသည့် ဘာသာရပ်များထဲတွင် အကြွင်းမဲ့အာဏာရှင်စနစ်လက်အောက် နေထိုင်ရခြင်း၏ အကျိုးဆက်ရလဒ်များနှင့် အဆိုပါရလဒ်များ၏ သားစဉ်မြေးဆက်တိုင် ဆိုးကျိုးသက်ရောက်စေမှုများ၊ စစ်ပြေးဒုက္ခသည်များနှင့် ညှဉ်းပန်းနှိပ်စက်ခံ၊ ခံရ(?)ခံများအတွက် စိတ်ဝေဒနာ ကုထုံးများ စသည်တို့ပါဝင်သည်။

[၂၀]ဤနေရာတွင် ကျွန်တော် အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည့်စာအုပ်တွင် ဒယ်နီရယ်(လ်)ဒီဖိုး (Danicl Defoe:1661-1731) ၏ စာပေမှ လျော်ကန်သည့် အောက်ပါရေးသားချက်ကို ကိုးကားပြထားပါသည်။

The best of men cannot suspend their fate:

The good die early, the bad die late.

[၂၁] ကြေးမုံဦးသောင်း၊ ထင်ရှားကျော်ကြားသော သတင်းစာဆရာနှင့် စာရေးဆရာ။ အမေရိကန်နိုင်ငံ ဖလော်ရီဒါနယ်တွင် ယခုအခါ နေထိုင်လျက်ရှိပြီး ရှုမောင် (ခ) နေဝင်း၏ ဘဝဖြစ်စဉ်များကို အကောင်းဆုံး ပုံဖော် နိုင်သူဖြစ်သည်။ သူသည် စာအုပ်တစောင်တဖွဲ့ဖြစ်အောင် အောက်ပါကိုယ်ရေးအတ္ထုပ္ပတ္တိများကို အကောင်းအဆိုး မခြွင်းမချန်ရေးသားခဲ့သည်။

(၁) "ဗိုလ်နေဝင်း စစ်ဓားပြလမ်းစဉ်"၊ ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် ရေဒီယိုဘားမား၊ မာနယ်ပလောက ပုံနှိပ်ထုတ်ဝေသည်။

(၂) "သတင်းစာဆရာတဦး၊ ဗိုလ်ချုပ်ကြီးတဦးနှင့် မြန်မာပြည်ရှိ စစ်တပ်တတပ်"၊ ၁၉၉၅ ခုနှစ်တွင် ဝိုက်လိုးတပ်စ်၊ ဘန်ကောက်နှင့်  ချင်းမိုင် ပုံနှိပ်ထုတ်ဝေခဲ့သည်။

(၃) "ဗိုလ်နေဝင်းဇာတ်လမ်းရှုပ်သမျှ" (ဗိုလ်နေဝင်း၏ ရှုပ်ထွေးပွေလီ ဇာတ်လမ်းအပြည့်အစုံ) ၂၀၀၁ ခုနှစ်တွင် ကိုယ်တိုင်ထုတ်ဝေ ပြီး "ဦးနေဝင်း၏ ပြာတဆုပ်"၊ ၂၀၀၄ ခုနှစ်တွင် ကိုယ်တိုင်ထုတ်ဝေ။ အမှတ် (၂) မှလွဲ၍ ကျန်အားလုံး မြန်မာဘာသာဖြင့်ဖြစ်သည်။ နိုင်ငံရပ် ခြားရောက် မြန်မာစာရေးဆရာများသည် နေဝင်းနှင့်ပတ်သက်၍ ဆောင်းပါးများ ပုံမှန်ရေးလေ့ရှိကြရာ အချို့မှာ သူ၏သီလကြောင့် အကျင့်ပျက်မှုများအခြေအနေ၊ ဘက်လိုက်မှုများနှင့် အတွေးအခေါ်လွဲချော်နေမှုများအပေါ် အထူးပြုထားကြသည်။ အလား







တူ အဓိကအချက်များအပေါ် အခြေခံသော ကျွန်တော်တို့၏ အက်ဆေးများနှင့် အတွေးအမြင်များသည် "အေးရှားဝိခ်" မဂ္ဂဇင်းတွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလတွင် "ဘဝရှင်မင်းတရားနေဝင်း" နှင့် ၁၉၉၃ ခုနှစ် ဇူလိုင်လတွင်  "သူရဲကောင်းတဦး၏အရိပ်" အဖြစ်ဖော်ပြခံရပြီး ဘန်ကောက်မှ ထုတ်ဝေသော "ခေတ်ပြိုင်" ဂျာနယ်တွင် ရှစ်လေးလုံးနှစ်ပတ်လည်အထိမ်းအမှတ်စာစောင်အတွက် "နေဝင်း၏ဝှက်လက်" အစရှိသည့် ဆောင်းပါးများ ဖော်ပြခံခဲ့ရသည်။ ယင်းသို့သော ဆောင်းပါးများကို ကျွန်တော် လုပ်ဖော်ကိုင်ဖက်များနှင့် ကျွန်တော်ကိုယ်တိုင် စီအာဒီဘီ "သတင်းများနှင့် အမြင်များ" စာစောင်တွင် ရေးသားထုတ်ဝေခဲ့သည်။

[၂၂] နေဝင်းနှင့်အတူ သူ့သမီး ခင်စန္ဒာဝင်း (သတင်းများတွင် သူ၏ဆရာဝန်အဖြစ်ဖော်ပြကြသည်)၊ သူမ၏ ခင်ပွန်း အေးဇော်ဝင်းနှင့် မြေး ကျော်နေဝင်းတို့ လိုက်ပါခဲ့ကြသည်။ ပြီးခဲ့သော အနှစ် (၂၀) အတွင်း အကျင့်ပျက်ဆုံး ကမ္ဘာ့ခေါင်းဆောင် (၁၀) ဦးစာရင်းတွင် ဆူဟာ တိုအနေဖြင့် ထိပ်ဆုံးအဆင့်အဖြစ် နိုင်ငံတကာမြင်သာထင်သာအဖွဲ့မှ ထုတ်ဝေသော ကမ္ဘာလုံးဆိုင်ရာ အကျင့်ပျက်မှုအစီရင်ခံစာက ၂၀၀၄ ခုနှစ် မတ်လတွင် အဆင့်သတ်မှတ်ခံရသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

[၂၃] ရှုမောင်သည် အငယ်တန်းစာရေးလေးအဖြစ် အလုပ်လုပ်ဖက် ဒေါ်တင်တင်ကို ၁၉၃၀ ခုနှစ်လည်တွင် လက်ထပ်ခဲ့ပြီး သား (၂) ဦး ထွန်းကားခဲ့သည်။ သူတို့ကွဲပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းအဖြစ် မစ္စစ်ကေတီတောင်ကြီး (ခ) ကေတီဘာသန်း (ခ) ခင်မေသန်းကို ၁၉၅၀ ခုနှစ်အစောပိုင်းတွင် လက်ထပ်ခဲ့သည်။ သူမတွင် သမီးသုံးဦးပါရှိလာခဲ့ပြီး နေဝင်းနှင့် သမီး (၂) ယောက်၊ သား (၁) ယောက် ရရှိခဲ့သည်။ သူမသည် ၁၉၇၂ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ၁၉၇၀ ခုနှစ်လည်တွင် ဒေါ်ကြာဆန်ဟုခေါ်သော ရခိုင်အမျိုးသမီးတဦးကို ဇနီးမယားပြုခဲ့သည်ဟု ကောလာဟလဖြစ်ခဲ့သည်။ ကုန်းဘောင်မင်းဆက်မှ ဘုရင်မင်းတုန်းမင်း၏ မြစ်တော်သူ ဂျွန်ရိုစ့် ဘယ်လာမီ (June Rose Bellamy) (ခ) ရတနာနတ်မယ်ကို ၁၉၇၅/၇၆ ခုနှစ်တွင် တရားဝင်လက်ထပ်ခဲ့ပြန်သည်။ ယင်းအိမ်ထောင်မှာလည်း ခေတ္တမျှသာခံပြီး အိမ်တွင်းရန်ဖြစ်မှုအတွင်း ဆေးလိပ်ပြာဖန်ခွက်ဖြင့် ပစ်ပေါက်မှုဖြင့် အဆုံးသတ်သွားခဲ့သည်။ မည်သူက စပစ်ပေါက်သည်နှင့်ပတ်သက်၍ သတင်းပြန့်ပွားမှုအတွင်း ဝိဝါဒကွဲလွဲမှုများရှိခဲ့သည်။ နောက်ဆုံးသိရှိရသည့် လက်ထပ်ထိမ်းမြားမှုမှာ ရန်ကုန်တက္ကသိုလ်သမိုင်းဌာနမှ သုတေသန ကထိက ဒေါ်နီနီမြင့်နှင့်ဖြစ်သည်။ သူမနှင့်ကွဲပြီး ပြန်လည်လက်ထပ်ပြန်သည့်အတွက် ယင်းကို နှစ်ကြိမ်ဟုတွက်လျှင် စုစုပေါင်း (၆) ကြိမ်ရှိသည်။

[၂၄]ဤစာပိုဒ်နှင့်ပတ်သက်၍ ကျွန်တော် အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သည့် စာအုပ်တွင် ရှိတ်စပီးယား (William Shakespeare: 23.4.1564-23.4.1616: in 'Julies Caesar') ရေးသားချက်များမှ မြန်မာပြည်၏ လက်ရှိကံကြမ္မာနှင့် သက်ဆိုင်ရာ စကားများကို

အောက်ပါအတိုင်း ကိုးကားခဲ့သည်။

"There is a tide in the affairs of men, - Which taken at the flood, leads on to fortune; - Omitted all the voyage of their life - Is bound in shallows, and in miseries."

[၂၅] အယ်ဒီတာထံပေးစာ– "ရောဝတီစာစောင်" ချင်းမိုင်၊ ထိုင်းနိုင်ငံ – ၂၀၀၃ ခုနှစ် ဧပြီလတွင် ပုံနှိပ်ထုတ်ဝေ။ စာမျက်နှာ (၆)၊ ခေါင်းစဉ် "ရာဇပလ္လင်သို့အမှား" ရေးသူ ခင်အောင်၊ ဩစတြေးလျ။

"သင်၏ ၂၀၀၃ ခုနှစ် ဇန်နဝါရီ–ဖေဖော်ဝါရီထုတ်စာစောင် (အတွဲ ၁၁၊ အမှတ် ၁) မျက်နှာဖုံးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ရှေးရိုးစဉ်လာ မြန်မာဘုရင်များ၏ အဆောင် အယောင်ဝတ်စုံဖြင့် ဖော်ပြခဲ့ခြင်းမှာ သူ့အိပ်မက်စိတ်ကူးအမြင်ဖြစ်နိုင်သော်လည်း ကျွန်တော် တို့အတွက်မှာ ခြောက်အိပ်မက်သဖွယ်ဖြစ်နေသည်။ ပန်းချီဆရာက ဘုရင်မင်းတုန်းမင်းကို ပုံဖော်သည်နှင့် ဆန့်ကျင်ဖက် ဘယ်ဘက်သို့ သူ့ကို ယိမ်းနေအောင် ပန်းချီက မှန်မှန်ကန်ကန် ပုံဖော်နိုင်ပါသည်။ တံဆိပ်အပြည့်နှင့် စစ်ဝတ်စုံအတွင်းမှာထက် သူက ပိုကြည့်ကောင်းနေ ပါသည်။ ၁၉၉၀ ခုနှစ် နိုဝင်ဘာလထုတ် အေးရှားဝိခ်စာစောင်ပါ "ဘုရင်မင်းတရားကြီး နေဝင်း" ပုံကို ကျွန်တော့်အား ပြန်လည်သတိရစေပါသည်။ ယင်းဆောင်းပါးတွင် မကိုဋ္ဌ သရဖူဆောင်းဘုရင်ဖြစ်ချင်သော နေဝင်း၏ ဘဝရည်မှန်းချက်ကို ခန့်မှန်းတွက်ဆ ရေးသား ခဲ့သည်။ နေဝင်းအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သော ရဲဘော်သုံးကျိပ် အမျိုးသားသူရဲကောင်းများ၏ အငွေ့အသက်ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဆင်မြန်းထားခဲ့သည်။ နေဝင်းက ဗိုလ်ချုပ်အောင်ဆန်း၏ အထူးလေးစားခံရသော ခေါင်း ဆောင်မှုကို အမွေဆက်ခံခဲ့ရသည်ဟု ကြွေးကြော်ခဲ့သည်။ သို့သော်လည်း လုပ်ကြံသတ် ဖြတ်မှု ပူးပေါင်းကြံစည်မှုကြီးတွင် သူ ပါဝင်ပတ်သက်နေသည်မှာ ထင်သာမြင်သာ ရှိလှ သည်။ လွန်လေပြီးသော နောင်တတရား ရမသွားရှာသည့် နေဝင်းအနေဖြင့် ကောက်ကျစ် ယုတ်မာစေကာမူ တစုံတရာ စွဲဆောင်မှုရှိပြီး ရုပ်သွင်အရ ကြည့်ပျော်ရှုပျော် ပျော်ရှိသေး သည်။ နန်းပလ္လင်မှ တစက်မှမရွေ့သူ လက်ရှိ စစ်အာဏာရှင်မှာမူ ချီးမွမ်းစရာဆို၍ တကွက်မှမရှိချေ။ ရက်စက်ယုတ်သွမ်း လူရမ်းကား အာဏာရှင်များ၏ ပြခန်းဆောင် အတွင်း ဉာဏ်ပညာနှင့် ရုပ်ရည်အားဖြင့် အနီးစပ်ဆုံးတူသူမှာ ယူဂန်ဒါမှ ဗိုလ်ချုပ် ဘီဒီအမင် ဖြစ်သည်။ သူတို့နှစ်ဦးမှာ ရုပ်တူများဖြစ်ကြပြီး အဆင်သင့်ရှိနှင့်ပြီး ရုပ်ပြောင်ကာတွန်းများက သက်သေပြနှင့်ပြီးဖြစ်သည်။ သူတို့နှစ်ဦးလုံးကိုယ်စီတွင် သူတို့၏ အသေးစားလေးတွေနှင့် ရံလျက်ရှိပြီးဖြစ်သည်။ ယူဂန်ဒါအာဏာရှင်အနေဖြင့် ထိုက်တန်သည့်ပြစ်ဒဏ်ကို လွတ် မြောက်နေစေကာမူ တရားဥပဒေကို စီရင်ရန် နိုင်ငံတကာ တရားရုံးများ အဆင်သင့်ရှိနေ လေပြီ။"

[၂၆] အဝေးရောက်သံတမန်တဦး၏ – "မြို့တော်ပြန်ထီးဟောင်းလောင်းမင်းတရား"





ခေတ်ပြိုင်ဂျာနယ် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ စာမျက် နှာ (၅)။ ရန်ကုန်မြောက်ဘက် (၂၄၄) မိုင်အကွာရှိ ပျဉ်းမနားမြို့ ကြက်ပြေးရပ်သို့ နအဖက မြို့တော်ပြောင်းရွှေ့သည်နှင့် ပတ်သက်သော ဆောင်းပါး။ သံတမန်ဟောင်းတဦးဖြစ်သူ စာရေးဆရာက လက်ရှိ အာဏာရှင်နှစ်ဦးဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒု–ဗိုလ်ချုပ်မှူးကြီး မောင်းအေးတို့ကို "ငရူး" နှင့် "ငမူး" ဟူ၍ အမည်တပ်လိုက်သည်။ အမှန်တကယ်အားဖြင့် မြန်မာအများစုမှာ ခန့်မှန်းချက်ကို နားလည်သဘောပေါက်ပြီးဖြစ်၍ သူတို့အပေါ် မကျေနပ်မှုကို လွတ်လပ် သောကမ္ဘာတွင် အခွင့်ရတိုင်း လွတ်လပ်စွာပြောဆိုလျက်ရှိကြသည်။

[၂၇] အောင်ဆန်းစုကြည် "ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ရေး" ပင်ဂွင်းစာအုပ်တိုက် အင်္ဂလန် ၁၉၉၁၊ ဒီမိုကရေစီရှာပုံတော် စာတမ်းများ၊ စာမျက် ၁၇၇။

# စာတွဲ
# လုပ်ကြံမှုနှင့် ရုံးတင်တရားစွဲဆိုမှုနှင့် ပတ်သက်သော ကြေးနန်းစာအချို့

[၁] နောက်တနေ့တွင် ရန့် (Rance) က ပက်သစ်လောရင့် (Pethick-Lawrence) ကို ကိုယ်ပိုင်ကြေးနန်းနံပါတ် ၁၂၂၊ (၂၀း၁၅) နာရီတွင် အကြောင်းကြားခြင်းမှာ သူ့အနေ ဖြင့် အောင်ဆန်းအား ထပ်မံတွေ့ဆုံပြီး အမှုဆောင်အဖွဲ့တွင်ခန့်ရန် အမည်များ တိုင်ပင် ကြပါသည်။ စကားလက်ဆုံခြင်းမှာ ခင်မင်စွာရှိကြောင်းကိုပါ ပေါင်းထည့်လိုက်သည်။ သပိတ်မှောက်ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ သူတို့က နောက်ဆုံးတွင် စေ့စပ်ခြင်း ပြန်လည် ဖွင့်လှစ်ရန် သဘောတူကြကြောင်းကိုလည်းပါသည်။ ဦးစော၏အသက်ပေါ်တွင် ကြံစည် ခြင်းမှာ အောင်ဆန်းက ကွယ်ရာတွင် ပါဝင်ခဲ့သည်ဟု ထောက်ပြခြင်း လုံးဝမရှိပါ။

[၂] ထင်မြင်ရသည်မှာ ဤကြေးနန်းကို ဘုရင်ခံက လုပ်ကြံမှုနှင့်ပတ်သက်သည့် သတင်းကြားကြားချင်း အလျင်စလို ပို့လိုက်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းမှာ ပွဲချင်းပြီး သေဆုံးသည်။

[၃] ဂျွန်ဒရိုင်ဒင် (John Dryden) – 'မစ္စတာ ကွန်ဂရိထံ ပေးစာများ' (Epistles to Mr. Congreve).

[၄] ရန့်ကလစ်တိုဝဲ (လ်) (Listowel) ကို ကြေးနန်းနံပါတ် ၃၇၁၊ ဩဂုတ်လ (၁၄)

ရက်၊ (၁၅း၀၀) နာရီ၊ နောက်ထပ်အကြောင်းကြားခြင်းမှာ မိုး၏ ထွက်ဆိုချက်အား ကျယ်ပြန့်စွာ ဖြန့်ဝေခြင်းမရှိ (နောက်ထပ်–မရှိ) ၍ ထိပ်တန်းလျှို့ဝှက်အဆင့် ဆက်လက် ထားမည်ကို မျှော်လင့်ပါသည်။

[၅] ဤစာကို ရန့်က ပြည်ထဲရေးဝန်ကြီးလက်သို့ပေးခဲ့ရာ ဝန်ကြီးက စာပြန်ရန်မလို ကြောင်း မှတ်ချက်ချပါသည်။

[၆] မောရစ်၊ ကော်လစ် "မြန်မာပြည်၌ နောက်ဆုံးနှင့် ပထမဆုံး" (၁၉၄၁– ၁၉၄၈) ဖေဘာနှင့် ဖေဘာလီမိတက်၊ လန်ဒန် စာမျက်နှာ ၂၂–၂၄။

"ဒေါ်မန်စမစ် မြန်မာပြည်သို့ ရောက်လာသည့်အချိန်ဝယ် (၁၉၄၁၊ မေလ) ဦးစောမှာ ဝန်ကြီးချုပ်ဖြစ်နေသည်။ သူတို့နှစ်ဦး တွေ့ဆုံကြသည့်အခါတွင် ကံကောင်းထောက်မ၍ သင့်သင့်မြတ်မြတ်ရှိကြသည်။ ဒေါ်မန်စမစ်က ဦးစော၏ လူဆိုးလူတေ စရိုက်ကိုပင် ခင်မင်နှစ်လိုဖွယ်ကောင်းသော ဥပဓိရုပ် တစုံတရာတခုဟု ထင်မြင်ခဲ့သည်။ ဝန်ကြီးချုပ်က သူ့ကိုယ်သူ စိတ်အာရုံတွင် မြန်မာလူမျိုးအား လွတ်မြောက်ရေး အောင်မြင်စွာ လုပ်ဆောင် ပေးနိုင်မည့် ခေါင်းဆောင်ဖြစ်ကြောင်း ထင်နေခြင်းမှာ ဘဝင်ခိုက်စေသည်။ သို့သော်လည်း ဤကဲ့သို့ဆောင်ရွက်နေစဉ် သူ့အိတ်ကပ်ကိုပါ အပြည့်ဖြည့်သွားမည်ကိုတော့သေချာသည်။ ကောက်ကျစ်လိမ်ညာသော စိတ်နှင့် အကြမ်းဖက်မှုလုပ်သော်ငြားလည်း သူ့မှာ နှစ်လိုဖွယ် အရည်အသွေးရှိသူဖြစ်သည်။ သူသည် ဟာသမြောက်၍ ယောက်ျားပီသသူဖြစ်ပြီး လိုက်လှဲပျူငှာစွာ လူ့သဘာဝနှင့် ပြည့်စုံသူဖြစ်သည်။ ဒေါ်မန်စမစ်က သူနှင့်အဆင် ပြေနိုင်မည်ဟု ယုံကြည်သည်။ ဦးစောဘက်မှဆိုလျှင် ဘုရင်ခံသည် ဖော်ရွေသော အမူအရာ ပြလျက် နဂိုသဘာဝကောင်းပုံရ၍ ဘုရင်ခံအား ခင်မင်ရန်ပင်ရှိသည်။

[၇] ဖော်ပြပြီးစာအုပ်။ စာမျက်နှာ ၂၅–၂၆။ ဘုရင်ခံ ဒေါ်မန်စမစ်က စာရေးသူကို ပြောပြခဲ့သည့် ပြောဆိုမှု။ ဆာရယ်ဂျီနယ်က ဦးစောကို "နေပါဦး။ မန္တလေးက အလုပ်တခုခန့်တာမှာ ခင်ဗျားက ငွေတသောင်း တောင်းတယ်လို့ သတင်းဖြစ်နေတယ်။" ဦးစောက မခန့်တရန့် မျက်နှာလုပ်လိုက်ပြီး "ဘုရင်ခံမင်း၊ ကျွန်တော်က အလုပ်တွေ ရောင်းစားတယ်လို့ ဆိုလိုတာလား" "မဟုတ်ပါဘူး၊ ဒီအလုပ်တခုအတွက် ငွေတသောင်း ခင်ဗျားတောင်းတယ်လို့ ကျွန်တော်သိတာပါ။" "ကျွန်တော်မလုပ်ပါဘူး" ဟု ဦးစောက အပြုံးလေးတစဖြင့် ပြောလိုက် သည်။ "ဒါဆိုရင် ခင်ဗျား ဘယ်လောက်တောင်းနေသလဲ" ဦးစောမျက်နှာမှာ အားရပါးရအပြုံးသို့ သက်သက်သာသာ ပြောင်းသွားသည်။ "တသောင်း ငါးထောင်ပါ။ နောင် ကျွန်တော် မလုပ်တော့ပါဘူး။"

[၈] အေအိုဒီ (AOD) အေအေဒီ (AAD) ရန်ကုန်မြို့အတွင်းရှိ ပင်မလက်နက်တိုက် နှင့် ပင်မ ခဲယမ်းမီးကျောက်တိုက်ကို ဆိုလိုသည်။

[၉] မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်မှ အမ်အီးဒန်နင်း၊ အီးအက်ကျူ နိုင်ငံခြားရေး





ရုံး၊ လန်ဒန်။ အတွင်းရေးစာ (၁၁၆၉၊ ၁၂၊ ၄၈) ရက်စွဲ ရန်ကုန် ၁၉၄၈ ခုနှစ် မေလ (၈) ရက်။

အထက်ပါစာကို ဆင်ဆာတည်းဖြတ်ပြီး ပုံစံဖြင့် အက်ဖ်အို ၃၇၁/၆၉၄၇၂ အဖြစ် ၁၉၆၆ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့တွင် ပြည်သူ့မှတ်တမ်းရုံးသို့ ထုတ်ပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသည့် အနှစ် (၅၀) မြောက်အဖြစ် ယူကေတွင် ထုတ်လွှင့် ပြသခဲ့သော "အောင်ဆန်းကို အမှန်တကယ်ဘယ်သူသတ်သလဲ" မှတ်တမ်းရုပ်ရှင်ကို ရိုက်ကူးခဲ့သော ဘီဘီစီ (၂)၊ တီဗွီဒါရိုက်တာ၊ ထုတ်လုပ်သူတို့၏ သုတေသနအဖွဲ့က ၎င်းစာကို ထုတ်ယူခဲ့သည်။

သက်သေအထောက်အထားအသစ်များကို ထုတ်ပြနိုင်သော မိနစ် (၅၀) ကြာ ထုတ်လွှင့်မှု၏ နောက်ဆုံးအပိုင်းတွင် မေးခွန်းဖြစ်နေသည့် ဤစာကို ဇာတ်ကြောင်းပြန်သူ က အောက်ပါအတိုင်းဖော်ပြခဲ့သည်။

"၁၉၄၈ ခုနှစ် မေလအတွင်း ကြိုးပေးတဲ့နေ့က ရန်ကုန်မှာရှိတဲ့ ဗြိတိန်သံအမတ်က ဝှိုက်ဟောသို့ လျှို့ဝှက်ကြေးနန်းစာတစောင် ရေးခဲ့ပါတယ်။ အဲဒီ ကြေးနန်းစာဟာ နှစ်ပေါင်း (၅၀) ခန့် မပေါက်ကြားသင့်သည့်စာအဖြစ် ထိန်းသိမ်းထားခံခဲ့ရပါတယ်။ လအနည်းငယ်အ ကြာမှာ နိုင်ငံခြားရေးရုံးက ဒီအစီအစဉ်ရဲ့ သုတေသနမှူးထံ ၎င်းစာအား ထုတ်ပေးရန် ဆုံးဖြတ်ခဲ့ပါတယ်။ ယင်းကြေးနန်းစာက ရဲအကြီးအကဲ က သံအမတ်ကို ပြောပြချက်အား ထုတ်ဖော်ထားပါတယ်။ ကျွန်တော် ကိုးကားပြပါမယ်။ "လုပ်ကြံသတ်ဖြတ်မှုမှာ ဗြိတိသျှ တို့ ပူးပေါင်းကြံစည်မှု ရှိတယ်ဆိုတာ ကျွန်တော်တို့ တကယ့်ကို ယုံကြည်နေကြောင်း။ ရဲအကြီးအကဲက ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်ကို သံသယရှိသူအဖြစ် ထောက်ပြခဲ့ကြောင်း။ ကြားအတွင်း လှုပ်ရှားသူမှာ ရန်ကုန်ရှိ ဗြိတိသျှကောင်စီမှ ဘင်ဂလေ (Bingley) ဟု ခေါ်သည့် လူဖြစ်သည်ဟု သူ ယုံကြည်ကြောင်း။"

၎င်းစာကို ရန်ကုန်ရှိ ဗြိတိသျှသံအမတ်မှ ဝှိုက်ဟောသို့ ပေးပို့ခဲ့သည့် ထိပ်တန်းလျှို့ ဝှက်မှတ်တမ်းအဖြစ် ထိန်းထားခဲ့သည်။ သံအမတ် မစ္စတာ ဗိုကာထံ သတင်းပေးပို့ခဲ့သူ၏ နာမည်ကို မူရင်းစာ၏ (သုံးနေရာတွင်) ဖျက်ထားခဲ့ပြီးဖြစ်သော်လည်း ကျွန်တော်၏ဘခင် က ထိုသို့ ဘွင်းဘွင်းကြီးပြောခဲ့ခြင်းသာဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

(ရှု– ပူးတွဲအသံလွှင့်ဇာတ်ကြောင်းပြန်သူ၏ အချုပ်ပြောပြချက်နှင့် စာဖတ်သူများ နှိုင်းယှဉ်နိုင်ရန် အဆိုပါ ထိပ်တန်းလျှို့ဝှက်မှတ်တမ်း ၏ ပထမစာမျက်နှာကို ပြန်လည်ဖော်ပြ လိုက်ပါသည်)

လန်ဒန်ရှိ ဗြိတိန်–မြန်မာအသင်းက အင်တာနက်ဝက်ဘ်ဆိုဒ်ဖွင့်ပြီး ဘီဘီစီ အထောက်အထားရုပ်ရှင်နှင့်ပတ်သက်၍ ဝေဖန်ချက်များပေးရန် ကမ်းလှမ်းသည့်အခါ ကျွန်တော်က ၁၉၉၈ ခုနှစ် မေလ (၂၄) ရက်နေ့တွင် အီးမေလ်တစောင်ပို့လိုက်ပြီး သက်ဆိုင်

ရာ စာပိုဒ်တပိုဒ်ကို အောက်ပါအတိုင်း ကိုးကားပေးခဲ့ပါသည်။

"ဘီဘီစီက အကျယ်ဖွင့်ပြသခဲ့သော တခုတည်းသော အထောက်အထားအသစ်မှာ မကြာမီကမှ အပြင်သို့ ထုတ်ပေးခဲ့သော ၁၉၄၈ ခုနှစ် မေလ (၈) ရက်နေ့ စွဲတပ်ထားသည့် လန်ဒန်ရှိ မစ္စတာ အမ်အီးဒန်နင်းထံ ဗြိတိသျှသံအမတ်က ပေးပို့သောစာဖြစ်သည်။ ကျွန်တော်ဘခင်မှာ ထိုအချိန်က အစမ်းခန့် ရဲချုပ်ဖြစ်ပြီး ကော့တေးပါတီစကားဝိုင်းမှာကဲ့သို့ သံအမတ်ကို စိတ်ပေါက်သလို အယုံသွင်းပြောမည့် မြန်မာတဦးမဟုတ်သည်မှာ သေချာလှသည်။ "ကျွန်တော်၏ ဘခင်ကို သံအမတ်က ကောင်းစွာသိခဲ့ပြီး "စစ်မဖြစ်ခင်က ဦးစော၏ နောက်လိုက်တဦး" ဟု စာတွင် ရေးသားခဲ့သကဲ့သို့ သူက ရည်ညွှန်းလိမ့်မည် မဟုတ်ချေ။ ဆင်ဆာတည်းဖြတ်ထားသည့်စာအဖြစ် သက်ဆိုင်ရာ အက်ဖ်အို ရည်ညွှန်းမှုတွင် ကျွန်တော့်ဘခင်နာမည်ကို အသုံးပြုထားလိမ့်မည်ဟု ကျွန်တော် နားလည်မိပါတယ်။ ရဲချုပ်လည်း "ကျွန်တော်တို့ တကယ့်ကို ယုံနေပြီ" ဟူသော သီဝရီ ကိုင်စွဲထားသူတဦးဖြစ်သည်ဟု ပြောခဲ့မိသူ အပြစ်ရှိသူ အရေးကြီးနိုင်ငံရေးသမားတဦးအား ဖုံးကွယ်ရန်အတွက် ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ မည်သို့ဆိုစေ၊ လုပ်ကြံသတ်ဖြတ်မှုနေ့ရက်များအထိ ပြန်လည်သွားခဲ့လျှင် အထွေထွေသော စွပ်စွဲချက်များမှာ အသစ်အဆန်းမဟုတ်ချေ။"

**မှတ်ချက်။**

အမ်အီးဒန်နင်း။ နိုင်ငံခြားရေးရုံးနှင့် လော့ဒ်လူးဝစ်မောင့်ဘက်တန် (မဟာမိတ်တပ်ပေါင်းစု၏သေနာပတိ) ၏ နိုင်ငံရေးအကြံပေးအရာရှိ ချုပ်။ နောင်တွင် ဆာအက်စ်လာဒန်နင်း၊ ကေစီအမ်ဂျီ၊ အိပ်ချ်အမ် ဂျပန်နိုင်ငံဆိုင်ရာသံအမတ်ကြီး။

❑ ❑ ❑ ❑ ❑